နန်းမားဆရာတော် အရှင်ဥာဏ

ဟောကြားတော်မူသော

တရားဟောပုံနည်းမျိုးစုံ

# ဒေသနာပန်းခိုင်

(တရားဒေသနာ ပေါင်းချုပ်)

သီရိရတနာစာပေတိုက်၊ ရန်ကုန်မြို့

၁၅၄၃၀

နန်းမားမြို့
သီရိမင်္ဂလာ မြို့မကျောင်း
မဟာနာယက, တိုက်အုပ်ဆရာတော်
အရှင်ဉာဏ

ဟောကြားပြသတော်မူသော

[တရား ဟော ပုံ နည်း မျိုး စုံ]

# ဒေသနာပန်းခိုင်

[တရားဒေသနာတော် ပေါင်းချုပ်]

သီရိရတနာစာပေတိုက်
၁၆၆၊ ၃၃လမ်း၊ ရန်ကုန်မြို့။

ဘာသာရေးဆိုင်ရာ စာပေခွင့်ပြုချက် အမှတ် [၁၇၇၁]

မျက်နှာဖုံး ခွင့်ပြုချက် အမှတ်[၁၉၈]

ပထမအကြိမ် ပုံနှိပ်ထုတ်ဝေခြင်း

—

အုပ်ရေ—၂၀၀၀

—

၁၃၄၃ ခု—နတ်တော်လ

—

၁၉၈၁ ခု—ဒီဇင်ဘာလ

—

မျက်နှာဖုံး—မြန်မာ့ရိုးရာဒီဇိုင်း ဦးအေးမြင့်

—

ဘလောက်—လွင်ဘလောက်တိုက်

—

အဖုံးရိုက်—မျိုးညွန့်ပုံနှိပ်တိုက်

—

တန်ဖိုး—၂၀ ကျပ်

—

ဦးမြင့်ဦး [၀၂၉၁၈]၊ ယုဝစာပေဖြန့်ချိရေး၊ အမှတ် ၄၈၇၊ ဥပုသ်တော်ကုန်း၊ ၈၄၊ ဗိုလ်ချုပ်လမ်း၊ မန္တလေးမြို့က ထုတ်ဝေ၍၊ ဒေါ်တီ [၀၁၂၆၁]၊ မျိုးညွန့်စာပုံနှိပ်တိုက်၊ အမှတ် ၃၈၊ ၈၇ လမ်း၊ ကန်တော်ကလေး၊ ရန်ကုန်မြို့က ပုံနှိပ်သည်။

# မာတိကာ


| အမှတ်စဉ် | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| ၁။ | ဥယျောဇဉ် | .... | ၅ |
| ၂။ | နိဒါန်းစကား | .... | ၇ |
| ၃။ | ပဌာန်းဂုဏ်ရောင်ဘုရားပင့် | .... | ၉ |
| ၄။ | ဩဃလေးသွယ် ကူးဖို့ရွယ် | .... | ၁၁ |
| ၅။ | မဂ္ဂင်ရှစ်ဖြာ လှေနာဝါ | ... | ၂၁ |
| ၆။ | ပြီးစီးအောင်မြင် မာရ်ငါးအင် | .... | ၃၂ |
| ၇။ | စိတ်ကိုနိုင်မှ ချမ်းသာရ | .... | ၄၄ |
| ၈။ | ပပဥ္စတရား ဤသုံးပါး | .... | ၅၈ |
| ၉။ | ကြက်ခြင်းပမာ သံသရာ | .... | ၇၂ |
| ၁၀။ | မဆုံးနိုင်တာ အဝိဇ္ဇာ | .... | ၈၇ |
| ၁၁။ | ရှင်ပြုရဟန်းခံ ဟောကြားရန် | .... | ၁၀၂ |
| ၁၂။ | ကထိန်ဆိုတာ ဒီလိုပါ | .... | ၁၁၈ |
| ၁၃။ | ဆွမ်း၏သဘော ဒီလိုဟော | .... | ၁၃၂ |
| ၁၄။ | သေခြင်းတရား အစားစား | .... | ၁၄၄ |
| ၁၅။ | မိဘကျေးဇူး မြင့်မိုရ်ဦး | .... | ၁၅၈ |
| ၁၆။ | ဗုဒ္ဓဂုဏော အနန္တော | .... | ၁၇၄ |
| ၁၇။ | ဓမ္မဂုဏော အနန္တော | .... | ၁၈၉ |

| အမှတ်စဉ် | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| ၁၈။ | သံဃဂုဏော အနုဿ္တာ | .... | ၂၀၅ |
| ၁၉။ | အာစရိယဂုဏော အနုဿ္တာ | .... | ၂၂၂ |
| ၂၀။ | ဒါနကထာ ဟောစရာ | .... | ၂၄၁ |
| ၂၁။ | သီလကထာ ကျင့်စရာ | .... | ၂၅၇ |
| ၂၂။ | ဇီဝိန်ချုပ်ရာ ဟောဖို့ရာ | .... | ၂၇၄ |
| ၂၃။ | မင်္ဂလာဆောင်မှာ ဟောဖို့ရာ | .... | ၂၈၃ |
| ၂၄။ | မင်္ဂလာတရားတော်[၁] | .... | ၃၀၉ |
| ၂၅။ | မင်္ဂလာတရားတော်[၂] | .... | ၃၂၄ |
| ၂၆။ | ဂါထာပဒေသာ | .... | ၃၃၉ |
| ၂၇။ | ဘုရားပင့်များ | .... | ၃၇၁ |
| ၂၈။ | ရေစက်ချတရားများ | .... | ၃၇၅ |



အသျှင် ဉာဏ

[မဟာနာယက၊ တိုက်အုပ်ဆရာတော်]

သီရိမင်္ဂလာမြို့မကျောင်း

နန်းမား မြို့ — ကချင်ပြည်နယ်

# ဥပဒေသျှာစဉ်

နန်းမားဆရာတော် အရှင်ဉာဏသည် မကွေးတိုင်း၊ ပခုက္ကူခရိုင်၊ ယောမြို့သားဇာတိဖြစ်၍၊ ပခုက္ကူအလယ်တိုက် ပထမဆရာတော် ဘုရားကြီး ထံတော်တွင် လက်ရင်းတပည့်အဖြစ် ပရိယတ္တိ စာပေကျမ်းဂန်တို့ကို သင်အံဆည်းပူးခဲ့ပေသည်။ ထို့နောက် မန္တလေး စံကင်းဆရာတော် ဘုရားကြီး ထံတော်တွင် ခိုလှုံ၍ ပရိယတ္တိစာပေကျမ်းဂန်တို့ကို ဆက်လက် သင်အံ ဆည်းပူး ခဲ့ကာ၊ ဓမ္မာစရိယဘွဲ့ထူးကို ဆွတ်ခူးအောင်မြင်ခဲ့ပေသည်။

ယင်းနောက်တွင် ဇာတိနယ်မြေ ယောမြို့သို့ ပြန်လည်ကြွရောက်တော်မူ၍ တောရဆောက်တည်ကာ ပဋိပတ္တိတရားအလုပ်ကို ၆—နှစ်တာမျှ ကိုယ်တော်တိုင် ကျင့်ကြံကြိုးကုတ် အားထုတ်တော်မူခဲ့ပါသည်။ ယင်းသို့ ယောမြို့ဒေသတွင် တောရဆောက်တည်လျက် တရားအလုပ်ကို ကြိုးစား အားထုတ် နေစဉ် မြစ်ကြီးနားခရိုင် နန်းမားမြို့ရှိ ဦးရီးတော် ဘုန်းတော်ကြီးက ခေါ်ယူတော်မူသဖြင့် နန်းမားမြို့သို့ ကြွရောက်တော်မူခဲ့ရကာ နန်းမားမြို့ရှိ ဒကာ,ဒကာမ အများအား တရားဒေသနာများကို ရှင်းလင်း ဟောကြား ပြသ တော်မူခဲ့ရပေသည်။

နန်းမားမြို့ရှိ ဒကာ,ဒကာမများက ဆရာတော်အား အထူးကြည်ညိုလေးစား ချစ်ခင်ကြကာ သဒ္ဓါတရား ပွားများကြသဖြင့် သီရိမင်္ဂလာမြို့မကျောင်းတိုက်သစ်ကြီးကို ဆောက်လုပ် လှူဒါန်းခဲ့ကြပြီးလျှင် ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ် တပါးအနေဖြင့် ယုံကြည် ကိုးစား အားထားကိုးကွယ် ဆည်းကပ်လျက်ရှိကြပေသည်။

ယခုအခါ ဆရာတော်သည် သက်တော် ၆၇၊ ဝါတော် ၄၇ ဝါရှိပြီ ဖြစ်ကာ၊ နန်းမားမြို့ရှိ သီရိမင်္ဂလာ မြို့မကျောင်း တိုက်ကြီးတွင် မဟာနာယက, တိုက်အုပ်ဆရာတော်အဖြစ်ဖြင့် ဝါတွင်းကာလများ၌ ကျောင်းတိုက်ရှိ သံဃာတော်များအား ပရိယတ္တိစာပေကျမ်းဂန်တို့ကို သင်ကြားပို့ချ ပေးတော်မူ

ကာ၊ ဝါပကာလများတွင် ကချင်ပြည်နယ်နှင့် အထက်မြန်မာပြည်ဒေသအရပ်ရပ်သို့ ပဋိပတ္တိသာသနာပြုအဖြစ်ဖြင့် ကြွရောက် တော်မူ၍ ကမ္မဋ္ဌာနာစရိယအဖြစ် တရားပြသခြင်း, ဓမ္မကထိကအဖြစ် တရား ဟောကြား ခြင်းတို့ကို ရွက်ဆောင်တော်မူလျက် ရှိပေသည်။

နန်းမားဆရာတော် အရှင်ဉာဏ ရေးသားပြုစု၍ ပုံနှိပ်ထုတ်ဝေ ခဲ့ပြီးသမျှသော တရားကျမ်းစာအုပ်များမှာ....

၁။ တရားစစ်တမ်း ဆွေးနွေးခန်း

၂။ နိဗ္ဗာန်ကိုသွား ဉာဏ်ရထား

၃။ ဓမ္မရုံးတော် ဉာဏ်မဟော်

၄။ ဓမ္မရတနာ မြတ်စကြာ

၅။ နိဗ္ဗာန်ရောက်ဖွယ် လမ်းလေးသွယ်....
ကျမ်းစာအုပ်တို့ ဖြစ်ကြပေသည်။

နန်းမားဆရာတော်၏ တရားကျမ်းစာအုပ်များမှာ လွယ်ကူဆန်းသစ်ခြင်း, ရှင်းလင်း တိကျမှန်ကန်ခြင်း ရှိလှသဖြင့် တရားစာဖတ် ပရိသတ်တို့က နှစ်သက်လက်ခံခဲ့ကြကာ၊ အကြိမ်ကြိမ် ပုံနှိပ်ထုတ်ဝေ ခဲ့ကြရပေသည်။ အထူး သဖြင့် ဆရာတော်၏ ဝေဖန်စစ်တမ်း ပြုပုံ ထူးခြားခြင်း, ဥပမာ သာဓက ဆောင်၍ ပြသပုံ ခေတ်မီခြင်းတို့ကြောင့် တရားစစ် တရားမှန်ကို ကေန်လိုလားကြသော ပုဂ္ဂိုလ်များ အထူးနှစ်ခြိုက် သဘောတွေ့ကြရပေသည်။

ယခု ဆဋ္ဌမမြောက် ကျမ်းစာအုပ်အဖြစ် အသစ်စက်စက် ပုံနှိပ်ထုတ်ဝေအပ်သော "တရားဟောပုံနည်းမျိုးစုံ" ခေါ် "ဒေသနာပန်းခိုင်" အမည်ရှိ ကျမ်းစာအုပ်မှာလည်း တရားဗဟုသုတ အဆီအနှစ် ဓမ္မပဒေသာ ဟင်းလေးအိုးကျမ်းကြီး ဖြစ်ပါသဖြင့် ရဟန်းရှင်လူ ပရိသတ်အများ အမှန် တကယ်ပင် လက်ကိုင်ထား ကြရမည့် ကျမ်းစာအုပ်ကြီး ဖြစ်ပါကြောင်းကို နှစ်ထောင်းအားရစွာ ကြေငြာတင်ဆက်လိုက်ရပါတော့သတည်း။ ။

**သီရိရတနာစာပေတိုက်**
ရန်ကုန်မြို့။

၁၃၄၃ ခု တန်ဆောင်မုန်း လပြည့်နေ့

# နိဒါန်းစကား

## နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

ဤ "ဒေသနာပန်းခိုင်" စာအုပ်ကို ရေးရခြင်းမှာ တရားဟော သင်ခါစ ဓမ္မကထိကငယ်များ လွယ်ကူစွာဟောနိုင်ပါစေခြင်းအကျိုးငှာလည်းကောင်း၊ ဝိပဿနာ ယာနိကလမ်းဖြင့် နိဗ္ဗာန်သို့ လှမ်းလိုသော ဒကာ, ဒကာမ များ အတွက်လည်းကောင်း ရည်ရွယ်၍ ရေးရခြင်း ဖြစ်ပါသည်။

တရားဟောသောအလုပ်သည် ဒေသနာဂမ္ဘီရ ဖြစ်၍ စာတတ်ရုံနှင့် မဟော နိုင်ပါ။ ပိဋကတ်သုံးပုံသည် ပန်းမျိုးစုံထည့်ထားသော ခြင်းတောင်း ကြီးနှင့် တူပါသည်။ ပန်းကုံးသမားသည် ထိုခြင်းတောင်းကြီးထဲမှ အနီနှင့်တန်သော နေရာမှာ အနီကိုယူ၍၊ အဝါနှင့် တန်တော နေရာမှာ အဝါပွင့်ကို ယူ၍၊ အကြီးနှင့် တန်သောနေရာမှာ အကြီးကိုယူ၍၊ အငယ်နှင့်တန်သော နေရာမှာ အငယ်ကိုယူ၍ ကြည့်၍ကောင်းအောင် စီကုံးတတ်ပါမှ လူအများ နှစ်သက် သလို ပိဋကတ် သုံးပုံတည်းဟူသော ခြင်းတောင်းကြီးထဲမှ သုတ်နှင့်တန်သော နေရာမှာ သုတ်၊ ဝိနည်းနှင့် တန်သောနေရာမှာ ဝိနည်း၊ အဘိဓမ္မာနှင့်တန်သော နေရာမှာ အဘိဓမ္မာကို တရားဟောသောဒေသ၊ တရားနာသော ပရိသတ်၊ တရားနာသောကိစ္စ အားလျော်အောင် ဟောတတ်မှ ပရိသတ် သဘောကျ ပါသည်။

ဟောသည့်အခါ မှာလည်း ပထမ—ဟောရမည့် တရားကို စကားပလ္လင် ခံပြီး၊ ဒုတိယ—တရားကို အကျယ်ဖွင့်၍၊ တတိယ— သစ္စာ လေးပါး ဖြင့် ဖုံးအုပ်ကာ အဆုံးသတ်လျက်ဟောမှ မြတ်စွာဘုရား၏ ဟောနည်းကျပါ သည်။ မြတ်စွာဘုရား၏ တရားဟောနည်းကို သိလိုပါလျှင် ငါးရာ့ငါးဆယ် စာအုပ်ကိုကြည့်က သိနိုင်ပါသည်။ တရားကို ပါဠိမများပဲ အရပ်စကားဖြင့် ဟောလျှင် ပို၍နားလည်ပါသည်။ ပါဠိများနေလျှင် တရုတ်,ကုလား စကား ပြောတာကို နားထောင်ရသလို ဘာမျှ နားမလည်သဖြင့် ပရိသတ်က ပျင်း လာတတ်ပါသည်။ ပြီးတော့ ပရိသတ်က ပါရမီနု၍ တရားက နက်နေလျှင် လည်း ပျင်းတတ်ပါသည်။ ပရိသတ်က နားရင့်၍ တရားက နုနေလျှင်လည်း အထင်သေးခံရပါသည်။

# နိဒါန်းစကား

ဒါကြောင့် ရှေ့ပိုင်းမှာ လူငယ်များ နားလည်နိုင်သောတရားကို ဟော၍ နောက်ပိုင်းမှာ ပညာရှိများ နှစ်သက်မည့်တရားဖြင့် လက်စသတ် နိုင်မှသာ အကဲ့ရဲ့လွတ်တတ်ပါသည်။ တရားဟောသောအလုပ်မှာ လွယ်ကူသော အလုပ် မဟုတ်ပါ။ ၁။ ပရိသတ်ရဲ့ဖို့က—ပထမ၊ ၂။ ဗဟုသုတများဖို့က—ဒုတိယ၊ ၃။ တရားကိုတန်းဆာ ဆင်တတ်ဖို့က—တတိယ၊ ၄။ သဘာဝကို ကိုယ်တိုင် မိဖို့က စတုတ္ထ။ အဲဒီအင်္ဂါလေးပါးနှင့် ပြည့်စုံမှ ဓမ္မကထိကကောင်း ဖြစ်နိုင် ပါသည်။

ဤစာအုပ်ကို ရေးသောပုဂ္ဂိုလ်သည် ရဟန်းတဝါရ မှစ၍ ငါးရာ့ငါး ဆယ့်ဓမ္မပဒ, ဇိနတ္ထနှင့် ယပ်လှဲစာအုပ်တို့ကို လက်ကိုင်လုပ်လျက် တရားဟော အလုပ်ကို လုပ်ကိုင်လာရာ အကြိမ်တရာတိုင်တိုင် အသံကို မနိုင်သည့်အတွက် အကဲ့ရဲ့သာ ခံနေရပါသည်။ အသံကိုမနိုင်သည်မှာ ပရိသတ်ကိုကြောက်၍ ဖြစ် ပါသည်။ ပရိသတ်ကိုရဲ၍ အသံကိုနိုင်သောအခါ လူငယ်ပိုင်း၏ ချီးမွမ်းမှုကို ရလာပါတော့သည်။ ထိုအခါ မိခင် ဖြစ်သူက "ဦးပဥ္စင်း၏ တရားသည် လူငယ်ပိုင်းသာ ကြိုက်သေးသည်၊ လူကြီးပိုင်း ကြိုက်အောင် လယ်တီဆရာ တော်၏ ဒီပနီပေါင်းစုံနှင့် ကြောင်ပန်းခြောက်စောင်တွဲကို လေ့လာပြီးလျှင် သဘောမိအောင် လုပ်ပါဦး" ဟု အကြံပေးပြန်သဖြင့် ထိုစာအုပ်များကိုဝယ် ယူကာ သဘောမိအောင် ကြည့်ရှုဆင်ခြင် နှလုံးသွင်းပြီး မူလပဏ္ဏာသ, မဇ္ဈိမ ပဏ္ဏာသ, ဥပရိပဏ္ဏာသတို့ကို တရားကိုယ်ထည်ထားပြီး ဟောသော အခါ မှ လူကြီးပိုင်း၏ အလေးပြုမှုကို ရပါတော့သည်။

သို့အတွက် ယင်းဓမ္မကထိက အငယ်တို့လည်း ပြောခဲ့ပြီးသော စာအုပ်များ ကို လေ့လာကြည့်ရှုပြီး တရားသဘောမိအောင် နှလုံးသွင်းကာ သာသနာ တော်ကို ပြုတော်မူကြပါ။ တရားဟောခြင်းသည် "သဗ္ဗဒါနံ ဓမ္မဒါနံ ဇိနာတိ" ဟု ဆိုသည့်အတိုင်း အမြတ်ဆုံးသောဒါန ဖြစ်သည့်အပြင် ပဋိပတ္တိသာသနာကို ပြုသည်မည်ပါသည်။ စာချသောအလုပ်သည် ပရိယတ္တိသာသနာကို ပြုသည် မည်ပါသည်။ တရားဟောသော သူနှင့် စာချသောသူ မရှိလျှင် သာသနာ ကွယ်ပါတော့မည်။ သို့အတွက် သာသနာ တော်ကြီး မကွယ်ပရအောင် တတ်နိုင်သည့်ဘက်က ဆောင်ရွက်ကြစေရန် ရည်သန်လျက် ဤစာအုပ်ကို ရေး ထုတ်ရပါသတည်း။ ။

**အရှင်ဉာဏ**
သီရိမင်္ဂလာကျောင်း
နန်းမားမြို့။

## ပဉ္စာနန်းဂုဏ်ရောင် ဘုရားပင့်

နီလာ နီလာ နိစ္ဆရန္တိ၊ ပီတာ ပီတာ စ ရံသိယော။

လောဟိတာ လောဟိတာ စာဘာ၊ ဩဒါတော ဒါတရံသိယော။

တမ္ဗာ တမ္ဗာ စ မဉ္ဇိဋ္ဌာ၊ ပဘာသန္တိ ပဘာဿရာ။

ဧဝံ ဆဗ္ဗဏ္ဏရံသီယော၊ ဌာတု မေ ဘဂဝါ သိရေ။

ပဉ္စာနံ၊ နက်နဲထူးဆန်း ပဉ္စာနန်းကျမ်းကို။ သမ္ပသန္တဿ၊ အနုလုံ ပဋိလုံ အစုန်အဆန် အဖန်ဖန် ဆင်ခြင်တော်မူသော ဘုရားရှင်ကိုယ်တော် မြတ်ကြီး၏။ နီလာ၊ ဆံတော်, မုတ်ဆိတ်တော် မျက်ဝန်းတော်တခို စိမ်းညိုသော အရပ်ဌာနမှ။ နီလာ၊ ကြာညိုခွာညို ရတနာအညိုကဲ့သို့ စိမ်းတစိုစို မြသား လိုဖြင့် ညို့မှောင်သော ရောင်ခြည်တော် ခြာတ်တို့သည်။ နိစ္ဆရန္တိ၊ နေ့အ ထောင် လ အထောင် ပြဟ္မာနတ်အရောင် ရတနာနဝရတ်ရောင် တို့ကို ထိပ် ခေါင်က လွှမ်းမိုး၍ ဖွိုးဖွိုးကြွယ်ကြွယ် အံ့ဩဘွယ်လျှင် အဆန်း တကြွယ် ကွန့်မြူးတော် မူကြလေကုန်၏။

ပီတာ စ၊ သိင်္ဂီရွှေလျှော် အရေတော်မှလည်း။ ပီတာ၊ မဟာလျှော်ကား ရွှေစကားနှင့် ရွှေသားရွှေရည် ထိန်ကြည်သစ်လင်း ပပဝင်း ကုန်သော။ ရံသိယော၊ ဝါရောင်ဝင်းလျှပ် ရောင်ခြည်တော် အဆင်းခြာတ် တို့သည်။ နိစ္ဆရန္တိ၊ နေ့အထောင် လ အထောင် ပြဟ္မာနတ်အရောင် ရတနာနဝရတ် ရောင်တို့ကို ထိပ်ခေါင်က လွှမ်းမိုး၍ ဖွိုးဖွိုးကြွယ်ကြွယ် အံ့ဩဘွယ်လျှင် အဆန်းတကြွယ် ကွန့်မြူးတော်မူကြလေကုန်၏။

လောဟိတာ၊ အာတော်လျှာတော် နှုတ်ခမ်းတော်နှင့် ခြေတော်ဘဝါး လက်ဘဝါးစသော ကိုယ်တော်အစိတ်စိတ်မှ။ လောဟိတာ၊ ခေါင်ရမ်းနှင်းဆီ ကမ္ဗလာနီနှင့် ကြာနီအလား ပတ္တမြားအဆင်းရှိကုန်သော။ အာဘာ၊ နီရောင် ဝင်းလျှပ် ရောင်ခြည်တော် ခြာတ်တို့ သည်။ နိစ္ဆရန္တိ၊ နေ့အ ထောင် လ အထောင် ပြဟ္မာနတ်အရောင် ရတနာနဝရတ်ရောင်တို့ကို ထိပ်ခေါင်က လွှမ်းမိုး၍ ဖွိုးဖွိုးကြွယ်ကြွယ် အံ့ဩဘွယ်လျှင် အဆန်းတကြွယ် ကွန့်မြူးတော် မူကြလေကုန်၏။

ဩဒါတာ၊ စွယ်တော်, သွားတော်, မျက်ဖြူတော်အစုံ ဥဏ္ဏာလုံမွေးရှင်တော်ဓာတ်တို့မှ။ ဩဒါတရှိသိယော၊ စပယ်ကြက်ရိုး ဇွန်ပန်းကုံးနှင့် ငွေထုံးငွေဆိုင် စိန်ပန်းခိုင်အတူ ဝတ်လဲတော် ဘွဲ့ဖြူနှင့် ကြာဖြူပန်း အသွေးကဲ့သို့ဖြူဖွေး စင်ကြယ်သောရောင်ခြည်တော်ဓာတ်တို့သည်။ နိစ္စရန္တိ၊ နေ့အထောင် လ အထောင် ပြဟ္မာနတ်အရောင် ရတနာနဝရတ် ရောင်တို့ကို ထိပ်ခေါင်က လွှမ်းမိုး၍ ဖိုးဖိုးကြွယ်ကြွယ် အံ့ဩဘွယ်လျှင် အဆန်းတကြယ် ကွန့်မြူးတော်မူကြလေကုန်၏။

တမှာတမှာ၊ အထက်ဆံဖျားတော် တလျှောက်မှ အောက်ခြေဘဝါးတော်တခို ထိုထိုထိုထို အစိတ်စိတ်မှ။ မဉ္ဇိဋ္ဌာ စ၊ ခရမ်းသွေးအရောင် မရမ်းသွေးအရောင် တဝေဝေတပြောင်ပြောင် သပြေရောင်အဆင်းကဲ့သို့ ထိန်ဝင်းညိုမောင်းသော ရောင်ခြည်တော် ဓာတ်တို့သည်။ နိစ္စရန္တိ၊ နေ့ အထောင် လ အထောင် ပြဟ္မာနတ်အရောင် ရတနာနဝရတ်ရောင်တို့ကို ထိပ် ခေါင်က လွှမ်းမိုး၍ ဖိုးဖိုးကြွယ်ကြွယ် အံ့ဩဘွယ်လျှင် အဆန်းတကြယ် ကွန့်မြူးတော်မူကြလေကုန်၏။

ပဘဿရာ စ၊ နတ်မီးအရောင် လျှပ်စီးအရောင် ရတနာမျိုးစုံ အရောင် ကြာမျိုးစုံအရောင် ထိန်ပြောင်ဝင်းလက် ကြက်လျှာပြန် စိန်ရောင် ထွက်သကဲ့သို့ ရိုးရိုး ရက်ရက် ပြိုးပြိုး ပြက် သော ရောင် ခြည်တော် ဓာတ်တို့သည်။ ပဘာသန္တိ၊ နေ့အထောင် လ အထောင် ပြဟ္မာနတ်အရောင် ရတနာနဝရတ် ရောင်တို့ကို ထိပ်ခေါင်က လွှမ်းမိုး၍ ဖိုးဖိုးကြွယ်ကြွယ် အံ့ဩဘွယ်လျှင် အဆန်းတကြယ် ကွန့်မြူးတော် မူကြလေကုန်၏။ ဝေ၊ ဤ ရောင်ခြည်တော် ခြောက်သွယ် ဂုဏ်တော်အထူးကို ချီးကျူးဖွင့်ဆို ခဲ့သည့်အတိုင်း။ ဆဗ္ဗဏ္ဏရံသိယော၊ အညိုတဖြာ အဝါတလီ အနီတဆူ အဖြူတကြောင်း အမောင်းတချက် ပြိုးပြက်ငွားငွား ခြောက်ပါးရောင်ဆိုင် အပြိုင်ပြိုင်တို့ကို စိုးပိုင်ရရှိတော်မူပေသော။ ဘဂဝါ၊ ဘုန်းတော်သရဖူ ဆောင်းတော်မူ၍ အောင်သူညွတ်ရုံး အထွဋ်ဆုံးလည်း ဖြစ်တော်မူထသော။ သော၊ ထိုသုံးလောကညွန့်ဖူး နိဗ္ဗာန်မှူး ဖြစ်တော်မူသော ရှင်တော်မြတ်ဘုရားသည်။ မေ၊ ပဋ္ဌာန်းပစ္စည်း ဆက်သွယ်နည်းဖြင့် ဖွဲ့စည်းကလာပ် ရုပ်နာမ်ဓာတ်ကို စွဲမှတ်သမုတ် အကျွန်ုပ်၏။ သိရေ၊ ဆံပင်ဂနိုင် ပန်းမြိုင်တောညို စိမ်းစိုနွဲ့နှောင်း ဦးခေါင်းတွင် ခေါ်တောင်ထွဋ်ပေါ်၌။ ဌာတု၊ ပဋ္ဌာန်းဉာဏ်သွား စျာန် ကစားလျက် တန့်နား ကိန်းဝပ်တော်မူလှည့်ပါ၊ သုံးလောကကျေးဈောင် ရွှေဘုန်းခေါင် ကိုယ်တော်မြတ်ကြီးဘုရား။ ။

# ဩဃလေးသွယ် ကူးမို့ရှယ်

ဝဋ္ဋောဃေ သံသရန္တာနံ၊ သတ္တာနံ နိစ္စပီဠိတေ။
ခန္ဓေ ပဇဟိတုံဒါနိ၊ ပဇဟေထ ပဓာနိကာ။

ဝဋ္ဋောဃေ—ဝဋ္ဋ ဩဃေ၊ ပြေးလို့မလွတ် ဘုံဝဋ်အကျယ် ပင်လယ်လှိုင်းဗွက် ဩဃစက်၌။ သံသရန္တာနံ၊ ပေါ်လိုပေါ် မြုပ်လိုမြုပ် တရံတခါ ဝဲစုပ်၍ နစ်မြုပ်မျောပါးကာ နေကြကုန်သော။ သတ္တာနံ၊ အထီးအမ တရွရွနှင့် ဘဝလိုက်စား သတ္တဝါဗိုလ်ခြေ အများတို့ကို။ နိစ္စပီဠိတေ၊ မလိုက်မျက်နှာ ချမ်းသာမပေး မလေးမစား ထောက်ထားကင်းမဲ့ အတင်းရွဲ၍ အမြဲနှိပ်စက် ကြကုန်သော။ ခန္ဓေ၊ ခန္ဓာငါးပါး ရုပ်နာမ် တရားတို့ကို။ ဒါနိ—ဣဒါနိ၊ သာသနာနေဝန်း ထွန်းလင်း တောက်ပ ယခုလို ခါသမယ၌။ ပဓာနိကာ၊ ဝိပဿနာတရား လက်ကိုင်ထားကြကုန်လျက်။ ပဇဟိတုံ၊ ငါနှင့်မဆိုင် ငါပိုင်မဟုတ် အမြစ်ပါဖြုတ်မည်ဟု ပယ်စွန့်ကြခြင်းငှာ။ ပဇဟေထ၊ အရိုးတွေကြေ အရေတွေခြောက်စေတော့ ရဲရဲတောက်ဇွဲမာန်ဖြင့် အသဲအသန် အားထုတ်ကြကုန်ရာ သတည်း။

သာဓု၊ သာဓု၊ သာဓု။

မောင်စိန်ရေ။ [ဘုရား။] ယခု တရားပွဲကြီးမှာ သတ္တဝါတွေ "ဩဃလေးပါး"မှ ကူးမြောက်သွားအောင် ဟောရလိမ့်မယ်။ [ဟောတော်မူပါဘုရား။]

ဩဃလေးပါးဆိုတာက ကာမောဃ, ဘဝေါဃ, ဒိဋ္ဌောဃ, အဝိဇ္ဇောဃ။ ၎င်းလေးပါးကို ခေါ်တယ်။ [မှန်ပါဘုရား။] ဩဃဆိုတာက ပါဠိစကား။ ဗမာလိုပြောယင် လှိုင်းတံပိုးလို့ အဓိပ္ပါယ်ရတယ်။ အဲဒီလှိုင်းတံပိုးကြီးဟာ ရေကူးတဲ့လူတွေကို ပုတ်လိုက်ပလားဆိုယင် အပုတ်ခံရတဲ့ လူတွေဟာ ရေထဲမှာ

မြုပ်ပြီး သေသူကသေ၊ လိုရာဆိပ်ကမ်း မရောက်အောင် မျောသူက မျောပြီး သွားကြရတယ် မဟုတ်လား။ [မှန်ပါဘုရား။]

အဲဒီလိုပဲ။ သတ္တဝါတွေဟာလဲ ရူပ,သဒ္ဒ, ဂန္ဓ, ရသ, ဖောဋ္ဌဗ္ဗဆိုတဲ့ ငါးဝ အာရုံကာမဂုဏ်ကို ခုံမင်လေတော့၊ ၎င်းအာရုံတွေကို ရအောင် သူတပါး အသက်ကို သတ်ပြီးရှာကြ၊ သူတပါးဥစ္စာကို ခိုးပြီးရှာကြ၊ ကာမေသုကိုပြုပြီး ရှာကြ၊ မုသားပြောပြီး ရှာကြ၊ သုရာမေရယကို သောက်စားပြီး ရှာကြလေ တော့ ငရဲ,ပြိတ္တာ, အသုရကာယ်, တိရစ္ဆာန်တွေဖြစ်ပြီး သံသရာကြောမှာ မျောကြရတယ်။ အဲဒါဟာ ကာမောဃ လှိုင်းပုတ်လို့မြုပ်ရ မျောရတာကွဲ့ မောင်စိန်ရဲ့။ [မှန်ပါဘုရား။]

ဘဝေါဃလှိုင်းပုတ်၍ မျောရပုံကိုပြောကြဦးစို့။သတ္တဝါတွေ၏ သဏ္ဍာန် မှာ ဘဝတဏှာကရှိလေတော့ အဲဒီဘဝတဏှာဖြင့် သဒ္ဓေး, သုကြွယ်, ရှင်ဘု ရင်,စကြာမင်းအဖြစ်ကို တမ်းတပြီး ဒါန,သီလ တွေကို ပြုလုပ်၍ ဆုတောင်း ကြတယ်။ တောင်းတဲ့အတိုင်းပဲ သဒ္ဓေး,သုကြွယ်,ရှင်ဘုရင်,စကြာမင်းဘဝကို ရကြတယ်။ ဘဝကိုရတယ်ဆိုယင်ပဲ ဇာတိဘေးနှင့် တွေ့တော့တာပဲ။ ဇာတိ ရယင် ဇရာ,ဗျာဓိ,မရဏ ဆိုတဲ့ဘေးနှင့် ကြုံတော့တာပဲ။ဇရာ,ဗျာဓိ, မရဏနှင့် ကြုံယင် သောက,ပရိဒေဝ, ဒုက္ခ,ဒေါမနဿ,ဉပါယာသဆိုတဲ့ မီးတွေလောင် ပြီး ဒုက္ခပင်လယ်ကြောမှာ မျောရတော့တာပေါ့။အဲဒါဘဝေါဃ လှိုင်းပုတ် လို့ မြုပ်ရမျောရတာကွဲ့ မောင်စိန်ရဲ့။ [မှန်ပါဘုရား။]

ဒိဋ္ဌောဃ လှိုင်းပုတ်၍ မြုပ်ရပုံကို ပြောကြအုံးစို့။ ဒိဋ္ဌိဆိုတာ မှားယွင်း သောအယူအဆကို ခေါ်တယ်။ ဥပမာပြောရယင် လူတယောက်ဟာ အရှေ့ ကို အနောက်ထင်ပြီး ဘယ်ကကန့်လိုက် ညာကကန့်လိုက်နှင့် သွားတယ်။အဲဒီ လူဟာ မိမိရောက်လိုတဲ့မြို့ရွာကို ရောက်ပါမလား။ [မရောက်ပါ၊ မရောက်ချင် တဲ့နေရာကိုသာ ရောက်မှာပါဘုရား။] အဲဒီလိုပဲ၊ အမှားကို အမှန်ထင်ပြီး ကာယကံမှုကိုပြုလိုက်, ဝစီကံမှုကိုပြောလိုက်,မနောကံမှုကို ကြံလိုက်နှင့် ကံသုံး ပါးကိုပြုကြတယ်။ အဲဒီလို ပြုကြတော့ ရောက်ချင်တဲ့ နိဗ္ဗာန်ကို မရောက်ရပဲ မရောက်ချင်တဲ့ ငရဲ,ပြိတ္တာ, တိရစ္ဆာန်,အသုရကာယ်ဆိုတဲ့ အပါယ်လေးပါး မှာသာ မျောပြီးနေရတော့တာပဲ။ အဲဒါ ဒိဋ္ဌောဃလှိုင်းပုတ်လို့ မျောရတာ ကွဲ့ မောင်စိန်ရဲ့။ [မှန်ပါဘုရား။]

ကိုင်း—အဝိဇ္ဇောဃလှိုင်းပုတ်၍ မျောရပုံကို ပြောကြဦးစို့။ သတ္တဝါတို့၏ သဏ္ဍာန်မှာ အဝိဇ္ဇာဆိုတဲ့ မောဟတရားဟာ အနုသယအားဖြင့် အစဉ်ကိန်း

ပြီးနေလေတော့ သတ္တဝါတွေဟာ ရံခါကုသိုလ်ပြုတယ်၊ ရံခါအကုသိုလ်ပြုတယ်။ အဲဒီ ကုသိုလ်နှင့် အကုသိုလ်တွေဟာ အဝိဇ္ဇာ ပစ္စယာ သင်္ခါရာ ဆိုတဲ့ ဒေသနာအရ သင်္ခါရဖြစ်ကုန်တာပဲ။ ဥပမာ ပေးရယင် မျိုးစေ့ကို မြေကြီးထဲမြှုပ်ပြီးထားတော့ မြေငွေ့ကြောင့် အပင်ပေါက်ဖို့ရာ အစေ့ဟာပွလာသလိုပေါ့။ အဝိဇ္ဇာက မြေကြီးနှင့်တူတယ်။ ကုသိုလ်၊ အကုသိုလ်ကမျိုးစေ့နှင့်တူတယ်။ မြေငွေ့ကြောင့်ပွလာတာနှင့် အဝိဇ္ဇာကြောင့် သင်္ခါရဖြစ်တာနှင့်တူတယ်ကွဲ့ မောင်စိန်ရဲ့။ [မှန်ပါဘုရား။]

ကုသိုလ်မျိုးစေ့၊ အကုသိုလ်မျိုးစေ့ တို့ဟာ သင်္ခါရ ဖြစ်တယ် ဆိုယင် ပဋိသန္ဓေဝိညာဉ်ဆိုတဲ့ ဘဝအညှောက်ပေါက်လာတော့တာပဲ။ ဘဝအညှောက်ပေါက်ယင် နာမ်ရုပ်ဆိုတဲ့ နဘက်ပေါ်လာတော့တာပဲ။ နာမ်ရုပ်နဘက်ပေါ်လာယင် သဠာယတနဆိုတဲ့ အကိုင်းအခက်ဖြစ်လာတာပဲ။ သဠာယတနဆိုတဲ့ အကိုင်းအခက်ထွက်လာယင် ဖဿဆိုတဲ့ အဖူးကလေးတွေ ဖူးတော့ တာပဲ။ ဖဿဆိုတဲ့အဖူးဖူးယင်ဝေဒနာဆိုတဲ့ အပွင့်ကလေးတွေ ပွင့်လာတာပဲ။ ဝေဒနာအပွင့်ပွင့်ယင် တဏှာဆိုတဲ့သီးကင်းကလေးတွေ ကင်းလာတော့ တာပဲ။ တဏှာသီးကင်း ကင်းယင် ဥပါဒါန်ဆိုတဲ့ သီးရင့်ဖြစ်လာတာပဲ။ ဥပါဒါန် သီးရင့်ဖြစ်လာယင် ကမ္မဘဝဆိုတဲ့ အစေ့ထည့် လာ တော့တာပဲ။ ကမ္မဘဝ အစေ့ထည့်ပြီးယင် ဇာတိဆိုတဲ့ဘဝအညှောက် ပေါက်ပြန်တာပဲ။ အဲဒီလို သံသရာစက်ရဟတ်ကြီးဟာ မရပ်တမ်းမနားတမ်း လည်ပတ်ပြီး နေရတော့တာပဲ။ ဒါဟာ အဝိဇ္ဇာဩ လှိုင်းပုတ်၍ မြုပ်ရ မျောရတာပေါ့ မောင်စိန်ရဲ့။ [မှန်ပါဘုရား။]

သတ္တဝါတွေဟာ အဲဒီလို ဩဃလေးဖြာ သံသရာထဲမှာ မျောပြီး နေကြရတော့ အဲဒီဩဃလေးပါးမှ ကူးမြောက်ဖို့ရာ မခက်ပါလား။ [ခက်လှပါတယ်ဘုရား။] ဘုရားရှင်ကိုယ်တော်မြတ်ကြီးဟာ မိမိတို့ဘာသာ ဘယ်သူမှမကူးနိုင်တဲ့ ဩဃလေးဖြာသံသရာကြီးမှ ဘယ်သူ၏ အကူအညီကိုမျှ မယူပဲနဲ့ ကူးမြောက်ခဲ့တယ် မောင်စိန်ရဲ့။ [မှန်ပါ၊ အားထားလောက်ပါတယ်ဘုရား။]

မြတ်စွာဘုရား သာဝတ္ထိပြည်ဇေတဝန်ကျောင်းမှာ သီတင်းသုံးမွေ့လျော်စံပျော်တော် မူစဉ်အခါ သန်းခေါင်ယာမ်မှာ နတ် သားတယောက် ဟာ တကျောင်းဝင်းလုံးကို မိမိကိုယ်ရောင်ဖြင့် ထွန်းလင်းစေပြီးတော့ မြတ်စွာဘုရားကိုလျှောက်ထားတယ်။ ဘယ်လိုလျှောက်ထားသလဲဆိုတော့ "မြတ်စွာဘုရား၊ အရှင်ဘုရားသည် ဩဃလေးဖြာသံသရာကြီးမှ ဘယ်ပုံ ဘယ်နည်းဖြင့်

ကူးမြောက်ခဲ့ပါသလဲဘုရား''လို့ လျှောက်ထားတယ်။ အဲဒီတော့ မြတ်စွာဘုရားက ''ဒကာနတ်သား၊ ငါဘုရားသည် ရပ်၍လည်းမနေ၊ အားလည်းမထုတ်ပါပဲနဲ့ ဩဃလေးဖြာ သံသရာမှ ကူးမြောက်ခဲ့တာပဲ''လို့ ဖြေတော်မူတယ်။

ဒီတော့ နတ်သားက ''ဘာကြောင့်ရပ်၍လည်းမနေ၊ အားလည်းမထုတ်ပါသလဲ''လို့ မေးတယ်။ ဒီတော့မြတ်စွာဘုရားက ''ဒကာနတ်သား၊ရပ်၍နေလျှင်မြုပ်တယ်၊ အားထုတ်လျှင်မျောတယ်။ ဒါကြောင့် ရပ်၍ လည်း မနေ အားလည်းမထုတ်ပဲ ကူးခဲ့တာပဲ''လို့ဖြေတယ်။ဒီတော့နတ်သားက ''အော်.... ဩဃလေးဖြာသံသရာမှ ကူးမြောက်လေပြီးသော ယောကျ်ားမြတ် အာဇာနည်ကို ကြာမြင့်မှပင် ဖူးရလေစွတကား''လို့ လျှောက်ထားတယ်။ ဒီတော့ မြတ်စွာဘုရားက တိတ်တိတ်နေ၍ လက်ခံတော် မူတယ်။ ထိုအခါနတ်သားက ''ငါ လျှောက်ထားတဲ့ စကားကို မြတ်စွာဘုရားလက်ခံတော် မူတယ်''လို့ ဝမ်းမြောက်ဝမ်းသာဖြစ်ပြီး နတ်ပြည်ကိုပြန်သွားတယ်။ အဲဒီနေရာမှာ မြတ်စွာဘုရား ဖြေတဲ့အဖြေကို မောင်စိန်နားလည်ရဲ့လား။ [မလည်ပါဘုရား၊ နားလည်အောင် ကူးပုံနှင့်တကွ အမိန့်ရှိတော်မူပါ။]

နားထောင်။ ရပ်လည်း မရပ်၊ အားလည်း မထုတ်ပဲ ကူးပုံကို ပြောမယ်။ မြတ်စွာဘုရားဟာ နေမဝင်မီ မာရ်နတ်ရန်နှင့် မာရ်နတ် သမီးတွေကို အောင်တော်မူခဲ့တယ်။ နေဝင်ပြီး၍ ညဦးယာမ်မှာ ပုဗ္ဗေ နိဝါ သာနုဿတိ ဉာဏ်ကို ရတော်မူတယ်။ ၎င်းဉာဏ်ဖြင့် မိမိဖြစ်ခဲ့တဲ့ ဘဝဟောင်းတွေကို ဆင်ခြင်၍ မြင်တော်မူတယ်။ သန်းခေါင်ယာမ်ကျတော့ ဒိဗ္ဗစက္ခုအဘိညာဉ်ကို ရတော်မူတယ်။ ၎င်းအဘိညာဉ်ဖြင့် ဘယ်ဘဝက ဆင်ဖြစ်ရတာ ဘယ်ကံကြောင့်ပါလိမ့်မလဲ၊ ဘယ်ဘဝက မျောက်ဖြစ်ရတာ ဘယ် ကံကြောင့်ပါလိမ့် မလဲ၊ ဘယ်ဘဝက ယုန်ဖြစ်ရတာ ဘယ်ကံကြောင့်ပါလိမ့်မလဲ၊ ဘယ်ဘဝက ဒေါင်းဖြစ်ရတာ ဘယ် ကံ ကြောင့် ပါ လိမ့် မလဲ၊ ဘယ်ဘဝက ရှင်ဘုရင် ဖြစ်ရတာ ဘယ်ကံကြောင့်ပါလိမ့်မလဲ၊ ဘယ်ဘဝက သိကြားမင်း ဖြစ်ရတာ ဘယ်ကံကြောင့်ပါလိမ့်မလဲလို့ ဆင်ခြင်တော့ ဘဝရဲ့ အကြောင်းရင်းကံတွေကို မြင်လာတယ်။ အဲဒီ ဉာဏ်ကို ယထာကမ္မုပဂ အဘိညာဉ်လို့လဲ ခေါ်တယ်။

အဲဒီလို ကံတည်းဟူသော အကြောင်းနှင့် ဘဝတည်းဟူသော အကျိုးကို မြင်လာတော့ ''အော်....သတ္တဝါတို့၏ ရုပ်နာမ်တွေဟာ တဘဝမှ တဘဝသို့ မပြောင်းရွှေ့ပါကလား၊ အတိတ် ဘဝက ရုပ်နာမ်ဟာ အတိတ် ဘဝမှာပင် ချုပ်ခဲ့တယ်''လို့ မြင်တယ်။ အဲဒါဟာ စုတိကို မြင်တာ။ အတိတ်ဘဝက ရုပ်

နာမ်ဟာ ပစ္စုပ္ပန် ဘဝသို့ မလာပေမယ့် အတိတ် ကံကြွမှာ ထောက်ပံ့ခြင်း ကြောင့် အမိဝမ်းခေါင်းထဲမှာ ပဋိသန္ဓေစိတ်နှင့် ကလလရေကြည်ကို အစ တည်ပြီး ပစ္စုပ္ပန် ရုပ်နာမ် ခန္ဓာဖြစ်ရတာပဲလို့ မြင်တယ်။ အဲဒါဟာ ပဋိသန္ဓေကို မြင်တာ။ အဲဒီ စုတိနှင့် ပဋိသန္ဓေကို မြင်တဲ့ ဉာဏ်ကို **"စုတူပပါတဉာဏ်"**လို့ ခေါ်တယ်။ အဲဒီ စုတူပပါတဉာဏ်ကို ရလျှင် တဘဝမှ တဘဝသို့ ကူးသန်း တယ်လို့ ယူဆတဲ့ သဿတဒိဋ္ဌိ၊ သေယင် ပြတ်တယ်လို့ ယူဆတဲ့ ဥစ္ဆေဒဒိဋ္ဌိ ၂-ပါး ကင်းတော့တယ်။ အဲဒီ ၂-ပါးကင်းယင် ကာမသုခလ္လိက နုယောဂ အကျင့်နှင့် အတ္တကိလမထ နုယောဂ အကျင့် ၂ ပါးလဲ ကင်းတော့တာပဲ။ ကာ မ သု ခ လ္လိ က နု ယော ဂ အကျင့် ကင်း တာ ကို ပင် "ရပ်၍လည်းမနေ" မည်တယ်။

အတ္တကိလမထ နုယောဂ အကျင့် ကင်းတာကိုပင် "အားလည်းမထုတ်" မည်တယ်။ ဘာကြောင့်လဲဆိုတော့ ကာမ သုခလ္လိက နုယောဂ အကျင့်ကို ရပ်သော အကျင့်လို့ ခေါ်တယ်။ သူက ကာမချမ်းသာကို အမြတ်ဆုံးထင်ပြီး ဘယ်ကုသိုလ်ကိုမှ မလုပ်ပဲ ရပ်ထားပြီး ကာမဂုဏ်ကိုသာ မှီဝဲနေတာကိုး။ ဒါကြောင့် ရပ်သော အကျင့်တဲ့။

အတ္တကိလမထ နုယောဂ အကျင့်ကို အားထုတ်သော အကျင့်လို့ ခေါ်တယ်။ သူက ခန္ဓာကိုယ် ပင်ပန်းမှ ကိလေသာ သေမယ်လို့ ယူဆပြီး ရေစိမ်၍ ညှဉ်းပန်း၊ မီးကင်၍ ညှဉ်းပန်း၊ အစားနှင့် ညှဉ်းပန်း၊ အဝတ်နှင့် ညှဉ်းပန်း၊ အနေနှင့် ညှဉ်းပန်းတယ်။ ဒါကြောင့် အားထုတ်သော အကျင့်တဲ့။ အဲဒီ အကျင့် ၂ ပါးဟာ သဿတ ဥစ္ဆေဒ သမားတွေ ကျင့်တဲ့ အကျင့်။ ဒါကြောင့် သဿတ ဥစ္ဆေဒကင်းလျှင် ထိုအကျင့်ယုတ် ၂ ပါးလဲ ကင်းတော့တာပဲ။ အဲဒီလို "စုတူပပါတဉာဏ်"ကို ရလျှင် မြတ်စွာဘုရား၏ ဉာဏ်ဟာ ဝိပဿနာနယ်ထဲသို့ ရောက်လာပါတော့တယ်။ လင်းခါနီးကျတော့ အာသဝက္ခယဉာဏ် ပေါ် လာတယ်။ ဘယ်လိုပေါ်လာသလဲဆိုတော့ "အော်—သတ္တဝါတို့၏ ပစ္စုပ္ပန် ဘဝမှာရှိတဲ့ သင်္ခါရ တရားများသည် အတိတ် ဘဝမှ လာသည် မဟုတ်။ အတိတ် ကံကြွမှာ ထောက်ပံ့ခြင်းကြောင့် ပစ္စုပ္ပန် ဘဝမှာ ပဋိသန္ဓေစိတ်နှင့် ကလလရေကြည်ကို အစတည်ပြီး ဖြစ်လာတာ။ ထို့ကြောင့် ဇာတိရှိတယ်။ ဇာတိရှိလျှင် ဇရာ မရင့်အောင်, မအိုအောင် တားလို့ မရ။ ရင့်ရ, အိုရပေလိမ့် မယ်။ ရင့်ရော်အိုမင်းလျှင် ဗျာဓိ—နာရပေလိမ့်မယ်။ နာပြီးလျှင် မရဏ— သေရပေလိမ့်မယ်။ ရှောင်မရ တိမ်းမရဘူး။ သေတယ်ဆိုလျှင် ပိယေဟိ ဝိပ္ပ ယောဂ—ချစ်သူနှင့် ကွဲရပေလိမ့်မယ်။ ဆုတောင်းလို့ မရဘူး။ မသေခင်လဲ

မျက်စိက ပါလေတော့ မမြင်ချင်တာကို မြင်ရပေလိမ့်မယ်။ နားက ပါလေတော့ မကြားချင်တာကို ကြားရပေလိမ့်မယ်။ နှာခေါင်းက ပါလေတော့ မနံချင်တာကို နံရပေလိမ့်မယ်။ လျှာက ပါလေတော့ မစားချင်တာကို စားရပေလိမ့်မယ်။ ကိုယ်ကာယရှိလေတော့ မတွေ့ချင်တာကို တွေ့ရပေလိမ့်မယ်။ စိတ်ကရှိလေတော့ မတွေးချင်တာကို တွေးရပေလိမ့်မယ်။ အဲဒါတွေဟာ အပ္ပိယေဟိသမ္ပယောဂဒုက္ခ ဖြစ်တယ်။

မအိုပါစေနဲ့၊ မနာပါစေနဲ့၊ မသေပါစေနဲ့၊ ချစ်သူနဲ့ မကွဲပါရစေနဲ့လို့ တမ်းတသော်လဲ မရ။ အိုချိန်ကျလျှင် အိုရမယ်၊ နာချိန်ကျလျှင် နာရမယ်၊ သေချိန်ကျလျှင် သေရမယ်၊ ကွဲချိန်ကျလျှင် ကွဲရမယ်။ အဲဒါတွေဟာ ယမ္ပိစ္ဆံ နလဘတိဒုက္ခံဖြစ်တယ်။ အဲဒီ ဒုက္ခတွေနှင့် ဘယ်သခါရတရားမှ ကင်း၍ မဖြစ်ချေ။ လောကကြီးကလဲ သင်္ခါရ လောကကြီးသာ ဖြစ်တယ်။ အဲဒီတော့ လောကကြီးသည် မီးလောင်နေသော ရွာကြီးနှင့် တူတယ်။ ဘာမီးတွေလဲ၊ ဇာတိမီး, ဇရာမီး, ဗျာဓိမီး, မရဏမီး, သောကမီး, ပရိဒေဝမီး, ဒုက္ခမီး, ဒေါမနဿမီး, ဥပါယာသမီးတွေ ဖြစ်တယ်။ သတ္တဝါကောင်တွေဟာ မီးလောင်နေသော အိမ်တွေနှင့် တူတယ်လို့ မိမိခန္ဓာနှင့်တကွ ဘုံသုံးဆယ့်တစ်ကို အလွန် ကြောက်တဲ့ စိတ်တွေဖြစ်လာတယ်။ အဲဒါဟာ ဒုက္ခသစ္စာကို ပိုင်းခြား၍ သိတာပဲ။

ကြောက်စရာ သဘောဟာ ဒုက္ခသစ္စာ။ အဲဒီ သဘောကို မြင်တာဟာ ဒုက္ခသစ္စာကို မြင်တာပဲ။ ကြောက်စိတ်ဟာ သံဝေဂဉာဏ်ဖြစ်တယ်။ အဲဒီလို ကြောက်စိတ်သံဝေဂဉာဏ်ဖြစ်လာတော့ မိမိခန္ဓာကို တွယ်တာနေတဲ့ သမုဒယသစ္စာဟာ ပြတ်သွားတော့တာပေါ့။ ပြတ်သွားလျှင် ပြတ်ရာဖြစ်တဲ့ နိရောဓသစ္စာကို မျက်မှောက်ပြုရတော့တာပဲ။ နိရောဓသစ္စာကို မျက်မှောက်ပြုရလျှင် စိတ်တွေဟာလဲ အေးမြ ကြည်လင် ရွှင်လန်းပြီး လာတော့တာပေါ့။ အဲဒီ အေးမြကြည်လင်တဲ့ စိတ်ဟာ မဂ်စိတ်ဖိုလ်စိတ်တွေပဲ။ မဂ်စိတ်ကို မဂ္ဂသစ္စာလို့ ခေါ်တယ်။ အဲဒီလို သစ္စာလေးပါးကို သိလိုက်တော့ သစ္စာလေးပါးကို ဖုံးထားတဲ့ အဝိဇ္ဇာသဝ သေသွားတယ်။ အဝိဇ္ဇာသဝ သေလျှင် ၎င်းအဝိဇ္ဇာကို မှီပြီးဖြစ်ရတဲ့ ဘဝါသဝ, ဒိဋ္ဌာသဝ, ကာမာသဝတွေလဲ တခါထဲ သေတော့တာပဲ။ အဲဒီလို အာသဝ လေးပါး သေအောင် သိတဲ့ ဉာဏ်ကို အာသဝက္ခယဉာဏ်လို့ခေါ်တယ်။ ယခုဟောခဲ့ပြီးတာက မြတ်စွာဘုရားသည် သြဃလေးဖြာ သံသရာကြီးကို ရပ်လည်း မရပ်, အားလည်း မထုတ်ပဲ ကူးပုံဖြစ်တဲ့ "သြဃတရဏသုတ်" ဖြစ်ပါတယ်။ မြတ်စွာဘုရား၏ သာဝကတွေလဲ ဘုရားကူးပုံကို အတုယူပြီး ကူးကြရလိမ့်မယ်ကွဲ့။ [မှန်ပါ၊ ဒီအတိုင်းပဲကူးကြရမှာပါဘုရား။]

မြတ်စွာဘုရား ကူးပုံဟာ ရှေးဦးစွာ သဿတ, ဥစ္ဆေဒ ၂ ပါးကို ကင်းအောင် လုပ်ပြီးမှ လက္ခဏာယာဉ် သုံးပါးကို စီးပြီး ကူးတာ မဟုတ်လား။ [ဟုတ်ပါတယ် ဘုရား။] ဒီတော့ ငါတို့လဲ ရှေးဦးစွာ သဿတ, ဥစ္ဆေဒ ၂ ပါး ကင်းအောင် ဟောပြောပြီးမှ လက္ခဏာယာဉ် သုံးပါးကို ပြရပေလိမ့်မယ်ကွဲ့ မောင်စိန်ရဲ့။ [မှန်ပါ၊ ဟောတော်မူပါ ဘုရား။]

မင်း မျက်စိနှင့် ရူပါရုံ မတိုက်ဆိုင်မီက မင်းမျက်စိထဲမှာ မြင်စိတ်ရှိရဲ့လား။ [မရှိသေးပါ ဘုရား။] မျက်စိနှင့် ရူပါရုံ တိုက်ဆိုင်တော့ မြင်စိတ် ဖြစ်မလာပါလား။ [ဖြစ်လာပါတယ် ဘုရား။] မူလက မရှိ။ မျက်စိနှင့် ရူပါရုံ တိုက်ဆိုင်မှ ဖြစ်လာတာဆိုတော့ ဒီမြင်စိတ်ဟာ အတိတ်ဘဝက လာတာလို့ ဆိုနိုင်ပါမလား။ [မဆိုနိုင်ပါ ဘုရား။] မျက်စိကို မှိတ်လိုက်သော်လည်းကောင်း၊ ရူပါရုံကို ကွယ်ထားလိုက်သော်လည်းကောင်း ဒီ ၂ ခုဟာ တခုခု ချွတ်ယွင်းသွားယင် မြင်စိတ်ဟာ ချုပ်မသွားလား။ [ချုပ်သွားပါတယ်ဘုရား။] အနာဂတ် ဘဝသို့ ထွက်သွားတယ်လို့ ဆိုနိုင်ပါမလား။ [မဆိုနိုင်ပါ ဘုရား၊ ဒီနေရာမှာ ဖြစ်ပြီး ဒီနေရာမှာ ချုပ်သွားတာပါ။] အာရုံဒွါရ ထောက်ပံ့ဆဲ ပစ္စုပ္ပန် ခဏတွင်သာ ရှိတယ်ဆိုတာ မထင်ရှားပါလား။ [ထင်ရှားပါတယ် ဘုရား။]

နားနှင့် အသံ မတိုက်ဆိုင်မီက နားထဲမှာ ကြားစိတ် ရှိရဲ့လား။ [မရှိပါ ဘုရား။] နားနှင့်အသံ တိုက်ဆိုင်တော့မှ ကြားစိတ် ဖြစ်လာတာမဟုတ်လား။ [ဟုတ်ပါတယ် ဘုရား။] မူလက မရှိ။ နားနှင့်အသံ တိုက်ဆိုင်မှ ဖြစ်လာတာဆိုတော့ ကြားစိတ်ဟာ အတိတ်ဘဝက လာတာလို့ ဆိုနိုင်ပါမလား။ [မဆိုနိုင်ပါဘုရား။] နားကို ပိတ်လိုက်သော်လည်းကောင်း၊ အသံတိတ်သွားသော်လည်းကောင်း၊ တခုခု ချွတ်ယွင်းသွားယင် ဒီကြားစိတ်ဟာ ချုပ်မသွားပါလား။ [ချုပ်သွားပါတယ်ဘုရား။] ချုပ်သွားတော့ အနာဂတ်ဘဝသို့ သွားတယ်လို့ ဆိုနိုင်ပါမလား။ [မဆိုနိုင်ပါ၊ ဒီနေရာတွင်ဖြစ်၍ ဒီနေရာတွင် ချုပ်သွား ပါတယ်ဘုရား။] အာရုံဒွါရ ထောက်ပံ့ဆဲ ပစ္စုပ္ပန် ခဏတွင်သာ ရှိတယ်ဆိုတာ မထင်ရှားပါလား။ [ထင်ရှားပါတယ် ဘုရား။]

နှာခေါင်းနှင့်အနံ့ မထိခိုက်မီ နှာခေါင်းထဲမှာ နံစိတ် ရှိရဲ့လား။ [မရှိပါ ဘုရား။] နှာခေါင်းနှင့်အနံ့ ထိခိုက်တော့ နံစိတ်ဖြစ်မလာလား။ [လာပါတယ် ဘုရား။] မူလကမရှိ။ နှာခေါင်းနှင့်အနံ့ ထိခိုက်မှ ဖြစ်လာတာ ဆိုတော့ အတိတ်ဘဝကလာတာလို့ဆိုနိုင်ပါမလား။ [မဆိုနိုင်ပါဘုရား။] နှာခေါင်းနှင့် အနံ့ တခုခုချွတ်ယွင်းသွားယင် ဒီနံစိတ်ဟာ ချုပ်မသွားလား။ [ချုပ်သွားပါ

တယ်ဘုရား။] ချုပ်သွားတော့ အနာဂတ်ဘဝသို့ သွားတယ်လို့ ဆိုနိုင်ပါမလား။[မဆိုနိုင်ပါ၊ဒီနေရာတွင်ဖြစ်ပြီး ဒီနေရာတွင် ချုပ်သွားတာပါဘုရား။]

လျှာနှင့် ရသာရုံမပေါင်းဆုံခင် လျှာမှာ လျှက်သိစိတ်ရှိရဲ့လား။ [မရှိပါဘုရား။] လျှာနှင့် ရသာရုံပေါင်းဆုံတော့ လျှက်သိစိတ် ဖြစ်မလာပါလား။ [ဖြစ်လာပါတယ်ဘုရား။] မူလကမရှိ။ လျှာနှင့်ရသာရုံပေါင်းဆုံမှဖြစ်လာတာဆိုတော့ အတိတ်ဘဝက လာတာလို့ ဆိုနိုင်ပါမလား။ [မဆိုနိုင်ပါဘုရား။] မျိုချလိုက်တော့ အဲဒီ လျှက်သိစိတ်ဟာ ချုပ်မသွားပါလား။ [ချုပ်သွားပါတယ်ဘုရား။] ချုပ်သွားတယ်ဆိုတော့ အနာဂတ်ဘဝသို့သွားတယ်လို့ဆိုနိုင်ပါမလား။ [မဆိုနိုင်ပါ၊ ဒီနေရာတွင်ဖြစ်ပြီး ဒီနေရာတွင် ချုပ်သွားပါတယ်ဘုရား။]

ကာယကိုယ်ကောင်နှင့် ဖောဋ္ဌဗ္ဗာရုံမပေါင်းဆုံခင် ကိုယ်ကောင်မှာ တွေ့သိစိတ် ရှိရဲ့လား။ [မရှိပါဘုရား။]ကာယကိုယ်ကောင်နှင့် ဖောဋ္ဌဗ္ဗာရုံပေါင်းဆုံတော့ တွေ့သိစိတ် ဖြစ်မလာပါလား။ [ဖြစ်လာပါတယ်ဘုရား။] မူလက မရှိ။ ကိုယ်ကောင်နှင့် ဖောဋ္ဌဗ္ဗာရုံပေါင်းဆုံမှ ဖြစ်လာတာဆိုတော့ အတိတ်ဘဝက လာတာလို့ ဆိုနိုင်ပါမလား။[မဆိုနိုင်ပါဘုရား။] ကိုယ်ကောင်နှင့် ဖောဋ္ဌဗ္ဗာရုံ ကင်းကွာသွားယင် ဒီတွေ့သိစိတ်ဟာ ချုပ်မသွားပါလား။ [ချုပ်သွားပါတယ်ဘုရား။] ချုပ်သွားတယ်ဆိုတော့ အနာဂတ်ဘဝသို့ သွားတယ်လို့ ဆိုနိုင်ပါမလား။ [မဆိုနိုင်ပါ၊ ဒီနေရာတွင်ဖြစ်၍ ဒီနေရာတွင် ချုပ်သွားပါတယ်ဘုရား။]

မနောအကြည်နှင့် ဓမ္မာရုံမပေါင်းဆုံခင် တွေးတောစိတ် ရှိနှင့်ရဲ့လား။ [မရှိသေးပါဘုရား။] မနောအကြည်နှင့် ဓမ္မာရုံပေါင်းဆုံတော့ တွေးတောစိတ် ဖြစ်မလာလား။ [ဖြစ်လာပါတယ်ဘုရား။] မူလကမရှိ။ မနောနှင့်ဓမ္မာရုံပေါင်းဆုံမှဖြစ်တယ်ဆိုတော့ အတိတ်ဘဝကလာတာလို့ဆိုနိုင်ပါမလား။[မဆိုနိုင်ပါ ဘုရား။] မနောနှင့်ဓမ္မာရုံကင်းကွာသွားယင် ဒီတွေးစိတ်ဟာ ချုပ်၍မသွားပါလား။ [ချုပ်သွားပါတယ် ဘုရား။] ချုပ်သွားတယ်ဆိုတော့ အနာဂတ်ဘဝသို့ ထွက်သွားတယ်လို့ ဆိုနိုင်ပါမလား။ [မဆိုနိုင်ပါ၊ ဒီနေရာတွင်ဖြစ်၍ ဒီနေရာတွင် ချုပ်သွားတာပါဘုရား။]

ဒီ အာရုံခြောက်ပါးကို သိတတ်သော ခြောက်ပါးသော ဝိညာဏ်ကလွဲပြီး ခန္ဓာကိုယ်မှာအသက်လိပ်ပြာ အတ္တဇီဝ ရှိသေးသလား။[မရှိပါ၊ ဒီခြောက်ပါးသောဝိညာဏ်ကိုပင် ငါဟုအတ္တစွဲနေကြတာပါဘုရား။]ဒီလိုဆိုတော့ အတ္တစွဲကွာအောင် စိစစ်ကြစို့။ မျက်စိနှင့်ရူပါရုံ မပေါင်းဆုံပဲနှင့် မြင်စိတ် ဖြစ်နိုင်ရဲ့

လား။ [မဖြစ်နိုင်ပါဘုရား၊ ပေါင်းဆုံမှုဖြစ်နိုင်တာပါ။] ဒီလိုဆိုတော့ ငါက မြင်တာလား၊မျက်စိနှင့် ရူပါရုံ ပေါင်းဆုံကြလို့ မြင်စိတ် ဖြစ်တာလား။ [မျက်စိနှင့်ရူပါရုံ ပေါင်းဆုံကြလို့ မြင်စိတ်ဖြစ်တာပါဘုရား။] အဲဒါကြောင့် ပုထုဇဉ်က ငါကမြင်တာလို့ ထင်တယ်။ အရိယာက မြင်စိတ် ဖြစ်တာလို့ သိတယ်။ အဲဒီလို ပုထုဇဉ်နှင့်အရိယာဟာ အသိပြောင်းပြန် ဖြစ်ကြတယ်။ ပုထုဇဉ်နှင့် ပြောင်းပြန်သိမှ အရိယာဖြစ်တယ် မောင်စိန်ရဲ့။ [မှန်ပါဘုရား။]

အာရုံနှင့်ဒွါရ ပေါင်းဆုံမှသာ အသိစိတ် ဖြစ်နိုင်လေတော့ ဒီခြောက်ပါးသော ဝိညာဏ်ကို ငါလို့ဆိုနိုင်ပါမလား။ [မဆိုနိုင်ပါဘုရား၊ အာရုံဒွါရ ပေါင်းဆုံကြလို့ အသိစိတ်ဖြစ်တာပါ။] အဲဒါက ခြောက်ပါးသောဝိညာဏ်မှာစွဲတဲ့ သက္ကာယဒိဋ္ဌိကိုခွါတာ။ ဝိစိကိစ္ဆာကိုခွါကြဦးစို့။ ဒီခြောက်ပါးသော ဝိညာဏ်ဟာ အတိတ်ဘဝက လာတာမဟုတ်၊ အာရုံဒွါရထိခိုက်မှ ဖြစ်တယ် ဆိုတော့ ငါသည်ရှေးတုန်းကဖြစ်ခဲ့ဘူးလေသလော၊ မဖြစ်ခဲ့ဘူးလော၊ ဖြစ်ခဲ့ယင် ဘယ်လိုဇာတ်ပါလိမ့်, ဘယ်လိုအခြင်းအရာပါလိမ့်, ဘယ်လို သဏ္ဌာန်ပါလိမ့်ဟု ယုံမှားစရာလိုသေးသလား။ [မလိုတော့ပါဘုရား။] ဒီခြောက်ပါးသော ဝိညာဏ်ဟာ အာရုံဒွါရ တခုခုချုတ်ယွင်းသွားယင်ချုပ်တယ်၊အနာဂတ်ဘဝသို့ မသွားဘူးဆိုတော့ ငါသည် အနာဂတ်ဘဝသို့ သွားရဦးမှာလား, မသွားတော့ဘူးလား၊ သွားယင် ဘယ်လို ဇာတ်ကလေးပါလိမ့်၊ ဘယ်လို အခြင်းအရာပါလိမ့်၊ ဘယ်လိုသဏ္ဌာန်ပါလိမ့်ဟု ယုံမှားစရာ လိုသေးသလား။ [မလိုတော့ပါဘုရား။] အာရုံခြောက်ပါးကို ငါက သိတာမဟုတ်။ အာရုံဒွါရထိခိုက်ကြလို့ သိမှုဖြစ်တာဆိုတော့ ယခုသိတာဟာ ငါလား၊ ငါမဟုတ်ဘူးလား၊ ငါဆိုယင် ဘယ်လိုဇာတ်ပါလိမ့်၊ ဘယ်လို အခြင်းအရာပါလိမ့်၊ ဘယ်လိုသဏ္ဌာန်ပါလိမ့်၊ ဘယ်ကလာ၍ ဘယ်ကို သွားမှာပါလိမ့်ဟု ယုံမှားစရာ လိုသေးသလား။ [မလိုတော့ပါဘုရား။]

အဲဒါက ကင်္ခါယုံမှား ဆယ့်ခြောက်ပါးကို ခွါတာဖြစ်တယ်။ ဒီဝိညာဏ် ခြောက်ပါးဟာ အတိတ်ဘဝက လာတာလဲမဟုတ်။ အနာဂတ်ဘဝကိုလဲ မသွားဘူး။ ဒီနေရာမှာဖြစ်၍ ဒီနေရာမှာ ချုပ်တယ်လို့သိလေတော့ အတိတ်ဘဝမှ ပစ္စုပ္ပန်သို့လာပြီး အနာဂတ်ဘဝသို့သွားတယ်လို့ ထင်နေတဲ့ သဿတဒိဋ္ဌိ သေပြီး မသွားပါလား။ [သွားပါတယ်ဘုရား။] အကြောင်းထောက်ပံ့မှ ဖြစ်တာကိုသိလေတော့ သေယင်မြေကြီးသာဖြစ်တယ်၊ ဘဝဟာပြတ်တယ်လို့ ထင်နေတဲ့ ဥစ္ဆေဒဒိဋ္ဌိမသေပါလား။ [သေပါတယ်ဘုရား။]

အဲဒီလို သဿတ, ဥစ္ဆေဒ ၂ပါးကင်းလေတော့ “အော်....သင်္ခါရတရား တို့သည် အကြောင်းထောက်ပံ့ဆဲ ပစ္စုပ္ပန်ခဏမှာသာရှိတာပါကလား၊ ထာဝရ ရှိမဟုတ်ပါကလား”လို့ သိလေတော့ အနိစ္စမမြင်ပါလား။ [မြင်ပါတယ် ဘုရား။] အကြောင်းထောက်ပံ့လျှင်ဖြစ်ပြီး အကြောင်းချုပ်လျှင် ချုပ်တာကို သိလေတော့ ဖြစ်ပြီးလျှင် ပျက်စီးတတ်သော ဝိပရိဏာမ ဒုက္ခသစ္စာတရားပါ ကလားလို့ ဒုက္ခကို မမြင်လား။ [မြင်ပါတယ်ဘုရား။] ဖြစ်ပြီးလျှင် ပျက်စီး တတ်၍ ကြောက်စရာကောင်းတာကိုမြင်မှ ဒုက္ခသစ္စာကို မြင်ရာကျတယ်။ မခံ သာတာက ဒုက္ခဝေဒနာတဲ့ မောင်စိန်ရဲ့။ [မှန်ပါဘုရား။] သင်္ခါရ တရားတို့ သည် အကြောင်းမထောက်ပံ့ပဲ မဖြစ်နိုင်။ ထောက်ပံ့လို့ဖြစ်လာပြန်သော်လဲ အကြောင်းချုပ်လျှင် ချုပ်ရတော့သည့်အတွက် အစိုးရသူ မရှိပါကလားလို့ မြင်တာက အနတ္တကိုမြင်တာကွဲ့ မောင်စိန်ရဲ့။ [မှန်ပါဘုရား။]

အဲဒီလို လက္ခဏာသုံးပါးကိုမြင်တော့ သံဝေဂဉာဏ်ပေါ်တယ်။ ပေါ်ယင် ငါ ငါ့ဟာလို့စွဲနေတဲ့သမုဒယသစ္စာပြတ်သွားတယ်။ ပြတ်ယင် ပြတ်ရာ နိရောဓ သစ္စာကို မျက်မှောက်ပြုရတော့တယ်။ မျက်မှောက်ပြုတဲ့ဉာဏ်သည် မဂ္ဂသစ္စာ ဖြစ်တယ်။ ကိုင်း သစ္စာလေးပါး မစုံသေးဘူးလား။ [စုံပါပြီဘုရား။]

စုံမှသာ ဘုရား တရားဖြစ်သောကြောင့် သစ္စာလေးပါးကိုသိ၍ ဝဋ်ဆင်းရဲ မှ လွတ်မြောက်နိုင်ကြစေကုန်သတည်း။

သာဓု၊ သာဓု၊ သာဓု။

❀

“ညြသလေးသွယ် ကူးဖို့ရှယ်” တရားတော်ပြီး၏။

## "မဂ္ဂင်ရှစ်ဖြာ လှေနာဝါ"

ပါရတ္ထိကာ ဟိ နာဝါယ၊ ပါရံ ဂစ္ဆန္တိ တိတ္ထတော။
သန္တာပိ မဂ္ဂနာဝါယ၊ ဂစ္ဆေယျုံ့ ဓမ္မတိတ္ထတော။

ဘာသန္တော၊ တရားတည်းဟူသော အဆိန္နစ်ကို သဒ္ဓါဓာတ် အကြည်ညှစ်၍ အားသစ်လိုလား အို.... သူတော်ကောင်း အများတို့။ ဟိ၊ ဥပမာနှော၍ သဘောကျအောင် ပြောပြ ပါဦးအံ့။ ပါရတ္ထိကာ၊ လိုရာစခန်း တဘက်ကမ်းသို့ ကူးသန်း လိုသူ များဗိုလ်လူတို့သည်။ တိတ္ထတော၊ လှေပေါင်းများစွာ စီတန်းကာဖြင့် သာယာတင့်တယ်ရှုဘွယ်မငြီး ဆိပ်ကမ်းကြီးမှ။ နာဝါယ၊ အစီအစဉ် ပြင်ဆင်ညီညာ ကောင်းစွာဆိုက်ထား လှေသင်္ဘောများဖြင့်။ ပါရံ၊ သွားလိုရာရာ အာသာတန်းမှန်း တဘက်ကမ်းသို့။ ဂစ္ဆန္တိ၊ ဝမ်းသာကြည်နူး ရွှင်မြူးလိုက်ခုန် သွားကြလေကုန်၏။ တထေဝ၊ ယခုဟောပြ ဓမ္မာဇနှင့် လောကဆိုင်ရာ ဥပမာအတိုင်းသာလျှင်။ ပါရတ္ထိကာ၊ နိဗ္ဗာန် ထက်နန်း တဘက်ကမ်းသို့ တက်လှမ်းဖို့ရန် ရည်သန်တောင့်တ အလိုရှိကြကုန်သော။ သန္တာပိ၊ တရားဘက်၌ အားတက် သက်ဆံုး ပီတိလုံးဖြင့် ပြုံးပြုံးကြည်ကြည် မနသီပျော့ပျောင်း သူတော်ကောင်းတို့သည်လည်း။ ဓမ္မတိတ္ထတော၊ အရိယာ ဂိုဏ်းဝင် သူတော်စင်တို့ ခိုဝင်ကြွမြန်း ဤဓမ္မာရုံဆိပ်ကမ်း ကြီးမှ။ မဂ္ဂနာဝါယ၊ လောကုတ္တရာမဂ္ဂင် အချက်တွင်၍ စက်တင်တပ်ထား လှေသင်္ဘောများဖြင့်။ ပါရံ၊ သံသရာ ဘေးဘျမ်း မဆွေးသန်းပဲ အေးချမ်းဖြူစင် တဘက်ကမ်း တည်းဟူသော အမတ နန်းပလ္လင်သို့။ ဂစ္ဆေယျုံ၊ ဇာတိ



၁၅၄၃၀

စသော ဆင်းရဲတွေ အညှဉ်းဆဲခံမနေနှင့် အတင်းပဲရုန်းကန်
ဘုံသုံးတန်ရဟတ်စက်ကို ဖြတ်ထွက်ကာ အစဖျောက်၍ ကြွ
ရောက်တော်မူကြကုန်ရာသတည်း။

သာဓု၊ သာဓု၊ သာဓု။

မောင်စိန်ရေ။ [ဘုရား။] ကမ္ဘာလောကကြီးမှာ သမုဒ္ဒရာကြီး လေးစင်း ရှိတယ်။ ပစိဖိတ်သမုဒ္ဒရာ, အတ္တလန်တိတ်သမုဒ္ဒရာ, အာတိတ်သမုဒ္ဒရာ, အိန္ဒိယ သမုဒ္ဒရာတဲ့။ အဲဒီသမုဒ္ဒရာတွေကို သင်္ဘော လှေ ဖောင် မပါပဲ လက်ပစ်ကူး မယ်ဆိုယင် တဘက်ကမ်းကို ရောက်နိုင်ပါမလား။ [မရောက်နိုင်ပါဘုရား။]

အဲဒီလိုပဲ။ သံသရာကြီးမှာလဲ သမုဒ္ဒရာကြီး လေးစင်း ရှိတယ်။ ဓမ္မဂမ္ဘီရ သမုဒ္ဒရာ, အတ္ထဂမ္ဘီရသမုဒ္ဒရာ, ဒေသနာဂမ္ဘီရသမုဒ္ဒရာ, ပဋိဝေဓဂမ္ဘီရသမုဒ္ဒရာ တဲ့။ ဓမ္မဂမ္ဘီရဆိုတာ အကြောင်းတရား၏နက်နဲမှုကိုခေါ်တယ်။ သင်္ခါရသည် အဝိဇ္ဇာကြောင့်ဖြစ်တာ။ ဝိညာဏ်သည် သင်္ခါရကြောင့် ဖြစ်တာ။ နာမ်ရုပ် သည် ဝိညာဏ်ကြောင့်ဖြစ်တာ။ သဠာယတနသည် နာမ်ရုပ်ကြောင့်ဖြစ်တာ။ ဖဿသည် သဠာယတနကြောင့်ဖြစ်တာ။ ဝေဒနာသည် ဖဿကြောင့် ဖြစ်တာ။ တဏှာသည် ဝေဒနာကြောင့်ဖြစ်တာ။ ဥပါဒါန်သည် တဏှာကြောင့် ဖြစ် တာ။ ဘဝသည် ဥပါဒါန်ကြောင့်ဖြစ်တာ။ ဇာတိသည် ဘဝကြောင့်ဖြစ်တာ။ ဇရာမရဏသည် ဇာတိကြောင့်ဖြစ်ရတာလို့ သင်္ခါရ တရားတို့၏အကြောင်းကို သိဖို့ရာ မခက်ခဲပါလား။ [ခက်ခဲပါတယ်ဘုရား။]

အဲဒီလိုအကြောင်းတရားတို့ နက်နဲသည့်အတွက် သတ္တဝါတွေ လုတာဟာ လုချင်လို့လုတာ၊ အကြောင်းမရှိ အရုပ်ဆိုးချင်လို့ဆိုးတာ၊ အသက်ရှည်ချင် လို့ရှည်တာ၊ တိုချင်လို့တိုတာ၊ အနာကင်းချင်လို့ ကင်းတာ၊ အနာပေါ ချင်လို့ပေါတာ၊ ချမ်းသာချင်လို့ချမ်းသာတာ၊မွဲချင်လို့မွဲတာ၊အကြောင်း မရှိဆိုတဲ့ အဟေတုကဒိဋ္ဌိတွေ ဖြစ်ကြတာပေါ့ မောင်စိန်ရဲ့။[မှန်ပါဘုရား]။ ပြီးတော့ လောကကြီးဟာ တန်ခိုးကြီးသော နတ်ပြဟ္မာဖန်ဆင်းလို့ ဖြစ်တာ၊ ထာဝရဘုရား ဖန်ဆင်းလို့ ဖြစ်တာဆိုတဲ့ ဣဿရ နိမ္မာနဒိဋ္ဌိ ဖြစ်ကြတာလဲ အကြောင်းတရားနက်နဲလို့ပေါ့ မောင်စိန်ရဲ့။ [မှန်ပါဘုရား။]

အဲဒီလို အဟေတုကဒိဋ္ဌိ, ဣဿရနိမ္မာနဒိဋ္ဌိဖြစ်ယင် ထိုသတ္တဝါဟာ သံသရာ ထဲက ထွက်နိုင်ပါမလား။ [မထွက်နိုင်ပါဘုရား။] အဲဒါဟာ ဓမ္မဂမ္ဘီရသမုဒ္ဒ ရာထဲမှာ မြုပ်သည် မည်တယ်ကွဲ့ မောင်စိန်ရဲ့။ [မှန်ပါဘုရား။] အတ္ထဂမ္ဘီရ ဆိုတာ အကျိုးတရား၏နက်နဲမှုကို ခေါ်တယ်။ အဝိဇ္ဇာဟူသော အကြောင်း

ကြောင့် သင်္ခါရဖြစ်တယ်။ သင်္ခါရကြောင့် ဝိညာဏ်ဖြစ်တယ်။ ဝိညာဏ်ကြောင့် နာမ်ရုပ်ဖြစ်တယ်။ နာမ်ရုပ်ကြောင့်သဠာယတနဖြစ်တယ်။ သဠာယတနကြောင့် ဖဿဖြစ်တယ်။ ဖဿကြောင့် ဝေဒနာဖြစ်တယ်။ ဝေဒနာကြောင့် တဏှာဖြစ်တယ်။ တဏှာကြောင့် ဥပါဒါန်ဖြစ်တယ်။ ဥပါဒါန်ကြောင့် ဘဝဖြစ်တယ်။ ဘဝကြောင့် ဇာတိဖြစ်တယ်။ ဇာတိကြောင့်ဇရာမရဏဖြစ်ရတယ်ဆိုတဲ့ အကျိုး တရားတွေကို သိဖို့ဟာလဲ မခက်ခဲပါလား။ [ခက်ခဲပါတယ်ဘုရား။]

အဲဒီလိုခက်ခဲနက်နဲသည့်အတွက် ကုသိုလ်ကိုလုပ်သော်လဲ ကောင်းကျိုး မခံစားရ။ အကုသိုလ်ကိုလုပ်သော်လဲ မကောင်းကျိုးကိုမခံစားရဘူးဆိုတဲ့ နတ္ထိက ဒိဋ္ဌိဖြစ်တာပေါ့ မောင်စိန်ရဲ့။ [မှန်ပါဘုရား။] အဲဒီလို အကျိုးမရှိဆိုတော့ ကုသိုလ်ကိုလဲ လုပ်စရာမလို၊အကုသိုလ်ကိုလဲ ရှောင်စရာ မလိုဆိုတဲ့ အကြိယာ ဒိဋ္ဌိတွေလဲ ဖြစ်ကုန်တာပေါ့။မန်ကျည်းမျိုးဟာ မန်ကျည်းပင်ပဲပေါက်မှာပဲ။ တမာပင်မဖြစ်နိုင်သလို လူသေယင်လူပဲဖြစ်မှာပဲဆိုတဲ့ဝါဒဟာလဲ ကုသိုလ်ကိုလဲ လုပ်စရာမလို အကုသိုလ်ကိုလဲ ရှောင်စရာမလိုဆိုတဲ့ အကြိယာဒိဋ္ဌိထဲမှာ မသက်ဝင်ပါလား။ [သက်ဝင်ပါတယ်ဘုရား။] အဲဒီ လူသေလူဖြစ်ဝါဒဟာ ဗီဇနိယာမနှင့် ကမ္မနိယာမကို မကွဲလို့ဖြစ်တာကွဲ့။ မန်ကျည်းစေ့က မန်ကျည်းပင်ပေါက်တယ်၊တမာစေ့က တမာပင်ပေါက်တယ်ဆိုတာ ဗီဇနိယာမဖြစ်တယ်။ ကုသိုလ်ကံက ကောင်းကျိုးပေးတယ်၊ အကုသိုလ်ကံက မကောင်းကျိုး ပေးတယ်ဆိုတာ ကမ္မနိယာမကွဲ့ မောင်စိန်ရဲ့။ [မှန်ပါဘုရား။]

ဒီလိုဆိုတော့ မန်ကျည်းပင်ဟာ ကံပင်လား။ [မဟုတ်ပါဘုရား။] လူကျတော့ ကံကောင် မဟုတ်လား။ [ဟုတ်ပါတယ်ဘုရား။] အဲဒီလို မဆီမဆိုင်တာနဲ့ ဥပမာထားပြီး ယူဆလို့လွဲကုန်တာပေါ့မောင်စိန်ရဲ့။ [မှန်ပါဘုရား။] အဲဒီလို နတ္ထိကဒိဋ္ဌိ, အကြိယာဒိဋ္ဌိဖြစ်ယင် ဒီသတ္တဝါတွေဟာ သံသရာထဲက ထွက်နိုင်ပါမလား။ [မထွက်နိုင်ပါဘုရား။] အဲဒါဟာ အတ္တဂမ္ဘီရ သမုဒ္ဒရာထဲမှာ မြုပ်တာပဲကွဲ့ မောင်စိန်ရဲ့။ [မှန်ပါဘုရား။]

ဒေသနာဂမ္ဘီရဆိုတာ တရားဟောပုံ၏နက်နဲခြင်းကိုခေါ်တယ်။ ဒေသနာ ညာဏ်ဆိုတာ သဗ္ဗညုတညာဏ်၏ အရာတွေပဲ။ ဒါကြောင့် ပစ္စေကဗုဒ္ဓါတို့ဟာ တရားမဟောတတ်တာပေါ့။ယခုကာလ ဓမ္မကထိကတွေ တရားဟောကြတယ်ဆိုတာ မြတ်စွာဘုရား၏ဒေသနာကိုအတုခိုးပြီး ဟောနေကြရတာ ဖြစ်တယ်။ ဒါပေမယ့် မြတ်စွာဘုရား သဘောကျအောင်ဟောနိုင်တဲ့ ဓမ္မကထိကဟာ ဗမာပြည်မှာ အရှားကြီးပါကွာ။

ရဟန်းတပါးက မြတ်စွာဘုရားကိုလျှောက်ထားတယ်။ ဘယ်လိုပုဂ္ဂိုလ်ကို ဓမ္မကထိက ခေါ်ပါသလဲဘုရားတဲ့။ ဒီတော့ မြတ်စွာဘုရားက အဘိဓမ္မာကို တတ်ကျွမ်းသူကို ဓမ္မကထိကခေါ်တယ်လို့ မိန့်တော်မူတယ်။ ရှင်းရှင်းနှင့်တဲ့တဲ့ ပြောရလျှင် ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယောတို့၏ သဘောသဘာဝကို မိမိလဲသိ သူတပါးကိုလဲသိအောင် ပြောနိုင်သူမှ ဓမ္မကထိကလို့ ခေါ်တယ်။ ယခုကာလ ဗမာပြည်ကလူတွေကတော့ အသံကောင်းကောင်းနှင့် စည်းကျ ဝါးကျ မင်းသားလေနှင့် ဟောယင် ဓမ္မကထိကကောင်းလို့ ထင်နေကြတယ်။ ဒါကြောင့် ဗမာပြည်မှာ အရိယာရှားတာပေါ့။ လူတွေက မင်းသား ဓမ္မကထိကကိုသာ အားပေးအားမြှောက်ပြုနေတော့ သူတို့က နေရာကျယ်ပြီး ဘုရားအလိုကျ ဓမ္မကထိကတွေမှာ နေရာကျဉ်းကုန်ရော့။ ဒီတော့ အရိယာတွေ ရှားကုန်တာပေါ့ကွဲ့ မောင်စိန်ရဲ့။ [မှန်ပါဘုရား။]

ဘုရားအလိုကျ ဓမ္မကထိက၏တရားကို မနာရပဲနဲ့လဲ သောတာပန် မတည်ဘူး။ ဘာကြောင့်လဲဆိုတော့ သောတာပန်အင်္ဂါလေးပါးထဲမှာ ''သပ္ပုရိသသံသေဝ—သစ္စာလေးပါးကိုဟောနိုင်သူကိုမှီဝဲ၊ သဒ္ဓမ္မသဝန- ထိုသူ၏တရားကို နာ''လို့ပါတယ်။ သစ္စာလေးပါးကို ဟောနိုင်သူဆိုတဲ့နေရာမှာလဲ စာသစ္စာ လေးပါးကိုတော့ စာရယင် လူတိုင်းဟောတတ်တာပေါ့။ သဘာဝသစ္စာကို ကိုယ်တိုင်မြင်ပြီး ဟောနိုင်သူမှသာ သပ္ပုရိသဖြစ်တာကွဲ့မောင်စိန်ရဲ့။ [မှန်ပါဘုရား။[

သပ္ပုရိသက ရှားတော့ သဒ္ဓမ္မသဝနဆိုတဲ့ အင်္ဂါနှင့်ပြည့်စုံဖို့ကလဲ ခဲယဉ်းတယ်။ အဲဒီလို ခဲယဉ်းသည့်အတွက် သတ္တဝါတွေဟာ တရားမရနိုင်ပဲ သံသရာထဲမှာ တဝဲလည်လည် ဖြစ်ကုန်တာပေါ့။ အဲဒါဟာ ဒေသနာ ဂမ္ဘီရ ဆိုတဲ့ သမုဒ္ဒရာထဲမှာ မြုပ်ခြင်းပဲ မောင်စိန်ရဲ့။ [မှန်ပါဘုရား။]

ပဋိဝေဓဂမ္ဘီရဆိုတာ သဘာဝတရား၏ နက်နဲမှုကို ခေါ်တယ်။ ပရမတ်၏ သဘောဆိုတာ အလွန်နက်နဲတယ်။ မျက်စိနှင့်ကြည့်လို့လဲ မရ။ မှန်ဘီလူးနှင့် ကြည့်လို့လဲမရ။ နတ်မျက်စိနှင့်ကြည့်လို့လဲ မမြင်။ အဘိညာဉ်တန်ခိုးနှင့်ကြည့်လို့လဲ မသိနိုင်။ အဲဒီလောက် နက်နဲတယ်။ ဒါကြောင့် မြတ်စွာဘုရားဟာ ဘုရားဖြစ်ခါစက ''အော်.... ငါသိတဲ့ တရားက မြင့်မိုရ်တောင်နှင့် ဖိထားတဲ့ မုန်ညင်းစေ့လိုသိမ်မွေ့တယ်၊ သတ္တဝါတို့၏သန္တာန်မှာတော့ လောဘမီးတွေက တပြောင်ပြောင်၊ ဒေါသမီးတွေက တပြောင်ပြောင်၊ မောဟမီးတွေက တပြောင်ပြောင် တောက်လောင်ပြီးနေတယ်။ ငါဘုရား၏ တရားကို မသိ

နိုင်ဘူး။ ငါဘုရားဟောသော်လဲ မောရုံသာရှိမယ်။သို့အတွက် တရားမဟော တော့ပါဘူး''လို့တောင် စိတ်တော်ကို လျှော့တော်မူတာပဲ မောင်စိန်ရဲ့။ [မှန်ပါဘုရား။]

ပထဝီသဘာဝပေါင်း သိန်းသန်းကုဋေမရေနိုင်အောင်ပေါင်းစုလို့သမူဟ ဖြစ်မှ ဃနအခဲဖြစ်တယ်။ ဃနအခဲဖြစ်မှ သဏ္ဍာန်ပေါ်တယ်။ သဏ္ဍာန်ပေါ်မှ ဘာဘာညာညာ ပညတ်ပေါ်တယ်။ အဲဒီတော့ သဘာဝတရားကို သမူဟ ပညတ်, ဃနပညတ်, သဏ္ဍာနပညတ်, ပုဂ္ဂလပညတ် ဆိုတဲ့ ပညတ်လေးထပ် ဖုံးမထားပါလား။ [ဖုံးထားပါတယ်ဘုရား။] အဲဒီလို ပညတ်ဖုံးထားလို့ သဘာဝတရားကို သတ္တဝါတွေ မမြင်နိုင်တော့ဘူး။ မမြင်နိုင်တော့ သတ္တဝါ တို့၏ အသိဉာဏ်ဟာ ပညတ်မှာ သောင်တင်မနေဘူးလား။ [တင်နေပါတယ် ဘုရား။]

အနိစ္စ, ဒုက္ခ, အနတ္တ ဆိုတဲ့လက္ခဏာကလဲ ရုပ်နာမ်ပရမတ်မှာသာ ရှိတယ်။ ပညတ်မှာ မရှိဘူး။ သတ္တဝါတွေကလဲ ပရမတ်ကို မမြင်နိုင်တော့လက္ခဏာကို မြင်နိုင်ပါမလား။ [မမြင်နိုင်ပါဘုရား။] လက္ခဏာကိုမမြင်နိုင်လျှင် ငြီးငွေ့မှု သံဝေဂဉာဏ်ဖြစ်နိုင်ပါမလား။ [မဖြစ်နိုင်ပါဘုရား။] သံဝေဂဉာဏ် မဖြစ် လျှင် သမုဒယသစ္စာ ကင်းပြတ်ပါမလား။[မကင်းပြတ်နိုင်ပါဘုရား။]သမုဒယ သစ္စာမကင်းပြတ်လျှင် ကင်းပြတ်ရာ နိရောဓသစ္စာကို မျက်မှောက် ပြုနိုင်ပါ မလား။ [မပြုနိုင်ပါဘုရား။]

ဘာကြောင့်လဲဆိုတော့ မြတ်စွာဘုရားက ဒီလိုဟောခဲ့တယ်။

သဗ္ဗေ သင်္ခါရာ အနိစ္စာ၊ ယဒါ ပညာယ ပဿတိ။
အထနိဗ္ဗိန္ဒတိ ဒုက္ခေ၊ ဧသ မဂ္ဂေါ ဝိသုဒ္ဓိယာ။

သဗ္ဗေ၊ ခပ်သိမ်းဥဿုံ အလုံးစုံကုန်သော။ သင်္ခါရာ၊ ကံ,စိတ်, ဥ,ဟာ ကြောင်းလေးဖြာတို့ ပြုပြင်ပါမှ ဖြစ်ပေါ်ရသည့် သင်္ခါရဝတ္ထု အစုစုတို့သည်။ အနိစ္စာ၊ မမြဲကြလေကုန်။ ယဒါ၊ အကြင်အခါကာလ သမယ၌။ ပညာယ၊ ဝိပဿနာ ဉာဏ်ပညာဖြင့်။ ပဿတိ၊ သဘောအနိစ္စာ မမြဲတာကို ကောင်း စွာပိုင်ပိုင် သိမြင်နိုင်၏။ တဒါ၊ ထိုခါကာလ သမယ၌။ ဒုက္ခေ၊ သင်္ခါရဒုက္ခ ဖြစ်သော ခန္ဓာငါးပါး၌။ နိဗ္ဗိန္ဒတိ၊ ငြီးငွေ့လေ၏။ ဧသ ဧသော၊ ထိုငြီးငွေ့ သော သံဝေဂဉာဏ်သာလျှင်။ ဝိသုဒ္ဓိယာ၊ အအေးဆုံးမှန်တဲ့ ပြည်နိဗ္ဗာန်၏။ မဂ္ဂေါ၊ ကောင်းစွာရောက်ကြောင်း လမ်းကောင်းအကျော် လမ်းမတော်ကြီး သာလျှင်တည်း။

သာဓု၊ သာဓု၊ သာဓု။

အဲဒီလိုဟောခဲ့တာ။ ဒီတော့ သတ္တဝါတွေဟာ ပရမတ်တရားက သိမ်မွေ့၍ မမြင်နိုင်။ ပရမတ်ကို မမြင်တော့ လက္ခဏာကို မမြင်။ လက္ခဏာကို မမြင်တော့ သံဝေဂဉာဏ် မဖြစ်။ သံဝေဂ မဖြစ်တော့ သမုဒယသစ္စာ မပြတ်။ သမုဒယ မပြတ်တော့ နိရောဓသစ္စာ နိဗ္ဗာန်ကိုမရနိုင်ပဲ သံသရာထဲမှာ ချာချာလည်ပြီး ကုန်တော့တာပေါ့ကွဲ့ မောင်စိန်ရဲ့။ [မှန်ပါဘုရား။]

ပြီးတော့ ပရမတ်ကိုမမြင်တော့ လက္ခဏာကို မမြင်ဘူး။ လက္ခဏာကိုမမြင်တော့ အတ္တဒိဋ္ဌိ အစွဲငြိတယ်။ အဲဒီအတ္တဒိဋ္ဌိ မိုးကရွာတော့ မိမိသဏ္ဍာန်မှာရှိတဲ့ အကုသိုလ် မျိုးစေ့တွေက ငရဲ, တိရစ္ဆာန်, ပြိတ္တာ, အသုရကာယ်ဟု ဆိုအပ်သော အပါယ်လေးပါး ခန္ဓာအပင် ပေါက်တယ်။ အပါယ်ကောင်ဆိုတော့ ကုသိုလ်မှန်း အကုသိုလ်မှန်း မသိဘူး။ မသိတော့ တဘဝလုံး အကုသိုလ်နှင့် အချိန်ကုန်တယ်။ အကုသိုလ်နှင့် အချိန်ကုန်တော့ သေခါနီးကျယင် အကုသိုလ်ကိုသတိရပြီး သေရပြန်တယ်။ အကုသိုလ်ကိုသတိရပြီး သေတော့ အပါယ်လေးပါးမှာပဲ ဖြစ်ရပြန်တယ်။ အပါယ်လေးပါးက မတက်နိုင်ဘူး။

ဒါကြောင့် မြတ်စွာဘုရားက ကာဏကစ္ဆပဥပမာသုတ်ကို ဟောတော်မူတယ်။ တောင်သမုဒ္ဒရာမှာ ကျွဲတံပိုးတချောင်း မျောနေတယ်။ မြောက်သမုဒ္ဒရာမှာ တံပိုးကျည်းတချောင်းမျောနေတယ်။ ၎င်း ၂ခုဟာ လေကြောင့် တနေရာရာမှာ ဆုံတွေ့ပြီး တံပိုးပေါက်ထဲသို့ တံပိုးကျည်း လျှိုနိုင်ဖို့အရေးထက် အပါယ်လေးပါးသို့ ကျသောသတ္တဝါသည် လူ့ဘုံသို့ ပြန်တက်ဖို့ ခက်တယ်တဲ့။ အဲဒီလို ပရမတ်သဘာဝကို မမြင်သည့်အတွက် သံသရာထဲက မထွက်ပဲ မျောနေရတာဟာ ပဋိဝေဓဂမ္ဘီရ သမုဒ္ဒရာထဲမှာ မျောနေသည် မည်တယ် မောင်စိန်ရဲ့။ [မှန်ပါဘုရား။]

ယခုကမ္ဘာလောကကြီးမှာ ရှိကြတဲ့ သမုဒ္ဒရာလေးစင်းကို လက်ပစ်ကူး၍ တဖက်ကမ်းသို့ မရောက်နိုင်သော်လဲ လှေနှင့် သင်္ဘောနှင့်ကူးယင် အလွန်တရာဝေးလံတဲ့ အင်္ဂလန်ပြည်မှ ဗမာပြည်ကို မပင်မပန်း ချမ်းချမ်းသာသာ ရောက်မလာနိုင်ဘူးလား။ [ရောက်နိုင်ပါတယ်ဘုရား။] အဲဒီလိုပဲ။ သဘာဝသမုဒ္ဒရာကြီးလေးစင်းဟာလဲ ကိုယ့်သဘောနှင့်ကိုယ် ကူးယင်သာ မရောက် နိုင်တာပါ။ ဘုရားဟောဖြစ်တဲ့ မဂ္ဂင်လှေသင်္ဘောဖြင့်ကူးယင် မပင်မပန်း ချမ်းချမ်းသာသာနှင့် နိဗ္ဗာန်ကို ရောက်နိုင်ပါတယ် မောင်စိန်ရဲ့။ [မှန်ပါဘုရား။]

ကဲ—ဒီတော့ မဂ္ဂင်သင်္ဘောကြီး စပ်ကြစို့။ မဂ္ဂင်ဆိုတာ သမ္မာဒိဋ္ဌိ, သမ္မာသင်္ကပ္ပ, သမ္မာဝါစာ, သမ္မာကမ္မန္တ, သမ္မာအာဇီဝ, သမ္မာဝါယာမ, သမ္မာသတိ, သမ္မာသမာဓိ ဖြစ်တယ်။ သမ္မာဒိဋ္ဌိ ဆိုတာက သဘောတရားအမှန်ကို

သိတာ။ သမ္မာသင်္ကပ္ပဆိုတာက သဘောအမှန်ကို သိအောင်ကြံတာ။ သမ္မာဝါစာ, သမ္မာကမ္မန္တ, သမ္မာအာဇီဝ ဆိုတာက ဝိရတီစေတသိက် ဖြစ်ခြင်းကြောင့် သမ္မာသင်္ကပ္ပမဂ္ဂင်ဖြင့် ကြံတုန်းကြံဆဲမှာ ကာယကံ, ဝစီကံကို ရှောင်ကြဉ်မှုဖြစ်တာကို ခေါ်တယ်။ သူ့ကို တမျိုးအလုပ်လုပ် မနေရဘူး။ မုန့်လုံးရေပေါ်ကို ဝယ်လိုက်ယင် အထဲက ထန်းလျက်ကို တမျိုးအဖိုးမပေးရ သလိုပဲ။ သမ္မာဝါယာမ ဆိုတာက သမ္မာသင်္ကပ္ပမဂ္ဂင်ဖြင့် ကြံဆင်ခြင်မှုကို မလျှော့အောင် အားပေးမှုကို ခေါ်တယ်။ သမ္မာသတိ ဆိုတာက သမ္မာသင်္ကပ္ပမဂ္ဂင်ဖြင့် ကြံဆင်ခြင်တဲ့အခါ ထိုအာရုံကို အမှတ်ရနေမှုပဲ။ သမ္မာသမာဓိ ဆိုတာက သမ္မာသင်္ကပ္ပမဂ္ဂင်ဖြင့် ကြံဆင်ခြင်တဲ့အခါ ထိုအာရုံမှာ တည်ကြည်ပြီး နေမှုပဲ။

အဲဒီတော့ မဂ္ဂင်ရှစ်ပါးမှာ သမ္မာသင်္ကပ္ပ မဂ္ဂင်ဟာ အခရာပဲ။ ဘာနှင့်တူသလဲဆိုတော့ နာရီတခုမှာ ခွေးသွားစိပ် ၇ ခုရှိတယ် ဆိုကြပါစို့။ ၎င်းနာရီမှာ သံပတ်ကိုသာ သော့ပေးထားပါ။ ခွေးသွားစိပ် ၇ ခုဟာ သူ့အပတ်ကိုယ့်အပတ် လည်နေကြတာပဲ။ ကြီးတဲ့ ခွေးသွားစိပ်က ဖြေးဖြေး လည်၍ ငယ်တဲ့ ခွေးသွားစိပ်က မြန်မြန်လည်တာပဲ ရှိပါတယ်။ ခွေးသွားစိပ် တခုစီကို လှည့်ပြီးနေစရာမလိုသလို၊ ထို့အတူ မဂ္ဂင်ရှစ်ပါးမှာလဲ သမ္မာသင်္ကပ္ပမဂ္ဂင်တခုကိုပွားလိုက်ယင် ကျန်မဂ္ဂင် ၇ ပါးဟာလဲ သူ့ကိစ္စငါ့ကိစ္စကို အလုပ်လုပ်ပြီးသား ဖြစ်နေပါတယ်။ ဒါကြောင့် သမ္မာသင်္ကပ္ပမဂ္ဂင်ဟာ အခရာဖြစ်တယ်။ ဒါကြောင့် သမ္မာသင်္ကပ္ပမဂ္ဂင်ဖြင့် ဆင်ခြင်ပြီး ကောင်းစွာနာရမယ် မောင်စိန်ရဲ့။ [မှန်ပါဘုရား။]

ပုန စ ပရံ ဘိက္ခဝေ ဘိက္ခု ဣမမေဝ ကာယံ ယထာဌိတံ
ယထာပဏိဟိတံ ဓာတု သော ပစ္စဝေက္ခတိ။

"ချစ်သားတို့၊ ရဟန်းသည် တည်မြဲတိုင်းသော, ဆောက်တည်မြဲတိုင်းသော, ဤကိုယ်ကောင်ကို ဓာတ်အားဖြင့် ဆင်ခြင်တယ်" တဲ့။ ဘယ်လိုဆင်ခြင်သလဲဆိုတော့— အတ္ထိ ဣမသ္မိံ ကာယေ ပထဝီဓာတု, အာပေါဓာတု, တေဇောဓာတု, ဝါယောဓာတုတိ။ "ဤ ကိုယ်ကောင်၌ ပထဝီခက်မာမှု နည့်မှု, အာပေါဖွဲ့စည်းမှု ယိုစီးမှု, တေဇော ပူမှုအေးမှု, ဝါယော ထောက်ကန်မှုလှုပ်ရှားမှုဆိုတဲ့ ဓာတ်ကြီးလေးပါးသာ ရှိပါကလားလို့ ဆင်ခြင်တယ်" တဲ့။ [မှန်ပါဘုရား။]

မောင်စိန်ရေ။ [ဘုရား။] မင်း ကိုယ်ကောင်ကို လက်မကလေးနဲ့ဦးခေါင်းကစပြီး ခြေမအထိ နှိပ်ကြည့်စမ်းပါ။ ဘာသဘောကိုတွေ့ရသလဲ။ [အချို့နေရာမှာ မာသဘော၊ အချို့နေရာမှာ နူသဘောကို တွေ့ရပါတယ်ဘုရား။]

အအေးနှင့်တွေ့တဲ့အခါ ချွေးတွေပိတ်ပြီး ဖွဲ့စည်းသဘော၊ အပူနှင့်တွေ့တဲ့အခါ ချွေယိုစီးတဲ့ သဘောကိုကော မတွေ့ရပါလား။ [တွေ့ရပါတယ်ဘုရား။] ကိုယ်ကာယကြီးဟာ ရံခါပူပြီး ရံခါမအေးလား။[မှန်ပါ၊ရံခါပူပြီး ရံခါလဲ အေးပါတယ်ဘုရား။] အင်း—သွားပြီးမှ အေးမှာ၊ သွားဦးမှလို့ စိတ်ကို ဗျာပါရစိုက်လိုက်ယင် တရွရွနှင့် ထသွားမှုဖြစ်မလာလား။ [ဖြစ်လာပါတယ်ဘုရား။] သွား၍ လိုရာစခန်းရောက်တော့ အခုမှ အေးတော့ တာပဲ ဆိုတဲ့ ဗျာပါရငြိမ်းတဲ့ စိတ်ကလေး ဖြစ်လာယင် ငုတ်တုတ်ကြီး ထိုင်နေတဲ့ ထောက်ကန်ဝါယောတွေ ဖြစ်မလာလား။ [ဖြစ်လာပါတယ်ဘုရား။] အဲဒီလို ကိုယ်ကာယမှာရှိတဲ့ ဓာတ်ကြီးလေးပါးကို မြင်အောင်ဆင်ခြင်ရမယ်တဲ့ မောင်စိန်ရဲ့။ [မှန်ပါဘုရား။]

သေယျထာ ပိ ဘိက္ခဝေ ဒက္ခော ဂေါဃာတကော ဝါ ဂေါဃာတကန္တေဝါ သိ ဝါ ဂါဝိံ ဝဓိတွာ စတုမဟာပထေ ဗိလသော ဝိဘဇိတွာ နိသိန္နောအဿ။

''ချစ်သားတို့၊ ဥပမာပြောရယင် နွားသတ်အရာ၌ လိမ်မာသော နွားသတ်သမားသည် လည်းကောင်း၊ နွားသတ်သမား၏ တပည့်သည် လည်းကောင်း နွားမကို သတ်ပြီး လမ်းဆုံ လမ်းမ လမ်းလေးခွမှာ အရေကိုတပုံ အသားကို တပုံ အရိုးကို တပုံ အူ အသဲ ဟု ဆိုအပ်သော ဝမ်းတွင်း သားကို တပုံ လေးပုံပုံပြီး ထိုင်နေတယ်တဲ့။ အဲဒီအခါ လာသမျှ လူအပေါင်းကို မေး။ ဒါတွေဟာ ဘာတွေလဲလို့ မေးယင် လူတွေက ဘယ့်နှယ် ပြောမလဲ။ [ဤကား အရေ၊ ဤကား အသား၊ ဤကား အရိုး၊ ဤကား ဝမ်းတွင်းသားလို့ ပြောမှာပါဘုရား။]

ဒါတွေဟာ နွားမ ပါလို့ ပြောမည့်သူ ရှိပါမလား။ [မရှိပါ၊ နွားမမှန်း နွားထီးမှန်းတောင် မသိနိုင်တော့ပါ။] ထိုအခါ နွားမ သညာ ပျောက်ပြီး အရေ အသား အရိုး အအူ ဆိုတဲ့ သညာမှာသာ စိတ်ဖြစ်သလို။

ဧဝမေဝ ခေါ ဘိက္ခဝေ ဘိက္ခု ဣမမေဝ ကာယံ ယထာဌိတံ ယထာ ပဏိဟိတံ ဓာတု သော ပစ္စဝေက္ခတိ အတ္ထိဣမသ္မိံ ကာယေ ပထဝီဓာတု အာပေါဓာတု တေဇောဓာတု ဝါယောဓာတူတိ။

''ထို့အတူ ဤကိုယ်ကောင်၌ ပထဝီဓာတ်, အာပေါဓာတ်, တေဇော ဓာတ်, ဝါယောဓာတ်သာ ရှိတယ်။ လူမရှိ နတ်မရှိ ဗြဟ္မာမရှိ ယောကျ်ား မရှိ မိန်းမ မရှိ အသက်မရှိ လိပ်ပြာမရှိ'' ဟု ရှုရမယ်တဲ့ မောင်စိန်ရဲ့။ [မှန်ပါဘုရား။]

ဣတိ အဇ္ဈတ္တံ ဝါ ကာယေ ကာယနုပဿီ ဝိဟရတိ ဗဟိဒ္ဓါ ဝါ ကာယေကာယနုပဿီ ဝိဟရတိ အဇ္ဈတ္တ ဗဟိဒ္ဓါ ဝါ ကာယေကာယနုပဿီ ဝိဟရတိ။

"ဤကဲ့သို့ မိမိ၏ သန္တာန်မှာလဲ ခေတ်ကြီး လေးပါးသာ ရှိတယ်။ သူတပါးသန္တာန်မှာလဲ ခေတ်ကြီးလေးပါးသာရှိတယ်။ မိမိသူတပါးသန္တာန် မှာလဲ ခေတ်ကြီး လေးပါးသာ ရှိတယ်။ ခေတ်ကြီး လေးပါးက လွဲ၍ ပုဂ္ဂိုလ် သတ္တဝါ ငါ သူတပါး ယောကျ်ား မိန်းမ အသက် လိပ်ပြာ မရှိ" လို့ ဆင်ခြင် ရမယ်တဲ့ မောင်စိန်ရဲ့။ [မှန်ပါဘုရား။]

ဒီအခန်းဟာ ပညတ် ပရမတ် ခွဲတဲ့ အခန်း ဖြစ်တယ်။ ဒီလို ပညတ်အစွဲကို လွန်မြောက်၍ ပရမတ်ဉာဏ် ခေတ်ဉာဏ် ပေါက်လာတဲ့အခါ တဆင့်တက်ပြီး ဆင်ခြင်ရမယ်။ ဘယ်လို ဆင်ခြင်ရမလဲဆိုတော့....

သမုဒယဓမ္မာ နုပဿီ ကာယသ္မိံ ဝိဟရတိ ဝယဓမ္မာ နုပဿီကာယသ္မိံ ဝိဟရတိ သမုဒယဝယဓမ္မာ နုပဿီ ကာယသ္မိံ ဝိဟရတိ။

"ဒီခေတ်ကြီးလေးပါးဟာ တကယ်ရှိ တရားတော့ မှန်တယ်၊ သို့သော်လဲ နိစ္စအနေနဲ့ ရှိတာလား၊ အနိစ္စအနေနဲ့ ရှိတာလား၊ ဒုက္ခအနေနဲ့ ရှိတာလား၊ သုခအနေနဲ့ ရှိတာလား၊ အတ္တအနေနဲ့ ရှိတာလား၊ အနတ္တအနေနဲ့ ရှိတာလား ဆိုတာ ဆင်ခြင်ရမယ် မောင်စိန်ရဲ့။ [မှန်ပါဘုရား။]

မောင်စိန်ရေ၊ ပကတိမြေကြီးဟာ နေပူယင် မာပြီး မိုးရွာယင် ပျော့ သွားတာ မြင်ရဲ့လား။ [မှန်ပါ၊ မြင်ပါတယ် ဘုရား။] ဒီလိုဆိုတော့ မာတာ ဟာ ကိုယ့်ဘာသာ မာတာလား၊ နေပူလို့ မာတာလား။ [နေ၏ အပူခေတ် ကြောင့် မာတာပါ ဘုရား။] ပျော့တာကော ကိုယ့်ဘာသာ ပျော့တာလား၊ မိုးရွာလို့ ပျော့တာလား။ [မိုးရွာလို့ ပျော့တာပါ ဘုရား။] ဒီလိုဆိုတော့ ပထဝီခေတ်သည် မိမိဘာသာ မမာနိုင်၊ မနူးနိုင်။ တေဇောက မာအောင် လုပ်ယင် မာ၍၊ နူးအောင်လုပ်ယင် နူးရသည့်အတွက် အတ္တလို့ ဆိုနိုင်ပါ မလား။ [မဆိုနိုင်ပါ ဘုရား။] အတ္တမဟုတ်ယင် အနတ္တပေါ့ မောင်စိန်ရဲ့။ [မှန်ပါ၊ အနတ္တပါ ဘုရား။]

ဆောင်းအခါ ချွေးတွေပိတ်ပြီး ဖွဲ့စည်းအာပေါဖြစ်၍ နွေအခါ ချွေးတွေ ယိုပြီး ယိုစီး အာပေါ ဖြစ်တာကို မင်း တွေ့ရဲ့လား။ [တွေ့ပါတယ် ဘုရား။] ဒီလိုဆိုတော့ ဖွဲ့စည်း ယိုစီး ၂ပါးဟာ မိမိတို့ဘာသာ မဖွဲ့နိုင် မယိုနိုင်ပါပဲ

အအေး အပူက ဖွဲ့အောင် လုပ်ယင် ဖွဲ့၍ ယိုစီးအောင် လုပ်ယင် ယိုစီးတာပေါ့ မောင်စိန်ရဲ့။ [မှန်ပါဘုရား။] ဒီလိုဆိုယင် အတ္တ ခေါ်မလား၊ အနတ္တ ခေါ် မလား။ [အနတ္တခေါ်မှာပေါ့ ဘုရား။]

ဝါယောကို ပြောကြဦးစို့။ အပြင်လောကမှာ နွေရာသီကျတော့ လေ မထန်ဘူးလား။ [ထန်ပါတယ် ဘုရား။] ဆောင်းရာသီကျတော့ လေ မငြိမ် ဘူးလား။ [ငြိမ်ပါတယ် ဘုရား။] အပူဟာ လှုပ်ရှားဝါယောကို ဖြစ်စေတာ အအေးဟာ ထောက်ကန် ဝါယောကို ဖြစ်စေတာ မထင်ရှားပါလား။ [ထင်ရှားပါတယ် ဘုရား။] ဒီလိုပဲ ခန္ဓာကိုယ်မှာလဲ မသွားယင် ရောက်မှာ မဟုတ်ဘူး၊ သွားဦးမှ ဆိုတဲ့ ကြောင့်ကြ ဗျာပါရ စိတ်ပူကလေး ဖြစ်လာယင် တရွရွနှင့် လှုပ်ရှား ဝါယောတွေ ဖြစ်မလာလား။ [ဖြစ်လာပါတယ် ဘုရား။] သွားရတာ ညောင်းတော့ “နားပါဦးမလေ” ဆိုတဲ့ စိတ်အေးကလေး ဖြစ် လာယင် မတုန်မလှုပ်ထိုင်နေမှု ထောက်ကန် ဝါယော ဖြစ်မလာဘူးလား။ [လာပါတယ် ဘုရား။] ဒီလိုဆိုတော့ အပူ အအေး မထောက်ပံ့ပါပဲ မိမိ ဘာသာ လှုပ်ရှားနိုင် ထောက်ကန်နိုင်ရဲ့လား။ [မိမိဘာသာ မဖြစ်နိုင်ပါ ဘုရား၊ အကြောင်း ထောက်ပံ့မှ ဖြစ်နိုင်ကြတာပါ။] ဒီလိုဆိုယင် ဒီဝါယောကို အတ္တခေါ်မလား၊ အနတ္တခေါ်မလား။ [အနတ္တခေါ်ရမှာပါ ဘုရား။]

တေဇောဓာတ်ကို ပြောကြဦးစို့။ တေဇောဟာ မီးပဲ။ ထင်းမရှိတဲ့ ကောင်းကင်ကို မီးရှို့လို့ လောင်ပါမလား။ [မလောင်ပါ ဘုရား။]

ဘာကြောင့် မလောင်သလဲဆိုတော့ အကြောင်းဖြစ်သော ထင်းမရှိလို့ ပေါ့။ ထို့အတူ ဒီခန္ဓာကိုယ်မှာလဲ ပထဝီ၊ အာပေါ၊ ဝါယော ဆိုတဲ့ ထင်း မရှိယင် သူလဲ မဖြစ်နိုင်ပါဘူး။ ဒီဓာတ်ကြီး လေးပါးဟာ ဘာနဲ့ တူသလဲ ဆိုတော့ ဝါးခြမ်းပြားတချောင်းတည်း မြေပြင်မှာ ထောင်ထားတော့ မရ ဘူး။ ဝါးခြမ်း ၄ ချောင်းကို ခေါင်းချင်းဆိုင်ပြီး ခြေကို ကားထားယင် ထားလို့ ရသလို ဒီဓာတ်ကြီးလေးပါးဟာလဲ တခုတည်းမဖြစ်နိုင်ဘူး။ တခုနှင့် တခု ကျေးဇူးပြုပြီး ဖြစ်ရယင် ဖြစ်နိုင်တယ်။ အဲဒါကို သဟဇာတပစ္စည်း၊ အညမညပစ္စည်း ခေါ်တာပေါ့။ အဲဒီလို မိမိဘာသာ မဖြစ်နိုင်၊ အကြောင်း ထောက်ပံ့မှ ဖြစ်နိုင်သည့်အတွက် အနတ္တ လို့ ခေါ်တယ် မောင်စိန်ရဲ့။ [မှန်ပါဘုရား။] အကြောင်း မထောက်ပံ့မီက မရှိသေး၊ ထောက်ပံ့မှ ဖြစ် လာတာဆိုတော့ ရေနံဆီကြောင့် တောက်တဲ့မီး ရေနံဆီကုန်ယင် ငြိမ်းရသလို အကြောင်းငြိမ်းယင် သူလဲ ငြိမ်းရမှာပဲကွဲ့ မောင်စိန်ရဲ့။ [မှန်ပါ၊ အကြောင်း

ငြိမ်းယင် သူလဲ ငြိမ်းမှာပါ ဘုရား။] ဒီလိုဆိုယင် ဒီခေတ်ကြီး လေးပါးဟာ ခဏရှိပေါ့ကွဲ့။ [မှန်ပါ၊ ခဏရှိပါ ဘုရား။] အဲဒီလို အမြဲရှိမဟုတ် ခဏရှိမို့ အနိစ္စလို့ ဟောတော်မူတာပေါ့။ [မှန်ပါဘုရား။]

ဖြစ်ပြီးလျှင် ပျက်စီးသွားတယ်ဆိုတာ ဝိပရိဏာမ မည်သော ဒုက္ခသစ္စာ ဖြစ်တယ်။ အဲဒီလို အနိစ္စ, ဒုက္ခ, အနတ္တကို မြင်အောင် ဆင်ခြင်နေတာကို သမုဒယဓမ္မာ နုပဿီကာယသ္မိံ ဝိဟရတိ ဝယဓမ္မာနုပဿီကာယသ္မိံ ဝိဟရတိလို့ ခေါ်တယ် မောင်စိန်ရဲ့။ [မှန်ပါဘုရား။] အဲဒီလို ခေတ်ကြီး လေးပါးမှာ လက္ခဏာသုံးပါးကို မြင်တော့ ငြီးငွေ့တဲ့ သံဝေဂဉာဏ် ပေါ်လာတယ်။ အဲဒီ သံဝေဂဉာဏ်ဟာ ရင့်တဲ့အခါ သမုဒယသစ္စာ ပြတ်တော့တယ်။ ပြတ်ယင် ပြတ်ရာ နိရောဓ သစ္စာကို မျက်မှောက် ပြုရ တော့တယ်။ မျက်မှောက် ပြုတဲ့ ဉာဏ်ဟာ မဂ္ဂသစ္စာပဲ။ ကဲ—သစ္စာ လေးပါး မစုံသေး ဘူးလား။ [စုံပါပြီ ဘုရား။]

အဲဒါကြောင့် ခေတ်ကြီးလေးပါး၏ ဖောက်ပြန်မှု ဝိပရိဏာမဒုက္ခသစ္စာကို မြင်၍ သမုဒယသစ္စာ ကင်းပြတ်က၊ ပြတ်ရာ နိရောဓသစ္စာကို မဂ္ဂသစ္စာဖြင့် မျက်မှောက်ပြုနိုင်ကြပါစေကုန်သတည်း။

သာဓု၊ သာဓု၊ သာဓု။

"မဂ္ဂင်ရှစ်ဖြာ လျှောက်တရားတော်" ပြီး၏။

# "ဖြိုးစီးအောင်မြင် မာရ်ငါးအင်"

ဗောဓိမူလေ ပလ္လင်္ကမှိ၊ မာရံ သသေနအာဝုဓံ။
ဂဟေတွာ ပါရမီ ခဂ္ဂံ၊ ယော ဇိနာတိ ဇယုဿဝေ၊။
သဗ္ဗေ ဝေရီ ပဟန္တွာန၊ သော ဝေါ ဒေတု ဇယံ ဝရံ။

ဇယုဿ ဝေါ၊ လောကဓာတ်တိုက်ခရိုင်မှာ ဘယ်သူ့ပွဲပြိုင်ပြိုင် အောင်နိုင်စွာပွဲဖွင့်၍ ရဲရင့်တဲ့ သတ္တိထူးဖြင့် အောင်ပွဲမျိုး ဖြစ်တော်မူထသော။ ယောဇိနော၊ အောင်ပွဲသခင် အကြင်သို့သော ဘုရားရှင်ကိုယ်တော်မြတ်ကြီးသည်။ ဗောဓိမူလေ၊ မြေမျာ ဦးကိုင် မဏ္ဍိုင်သိမိရိ ဗောဓိသစ်မင်း ပင်ခြေရင်း၌။ ပလ္လင်္ကမှိ၊ နဝရတ်ကိုးသွယ် ဖိုးကြွယ်ပြောင်လျှမ်း လောင်ခမန်း လင်းထိန်၍ နဝင်းအိမ်စက်ပန်းတို့ဖြင့် တက်လှမ်း စံနေတော် မူရာ ရတနာအမြုတေ ကျက်သရေ ညွတ်ရှိုး အထွဋ်ဆုံး မှန်လှပေသော ပလ္လင်ဗွေဌာန၌။ နိသိန္နော၊ လေးသစ္စာ ဖူးခိုင်ကို ခူးနိုင်အောင် ခူးမည်ဟု ရည်စူးချက် အဓိဋ္ဌာန်ဖြင့် စိတ်သန်သန်စံနေတော်မူလျက်။ သသေနအာဝုဓံ၊ ဝဲယာ ရှေ့နောက် တောင်ကြီးတွေ ပေါက်သလို ဘယ့်ကလောက်အား ကုဋေပေါင်း ဘယ်လောက် များသည်ဟု တွက်သား မရနိုင်စဖွယ် ကြီးကျယ်ငြိမ့်ငြောင်း စစ်သည် ပေါင်းနှင့် အစောင်း ထက်မြက် လက်နက်အစုံအစုံ မီးကုန် ယမ်းကုန် စွမ်းဟုန်နှင့် တကွ ချီတက်ကာလာထသော။ မာရံ၊ လောကဓာတ် တခွင်လုံးကို သိမ်းကျုံးကာ စိုးပိုင်၍ ငါလက်ကိုင် လုပ်မည်ဟု ယုတ်မာတဲ့ အကြံအားဖြင့် မာရ်ပွားထောင်ထောင် မာရ်နတ်မိုက်အယုတ်ကောင်ကို။ ပါရမီ ခဂ္ဂံ၊ တသိန်းနှင့် လေးသင်္ချေ ဘဝတိုင်း ပျက်မသွေအောင် အထွေထွေဆည်းပူး၍ ဖြည့်ဘူးခဲ့တဲ့ မဟာ

ဝသီ ပါရမီတော်လက်နက် လက်သုံးတော်စိန်သန်လျက်ကို။
ဂဟေတွာ၊ရန်မူဖို့ပြိုင်လာလျှင် အနိုင်သာပိုင်းမည်ဟုရဲတင်းစွာ
စွဲကိုင်ပြီးသော်။ ဇိနာတိ၊ရုတ်ထွင်ဖြတ်ပိုင်း အလိုရှိတိုင်းအောင်
တော်မူခဲ့လေပြီ။ သောဇိနော၊ ဗောဓိပင်ခြေ ပလ္လင်ဗွေမှာ
အသခြေ မာရ်ဂိုဏ်းကို မြန်မဆိုင်းဖျက်ချိုး၍ စက်တန်ခိုးဖွင့်
တော်မူသော ဘုရားရှင် ကိုယ်တော် မြတ်ကြီးသည်။ သဗ္ဗ
ဝေရီ၊ အတွင်းရန်အပြင်ရန် ဘေးဒဏ်အန္တရာယ် ရန်စွယ်ရှိသမျှ
အနိဋ္ဌအလုံးစုံတို့ကို။ ပဟန္တွာန၊ ကိုယ်တော့်တန်ခိုး စွမ်းဟုန်
နှိုး၍ ဖျက်ချိုးပယ်လှန့်၍ နယ်ကန့်တော် မူပြီးသော်။ ဝေါ၊
တရားနာပလ္လင်မှာ အများပင်လာရောက်၍ ဝမ်းမြောက် လှ
စွာ ကြားနာတုံလတ် ပရိသတ်အပေါင်း သူတော်ကောင်းတို့
အား။ ဇယံ၊ ပစ္စုပ္ပန်မှာလဲအောင်, နောင်ခါလဲအနိုင်ရ ဘဝါ
ဘဝမှာ မဟာဇယ ဆိုတဲ့အောင်ပွဲကြီးကို။ ဒေတု၊ ဒုက္ခကင်း
ဝေး ရန်ဘေးမဆိုက် အခေါင်ခိုက်၍ ချမ်းသာသိုက် အရထူး
ရအောင် အထူးသဖြင့် ပေးသနားတော်မူပါ့ အရှင်ဘုရား။

သာဓု၊ သာဓု၊ သာဓု။

မောင်စိန်ရေ။ [ဘုရား။] ဒီနေ့တော့မြတ်စွာဘုရား မာရ်ငါးပါးအောင်တော်မူခန်း ဟောရလိမ့်မယ်ကွဲ့။ [မှန်ပါ၊ ဟောတော်မူပါအရှင်ဘုရား။]

မာရ်ငါးပါးဆိုတာက ဒေဝပုတ္တ မာရ်, ကိလေသ မာရ်, အဘိသင်္ခါရ မာရ်, ခန္ဓမာရ်, မစ္စုမာရ်, အဲဒီငါးခုကို ခေါ်တယ်။ ဒီငါးခုထဲမှာ ဒေဝပုတ္တ မာရ်ကို အရင်ဆုံး အောင်တာမို့ သူ့ကို အရင်ဆုံး ဟောရ လိမ့်မယ်ကွဲ့။ [မှန်ပါဘုရား။]

မာရ်နတ်ကြီးဟာ သိဒ္ဓတ္ထမင်းသား တောထွက် ကတည်းက မျက်ခြည်မပြတ် ကြည့်နေတာကိုး။ မြတ်စွာဘုရားကလဲ ကဆုန်လပြည့်နေ့မှာ ဗောဓိပင်ရင်းက ရွှေပလ္လင်မှာ ထိုင်ပြီး ဆင်ခြင်တယ်။ ဘယ်လို ဆင်ခြင်သလဲဆိုတော့ "အော်....သတ္တဝါတွေ အိုကြ, နာကြ, သေကြရတာ တွေဟာ ဘာကြောင့်ဘာလိမ့်မလဲ" လို့ အကြောင်းကို ဆင်ခြင်တယ်။ အဲဒီလိုဆင်ခြင်တော့ ဇာတိကိုမြင်လာတယ်။ ဇာတိရှိလို့ ဇရာအိုရ၊ ဗျာဓိ နာရ၊ မရဏ သေရတာပါကလား" လို့ ဇာတိပစ္စယာ ဇရာ မရဏံ ဆိုတဲ့ အကြောင်းအကျိုးတစုံကို မြင်လာတယ် မောင်စိန်ရဲ့။ [မှန်ပါဘုရား။]

တဖန်ထပ်ပြီး ဇာတိခေါ်တဲ့ ဘဝအညှောက်ဟာလဲ ဘာကြောင့်ဖြစ်ပါလိမ့်မလဲလို့ အကြောင်းကိုဆင်ခြင်ပြန်တယ်။ ဆင်ခြင် ပြန်တော့ သစ်ပင်များမှာ အညှောက်ဟာ မျိုးစေ့ကဖြစ်သလို ထို့အတူ ဇာတိခေါ်တဲ့ အညှောက်ဟာလဲ ကမ္မဘဝခေါ်တဲ့မျိုးစေ့ကြောင့် ဖြစ်တာပါကလားလို့ ဘဝပစ္စယာ ဇာတိကို မြင်တော်မူတယ်မောင်စိန်ရဲ့။ [မှန်ပါဘုရား။]

တဖန်ကမ္မဘဝခေါ်တဲ့ မျိုးစေ့ဟာလဲ ဘာကြောင့်ဖြစ်ပါလိမ့်မလဲ လို့ ဆင်ခြင်ပြန်တယ်။ ဆင်ခြင်ပြန်တော့ သစ်ပင်များမှာ အသီးရင့်မှ အစေ့ထည့်သလို ထို့အတူ ဥပါဒါန်ခေါ်သော သီးရင့်ကြောင့် ဘဝဆိုတဲ့မျိုးစေ့ဖြစ်တာပါကလားလို့ ဥပါဒါန ပစ္စယာဘဝေါကို မြင်တော်မူပြန်တယ် မောင်စိန်ရဲ့။ [မှန်ပါဘုရား။]

တဖန်ဥပါဒါန်ခေါ်သော သီးရင့်ဟာလဲ ဘာကြောင့် ဖြစ်ပါလိမ့်မလဲလို့ ဆင်ခြင်ပြန်တော့ သီးရင့်ဟာ သီးနုမှဖြစ်ရသလို ထို့အတူ တဏှာခေါ်သော သီးနုကြောင့် ဥပါဒါန်ခေါ်သော သီးရင့်ဖြစ်ရတာပါကလားလို့ တဏှာပစ္စယာ ဥပါဒါန်ကို မြင်တော်မူတယ် မောင်စိန်ရဲ့။ [မှန်ပါဘုရား။] တဖန် တဏှာဆိုတဲ့ သီးနုဟာလဲ ဘာကြောင့် ဖြစ်ပါလိမ့်မလဲလို့ ဆင်ခြင်ပြန်တော့ သီးနုသည် အပွင့်မှဖြစ်သလို ထို့အတူ ဝေဒနာ ခေါ်သော အပွင့်မှ တဏှာခေါ်သော သီးနုဖြစ်ရတာပါကလားလို့ ဝေဒနာပစ္စယာ တဏှာကိုမြင်တော်မူတယ် မောင်စိန်ရဲ့။ [မှန်ပါဘုရား။]

ဝေဒနာခေါ်သောအပွင့်ဟာလဲ ဘာကြောင့် ဖြစ်ပါလိမ့်မလဲလို့ ဆင်ခြင်ပြန်တော့ အဖူးမှအပွင့်ဖြစ်သလို ဖဿ တည်းဟူသော အဖူးမှ ဝေဒနာတည်းဟူသော အပွင့်ဖြစ်တာ ပါကလားလို့ ဖဿပစ္စယာ ဝေဒနာကို မြင်တော်မူတယ်မောင်စိန်ရဲ့။ [မှန်ပါဘုရား]။တဖန် ဖဿဆိုတဲ့ အဖူးဟာလဲ ဘာကြောင့်ဖြစ်တာပါလိမ့်မလဲလို့ ဆင်ခြင်ပြန်တော့အဖူးဆိုတာ အကိုင်းအခက်မှဖြစ်သလို ဖဿ ဆိုတဲ့အဖူးဟာလဲ သဠာယတနဆိုတဲ့ အခက်မှဖြစ်တာပါ ကလားလို့ သဠာယတန ပစ္စယာ ဖဿောကို မြင်တော်မူတယ် မောင်စိန်ရဲ့။[မှန်ပါဘုရား။]

တဖန် သဠာယတနဆိုတဲ့ အကိုင်းအခက်ဟာလဲ ဘာကြောင့် ဖြစ်ပါလိမ့်မလဲလို့ ဆင်ခြင်ပြန်တော့ အကိုင်းအခက်ဆိုတာ နဘက်ကြားက ထွက်ခဲ့သလို ထို့အတူ သဠာယတနဆိုတဲ့ အကိုင်းအခက်ဟာလဲ နာမ်ရုပ်ဆိုတဲ့ နဘက်ကြားမှ ဖြစ်တာပါကလားလို့ နာမရူပ ပစ္စယာ သဠာယတနံကို မြင်တော်မူတယ် မောင်စိန်ရဲ့။ [မှန်ပါဘုရား။] တခါ နာမ်ရုပ်ဆိုတဲ့ နဘက် ၂ခုဟာလဲ ဘာကြောင့်ဖြစ်တာပါလိမ့်မလဲလို့ ဆင်ခြင်ပြန်တော့ နဘက်ဆိုတာ အညှောက်မှ

ဖြစ်သလို ထို့အတူနာမ်ရုပ်ဆိုတဲ့ နဘက်ဟာလဲ ဝိညာဏ်ဆိုတဲ့ အညောက်မှ ဖြစ်တာပါကလားလို့ ဝိညာဏပစ္စယာ နာမရူပံကို မြင်တော်မူတယ်ကွဲ့။ [မှန်ပါဘုရား။]

ဝိညာဏ်ဆိုတဲ့အညောက်ဟာလဲ ဘာကြောင့်ဖြစ်တာ ပါလိမ့်မလဲလို့ဆင်ခြင်ပြန်တော့ အညောက်သည် မျိုးစေ့ကဖြစ်သလို ဝိညာဏ်ဆိုတဲ့ အညောက်ဟာလဲ သင်္ခါရဆိုတဲ့ မျိုးစေ့မှ ဖြစ်တာ ပါကလားလို့ သင်္ခါရ ပစ္စယာ ဝိညာဏ်ကို မြင်တော်မူတယ် မောင်စိန်ရဲ့။ [မှန်ပါဘုရား]။ တဖန် ကုသိုလ် အကုသိုလ်ဆိုတဲ့ မျိုးစေ့တွေဟာ ဘာကြောင့်သင်္ခါရ ဖြစ်တာပါလိမ့်မလဲလို့ ဆင်ခြင်ပြန်တော့ မျိုးစေ့များဟာ မြေနှင့်မတွေ့ရယင် မပေါက်နိုင်၊ မြေနှင့်ထိရမှ ပေါက်နိုင်သလို ထို့အတူ ကုသိုလ်ကံ၊ အကုသိုလ်ကံ မျိုးစေ့တို့ဟာလဲ အဝိဇ္ဇာတည်းဟူသော မြေဓာတ်နှင့်တွေ့ရမှ ဝိညာဏ်ဆိုတဲ့ အညောက်ကို ဖြစ်စေနိုင်တာပါ ကလားလို့ အဝိဇ္ဇာပစ္စယာ သင်္ခါရကို မြင်တော်မူတယ် မောင်စိန်ရဲ့။ [မှန်ပါဘုရား။]

ဘုရား ရဟန္တာတို့မှာ အဝိဇ္ဇာမရှိတော့ သူတို့၏ သန္တာန်မှာရှိတဲ့ ကုသိုလ် အကုသိုလ်ကံတွေဟာ သင်္ခါရ မဖြစ်တော့ဘူး။ ဒါကိုပင် ကုသလာ ကုသလံ ဇဟံလို့ ဟောတော်မူတယ်။ အဲဒီလို သင်္ခါရ မဖြစ်တော့ ဝိညာဏ်မဖြစ်တော့ဘူး။ ဝိညာဏ် မဖြစ်တော့ နာမ်ရုပ် မဖြစ်တော့ဘူး။ နာမ်ရုပ် မဖြစ်တော့ သဠာယတန မဖြစ်တော့ဘူး။ သဠာယတန မဖြစ်တော့ ဖဿ မဖြစ်တော့ဘူး။ ဖဿ မဖြစ်တော့ ဝေဒနာ မဖြစ်တော့ဘူး။ ဝေဒနာ မဖြစ်တော့ တဏှာ မဖြစ်တော့ဘူး။ တဏှာ မဖြစ်တော့ ဥပါဒါန် မဖြစ်တော့ဘူး။ ဥပါဒါန် မဖြစ်တော့ ဘဝ မဖြစ်တော့ဘူး။ ဘဝ မဖြစ်တော့ ဇာတိ မဖြစ်တော့ဘူး။ ဇာတိ မဖြစ်တော့ ဇရာ မရဏ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ ဥပါယာသ မဖြစ်တော့ဘူး။ အဲဒီလို ပဋိစ္စသမုပ္ပါဒ်ကို အနုလုံ ပဋိလုံ ဆင်ခြင်တယ် ဆိုယင်ပဲ မာရ်နတ်ကြီးဟာ အကြံဖြစ်တယ်။ ဘယ်လို ဖြစ်သလဲဆိုတော့ "အင်း—အရှင်ဘုရားတွေလဲ ပဋိစ္စသမုပ္ပါဒ်ကို ဆင်ခြင်ပြီးလျှင် မကြာမတင် ဘုရားဖြစ်တယ်။ ယခုလဲ ဂေါတမဟာ ဆင်ခြင်ပြန်ပြီ။ ဖြစ်ပြန်တော့မယ်။ ဘုရားတဆူပွင့်တယ် ဆိုယင် ငါ၏ ပရိသတ်ဟာ အလွန်ရှော့သွားတယ်။ ဒီတော့ ဘုရား မဖြစ်ခင် အသေသတ်မှ တော်မယ်လို့ အကြံဖြစ်ပြီး နတ်ပြည်ခြောက်ထပ်ကို စစ်မိန့် ထုတ်တယ်တဲ့ မောင်စိန်ရဲ့။ [မှန်ပါဘုရား။]

ဘယ်လိုထုတ်သလဲဆိုတော့ နတ်ပြည်ခြောက်ထပ်က သူ့နောက်လိုက် နတ်မှန်သမျှ လက်နက် ကိုယ်စီ စွဲကိုင်၍ လာကြရမယ်။ ရှင်ဂေါတမကို စစ်တိုက်

ကြရမယ်။ အဲဒီလို ဆင့်ဆိုပြီး နတ်စစ်တပ်ကြီး ချီတက်လာလိုက်တာ ကောင်းကင်ကြီး တခုလုံး ပြည့်သွားတယ်။ အဲဒီ စစ်တပ်ကြီးကို မာရ်နတ်ကြီးက "အမောင် နတ်တို့.... ဂေါတမကလေးကို ရွှေပလ္လင်နှင့်တကွ လေမုန်တိုင်းဆင်ပြီး ပင်လယ်ထဲ ရောက်သွားအောင် တိုက်လွှင့်ကြ၊ ဗောဓိပင်ကြီးကို အမြစ်ပါကျွတ်ပြီး လွင့်သွားအောင် ကိုယ့်တန်ခိုးရှိသလောက် အစွမ်းကုန် တိုက်ကြရမယ်"လို့ အမိန့်ထုတ်တယ်။ အဲဒီလို ထုတ်တယ်ဆိုယင်ပဲ နောက်လိုက်နောက်ပါ နတ်တွေဟာ သူလဲ သူ့တန်ခိုးရှိသလောက်၊ ငါလဲ ငါ့တန်ခိုးရှိသလောက် တိုက်လိုက်ကြတာ တတောလုံး တတောင်လုံးမှာရှိတဲ့ သစ်ပင်ချုံနွယ်တွေဟာ အကုန်လုံးပြောင်သွားတယ်တဲ့ မောင်စိန်ရဲ့။ [မှန်ပါဘုရား။]

အဲဒီလို သစ်ပင်ချုံနွယ်တွေဟာ မြက်ပါမကျန် ပြောင်သွားသော်လဲ မြတ်စွာဘုရား၏ သက်နိုးတော်နှင့် ဗောဓိပင်၏ အရွက်ဖျားကို လေမခတ်ဘူးတဲ့။ ဘယ့်ကလောက် အံ့စရာ ကောင်းတယ် ဆိုတာ စဉ်းစားသာ ကြည့်ကြပေတော့။ အဲဒီလို မြတ်စွာဘုရား၏ သင်္ကန်းတော်နှင့် ဗောဓိပင်အရွက်ကို လေမခတ်တာ မြင်တော့ မာရ်နတ်ကြီးက "အင်း—ဒီနည်းတော့ မဟန်ဘူး၊ စစ်တိုက်ပုံဗျူဟာ ပြောင်းဦးမှပဲ" လို့ အကြံဖြစ်ပြီး "ဟေး— ငါ့တပည့်တို့၊ အားရှိ အားကုန် မိုးရွာပြီး မိုးရေဖြင့် ရှင်ဂေါတမကို ပင်လယ်ကျောမျောကြ" လို့ အမိန့်ပေးပြန်တယ် မောင်စိန်ရဲ့။ [မှန်ပါ၊ တနည်းမဟန်တော့ တနည်း ပြောင်းပြန်တာပေါ့ ဘုရား။]

အဲဒီလို အမိန့် ပြောင်းပြန်တော့ နတ်တွေဟာ ရှိသမျှ တန်ခိုးကို အကုန်သုံးပြီး ရွာလိုက်တာ တောတွေ တောင်တွေ အကုန် မြုပ်၍ ဗောဓိပင် ခေါင်ဖျားကိုတောင် အတောင် ရှစ်ဆယ်လောက် ကျော်အောင် ရေထုကြီးဟာ တက်လာတယ်တဲ့။ ဒီလို ရေထုကြီး တက်လာတော့ ဒီလောက် ဆိုယင် ဂေါတမကလေး ရေမြုပ်ပြီး သေလောက်ပြီ၊ ကောင်းကင်ပေါ်က တက်ကြည့်ဦးမှဟဲ့"လို့ အောက်မေ့ပြီး တက်ကြည့်ရာ ဗောဓိပင်ရင်းမှာ ဖုံတောင်မသိပ်ဘူးတဲ့။ ရေတွေဟာ ဝဲကတော့ထိုးပြီး မြတ်စွာဘုရားကို လက်ယာရစ်ကန်တော့လျက် ဘေးကို စီးသွားကြတယ်တဲ့ မောင်စိန်ရဲ့။ အံ့စရာ မကောင်းပါလား။ [ကောင်းပါတယ်ဘုရား။]

အဲဒီနည်းကလဲ မဟန်ပြန်တော့ မာရ်နတ်ကြီးက ဗျူဟာပြောင်းပြန်တယ်။ "ငါ့တပည့်တို့....ခဲမိုး လှံမိုး ပေါက်ဆိန်မိုး ရွာကြ၊ မိုးကြိုးနှင့် ရှင်ဂေါတမကိုပစ်ကြ၊ တောင်တွေနှင့်ပေါက်ကြဟဲ့၊ ခဲတွေနှင့်ထုကြဟဲ့"လို့ အမိန့်ထုတ်ပြန်

တော့ နတ်တွေဟာ သူ့တန်ခိုးရှိသလောက် ငါ့တန်ခိုးရှိသလောက် လက်နက် မိုးရွာကြတယ်၊ မိုးကြိုးနှင့် ပစ်ကြတယ်၊ တောင်ကြီးတွေနှင့် ပေါက်ကြတယ်၊ ခဲတွေနှင့် ပေါက်ကြတယ်၊ လေးတွေနှင့် ပစ်ကြတယ်။ အဲဒီ ပစ်ခတ်သမျှ လက်နက်တွေဟာ ပန်းကလေးတွေဖြစ်ပြီး ပလ္လင်ခြေရင်းမှာ ပန်းမွှေ့ရာခင်းတယ်တဲ့ မောင်စိန်ရဲ့။ အံ့ဩစရာ မကောင်းပါလား။ [အင်မတန် အံ့စရာပါပဲ ဘုရား။]

မာရ်နတ်ကြီးဟာ တနည်း မကောင်း တနည်း ပြောင်းပြီး စစ်တိုက်နေသော်လဲ မြတ်စွာဘုရားကတော့ တရားကိုသာ ဆင်ခြင်မြဲ ဆင်ခြင်နေတယ်တဲ့။ တရားလက်နက်နှင့် ခံချနေသည့်အတွက် ပစ်သမျှ လက်နက်တွေ ပန်းဖြစ်ကုန်တော့ မာရ်နတ်ကြီးက တမျိုးကြံပြန်တယ်။ "အင်း— အဝေးကနေပြီး ပစ်ခတ်တဲ့ နည်းကတော့ မဟန်ဘူး၊ အနီးကို ကပ်ပြီး ထိပ်စပ်ကို ပေါက်ဆိန်နဲ့ ခွဲစေမှ တော်မယ်" လို့ အကြံဖြစ်ပြီး "ငါ့တပည့်တို့၊ အဝေးကနေပြီး မပစ်ကြနဲ့၊ အနားကပ်ပြီး ထိပ်စပ်ကို ပေါက်ဆိန်နဲ့ ခွဲကြ" လို့ အမိန့်ထုတ်ပြန်တယ်။

ဒီတော့ နတ်တွေဟာ ရှေ့ကို တိုးပြီး သွားကြတာပေါ့။ ရှေ့ကို တိုး၍ မြတ်စွာဘုရားနှင့် ၁၂ တောင်ကွာသို့ ရောက်ယင် မီးကျီးမီးခဲမှာ ယင်မနားနိုင်တာလို မြတ်စွာဘုရား၏ အနားမကပ်နိုင်ကြသဖြင့် ရှေ့က နတ်က နောက်ကို ဆုတ်၊ နောက်က နတ်တွေက ရှေ့သို့ တိုးနဲ့ နတ်တွေဟာ ထွေးလုံး ကုန်ဟာပေါ့။ အဲဒီလိုဖြစ်နေတော့ မာရ်နတ်ကြီးက "နောက်ကို မဆုတ်နဲ့၊ နောက်ကို ဆုတ်တဲ့ အကောင်ကို တကောက်ကြော ဖြတ်ဟဲ့" လို့ အမိန့် ပေးသော်လဲ မရဘူး။ အတင်းဆုတ်တာပဲ။ ဒီတော့ မာရ်နတ်ကြီးဟာ စိတ်ဆိုး မာန်ဆိုးနဲ့ သူစီးလာတဲ့ ဂီရိမေခလာဆင်ကြီးကို ချွန်းဖွင့်ပြီး အတင်းတက်လာလိုက်တာ မြတ်စွာဘုရားနားသို့ ရောက်ယင် ရှေ့ကို မတိုးနိုင်ဘူး၊ ဆင်ကြီးကို အတင်း ဒူးပေးသော်လဲ ဆင်ကြီးဟာ အော်ပြီး နောက်ကိုသာ ဆုတ်တယ်။ ဒီတော့ မာရ်နတ်ကြီးဟာ ဒီနေရာကနေပြီး ထိပ်စပ်ကို ပေါက်ဆိန်နဲ့ ခွဲပါမယ်ဟဲ့" လို့ ကြံပြီး လက်ရုံးပေါင်းတထောင်ကို ဖန်ဆင်းကာ လက်နက်ပေါင်းစုံ စွဲကိုင်၍ လက်ကို မြှောက်လိုက်ရာ လက်တွေဟာ အောက်ကို ချလို့မရတော့ဘူးတဲ့ကွဲ့။ [မှန်ပါ၊ တန်ခိုးတော်ဟာ အံ့စရာပါဘုရား။]

ဒီလို အောက်ကို ချ၍မရတော့ မာရ်နတ်ကြီးဟာ တမျိုးကြံပြန်တယ်။ "အော်— ရှင်ဂေါတမကို လက်နက်နဲ့ စစ်ပြိုင်လို့တော့ မရဘူး။ စကားစစ်ထိုးမှ တော်မယ်" လို့ အောက်မေ့ပြီး "ဟေး—ဂေါတမ၊ လူ့ပြည်နှင့် နတ်ပြည်

ခြောက်ထပ်ကို ငါပိုင်တယ်၊ ငါပိုင်တဲ့ နယ်အတွင်း ပေါက်တဲ့ ပလ္လင်ဟာလဲ ငါသာပိုင်တယ်။ ငါပိုင်တဲ့ ပလ္လင်မှာ မထိုင်နဲ့၊ ဆင်း။ ချက်ချင်း ဆင်း''လို့ ဘုရားကို ငေါက်ပြန်တာပေါ့ကွဲ မောင်စိန်ရဲ့။ [မှန်ပါဘုရား။]

အဲဒီတော့ မြတ်စွာဘုရားက ''ဟဲ့— မာရ်နတ်၊ ငါပိုင်လို့ ငါထိုင်တာပေါ့''လို့ ပြန်ပြီး ပြောသတဲ့။ ဒီတော့ မာရ်နတ်ကြီးက ''အသင်ဂေါတမ၊ လောကမှာ တရားဖြစ်တယ်ဆိုတာ သက်သေခိုင်သူက နိုင်စတမ်းဖြစ်တယ်၊ သက်သေထူကြစို့'' ဆိုပြီး၊ ''အသင်—နတ်တို့၊ ငါပိုင်တဲ့ နယ်အတွင်းမှာ ပေါက်တဲ့ ပလ္လင်ဟာ ဘယ်သူပိုင်သင့်သလဲ''လို့ နတ်တို့ကို မေးသတဲ့။ ဒီတော့ နတ်တွေက ''အသင် မာရ်နတ်ကြီးသာ ပိုင်သင့်ပါတယ်''လို့ ပြောကြသတဲ့ မောင်စိန်ရဲ့။ [မှန်ပါ၊ အမိုက်ကလေးတွေဟာ အမိုက်ကြီးကိုသာ ထောက်ခံရမြဲပါဘုရား။]

ဒီတော့ မြတ်စွာဘုရားက ''ငါလဲ သက်သေ ထူရဦးမှာပဲ'' ဟု ပြောပြီး ''အသင် မြေကြီး၊ ငါသည် လေးသင်္ချေနှင့် ကမ္ဘာတသိန်းပတ်လုံး အယုတ် အလတ် အမြတ်ဖြစ်တဲ့ ဒါနတွေကိုပြုပြီး ရေစက်ချ၍ မင်းအပေါ်ကို လောင်းချခဲ့တဲ့ ရေတွေကို စုထားယင် သမုဒ္ဒရာလေးစင်းက ရေဟာ နည်းပါလိမ့်မယ်၊ ငါ၏ ရေစက်တွေက မနည်းပါဘူး၊ အဲဒီ ဒါနပါရမီတော်ကြောင့် ပေါက်တဲ့ ပလ္လင်မှန်ယင် ငါ့ဘက်က သက်သေခံစမ်းပါ''လို့ မြေကြီးကို သက်သေထူတယ်။ အဲဒီလို သက်သေထူတော့ မြေကြီးဟာ ကြောက်ဘွယ်ကောင်းသော အသံကြီးကို မြည်ဟီးပြီး အိုးထိန်းစက်ကဲ့သို့ သွက်သွက်ခါလည်၍ သက်သေခံတယ်။ အဲဒီလို မြေကြီးက သက်သေခံတော့ နတ်တွေဟာ ကြောက်လန့်ပြီး ပြေးလိုက်ကြတာ မာရ်နတ်ကြီး ထိန်းလို့ မရတော့ဘူး။ နောက်ကို လှည့်ကြည့်လို့ နတ်တယောက်မှ မရှိလေတော့ မာရ်နတ်ကြီးလဲ တခါတည်း ပြေးရော့တဲ့ မောင်စိန်ရဲ့။ [မြတ်စွာဘုရား၏ တန်ခိုးတော်ဟာ အံ့စရာပါဘုရား။]

အဲဒါဟာဒေဝပုတ္တမာရ်ကိုအောင်တော်မူတာလို့ခေါ်တယ်။ အဲဒီလို မာရ်နတ်ကြီးစစ်ရှုံးပြီး သူ့နေရာမှာမှိုင်နေတော့ သူ၏သမီးတွေက ''အဖေ ဘာပြုလို့ မှိုင်နေတာလဲ''လို့ မေးကြသတဲ့။ ဒီတော့ မာရ်နတ်ကြီးက ''မပြောချင်ပါဘူး သမီးတို့၊ ငါက နတ်လဲဖြစ်သေးတယ်၊ စစ်သားလဲ များသေးတယ်၊ လက်နက်တွေလဲစုံသေးတယ်၊ ရှင်ဂေါတမက လူသားလဲ ဖြစ်သေးတယ်၊ စစ်သားလဲမရှိ လက်နက်လဲမပါပဲ၊ ဒါကို ငါကရှုံးတယ်ဆိုတော့ သေသာ သေချင်တော့တယ်သမီးတို့''လို့ ပြောသတဲ့မောင်စိန်ရဲ့။ [မှန်ပါ၊ ညည်းလောက်ပါတယ်ဘုရား။]

ဒီတော့ သမီးတွေက ''အဖေရယ်၊ စောစောက မပြောပဲကိုး အဖေရဲ့''လို့ ပြောကြသတဲ့။ ဒီတော့ မာရ်နတ်ကြီးက ''နင်တို့ကိုပြောလို့ နင်တို့က ဘာ တတ်နိုင်လို့တုန်း''လို့ မေးသတဲ့။ ဒီလိုမေးတော့ သမီးတွေက ''အဖေ၏ လက်နက်တွေဟာ အသားပွဲ့ရှိသာ တတ်နိုင်တာပါ။သမီးတို့၏ ရူပါရုံတည်း ဟူသောမြှား, သဒ္ဒါရုံတည်းဟူသော မြှားနှင့် ပစ်လိုက်ရယင် ရှင်ဂေါတမ၏ အသဲကိုမှန်ပြီး ပလ္လင်ပေါ်က ကျွမ်းပြန်တောင် ကျစေနိုင်ပါတယ်အဖေရဲ့'' လို့ ပြန်ပြောကြသတဲ့။ဒီတော့ မာရ်နတ်ကြီးက''ဒီလိုဆိုယင်လဲအရှက်ကလေး ပြေသွားအောင် လုပ်ကြပါဦးဟဲ့''လို့ ခိုင်းသတဲ့ကွဲ့။[မှန်ပါဘုရား။]

ဒီလို အဖေကခိုင်းတော့ သမီးသုံးယောက်ဟာ အလွန်လှပတဲ့ ရူပါရုံကို ဖန်ဆင်းပြီး အလွန်သာယာစရာ ကောင်းတဲ့' အသံကလေးဖြင့် သီချင်းဆို၍ ပလ္လင်ကိုလှည့်ပတ်ကာ ကပြကြတယ်တဲ့ မောင်စိန်ရဲ့။ [မှန်ပါဘုရား။] ဒီတော့ မြတ်စွာဘုရားက ''ဟဲ့—နတ်သမီးတို့၊ သင်တို့အား ငါ အလိုမရှိ။ သင်တို့ကိုလဲ ငါမမြင်လို၊ သင်တို့အသံကိုလဲ ငါမကြားလို၊ ချက်ချင်း ပြန်ကြ''လို့ လက် ဖြောက်တီးပြီး မောင်းလိုက်တော့ နတ်သမီး သုံးယောက်ဟာ ကြောက်ပြီး ပြေးကြရောတဲ့ မောင်စိန်ရဲ့။ [မှန်ပါဘုရား။ အံ့စရာပါပဲဘုရား။]

အဲဒါဟာ ကိလေသမာရ်ကို အောင်တော်မူတာကွဲ့ မောင်စိန်ရဲ့။ [မှန်ပါ ဘုရား၊ မာန် ၂ ပါး ရှိပါပြီ။] အဲဒီလို မာရ်နတ်ကြီးနှင့် သူ့သမီးများကို အောင်တော်မူပြီးသည့်နောက် မြတ်စွာဘုရားသည် တရားကို ဆင်ခြင်မြဲ ဆင် ခြင်နေရာ ညဦးယာမ်ကျတော့ ပုဗ္ဗေနိဝါသာ နုဿတိဉာဏ်ကိုရပြီး ဘဝ ဟောင်းတွေကို မြင်တော်မူတယ်။ ဆက်လက်ပြီးဆင်ခြင်ရာ သန်းခေါင်ယာမ် ကျတော့ ဒိဗ္ဗစက္ခုအဘိညာဉ်ကိုရပြီး၊ လင်းခါနီးကျတော့ အာသဝက္ခယဉာဏ် ကို ရတော်မူ၍ အာသဝေါတရားကုန်တော်မူတယ်ကွဲ့။ [မှန်ပါဘုရား။]

အာသဝေါတရားဆိုတာ ကာမာသဝ,ဘဝါသဝ,ဒိဋ္ဌာသဝ,အဝိဇ္ဇာသဝ, ဤလေးပါးကိုခေါ်တယ်။ အာသဝေါတရား ကုန်တယ်ဆိုတော့ အဝိဇ္ဇာလဲ ကုန်တော့တာပေါ့။ အဝိဇ္ဇာသေ သင်္ခါရလဲ သေတော့တာပေါ့။ အဲဒီသင်္ခါရ သေတာသည်ပင် အဘိသင်္ခါရ မာရ်ကို အောင်တော်မူတာလို့ ခေါ်တယ် မောင်စိန်ရဲ့။[မှန်ပါဘုရား။]သင်္ခါရသေတော့ဝိညာဏ်,နာမ်ရုပ်,သဠာယတန, ဖဿ, ဝေဒနာဆိုတဲ့ ပစ္စုပ္ပန် အကျိုးတရား ငါးပါးလဲ သေတော့တာပေါ့။ အဲဒါသည်ပင် ခန္ဓမာရ်ကို အောင်တော်မူတယ်လို့ ခေါ်တယ် မောင်စိန်ရဲ့။ [မှန်ပါဘုရား။] အဲဒီလို နောက်ထပ် ခန္ဓာမဖြစ်တော့ဘူးဆိုတော့ သေစရာလဲ

မလိုတော့ဘူးပေါ့ မောင်စိန်ရဲ့။ [မှန်ပါ၊ သေစရာ မလိုတော့ပါ ဘုရား။] အဲဒီလို နောက်တပ်သေစရာမလိုတော့တာသည်ပင် မဂ္ဂမာရ်ကို အောင်တော်မူတယ်လို့ ခေါ်တယ် မောင်စိန်ရဲ့။ [မှန်ပါဘုရား။]

အဲဒီ မာရ်ငါးပါးကို ဘုရားကလွဲယင် ဘယ်လူ ဘယ်နတ် ဘယ်ဗြဟ္မာ အောင်နိုင်သလဲ။ [ဘယ်သူမှ မအောင်နိုင်ပါ ဘုရား။] အဲဒီလို ဘယ်သူမှ မအောင်နိုင်တဲ့ မာရ်ငါးပါးကို အောင်တော်မူသောကြောင့် မြတ်စွာဘုရားကို ဇိနလို့ခေါ်ကြရတာပေါ့။ ရှင်မောဂ္ဂလ္လာန်ဝမ်းထဲသို့ မာရ်နတ်ဝင်ပြီး အသဲ တွေကို ဆွဲခါနေတာနဲ့ ရှင်မောဂ္ဂလ္လာန်ဟာ မာရ်နတ်ကိုဆွဲမျိုးစပ်ပြီး ထွက်စေ ရတာ ဒိပြင် သတ္တဝါတွေတော့ ဝေးပါတယ်ကွဲ့ မောင်စိန်ရဲ့။ [မှန်ပါ ဘုရား။]

ယခုဟောခဲ့တဲ့တရားထဲမှာ မြတ်စွာဘုရား မာရ်ငါးပါးကို အောင်တော် မူတာဟာ မာရ်နတ်ကြီးနှင့် သူ့သမီးများကို အောင်တာက သီလ သမာဓိ တန်ခိုးနှင့် အောင်တာဖြစ်တယ်။ အဘိသင်္ခါရမာရ် ခန္ဓမာရ် မဂ္ဂမာရ်ကို အောင်တာက ပညာတန်ခိုးနှင့်အောင်တာဖြစ်တယ်။ ဒီတော့ ငါတို့လဲ သီလ, သမာဓိ, ပညာဟု ဆိုအပ်သော သိက္ခာသုံးပါးကို ဟောကြစို့လား။ [မှန်ပါ၊ ဟောတော်မူပါ ဘုရား။] လူမှာလဲ ငါးပါးသီလ, သာမဏေမှာလဲ လိင် ဆယ်ပါး, ဒဏ်ဆယ်ပါး, သေခိယ ၇၅, ခန္ဓကဝတ် ၁၄ပါး ပေါင်း ၁၀၉ ပါး၊ ရဟန်းမှာလဲ ၂၂၇သွယ်။ အဲဒါတွေဟာ သီလသိက္ခာပေါ့မောင်စိန်ရဲ့။ [မှန်ပါဘုရား။]

အဲဒီ သီလ သိက္ခာတွေကို ဖြည့်ကျင့်၍ လုံခြုံတော့ နောင်တ တဖန်ပူပန်ရတဲ့ ကုက္ကုစ္စတရားမဖြစ်ရတော့ဘူး။ မဖြစ်ရတော့ စိတ်တွေဟာ အေးပြီး ကြည်လင် ၍ မလာပါလား။ [လာပါတယ်ဘုရား။] အဲဒီစိတ်အေး စိတ်ကြည်ကလေးကို သမာဓိသိက္ခာလို့ခေါ်တယ်။ အဲဒီ သမာဓိသိက္ခာဖြင့် ခန္ဓာ ငါးပါးကို ဓမ္မ ဝိစယ သမ္မောဇ္ဈင်ပွားရမယ်။ ဘယ်လိုပွားရမလဲဆိုတော့ သမုဒယ, အတ္ထင်္ဂမ, အဿာဒ, အာဒီနဝ, နိဿရဏဆိုတဲ့ အဆင့်ငါးဆင့်ဖြင့်ပွားရမယ် မောင်စိန် ရဲ့။ [မှန်ပါဘုရား။]

သမုဒယဆိုတာက ဖြစ်ခြင်း အကြောင်း၊ အတ္ထင်္ဂမ ဆိုတာက ချုပ်ခြင်း အကြောင်း၊ အဿာဒဆိုတာက သာယာဘွယ်၊ အာဒီနဝဆိုတာက အပြစ်၊ နိဿရဏဆိုတာက ထွက်မြောက်ရာဖြစ်တယ်။ အဲဒီတော့ ရူပက္ခန္ဓာ ဘာကြောင့် ဖြစ်သလဲလို့ အကြောင်းကိုရှာတော့ အဟာရသမုဒယော ရူပသမုဒယော လို့

ဟောတော်မူတယ်။ အဟာရကိုသာမမှီဝဲယင် ဒီရုပ်ကြီးဟာ တည်တံ့နိုင်ပါ မလား။ [မတည်တံ့နိုင်ပါဘုရား။] အဟာရဖြစ်ယင် ရုပ်ဖြစ်ပြီး အဟာရချုပ် တော့ ဒီရုပ်ဟာ ချုပ်မသွားဘူးလား။ [ချုပ်ပါတယ်ဘုရား။]

အဲဒီလို အဟာရဖြစ်ယင် သူဖြစ်၍ အဟာရချုပ်ယင် သူချုပ်တာကို ဉာဏ် ဖြင့် မြင်အောင်ကြည့်ရမယ်။ အဲဒါက သမုဒယနှင့် အတ္ထင်္ဂမကို မြင်တာ ဖြစ် တယ်။ကဲ— အဿာဒကို ရှာကြစို့။ တခါတခါ ခေတ်ကြီးလေးပါးညီမျှတာကို စွဲပြီး ကာယသုခ, စိတ္တသုခ မဖြစ်ပါလား။ [ဖြစ်ပါတယ်ဘုရား။] ရူပက္ခန္ဓာမှာ သာယာဘွယ်ဟာ ဒါပါပဲ မောင်စိန်ရဲ့။ ဒီထက်ပို၍ နိစ္စသာရ, ဓုဝသာရ, သုခ သာရ, သုဘသာရ ရှာမရပါဘူး။ [မှန်ပါဘုရား။]

အာဒီနဝအပြစ်ကတော့ များပါတယ်။ ဉာဏ်ရှိသလောက် ခွဲနိုင်တယ်။ သို့သော် အနိစ္စ, ဒုက္ခ, အနတ္တ ပြစ်လောက်ပဲ ပြောကြစို့ရဲ့။ ရူပက္ခန္ဓာဟာ သူ၏ အကြောင်း မဖြစ်ခင် မရှိသေးဘူး။ သူ၏ အကြောင်း အဟာရလဲ ဖြစ် သူလဲဖြစ်ပဲ။ အဟာရလဲချုပ် သူလဲ ချုပ်ပဲ။ ဒီတော့ ထာဝရရှိ မဟုတ်တဲ့ အတွက် အနိစ္စရှိပေါ့ မောင်စိန်ရဲ့။ [မှန်ပါဘုရား။] အကြောင်းဖြစ်သူဖြစ်၊ အကြောင်းချုပ် သူချုပ် ဆိုတော့ ဖြစ်ပြီး ပျက်စီးတဲ့ တရား ဖြစ်ခြင်းကြောင့် ဝိပရိဏာမ ဒုက္ခသစ္စာတရား မဟုတ်ပါလား။ [ဟုတ်ပါတယ်ဘုရား။]

အကြောင်း မထောက်ပံ့လျှင် သူမဖြစ်နိုင်၊ အကြောင်း ထောက်ပံ့မှ သူဖြစ် နိုင်တယ်ဆိုတော့ မိမိကိုယ်ကိုမိမိ အစိုးမရတဲ့ အနတ္တတရား မဟုတ်ပါလား။ [ဟုတ်ပါတယ်ဘုရား။]

အဲဒီ အနိစ္စ, ဒုက္ခ, အနတ္တ ဆိုတဲ့ အပြစ် အာဒီနဝ တွေကို မမြင်သေး မြင်အောင်။ မြင်လျှင် ကြောက်အောင် ဘာဝိတာ ဗဟုလီကတာနှင့် အညီ ပွားရတယ်။ ပွားလို့ ကြောက်လာလျှင် ဉာဏ်ဟာ ရူပက္ခန္ဓာမရှိမှ အေးမှာ ပါကလားလို့ မြင်ပြီး နိဗ္ဗာန်ကို ပြေးတော့တာပဲ။ အဲဒီ စကားထဲမှာ သစ္စာ လေးပါး အကျုံးဝင်တယ်။ ဘယ်လို အကျုံးဝင်သလဲ ဆိုတော့ ဉာဏ်က မဂ္ဂသစ္စာ။ အနိစ္စ, ဒုက္ခ, အနတ္တကို မြင်တာက ဒုက္ခသစ္စာကို ပိုင်းခြား၍ သိတာ။ ရူပက္ခန္ဓာမရှိမှ ဆိုတာက သမုဒယသစ္စာချုပ်တာ။ အေးမှာဆိုတာက နိဗ္ဗာန်ကို မျက်မှောက်ပြုတော့၊ ဟော— သစ္စာ လေးပါး မစုံသေးဘူးလား။ [စုံပါပြီဘုရား။]

သစ္စာလေးပါးကို သိတာသည်ပင် နိဗ္ဗာန်ရောက်ဖြစ်တော့တာပဲ။ အဲဒီလို ရုပ်ကန္ဓာကို အဆင့်ငါးဆင့်ဖြင့် ဓမ္မဝိစယသမ္ဗောဇ္ဈင် ပွားရမယ် မောင်စိန်ရဲ့။ [မှန်ပါဘုရား။] ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဏ ဆိုတဲ့ နာမ် ခန္ဓာလေးပါးကိုလဲ ဒီ့ပြင်ပဲ အဆင့် ငါးဆင့်ဖြင့် ဓမ္မဝိစယသမ္ဗောဇ္ဈင် ပွားရမယ်။ ဒီနာမ်ခန္ဓာလေးပါး ဘာကြောင့်ဖြစ်သလဲလို့ အကြောင်းကို ရှာလျှင် အာရုံဒွါရ ထိခိုက်မှု ဖဿကို အကြောင်းပြုပြီး ဖြစ်ကြရတာ၊ ဖဿချုပ်လျှင် သူတို့ ချုပ်တော့တာပဲ။ ရေနံဆီကြောင့် တောက်တဲ့ မီးဟာ ရေနံဆီကုန်လျှင် ငြိမ်းရသလိုပေါ့။ အဲဒီလို နာမ် ခန္ဓာ လေးပါး တို့၏ သမုဒယ ဖြစ်ခြင်း အကြောင်းနှင့် အတ္ထင်္ဂမချုပ်ခြင်းအကြောင်းကို ဉာဏ်ဖြင့် ပိုင်အောင် ဆင်ခြင်ရမယ် မောင်စိန်ရဲ့။ [မှန်ပါဘုရား။]

သမုဒယနှင့် အတ္ထင်္ဂမကို မြင်လျှင် အဿာဒ ခေါ် သာယာဘွယ်ကို ဆင်ခြင်ရမယ်။ ဒီနာမ်ခန္ဓာလေးပါးကို အကြောင်းပြုပြီး ရုံခါ ကာယသုခ, စိတ္တသုခ ဖြစ်တယ်။ အဲဒါ သာယာဘွယ်ပဲ။ ဒီထက်ပို၍ သာယာဘွယ် မရှိဘူး။ သာယာဘွယ်ကို ဆင်ခြင်၍ ပြီးလျှင် အပြစ်ကို ဆင်ခြင်ရမယ်။ ဒီနာမ်ခန္ဓာလေးပါးသည် အာရုံဒွါရထိခိုက်မှု ဖဿမဖြစ်ခင် သူမရှိသေးဘူး၊ ဖဿဖြစ်မှ သူတို့ ဖြစ်တာ။ ဖဿ ချုပ်လျှင် သူတို့ ချုပ်ရတော့ တာပဲ။ ဒီတော့ ထာဝရရှိ မဟုတ်ဘူး။ ဒါကြောင့် အနိစ္စဖြစ်တာယ်၊ ဖြစ်ပြီး ချုပ်သွားတာပဲ။ ဒါကို ဝိပရိဏာမဒုက္ခလို့ ခေါ်တယ်။ ချုပ်ပြီးလျှင် ဘာအမွေအနှစ်မှ မကျန်ခဲ့ပါဘူး။ သုညသဘောသို့ ရောက်သွားတာပဲ။ ဒါကို အနတ္တလို့ ခေါ်တယ်။ အဲဒီ လက္ခဏာသုံးပါးကို အာဒီနဝ ခေါ် အပြစ်လို့ ခေါ်တယ်။ အဲဒီ အာဒီနဝ အပြစ်ကို ကိုယ်ပိုင်ဉာဏ်ဖြင့် မြင်လာယင် သံဝေဂဉာဏ် ပေါ်လာတော့တာပဲ။ သံဝေဂဉာဏ် ရင့်သန်လာယင် သမုဒယသစ္စာ ချုပ်သွားတော့တာပေါ့။ မောင်စိန်....မင့် မယား အကျင့်မကောင်းတာတွေကို သိယင် စိတ်ကုန်မသွားဘူးလား။ [သွားပါတယ်ဘုရား။]

အဲဒီလိုပဲ ရုပ်နာမ်ခန္ဓာတို့၏ အပြစ်အာဒီနဝတွေကို သိလာယင် ထိုခန္ဓာမှာ တွယ်တာနေသော သမုဒယဟာလဲ ချုပ်သွားတာပဲ။ ချုပ်သွားယင် ချုပ်ရာဖြစ်သော သက်သာရာ နိရောဓသစ္စာကို မျက်မှောက်ပြုတော့တာပဲ။ မျက်မှောက်ပြုတဲ့ ဉာဏ်ဟာ မဂ္ဂသစ္စာပဲ။ ရုပ်နာမ်ခန္ဓာတို့၏ အပြစ်အာဒီနဝကို မြင်တာက ဒုက္ခသစ္စာကို ပိုင်းခြား၍ သိတာ။ သိ၍ ချုပ်သွားတဲ့ တွယ်တာမှုက သမုဒယသစ္စာ။ သမုဒယချုပ်၍ တွေ့ရတဲ့ ချုပ်ရာက နိရောဓသစ္စာ။ နိရောဓသစ္စာကို မျက်မှောက်ပြုတဲ့ ဉာဏ်က မဂ္ဂသစ္စာ ဖြစ်တယ်။

အဲဒီလို ဘယ်ကမ္ဘာ့ဌာန်းကိုမဆို ပွားယင် သစ္စာဆိုက်အောင် ပွားရတယ်။ တရားဟောယင်လဲ သစ္စာဆိုက်အောင် ဟောရတယ်။ သစ္စာဆိုက်မှ ဘုရားရဲ့ တရား ဖြစ်တယ်။ သစ္စာ မဆိုက်တဲ့ တရားတွေ ကတော့ သာသနာပမှာလဲ ရှိသားပဲ။ ကဲ....တော်တော်လဲ ရှည်သွားပြီ။ တော်ကြစို့။ အဲ....ဤကဲ့သို့ တရားတော်မြတ်ကို နာကြရသော ကောင်းမှုကြောင့် သစ္စာလေးပါးကို သိ၍ နိဗ္ဗာန်မဂ်ဖိုလ်ကို ရက်တိုတိုနှင့် ရောက်လွယ်ကြပါစေ။

သာဓု၊ သာဓု၊ သာဓု။

"ပြုံးစီးအောင်မြင် မာရ်ငါးအင် တရားတော်" ပြီး၏။

# “စိတ်ကိုနိုင်မှ ချမ်းသာရ”

သုဒုဒ္ဒသံ သုနိပုဏံ၊ ယတ္ထကာမနိပါတိနံ။
စိတ္တံ ရက္ခေထ မေဓာဝီ၊ စိတ္တံ ဂုတ္တံ သုခါဝဟံ။

သုဒုဒ္ဒသံ၊ အဝိဇ္ဇာနှင့် တဏှာမျက်ခမ်း, မာနတည်းဟူသော တိမ်သလာလွှမ်းကြသဖြင့် အကန်းအတိသာဖြစ်သည့် သတ္တဝါတို့၏ မျက်စိနှင့် ကြည့်၍ မြင်နိုင်ခဲစွာ ထသော။ သုနိပုဏံ၊ ယုယု ယယ ပြုနိုင်မှသာ သင့်လျော်ပါ၍ များစွာ သိမ်မွေ့ထသော။ စိတ္တံ၊ ကမ္ဘာ တခွင်မှာ ရတနာ အဝင် ဟူသမျှ အပေါင်းတို့ထက် ထောင်သောင်းမက အဖိုးတန်လှတဲ့စိတ်ကို။ မေဓာဝီ၊ ကြောင်းကျိုး နှစ်ဖြာ ကောင်းစွာ မြင်သိ ပညာရှိသည်။ ဂုတ္တံ၊ လောဘ, ဒေါသ, မောဟ တသိုက် သူတို့တိုက်ဖို့ မလိုက်မသွား စောင့်ရှောက်၍ ထားခဲ့သည်ရှိသော်။ သုခါဝဟံ၊ ယခု ဘဝ မှာလဲ ကောင်း, ဟို-သံသရာ ဘဝမှာလဲ အပြောင်း လှုပြီးတော့ အ ကောင်း ပထမ အေး ချမ်း ရာသို့ ပေးစွမ်းကာ ဆောင် တတ် လေ ၏။ ယတ္ထကာမနိပါတိနံ၊ ဆင်ကန်းတောတိုး သဘောမျိုးသို့ ဆိုးဆိုးကောင်းကောင်း ကျိုးအကြောင်းကို ပြန်ပြောင်းမကြည့် မသိတတ်ငြား ကာမဂုဏ်အာရုံအကြားတွင် တဖွားဖွားနစ်မြုပ်၍ နေသော။ စိတ္တံ၊ ဘာသာ သာသနာ ပညာအတွက် ငဲ့ကွက်မရှိ မသိတတ်ငြား စိတ်မိုက်များကို။ ရက္ခေထ၊ ပေါင်းသင်း ဆက်ဆံ လက်ခံမပြု ရှောင်ရှားမှုဖြင့် ကြောင်တောင် သွားကာ စောင့်ရှောက်၍ ထားကြကုန်ရာသတည်း။

သာဓု၊ သာဓု၊ သာဓု။

မောင်စိန်ရေ။ [ဘုရား။] ဒီနေ့တော့ မြတ်စွာဘုရား မူလပဏ္ဏာသမှာ ဟောထားတဲ့ ဝတ္ထသုတ်ကို ဟောရလိမ့်မယ်ကွဲ့။ [ဟောတော်မူပါဘုရား။]

မြတ်စွာဘုရား သာဝတ္ထိပြည်ဇေတဝန်ကျောင်းမှာ သီတင်းသုံးတော်မူစဉ် အခါက ရဟန်းတို့ကို "ချစ်သားတို့" လို့ ခေါ်တော်မူတယ်။ ထိုအခါ ရဟန်းတွေက "အရှင်ဘုရား" လို့ ခွန်းတုံ့ပြန်ကြတယ်။ ဒီတော့ မြတ်စွာဘုရားက "ချစ်သားတို့၊ ဥပမာ သော်ကား ညစ်နွမ်းသော အညစ်အကြေးစွဲကပ်သော အဝတ်ကို ဆေးဆိုးသမားသည် အညိုရောင် အတွက် ဖြစ်စေ, အရွှေရောင် အတွက်ဖြစ်စေ, အနီရောင်အတွက်ဖြစ်စေ, အကြင်အကြင် သို့သော ဆိုးရည်၌ ထည့်ခဲ့လျှင် မကောင်းသောအရောင် မစင်ကြယ်သော အရောင်သာ ဖြစ်ရာ၏။ ထိုသို့ဖြစ်ခြင်းသည် အဘယ်ကြောင့်နည်း။ ရဟန်းတို့၊ အဝတ် မစင်ကြယ်သောကြောင့်တည်း။ ရဟန်းတို့၊ ဤအတူပင် စိတ် ညစ်နွမ်း ခဲ့သော် မကောင်းသောလားရာ ဂတိကို အလိုရှိအပ်၏။ ရဟန်းတို့၊ ဥပမာ သော်ကား စင်ကြယ်ဖြူဖွေးသော အဝတ်ကို ဆေးဆိုး သမားသည် အညိုရောင် အတွက်ဖြစ်စေ, အရွှေရောင် အတွက်ဖြစ်စေ, အနီရောင် အတွက် ဖြစ်စေ, အကြင်အကြင်သို့သော ဆိုးရည်၌ထည့်ခဲ့လျှင် ကောင်းစွာစွဲသောအရောင်, စင်ကြယ်သောအရောင်သာ ဖြစ်ရာ၏။ ထိုသို့ဖြစ်ခြင်းသည် အဘယ် ကြောင့် နည်း။ ရဟန်းတို့၊ အဝတ်စင်ကြယ်သောကြောင့်တည်း။ ရဟန်းတို့၊ ဤအတူ ပင် စိတ်မညစ်နွမ်းခဲ့သော် ကောင်းသောလားရာဂတိကို အလိုရှိအပ်၏။"

ရဟန်းတို့၊ စိတ်ညစ်ညူးကြောင်း တရားတို့ကား အဘယ်နည်း။ သူတပါးစည်းစိမ်ကို ရှေးရှုကြံစည်ခြင်း အဘိဇ္ဈာ, မသင့်လျော်ရာ၌ လိုချင်တပ်မက်ခြင်း ဝိသမလောဘ, သူတပါးကိုပျက်စီးစေလိုခြင်း ဗျာပါဒ, အမျက်ထွက်ခြင်း ကောဓ, ရန်ငြိုးဖွဲ့ခြင်း ဥပနာဟ, ဂုဏ်ကျေးဇူးကို ချေဖျက်ခြင်း မက္ခ, ဂုဏ်ပြိုင်ခြင်း ပဠာသ, ငြူစူခြင်း ဣဿာ, ဝန်တိုခြင်း မစ္ဆရိယ, လှည့်ပတ်ခြင်း မာယာ, စဉ်းလဲခြင်း သာဌေယျ, ခက်ထန်ခြင်း ထမ္ဘ, ချုပ်ချယ်ခြင်း သာရမ္ဘ, မောက်မော်ခြင်း မာန, အလွန်မောက်မော်ခြင်း အတိမာန, မာန်ယစ်ခြင်း မဒ, သတိမေ့ခြင်း ပမာဒတို့သည် စိတ်၏ ညစ်ညူးကြောင်းတရား တို့သာတည်း။

ချစ်သားတို့၊ ရဟန်းသည် ထိုတရားတွေကို စိတ်၏ ညစ်ညူး ကြောင်း တရားဟုသိ၍ ပယ်စွန့်၏။ ထိုသို့ပယ်စွန့်သော ရဟန်းသည် မြတ်စွာဘုရား၌ ဉာဏ်ဖြင့်သက်ဝင်၍ မတုန်မလှုပ် ကြည်ညိုခြင်းနှင့် ပြည့်စုံ၏။

“ထိုမြတ်စွာဘုရားသည် ပူဇော်အထူးကို ခံတော်မူထိုက်သော အကြောင်းကြောင့်လည်း အရဟံ မည်တော်မူ၏။ အလုံးစုံသော တရားတို့ကို ကိုယ်တိုင်မှန်စွာ သိတော်မူသော အကြောင်း ကြောင့်လည်း သမ္မာသမ္ဗုဒ္ဓ မည်တော်မူ၏။ အသိဉာဏ် ဝိဇ္ဇာ အကျင့်စရဏနှင့် ပြည့်စုံတော်မူသော အကြောင်းကြောင့်လည်း ဝိဇ္ဇာစရဏ မည်တော်မူ၏။ ကောင်းသောစကားကို ဆိုတော်မူသော အကြောင်းကြောင့်လည်း သုဂတ မည်တော်မူ၏။ လောကသုံးပါးကို သိတော်မူသော အကြောင်းကြောင့်လည်း လောကဝိဒူ မည်တော်မူ၏။ ဆုံးမထိုက်သူကို ဆုံးမတတ်သည့် အတုမဲ့ပုဂ္ဂိုလ် ဖြစ်တော်မူသော အကြောင်းကြောင့်လည်း အနုတ္တရောပုရိသ ဒမ္မသာရထိ မည်တော်မူ၏။ နတ်လူတို့၏ဆရာတဆူ ဖြစ်တော်မူသော အကြောင်းကြောင့်လည်း သတ္ထာဒေဝမနုဿာန မည်တော်မူ၏။ သစ္စာလေးပါးတို့ကို သိတော်မူသော အကြောင်းကြောင့်လည်း ဗုဒ္ဓမည်တော်မူ၏။ ဘုန်းတန်ခိုး ကြီးတော် မူသော အကြောင်းကြောင့်လည်း ဘဂဝါ မည်တော်မူ၏” ဟု မတုန်မလှုပ် ကြည်ညိုခြင်းနှင့် ပြည့်စုံ၏။”

တရားတော်၌ ဉာဏ်ဖြင့်သက်ဝင်၍ မတုန်မလှုပ် ကြည်ညိုခြင်းနှင့် ပြည့်စုံ၏။ မြတ်စွာဘုရားသည် တရားတော်ကို ကောင်းစွာ ဟောတော်မူအပ်၏။ ထိုတရားတော်သည် ကိုယ်တိုင် သိမြင်နိုင်သော တရားတော် ပါပေတည်း။ အခါမလင့် အကျိုးကိုပေးတတ်သော တရားတော်ပါပေတည်း။ လာလှည့်ရှုလှည့်ဟု ပြထိုက်သော တရားတော် ပါပေတည်း။ မိမိကိုယ်ထဲ စိတ်ထဲ၌ ဆောင်ယူ ထားထိုက်သော တရားတော်ပါပေတည်း။ အရိယာ ပညာရှိတို့သာ ကိုယ်စီကိုယ်ငှ သိနိုင်ခံစားနိုင်သော တရားတော် ပါပေတည်းဟု ဉာဏ်ဖြင့်သက်ဝင်၍ မတုန်မလှုပ် ယုံကြည်ခြင်းနှင့် ပြည့်စုံ၏။

သံဃာတော်၌ ဉာဏ်ဖြင့်သက်ဝင်၍ မတုန်မလှုပ် ယုံကြည်ခြင်းနှင့် ပြည့်စုံ၏။ မြတ်စွာဘုရား၏ တပည့်သား သာဝက သံဃာသည် ကောင်းသော အကျင့် ရှိတော်မူပါပေ၏။ မြတ်စွာဘုရား၏ တပည့်သားသံဃာတော်သည် ဖြောင့်မတ်သော အကျင့် ရှိတော်မူပါပေ၏။ မြတ်စွာဘုရား၏ တပည့်သား သံဃာတော်သည် နိဗ္ဗာန်နှင့် လျော်ကန်သော အကျင့် ရှိတော် မူပါပေ၏။ မြတ်စွာဘုရား၏ တပည့်သား သံဃာတော်သည် အရိုအသေပြုခြင်းငှာ ထိုက်သောအကျင့် ရှိတော်မူပါပေ၏။ အစုံအားဖြင့် လေးစုံ၊ ပုဂ္ဂိုလ် အားဖြင့် ရှစ်ပါး အရေအတွက်ရှိသောမြတ်စွာဘုရား၏ တပည့်သား သံဃာတော်သည်

အဝေးရပ်မှ ဆောင်လာ၍ သော်လည်း ပေးလှူပူဇော်ရန် ထိုက်တော်မူပါပေ၏။ ဧည့်သည်အလို့ငှာ စီမံ၍ထားသော ဝတ္ထုကို သော်လည်း ပေးလှူပူဇော်ရန် ထိုက်တန်တော်မူပါပေ၏။ တမလွန်အတွက် ရည်မျှော်သော အလှူကိုသော်လည်း ခံတော်မူထိုက်ပါပေ၏။ လက်အုပ်ချီမိုးခြင်းကိုလည်း ခံထိုက်ပါပေ၏။ ကောင်းမှုပြုရန် အမြတ်ဆုံးလယ်မြေလည်း ဖြစ်တော်မူပါပေ၏ဟု ဉာဏ်ဖြင့်သက်ဝင်၍ မတုန်မလှုပ် ယုံကြည်ခြင်းနှင့် ပြည့်စုံ၏။

ထိုရဟန်းသည် ပိုင်းခြားထားတိုင်းသော ကိလေသာကို ပယ်စွန့်ပြီး ဖြစ်၏။ လွတ်ကင်းပြီးဖြစ်၏။ ပယ်ရှင်းပြီးဖြစ်၏။ တဖန် ပယ်စွန့်ပြီး ဖြစ်၏။ ထိုရဟန်းသည်"ငါသည် မြတ်စွာဘုရား၌ သက်ဝင်ယုံကြည်ခြင်းနှင့် ပြည့်စုံ၏" ဟု အနက်အဓိပ္ပါယ်ကိုသိခြင်း၊ တရားကိုသိခြင်း၊ တရားနှင့်စပ်သော ဝမ်းသာခြင်းကိုရ၏။ ဝမ်းသာသောရဟန်းအား နှစ်သက်ခြင်းဖြစ်၏။ နှစ်သက်ခြင်းရှိသောရဟန်းအား ကိုယ်သည် အေးမြ၏။ ကိုယ်အေးမြသော ရဟန်းအား ချမ်းသာမှုကို ခံစားရ၏။ ချမ်းသာမှုရှိသော ရဟန်း၏စိတ်သည် တည်တံ့၏။

ငါသည် တရားတော်၌ သက်ဝင်ယုံကြည်ခြင်းနှင့် ပြည့်စုံ၏ဟု အနက်အဓိပ္ပါယ်ကိုသိခြင်း၊ တရားကိုသိခြင်း၊ တရားနှင့်စပ်သော ဝမ်းသာခြင်းကိုရ၏။ ဝမ်းသာသော ရဟန်းအား နှစ်သက်ခြင်းကိုရ၏။ နှစ်သက်ခြင်းရှိသော ရဟန်းအား ကိုယ်သည် အေးမြ၏။ ကိုယ်အေးမြသော ရဟန်းသည် ချမ်းသာမှုကို ခံစားရ၏။ ချမ်းသာမှုရှိသော ရဟန်း၏စိတ်သည် တည်တံ့၏။

ငါသည် သံဃာတော်၌ သက်ဝင်ယုံကြည် ခြင်းနှင့် ပြည့်စုံ၏ဟု အနက်အဓိပ္ပါယ်ကိုသိခြင်း၊ တရားကိုသိခြင်း၊ တရားနှင့်စပ်သော ဝမ်းသာခြင်းကိုရ၏။ ဝမ်းသာသော ရဟန်းအား နှစ်သက်ခြင်းကိုရ၏။ နှစ်သက်ခြင်း စိတ်ရှိသော ရဟန်းအား ကိုယ်အေးမြ၏။ ကိုယ်အေးမြသော ရဟန်းသည် ချမ်းသာကို ခံစားရ၏။ ချမ်းသာမှုရှိသော ရဟန်း၏စိတ်သည် တည်တံ့၏။

ထိုရဟန်းသည် "ငါသည် ပိုင်းခြားထားတိုင်းသော ကိလေသာတို့ကို ပယ်စွန့်ပြီး ဖြစ်၏။ ထွေးအန်ပြီးဖြစ်၏။ လွတ်ကင်းပြီးဖြစ်၏။ ပယ်ရှင်းပြီး ဖြစ်၏။ တဖန်ပယ်စွန့်ပြီးဖြစ်၏" ဟု အနက်အဓိပ္ပါယ်ကို သိခြင်း၊ တရားကိုသိခြင်း၊ တရားနှင့်စပ်သော ဝမ်းသာခြင်းကိုရ၏။ ဝမ်းသာသော ရဟန်းအား နှစ်သက်ခြင်းဖြစ်၏။ နှစ်သက်ခြင်းစိတ်ရှိသော ရဟန်းအား ကိုယ်အေးမြ၏။ ကိုယ်အေးမြသော ရဟန်းအား ချမ်းသာကိုခံစားရ၏။ ချမ်းသာမှုရှိသော ရဟန်း၏စိတ်သည် တည်တံ့၏။

"ရဟန်းတို့၊ ဤသို့သော အလေ့အကျင့်၊ ဤသို့သော သဘော၊ ဤသို့သော ပညာရှိသော ရဟန်းသည် ဆန်မည်းကို ရွေးချယ်ထားသော သလေးဆွမ်းနှင့် များစွာသော ဟင်းစမဲ ဟင်းလျာတို့ကို အကယ်၍ သုံးဆောင် စေကာမူ ထို သုံးဆောင်ခြင်းသည် ရဟန်းအား မဂ်ဖိုလ်၏အန္တရာယ် မဖြစ်နိုင်ချေ။"

"ရဟန်းတို့၊ ဥပမာသော်ကား ညစ်နွမ်းသော အညစ်အကြေး စွဲကပ်နေသော အဝတ်သည် ကြည်လင်သောရေကို အကြောင်းပြု၍ စင်ကြယ်ဖြူဖွေး သကဲ့သို့လည်းကောင်း၊ ရွှေသည် မိုက်စကို အကြောင်းပြု၍ အညစ်အကြေး စင်ကြယ်၍ ဝင်းလက်သကဲ့သို့လည်းကောင်း၊ ဤအတူပင် ဤသို့သောအလေ့အကျင့်, ဤသို့သောသဘော, ဤသို့သော ပညာရှိသော ရဟန်းသည် ဆန်မည်းကို ရွေးချယ်ထားသော သလေးဆွမ်းနှင့် များစွာသော ဟင်းစမဲဟင်းလျာတို့ကို အကယ်၍သုံးဆောင်စေကာမူ ထိုသုံးဆောင် ခြင်းသည် ထိုရဟန်းအား မဂ်ဖိုလ်၏အန္တရာယ် မဖြစ်ချေ။"

မေတ္တာနှင့်ယှဉ်သောစိတ်ဖြင့် တခုသော အရပ်မျက်နှာကို ပြန့်နှံ့စေလျက် နေ၏။ ထို့အတူ နှစ်ခုသောအရပ်မျက်နှာကို, သုံးခုမြောက်သော အရပ်မျက်နှာကို, လေးခုမြောက်သော အရပ်မျက်နှာကို ပြန့်နှံ့ စေလျက် နေ၏။ ဤနည်းဖြင့် အထက်အောက်ဖီလာ အရပ်မျက်နှာ အလုံးစုံတို့၌ သတ္တဝါအားလုံးကိုမိမိနှင့်အတူပြု၍ သတ္တဝါအားလုံး ပါဝင်သော သတ္တလောကကို ပြန့်ပြောသော, မြင့်မြတ်သော, အတိုင်းအရှည်မရှိသော, ရန်မရှိသော, ကြောင့်ကြမရှိသော မေတ္တာနှင့် ယှဉ်သောစိတ်ဖြင့် ပြန့်နှံ့စေလျက် နေ၏။ ကရုဏာနှင့်ယှဉ်သော စိတ်ဖြင့်။ ပ။ မုဒိတာနှင့်ယှဉ်သော စိတ်ဖြင့်။ ပ။ ဥပေက္ခာနှင့်ယှဉ်သောစိတ်ဖြင့် တခုသောအရပ်မျက်နှာကို ပြန့်နှံ့စေလျက် နေ၏။ ထို့အတူ နှစ်ခုမြောက်သော အရပ်မျက်နှာကို, သုံးခု မြောက်သော အရပ်မျက်နှာကို, လေးခုမြောက်သော အရပ်မျက်နှာကို ပြန့်နှံ့စေလျက်နေ၏။ ဤနည်းဖြင့် အထက်အောက် ဖီလာအရပ်မျက်နှာ အလုံးစုံတို့၌ သတ္တဝါအားလုံးကို မိမိနှင့်အတူပြု၍ သတ္တဝါအားလုံး ပါဝင်သော သတ္တလောကကို ပြန့်ပြောသော, မြင့်မြတ်သော, အတိုင်းအရှည်မရှိသော, ရန်မရှိသော, ကြောင့်ကြမရှိသော, ဥပေက္ခာနှင့် ယှဉ်သောစိတ်ဖြင့် ပြန့်နှံ့စေလျက်နေ၏။

ထိုရဟန်းသည် "ဤရုပ်နာမ်တရားသည် ရှိ၏ဟု ခွဲခြား၍သိ၏။ ယုတ်ညံ့သောလောဘတရားသည် ရှိ၏ ဟု ခွဲခြား၍သိ၏။ မြတ်သော အရိယာမဂ်တရားသည် ရှိ၏ဟုခွဲခြား၍ သိ၏။ ဤ ငါ ရနေသော ဗြဟ္မဝိဟာရစိတ်ထက်

သာလွန်သော လွတ်မြောက်ရာ နိဗ္ဗာန်တရားသည် ရှိ၏ဟု ခွဲခြား၍ သိ၏။ ဤသို့သိသော, ဤသို့မြင်သော, ထိုရဟန်း၏စိတ်သည် ကာမာသဝမှ လွတ်မြောက်၏။ ဘဝါသဝမှ လွတ်မြောက်၏။ ဒိဋ္ဌာသဝမှ လွတ်မြောက်၏။ အဝိဇ္ဇာသဝမှလည်း လွတ်မြောက်၏။ လွတ်မြောက် ပြီးလတ်သော် လွတ်မြောက်ပြီဟု အသိဉာဏ်ဖြစ်ပေါ်၏။ ပဋိသန္ဓေနေမှုကုန်ပြီ။ မြတ်သော အကျင့်ကို ကျင့်သုံးပြီးပြီ။ မဂ်ကိစ္စကိုပြုပြီးပြီ။ ဤ မဂ်ကိစ္စအလို့ငှာ တပါးသောပြုဖွယ်မရှိတော့ပြီ''ဟုသိ၏။

''ချစ်သားတို့၊ ထိုရဟန်းကို အတွင်း၌ဖြစ်သော ရေချိုးခြင်းဖြင့် ရေချိုးပြီးသော ရဟန်းဟုခေါ်ဆိုရ၏''ဟု မိန့်တော်မူ၏။

ထိုအခါ သုန္ဒရိကဘာရဒွါဇ ပုဏ္ဏားသည် မြတ်စွာဘုရား၏ အနီး၌ထိုင်နေ၏။ ထိုအခါ သုန္ဒရိကဘာရဒွါဇ ပုဏ္ဏားသည် မြတ်စွာဘုရားအား ''အရှင်ဂေါတမသည် ဗာဟုကာမြစ်သို့ ရေချိုးရန် သွားပါသလော''ဟုလျှောက်၏။ ထိုအခါ မြတ်စွာဘုရားက ''ပုဏ္ဏား၊ ဗာဟုကာမြစ်ဖြင့် အဘယ်အကျိုးရှိမည်နည်း။ ဗာဟုကာမြစ်သည် ဘယ်အကျိုးကို ပြုနိုင်မည်နည်း''ဟု မေးတော်မူ၏။ ''အရှင်ဂေါတမ၊ ဗာဟုကာမြစ်သည် ကိလေသာကို ခေါင်းပါးစေတတ်၏ဟု လူအများက သမုတ်ထားပါ၏။ အရှင်ဂေါတမ၊ ဗာဟုကာ မြစ်သည် ကိလေသာကို စင်ကြယ်စေတတ်၏ဟု လူအများက သမုတ်ထားပါ၏။ လူအများသည် ပြုပြီးသော မကောင်းမှုကို ဗာဟုကာမြစ်၌ မျှောကြပါ၏'' ဟုလျှောက်၏။

ထိုအခါ မြတ်စွာဘုရားက သုန္ဒရိကဘာရဒွါဇ ပုဏ္ဏားကို ဂါထာတို့ဖြင့် ဟောကြားတော်မူ၏။

ဗာဟုကံ အဓိကက္ကဉ္စ၊ ဂယံ သုန္ဒရိကံ စပိ။
သရဿတိံ ပယာဂဉ္စ၊ အထော ဗာဟုမတိံ နဒိံ။
နိစ္စံ ဝိ ဗာလော ပက္ခန္ဒော၊ ကဏှကမ္မော န သုဇ္ဈတိ။

ဟောပြဟွဏ၊ ပညတ်အားဖြင့် ပြဟွဏခေါ်ငြား အို—ပုဏ္ဏား။ ဗာဟုကံ၊ ဗာဟုက အမည်ရှိသော။ နဒိံ၊ မြစ်သို့ လည်း ကောင်း။ အဓိကက္ကဉ္စ၊ အဓိကက္ကမည်သီး ဆိပ်ကမ်းကြီးသို့ လည်းကောင်း။ ဂယံ၊ ဂယာ မည်သီး ဆိပ်ကမ်းကြီးသို့ လည်းကောင်း။ သုန္ဒရိကံ၊ သုန္ဒရိက မည်သော။ နဒိံ၊ မြစ်သို့ လည်းကောင်း။ အပိ၊ ထိုမှတပါး။ သရဿတိံ၊ သရဿတီ အမည်

ရှိသော။ နဒိံ၊ မြစ်သို့လည်းကောင်း။ ပယာဂဥ္စ၊ ဂယာဂမည်သီး ဆိပ်ကမ်းကြီးသို့လည်းကောင်း။ အထော၊ ထိုမှတပါး။ ဗဟုမဟိံ၊ ဗဟုမဟီ အမည်ရှိသော။ နဒိံ၊ မြစ်သို့လည်းကောင်း။ ဂန္တွာ၊ သွား၍။ ကဏှကမ္မော၊ မည်းညစ်သော အကုသိုလ်အမှုကို အမြဲပြုသော။ ဗာလော၊ လူမိုက်သည်။ နိစ္စံ၊ နေ့ရောညပါ အခါမစဲ အမြဲပင်လျှင်။ ပက္ခန္ဒော၊ သောက်လိုသောက်, ချိုးလိုချိုး, စိမ်လိုစိမ်, ဘယ်လိုပင် စင်ကြယ်အောင် လုပ်သော် လည်း။ နသုဇ္ဈတိ၊ ကောင်းစွာမသွေ့ မစင်ကြယ်နိုင်ချေ၏ တကား။

ကိံ သုန္ဒရိကာ ကရိဿတိ ကိံ ပယာဂါ ကိံ ဗဟုကာ နဒီ။
ဝေရိံ ကတကိဗ္ဗိသံ နရံ၊ နဟိ နံ သောဓယေ ပါပကမ္မိနံ။

သုန္ဒရိကာနဒီ၊ သုန္ဒရိကာမည်ဟီး ထိုမြစ်ကြီးသည်။ ကိံ ကရိဿတိ၊ ဘာပြုနိုင်လတံ့နည်း။ ပယာဂါ၊ ပယာဂမည်ဟီး ထိုဆိပ်ကမ် ကြီးသည်။ ကိံ၊ ဘာပြုနိုင်လတံ့နည်း။ ဗာဟုကာနဒီ၊ ဗာဟုကာမည်ဟီး ထိုမြစ်ကြီးသည်။ ကိံ၊ ဘာပြုနိုင်လတံ့နည်း။ ဝေရိံ၊ ရန်ရှိသော။ ကတကိဗ္ဗိသံ၊ ပြုအပ်ပြီးသော ကြမ်းကြုတ်မှုရှိသော။ ပါပကမ္မိနံ၊ ယုတ်မာညစ်ကျူ မကောင်းမှုကို ပြုပြီးသော။နံ နရံ၊ ထိုမကောင်းထိပ်ခေါင် အမိုက်ကောင်ကို။န သောဓယေ၊ ဘယ်လိုပင် အထင်နှင့် လုပ်သော်လဲ ကောင်းစွာမသွေ့ မသုတ်သင် နိုင်ချေ တကား။

ကိလေသာ စင်ကြယ်သူအား စင်စစ် အခါခပ်သိမ်း ဖဂ္ဂုနီနက္ခတ်ကောင်း ကြုံလျက်ရှိ၍ အခါခပ်သိမ်း ဥပုသ်စောင့်သုံးပြီး ဖြစ်နေ၏။ စင်ကြယ်သော သန့်ရှင်းသော အမှုရှိသူအား ကျင့်ဝတ်သည် အခါခပ်သိမ်း ပြည့်စုံသည်သာ တည်း။ ပုဏ္ဏား—ဤသာသနာတော်၌သာ ရေကိုချိုးလော့။ သတ္တဝါအား လုံးတို့၌ ဘေးကင်းသည်ကို ပြုလော့။ “သင်သည် အကယ်၍ မဟုတ်မမှန် မပြောဆိုအံ့၊ အသက်ကို မသတ်အံ့၊ မပေးသည်ကို မယူအံ့၊ ယုံကြည်သူ ဝန်မတိုသူဖြစ်အံ့၊ ဂယာဆိပ်ကမ်းသို့သွား၍ အဘယ်ကို ပြုမည်နည်း။ ရေတွင်း သည်လည်း သင့်အတွက် ဂယာဆိပ်ပင် ဖြစ်၏”ဟု မိန့်တော်မူတယ်။

ဤသို့ ဟောကြားတော်မူလတ်သော် သုန္ဒရိကာရဒ္ဒွါဇပုဏ္ဏားသည် မြတ်စွာ ဘုရားအား “အရှင်ဂေါတမ၊ တရားတော်သည် အလွန် နှစ်သက်ဘွယ် ဖြစ် ပါပေ၏။ အရှင်ဂေါတမ၊ ဥပမာသော်ကား မှောက်၍ထားသော အိုးကို လှန်၍ ပြသကဲ့သို့လည်းကောင်း၊ ဖုံးလွှမ်းထားသော ဝတ္ထုကို ဖွင့်လှစ်သကဲ့သို့ လည်းကောင်း၊ မျက်စိလည်သော သူအား လမ်းမှန်ကို ပြောကြားသကဲ့သို့

လည်းကောင်း၊ မျက်စိအမြင်ရှိသော သူတို့သည် အဆင်းတို့ကို မြင်ကြလိမ့်မည်ဟု အမိုက်မှောင်၌ ဆီမီးတန်ဆောင်ကို ထွန်းညှိထားသကဲ့သို့ လည်းကောင်း၊ အရှင်ဂေါတမ၊ ဤအတူသာလျှင် မြတ်စွာဘုရားသည် အကြောင်းအမျိုးမျိုးဖြင့် တရားကို ဟောပြတော်မူ၏။ အရှင်ဂေါတမ၊ ကျွန်ုပ်သည် မြတ်စွာဘုရားကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏။ တရားတော်ကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏။ သံဃာတော်ကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏။ အရှင်ဂေါတမ၊ ကျွန်ုပ်သည် အရှင်ဂေါတမထံ၌ ရှင်အဖြစ်ကို ရလိုပါ၏။ ရဟန်း အဖြစ်ကို ရလိုပါ၏''ဟု လျှောက်၏။ သုန္ဒရိကဘာရဒွါဇ ပုဏ္ဏားသည် မြတ်စွာဘုရားအထံတော်၌ ရှင်အဖြစ်ကို ရ၏။ ရဟန်းအဖြစ်ကို ရ၏။ ရဟန်းဖြစ်၍ မကြာမီ အရှင်ဘာရဒွါဇသည် တယောက်တည်း ဆိတ်ငြိမ်ရာသို့ ကပ်၍ မမေ့မလျော့ ပြင်းထန်စွာ အားထုတ်လျက် နိဗ္ဗာန်သို့ စိတ်ကို စေလွှတ်လျက် နေသည်ရှိသော် လူ့ဘောင်မှ ရဟန်းဘောင်သို့ ကောင်းစွာဝင်သော အမျိုးသားတို့ လိုလားအပ်သော၊ မြတ်သော အကျင့်၏ အဆုံးဖြစ်သော၊ အတုမရှိသော အရဟတ္တဖိုလ်သို့ အရှင်ဘာရဒွါဇသည် မကြာမီ ယခုဘဝ၌ပင် ထူးသော ဉာဏ်ဖြင့် ကိုယ်တိုင် မျက်မှောက်ပြုလျက် ရောက်၍ နေ၏။ ပဋိသန္ဓေနေမှု ကုန်ပြီ၊ မြတ်သော အကျင့်ကို ကျင့်သုံးပြီးပြီ၊ မဂ်ကိစ္စကို ပြုပြီးပြီ၊ ဤမဂ်ကိစ္စအလို့ငှာ တပါးသော ပြုဘွယ်ကိစ္စမရှိတော့ပြီဟု သိ၏။ အရှင်ဘာရဒွါဇသည် ရဟန္တာတို့တွင် အပါအဝင် ဖြစ်တော်မူလေသတည်း။

မောင်စိန်ရေ၊ ဒီဝတ္ထုသုတ်ကြီးမှာ လုပ်ငန်းကိစ္စဟာ စိတ်ကို ဖြူစင်အောင် လုပ်ဖို့ကို ညွှန်ပြတော်မူတယ်။ ဒီတော့ ဒို့လဲ ဝိသုဒ္ဓိ ခုနစ်ပါး တည်းဟူသော ရေစင်ဖြင့် စိတ်ကို ဖြူစင်အောင် လုပ်ကြစို့လား။ [မှန်ပါ၊ လုပ်ပြတော်မူပါဘုရား။] ဝိသုဒ္ဓိ ခုနစ်ပါး ဆိုတာက သီလဝိသုဒ္ဓိ၊ စိတ္တဝိသုဒ္ဓိ၊ ဒိဋ္ဌိဝိသုဒ္ဓိ၊ ကင်္ခါဝိတရဏဝိသုဒ္ဓိ၊ မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ၊ ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ၊ ဉာဏဒဿနဝိသုဒ္ဓိတို့ ဖြစ်တယ် မောင်စိန်ရဲ့။ [မှန်ပါ၊ သီလဝိသုဒ္ဓိကို အမိန့်ရှိပါဦး ဘုရား။]

သီလ ဝိသုဒ္ဓိ ဆိုတာက ပါတိမောက္ခ သံဝရ သီလ၊ ဣန္ဒြိယ သံဝရ သီလ၊ အာဇီဝပါရိသုဒ္ဓိသီလ၊ ပစ္စယသန္နိဿိတသီလ ဤ ၄ ပါး စင်ကြယ်မှုကို ခေါ်တယ်။ [မှန်ပါ၊ ပါတိမောက္ခ သံဝရ သီလကို အမိန့်ရှိပါဦး ဘုရား။] ပါတိမောက္ခသံဝရသီလဆိုတာ လူမှာ လူနှင့်ဆိုင်ရာ ငါးပါးသီလ၊ သာမဏေမှာ

လိင်ဆယ်ပါး ဒဏ်ဆယ်ပါး, ရဟန်းမှာ ၂၂၇ သွယ်သော သီလကို ခေါ်တယ်။ [ဣန္ဒြိယသံဝရ သီလကို အမိန့်ရှိပါဦး ဘုရား။] ဣန္ဒြိယ သံဝရ သီလဆိုတာ မျက်စိ, နား, နှာခေါင်း, လျှာ, ကိုယ်ကာယ, စိတ်ဟု ဆိုအပ်သော တံခါး ခြောက်ပေါက်ကို လောဘ, ဒေါသ, မောဟ သူခိုး မဝင်ရအောင် သတိ တံခါးရွက်နှင့် ပိတ်ထားမှုကို ခေါ်တယ်။ [ပိတ်ပုံကို အမိန့်ရှိပါဦး ဘုရား။]

မျက်စိနှင့် ရူပါရုံ ပေါင်းဆုံမိတော့ မြင်မှုခေါ်တဲ့ နာမ်တရား ဖြစ်လာတယ်။ အဲဒီလို မြင်မှု ဖြစ်လာယင် သတိ တံခါးရွက်နှင့် ပိတ်လိုက်တော့ နောက်ထပ် ဒီအာရုံကို လောဘ, ဒေါသ, မောဟ ဖြစ်သည်အထိ လက်မခံနှင့်တော့။ နားနှင့် အသံ ပေါင်းဆုံမိတော့ ကြားမှုခေါ်တဲ့ နာမ်တရား ဖြစ်လာတယ်။ ဒီလို ကြားမှုဖြစ်လာယင် သတိ တံခါးရွက်ကို ပိတ်လိုက်တော့ နောက်ထပ် ဒီအာရုံကို လောဘ, ဒေါသ, မောဟ ဖြစ်သည်အထိ လက်မခံနှင့်တော့။ နှာခေါင်းနှင့် အနံ့ ပေါင်းဆုံမိတဲ့အခါ နံမှုခေါ်တဲ့ နာမ်တရား ဖြစ်လာတယ်။ ဒီလို နံမှုဖြစ်လာယင် သတိ တံခါးရွက်ကို ပိတ်လိုက်တော့ နောက်ထပ် ဒီအာရုံကို လောဘ, ဒေါသ, မောဟ ဖြစ်သည်အထိ လက်မခံနှင့်တော့။ လျှာနှင့် အရသာ ပေါင်းဆုံမိတဲ့အခါ လျက်သိမှု ဖြစ်လာတယ်။ ဒီလို လျက်သိမှုခေါ်တဲ့ နာမ်တရားဖြစ်လာယင် သတိဆိုတဲ့ တံခါးရွက်ကို ပိတ်လိုက်တော့၊ နောက်ထပ် ဒီအာရုံကို လောဘ, ဒေါသ, မောဟ ဖြစ်သည်အထိ လက်မခံနှင့်တော့။ ကိုယ်ကာယနှင့် ဖောဋ္ဌဗ္ဗာရုံ ပေါင်းဆုံမိတဲ့အခါ တွေ့သိမှုခေါ်တဲ့ နာမ်တရား ဖြစ်လာတယ်။ ဒီလို ဖြစ်လာယင် သတိ တံခါးရွက်ကို ပိတ်လိုက်တော့ နောက်ထပ် ဒီအာရုံကို လောဘ, ဒေါသ, မောဟ ဖြစ်သည်အထိ လက်မခံနှင့်တော့။ မနောနှင့် ဓမ္မာရုံ ပေါင်း ဆုံမိတဲ့အခါ တောင်တောင် အီအီကို ကြံစည်မှု မနော ဝိညာဏ် ဖြစ်လာတယ်။ ဒီလို ဖြစ်လာယင် လောဘ, ဒေါသ, မောဟဖြစ်မယ့်အကြံဆိုယင် မဖြစ်မီရပ်လိုက်တော့ဖြစ်အောင် ဆက်မကြံနှင့်။ အဲဒီလို တံခါး ခြောက်ပေါက်ကို လောဘ, ဒေါသ, မောဟ သူခိုးမဝင်ရအောင် ပိတ်ဆို့မှုကို ဣန္ဒြိယသံဝရသီလလို့ ခေါ်တယ်။ [မှန်ပါ ဘုရား။]

အာဇီဝပါရိသုဒ္ဓိသီလ ဆိုတာ ကာယ ဒုစရိုက် သုံးပါးဖြင့် အသက်မမွေး, ဝစီဒုစရိုက် လေးပါးဖြင့် အသက်မမွေးဘူး။ အဲဒါကို ခေါ်တယ်။ [မှန်ပါ ဘုရား။] ပစ္စယသန္နိဿိတ သီလ ဆိုတာ သင်္ကန်း, ဆွမ်း, ကျောင်း, ဆေး ဟု ဆိုအပ်သော ပစ္စည်း လေးပါးကို သုံးဆောင်တဲ့ အခါ မာန်မာန မဖြစ်ရ

လေအောင် ဆင်ခြင်၍ သုံးဆောင်တာကို ခေါ်တယ်။ သင်္ကန်းကို မှီဝဲတဲ့အခါ "အချမ်း အပူကို ပယ်ဖျောက်၍ အရှက် အကြောက်ကို ဖုံးလွှမ်းခြင်းငှာသာလျှင် ဤသင်္ကန်းကို မှီဝဲပါသတည်း" ဟုရင်း၊ ဆွမ်းကို မှီဝဲတဲ့အခါ "အဟောင်းဖြစ်သော ဝေဒနာ ပျောက်၍ အသစ်ဖြစ်သော ဝေဒနာ မပေါ်ပေါက်ပဲ ခန္ဓာကိုယ် မျှတပြီး သာသနာသုံးရပ်ကို ထမ်းဆောင်ခြင်းငှာ ဤဆွမ်းကို မှီဝဲပါသတည်း" ဟုရင်း၊ ကျောင်းကို မှီဝဲတဲ့အခါ "အချမ်း အပူနှင့် မြွေ ကင်း သန်း စသော ဘေးရန်တို့ကို တားဆီးခြင်းငှာ ဤကျောင်းကို မှီဝဲပါသတည်း" ဟုရင်း၊ ဆေးကို မှီဝဲတဲ့အခါ "ရောဂါ ဝေဒနာ ပျောက်ကင်း၍ ကျန်းမာခြင်းသို့ ရောက်ကာ တရားကို အားထုတ်နိုင်ရန် ဤဆေးကို မှီဝဲပါသတည်း" ဟုရင်း ဆင်ခြင်၍ သုံးဆောင်ခြင်းကို ခေါ်တယ်။ [မှန်ပါဘုရား။]

မောင်စိန်ရေ....သီလဝိသုဒ္ဓိကို ပြောပြီး စိတ္တဝိသုဒ္ဓိကို ဟောကြစို့လား။ [ဟောပြမှ သိရမှာပါ ဘုရား။] သူခိုး ဓားပြ အနှိပ်စက် မခံရတဲ့ ရွာဟာ မချမ်းသာလား။ [ချမ်းသာပါတယ် ဘုရား။] အဲဒီလိုပဲ သီလ လေးမျိုး စင်ကြယ်တော့ တံခါးခြောက်ပေါက်က လောဘ, ဒေါသ, မောဟ သူခိုး မဝင်နိုင်ဘူး။ ပြီး....မိမိကိုယ်ကိုမိမိ စွပ်စွဲခြင်းဆိုတဲ့ အတ္တာနုဝါဒ ဘေးလဲမရှိ၊ ဒီအမှုမျိုးကို လုပ်မိလေခြင်းဟု နောင်တ တဖန် ပူပန်ခြင်း ကုက္ကုစ္စလဲ မဖြစ်တော့ စိတ်ဟာ အေးမြကြည်လင်ပြီး မနေပါလား။ [နေပါတယ်ဘုရား။]

အဲဒီလို စိတ် အေးမြကြည်လင် တာကို စိတ္တဝိသုဒ္ဓိလို့ ခေါ်တယ်။ စိတ္တဝိသုဒ္ဓိ၏ နယ်ပယ်ဟာ သီလလုံခြုံ၍ စိတ်အေးတာကစပြီး ဈာန်အဘိညာဉ် ရသည်အထိဖြစ်တယ်။ ဝိသာခါ, အနာထပိဏ်တို့၏ စိတ္တဝိသုဒ္ဓိဟာ ဘယ်ဈာန် အဘိညာဉ် ရမလဲ၊ သီလလုံခြုံ၍ စိတ်အေးမြမှုဖြစ်တာပဲ။ သူတို့ကတော့ လူသူတော်ကောင်းတွေ ဆိုတော့ ဘုရားနှင့် မတွေ့မီကပဲ သီလဝိသုဒ္ဓိ, စိတ္တဝိသုဒ္ဓိ ဖြစ်နေပါပြီ။ ဘုရားနှင့် တွေ့တော့ ဒိဋ္ဌိဝိသုဒ္ဓိဖြစ်ပြီး သောတာပန်တည်သွားတာပဲ မောင်စိန်ရဲ့။ [မှန်ပါဘုရား။] စိတ္တဝိသုဒ္ဓိကို ပြောပြီးတော့ ဒိဋ္ဌိဝိသုဒ္ဓိကို ပြောကြဦးစို့။ ဒိဋ္ဌိဝိသုဒ္ဓိဆိုတာ အယူစင်ကြယ်တာကို ခေါ်တယ်။ ဒိဋ္ဌိဆိုတာ သက္ကာယဒိဋ္ဌိမှ စ၍ ၆၂ ပါးသော ဒိဋ္ဌိ အထိ အမျိုးမျိုး ဖြစ်တယ်။ သက္ကာယဒိဋ္ဌိက ပင်မပင်စည်နှင့် တူတယ်။ သဿတဒိဋ္ဌိ, ဥစ္ဆေဒဒိဋ္ဌိက ကိုင်းမကြီးနှင့် တူတယ်။ ၆၂ ပါးသော ဒိဋ္ဌိက အခက်အလက်တွေနှင့် တူတယ်။ သစ်ပင်ကြီး တပင်မှာ ပင်မကို ခုတ်သတ်လိုက်ယင် ကိုင်းမတွေရော အခက်အလက်တွေပါ အကုန်သေမကုန်ဘူးလား။ [သေကုန်ပါတယ် ဘုရား။]

ဒီလိုဆိုတော့ ငါတို့လဲ သက္ကာယဒိဋ္ဌိဆိုတဲ့ ပင်မကိုပဲ သတ်ကြရအောင်။ သက္ကာယဆိုတာက ခန္ဓာငါးပါးကို ခေါ်တယ်။ ဒိဋ္ဌိဆိုတာက အဲဒီ ခန္ဓာငါး ပါးကို အတ္တဟုရင်း၊ အတ္တရှိတယ်ဟုရင်း စွဲလမ်းမှုကို ခေါ်တယ်။ အတ္တ ဆိုတာ မရှိပါပဲ ရှိတယ်လို့ ထင်သည့်အတွက် ဒီအယူအဆကို ဒိဋ္ဌိလို့ ခေါ်တာ မောင်စိန်ရဲ့။ [မှန်ပါဘုရား။] အတ္တဆိုတာ ဗမာလိုပြောရယင် အမြဲတေလို ခိုင်မာသော အနှစ်သာရလို့ အဓိပ္ပာယ်ရတယ်။ အဲဒီ သာရကလဲ လေးမျိုး ရှိတယ်။ ဝုဝသာရ, နိစ္စသာရ, သုခသာရ, သုဘသာရတဲ့။ ဒီအတ္တအစွဲ သာရ အစွဲပြုတ်သွားယင် သက္ကာယဒိဋ္ဌိပြုတ်တော့တာပဲ။ ဒါကြောင့် သက္ကာယဒိဋ္ဌိ ပြုတ်အောင် ခန္ဓာ ငါးပါး၌ သာရ လေးလုံး ရှိ,မရှိ စိစစ်ကြ စို့လား မောင်စိန်ရဲ့။ [မှန်ပါ၊ စိစစ်တော်မူပါဘုရား။]

ရူပက္ခန္ဓာမှာ ဥတုဇရုပ်ကို စိစစ်မယ်။ မင်းတို့ ငါတို့၏ ရုပ်တရားဟာ အပူနှင့် တွေ့တဲ့အခါ ချွေးတွေထွက်ပြီး ပင်ပန်းတဲ့ အသွင် မဖြစ်ပါလား။ [ဖြစ်ပါ တယ် ဘုရား။] အအေးနှင့် တွေ့တဲ့အခါ ချွေးတွေတိတ်ပြီး ရွှင်လန်းတဲ့အသွင် မဖြစ်ပါလား။ [ဖြစ်ပါတယ် ဘုရား။] အပူရုပ်ဟာ အပူနှင့် တွေ့ဆဲခဏ ရှိ၍ အအေးရုပ်ဟာ အအေးနှင့် တွေ့ဆဲခဏမှာသာ ရှိတယ်ဆိုတော့ မြဲတယ်လို့ ဆိုနိုင်ပါမလား။ [မဆိုနိုင်ပါဘုရား။] မမြဲယင် နိစ္စသာရ ရှိပါမလား။ [မရှိပါဘုရား။]

ခဏသာ ရှိတယ် ဆိုတော့ အတိတ်ဘဝက လာတာလို့ ဆိုနိုင်ပါမလား။ [မဆိုနိုင်ပါဘုရား။] အနာဂတ် ဘဝကိုကော သွားနိုင်ပါမလား။ [မသွား နိုင်ပါ၊ အခုဖြစ်ပြီး အခုပဲ ပျက်စီးသွားပါတယ်ဘုရား။] ဒီလိုဆိုယင် ဝုဝသာရ ရှိတယ်လို့ ဆိုနိုင်ပါမလား။ [မဆိုနိုင်ပါဘုရား။] အခုဖြစ်ပြီး အခုပျက်စီး သွားတဲ့ ရုပ်ကို ချမ်းသာတယ်လို့ ဆိုနိုင်ပါမလား။ [မဆိုနိုင်ပါဘုရား။] ဒီလိုဆိုယင် သုခသာရ ရှိတယ်လို့ ဆိုနိုင်ပါမလား။ [မဆိုနိုင်ပါဘုရား။] မချမ်းသာတဲ့ ရုပ်ကို သုဘ တင့်တယ်တယ်လို့ ဆိုနိုင်ပါမလား။ [မဆိုနိုင်ပါ ဘုရား။] ဒီလိုဆိုယင် သုဘသာရ ရှိတယ်လို့ ဆိုနိုင်ပါမလား။ [မဆိုနိုင်ပါ ဘုရား။] ဒီလို သာရလေးလုံး ဆိတ်သုဉ်းတဲ့ ရုပ်ကို အတ္တလို့ ဆိုနိုင်ပါမလား။ [မဆိုနိုင်ပါ ဘုရား။] အတ္တနှင့် စပ်တယ်လို့ကော ဆိုနိုင်ပါမလား။ [မဆို နိုင်ပါဘုရား။] အတ္တဆိုတာ ယုန်ချိုး လိပ်မွေးလို စကားသာရှိ၍ အသား မရှိဘူး မောင်စိန်ရဲ့။ [မှန်ပါဘုရား။]

အဲဒီလို ရုပ်မှာ အတ္တအစွဲ ပြေသွားအောင် ဆင်ခြင်ရမယ် မောင်စိန်ရဲ့။ [မှန်ပါဘုရား။] ကဲ—ရူပက္ခန္ဓာကို စိစစ်၍ ပြီးပြီ၊ ဝေဒနက္ခန္ဓာကို စိစစ်ကြစို့

လား။ [မှန်ပါ၊ စိစစ်တော်မူပါဘုရား။] မောင်စိန်ရဲ့ ပါးစပ်ထဲမှာ ယခု ဘာအစာရှိသလဲ။ [ဘာအစာမှ မရှိပါ ဘုရား။] ဘာအစာမှ မရှိတဲ့အတွက် ဘာဝေဒနာမှ မဖြစ်တာကို တွေ့ရှိရဲ့လား။ [တွေ့ပါပြီ ဘုရား။] ကဲ—သကြားလုံးကလေးကို ငုံလိုက်စမ်း၊ ရသာရုံကို ခံစားတဲ့ သဘောကျမှုကလေး ဖြစ်မလာလား။ [ဖြစ်လာပါတယ်ဘုရား။] မျိုချလိုက်စမ်း၊ အဲဒီ ဝေဒနာကလေး ချုပ်မသွားလား။ [ချုပ်သွားပါတယ်ဘုရား။] အာရုံဒွါရ ထိခိုက်မှု ဖဿ ဖြစ်လျှင် ဝေဒနာဖြစ်၍ ဖဿချုပ်လျှင် ဝေဒနာချုပ်တာကို တွေ့ပြီလား။ [တွေ့ပါပြီဘုရား။]

ဒီဝေဒနာကို မြဲတယ်လို့ ဆိုနိုင်ပါမလား။ [မဆိုနိုင်ပါဘုရား။] မမြဲယင် နိစ္စသာရ ရှိတယ်လို့ ဆိုနိုင်ပါမလား။ [မဆိုနိုင်ပါဘုရား။] အခုဖြစ်ပြီး အခု ချုပ်တယ်ဆိုတော့ အတိတ်ဘဝမှ ပစ္စုပ္ပန်ဘဝသို့ ပစ္စုပ္ပန်မှ အနာဂတ်ဘဝသို့ ကူးပြောင်းသွားနိုင်လောက်အောင် ခိုင်ခံ့တဲ့ အနှစ်သာရ ရှိရဲ့လား။ [မရှိပါ ဘုရား။] မရှိယင် ဓုဝသာရ မရှိဘူးပေါ့ မောင်စိန်ရဲ့။ [မရှိပါဘုရား။]

ဖြစ်ပြီး ပျက်သွားတယ်ဆိုတော့ ချမ်းသာတယ်လို့ ဆိုနိုင်ရဲ့လား။ [မဆိုနိုင်ပါ ဘုရား။] မချမ်းသာယင် သုခသာရ ရှိတယ်လို့ ဆိုနိုင်ပါမလား။ [မဆိုနိုင်ပါဘုရား။] သုခသာရ မရှိယင် တင့်တယ်တယ်လို့ ဆိုနိုင်ပါမလား။ [မဆိုနိုင်ပါဘုရား။] မဆိုနိုင်ယင် သုဘသာရ မရှိဘူးပေါ့ မောင်စိန်ရဲ့။ [မရှိပါဘုရား။] ဒီလို သာရလေးလုံး မရှိတဲ့ ဝေဒနာကို အတ္တလို့ ဆိုနိုင်ပါမလား။ [မဆိုနိုင်ပါဘုရား။] အတ္တနှင့် စပ်တယ်လို့ကော ဆိုနိုင်ပါမလား။ [မဆိုနိုင်ပါဘုရား။] ဒီလို မဆိုနိုင်တော့ ဝေဒနာဟာ အတ္တ မဟုတ်ဘူးပေါ့ ကွယ်။ [မဟုတ်ပါ ဘုရား။] အဲဒါကြောင့် မြတ်စွာဘုရားက အနတ္တလို့ ဟောတော်မူတာပေါ့။ [မှန်ပါဘုရား။]

သညာ, သင်္ခါရ, ဝိညာဏတို့လဲ ဝေဒနာနှင့်ဖြစ်တူပျက်တူ ဖြစ်ကြလေတော့ ဝေဒနာဟာ အနတ္တဆိုယင် သူတို့လဲ အနတ္တပေါ့ မောင်စိန်ရဲ့။ [မှန်ပါ၊ သညာ,သင်္ခါရ,ဝိညာဏ တို့လဲ အနတ္တပါဘုရား။] အဲဒီလို ခန္ဓာငါးပါးမှာ အတ္တအစွဲ ပြေသွားယင် ဒိဋ္ဌိဝိသုဒ္ဓိ ဖြစ်တော့တာပဲ မောင်စိန်ရဲ့။ [မှန်ပါ၊ဝမ်းသာစရာပါ ဘုရား။]

ဒိဋ္ဌိဝိသုဒ္ဓိကိုပြောပြီးတော့ ကင်္ခါဝိတရဏဝိသုဒ္ဓိကို ပြောကြဦးစို့။ ကင်္ခါဆိုတာ ယုံမှားခြင်းလို့ ဆိုတယ်။ ဘာတွေကို ယုံမှားသလဲဆိုတော့ သံသရာကြီး၏ ရှေ့အစွန်းကို ယုံမှားတယ်။ နောက်အစွန်းကို ယုံမှားတယ်။ ရှေ့နောက်

နှစ်ပါးလုံးကို ယုံမှားတယ်။ ဘုရား၌ ယုံမှားတယ်။ တရား၌ ယုံမှားတယ်။ သံဃာ၌ ယုံမှားတယ်။ သိက္ခာ၌ ယုံမှားတယ်။ ပဋိစ္စသမုပ္ပါဒ်၌ ယုံမှားတယ်။ အဲဒီ ရှစ်ဌာနမှာ ယုံမှားတယ်ကွဲ့။ [မှန်ပါ၊ ဒီယုံမှားခြင်းတွေကို ပျောက်အောင် ရှင်းတော်မူပါဘုရား။]

နှမ်းပင် ဘာလို့ ပေါက်သလဲလို့ မေးတော့ နှမ်းစေ့ကြောင့် ပေါက်ရပါတယ်လို့ မဖြေကြဘူးလား။ [ဖြေကြရမှာပါဘုရား။] နှမ်းစေ့ ဘာကြောင့် အပင် ပေါက်စေနိုင်သလဲလို့ မေးယင် မြေကြီးနှင့် ပေါင်းရလို့ ပေါက်စေနိုင်တာပါ ဘုရားလို့ မဖြေကြဘူးလား။ [မှန်ပါ၊ဒီလိုပဲ ဖြေရမှာပါဘုရား။]

ဒီလိုပဲ မင်းတိုင်ါတို့၏ခန္ဓာ ဘာကြောင့်ဖြစ်ရသလဲလို့ မေးယင် အတိတ်ကံ သင်္ခါရကြောင့် ဖြစ်တာပါဘုရားလို့ မဖြေကြဘူးလား။ [ဖြေမှာပါဘုရား။] အတိတ်ကံသည် ဘာကြောင့် သင်္ခါရ ဖြစ်သလဲလို့ မေးယင် အဝိဇ္ဇာကြောင့် ဖြစ်ရပါတယ်လို့ မဖြေကြဘူးလား။ [ဖြေကြရမှာပါ ဘုရား။] အဲဒီအဝိဇ္ဇာသည် ဘယ်ကမ္ဘာ၊ ဘယ်မင်းလက်ထက်က စပြီး ဖြစ်သလဲလို့ အစကိုမေးယင် အဝိဇ္ဇာ၏အစကို ရှာ၍ရပါမလား။ [မရပါဘုရား။] ရှာမရတာ မရှိလို့ ပေါ့ မောင်စိန်ရဲ့။ [မှန်ပါ၊ မရှိလို့ပါဘုရား။] [မရှိဘူး ဆိုတာ ရှင်းပြီလား။] [ရှင်းပါပြီဘုရား။] အဲဒါ သံသရာ၏ရှေ့အစွန်း၌ ယုံမှားကင်းတာပဲကွဲ့။ [မှန်ပါဘုရား။]

အဝိဇ္ဇာရှိယင် သင်္ခါရဖြစ်မယ်။ သင်္ခါရဖြစ်ယင် ဝိညာဏ်ဖြစ်မယ်။ ဝိညာဏ်ဖြစ်ယင် နာမ်ရုပ်ဖြစ်မယ်။ ဆုံးပါမလား။ [မဆုံးနိုင်ပါဘုရား။] အဝိဇ္ဇာရှိသမျှ မဆုံးဘူးဆိုတာ ယုံပြီလား။ [ယုံပါပြီဘုရား။] အဲဒါ သံသရာ၏ နောက်အစွန်း ၌ ယုံမှားကင်းတာပဲကွဲ့၊ [မှန်ပါဘုရား။] သံသရာ၏ ရှေ့အစွန်း နောက်အစွန်း၌ ယုံမှားကင်းစေတဲ့တရား အတ္တအစွဲကိုပြုတ်စေတဲ့ တရားဟာ ငါတို့၏ ဘုရား သာသနာမှာသာ ရှိတယ်မဟုတ်လား။ [မှန်ပါဘုရား။] ကိလေသာငြိမ်းစေတဲ့ တရားကို ဟောနိုင်တာ ဘုရား စစ်လို့သာ ဟောနိုင်တယ်ဆိုတာ ယုံပြီလား။ [ယုံပါပြီဘုရား။] အဲဒါ ဘုရား၌ယုံမှားခြင်းကင်းတာပဲ မောင်စိန်ရဲ့။ [မှန်ပါဘုရား။] ဘုရားစစ်တော့ တရားလဲစစ်တာပဲ ဆိုတာကော ယုံပြီလား။ [ယုံပါပြီဘုရား။] ဘုရားနှင့်တရား စစ်ယင် ၎င်းနှစ်ပါးကြောင့် ဖြစ်လာရတဲ့ သံဃာကိုကော သံဃာစစ်ပါမလားလို့ ယုံမှားသေးသလား။ [မယုံမှားတော့ပါ ဘုရား]။ အဲဒါ တရား၊ သံဃာ၌ ယုံမှားခြင်း ကင်းတော့တာပဲ။ [မှန်ပါဘုရား။]

မင်းအခုလို ယုံမှားခြင်း ကင်းရတာဟာ သီလဝိသုဒ္ဓိဆိုတဲ့ သီလသိက္ခာ, စိတ္တဝိသုဒ္ဓိဆိုတဲ့ သမာဓိသိက္ခာ, ဒိဋ္ဌိဝိသုဒ္ဓိဆိုတဲ့ ပညာသိက္ခာကြောင့် ကင်းရဘာဆိုတာ ယုံပြီလား။ [ယုံပါပြီဘုရား။] အဲဒါသိက္ခာ၃ယုံမှားခြင်း ကင်းတာပဲ။ သံသရာ၏ရှေ့အစွန်း နောက်အစွန်း၌ ယုံမှားခြင်း ကင်းယင် ပဋိစ္စသမုပ္ပါဒ်ကိုလဲ ယုံမှားခြင်း ကင်းတော့တာပဲ မောင်စိန်ရဲ့။ [မှန်ပါဘုရား။] ဒိဋ္ဌိဝိသုဒ္ဓိကြောင့် သက္ကာယဒိဋ္ဌိသေ၊ ကင်္ခါဝိတရဏ ဝိသုဒ္ဓိကြောင့် ဝိစိကိစ္ဆာသေ။ အဲဒီကိလေသာနှစ်ပါး သေတဲ့ပုဂ္ဂိုလ်ကို ဘယ်ပုဂ္ဂိုလ်လို့ ဘုရားဟောသလဲ။ [သောတာပန် လို့ ဟောပါတယ်ဘုရား။]

အဲဒါကြောင့် မင်းလဲ ဒီနှစ်ပါးသေယင် သောတာပန်ဖြစ်ပြီလို့ ဆုံးဖြတ်လိုက်။ အဲ....ဤကဲ့သို့ ကိလေသာသေကြောင်းတရားကို နာရသောကောင်းမှုကြောင့် နိဗ္ဗာန်မဂ်ဖိုလ်ကို ရက်တိုတိုနှင့် ရောက်လွယ်ကြပါစေသတည်း။

သာဓု၊ သာဓု၊ သာဓု။

"စိတ်ကိုနိုင်မှ ချမ်းသာရ တရားတော်"ပြီး၏။

## “ပပဉ္စတရား ဤသုံးပါး”

တဏှာ စ ဒိဋ္ဌိ မာနော တိ၊ ဝဍ္ဎန္တိ ကလိသမ္ဘဝေ။
သံသာရံ တေ ပပဉ္စန္တိ၊ ဂါဟန္တိ ဒုက္ခိတေ ဇနေ။

တဏှာ စ၊ အရာရာမှာ အာသာခင်မင် တွယ်တာငင်၍ အစဉ်မှောက်မှား တဏှာဆိုတဲ့ သဘောတရားလည်းကောင်း။ ဒိဋ္ဌိ စ၊ အမှား ခေါင်းဆောင် အမှောင်ရှေ့သွား ဒိဋ္ဌိဆိုတဲ့ သဘောတရား လည်းကောင်း။ မာနော စ၊ တံခွန် မှန်ကင်း မယှင်းပုံတူ တလူလူထောင်လွှား မာနဆိုတဲ့ သဘောတရား လည်းကောင်း။ ဣတိဣမေ၊ သံသရာအချဲ့စခန်းမှာ တကယ့် အစွမ်းထက်ထက်နှင့် လက်နက်မခြား ဤသုံးပါး တို့သည်။ ကလိသမ္ဘဝေ၊ ဆင်းရဲခြင်း အကြောင်း မကောင်းယုတ်မာ ဝါသနာဆိုး အကုသိုလ် အမျိုးမျိုး တွေကို။ ဝဍ္ဎန္တိ၊ တနေ့ တခြား များသည်ထက် များအောင် တိုးပွားစေတတ်ကုန်၏။ တေ၊ မာနတဏှာ ငါငါစွဲငြိ ဒိဋ္ဌိတရား ထို သုံးပါးတို့သည်။ သံသာရံ၊ အဖြစ်လဲမရပ် အမြစ်လဲ မပြတ် ဘဝ ဇာတ်ဆိုး မကုန်အောင် သုံးဘုံဝဋ္ဋမီး သံသရာကြီးကို။ ပပဉ္စန္တိ၊ လူ့ပြည်မှနတ်ပြည် နတ်ပြည်မှငရဲ ဗြဟ္မာဘုံအထက်စွဲ၍ ပန္နက်သဲ နယ်ကျယ်အောင် တကယ်ပင် ချဲ့တတ် ကြလေကုန်၏။ ဒုက္ခိတေဇနေ၊ သံသရာဝဋ္ဋခင်း ကရွတ်တွင်းမှ မလွတ်ကင်းကြသူ ဆူဆူသောင်းသောင်း ဒုက္ခိတသတ္တဝါ အပေါင်းတို့ကိုလည်း။ ဂါဟန္တိ၊ ဇာတိနှင့်တွဲ ဇရာနှင့်မခွဲပဲ နာပွဲနှင့်အတန်တန် သေဖို့ရန်မငြင်းတမ်းဟု အတင်းဖမ်းကာ နှိပ်စက်၍ နေကြလေကုန်သတည်း။

သာဓု၊ သာဓု၊ သာဓု။

မောင်စိန်ရေ။[ဘုရား။] မြတ်စွာဘုရားက သံသရာကိုချဲ့ထွင်တဲ့ တရားဟာ တဏှာ,မာန,ဒိဋ္ဌိရယ်လို့ သုံးပါးရှိတယ်တဲ့ကွဲ့ မောင်စိန်ရဲ့။ [မှန်ပါဘုရား။]

တဏှာက သံသရာကို ဘယ်လိုချဲ့သလဲဆိုတော့ တဏှာကိုအကြောင်းခံပြီး ပါဏာတိပါတတွေကို လုပ်ကြ၊ အဒိန္နာဒါနကံကို ပြုကြ၊ ကာမေသုမိစ္ဆာစာရကံတွေကို ပြုကြ၊ မုသာဝါဒကို ပြောကြ၊ ပိသုဏာဝါစာတွေကို ပြောကြ၊ သူတပါးစည်းစိမ်ကို ရှေ့ရှုကြံကြနှင့်အကုသိုလ်ကံတွေ မတိုးပွား ဘူးလား ကွယ်။ [တိုးပွားပါတယ်ဘုရား။] မာနကိုအကြောင်းခံပြီး ရိုသေရမည့် ပုဂ္ဂိုလ်ကို မရိုသေကြ၊ ပူဇော်ရမည့်သူကို မပူဇော်ကြ။ ဆည်းကပ်ရမည့် သူကို မဆည်းကပ်ကြ။ သူ့ကျေးဇူးကို ချေဖျက်ကြ။ ဂုဏ်တုဂုဏ်ပြိုင် ပြုကြနှင့် အကုသိုလ်ကံတွေ မတိုးပွားဘူးလား။ [တိုးပွားပါတယ်ဘုရား။]

ဒိဋ္ဌိကိုအကြောင်းခံပြီး လုပ်ရမည့်အလုပ်ကိုမလုပ်ပဲ မလုပ်ရမည့် အလုပ်တွေကို လုပ်ကြ။ ပူဇော်ရမည့်ပုဂ္ဂိုလ်ကို မပူဇော်ပဲ မပူဇော်ရမည့် ပုဂ္ဂိုလ်ကို ပူဇော်ကြ။ လှူဒါန်းရမည့်သူကို မလှူဒါန်းပဲ မပေးအပ်တဲ့ ပုဂ္ဂိုလ် တွေကို အားပေးကြ။ စောင့်ရမည့်သီလကို မစောင့်ပဲ မစောင့်ရမည့်သီလကို စောင့်ကြ။ အားထုတ်ရမည့်တရားကို အားမထုတ်ပဲ အားမထုတ်ရမည့် တရားကို အားထုတ်ကြနှင့် အကုသိုလ်ကံတွေ မတိုးပွား ဘူးလား။ [တိုးပွား ပါတယ် ဘုရား။]

အဲဒီလိုအကုသိုလ်ကံတွေ တိုးပွားတော့ အပါယ်လေး ပါး သံသရာမှာ ခေါင်းမထောင်နိုင်အောင် မမြုပ်ရပေ ဘူးလား။ [မြုပ်ရပါတယ် ဘုရား။] အဲဒါကြောင့် အပါယ်လေးပါးမှာ မမြုပ်ရပဲ နိဗ္ဗာန်ကို ထုတ်ချောက်ရောက်ရ အောင်"သလ္လေခသုတ်"ကို ဟောမယ်၊နားထောင်။[မှန်ပါ၊ဟောတော်မူပါ ဘုရား။]

မြတ်စွာဘုရားသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ သီတင်းသုံးတော်မူ၏။ ထိုအခါ အရှင်မဟာစုန္ဒသည် ညချမ်းအခါတပါးတည်း ကိန်းအောင်းရာမှ ထ၍ ဘုရားထံ ချဉ်းကပ်ပြီးလျှင် မြတ်စွာဘုရားကို ရှိခိုး၍ တခုသော နေရာ၌ ထိုင်ပြီးလျှင် မြတ်စွာဘုရားအား လျှောက်ထားတယ်တဲ့။ ဘယ်လို လျှောက်သလဲဆိုတော့— "အရှင်ဘုရား၊ အတ္တအယူဝါဒနှင့်လည်းကောင်း, လောကအယူဝါဒနှင့်လည်းကောင်း စပ်သော ဤမိစ္ဆာဒိဋ္ဌိအမျိုးမျိုးတို့သည် လောက၌ ထင်ရှားဖြစ်ပေါ်ပါကုန်၏ အရှင်ဘုရား။ နှလုံးသွင်းသော ရဟန်းအား နှလုံးသွင်းစဉ်ပင် မိစ္ဆာဒိဋ္ဌိတို့ကို ပယ်ခြင်း စွန့်ခြင်းသည် ဖြစ်နိုင်ပါ သလော"လို့ လျှောက်တယ်တဲ့ မောင်စိန်ရဲ့။ [မှန်ပါဘုရား။]

ဒီတော့ မြတ်စွာဘုရားက ပြန်ဖြေတော်မူတယ်။ "စုန္ဒ၊ အတ္တအယူဝါဒနှင့် လည်းကောင်း, လောကအယူဝါဒနှင့် လည်းကောင်း စပ်သော ဤမိစ္ဆာဒိဋ္ဌိ အမျိုးမျိုးတို့သည် လောက၌ ထင်ရှားဖြစ်ပေါ်ကုန်၏။ ဤမိစ္ဆာဒိဋ္ဌိတို့သည် ခန္ဓာငါးပါး၌ ဖြစ်ပေါ်လာကုန်၏။ ကိန်းဝပ်ကုန်၏။ ဖြစ်ပွားကုန်၏။ ထိုခန္ဓာငါးပါးကို "ဤခန္ဓာငါးပါးသည် ငါ့ဉစ္စာမဟုတ်၊ ငါမဟုတ်၊ ငါ့အတ္တမဟုတ်ဟု ဤသို့သော အခြင်းအရာအားဖြင့် ဟုတ်မှန်သောအတိုင်း မှန်ကန်သော ပညာဖြင့် ရှုမြင်သောသူအား ဤမိစ္ဆာဒိဋ္ဌိတို့ကို ပယ်ခြင်း စွန့်ခြင်းသည် ဖြစ်၏။"

"ချစ်သား စုန္ဒ၊ ဤသာသနာတော်၌ အချို့သော ရဟန်းသည် ကာမဂုဏ်တို့မှ ဆိတ်၍သာလျှင် အကုသိုလ်တရားတို့မှ ဆိတ်၍သာလျှင် ကြံစည်ခြင်း ဝိတက်နှင့်တကွဖြစ်သော သုံးသပ်ခြင်းဝိစာရနှင့်တကွဖြစ်သော နီဝရဏတို့မှ ဆိတ်ခြင်းကြောင့် နှစ်သက်ခြင်းပီတိချမ်းသာခြင်းသုခရှိသော ပထမဈာန်ကို ဝင်စား၍ နေရာ၏။ ထိုရဟန်းအား ငါသည် ကိလေသာ ခေါင်းပါးခြင်းဖြင့် နေ၏ဟု စိတ်အကြံအစည် ဖြစ်ရာသော အကြောင်းသည် ရှိပေ၏။ စုန္ဒ၊ ဤဈာန်တရားတို့ကို အရိယာ၏ အဆုံးအမ၌ ကိလေသာခေါင်းပါးရေးတရားဟု စင်စစ် မခေါ်ဆိုရကုန်။ ဤဈာန်တရားတို့ကို မျက်မှောက် ချမ်းသာစွာ နေရရေးတရားဟု ခေါ်ဆိုရကုန်၏။"

"ချစ်သား စုန္ဒ၊ ဤသာသနာတော်၌ ကြံစည်ခြင်း ဝိတက်, သုံးသပ်ခြင်း ဝိစာရတို့၏ ချုပ်ခြင်းကြောင့် မိမိကိုယ်၌ စိတ်ကို ကြည်လင် စေတတ်သော စိတ်၏ တည်ကြည်ခြင်း သမာဓိကို ဖြစ်စေတတ်သော ပီတိ သုခရှိသော ဒုတိယဈာန်ကို ဝင်စား၍ နေရာ၏။ ထိုရဟန်းအား ငါသည် ကိလေသာခေါင်းပါးခြင်းဖြင့် နေ၏ဟု စိတ်အကြံအစည်ဖြစ်ရာသော အကြောင်းသည် ရှိပေ၏။ စုန္ဒ၊ ဤဈာန်တရားတို့ကို အရိယာ၏ အဆုံးအမ၌ ကိလေသာခေါင်းပါးရေးတရားတို့ဟု စင်စစ် မခေါ်ရကုန်။ မျက်မှောက်ချမ်းသာစွာ နေရရေးတရားဟု ခေါ်ဆိုရကုန်၏။"

"ချစ်သား စုန္ဒ၊ ဤသာသနာတော်၌ အချို့သော ရဟန်းသည် နှစ်သက်ခြင်း ပီတိကိုလည်း မတပ်မက်ခြင်းကြောင့် လျစ်လျူရှု၍သာ နေ၏။ သတိနှင့် ပြည့်စုံသည် ဖြစ်၍ ဆင်ခြင်ဉာဏ်နှင့် ပြည့်စုံသည် ဖြစ်၍ ချမ်းသာခြင်း သုခကိုလည်း ကိုယ်ဖြင့် ခံစား၏။ အရိယာ ပုဂ္ဂိုလ်တို့သည် အကြင် တတိယ ဈာန်ကြောင့် ထိုသူကို လျစ်လျူရှုသူ သတိရှိသူ ချမ်းသာစွာ နေသူဟု ပြောကြကုန်၏။ ထိုတတိယဈာန်ကို ဝင်စား၍ နေရာ၏။ ထိုရဟန်းအား ငါသည်

ကိလေသာ ခေါင်းပါးခြင်းဖြင့် နေ၏ဟု စိတ်အကြံအစည် ဖြစ်ရာသော အကြောင်းသည် ရှိပေ၏။ စုန္ဒ၊ ဤစျာန်တရားကို အရိယာ၏ အဆုံးအမ၌ ကိလေသာ ခေါင်းပါးရေးတရားတို့ဟု စင်စစ် မခေါ်ဆိုရကုန်။ မျက်မှောက် ချမ်းသာစွာ နေရရေးတရားဟုသာ ခေါ်ဆိုရကုန်၏။"

"ချစ်သား စုန္ဒ၊ ဤသာသနာတော်၌ အချို့သော ရဟန်းသည် ချမ်းသာခြင်း သုခကိုလည်း ပယ်ခြင်းကြောင့် ဆင်းရဲခြင်း ဒုက္ခကိုလည်း ပယ်ခြင်းကြောင့် ရှေးဦးကပင်လျှင် ဝမ်းသာခြင်း သောမနဿ, နှလုံးမသာယာခြင်း ဒေါမနဿတို့၏ ချုပ်ခြင်းကြောင့် ဆင်းရဲလည်းမဟုတ် ချမ်းသာလည်း မဟုတ်သော လျစ်လျူရှုမှုကြောင့် ဖြစ်သော စင်ကြယ်သော သတိရှိသော စတုတ္ထစျာန်ကို ဝင်စား၍ နေရာ၏။ ထိုရဟန်းအား ငါသည် ကိလေသာ ခေါင်းပါးခြင်းဖြင့် နေ၏ဟု စိတ်အကြံအစည်ဖြစ်ရာသော အကြောင်းသည် ရှိ၏။ စုန္ဒ၊ ဤစျာန်တရားတို့ကို အရိယာ၏ အဆုံးအမ၌ ကိလေသာ ခေါင်းပါးရေး တရားတို့ဟု စင်စစ် မခေါ်ဆိုထိုက်ကုန်။ ဤစျာန်တရားတို့ကို မျက်မှောက် ငြိမ်းချမ်းစွာ နေရေး တရားတို့ဟု ခေါ်ဆိုရကုန်၏။"

"ချစ်သား စုန္ဒ၊ ဤသာသနာတော်၌ အချို့သော ရဟန်းသည် ရူပသညာတို့ကို လုံးဝလွန်မြောက်၍ ပဋိဃသညာတို့ လုံးဝချုပ်သည့်ပြင် နာနတ္တသညာတို့ကို လုံးဝနှလုံးမသွင်းမှု၍ ကောင်းကင်သည် အဆုံးမရှိဟု နှလုံးသွင်းလျက် အာကာသာနဉ္စာယတနစျာန်ကို ဝင်စား၍ နေရာ၏။ ထိုရဟန်းအား ငါသည် ကိလေသာ ခေါင်းပါးခြင်းဖြင့် နေ၏ဟု စိတ်အကြံအစည် ဖြစ်ရာသော အကြောင်းသည် ရှိပေရာ၏။ စုန္ဒ၊ ဤစျာန်တရားတို့ကို အရိယာ၏ အဆုံးအမ၌ ကိလေသာ ခေါင်းပါးရေးတရားတို့ဟု စင်စစ် မခေါ်ဆိုထိုက်၊ ငြိမ်းချမ်းစွာ နေရေး တရားဟု ခေါ်ဆိုထိုက်၏။"

"ချစ်သား စုန္ဒ၊ ဤသာသနာတော်၌ အချို့သော ရဟန်းသည် အာကာသာနဉ္စာစျာန်ကို လုံးဝလွန်မြောက်၍ ဝိညာဏ်သည် အဆုံးမရှိဟု နှလုံးသွင်းလျက် ဝိညာဏဉ္စာစျာန်ဝင်စား၍နေရာ၏။ ထိုရဟန်းအား ငါသည် ကိလေသာ ခေါင်းပါးခြင်းဖြင့် နေ၏ဟု စိတ်အကြံအစည်ဖြစ်ရာသော အကြောင်းသည် ရှိပေရာ၏။ စုန္ဒ၊ ဤစျာန်တရားတို့ကို အရိယာ၏ အဆုံးအမ၌ ကိလေသာ ခေါင်းပါးရေး တရားတို့ဟု စင်စစ် မခေါ်ဆိုရ။ ဤစျာန် သမာပတ်တို့ကို ငြိမ်းချမ်းစွာနေရေး တရားဟုသာ ခေါ်ဆိုထိုက်၏။"

"ချစ်သား စုန္ဒ၊ ဤသာသနာတော်၌ အချို့သောရဟန်းသည် ဝိညာဏစွဲ ဈာန်ကို လုံးဝလွန်မြောက်၍ တစုံတခုမျှ မရှိဟု နှလုံးသွင်းလျက် အာကိဉ္စည ဈာန်ကို ဝင်စား၍ နေရာ၏။ ထိုရဟန်းအား ငါသည် ကိလေသာ ခေါင်း ပါးခြင်းဖြင့် နေ၏ဟု စိတ်အကြံအစည်ဖြစ်ရာသော အကြောင်းသည် ရှိပေ ရာ၏။ စုန္ဒ၊ ဤဈာန်သမာပတ်တရားတို့ကို အရိယာ၏ အဆုံးအမ၌ ကိလေသာ ခေါင်းပါးရေး တရားတို့ဟု မဆိုထိုက်ကုန်၊ ငြိမ်းချမ်းစွာ နေရရေး တရားတို့ ဟုသာ ခေါ်ဆိုထိုက်၏။"

"ချစ်သား စုန္ဒ၊ ဤသာသနာတော်၌ အချို့သော ရဟန်းသည် အာကိဉ္စည ဈာန်ကို လုံးဝလွန်မြောက်၍ နေဝသညာနာသညာယတနဈာန်ကို ဝင်စား၍ နေရာ၏။ ထိုရဟန်းအား ငါသည် ကိလေသာ ခေါင်းပါးခြင်းဖြင့် နေ၏ဟု စိတ်အကြံအစည်ဖြစ်ရာသော အကြောင်းသည် ရှိပေ၏။ စုန္ဒ၊ ဤဈာန် သမာ ပတ်တရားတို့ကို အရိယာ၏ အဆုံးအမ၌ ကိလေသာ ခေါင်းပါးရေး တရား တို့ဟု စင်စစ် မခေါ်ဆိုထိုက်။ ဤဈာန် သမာပတ် တရား တို့ကို ငြိမ်းချမ်းစွာ နေရရေး တရားတို့ဟု ခေါ်ဆိုရကုန်၏"တဲ့။

ဒါကြောင့်လဲ "ပြဟ္မာဖြစ်၍ တဝင်းဝင်း ဝက်စားကျင်းမှာ တရှုပ်ရှုပ်"လို့ ဆိုရတာပေါ့။ ဘာကြောင့်လဲဆိုတော့ သတ္တဝါတွေဟာ တကမ္ဘာမှာ အနည်း ဆုံး တခါ ဈာန်ရပြီး ပြဟ္မာဖြစ်ကြရတာပဲ။ တော်တော်ကြာလို့ ဈာန်ကုသိုလ် အရှိန်ကုန်ယင် အောက်သံသရာ ပြန်လှည့်ပြီး အပါယ် လေးပါးကို ရောက်ပြန် တာပဲ။ နိဗ္ဗာန်ကို မသွားပါဘူး မောင်စိန်ရဲ့။ [မှန်ပါဘုရား။]

ကိလေသာ ခေါင်းပါးရေးတရားတွေကို မြတ်စွာဘုရားက ဘယ်လိုဆက်ပြီး ဟောသလဲဆိုတော့—

"ချစ်သား စုန္ဒ၊ ဤဆိုလတံ့သော အရာတို့၌ သင်တို့သည် ခေါင်းပါး ခြင်းကို ပြုသင့်၏။ အခြားသူတို့သည် ညှဉ်းဆဲတတ်သူတို့ ဖြစ်ကြသော်လည်း ငါတို့ကား ဤအရာ၌ မညှဉ်းဆဲတတ်သူတို့ ဖြစ်ကြကုန်အံ့ဟု ခေါင်းပါး ခြင်းကို ပြုသင့်၏။ အခြားသူတို့သည် အသက်သတ်ခြင်းကို ပြုသူတို့ ဖြစ်ကြ သော်လည်း ငါတို့ကား ဤအရာ၌ အသက်သတ်ခြင်းမှ ရှောင်ကြဉ်သူတို့ ဖြစ်ကြကုန်အံ့ဟု ခေါင်းပါးခြင်းကို ပြုသင့်၏။ အခြားသူတို့သည် မပေး သည်ကို ယူတတ်သူ ဖြစ်ကြသော်လည်း ငါတို့ကား ဤအရာ၌ မပေးသည်ကို ယူခြင်းမှ ရှောင်ကြဉ်သူတို့ ဖြစ်ကြကုန်အံ့ဟု ခေါင်းပါးခြင်းကို ပြုသင့်၏။

အခြားသူတို့သည် မမြတ်သောအကျင့်ကို ကျင့်ကြံသူတို့ ဖြစ်ကြသော်လည်း ငါတို့ကား ဤအရာ၌ မြတ်သောအကျင့်ကို ကျင့်သူတို့ ဖြစ်ကြ ကုန် အံ့ ဟု ခေါင်းပါးခြင်းကို ပြုသင့်၏။ အခြားသူတို့သည် မဟုတ်မမှန် ပြောတတ်သူတို့ဖြစ်ကြသော်လည်း ငါတို့ကား ဤအရာ၌ မဟုတ်မမှန် ပြောခြင်းမှ ရှောင်ကြဉ်သူတို့ ဖြစ်ကြကုန်အံ့ဟု ခေါင်းပါးခြင်းကိုပြုသင့်၏။ အခြားသူတို့သည် ဂုံးစကား ပြောတတ်သူတို့ ဖြစ်ကြသော်လည်း ငါတို့ကား ဤအရာ၌ ဂုံးစကား ပြောခြင်းမှရှောင်ကြဉ်သူတို့ ဖြစ်ကြကုန်အံ့ဟု ခေါင်းပါးခြင်းကို ပြုသင့်၏။ အခြားသူတို့သည် ကြမ်းတမ်းသော စကားကို ပြောတတ်သူတို့ ဖြစ်ကြသော်လည်း ငါတို့ကား ဤအရာ၌ ကြမ်း တမ်း သော စကားကို ပြောခြင်းမှ ရှောင်ကြဉ်သူတို့ ဖြစ်ကြကုန်အံ့ဟု ခေါင်းပါးခြင်းကို ပြုသင့်၏။ အခြားသူတို့သည် ပြိန်ဖျင်းသော စကားကို ပြောဆိုသူတို့ဖြစ်ကြသော်လည်း ငါတို့ကား ဤအရာ၌ ပြိန်ဖျင်းသောစကားကို ပြောခြင်းမှ ရှောင်ကြဉ်သူတို့ ဖြစ်ကြကုန်အံ့ဟု ခေါင်းပါးခြင်းကို ပြုသင့်၏။

အခြားသူတို့သည် သူတပါးစည်းစိမ်ကို ရှေ့ရှုကြံတတ်သူတို့ ဖြစ်ကြသော်လည်း ငါတို့ကား ဤအရာ၌ သူတပါး စည်းစိမ်ကို ရှေ့ရှုကြံခြင်းမှ ရှောင်ကြဉ်သူတို့ ဖြစ်ကြကုန်အံ့ဟု ခေါင်းပါးခြင်းကို ပြုသင့်၏။ အခြားသူတို့သည် ဖျက်ဆီးလိုစိတ် ရှိသူတို့ဖြစ်ကြသော်လည်း ငါတို့ကား ဤအရာ၌ ဖျက်ဆီးလိုစိတ် မရှိသူတို့ ဖြစ်ကြကုန်အံ့ဟု ခေါင်းပါး ခြင်းကို ပြုသင့်၏။ အခြားသူတို့သည် မှားယွင်းသောအယူ ရှိသူတို့ဖြစ်ကြသော်လည်း ငါတို့ကား ဤအရာ၌ မှန်ကန်သော အယူရှိသူတို့ ဖြစ်ကြကုန်အံ့ဟု ခေါင်းပါးခြင်းကို ပြုသင့်၏။ အခြားသူတို့သည် မှားယွင်းသော အကြံအစည် ရှိသူတို့ဖြစ်ကြသော်လည်း ငါတို့ကား ဤအရာ၌ မှန်သော အကြံအစည် ရှိသူတို့ဖြစ်ကြကုန်အံ့ဟု ခေါင်းပါးခြင်းကို ပြုသင့်၏။ အခြား သူတို့သည် မှားယွင်းသောစကား ရှိသူတို့ဖြစ်ကြသော်လည်း ငါတို့ကား ဤအရာ၌ မှန်ကန်သောစကား ရှိသူတို့ဖြစ်ကြကုန်အံ့ဟု ခေါင်းပါးခြင်းကို ပြုသင့်၏။ အခြားသူတို့သည် မှားယွင်းသောအမှု ရှိသူတို့ဖြစ်ကြသော်လည်း ငါတို့ကား ဤအရာ၌ မှန်ကန်သောအမှု ရှိသူတို့ဖြစ်ကြကုန်အံ့ဟု ခေါင်းပါးခြင်းကို ပြုသင့်၏။

အခြားသူတို့သည် မှားယွင်းသော အသက်မွေးမှု ရှိသူတို့ ဖြစ်ကြသော်လည်း ငါတို့ကား ဤအရာ၌ မှန်ကန်သော အသက်မွေးမှု ရှိသူတို့ဖြစ်ကြကုန်အံ့ဟု ခေါင်းပါးခြင်းကို ပြုသင့်၏။ အခြားသူတို့သည် မှားယွင်းသော

လုံ့လရှိသူတို့ ဖြစ်ကြသော်လည်း ငါတို့ကား ဤအရာ၌ မှန်ကန်သော လုံ့လ
ရှိသူတို့ ဖြစ်ကြကုန်အံ့ဟု ခေါင်းပါးခြင်းကို ပြုသင့်၏။ အခြား သူတို့သည်
မှားယွင်းသော အောက်မေ့ခြင်း ရှိသူတို့ ဖြစ်ကြသော် လည်း ငါတို့ကား
ဤအရာ၌ မှန်ကန်သောအောက်မေ့ခြင်း ရှိသူတို့ ဖြစ်ကြကုန်အံ့ဟု ခေါင်း
ပါးခြင်းကို ပြုသင့်၏။အခြားသူတို့သည် မှားယွင်းသောတည်ကြည်ခြင်း ရှိသူ
တို့ဖြစ်ကြသော်လည်း ငါတို့ကား ဤအရာ၌ မှန်ကန်သော တည်ကြည်ခြင်း
ရှိသူတို့ ဖြစ်ကြကုန်အံ့ဟု ခေါင်းပါးခြင်းကို ပြုသင့်၏။ အခြား သူတို့သည်
မှားယွင်းသော ဉာဏ်ရှိသူတို့ ဖြစ်ကြသော်လည်း ငါတို့ကား ဤအရာ၌ မှန်
ကန်သော ဉာဏ်ရှိသူတို့ ဖြစ်ကြကုန်အံ့ဟု ခေါင်းပါးခြင်းကို ပြုသင့်၏။
အခြားသူတို့သည် မှားယွင်းသော လွတ်မြောက်ခြင်း ရှိသူတို့ ဖြစ်ကြသော်
လည်း ငါတို့ကား ဤနေရာ၌ မှန်ကန်သော လွတ်မြောက်ခြင်း ရှိသူတို့ဖြစ်
ကြကုန်အံ့ဟု ခေါင်းပါးခြင်းကို ပြုသင့်၏။

အခြားသူတို့သည် လေးလံထိုင်းမှိုင်းခြင်း နှိပ်စက် ခံရသူတို့ ဖြစ်ကြ
သော်လည်း ငါတို့ကား ဤအရာ၌ လေးလံထိုင်းမှိုင်းခြင်း ကင်းသူတို့ဖြစ်
ကုန်အံ့ဟု ခေါင်းပါးခြင်းကို ပြုသင့်၏။ အခြားသူတို့သည် ပျံ့လွင့်သော စိတ်
ရှိသူတို့ ဖြစ်ကြသော်လည်း ငါတို့ကား ပျံ့လွင့်ခြင်းမရှိသူတို့ ဖြစ်ကြကုန်အံ့
ဟု ခေါင်းပါးခြင်းကို ပြုသင့်၏။ အခြားသူတို့သည် ယုံမှားတတ်သူတို့ ဖြစ်
ကြသော်လည်း ငါတို့ကား ယုံမှားခြင်းကို လွန်မြောက်သူတို့ ဖြစ်ကုန်အံ့ဟု
ခေါင်းပါးခြင်းကို ပြုသင့်၏။ အခြားသူတို့သည် အမျက်ထွက်လေ့ ရှိသူတို့
ဖြစ်ကြသော်လည်း ငါတို့ကား အမျက်ထွက်လေ့မရှိသူတို့ ဖြစ်ကြကုန်အံ့
ဟု ခေါင်းပါးခြင်းကိုပြုသင့်၏။ အခြားသူတို့သည် ရန်ငြိုးဖွဲ့တတ်သူတို့ ဖြစ်ကြ
သော်လည်း ငါတို့ကား ရန်ငြိုးမဖွဲ့တတ်သူတို့ ဖြစ်ကြကုန်အံ့ဟု ခေါင်းပါး
ခြင်းကို ပြုသင့်၏။

အခြားသူတို့သည် ဂုဏ်ကျေးဇူးကို ချေဖျက်တတ်သူတို့ ဖြစ်ကြသော်လည်း
ငါတို့ကား ဂုဏ်ကျေးဇူးကို မချေဖျက်တတ်သူတို့ ဖြစ်ကုန်အံ့ဟု ခေါင်းပါး
ခြင်းကို ပြုသင့်၏။ အခြားသူတို့သည် ဂုဏ်ပြိုင်တတ်သူတို့ ဖြစ်ကြသော်လည်း
ငါတို့ကား ဂုဏ်မပြိုင်တတ်သူတို့ ဖြစ်ကြကုန်အံ့ဟု ခေါင်းပါးခြင်းကို ပြုသင့်
၏။ အခြားသူတို့သည် ငြူစူတတ်သူတို့ ဖြစ်ကြ သော်လည်း ငါတို့ကား
မငြူစူတတ်သူတို့ ဖြစ်ကြကုန်အံ့ဟု ခေါင်းပါးခြင်းကို ပြုသင့်၏။ အခြား
သူတို့သည် ဝန်တိုတတ်သူတို့ ဖြစ်ကြသော်လည်း ငါတို့ကားဝန်မတို တတ်သူ

တို့ ဖြစ်ကြကုန်အံ့ဟုခေါင်းပါးခြင်းကို ပြုသင့်၏။ အခြားသူတို့သည် စဉ်းလဲတတ်သူတို့ ဖြစ်ကြသော်လည်း ငါတို့ကား မစဉ်းလဲတတ်သူတို့ ဖြစ်ကြကုန်အံ့ဟု ခေါင်းပါးခြင်းကို ပြုသင့်၏။ အခြားသူတို့သည် လှည့်ပတ် တတ်သူတို့ ဖြစ်ကြသော်လည်း ငါတို့ကား မလှည့်ပတ် တတ်သူတို့ ဖြစ်ကြ ကုန်အံ့ဟု ခေါင်းပါးခြင်းကို ပြုသင့်၏။ အခြားသူတို့သည် ခက်ထန်သူတို့ ဖြစ်ကြသော်လည်း ငါတို့ကား မခက်ထန်သူတို့ ဖြစ်ကြကုန်အံ့ဟု ခေါင်းပါး ခြင်းကို ပြုသင့်၏။အခြားသူတို့သည် အလွန်မောက်မာသူတို့ ဖြစ်ကြသော်လည်း ငါတို့ကား မမောက်မာသူတို့ ဖြစ်ကြကုန်အံ့ဟု ခေါင်းပါးခြင်းကို ပြုသင့်၏။ အခြားသူတို့သည် အပြောအဆိုခက်သူတို့ ဖြစ်ကြ သော်လည်း ငါတို့ကား အပြောအဆို လွယ်သူတို့ဖြစ်ကြကုန်အံ့ဟု ခေါင်းပါးခြင်းကို ပြုသင့်၏။

အခြားသူတို့သည် ယုတ်မာသော မိတ်ဆွေရှိသူတို့ ဖြစ်ကြ သော်လည်း ငါတို့ကား ကောင်းသော မိတ်ဆွေ ရှိသူတို့ ဖြစ်ကြ ကုန်အံ့ဟု ခေါင်းပါး ခြင်းကို ပြုသင့်၏။ အခြားသူတို့သည် သတိမေ့ လျော့သူတို့ ဖြစ်ကြ သော်လည်း ငါတို့ကား သတိမမေ့လျော့သူတို့ ဖြစ်ကြကုန်အံ့ဟု ခေါင်းပါးခြင်းတို့ ပြုသင့်၏။ အခြားသူတို့သည် သဒ္ဓါတရားမရှိသူတို့ ဖြစ်ကြသော်လည်း ငါတို့ကား သဒ္ဓါတရားရှိသူတို့ ဖြစ်ကြကုန်အံ့ဟု ခေါင်းပါး ခြင်းကို ပြုသင့်၏။ အခြားသူတို့သည် အရှက်မရှိသူတို့ ဖြစ်ကြသော်လည်း ငါတို့ကားအရှက်ရှိသူတို့ ဖြစ်ကြကုန်အံ့ဟု ခေါင်းပါးခြင်းကို ပြုသင့်၏။ အခြားသူတို့သည် အကြောက်မရှိသူတို့ ဖြစ်ကြသော်လည်း ငါတို့ကား အကြောက်ရှိသူတို့ ဖြစ်ကြ ကုန်အံ့ဟု ခေါင်းပါးခြင်းကို ပြုသင့်၏။

အခြားသူတို့သည် အကြားအမြင်မရှိသူတို့ ဖြစ်ကြသော်လည်း ငါတို့ကား အကြားအမြင်ရှိသူတို့ ဖြစ်ကြကုန်အံ့ဟု ခေါင်းပါးခြင်းကို ပြုသင့်၏။ အခြားသူတို့သည် ပျင်းရိခြင်း ရှိသူတို့ဖြစ်ကြသော်လည်း ငါတို့ကား လုံ့လရှိသူတို့ ဖြစ်ကြကုန်အံ့ဟု ခေါင်းပါးခြင်းကိုပြုသင့်၏။ အခြားသူတို့သည် ပညာမဲ့ သူတို့ ဖြစ်သော်လည်း ငါတို့ကား ပညာရှိသူတို့ ဖြစ်ကြကုန်အံ့ဟု ခေါင်းပါး ခြင်းကိုပြုသင့်၏။ အခြားသူတို့သည် လွန်စွာစွဲလမ်းသူတို့ ဖြစ်ကြသော်လည်း ငါတို့ကား မစွဲလမ်းသူတို့ ဖြစ်ကြကုန်အံ့ဟု ခေါင်းပါးခြင်းကို ပြုသင့်၏။

ဒီ ခေါင်းပါးသော အကျင့်ထဲမှာ သက်သတ်လွတ် စားတာတို့, မီးချက်တာကို မစားတာတို့, ဆားပေါ့ဟင်း စားတာတို့ ပါသလား။ [မပါပါ ဘုရား။]

ကြိုက်ရာရွေး လမ်းနှစ်သွယ်ဆိုတဲ့ စာအုပ်ကိုဖတ်ဘူးတယ်ကွဲ့။ ထိုစာအုပ်က ဘယ်လိုဆိုသလဲဆိုတော့ တိရစ္ဆာန်အသားမှာ အဝိဇ္ဇာတွေပါတယ်တဲ့။အဲဒီအသားကိုစားတော့ စားတဲ့လူတွေမှာ ထိုအဝိဇ္ဇာတွေဟာ လိမ်းကျံတယ်။ မီးခိုးမှိုင်းတွေလိမ်းကျံတဲ့ မှန်အိမ်ဟာမလင်းသလို တိရစ္ဆာန်အသားကို စားတဲ့လူဟာလဲ အဝိဇ္ဇာမှိုင်းတွေကပ်သဖြင့် ဉာဏ်ရောင်မလင်းဘူး။ ဒါကြောင့် သားငါးကိုမစားပဲ ဟင်းသီးဟင်းရွက်ကို စားကျင့်မှသာ ဉာဏ်ရောင်လင်း၍ အမှန်သိတယ်လို့ ရေးထားတယ်။ မင်း စဉ်းစားကြည့်ပါ။ အဝိဇ္ဇာ ဆိုတဲ့ မောဟ စေတသိက်ဟာ နာမ်တရားမို့ အကုသိုလ်စိတ်ဆိုတဲ့ နာမ်တရားမှာသာ ယှဉ်တယ်လို့ ဘုရားက ဟောတယ်။ သူက တိရစ္ဆာန်အသားမှာ ကပ်တယ်လို့ဆိုတယ်။ ဘုရားဟောနှင့် တလွဲစီမနေပါလား။ [နေပါတယ် ဘုရား။]

ဘုရားဟောနှင့် တလွဲစီနေယင် ဘယ်လို နာမည်ကြီးသူဖြစ်ဖြစ် ဘယ်လို ခေတ်ပညာတတ်သူပဲဖြစ်ဖြစ် ထိုသူ၏စကားကို မယုံကြည်သင့်ဘူး မောင်စိန်ရဲ့။ [မှန်ပါဘုရား။]

စိတ်မှာ စွဲကပ်တဲ့ ကိလေသာ အညစ် အကြေးကို ဆေးကြောဖို့ကိုသာ မြတ်စွာဘုရားက ဟောတော်မူတာ။ ဘယ်လို ဆက်ပြီး ဟောသလဲဆိုတော့—

"ချစ်သား စုန္ဒ၊ ငါဘုရားသည် ကုသိုလ်တရားတို့၌ စိတ်ဖြစ်ပေါ်ခြင်းမျှကိုလည်း ကျေးဇူးများ၏ဟု ဟောတော်မူ၏။ကိုယ်ဖြင့်ဖြစ်စေ၊ နှုတ်ဖြင့်ဖြစ်စေ ပြုလုပ်စီမံစေခိုင်းခြင်း စသည်တို့၌ အဘယ်ဆိုဘွယ်ရာရှိအံ့နည်း။ ချစ်သား စုန္ဒ၊ ထို့ကြောင့် အခြားသူတို့သည် ညှဉ်းဆဲတတ်သူတို့ ဖြစ်ကြသော်လဲ ငါတို့ကား မညှဉ်းဆဲတတ်သူတို့ ဖြစ်ကြကုန်အံ့ဟု စိတ်ကို ဖြစ်စေသင့်၏။ ပ။ အခြားသူတို့သည် မိမိအယူကို လွန်စွာစွဲလမ်းသူတို့ဖြစ်ကြသော်လည်း ငါတို့ကား မစွဲလမ်းသူတို့ ဖြစ်ကြကုန်အံ့ဟု စိတ်ကို ဖြစ်စေသင့်၏။"

"ချစ်သား စုန္ဒ၊ ဥပမာသော်ကား မညီမညွတ်သော လမ်းရှိခဲ့သော် အခြား ညီညွတ်သော လမ်းသည် ထိုလမ်းကို ရှောင်လွှဲရန် ဖြစ်သကဲ့ လည်း ကောင်း၊ မညီမညွတ်သော ဆိပ်ကမ်းရှိခဲ့သော် ညီညွတ်သောဆိပ်ကမ်းသည် ထိုဆိပ်ကမ်းကို ရှောင်လွှဲရန် ဖြစ်သကဲ့သို့ လည်းကောင်း၊ ဤအတူပင် ညှဉ်းဆဲတတ်သော ပုဂ္ဂိုလ်အား မညှဉ်းဆဲမှုသည် ရှောင်လွှဲရန် ဖြစ်၏။ ပ။ အယူကို စွဲလမ်းသော ပုဂ္ဂိုလ်အား မစွဲလမ်းခြင်းသည် ရှောင်လွှဲရန် ဖြစ်၏။"

"ချစ်သား စုန္ဒ၊ ဥပမာ သော် ကား အကုသိုလ် တရား အားလုံး တို့သည် အောက်အဖို့သို့ ရောက်ကြောင်းတရား ဖြစ်ကုန်သကဲ့သို့လည်းကောင်း၊ ကုသိုလ်

တရား အားလုံးသည် အထက် အဖို့သို့ ရောက် ကြောင်း တရား ဖြစ်ကုန်သကဲ့သို့ လည်းကောင်း။ ဤအတူပင် ညှဉ်းဆဲတတ်သော ပုဂ္ဂိုလ်အား မညှဉ်းဆဲခြင်း သည် အထက်အဖို့အတွက် ဖြစ်၏။ ပ။ မိမိအယူကို လွန်စွာ စွဲလမ်းသော ပုဂ္ဂိုလ်အား မစွဲလမ်းခြင်းသည် အထက်အဖို့အတွက် ဖြစ်၏။''

''ချစ်သား စုန္ဒ၊ မိမိသည် ကာမဂုဏ်ငါးပါးတည်းဟူသော ညွန်ပျောင်း၌ နစ်မြုပ်သူဖြစ်လျက် ကာမဂုဏ်ငါးပါး တည်းဟူသော ညွန်ပျောင်း၌ နစ်မြုပ် သော အခြားသူတယောက်ကို ထုတ်ဆောင်နိုင်လိမ့်မည်ဟူသော အကြောင်း သည် မရှိချေ။ စုန္ဒ၊ မိမိသည် ကာမဂုဏ်ငါးပါးတည်းဟူသော ညွန်ပျောင်း၌ နစ်မြုပ်သူမဟုတ်ခဲ့လျှင်ကား ကာမဂုဏ်ငါးပါးတည်းဟူသော ညွန်ပျောင်း၌ နစ်မြုပ်သော အခြားသူ တယောက်ကို ထုတ်ဆောင် နိုင်လိမ့်မည် ဟူသော အကြောင်းသည် ရှိပေ၏။''

''ချစ်သား စုန္ဒ၊ မိမိသည် မယဉ်ကျေး သေးသူ, မဆုံးမအပ်သေးသူ, ကိလေသာ မငြိမ်းသေးသူဖြစ်ပါလျက် အခြားသူကို ယဉ်ကျေးစေနိုင်, ဆုံးမ နိုင်, ငြိမ်းအေး စေနိုင်လိမ့်မည် ဟူသော အကြောင်းသည် မရှိချေ။ စုန္ဒ၊ မိမိ သည် ယဉ်ကျေးပြီးသူ, ဆုံးမပြီးသူ, ငြိမ်းအေးပြီးသူ ဖြစ်ခဲ့လျှင်ကား အခြား သူကို ယဉ် ကျေး စေနိုင်, ဆုံးမနိုင်, ငြိမ်း အေး စေနိုင် လိမ့် မည် ဟူ သော အကြောင်းသည် ရှိပေ၏။''

''ချစ်သား စုန္ဒ၊ ဤအတူပင် ညှဉ်းဆဲတတ်သော ပုဂ္ဂိုလ်အား မညှဉ်းဆဲ ခြင်းသည် ငြိမ်းအေးရန် ဖြစ်၏။ ပ။ မိမိအယူကို အလွန်အမင်း စွဲလမ်းသော ပုဂ္ဂိုလ်အား မစွဲလမ်းခြင်းသည် ငြိမ်းအေးရန် ဖြစ်၏။''

''ချစ်သား စုန္ဒ၊ ဤသို့လျှင် ငါဘုရားသည် ကိလေသာခေါင်းပါးခြင်းကို ဟောခဲ့ပြီ။ စိတ်ဖြစ်ပုံအကြောင်းကို ဟောခဲ့ပြီ။ ရှောင်လွှဲရန်အကြောင်းကို ဟောခဲ့ပြီ။ အထက်အဖို့သို့ ရောက်ကြောင်းကို ဟောခဲ့ပြီ။ ငြိမ်းအေးခြင်း အကြောင်းကို ဟောခဲ့ပြီ။ စုန္ဒ၊ သာဝက တို့၏ အကျိုး စီးပွားကို ရှာမှီး လိုလားလျက် အစဉ်သနားစိတ်ရှိသော သင်တို့ဆရာ ငါဘုရားသည် အစဉ် သနားစိတ်ကို စွဲ၍ ပြုသင့်ပြုထိုက်သော တာဝန်ကို သင်တို့အတွက် ပြုပြီးပြီ။ စုန္ဒ၊ ဤသည်တို့ကား သစ်ပင်ရင်း ဆိတ်ငြိမ်ရာဌာနတို့ ဖြစ်ကုန်၏။ တရားကို ရှု ဆင်ခြင်ကြကုန်လော့၊ သတိမမေ့ကြကုန်လင့်၊ နောင်အခါမှ နှလုံးမသာမယာ မဖြစ်ကြကုန်လင့်၊ ဤကား ငါဘုရား၏ အဆုံးအမတော်ပေတည်း'' ဟု မိန့် တော်မူတယ်ကွဲ့။ [မှန်ပါဘုရား။]

တဏှာ, မာန, ဒိဋ္ဌိ ဆိုတဲ့ နယ်ချဲ့ သမား သုံးဦး သားကို သလ္လေခသုတ် တည်းဟူသော ကြိုးဖြင့် တုပ်နှောင်၍တော့ ပြီးပါပြီ။ သူတို့ဟာ ဘာလက် နက်တွေကို ကိုင်စွဲပြီး နယ်ချဲ့သလဲဆိုတော့ စက္ခာယတန မျက်စိ, သောတာ ယတန နား, ဃာနာယတန နှာခေါင်း, ဇိဝှါယတန လျှာ, ကာယာယတန ကိုယ်ကောင်, မနာယတန စိတ် ဆိုတဲ့ လေးကိုင်း ခြောက်ခုနှင့် ရူပါယတန အဆင်း, သဒ္ဒါယတန အသံ, ဂန္ဓာယတန အနံ့, ရသာယတန အရသာ, ဖောဋ္ဌဗ္ဗာယတန အတွေ့, ဓမ္မာယတန ဓမ္မာရုံဆိုတဲ့ မြှားခြောက်စင်း ကိုင်စွဲပြီး နယ်ချဲ့ကြတယ်။ ဒီတော့ သူတို့ ကိုင်စွဲတဲ့ လက်နက်တွေကိုပါ ချိုးဖဲ့ ဖျက်ဆီး ပစ်မှ နယ်မချဲ့နိုင်မှာ မဟုတ်လား။ [မှန်ပါဘုရား။]

မျက်စိ, နား, နှာခေါင်း, လျှာ, ကိုယ်ကာယ ဆိုတဲ့ ပသာဒရုပ် ငါးခုဟာ အတိတ်ဘဝက ပြောင်းလာတာ မဟုတ်။ အတိတ်ကံကို အကြောင်းခံပြီး အမိဝမ်းထဲမှာ ကလလရေကြည်ကို အစတည်ပြီး ဖြစ်ခဲ့ကြတာ မဟုတ်လား။ [မှန်ပါ ဘုရား။] ဒီတော့ ဖြစ်မှု ဇာတိ မရှိပါလား။ [ရှိပါတယ် ဘုရား။] ဇာတိ ပစ္စယာ ဇရာမရဏံ ဆိုသည့်အတိုင်း ဖြစ်မှု ဇာတိ ရှိတဲ့အတွက် ဇရာဆိုတဲ့ ရင့်ရော်မှုတွေ ဖြစ်မလာပါလား။ [လာပါတယ် ဘုရား။] ရင့်ရော်ပြီးတော့ သေပျက် မသွားပါလား။ [သွားပါတယ် ဘုရား။]

သေပျက် သွားတယ် ဆိုတော့ ခိုင်မာ မြဲမြံမှု အတ္တ သဘော ရှိရဲ့လား။ [မရှိပါဘုရား။] အတ္တသဘော မရှိယင် ငါ့အတ္တလို့ ဒိဋ္ဌိစွဲတာ မမှားပါလား။ [မှားပါတယ်ဘုရား။] ရင့်ရော် အိုမင်းတဲ့သဘော သေတတ်တဲ့သဘောဟာ သာယာစရာလား, ကြောက်စရာလား။ [သာယာဘွယ်မဟုတ်၊ ကြောက်စရာ ပါဘုရား။] ကြောက်စရာသဘောကို ငါ့ဉစ္စာလို့ တဏှာဖြင့် တွယ်တာတာ မမှားပါလား။ [မှားပါတယ် ဘုရား။]

ရင့်ရော်အိုမင်းတဲ့ သဘော, သေတတ်တဲ့ သဘောဖြင့် ထောင်လွှားစရာ ဟုတ်ရဲ့လား။ [ထောင်လွှားစရာ မဟုတ်ပါဘုရား။] ထောင်လွှားစရာ မဟုတ် ပါပဲ ငါလို့ မာန ထောင်လွှားတာ မမှားပါလား။ [မှားပါတယ်ဘုရား။]

ကိုင်း....မနာယတန ကျန်သေးတယ်။ မျက်စိနှင့် ရူပါရုံ မထိခိုက်မီ မျက်စိ မှာ မြင်စိတ် ရှိသေးရဲ့လား။ [မရှိသေးပါ ဘုရား။] မျက်စိနှင့် ရူပါရုံ ထိခိုက် မိမှ မြင်စိတ်ဖြစ်လာတာ မဟုတ်လား။ [မှန်ပါဘုရား။]

ဖြစ်မှုဇာတိမရှိလား။ [ရှိပါတယ်ဘုရား။] ဇာတိရှိတဲ့အတွက် မျက်စိကိုမှိတ် လိုက်တော့ ချုပ်မသွားပါလား။ [ချုပ်သွားပါတယ် ဘုရား။] ချုပ်ပျောက်

 

သွားတယ်ဆိုတော့ အတ္တသဘောရှိရဲ့လား။ [မရှိပါဘုရား။] အတ္တသဘောမရှိတော့ ငါ့အတ္တလို့ ဒိဋ္ဌိစွဲတာ မမှားလား။ [မှားပါတယ် ဘုရား။] ဖြစ်ပြီး ပျက်သွားတယ်ဆိုတာ ဖောက်ပြန်တာပဲ။ ဖောက်ပြန်တဲ့သဘောဟာ သာယာစရာလား, ကြောက်စရာလား။ [ကြောက်စရာပါ ဘုရား။] ကြောက်စရာကောင်းတဲ့ သဘောကို ငါ့ဥစ္စာလို့ တဏှာဖြင့် စွဲလမ်းသင့်သလား။ [မစွဲလမ်းသင့်ပါ ဘုရား။] ဖောက်ပြန်တဲ့သဘောကို အကြောင်းပြုပြီး ငါလို့ မာနဖြင့် ထောင်လွှားသင့် သလား။ [မထောင်လွှား သင့်ပါ ဘုရား။] နားနှင့် အသံ မထိခိုက်မီက နားထဲမှာ ကြားစိတ် ရှိသေးရဲ့လား။ [မရှိ သေးပါ ဘုရား။] နားနှင့်အသံ ပေါင်းဆုံတော့ ကြားစိတ် ဖြစ်မလာပါလား။ [ဖြစ်လာပါတယ် ဘုရား။] ဖြစ်လာတယ်ဆိုတော့ ဇာတိ မရှိလား။ [ဇာတိ ရှိပါတယ် ဘုရား။] ဇာတိရှိတဲ့အတွက် အသံတိတ်တော့ ချုပ်မသွားလား။ [ချုပ်သွားပါတယ် ဘုရား။] ချုပ်ပျောက်သွားတယ်ဆိုတော့ ခိုင်မာတဲ့ အတ္တသဘော ရှိရဲ့လား။ [မရှိပါဘုရား။] အတ္တသဘော မရှိပါပဲ ငါ့အတ္တလို့ ဒိဋ္ဌိစွဲတာ မမှားလား။ [မှားပါတယ် ဘုရား။]

ဖြစ်ပြီးပျက်သွားတယ်ဆိုတာ ဖောက်ပြန်တာပဲ၊ ဖောက်ပြန်တဲ့သဘောဟာ သာယာစရာလား, ကြောက် စရာလား။ [ကြောက် စရာပါ ဘုရား။] ကြောက်စရာကောင်းတဲ့သဘောကို ငါ့ဥစ္စာလို့ တဏှာဖြင့် စွဲလမ်းသင့်သလား။ [မစွဲလမ်းသင့်ပါ ဘုရား။] ဖောက်ပြန်တဲ့သဘောကို အကြောင်းပြုပြီး ငါလို့ မာန ထောင်လွှားသင့်သလား။ [မထောင်လွှားသင့်ပါ ဘုရား။] နှာခေါင်းနှင့် အနံ့ မပေါင်းဆုံမီက နှာခေါင်းထဲမှာ နံစိတ်ရှိသေးရဲ့လား။ [မရှိသေးပါ ဘုရား။] နှာခေါင်းနှင့်အနံ့ ပေါင်းဆုံတော့ နံစိတ်ဖြစ်မလာပါလား။ [ဖြစ်လာပါတယ်ဘုရား။] ဖြစ်လာတယ်ဆိုတော့ ဇာတိမရှိလား။ [ဇာတိရှိပါတယ် ဘုရား။] ဇာတိရှိတဲ့အတွက် အနံ့ပြယ်တော့ ချုပ်ပျောက်မသွားလား။ [ချုပ်ပျောက်သွားပါတယ်ဘုရား။] ချုပ်ပျောက်သွားတယ်ဆိုတော့ ခိုင်မာတဲ့ အတ္တသဘောရှိရဲ့လား။ [မရှိပါ ဘုရား။] အတ္တသဘော မရှိပါပဲ ငါ့အတ္တလို့ ဒိဋ္ဌိစွဲတာ မမှားလား။ [မှားပါတယ်ဘုရား။]

ဖြစ်ပြီး ပျက်စီး သွား တယ် ဆိုတာ ဖောက်ပြန် တာပဲ၊ ထိုဖောက်ပြန်တဲ့ သဘောဟာ သာယာစရာလား, ကြောက်စရာလား။ [ကြောက်စရာပါ ဘုရား။] ကြောက်စရာကောင်းတဲ့ သဘောကို ငါ့ဥစ္စာလို့ တဏှာဖြင့် စွဲလမ်း သင့်သလား။ [မစွဲလမ်းသင့်ပါဘုရား။] ဖောက်ပြန်တဲ့သဘောကို အကြောင်း

ပြုပြီး ငါလို့ မာနထောင်လွှားသင့်သလား။ [မထောင်လွှားသင့်ပါဘုရား။] လျှာနှင့်ရသာရုံ မပေါင်းဆုံမိက အရသာကို သိတဲ့ ဇိဝှာဝိညာဏ်စိတ် လျှာမှာ ရှိရဲ့လား။ [မရှိပါဘုရား။] လျှာနှင့် ရသာရုံ ပေါင်းဆုံတော့ အရသာကို သိတဲ့ ဇိဝှာဝိညာဏ်စိတ် ဖြစ်မလာဘူးလား။ [ဖြစ်လာပါတယ် ဘုရား။] ဖြစ်လာတယ်ဆိုတော့ ဇာတိမရှိပါလား။ [ဇာတိရှိပါတယ်ဘုရား။] ဇာတိရှိတဲ့အတွက် မျိုချတော့ ချုပ်ပျောက်မသွားပါလား။ [ချုပ်ပျောက်သွားပါတယ် ဘုရား။] ချုပ်ပျောက်သွားတယ်ဆိုတော့ ခိုင်မာတဲ့ အတ္တသဘော ရှိရဲ့လား။ [မရှိပါဘုရား။] အတ္တသဘော မရှိပါပဲ ငါ့အတ္တလို့ ဒိဋ္ဌိစွဲတာ မမှားလား။ [မှားပါတယ်ဘုရား။]

ဖြစ်ပြီး ပျက်စီးသွားတယ် ဆိုတာ ဖောက်ပြန်တာပဲ။ ထိုဖောက်ပြန်တဲ့ သဘောဟာ သာယာစရာလား, ကြောက်စရာလား။ [ကြောက်စရာပါဘုရား။] ကြောက်စရာကောင်းတဲ့ သဘောကို ငါ့ဥစ္စာလို့ တဏှာဖြင့် စွဲလမ်းသင့်သလား။ [မစွဲလမ်းသင့်ပါဘုရား။] ကြောက်စရာကောင်းတဲ့သဘောကို အကြောင်းပြုပြီး ငါလို့ မာန ထောင်လွှားသင့် သလား။ [မထောင်သင့်ပါဘုရား။] ကိုယ်ကာယနှင့် ဖောဋ္ဌဗ္ဗာရုံ မတွေ့ထိမိ ခန္ဓာကိုယ်မှာ တွေ့သိစိတ် ရှိရဲ့လား။ [မရှိပါဘုရား။] ကိုယ်ကာယနှင့် ဖောဋ္ဌဗ္ဗာရုံ တွေ့ထိတော့ တွေ့သိစိတ် ဖြစ်မလာဘူးလား။ [ဖြစ်လာပါတယ် ဘုရား။] ဖြစ်လာတယ် ဆိုတော့ ဇာတိမရှိလား။ [ဇာတိရှိပါတယ်ဘုရား။] ဇာတိရှိတဲ့အတွက် ဖောဋ္ဌဗ္ဗာရုံနှင့် ကင်းကွာသွားယင် ချုပ်ပျောက်မသွားပါလား။ [ချုပ်ပျောက်သွားပါတယ် ဘုရား။] ချုပ်ပျောက်သွားတယ်ဆိုတော့ ခိုင်မာတဲ့ အတ္တသဘော ရှိရဲ့လား။ [မရှိပါဘုရား။] အတ္တသဘော မရှိပါပဲ ငါ့အတ္တလို့ ဒိဋ္ဌိစွဲတာ မမှားလား။ [မှားပါတယ်ဘုရား။]

ဖြစ်ပြီး ပျက်စီး သွားတယ် ဆိုတာ ဖောက်ပြန်တာပဲ။ ထိုဖောက်ပြန်တဲ့ သဘောဟာ သာယာစရာလား, ကြောက်စရာလား။ [ကြောက်စရာပါဘုရား။] ကြောက်စရာကောင်းတဲ့ သဘောကို ငါ့ဥစ္စာလို့ တဏှာဖြင့် စွဲလမ်းသင့်သလား။ [မစွဲလမ်းသင့်ပါဘုရား။] ကြောက်စရာကောင်းတဲ့သဘောကို အကြောင်း ပြုပြီး ငါလို့ မာန ထောင်စရာ ကောင်း သလား။ [မာနမထောင်သင့်ပါဘုရား။] အဲဒီလို စိတ်ဆိုတဲ့ မနာယတနဟာ အာရုံဒွါရ မထိခိုက်မိက မရှိသေး။ အာရုံဒွါရ ထိခိုက်မှ ဖြစ်လာပြီး ချုပ် ပျောက် သွားတဲ့ အတွက် ခိုင်မာတဲ့ အတ္တ မရှိ။ သို့အတွက် ငါ့ အတ္တ မဟုတ်။ ဖောက်ပြန် တတ်သော

ကြောင့် ငါ့ဥစ္စာလို့ တဏှာဖြင့် သာယာစရာမဟုတ်။ ငါလို့ ထောင်လွှားစရာ မဟုတ်ပုံကို ဉာဏ်ဖြင့် ဆင်ခြင်ရမယ် မောင်စိန်ရှဲ။ [မှန်ပါဘုရား။] အဲဒါက လေးကိုင်း ခြောက်ခုကို ချိုးဖဲ့ပစ်တာပဲ။ ကိုင်း....မြှားခြောက်စင်းကို ချိုးကြဦးစို့။ [မှန်ပါဘုရား။]

ရူပ, သဒ္ဒ, ဂန္ဓ, ရသ, ဖောဋ္ဌဗ္ဗ, ဓမ္မ ဆိုတဲ့ အာရုံ ခြောက်ပါးဟာလဲ ဖောက်ပြန်တတ်တဲ့ သဘော မဟုတ်လား။ [ဟုတ်ပါတယ်ဘုရား။] ဖောက်ပြန်တယ်ဆိုတော့ ခိုင်မာတဲ့ အတ္တမရှိလို့ မဟုတ်လား။ [မရှိလို့ပါဘုရား။] ဒီတော့ ငါ့အတ္တလို့ ဒိဋ္ဌိစွဲတာ မမှားလား။ [မှားပါတယ်ဘုရား။]

ဖောက်ပြန်တတ်တဲ့ သဘောဟာ သာယာစရာလား။ [သာယာစရာ မဟုတ်ပါဘုရား။] ဒီလိုဆိုတော့ ငါ့ဥစ္စာလို့ တဏှာဖြင့် စွဲလမ်းသင့်ရဲ့လား။ [မစွဲလမ်းသင့်ပါဘုရား။] ဖောက်ပြန်တတ်တဲ့ သဘောကို အကြောင်းပြုပြီး ငါလို့ မာနထောင်စရာကောင်းသလား။ [မာနမထောင်သင့်ပါဘုရား။]

ကိုင်း....တဏှာ, မာန, ဒိဋ္ဌိတို့ ကိုင်စွဲတဲ့ လေးကိုင်းခြောက်ခုနှင့် မြှားခြောက်စင်းကို ရိုက်ချိုးပစ်လိုက်ပြီး တဏှာ, မာန, ဒိဋ္ဌိတို့၏ ခေါင်းကိုလဲ ဇာတိ ဇရာ မရဏဆိုတဲ့ ဒုက္ခသစ္စာ တူနှင့် ရိုက်ခွဲလိုက်ပါပြီ။ သို့အတွက် ယခု တရားကို နာကြတဲ့ ဒကာ, ဒကာမ အပေါင်းတို့လဲ မိမိသန္တာန်မှာရှိတဲ့ အာယတနတရား ၁၂ပါး၌ ဖောက်ပြန်တဲ့ သဘောကို မြင်အောင် ဆင်ခြင်ကြပါ။

မြင်ယင် ဒုက္ခသစ္စာကို မြင်ပါပြီ။ ဒုက္ခသစ္စာကို မြင်ယင် သမုဒယသစ္စာ ချုပ်ပါလိမ့်မယ်။ သမုဒယသစ္စာချုပ်ယင် ချုပ်ရာနိရောဓသစ္စာကို မျက်မှောက်ပြုရပါလိမ့်မယ်။ မျက်မှောက်ပြုတဲ့ ဉာဏ်ဟာ မဂ္ဂသစ္စာပါပဲ။

ဒါကြောင့် သစ္စာလေးပါးကို သိ၍ နိဗ္ဗာန်ကို ရောက်လွယ်ကြပါစေ။

သာဓု၊ သာဓု၊ သာဓု။

“ပပဉ္စတရား ၃၆သုံးပါး တရားတော်” ပြီး၏။

## "ကြက်ခြင်းပမာ သံသရာ"

ကုက္ကုဋ္ဌာ မောဒမာနာဝ၊ နဒန္တိ ဗဒ္ဓ ပေဋ္ဌကေ။
ဇဝံ စုတေပိ သံမုဋ္ဌာ၊ မောဒိတာ သောစိကာ ဇနာ။

ပေဋ္ဌကေ၊ မပြေးနိုင်အောင် ကြက်ကို လှောင်ဖို့ တောတောင်ကဝါး ယက်ကာထားသည့် များပြားစုတ္တဲ ခြင်းကြီးထဲ၌။ ဗဒ္ဓ ဗဒ္ဓါ၊ စားဖို့တကြောင်း ရောင်းဖို့တဖုံ အမျိုးစုံအောင် ခိုင်လုံစွာ လှောင်ထားအပ်ကုန်သော။ ကုက္ကုဋ္ဌာ၊ အပါယ်ဝဋ္ဋ်စက် မလွတ်ထွက်သည့် မသက်မသာ ကြက်ခများတို့သည်။ စုတေပိ၊ ဟိုနေ့ဒီရက် မချိန်းချက်ပဲ အသက်ကိုပေးသေရမည့် အရေး၌သော်လည်း။ သံမုဋ္ဌာ၊ သတိမမူ မောဟထူ၍ ကူသူမရှိ တွေဝေမှိုင်းမိကြကုန်လျက်။ မောဒမာနာဝ၊ အထီးကလဲ ကြင်ချင် အမကလဲ ခင်မင် အင်တင်တင်စိတ် မပေါက်နိုင်ပဲ ဝမ်းမြောက် ပျော်မြူး ကြကုန်၍ သာလျှင်။ နဒန္တိ၊ တကြော်ကြော်နှင့် အော်ကာ အော်ကာ သာယာလွန်ကျူး တွန်မြူးနိုင်ကြလေကုန်၏။ ဇဝံ၊ ခြင်းအတွင်းမှာ သွင်းကာလှောင်ထား ကြက်အများနှင့် မခြားနမူ အလားတူသာလျှင်။ ပေဋ္ဌကေ၊ ကြက်ခြင်းပမာ သံသရာဝဋ္ဋ်ဘုံ ကရွတ်မြုံ့ကြီး အတွင်း၌။ ဗဒ္ဓ ဗဒ္ဓါ၊ သံယောဇဉ်ကြိုး အမျိုးမျိုးဖြင့် လျှို့ထိုးဖွဲ့နှောင် ပိတ်လှောင်၍ ထားအပ်ကုန်သော။ ဇနာ၊ ပုပုဂ္ဂလ အနန္တများစွာ ပုထုဇဉ် သတ္တဝါတို့သည်။ စုတေပိ၊ အာဏာထန်ပြင်း ရှင်သေမင်းက ငြင်းချက်မပေး သေရမည့်အရေး၌လည်း။ သံမုဋ္ဌာ၊ ပျော်ပျော်ပါးပါး မော်ကာကြွား၍ တရားမရ အလွန် တွေဝေကြကုန်လျက်။ အသောစိကာ၊ သံသရာ အခိုးအရှိန်ကို စိုးရိမ်ဖို့

တကယ် ဝေးပါရဲ့ အပေါ်ယ်ဘေး သူမမြင် အပူအပင် မရှိကြ
ကုန်ပဲသာ။ မောဒိတာ၊ သားနှင့်တနည်း သမီးနှင့်တဖုံ ပစ္စည်း
ဂုဏ်နှင့်တအား မယားနှင့်တရွှင်ရွှင် ကိုယ့်လင်နှင့်တတွဲတွဲ
ကာမဂုဏ် စိတ်စွဲလျက် အကြိတ်အခဲ ပျော်မြူးကြကုန်လျက်။
နဒန္တိ၊ တီးဝိုင်းတွေနှင့် တရှိုးရှိုး ဂရမ္မာဖုန်းတွေနှင့် တညံညံ
တဏှာအသံ ချွဲချွဲပြီး ဖွဲ့နွဲ့သီဆိုကာ နေကြလေကုန် သတည်း။

သာဓု၊ သာဓု၊ သာဓု။

ပုထုဇဉ်သား ကြက်များတူစွာ၊ သံသရာတွင်း ကြက်ခြင်းပမာ။
ပျော်ရွှင်မြူးတူး ထူးထူးထွေလာ၊ ကြောက်ဖွယ်ကြီး ထန်သီး လန့်စရာ။

မောင်စိန်ရေ၊ ခြင်းထဲမှာ လှောင်ထားတဲ့ ကြက်တွေဟာ နက်ဖန်သဘက် သေရမည့်အရေးကို နဲနဲမှ မစဉ်းစားပဲ ရံခါရံခါ အချင်းချင်း ဒေါသဖြစ်လိုက်၊ ရံခါရံခါ အထီးနှင့်အမ သာယာမှုတဏှာ ဖြစ်လိုက်နှင့်သာ ဟင်းပန်းကန်ထဲ ရောက်ကြရသလို၊ ပုထုဇဉ် သတ္တဝါတွေလဲ သေရမည့်အရေးကို ထည့်မစဉ်းစား ပဲ သာယာစရာကောင်းတဲ့ အာရုံနှင့်ကြုံလိုက်၊ သာယာမှုကာမရာဂ သံယောဇဉ် တွေဖြစ်လိုက်၊ ဒေါသဖြစ်စရာ အာရုံနှင့်ကြုံလိုက် ပဋိဃသံယောဇဉ်တွေဖြစ် လိုက်၊ မာနဖြစ်စရာအာရုံနှင့်ကြုံလိုက် မာနသံယောဇဉ်ဖြစ်လိုက်၊ ဣဿာဖြစ် စရာနှင့်ကြုံလိုက် ဣဿာသံယောဇဉ် ဖြစ်လိုက်၊ မစ္ဆရိယဖြစ်စရာနှင့် ကြုံလိုက် မစ္ဆရိယသံယောဇဉ် ဖြစ်လိုက်၊ ဒိဋ္ဌိ ဖြစ်စရာနှင့်ကြုံလိုက် ဒိဋ္ဌိသံယောဇဉ် ဖြစ် လိုက်၊ ဝိစိကိစ္ဆာ ဖြစ်စရာနှင့် ကြုံလိုက် ဝိစိကိစ္ဆာသံယောဇဉ်ဖြစ်လိုက်၊ မောဟ ဖြစ်စရာနှင့်ကြုံလိုက် အဝိဇ္ဇာသံယောဇဉ် ဖြစ်လိုက်နှင့် သံယောဇဉ် ကြိုးတွေ ရစ်ပတ်ထားလိုက်တာ လှုပ်နိုင်ကြသေးရဲ့လား မောင်စိန်ရဲ့။ [မလှုပ် နိုင်ကြ ပါဘုရား။]

မလှုပ်နိုင်ကြတော့ ဇာတိဘေးလာယင်လဲ ခံ၊ ဇရာဘေးလာယင်လဲ ခံ၊ ဗျာဓိ ဘေးလာယင်လဲ ခံ၊ မရဏဘေး လာယင်လဲ ခံ၊ ချစ်သူနှဲ့ ကွဲတဲ့ဘေး လာယင် လဲ့ ခံ၊ မုန်းသူနဲ့တွဲရတဲ့ဘေး လာယင်လဲခံ၊ သောကမီး လောင်ယင်လဲခံ၊ ပရိဒေ ဝမီးလောင်ယင်လဲ ခံ၊ ဒုက္ခမီး လောင်ယင်လဲ ခံ၊ ဒေါမနဿမီး လောင်ယင် လဲ ခံ၊ ဥပါယာသမီး လောင်ယင်လဲ ခံ၊ တခံတည်းခံနေရတော့ အကြီးအ ကျယ် မဆင်းရဲဘူးလား။ [ဆင်းရဲပါတယ် ဘုရား။] ဒီဘေးတွေ၊ ဒီမီးတွေ ဟာ အလိုအလျောက် သူတို့ဘာသာသူတို့ ရှောင်ကွင်းပြီး သွားကြပါမလား။ [မသွားပါဘုရား။]

မသွားယင် ဒီဘေးတွေ ဒီမီးတွေမှ လွတ်မြောက်အောင် ကြံလဲကြံ၊ အား လဲထုတ်ရလိမ့်မယ်ကွဲ့။[မှန်ပါ၊မကြံပဲ အားမထုတ်ပဲနှင့်တော့ မအေး၊ကြံကြမှ အားထုတ်ကြမှ ဒေ့မှာပါဘုရား။] အဲဒါကြောင့် ကြံခန်း အားထုတ်ခန်း ကို "မဟာဒုက္ခက္ခန္ဓသုတ်ကြီး"ဖြင့် ပြမယ်၊ နားထောင်ကြ။

အခါဟပါး၌ မြတ်စွာဘုရားသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ သီတင်းသုံးတော်မူ၏။ ထိုအခါ ရဟန်းတို့သည် နံနက်အချိန်၌ သင်္ကန်းကိုပြင် ဝတ်ကြ၍ သပိတ်သင်္ကန်းကိုယူ၍ သာဝတ္ထိပြည်သို့ ဆွမ်းခံ ဝင်ကြကုန်၏။ ထိုအခါ ရဟန်းတို့က "သာဝတ္ထိပြည်၌ ဆွမ်းခံလှည့်လည်ရန် စောလွန်းသေး ၏။ ငါတို့သည် အယူတပါးရှိကြသော ပရိဗိုဇ်တို့၏ အရံသို့ ချဉ်းကပ်ကြရမူ ကောင်းလေစွ"ဟု အကြံဖြစ်ပေါ်၏။

ထိုအခါ ရဟန်းတို့သည် အယူတပါးရှိသော ပရိဗိုဇ်တို့၏အရံသို့ ချဉ်းကပ် ကြပြီးလျှင် ထိုပရိဗိုဇ်တို့နှင့်အတူ ဝမ်းမြောက်ဖွယ် အမှတ်ရဖွယ် စကားကို ပြောဆို ပြီးဆုံးစေ၍ တခုသောအရပ်၌ ထိုင်နေကြကုန်၏။ တခုသောအရပ်၌ ထိုင်နေသော ရဟန်းတို့အား အယူတပါးရှိသော ပရိဗိုဇ်တို့က "ငါ့ရှင်တို့၊ ရဟန်းဂေါတမသည် ကာမတရားတို့ကို လွန်မြောက်ခြင်းကို ပညတ်၏။ ငါတို့ လည်း ကာမတရားတို့ကို လွန်မြောက်ခြင်းကို ပညတ်ကြကုန်၏။ ငါ့ရှင်တို့၊ ရဟန်းဂေါတမသည် ရုပ်တရားတို့ကို လွန်မြောက်ခြင်းကို ပညတ်၏။ ငါတို့ လည်း ရုပ်တရားတို့ကို လွန်မြောက်ခြင်းကို ပညတ်ကြကုန်၏။ငါ့ရှင်တို့၊ ရဟန်း ဂေါတမသည် ဝေဒနာတို့ကို လွန်မြောက် ခြင်းကို ပညတ်၏။ ငါတို့လည်း ဝေဒနာတို့ကို လွန်မြောက်ခြင်းကို ပညတ် ကြကုန်၏။ ငါ့ရှင် တို့၊ ဤသို့ ပညတ်ကြရာ၌ ရဟန်းဂေါတမနှင့် ငါတို့၏ တရားဟောပုံချင်း ဆုံးမပုံချင်း ထူးခြားချက်ကား အဘယ်နည်း။ သာလွန် ချက်ကားအဘယ်နည်း၊ခြားနား ချက်ကားအဘယ်နည်း။"ဟု ပြောဆိုကြကုန်၏။

ထိုအခါ ရဟန်းတို့သည် အယူတပါးရှိသော ပရိဗိုဇ်တို့၏ စကားကို နှစ် သက်လည်း မနှစ်သက်ကြကုန်။ ပယ်လည်းမပယ်ခဲ့ကြကုန်။ မနှစ် သက်ခဲ့ မပယ်ခဲ့ကုန်ပဲ မြတ်စွာဘုရား၏အထံတော်၌ ဤစကား၏ အနက်အဓိပ္ပာယ်ကို သိရကုန်အံ့ဟု နှလုံးသွင်းကာ နေရာမှထ၍ ဖဲ့ခွာသွားကြကုန်၏။

ထိုအခါ ရဟန်းတို့သည် သာဝတ္ထိပြည်၌ ဆွမ်းခံလှည့်လည်၍ ဆွမ်းခံရာမှ ဖဲခဲ့ကြလျက် ဆွမ်းစားပြီးနောက် မြတ်စွာဘုရားထံသို့ ချဉ်းကပ်ကြပြီးလျှင် မြတ်စွာဘုရားကို ရှိသေစွာရှိခိုး၍ တခုသောနေရာ၌ထိုင်ကြကာ မြတ်စွာဘုရား အား ပရိဗိုဇ်တို့၏စကားကို လျှောက်ထားကြလေ၏။

ထိုအခါ မြတ်စွာဘုရားက "ရဟန်းတို့၊ဤသို့ပြောဆိုကြသည့် အယူတပါး ရှိသော ပရိဗိုဇ်တို့ကို"ငါ့ရှင်တို့၊ ကာမတရားတို့၏ သာယာဖွယ်သည် အဘယ် နည်း၊ အပြစ်သည် အဘယ်နည်း။ ထွက်မြောက်ရာသည် အဘယ်နည်း။ ရုပ် တရားတို့၏ သာယာဖွယ်သည် အဘယ်နည်း။အပြစ်သည်အဘယ်နည်း။ ထွက် မြောက်ရာသည် အဘယ်နည်း။ ဝေဒနာတို့၏ သာယာဖွယ်သည် အဘယ် နည်း။ အပြစ်သည် အဘယ်နည်း။ ထွက်မြောက်ရာသည် အဘယ်နည်း" ဟု မေးသင့်ကြကုန်၏။

"ရဟန်းတို့၊ဤသို့မေးသော် အယူတပါးရှိသော ပရိဗိုဇ်တို့သည် ပြည့်ပြည့် စုံစုံ မဖြေဆိုနိုင်ကြ ကုန်လတံ့။ အလွန် ပင်ပန်းဆင်းရဲ ခြင်းသို့လဲ ရောက်ကြ ကုန်လတံ့။ ထိုသို့ဖြစ်ခြင်းသည် အဘယ်ကြောင့်နည်း။ ရဟန်းတို့၊ အရာ မဟုတ်ရာ၌ ပြဿနာကို မေးခြင်းကြောင့်တည်း။ ရဟန်းတို့၊ မြတ်စွာဘုရား ကိုလည်းကောင်း၊မြတ်စွာဘုရား၏ တပည့်သာဝကကို လည်းကောင်း၊ဤသာ သနာတော်မှ ကြားနာရသူကို လည်းကောင်း၊ ချန်ထား၍ နတ်,မာရ်နတ်, ပြဟ္မာနှင့်တကွသော နတ်ပြည် လောက၌ လည်းကောင်း၊သမဏ ပြဟ္မဏမင်း များ လူများနှင့်တကွသော လူလောက၌ လည်းကောင်း၊ ဤပြဿနာကို ဖြေ ကြားခြင်းဖြင့် စိတ်ကိုနှစ်သက်စေနိုင်မည့် သူကို ငါဘုရားတွေ့မြင်တော်မမူ။"

"ရဟန်းတို့၊ကာမတရားတို့၏ သာယာဖွယ်သည် အဘယ်နည်း။ရဟန်းတို့၊ ကာမဂုဏ်တို့သည် ငါးပါးတို့တည်း။အဘယ်ငါးပါး တို့နည်း ဟူမူ လိုချင် ဖွယ်, နှစ်သက်ဖွယ်, မြတ်နိုးဖွယ်, ချစ်ဖွယ်သဘောရှိ၍ ကာမရာဂနှင့် စပ် သွယ်လျက် တပ်စွန်းဖွယ်ဖြစ်သော စက္ခုဝိညာဏ်ဖြင့် သိရသော အဆင်း, သော တဝိညာဏ်ဖြင့် သိရသော အသံ, ဃာနဝိညာဏ်ဖြင့် သိရသော အနံ့,ဇိဝှါ ဝိညာဏ်ဖြင့် သိရသော အရသာ, လိုချင်ဖွယ် နှစ်သက်ဖွယ် မြတ်နိုးဖွယ် ချစ် ဖွယ်သဘောရှိ၍ ကာမရာဂဖြင့် စပ်သွယ်လျက် တပ်စွန်းဖွယ်ဖြစ်သော ကာယ ဝိညာဏ်ဖြင့် သိရသော အတွေ့အထိတို့ ပေတည်း။ ရဟန်းတို့၊ ကာမဂုဏ်တို့ သည် ဤငါးပါးတို့တည်း။ ရဟန်းတို့၊ကာမဂုဏ် ငါးပါးတို့ကိုစွဲ၍ ဖြစ်ပေါ် လာသောချမ်းသာခြင်း၊ ဝမ်းမြောက်ခြင်းသည် ကာမတရားတို့၏ သာယာ ဖွယ်တည်း။"

"ရဟန်းတို့၊ ကာမတရားတို့၏ အပြစ်သည် အဘယ်နည်း။ ရဟန်းတို့၊ ဤလောက၌ အမျိုးသားသည် လက်ဆစ်ချိုး ရေတွက်ခြင်းအတတ်ဖြင့်ဖြစ်စေ, ဂဏန်းအတတ်ဖြင့်ဖြစ်စေ,သချာအတတ်ဖြင့်ဖြစ်စေ,လယ်လုပ်ခြင်းဖြင့်ဖြစ်စေ,

ကုန်သွယ်ခြင်းဖြင့်ဖြစ်စေ, နွားကျောင်းခြင်းဖြင့်ဖြစ်စေ, လက်နက်အမှုထမ်းဖြင့်ဖြစ်စေ, မင်းမှုထမ်းခြင်းဖြင့်ဖြစ်စေ, အခြားတပါးပါးသော အတတ်ဖြင့်ဖြစ်စေ အတတ်တမျိုးမျိုးဖြင့် အအေးကို ရင်ဆိုင်လျက်, အပူကို ရင်ဆိုင်လျက်, မှက်, ခြင်, ယင်, လေ, နေပူ, မြွေ, ကင်း, သန်း တို့၏ အတွေ့ အထိ တို့ဖြင့် ထိခိုက်ခံရလျက်, ငတ်မွတ်ခြင်း နှိပ်စက်၍ အသေခံရလျက် အသက်မွေးရ၏။ ရဟန်းတို့၊ ဤသည်လည်း ကာမအထောက်အပံ့, ကာမအရင်းခံ, ကာမလျှင် တည်ရာရှိသော, ကာမတို့ကြောင့်သာလျှင် ဖြစ်သည့် မျက်မှောက် ဆင်းရဲအစု ဖြစ်သော, ကာမတို့၏ အပြစ်တည်း။''

''ရဟန်းတို့၊ ထိုအမျိုးသားသည် ဤသို့ ထကြွ စေ့ဆော် အားထုတ်ပါလျက် စည်းစိမ်ဥစ္စာတို့သည် မပြည့်စုံကုန်ငြားအံ့။ ထိုအမျိုးသားသည် 'ငါ၏ ထကြွလုံ့လသည် အချည်းနှီးပါတကား၊ ငါ၏ ကြိုးပမ်း အားထုတ်ခြင်းသည် အကျိုးမဲ့သာတည်း' ဟု ပူဆွေး၏။ ပင်ပန်း၏။ ငိုကြွေး၏။ ရင်ဘတ်စည်တီးမြည်တမ်း၏။ တွေဝေခြင်းသို့ ရောက်၏။ ရဟန်းတို့၊ ဤသည်လည်း ကာမအထောက်အပံ့, ကာမအရင်းခံ, ကာမလျှင် တည်ရာရှိကုန်သော, ကာမတို့ကြောင့်သာလျှင် ဖြစ်သည့် မျက်မှောက် ဆင်းရဲအစု ဖြစ်သော, ကာမတို့၏ အပြစ်တည်း။''

''ရဟန်းတို့၊ ထိုအမျိုးသားသည် ဤသို့ ထကြွ စေ့ဆော် အားထုတ်သဖြင့် စည်းစိမ်ဥစ္စာတို့သည် ပြည့်စုံကုန်ငြားအံ့။ ထိုအမျိုးသားသည် 'အဘယ်သို့ စောင့်ထိန်းလျှင် ငါ၏ စည်းစိမ် ဥစ္စာတို့ကို မင်းနှင့် ခိုးသူတို့ မယူနိုင်ပဲ, မီးမလောင် ရေမမျော မချစ်သော အမွေခံတို့ မယူနိုင်ပဲ ရှိကြကုန်အံ့နည်း' ဟု စည်းစိမ် ဥစ္စာတို့ကို စောင့်ထိန်းရခြင်း အကြောင်းကြောင့် ကိုယ်ဆင်းရဲမှု, စိတ်ဆင်းရဲမှုကို ခံစားရ၏။ ထိုအမျိုးသားသည် ဤသို့ စောင့်ရှောက် ထိန်းသိမ်းပါလျက် ထိုစည်းစိမ်တို့ကို မင်းတို့သော်လည်း ဆောင်ယူကုန်ငြားအံ့။ ခိုးသူတို့သော်လည်း ဆောင်ယူကုန်ငြားအံ့။ မီးသော်လည်း လောင်ငြားအံ့။ ရေသော်လည်း မျောအံ့။ မချစ်သော အမွေခံတို့သော်လည်း ဆောင်ယူကုန်ငြားအံ့။ ထိုအမျိုးသားသည် 'ငါ့အား ဖြစ်ပြီးသော စည်းစိမ်ဥစ္စာတို့လည်း မရှိတော့ပါတကား' ဟု ပူဆွေး၏။ ပင်ပန်း၏။ ငိုကြွေး၏။ ရင်ဘတ်စည်တီးမြည်တမ်း၏။ တွေဝေခြင်းသို့ ရောက်၏။ ရဟန်းတို့၊ ဤသည်လည်း ကာမအထောက်အပံ့, ကာမအရင်းခံ, ကာမလျှင် တည်ရာရှိသော, ကာမကြောင့်သာလျှင်ဖြစ်သည့် ဆင်းရဲအစုဖြစ်သော, မျက်မှောက် ကာမတရားတို့၏ အပြစ်ပေတည်း။''

"ရဟန်းတို့၊ တဖန် ထို့ပြင်လည်း ကာမအထောက်အပံ့၊ ကာမအရင်းခံ၊ ကာမ တည်ရာ ကာမတို့ကြောင့် သာလျှင် မင်းအချင်းချင်းလည်း ငြင်းခုံကြကုန်၏။ ရေမြေရှင် အချင်းချင်းလည်း ငြင်းခုံကြကုန်၏။ ပုဏ္ဏား အချင်းချင်းလည်း ငြင်းခုံကြကုန်၏။ သူကြွယ်အချင်းချင်းလည်း ငြင်းခုံကြကုန်၏။ သားအမိ အချင်းချင်းလည်း ငြင်းခုံကြကုန်၏။ သားအဖ အချင်းချင်းလည်း ငြင်းခုံကြကုန်၏။ ညီအစ်ကို မောင်နှမ အချင်းချင်းလည်း ငြင်းခုံကြကုန်၏။ အပေါင်း အဖော် အချင်းချင်းလည်း ငြင်းခုံကြကုန်၏။ ထိုသူတို့သည် ငြင်းခုံခြင်း, ရန်ဖြစ်ခြင်း, သဘောကွဲလွဲခြင်းသို့ ရောက်ကုန်လျက် အချင်းချင်း လက်တို့ဖြင့်လည်း ပုတ်ခတ်ကြကုန်၏။ ခဲတို့ဖြင့်လည်း ပေါက်ကြကုန်၏။ တုတ်တို့ဖြင့်လည်း ရိုက်ကြကုန်၏။ ဓားလက်နက်တို့ဖြင့်လည်း ထိုးခုတ်ကြကုန်၏။ ထိုသူတို့သည် ထိုရန်ဖြစ်ရာ အရပ်၌ သေခြင်းသို့လည်း ရောက်ကုန်၏။ သေလောက်သော ဆင်းရဲဒုက္ခသို့လည်း ရောက်ကြကုန်၏။ ရဟန်းတို့၊ ဤသည်လည်း ကာမ အထောက်အပံ့, ကာမ အရင်းခံ, ကာမလျှင် တည်ရာရှိသော, ကာမတို့ကြောင့်သာလျှင် ဖြစ်သည့် မျက်မှောက် ဆင်းရဲ အစု ဖြစ်သော ကာမတို့၏ အပြစ်ပေတည်း။"

"ရဟန်းတို့၊ တဖန် ထို့ပြင်လည်း ကာမအထောက်အပံ့, ကာမအရင်းခံ, ကာမတည်ရာကာမတို့ကြောင့်သာလျှင် သန်လျက်နှင့် သားရေကာကို ကိုင်စွဲ၍ လေးနှင့် မြားတောင့်ကိုလွယ်လျက် မြားလှံတို့ကို ပစ်လွှင့်နေစဉ်ပင် သန်လျက်တို့ကို တလက်လက် ဝှေ့ယမ်းနေကြစဉ်ပင် နှစ်ဘက်စစ် ရင်ဆိုင်တိုက်ရာ စစ်မြေပြင်သို့ တိုးဝင်ကြကုန်၏။ ထိုသူတို့ကို စစ်မြေပြင်၌ မြားတို့ဖြင့်လည်း ပစ်ကြကုန်၏။ လှံဖြင့်လည်း ထိုးကြကုန်၏။ သန်လျက်ဖြင့်လည်း ဦးခေါင်းကို ဖြတ်ကြကုန်၏။ ထိုသူတို့သည် ထိုစစ်မြေပြင်၌ သေခြင်းသို့လည်း ရောက်ကြကုန်၏။ သေလောက်သော ဆင်းရဲဒုက္ခသို့လည်း ရောက်ကြကုန်၏။ ရဟန်းတို့၊ ဤသည်လည်း ကာမတရားတို့၏ အပြစ်တည်း။"

"ရဟန်းတို့၊ ထို့ပြင်လည်း ကာမတရားတို့ကြောင့်သာလျှင် သန်လျက်နှင့် သားရေကာကို ကိုင်စွဲလျက် လေးနှင့် မြားတောင့်ကို လွယ်ကာ မြားလှံတို့ကို ပစ်လွှင့်နေကြစဉ်ပင် သန်လျက်တို့ကို တလက်လက် ဝှေ့ယမ်းနေကြစဉ်ပင် ပူသော အစေးတို့ဖြင့် သွန်းလောင်းထားသော မြို့တံတိုင်းခြေတို့သို့ တိုးဝင်ကြကုန်၏။ ထိုသူတို့ကို ထိုနေရာ၌ မြားတို့ဖြင့် ပစ်ကြကုန်၏။ လှံတို့ဖြင့်လည်း ထိုးကြကုန်၏။ နွားချေး, မြင်းချေးရည်ပူတို့ဖြင့်လည်း သွန်းလောင်း

ကြကုန်၏။ ယန္တရားမောင်းဖြင့်လည်း ဖိချကြကုန်၏။ သန်လျက်ဖြင့်လည်း ဦးခေါင်းကို ဖြတ်ကြကုန်၏။ ထိုသူတို့သည် ထိုနေရာ၌ သေခြင်းသို့လည်း ရောက်ကြကုန်၏။ သေလောက်သော ဆင်းရဲသို့လည်း ရောက်ကြကုန်၏။ ရဟန်းတို့၊ ဤသည်လည်း ကာမတရားတို့၏ အပြစ်တို့ပေတည်း။"

"ရဟန်းတို့၊ တဖန် ထို့ပြင်လည်း ကာမတရားတို့ကြောင့်ပင် အိမ်ကိုလည်း ဖောက်ထွင်းကြကုန်၏။ ရွာလုံးကျွတ်လည်း တိုက်ခိုက် လုယူကြကုန်၏။ တအိမ်တည်းကိုလည်း တိုက်ခိုက် လုယူကြကုန်၏။ ခရီးလမ်း၌လည်း စောင့်၍ လုယူကြကုန်၏။ သူတပါး မယားကိုလည်း သွားလာကြကုန်၏။ ထိုသူကို မင်းတို့သည် ဖမ်းယူ၍ ညှဉ်းပန်းမှုအမျိုးမျိုးကို ပြုကြကုန်၏။ နှင်တံတို့ဖြင့်လည်း ရိုက်ကြကုန်၏။ ကြိမ်လုံးတို့ဖြင့်လည်း ရိုက်ကြကုန်၏။ တုတ်တို့ဖြင့်လည်း ရိုက်ကြကုန်၏။ လက်ကိုလည်း ဖြတ်ကြကုန်၏။ ခြေကိုလည်း ဖြတ်ကြကုန်၏။ လက်ခြေတို့ကိုလည်း ဖြတ်ကြကုန်၏။ နားကိုလည်း ဖြတ်ကြကုန်၏။ နှာခေါင်းကိုလည်း ဖြတ်ကြကုန်၏။ နား, နှာခေါင်း တို့ကိုလည်း ဖြတ်ကြကုန်၏။ ဦးခေါင်းခွံကို ဖောက်၍ ဦးနှောက်ကို ပအုံးရည်ကဲ့သို့ ပူလောင်စေကုန်၏။ ခရုသင်းပမာ ဦးခေါင်းရေကို ခွာစေကုန်၏။ နေကို ငုံသည့် ရာဟု ခံတွင်းအလား ပါးစပ်တွင်း၌ သွေးပြည့်အောင် ပြုကုန်၏။ ကိုယ်ကို ဆီဆွတ်သည့် အဝတ်ဖြင့် ရစ်ပတ်၍ မီးပန်းပမာ ရှို့မြိုက်ကုန်၏။ လက်နှစ်ဘက်ကို ဆီဆွတ်သည့် အဝတ်ဖြင့် ရစ်ပတ်၍ မီးတိုင်ပမာ ရှို့မြိုက်ကုန်၏။ မြစ်ခြေပင်မ၌ အရိုးအရွက်တို့ ရစ်ပတ်နေသော ပိန်းပင်အလား ဖမျက်အထိ တကိုယ်လုံးမှ အရေကို ခွာချကာ ပြေးလွှားစေကုန်၏။ အောက်တကိုယ်လုံးမှ အရေကို လည်ပင်းအထိ ခွာ၍ လျှော်တေဝတ်ရုံသော ရသေ့အလား ပြေးလွှားစေကုန်၏။ ခြေလက်လေးဘက်၌ တံကျင်လျှိုထား၍ လေးဘက်တွားနေသည့် သားကောင်းကဲ့သို့ ပြုလုပ်ကုန်၏။ အရေ အသား အကြောတို့ကို ငါးမျှားချိတ်ပမာ ထက်စွာသော သံချိတ်တို့ဖြင့် ဆွဲချိတ်၍ ချကုန်၏။ တကိုယ်လုံးမှ အသားစိုင်တို့ကို တကျပ်သား တကျပ်သားခန့် ခြွေချကုန်၏။ တကိုယ်လုံး၌ သံဆူးခက်တို့ဖြင့် ရိုက်နှက်ကာ ဆားဆပ်ပြာတို့ဖြင့် ပက်ဖျန်းကြကုန်၏။ တံခါးတိုင်၌ တံခါးကျည်လျှို၍ လှည့်သကဲ့သို့ ကိုယ်ကို သံတံကျင်လျှို၍ လှည့်စေကုန်၏။ အရိုး အားလုံးကို မှုံ့မှုံ့ညက်ညက်ကြေမွစေလျက် ကောက်ရိုး ကရွတ်ခွေကဲ့သို့ ပြုစေကုန်၏။ ဆီပူဖြင့်လည်း သွန်းလောင်းကုန်၏။ ခွေးတို့ကိုလည်း ကိုက်စေကုန်၏။ အရှင်လတ်လတ်လည်း သံတံကျင်လျှိုကြကုန်၏။ သန်လျက်ဖြင့်လည်း ဦးခေါင်းကို ဖြတ်ကုန်၏။ ထိုသူတို့သည် ထိုနေရာ၌ သေခြင်း

သို့လည်း ရောက်ကြကုန်၏။ သေလောက်သော ဆင်းရဲဒုက္ခသို့လည်း ရောက်ကြကုန်၏။ ရဟန်းတို့၊ ဤသည်လည်း ကာမတရားတို့၏ အပြစ်ပေတည်း။''

''ရဟန်းတို့၊ တဖန် ထို့ပြင်လည်း ကာမတရားတို့ကြောင့် သာလျှင် မကောင်းသောအကျင့်ကို ကိုယ်၊နှုတ်၊စိတ်တို့ဖြင့် ပြုကျင့်ပြီးလျှင် ထိုသူတို့သည် ခန္ဓာကိုယ် ပျက်စီး၍သေပြီးသည်မှ နောက်၌ ချမ်းသာကင်းသော မကောင်းသူတို့လားရာဖြစ်သော ငရဲသို့ရောက်ကြကုန်၏။ ရဟန်းတို့၊ ဤသည်လည်း ကာမတရားတို့၏ အပြစ်ပေတည်း''။

''ရဟန်းတို့၊ ကာမတရားတို့၏ လွတ်မြောက်ရာသည် အဘယ်နည်း။ ကာမတရားတို့၌ လိုချင်တပ်မက်မှုကို ဖျောက်ခြင်း, လိုချင်တပ်မက်မှုကို ပယ်ခြင်းသည် ကာမတရားတို့၏ လွတ်မြောက်ရာ ပေတည်း''။

''ရဟန်းတို့၊ အကြင်ရဟန်းဖြစ်စေ၊ ပုဏ္ဏားဖြစ်စေ မည်သူမဆို ဤသို့ ကာမတရားတို့၏ သာယာဖွယ်ကိုလည်း သာယာဖွယ်အားဖြင့်၊ အပြစ်ကိုလည်း အပြစ်အားဖြင့်၊ ထွက်မြောက်ရာကိုလည်း ထွက်မြောက်ရာ အား ဖြင့်ဟုတ်တိုင်းမှန်စွာ ခွဲခြား၍ မသိကုန်။ ထိုသူတို့အား အမှန်စင်စစ် ကိုယ်တိုင် သော်လည်း ကာမတရားတို့ကို ပိုင်းခြား၍ သိကြလိမ့်မည်။ သူတပါးကို သော်လည်း ကာမတရားတို့ကို ပိုင်းခြား၍ သိကြောင်းအကျင့်ကို ဆောက်တည် စေကြလိမ့်မည် ဟူသော အကြောင်းသည် မရှိနိုင်ပေ။''

''ရဟန်းတို့၊ ရဟန်းဖြစ်စေ ပုဏ္ဏားဖြစ်စေ မည်သူမဆို ဤသို့ကာမတရားတို့၏ သာယာဖွယ်ကိုလည်း သာယာဖွယ် အားဖြင့်, အပြစ်ကိုလည်း အပြစ်အားဖြင့်, ထွက်မြောက်ရာကိုလည်း ထွက်မြောက် ရာအားဖြင့် ဟုတ်တိုင်းမှန်စွာ ခွဲခြား၍ သိ၏။ ထိုသူအား အမှန်စင်စစ် ကိုယ်တိုင်သော်လည်း ကာမတရားတို့ကို ပိုင်းခြား၍သိကြလိမ့်မည်။ သူတပါးကိုသော်လည်း ကာမတရားတို့ကို ပိုင်းခြား၍သိကြောင်း အကျင့်ကို ဆောက်တည်စေလိမ့်မည် ဟူသော အကြောင်းသည် ရှိသည်သာတည်း။

''ရဟန်းတို့၊ရုပ်တရားတို့၏ သာယာဖွယ်သည် အဘယ်နည်း။ ရဟန်းတို့၊ ဥပမာအားဖြင့် မမြင့်လွန်း, မနိမ့်လွန်း, မပိန်လွန်း, မဝလွန်း, မမည်းလွန်း, မဖြူလွန်းသော တဆယ့်ငါးနှစ်, တဆယ့်ခြောက်နှစ် အရွယ်ရှိ မင်းမျိုး သတို့သမီးဖြစ်စေ, ပုဏ္ဏားမျိုး သတို့သမီးဖြစ်စေ, သူကြွယ်မျိုး သတို့သမီးဖြစ်စေ ရှိရာ၏။ ထို အချိန် အရွယ်၌ထိုအဆင်းသည် အလွန် တင့်တယ်သည် မဟုတ်လော''ဟု မေးတော်မူ၏။ ''မှန်ပါသည်ဘုရား''ဟု ရဟန်းတို့က လျှောက်ကြ၏။

“ရဟန်းတို့၊ တင့်တယ်သော အဆင်းကို စွဲ၍ ဖြစ်ပေါ်လာသော ချမ်းသာခြင်း ဝမ်းမြောက်ခြင်းသည် ရုပ်တရားတို့၏ သာယာဖွယ်တည်း။”

“ရဟန်းတို့၊ ရုပ်တရားတို့၏အပြစ်သည် အဘယ်နည်း။ ရဟန်းတို့၊ နောင်အခါ၌ ထိုအမျိုးသမီးကိုပင် ရက်ချုပ်အားဖြင့် အသက်ရှစ်ဆယ်၊ ကိုးဆယ် တရာရှိ၍ အိုမင်းကုန်းကွကာ တောင်ဖွေးသာ မှီခိုရာရှိလျက် အရွယ်လွန်သဖြင့် သွားကျိုးဆံဖြူ ဆံပင်ကျွတ်ခေါင်းပြောင် အရေတွန့်၍ ကိုယ်၌ မှဲ့မည်းစွဲကာ နာကျင်စွာ တုန်တုန်ခိုက်ခိုက် သွားလာနေသည်ကို တွေ့မြင်ရာ၏။ ရဟန်းတို့၊ ထိုအရာကို သင်တို့ အဘယ်သို့ မှတ်ထင်ကြသနည်း။ ရှေးက ရှိသော တင့်တင့်သော အဆင်းသည် ပျောက်ကွယ်ခဲ့ပြီ မဟုတ်လော။ အပြစ်သည် ထင်ရှားဖြစ်ပေါ် နေသည်မဟုတ်လော”ဟု မေးတော်မူ၏။ “မှန်ပါသည်ဘုရား” ဟု လျှောက်ကြကုန်၏။ “ရဟန်းတို့၊ ဤသည် လည်း ရုပ်တရားတို့၏ အပြစ်ပေတည်း။”

“ရဟန်းတို့၊ တဖန် ထို့ပြင်လည်း ထိုသတို့သမီးကိုပင် အခြားသူတို့က ထူပေးအိပ်ပေးရလောက်အောင် အနာရောဂါနှိပ်စက်၍ ဆင်းရဲ ရောက်ကာ အပြင်းအထန် မမာမကျန်းသဖြင့် မိမိကျင်ကြီးကျင်ငယ်၌ အလူးလူးအလည်းလည်း အိပ်စက်နေရသည်ကို တွေ့မြင့်ရာ၏။ ရဟန်းတို့၊ ထိုအရာကို သင်တိ အဘယ်သို့ မှတ်ထင်ကြကုန်သနည်း။ ရှေးကရှိသော တင့်တယ်သော အဆင်းသည် ပျောက်ခဲ့ပြီ မဟုတ်လော။ အပြစ်သည် ထင်ရှားဖြစ်ပေါ် နေသည် မဟုတ်လော”ဟု မေးတော်မူ၏။ “မှန်ပါသည် ဘုရား” ဟု လျှောက်ကြကုန်၏။ “ရဟန်းတို့၊ ဤသည်လည်း ရုပ်တရားတို့၏ အပြစ်ပေတည်း။”

“ရဟန်းတို့၊ တဖန် ထို့ပြင်လည်း ထိုသတို့သမီးကိုပင် သင်္ချိုင်း၌ စွန့်ပစ်ထားသည့် သေ၍တရက်ရှိသော သူသေကောင်၊ သေ၍နှစ်ရက်ရှိသော သူသေကောင်၊ သေ၍သုံးရက်ရှိသော သူသေ ကောင်၊သေပြီးသည်နောက်ဖူးရောင် ပုပ်ပွနေသော သူသေကောင်၊ ရုပ်ဆင်း ပျက်ပြားလျက် အညို အမည်းများသော သူသေကောင်၊ သွေးပြည်ယိုစီးသော သဘောရှိသော သူသေကောင် ဖြစ်နေသည်ကို တွေ့မြင်ရာ၏။ ရဟန်းတို့၊ ထိုအရာကို အဘယ်သို့ ထင်မှတ်ကြသနည်း။ ရှေးက ရှိသော တင့်တယ်သော အဆင်းသည် ပျောက်ကွယ်ခဲ့ပြီ မဟုတ်လော။ အပြစ်သည်ထင်ရှား ဖြစ်ပေါ်နေသည် မဟုတ်လော”ဟု မေးတော်မူ၏။ “မှန်ပါသည်ဘုရား” ဟု လျှောက်ထား ကြကုန်၏။ “ရဟန်းတို့၊ ဤသည်လည်း ရုပ်တရားတို့၏ အပြစ်တို့ပေတည်း”။

"ရဟန်းတို့၊ တဖန် ထို့ပြင်လည်း ထိုသတို့သမီးကိုပင် သုသာန်၌ စွန့်ပစ်ထား၍ ကျီး စွန်ရဲ လင်းတ ဘုမ္မတီးငှက် ခွေး ကျား ကျားသစ် မြေခွေးတို့နှင့် ပိုးအမျိုးမျိုးတို့က ကိုက်ခဲ ထိုးဆိတ်ထားသော သူသေကောင် ဖြစ်နေသည်ကို တွေ့မြင်ရာ၏။ ရဟန်းတို့၊ ထိုအရာကို သင်တို့သည် အဘယ်သို့ ထင်မှတ်ကြကုန်သနည်း။ ရှေးကရှိသော, တင့်တယ်သော အဆင်းသည် ပျောက်ကွယ်ခဲ့ပြီ မဟုတ်လော၊ အပြစ်သည် ထင်ရှား ဖြစ်ပေါ်နေသည် မဟုတ်လော" ဟု မေးတော်မူ၏။ "မှန်ပါသည်ဘုရား" ဟု လျှောက်ထားကြကုန်၏။ "ရဟန်းတို့၊ ဤသည်လည်း ရုပ်တရားတို့၏ အပြစ်တည်း။"

"ရဟန်းတို့၊ တဖန် ထို့ပြင်လည်း ထိုသတို့သမီးကိုပင် သင်္ချိုင်း၌ စွန့်ပစ်ထား၍ အသား အသွေးတို့နှင့်တကွ အကြောတို့ဖြင့် နှောင်ဖွဲ့ထား၍ အရိုးချင်းဆက်နေသေးသော သူသေကောင်ဖြစ်နေသည်ကို တွေ့မြင်ရာ၏။ အသားမရှိ အသွေးတို့ဖြင့် လိမ်းကျံလျက် အကြောတို့ဖြင့် နှောင်ဖွဲ့ထားသော အရိုးချင်းချင်း ဆက်နေသေးသော အသားအသွေးမရှိ အကြောတို့ဖြင့် နှောင်ဖွဲ့ထားသော အရိုးချင်းဆက်နေသေးသော နှောင်ဖွဲ့ခြင်းကင်းကုန်လျက် လက်ရိုးတခြား ခြေရိုးတခြား ခြေဖမျက်ရိုးတခြား မြင်းခေါင်းရိုးတခြား ပေါင်ရိုးတခြား ခါးရိုးတခြား နံရိုးတခြား ကျောက်ကုန်းရိုးတခြား ပခုံးရိုးတခြား လည်ပင်ရိုးတခြား မေးရိုးတခြား သွားရိုးတခြား ဦးခေါင်းခွံ တခြားအားဖြင့် အရပ်မျက်နှာတို့၌ ပစ်ထားသော အရိုးစုဖြစ်နေသည်ကို တွေ့မြင်ရာ၏။ ရဟန်းတို့၊ ထိုအရာကို သင်တို့သည် အဘယ်သို့ ထင်မှတ်ကြသနည်း။ ရှေးကရှိသော, တင့်တယ်သော အဆင်းသည် ပျောက်ကွယ်ခဲ့ပြီ မဟုတ်လော၊ အပြစ်သည် ထင်ရှား ဖြစ်ပေါ်နေသည် မဟုတ်လော" ဟု မေးတော်မူ၏။ "မှန်ပါသည် ဘုရား" ဟု ရဟန်းတို့က လျှောက်ထားကြကုန်၏။ "ရဟန်းတို့ ဤသည်လည်း ရုပ်တရားတို့၏ အပြစ်သာတည်း။"

"ရဟန်းတို့၊ တဖန် ထို့ပြင်လည်း ထိုသတို့သမီးကိုပင် သင်္ချိုင်း၌ စွန့်ပစ်ထား၍ ခရုသင်း အဆင်းနှင့်အတူ ဖြူဖွေးနေကုန်သော အရိုးတို့သာ ရှိသော သူသေကောင်ကို တွေ့မြင်ရာ၏။ စုပုံကုန်လျက် နှစ်ကျော်လွန်သော အရိုးတို့သာရှိသော ဆွေးမြေ့ကုန်လျက် မှုံ့မှုံ့ညက်ညက် ကြေမွသော သဘောရှိကုန်သော သူသေကောင်ကို တွေ့မြင်ရာ၏။ ရဟန်းတို့၊ ထိုအရာကို သင်တို့သည် အဘယ်သို့ ထင်မှတ်ကြကုန်သနည်း။ ရှေးကရှိသော, တင့်တယ်သော အဆင်း

သည် ပျောက်ကွယ်ခဲ့ပြီ မဟုတ်လော၊ အပြစ်သည် ထင်ရှား ဖြစ်ပေါ်နေသည် မဟုတ်လော'' ဟု မေးတော်မူ၏။ ''မှန်ပါသည် ဘုရား'' ဟု လျှောက်ကြကုန်၏။ ''ရဟန်းတို့၊ ဤသည်လည်း ရုပ်တရားတို့၏ အပြစ်ပေတည်း။''

''ရဟန်းတို့၊ ရုပ်တရားတို့၏ထွက်မြောက်ရာသည် အဘယ်နည်း။ ရဟန်းတို့၊ ရုပ်တရားတို့၌ လိုချင်တပ်မက်မှုကို ပယ်ဖျောက်ခြင်းသည် ရုပ်တရားတို့၏ ထွက်မြောက်ရာတည်း။''

''ရဟန်းတို့၊ ရဟန်းဖြစ်စေ ပုဏ္ဏားဖြစ်စေ မည်သူမဆို ဤသို့ ရုပ်တရားတို့၏ သာယာဘွယ်ကိုလည်း သာယာဘွယ်အားဖြင့်, အပြစ်ကိုလည်း အပြစ်အားဖြင့်, ထွက်မြောက်ရာကိုလည်း ထွက်မြောက်ရာအားဖြင့်, ဟုတ်တိုင်း မှန်စွာ ခွဲခြား၍ မသိကုန်၊ ထိုသူတို့အား စင်စစ်ကိုယ်တိုင်သော်လည်း ရုပ်တရားတို့ကို ပိုင်းခြား၍ သိလိမ့်မည်၊ သူတပါးကိုသော်လည်း ရုပ်တရားတို့ကို ပိုင်းခြား၍ သိကြောင်းအကျင့်ကိုဆောက်တည်စေကြလိမ့်မည်ဟူသော အကြောင်းသည် မရှိသည်သာတည်း။''

''ရဟန်းတို့၊ အကြင် ရဟန်းဖြစ်စေ ပုဏ္ဏားဖြစ်စေ မည်သူမဆို ဤသို့ ရုပ်တရားတို့၏ သာယာဘွယ်ကိုလည်း သာယာဘွယ်အားဖြင့်, အပြစ်ကိုလည်း အပြစ်အားဖြင့်, ထွက်မြောက်ရာကိုလည်းထွက်မြောက်ရာအားဖြင့်, ဟုတ်တိုင်း မှန်စွာ ခွဲခြား၍ သိကုန်၏။ ထိုသူတို့အား စင်စစ် ကိုယ်တိုင် သော် လည်း ရုပ်တရားတို့ကို ပိုင်းခြား၍ သိလိမ့်မည်၊ သူတပါးကိုသော်လည်း ရုပ်တရားတို့ကို ပိုင်းခြား၍ သိကြောင်း အကျင့်ကို ဆောက်တည် စေကြ လိမ့်မည် ဟူသော အကြောင်းသည် ရှိသည်သာတည်း။''

''ရဟန်းတို့၊ ဝေဒနာ၏ သာယာဘွယ်သည် အဘယ်နည်း။ ရဟန်းတို့၊ ဤသာသနာတော်၌ ရဟန်းသည် ကာမဂုဏ်တို့မှ ဆိတ်၍သာလျှင်, အကုသိုလ်တရားတို့မှ ဆိတ်၍သာလျှင်, ကြံစည်ခြင်း ဝိတက်၊ သုံးသပ်ခြင်း ဝိစာရ၊ နှစ်သက်ခြင်း ပီတိ၊ ချမ်းသာခြင်း သုခရှိသော ပထမဈာန်သို့ ရောက်၍နေ၏။ ထိုသို့ ရောက်သောအခါ မိမိ ဆင်းရဲရန်လည်း မစေ့ဆော်၊ သူတပါး ဆင်းရဲရန်လည်း မစေ့ဆော်၊ နှစ်ဦးလုံး ဆင်းရဲရန်လည်း မစေ့ဆော်။ ထိုအခါ၌ ဆင်းရဲမရှိသော ဝေဒနာကိုသာလျှင်ခံစား၏။ ရဟန်းတို့၊ ဝေဒနာ၏ သာယာဘွယ်ကား ဆင်းရဲမရှိခြင်းမျှသာလျှင် ဖြစ်၏ဟု ငါ ဟော၏။''

''ရဟန်းတို့၊ ထို့ပြင်လည်း ကြံစည်ခြင်း ဝိတက်၊ သုံးသပ်ခြင်း ဝိစာရတို့၏ ချုပ်ခြင်းကြောင့် မိမိကိုယ်၌ စိတ်ကို ကြည်လင်စေတတ်သော, သမာဓိ

ကြောင့် ဖြစ်သော, နှစ်သက်ခြင်း ပီတိ၊ ချမ်းသာခြင်း သုခရှိသော, ဒုတိယ ဈာန်သို့ ရောက်၍နေ၏။ ထိုသို့ ဒုတိယဈာန်သို့ ရောက်သောအခါ မိမိ ဆင်းရဲ ရန်လည်း မစေ့ဆော်၊ သူတပါး ဆင်းရဲရန်လည်း မစေ့ဆော်၊ နှစ်ဦးလုံး ဆင်းရဲရန်လည်း မစေ့ဆော်။ ထိုအခါ၌ ဆင်းရဲမရှိသော ဝေဒနာကိုသာ ခံစား၍ နေ၏။ ရဟန်းတို့၊ ဝေဒနာ၏ သာယာဘွယ်ကား ဆင်းရဲမရှိခြင်းမျှ သာလျှင် ဖြစ်၏ဟု ငါဟော၏။''

''ရဟန်းတို့၊ ဤသာသနာတော်၌ ရဟန်းသည် နှစ်သက်ခြင်း ပီတိကိုလည်း မစွဲမက်ခြင်းကြောင့် လျစ်လျူရှု၍သာ နေ၏။ သတိနှင့် ပြည့်စုံသည် ဖြစ်၍, ဆင်ခြင်ဉာဏ်နှင့် ပြည့်စုံသည် ဖြစ်၍ ချမ်းသာခြင်း သုခကိုလည်း ကိုယ်ဖြင့် ခံစား၏။ အရိယာ ပုဂ္ဂိုလ်တို့သည် အကြင် တတိယဈာန်ကြောင့် ထိုသူကို လျစ်လျူရှုသူ, သတိရှိသူ, ချမ်းသာစွာ နေလေ့ရှိသူဟု ပြောကြား ကုန်၏။ ထိုတတိယ ဈာန်သို့ ရောက်၍ နေ၏။ ထိုသို့ ရောက်သောအခါ မိမိ ဆင်းရဲ ရန်လည်း မစေ့ဆော်၊ သူတပါး ဆင်းရဲရန်လည်း မစေ့ဆော်၊ နှစ်ဦးလုံး ဆင်းရဲရန်လည်း မစေ့ဆော်။ ထိုအခါ၌ ဆင်းရဲမရှိသော ဝေဒနာကို ခံစား၏။ ရဟန်းတို့၊ ဝေဒနာ၏ သာယာဘွယ်ကား ဆင်းရဲမရှိခြင်းမျှသာလျှင် ဖြစ်၏ဟု ငါဟော၏။''

''ရဟန်းတို့၊ ဤသာသနာတော်၌ ရဟန်းသည် ချမ်းသာခြင်းသုခကိုလည်း ပယ်ခြင်းကြောင့် ဆင်းရဲခြင်းဒုက္ခကိုလည်း ပယ်ခြင်းကြောင့် ရှေးဦးကပင်လျှင် ဝမ်းသာခြင်း သောမနဿ, နှလုံးမသာခြင်း ဒေါမနဿတို့၏ချုပ်ခြင်းကြောင့် ဆင်းရဲလည်း မဟုတ် ချမ်းသာလည်း မဟုတ်သော လျစ်လျူရှုခြင်းကြောင့် ဖြစ်သော စင်ကြယ်သော သတိရှိသော စတုတ္ထဈာန်သို့ ရောက်သောအခါ မိမိ ဆင်းရဲရန်လည်း မစေ့ဆော်၊ သူတပါး ဆင်းရဲရန်လည်း မစေ့ဆော်၊ နှစ်ဦးလုံး ဆင်းရဲရန်လည်းမစေ့ဆော်။ ထိုအခါ၌ ဆင်းရဲမရှိသော ဝေဒနာကို ခံစား၏။ ရဟန်းတို့၊ ဝေဒနာ၏ သာယာဘွယ်ကား ဆင်းရဲမရှိခြင်းမျှသာ လျှင် ဖြစ်၏ဟု ငါဟော၏။''

''ရဟန်းတို့၊ ဝေဒနာ၏အပြစ်သည် အဘယ်နည်း။ ရဟန်းတို့၊ ဝေဒနာ၏ အမြဲမရှိခြင်း ဆင်းရဲခြင်း ဖောက်ပြန်တတ်သော သဘောရှိခြင်းသည် ဝေဒနာ တို့၏ အပြစ်တည်း။''

''ရဟန်းတို့၊ ဝေဒနာတို့၏ထွက်မြောက်ရာကား အဘယ်နည်း။ ရဟန်းတို့၊ ဝေဒနာတို့၌ လိုချင် တပ်မက်မှုကို ဖျောက်ခြင်း ပယ်ခြင်းသည် ဝေဒနာ တို့၏ ထွက်မြောက်ရာတည်း။''

“ရဟန်းတို့၊ ရဟန်းဖြစ်စေ ပုဏ္ဏားဖြစ်စေ မည်သူမဆို ဤသို့ ဝေဒနာတို့၏ သာယာဘွယ်ကိုသာယာဘွယ်အားဖြင့်, အပြစ်ကိုအပြစ်အားဖြင့်, ထွက်မြောက်ရာကို ထွက်မြောက်ရာအားဖြင့် ဟုတ်တိုင်းမှန်စွာ ခွဲခြား၍ မသိကုန်။ ထိုသူတို့အား စင်စစ် ကိုယ်တိုင်သော်လည်း ဝေဒနာကို ပိုင်းခြား၍ သိလိမ့်မည်။ သူတပါးကို သော်လည်း ဝေဒနာတို့ကို ပိုင်းခြား၍သိကြောင်း အကျင့်ကို ဆောက်တည်စေကြလိမ့်မည်ဟူသော အကြောင်းသည် မရှိသည်သာတည်း။ ရဟန်းတို့၊ ရဟန်းဖြစ်စေ ပုဏ္ဏားဖြစ်စေ မည်သူမဆို ဤသို့ဝေဒနာတို့၏ သာယာဘွယ်ကို သာယာဘွယ်အားဖြင့်, အပြစ်ကို အပြစ်အားဖြင့်, ထွက်မြောက်ရာကို ထွက်မြောက်ရာအားဖြင့် ဟုတ်တိုင်းမှန်စွာ ခွဲခြား၍ သိကုန်၏။ ထိုသူအား စင်စစ် ကိုယ်တိုင်သော်လည်း ဝေဒနာကို ပိုင်းခြား၍ သိလိမ့်မည်။ သူတပါးကို သော်လည်း ပိုင်းခြား၍ သိကြောင်း အကျင့်ကို ဆောက်တည်စေလိမ့်မည် ဟူသော အကြောင်းသည် ရှိသည်သာတည်းဟု ဟောတော်မူ၏။”

မောင်စိန်ရေ။ [ဘုရား။] မင်း ကာမရာဂ သံယောဇဉ် ဖြစ်စရာ အာရုံငါးပါးနှင့် ကြုံတဲ့အခါ အခုမြတ်စွာဘုရား ဟောတဲ့အတိုင်း ကာမ၏ အပြစ်, ရုပ်၏ အပြစ်တွေကို ဆင်ခြင်လိုက်ယင် ကာမရာဂသံယောဇဉ် ဖြစ်ပါမလား။ [မဖြစ်နိုင်ပါဘုရား။]

ဘဝရာဂ သံယောဇဉ် ဖြစ်စရာ သဌေးသူကြွယ် မင်းစိုးရာဇာတို့ကို တွေ့မြင်တဲ့အခါ ကာမတို့ ရုပ်တို့၏ အပြစ်ကို ဆင်ခြင်လိုက်ယင် ဘဝရာဂ သံယောဇဉ် ဖြစ်ပါမလား။ [မဖြစ်ပါဘုရား။] ပဋိဃသံယောဇဉ် ဖြစ်စရာ မနှစ်မြို့ဖွယ် ကောင်းတဲ့ အာရုံနှင့် ကြုံတဲ့အခါ ကာမ—ရုပ်—ဝေဒနာ တို့၏ အပြစ်တွေကို ဆင်ခြင်လိုက်ယင် ပဋိဃသံယောဇဉ် ဖြစ်ပါမလား။ [မဖြစ်ပါဘူး ဘုရား။] မာနဖြစ်စရာ· အာရုံနှင့်ကြုံတဲ့အခါ ဆင်ခြင်လိုက်ယင်ကော ဖြစ်ပါမလား။ [မဖြစ်ပါဘုရား။] ဒိဋ္ဌိ ဝိစိကိစ္ဆာ ဣဿာ မစ္ဆရိယတို့ ဖြစ်စရာအာရုံနှင့် ကြုံတဲ့အခါ ထိုကာမ ရူပဝေဒနာတို့၏ အပြစ်တွေကို ဆင်ခြင်လိုက်ယင် ထိုသံယောဇဉ်တွေ ဖြစ်ပါမလား။ [မဖြစ်ပါဘုရား။] အဲဒီ ကာမ ရူပ ဝေဒနာတို့၏ အပြစ်တွေကို မြင်အောင် ဆင်ခြင်တာသည်ပင် ဒုက္ခသစ္စာကို လောကီမဂ္ဂင်ဖြင့် ပွားသည်မည်တယ် မောင်စိန်ရဲ့။ [မှန်ပါဘုရား။]

လောကီမဂ္ဂင်ကို ဝိပဿနာလို့လဲ ခေါ်တယ်။ မဂ်ဉာဏ် မဖြစ်သမျှ ပွားရှုမှုကို ဝိပဿနာခေါ်တာပေါ့။ အဲဒီလို လောကီမဂ္ဂင်ဖြင့် ဒုက္ခသစ္စာဖြစ်တဲ့ ကာမ ရူပ ဝေဒနာတို့၏ အပြစ်တွေကို ဆင်ခြင်ဖန် များလတ်သော် မြင်လာ

ပါလိမ့်မယ်။ မြင်ယင်ငြီးငွေ့တဲ့ဉာဏ် ပေါ်လာပါလိမ့်မယ်။ ငြီးငွေ့တဲ့ဉာဏ် ရင့်သန်လာယင် အတွယ်အတာ သမုဒယ ချုပ်သွားပါလိမ့်မယ်။ ချုပ်ယင် ချုပ်ရာဖြစ်သော နိရောဓသစ္စာ အအေးပရမတ်ကို စိတ်နှင့်ဉာဏ်နှင့် တွေ့ကြရပါလိမ့်မယ်။ တွေ့တဲ့ဉာဏ်ဟာ မဂ်ဉာဏ် မဂ္ဂသစ္စာပါပဲ မောင်စိန်ရဲ့။ [မှန်ပါဘုရား။]

အဲဒီလို အအေးပရမတ်ကို ကိုယ်တိုင်တွေ့ရတော့ သန္ဒိဋ္ဌိကော ကိုယ်တိုင်မြင်ခြင်းဆိုတဲ့ တရားဂုဏ်တော်ကို မတွေ့ရပါလား။ [တွေ့ရပါတယ် ဘုရား။] ရုပ် နာမ် ဓမ္မ သင်္ခါရတရားတို့၏ အပြစ်ကိုမြင်၍ သမုဒယသစ္စာလဲ ချုပ်ရော့၊ ချုပ်ရာ အအေးဓာတ်ကိုလဲ ချက်ချင်း မတွေ့ရပါလား။ [တွေ့ရပါတယ် ဘုရား။] ဒီလိုဆိုတော့ အကာလိကော အခါမလင့် အကျိုးပေးတယ် ဆိုတဲ့ဂုဏ်တော်ကို မတွေ့ရပါလား။ [တွေ့ရပါတယ်ဘုရား]။ အဲဒီ အအေးဓာတ်ကြီးဟာ ကာမ ရူပ ဝေဒနာတို့၏ သာယာဖွယ်လို အပြစ်က မရှိလေတော့ ချမ်းသာဆန်းကြီး ဖြစ်မနေဘူးလား။ [တသံသရာလုံးက မရဘူး သဖြင့် ချမ်းသာဆန်းကြီးပါဘုရား။] ချမ်းသာဆန်းကြီး ဆိုတော့ လာကြစမ်းပါ၊ ကြည့်ကြ စမ်းပါလို့ ခေါ်၍ပြလို့သာ ဖြစ်မယ်ဆိုယင် မပြသင့် ပါလား။ [ပြသင့်ပါတယ်ဘုရား]။ အဲဒါ ဧဟိပဿိက ဂုဏ်တော်ပဲ။ အဲဒီ ဧဟိပဿိကဂုဏ်တော်ကို မင်းမတွေ့ရပါလား။ [တွေ့ရပါတယ် ဘုရား။] အဲဒီ နိဗ္ဗာန အအေးဓာတ်ကို အာရုံပြုလိုက်ယင် စိတ်ရော ကိုယ်ရောအေးပြီး သွားသဖြင့် ဆောင်၍ မထားသင့်ဘူးလား။ [ဆောင်ထား သင့်ပါတယ် ဘုရား။] အဲဒီလို ဆောင်ထားသင့်တာဟာ ဩပနေယျိက ဂုဏ်တော် ပေါ့။ အဲဒီဂုဏ်တော်ကို မင်း မတွေ့ရပါလား။ [တွေ့ရပါတယ် ဘုရား။] အဲဒီ နိဗ္ဗာန်ချမ်းသာကို ဘယ်ရန်သူမျိုးမှ မဖျက်ဆီးနိုင်။ လုယ၍ မယူနိုင်သောကြောင့် ကိုယ်ပိုင်ချမ်းသာ မစစ်လား။ [စစ်ပါတယ် ဘုရား။] အဲဒါ ပစ္စတ္တံ ဝေဒိတဗ္ဗော ဝိညူဟိ ဆိုတဲ့ ဂုဏ်တော်ပေါ့။ အဲဒီ ဂုဏ်တော်ကို မတွေ့ရဘူးလား။ [တွေ့ရပါတယ်ဘုရား။] အဲဒီ ဂုဏ်တော်တွေနှင့် ပြည့်စုံအောင် ဟောထား တဲ့ တရားဆိုတော့ သွာက္ခာတဂုဏ် မမြောက် ပေ ဘူး လား။ [သွာက္ခာတဂုဏ် မြောက်ပါတယ် ဘုရား။]

အဲဒီ တရားဂုဏ်တော် ခြောက်ပါးကို မင်းကိုယ်တိုင် တွေ့ရတော့ ဒိဋ္ဌဓမ္မော မြင်ပြီးသော တရားရှိသောသူ မဖြစ်သေးဘူးလား။ [ဖြစ်ပါပြီ ဘုရား။] ဝိဒိတဓမ္မော သိပြီးသော တရားရှိသောသူ မဖြစ် ပေဘူးလား။ [ဖြစ်ပါပြီ ဘုရား။] ပတ္တဓမ္မော ရောက်ပြီးသော တရားရှိသောသူ မဖြစ် သေးဘူးလား။ [ဖြစ်ပါ

ပြီဘုရား။] တိဏ္ဏ ဝိစိကိစ္ဆော ကူးပြီးသော ဝိစိကိစ္ဆာ ရှိသောသူ မဖြစ်သေးဘူးလား။ [ဖြစ်ပါပြီဘုရား။] ဝိဂတ ကထံကထော သို့လော သို့လော တွေးတောခြင်းမှ ကင်းပြီးသောသူ မဖြစ်သေးဘူးလား။ [ဖြစ်ပါပြီဘုရား။] ဝေသာရဇ္ဇပ္ပတ္တော ရဲရင့်ခြင်းသို့ ရောက်သောသူ မဖြစ်သေးဘူးလား။[ဖြစ်ပါပြီဘုရား။] အပရပ္ပစ္စယော ဘုရားမှတပါး ကိုးကွယ်ရာမထားသောသူ မဖြစ်သေးဘူးလား။ [ဖြစ်ပါပြီဘုရား။]

အဲဒီ အင်္ဂါဂုဏ်တွေနှင့် ပြည့်စုံမှ မြတ်စွာဘုရား၏ တပည့်သာဝကဖြစ်တယ်။ အဲဒီဂုဏ်အင်္ဂါနှင့် ပြည့်စုံအောင်လုပ်ငန်းက ဘာလဲဆိုတော့ကာမဂုဏ်၏ အပြစ်, ရုပ်၏ အပြစ်, ဝေဒနာ၏ အပြစ်ကို မြင်အောင် ဆင်ခြင်ဖို့ပဲ။ မြင်အောင် ဆင်ခြင်မှ မြင်မယ်။ မြင်မှ သံဝေဂဉာဏ် ပေါ်မယ်။ သံဝေဂဉာဏ် ပေါ်မှ သမုဒယသစ္စာချုပ်မယ်။

သမုဒယသစ္စာချုပ်မှ ချုပ်ရာ နိရောဓသစ္စာကို မျက်မှောက်ပြုရမှာ ဖြစ်ကြလေသောကြောင့် ကာမ,ရူပ,ဝေဒနာတို့၏ အပြစ် အာဒီနဝကို မြင်ကာ သမုဒယသစ္စာ ချုပ်၍ ချုပ်ရာနိဗ္ဗာန်ကို လျင်မြန်စွာ မျက်မှောက် ပြုနိုင်ကြပါစေကုန်သတည်း။ ။

သာဓု၊ သာဓု၊ သာဓု။

"ကြက်ခြင်းပမာ သံသရာတရားတော်"ပြီး၏။

## "မဆုံးနိုင်တဲ့ အဝိဇ္ဇာ"

မဟာတမေန မောဟေန၊ မောဟိတေ ဇာတိ သာဂရေ။
ဝိစရန္တိ အပ္ပဿန္တော၊ ဝိဇ္ဇောဘာသ မလာဘိနော။

ဘောန္တော၊ အဝိဇ္ဇာ မှောင်အတွင်းမှ ဝိဇ္ဇာ ဉာဏ်ရောင် အလင်းဖြင့် ရှောင်ကွင်းထွက်မြောက်လိုကြကုန်သော အို.... တရားနာ ပရိသတ် အပေါင်း သူတော်ကောင်းတို့။ မဟာတမေန၊ အမှောင်တကာ့ အမှောင်တွင် ဘယ်အမှောင်နှင့်မှ မနှိုင်းထိုက် မှိုင်းတိုက်၍ အရောင်မလင်းအောင် မှောင်ခြင်း ကြီး မှောင်စေနိုင် ထသော။ မောဟေန၊ အမှောင်မကိုင်ရှ အမိုက်ဘုရင် မမြင်မှိုင်းမှုန် သိုင်းခြုံကာဆီး မောဟတည်းဟူ သော အမှောင်ထုကြီးဖြင့်။ မောဟိတေ၊ တမိုက်ထဲ မိုက် မှောင်၍ အရောင်မထင်အောင် အစဉ်တစိုက် မှိုင်းကြီးတိုက် ၍ နေသော။ ဇာတိသာဂရေ၊ အမြစ်လဲမပြတ် အဖြစ်လဲမရပ် အထပ်ထပ် တောထ၍နေတဲ့ လောက တည်းဟူသော ဇာတိ ပြင်ကျယ် ပင်လယ်သမုဒ္ဒရာ ကြီးထဲ၌။ သတ္တာ၊ သူရော ကိုယ် ရော သောကော ရောကော မောမော ဟိုက်ဟိုက် မိုက်မိုက် မှောင်မှောင် သတ္တဝါ အမိုက်ကောင် တို့သည်။ ဝိဇ္ဇော ဘာသံ၊ အမှောင်ကင်းစွ ဝင်းပပနှင့် အလင်းပြနိုင်တဲ့ ဉာဏ် အရောင်ကို။ အလာဘိနော၊ ပြောလောက် ဆို လောက် ဘယ်ဘဝ ဘယ်အခိုက်မှာမှ ထိုက်ထိုက်ရောက်ရောက်မရကြကုန် သည် ဖြစ်၍။ ဝါ၊ အလင်းဉာဏ် လာဘ်လွဲလျက် တမှောင်ထဲ မှောင်ကာ နေကြကုန်သည်ဖြစ်၍။ အပ္ပဿန္တာ၊ လေးသစ္စာ တရားနက်ကို လျှပ်ပစ်သလို တကြိမ် ကလေးမျှ မှိန်မှေးမှေး

မမြင်ကြရကုန်ပဲ။ ဝိစရန္တိ၊ မှောက်ချင်မှောက် မှားချင် မှား
မျက်မမြင် လမ်းသွားသလို စမ်းတဝါးဝါးနှင့် ကျက်စား
ကျင်လည်ကာ နေကြလေကုန်သတည်း။

သာဓု၊ သာဓု၊ သာဓု။

မောင်စိန်ရေ။ [ဘုရား။] သက်ရှိလောကကို မပြောမီ သက်မဲ့လောကကို ဥပမာအဖြစ် ပြောကြဦးစို့ကွဲ့။ [မှန်ပါ၊ အမိန့်ရှိတော်မူပါဘုရား။]

ကမ္ဘာတည်ဦးက မဟာပထဝီမြေကြီးမှာ မြေဆီ မြေလွှာသာ ဖုံးလွှမ်းပြီး နေစဉ်က ဘာမျိုးစေ့မှ မရှိသေးပါဘူးကွဲ့။ နောက် မြေဆီမြေလွှာတွေ ကွယ်ပျောက်၍ နေ လ နက္ခတ် တာရာတွေ ပေါ်လာမှ ဆောင်း နွေ မိုး ရယ်လို့ ရာသီဥတု ပေါ်လာတယ်။ အဲဒီ ရာသီဥတုနှင့် မဟာပထဝီ မြေကြီး ပေါင်းစပ်မိတဲ့အခါ အာဒိဗီဇခေါ်တဲ့ သစ်ပင်ပေါက်ဖို့ရာ ဓာတ်စုကလေးတွေဖြစ်လာပြီး သစ်ပင်ပေါက်လာတယ်။ အဲဒီ သစ်ပင်ကမှ အသီးသီး၊ ၎င်းအသီးသည် မြေကြီးမှာကျပြီး အပင်ပေါက်၊ အပင်က အသီးသီး၊ ၎င်းအသီးသည် မြေကြီးမှာကျ၍ အပင်ပေါက်နှင့် မြေကြီးရှိသမျှ ကာလပတ်လုံး သစ်ပင်သံသရာဟာ ဆုံးပါမလား။ [မဆုံးနိုင်အောင် ဖြစ်နေပါတယ်ဘုရား။]

မြေကြီး မရှိယင် သစ်ပင်သံသရာဟာ ဆုံးပြီးမသွားပါလား။ [မြေကြီးမရှိယင်တော့ ဆုံးပါတယ်ဘုရား။] အဲဒီ သစ်ပင်တွေဟာ အစ ပထမတော့ ဗီဇ နောက်မှ ဗီဇဗီဇအစေ့မျိုးစေ့၊ မူလဗီဇ အမြစ်မျိုးစေ့၊ အဂ္ဂဗီဇ အညွန့်မျိုးစေ့၊ ခန္ဓဗီဇ ပင်စည်မျိုးစေ့၊ ဖလုဗီဇ အဆစ်မျိုးစေ့ရယ်လို့ ဗီဇငါးပါးဖြစ်ပြီး သစ်ပင်လောကကြီး စည်ပင်တာ မဟုတ်လား။ [ဟုတ်ပါတယ်ဘုရား။]

ကမ္ဘာတည်ဦးက အဖြစ်အပျက်ကို လှမ်းပြီး ပြောရတော့ ယုံတမ်းစကားဖြစ်နေပါတယ်။ လက်တွေ့စကားပြောမယ်။ တခုသော မြေကွက်မှာ ၁၀ တောင်ပတ်လည်လောက်ကိုပေါက်ပြားနှင့် သုံးလက်မလောက်နက်အောင် တူးပြီး ယူပစ်လိုက်ပါ။ ကျနေပြီးသား မျိုးစေ့တွေ ပြောင်သွားအောင်ပေါ့။ အပေါ်မြေတွေကို ယူပစ်ပြီး တံမြက်စည်းနှင့် ပြောင်အောင် လှဲပစ်လိုက်။ ပြီး....ဘာမျိုးစေ့မှ မကျရအောင် စောင့်ရှောက် ထားပါ။ အဲဒီနေရာကို မိုးလဲထိပါစေ၊ နေရောင်လဲ ထိပါစေ၊ ကြာယင် အာဒိဗီဇ ဖြစ်ပြီး အပင်ကလေးတွေ ပေါက်လာပါလိမ့်မယ်။ အဲဒီ အပင်လေးတွေရဲ့ မျိုးစေ့ဟာ အာဒိဗီဇပဲ မောင်စိန်ရဲ့။ [မှန်ပါဘုရား။]

အဲဒီလိုပဲ၊ သတ္တဝါတွေမှာလဲ အာဒိဗီဇနဲ့တူတဲ့ အနုသယ ခုနစ်ပါးရှိတယ်။ လောဘဖြစ်စရာ အာရုံငါးပါးနှင့် ကြုံတွေ့တဲ့အခါ ကာမရာဂ နုသယမှတဆင့် ကာမတဏှာ ဖြစ်လာတယ်။ လူ့စည်းစိမ် နတ်စည်းစိမ်ကို ကြားသိ ရတဲ့ အခါ ဘဝရာဂ နုသယမှ တဆင့် ဘဝတဏှာဖြစ်လာတယ်။ ဒေါသဖြစ်စရာ အာရုံနှင့်ကြုံတွေ့တဲ့အခါ ပဋိဃနုသယမှတဆင့် ဒေါသဖြစ်လာတယ်။ မာနဖြစ်စရာ အာရုံနှင့်ကြုံတဲ့အခါ မာနာနုသယမှ တဆင့် မာနကိလေသာ ဖြစ်လာတယ်။ ဒိဋ္ဌိဖြစ်စရာ အာရုံနှင့်ကြုံလျှင် ဒိဋ္ဌာနုသယမှတဆင့် ဒိဋ္ဌိဖြစ်လာတယ်။ ဝိစိကိစ္ဆာဖြစ်စရာအာရုံနှင့်ကြုံလျှင် ဝိစိကိစ္ဆာနုသယမှတဆင့် ဝိစိကိစ္ဆာကိလေသာဖြစ်လာတယ်။ မောဟဖြစ်စရာအာရုံနှင့် ကြုံလျှင် အဝိဇ္ဇာနုသယမှတဆင့် မောဟကိလေသာ ဖြစ်လာတယ်။ အနုသယမှတဆင့် ကိလေသာဝဋ်ဖြစ်လာတော့ ၎င်းမှတဆင့် ကမ္မဝဋ် ဖြစ်လာတာပေါ့။ တခါ ကမ္မဝဋ်မှ တဆင့် ဝိပါကဝဋ် ဖြစ်လာပြန်တယ်။ ၎င်း ဝိပါကဝဋ်ထဲမှာ အနုသယ ခုနစ်ပါး ကိန်းပြီးပါလာပြန်တာပဲ။ အဲဒီလိုနဲ့ အဝိဇ္ဇာနုသယ ရှိသမျှကာလ ပတ်လုံး ဝဋ်သုံးပါးသံသရာဟာ မဆုံးဘူးမောင်စိန်ရဲ့။ [မှန်ပါဘုရား၊ အနုသယ နှစ်ခုပါးရှိပါလျက် ဘာကြောင့် အဝိဇ္ဇာကိုသာ လက်ညှိုးထိုး ရပါသလဲ ဘုရား။]

အဝိဇ္ဇာက မြေကြီးနှင့်တူတယ်။ တဏှာက နေမင်းနှင့်တူတယ်။ သတ္တဝါတွေက သစ်ပင်တွေနှင့်တူတယ်။ ဒါကြောင့်လဲ အဝိဇ္ဇာ တဏှာဝသေန ဒွေ မူလာနိ စ ဝေဒိတဗ္ဗာနိ လို့ သင်္ဂဟ အဋ္ဌကထာမှာ ဆိုတာပေါ့။ အနုသယ ခုနစ်ပါးလုံး ပါအောင် ပြောရလျှင် အဝိဇ္ဇာနှင့်တဏှာက ရေ သောက်မြစ်ကြီးနှစ်ချောင်းနှင့် တူတယ်။ ကျန် အနုသယတွေက အမြစ်ကလေး တွေနှင့်တူတယ်။ သတ္တဝါတွေက သစ်ပင်တွေနှင့်တူတယ် မောင်စိန်ရဲ့။ [မှန်ပါဘုရား။]

သစ်မြစ်ကိုမတူးပဲ အကိုင်းကိုသာ ချိုင်မယ်ဆိုယင် ဘယ်နှစ်ခါပဲ ချိုင်ချိုင် ပြန်ပြီး အတက်ပေါက်မယ် မဟုတ်လား။ [ပေါက်မှာပါ ဘုရား။] အဲဒီလိုပဲ သီလလက်နက် ဓားသံလျက်ဖြင့် ဝီတိက္ကမကိလေသာကို ဘယ်လိုပဲခုတ်ခုတ် သမာဓိအရှိန် ဈာန်ပေါက်ဆိန်ဖြင့် ပရိယုဋ္ဌာန ကိလေသာအကိုင်းကို ဘယ်လိုပဲ ချိုင်ချိုင် အနုသယကိလေသာ မသေယင် ကျန် ကိလေသာ နှစ်ပါးဟာ ဖြစ်မြဲဖြစ်အုံးမှာပဲ။ ဒါကြောင့် မြတ်စွာဘုရားက မဟာနာမ်ကို **စူဠဒုက္ခက္ခန္ဓသုတ်**ကြီးဖြင့် ဟောတော်မူတယ် မောင်စိန်ရဲ့။ [မှန်ပါ၊ အဲဒီသုတ္တန်ဒေသနာကို ကြားပါရစေဘုရား။]

အခါတပါး၌ မြတ်စွာဘုရားသည် သက္ကတိုင်း ကပိလဝတ်ပြည် နိဂြောဓာရုံကျောင်း၌ သီတင်းသုံးတော်မူတယ်။ ထိုအခါ သာကီဝင်မင်းသား မဟာနာမ်သည် မြတ်စွာဘုရားအထံတော်သို့ ချဉ်းကပ်၍ မြတ်စွာဘုရားကို ရိုသေစွာရှိခိုးလျက် တခုသောအရပ်၌ ထိုင်ပြီးသော် မြတ်စွာဘုရားအား လျှောက်တယ်။ "အရှင်ဘုရား၊ လိုချင်ခြင်းသည် စိတ်၏ ညစ်ညူးကြောင်းတည်း ဟု မြတ်စွာဘုရား ဟောတော်မူသော တရားတော်ကို တပည့်တော်ကြာမြင့်စွာကပင် သိပါ၏မြတ်စွာဘုရား။ လိုချင်ခြင်းသည် စိတ်၏ ညစ်ညူး ကြောင်းတည်း, ပြစ်မှားခြင်းသည် စိတ်၏ညစ်ညူးကြောင်းတည်း, တွေဝေခြင်းသည် စိတ်၏ ညစ်ညူးကြောင်းတည်း,ဟု ဟောတော်မူသော တရားတော်ကို တပည့်တော် သိပါသော်လည်း တပည့်တော်အား တရံတခါ လိုချင်မှုတရားတို့သည်လည်း ပကတိစိတ်ကို ကုန်ခန်းစေ၍ တည်ပါသည်။ ပြစ်မှားမှု တရားတို့မည်သည်လည်း ပကတိစိတ်ကိုကုန်ခန်းစေ၍တည်ပါသည်။ တွေဝေမှုတရားတို့သည်လည်း ပကတိစိတ်ကို ကုန်ခန်းစေ၍ တည်ပါ၏။ သို့အတွက် ငါ၏အဇ္ဈတ္တသန္တာန်၌ အဘယ်တရားတို့ကို မပယ်ရ သေးသောကြောင့် ဒီလို ဖြစ်ရသနည်းဟု တပည့်တော်အား စိတ်အကြံ ဖြစ်ပါသည် ဘုရား"ဟူ၍ လျှောက်တယ်။

ဘုရားရှင်က "မဟာနာမ်၊ သင်၏သန္တာန်၌ လိုချင်မှု,ပြစ်မှားမှု, တွေဝေမှုတရားတို့ကိုသာလျှင် မပယ်ရသေး သောကြောင့် ယင်း တရားတို့သည် သင့်အား စိတ်ကိုကုန်ခန်းစေ၍ တည်ကုန်၏။ မဟာနာမ်၊ သင်၏သန္တာန်၌ ထိုတရားတို့ကိုပယ်ပြီး ဖြစ်ငြားအံ့၊ သင်သည် အိမ်ရာတည်ထောင်၍ မနေရာ၊ ကာမတို့ကို မခံစားရာ။ မဟာနာမ်၊ သင်၏သန္တာန်၌ ထိုတရားတို့ကိုသာလျှင် မပယ်ရသေးသောကြောင့် သင်သည် အိမ်ရာတည်ထောင်၍ နေသည်၊ ကာမတို့ကိုခံစား၏။"

"မဟာနာမ်၊ ကာမတို့သည် သာယာဘွယ် နည်းပါးကုန်၏၊ ဆင်းရဲဒုက္ခများပြားကုန်၏၊ ပြင်းထန်စွာ ပင်ပန်းမှု များပြားကုန်၏၊ ဤကာမတရားတို့၌ အပြစ်သည်သာ အလွန် များပြားကုန်၏ဟု မြတ်စွာဘုရား၏ သာဝကတို့သည် ဟုတ်တိုင်းမှန်စွာ မှန်ကန်သော ပညာဖြင့် အကယ်၍ ကောင်းစွာမြင်စေကာမူ ထိုသူသည် ကာမတို့ကို ကြဉ်၍သာလျှင်, အကုသိုလ်တရားတို့ကိုကြဉ်၍သာလျှင်, နှစ်သက်ခြင်း ချမ်းသာခြင်း ရှိသော ဈာန် သို့မဟုတ် ထိုဈာန်ထက် ငြိမ်သက်ခြင်းရှိသော ဈာန်မဂ်ကို မရငြားအံ့၊ ထိုသူသည် ကာမတို့၌ ပြန်လည်ခြင်းမရှိသူ မဖြစ်နိုင်သေးချေ။ မဟာနာမ်၊ အကြင်အခါ၌ ကာမတို့သည် သာယာဘွယ် နည်းပါး ကုန်၏၊ ဆင်းရဲဒုက္ခ များပြား ကုန်၏၊

ပြင်းစွာ ပင်ပန်းမှုများကုန်၏။ ဤကာမတရားတို့၌ အပြစ်သည်သာ အလွန်များကုန်၏ဟု မြတ်စွာဘုရား၏ သာဝကသည် ဤကာမကို ဟုတ်တိုင်းမှန်စွာ ပညာဖြင့် ကောင်းစွာ မြင်အံ့၊ ထိုသူသည် ကာမတို့ကို ကြဉ်၍သာလျှင်၊ အကုသိုလ်တရားတို့ကို ကြဉ်၍သာလျှင် နှစ်သက်ခြင်း ချမ်းသာခြင်းရှိသော စျာန်ကို သို့မဟုတ် ထိုစျာန်ထက် ငြိမ်သက်သော အခြားစျာန်မဂ်ကိုလည်းရအံ့၊ ထိုအခါ ထိုသူသည် ကာမတို့၌ ပြန်လည်ခြင်းမရှိသူ ဖြစ်၏'' တဲ့ မောင်စိန်ရဲ့။ [မှန်ပါဘုရား။]

မဂ်ရမှ မဂ်က သမုစ္ဆေဒပဟာန်ဖြင့် အနုသယ ကိလေသာကို ပယ်သတ်တယ်။ အနုသယ ကိလေသာ သေမှ ပရိယုဋ္ဌာန ကိလေသာ မဖြစ်။ ပရိယုဋ္ဌာန ကိလေသာမဖြစ်တော့ ဝီတိက္ကမကိလေသာလဲ မဖြစ်ပဲ စိတ်ချရတယ်။ အနုသယ မသေလျှင် စိတ်မချရပြန် ဖြစ်တယ်။ ဒီတော့ အနုသယ သေအောင် အပြစ်တွေကို နာနာရှုမှ ဖြစ်မယ်ကွဲ့။ [မှန်ပါဘုရား။]

မြတ်စွာဘုရားက ဆက်ပြီး ဟောတယ်။ ဘယ်လို ဟောသလဲ ဆိုတော့ ''မဟာနာမ်၊ ငါသည် သစ္စာလေးပါးကို ထိုးထွင်း၍ မသိမီ ဘုရားလောင်းမျှသာ ဖြစ်နေစဉ်က ကာမတို့သည် သာယာဘွယ် နည်းပါးကုန်၏၊ ဆင်းရဲဒုက္ခ များပြားကုန်၏၊ ပြင်းစွာ ပူပန်မှုများကုန်၏၊ ဤကာမတို့၌ အပြစ်သည်သာ များကုန်၏ဟု ဤကာမကို ဟုတ်တိုင်းမှန်စွာ ပညာဖြင့် ကောင်းစွာ မြင်၏၊ ထို ငါသည် ကာမတို့ကို ကြဉ်၍သာလျှင်၊ အကုသိုလ် တရားတို့ကို ကြဉ်၍သာလျှင် နှစ်သက်ခြင်း ချမ်းသာခြင်းရှိသော စျာန်ကို သို့မဟုတ် ထိုထက် ငြိမ်သက်ခြင်းရှိသော စျာန်မဂ်ကို မရသေးသမျှ ကာမတို့၌ ပြန်လည်ခြင်း မရှိသူဟု ဝန်မခံခဲ့။ မဟာနာမ်၊ အကြင်အခါ၌ ကာမတို့သည် သာယာဘွယ်နည်းကုန်၏၊ ဆင်းရဲဒုက္ခ များပြားကုန်၏၊ ပြင်းစွာ ပူပန်မှု များကုန်၏၊ ဤကာမတို့၌ အပြစ်သည်သာလျှင် များကုန်၏ဟု ဤကာမကို ဟုတ်တိုင်းမှန်စွာ ပညာဖြင့် ကောင်းစွာ မြင်၏၊ ထို ငါသည် ကာမတို့ကို ကြဉ်၍သာလျှင်၊ အကုသိုလ်တို့ကို ကြဉ်၍ သာ လျှင် နှစ် သက် ခြင်း ချမ်း သာ ခြင်းရှိ သော စျာန်ကို သို့မဟုတ် ထိုစျာန်ထက် ငြိမ်သက်ခြင်းရှိသော အခြား စျာန်မဂ်ကိုလည်း ရ၏၊ ထိုအခါ ငါသည် ကာမတို့၌ ပြန်လည်ခြင်း မရှိသူဟု ဝန်ခံခဲ့၏။''

''မဟာနာမ်၊ ကာမတို့၏ သာယာဘွယ်သည် အဘယ်နည်း။ မဟာနာမ်၊ ကာမဂုဏ်တို့သည် ငါးပါးတို့တည်း။ အဘယ်ငါးပါးတို့နည်းဟူမူ လိုချင်ဘွယ်

နှစ်သက်ဘွယ် မြတ်နိုးဘွယ် ရှိ၍ ချစ်ဘွယ် သဘောရှိသော ကာမ ရာဂနှင့် စပ်သွယ်လျက် တပ်စွန်းဘွယ်ဖြစ်သော စက္ခုဝိညာဏ်ဖြင့် သိအပ်သောအဆင်း, သောတဝိညာဏ်ဖြင့် သိအပ်သောအသံ, ဃာနဝိညာဏ်ဖြင့် သိအပ်သောအနံ့, ဇိဝှါဝိညာဏ်ဖြင့် သိအပ်သော အရသာ, လိုချင်ဘွယ် မြတ်နိုးဘွယ် နှစ်သက်ဘွယ်ရှိ၍ ချစ်ဘွယ်သဘောရှိသော ကာမရာဂနှင့် စပ်သွယ်လျက် တပ်စွန်းဘွယ်ဖြစ်သော ကာယဝိညာဏ်ဖြင့်သိအပ်သော အတွေ့အထိတို့တည်း။ မဟာနာမ်၊ ကာမဂုဏ်တို့သည် ဤငါးပါးတို့တည်း။ မဟာနာမ်၊ ဤကာမဂုဏ်တို့ကို စွဲ၍ ဖြစ်ပေါ်လာသော ချမ်းသာခြင်း ဝမ်းမြောက်ခြင်းသည် ကာမတရားတို့၏ သာယာဘွယ်တည်း။''

''မဟာနာမ်၊ ကာမတရားတို့၏ အပြစ်သည် အဘယ်နည်း။ မဟာနာမ်၊ ဤလောက၌ အမျိုးသားသည် လက်ဆစ်ချိုးရေတွက်ခြင်း အတတ်ဖြင့်ဖြစ်စေ, ဂဏန်း အတတ်ဖြင့် ဖြစ်စေ, သင်္ချာ အတတ်ဖြင့် ဖြစ်စေ, လယ်လုပ်ခြင်းဖြင့် ဖြစ်စေ, ကုန်သွယ်ခြင်းဖြင့် ဖြစ်စေ, နွားကျောင်းခြင်းဖြင့် ဖြစ်စေ, လက်နက်ကိုင် အမှုထမ်းခြင်းဖြင့်ဖြစ်စေ, မင်းအမှုထမ်းခြင်းဖြင့်ဖြစ်စေ, အခြား တပါးပါးသော အတတ်ဖြင့်ဖြစ်စေ, အတတ်အမျိုးမျိုးဖြင့် အအေးကို ရင်ဆိုင်ရလျက် အပူကို ရင်ဆိုင်ရလျက် မှက် ခြင် ယင် လေ နေပူ မြွေ ကင်း သန်းတို့၏ အတွေ့အထိတို့ဖြင့် ထိခိုက်ခံရလျက် ငတ်မွတ်ခြင်း နှိပ်စက်၍ အသေခံရလျက် အသက်မွေးရ၏။ မဟာနာမ်၊ ဤသည်လည်း ကာမ တရားတို့၏ အပြစ် အာဒီနဝတည်း။''

''မဟာနာမ်၊ ထိုအမျိုးသားသည် ဤသို့ ထကြွ စေ့ဆော် အားထုတ်ပါလျက် စည်းစိမ်ဥစ္စာတို့သည် မပြည့်စုံငြားအံ့။ ထိုအမျိုးသားသည် ငါ၏ ထကြွ လုံ့လသည် အချည်းနှီးသာတကား။ ငါ၏ ကြိုးပမ်း အားထုတ်ခြင်းသည် အချည်းနှီးသာ တကားဟု ပူဆွေး၏။ ပင်ပန်း၏။ ငိုကြွေး၏။ ရင်ဘတ်စည်တီးမြည်တမ်း၏။ တွေဝေခြင်းသို့ရောက်၏။ မဟာနာမ်၊ ဤသည်လည်း ကာမတရားတို့၏ အပြစ်တည်း။''

''မဟာနာမ်၊ ထိုအမျိုးသားသည် ဤသို့ ထကြွ လုံ့လ အားထုတ်သဖြင့် စည်းစိမ်ဥစ္စာတို့သည် ပြည့်စုံကုန်ငြားအံ့။ ထိုအမျိုးသားသည် အဘယ်သို့ စောင့်ထိန်းလျှင် ငါ၏ စည်းစိမ်ဥစ္စာတို့ကို မင်းနှင့် ခိုးသူတို့ မဆောင်နိုင်ကြကုန်ပဲ မီးမလောင် ရေမမျော မချစ်သော အမွေခံသားတို့ မယူနိုင်ပဲ ရှိကုန်အံ့နည်းဟု ထိုစည်းစိမ် ဥစ္စာတို့ကို စောင့်ထိန်းရခြင်း အကြောင်းကြောင့် ကိုယ်ဆင်းရဲမှု စိတ်ဆင်းရဲမှုကို ခံစားရ၏။ ထိုအမျိုးသားသည် ဤသို့ စောင့်

ထိန်းပါလျက် ထိုစည်းစိမ် ဥစ္စာတို့ကို မင်းသော်လည်း ယူဆောင်ကုန်အံ့၊ ခိုးသူတို့သော်လည်း ခိုးကြကုန်ငြားအံ့၊ မီးသော်လည်း လောင်ကုန်ငြားအံ့၊ ရေသော်လည်း ဆမျောငြားအံ့၊ မချစ်အပ်သော အမွေခံတို့သော်လည်း ဆောင်ယူကုန်ငြားအံ့၊ ထိုအမျိုးသားသည် ငါ့အား ဖြစ်ပြီးသော စည်းစိမ်ဥစ္စာတို့လည်း မရှိတော့ပါတကားဟု ပူဆွေး၏၊ ပင်ပန်း၏၊ ငိုကြွေး၏၊ ရင်ဘတ်စည်တီး မြည်တမ်း၏၊ တွေဝေခြင်းသို့ ရောက်၏၊ မဟာနာမ်၊ ဤသည်လည်း ကာမတရားတို့၏ အပြစ်တည်း။''

''မဟာနာမ်၊ တဖန် ထို့ပြင်လည်း ကာမတရားတို့ကြောင့်သာလျှင် မင်းအချင်းချင်းလည်း ငြင်းခုံကြကုန်၏၊ ရေမြေရှင် အချင်းချင်းလည်း ငြင်းခုံကြကုန်၏၊ ပုဏ္ဏားအချင်းချင်းလည်း ငြင်းခုံကြကုန်၏၊ သူကြွယ်အချင်းချင်းလည်း ငြင်းခုံကြကုန်၏၊ သားအမိ အချင်းချင်း လည်း ငြင်းခုံကြကုန်၏၊ သားအဖ အချင်းချင်းလည်း ငြင်းခုံကြကုန်၏၊ ညီအစ်ကို မောင်နှမ အချင်းချင်းလည်း ငြင်းခုံကြကုန်၏၊ အပေါင်းအဖော် အချင်းချင်းလည်း ငြင်းခုံကြကုန်၏၊ ထိုသူတို့သည် ထိုသို့ဖြစ်ရာ၌ ငြင်းခုံခြင်း ရန်ဖြစ်ခြင်း သဘောကွဲလွဲခြင်းသို့ ရောက်ကြကုန်လျက် လက်တို့ဖြင့်လည်း ပုတ်ခတ်ခြင်းသို့ ရောက်ကြကုန်၏၊ ခဲတို့ဖြင့်လည်း ပေါက်ကြကုန်၏၊ တုတ်တို့ဖြင့်လည်း ရိုက်ကြကုန်၏၊ ဓားလက်နက်တို့ဖြင့်လည်း ထိုးခုတ်ကြကုန်၏၊ ထိုသူတို့သည် ရန်ဖြစ်ရာ အရပ်၌ သေခြင်းသို့လည်း ရောက်ကြကုန်၏၊ သေလောက်သော ဆင်းရဲ ဒုက္ခသို့လည်း ရောက်ကြကုန်၏၊ မဟာနာမ်၊ ဤသည်လည်း ကာမတရားတို့၏ အပြစ်ပေတည်း။''

''မဟာနာမ်၊ တဖန် ထို့ပြင်လည်း ကာမဟူသော အကြောင်းကြောင့်သာလျှင် သန်လျက်နှင့် သားရေကာကို ယူ၍ လေးနှင့် မြှားတောင့်ကို လွယ်လျက် မြှားလှံတို့ကို ပစ်လွှင့်နေကြစဉ်ပင် သန်လျက်တို့ကို တလက်လက် ဝှေ့ယမ်း၍ နေကြစဉ်ပင် နှစ်ဘက် ရင်ဆိုင်တိုက်ရာ စစ်မြေပြင်သို့ ပြေးဝင်ကြကုန်၏၊ ထိုသူတို့ကို ထိုစစ်မြေပြင်၌ မြှားတို့ဖြင့်လည်း ပစ်ကြကုန်၏၊ လှံတို့ဖြင့်လည်း ထိုးကြကုန်၏၊ သန်လျက်ဖြင့်လည်း ဦးခေါင်းကို ဖြတ်ကြကုန်၏၊ ထိုသူတို့သည် ထိုစစ်မြေပြင်၌ သေခြင်းသို့လည်းရောက်ကြကုန်၏၊ သေလောက်သော ဆင်းရဲ ဒုက္ခသို့လည်း ရောက်ကြကုန်၏၊ မဟာနာမ်၊ ဤသည်လည်း ကာမတို့၏ အပြစ်ပေတည်း။''

''မဟာနာမ်၊ တဖန် ထို့ပြင်လည်း ကာမတို့ကြောင့်သာလျှင် သန်လျက်နှင့် သားရေကာကို ကိုင်စွဲလျက် လေးနှင့်မြှားတောင့်ကို လွယ်ကာ မြှားလှံတို့ကို

ပစ်လှင့် နေကြစဉ်ပင် သန်လျက် တို့ကို တလက်လက် ဝှေ့ယမ်း နေကြစဉ်ပင် ပူသော အစေးတို့ဖြင့် သွန်းလောင်း ထားသော မြို့တံတိုင်းခြေသို့ တိုးဝင်ကြကုန်၏၊ ထိုသူတို့ကို ထိုနေရာ၌ မြှားတို့ဖြင့်လည်း ပစ်ကြကုန်၏၊ လှံတို့ဖြင့်လည်း ထိုးကြကုန်၏။ နွားချေးမြင်းချေးရည်ပူတို့ဖြင့်လည်း သွန်းလောင်းကြကုန်၏၊ ယန္တရားမောင်းဖြင့်လည်း ဖိချကြကုန်၏၊ သန်လျက်ဖြင့်လည်း ဦးခေါင်းကို ဖြတ်ကြကုန်၏၊ ထိုသူတို့သည် ထိုနေရာ၌ သေခြင်းသို့လည်း ရောက်ကြကုန်၏၊ သေလောက်သော ဆင်းရဲဒုက္ခသို့လည်း ရောက်ကြကုန်၏၊ မဟာနာမ်၊ ဤသည်လည်း ကာမတရားတို့၏ အပြစ်ပေတည်း။''

''မဟာနာမ်၊ တဖန် ထို့ပြင်လည်း ကာမ တရား တို့ ကြောင့် ပင် လျှင် အိမ်ကိုလည်း ဖောက်ထွင်းကြကုန်၏၊ ရွာလုံးကျွတ်ကိုလည်း တိုက်ခိုက် လုယူကြကုန်၏၊ တအိမ်တည်းကိုလည်း တိုက်ခိုက် လုယူကြကုန်၏၊ လမ်းခရီး၌ စောင့်၍လည်း လုယူကြကုန်၏၊ သူတပါး မယားကိုလည်း သွားလာကြကုန်၏၊ ထိုသူကို မင်းတို့သည် ဖမ်းယူ၍ ညှဉ်းပန်းမှုအမျိုးမျိုးကို ပြုကြကုန်၏၊ နှင်တံတို့ဖြင့်လည်း ရိုက်ကြကုန်၏၊ ကြိမ်လုံးတို့ဖြင့်လည်း ရိုက်ကြကုန်၏၊ တုတ်တို့ဖြင့်လည်း ရိုက်ကြကုန်၏၊ လက်ကိုလည်း ဖြတ်ကြကုန်၏၊ ခြေကိုလည်း ဖြတ်ကြကုန်၏၊ လက်ခြေတို့ကိုလည်း ဖြတ်ကြကုန်၏၊ နားကိုလည်း ဖြတ်ကြကုန်၏၊ နှာခေါင်းကိုလည်း ဖြတ်ကြကုန်၏၊ ဦးခေါင်းခွံကို ဖောက်၍ ဦးနှောက်ကို ပအိုးရည်ကဲ့သို့ ပူစေကုန်၏၊ ခရုသင်းပမာ ဦးခေါင်းရေကို ခွာကြကုန်၏၊ နေကို ငုံသည့် ရာဟု ခံတွင်း အလား ပါး စပ် တွင်း၌ သွေးပြည့်အောင် ပြုကုန်၏၊ ကိုယ်ကို ဆီဆွတ်သည့်အဝတ်ဖြင့် ရစ်ပတ်၍ မီးပန်းပမာ ရှို့မြိုက်ကြကုန်၏၊ လက်နှစ်ဖက်ကို ဆီဆွတ်သည့်အဝတ်ဖြင့် ရစ်ပတ်၍ မီးတိုင်ပမာ ရှို့မြိုက်ကြကုန်၏၊ မြစ်ခြေပင်မှ၌ အရိုးအရွက်တို့ ရစ်ပတ်နေသော ပိန်းပင်အလား ဖမျက်အထိ တကိုယ်လုံးမှ အရေကို ခွာချကာ ပြေးလွှားစေကုန်၏၊ အောက်တကိုယ်လုံးမှ အရေကို လည်ပင်းအထိ ခွာ၍ လျှော်ထည်ဝတ်ရုံသော ရသေ့အလား ပြေးသွား စေကုန်၏၊ ခြေလက် လေးဘက်၌ တံကျင်လျှိုထား၍ လေးဘက်တွားနေသည့် သားကောင်ကဲ့သို့ ပြုလုပ်ကုန်၏၊ အရေ အသား အကြောတို့ဖြင့် ငါးမြှားချိတ်ပမာ ထက်စွာသော ချိတ်တို့ဖြင့် ချိတ်ဆွဲ၍ ချကုန်၏၊ တကိုယ်လုံးမှ အသားစိုင်တို့ကို တကျပ်သား တကျပ်သားခန့် ခြွေချကုန်၏၊ တကိုယ်လုံး၌ သံဆူးခက်တို့ဖြင့် ရိုက်နှက်ကာ ဆားဆပ်ပြာတို့ဖြင့် ပက်ဖြူးကုန်၏၊ တံခါးတိုင်၌ တံခါးကျည်လျှို၍ လှည့်သကဲ့သို့ ကိုယ်ကို သံတကျင်လျှို၍ လှည့်စေကုန်၏၊ အရိုးအားလုံးကို မှုံ့မှုံ့ညက်ညက်

ကြေမွစေလျက် ကောက်ရိုးကရွတ်ခွေကဲ့သို့ ပြုလုပ်ကုန်၏၊ အရှင်လတ်လတ် သံတကျင်လျှိုကြကုန်၏၊ သံလျက်ဖြင့် ဦးခေါင်းကိုလည်း ဖြတ်ကုန်၏၊ ထိုသူတို့သည် ထိုနေရာ၌ သေခြင်းသို့လည်း ရောက်ကြကုန်၏၊ သေလောက်သော ဆင်းရဲဒုက္ခသို့လည်း ရောက်ကုန်ကြ၏၊ မဟာနာမ်၊ ဤသည်လည်း ကာမတရားတို့၏ အပြစ်ပေတည်း။"

"မဟာနာမ်၊ တဖန် ထို့ပြင်လည်း ကာမတို့ကြောင့်သာလျှင် ကိုယ် နှုတ် စိတ်တို့ဖြင့် မကောင်းသောအကျင့် ကာယကံ, ဝစီကံ, မနောကံတို့ကို ပြုကျင့်ပြီးလျှင် ထိုသူတို့သည် ခန္ဓာကိုယ်ပျက်စီး၍ သေပြီးသည်မှ နောက်၌ ချမ်းသာကင်းသော မကောင်းသူတို့ လားရာ ဖြစ်သော ငရဲသို့ ရောက်ကြရကုန်၏၊ မဟာနာမ်၊ ဤသည်လည်း ကာမတရားတို့၏ အပြစ်ပေတည်း။"

"မဟာနာမ်၊ ငါသည် အခါတပါး၌ ရာဇဂြိုဟ်ပြည် ဂိဇ္ဈကုဋ်တောင်၌ နေ၏၊ ထိုအခါ များစွာသော နိဂဏ္ဌတို့သည် ဣသိဂိလိ တောင် နဘေးကျောက်ဖျာနက်ပေါ်၌ ထိုင်နေခြင်းကို ပယ်ကြကုန်လျက် မတ်မတ် ရပ်တည်နေကြကုန်၏၊ အားထုတ်မှုကြောင့်ဖြစ်သော ထက်မြက် ကြမ်းတမ်း စပ်ရှားသော ဆင်းရဲဝေဒနာတို့ကို ခံစားကြကုန်၏၊ မဟာနာမ်၊ ထိုအခါငါသည် ညနေချမ်း အချိန်၌ ကိန်းအောင်းရာမှ ထလျက် ဣသိဂိလိ တောင် နဘေး ကျောက်ဖျာနက်ပေါ်ရှိ ထိုနိဂဏ္ဌတို့ထံသို့ချဉ်းကပ်ပြီးသော် "ငါ့ရှင် နိဂဏ္ဌတို့၊ အဘယ်ကြောင့် သင်တို့သည် ထိုင်နေခြင်းကို ပယ်၍ မတ်မတ် ရပ်တည်နေကြလျက် အားထုတ်ခြင်းကြောင့် ဖြစ်သော ထက်မြက် ကြမ်းတမ်း စပ်ရှားသော ဆင်းရဲဒုက္ခကို ခံစား၍ နေကြသနည်း"ဟု ပြော၏။"

"မဟာနာမ်၊ ဤသို့ ပြောဆိုသော် နိဂဏ္ဌတို့က ငါ့အား "ငါ့ရှင်၊ နာဋ္ဌ၏သား နိဂဏ္ဌသည် အလုံးစုံကို သိ၏၊ အလုံးစုံကို မြင်၏၊ သွားနေစဉ် ရပ်နေစဉ် အိပ်နေစဉ် နိုးနေစဉ် ဉာဏ်အမြင်သည် ငါ့အား အမြဲမပြတ် ရှေးရှုထင်၏၊ ဉာဏ်အမြင် အကြောင်းကို အကြွင်းမဲ့ ဝန်ခံ၏၊ ထိုနာဋ္ဌ၏သား နိဂဏ္ဌသည် "အို...နိဂဏ္ဌတို့၊ ရှေး၌ပြုထားသော မကောင်းမှုကံသည် ရှိသည်သာတည်း၊ ထိုမကောင်းမှုကံကို ဤစပ်ရှားလှသည့် ပြုနိုင်ခဲသော အကျင့်ကို ကျင့်ခြင်းဖြင့် ချေဖျက်ကြကုန်လော့၊ ယခုဘဝ၌ ကိုယ်ဖြင့် စောင့်စည်းခြင်း နှုတ်ဖြင့် စောင့်စည်းခြင်း စိတ်ဖြင့် စောင့်စည်းခြင်းသည်ပင် နောင်ဘဝ၌ မကောင်းမှုကံကို မပြုခြင်းဖြစ်၏၊ ဤသို့လျှင် ကံဟောင်းတို့ကို အကျင့်ဖြင့် ဖျက်ဆီးခြင်း ကံသစ်တို့ကို မပြုခြင်းကြောင့် နောင်ဘဝ၌ မတိုးပွားခြင်း ဖြစ်၏၊ နောင်ဘဝ၌ မတိုးပွားခြင်းကြောင့် ကံကုန်၏၊ ကံကုန်ခြင်းကြောင့်

ဆင်းရဲဒုက္ခကုန်၏၊ ဆင်းရဲဒုက္ခ ကုန်ခြင်းကြောင့် ခံစားခြင်း ဝေဒနာကုန်၏၊ ဝေဒနာ ကုန်ခြင်းကြောင့် ဆင်းရဲဒုက္ခ အားလုံး ပျက်ပြုန်းလတံ့ ”ဟု ဆို၏။ ထိုစကားကို ငါတို့သည် ကျေနပ်လည်း ကျေနပ်ကုန်၏၊ နှစ်သက်လည်း နှစ်သက်ကြကုန်၏၊ ထိုစကားဖြင့် ဝမ်းမြောက်ကြကုန်၏”ဟု ငါ ဘုရားအား ပြောဆိုကြကုန်၏။”

“မဟာနာမ်၊ ဤသို့ ပြောဆိုသော် ငါသည် နိဂဏ္ဌတို့အား “ငါ့ရှင် နိဂဏ္ဌတို့၊ ငါတို့သည် ရှေးက ဖြစ်ဘူးကြကုန်သည်သာ မဖြစ်ဘူးကြကုန်သည် မဟုတ်ဟု သင်တို့ သိကြကုန်၏လော”ဟု မေးမြန်းခဲ့၏၊ “ငါ့ရှင် မသိကြပါ”ဟု ဆိုကြကုန်၏၊ “ငါ့ရှင် နိဂဏ္ဌတို့၊ ငါတို့သည် ရှေးက မကောင်းမှုကံကို ပြုခဲ့ကြသည်သာ မပြုခဲ့ဘူးကြသည် မဟုတ်ဟု သင်တို့ သိကြကုန်၏လော”ဟု မေးမြန်းခဲ့၏၊ ငါ့ရှင် မသိကြပါဟု ဆိုကြကုန်၏၊ ငါ့ရှင် နိဂဏ္ဌတို့၊ ဤသို့ ဤသို့သော မကောင်းမှုကံကိုပြုခဲ့ကြဘူးကုန်ပြီဟု သိကြကုန်၏လောဟု မေးမြန်းခဲ့၏၊ ငါ့ရှင် မသိကြပါဟု ဆိုကြကုန်၏၊ ငါ့ရှင် နိဂဏ္ဌတို့၊ ဤမျှသော ဆင်းရဲဒုက္ခကား ကြေပျက်ပြီးပြီ၊ ဤမျှသော ဆင်းရဲဒုက္ခကို ချေဖျက်ရဦးမည်၊ ဤမျှသော ဆင်းရဲ ဒုက္ခ ကြေပျက်သော် ဆင်းရဲဒုက္ခ အားလုံးသည် ကြေပျက်လတံ့ဟု သင်တို့ သိကြကုန်၏လောဟု မေးမြန်းခဲ့၏၊ ငါ့ရှင် မသိကြပါဟု ဆိုကြကုန်၏၊ ငါ့ရှင် နိဂဏ္ဌတို့၊ မျက်မှောက်ဘဝ၌ပင် အကုသိုလ်တရားတို့၏ ပျောက်ကင်းခြင်းကို ကုသိုလ်တရားတို့၏ ပြည့်စုံခြင်းကို သင်တို့ သိကြ ကုန်၏ လော ဟု မေးမြန်းခဲ့၏၊ ငါ့ရှင် မသိကြပါဟု ဆိုကြကုန်၏။”

“ငါ့ရှင် နိဂဏ္ဌတို့၊ ဤသို့လျှင် ငါတို့သည် ရှေးက ဖြစ်ခဲ့ကြဘူးသည်သာ မဖြစ် ခဲ့ကြ ဘူးသည် မ ဟုတ် ကုန် ဟု လည်း သင်တို့ မသိ ကြကုန်၊ ရှေးက မကောင်းမှုကံကို ပြုခဲ့ကြဘူးသည်သာ မပြုခဲ့သည် မဟုတ်ကုန်ဟုလည်း သင်တို့ မသိကြကုန်၊ ဤသို့ ဤသို့သော မကောင်းမှုကံကို ပြုခဲ့ကြဘူး ကုန်ပြီဟုလည်း သင်တို့ မသိကြကုန်၊ ဤမျှသော မကောင်းမှု အကုသိုလ်ကံကား ကြေပျက်ပြီးပြီ၊ ဤမျှသော ဆင်းရဲဒုက္ခကို ချေဖျက်ရဦးမည်၊ ဤမျှသော ဆင်းရဲဒုက္ခ ကြေပျက်ပြီးသော် ဆင်းရဲဒုက္ခ အားလုံးသည် ကြေပျက်လတံ့ဟု မသိကြကုန်၊ မျက်မှောက် ဘဝ၌ပင် အကုသိုလ် တရားတို့၏ ပျောက်ကင်းခြင်း ကုသိုလ် တရားတို့၏ ပြည့်စုံခြင်းကို မသိကြကုန်၊ ငါ့ရှင် နိဂဏ္ဌတို့၊ ဤသို့ ဖြစ်သော် လောက၌ ကြမ်းတမ်းသူ သွေးစွန်းသော လက်ရှိသူ ကြမ်းကြုတ်သော အမှုရှိသူတို့သည် လူဖြစ်လာကုန်လျက် နိဂဏ္ဌတို့ထံ၌ ရှင်ရဟန်းပြုကြလေယောင်တကားဟု မေးတော်မူ၏။”

"ငါ့ရှင်ဂေါတမ၊ ချမ်းသာသုခဖြင့် ချမ်းသာသုခကို မရနိုင်၊ ဆင်းရဲဒုက္ခဖြင့် ချမ်းသာသုခကို ရနိုင်သည်။ ငါ့ရှင် ဂေါတမ၊ သုခဖြင့် သုခကို ရနိုင်ငြားအံ့၊ မဂဓတိုင်းကို အစိုးရသော သေနိယမည်သော ပိမ္ဗိသာရမင်းသည် သုခကိုရရာ၏၊ မဂဓတိုင်းကို အစိုးရသော သေနိယမည်သော ပိမ္ဗိသာရမင်းသည် အရှင်ဂေါတမထက် သာလွန်၍ ချမ်းချမ်းသာသာ နေရရာ၏ဟု ဟဘာက်သတ်အားဖြင့် အဆောတလျင် မဆင်ခြင်ပဲ စကားကို ပြောဆိုမိကြကုန်၏။ စင်စစ်ကား ဤအရာ၌ မဂဓတိုင်းကို အစိုးရသော သေနိယမည်သော ပိမ္ဗိသာရမင်းနှင့် အရှင်ဂေါတမတို့တွင် အဘယ်သူသည် သာလွန်၍ ချမ်းချမ်းသာသာ နေရသနည်းဟု ငါ့ကိုသာလျှင် ပြန်၍မေးသင့်၏"ဟု မိန့်တော်မူ၏။

"ငါ့ရှင်ဂေါတမ၊ ငါတို့သည် သုခဖြင့် သုခကိုမရနိုင်၊ ငါ့ရှင် ဂေါတမ၊ သုခဖြင့်သုခကို ရနိုင်ငြားအံ့၊ မဂဓတိုင်းကို အစိုးရသော သေနိယ မည်သော ပိမ္ဗိသာရမင်းသည် သုခကိုရရာ၏၊ မဂဓတိုင်းကို အစိုးရသော သေနိယမည်သော ပိမ္ဗိသာရမင်းသည် အရှင်ဂေါတမထက် သာလွန်၍ ချမ်းချမ်းသာသာ နေရရာ၏ဟု တဘက်သတ်စကားကို အဆောတလျင် မဆင်ခြင်ပဲ ပြောဆိုမိ၏။ စင်စစ်မူ ဤစကားသည် တည်ရှိစေဦး၊ ယခုပင် ငါတို့သည် မဂဓတိုင်းကို အစိုးရသော သေနိယမည်သော ပိမ္ဗိသာရမင်းနှင့် အရှင်ဂေါတမ တို့တွင် အဘယ်သူသည် သာလွန်၍ ချမ်းချမ်းသာသာ နေရသနည်းဟု အရှင်ဂေါတမအား မေးမြန်းကြပါကုန်၏"ဟု ဆိုကြကုန်၏။

"ငါ့ရှင်နိဂဏ္ဌတို့၊ သို့ဖြစ်လျှင် ထိုအရာ၌ သင်တို့ကိုသာလျှင် မြန်၍မေးအံ့၊ သင်တို့သဘောကျသည့်အတိုင်း ဖြေကြကုန်လော့၊ ငါ့ရှင် နိဂဏ္ဌတို့၊ အဘယ်သို့ထင်မှတ်ကြသနည်း၊ မဂဓတိုင်းကို အစိုးရသော သေနိယမည်သော ပိမ္ဗိသာရမင်းသည် ကိုယ်ကို မလှုပ်ရှားပဲ၊ စကားမပြောပဲ့ ခုနစ်ရက်တို့ ပတ်လုံး ချမ်းသာသက်သက်ချည်း ခံစားလျက်နေရန် စွမ်းနိုင်အံ့လော"ဟု မေးတော်မူ၏။

"ငါ့ရှင်ဂေါတမ၊ မစွမ်းနိုင်ပါဟု ပြောဆိုကြကုန်၏။ ငါ့ရှင် နိဂဏ္ဌတို့၊ အဘယ်သို့ထင်မှတ်ကြသနည်း။ မဂဓတိုင်းကို အစိုးရသော သေနိယမည်သော ပိမ္ဗိသာရမင်းသည် ကိုယ်ကိုမလှုပ်ရှာပဲ၊ စကားမပြောပဲ ခြောက်ရက်တို့ပတ်လုံး။ ပ။ ငါးရက်တို့ ပတ်လုံး။ ပ။ လေးရက်တို့ပတ်လုံး။ ပ။ သုံးရက်တို့ပတ်လုံး။ ပ။ နှစ်ရက်တို့ပတ်လုံး။ ပ။ တရက်တို့ပတ်လုံး ချမ်းသာသက်သက်ကို ခံစားလျက်နေရန် စွမ်းနိုင်အံ့လော"ဟု မေးတော်မူ၏။

"ငါ့ရှင် ဂေါတမ၊ မစွမ်းနိုင်ပါဟု ဆိုကြကုန်၏။ ငါ့ရှင် နိဂဏ္ဌတို့၊ ငါဘုရားသည် ကိုယ်ကိုမလှုပ်ရှားပဲ၊ စကားမပြောပဲ တရက်ပတ်လုံး ချမ်းသာသက်သက် ခံစား၍နေရန် စွမ်းနိုင်၏။ ငါ့ရှင် နိဂဏ္ဌတို့၊ ငါသည် ကိုယ်ကို မလှုပ်ရှားပဲ စကားမပြောပဲ နှစ်ရက်ပတ်လုံး။ ပ။ သုံးရက်ပတ်လုံး။ ပ။ လေးရက်ပတ်လုံး။ ပ။ ငါးရက် ပတ်လုံး။ ပ။ ခြောက်ရက် ပတ်လုံး။ ပ။ ခုနစ်ရက်ပတ်လုံး ချမ်းသာသက်သက်ကို ခံစားလျက် နေရန်စွမ်းနိုင်၏။ ငါ့ရှင် နိဂဏ္ဌတို့၊ အဘယ်သို့ ထင်မှတ်ကြသနည်း။ ဤသို့ဖြစ်သော် မဂဓတိုင်းကို အစိုးရသော သေနိယမည်သော ဗိမ္ဗိသာရမင်းနှင့် ငါတို့တွင် အဘယ်သူသည် သာလွန်၍ ချမ်းချမ်းသာသာ နေရသနည်း" ဟု မေးတော်မူ၏။

"ဤသို့ဖြစ်သော် မဂဓတိုင်းကိုအစိုးရသော သေနိယမည်သော ဗိမ္ဗိသာရမင်းထက် အရှင်ဂေါတမကသာ သာလွန်၍ ချမ်းချမ်းသာသာ နေရပါ၏" ဟု ပြောဆိုကြကုန်၏။

မြတ်စွာဘုရားသည် ဤတရားတော်ကို ဟောတော်မူ၍ မဟာနာမ်မင်းသားသည် ဟောတော်မူသော တရားတော်ကို နှစ်သက်ဝမ်းမြောက်စွာ ခံယူလေသတည်းတဲ့ မောင်စိန်ရဲ့။ [မှန်ပါဘုရား။]

"မောင်စိန်ရေ....မြတ်စွာဘုရားက ချမ်းသာသော အကျင့်ဖြင့်သာ ချမ်းသာသောနိဗ္ဗာန်ကို ရနိုင်တယ်တဲ့။ ဒီတော့ ဒို့လဲ ချမ်းသာသော အကျင့်တရားကို ဟောကြစို့လား။ [ဟောတော်မူပါဘုရား။] မောင်စိန်ရေ.... မင်း စိတ်ကလေးကို အေးအေးထားပြီး ရိုရိုသေသေ ဆင်ခြင်ပါ။

သရက်စေ့က သရက်ပင်ပေါက်တာကို မြင်ဘူးရဲ့လား။ [မြင်ဘူးပါတယ် ဘုရား။] သရက်စေ့ဟာ အပင်ဟုတ်ရဲ့လား။ [မဟုတ်ပါ၊ အစေ့ကတခြား တပင်ကတခြားပါဘုရား။] အဲဒါ နာနတ္တနည်း ခေါ်တယ်။ [မှန်ပါဘုရား။] သရက်စေ့ဟာ အပင် မဟုတ်ပေမယ့် အစေ့ကို မ,လိုက်ယင် အပင်ပါတယ်၊ အပင်ကို ဆွဲလိုက်ယင်လဲ အစေ့ပါလာတော့ တခုတည်းကဲ့သို့ ဖြစ်မနေဘူးလား။ [တခုတည်းလိုပါပဲ ဘုရား။] အဲဒါ ဧကတ္တနည်း ခေါ်တယ်။ [မှန်ပါဘုရား။]

အစေ့က အပင်ပေါက်ပေမယ့် အပင်ပေါက်အောင်ဟဲ့လို့ အားထုတ်မှုဗျာပါရ အစေ့မှာ ရှိရဲ့လား။ [မရှိပါဘုရား။] အဲဒါ အဗျာပါရနည်း ခေါ်တယ်။ [မှန်ပါဘုရား။] အစေ့မှာ အားထုတ်မှု ဗျာပါရ မရှိပေမယ့် သရက်စေ့ဟာ ရေမြေနှစ်ပါးနှင့် ထိယင် အပင်ပေါက်ပြီး မလာဘူးလား။ [လာပါတယ်ဘုရား။] အဲဒါ ဧဝံဓမ္မတာနည်း ခေါ်တယ်။ [မှန်ပါဘုရား။]

ယခုပြောခဲ့တာက ဥပမာဖြစ်တယ်။ တကယ်ဆင်ခြင်ရမယ့် တရားကတော့ မျက်လုံးဟာ ရုပ်လား နာမ်လား။ [ရုပ်ပါဘုရား။] မြင်သိစိတ်က ရုပ်လား နာမ်လား။ [နာမ်ပါဘုရား။] ဒီလိုဆိုတော့ မျက်လုံးကရုပ်၊ မြင်သိစိတ်က နာမ်သဘော၊ တခြားစီ ဖြစ်မနေပါလား။ [တခြားစီပါဘုရား။] အဲဒါ နာနတ္တနည်းလို့ ခေါ်တယ်။ [မှန်ပါဘုရား။] မျက်လုံးဟာ မြင်စိတ် မဟုတ်ပေမယ့် မျက်လုံး မရှိပဲနဲ့ မြင်နိုင်ရဲ့လား။ [မမြင်နိုင်ပါဘုရား။] မျက်လုံးရှိမှသာ မြင်စိတ်ဖြစ်နိုင်သောကြောင့် တခုတည်းကဲ့သို့ဖြစ်သဖြင့် ဧကတ္တနည်း ခေါ်တယ်။ [မှန်ပါဘုရား။]

မျက် လုံး ကြောင့် မြင် စိတ် ဖြစ်ပေမယ့် မြင်အောင်ဟဲ့လို့ အားထုတ်မှု ဗျာပါရ မျက်လုံးမှာ ရှိရဲ့လား။ [မရှိပါဘုရား။] အဲဒါ အဗျာပါရနည်း ခေါ်တယ်။ [မှန်ပါဘုရား။] အားထုတ်မှု ဗျာပါရ မျက်လုံးမှာမရှိပေမယ့် မျက်စိနှင့် ရူပါရုံ ပေါင်းဆုံမိယင် မြင်စိတ် ဖြစ်မလာပါလား။ [ဖြစ်လာပါတယ် ဘုရား။]

အဲဒါ ဧဝံဓမ္မတာနည်း ခေါ်တယ်။ အဲဒီ နည်းလေးပါးဖြင့် မိမိကြိုက်တဲ့ ဒွါရမှာ စိတ်ကလေးကို အေးအေးဆေးဆေး တည်တည်ကြည်ကြည်ထားပြီး ဆင်ခြင် သုံးသပ်ပြီး နေတဲ့အခါ မင်း ကိုယ်ကောင်ဟာ ပင်ပန်း သလား။ [မပင်ပန်းပါဘုရား။] စိတ်ကော ပင်ပန်းသလား။ [မပင်ပန်းပါဘုရား။] အဲဒါ ချမ်းသာသော အကျင့်ပေါ့ မောင်စိန်ရဲ့။ [မှန်ပါဘုရား။] အဲဒီလို ဆင်ခြင်လို့ သဘောပေါက်ပြီး ဉာဏ်အမြင့်ရှင်းသွားယင် သဿတဒိဋ္ဌိ, ဥစ္ဆေဒဒိဋ္ဌိ, အဟေတုကဒိဋ္ဌိ, နတ္ထိကဒိဋ္ဌိ, အကြိယာဒိဋ္ဌိ, ဣဿရနိမ္မာနဒိဋ္ဌိတွေ သေကုန် တော့တာပဲ။ အဲဒီ ဒိဋ္ဌိတွေကို သေအောင် အရင်လုပ်ရတယ်။ ပြီးမှ ဖြစ်မှု ပျက်မှုတွေကို ရှုရတယ်။ [မှန်ပါဘုရား။]

မောင်စိန်ရေ.... သရက်စေ့ ဘယ်ဟာကြောင့် ဖြစ်သလဲ။ [သရက်ပင် ကြောင့် ဖြစ်ပါတယ် ဘုရား။] သရက်ပင် ဘယ်ဟာကြောင့် ဖြစ်သလဲ။ [သရက်စေ့ကြောင့် ဖြစ်ပါတယ် ဘုရား။] မျက်လုံး ဘယ်ဟာကြောင့် ဖြစ်သလဲ။ [အတိတ်ကံ ခေါ်သော နာမ်ကြောင့် ဖြစ်ပါတယ် ဘုရား။] မြင်စိတ် ခေါ်သော နာမ်တရား ဘယ်ဟာကြောင့် ဖြစ်သလဲ။ [မျက်လုံးကြောင့် ဖြစ်ပါတယ်ဘုရား။] ရုပ်နာမ်နှစ်ပါးလုံးမှာ ဖြစ်မှုဇာတိကင်းရဲ့လား။ [မကင်းပါ ဘုရား။] ဖြစ်မှု မကင်းယင် ရင့်မှု ဇရာ, ပျက်မှု မရဏ ကင်းပါသလား။ [မကင်းပါဘုရား။] ဇာတိ ဇရာ မရဏ မကင်းတဲ့ ရုပ်နာမ်ကို မြဲတယ်လို့ ဆိုနိုင်

ပါမလား။ [မဆိုနိုင်၊ မမြဲတဲ့ တရားပါ ဘုရား။] မမြဲတော့ ဖောက်ပြန်တယ်၊ ဖောက်ပြန်တဲ့ တရားကို ချမ်းသာတယ်လို့ ဆိုနိုင်ပါမလား။ [မဆိုနိုင်၊ ဆင်းရဲတဲ့ တရားပါ ဘုရား။]

မြဲပါစေ မဖောက်ပြန်ပါစေနဲ့လို့ တမ်းတလို့ ရပါမလား။ [မရပါ၊ အစိုးမရတဲ့ အနတ္တတရားပါ ဘုရား။] အဲဒီလို မမြဲသောကြောင့် အနိစ္စ, ဆင်းရဲသောကြောင့် ဒုက္ခ, အစိုးမရသောကြောင့် အနတ္တပါကလားလို့ လက္ခဏာဉာဏ်အမြင်သန်အောင် ဆင်ခြင်သုံးသပ်ရမယ် မောင်စိန်ရဲ့။ [မှန်ပါဘုရား။] လက္ခဏာဉာဏ် အမြင်သန်လျှင် ငြီးငွေ့တဲ့ သံဝေဂဉာဏ်ပေါ်လာပါလိမ့်မယ်။ အဲဒီလို ငြီးငွေ့သည့် ဉာဏ် ပေါ်လာသည် တိုင်အောင် အနိစ္စ, ဒုက္ခ, အနတ္တ တရားတွေကို ရှုနေတဲ့အခါ မင်း ကိုယ်ကောင်ဟာ ဆင်းရဲသလား။ [မဆင်းရဲပါဘုရား။] စိတ်ကော ဆင်းရဲသလား။ [မဆင်းရဲပါဘုရား။] အဲဒါ ချမ်းသာသော အကျင့် ခေါ်တယ် မောင်စိန်ရဲ့။ [မှန်ပါဘုရား။] မြတ်စွာဘုရားကလဲ ဒီလို ဟောခဲ့တယ်။

> သဗ္ဗေ သင်္ခါရာ အနိစ္စာ၊ ယဒါ ပညာယ ပဿတိ။
> အထ နိဗ္ဗိန္ဒတိ ဒုက္ခေ၊ ဧသ မဂ္ဂေါ ဝိသုဒ္ဓိယာ။

သဗ္ဗေ၊ ခပ်သိမ်းဥဿုံ အလုံးစုံကုန်သော။ သင်္ခါရာ၊ ကံ, စိတ်, ဥ, ဟာ ကြောင်းလေးဖြာတို့ ပြုပြင်ပါမှ ဖြစ်ပေါ်ရသော သင်္ခါရဝတ္ထု အစုစုတို့သည်။ အနိစ္စာ၊ စိတ်သာချပေတော့ ဒိဋ္ဌကေန် မမြဲရိုး မှန်လှပါပေ၏။ ယဒါ၊ အကြင်အခါကာလ သမယ၌။ ပညာယ၊ ဝိပဿနာ ဉာဏ်ပညာဖြင့်။ ပဿတိ၊ သဘောအနိစ္စ မမြဲတာကို ကောင်းစွာပိုင်ပိုင် သိမြင်နိုင်၏။ တဒါ၊ ထိုခါ ကာလသမယ၌။ နိဗ္ဗိန္ဒတိ၊ ပျင်းမုန်းငြီးငွေ့ ကာ လာတော့၏။ ဧသ ဧသော၊ ဤပျင်းမုန်းငြီးငွေ့သော နိဗ္ဗိန္ဒ ဉာဏ်သည်သာလျှင်။ ဝိသုဒ္ဓိယာ၊ အအေးဆုံး မှန်တဲ့ ပြည်နိဗ္ဗာန်၏။ မဂ္ဂေါ၊ ကောင်းစွာ ရောက်ကြောင်း လမ်းကောင်း အကျော် လမ်းမတော်ကြီးပေတကား။

သာဓု၊ သာဓု၊ သာဓု။

ငြီးငွေ့တဲ့ဉာဏ် ပေါ်လာသည်တိုင်အောင် အနိစ္စ,ဒုက္ခ, အနတ္တကို ဆင်ခြင်ရမယ် မောင်စိန်ရဲ့။ [မှန်ပါဘုရား။] လက္ခဏာဉာဏ် အမြင်သန်၍ ငြီးငွေ့တဲ့ ဉာဏ်ရင့်သန်လျှင် သမုဒယသစ္စာ ချုပ်လိမ့်မယ်။ ချုပ်ယင် ချုပ်ရာနိရောဓ

သစ္စာ အအေးဓာတ်ကို မျက်မှောက်ပြုရလိမ့်မယ်။ မျက်မှောက်ပြုတဲ့ ဉာဏ်ဟာ မဂ္ဂသစ္စာပါပဲကွဲ့။ ကဲ....သစ္စာလေးပါးသိမှု မပြီးသေးလား။ [ပြီးပါပြီဘုရား။] သစ္စာလေးပါးကို သိယင် သစ္စာလေးပါးကို ဖုံးကွယ်သော အဝိဇ္ဇာသေတယ်။ အဝိဇ္ဇာသေယင် သင်္ခါရသေတယ်။ သင်္ခါရသေယင် ဝိညာဏ်သေတယ်။ ဝိညာဏ်သေယင် နာမ်ရုပ်သေတယ်။ နာမ်ရုပ်သေယင် သဠာယတနသေတယ်။ သဠာယတနသေယင် ဖဿသေတယ်။ ဖဿသေယင် ဝေဒနာသေတယ်။ ဝေဒနာသေယင် တဏှာသေတယ်။ တဏှာသေယင် ဥပါဒါန်သေတယ်။ ဥပါဒါန်သေယင် ဘဝသေတယ်။ ဘဝသေယင် ဇာတိသေတယ်။ ဇာတိသေယင် ဇရာ, မရဏ, သောက, ပရိဒေဝ, ဒုက္ခ, ဒေါမနဿ, ဥပါယာသ သေသောကြောင့် ပဋိစ္စသမုပ္ပါဒ် စက်ရဟတ်ကြီးပျက်စီးကာ ဤတရားကို နာရသောကောင်းမှုကြောင့် နိဗ္ဗာန်မင်္ဂိုလ်ကို ရက်တိုတိုနှင့် ရောက်လွယ်ကြပါစေကုန်သတည်း။

သာဓု၊ သာဓု၊ သာဓု။

"မဆုံးနိုင်တာ အဝိဇ္ဇာတရားတော်" ပြီး၏။

# “ရှင်ပြုရဟန်းခံ ဟောကြားရန်”

ဝေပုလ္လံ ဒိဿမာနေတ္တာ၊ ဂါဟန္တာ ခေါ ယထိစ္ဆိတံ။
လဘန္တိ သုသုခံ သန္တာ၊ နိဗ္ဗာနံ မုဒုကံ ဇနာ။

ဝေပုလ္လံ၊ ရွှေငွေစိန်ကြောင် မြရောင်သန္တာ နီလာဥဿဖယား ရတနာတွေ စုပုံထားသလို ပတ္တမြားအထပ်ထပ် အရောင်တွေ ထိန်လျှပ်၍ ချိန်မလပ် ပြိုးပြောင်ပြောင် နေတဆောင် လတန္နုံးကဲ့သို့ တကမ္ဘာလုံး ရောင်ရှိန်ငြိးပေသည့် ဝေပုလ္လခေါ်တဲ့ တောင်တော်ကြီးကို။ ဒိဿမာနာ၊ ကုသိုလ်ကံ အဆင်သင့်၍ မြင်ခွင့်မြင်ထိုက် သေချာစွာ တွေ့မြင်လိုက်ကြ ကုန်သော။ ဇနာ၊ အငတ်ကိုလဲ လိုချင် အစားကိုလဲခင်မင် အဆင်းကိုလဲ မက်မော ကိုယ့်ဘာသာ အကြိုက် သဘော တွေ နှင့် လိုက်လျောကာရှာဖွေ၍ နေကြကုန်သော အသင်္ချေအနန္တ များလှထောင်သောင်း ပုထုဇဉ်သတ္တဝါ အပေါင်းတို့သည်။ ဧတ္တာ၊ ရတနာအမျိုးမျိုး အဖိုးကလဲထိုက်တန် တဝင်းဝင်း ထိန်လျှံ၍ စိန်မှန်သမျှ ပထမတန်း ဘစ်ဂဏန်းခေါ်ရတဲ့ ရတနာတွေကြည့်လိုက်တိုင်း စိုပြေလျက် နဂိုနေ ထိန် ပြောင် ငြိးပေသည့် ဝေပုလ္လခေါ်တဲ့ တောင် တော်ကြီး၌။ ယထိစ္ဆိတံ၊ ကိုယ့်သဘောနှင့် ကိုယ့်ဘာသာ စိတ်ကြိုက်ဖြစ်တဲ့ ရတနာတွေကို။ ဂါဟန္တာ၊ ရွှေကောက်သူတွေက တသွယ် စိန်သယ်သူကတခြား ပတ္တမြားထမ်းသူကတဖြာ မြသန္တာယူသူကတဖုံ စိတ်အာရုံ နှစ်ခြိုက်သလို ကြိုက်ရာကြိုက်ရာ ကောက်ယူကြကုန်သည်ရှိသော်။ ခေါ၊ ရတနာအဖိုးထိုက်တွေမို့ အကျိုးဆိုက်မည့်ကေန် စင်စစ်အမှန်သာလျှင်။ သုသုခံ၊ ဘယ်သူကမှ တုမရ

လူ့ဘဝမှာ ထိပ်သီး မဟာသုခ ဆိုတဲ့ တံဆိပ်ကြီးကို။ လဘန္တိယထာ၊ နေ့မဆိုင်းညမဆိုင်း ရံရွှေတော် စုဝိုင်းလျက် စိတ်ရှိတိုင်းပျော်ပါးဖို့ ထင်ရှားဖုံဖုံ ရကြကုန်သကဲ့သို့။ ဓေ၀ံ၊ ဝေပုလ္လတောင်ကြီးကို တွေ့ရ၍ နေ့မဆိုင်းညမဆိုင်း သုခဆိုတဲ့ သိဒ္ဓိဂိုဏ်းကို စိတ်ရှိတိုင်း ရကြသည်နှင့် အလားတူသာလျှင်။ ဝေပုလ္လံ၊ ရတနာ အသွယ်သွယ် တင့်တယ်ဝင်းပြောင် ဝေပုလ္လတောင် အလားကဲ့သို့ မခြားတူစွာ သာသနာတော် အစစ် အခါကောင်းဖြစ်သော ဤဗုဒ္ဓုပ္ပါဒ နဝမခေတ်ကြီး ကို။ ဒိဿမာနာ၊ မျက်လုံး ကြည်ကြည် နားမသိပဲ တည်တည်တံ့တံ့ အခန့်သင့်ကြုံ တွေ့မြင်ကြရကုန်သော။ သန္တာ၊ ကိုယ်နှုတ်နှလုံး စောင့်သုံးတည်ငြိမ် ဣန္ဒြေရရ ခန့်ညားတော်မူကြကုန်သော။ ဇနာ၊ လောကုတ္တရာ မျက်လုံး နေ့စဉ်ပင်မပြတ်ပြုံးလျက် နှလုံးရွှင်ရွှင် သဒ္ဓါကောင်းဝင်ကြကုန်သော သူတော်စင် အပေါင်းတို့သည်။ ဧတ္ထ၊ ဝေပုလ္လတောင် ပမာဆောင်၍ ဂုဏ်ရောင်ဝင်းလျှပ် ရှင်တော်မြတ်၏ သုံးရပ်တည်ခင်း သာသနာတော်မြတ် တည်းဟူသော ဤခေတ်ကြီး အတွင်း၌။ ယထိစ္ဆိတံ၊ ဗုဒ္ဓ ပစ္စေက သာဝက ဗောဓိ သဘောရှိရာ ကိုယ်နှစ်သက်တဲ့ ဆုပတ္တနာကို။ ဂါဟန္တာ၊သဒ္ဓါကောင်း လက်လှမ်း၍ တဘက်ကမ်း ခေမာ သောင် စေတနာရောင် ကွန့်မြူးလျက် ဆွတ်ခူးပန်ဆင် ကြကုန်သည်ရှိသော်။ သုသုခံ၊ လူချမ်းသာလဲ မယှဉ်သာ နတ်ချမ်းသာလဲ မယှဉ်ဝံ့ အညွန့်ဆုံးအကောင်းဆုံး အချမ်းသာဆုံး ဖြစ်ပေထသော။ မုဒုကံ၊ လောကီမှာနှုသမျှ အတုလတံဆိပ် ဘွဲ့ထူးနှိပ်၍ အထွဋ်အထိပ်ကေန် အနုအညံ့ဆုံး မှန်ပေယသော။ နိဗ္ဗာနံ၊ ဒုက္ခတွေ ပေါလှတဲ့ ဤလောကသံသရာ ဘယ်တော့မှ ပြန်မလာတဲ့ အလျှံအဝါ လက်လက် ငြိမ်းပေသည့် နိဗ္ဗာန်ဆိုတဲ့ ကနက်ထီးကို။ လဘန္တိ၊ ယခုလိုဘဂဝါအစစ်နှင့် ယခုလို သာသနာကို ချစ်ကြသဖြင့် အနှစ်တကာ့အနှစ် ကေန်ဖြစ်တာမို့ တထစ်ချမလွဲ အမြန်ပဲ ရနိုင်ကြလေကုန်သတည်း။

သာဓု၊ သာဓု၊ သာဓု။

မောင်စိန်ရေ။ [ဘုရား။] လောကမှာ တကယ်ကြီးကျယ်သော စစ်ပွဲကြီးကို စီမံခန့်ခွဲတဲ့ ဗိုလ်ချုပ်ဟာ ဉာဏ်ဝီရိယ ကြီးကျယ်မှသာ စစ်ပွဲကြီးကို နိုင်မယ် မဟုတ်လား [မှန်ပါဘုရား။]

အဲဒီလိုပဲ ကိလေသာစစ်တပ်ကြီးကို ပြိုကွဲအောင် ဖြိုခွဲရတဲ့ စစ်ပွဲကြီးဟာလဲ ဉာဏ်ဝီရိယ ကြီးကျယ်တဲ့ ပုဂ္ဂိုလ်ကို အမှီသဟဲရမှ အောင်မှာကွဲ့. မောင်စိန်ရဲ့။ [မှန်ပါဘုရား။] ယခု မင်းတို့ ငါတို့ မှီခိုအားထားတဲ့ ဘုရားရှင် ဗိုလ်ချုပ်ကြီးဟာ ဘယ်လောက် အားထားလောက်တယ်ဆိုယင် ကျေးဇူးတော် ၁၈ပါး, အဲ့ဘွယ် ၁၈ပါးနှင့် ပြည့်စုံတော်မူတယ်။ ကျေးဇူးတော် ၁၈ ပါးဆိုတာက—

၁။ အတိတ်၌ အပိတ်အပင်မရှိသော ဉာဏ်တော်လည်း တပါး။

၂။ အနာဂတ်၌ အပိတ်အပင်မရှိသော ဉာဏ်တော်လည်း တပါး။

၃။ ပစ္စုပ္ပန်၌ အပိတ်အပင်မရှိသော ဉာဏ်တော်လည်း တပါး။

၄။ ကာယကံသည် ဉာဏ်တော် ပြဋ္ဌာန်း၏၊ ဉာဏ်သို့ အစဉ်လိုက်သည်လည်း တပါး။

၅။ ဝစီကံသည် ဉာဏ်တော် ပြဋ္ဌာန်း၏၊ ဉာဏ်သို့ အစဉ် လိုက် သည်လည်း တပါး။

၆။ မနောကံသည် ဉာဏ်တော်ပြဋ္ဌာန်း၏၊ ဉာဏ်သို့ အစဉ်လိုက်သည်လည်း တပါး။

၇။ ဆန္ဒတော်၏ ဆုတ်ယုတ်ခြင်း မရှိသည်လည်း တပါး။

၈။ ဝီရိယတော်၏ ဆုတ်ယုတ်ခြင်း မရှိသည်လည်း တပါး။

၉။ သတိ၏ ဆုတ်ယုတ်ခြင်း မရှိသည်လည်း တပါး။

၁၀။ သမာဓိတော်၏ ဆုတ်ယုတ်ခြင်း မရှိသည်လည်း တပါး။

၁၁။ ပညာ၏ ဆုတ်ယုတ်ခြင်း မရှိသည်လည်း တပါး။

၁၂။ ဝိမုတ္တိ၏ ဆုတ်ယုတ်ခြင်း မရှိသည်လည်း တပါး။

၁၃။ မြူးတူးခြင်း မရှိသည်လည်း တပါး။

၁၄။ မြူးတူးလိုသော စကား မရှိသည်လည်း တပါး။

၁၅။ ချွတ်ယွင်းခြင်း မရှိသည်လည်း တပါး။

၁၆။ အဆောတလျင်ပြုသောအမှု မရှိသည်လည်း တပါး။

၁၇။ ကြောင့်ကြခြင်း မရှိသည်လည်း တပါး။

၁၈။ မစုံစမ်း မဆင်ခြင်မူ၍ ပြုခြင်း မရှိသည်လည်း တပါး။

အဲဒီ ၁၈ပါးနှင့် ပြည့်စုံတဲ့ ဘုရားရှင်ဆိုတော့ ဘယ်လောက် အားကိုးထိုက်တဲ့ ပုဂ္ဂိုလ်ကြီးလဲ မောင်စိန်ရဲ့။ [အလွန် တရာမှ အားထား မှီဝဲထိုက်တဲ့ ပုဂ္ဂိုလ်ကြီးပါ ဘုရား။] အဲဒီလောက် အားထား မှီဝဲထိုက်တဲ့ ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်ကြီး တည်ထောင်ထားတဲ့ သာသနာတော်တည်း ဟူသော လယ်ယာ မြေ ကောင်းကြီးမှာ သာမဏေ တည်း ဟူသော အပင်, ရဟန်း ပဉ္စင်းတည်းဟူသော အပင်တွေ စိုက်လိုက်တယ်ဆိုတော့ စိုက်ပျိုးတဲ့ ရဟန်း ဒကာ, ရှင် ဒကာတွေမှာ ဘယ်လောက်အကျိုးများမယ်ဆိုတာ ပြောမပြနိုင်အောင်ပင် ဖြစ်မယ် မဟုတ်လား။ [မှန်ပါ၊ ပြောမပြ နိုင်အောင် အကျိုး များမှာပါ ဘုရား။] ပြီးတော့ အံ့ဘွယ် ၁၈ပါးကလဲ ဒီလိုကွဲ့—

၁။ သက်န်းတော်သည် ဖွပ်ရခြင်း ဆိုးရခြင်းမရှိ နွမ်းရခြင်း မရှိဘူးတဲ့။ ကဲ....ဘယ့်ကလောက် အံ့စရာကောင်းသလဲ။
၂။ ဆံတော်သည် တောထွက်စက အနော်မာသောင်စွယ်မှာ ပယ်တော်မူသည့်အတိုင်း အသက်တော်ပတ်လုံး လက်နှစ်သစ်မျှသာ ရှိတယ်တဲ့။ ဒါလဲ အံ့စရာပဲ။
၃။ ပရိက္ခရာရှစ်ပါးကို ဆောင်ယူသော်လည်း ကိုယ်တော်နှင့် မထိဘူးတဲ့။ ဒါလဲ အံ့စရာပဲ။
၄။ သပိတ်တော်ကိုဆေးယင် လက်တော်စင်နှင့်၍ လက်တော်ကို ဆေးယင် သပိတ်တော်စင်နှင့်ခြင်း။ ဒါလဲ အံ့စရာပဲ။
၅။ မုန်ညင်းစေ့မျှ ပမာဏ သေးငယ်သော ကြုတ်ထဲ၌ ဇေတဝန်ကျောင်းမှာ သီတင်းသုံးသလို နေနိုင်ခြင်း။ ဒါလဲ အံ့စရာပဲ။
၆။ ရောင်ခြည်တော် ခြောက်ပါးကို လွှတ်လျှင် အရပ် ဆယ်မျက်နှာ တိုင်အောင် နှံ့ခြင်း။ ဒါလဲ ချီးမွမ်းစရာပဲ။
၇။ ကိုယ်တော်ကို အသိန်း အသန်း ဖန်ဆင်း၍ သတ္တဝါကို ချွတ်နိုင်ခြင်း။ ဒါလဲ အံ့စရာပဲ။
၈။ ဇာတိခေတ် အာဏာခေတ် ဝိသယခေတ် သုံးပါး၌ အမိုက်မှောင်ကိုလည်းကောင်း၊ အလင်းရောင်ကို လည်းကောင်း ဖန်ဆင်းနိုင်ခြင်း။
၉။ ကိုယ်တော်ကို အထက် ကောင်းကင်သို့ ရောက်အောင် လဝန်းပေါ်သကဲ့သို့ မြင့်နိုင်ခြင်း။ ဒါက ဒီလို၊ မြတ်စွာဘုရား တရားဟောတဲ့အခါ မြတ်စွာဘုရားနှင့် ရှေ့ဆုံးက တရားနာတဲ့ ပုဂ္ဂိုလ်ဟာ ၁၀ တောင်ကွာယင် အတောင် ၁၀၀ကနေ၍ တရားနာသူကလဲ ငါနှင့် မြတ်စွာဘုရားသည် ၁၀တောင်သာကွာတယ်လို့ ထင်မှတ်ရတယ်တဲ့။ အတောင်

တထောင်, တသောင်း, တသိန်း, တသန်းကနေပြီး တရားနာသူကလဲ ငါးနှင့် မြတ်စွာဘုရားဟာ ၁၀ တောင်သာ ကွာတယ်လို့ ထင်ရသတဲ့။ ဟို....စကြဝဠာ တောင်ထိပ်ကနေပြီး နာရတဲ့ နတ်တွေကလဲ ငါနှင့် မြတ်စွာဘုရားသည် ၁၀တောင်သာ ကွာတယ်လို့ ထင်ရသတဲ့။ လ,ကို ရန်ကုန် သားတွေ ကလဲ သူတို့ ရန်ကုန်မြို့ ပေါ် ကလို့ ထင်ကြတယ်။ မြစ်ကြီးနားသားတွေကလဲ မြစ်ကြီးနားမြို့ပေါ်ကလို့ ထင်ကြရသလို ကိုယ်စီ ကိုယ်င ထင်ကြရတယ်တဲ့ မောင်စိန်ရဲ့။ အံ့စရာ မကောင်းပါ လား။ [အလွန်အံ့စရာ ကောင်းပါတယ် ဘုရား။]

၁၀။ သန့်ရှင်းသော, သာယာသော, သိလွယ်သော, နာချင်ဘွယ် ကောင်း သော, လုံးသော, နက်နဲသော, ပွဲတင်ထပ်သော, အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော အသံတော်ဖြင့် ဟောတော်မူသော တရားတော်သည် ပရိသတ်ရှိလေရာရာ ကြားနိုင်ခြင်း။အသံချဲ့စက်မလိုဘူး၊ ဘယ်လောက် အံ့စရာလဲကွယ်။ [အံ့စရာပါဘုရား။]

၁၁။ လူနတ်တို့၏စိတ်ကို သိနိုင်သော အာသယာနုသယဉာဏ်နှင့်ပြည့်စုံခြင်း။

၁၂။ ကျွတ်အံ့သော သတ္တဝါတို့ကို သိတော်မူနိုင်သော မဟာကရုဏာ သမာပတ္တိဉာဏ်တော်ရှိခြင်း။

၁၃။ ဤသူကား နက်ဖန်ခါ ကျွတ်လတံ့၊ ဤသူကား သဘက်ခါ ကျွတ် လတံ့ဟု သိနိုင်သော ဣန္ဒြိယပရောပရိယတ္တိဉာဏ်တော်ရှိခြင်း။

၁၄မှ ၁၈။ သဒ္ဒါရ, ဝိကာရ, လက္ခဏာ, နိဗ္ဗာန်, ပညတ်ဟု ဆိုအပ်သော ညေယျဓမ်တရား ငါးပါးနှင့် ပြည့်စုံခြင်း ပေါင်း ၁၈ ပါး။

ဒီလို အံ့ဘွယ် ၁၈ ပါးနှင့် ပြည့်စုံတဲ့ ဘုရားရှင် ကိုယ်တော်မြတ်ကြီး၏ သာသနာတော်နှင့် တွေ့ရတာ ဝေပုလ္လတောင်ကြီးကို တွေ့ရတာထက် အဆ အရာ, အဆ အထောင် သာလွန်ပြီး မမြတ်ပါလား။ [မြတ်ပါတယ်ဘုရား။] ဝေပုလ္လတောင်ကြီးကို တွေ့လို့ စိန်တွေ ရွှေတွေရပြီး ချမ်းသာတာက တဘဝပဲ ကောင်းစားတာပါ။ ဘုရားရှင်၏ သာသနာတော်ကြီးနှင့် တွေ့ရတော့ နိဗ္ဗာန် ရသည်အထိ ချမ်းသာနိုင်တယ်။ ဒါကြောင့် သီရိဓမ္မာ သောက မင်းကြီးက ရေတွင်းပေါင်း ရှစ်သောင်း လေးထောင်, ရေကန်ပေါင်း ရှစ်သောင်း လေးထောင်, စေတီပေါင်း ရှစ်သောင်းလေးထောင်, ကျောင်းပေါင်း ရှစ်သောင်းလေးထောင် လှူဒါန်းပြီးတဲ့အခါ တပည့်တော်ဟာ သာသနာ အမွေကို ရနိုင်ပါပြီလားလို့ မေးတယ်။

ဒီတော့ မောဂ္ဂလိပုတ္တတိဿမထေရ်က "ဒကာတော် မင်းမြတ်၊ လှူဘွယ် ဝတ္ထုတွေကို စကြာဝဠာနှင့် အပြည့် မြင့်မိုရ်တောင်ထိအောင် လှူသော်လဲ သာသနာ့ဒါယဇ္ဇ အမွေကို မရနိုင်၊ မိမိရင်ဝယ် ပေါက်ဖွားမွေးသည့် သားသမီးကို သာသနာတော်တွင်းသို့ ရဟန်း သာမဏေ အဖြစ်ဖြင့် သွတ်သွင်းမှ သာသနာ အမွေကို ရနိုင်တယ်"လို့ ဖြေတော်မူတယ်။

မိမိ သားသမီး ကလေးတွေ ရဟန်း သာမဏေ ဖြစ်သွားတော့ သာမဏေမှာလဲ လိင်ဆယ်ပါး, ဒဏ်ဆယ်ပါး, သေခိယ ခုနစ်ဆယ့်ငါးပါး, စုဒ္ဒသခန္ဓက ဝတ် ၁၄ ပါးသော သိက္ခာတွေကို ကျင့်ရတယ်။ အဲဒီ သိက္ခာပေါင်း ၁၀၉ ပါး ကျင့်တဲ့ ကုသိုလ်တွေကို ရှင့်မိရှင့်ဘ ရှင့်ဒါယကာတွေ ရကြတယ်။ ရဟန်းဖြစ်တယ်ဆိုတော့ ၂၂၇ သွယ်သော သီလသိက္ခာတွေကို ကျင့်ရတယ်။ အဲဒီ ကုသိုလ်တွေကို ရဟန်းအမိ ရဟန်းအဘ ရဟန်း ဒါယကာတွေ ရကြတယ်။ အဲဒါကို သာသနာ့အမွေ ရတယ်လို့ခေါ်တယ် မောင်စိန်ရဲ့။ [မှန်ပါ၊ ဝမ်းသာစရာပါဘုရား။] သာသနာပ အခါကာလမှာ စကြာဝတေး မန္ဓာတ်မင်း ဖြစ်ပြီး ကျွန်းကြီးလေးကျွန်းလုံးက လူတွေကို ဘာမှမလုပ်စေပဲ နတ်တွေလို ထားပြီး ကျွေးမွေးသော်လဲ ဒီ သာသနာ့ ဒါယဇ္ဇ ကုသိုလ်မျိုး ရနိုင်ပါသလား။ [မရနိုင်ပါဘုရား။]

အဲဒါကြောင့် မြတ်စွာဘုရားကလဲ ဒီလိုဟောခဲ့တယ်။

> ဧဝံ အစိန္တိယာ ဗုဒ္ဓါ၊ ဗုဒ္ဓဂုဏာ အစိန္တိယာ။
> အစိန္တိယေ ပသန္နာနံ၊ ဝိပါကော ဟောတိ အစိန္တိယော။

ဧဝံ၊ ဂုဏ်တော်မြတ် အစိန္တေ သိရသရေက အဓိကမို့ သိကြတဲ့အတိုင်း သာလျှင်။ ဗုဒ္ဓါ၊ ကိုးကွယ်သူ အနန္တတို့မှာ အမှန်ပ မညှိုးငယ်ပဲ တန်ခိုးကြွယ်ကာ တအားသစ်နိုင်တဲ့ ဘုရားစစ်ဘုရားမှန် ဟူသမျှတို့သည်။ အစိန္တိယာ၊ အတွေးဉာဏ် မရောက်အားနိုင်ဘူး ထောက်ထားစရာ ဉာဏ်မီအောင် ကြံစည်ခြင်း မပြုနိုင်ကြလေကုန်။ ဗုဒ္ဓဂုဏာ၊ ဘုရားရှင်ပုံသဏ္ဍာန် ဟောသမျှ ဒေသနာဉာဏ်တွေကို ရှာဖွေကြံလျှင် မပြတ်မြင်ကြရသည့် ရှင်တော်မြတ်၏ ဂုဏ်တော် အပေါင်းတို့သည်။ အစိန္တိယာ၊ အတွေးဉာဏ် မရောက်အားနိုင်ဘူး ထောက်ထားစရာဉာဏ်မီအောင် ကြံစည်ခြင်း မပြုနိုင်ကြ လေကုန်။ အစိန္တိယေ၊ မကြံအပ်မကြံသာ ဉာဏ်ပထျာ ဖြန့်မရသည့် အနန္တဂုဏ်အပေါင်း၌။ ပသန္နာနံ၊ စိတ်စေတနာ သဒ္ဓါမျှ၍ အနိဋ္ဌေ ဘယာပကြအောင် ဂါရဝ

မှီခိုလျက် ကြည်ညိုကြတဲ့ ပုဂ္ဂိုလ်အပေါင်းတို့အား။ ဝိပါကော၊ လောကီစခန်းမှာ ဘေးဘယာတွေပျောက် လောကုတ္တရာ စခန်းမှာ အေးအမတာ ရောက်၍ တွေးကာထောက်လျှင် စိတ်ရှိတိုင်း အမြင်မို့ သိဒ္ဓိဂုဏ်းဝင် ဖြစ်ကြတဲ့ အကျိုးတရား တို့သည်။ အစိန္တိယော၊ တန်ခိုး တော်အဖုံဖုံ ဂုဏ်တော် အနန္တဟာမို့ အမှန်ပမပြီးနိုင်ပဲ ငြိမ်းမှိုင်၍နေစရာသည်။ ဟောတိ၊ ဘယ်လိုပင် ဉာဏ်မကစားနှင့်တော့ အမှန်အားဖြင့် ဖြစ်တော့သည် ကေန်တည်း။

သာဓု၊သာဓု၊ သာဓု။

အဲဒီလို သတ္တဝါတွေကို ကြီးကျယ်သော ချမ်းသာသုခကို ပေးစွမ်းနိုင်တဲ့ အစိန္တေယျ ဗုဒ္ဓသခင် ဘုရားရှင်ကြီးတဆူ ဖြစ်ဖို့ဆိုတာ သာမည ကြိုးစား အားထုတ်ရုံနှင့် ဖြစ်လာတာမဟုတ်ဘူး။

ဒါနဆိုယင်လဲ သာမညလူများ စိတ်တောင်မကူးရဲတဲ့ ဒါနမျိုးဖြစ်တယ်။ ဝေဿန္တရာ မင်းကြီးဘဝက လှူလိုက်တဲ့အလှူကြီးဟာ သက်ရှိသတ္တဝါ မဆိုထားနှင့် အသက်မရှိတဲ့ မြေကြီးကတောင် သွက်သွက်လည်အောင် တုန်လှုပ်ပြီး သာဓုခေါ်ရတဲ့ ဒါနဖြစ်တယ်။ နှလုံးသည်းပွတ်ပမာ ချစ်လှစွာသော သားသမီးနှင့်မယားကို လှူတာဟာ သာမညလူတွေ စိတ်တောင် မကူးရဲပါဘူး။ သိဝိမင်းကြီးဘဝက မျက်စိကိုထုတ်ပြီး လှူလိုက်တာ၊ ကြားရသူများ အသဲတောင်တုန်ပါတယ်။ အဲဒီလို ဒါနဆိုယင်လဲ အသဲတုန်လောက် အောင် လှူခဲ့ရတယ်။

သီလဆိုယင်လဲ ဘူရိဒတ္တ နဂါးမင်းဘဝက အမွဲလာယ်ဟာ နဂါးမင်းကို အဝတ်ဖွပ်သလိုဖွပ်ချေပြီး ပါးစပ်ကိုဖြဲကာ ဂါထာမန္တာန်ကို မန်းပြီး ပါးစပ်ထဲကို တံတွေးနှင့်ထွေးလိုက်ရာ ခံတွင်းဟာ မီးလောင်ဖုတွေထပြီး စပ်ခါးလှတဲ့ဒုက္ခဝေဒနာကို ခံစားရတယ်။ သို့သော်လဲသီလပျက်မှာ စိုးတာနဲ့ မျက်စိကို ဖွင့်ပြီးမကြည့်ပဲ သီလကိုလုံအောင် ထိန်းသိမ်းခဲ့ရတယ်။ ဘယ်လောက် အံ့စရာ ကောင်းသလဲကွဲ့ မောင်စိန်ရဲ့။ [အင်မတန် အံ့စရာကောင်းပါတယ်ဘုရား။]

ခန္တီဝါဒီ ရသေ့ဖြစ်စဉ်ကလဲ ဒေဝဒတ်အလောင်း ကလာဗုမင်းနှင့်တွေ့၍ ဘာအကျင့်ကို ကျင့်သလဲဟု မေးရာ သည်းခံသော အကျင့်ကို ကျင့်တယ်ဟု ဖြေကြားတယ်။ ကလာဗုမင်းက အာဏာသားတွေကို ခေါ်၍ နားရွက်ကို ဓားနှင့်အလှီးခိုင်းလိုက်, သည်းခံသေးသလားလို့ မေးလိုက်, ဘုရားလောင်း က သည်းခံပါတယ် မင်းကြီးဟု ဖြေလိုက်နှင့်, ခြေလက်အင်္ဂါ နားနှာတို့ကို

အကုန်ဖြတ်ပြီး နန်းတော်သို့ ပြန်သွားရာ၊ ဘုရားလောင်း၏ မျက်စိကွယ်ရာသို့ ရောက်လျှင် ကလာဗုမင်းကို မြေမျိုသွားတာပဲ။ ဒီပါရမီကို ဖြည့်ရတာလဲ အသဲတုန်စရာမကောင်းပါလား မောင်စိန်ရဲ့။ [အသဲတုန်စရာပါဘုရား။]

ကိသဝစ္ဆရှင်ရသေ့ ဘဝတုန်းက ဥပေက္ခာပါရမီကို ဖြည့်ကျင့်ယင်း တခုသော ချုံထဲမှာ နေတယ်။ မိဖုယားတယောက်ကလဲ ရာထူးကျတာနှင့် စိတ်ပျက်ပျက်ရှိ၍ တောခြေကို လျှောက်လာယင်း အပေါ့အလေး သွားချင်သဖြင့် ချုံထဲကို ဝင်တော့ ရသေ့နှင့် တွေ့တယ်။ ဒီတော့ အကျင့်ယုတ်ကြီးလို့ အောက်မေ့ပြီး ခေါင်းကို ခွ၍ အပေါ့နှင့် ပန်းပြီး နန်းတော်သို့ ပြန်သွားတယ်။ တရက် နှစ်ရက် ကြာတော့ ရှင်ဘုရင်က စိတ်ဆိုးပြေ၍ မိဖုယားကို ပင်ကိုနေရာမှာ ပြန်ပြီးထားတယ်။ ဒီတော့ မိဖုယားတွေက ဘာလုပ်လို့မိဖုယား ရာထူးကို ပြန်ရတာလဲလို့ ဝိုင်းမေးကြတာပေါ့။ ဒီတော့ သူကလဲ အကျင့်ယုတ်ကြီးကို အပေါ့နှင့် ပန်းခဲ့လို့ နဂိုရာထူး ပြန်ရတာပဲလို့ ပြောတယ်။ ဒါနဲ့ တနန်းတော်လုံးက လူတွေဟာ ရာထူးတိုးအောင် ရည်ရွယ်ပြီး အပေါ့နှင့် ယောကျ်ားရော မိန်းမတွေပါ ဝိုင်းပန်းကြရာ ဘုရားလောင်းနေရာ ပတ်ဝန်းကျင်ဟာ ဗွက်ပေါက်ကုန်တာပဲ။ ဘုရားလောင်းလဲ သစ်ငုတ်တိုကြီးကဲ့သို့ ဥပေက္ခာရှုပြီး ဘာမှ မပြောပဲ နေတယ်။ ဒါနဲ့ သိကြားမင်း စိတ်ဆိုး၍ ပြာပူမိုးရွာချလိုက်ရာ တပြည်လုံးမီးလောင်ပြီးသေကုန်ကြတယ်။ ကဲ—ဒီပါရမီကလဲ ဘယ်လောက် ခဲယဉ်းသလဲ မောင်စိန်ရဲ့။ [မှန်ပါ၊ အင်မတန် ခဲယဉ်းလှပါတယ် ဘုရား။]

ဘုရားလောင်း ငုံးမင်းဖြစ်စဉ်က ဘုရားလောင်းနေရာကို မီးတွေလောင်တော့ မိဘတွေ ပျံကုန်တာပေါ့။ ဘုရားလောင်းမှာ ပြေးလဲ မပြေးနိုင်၊ ပျံလဲ မပျံနိုင် ဖြစ်နေသဖြင့် သစ္စာဆိုလိုက်ရာ အသက်မရှိတဲ့ တောမီးကြီးဟာ ဘေးကို ကွင်းပြီး လောင်သွားတယ်။ ဒါလဲ အံ့စရာပဲ မောင်စိန်ရဲ့။ [မှန်ပါ၊ အံ့စရာပါပဲ ဘုရား။]

ဘုရားလောင်း နုစဉ်က အာဇာနည် သိန္ဓော မြင်းမျိုး၌ ဖြစ်၍ ရှင်ဘုရင်၏ မြင်းကြီး ဖြစ်တယ်။ တနေ့သ၌ ရှင်ဘုရင်ဟာ စစ်ပွဲနှင့် ကြုံသဖြင့် ဘုရားလောင်းကို စီးပြီး စင်ထိုးတယ်။ စစ်တိုက်ကြတော့ ရန်သူက ပစ်လိုက်တဲ့ မြှားဟာ ဘုရားလောင်းရဲ့ အသဲနှလုံးကို ဖောက်ပြီးထွက်သွားတယ်။ ဘုရားလောင်းမြင်းကို မြှားမှန်တဲ့ အဖြစ်ကို မြင်းစီးသူရဲ သိတော့ ဘုရားလောင်းမြင်းကို ဖြုတ်ပြီး အခြားမြင်းကို စီးဖို့ရာ ဝမ်းပတ်ကြိုးပြေမယ်လို့ လုပ်တော့

ဘုရားလောင်းက ဘယ်မြင်းကို ပြောင်းစီးမှာလဲလို့ မေးတယ်။ မြင်းစီးသူရဲ ကလဲ သူစီးမည့် မြင်းကို ပြောတော့ အဲဒီ မြင်းကို စီးယင် ရှုံးမှာပဲ၊ မထူး ပါဘူး၊ ငါ့ကိုပဲပြန်စီးပါ၊ နိုင်ပါစေမယ်လို့ ပြောပြီး ရန်သူတွေ ပစ်ခတ်တဲ့ မိုးသီးမိုးပေါက်နှင့် တူသော မြှားတောကို လျှပ်စီးလက် သကဲ့သို့ လျင်မြန်စွာ ပြေးဝင်ပြီး ရန်သူ ရှင်ဘုရင်၏ မြင်းကို ကိုယ်စောင်းဝင်တိုက်လိုက်တယ်။ အဲဒီ အခါ မြင်းစီးသူရဲဟာ ရန်သူ ရှင်ဘုရင်ကို ဆံပင်ကိုဆွဲပြီး မြင်းပေါ်တင်လာ ခဲ့တာပေါ့။ ရှင်ဘုရင်ပါလာတယ်ဆိုယင်ပဲ ရန်သူ စစ်တပ်ကြီး ပြိုကွဲပြီး ပြေး ကြတယ်။ ဘုရားလောင်းဟာ သေခါနီးဆဲဆဲမှာတောင် အရှင်၏ ကျေးဇူးကို မလျှော့တဲ့ဇွဲနှင့် အားထုတ်ခဲ့ပါတယ်။ ဒီဝီရိယဟာလဲ လက်ဖျားခါလောက်တဲ့ ဝီရိယပဲ မောင်စိန်ရဲ့။ [မှန်ပါဘုရား၊ အံ့စရာပါပဲ။]

မြတ်စွာဘုရား အလောင်းဇနက္ကမင်းဖြစ်၍ ဉယျာဉ်တော်သို့ ထွက်သွားရာ အသီးရှိသော သရက်ပင်မှာ လူတွေ ရိုက်ပုတ်ပြီး ခြွေသဖြင့် အကိုင်းအခက်တွေ ကျိုးပဲ့၍ ကြိုးရိုကျဲရဲဖြစ်သည်ကိုလည်းကောင်း၊ အသီးမရှိသော သရက်ပင်၏ အကိုင်းအခက်တွေ ဒဝေဝေဆာဆာ ဖြစ်နေသည်ကိုလည်းကောင်း မြင်တော်မူ သောကြောင့် သံဝေဂရပြီး တောထွက်တဲ့အခါ ချစ်လှစွာသော မိဖုယားဟာ ဘဝါးမကွာ လိုက်နေသဖြင့်၊ အမျိုးမျိုး တရားပြပြီး နားချ၍၊ လက်ဝဲ လက်ျာ လမ်းခွဲကြရာ မဟာပထဝီမြေကြီးတောင် မနေနိုင်၍ ကြောက်ဘွယ်ရာ တုန်လှုပ်ပြီး သာဓု ခေါ်ခဲ့ရပါတယ်။ အဲဒီ နေကွမ္မ ပါရမီဟာလဲ လူ သာမန်တို့ စိတ်တောင် မကူးရဲတဲ့ အလုပ်ပဲကွဲ့ မောင်စိန်ရဲ့။ [မှန်ပါ၊ အံ့မကုန်ဖြစ်ပါတယ် ဘုရား။]

ယခု ပြောခဲ့တာတွေဟာ ဗုဒ္ဓတ္တစရိယာ ခေါ်တယ်။ ဉာတတ္ထစရိယာကို ဘယ်လို ကျင့်ခဲ့သလဲဆိုတော့ ဘုရားလောင်းဟာ နုစဉ်က တောခွေးမျိုး၌ ဖြစ်၍ ခွေးငါးရာ ခြံရံပြီး တောမှာ နေတယ်။ ထိုအခါ ဗာရာဏသီပြည် ဗြဟ္မဒတ်မင်းကြီးကလဲ ဉယျာဉ်တော်ကအပြန် မိုးတိမ်ကင်းတာနဲ့ မြင်းရထား ကို အဆဲသို့ မသွင်းပဲ နန်းယင်ပြင်မှာပဲ ထားလိုက်တယ်။ ညသန်းခေါင်ယာမ် ကျတော့ အခါမဲ့ မိုးကြီးရွာသဖြင့် မြင်းရထား မိုးစိုကုန်တာပေါ့။ မိုးစို၍ သားရေတွေ ပွကုန်တော့ သားရေနံ့ကြောင့် နန်းတွင်းက ခွေးတွေ ဝိုင်းစား လိုက်ကြတာ ဘာမှ ရစရာ မရှိတော့ဘူး။ နံနက် လင်း၍ ရထားထိန်း မြင်တဲ့ အခါ ရထားထိန်းက ရှင်ဘုရင်ကြီးအား မြင်းရထားအကြောင်းကို သံတော်ဦး တင်တယ်။

ထိုအခါ ဘုရင်ကြီးက အမတ်တွေကို ခေါ်ပြီး ရထားက သားရေတွေကို စားတဲ့ ခွေးကို သိအောင် လုပ်ရမယ်လို့ အမိန့်ရှိလိုက်တယ်။ ဒီတော့ အမတ်တွေက မျက်နှာကြီးရာ ဟင်းဖတ်ပါ သဘောနှင့် "အရှင်မင်းကြီးဘုရား၊ နန်းပြင်က ခွေးတွေဟာ ရေထုတ်ပြွန်ပေါက်က ဝင်ပြီး စားကုန်ပါတယ် ဘုရား" လို့ သံတော်ဦး တင်ကြတယ်။ ထိုအခါ ရှင်ဘုရင်က နန်းပြင်က ခွေး မှန်ယင် အကုန်သတ်စေလို့ အမိန့်ထုတ်လိုက်တယ်။ ဒီလို အမိန့်ထုတ်တော့ လူတွေဟာ ခွေးမြင်သမျှ သတ်ကုန်တာပေါ့။

ဒီတော့ အိမ်ခွေးတွေဟာ တောထဲပြေးကြရတယ်။ အိမ်ခွေးတွေ တောထဲသို့ ရောက်၍ ဘုရားလောင်းက မြင်တော့ "ဘာကြောင့် တောထဲကို လာပြီး နေကြတာလဲ"လို့ မေးတယ်။ အိမ်ခွေးတွေက ဘုရားလောင်းအား အကျိုးအကြောင်း အစုံအလင် ပြောပြကြတယ်။ အဲဒီလို ပြောလို့ ဘုရားလောင်း သိရတော့ "ငါ့ အမျိုးသားတွေ ဘေးသင့်နေတာကို ငါ ကယ်မယ်"လို့ အောက်မေ့လျက် မေတ္တာကို ပွားကာ နန်းတော်သို့ အသက်စွန့်ပြီးသွားတယ်။ ခွေးသတ်သမားတွေ ဘုရားလောင်းကို မြင်တဲ့အခါ မေတ္တာ၏ အာနုဘော်ကြောင့် မသတ်နိုင်ကြဘူး။ ဒီလိုနှင့် သွားရာ နန်းတော်၌ ညီလာခံကျင်းပတုန်း ရောက်သွားတာပေါ့။

ဘုရားလောင်းဟာ ဘုရင့်အနား သွားပြီး ရှိခိုးလျက် "အသင်မင်းကြီးဘုရား၊ ခွေးတွေကိုသတ်စေလို့ အမိန့်ထုတ်တာ မှန်ပါသလား"လို့ မေးတယ်။ ဘုရင်ကြီးက "ဟုတ်တယ်"လို့ ဖြေတယ်။ ခွေးက လူစကား ပြောတယ်ဆိုတော့ ရှင်ဘုရင်ကြီးလဲ အံ့အားသင့်ပြီး လေးစားသွားတယ်။ "အသင်မင်းကြီးဘုရား၊ နန်းတွင်း နန်းပြင် ခွေး အားလုံးကို သတ်စေလို့ အမိန့်ထုတ်ပါသလား" လို့ မေးတယ်။ ဘုရင်ကြီးက "နန်းတွင်း ခွေး မပါ၊ နန်းပြင်က ခွေးကိုသာ အမိန့်ထုတ်တယ်"လို့ ဖြေတယ်။ "အသင် မင်းကြီး၊ ခွေးသူခိုးကို သိလိုပါသလား"လို့ မေးတယ်။ ဒီတော့ ဘုရင်ကြီးက "သိလိုတယ်"လို့ ဖြေတယ်။ "ဒီလိုဆိုယင် နွားနို့နှင့် မြက်တွေကို အရည်ညှစ်ပြီး ယူခဲ့ပါ၊ ခွေးသူခိုးကို ပြပါမယ်"လို့ ပြောတယ်။

ဘုရင်ကြီးက "ဟဲ့....အမတ်တို့၊ အမြန်ယူခဲ့"လို့ ဆိုသဖြင့် ယူလာခဲ့ကြတယ်။ ဘုရားလောင်းက "ဧင်းနွားနို့နှင့် မြက်အရည်ကို ရောမွှေပြီး နန်းတွင်းခွေး အားလုံးကို သောက်ပါစေ" လို့ ပြောတယ်။ ပြောတဲ့အတိုင်း

ဘုရင်ကြီးက နန်းတွင်းခွေး အားလုံးကို သောက်စေတော့ သောက်ပြီးသော ခွေးတွေဟာ စားထားတဲ့ သားရေတွေကို အန်ကုန်တာပေါ့။ ဒီတော့ ဘုရားလောင်းက ''အသင် မင်းကြီး၊ ခွေးသူခိုးကို မြင်ပါပြီလော'' လို့ မေးရာ မင်းကြီးက ''အမတ်တို့၊ မင်းတို့ ငါတို့ဟာ ခွေးလောက်မှ ဉာဏ်မရှိကြပါ ကလား'' လို့ ညည်းတွားပြီး ''အသင်ခွေးမင်း၊ ငါ၏ နန်းတော်မှာ အသင်၏ အခြံအရံနှင့်တကွ လာ၍ နေပြီး ငါတို့ကို ဆုံးမပါ၊ ငါတို့လဲ သင်၏ အဆုံး အမအတိုင်း လိုက်နာပါမယ်'' လို့ ဘုရားလောင်း ခွေးကို တောင်းပန်၍ နန်းတော်မှာ ကိုးကွယ်ထားတယ်။

အဲဒီလို ဘုရားလောင်းဟာ ဉာတတ္ထစရိယာ အမျိုးသားတို့၏ အကျိုးကို အသက်စွန့်ပြီး ကျင့်ခဲ့တယ်။ အဲဒီလို လက်ဖျားခါလောက်တဲ့ ဝတ္ထုပေါင်း များစွာကို ကျင့်နိုင်၍သာ ဘုရားဖြစ်တာကွဲ့ မောင်စိန်ရဲ့။ [မှန်ပါဘုရား။] ဒီတော့ ဘုရားတဆူ လောကမှာ ပွင့်ပေါ်ဖို့ ဆိုတာ မခဲယဉ်း ဘူးလား။ [ခဲယဉ်းပါတယ်ဘုရား။] ဒါကြောင့် ဗုဒ္ဓုပ္ပါဒဘာဝေါ ဒုလ္လဘောလို့ ဆိုတာ ပေါ့။ [မှန်ပါဘုရား။] [အမှာ— ဆိုခဲ့ပြီးသော ဝတ္ထုတို့တွင် ကြိုက်ရာဝတ္ထု ကို အကျယ် ချဲ့၍လည်း ဟောနိုင်သည်။] ရှင့်ဒကာ, ရှင့်အမ, ရဟန်း ဒကာ, ရဟန်းအမတွေကလဲ အင်မတန် ကြုံရခဲတဲ့ ဘုရားရှင်၏ သာသနာ တော်ကြီးကို ''ငါတို့သည် သာသနာ့ အပင်ကလေးတွေ စိုက်ပြီး ပူဇော်ပါ တယ်၊ ချီးမြှောက်ပါတယ်'' လို့ စေတနာကိုထားကြပါမှသာ သင်တို့၏ စေတ နာဟာ မြင့်မြတ်မှာဖြစ်ပါတယ်။ [မှန်ပါဘုရား။]

ကဲ....မနုဿတ္တဘာဝေါ ဒုလ္လဘောဆိုတာကို ပြောကြဦးစို့။ ဗြဟ္မာ့ပြည် ကအပ်ကိုချ, လူ့ပြည်က အပ်တစင်း, အပ်သွားချင်းသာထိဖို့ရာ, ပမာလူဖြစ် ခြင်း,လို့ ပညာရှိများကဆိုကြတယ်။ လူ့ပြည်က အပ်တချောင်းကို စိုက်ထောင် ၍ထားပြီး ဗြဟ္မာ့ပြည်ကနေ၍ အပ်ကိုချလိုက်ရာ ၎င်းအပ် နှစ် ချောင်း ၏ အဖျားချင်း ထိဖို့ရာထက် လူဖြစ်ဖို့က ခဲယဉ်းတယ်။ အဲဒီလိုပြောတော့ အချို့ သဒ္ဒါတရားနည်းတဲ့ လူတွေက ပြောကြတယ်။ တရုတ်ပြည်မှာ လူဦး ရေဟာ သန်းပေါင်း ၄၀၀ ရှိတယ်။ အိန္ဒိယပြည်မှာ သန်းပေါင်း ၃၀၀ ကျော် ရှိတယ်။ ဒီလောက်ခဲယဉ်းလျှင် လူဦးရေဟာ ဒီလိုများပါမလားလို့ ငေါ့ ကြတယ်။ စဉ်းစားကြည့်ပါ။ ဗမာပြည်မှာ သုံးကုဋေ (သန်းသုံးဆယ်) ပဲထား ပါ။ ဗမာပြည်ရှိ တိရစ္ဆာန်တွေကို ရေတွက်လျှင် ကုဋေပေါင်း တသန်း တောင် က,မှာမဟုတ်ပါဘူး။ ဗမာပြည်ရှိ တိရစ္ဆာန်ဦးရေဟာ ဗမာ့လူဦး

ရေထက် ဘယ်နှစ်ဆသာပါတယ်လို့ ပြောဖို့မလွယ်ဘူး။ တိရစ္ဆာန်နှင့်လူ ကွာသလို တိရစ္ဆာန်နှင့် ပြိတ္တာကွာတယ်။ ပြိတ္တာနှင့် အသုရကာယ် ကွာတယ်။ အသုရကာယ်နှင့် ငရဲကွာတယ်။ ဒီလိုဆိုတော့ အပါယ်လေးဘုံသား ဦးရေနှင့်လူဟာ ဇီးစေ့နှင့်မြေကြီး ကွာသလောက် မကွာပါလား မောင်စိန်ရဲ့။ [ကွာပါတယ် ဘုရား။]

အဲဒီလိုကွာတော့ လူ့ဘဝကိုရဖို့ ခဲယဉ်းတယ်ဆိုတာဟာ မမှန်ပါလား။ [မှန်ပါတယ်ဘုရား။] ပြီးတော့ ဘုရားဖြစ်အောင် ပါရမီကိုဖြည့်ရတာလဲ နတ်ပြည် ဗြဟ္မာ့ပြည်မှာ ဖြည့်လို့မရဘူး။ လူ့ပြည်မှာသာရနိုင်တယ်။ ပစ္စေကဗုဒ္ဓါတို့ အဂ္ဂသာဝက မဟာသာဝကဖြစ်ဖို့ ဖြည့်ကျင့်တာလဲ လူ့ပြည်မှာသာ ဖြည့်ကျင့်နိုင်တယ်။ ဒီလိုဆိုတော့ လူ့ဘဝကြီးဟာ ဝေပုလ္လတောင်ကြီးနှင့် မတူပါလား။ [တူပါတယ်ဘုရား။] အဲဒီလို မြင့်မြတ်တဲ့ဘဝကြီးကို ရပါလျက် ပါရမီတွေကို မဖြည့်ပဲ ဘာမဟုတ်တဲ့အလုပ်တွေနှင့် အချိန်ကုန် စေ တာဟာ သမင် ပတ္တမြားတုံးကိုတွေ့တာနှင့် မတူလား။ [တူပါတယ် ဘုရား။]

ဒါကြောင့် မြတ်စွာဘုရားက—

မဏိံ မိဂေါ ပဿန္တောပိ၊ တိဏံ ခါဒံ ဝ ဂစ္ဆတိ။

လဒ္ဓကာလောပိ ဒုပ္ပညော၊ ကာမံ ဘုဥ္ဇံ ဝ ဂစ္ဆတိ။ လို့ ဟောတော်မူတယ်။

မိဂေါ၊ ကောင်းသလော ဆိုးသလောမထင် တောသမင်သည်။ မဏိံ၊ စားကျက် တွင်း၌ လျှံဝင်း တောက်ကြွား ဇောတိရသ် ပတ္တမြားကို။ ပဿန္တောပိ၊ မျက်စိအောက်တွင် ကြောင်တောင်ကြီး တွေ့မြင်ပါသော်လည်း။ တိဏံ၊ အဖိုးမထိုက် မြက်အမှိုက်ကို။ ခါဒံ—ခါဒန္တော၊ သွက်သွက်လက်လက် မြိန်ရှက်လိုလား ဝအောင်စားလျက်။ ဂစ္ဆတိဣဝ၊ ပတ္တမြားမကိုင်ဘဲ ကျောက်ကို အမှိုက်လောက်မှ အမှတ်မထားပဲ ရှောင်ကွင်းကာ ဖြတ်သွား လေသကဲ့သို့။ တထာ၊ သမင်မိုက်နှင့် စရိုက်ပုံယူ အလားတူသာလျှင်။ ဒုပ္ပညော၊ ပညာဉာဏ်အတွေး တရားတရွေးသား ယှဉ်ကာမသုံးတဲ့ ပညာညွန့်တုံး လူအဖြုံးသည်။ လဒ္ဓကာလောပိ၊ ဘုရားမြတ်စွာ သာသနာသစ်လင်း ခေတ်အတွင်း၌ လက်ငင်းထင်ရှား ရပါငြားလည်း။ ကာမံ၊ ဘဝတိုင်းဘဝ ရနေကြရမြဲ မျိုးမို့ လက်ရိုးအာရုံ ကာမဂုဏ်အလုပ် အမှုရှုပ်တွေကို။ ဘုဥ္ဇ—ဘုဥ္ဇန္တော၊

နှလုံးသွေးမှာ ဂမုန်းဆေးပက်သလို အပြုံကလေးဘက်ကာ ခံစားပါလျက်။ ဂစ္ဆတိ၊ သာသနာတော်ကို ကျောခိုင်း၍ သဘောရိုင်းရိုင်းနှင့် ဖဲသွားလေတော့သတည်း။

သာဓု၊ သာဓု၊ သာဓု။

လူ့အဖြစ်ဟာ ခဲယဉ်းကြောင်းကို ပြောပြီးတော့ သဒ္ဓါသမ္ပန္နဘာဝေါ ဒုလ္လဘောဆိုတာကို ပြောကြဦးစို့။ သဒ္ဓါတရားနှင့်ပြည့်စုံဖို့ ဆိုတာ အတိတ်ကာလ များစွာသောဘဝတွေက ဒါနမှု၊ သီလမှုကို ကြိမ်ဖန်များစွာ ပြုလုပ်ခဲ့ဘူးသူဖြစ်မှသာ သဒ္ဓါတရားနှင့် ပြည့်စုံသူဖြစ်နိုင်မယ်။ သဒ္ဓါ တရားဟာ စကြာဝတေး မန္တတ်မင်းများသုံးတဲ့ ပတ္တမြားနှင့်တူတယ်လို့ ဘုရားဟောလေတော့ ဒီလောက်မြင့်မြတ်တဲ့ သဒ္ဓါတရားဟာ လူတိုင်းမှာ ဘယ်ရှိနိုင်မလဲ မောင်စိန်ရဲ့။[မှန်ပါဘုရား။]

မိကောင်း ဖကောင်း ဆရာကောင်းနှင့် တွေ့ရမှ ဖြစ်နိုင်မှာပေါ့။ မိဘရိုးရာ ထုံးစံအရ လုပ်ကြတိုင်း သဒ္ဓါသမ္ပန္နမဟုတ်ဘူး။ ဘုရားဂုဏ်တော် ၉ ပါး, တရားဂုဏ်တော် ၆ပါး, သံဃာဂုဏ်တော် ၉ ပါးတွေကို သိပြီး လုပ်ကြမှ သဒ္ဓါသမ္ပန္နဖြစ်တယ်။ ဒါကြောင့်လဲ ဒုလ္လဘလို့ ဆိုတာပေါ့။[မှန်ပါဘုရား။]

ကဲ....ပဗ္ဗဇိတဘာဝေါ ဒုလ္လဘောကို ပြောကြဦးစို့။ ရဟန်းအဖြစ်ဆိုတာ မြတ်စွာဘုရားတောင် လေးသင်္ချေနှင့် ကမ္ဘာတသိန်း အတွင်းမှာ သာသနာ ဝန်ထမ်းရဟန်းအဖြစ်ကို ကိုးကြိမ်သာရဘူးတယ်တဲ့။ ဘယ်လောက် ခဲယဉ်းသလဲ။ ဘုရားပွင့်မှသာ ရဟန်းဖြစ်နိုင်လေတော့ ဘုရားရှား သလောက် ရဟန်း အဖြစ်လဲခဲယဉ်းတာပေါ့ မောင်စိန်ရဲ့။ [မှန်ပါဘုရား။]

ကျန်တဲ့ ဒုလ္လဘတရားကတော့ သဒ္ဓမ္မသဝနံ အတိ ဒုလ္လဘံတဲ့။ သူတော်ကောင်းတရားကို အလွန်ကြားနာ ရခဲတယ်တဲ့။ သူတော်ကောင်း တရားဆိုတာ အာသွက်လျှာသွက်နှင့် မင်းသားလေကိုသုံး, ကုန်း အော်ပြီး ပိုက်ဆံတောင်းတဲ့ တရားမျိုးမဟုတ်ဘူး။ သတ္တဝါတွေကို မေတ္တာကရုဏာ ရှေ့ထားပြီး သစ္စာဉာဏ်ဆိုက်အောင် ဟောတဲ့တရားမျိုးကို ခေါ်တယ်။ ဒီလို တရားမျိုးဟာ ဗမာပြည်မှာအရှားကြီးဟဲ့။ [မှန်ပါ ဘုရား။] မင်း သစ္စာဉာဏ်ဆိုက်တဲ့တရားကို နာချင်သလား။ [နာပါရစေဘုရား။]

ရှိရှိသေသေ နားထောင်။

သစ္စာဆိုတာ ဒုက္ခသစ္စာ, သမုဒယသစ္စာ, နိရောဓသစ္စာ, မဂ္ဂသစ္စာလို့ လေးပါးရှိတယ်။ ဒုက္ခသစ္စာက ပိုင်းခြား၍ သိရမည့်သစ္စာ၊ သမုဒယသစ္စာက ပယ်

ရမည့်သစ္စာ၊ နိရောဓသစ္စာက မျက်မှောက်ပြုရမည့်သစ္စာ၊ မဂ္ဂသစ္စာက ပွားရမည့်သစ္စာဖြစ်တယ်။ ဒုက္ခသစ္စာကို ပိုင်းခြား၍ သိအောင် ဘယ်လိုလုပ်ရမလဲဆိုတော့ ပထမဆုံး မင်း၏သန္တာန်နှင့်တကွ ဘုံသုံးဆဲ့တစ်မှာ တကယ်ရှိတရားဟာ ဘာလဲလို့ရှာရမယ်။ တကယ်ရှိတရားကို ရှာယင် ခန္ဓာငါးပါးပဲ တွေ့ရတယ်။ အဲဒီ ခန္ဓာငါးပါးထဲမှာ ရုပ်ခန္ဓာဟာ အဟာရကို မမှီဝဲယင် ဒီအတိုင်း နေနိုင်ပါမလား။[မနေနိုင်ပါ၊ သေမှာပါဘုရား။] အဟာရကိုမှီဝဲလိုက်ယင် ရုပ်ခန္ဓာဖြစ်လာ၍ အဟာရချုပ်ယင် ရုပ်ခန္ဓာချုပ်တယ် မဟုတ်လား။ [မှန်ပါတယ်ဘုရား။]

အဲဒီလို ဖြစ်မှု ပျက်မှု ရှိတဲ့အတွက် အိုရ, နာရ, သေရတယ်။ ဒီတော့ အိုအောင်, နာအောင်, သေအောင် နှိပ်စက်တဲ့ ပီဠန သဘောဟာ ရုပ်ခန္ဓာမှာ မရှိပါလား။ [ရှိပါတယ်ဘုရား။] အဲဒါဟာ ဒုက္ခသစ္စာ၏ ပီဠန သဘောကို မြင်အောင် ပြတာဖြစ်တယ်။ ဖြစ်မှုပျက်မှုက ရုပ်ခန္ဓာကို အိုအောင်,နာအောင်, သေအောင် နှိပ်စက်နေတော့ အိုမှာ, နာမှာ, သေမှာကို ပူမနေရပါလား။ [ပူနေရပါတယ်ဘုရား။]

အဲဒီလို ပူနေရတာဟာ သန္တာပ သဘော ဖြစ်တယ်။ ပူပေမယ့် ပူလို့ မရပဲ အို, နာ, သေပြီး မဖောက်ပြန်လား။ [ဖောက်ပြန်ပါတယ်ဘုရား။] အဲဒီလို ဖောက်ပြန်တာဟာ ဝိပရိဏာမ သဘော ဖြစ်တယ်။ ဖောက်ပြန်သွားတော့ အစား ပြန်ရအောင် ထပ်ပြီး အဟာရကို မမှီဝဲရပါလား။ [မှီဝဲရပါတယ်ဘုရား။] အဲဒီလို အဟာရကို မှီဝဲပြီး ပြုပြင်ရတာကို သင်္ခတသဘောလို့ ခေါ်တယ်။ အဟာရကို မှီဝဲတာဟာ လူမမာကြီး ဆေးစားတာနဲ့ မတူလား။ [တူပါတယ်ဘုရား။]

ရုပ်ခန္ဓာကြီးကို ရေချိုးပြီး ပေးရတာဟာ အနာကို ဖန်ဆေးတာနဲ့ မတူလား။ [တူပါတယ်ဘုရား။] အဝတ်ကို ဝတ်ပြီး ထားရတာဟာ အနာကို ပတ်တီးစည်းတာနဲ့ မတူလား။ [တူပါတယ်ဘုရား။] လူဆိုယင်လဲ အိမ်, ဘုန်းကြီးဆိုယင်လဲ ကျောင်းနှင့် နေပေးရတာဟာ ဆေးရုံတက်နေရတာနဲ့ မတူလား။ [တူပါတယ်ဘုရား။]

အဲဒီလို ရုပ်ခန္ဓာကြီးမှာရှိတဲ့ ပီဠန သဘော, သန္တာပ သဘော, ဝိပရိဏာမ သဘော, သင်္ခတ သဘောတို့ကို မြင်အောင် ဆင်ခြင်ပြီး သံဝေဂဉာဏ် ပေါ်အောင် အားထုတ်ရမယ်။ ဝိပဿနာနှင့် ပတ်သက်ယင် သံဝေဂဉာဏ်ဟာ

အခရာပဲ။ ဈာန်နှင့် ပတ်သက်ယင် သမာဓိဟာ အခရာပဲ။ သံဝေဂဉာဏ်၏ အားကို လိုက်ပြီး မဂ်ဉာဏ်လေးပါး ဖြစ်တယ်။ ဒိဋ္ဌိ, ဝိစိကိစ္ဆာ သေရုံ သံဝေဂ ဖြစ်ယင် သောတာပတ္တိမဂ် ပေါ်မှာပဲ။ ကာမရာဂ ခေါင်းပါးရုံ သံဝေဂ ဖြစ်ယင် သကဒါဂါမိမဂ်ပေါ်မှာပဲ။ ကာမရာဂဗျာပါဒသေအောင် သံဝေဂ ဉာဏ်ဖြစ်ယင် အနာဂါမိမဂ်ပေါ်မှာပဲ။ ကိလေသာ အားလုံး သေနိုင်အောင် သံဝေဂဉာဏ်ဖြစ်ယင် အရဟတ္တမဂ်ပေါ်မှာပဲ။ [မှန်ပါဘုရား။]

နာမ်တရားကို ပုထုဇဉ်တို့က ဒီလို ထင်ကြတယ်။ ဝိညာဏ်သည် ပင့်ကူကဲ့သို့ မျက်စိပေါက်က ထွက်ကြည့်လိုက်၊ နားပေါက်ကနေပြီး အသံကို နားထောင် လိုက်၊ နှာခေါင်းပေါက်ကနေပြီး အနံ့ကို ရှူလိုက်၊ လျှာကနေပြီး အရသာကို ယူလိုက်၊ ကိုယ်ကာယမှ နေပြီး အတွေ့ အထိကို ခံစားလိုက်၊ ငါးဒွါရက တွေ့ခဲ့တာတွေကို နှလုံးအိမ်ထဲဝင်ပြီး စဉ်းစားလိုက် နေတယ်လို့ ထင်ကြ တယ်။ ဒီလိုထင်တော့ အတ္တဒိဋ္ဌိ ဖြစ်ကုန်တာပေါ့။ ဒါကြောင့် ပညာရှိများက ဒိဋ္ဌိသည် နာမ်မှာ စွဲ၍၊ တဏှာသည် ရုပ်မှာ စွဲတယ်လို့ ပြောကြတာပေါ့ မောင်ငေ်နိ်ရဲ့။ [မှန်ပါဘုရား။] နာမ်တရားဟာ စည်သံနှင့် တူတယ်။ စည်ဟာ ဒွါရ ခြောက်ပါးနှင့် တူ၍ လက်ရိုက်ဟာ အာရုံ ခြောက်ပါးနှင့် တူတယ်။ နာမ်တရားဟာ စည်သံနှင့် တူတယ်။ စည်ထဲမှာ အသံ အမြဲ ရှိနေ သလား။ [မရှိပါဘုရား။] စည်နှင့် လက်ရိုက် ထိခိုက်မှ ဖြစ်ပေါ်လာတာ မဟုတ်လား။ [မှန်ပါတယ်ဘုရား။] စည်နှင့် လက်ရိုက် ထိခိုက်မှ ဖြစ်ပြီး ထိုနေရာတွင်ပဲ ပျောက်ပျက် မသွားလား။ [ပျောက်ပျက်သွားပါတယ်ဘုရား။] အဲဒီလိုပဲ၊ မျက်စိတည်းဟူသော စည်နှင့် ရူပါရုံတည်းဟူသော လက်ရိုက် ထိခိုက်မှ မြင်မှု နာမ်တရားဖြစ်ပြီး ထိုနေရာမှာပဲ ပျောက်ပျက်သွားတယ်။ ဒီတော့ ပုထုဇဉ်တွေ ထင်သလို ဟုတ်ရဲ့လား။ [မဟုတ်ပါဘုရား။] ကျန်တဲ့ ငါးဝိညာဏ်လဲ ဒီလိုပဲ။ ဆိုင်ရာ ဒွါရ အာရုံ ပေါင်းဆုံမိမှ ဖြစ်ပြီး ပျောက်ပျက် သွားတာပဲ။ ဒီလို ဖြစ်ပြီး ပျက်တဲ့ အမျိုးဖြစ်ယင် ဒီနာမ်ထဲမှာ ပိဋ္ဌန သဘော, သန္တာပ သဘော, ဝိပရိဏာမ သဘော, သင်္ခတ သဘောရှိတာပဲ မောင်စိန်ရဲ့။ [မှန်ပါ၊ ရှိမှာပါ ဘုရား။] ဒီသဘော လေးခုဟာ မသိမ်မွေ့ပါလား။ [သိမ်မွေ့ပါတယ် ဘုရား။] ဒီလို သိမ်မွေ့လို့လဲ လူတိုင်း သောတာပန် မတည်တာပေါ့ကွဲ့။ ဒုက္ခဝေဒနာလို ကြမ်းတမ်းယင် လူတိုင်း သောတာပန် တည်မှာပေါ့။ နာမ် မှာလဲ ဒီသဘော လေးခုကို မြင်အောင် ရှု၍ မြင်လာယင် သံဝေဂဉာဏ်ပေါ် လာမှာပဲ။ သံဝေဂဉာဏ် ပေါ်ယင် သမုဒယ သစ္စာ ကင်းပြတ်တော့တာပဲ။

ကင်းပြတ်ယင် ကင်းပြတ်ရာ နိရောဓသစ္စာကို မျက်မှောက်ပြုရတယ်။ မျက်မှောက်ပြုတဲ့ ဉာဏ်ဟာ မဂ္ဂသစ္စာပဲ မောင်စိန်ရဲ့။

သစ္စာလေးပါး စုံပါပြီ။ အဲ....ဤကဲ့သို့ ရှင်သာမဏေ ရဟန်းသစ်တို့ကို ပစ္စည်းလေးပါးဖြင့် ထောက်ပံ့၍ သာသနာတော်ကြီး စည်ပင်ပြန့်ပွားအောင် ချီးမြှောက်ရသော သာသနာ့ ပဂ္ဂယှကုသိုလ်၊ သီလတို့ကို ဆောက်တည်ရသော သီလ ကုသိုလ်၊ တရားတော်မြတ်ကို ကြားနာရသော ဓမ္မသဝန ကုသိုလ်၊ တို့ကြောင့် နိဗ္ဗာန်မဂ်ဖိုလ်ကို ရက်တိုတိုနှင့် ရလွယ်ကြစေကုန်သတည်း။

သာဓု၊ သာဓု၊ သာဓု။

"ရှင်ပြု ရဟန်းခံ ဟောကြားရန် တရားတော်" ပြီး၏။

## “ကထိန်ဆိုတာ ဒီလိုပါ”

ဒုလ္လဘံ စီဝရံ သဒ္ဓါ၊ အနုဋ္ဌံ သာသနဒ္ဓဇံ။
တံ ပါရုပ္ပ ဝိမုစ္စန္တိ၊ တိဝဋ္ဋကော အနာသဝါ။

စီဝရံ၊ ဖန်ဝါရောင်လျှမ်း ဝတ်သင်္ကန်းသည်။ ဒုလ္လဘံ၊ ကမ္ဘာကုဋေ သင်္ချေသင်္ချာ ကုန်ဆုံးပါလည်း အလွန်တရာမှ လှူရခဲလှချေ၏။ သဒ္ဓံ၊ လူ့ပြည် နတ်ပြည် ဗြဟ္မာ့ပြည်ဝယ် အထည် ဒြဝတ် မှန်သမျှ တို့ထက် နှိုင်းဆမရာ ထွဋ်ရှလည်း ထွဋ်ရှမြတ်လှပေ၏။ စီဝရံ၊ ဖန်ဝါရောင်လျှမ်း ဝတ်သင်္ကန်းသည်။ အနုဋ္ဌံ၊ မည်သည့် ရတနာနှင့်ပင် နှိုင်းနှိုင်း အတိုင်း မသိ မြင့်မြတ် လှ ပေ ၏။ သာသနဒ္ဓဇံ၊ သာသနာ့ တံဆိပ် အောင်ပဲတံ အောင်လံ မှန်ကြီး မှန်လှပေ၏။ တံ၊ ထိုကြုံခဲ ရွာမှန် အဖိုးတန်၍ အောင်လံတံခွန်ကြီးဖြစ်သော သင်္ကန်းကို။ ပါရုပ္ပ—ပါရုပိတွာန၊ ဝတ်ရုံ ဆင် မြန်း တော် မူကြ ကုန် ၍။ အနာသဝါ၊ အာသဝေါကို ခွာလျှော ဖြတ်ခွင်း ရှင်းလင်း စင်ကြယ် နွယ်အရိယာ ရဟန္တာ တို့သည်။ တိဝဋ္ဋကော၊ သုံးပါး ဝဋ်ဘေး ကျွတ်ဆွေမှ။ ဝိမုစ္စန္တိ၊ ထွက်ကြီး ထွက် မြောက်၍ နိဗ္ဗာန်သို့ ဆိုက်ရောက်တော်မူကြလေကုန်သတည်း။

သာဓု၊ သာဓု၊ သာဓု။

မောင်စိန်ငွေ။ [ဘုရား။] ကထိန်ဆိုတဲ့ ဗမာစကားဟာ ကထိနဆိုတဲ့ ပါဠိဘာသာမှ ဆင်းသက်လာတဲ့စကားဖြစ်တယ်။ ကထိနဆိုတဲ့ ပါဠိဘာသာ၏ အဓိပ္ပါယ်က “ကထိယတေ သီလာဿတေ ဗုဒ္ဓါဒီဟိ ဝါတိ ကထိနံ”တဲ့။

"ဗုဒ္ဓါဒီဟိ၊ ဘုရား စသော အရိယာ နွယ်ဝင် သူတော်စင်တို့သည်။ ကထိယတေ သီလာဃတေ၊ ချီးမွမ်း ဩဘာ ထောမနာ ပေးကြကုန်၏။ ဣတိတသ္မာ၊ ထို့ကြောင့်။ ကထိနံ၊ ကထိန်မည်၏" တဲ့။

ဘုရား စသော အရိယာ သူတော်ကောင်းတို့ ချီးမွမ်းဩဘာ ထောမနာ ပေးတဲ့ အလှူ ဖြစ်ခြင်းကြောင့် ကထိန် ခေါ်တယ်တဲ့ မောင်စိန်ရဲ့။ [မှန်ပါ ဘုရား။]

ဘုရားစသော အရိယာသူတော်ကောင်းတို့ဟာ အခြားအလှူထက် ဒီအလှူ ကိုဘာကြောင့် ချီးမွမ်း ဩဘာ ထောမနာ ပြုကြသလဲလို့ မေးစရာရှိတယ်။ အခြားအလှူတွေကို တိုက်ရိုက်တိုက်တွန်း ကောင်းတယ်။ သွယ်ဝိုက်ပြီး တိုက်တွန်းတဲ့ ပရိယာယ်ကထာကိုလဲ ပြောကောင်းတယ်။ လှူဖို့ရာ, ဒါန်းဖို့ရာ, ဩဘာနိမိတ်အရိပ်အရောင်ကိုလဲ ပြုကောင်းတယ်။ ဒီတော့ အခြားအလှူတွေ ဟာ သသင်္ခါရိကစိတ်နှင့်လဲ လှူနိုင်တယ်။ စိတ်အညံ့စားနှင့်လဲ ဖြစ်နိုင်တယ် မောင်စိန်ရဲ့။ [မှန်ပါဘုရား။]

ကထိန်အလှူဆိုတာက တိုက်ရိုက်တိုက်တွန်းခြင်း, ပရိယာယ်ကထာ ဩဘာ နိမိတ်တို့ဖြင့်သွယ်ဝိုက်၍ အရိပ်အရောင်ပြခြင်း မရှိပဲ ကောင်းကင်ပေါ်က ကျလာသည့် ရေတံခွန်ကြီးလို ဘာသာအလျောက် သဒ္ဓါပေါက်ပြီး လှူမှဖြစ်တဲ့ အမျိုးကွဲ့။ သို့အတွက် သသင်္ခါရိက ကုသိုလ် ဖြစ်တယ်။ ထက်မြက်တဲ့စိတ် အမြတ်စားနှင့်မှ လှူနိုင်တယ်။ ဒါကြောင့် ဘုရားစသော အရိယာတွေက ချီး မွမ်း တာပေါ့ကွဲ့။ [မှန်ပါဘုရား။]

ပြီးတော့လဲ အခြားဒါနတွေဟာ တပါးတည်းကိုလဲ လှူနိုင်တယ်။ ၂ပါး, ၃ပါးကိုလဲ လှူနိုင်တယ်။ ကထိန်ဒါနဆိုတာ သံဃာ ငါးပါးရှိတဲ့ ကျောင်းမှ လှူနိုင်တယ်။ ပုဂ္ဂိုလ်ကို မရည်ရွယ်ရ၊ ၂ပါး, ၃ပါးကို မရည်ရွယ်ရ။ သံဃာ ကိုသာ ရည်စူးပြီး လှူရတယ်။ ဒါကြောင့် ကထိန် ခံမည့် ရဟန်းကို ကထိန် သင်္ကန်းပေးတဲ့အခါ လေးပါးအစုရှိတဲ့ သံဃာက ကမ္မဝါစာဖတ်ပြီး ပေးရ တယ်။ ဒါကြောင့် "ငါးပါးရှိတဲ့ကျောင်းမှ ကထိန်ခံစေ" လို့ဘုရားက ပညတ် တာပေါ့။ ဒီလိုဆိုတော့ ကထိန်ဒါနဟာ သံဃိကဒါနအစစ် ဖြစ်မနေပါ လား။ [ဖြစ်ပါတယ်ဘုရား။]

မိထွေးတော်ဂေါတမီဟာ မြတ်စွာ ဘုရား ကိုရည်စူးပြီး သင်္ကန်းယက် တယ်။ ပြီးတော့ ဘုရားကိုလှူမယ်လို့လုပ်တော့ မြတ်စွာဘုရားက "သံဃေ ဒိန္နံ မဟပ္ဖလံ" ဂေါတမီ၊ မိထွေးတော်ဂေါတမီ။ သံဃေ၊သံဃာအား။ ဒိန္နံ၊

လှူသောအလှူသည်။ မဟာပွဲလဲ၊ အလွန်တရာအကျိုးကြီး၏။ သံဃိကဖြစ်အောင် လှူပါလို့တိုက်တွန်းတော်မူတယ်။ သက်တော်ထင်ရှား မြတ်စွာဘုရားအား ပုဂ္ဂလိကလှူတာထက် သံဃိကလှူတာအကျိုးကြီးကြောင်း မြတ်စွာဘုရားဟောတော် မူတယ်။ ကထိန်ဒါနဟာလဲ သံဃိကဒါနမှသာ ဖြစ်နိုင်သည့်အတွက် ဘုရားစသော သူတော်ကောင်းတို့ ချီးမွမ်းတာကွဲ့ မောင်စိန်ရဲ့။ [မှန်ပါဘုရား]။

ပြီးတော့ ကထိန်ခင်းလိုက်တော့ ကထိန်ခင်းတဲ့ကျောင်းက ကထိန်အာနိသင်ကိုရတဲ့ ရဟန်းတို့မှာ အကျိုးငါးပါးကို ခံစားကြရတယ်။ ဘယ်အကျိုးငါးပါးလဲဆိုတော့—

၁။ အနာမန္တစာရ—ဒါယကာတို့ ဆွမ်းစားပင့်ထား ပါလျက် ထင်ရှားရှိသောရဟန်းကို မပန်ကြားပဲ အခြားအိမ်သို့သွားနိုင်ခြင်းတပါး။ ဘာကြောင့်လဲဆိုတော့ ရဟန်းများဟာ ဆွမ်းစားပင့်ထားတဲ့ ဒကာရှိပါလျက်သားနှင့် ထင်ရှားရှိတဲ့ရဟန်းကိုမပန်ကြားပဲ တခြားအိမ်သို့ မသွားရဘူး။ သွားယင် ပါစိတ်အာပတ် သင့်တယ်။ အဲဒီ သိက္ခာပုဒ်ဟာ တပေါင်းလပြည့်နေ့ထိ ငြိမ်းသွားတယ်။

၂။ အသမာဒါနစာရော—တိစီဝရိတ်အဓိဋ္ဌာန် တင်ထားသော သင်္ကန်းကို မယူပဲသွားနိုင်ခြင်းတပါး။ ဘာကြောင့်လဲ ဆိုတော့ ရဟန်းများဟာ တိစီဝရိတ်အဓိဋ္ဌာန် တင်ထားတဲ့ သင်္ကန်းကို သွားလေရာ ယူသွားရတယ်။ မယူမိလို့ ညကင်းသွားယင် နိဿဂ္ဂိပါစိတ်အာပတ် သင့်တယ်။ အဲဒီသိက္ခာပုဒ်ဟာ တပေါင်းလပြည့်နေ့အထိ ငြိမ်းသွားတယ်။

၃။ အလိုရှိတိုင်း အဓိဋ္ဌာန်ဝိကပ္ပနာ မပြုသောသင်္ကန်းကို ဆောင်ရခြင်းတပါး။ ဘာကြောင့်လဲဆိုတော့ ရဟန်းများဟာ သင်္ကန်းရလျှင် ၁၀ရက်အတွင်း အဓိဋ္ဌာန်သော်လည်း တင်ရမယ်။ ဝိကပ္ပနာ သော်လည်းပြုရမယ်။ မပြုယင် နိဿဂ္ဂိပါစိတ် အာပတ်သင့်တယ်။ အဲဒီသိက္ခာပုဒ်ဟာ တပေါင်းလပြည့်နေ့အထိ ငြိမ်းတယ်။

၄။ ဂဏဘောဇဉ်ကို ဘုဉ်းပေးနိုင်သည်လည်း တပါး။ ဘာကြောင့်လဲဆိုတော့ ရဟန်းလေးပါးထိုင်နေတဲ့အခါ ဒကာတယောက်က "ထမင်းစားကြွပါ၊ အမဲသားဟင်း၊ ငါးဟင်းစား ကြွပါ"လို့ လူတို့ဝေါဟာရဖြင့် ပင့်လျှင် ဂဏဘောဇဉ်ဖြစ်၍ လိုက်ပြီးမစားကောင်း။ စားယင် ပါစိတ်အာပတ် သင့်တယ်။ ကထိန် ခင်းလျှင် ထိုသိက္ခာ ပုဒ်ဟာ တပေါင်း လပြည့်နေ့အထိငြိမ်းသွားတယ်။

၅။ ကထိန်ခင်းသောနေ့မှ တပေါင်းလပြည့်နေ့အထိ ၎င်းအတွင်း ရလာသော သင်္ကန်းကို ကထိန်အာနိသင်ရသော ကိုယ်တော်များသာ ပိုင်တယ်။ အခြားကိုယ်တော်များနှင့် မဆိုင်ချေ။ ၎င်း အကျိုးငါးပါးကို ကထိန်ခံသော ကိုယ်တော်များရသလို ကထိန် ဒါယကာ များလဲတူသောအကျိုးများကို ရနိုင်ကြတယ်။ ကထိန်မှတပါး ဘယ်အလှူမှ ဒီအကျိုးများကို မရနိုင်ဘူး။ ဒါကြောင့်လည်း ဘုရားစသောသူတော်ကောင်းများ ချီးမွမ်းကြတာပေါ့ မောင်စိန်ရဲ့။ [မှန်ပါဘုရား။]

ကထိန်ဆိုတာ သင်္ကန်းကလွဲယင် ဘာဝတ္ထုနှင့်မှ မခင်းနိုင်ကြဘူး။ ဘုရားခွင့်ပြုတော်မမူဘူး။ သင်္ကန်းဆိုတဲ့ ပစ္စည်း ကလဲ လူ နတ် ဗြဟ္မာ သတ္တဝါတို့၏ တန်းဆာတို့တွင် အမြတ်ဆုံးဖြစ်သော တန်းဆာဖြစ်တယ်။ ဘာကြောင့်လဲဆိုတော့ သုံးလောက နယ်ခရိုင်မှာ အမြတ်ဆုံးဖြစ် ကြသော ဘုရားပစ္စေကဗုဒ္ဓါ ရဟန္တာတို့ဟာ ဘယ်အဝတ်ကိုဝတ်ပြီး နေကြသလဲဆိုယင် မောင်စိန် ဘယ့်နှယ်ဖြေမလဲ။ [သင်္ကန်းကိုသာ ဝတ်ပြီးနေကြပါတယ်ဘုရား။]

အဲဒီလို အမြတ်ဆုံး ပုဂ္ဂိုလ်တွေ ဝတ်တဲ့ အဝတ်မို့ အမြတ်ဆုံးသော တန်းဆာလို့ပြောတာပေါ့။ ရှင်ဘုရင်အမြဲခိုင်းစေနေတဲ့ ကျေးကျွန်တယောက်ဟာ သင်္ကန်းဝတ်သွားယင် သူတို့နှစ်ယောက် တွေ့တဲ့အခါ ဘယ်သူက ရှိခိုးရသလဲ။ [ရှင်ဘုရင်က ရှိခိုးရပါတယ် ဘုရား။] အဲဒါ သင်္ကန်းက မြတ်နေလို့ ရှိခိုးရတာ မဟုတ်လား။ [မှန်ပါတယ် ဘုရား။]

ဆဒ္ဒန်ဆင်မင်းကို သောနုတ္တိုရ်မုဆိုး လေးနှင့်ပစ်တော့ ဗိုက်ကိုဖောက်ပြီး ကျောကို ထွက်သွားတယ်။ ဆဒ္ဒန်ဆင်မင်းက ရန်သူဟာ မြေအောက်မှာပဲလို့ သိပြီး ခွာနှင့်ရှပ်လိုက်တော့ တွင်းကိုဖုံးထားတဲ့ ပျဉ်ပြားကြီး ပွင့်သွားတယ်။ ပွင့်သွားလို့ သောနုတ္တိုရ်မုဆိုးကို မြင်ပါလျက် မုဆိုးကိုမသတ်ပဲ ခွင့်လွှတ်တာ ဘယ်ဟာကြောင့်လဲ။ [သင်္ကန်းကြောင့်ပါ ဘုရား။]

သင်္ကန်းဟာ အဲဒီလို မြင့်မြတ်တယ်။ သင်္ကန်း လှူခြင်းကြောင့် ကောင်းမြတ်သော အကျိုးပေးတဲ့ ဝတ္ထုဇာတ်လမ်းလေးကို သဒ္ဓါ တရား ဖြစ်စေဖို့ ဟောရဦးမယ်။ နားထောင်ကြ။ [ဟောတော်မူပါ ဘုရား။]

## ဥမ္မာဒန္တီဇာတ်

ကဿပမြတ်စွာဘုရား လက်ထက်က မိန်းကလေးတယောက်ဟာ မိဘများကို ဝတ်ပန်းထည်ဝယ်ပေးဖို့ ပူဆာတော့ မိဘများက "ဝယ်စရာ ပိုက်ဆံမရှိဘူးသမီးရဲ့"လို့ ပြောတယ်။ ဒီတော့သမီးက "အမေတို့ ဝယ်စရာ ပိုက်ဆံ မရှိယင် ကျမ သဌေးအိမ်ကျွန်ခံပြီးရအောင်လုပ်မယ်၊ အမေတို့ ခွင့်ပြုမလား" လို့မေးတယ်။ ဒါကြောင့် မြတ်စွာဘုရားက သတ္တဝါတွေဟာ တဏှာ၏ ကျွန်လို့ ဟောတော်မူတာပေါ့ မောင်စိန်ရဲ့။ [မှန်ပါဘုရား။]

ဒီလိုသမီးကလေးက အလွန်လိုချင်နေလေတော့ မိဘများက ခွင့်ပြုရတာပေါ့။ အဲဒီခေတ်က ကျေးခေတ် ကျွန်ခေတ်ဖြစ်တယ်။ မိဘများက ခွင့်ပြုတော့ သဌေးအိမ်သွားပြီး ဝတ်ပန်းထည်တထည် လိုချင်ပါတယ်။ ဘယ်နှစ်နှစ်ကျွန်ခံရမလဲလို့ သဌေးကြီးကိုမေးတော့ သဌေးကြီးက သုံးနှစ် ကျွန်ခံရမယ်လို့ ပြောသတဲ့။ မိန်းကလေးကလဲ အလွန်လိုချင်နေတော့ သဘောတူပြီး သုံးနှစ်ကျွန်ခံတယ်။ သုံးနှစ်စေ့၍ ဝတ်ပန်းထည်ကို ရတယ်ဆိုယင်ပဲ ဝတ်ချင်ဇောကြီးစွာနှင့် ရေကန်ရှိရာသို့သွားပြီး ရေချိုးတယ်။ ရေချိုးတုန်း ရဟန်းတပါးကလဲ လမ်းမှာသူခိုးတွေက သင်္ကန်းကို ချွတ်ယူလိုက်လို့ သစ်ခက်တွေနှင့် ကိုယ်ကောင်ကို စည်းပြီးလာတယ်။

ဒီမိန်းကလေးက ကြောက်တာနဲ့ အဝတ်ကလေးကိုယူပြီး ပြေးမယ်လို့ အလုပ် ရဟန်းက "ငါ့ညီမ မကြောက်ပါနှင့်၊ ငါ ရဟန်းပါ၊ လမ်းမှာ သူခိုးတွေက၊ သင်္ကန်းကိုချွတ်ပြီး ယူလိုက်လို့ သစ်ခက်တွေနှင့် စည်းလာခဲ့တာ။ ငါ့ညီမကို ဘယ်နည်းနှယ်မှ မလုပ်ပါဘူး"လို့ ပြောသတဲ့။ ဒီတော့ မိန်းကလေးဟာ သနားစိတ်တွေ ဝင်လာပြီး "အော်-ငါ ဒီဝတ်ပန်းထည် ကလေးကို ဝတ်ပေမယ့် ငါ၏ကိုယ်ကောင်ဟာ ပျံပြီးမလာဘူး။ အိုချိန် ကျယင် အိုမှာ၊ နာချိန်ကျယင်နာမှာ၊ သေချိန်ကျယင် သေမှာပဲ။ ငါ သုံးနှစ်ပတ်လုံး ကျွန်ခံပြီးရတဲ့ အဝတ်ကို သင်္ကန်းအဖြစ်လှူလိုက်ယင် ဘယ်လောက် မြင့်မြတ်မလဲ။ လှူတာပဲ ကောင်းပါတယ်လေ"လို့ စိတ်ကူးပေါက်ပြီး "အရှင်ဘုရား၊ ဟောဒီအဝတ်ဟာ တပည့်တော် မဝတ်ရသေးပါဘူး။ တပိုင်းကိုဝတ်ပြီး တပိုင်းကိုရုံလျှင် ရပါတယ်ဘုရား၊ အရှည်ကြီးပါ"လို့ လျှောက် ထား ပြီး လှူလိုက် တယ်။ ဝတ်ပန်းထည်ကလဲ အဝါရောင်ဆိုတော့ ရဟန်းနှင့်လိုက်တာပေါ့ မောင်စိန်ရဲ့။ [မှန်ပါ ဘုရား။]

ဒီလိုလှူတော့ ရဟန်းကလဲ သစ်ခက်တွေကိုဖြေပြီး တပိုင်းကိုဝတ်၍ တပိုင်းကို ကိုယ်ရုံအဖြစ် ရုံလိုက်တယ်။ ကိုယ်တော်ကလေးဟာ သပ္ပာယ် သွား တာပေါ့။ ဒီလိုသပ္ပာယ်သွားတော့ မိန်းကလေးက “တပည့်တော် မလဲ ဖြစ်ရာဘဝမှာလှူတကာ မြင်လျှင် ရူးလောက်အောင် လှပါရစေ” လို့ ဆုတောင်း တယ်။ လှူတာက ကုသိုလ်, လှချင်တာက တဏှာ။ ပေါင်းလိုက်တော့ တဏှာခြံရံသော ကုသိုလ်ဖြစ်တာပေါ့ မောင်စိန်ရဲ့။ [မှန်ပါဘုရား။]

ဒီကုသိုလ်လေးတခုကို လက်ကိုင်ပြုပြီး သေသွားတော့ ငါတို့ ဘုရားလောင်း သိဝိမင်းကြီးအုပ်စိုးသော မြို့တော်မှာ သဌေးကြီးတဦး၏ သမီးထူးကလေးတယောက် ဖြစ်လာတယ်။ သူ၏ ဆုတောင်းအတိုင်း မြင်သမျှသော ယောကျ်ားတွေ ရူးသွတ်သွားအောင် လှပသောကြောင့် သူကို မိဘ များက ဥမ္မာဒန္တီလို့ နာမည်မှည့်ကြသတဲ့။ ဥမ္မာဒန္တီ၏ လှပုံက သည်လိုတဲ့။

ကေသာဒန္တာပိ သောဘန္တိ၊ ဝယောစ ပိယရူပိနီ။

သုဝဏ္ဏံဝိယ ဆဝိ စ၊ မံသာနိ ရတ္တကမ္ဗလီ။ ။

ကေသာပိ၊ မှင်ပိတုန်းရောင် မျက်စဉ်းတောင်ကဲ့သို့ မှောင်တခိုခို စိမ်းစိုနွဲ့နှောင်း သွယ်ပျောင်းသော ဆံပင်တို့သည် လည်းကောင်း။ ဒန္တာပိ၊ တခါပြုံးလျှင် တသက်လုံးမမေ့နိုင်သည့် သေးသွယ်ဖြူဖွေးသော သွား ကလေးတို့သည်လည်းကောင်း။ သောဘန္တိ၊ မြင်သူတိုင်းချီးကျူး သောမနဿ ရွှင်မြူးအောင် အထူးပင်တင့်တယ် ကြလေကုန်၏။ ဝယောစ၊ တိတ်,နာ, ပစ္စုပ်သုံးရုပ်သုံးသွယ် ဖြစ်သမျှအရွယ်သည်လည်း။ ပိယရူပိနီ၊ မြင်မြင်သမျှ ပုရိသ၏ မျက်စိအပေါင်း ရှုမညောင်းအောင် သွယ်ပျောင်းတင့်တယ် ချစ်စဖွယ်တည်း။ ဆဝိ စ၊ တကိုယ်လုံးကို လွှမ်းခြုံရစ်ထား အရေပါး သည် လည်း။ သုဝဏ္ဏံဝိယ၊ ဝင်းဝါ စကြောင်း ရွှေရေလောင်း သကဲ့သို့။ သောဘတိ၊ မြို့တော်အလယ် ထယ်ထယ်ဝါဝါ တင့်တယ်ပါ၏။ မံသာနိ၊ လက်ဖဝါး ခြေဖဝါး နှုတ်ခမ်းသားတို့သည်လည်း။ ရတ္တကမ္ဗလီ၊ ကြာနီပန်းနှင့် ခေါင်ရန်း နှင်းဆီ ကမ္ဗလာနီအလား ပတ္တမြား အဆင်း ရှိကြကုန်သည် ဖြစ်၍။ သောဘန္တိ၊ ကျက်သရေအပေါင်း ခညောင်းဝပ်တွား ဦးထိပ်ထားလောက်အောင် ကြွားကြွားဝေဝေ တင့်တယ်ကြလေ ကုန်သတည်း။

သာဓု၊ သာဓု၊ သာဓု။

ယခု ရွတ်ဆိုတဲ့ ဂါထာက ကောင်းခြင်းငါးဖြာ လက္ခဏာကို ပြတဲ့ ဂါထာဖြစ်တယ်။ အမိပ္ပာယ်က ဒီလို၊ ဆံပင်ကို ဖြေချလိုက်လျှင် ဖနောင့်ကို ရောက်ပြီး

အထက်သို့ လက်လေးသစ်ခန့် ပြန်တက်တယ်။ ဥဒေါင်းမြီးစည်းကြီးလိုပဲတဲ့။ အရောင်ဟာ ပိတုန်းရောင်တောက်သတဲ့။ အဲဒါက ဆံပင်၏ ကောင်းခြင်း ခေါ်တယ်။ သွားကလေးတွေဟာ စိန်ကို သခွားစေ့ ပုံသဏ္ဌာန် သွေးပြီး စိုက်ထားသလိုပဲတဲ့။ ကျဲခြင်း ခေါခြင်း ခွက်ခြင်း မရှိ။ အဲဒါက အရိုး၏ ကောင်းခြင်း။ ပြုံးလိုက်ယင် တသက်လုံး မမေ့နိုင်အောင် ကျက်သရေရှိတယ်။ အရွယ်ဟာလဲ သားတရာမွေးစေကာမူ ၁၆ နှစ် အရွယ်ထက် ပို၍ မအိုဘူး။ မြေးတွေ မြစ်တွေနှင့် ယှဉ်ပြီး ထိုင်နေလျှင် ညီအစ်မတွေလားလို့ အောက်မေ့ရတယ်။ အရေ တွန့်ခြင်း မှဲ့ကန်း စွဲခြင်း ဆံဖြူခြင်း သွားကျိုးခြင်း မရှိ။ ခါးကိုင်းခြင်း စသော အိုရုပ်မပေါ်ဘူး။ အဲဒါက အရွယ်၏ ကောင်းခြင်း ခေါ်တယ်။ အရေဟာလဲ ရွှေပြားကိုခတ်ပြီး ပတ်ထားသလိုနေတယ်။ အရေ၏ အပြစ် ဖြစ်သော ပွေး ညှင်း တင်းတိပ် မှဲ့ကန်း မရှိဘူး။ အဲဒါက အရေ၏ ကောင်းခြင်း ခေါ်တယ်။ လက်ဘဝါးများ ကတ္တီပါအနီကို ကပ်ထားသလို နေတယ်။ နုလဲ နုတယ်။ နီလဲ နီတယ်။ နှုတ်ခမ်းကလေးဟာ ပတ္တမြားကို အရည်ကျိုပြီး လူးထားသလို နီမြန်းတယ်။ လျှာတို့ အာတို့ သွားဖုံးတို့ ဆိုတာလဲ ချိတ်ရည်လိမ်းထားသလို နေတယ်။ အဲဒါက အသား၏ ကောင်းခြင်း ခေါ်တယ်။

လက်သဲကလေးတွေဟာလဲ အသားနှင့် ကပ်နေတဲ့ နေရာမှာ ရှည်ရှည်နှင့် ခုံးပြီး ကြည်တယ်။ ကြည်တဲ့အတွက် အောက်က အသားရောင်ဟာ လက်သဲကို ဖောက်ပြီး လက်သဲပေါ်မှာ ဟိုသွားတော့မလို ဒီသွားတော့မလို မှူးနေတယ်။ အသားကို လွန်ပြီး ရှည်လာတဲ့ လက်သဲခွံဟာ သုံးလေးရက် လ, ကလေးတွေ လက်ချောင်းဖျားမှာ သာနေသလို ဖြူဖွေးတယ်။ လက်ချောင်းကလေးတွေဟာ အရင်း ကြီးပြီး အဖျား သွယ်တယ်။ လက်လေးချောင်းကို စေ့၍ ထောင်ပြီး နေရောင်ကို ကာလိုက်ယင် အကြား အပေါက် မရှိဘူး။ လက်ဆစ်မကြီးဘူးလို့ ဆိုလိုတယ်။ လက်ဖမိုးနှစ်ခုဟာ မို့မို့ကလေးနေတယ်။ မုန့်စိမ်းပေါင်းကို တင်ထားသလို ဖြစ်သတဲ့။ လက်ကောက်ဝတ်တဲ့ နေရာ လက်မောင်းဖျားဟာလဲ ပွတ်ထိုးထားသလို လုံးပြီး အသားများတယ်။ လက်မောင်းနှစ်ဘက်ဟာ ကွေးလိုက်မှ တထောင်ဆစ်ရှိမှန်းသိရတယ်။ သွယ်ပျောင်းတယ်လို့ ဆိုတာပေါ့။ လည်ပင်းဟာလဲ လည်ပေါက် ရှင်းပြီး လုံးတယ်။ အကြောကလေးတွေဟာ သောက်တဲ့ ရေကို မြင်ရတော့မလောက် စိမ်းပြီ ကြည်တယ်။ ခါးကလေးက နကျည်ကောင်၏ ခါးကဲ့သို့ သေးပြီး၊ ရင်နှင့် တင်ဟာ ကြီးထွား သတဲ့။ ဒီလို ပြောရတာက အဋ္ဌကထာ ဖွင့်တဲ့ အတိုင်း

ပြောရတာပဲ။ ကဲဆိုတာ အကျိုးပေးယင် ဒီလောက် မလှနိုင်ဘူးလို့ ဘယ်ပြော နိုင်မလဲ မောင်စိန်ရဲ့။ [မှန်ပါဘုရား။]

ပြီးတော့လဲ မျက်လုံးကလေးက ဒီလိုတဲ့—

မိဂက္ခိဝိယ သောဘန္တိ၊ တိဿာ သုက္ကောဋ္ဌသန္နိဘာ။
နိစ္စမ္ပိတာ စ မုတ္တာဘာ၊ နေတ္တာသောဘာ သိရိန္ဓရာ။

တိဿာ၊ ထိုဥမ္မာဒန္တီ အမျိုးသမီးကလေး၏။ နေတ္တသောဘာ၊ မျက်လုံး နှစ်ဘက်၏အသရေတို့သည်။ မိဂက္ခိဝိယ၊ စိမ်းစိမ်းစိုစို ယဉ်နဂိုလျှင် သမင်ပျို၏ မျက်လုံးကဲ့သို့။ သောဘန္တိ၊ မြင်သူတိုင်း ချီးကျူး သောမန ရှင်မြူးအောင် အထူးပင် တင့်တယ်ကြလေကုန်၏။ သုက္ကောဋ္ဌသန္နိဘာ၊ ထွက်လာကန့်မြူး မိုးတိမ်ဦးက သောက်ရှူးကြယ်ပုံ တန်ိုင်းကဲ့သို့ ရှုလိုက်တိုင်း တင့်တယ်ကြလေ ကုန်၏။ စ၊ ခိုင်းနှိုင်းဘွယ်ရာ သည်မျှသာမကသေး။ မုတ္တာဘာ၊ တိမ်လွှာ အထပ်ထပ် မိုးတိမ်ရပ်က မျိုးခတ်ငြိစွဲ ဝဋ္ဋာဟကပုလဲတို့ကဲ့သို့။ နိစ္စမ္ပိတာ၊ နေ့ချိန်မှာလဲ တထိန်ထိန် ညချိန်မှာလဲ တချွင်ချွင် ကြည်လင်ပုံ အဆုံးမသတ်ပဲ အပြုံးခတ် အမြဲတည်ကြကုန်သည် ဖြစ်၍။ သိရိန္ဓရာ၊ လောက အမြုတေ ကျက်သရေဖူး အထွဋ်ရှိသမျှဟာတွေ ဦးညွှတ်ရအောင် ခူးဆွတ်နိုင်ကြလေ ကုန်သတည်း။

သာဓု၊ သာဓု၊ သာဓု။

ဥမ္မာဒန္တီ၏ ကိုယ်ကာယမှာ နဖူးကစ၍ ခြေမအထိ ဘယ်နေရာကိုပဲ ကြည့်ကြည့်။ ကဲ့ရဲ့စရာအချက်ကိုမတွေ့ရပဲ ချီးမွမ်းစရာဖြင့်သာပြည့်နေတယ်တဲ့။ လူလောက်လဲ မက, နတ်ကိုလဲ မမီတဲ့ သမီးလေးတယောက် ထွန်းပေါက်လာ တော့ သဋ္ဌေးကြီးဟာ ဝမ်းမြောက်ဝမ်းသာစွာနှင့် သိဝိမင်းကြီးထံ သွားပြီး သံတော်ဦး တင်သတဲ့။ "အရှင် မင်းကြီး၊ ဘုရား ကျွန်တော်မျိုးမှာ အလွန် လှပတင့်တယ်သော သမီးတယောက် ရှိပါတယ်၊ အရှင် မင်ကြီး လက်ခံမယ် ဆိုယင် ဆက်သလိုပါတယ် ဘုရား" လို့ သံတော်ဦးတင်တယ်။ သိဝိမင်းကြီးက "ရုပ်လက္ခဏာ ကျမ်းအတတ်ကို နားလည်သော ပုဏ္ဏားကြီး လေးယောက်ကို အကြည့် လွှတ်လိုက်မယ်၊ သူတို့က မိန်းမမြတ် ပါပဲ ဆိုယင် သိမ်းပိုက်မယ်၊ မိန်းမယုတ်ဆိုယင် မယူဘူး" လို့ အမိန့်ရှိသဖြင့် သဋ္ဌေးကြီးက "အရှင်မင်းကြီး သဘောကျတဲ့ အချိန် လွှတ်တော်မူပါ" လို့ လျှောက်ကာ ပြန်လာခဲ့သတဲ့ မောင်စိန်ရဲ့။ [မှန်ပါဘုရား။]

သိဝိမင်းကြီးလဲ ချက်ချင်းဆိုသလို ရုပ်လက္ခဏာကျမ်းကိုတတ်သိတဲ့ ပုဏ္ဏား လေးယောက်ကို ခေါ်ပြီး "အသင် ပုဏ္ဏားတို့၊ သဋ္ဌေးကြီး၏သမီး ဥမ္မာဒန္တီကို

မိန်းမမြတ် လက္ခဏာ ပါမပါ သွားကြည့်ရမယ်လို့ အမိန့်ချလိုက်တယ်။ အမိန့်ကျတဲ့ ပုဏ္ဏား လေးယောက်လဲ ဥမ္မာဒန္တီကို ကြည့်ဖို့ သင္ဌေးကြီးထံ လာကြတယ်။ သင္ဌေးကြီးလဲ ပုဏ္ဏား လေးယောက်အား ကောင်းမြတ်သော ဟင်းတို့ဖြင့် ထမင်းပွဲအပြင်ခိုင်းပြီး ကျွေးမွေးသတဲ့။ ပုဏ္ဏားလေးယောက် ထမင်းစားသောက်တဲ့အခါ သမီးကို ခေါ်ပြီး ဟင်းလိုက်ခိုင်းတယ်။ ပုဏ္ဏားတွေ ကြည့်စေဖို့ပေါ့။

ဥမ္မာဒန္တီလဲ အဖေခိုင်းသဖြင့် ဟင်းလိုက်ဖို့ရာ ဟင်းချိုင့်ကိုဆွဲပြီး ထွက်လာရာ ထမင်းစားနေတဲ့ ပုဏ္ဏားလေးယောက်၏ မျက်လုံးတွေဟာ ပုဇွန်မျက်စိလို ဖြစ်ပြီး မှိတ်လို့ မရအောင် မျက်ကြောတွေ ဆွဲကုန်သတဲ့။ အပ်ကလေးတွေ အနားမှာ သံလိုက်တုံးကို ချထားယင် အပ်ကလေးတွေဟာ သံလိုက်တုံးကို ပြေးပြီး ကပ်ကြသလို ပုဏ္ဏားတို့၏ မျက်စိတွေဟာလဲ ဥမ္မာဒန္တီ၏ ရူပါရုံ သံလိုက်တုံးရှိရာသို့သာ သွားနေတော့ ဘယ်အရာကိုမှ မမြင်တော့ဘူး။ မမြင်ပဲ ထမင်းခွန့်ကြရာ ပုဏ္ဏားတယောက်က သူ့ထမင်းလုတ်ကို ပါးစပ်ထဲ မခွန့်မိပဲ နဖူးကို ချော်၍ထိုးပြီး မူးလဲသတဲ့။ တယောက်က မေးစေ့အောက်ကို ထိုးမိရာ ရေမျိုကို ထိုးမိသဖြင့် သတိလစ်ပြီး လဲသွားသတဲ့။ တယောက်ကတော့ နှာခေါင်းထဲ ထိုးသိပ်မိသဖြင့် နှာမွန်ပြီး လဲသွားသတဲ့။ တယောက်က နားထဲသို့ ထိုးပြီး ယိမ်းယိုင်ကာ လဲသွားသတဲ့။

အဲဒီလို ပုဏ္ဏားကြီး လေးယောက်ဟာ အရူး ဖြစ်ပြီး မူးလဲကုန်တော့ ဥမ္မာဒန္တီက သူ့ကို နောက်ရပါမို့လားဆိုပြီး ကျေးကျွန်တွေကို ခေါ်ကာ "ဟောဒီ ပုဏ္ဏားအို အရူးတွေကို ဆွဲပြီး လှေခါးရင်းမှာ ပုံထားချေကြ"လို့ ဆိုသတဲ့။ ဒီလိုဆိုတော့ ကျေးကျွန်တွေကလဲ ခွေးသေကောင်ကို ဆွဲသလို ဆွဲပြီး လှေခါးရင်းမှာ ပုံထားကြတာပေါ့။ ပုဏ္ဏားတွေလဲ လှေခါးရင်းရောက်၍ အတန်ကြာတော့ သတိရပြီး ရှက်သွေးမွန်ကာ နန်းတော်တို့ သွားပြီး "အရှင်မင်းကြီး ဘုရား၊ ဥမ္မာဒန္တီဟာ လှပင် လှသော်လဲ မိန်းမယုတ်တို့၏ လက္ခဏာ ပါကြောင်းပါ ဘုရား"လို့ သံတော်ဦးတင်ကြတယ်တဲ့။ [မှန်ပါဘုရား။]

မောင်စိန်ရေ… အချို့က ပြောကြတယ်။ ဒီလို ပုဏ္ဏားကြီးတွေ ရူးပြီး လဲတယ်ဆိုတာဟာ အဋ္ဌကထာ ဆရာတွေက ချဲ့တာပါ။ ဟုတ်မှာ မဟုတ်ပါဘူးလို့ ပြောကြတယ်။ ဒီတော့ စဉ်းစားစရာက နန္ဒမင်းသားဟာ ရဟန်းပြုရသော်လဲ ဇနပဒ ကလျာဏီကို အလွမ်း မပြေတော့ မြတ်စွာဘုရားက နန္ဒမင်းသားကို နတ်ပြည်သို့ ခေါ်သွားပြီး နတ်သမီးတွေကို ပြတဲ့အခါ နန္ဒ

မင်းသားဟာ နတ်သမီးတွေကို ပဇ္ဇန်မျက်စိလို ပြူးကြည့်ပြီး အသက်ရှုရပ်ကာ မတ်တတ်က သေရမလောက် ဖြစ်နေသဖြင့် မြတ်စွာဘုရားက နန္ဒမင်းသားကို လက်ဆွဲ၍ လူ့ပြည်သို့ ခပ်မြန်မြန်ပြန်ခဲ့ရတယ်ဆိုတာကို ထောက်ယင် နတ်သမီး နီးပါး လှ၍ ရူးအောင် လှပါစေဆိုတဲ့ ဆုတောင်းကလဲ ပါခဲ့လေတော့ အဋ္ဌကထာ ဆရာကိုပိုတယ်လို့လဲ မဆိုသာဘူး မောင်စိန်ရဲ့။ [မှန်ပါ၊ ဆုတောင်းကို ဘုရာ့။]

ဒီလို ပုဏ္ဏားတို့က သံတော်ဦးတင်ကြဘော့ သိဝိဘုရင်ကြီးက မိန်းမယုတ် လက္ခဏာ ပါသည့်အတွက် မယူနိုင်ကြောင်းကို သဋ္ဌေးကြီးထံ အကြောင်း ပြန်ကြားတယ်။ သဋ္ဌေးကြီးလဲ ဘုရင်က မယူနိုင်ဘူးဆိုတော့ အဘိပါရက စစ်သူကြီးထံသွားပြီး သမီးအကြောင်းကို ပြောကြားပြန်တယ်။ အဘိပါရက စစ်သူကြီးက အမေကို ကြည့်ခိုင်းတာပေါ့။ မိန်းမချင်းဆိုတော့ ဘယ်ရှူးမလဲ မောင်စိန်ရဲ့။ [မှန်ပါဘုရား။]

စစ်သူကြီးရဲ့ အမေဟာ သဋ္ဌေးကြီးအိမ်သွားပြီး ဥမ္မာဒန္တီကို ကြည့်တော့ အလွန် မွန်မြတ်တဲ့ မိန်းမ ဖြစ်တဲ့ အကြောင်း ကောင်းကောင်းကြီး သိသဖြင့် ဝမ်းမြောက်ဝမ်းသာ သဋ္ဌေးကြီးအား ဘယ်နေ့ဘယ်ရက်မှာ ကြီးကျယ်သော အခမ်း အနား ဖြင့် မင်္ဂလာ ဆောင် လာ မည့် အကြောင်း ပြောကြား ခဲ့ပြီး သားအား ဒီမိန်းမမျိုး လူ့ပြည်မှာ ရှားသည့် အကြောင်း မှာကြား၍ ကြီးကျယ် ခမ်းနားစွာ မင်္ဂလာဆောင်၍ သားအိမ်သို့ ခေါ်လာခဲ့ကြတယ်။ ဥမ္မာဒန္တီဟာ မိဖုယား မဖြစ်ရသော်လည်း စစ်သူကြီးကတော် ဖြစ်သွားရတယ်။ ဘာဖြစ်လို့ မိဖုယား မဖြစ်ရသလဲလို့ အကြောင်းကို ရှာယင် သက်န်း လှူစဉ်က တဏှာ ခြံရံသည့်အတွက် အကျိုးပေး ညံ့ပြီး သွားတာ ဖြစ်တယ်။ သင်္ကန်းလှူစဉ်က "ငါ၏ သင်္ကန်းကို ဝတ်ပြီး သာသနာသုံးရပ်ကို ထမ်းဆောင် ကြပါစေ၊ ငါလဲ အရိယာတို့သိတဲ့ သစ္စာလေးပါးကို သိပါရစေ"လို့ တဏှာ မခြံရံပဲသာ လှူလိုက်ယင် စကြာဝတေးမင်း၏ မိဖုယားတောင် ဖြစ်နိုင်တယ်။ ဒါကြောင့် ယခု သင်္ကန်း ဒကာ, ဒကာမတို့လဲ "ငါ၏ သင်္ကန်းကို ဝတ်ရုံပြီး သာသနာသုံးရပ်ကို ထမ်းဆောင်နိုင်ကြပါစေ၊ ငါလဲ ဘုရား ရဟန္တာတို့ သိတဲ့ သစ္စာလေးပါးကို သိပါရစေ"လို့ ဆုတောင်းကြ။ တဏှာ မခြံရံကြစေနဲ့။ ဟုတ်ဘူးလား မောင်စိန်ရယ်။ [မှန်ပါဘုရား။]

ဥမ္မာဒန္တီဟာ စစ်သူကြီးကတော် ဖြစ်သွားတော့ ဘုရင်ကြီးကို အခဲမကြေ ဘူး။ တေးပြီး ထားတယ်။ မိန်းမတို့၏ ဓမ္မတာပေကိုး မောင်စိန်ရဲ့။ အဲဒီလိုနဲ့ နေလာလိုက်ကြတာ နက်ဖန်ခါ နက္ခတ်ပွဲသဘင် မြို့တော်ကြီးမှာ ဆင်ယင်ကြ

တော့မယ်ဆိုတော့ ဒီနေ့လိုကပဲ စစ်သူကြီးဟာ ကိစ္စတခုနှင့် အမေ၏ရွာသို့ သွားတယ်။ သွားတဲ့အခါ ဥမ္မာဒန္တီကို မှာတယ်။ "ရှင်မ ဥမ္မာဒန္တီ၊ နက်ဖန်ခါ မြို့တော်မှာ နက္ခတ်ပွဲသဘင် ဆင်ယင်လိမ့်မယ်၊ ဆင်ယင်တဲ့အခါ ဘုရင်ဟာ လမ်းကြီးလမ်းငယ်ကို လှည့်ပြီး ကြည့်လိမ့်မယ်၊ အဲဒီအခါ မင်းကိုယ်ကို ဘုရင် ပမြင်စေနဲ့၊ အိမ်ထဲမှာ တံခါးပိတ်ပြီး နေပါ"လို့ မှာ၍ ထွက်သွားတယ်။ ဒီလို စစ်သူကြီးက မှာထားပေမယ့် ဥမ္မာဒန္တီကတော့ "လာပါစေ၊ ငါ့ကို မိန်းမယုတ်လို့ ပြောတဲ့ ဘုရင်ကို အကြောင်းပြလိုက်မယ်"လို့ စိတ်ထဲမှာ တေးထားပြီး မြတ်လေးပန်းများကို အရှာခိုင်း၍ ငွေဖလားတွင် ထည့်ကာ ဘုရင်အလာကို စောင့်နေတယ်တဲ့ မောင်စိန်ရဲ့။ [မှန်ပါဘုရား။]

အဲဒီလိုနဲ့ မြို့တော်ကြီးဟာ နေ့နှင့်မခြား မီးရောင်တွေ ထိန်ထိန်ညီးအောင် ထွန်းညှိကြလျက် နက္ခတ်ပွဲသဘင် ဆင်ယင် ကျင်းပကြတော့ ဘုရင်ကြီးလဲ အလှန်ကောင်းတဲ့ မြင်းရထားကြီးကို စီးပြီး လှည့်လည်တာပေါ့။ လှည့်လည်၍ စစ်သူကြီး အိမ်နားသို့ ရောက်လျှင် ဥမ္မာဒန္တီက ပြူတင်းပေါက်မှ ကိုယ် တပိုင်းကို ပြလျက် "အရှင်မင်းကြီးအား ပန်းဖြင့် ပူဇော်ပါတယ်"လို့ ပန်းကို ပက်ကြဲကာ ချိုသာသော အသံကလေးဖြင့် မိမိကို မော့ပြီး ကြည့်အောင် ပြောလိုက်တယ်။ ဘုရင်ကြီးဟာ အသံရှိရာသို့ မော့ကြည့်လိုက်ရာ ဥမ္မာဒန္တီကို မြင်လေတော့ တွေဝေလျက် မူးမေ့သွားတယ်။ ပကတိစိတ်တွေ ပျောက်ပြီး "ယခု ငါမြင်သော အရာသည် နတ်သမီးဟု ထင်သည်။ ငါသည် နတ်ပြည်သို့ ရောက်နေပါသလော။ ဘယ်ကို ရောက်နေပါလိမ့်" လို့ အောက်မေ့ကာ "အသင် ရထားထိန်း၊ ယခု ငါတို့ ရောက်နေသော အရပ်သည် နတ်ပြည်များ ဖြစ်နေသလော"လို့ မေးတော်မူတယ်။ ရထားထိန်းက "အသင် မင်းကြီး၊ သတိထားတော်မူပါ၊ နတ်ပြည်မဟုတ်၊ အသင်မင်းကြီး၏ တိုင်းပြည် ဖြစ်ပါ တယ် ဘုရား"လို့ ပြောသတဲ့။ ဒီတော့ ဘုရင်ကြီးက "နတ်ပြည်မဟုတ်လျှင် ငါတို့၏ နက္ခတ်ပွဲသဘင်သို့ နတ်သမီးများ အပျော်အပါးလာကြသလား"လို့ ထပ်မံပြီး မေးပြန်တော့ ရထားထိန်းက "အရှင် မင်းကြီး ဘုရား၊ နတ်သမီး တွေလဲ မဆင်းခဲ့ပါ ဘုရား" လို့ ပြောပြန်တယ်။ ဒီတော့ ဘုရင်ကြီးက "နတ်သမီးတွေ မလာယင် အခုနက ပန်းဖြင့် ပက်တဲ့ သူဟာ နတ်သမီး မဟုတ်လျှင် ဘယ်သူလဲ ရထားထိန်းရဲ့"လို့ တုန်လှုပ်သော အသံဖြင့် မေးပြန် တယ်။ "အရှင်မင်းကြီးဘုရား၊ စစ်သူကြီး အဘိပါရက၏ မယား ဥမ္မာဒန္တီပါ ဘုရား"လို့ ပြောလိုက်ယင်ပဲ ပြည်တန်သော ပတ္တမြားတုံးကို လူခိုးခံရသူကဲ့သို့ ဘုရင်ကြီးဟာ ယူကျုံးမရ ပူလုံးကြီးထပြီး လုံးဝ သတိမရသော အဖြစ်သို့ ရောက်သွားတယ်တဲ့ မောင်စိန်ရဲ့။ [မှန်ပါဘုရား။]

ရထားထိန်းလဲ လမ်းမတ်တတ်မှာ သေယင် ခက်ရချေရဲလို့ နန်းတော်သို့ အတင်း ရထားကို မောင်းနှင်ပြီး မိဖုယားတွေကို အကြောင်းကြားကာ စက်တော်ခေါ်သည့် ခုတင်ပေါ်သို့ တင်ကြတယ်။ ခုတင်ပေါ်မှာ သိပ်ထားပြီး နှာနှပ်သူက နှပ်, လှုပ်ပြီး ခေါ်သူက ခေါ်နှင့် တနန်းတော်လုံး အလုပ်များ ကုန်တာပေါ့။ နှာနှပ်သဖြင့် နှာချီလာ၍ သတိရသယောင်ယောင် ဖြစ်လာ ယင်လဲ "အုံ ရေ့,အုံ ရေ့, အမှားကြီး မှား၍, အလွဲကြီး လွဲရပြီကွဲ့" လို့သာ ဥမ္မာဒန္တီကို တောင်းပန်တဲ့ စကားတွေကိုသာ ပြောနေပြန်တယ်။ အဲဒီလို ဥမ္မာဒန္တီကို တမ်းတ ရောင်ယမ်း ပြောဆိုနေစဉ် အဘိပါရက စစ်သူကြီးဟာ မိဘထံမှ ပြန်လာ၍ အခစားဝင်လာရာ ဘုရင်ကြီး သတိမရပဲ ယောင်ယမ်း ပြောဆိုသံကို ကြားတော့ "ကေန်မုချ ငါ၏ မယားကို မြင်ခဲ့ဟန်တူပြီ၊ မေး ချေဦးမှ" လို့ အိမ်ကိုပြန်ကာ "ရှင်မ၊ မင်းကို ဘုရင်ကြီး မြင်သွားသလား" လို့ မေးတယ်။

ဒီတော့ ဥမ္မာဒန္တီက "လက်စားချေတဲ့ သဘောနှင့်၊ ဘုရင်လား ဘာလား တော့မသိဘူး၊ ဝက်ပြိတ္တာကြီးနှင့်တူသော သူကြီးတယောက်ဟာ မြင်းရထား စီး၍အလာ ငါ့ကို မြင်တာနဲ့ ပက်လက်လဲပြီး သွားတာကို မြင်လိုက်တာပဲ" လို့ ပြောသတဲ့။ မောင်စိန်ရေ....မိန်းမများဟာ သိပ်ကြောက်စရာ ကောင်းတယ်၊ လက်စား မချေရလျှင် အေးတဲ့ အမျိုး မဟုတ်ဘူးကွဲ့။ [မှန်ပါ၊ ကြောက် စရာတွေပါ ဘုရား။]

ဒါနဲ့ စစ်သူကြီးလဲ သူ၏ ယင်ကျွန်ကို ခေါ်၍ "အမောင်၊ ဟိုက ညောင်ပင်ကြီး၏ အခေါင်းဆဲမှာ ဝင်ပြီး နေချေ၊ ငါတို့သည် အမတ်ကြီး များကို ခေါ်ကာ ကန်တော့ပွဲများနှင့်လာ၍ မင်းကြီး၏ ရောဂါအကြောင်းကို မေးမယ်၊ အဲဒီလို မေးတဲ့အခါ မင်းက "ဟေး....အမတ်တို့၊ နင်တို့ ဘုရင်ဟာ သွေးရိုးသားရိုး ရောဂါမဟုတ်၊ ဥမ္မာဒန္တီကို ရချင်နေတဲ့ မယားတရူးရောဂါ ဖြစ်နေတာ" လို့ ပြောပါ။

အဲဒီလို စေခိုင်းပြီး အမတ်ကြီးများကို ကန်တော့ပွဲ ပြင်စေ၍ ညောင်ပင် ရှိရာကို သွားကြသတဲ့။ ညောင်ပင်အောက်ကို ရောက်တော့ အမတ်ကြီးက ကန်တော့ပွဲကို မြှောက်ပင့်ကာ "အသင် ညောင်ပင်စောင့်နတ်၊ အသင့်အား ငါတို့ ကန်တော့ပါတယ်။ ငါတို့ ဘုရင်ကြီးဟာ စားလည်း မစား၊ သောက် လည်း မသောက်၊ သတိ မရပါပဲ အိပ်ရာထဲမှာ လူးလဲကာ တအုံအုံနှင့် ပါးစပ်က ယောင်ယမ်းပြီး နေပါတယ်၊ ဒီရောဂါဟာ ဘာရောဂါဆိုတာကို အသင် နတ်မင်း ရှင်းလင်းတော်မူပါ" လို့ တောင်းပန်သတဲ့။

ဒီအခါ ညောင်ခေါင်းထဲ ဝင်ပြီး နေနှင့်တဲ့ ငယ်ကျွန်က နတ်သံပေးပြီး "ဟေး—အမတ်တို့၊ နင်တို့ဘုရင်ဟာ ခတ်လေးပါး ဖောက်ပြန်တာလဲမဟုတ်၊ ပယောဂဝင်ပူးတာလဲ မဟုတ်၊ ဥမ္မာဒန္တီကို မြင်တာနဲ့ ရချင်တဲ့အာသာထူး၍ မယားတရူး ဖြစ်နေတာ"လို့ ပြောလိုက်သဖြင့် အမတ်နှင့် စစ်သူကြီးတို့လဲ နန်းတော်သို့ ပြန်လာပြီး ဘုရင်ကြီးကို သံတော်ဦးတင်ကြတယ်။ စစ်သူကြီးက သံတော်ဦးတင်သည်မှာ "ကျေးဇူးတော် သခင် အရှင်ဖြစ်သော ဘုရင် မင်းမြတ်ဘုရား၊ ကျွန်တော်မျိုးတို့သည် ဘုရင်မင်းမြတ်၏ ရောဂါပျောက် ရေးကို မျှော်တွေးကြလျက် အမတ်များနှင့်တိုင်ပင်ကာ ညောင်ပင်ကြီးရှိရာသို့သွားပြီး နတ်မင်းကြီးကို ဘုရင်၏ ရောဂါဟာ ဘာရောဂါ ဖြစ်ကြောင်းကို သိပါရစေလို့ ပွဲပြင်ကာမေးတော့ နတ်မင်းကြီးက ဥမ္မာဒန္တီ အပေါ်မှာ အာသာထူး၍ မယားတရူးဖြစ်တယ်လို့ ပြောလိုက်ပါတယ်ဘုရား။ သို့အတွက် ကျွန်တော်မျိုး၏ မယားကို သိမ်းယူတော်မူပါမည့် အကြောင်းကို ကျွန်တော်မျိုးသံတော်ဦး တင်ပါသည် ဘုရား" လို့ လျှောက်တော့ ဘုရင်ကြီးဟာ "အော်....ငါ မယားတရူးတာကို နတ်တွေတောင် သိကုန်ပါပြီလား။ အမယ်လေး ရှက်စရာကြီးပါလား"လို့ ရှက်စိတ်တွေ ဝင်လာမှ အရူး ပျောက် သွားသတဲ့။ အရူးပျောက်တော့ သံဝေဂဉာဏ်ဝင်ကာ တောထွက်၍ ရသေ့ ရဟန်း ပြုသွားတယ် တဲ့ မောင်စိန်ရဲ့။ [မှန်ပါဘုရား။]

အဲဒီ သိဝိဘုရင်ကြီးဟာ ဘုရားဖြစ်၍ ပရိနိဗ္ဗာန်စံတော်မူပြီး ဥမ္မာဒန္တီလဲ ဥပ္ပလဝဏ်ထေရီ ဘိက္ခုနီမဖြစ်၍ ပရိနိဗ္ဗာန်စံလေပြီ။ ဘာပြု၍ ပရိနိဗ္ဗာန်စံကြရသလဲ။ အမှန်တရားကိုသိ၍ စံကြတာပေါ့။ ဒီတော့ မောင်စိန်လဲ အမှန်တရားကိုမသိချင်ဘူးလား။ [သိချင်ပါတယ်ဘုရား။]

သိချင်ယင် နားထောင်။ မင်း၏ မျက်လုံးသည် ဖောက်ပြန် တတ်သောကြောင့် ရုပ်တရား၊ ရူပါရုံဟာလဲ ဖောက်ပြန် တတ်သောကြောင့် ရုပ်တရား၊ ရုပ်တရားနှစ်ခု ပေါင်းဆုံမိတော့ မြင်မှုခေါ်တဲ့ စက္ခုဝိညာဏ် စိတ် တရား ပေါ်လာတယ်။ ထိုအခါ မြင်မှုကိုမှီ၍ အာရုံ အရသာကို ခံစားမှု ဝေဒနာ, မှတ်သားမှုသညာ, ပြုပြင်မှုစေတနာ, တည်ကြည်မှု ဧကဂ္ဂတာ တို့ ဖြစ်လာကြတယ်။ ၎င်းတရားတို့ကို စေတသိက်လို့ခေါ်တယ်။ ပေါင်းတော့ စိတ်, စေတသိက်, ရုပ်ဆိုတဲ့ ပရမတ္ထတရား သုံးပါးဖြစ်တယ်။ ဒီ ပရမတ္ထ တရား သုံးပါး ကလွဲပြီး သုံးလောက နယ်ခရိုင်မှာ လူ,နတ်, ဗြဟ္မာ, ပုဂ္ဂိုလ်, သတ္တဝါ, ငါ, သူတပါး ယောကျာ်းမိန်းမ အတ္တဇီဝ အသက်လိပ်ပြာ ရှိသေးသလား။ [မရှိတော့ပါဘုရား၊ ၎င်း သုံးပါးသာ ရှိပါတယ်။]

အဲဒီလို ပညတ်စွဲပျောက်၍ ပရမတ်ဉာဏ်, ဓာတ်ဉာဏ်ပေါက်လျှင် ဉာတပရိညာစခန်းသို့ ရောက်ပြီး အန္ဓပုထုဇဉ်ဘဝမှ ကလျာဏပုထုဇဉ် ဖြစ်လာပြီ၊ ဝမ်းသာစရာ မကောင်းပါလား။ [ကောင်းပါတယ် ဘုရား။] ၎င်း မျက်စိခေါ် စက္ခုပသာဒရုပ်ဟာလဲ ကြည်ရာမှ မှုံမွဲတတ် သောကြောင့် မြဲရဲ့လား။ [မမြဲပါဘုရား။] မြင်မှု စက္ခုဝိညာဏ်ကလဲ မြင်ပြီးပျောက်သွား သောကြောင့် မြဲရဲ့လား။ [မမြဲပါဘုရား။] စက္ခုဝိညာဏ် မမြဲလျှင် သူ့ကိုမှီပြီး ဖြစ်ရတဲ့ ဝေဒနာ, သညာ, စေတနာခေါ်တဲ့ စေတသိက်တို့ကော မြဲပါမလား။ [မမြဲပါဘုရား။] မမြဲသည့်အတွက် ဖောက်ပြန်တယ်။ ဖောက်ပြန်တော့ မဆင်းရဲလား။[ဆင်းရဲပါတယ် ဘုရား။] မဖောက်ပြန်အောင် တမ်းတ၍ ကော ရရဲ့လား။ [မရပါဘုရား။] တမ်းတ၍မရလျှင် အစိုးရတယ် ဆိုမလား၊ အစိုးမရဘူး ဆိုမလား။ [အစိုးမရလို့ ဆိုရမှာပါဘုရား။] အဲဒီလို အနိစ္စ, ဒုက္ခ, အနတ္တကိုမြင်လျှင် တီရဏပရိညာစခန်းသို့ ရောက်ပြီ မောင်စိန်ရဲ့။ [မှန်ပါဘုရား။]

ဒီ လက္ခဏာဉာဏ်သုံးပါး ကြည့်ဖန်များလာလျှင် ငြိမ်းငွေ့တဲ့သံဝေဂဉာဏ် ပေါ်လာပါလိမ့်မယ်။ ပေါ်လာယင် တသံသရာလုံးက·စွဲခဲ့တဲ့ ငါ, ငါ့ဟာ, ငါ့အတ္တဆိုတဲ့ မာန,တဏှာ,ဒိဋ္ဌိ,သုံးပါးဟာ သံဝေဂ ဉာဏ်၏ အားအလိုက် ချုပ်ပျောက်သွားလိမ့်မယ်။ စိတ်, စေတသိက်,ရုပ်တရားတို့၏ မမြဲမှု, ဆင်းရဲမှု,အစိုးမရမှုကို မြင်တာက ဒုက္ခသစ္စာကို ပိုင်းခြား၍သိတာ။

ငါစွဲ ပြုတ်တာက သမုဒယသစ္စာချုပ်တာ။ အစွဲပြုတ်တော့ အစွဲကြောင့် ပူရတဲ့ အပူတွေ ငြိမ်းသွားတယ်။ အပူငြိမ်းတော့ ငြိမ်းရာ အအေးဓာတ်ကို တွေ့ရတော့တယ်။ အအေးဓာတ်က နိရောဓသစ္စာ။ အအေးဓာတ်ကို တွေ့တဲ့ ဉာဏ်က မဂ္ဂသစ္စာဖြစ်တယ်။

အဲဒီ အဖြစ်ကိုရောက်ယင် ပဟာနပရိညာစခန်းကို ရောက်ပြီ။ ကလျာဏပုထုဇဉ်ဘဝမှ အရိယာဖြစ်ပါပြီ။ သို့အတွက် ဤဒါန,ဤသီလ, ဤဓမ္မသဝန ကုသိုလ်တို့ကြောင့် သစ္စာလေးပါးကိုသိ၍ နိဗ္ဗာန်စခန်း အထက်နန်းကို တက်လှမ်းနိုင်ကြပါစေကုန်သတည်း။ ။

သာဓု၊ သာဓု၊ သာဓု။

**"ကထိန်ဆိုတာ ဒီလိုပါ တရားတော်" ပြီး၏။**

## "ဆွမ်း၏သဘော ဒီလိုဟော"

ဝဟန္တိ ဘောဇနံ ဘုတွာ၊ ဓုရဒွယံ ဟိ ဘိက္ခဝေါ။
တေန မူလံ သာသနဿ၊ ဘောဇနံ ဗုဒ္ဓဝဏ္ဏိတံ။

ဟိ၊ ဆွမ်းဘောဇဉ်၏ အကျိုးကို အထူးဖွင့်၍ ဟောပါအံ့။ ဘိက္ခဝေါ၊ သာကီနွယ်ဘွား ဘုရားရင်နှစ် သားချစ်မျက်ဖျော် ရဟန်းတော်တို့သည်။ ဘောဇနံ၊ ဒကာ, ဒကာမတို့က ချမ်းသာစေ ရည်မှန်း၍ သဒ္ဓါဖြင့်လှူဒါန်းသော ဆွမ်းဘောဇဉ် အရသာကို။ ဘုတွာ၊ ဘုဉ်းပေး သုံးဆောင်ကြကုန် သည်ဖြစ်၍။ ဓုရဒွယံ၊ ဂန္ထဓုရ ဝိပဿနာဓုရတည်းဟူသော သာသနာမူလ ဓုရနှစ်ပါး မြတ်တရားကို။ ဝဟန္တိ၊ ယနေ့တိုင်အောင် ရွက်ဆောင်တော် မူကြလေကုန်၏။ တေန၊ ထို့ကြောင့်။ ဘောဇနံ၊ အားနှင့်အသက် ဆက်လက် စေတတ် ဘောဇဉ် မြတ်သည်။ သာသနဿ၊ ကမ္ဘာကြီးတွေ သင်္ချေသင်္ချာ ကုန်ဆုံးပါလည်း လွန်စွာ တွေ့ခဲ ကြုံခဲလှသော ဗုဒ္ဓသာသနာ မြတ်ကြီး၏။ မူလံ၊ အခံ့ အခိုင် မဏ္ဍိုင် တူစွ မူလအစစ် ရေသောက်မြစ်ကြီး အမှန်ပေတည်း။ တေန၊ ထိုသို့ မူလအစစ် ရေသောက်မြစ်မှန်လှလေသောကြောင့်။ ဘောဇနံ၊ အားနှင့်အသက် ဆက်လက် စေတတ် ဘောဇဉ် မြတ်ကို။ ဗုဒ္ဓဝဏ္ဏိတံ၊ ရွှေဘုန်းတော်သခင် ဘုရားရှင် ထွန်ဒိ ဖူးကချီးကျူးသောမနာတော် မူအပ်လေသတည်း။

သာဓု၊ သာဓု၊ သာဓု။

မောင်စိန်ရေ....အသက် ၁၂၀ ရှည်ဖို့ ကံပါလာတဲ့ လူတယောက်ဟာ အဟာရကို မမှီဝဲပဲနေလျှင် ကံပါတဲ့အတိုင်း ၁၂၀ ရှည်နိုင်ပါမလား။ [မရှည်နိုင်ပါ၊ မှီဝဲမှသာ ရှည်မှာပါဘုရား။]

အဲဒီလိုဆိုတော့ အဟာရ၏ သဘောဟာ အသက်ကို ရှည်စေတတ်သော သဘောမရှိလား။ [ရှိပါတယ်ဘုရား။] အသက်ကို ရှည်စေတဲ့ သဘောရှိသော ဆွမ်းကို လှူဒါန်းသော ကုသိုလ်ဟာလဲ အသက်ရှည်ခြင်း အကျိုးကို ဆုမတောင်းပဲ ရနိုင်တယ်။ ငှက်ပျောပင်ကို စိုက်ထားယင် ငှက်ပျောသီး သီးပါစေလို့ ဆုတောင်းစရာ လိုသေးသလား။ [မလိုပါဘုရား။] အတိတ် ဘဝက လှူခြင်း အကြောင်းတရားကံ ပါလာခြေားသော်လဲ့ အဟာရကို မမှီဝဲပဲ နေယင် ပိန်ချုံးပြီး သွားမည် ဖြစ်၍ လှုနိုင်ပါမလား။ [မလှုနိုင်ပါဘုရား။]

မြတ်စွာဘုရားဟာ အတိတ်ဘဝ များစွာက ပြုခဲ့တဲ့ ပါရမီ ကံကြောင့် မွေးကတည်းက ၃၂ ပါးသော လက္ခဏာတော်ကြီး၊ ၈၀ သော လက္ခဏာ တော်ငယ်၊ ၁၀၀ ကွက်သော စက်လက္ခဏာတွေ ပါလာတယ်။ ဘယ်လောက် လှသလဲ။ ၃၂ ပါးသော လက္ခဏာတော်ကြီးဆိုတာ—

၁။ အညီအညွတ် ကောင်းစွာ ထိသော ခြေဖဝါး ရှိခြင်း။ (ယခု လူ တွေလို အလယ်ခွက်ကြီးနဲ့ မဟုတ်ဘူး။)
၂။ ခြေဖဝါး၏ အလယ်၌ အကန့်တထောင် အကွပ်ပုံတောင်းနှင့်တကွ အလုံးစုံသော အခြင်းအရာနှင့် ပြည့်စုံသော ၁၀၀ ကွက် စက် လက္ခဏာပါခြင်း။
၃။ ရှည်သော ဖနှောင့်ရှိခြင်း။
၄။ ရှည်သော ခြေချောင်း လက်ချောင်းရှိခြင်း။
၅။ နူးညံ့သော ခြေဖဝါး လက်ဖဝါးရှိခြင်း။
၆။ လေသွန်တံခါး၌ စီထားသော ရွှေပွတ်လုံးကဲ့သို့ ညီညွတ်သော လက်, ခြေရှိခြင်း။
၇။ မြင့်သော ခြေမျက်စိရှိခြင်း။
၈။ ဏေီသားကောင်၏ မြင်းခေါင်းနှင့်တူသော ပြည့်ဖြိုးသော ခြေ သလုံးရှိခြင်း။
၉။ ရပ်လျက်သာလျှင် မကိုင်းညွတ်ပဲ နှစ်ဘက်သော လက်ဖဝါးအပြင် တို့ဖြင့် ပဆစ်ဒူးတို့ကို သုံးသပ် ဆုပ်နယ်နိုင်ခြင်း။
၁၀။ အအိမ်ဖြင့် ဖုံးလွှမ်းသော အင်္ဂါဇာတ်ရှိခြင်း။ (ယခု လူတို့ကဲ့သို့ အကြည့်ရ မခက်ဘူး။)
၁၁။ ရွှေအဆင်းနှင့်တူသော အရေရှိခြင်း။

၁၂။ အရေသိမ်မွေ့သောကြောင့် ကိုယ်၌ မှု အညစ်အကြေးမလိမ်းကျံ မကပ်ငြိခြင်း။
၁၃။ မွေးညှင်းပေါက် တခုတခု၌ တချောင်း တချောင်းစီသော မွေး ညှင်းရှိခြင်း။
၁၄။ မျက်နှာတော်ကို ဖူးမြော်သကဲ့သို့ အထက်သို့ ကော့၍ တက်သော မွေးညှင်းရှိခြင်း။
၁၅။ ဖြောင့်မတ်သော ကိုယ်ရှိခြင်း။
၁၆။ အရပ်ခုနစ်ပါးတို့၌ ပြည့်ဖြိုးသော အသားရှိခြင်း။ (အရပ်ခုနစ်ပါး ဆိုသည်မှာ ပခုံးနှစ်ဘက်, လက်ဖမိုးနှစ်ဘက်, ခြေဖမိုးနှစ်ဘက်, လည်ဂုတ်, ဤခုနစ်ချက်ကို ဆိုသည်။)
၁၇။ ခြင်္သေ့မင်း၏ ရှေ့ထက်ဝက် ကိုယ်သည် ပြည့်ဖြိုးသကဲ့သို့ တကိုယ်လုံး ပြည့်ဖြိုးခြင်း။
၁၈။ ပခုံးစွန်းနှစ်ဘက်အတွင်း၌ ပြည့်ဖြိုးသော အသားရှိခြင်း။
၁၉။ အရပ်တော်နှင့် အလံတော် ညီမျှခြင်း။
၂၀။ ညီညွတ်စွာ လုံးသော လည်ပင်းရှိခြင်း။
၂၁။ အရသာကို ဆောင်နိုင်သော အကြောရှိခြင်း။
၂၂။ ခြင်္သေ့မင်း၏ မေးနှင့်တူသော မေးတော်ရှိခြင်း။
၂၃။ သွားတော် လေးဆယ်ရှိခြင်း။
၂၄။ ညီညွတ်သော သွားရှိခြင်း။
၂၅။ မကျဲသော သွားရှိခြင်း။
၂၆။ အလွန်ဖြူစင်သော အစွယ်လေးချောင်းရှိခြင်း။
၂၇။ ရှည်ပြန့်သော လျှာတော်ရှိခြင်း။
၂၈။ ဗြဟ္မာမင်း၏ အသံနှင့်တူသော အသံတော်ရှိခြင်း။
၂၉။ အလွန်ညိုသော မျက်လုံးရှိခြင်း။
၃၀။ နွားငယ်ကလေး၏ မျက်မှောင်နှင့် တူသော မျက်မှောင်ရှိခြင်း။
၃၁။ မျက်မှောင်နှစ်ခု၏ ကြား၌ ဖြူစင် နူးညံ့သော ဥဏ္ဏလုံမွေးရှင်တော် ရှိခြင်း။
၃၂။ သင်းကျစ်ပြားရစ်သကဲ့သို့ ဦးခေါင်းရှိခြင်း။

ကဲ.... ဘယ်လောက် လှသလဲ မောင်စိန်ရယ်။ [အင်မတန် လှပါတယ် ဘုရား။] မောင်စိန်ရေ....ရွှေလက်ကောက်မှာ နဝရတ်ကိုးပါးစီထားလိုက်ယင် နဂိုထက် ပိုပြီး မလှပါလား။ [အလွန်အမင်း လှတာပေါ့ ဘုရား။]

အဲဒီလိုပဲ၊ ၃၂ပါးသော လက္ခဏာတော်ကြီးကြောင့် ကမ္ဘာ့အလယ်မှာ ထယ်ထယ်ဝါဝါ ကျက်သရေရှိရတဲ့အထဲ လက္ခဏာတော်ငယ် ၈၀ ရှစ်ဆယ်ဖြင့် စီခြယ်လိုက်တော့ ရုပ်အစိန္တေယျ ပုဂ္ဂိုလ်ကြီးဖြစ်သွားတာပေါ့။ ဒါကြောင့်လဲ မြတ်စွာဘုရား အလောင်းကလေး မွေးလျှင်မွေးခြင်း နတ်, ဗြဟ္မာတွေဟာ ကောင်းကင်နှင့် အပြည့်ဝိုင်းပြီး ရှိခိုးကြတာ။ သူများတွေနှင့် တူယင် ဘယ်မှာ ရှိခိုးပါမလဲကွဲ့။ [မှန်ပါဘုရား။]

ဒီလောက် လှတဲ့ ဘုရား လောင်း ဟာ တောထွက်ပြီး မစား မသောက်ပဲ ဒုက္ကရစရိယာ ကျင့်လိုက်တော့ ကျောရေကို စမ်းလျှင် ဗိုက်ရေကို တွေ့တယ်။ ဗိုက်ရေကို စမ်းလျှင် ကျောရေကို တွေ့ရတယ်။ အူဘယ်နှစ်ခွေဆိုတာ အပြင်က ရေနိုင်တယ်။ အကြောဘယ်နှစ်ချောင်းဆိုတာ ရေလို့ရတယ်။ အရိုး ဘယ်နှစ်ခု ဆိုတာ သိနိုင်တယ်။ အသားအသွေးတွေ ခြောက်ခန်းပြီး အရောင်အဆင်းဟာ ညိုမဲကြီး ဖြစ်လာတယ်။ အဲဒီအခါမှာ အယင်က လှတဲ့ အဆင်းတွေဟာ ရှိတော့ရဲ့လား။ အယင်ကလို လှတော့ရဲ့လား။ [မလှတော့ပါ ဘုရား။]

အယင်က လှပါရက်သားနှင့်၊ ယခု ဘာပြု၍ မလှတာလဲ။ [အဟာရကို မမှီဝဲလို့ပါ ဘုရား။] ဒုက္ကရစရိယာ အကျင့်ဟာ အတ္တကိလမထ အကျင့်ယုတ် ပါကလားလို့ အမှန်ကို သိ၍ ထိုအကျင့်ကို ပယ်ကာ ဆွမ်းခံပြီး စားပြန် တော့ ပင်ကိုယ်အတိုင်း လှလာပြန်တယ်။ ဘာပြု၍ လှပြန်တာလဲ။ [အဟာရကို မှီဝဲလို့ပါ ဘုရား။] အေး....ဒါကြောင့် အဟာရမှာ လှစေတတ်သော သတ္တိ မရှိလား။ [ရှိပါတယ်ဘုရား။] လှစေတတ်သော သတ္တိပါတဲ့ ဆွမ်းကို လှူတဲ့ ကုသိုလ်ဟာလဲ လှပါစေလို့ ဆုတောင်းစရာ မလိုလှတဲ့ အကျိုးကို မချပေး မှာပဲ။ ဆုတောင်းလိုက်ယင် တဏှာခြံရံပြီး ဥမ္မာဒန္တီလို မိဖုယား မဖြစ်ရပဲ စစ်သူကြီးကတော် ဖြစ်ရတတ်တယ် မောင်စိန်ရဲ့။ [မှန်ပါဘုရား။]

မောင်စိန်ရေ....မင်းကို သိကြားမင်းက လူတရပ်မြင့်တဲ့ ရွှေပုံကြီးကို ပေး မယ်။ ထမင်းတော့ မစားရဘူး။ အဲဒီဆုကတဆု။ ထမင်းတော့ မှန်မှန် စားရ မယ်။ ရွှေငွေတော့ မပေးနိုင်ဘူး။ ဆုက တဆု။ ဒီနှစ်ဆုကို ပေးယင် ဘယ် ဆုကို ယူမလဲ။ [ထမင်း စားရတဲ့ ဆုကို ယူပါမယ် ဘုရား။] ရွှေ ငွေ တွေ ရှိပေမယ့် ထမင်းကိုသာ မစားရလျှင် အသက်မရှည်နိုင်ဘူး။ တရက်တောင် မစားရလျှင် မခံနိုင်ကြဘူး။ ထမင်းကိုသာ စားနေရလျှင် ရွှေငွေ မရှိချင်နေ။ နေလို့ ရတယ်။ ကိုယ်စိတ်နှစ်ပါးကို ချမ်းသာစေတယ်။ အဲဒီလို ကိုယ်စိတ်

နှစ်ပါးကို ချမ်းသာစေတဲ့ ဆွမ်းကို လှူသော ကုသိုလ်သည် “ကိုယ်စိတ်နှစ်ပါး ချမ်းသာခြင်း သုခ” ဆိုတဲ့ အကျိုးကို ဆုမတောင်းပဲ ပြည့်စုံနိုင်တယ်။ [မှန်ပါ ဘုရား။]

မောင်စိန်ရေ.... မင်း ထမင်း မစားရလျှင် အားရှိပါမလား။ [အားမရှိ နိုင်ပါဘုရား။] မြတ်စွာဘုရားဟာ အတိတ်ကံကြောင့် ဆဒ္ဒန် ဆယ်စီးအား ရှိတယ်။ ဥရုဝေဋ္ဌတောမှာ မစားမသောက်ပဲ ဒုက္ကရစရိယာ ကျင့်၍ ပိန်ချုံး သွားတဲ့အခါ အားမှ ရှိသေးရဲ့လားလို့ စကြံသွားတော့ မူးပြီး ထိုးလဲသွား တယ်။ အားတွေ မရှိတော့ဘူး။ အဲဒီလို အားမရှိတာ ဘာကြောင့်လဲ။ [မစားရလို့ပါဘုရား။] နောက် ဒီအကျင့်ကို ပယ်ပြီး စားတော့မှ အားတွေ ပြန်ပြီး ပေါ်လာတယ်။ အဲဒီလို အားအင်ဗလကို ဖြစ်စေတဲ့ ဆွမ်းဒါန ကုသိုလ် သည် “ခွန်အားကောင်းခြင်းအကျိုး”ကို ဆုမတောင်းပဲ ရနိုင်တယ်။ [မှန်ပါ ဘုရား။]

ထမင်းမစားရလျှင် ဝမ်းတွေပူပြီး သွေးသားတွေ ညှိုးနွမ်းတယ်။ ထိုအ ခါ ဉာဏ်လဲ မကြည်လင်တော့ဘူး။ ထမင်းစားရမှ ဝမ်းအေး တယ်။ ဝမ်း အေးမှ သွေးသားကြည်လင်တယ်။ သွေးသား ကြည်လင်မှ ဉာဏ် အားရှိ တယ်။ သို့အတွက် ဉာဏ်အားရှိစေတဲ့ ဆွမ်းဒါနသည် “ဉာဏ်ကောင်းခြင်းဆို တဲ့အကျိုး”ကို ရရှိစေနိုင်တယ်။ ဒါကြောင့် မြတ်စွာဘုရားက ဒီလိုဟောခဲ့ တယ်။

ကလျာဏကာရီ ကလျာဏံ၊ ပါပကာရီ စ ပါပကံ။
ယာဒိသံ ဝပတေ ဗီဇံ၊ တာဒိသံ ဟရတေ ဖလံ။ ။

ကလျာဏကာရီ၊ ကုသိုလ်ကောင်းမှုကို ပြုသောပုဂ္ဂိုလ်များသည်။ ကလျာ ဏံ၊ ကောင်းကျိုးဖလ ဟူသမျှကို။ လဘတေ၊ မုချပုံသေ ရတတ်ပါပေ၏။ ပါပကာရီ၊ ယုတ်မာညစ်ကျု မကောင်းမှုကို ပြုလေ့ရှိသော ပုဂ္ဂိုလ်များ သည်။ ပါပကံ၊ ယုတ်စွာ့အဆိုး မကောင်းကျိုးတွေကို။ လဘတေ၊ မလွဲ ရှောင်သာ ရတတ်ပါ၏။ ကိမိဝ၊ ဥပမာပုံဆို ဘယ်လိုနည်း ဟူမူကား။ ယာဒိသံ၊ အကြင်ကဲ့သို့သဘောရှိသော။ ဗီဇံ၊ စပ်ခါးပူပြင်း မျိုးစေ့ဖျင်းကို။ ဝပတေ၊ ယာခင်းထဲမှာ စိုက်ပျိုးငြားအံ့။ တာဒိသံ၊ ထိုသို့သဘော ရှိသော။ ဖလံ၊ စပ်ခါးပူဆိုး အသီးမျိုးကို သာလျှင်။ ဝဟတေ၊ကိုင်းလုံး ညွတ်အောင် ရွက်ဆောင်သကဲ့သို့ပင်တည်း။

သာဓု၊ သာဓု၊ သာဓု။

အမှာ။ [နောက်ပိုင်း ကျေးခန်းမွေးခန်းရှိလျှင် ဤမျှလောက်နှင့်ပင် တရားအဆုံးသတ်၍ ပြီးလေ၊ အချိန်ရှိလျှင်ဆက်လေ။] မောင်စိန်ရေ.... ဆွမ်းဒါနကြောင့် ချမ်းသာသုခရသွားပုံကို ပြောဦးမယ်၊ နားထောင်။

## "ပုဏ္ဏဝတ္ထု သာဓကပြု"

ရာဇဂြိုဟ်ပြည်၌ သုမန အမည်ရှိသော သဌေးကိုမှီ၍ ပုဏ္ဏအမည်ရှိသော သူဆင်းရဲသည် အခစားအမှုပြုလျက် အသက် မွေးသတတ်။ ထို ပုဏ္ဏအား မယားသည် လည်းကောင်း၊ ဥတ္တရာအမည်ရှိသော သမီးသည်လည်းကောင်း ဤသို့ နှစ်ယောက်ကုန်သောသူတို့သည် ရှိကုန်၏။ထိုအခါ တနေ့သ၌ ခုနစ်ရက်ပတ်လုံး နက္ခတ်သဘင် ကစားရမည်ဟု ရာဇဂြိုဟ်ပြည်၌ ကြွေးကြော်ခြင်းကို ပြုကြကုန်၏။ ထိုစကားကို ကြားရလျှင် သုမန သဌေးသည် နံနက်စောစောကသာလျှင် ရောက်လာသော ပုဏ္ဏကိုခေါ်၍ "အမောင်၊ ငါတို့၏ ထက်ဝန်းကျင် အမှုလုပ်သူ အပေါင်းသည် နက္ခတ်သဘင်ကို ကစားခြင်းငှာ အလိုရှိ၏။ အမောင်ကား အသို့နည်း၊ နက္ခတ်သဘင်ကို ကစား အံ့လော သို့မဟုတ် အခစားအမှုကို လုပ်အံ့လော"ဟုဆို၏။

"အရှင်သဌေးကြီး၊ နက္ခတ်သဘင် ကစားခြင်းသည် ဥစ္စာရှိသူတို့အလို့ငှာ ဖြစ်ပေါ်လာရသည်၊ ကျွန်တော်၏အိမ်၌ကား နက်ဖန်အလို့ငှာ ယာဂုကြိုစရာ ဆန်မျှလည်း မရှိပါ။ ကျွန်တော်အား နက္ခတ်သဘင် ကစား ခြင်းဖြင့် ဘယ်အကျိုးရှိအံ့နည်း၊ နွားတို့ကိုရသည်ရှိသော် လယ်ထွန်ခြင်းငှာ သွားပါမည်"ဟုဆိုရကား၊ "ထိုသို့ဖြစ်မူ နွားတို့ကို ယူလေ့"ဟုဆို၏။

ထိုပုဏ္ဏသည် အားရှိသော နွားတို့ကို လည်းကောင်း၊ထွန်ကို လည်းကောင်း ယူခဲ့ပြီးလျှင် "နှမ၊ မြို့သူမြို့သားတို့သည် နက္ခတ်သဘင်ကို ကစားကြကုန်၏။ ငါကား ဆင်းရဲခြင်းကြောင့် အခစားအမှုလုပ်ခြင်းငှာ သွားပေအံ့၊ ငါ၏ အလို့ငှာလည်း ယနေ့များများ နှစ်ဆဖြစ်သော ရိက္ခာကိုချက်၍ ထမင်းကို ဆောင်ခဲ့လေလော့" ဟုဆိုလျက် မယားအား မှာထား၍ လယ်တောသို့သွားလေ၏။

ရှင်သာရိပုတ္တရာသည်လည်း ခုနစ်ရက်ပတ်လုံး နိရောဓသမာပတ်ကို ဝင်စားတော်မူသည်ဖြစ်၍၊ ထိုနေ့၌ ထပြီးလျှင် "ငါသည် အဘယ်သူအား ယနေ့ချီးမြှောက်ခြင်းကို ပြုသင့်ပေသနည်း"ဟု ကြည့်ရှုလတ်သော်၊ မိမိ၏ ဉာဏ်

တည်းဟူသော ကွန်ယက်အတွင်းသို့ ဝင်ရောက်လာသော ပုဏ္ဏကို မြင်တော်မူလျှင် ဤပုဏ္ဏသည် သဒ္ဓါတရားရှိအံ့လော၊ ငါ့အား ချီးမြှောက်ခြင်းကို ပြုခြင်းငှာ တတ်နိုင်အံ့လော”ဟု ကြည့်ရှုပြန်သော် ထိုပုဏ္ဏ၏ သဒ္ဓါတရားရှိသောအဖြစ်ကို လည်းကောင်း၊ ချီးမြှောက်ခြင်းငှာ စွမ်းနိုင်သော အဖြစ်ကိုလည်းကောင်း၊ ချီးမြှောက်ခြင်းကြောင့် ပုဏ္ဏအား များစွာသော စည်းစိမ်ဥစ္စာတို့ကို ရအံ့သည်ကို လည်းကောင်း သိတော်မူ၍ သပိတ် သင်္ကန်း ကိုယူတော်မူလျက် ပုဏ္ဏ၏လယ်ထွန်ရာ အရပ်သို့သွားပြီးလျှင် ရေတွင်း၏ကမ်းပါး၌ ချုံတခုကိုကြည့်ရှုကာ ရပ်တော်မူလေ၏။

ပုဏ္ဏသည် ရှင်သာရိပုတ္တရာကို မြင်လျှင်မြင်ခြင်း လယ်ထွန်ခြင်းကိုရပ်ထား၍ ငါးပါးသော ထိခြင်းဖြင့် ရှင်သာရိပုတ္တရာကို ရှိခိုးပြီးလျှင် ဒန်ပူဖြင့် အလိုတော်ရှိလတံ့ဟု နှလုံးပြု၍ ဒန်ပူကိုဖြတ်၍ လှူလေသည်။ ထိုအခါ ပုဏ္ဏအား မထေရ်မြတ်သည် သပိတ်ကိုလည်းကောင်း၊ ရေစစ်ကို လည်းကောင်း ထုတ်၍ပေးတော်မူလေ၏။ ပုဏ္ဏသည် သောက်ရေဖြင့် အလိုရှိလတံ့ဟု သပိတ်နှင့်ရေစစ်ကို ယူပြီးလျှင် သောက်ရေကိုစစ်၍ လှူဒါန်းဆက်ကပ်လေ၏။ ရှင်သာရိပုတ္တရာသည် “ဤသူကား သူတပါးတို့၏ အိမ်နောက်၌ နေရရှာ၏၊ ထိုအိမ်တံခါးသို့ အကယ်၍ ငါသွားခဲ့ငြားအံ့၊ ဤသူ၏ မယားသည် ငါ့ကို ဖူးမြင်ခြင်းငှာ မရနိုင်လတံ့၊ အကြင်မျှလောက် ကာလပတ်လုံး ဤပုဏ္ဏ၏ အလို့ငှာ ထမင်းကိုယူ၍ ခရီးလမ်းမသို့ ရောက်လာ၏။ ထို မျှလောက်သော ကာလပတ်လုံး ဤအရပ်၌သာလျှင် နေဦးအံ့”ဟု ကြံစည်တော်မူလေ၏။

ထို ရှင်သာရိပုတ္တရာသည် ထိုအရပ်၌သာလျှင် အတန်ငယ်ကာလကို လွန်စေတော်မူပြီးလျှင် သူဆင်းရဲမ၏ ခရီးလမ်းမသို့ တက်သည်အဖြစ်ကို သိတော်မူသဖြင့် မြို့တွင်းသို့ ရှေ့ရှုကြွသွားတော် မူလေ၏။ သူဆင်းရဲမသည် ခရီးလမ်းမအလယ်၌ ရှင်သာရိပုတ္တရာ မထေရ်ကို မြင်ရလျှင် ဤသို့ ကြံလေ၏။ “ငါသည် တခါတရံ လှူဖွယ်ဝတ္ထုရှိလျက်အရှင်မြတ်ကိုမမြင်၊ တရံတခါ ငါသည် အရှင်မြတ်ကို မြင်ရပါ၏။ လှူဖွယ်ဝတ္ထုမရှိ။ ယနေ့မူကား ငါသည် အရှင်မြတ်ကိုလည်း မြင်ရ၏။ ဤလှူဖွယ်ဝတ္ထုသည်လည်း ရှိခဲ့၏။ ငါ့အား ချီးမြှင့်ခြင်းကို ပြုပါလိမ့်မည်လော”ဟု ကြံပြီးလျှင် ထို သူဆင်းရဲမသည် ထမင်းခွက်ကို ချ၍ မထေရ်မြတ်ကို ငါးပါးသော ထိခြင်းဖြင့် ရှိခိုးပြီးလျှင် “အရှင်ဘုရား၊ ဤဆွမ်းကို ညံ့ဖျင်း၏ ဟူ၍လည်းကောင်း၊ မွန်မြတ်၏ ဟူ၍ လည်းကောင်း

ကြံစည်တော်မမူပဲ အရှင်ဘုရားတို့၏ ကျေးကျွန် တပည့်မှဲ့အား ချီးမြှောက် ထောက်ပံ့ခြင်းအမှုကို ပြုတော်မူပါဘုရား''ဟု လျှောက်ကြားလေ၏။

မထေရ်မြတ်သည် သပိတ်တော်ကို ညွှတ်တော်မူပြီးလျှင် ထိုသူဆင်းရဲ မသည် လက်တဖက်ဖြင့် ထိုထမင်းခွက်မှဆွမ်းကို လှူဒါန်းစဉ် ထက်ဝက်သော ဆွမ်းကို လှူဒါန်းအပ်သည်ရှိသော် တန်ပြီဟူ၍ လက်တော်ဖြင့်သပိတ်ကို ပိတ် တော်မူ၏။

ထိုဆင်းရဲသူမသည် ''အရှင်ဘုရား၊ တယောက်စာအတွက် တခုသော အဖို ကို နှစ်ဖို့ပြုတော်မမူပါနှင့်'' အရှင်ဘုရားတို့၏ ကျေးကျွန်မအား ဤပစ္စုပ္ပန် လောကအတွက် ချီးမြှောက်တော် မမူပါပဲ၊ တမလွန် လောက အတွက် ချီးမြှောက်ခြင်းကို ပြုတော်မူပါဘုရား။ အကြွင်းမဲ့သာလျှင် လှူဒါန်းလိုပါ သည်''ဟု လျှောက်ကြားပြီးလျှင် အလုံးစုံသော ဆွမ်းကို ရှင်သာရိပုတ္တရာ မထေရ်၏သပိတ်တော်၌ လောင်းထည့်သဖြင့်''အရှင်ဘုရားတို့ သိတော်မူသော တရား၌သာလျှင် အဖို့ဖြစ်ပါစေသား''ဟု ပတ္ထနာအမှု ဆုတောင်းခြင်းကို ပြုလေသည်။ ရှင်သာရိပုတ္တရာ မထေရ်မြတ်သည်''ဤသို့ တောင်းသည့် ဆုအ တိုင်း ပြည့်စုံပါစေ''ဟု မိန့်တော်မူပြီးလျှင် ရေရလွယ်၍ ချမ်းသာ ရာအရပ် တခု၌နေထိုင်ကာ ဆွမ်းဘုဉ်းပေးခြင်းကိစ္စကို ပြုတော်မူလေသတည်း။

သူဆင်းရဲမသည်လည်း အိမ်သို့ ပြန်၍ ဆန်တို့ကို ရှာပြီးလျှင် ထမင်းကို ချက်ရပြန်လေ၏။ ပုဏ္ဏသည်လည်း ရှစ်မင်းပယ်မျှလောက်သော အရပ်ကို လယ်ထွန်ပြီးလျှင် မွတ်သိပ်ဆာလောင်ခြင်းကို သည်းမခံနိုင်ရကား နွားတို့ကို လွှတ်လိုက်၍ တခုသော သစ်ပင်ရိပ်သို့ဝင်ပြီးလျှင် လမ်းခရီးကို မျှော်ကြည့်ကာ နေရှာလေ၏။ ထိုအခါ ပုဏ္ဏ၏ မယားသည် ထမင်းကို ယူ၍ သွားသည်ရှိသော် ပုဏ္ဏကို မြင်လျှင်မြင်ခြင်း ''ဤပုဏ္ဏသည် မွတ်သိပ်ဆာလောင်ခြင်းဖြင့် နှိပ်စက် သောကြောင့် လမ်းခရီးကို မျှော်ကြည့်ကာ နေရှာလေ၏၊ ငါ့ကို အလွန်လျှင် ကြာမြင့်လှဘိ၏ဟု မောင်းမဲ၍ နှင်တံရိုးဖြင့် အကယ်၍ ပုတ်ခတ်သည်ဖြစ်အံ့၊ ငါပြုအပ်သော ကောင်းမှုသည် အကျိုးမရှိ ဖြစ်တော့အံ့၊ ထိုခင်ပွန်းသည် ပုဏ္ဏအား ရှေးဦးမဆွ ကြိုတင်၍သာလျှင် ပြောကြားပေအံ့''ဟု ကြံ၍၊ ''အရှင် ယနေ့ တနေ့ပတ်လုံး စိတ်ကို ကြည်ဖြူပါစေလော့၊ ကျွမ ပြုအပ်သော ကောင်းမှုကို အကျိုးမဲ့ မပြုလင့်၊ ကျွန်မသည် နံနက် စောစောကသာလျှင် ထမင်းကို ဆောင်ယူလာခဲ့ရာ လမ်းခရီးအကြား၌ တရားစစ်သူကြီး ဖြစ်သော ရှင်သာရိပုတ္တရာကို ဖူးမြင်ရ၍ ထိုထမင်းကို ရှင်သာရိပုတ္တရာအား လှူဒါန်းပြီးမှ

တဖန် အိမ်သို့ ပြန်၍ ထမင်းချက်ပြီးမှ လာရပါသည်၊ စိတ်ကို ကြည်ဖြူစေပါလော့''ဟု တင်ကြကာ ဆိုရှာလေသည်။

ထို သူဆင်းရဲပုဏ္ဏသည် ''ချစ်နှမ၊ သင်သည် ဘယ်စကားကို ဆိုဘိသနည်း''ဟု မေးလေသောကြောင့် တဖန် ထိုအကြောင်းကို ပြန်ကြားလတ်သော် ''ချစ်နှမ၊ ငါ့အလို့ငှာ ဆောင်ခဲ့သော ထမင်းကို ရှင်သာရိပုတ္တရာအား ပေးလှူခြင်းအားဖြင့် သင်ပြုအပ်သော အမှုသည် ကောင်းလေစွတကား၊ ငါသည်လည်း ရှင်သာရိပုတ္တရာအား ယနေ့နံနက်စောစောကပင်လျှင် ဒန်ပူနှင့် မျက်နှာသစ်တော် ရေကို လှူရလေပြီ''ဟု ကြည်ညိုသော စိတ်ရှိသည်ဖြစ်၍ ထိုမယားသိုသော စကားကို အလွန် နှစ်သက် ဝမ်းမြောက်လေ၏။ အလွန်နေမြင့်သော အခါကာလ၌ ရအပ်သော ထမင်းရှိသောကြောင့် ပင်ပန်းသော ကိုယ်ရှိပုကား မယား၏ ရင်ခွင်၌ ဦးခေါင်းထားသည်ကို ပြု၍ အိပ်ပျော်ခြင်းသို့ ရောက်လေ၏။

## ရွှံ့မှ ရွှေဖြစ်ခြင်း

ထိုအခါ မောင်ပုဏ္ဏ၏ နံနက်စောစောကပင်လျှင် လယ်ထွန်သော နေရာအရပ် တခုလုံးသည် မြေမှုံ့ကို အစပြု၍ နီသော ရွှေဖြစ်၍ မဟာလှေခါးပွင့် အစုကဲ့သို့ တင့်တယ်လျက် တည်လေ၏။ မောင်ပုဏ္ဏ နိုးလတ်သဖြင့် ကြည့်ရှုပြီးလျှင် မယားကို ''ချစ်နှမ၊ ထိုလယ်ထွန်ရာအရပ် တခုလုံးသည် ငါ့အား ရွှေဖြစ်၍ ထင်၏''ဟု ဆိုပြီးလျှင် ''အသို့နည်း၊ အလွန် နေမြင့်သောအခါ ကာလ၌ ရအပ်သော ထမင်း ရှိသည်၏ အဖြစ်ကြောင့် ငါ၏ မျက်စိတို့သည် လည်ကုန်သလော''ဟု ဆိုလေ၏။

မယားသည်လည်း ''အရှင်၊ ကျွန်မအားလည်း ဤအတူသာလျှင် ထင်၏''ဟု ဆိုလတ်သော် မောင်ပုဏ္ဏသည် ထ၍ ထိုလယ်ထွန်ရာ အရပ်သို့ သွားပြီးလျှင် တခုသော အစိုင်အခဲကို ယူ၍ ထွန်တုံးစွန်း၌ ပုတ်ခတ်သည် ရှိသော် ရွှေ၏အဖြစ်ကို သိရသောကြောင့် ''အော်—အံ့ဘွယ်ရှိလှပေ၏တကား၊ တရားစစ်သူကြီး ဖြစ်သော ရှင်သာရိပုတ္တရာအား ပေးလှူအပ်သော အလှူဒါနသည် ယနေ့ပင်လျှင် အကျိုးကို ပြအပ်ပေပြီ၊ ဤမျှလောက်သော ဥစ္စာကို ဖုံးလွှမ်း၍ သုံးဆောင်ခြင်းငှာ မတတ်ကောင်း''ဟု နှလုံးပြုလျက်၊ မယားဆောင်ယူခဲ့သော ထမင်းခွက်ကို ရွှေဖြင့် ပြည့်စေ၍ မင်းအိမ်သို့ သွားပြီးလျှင် မင်း၏ ပြုအပ်သော အခွင့် ရရှိလတ်သော် ဝင်သွားပြီး မင်းအား ရှိခိုး၍ နေလေရာ၊ မင်းကြီးက ''အမောင်တို့အကြောင်း အသို့နည်း၊ ဘာကိစ္စနှင့်လာ

ကြသလဲ''ဟု မိန့်တော်မူလတ်သော် ''အရှင် မင်းကြီး၊ ယနေ့ ကျွန်တော်မျိုး လယ်ထွန်ရာ အရပ် တခုလုံးသည် ရွှေအတိ ဖြစ်၍ နေပါသည်၊ ဤရွှေကို ယူဆောင်ခြင်းငှာ သင့်လျော်ပါသည်''ဟု သံတော်ဦးတင်လေ၏။

''မောင်မင်းသည် ဘယ်သူ ဖြစ်သနည်း''ဟု အမိန့်ရှိလတ်သော် ''ကျွန်တော်မျိုးသည် ပုဏ္ဏ မည်သောသူ ဖြစ်ပါသည်'' ဟု လျှောက်တင် လေ၏။ ''သင်သည် ယနေ့ ဘယ်သို့သော ကောင်းမှုကို ပြုသနည်း'' ဟု မေးပြန်လတ်သော် ''ကျွန်တော်မျိုးသည် ယနေ့စောစောကပင်လျှင် ရှင်သာရိပုတ္တရာအား ဒန်ပူနှင့် မျက်နှာသစ်တော် ရေကို လှူဒါန်းပါသည်၊ ကျွန်တော်မျိုး၏ မယားကလည်း ကျွန်တော်မျိုးအတွက် ပို့ဆောင်လာသော ဆွမ်းကို ရှင်သာရိပုတ္တရာအား လှူဒါန်းပါသည်''ဟု လျှောက်တင်လေသည်။ ထိုစကားကို ကြားလျှင် မင်းကြီးသည် ''အချင်းတို့၊ ယနေ့ပင်လျှင် တရား စစ်သူကြီး ဖြစ်သော ရှင်သာရိပုတ္တရာအား လှူဒါန်းသော အလှူသည် ယနေ့ပင် အကျိုးကို ပြုသတဲ့''ဟု မိန့်တော်မူ၍၊ ''အမောင်ပုဏ္ဏ၊ ငါ ဘယ်သို့ ပြုရအံ့နည်း''ဟု မေးလေ၏။ ''လှည်းတထောင်တို့ကို စေလွှတ်၍ ရွှေကို ဆောင်ယူတော်မူပါ ဘုရား''ဟု လျှောက်တင်သဖြင့် မင်းကြီးလည်း လှည်းတို့ကို စေလွှတ်တော်မူ၏။

## မောင်ပုဏ္ဏ သဌေးရာထူးကို ရခြင်း

မင်းချင်းယောကျ်ားတို့သည် ''မင်းကြီး၏ ဥစ္စာ''ဟု ဆို၍ ယူကြကုန်သည် ရှိသော် ယူတိုင်း ယူတိုင်းသော ရွှေတို့သည် မြေစိုင်ခဲသာလျှင်ဖြစ်၏။ မင်းချင်းယောကျ်ားတို့သည် ပြန်သွား၍ မင်းကြီးအား လျှောက်ကြားခြင်းကြောင့် ''သင် တို့ သည် ဘယ်သို့ ဆို၍ ယူသနည်း'' ဟု မေးမြန်း အပ် သည် ရှိသော် ''အရှင် မင်းကြီး၏ ဥစ္စာ'' ဟု ဆို၍ ယူပါသည်ဟု လျှောက်တင်ကြ ကုန်၏။ ''အမောင်တို့၊ ငါသည် ဘယ်အရပ်မှ ရလတ်ံ့နည်း'' ဟု မိန့် ဆို ပြီး လျှင် ''မောင်ပုဏ္ဏ၏ ဥစ္စာဟု ဆို၍ ယူကြကုန်လော့''ဟု မိန့်တော်မူသည် ရှိသော်၊ မင်းချင်း ယောကျ်ားတို့ သည်လည်း မင်းကြီး ဆိုတိုင်း ပြုကြလေ ကုန်၏။ ယူတိုင်း ယူတိုင်းသော ဥစ္စာသည် ရွှေသာလျှင် ဖြစ်လေ၏။ အတောင်ရှစ်ဆယ် မြင့်သော ရွှေတောင် ဖြစ်လေ၏။

မင်းကြီးသည် မြို့သူ မြို့သားတို့ကို စည်းဝေးစေပြီးလျှင် ''ဤမင်းနေပြည်တော်၌ တစုံ တယောက် သော သူအား ဤမျှလောက် သော ရွှေ သည်

ရှိသလော''ဟု မေးလေ၏။ ''အရှင်မင်းကြီး၊ မရှိပါ''ဟု လျှောက်တင်လတ်သော် ''ထိုသူအား အဘယ်ရာထူးကို ပေးကမ်းခြင်းငှာ သင့်မြတ်မည်နည်း''ဟု မေးမြန်းလတ်သော် ''အရှင် မင်းကြီး၊ သဌေးတို့ ဆောင်းသော ထီးဖြူကို ပေးကမ်းခြင်းငှာ သင့်ပါ၏''ဟု လျှောက်တင်ကြ သောကြောင့် မင်းကြီးသည် များစွာသော ဥစ္စာတို့ကို အစဲ့ပြု၍ ''ဗဟုဓနသဌေးမည်သောသူ ဖြစ်စေ''ဟု များစွာသော စည်းစိမ်နှင့်တကွ ထိုပုဏ္ဏအား သဌေးတို့ ဆောင်းသော ထီးကို ပေးသနားတော်မူ၍ သဌေးရာထူးဖြင့် ချီးမြှောက်လေ၏။

## ရွှေအိုးများစွာ နောက်ထပ်ရ၍ သောတာပန်တည်ခြင်း

ထိုအခါ သဌေးမောင်ပုဏ္ဏက ''အရှင်မင်းကြီး၊ ကျွန်တော်မျိုး တို့သည် ဤမျှလောက်သော ကာလပတ်လုံး သူတပါးအိမ်၌ နေကြရပါကုန်၏၊ ကျွန်တော်မျိုးတို့အား နေရာအရပ်ကို သနားတော် မူပါဦး'' ဟု လျှောက်တင်လေ၏။ ''ထိုသို့ဖြစ်မူ ကြည့်ရှုစမ်းလော့၊ ထိုချုံသည် ထင်ရှား၏၊ ထိုချုံကို သုပ်သင်ရှင်းလင်းပြီးလျှင် အိမ်ဆောက်၍ နေကြလော့''ဟု ရှေး သဌေးတဦး၏ အိမ်နေရာအရပ်ကို ညွှန်ကြားတော်မူ၏။ ''ပုဏ္ဏသဌေးသည် ထိုအရပ်၌ နှစ်ရက်,သုံးရက်ဖြင့်သာလျှင် အိမ်ရာကိုသုတ်သင်စေသဖြင့် ထိုအိမ်ရာ၌ ရွှေအိုး အပေါင်းသည် တအိုးနှင့်တအိုး ထိခိုက်လျက် ရှိ၏။ ထိုရွှေအိုး အပေါင်းကို ထုတ်ဖော်၍ မင်းကြီးကို ''အရှင်မင်းကြီး၊ ရွှေအိုးအပေါင်းကို ယူငင်သိမ်း ပိုက်တော်မူပါ''ဟု သိသာအောင် လျှောက်တင်လေ၏။ မင်းကြီးကလည်း ''သင်၏ ကောင်းမှုကြောင့် ရသောရွှေအိုးကို သင်သာယူလော့''ဟု မိန့်တော်မူသဖြင့် များစွာသော ဥစ္စာကိုရ၍ အိမ်ကို ဆောက်လုပ် စေပြီးလျှင် အိမ်တက်မင်္ဂလာ ကိုလည်းကောင်း၊ ထီး ဆောင်း မင်္ဂလာကို လည်း ကောင်း တပြိုင်တည်းသာလျှင် ပြုလုပ်လျက် ခုနစ်ရက်ပတ်လုံး ဘုရားအမှူး ရှိသော ရဟန်း သံဃာတော် အပေါင်းအား အလှူကို လှူဒါန်းလေ၏။

ထိုအခါ ပုဏ္ဏသဌေးအား မြတ်စွာဘုရားသည် အနုမောဒနာ ပြုတော်မူလျက် အစဉ်အတိုင်း တရားစကားကို ဟောကြားတော် မူလေ၏။ တရားစကားဟောကြားတော် မူပြီးသည်အဆုံး၌ ပုဏ္ဏ သဌေး ကြီးသည် လည်းကောင်း၊ မယားသည် လည်းကောင်း၊ သမီး ဥတ္တရာသည် လည်းကောင်း ဤသုံးယောက်သော သူတို့သည် သောတာပန် ဖြစ်ကြလေကုန်သတည်း။

**သာဓု၊ သာဓု၊ သာဓု။**

မောင်စိန်ရေ....မင်း ဗိုက်ထဲမှာ အဟာရ မရှိတဲ့အခါ အားတွေ ပြော့ပြီး မနေဘူးလား။ [နေပါတယ်ဘုရား။] အဟာရတခုခုကို မှီဝဲ လိုက်တော့ အားတွေဖြစ်ပြီး မလာဘူးလား။ [လာပါတယ်ဘုရား။] ရုပ်တရားတွေ ဖြစ်လာတာကို ဉာဏ်နှင့်တွေ့ပြီလား။ [တွေ့ပါပြီ ဘုရား။]

ဒါကြောင့် မြတ်စွာဘုရားက "အဟာရ သမုဒယော ရူပ သမုဒယောလို့ ဟောတော်မူတာပေါ့။ အဟာရဇရုပ်တွေ ဖြစ်လာယင် ကျန်ရုပ်တွေလဲ အားရှိလာတာပဲ။ရုပ်သာမက နာမ်တရားတွေလဲ အားရှိလာတယ်။ ဒီတော့ ဒီခန္ဓာကိုယ်ကြီး တခုလုံးဟာ အဟာရကိုမှီပြီး ဖြစ်ရတာ မထင်ရှားပါလား။ [ထင်ရှားပါတယ် ဘုရား။]

ဒီ ခန္ဓာကိုယ်ကြီးဟာ ဖြစ်မှုဇာတိရှိတဲ့အတွက် ဇရာ အိုရတယ်, ဗျာဓိ ဖျားနာရတယ်, မရဏ သေရတယ်, သေရသည့် အတွက် ပိယေဟိ ဝိပ္ပယောဂ ချစ်သူနှင့် ကွဲကွာရတယ်၊ မအိုပါရစေနဲ့, မနာပါရစေနဲ့, မသေပါရ စေနဲ့လို့ တမ်းတ၍မရ၊အဲဒီလို ခန္ဓာကိုယ်ကြီးမှာ အိုဘေး,နာဘေး, သေဘေး, ချစ်သူနှင့်ကွဲရတဲ့ဘေး,မုန်းသူနှင့် တွဲရတဲ့ဘေးတွေ ရှိနေသည့်အတွက် ကြောက်စရာ မကောင်းပါလား။ [ကြောက်စရာ ကောင်းပါတယ်ဘုရား။]

အဲဒါ ဒုက္ခသစ္စာကိုမြင်အောင် ပြတာကွဲ့။အဲဒီ ဒုက္ခသစ္စာ ဖြစ်တဲ့ ခန္ဓာကိုယ်ကြီးဟာ ဘာကြောင့် ဖြစ်ရသလဲလို့ အကြောင်းကိုရှာလျှင် တဏှာသမုဒယကို တွေ့ရတယ်။ ဘာကြောင့်လဲ ဆိုတော့ တဏှာသုံးတန်ကို အကြောင်းခံ၍ ကံသုံးမျိုး ဖြစ်ရတယ်။ ကံသုံးမျိုး ကြောင့် ခန္ဓာကိုယ်ကို ရကြ တယ်။ ဒါကြောင့် သမုဒယသစ္စာကို အကြောင်းခံ၍ ဒုက္ခသစ္စာ ဖြစ်တယ်လို့ ဘုရား ဟောတာပေါ့။ ဒုက္ခသစ္စာကို မလိုချင်လျှင် အကြောင်း သမုဒယကို ချုပ်အောင်လုပ်ရတယ်။ ချုပ်အောင် ဘယ်လိုလုပ်မလဲ။ လောကီမဂ္ဂင်ဖြင့် ဒုက္ခသစ္စာကိုမြင်အောင် ပွားရမယ်။ ပွားလို့ ဒုက္ခသစ္စာကို မြင်လျှင် လောကုတ္တရာ မဂ္ဂင် မဂ္ဂသစ္စာဖြစ်ပြီ။ ဖြစ်လျှင် သမုဒယသစ္စာ ချုပ်ပြီ။ ချုပ်လျှင် ချုပ်ရာ နိရောဓသစ္စာ အအေးဓာတ်ကိုရပြီ။ ရလျှင် နိဗ္ဗာန်ကို ရောက်တော့တာပဲ။

ဤကဲ့သို့သော ဆွမ်းဒါနကြောင့် သစ္စာလေးပါးကိုသိ၍ နိဗ္ဗာန်သို့ရောက်လွယ်ပါစေသတည်း။

သာဓု၊ သာဓု၊ သာဓု။

"ဆွမ်း၏သဘော ဒီလိုဟော တရားတော်" ပြီး၏။

## "သေခြင်းတရား အစားစား"

ဇာတဿ မရဏံ ဟောတိ၊ ဇာတော ဒုက္ခာနိ ဖုသတိ၊
ဝဓံ ဗန္ဓံ ပရိကလေသံ၊ တသ္မာ ဇာတိံ နရောစယေ။

ဇာတဿ၊ ဆင်းရဲဒုက္ခ ဟူသမျှကို ငါကသာ ယူပါမယ်ဟု ပူဆာတဲ့ ဟိတ်အခြေဖြင့် ပဋိသန္ဓေတည်နေ ဖြစ်ပွားရှဲနေသော သတ္တဝါအား။ မရဏံ၊ ဗြဟ္မာနတ်လူ အဘယ်သူမျှ အာဏာ ပြ၍ မရအလျှင်း သေရခြင်းသည်။ ဟောတိ၊ ရှောင်ဖယ်ကာ တမင်မလွဲသာဘူး အစဉ်ပဲ ဖြစ်ရလေတော့၏။ ဇာတော၊ ဘဝ တသွယ် အစတယ်၍ . အနွယ်ဇာတိ အရင်းရှိသော သတ္တဝါ သည်။ ဒုက္ခာနိ၊ အိုနာ သေဘေး မယားဘေးနှင့် သားဘေး လင်ရန် အတန်တန်ဖြင့် ပူပန်မဆုံး ဒုက္ခတုံးတို့ကို။ ဖုသတိ၊ တမျိုးပြီးလျှင်တစား ထောင်လို့မအားအောင် ဆူညံကာဖြင့် ပူပန်စွာ ကြုံတွေ့ရလေ၏။ ဗန္ဓံ၊ ထိပ်ထောင် နှောင်ကြိုး အမျိုးမျိုးကိုငင်း။ ဝဓံ၊ တုတ်, ဓား, လှံဖြင့် ကြိမ်ဖန်မပြတ် အသတ် ခံရခြင်းအမျိုး မျိုးကို ငင်း။ ပရိကလေသံ၊စိတ်နောက် ၍ ဆူလှိုည့် ပူဖို့ဖန်တဲ့အနှောက်အယှက်တွေကို လည်းကောင်း။ ဖုသတိ၊ မွဲမွဲရှုပ်ရှုပ် မျက်နှာကုပ်နှင့် ငုတ်တုတ်ကြီးသာ တွေ့ကြုံ ခံစားရရှာလေ၏။ တသ္မာ၊ ထိုသို့ ဇာတိခေါ် နွယ်အရှုပ်က အသွယ်သွယ် ဒုက္ခတွေကို အပြင်းဆွဲပြီး အတင်းပဲ ပေးတတ် လေ သောကြောင့်။ တံဇာတိံ၊ သံသရာဘုံတရိုး၌ အမျိုးမျိုး သော ဘဝအသစ်တွေကို ဖြစ်ကြစေ ဖန်ဆင်းတတ်သည့် ဇာတိ ခေတ်သဘောဆိုးကြီးကို။နရောစယေ၊ တွေးလိုက်ကကျက်သိး

တွေပြန်းပြီး ကျောချမ်းကာ နှလုံးတုန်ပါရဲ့ အပုံပဲရန်ကြီး
သဖြင့် ဘယ်နည်းနှင့်မှ နှစ်သက်စရာ မကောင်း ကြပါတော့
သည်သာတကား။

သာဓု၊ သာဓု၊ သာဓု။

မောင်စိန်ရေ။ [ဘုရား။] သတ္တဝါတို့၏ သေခြင်းတရားကို သင်္ဂြိုဟ်ကျမ်းမှာ အနုရုဒ္ဓါဆရာက "လေးပါး" ပြတယ်ကွဲ့။ [မှန်ပါ အမိန့်ရှိပါဘုရား။]

အာယုက္ခယသေခြင်း, ကမ္မက္ခယသေခြင်း, ဥဘယက္ခယသေခြင်း, ဥပစ္ဆေဒက သေခြင်းတဲ့။ အာယုက္ခယ သေခြင်းဆိုတာ လူ့ပြည်, နတ်ပြည်, ဗြဟ္မာ့ပြည်မှာ သက်တမ်းကုန်၍ သေခြင်းကိုခေါ်တယ်။ မီးဇာကုန်၍ မီးငြိမ်းသလိုပေါ့ မောင်စိန်ရဲ့။ [မှန်ပါ ဘုရား။]

ကမ္မက္ခယသေခြင်း ဆိုတာက ပဋိသန္ဓေကိုအကျိုးပေးတဲ့ကံ ကုန်၍သေခြင်းကိုခေါ်တယ်။ ရေနံဆီကုန်၍ မီးငြိမ်းတာနဲ့ တူတယ်။

ဥဘယက္ခယသေခြင်းဆိုတာက သက်တမ်းကလဲကုန်၊ ကံကလဲကုန်၊ နှစ်ပါးဆုံ၍သေခြင်းကိုခေါ်တယ်။ မီးဇာလဲကုန်၊ ရေနံဆီလဲ ခန်း၍ မီးငြိမ်းတာနဲ့ တူတယ်မောင်စိန်ရဲ့။ [မှန်ပါဘုရား။]

ဥပစ္ဆေဒက သေခြင်းဆိုတာက အတိတ်ဘဝက ဥပစ္ဆေဒကကံသည် အခွင့်ရသဖြင့် ရေနစ်၍လည်းကောင်း, သေနတ်မှန်၍ လည်းကောင်း, မိုးကြိုးပစ်၍လည်းကောင်း, ကျားကိုက်၍ လည်းကောင်း, ဆင်ထိုး၍လည်းကောင်း, အစိမ်းသေ သေခြင်းကိုခေါ်တယ်။ မီးဇာနှင့်ရေနံဆီ ရှိသော်လဲ လေတိုက်၍ မီးငြိမ်းသလိုပေါ့ မောင်စိန်ရဲ့။ [မှန်ပါဘုရား။]

အင်္ဂုတ္တိုရ်ပါဠိတော်မှာ မြတ်စွာဘုရား ဟောပြန် တာက "ရှစ်ပါး" ဟောတော်မူတယ်။

၁။ ဝါတသမုဋ္ဌာနံ=လေပျက်၍သေခြင်း။

၂။ ပိတ္တသမုဋ္ဌာနံ=သည်းခြေပျက်၍ သေခြင်း။

၃။ သေမှသမုဋ္ဌာနံ= သလိပ်ပျက်၍ သေခြင်း။

၄။ သန္နိပါတိကံ=လေ, သည်းခြေ, သလိပ် သုံးပါးလုံးပျက်၍ သေခြင်း။

၅။ ဥတုဝိပရိဏာမဇံ=ဥတုဖောက်ပြန်၍ သေခြင်း။

၆။ ဝိသမပရိဟာရဇ=မိမိကိုယ်ကို မသင့်တင့်စွာ ပြုလုပ်ခြင်းကြောင့် သေခြင်း။ [မတဲ့တဲ့ခုတ် အစာကို စားမိတာကိုခေါ်တယ်။]

၇။ ဩပက္ကမိ=မိမိလုံ့လ, သူတပါး လုံ့လဖြင့် တမင် သေအောင် လုပ်၍သေခြင်း။

၈။ ကမ္မဝိပါကဇ=ဥပပီဠကကံ, ဥပစ္ဆေဒကကံ တို့ကြောင့် သေရ ခြင်းလို့ ရှစ်ပါးဟောပြန်တယ်။

အဲဒီလို သေခြင်းအကြောင်းတရား တပါးပါးနှင့်ကြုံလျှင် ဒီခန္ဓာကိုယ်ကြီး ဟာ သေကြရတယ်။ မသေအောင်တားလို့ မရဘူး။ ဥပမာ—မြေအိုးဟာ ကွဲတတ်တဲ့ အမျိုး ဖြစ်လေတော့ ဘယ်အချိန် အခါမှာမဆို တခုခုနှင့် ရိုက် လိုက်ယင် ကွဲသလို ဒီခန္ဓာကိုယ်ဟာလဲ သေခြင်း အကြောင်းတရား တပါး ပါးနှင့်ကြုံယင် သေကြရတယ် မောင်စိန်ရဲ့။ [မှန်ပါဘုရား။]

ဒီလို သေတတ်တဲ့ အမျိုးဆိုတာ မသိကြလေတော့ မိမိ၏သံယောဇဉ် ထဲက တဦးဦးသေသွားယင် သောက, ပရိဒေဝ, ဒုက္ခ, ဒေါမနဿ, ဥပါယာသ, တွေ ဖြစ်ကုန်ကြတာပေါ့။ ဥပမာ ပေး ရလျှင် ဘဲဥကိုကြက်မနှင့် ဖောက်တဲ့ အခါ ဘဲကလေးတွေဟာ ကြက်မ၏ရင်ဘတ် အောက်က ထွက်လာကြတယ်။ ဒီတော့ ကြက်မကြီးက သူ့သားကလေးတွေလို့ အထင်မှာပြီး၊ သားသံယော ဇဉ်ဖြစ်လာတယ်။ ဘဲကလေးတွေဟာ ရေကို မြင်လျှင် ရေ ထဲသို့ ဆင်းပြီး ကစားချင်တဲ့ ဓမ္မတာအရ ရေထဲသို့ဆင်းပြီး ရေချိုးကြတယ်။ ဒီအခါ ကြက် မကြီးက ငါ့သားတွေတော့ သေကုန်တော့မှာပဲဟု ပူပန်ပြီး ကမ်း ပေါ်က နေ၍ ခေါ်ရှာတယ်။ ခေါ်သော်လဲ အရေး မစိုက်ဘူး။ ရေထဲက မတက်ဘူး။

ဒီနေရာမှာ ကြက်မကြီးဟာ ဘာလို့ ပူသလဲဟု စဉ်းစားစမ်း။ သူ့ ဗိုက် အောက်ကထွက်သည့် အတွက် သူ့သားလို့ အထင်မှားတယ်။ အထင်မှားပြီး သားသံယောဇဉ် ဖြစ်သည့်အတွက် ပူပန်သောက ဖြစ်ရတာပဲဆိုတာ မောင် စိန် သဘောပေါက်ရဲ့လား။ [ပေါက်ပါတယ် ဘုရား။]

အဲဒီလိုပဲ၊ ခုတ်လေးပါးအစု သေတတ်တဲ့ အမျိုးကို သတ္တဝါတွေက ငါ့လင်, ငါ့သား, ငါ့မယားဟု အထင်မှားပြီး သံယောဇဉ် တွယ်ကြတာနဲ့ သောက,ပရိဒေဝ ဖြစ်ကုန်ကြတာပေါ့ မောင်စိန်ရဲ့။ [မှန်ပါ ဘုရား။]

အထင်မှား၍ သောက ပရိဒေဝ ဖြစ်ရပုံကို ဝတ္ထုဆောင်၍ ပြဦးမယ်။

သာဝတ္ထိပြည်ကြီးမှာ အဒိန္နပုဗ္ဗကဆိုတဲ့ ပုဏ္ဏားသဌေးတယောက် ရှိသတဲ့။ ဘာကြောင့် ဒီအမည်ကို လူတွေက ခေါ်ကြသလဲဆိုတော့ ဘယ်သူ့ကိုဘာ တခုမှ မပေးဘူးဘူးတဲ့။ ဒါကြောင့် သူ့ကိုလူတွေက အဒိန္နပုဗ္ဗကလို့ ခေါ်ကြတယ်။ အဲဒီ သဌေးမှာ ချစ်မြတ်နိုးဖွယ်ရာ ကောင်းတဲ့ သား ကလေး တယောက်ရှိသတဲ့။ အဲဒီ သားကလေး အရွယ်ရောက်တော့ တန်းဆာ ဆင် ပေးရမည့် မိဘဝတ္တရား ရှိသည့်အတိုင်း သူကိုယ်တိုင် ပြေပြစ် ချောမောတဲ့ နားဒောင်း ကလေးတရံ ခတ်ပြီး သား ကလေးကို တန်းဆာဆင်ပေတယ်။ ဒါကြောင့် သားကလေးကို မဋ္ဌကုဏ္ဍလီလို့ လူတွေက ခေါ်ကြတယ်။ ဒီနား ဒောင်းကို သူကိုယ်တိုင် ခတ်ထာကတော့ ပန်းတိမ်ခ မပေးချင်လို့ ခတ်ထာ ဖြစ်တယ်။ အင်မတန် ကပ်စေးနဲတဲ့ သဌေးပေါ့ မောင်စိန်ရယ်။ [မှန်ပါ ဘုရား။]

တနေ့သောအခါ အဲဒီ လှပ ချောမောတဲ့ လူပျိုကလေး မဋ္ဌကုဏ္ဍလီမှာ ဖျော့တော့သော အားနဲတဲ့ရောဂါ စွဲကပ်လာတယ်တဲ့။ ဒီလို ရောဂါ စွဲလာ တော့ အဖေ ကပ်စေးနဲ့ဟာ ဆေးကုဖို့ စဉ်းစားခန်း ထုတ်လာတယ်။ "ငါ၏ သားကလေး ရောဂါကိုကုဖို့ ဆေးသမားပင့်ရလျှင် ငွေကုန်လိမ့်မယ်။ ဆေး သမားတွေထံမှာ ဆေးနည်းကိုမေးပြီး ငါ့ဆေးငါဖော်ပြီး ကုရလျှင်ငွေကုန် သက်သာမယ်" လို့ အကြံဖြစ်တယ်။

ဒီလိုအကြံဖြစ်တဲ့အတိုင်း ဆေးဆရာတွေထံသွားပြီး "ကျွန်တော့် သား ကလေးမှာ မစားနိုင်မသောက်နိုင်၊ စားသော်လဲ အဟာရမဖြစ်ပဲ အသား အရေတွေဟာ ဖျော့တော့တော့နဲ့ သွေးသားတွေ ကုန်ခန်းပြီး နေပါတယ်၊ ဘာဆေးနှင့်များ ကုကြသလဲ" လို့ မေးသတဲ့။

ဆေးဆရာတွေကလဲ ပုဏ္ဏားကပ်စေးနဲ့မှန်း သိတာနဲ့ တွေ့ကရာ သစ်ရွက် သစ်ခေါက်တွေကို ပြောလိုက်သတဲ့။ ဒီလိုပြောတာကို အဟုတ်ထင်ပြီး ပုဏ္ဏား ကြီးလဲ အဲဒီသစ်ရွက် သစ်ခေါက်တွေကို စုဆောင်းပြီး ထောင်းထုချေကုတယ်။ ကုလေ ရောဂါတိုးလေ ဖြစ်လာတာပေါ့။ ဖြစ်မှာပေါ့၊ ဆေးနည်းက ဟုတ် မှမဟုတ်ပဲ။ ဒါကြောင့်နှမြောတာဟာလဲ နှမြောသင့်တဲ့ နေရာမှ နှမြောရ တယ်။ မနှမြောရမည့်နေရာမှာ နှမြောနေယင် အကျိုး တရား ပျက်စီးတတ် တယ်မောင်စိန်ရဲ့။ [မှန်ပါဘုရား။]

အဲဒီလို ကုလာလိုက်တာ ကြာတော့ ဆေးကုချ၍ မရတဲ့ အခြေ ဆိုက်သွား အောင် ရောဂါက ကြီးကျယ်လာရောတဲ့။ အဲဒီ အခြေဆိုက်မှ ဆေးဆရာကို

သွားပင့်တာကိုး။ ဆေးဆရာက လိုက်လာပြီး လူနာကို ကြည့်ရှုရာ ဆေးကုၡ် မရတဲ့ အခြေဆိုက်မှန်းသိတာနဲ့ "သဒ္ဒေးကြီးရယ်၊ ခင်ဗျားသားရဲ့ ရောဂါက အနားမှ မခွာပဲ ဂျုရမယ့် အခြေ ဆိုက်နေပြီ၊ ကျုန်တော်ကလဲ သူနာက များတော့ ခင်ဗျားရဲ့သားနားမှာချည်း မနေနိုင်ဘူး၊ သို့အတွက် ဒီအပြင် ဆေးဆရာကိုသာ ပင့်ပါအုံး"လို့ ပြောပြီး အိမ်ပြန်သွားသတဲ့။ ဒါက ဆေး သမားရဲ့ ပရိယာယ်ပဲ။ မရတော့ဘူးလို့ ပြောရမှာ အားနာတာနဲ့ ဒီအပြင် ဆေးဆရာကို လွှဲချသွားတာ။ ပုဏ္ဏား ကပ်စေးနဲကလဲ ရိပ်မိတယ်။ ငါ့သား မရတော့ဘူးဆိုတာ သိ၍ ဒီလို ပြောတာပဲလို့ သိတော့ "ငါ့သားတော့ မရ တော့ဘူး၊ ငါ့သားကို အကြည့်လာတဲ့ လူတွေဟာ ငါရဲ့ ဥစ္စာတွေကို မြင်ကုန် မှာစိုးရတယ်၊ သားကို အပြင်ထုတ်မှ တော်မယ်"လို့ အကြံပြုပြီး သားကလေး မဋ္ဌကုဏ္ဍလီကို အခန်းတွင်းမှ ဧည့်ခန်းကို ထုတ်ပြီးထားသတဲ့။ [မှန်ပါဘုရား။]

မြတ်စွာဘုရားကလဲ နံနက်လင်းခါနီးသောအခါ မဟာကရုဏာ သမာပတ် ဉာဏ်ကွန်ရက်ကြီးဖြင့် တသောင်းသော စကြဝဠာကိုဖြန့်ပြီး ကြည့်လိုက်တော့ အိမ်ဦး အပြင်ပခန်းမှာ တုံးလုံး က လေး လျောင်း ပြီး နေ တဲ့ မဋ္ဌကုဏ္ဍလီကို ဉာဏ်ကွန်ရက် အတွင်းမှာ မိနေသတဲ့။ အဲဒီလို မဋ္ဌကုဏ္ဍလီကို တွေ့တော့ မဋ္ဌကုဏ္ဍလီထံ သွားခြင်းဖြင့် အကျိုးရှိ မရှိ တဖန်ကြည့်ပြန်တော့ မဋ္ဌကုဏ္ဍလီ၏ မိဘနှင့်တကွ များစွာသော လူတို့ ကျွတ်တန်း ဝင်ပြီး အကျိုး ရှိမှာတွေကို မြင်တော်မူတယ်တဲ့။

အဲဒီလို အကျိုးရှိမှာတွေကို မြင်၍ နံနက်မိုးသောက် အလင်းရောက်သော အခါ ကိုယ်လက်သုတ်သင်ပြီး သံဃာတော်ပေါင်းများစွာ ခြံရံလျက် သာဝတ္ထိ မြို့တွင်းသို့ အိမ် စဉ် အ တိုင်း ဆွမ်းခံ ဝင်လာရာ အဒိန္နပုဗ္ဗက ပုဏ္ဏား အိမ် ပေါက်ဝသို့ ရောက်တော်မူလာတယ်တဲ့။

အဲဒီလို မြတ်စွာဘုရား အိမ်ပေါက်ဝသို့ ရောက်လာတဲ့အခါမှာ မဋ္ဌကုဏ္ဍလီ ဟာ အိမ် တွင်း သို့ ရှေးရှု မျက်နှာ မူလျက် လျောင်း စက် အိပ် နေ တယ် တဲ့။ ထိုအခါ မြတ်စွာဘုရားက ကိုယ်တော်အား မမြင်နိုင်စွမ်းသည့် အဖြစ်ကို သိတော်မူ၍ တခုသော ရောင်ခြည်တော်ကို လွှတ်တော်မူသတဲ့။ အဲဒီလို ရောင် ခြည်တော်ကို လွှတ်တော်မူလိုက်မှ လုလင်ဟာ ဤအရောင်ကား ဘာအရောင် ပါလိမ့်မလဲဟု လျောင်းလျက်ပင် မျက်နှာကို စောင်းငဲ့၍ ကြည့်ရှုလေသော် မြတ်စွာဘုရားကို ဖူးမြင်ရ၍ "မိုက်လှစွာသော အဘကြောင့် ဤသို့ သဘော

ရှိသော မြတ်စွာဘုရားကို ဆည်းကပ်လျက် ကိုယ်ဖြင့်ပူအပ်သော ဝေယျာဝစ္စ အမှုကို ပြုခြင်းငှာလည်းကောင်း၊ အလှူပေးခြင်းငှာလည်းကောင်း၊ တရားနာခြင်းငှာလည်းကောင်း၊ အခွင့်မရပြီ၊ ယခုအခါ ငါ၏ လက်ကိုပင် အစိုးမရ၊ တပါးသော ပြုဘွယ် ကိစ္စမရှိ''ဟု ရည်မှန်းလျက် စိတ်ဖြင့်သာလျှင် ကြည်ညိုခြင်းကို ဖြစ်စေတယ်တဲ့။ မြတ်စွာဘုရားဟာ မဋ္ဌကုဏ္ဍလီ၏ စိတ်ဖြင့် ကြည်ညိုသည်ကို သိသောအခါ ဤမနောကံဖြင့်ပင် သင့်တော်ပြီဟု နှလုံးပိုက်လျက် ဖဲကြွတော်မူတယ်တဲ့။

မဋ္ဌကုဏ္ဍလီ သတို့သားဟာ မြတ်စွာဘုရား ကြွတော်မူ၍ မျက်စိမြင်ရာ အရပ်ကို လွန်လျှင် ကြည်ညိုသော စိတ်ကို ဖြစ်စေလျက် စုတိမနေ သေလွန်ပြီးသော် အိပ်သော ယောကျ်ား နိုးသော လားသို့ တာဝတိံသာနတ်ပြည်၌ ယူဇနာသုံးဆယ် အပြန့်ကျယ်သော ရွှေဗိမာန်တွင် နတ်သားဖြစ်ရရှာတယ်တဲ့။

ပုဏ္ဏားလည်း မဋ္ဌကုဏ္ဍလီ သတို့သား အလောင်းကို ဖုတ်ကြည်းသင်္ဂြိုဟ်ပြီးလျှင် သင်္ချိုင်း၌ ငို၍ချည်းသာ နေသတဲ့။ နေ့တိုင်း သင်္ချိုင်းကို သွား၍ ''တယောက်တည်းသော ငါ့သားချစ်၊ ဘယ်မှာ နေသလဲ၊ တယောက်တည်းသော ငါ့သားချစ်၊ ဘယ်မှာနေသလဲ''လို့ ငိုကြွေး၍သာ နေရှာတယ်တဲ့။

ဘာပြုလို့ ပုဏ္ဏားဟာ သောက ပရိဒေဝမီး ပြင်းစွာ တောက်လောင်သလဲလို့ စဉ်းစားကြည့်ကြပါ။ သေတတ်သော ရုပ်နာမ်ခန္ဓာကို ငါ့သားလို့ အထင်မှားသည့်အတွက် သမုဒယသစ္စာ တဏှာသံယောဇဉ်ဖြစ်တယ်။ ၎င်းသမုဒယ သစ္စာကြောင့် ပရိဒေဝ ဆိုတဲ့ ဒုက္ခသစ္စာ ဖြစ်ရတာပဲ။ အကယ်၍သာ သေတတ်သော ရုပ်နာမ်ခန္ဓာပါတကားလို့ အမှန်ကို သိပြီး မတွယ်တာပါက သောကပရိဒေဝမီးတောက်စရာမလိုပါဘူး။ ဒါကြောင့် မြတ်စွာဘုရားကလဲ—

တဏှာယ ဇာယတေ သောကော၊ တဏှာယ ဇာယတေ ဘယံ။

တဏှာယ ဝိပ္ပမုတ္တဿ၊ နတ္ထိ သောကော ကုတော ဘယံ။ လို့ ဟောတော်မူခဲ့ပေတယ်။

တဏှာယ၊ ငါ့လင် ငါ့သား ငါ့မယားဟု လွဲမှားခင်မင် တဏှာ ဆိုတဲ့ သံယောဇဉ် ကြောင့်။ သောကော၊ စိုးရိမ်ပူဆွေး ငိုကြွေးရခြင်း ဆင်းရဲဒုက္ခသည်။ ဇာယတေ၊ မုချမှန်စွာ ဖြစ်ပေါ်၍ လာရလေ၏။ တဏှာယ၊ ချစ်ခင်တွယ်တာ ထိုတဏှာကြောင့်။ ဘယံ၊ ကြောက်စရာအဖုံဖုံ ဘေးမျိုးစုံသည်။ ဇာယတေ၊ မလွဲရှောင်သာ ဖြစ်ပေါ်၍ လာရလေ၏။ တဏှာယ၊ ချစ်ခင်တွယ်တာ ထိုတဏှာမှ။ ဝိပ္ပမုတ္တဿ၊ ကင်းလွတ်သော ရဟန္တာပုဂ္ဂိုလ်

အား။ သောကော၊ စိုးရိမ်ပူဆွေး ငိုကြွေးရခြင်းသည်ရင်း။ ဘယံ၊ ကြောက်စရာအဖုံဖုံ ဘေးမျိုးစုံသည်ရင်း။ ကုတော နုတ္တံ၊ တစိုးတစိ ဘယ်မှာလျှင်ရှိချေပါတော့အံ့နည်း။

သာဓု၊ သာဓု၊ သာဓု။

မဋ္ဌကုဏ္ဍလီ နတ်သားဟာ မိမိ၏ ဘုံဗိမာန်ကို ကြည့်လျက် အဘယ်ကောင်းမှုကြောင့် ဤစည်းစိမ် ချမ်းသာကို ရသနည်းဟု စူးစမ်း ဆင်ခြင်လတ်သော် မြတ်စွာဘုရား၌ စိတ်ကြည်ညိုခြင်းကြောင့် ဤစည်းစိမ်ချမ်းသာကို ရတယ်ဆိုတာကို မြင်သိ၍ ဤပုဏ္ဏားသည် ငါ့မကျန်းမာစဉ်က ဆေးမျှ မကုသပဲလျက် ယခု သေသောအခါမှ သင်္ချိုင်းသို့ နေ့စဉ် သွား၍ ငိုကြွေးဘိ၏။ ထိုပုဏ္ဏားကို ဖောက်ပြန်ခြင်းသို့ရောက်အောင် ပြုမှသင့်မည်ဟု ကြံစည်ပြီးလျှင်၊ မဋ္ဌကုဏ္ဍလီ လုလင် အသွင်ဖြင့် လာ၍ သင်္ချိုင်း၏ မနီးမဝေးသော အရပ်၌ လက်တို့ကို မြှောက်ပင့်လျက် ပြင်းထန်စွာ ငိုကြွေးသတဲ့။ ပုဏ္ဏားလည်း ငိုသံကြားရာကို လှည့်လတ်သော် ထိုမဋ္ဌကုဏ္ဍလီ နတ်သားကို မြင်၍ ငါ့ကားသား၏ စိုးရိမ်ခြင်းဖြင့် ငိုကြွေး၏၊ ဤသူကား အဘယ်ကြောင့် ငိုကြွေးသနည်း မေးဦးအံ့ဟု ကြံ၍ ဤဂါထာကို ဆိုသတဲ့။

အလင်္ကတော မဋ္ဌကုဏ္ဍလီ၊ မာလာဓာရီ ဟရိစန္ဒနုဿဒေါ။
ဗာဟာ ပဂ္ဂယှ ကန္ဒသိ၊ ဝနမဇ္ဈေ ကိံ ဒုက္ခိတော တုဝံ။

မဋ္ဌကုဏ္ဍလီ၊ ပြေပြစ်ပြောင်ချောသော နားဒေါင်းကို ဝတ်လေ့ရှိထသော။ အလင်္ကတော၊ တန်းဆာဆင်လေ့ရှိထသော။ မာလာဓာရီ၊ အထူးထူးသော ပန်းကို ပန်ဆင်လေ့ရှိထသော။ ဟရိစန္ဒနုဿဒေါ၊ စန္ဒကူး ရွှေဝါကို လိမ်းကျံလေ့ရှိထသော။ တုဝံ၊ ငါ၏သားနှင့် မထူးမခြား သင်ချစ်သားသည်။ ဗာဟာ၊ လက်မောင်းတို့ကို။ ပဂ္ဂယှ၊ ချီမြှောက်၍။ ဝနမဇ္ဈေ၊ တောကြီးအလယ်၌။ ကန္ဒသိ၊ ငိုကြွေးဘိ၏။ ကိံ ဒုက္ခိတော၊ အဘယ်ဆင်းရဲဖြင့် နှိပ်စက်၍ စိတ်ပျက်ဘိသနည်း။

အဲဒီလို ပုဏ္ဏားက ဂါထာနှင့် မေးတော့ မဋ္ဌကုဏ္ဍလီ နတ်သားကလဲ ဂါထာနှင့်ပဲ ပြန်ပြီး ဖြေကြားသတဲ့။

သောဝဏ္ဏမယော ပဘဿရော၊ ဥပ္ပန္နော ရထပဥ္စရော မမ။
တဿ စက္ကယုဂံ နဝိန္ဒာမိ၊ တေနဒုက္ခေန ဇဟာမိ ဇီဝိတံ။

သောဝဏ္ဏမယော၊ ရွှေဖြင့် ပြီးသည်လည်း ဖြစ်ထသော။ ပဘဿရော၊ ပြိုးပြိုးပြက်ပြက် တခဲနက်ထွက်သော အရောင်လည်း ရှိထသော။ မမ၊ ငါ၏။ ရထပဉ္စရော၊ ရထား လှည်း အိမ် သည်။ ဥပ္ပန္နော၊ ကောင်းစွာ မသေ့ ရှိခဲ့လေ၏။ တဿ၊ ထိုရထားလှည်းအိမ်အား။ အနုရူပံ၊ ကောင်းစွာလျောက်ပတ်သင့်မြတ်လှဲ့သော။ စက္ကယုဂံ၊ လှည်းဘီးအစုံကို။ နဝိန္ဒာမိ၊ ရှာဖွေသော်လည်း မရချေ။ တေနဒုက္ခေန၊ ထိုဆင်းရဲကြောင့်။ ဇီဝိတံ၊ အသက်ကို။ ဇဟိဿာမိ၊ စွန့်ရလိမ့်မည် ကေန်တည်း။

အဲဒီလို နတ်သားက ပြောတော့ ပုဏ္ဏားက “အမောင်လုလင်၊ ရွှေဖြင့် ပြီးသော လှည်းဘီးကိုပင် လိုချင်သလား၊ ပတ္တမြားစီတဲ့ လှည်းဘီးကိုပင် လိုချင်သလား၊ ငွေဖြင့် ပြီးသော လှည်းဘီးကိုပင် လိုချင်သလား၊ ကြေးဖြင့် ပြီးသော လှည်းဘီးကိုပင် လိုချင်သလား၊ လိုချင်တာကိုသာ ပြောပါ၊ ပေးပါမယ်” တဲ့။

အဲဒီလို ပြောတော့ နတ်သားက ထိုစကားကို ကြား၍ ဤပုဏ္ဏားကား သားအစစ်ကိုတော့ ဆေးဖိုးဝါးခကုန်မှာစိုးပြီး ဆေးမကုမူ၍ သားနှင့် အသွင်တူသော ငါ့ကို မြင်လျှင် ငိုကြွေးလျက် ရွှေလှည်းဘီးကိုပင် လိုချင်သလား၊ ငွေလှည်းဘီးကိုပင် လိုချင်သလားဟု ဆိုဘိ၏။

ထိုပုဏ္ဏားကို နှိပ်ဦးအံ့ဟု ကြံ၍ “အသင် ပုဏ္ဏား၊ ငါ၏ လှည်းအိမ်ကား အဖိုး မဖြတ်နိုင်အောင် တန်ပေသည်၊ ငါ၏ လှည်းအိမ်နှင့် သင့်လျော်သော လှည်းဘီးသည် နေ့၊ လ နှစ်ပါးနှင့်သာ တန်၏။ သို့အတွက် နေ့၊ လ နှစ်ပါးကို ယူပေးပါ” ဟု တောင်းတယ်တဲ့။

အဲဒီလို နေ့၊ လ နှစ်ပါးကို ရထား လှည်းဘီး လုပ်ဖို့ တောင်းတဲ့ အခါ ပုဏ္ဏားက “အမောင် လုလင်၊ သင်သည် စင်စစ်ကေန် မသိ မလိမ်မာသော လူမိုက် ဖြစ် တယ်၊ ဘာ ကြောင့် လဲ ဆို တော့ မတောင့်တအပ်သည်ကို သင် တောင့်တတယ်၊ နေ့၊ လ နှစ်ပါးကို တောင့်တလို့ သင် လုလင်သာ သေမူကား သေတန်ရာတယ်။ မရမှာကေန်ဖြစ်တယ်။ သင်ဟာလူမိုက်ပဲ” လို့အပြစ်တင်တယ်။

ဒီတော့ မဋ္ဌကုဏ္ဍလီ နတ်သားက ပုဏ္ဏားကို ထင်ရှားရှိသော ဝတ္ထုကို လိုချင်သောကြောင့် ငိုကြွေးသော သူသည် မိုက်သလော၊ ထင်ရှားမရှိသော ဝတ္ထုကို လိုချင် သော ကြောင့် ငိုကြွေးသော သူသည် မိုက်သလောလို့ မေးတယ်တဲ့။

ဂမနာဂမနမှိ ဒိဿတိ၊ ဝဏ္ဏဓာတု ဉဘယတ္ထဝိထိယာ။
ပုတ္တော ပန ကာလက်တော နဒိဿတိ၊ ကောနိမ ကန္ဒတံ ဗာလတရော။

ဉဘယတ္ထဝိထိယာ၊ နှစ်ပါးသော အတွင်းအပ ခရီး၌။ ဂမနာဂမနမှိ၊ ထွက်ခြင်း ဝင်ခြင်း ကိုလည်း။ ဒိဿတိ၊ ကောင်းစွာမသွေ မြင်ရပေ၏။ ဝဏ္ဏဓာတုပိ၊ နေ့လတို့၏ အဆင်းကိုလည်း။ ဒိဿတိ၊ ကောင်းစွာမသွေ မြင်ရလေ၏။ ကာလက်တော၊ အတည်မကျ ဘဝတပါးသို့ ပြောင်းသွားသော။ ပုတ္တော ပန၊ သားကိုကား။ နဒိဿတိ၊ ကောင်းစွာမသွေ မမြင်ရချေ။ ဣမ၊ ဤသင်္ချိုင်း၌။ ကန္ဒတံ—ကန္ဒန္တာနံ၊ ငိုကြွေးသော နှစ်ယောက်တို့တွင်။ ကော၊ ဘယ်သူသည်။ ဗာလတရော၊ သာလွန်၍ မိုက်သနည်း။

အဲဒီလို နတ်သား၏ အမေးစကားကို ကြားရတော့ ပုဏ္ဏားဟာ "ဤ လုလင်ကား သင့်လျော်ပေသည်ကို ဆိုပေ၏"ဟု အောက်မေ့ကာ "အမောင် လုလင်၊ သင်သည် အမှန်ကို ဆိုဘိ၏၊ သင်ကား ထင်ရှားရှိသော နေ့လကို တောင့်တ၏၊ ငါကား ထင်ရှားမရှိ သေလေပြီးသော သားကို တမ်းတ၍ ငိုကြွေး၏၊ ငါသာလျှင် သာ၍ မိုက်၏"ဟု ပြောဆိုပြီးလျှင် လုလင် စကား ကြောင့် စိုးရိမ်ခြင်း ကင်းသည့်အတွက် လုလင်အား ချီးမွမ်းစကား ပြော ကြားတယ်တဲ့။ ဘယ်လို ပြောကြားသလဲဆိုတော့—

"အသင် လုလင်၊ သင်သည် ထောပတ်ဖြင့် လောင်းအပ်သော မီးကို ရေနှင့် လောင်းဘိသကဲ့သို့ ငါ့အား လောင်နေသော သောကမီးကို ငြိမ်းစေပါ တယ်။ ငါ၏ နှလုံး၌ စူးဝင်နေသော သောက တည်းဟူသော ညှောင့်ကို နုတ်အပ်ပါပြီ။ သောကတည်းဟူသော မီးကို သင်၏ စကား တည်းဟူသော ရေဖြင့် ငြိမ်းပြီးသည်ဖြစ်၍ သောက တည်းဟူသော ညှောင့်ကို သင်၏ စကား တည်းဟူသော ညှပ်ဖြင့် နုတ်အပ်ပြီးသည် ဖြစ်၍ ငါသည် မစိုးရိမ်တော့ပြီ၊ မငိုကြွေးတော့ပြီ၊ အို....လုလင်၊ သင်ကား ဘယ်သူနည်း"ဟု မေးပြန်တယ်တဲ့။

ထိုအခါ နတ်သားက "အို....ဘခင်၊ ကျွန်တော်သည် သူများ မဟုတ်၊ ဘခင် ငိုကြွေးနေတဲ့ သား မဋ္ဌကုဏ္ဍလီဖြစ်တယ်၊ ကုသိုလ်ကောင်းမှုကို ပြုလုပ်၍ ယခုအခါ တာဝတိံသာ နတ်ပြည်မှာ နတ်သားဖြစ်ရတယ်"လို့ ပြောဆိုသတဲ့။

ဒီလို ပြောတဲ့ စကားကို ကြားရတော့ ပုဏ္ဏားက "အမောင် မဋ္ဌကုဏ္ဍလီ၊ သင် ဒါန ပေးတာကိုလဲ ငါမမြင်၊ ဉပုသ် စောင့်တာကိုလဲ ငါမသိ၊ ဘယ်

ကောင်းမှုကြောင့် နတ်ပြည်သို့ ရောက်ရသလဲ''လို့ မေးသတဲ့။ မေးလဲ မေးစရာ ပေါ့ မောင်မိန်ရယ်။ [မှန်ပါဘုရား။]

ဒီလို မေးတော့ နတ်သားက ''အို....ဘခင်၊ ကျွန်တော်မကျန်းမာပဲ တုံးလုံး လဲပြီး အိမ်ထဲကို မျက်နှာမူနေတဲ့အခါ ရှင်တော်ဘုရား ဂေါတမသည် ကျွန် တော်တို့ အိမ်ဝမှာ ဆွမ်းရပ်လာပါတယ်၊ ကျွန်တော်က လမ်းမကို ကျော ပေးပြီး နေတာဖြစ်တော့ ဘုရားကို မမြင်ပါဘူး၊ သို့အတွက် ဘုရားရှင်သည် ကျွန်တော်၏ မျက်နှာမူရာ အရပ်ကို ရောင်ခြည်တော်လွှတ်ပါတယ်''

''ထိုအခါ ကျွန်တော်က ဘာရောင်ပါလိမ့်ဟု လည်ပင်းကို စောင်းငဲ့ပြီး ကြည့်လိုက်ပါတယ်၊ ထိုအခါ မြတ်စွာဘုရားကို မြင်ရသဖြင့် အို....မြတ်စွာ ဘုရား၊ တပည့်တော်သည် လက်အုပ်ချီပြီး ရှိခိုးဖို့ရာ လက်ကိုလဲ မသယ်နိုင်ပါ၊ နှုတ်ဖြင့် မြွက်ပြီး ရှိခိုးဖို့ရာ လျှာကိုလဲ မလှုပ်နိုင်ပါ၊ သို့အတွက် စိတ်ဖြင့်ပဲ ရှိခိုးပါတယ် ဘုရားဟု မနေ့ာကံဖြင့် ရှိခိုးလိုက်ပါတယ်။ ထိုအခါ မြတ်စွာ ဘုရားလဲ ကြွသွားရော့၊ ကျွန်တော်လဲ သေပြီး တာဝတိံသာ နတ်သား ဖြစ်ရ ပါတယ် အဖေရဲ့''လို့ ပြောသတဲ့။

ဒီစကားကို ကြားရတော့ ပုဏ္ဏားရဲ့ ကိုယ်အလုံးဟာ နှစ်သက်သော ပီတိ တို့ဖြင့် ပြည့်သွားတယ်။ အဲဒီလို ပီတိဖြစ်ကြောင်းကို နတ်သားအား ပြန်ပြီး ပြောတယ်။ ''အမောင် နတ်သား၊ အံ့ဘွယ်ရှိစွတကား၊ မဖြစ်ဘူးပဲ ဖြစ်စွ တကား၊ ဤသို့ စိတ်ဖြင့် ရှိခိုးကာမျှနှင့် ဤကဲ့သို့သော အကျိုးကို ဖြစ်ခစေ နိုင်၏၊ ငါအဖေလဲ ယနေ့ပင်လျှင် ကြည်ညိုသော စိတ်ဖြင့် ဘုရားကို ကိုးကွယ် ရာဟူ၍ ဆည်းကပ်ပါတော့အံ့။''

အဲဒီလို ပြောတော့ နတ်သားက ပုဏ္ဏားကို 'ဘခင်၊ ယနေ့ပင်လျှင် ကြည်ညိုသော စိတ်ဖြင့် မြတ်စွာဘုရားကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါလော့၊ တရားတော်ကို လည်းကောင်း၊ သံဃာတော်ကို လည်းကောင်း ကိုးကွယ်ရာ ဟူ၍ ဆည်းကပ်ပါလော့၊ ငါးပါးသီလတို့ကိုလည်း မကျိုးမပေါက် မပြောက် မကြားသည်တို့ကို ပြု၍ ဆောက်တည်ပါလော့''ဟု ပြောတယ်တဲ့။

ပုဏ္ဏားကလဲ ''အသင် နတ်သား၊ သင်သည် ငါ၏ အကျိုးကို လိုလား၏၊ ငါ၏ စီးပွားကို လိုလား၏၊ သင်၏ စကားကို ငါလိုက်နာအံ့၊ သင်သည် ငါ၏ ဆရာ ဖြစ်ပေသည်၊ ငါသည် ယနေ့ပင်လျှင် ကြည်ညိုသော စိတ်ဖြင့် မြတ်စွာ ဘုရားကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏၊ တရားတော်ကို လည်းကောင်း၊ သံဃာတော်ကို လည်းကောင်း၊ ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏၊ သူတပါး

အသက်ကို သတ်ခြင်းမှ ရှောင်ကြဉ်ပါအံ့၊ သူတပါး၏ ဥစ္စာကို ခိုးယူခြင်းမှ ရှောင်ကြဉ်ပါအံ့၊ သူ့သားအိမ်ရာကို ပြစ်မှားခြင်းမှ ရှောင်ကြဉ်ပါအံ့၊ မဟုတ်မမှန် ပြောဆိုခြင်းမှ ရှောင်ကြဉ်ပါအံ့၊ မေ့လျော့စေတတ်သော သေရည်သေရက်ကို သောက်စားခြင်းမှ ရှောင်ကြဉ်ပါအံ့''ဟု ပြောတယ်တဲ့။

ထိုအခါ ပုဏ္ဏားကို နတ်သားက ''ဘခင် ပုဏ္ဏား၊ သင်၏ အိမ်၌ များစွာသော ဥစ္စာသည် ရှိ၏၊ မြတ်စွာဘုရားသို့ ကပ်၍ အလှူကို ပေးပါလော့၊ တရားတော်ကို နာပါလော့၊ ပြဿနာကို မေးလျှောက်ပါလော့'' ဟု ပြောပြီး သင်္ချိုင်း၌ ကွယ်သွားတယ်တဲ့ မောင်စိန်ရဲ့။ [မှန်ပါဘုရား။]

ပုဏ္ဏားလဲ အိမ်သို့ပြန်သွား၍ ပုဏ္ဏေးမကိုခေါ်ပြီးလျှင် ''ရှင်မ၊ ငါကား ဂေါတမကိုပင့်ဖိတ်၍ ပြဿနာကိုမေးအံ့၊ ပူဇော်သက္ကာယကို ပြုအံ့''ဟု ဆို၍ ကျောင်းသို့သွားပြီးလျှင် မြတ်စွာဘုရားကို ရှိခိုးတယ်။ ထို့နောက် ပဋိသန္ထာရစကားပြောကြား၍ သင့်အပ်လျောက်ပတ်သော အရပ်၌နေလျက်၊ ''အို.... အရှင်ဂေါတမ၊ ယနေ့အဖို့ တပည့်တော်၏ဆွမ်းကို ရဟန်း သံဃာတော်တို့နှင့်တကွ သည်းခံတော်မူပါ''ဟု လျှောက်ထားသတဲ့။ မြတ်စွာ ဘုရားကလည်း သည်းခံတော်မူတယ်တဲ့။

ထိုအခါပုဏ္ဏားဟာ မြတ်စွာဘုရား၏ သည်းခံတော် မူခြင်းကိုသိ၍ လျင်စွာလာပြီးလျှင် မိမိအိမ်၌ မွန်မြတ်သော ခဲဘွယ် ဘောဇဉ်တို့ကို စီရင်စေတယ်။ ဘုရားရှင်သည်လည်း ရဟန်းသံဃာ အပေါင်း ခြံရံလျက် ထိုပုဏ္ဏားအိမ်သို့ ကြွတော်မူပြီးလျှင် ခင်းထားသောနေရာ၌ နေတော်မူတယ်။ ပုဏ္ဏားသည်လည်း မြတ်စွာဘုရားနှင့် သံဃာတော် အပေါင်းအား ခဲဘွယ်ဘောဇဉ်တို့ဖြင့် ရိုသေစွာ လုပ်ကျွေးတယ်တဲ့။

ထိုအခါ များစွာသော လူတို့သည်လည်း စည်းဝေးကြကုန်သတဲ့။ ဘယ်လိုသဘောနှင့် စည်းဝေးကြသလဲဆိုတော့ မိစ္ဆာအယူ ရှိသောသူတို့က ယနေ့တော့ ပုဏ္ဏားမေးတဲ့ ပုစ္ဆာကို မဖြေနိုင်ပဲ ရှင်ဂေါတမ အရှက်ကွဲတာကို မြင်ရပေတော့အံ့ဟု နှလုံးသွင်း၍ ပုဏ္ဏားအိမ်သို့ လာကြသတဲ့။ သမ္မာအယူ ရှိသူတို့ကလည်း ယနေ့ မိစ္ဆာဒိဋ္ဌိပုဏ္ဏားကို ချွတ်သော ဘုရား၏ တင့်တယ်မှုကို မြင်ရပေတော့အံ့ဟု နှလုံးသွင်း၍ ပုဏ္ဏားအိမ်သို့ လာကြတယ်တဲ့။ ပရိသတ်တွေစုံလင်၍ ဆွမ်းစားပြီးသောအခါ မြတ်စွာဘုရားထံ ချဉ်းကပ်လျက် နိမ့်သောနေရာ၌ နေပြီးလျှင် ဒီလိုမေးလျှောက်သတဲ့။

"အို....အရှင်ဂေါတမ၊ အရှင်ဘုရားတို့အား အလှူကိုလည်း မပေးမူ၍၊ ပူဇော်ခြင်းကိုလည်း မပြုမူ၍၊ တရားကိုလည်း မနာမူ၍၊ ဥပုသ်စောင့် သုံးခြင်းကိုလည်း မပြုမူ၍၊ သက်သက်စိတ်ကို ကြည်ညို စေကာမျှဖြင့် နတ်ပြည်၌ ဖြစ်သော သူတို့မည်သည် ရှိပါသလော"ဟု မေးသတဲ့မောင်စိန်ရဲ့။ [မှန်ပါဘုရား။]

ထိုအခါ မြတ်စွာဘုရားက "အသင် ပုဏ္ဏား၊ အဘယ့်ကြောင့် ငါဘုရားအား မေးလျှောက် ဘိသနည်း၊ သင်၏ သား ဖြစ်သော မဋ္ဌကုဏ္ဍလီသည် ငါဘုရား၌ စိတ်ကိုကြည်ညိုစေ၍ နတ်ပြည်၌ မိမိဖြစ်ရသည့် အကြောင်းကို ပြောကြားသည် မဟုတ်ပါလော"ဟု မိန့်တော်မူတယ်တဲ့။

ထိုအခါ ပုဏ္ဏားက "အို....အရှင်ဂေါတမ၊ ဘယ်အခါ ပြောကြား ပါသနည်း"ဟု မေးလျှောက် ပြန်တယ်တဲ့။ ဒီတော့ မြတ်စွာ ဘုရားက "အို....ပုဏ္ဏား၊ သင်သည် ယနေ့ သုသာန်သို့ သွား၍ ငိုကြွေး နေစဉ် မနီးမဝေး၌ လက်တို့ကိုမြှောက်၍ ငိုကြွေးသောလုလင်ကို မြင်သဖြင့် သင်က စတင်မေး၍ နတ်သားကဖြေပုံ အလုံးစုံကို မိန့်တော်မူတယ်တဲ့။ အဲဒီလို ပြောဆို ပြီးလျှင် "အိုပုဏ္ဏား၊ ငါဘုရား၌စိတ်ကို ကြည်ညိုစေကာမတ္တဖြင့် နတ်ပြည်၌ ဖြစ်ရသော သူတို့သည် တရာလည်း မက၊ နှစ်ရာလည်း မက၊ မရေမတွက်နိုင်အောင် များပြားလှ၏"ဟု ဟောလိုက်တော့ များ စွာ သော သူတို့ဟာ ယုံမှား မကင်းဖြစ်ကုန်ကြတယ်တဲ့ မောင်စိန်ရဲ့။ [မှန်ပါ ဘုရား။]

ထိုအခါ မြတ်စွာဘုရားက လူအပေါင်းတို့ ယုံမှားမကင်း ဖြစ်တာကို သိတော်မူသဖြင့် "မဋ္ဌကုဏ္ဍလီနတ်သားသည်ဗိမာန်နှင့်တကွ လာစေသတည်း"ဟု စိတ်ဓိဋ္ဌာန်တော် မူတယ်တဲ့။ မဋ္ဌကုဏ္ဍလီ နတ်သားလည်း နတ်၌ဖြစ်သော တန်းဆာတို့ဖြင့် တန်းဆာ ဆင်ခြင်းရှိသော သုံးဂါဝုတ် ပမာဏ ရှိသော အတ္တဘောဖြင့်လာ၍ ဗိမာန်မှဆင်းပြီးလျှင် မြတ်စွာဘုရားကို ရှိခိုးလျက် တင့်အပ်လျှောက်ပတ်သော အရပ်၌နေတယ်တဲ့။ အဲဒီလို နေတဲ့အခါ မြတ်စွာ ဘုရားက နတ်သားကို "အသင်နတ်သား၊ ဤ စည်းစိမ် ချမ်းသာကို ဘယ်ကောင်းမှုကြောင့်ရသနည်း"ဟု မေးတော်မူသတဲ့။

ထိုအခါ နတ်သားက မြတ်စွာဘုရားကို "အရှင်ဘုရား၊ တပည့်တော်သည် ထိုစည်းစိမ်ကြီးကို မြတ်စွာဘုရား၌ ကြည်ညိုသော စိတ်ကို ဖြစ်စေကာမတ္တ ဖြင့် ရပါတယ်ဘုရား"ဟု လျှောက်ထားတယ်တဲ့။ အဲဒီလို လျှောက်ထားတဲ့ စကားကို လူအပေါင်းကြားရလျှင် လူအပေါင်းသည် နတ်သားကို ကြည့်

လျက် ''အချင်းတို့၊ မြတ်စွာဘုရား၏ ဂုဏ်ကျေးဇူးသည် အံ့ဖွယ်ကောင်း လေစွတကား၊ အဒိန္နပုဗ္ဗက ပုဏ္ဏား၏ သားဖြစ်လျက် တပါးသောကောင်း မှုကို မပြုမူ၍ မြတ်စွာဘုရား၌ ကြည်ညိုကာမျှဖြင့် ဤသို့ သဘောရှိသော စည်းစိမ်ကြီးကို ရဘိ၏'' လို့ နှစ်သက်ကြောင်း စကားကို ပြောကြားကုန် သတဲ့။

ထိုအခါ မြတ်စွာ ဘုရားက လူအပေါင်းတို့အား ''အို....ဒကာအပေါင်း တို့၊ ကုသိုလ်ကံ အကုသိုလ်ကံကို ပြုခြင်း၌ စိတ်သာလျှင် ရှေ့သွား ဖြစ်၏၊ စိတ်သာလျှင်မြတ်၏၊ ကြည်ညိုသော စိတ်ဖြင့် ပြုအပ်သော ကောင်းမှုသည် လူ့ပြည်သို့ လည်းကောင်း၊ နတ်ပြည်သို့ လည်းကောင်း၊ သွား သောသူကို အရိပ်သည် မစွန့်သကဲ့သို့ မစွန့်''ဟု ဤဝတ္ထုကို ဟောတော်မူပြီး၊ ဤဂါထာ ကို ဟောတော်မူတယ်တဲ့။

မနောပုဗ္ဗင်္ဂမာ ဓမ္မာ၊ မနောသေဋ္ဌာ မနောမယာ။
မနသာစေ ပသန္နေန၊ ဘာသတိ ဝါ ကရောတိ ဝါ။
တတော နံ သုခမန္ဝေတိ၊ ဆာယာ ဝ အနုပါယိနီ။

ဓမ္မာ၊ စေတသိက်ခန္ဓာ သုံးပါးတို့သည်။ မနောပုဗ္ဗင်္ဂမာ၊ ဝိညာဏက္ခန္ဓာ သာလျှင် ရှေ့သွားရှိကြကုန်၏။ မနောသေဋ္ဌာ၊ ဝိညာဏက္ခန္ဓာ သာလျှင် အကြီးအမှူး ရှိကြလေကုန်၏။ မနောမယာ၊ ဝိညာဏက္ခန္ဓာဖြင့် ပြီးကြ လေကုန်၏။ ပသန္နေန၊ ကြည်ညိုသော။ မနသာ၊စိတ်ဖြင့်။ စေဘာသတိဝါ၊ အကယ်၍ ဆိုမူလည်းဆိုငြားအံ့။စေကရောတိဝါ၊အကယ်၍ ပြုမူလည်း ပြုငြား အံ့။ တတော၊ ထိုသို့ပြောဆိုခြင်း ပြုမူခြင်းကြောင့်။ နံပုဂ္ဂလံ၊ ထိုပုဂ္ဂိုလ်သို့။ သုခံ၊ ချမ်းသာသည်။ အန္ဝေတိ၊ အစဉ်လိုက်၏။ ကာဝိယ၊ အဘယ်ကဲ့သို့ နည်းဟူမူကား။ ဆာယာ၊ အရိပ်သည်။ အနုပါယိနီဣဝ၊ လူသွား လေရာ အစဉ်တစိုက် နောက်က လိုက်သကဲ့သို့တည်း။

ဤဂါထာ၏အဆုံး၌ ရှစ်သောင်းလေးထောင် ကုန်သော သတ္တဝါတို့ ဟာ အကျွတ်တရား ရကြတယ်တဲ့။ မဋ္ဌကုဏ္ဍလီ နတ်သားလဲ သောတာပန် တည်၍ အဒိန္နပုဗ္ဗကပုဏ္ဏားလဲ သောတာပန် တည်ပြီးလျှင် ဘုရားသာသနာ၌ များစွာသော စည်းစိမ်ဥစ္စာတို့ကို လှူဒါန်းဘယ်တဲ့။

ဤဝတ္ထုမှ မဋ္ဌကုဏ္ဍလီကလေးဟာ ပဋိသန္ဓေတည်ခြင်း ဖြစ်မှု ရှိတဲ့အ တွက် သေခြင်းတရား အစားစားတို့တွင် တပါးပါးနှင့် ကြုံတွေ့လျှင် သေရ သလို၊ ဖြစ်ခြင်းဇာတိရှိတဲ့ သင်္ခါရတရားမှန်လျှင် ပျက်ခြင်းနှင့် လက်စသတ် ရမှာပါတကားဟု အသိဉာဏ်ပေါ်အောင် ဆင်ခြင်ပွားများကြရမယ်။

အဲဒီဉာဏ်ဟာ ဒုက္ခသစ္စာကို မြင်တဲ့ဉာဏ်ပဲ။ ဒုက္ခသစ္စာကိုမြင်လျှင် သမုဒယ သစ္စာပြတ်ပါလိမ့်မယ်။ ပြတ်ယင် ပြတ်ရာ နိရောဓသစ္စာကို မျက်မှောက်ပြုရ ပါလိမ့်မယ်။ မျက်မှောက်ပြုတဲ့ ဉာဏ်ဟာ မဂ္ဂသစ္စာဖြစ်တယ်။

အဲဒီလို သစ္စာလေးပါးကိုသိလျှင် အဝိဇ္ဇာသေပြီး ပဋိစ္စသမုပ္ပါဒ် စက်ရဟတ်မှ ထွက်ရမှာ ဖြစ်ကြလေသောကြောင့် ဤဒါန, ဤသီလ, ဤဘာဝနာသည် သေသောသူ၏ ရောက်ရာဘဝ၌ စည်းစိမ်ချမ်းသာ ရခြင်း အကြောင်း ဖြစ်ကာ တရားနာသူအပေါင်း၏ နိဗ္ဗာန်ရကြောင်း လမ်းကောင်း လည်း ဖြစ်ကြပါစေကုန်သတည်း။ ။

သာဓု၊ သာဓု၊ သာဓု။

“သေခြင်းတရား အစားစား တရားတော်” ပြီး၏။

## “မိဘကျေးဇူး မြင့်မိုရ်ဦး”

မာတရော မေရုသက်ာသာ၊ ဘိက္ခုပုဟိ ဂဟဋ္ဌေဟိ ဝါ။
မာတူနံ ပေါသိတုံ ယုတ္တံ၊ သော လောကာသန္တနာ။

မာတရော၊ (မာတာပိတရော)၊ မြင့်မိုရ်တောင်ဦး မကကျူးသည့် ကျေးဇူး ကြီးမား မိဘနှစ်ပါးတို့သည်။ မေရုသက်ာသာ၊ မြင့်မိုရ်တောင် ပုံတမျှကဲ့သို့ ဂုဏ်အင်ပမာဏ ကြီးကြလေကုန်၏။ ဘိက္ခုပုဟိဝါ၊ ဆံပင်ရိတ်လို့ ကိုယ်တည်းပျော်မှုရဟန်းပြုသော သူတို့သည် လည်း ကောင်း။ ဂဟဋ္ဌေဟိဝါ၊ အိုးအိမ် သားမယား ပျော်ပါးကြသူ လူတို့ သည် လည်းကောင်း။ မာတူနံ၊ မွေးသမိခင် မွေးသဖခင် ကျေးဇူး ရှင် တို့ကို။ ပေါသိတုံ၊ တဖန်ပြန်မွေး လုပ်ကျွေး ခြင်းငှာ။ ယုတ္တံ၊ ရဟန်းပဲဖြစ်ဖြစ်, လူပဲဖြစ်ဖြစ် သင့်လျော်လျောက်ပတ်ကောင်းမြတ်သည်သာလျှင်တည်း။ သော၊ ရဟန်းသော, လူသောသဘောမခြား မိဘကိုလုပ်ကျွေးရခြင်း သဘောတရားသည်။ လောကာသန္တနာ၊ ရှေးသူဟောင်းတို့ လမ်းကြောင်း လက်သုံး လောကထုံးစံ ဓမ္မတာတရား မှန်လှပါပေသတည်း။

သာဓု၊ သာဓု၊ သာဓု။

မောင်စိန်ရေ.... လောကကြီးမှာ ရှိတဲ့ တောင် အပေါင်း တို့တွင် မြင့်မိုရ်တောင်ဟာ အကြီးဆုံးမဟုတ်လား။ [ဟုတ်ပါတယ် ဘုရား။]

အဲဒီလိုပဲ ကျေးဇူးတကာ ကျေးဇူးတို့တွင် မိဘကျေးဇူးဟာ အကြီးဆုံးပဲ။ ဘာကြောင့်လဲဆိုတော့ နှစ်သိန်းလေးသောင်း အထုရှိသော မဟာ ပထဝီမြေကြီးသည် ရံခါ မီးကြောင့် ပျက်စီးရတယ်၊ ရံခါ ရေ ကြောင့် ပျက်စီးရတယ်၊ ရံခါ လေကြောင့် ပျက်စီးရတယ်။

ဒီတော့ ကမ္ဘာကြီးမှာ ဘယ်ဟာ အားအကောင်းဆုံးလဲလို့ မေးယင် မီး, ရေ, လေ, ဒီသုံးခုကိုပဲ ဖြေရလိမ့်မယ်။ ဒီ အားကြီးတွေနှင့် မိဘနှစ်ပါးက သားသမီးကိုမချစ်အောင် တားလို့မရဘူး။ မိဘ၏ မေတ္တာကပဲ အနိုင်ရမှာပဲ။

ဒါကြောင့်''မာတာပိတုဂုဏော အနန္တော''လို့ ဘုရားကဟောခဲ့တာပေါ့။ မိဘ၏မေတ္တာအားဟာ ဘယ်လောက် ကောင်းသလဲ ဆိုတော့ အလွန်တရာ နီမြန်းတဲ့သွေးဟာ မေတ္တာအားကြောင့် ဖြူပြီး နို့ရည် ဖြစ်လာရတယ်။ မချိုတဲ့သွေးဟာ ချိုပြီးလာတယ်။ မွေးပြီးယင် ပစ်သာထားမယ်ဆိုယင် ဒီကလေးဟာ အသက်ရှင်ပါမလား။ [မရှင်နိုင်ပါ၊ သေရမှာ အမှန်ပါဘုရား။]

ဒီတော့ အသက်, အသွေး, အသား တွေဟာ ဘယ်သူကြောင့် ကြီးပွားရတာလဲ။ [မိဘကြောင့် ကြီးပွားရတာပါဘုရား။] ဒီတော့ အသက်,အသွေး, အသားတွေကို ဘယ်သူက ပိုင်သလဲ။ [မိဘက ပိုင်ပါတယ် ဘုရား။]

ကလေးတယောက် သူ့အိုး သူ့အိမ်နှင့် နေနိုင်သည်အထိ စောင့်ရှောက်မွေးမြူလာရတဲ့ ဒုက္ခဟာ မသေးဘူး။ နို့စို့တဲ့ အရွယ်တုန်းကလဲ သားကလေး ဒုက္ခဖြစ်မှာစိုးလို့ ရှောင်လိုက်ရတဲ့အစာ၊ မပြောပါနှင့် တော့၊ အမေဟာ ပိန်သွားတာပဲ။ အဝတ်ကိုဝတ်တဲ့ အရွယ်ရောက်တော့လဲ သူတို့နှင့် တော်တဲ့ အဝတ်ကလေးတွေ ချုပ်ပြီးဝတ်ပေးရတယ်။ စားစရာအမျိုးမျိုး ဝယ်ကျွေးရတယ်။ ကျောင်းထားတဲ့အရွယ် ရောက်တော့လဲ ပိုက်ဆံကုန်ခံပြီး ကျောင်းထားပေးရတယ်။

လူပျိုတက်စ, အပျိုတက်စ အရွယ် အလွန်လှချင်တဲ့ အရွယ် ကျတော့လဲ သူများနည်းတူ အဖိုးတန် အဝတ်တန်းဆာများကိုဝယ်ပြီး ပေးရတယ်။ အိမ်ထောင်ပြုတဲ့အရွယ် ကျပြန်တော့လဲ ပိုက်ဆံကြေးငွေ အကုန်ခံပြီး မင်္ဂလာဆောင်ပေးရတယ်။ သူတို့ ကလေးမွေးပြန်တော့လဲ သူတို့ဒုက္ခကို ကူညီပြီး ဆောင်ရွက်ရတယ်။ သူတို့ကလေးကို ထိန်းသိမ်းစောင့်ရှောက် ပေးရတယ်။

အဲဒီ ဒုက္ခတွေဟာ သေးငယ်တာမဟုတ်၊ အင်မတန် ကြီးလေးတဲ့ဒုက္ခ ဝန်ထုပ်ကြီးပဲ။ အဲဒီ ဒုက္ခဝန်ထုပ်ကြီးကို ထမ်းရွက်ရတာ သားသမီးအပေါ်မှာ ကြီးမားတဲ့ မေတ္တာရှိလို့သာ ထမ်းရွက်နိုင်တာပဲ။

ပိုက်ဆံပေးလို့သာ ခိုင်းရမယ်ဆိုယင် ဘယ်သူထမ်းမလဲ။ ဘယ်သူမှ မထမ်းနိုင်ပါဘူး။ ဒုက္ခဝန်ထုပ်ကြီးကို ထမ်းရွက်နေရတဲ့ ကျေးဇူးဟာ အင်မတန် ကြီးမားလွန်းလို့ ''မာတာပိတုဂုဏော အနန္တော''လို့ မြတ်စွာဘုရားဟော တော်မူတာပေါ့ မောင်စိန်ရဲ့။ [မှန်ပါဘုရား။]

မိခင်ဟာ မိမိကလေးအပေါ်မှာဘယ်လောက်ချစ်သလဲဆိုတော့ ကလေးကို ပုခက်ပေါ်မှာ သိပ်ထားပြီး မိမိ၏အလုပ်ကိုလုပ်နေပေမယ့် သားကလေး ငိုသံကိုသာ နားအမြဲစွင့်ပြီးနေတယ်။ အဝေးကို မသွားနိုင်ဘူး။ ကလေးငိုသံကြားတာနဲ့ တပြိုင်နက် အလုပ်ကိုပစ်ထားပြီး သားကလေးထံ ပြေးသွားတာပဲ။ ကိုယ်ကောင်ကွဲပေမယ့် စိတ်ဟာတခုထဲလိုပဲ၊ နှစ်ကိုယ့် တစိတ် ဖြစ် နေတယ်။

သားကလေး၏ ကိုယ်ကာယဟာ မိမိ၏ကိုယ်ကာယကဲ့သို့ ဖြစ်နေတယ်။ သားကလေးဟာ မိမိ၏ ရင်ခွင်ပေါ်မှာ မစင်အညစ်အကြေး စွန့်သော်လဲ ရွံစရာလို့မအောက်မေ့ဘူး။ နှပ်တို့ တံတွေးတို့ အရိအရွဲတို့ ထွက်သော်လဲ မရွံမရှာသုတ်သင်တယ်။ ဒီလို ကလေး၏ အညစ်အကြေးတွေကို သုတ်သင်နေရတာဟာ တလ နှစ်လ မဟုတ်ဘူး။ သူတို့ကိုယ်ကောင်ကို သူတို့နိုင်သည့် အထိ သုတ်သင်နေရတာ ဖြစ်တယ်။ ဒီဒုက္ခတွေကို သည်းခံနိုင်တာဟာ အင်မတန် အားကောင်းတဲ့ မေတ္တာကြောင့်သာ သည်းခံနိုင်တာပေါ့။

ကလေးကပြုံးလိုက်ယင် အမေဟာ ဝမ်းသာလိုက်တာ သိန်းထီ ပေါက်တဲ့လူလိုပဲ၊ သားလေးသမီးလေးကို အရိပ်ကြည့်လို့ အားမရဘူး။ ဘာမှမပြောတတ်တဲ့ကလေး၏ အရိပ်အကဲကို ကြည့်ပြီး အမျိုးမျိုး ချော့တယ်။ စိတ်ချလက်ချအိပ်ရတယ်လို့ မရှိဘူး။ အလုပ်ကို ကောင်းကောင်း လုပ်ရတယ် မရှိဘူး။ ကလေးကို အမြဲတမ်း ကြောင့်ကြစိုက်နေရတယ်။ ကမ္မဋ္ဌာန်း စီးဖြန်းတဲ့ ယောဂီရဟန်းများလို သားကမ္မဋ္ဌာန်းစီးဖြန်းပြီး နေရ တာဟာ နဲ့တဲ့မေတ္တာလားကွဲ့ မောင်စိန်ရဲ့။ [မှန်ပါ၊ အင်မတန်ကြီးမားတဲ့ မေတ္တာပါဘုရား။]

မြတ်စွာဘုရားက သတ္တဝါများကို သနားချစ်ခင်တဲ့မေတ္တာနှင့် မိဘနှစ်ပါးက သားသမီးအပေါ် ချစ်ခင်တဲ့မေတ္တာသည် ချိန်ခွင်ပေါ်မှာတင်ပြီး ချိန်လျှင် အတူတူပဲတဲ့။ ဒါကြောင့် ဘုရားနှင့်နိုင်း တဂိုဏ်းထဲလို့ ပြောကြတာပေါ့။ ဒီလိုကျေးဇူးကြီးမားတဲ့ မိဘနှစ်ပါးကို ပြုစုလုပ်ကျွေးလျှင် နတ်များကြည်ညိုရှီးမွမ်းကြောင်းကို သုဝဏ္ဏသာမဇာတ်မှာ မြတ်စွာဘုရားဟောခဲ့တယ်။

ယော မာတရံ ပိတရံ ဝါ၊ မစ္စော ဓမ္မေန ပေါသတိ။
ဒေဝါနမ္ပိ ပသံသန္တိ၊ မာတာ ပေတ္တိဘရံ နရံ။

ယောမစ္စော၊ မိဘကျေးဇူး အထူးသိတတ် သားကောင်း သမီးမြတ်သည်။ မာတရံ၊ မြင့်မိုရ်တောင်ဦး မကကျူးသည့် ကျေးဇူးတော်ရှင် မွေးမိခင်ကို

လည်းကောင်း။ ပိတရံ ဝါ၊ ဂုဏ်အင်အနန္တော ပြော၍မပြီး ကျေးဇူးကြီး လှ မွေးသဖခင်ကို လည်းကောင်း။ ဓမ္မေန၊ မင်္ဂလာတရား မမှားမစောင်း လမ်းကောင်းမချော် တရားနှင့်လျော်သဖြင့်။ ပေါသတိ၊ လုပ်ကျွေး မွေးမြူ လေ၏။ မာတာပေတ္တိ ဘာရံ၊ မိဘနှစ်ပါးကို လုပ် ကျွေး သော။ နံ နရံ၊ ထို သားကောင်းသမီးမြတ်ကို။ ဒေဝါနမ္ပိ၊ လောကမျှုးပိုင် ဦးကိုင်သနင်း သမ္မာဒေဝ နတ်မင်းတို့သည်လည်း။ ပသံသန္တိ၊ ချီးမွမ်းစကား ပြောကြား ကြကုန်သည် သာလျှင်တည်း။

သာဓု၊ သာဓု၊ သာဓု။

မိဘကို လုပ်ကျွေးတဲ့ပုဂ္ဂိုလ်ဟာ တိရစ္ဆာန်ပင် ဖြစ်ပါလျက် လူတွေပူဇော် ခံရတဲ့ဇာတ်လမ်းကို ဟောအုံးမယ်။ [ဟောတော်မူပါဘုရား။]

လွန်လေပြီးသောအခါ ဗာရာဏသီပြည်ဝယ် ဗြဟ္မဒတ်မင်း မင်းပြုသည် ရှိသော် ဘုရား လောင်းဟာ ဟိမဝန္တာဝယ် ဆင်မျိုး၌ဖြစ်၍ ကိုယ်လုံး ဖြူတယ်။ အလွန်အဆင်းလှသတဲ့။ ကြည်ညိုဖွယ် ရှိတယ်တဲ့။ စိတ် နှလုံး၏ ပွားခြင်းကို ပြုတတ်သတဲ့။ ရှစ်သောင်းသော ဆင် အခြံအရံရှိသတဲ့။

ဘုရားလောင်း၏ မယ်တော်ဟာ မျက်စိအလင်းကို မရဘူးတဲ့။ အဲဒီတော့ ဘုရားလောင်းက သူ့မယ်တော်ကို တနေရာမှာ နေစေပြီး ချိုနိုးရာရာ သစ် သီးဝလံများကို ဆင်တို့အားပေးပြီး မိခင်ထံသို့ ပို့စေတယ်။ အပို့သွားတဲ့ ဆင်တို့ကလည်း မယ်တော်ထံသွားမပို့ပဲ လမ်းတွင် သူတို့ပဲ စားပစ်လိုက်ကြ သတဲ့။ ညအခါကျတော့ ဘုရားလောင်းက "အမေ....ကျွန်တော် အပို့ခိုင်း လိုက်တဲ့သစ်သီးများ ချိုပါရဲ့လား"လို့ မေးတာပေါ့။ ဒီတော့ အမေက "အခုအချိန်ထိ ဘာမှမစားရသေးဘူး"လို့ ပြောတော့ ဘုရား လောင်း ခမြာမှာ "အမယ်လေး၊ ဖြစ်မှဖြစ်ရလေခြင်း"လို့ အလွန် သနားစိတ်တွေ ဖြစ်ပြီး အနီးအနားမှာရှိတဲ့ သစ်ခက်သစ်ကိုင်းကလေးတွေကို ချိုးပြီး ကျွေး ရတာပေါ့။

အဲဒီလိုကျွေးပြီး စဉ်းစားသတဲ့။ ဘယ်လိုစဉ်းစားသလဲဆိုတော့ "ဒီဆင် အခြံအရံတွေကို ခင်မင်ပြီးနေယင် ငါ့အမေ ဆင်းရဲမယ်၊ ငါ့အမေက ငါ့ရဲ့ ကျေးဇူးရှင်၊ အခြံအရံတွေက ကျေးဇူးရှင် မဟုတ်ဘူး။ ဒီတော့ ကျေးဇူးရှင်

ကိုဆင်းရဲစေလို့မတော်၊အမေကို တော်ရာ ခေါ်သွားပြီး လုပ်ကျွေးမှ တော်မယ်''လို့ အောက်မေ့လျက် ဆင်အပေါင်းကို စွန့်ကာ အမိကိုသာလျှင်ခေါ်၍ စဏ္ဍောရဏ တောင်ခြေရင်းသို့ သွားကာ တခုသော ပဒုမ္မာ ကြာအိုင်ကြီး ကိုမှီ၍ တည်သော တောင်ချိုင့်ဝှမ်းမှာ အမိကိုထားပြီး လုပ်ကျွေးတယ်တဲ့ မောင်စိန်ရဲ့။ [ဝမ်းသာစရာပါဘုရား။]

အဲဒီလို အမိကို လုပ်ကျွေး၍ နေသောအခါ ဗာရာဏသီပြည်က မုဆိုးတယောက်ဟာ မျက်စိလည်လမ်းမှားပြီး ဘုရားလောင်းနေရာ အနီးအနားသို့ ရောက်လာတယ်တဲ့။ မုဆိုးဟာ ဘယ်ကားအရှေ့၊ ဘယ်ကား အနောက်ဟု ခွဲခြားပြီး မသိတော့သဖြင့် ''ငါတော့ ငါ၏ သွားမယားနှင့် မတွေ့ရတော့ပါဘူး''လို့ အောက်မေ့ကာ သည်းစွာသော အသံဖြင့် ငိုကြွေးသတဲ့''။

မုဆိုး၏ ငိုသံကို ဘုရားအလောင်း ဆင်မင်း ကြားတဲ့အခါ ဆင်မင်းက ''အော်....ဒီငိုသံဟာ လူ၏ငိုသံပဲ၊ ငါရှိရာအရပ်တွင် သတ္တဝါတယောက် မပျက်စီးပါစေနဲ့''လို့နှလုံးသွင်းကာ ငိုသံရှိရာသို့ သွားတယ်တဲ့။ မုဆိုးလည်း ဆင်လာတာကို မြင်တော့ ကြောက်လန့်ပြီး ပြေးရော့တဲ့။ မုဆိုးပြေးတာကို ဆင်မင်း မြင်တဲ့အခါ ''ဒီလူ ငါ့ကို ကြောက်ပြီး ပြေးရှာတယ်၊ ရပ်နေအုံးမှ''လို့ အောက်မေ့လျက် ရပ်နေသတဲ့။ ဆင် ရပ်တာကို မြင်တော့ မုဆိုးက ရပ်ပြန်တယ်။

မုဆိုးရပ်နေတဲ့အခါ ဆင်မင်းက အနားကို သွားပြန်တာကိုး၊ ဆင်လာတာကို မြင်ပြန်တော့ မုဆိုးက ပြေးပြန်ရော့တဲ့။ မုဆိုးပြေးလျှင် ဆင်က ရပ်နေပြန်တယ်။ ဒီတော့ မုဆိုးက စဉ်းစားတယ်။ ''ဒီဆင်ဟာ ငါပြေးယင် သူရပ်တယ်၊ ငါရပ်ယင် သူလာတယ်။ ကေန္တ ငါ့ကို နှိပ်စက်ဖို့ လာဟန်မတူ။ ငါ့ကို ကူညီဖို့ လာဟန်တူတယ်''လို့ စဉ်းစားမိပြီး မပြေးတော့ပဲ ရပ်နေသတဲ့။

ဒီလို မုဆိုးရပ်နေတဲ့အခါ ဆင်းမင်းကလဲ ချစ်ခင်တဲ့ အမူအရာနှင့် နားရွက်များကို လှုပ်လျက် အမြီးကို ရမ်းကာ ဖြေးညှင်း သာယာစွာ အနားကို လာပြီး ''အသင်လူသား၊ ဘာကြောင့် ငိုသလဲ''လို့ မေးသတဲ့။ မုဆိုးကလဲ ''အသင် ဆင်မင်း၊ ကျွန်ုပ် မျက်စိ လည်နေပါတယ်၊ မိမိ မြို့ရွာ ဗာရာဏသီ ပြည်ဟာ ဘယ်မှာရှိတယ် ဆိုတာကို မသိတာနဲ့ ငိုပါတယ်''လို့ ပြန်ပြောတယ်တဲ့ မောင်စိန်ရဲ့။ [မှန်ပါဘုရား။]

ဒီတော့ ဆင်မင်းက "အသင်မုဆိုး၊ မပူနဲ့ ငါပို့ပေးပါမယ်၊ သို့သော် ကတိတခုတော့ ပေးရမယ်။ ဗာရာဏသီပြည်ကို ပြန်ရောက်တဲ့အခါ တောထဲမှာ ဆင်ဖြူတော် တွေ့ခဲ့တယ် ဆိုတာကို ရှင်ဘုရင်ကို မပြောရဘူး"၊ အဲဒီလို ပြောတော့ မုဆိုးကလဲ "မပြောပါဘူး၊ အသင်ဆင်မင်း၊ မိမိရဲ့ သားမယားနှင့် တွေ့ရယင် တော်ပါပြီ"လို့ ကတိပေးတာပေါ့။ ဒါနဲ့ ဆင်က လူတက်လို့ရအောင် မြေပြင်မှာ ဝပ်ပြီး "အသင် လူသား၊ ငါ၏ ဦးခေါင်းပေါ်ကို တက်ခဲ့၊ ဗာရာဏသီပြည်ကို သွားရအောင်"လို့ ခေါ်သဖြင့် မုဆိုးလဲ ဆင်ဦးခေါင်းပေါ်တက်ပြီး ထိုင်သတဲ့။

မုဆိုး တက်ထိုင်ပြီးတဲ့အခါ ဆင်မင်းကလဲ ထပြီး တရွေ့ရွေ့နှင့် ဗာရာဏသီပြည် ရှိရာကို ဦးတည်ပြီး သွားတာပေါ့။ ထိုအခါ မုဆိုးက ကြံစည်တယ်။ "အင်း....ဒီဆင်ဖြူတော်ကြီး အကြောင်းကိုသာ ရှင်ဘုရင်ကို သံတော်ဦးတင်ရလျှင် ငါတသက်လုံး စားလောက်တဲ့ ရွာစား ဆုတော့ ရမှာ သေချာတယ်၊ ပြစမ်းဆိုယင် လမ်းပြနိုင်အောင် သစ်ခက် အမှတ်အသားကို လုပ်မှတော်မယ်"လို့ ကြံစည်ပြီး သစ်ခက်တွေကို ခုတ်ချတာပေါ့ကွဲ့။ လူတွေကို ကယ်ဆယ်ရတာလဲ ကြောက်စရာ မကောင်းပါလား။ [ကြောက်စရာပါဘုရား။]

အဲဒီလို လူကို ကျောကုန်းပေါ်မှာ တင်ပြီး သွား၍ ဗာရာဏသီပြည်သို့ သွားသောလမ်းသို့ရောက်တဲ့အခါ ဆင်မင်းက "အသင်လူသား၊ ဤလမ်းဟာ ဗာရာဏသီပြည်သို့ သွားသော လမ်း ဖြစ်တယ်၊ ကဲ.... သွားပေတော့" လို့ ဆိုကာ လူဆင်းစေရန် ဝပ်ပြီး ပေးသတဲ့။ ဒီတော့ မုဆိုးလဲ ဆင်၏ ကျောကုန်းပေါ်မှ ဆင်းပြီး အိမ်သို့ ပြန်သွားရော့တဲ့။

မုဆိုး အိမ်ရောက်တဲ့အခါ ဗာရာဏသီမင်း၏ မင်္ဂလာဆင်တော် သေသဖြင့် မင်းက လူတယောက်ကို မောင်းခတ်ခိုင်းသတဲ့။ ဘယ်လို မောင်းခတ်သလဲဆိုတော့ "တိုင်းသူပြည်သား လူအများတို့၊ ငါတို့ ဘုရင်၏ မင်္ဂလာဆင်တော် သေဆုံးပါသဖြင့် အကြင် သူသည် တစုံ တခုသော အရပ်၌ မင်္ဂလာဆင်ပြုခြင်းငှာ လျောက်ပတ်သော ဆင်ကို တွေ့မြင်ဌြားအံ့၊ ထိုသူသည် ပြောကြားစေသတည်း၊ ထိုသူအား အခွန်တသိန်းထွက်သော ရွာကြီးကို ဆုပေးသနားမည်"လို့ မောင်းခတ်တယ်တဲ့။

ဒီအခါ မုဆိုးဟာ ဝမ်းသာစွာနှင့် မင်းထံချဉ်းကပ်၍ "အသင်မင်းကြီး၊ ကျွန်ုပ်သည် မင်္ဂလာဆင်ပြုခြင်းငှာ လျောက်ပတ်သော ကိုယ်လုံးဖြူ၍ သီလ

ရှိသော ဆင်ဖြူတော်ကြီးကို မြင်ခဲ့ပါတယ်။ ကျွန်ုပ် ခရီးညွန်အုံ၊ ကျွန်ုပ်နှင့်ဟာကွ ဆင်ဆရာတို့ကို စေခိုင်း၍ ဆင်ဖြူရတနာကို ယူတော်မူပါ”လို့ လျှောက်တင်တယ်တဲ့ မောင်စိန်ရဲ့။ [မှန်ပါ၊ ကတိမရှိသော သူများဟာ ကြောက်စရာပါဘုရား။]

မင်းလည်း ကောင်းပြီဆိုပြီး ဤသူကို ခရီးညွန်ပြု၍ ဤသူ ပြောသော ဆင်ကို ဆောင်ခဲ့ကြလို့ ဆို၍ မုဆိုးနှင့်တကွတကွ များစွာသော အခြံအရံတို့ဖြင့် ဆင်ဆရာကို စေခိုင်းသတဲ့။

ဆင်ဆရာတို့ဟာ မုဆိုးနှင့်အတူတကွ သွား၍ ပဒုမ္မာကြာတောသို့ ဝင်တဲ့အခါ အစာကို ယူနေသော ဘုရားလောင်းကို မြင်ကြရသဖြင့် “ဟာ....အလွန်လှတဲ့ ဆင်ကြီးပါလား”လို့ ချီးမွမ်းပြီး ကြည့်နေကြသတဲ့။ ဘုရားလောင်းကလဲ ဆင်ဆရာတွေကို မြင်ရတော့ “ဤဘေးရန်သည် ငါကယ်မလိုက်သော ယောကျ်ားမှ လာသော ဘေးရန်ဖြစ်တယ်၊ တခြားမှလာတာမဟုတ်။ ငါသည် ကြီးမားသော ခွန်အားဗလရှိတယ်၊ ဆင်တထောင်ကို ဖျက်ဆီးခြင်းငှာ စွမ်းနိုင်တယ်၊ အမျက်ထွက်၍ တိုင်းနိုင်ငံနှင့်တကွ စစ်သည်ဗိုလ်ပါ ဆင်, မြင်းတို့ကို ဖျက်ဆီးခြင်းငှာစွမ်းနိုင်တယ်၊ ထိုသို့ စွမ်းနိုင်သော်လည်း အမျက်ထွက်က ငါ၏ သီလပျက်စီးတော့မယ်၊ ထိုကြောင့် ငါ၏ ဦးခေါင်းကို လှံမတို့ဖြင့် ထိုးသော်လည်း အမျက်မထွက်အံ့”လို့ ဓိဋ္ဌာန်တော်မူပြီးလျှင် ဦးခေါင်းကို ညွတ်တော်မူ၍ မတုန်မလှုပ် ရပ်နေတယ်တဲ့။

ဆင်ဆရာတို့လည်း ပဒုမ္မာကြာအိုင်သို့ သက်ဆင်း၍ ဘုရားလောင်း၏ ကြံ့အင်လက္ခဏာနှင့် ပြည့်စုံခြင်းကို မြင်၍ “ချစ်သား လာလှည့်”လို့ ဆိုကာ ငွေပန်းထိုင်းနှင့် တူသော နှာမောင်း၌ ထိုင်ပြီး ခေါ်ဆောင် သွားကြရာ ခုနစ်ရက်ကြာသောအခါ ဗာရာဏသီပြည်ကို ရောက်ကြတယ်တဲ့။

ဘုရားလောင်း၏ မယ်တော်လည်း သား မလာသည် ရှိသော် “ငါ၏ သားကို မင်း၏ အမက် စသည်တို့သည် ဆောင်ယူသွားတာ ဖြစ်မှာပဲ”လို့ အောက်မေ့ပြီး သားကို လွမ်းတာနဲ့ ငိုကြွေးရှာသတဲ့။ ဟုတ်မှာပေါ့၊ ဒါကြောင့် ပညာရှိများက အောက်ပါ ဂါထာကို သီကုံးခဲ့တာပေါ့ မောင်စိန်ရဲ့။

မာတာကော မာတုယာလောကော၊ ဝိနာပုတ္တေန ပုတ္တိကာ။
နာနာဘာဝေါ ဝိနာဘာဝေါ၊ သော လောကဿမမ္မတာ။
လောကော၊ ဖြစ်ကြလျှင်ပျက် ဆက်ကြလျှင်ပြေ ကြည်သာလျှင် ဒုက္ခနှင့်

ရှုပ်လှသည့် လူ့လောကကြီးအတွင်း၌။ မာတိကော၊ ယုယပိုက်ထွေး ကြည်ဖြူစွာမွေးခဲ့ကြတဲ့ ကျေးဇူးနှင့် မေတ္တာ လူတို့ရွာမှာ အသရေလင်းပေသည့် အမေရင်း အဖေရင်းရှိသော သားသမီးများသည်ကား။ မာတုယာ၊ သားတို့ ရုပ်ရည် သီတာမည်သား ရေကြည်ချမ်းမြ တပေါက်ကျက မိဘတို့ဝမ်း ငြိမ်းစတမ်းဟု မျှော်မှန်းကာ အထင်ကြီးနှင့် အခင်ကြီးခင်ခဲ့ကြသော မိခင်, ဘခင်များနှင့်။ ဝိနာ၊ အဖေ, အမေ အရင်းပေမယ့် ကွေကွင်း ကွဲကွာကြရလေကုန်၏။ ပုတ္တိကာ၊ တမိုးအောက်တွင် တမြေပြင်ဝယ် မယှဉ်နိုင် ငါ့သားဟု ဆပ္ပွားကာ တအားရှိကြသည့် သားသမီးရှိသော မိခင်,ဘခင်များသည်ကား။ ပုတ္တေန၊ ရင်သွေးဟူက ချစ်မဝသည့် လောကထုံးစံ သက်နှံ့တဖြာ ရတနာတော်ဝင် သားမျက်ရှင် သမီးမျက်ရှင်များနှင့်။ ဝိနာ၊ အခြေအနေယှင်းသဖြင့် ကွေကွင်းကွဲကွာကြရလေကုန်၏။ နာနာဘာဝေါ၊ ပစ္စည်းရှာ ပညာအတွက် ကယ်ကြောင့် ရက်ပိုင်း လပိုင်းဆွဲပြီး ကွဲကွာရခြင်းဆိုတဲ့ ရှင်ကွဲမျိုးသည် လည်းကောင်း။ ဝိနာဘာဝေါ၊ သေသူကပူ ရှင်သူကတ နှမြောကြ နှစ်ဦးပင် မကြည်လင် အခြေလွဲ၍ သေကွဲ ကွဲရခြင်းသည် လည်းကောင်း။ အတ္ထိ၊ အကွဲ နှစ်မျိုးတို့ဖြင့် မလွဲရှိးကေန် စင်စစ်မှန်၏။ သော၊ ဤကွဲ့သို့ သေကွဲ ရှင်ကွဲ အနဲနဲဖြင့် ကွဲကွာရခြင်းသည်။ လောကဿဓမ္မတာ၊ သောကနှင့် မျောကြတဲ့ လောကကြီး၏ ဓမ္မတာသဘောတံထွာ ဓမ္မတာကြီးပေတကား။

## သာဓု၊ သာဓု၊ သာဓု။

ဆင်ဆရာလည်း မြို့သို့မရောက်မီ လမ်းခုလတ်ကပင် ဆင်ဖြူတော်ရကြောင်း သတင်းစကားကို မင်းထံ ပို့သတဲ့။ မင်းကလဲ သတင်း ကြားလျှင်ကြားခြင်း ဆင်ဖြူတော်နှင့် တန်သော ဆင်တင်းကုပ်ကို ပြုလုပ်၍ ရာဇမတ်ကာခြင်း, သဲဖြူ ခင်းခြင်း, မျက်နှာကျက်မိုးခြင်း, ရေပြည့်အိုးထားခြင်း စသော ဆင်အား ချီးမြှောက်မှုကို စီရင်ထားနှင့်တယ်တဲ့။ ဆင်ဖြူတော် ရောက်၍ ဆင်တင်းကုပ်မှာ ထားပြီးသောအခါ ဆင်ဆရာက ဆင်ဖြူတော်ကို သနပ်ခါးရေဖြင့် ချီးစေပြီး မင်းအား ဆင်ဖြူတော် ရောက်ကြောင်းကို သံတော်ဦးတင်တဲ့အခါ မင်းဟာ အထူးထူး အရသာရှိသော ဘောဇဉ်ကို ယူဆောင်လျက် ဘုရားလောင်းအား ပေးစေတယ်။ ဘုရားလောင်းက "မယ်တော်နှင့် ကင်းပြီး အစာကို မစားအံ့"ဟု ကြံစည်ပြီးလျှင် အစာကို မယူပဲ နေသတဲ့။ အဲဒီလို အစာကို မယူပဲနေတော့ မင်းက ဘုရားလောင်းကို တောင်းပန်လိုသော ကြောင့် အောက်ပါ ဂါထာကို ရွတ်ဆိုတယ်။

ဂဏှာဟိ နာဂ ကဗဋ္ဌံ၊ မာ နာဂ ကိသကောဘဝ။
ဗဟူနိ ရာဇကိစ္စာနိ၊ တာနိ နာဂ ကရိဿတိ။

ဘောနာဂ၊ ငွေတောင်ထွဋ်ကြီးကဲ့သို့ ဖြူဖွေးသော အဆင်းရှိသော အို....ဆင်မင်း။ ကဗဋ္ဌံ၊ အားဖြစ်စေတတ် ဘောဇဉ်မြတ်ကို။ ဂဏှာဟိ၊ ကောင်းစွာမသွေ ယူစားလေလော့။ ဘောနာဂ၊ စိန်တုံးနမူ ကိုယ်လုံးဖြူဝင်းတဲ့ အို....ဆင်မင်း။ ကိသကော၊ အားအင်မရှိ ခါးတွေချိ၍ နှလုံးတုန်ရီ ပိန်ချုံး လှီသည်။ မာဘဝ၊ မဖြစ်ပါစေနဲ့။ ရာဇကိစ္စာနိ၊ မင်း၏ ကိစ္စအဝဝတို့သည်။ ဗဟူနိ၊ ပေါများထွေထွေ များလှချေ၏။ နာဂ၊ ငါ၏သားနှင့် မခြား မယွင်း အို....ဆင်မင်း။ တာနိ၊ ထိုမင်းမှုကိစ္စဟူသမျှတို့ကို။ တွံ၊ သင်ဆင်မင်း သည်။ ကရိဿတိ၊ မုချပုံသေ ပြုရလိမ့်မည် တကား။

သာဓု၊ သာဓု၊ သာဓု။

အဲဒီလို မင်းက ဂါထာနှင့် ပြောတော့ ဆင်မင်းကလဲ အောက်ပါ ဂါထာဖြင့် ပြန်ပြောသတဲ့။

သာနူနသာ ကပဏိကာ၊ အန္ဓာ အပရိဏာယိကာ။
ခါဏုံ ပါဒေန ဃဋ္ဋေတိ၊ ဂိရိံ စဏ္ဍောရကံ ပတိ။

မဟာရာဇ၊ ဗာရာဏသီ ပူရီသေနင်းပြည့်ရှင်မင်း။ ကပဏိကာ၊ တကောင် တည်းတည်း ဖော်မမှီးပဲ အထီးကျန်ထသော။ အန္ဓာ၊ မျက်စိနှလုံး တိမ်တွေ ဖုံး၍ ရုံလုံးမမြင်ထသော။ အပရိဏာယိကာ၊ အစာကျွေးသူ ရေပေးသူလည်း မရှိထသော။ သာ၊ ထိုအိုမင်းကုန်းကွ ဆင်အိုမသည်။ စဏ္ဍောရကံ၊ စဏ္ဍောရကာ အမည်ရှိသော။ ဂိရိံ၊ သစ်ပင် များမြောင် မြတ်သော တောင်သို့။ ပတိ၊ ရှေးရှုမနား တိုးကာသွား၍။ ခါဏုံ၊ လေလိမ် ချိုး၍ ကျိုးကာပျက်စီး သစ်ငုတ်ကြီးကို။ ပါဒေန၊ ခြေထောက်ဖြင့်။ ဃဋ္ဋေတိနူန၊ ခတ်မိသဖြင့် ကွဲပျက်လေအံ့သတည်း။

သာဓု၊ သာဓု၊ သာဓု။

အဲဒီလို ဘုရားလောင်းက ဂါထာဖြင့် ပြောတော့ မင်းက "အို....ဆင်မင်း၊ ဒီ ဆင်အိုမနှင့် ဘယ်လိုတော်သလဲ" လို့ မေးတာပေါ့။ ဒီတော့ ဘုရား လောင်းက "အို....မင်းမြတ်၊ အဲဒီ ဆင်မဟာ ငါ၏ အမေ ဖြစ်ပါတယ်၊ ဒီဆင်မကြီးကိုအစာရှာကျွေးရခြင်း, ရေချိုးပေးရခြင်း, ညအိပ်ခါနီး အိပ်ပျော် လွယ်အောင် နှာမောင်းဖြင့် နှိပ်ပေးရခြင်း, အလုပ်ကို နေ့စဉ် လုပ်ပေးနေရ

ပါတယ်။ ငါသာ မရှိလျှင် ဘယ်သူ လုပ်ကျွေးမလဲ။ လုပ်ကျွေးသူ မရှိလျှင် အစာငတ် ရေငတ်ပြီး မကြာမီ သေသွားမှာပေါ့။ ဒီအရေးတွေကို တွေးပြီး မစားနိုင်အောင် ပူဆွေးနေပါတယ်''လို့ ဆင်မင်းက ပြောတော့ မင်းဟာ ဆင်မင်းကို ကြည်ညိုတဲ့ စိတ်တွေ ဖြစ်လာတယ်တဲ့ မောင်စိန်ရဲ့။ [ကြည်ညိုစရာပါ ဘုရား။]

အဲဒီလို ကြည်ညိုတဲ့ စိတ်တွေ ဖြစ်လာပြီး ''အို....အမတ်တို့၊ အမိကို လုပ်ကျွေးသော ဆင်ကို လွှတ်ကြ၊ ဆွေမျိုး အပေါင်းနှင့် ချမ်းသာစွာ နေပါစေ၊ ငါတို့ လူတွေတောင် ဒီဆင်လောက် မလိမ္မာ''ဟု ပြောဆိုပြီးလျှင်၊ ''အို.... တိုင်းသူ ပြည်သားတို့၊ ရင်းဆင်နေရာ ရေအိုင်နားတွင် ရွာတည်ထောင်ပြီး ဆင်သားအမိကို အစာရေစာပေး၍ အလှည့်ကျ လုပ်ကျွေးရမယ်၊ ဆင်နောက် လိုက်မယ့် လူများကို အခွန်တော်လွှတ်၍ အလိုရှိသော မျိုးရိက္ခာပေးရမယ်''လို့ ကြေငြာရာ အိမ်ခြေတထောင် လိုက်ပါသွားသတဲ့။

ဘုရားလောင်းက မင်းကြီးအား ရာဇဓမ်တရား (၁၀) ပါးကို ဟောကြားပြီး လူအပေါင်း ခြံရံလျက် မိမိ နေရာသို့ ပြန်သွားတယ်။ မင်းနှင့်တကွ လူပေါင်းများစွာလည်း ပန်းနံ့သာတို့ဖြင့် ပူဇော်ကြကုန်လျက် အတန်ငယ် ဝေးအောင် လိုက်ပို့ကြသတဲ့။ အဲဒီလို မင်းနှင့်တကွသော လူတို့၏ အပူဇော် ခံရတာဟာ အမိကို လုပ်ကျွေးလို့ မဟုတ်လား မောင်စိန်ရဲ့။ [ဟုတ်ပါတယ် ဘုရား။]

ကောင်းတဲ့ အလုပ်ကို လုပ်ယင် ကောင်းတာ ဖြစ်တာပေါ့။ အမေ ဖြစ်တဲ့ ဆင်မကြီးလဲ သားမရှိတဲ့ နေ့ကစပြီး အစာလဲမစားရ, ရေလဲမသောက်, မချိုးရတော့ အားပျော့ပြီး နေရာမှာ ခွေခွေကလေး အိပ်နေရှာသတဲ့။ ဘုရားလောင်းဟာ မိမိနေရာသို့ ရောက်တဲ့အခါ ပဒုမ္မာကြာအိုင်ထဲမှ အေးမြတဲ့ ရေကို နှာမောင်းဖြင့် စုတ်ယူပြီး အိပ်နေတဲ့ အမေရဲ့ ကိုယ်ကောင်ပေါ်သို့ မိုးရွာသည့်နှယ် မှုတ်ချလိုက်တယ်။ ဒီတော့ ဆင်မကြီးက မိုးရွာတယ် ထင်ပြီး မိုးကို ဆဲတယ်တဲ့။

ကောယံ အနရိယော ဒေဝေါ၊ အကာလေန ပဝဿတိ။

ဂတော မေ အတြဇော ပုတ္တော၊ ယောမယှံ ပရိစာရကော။

မေ၊ ငါ၏။ အတြဇော၊ ရင်မှဖြစ်သော။ မယှံ၊ ငါ့ကို။ ပရိစာရကော၊ လုပ်ကျွေးတတ်သော။ ယောပုတ္တော၊ အကြင်သားကောင်းသည်။ ဂတော၊

အရပ်တပါးသို့ သွားလေ၏။ အနရိယော၊ ယုတ်မာသော။ ယောဒေဝေါ၊ အကြင်မိုးသည်။ အကာလေန၊ အခါမဟုတ်ပါပဲ။ ပဝဿတိ၊ ရွာ၏။ သောဒေဝေါ၊ ထိုမိုးသည်။ ကော၊ ထုံးစံကိုချိုး ရွာသွန်းဖြိုးသည် ဘာမိုး ဖြစ်လေသနည်း။

အဝိပ္ပါယ်ကတော့ ငါ့ကို လုပ်ကျွေးတဲ့ သား လိမ်မာကလေးကို မင်းခစားတို့ ခေါ်ဆောင်သွားသဖြင့် ဘယ်ကိုမှ မသွားတတ်ပဲ လွင်တီးခေါင်မှာ အိပ်နေရပါတယ်။ အချိန်အခါမဟုတ် ထုံးစံမဟုတ်ပဲ ရွာတဲ့ မိုးဟာ ဘာမိုး တဲ့လဲလို့ ညည်းတွားတာပေါ့။ ဒီတော့ ဘုရားလောင်းက "အမေ ထလော့၊ သားပြန်ခဲ့ပြီ၊ ကာသိမင်းကြီးက အမေကို လုပ်ကျွေးတဲ့အတွက် ပြန်ပြီး လွှတ်လိုက်တယ် အမေ" လို့ ပြောသဖြင့် ဆင်မကြီးက ဗာရာဏသီမင်းကို အောက်ပါ ဂါထာဖြင့် အနုမောဒနာပြုသတဲ့။

စိရံ ဇီဝတု သောရာဇာ၊ ကာသီနံ ရဋ္ဌဝဍ္ဎနော။
ယော မေ ပုတ္တံ အမောစေသိ၊ သဒါ ဝုဍ္ဎာပစာယိကံ။

ကာသိနံ၊ ကာသိတိုင်းသူတို့၏။ ရဋ္ဌဝဍ္ဎနော၊ ပြည် တိုင်းကား၏အကျိုးကို ဆောင်တော်မူထသော။ ယောရာဇာ၊ အကြင် မင်းကြီး သည်။ သဒါ၊ အခါခပ်သိမ်း။ ဝုဍ္ဎာပစာယိကံ၊ အမိကို အရိုအသေပြုသော။ မေ၊ ငါ၏။ ပုတ္တံ၊ သားကို။ အမောစေသိ၊ လွှတ်လိုက်ပေ၏။ သောရာဇာ၊ ထိုမင်းသည်။ စိရံ၊ ကြာမြင့်စွာ။ ဇီဝတု၊ အသက်ရှည်ကြာ နေရပါစေသား။

အဲဒီလိုဆင်သားအမိ ဝမ်းမြောက်ဝမ်းသာ ဖြစ်ကြပြီးတဲ့နောက် တိုင်းပြည်မှ ပါလာသူ အပေါင်းတို့ကိုလည်း ရွာနေရာချ ထားပေးတယ်။ လူတွေကလဲ ရွာတည်၍ အိမ်တွေ ဆောက်ကြပြီး တဲ့နောက် ဘုရားလောင်း သားအမိကို လုပ်ကျွေးကြတယ်တဲ့။

မင်းကြီးလည်း ဘုရားလောင်းဆင် ပြန်သွားပြီးတဲ့နောက် ဆင်ရုပ်ထု၍ ကိုးကွယ်သတဲ့။ အဲဒီလိုနှင့် နေလာကြရာ အတော်ကြာတော့ ခန္ဓာငါးပါးတို့၏ ထုံးစံအတိုင်း ဆင်မကြီးဟာ မရဏသဘောသို့ လိုက်လျောပြီးသွားတယ်။ အဲဒီလို ဆင်မကြီး သေသွားတော့ ဘုရားလောင်းဟာ မိခင်ကို သင်္ဂြိုဟ်ခြင်း အမှုကိုပြုပြီး အနီးအနားမှာ သီတင်းသုံးကြတဲ့ ရသေ့ ရဟန်း ငါးရာကိုပင့်ပြီး ရွာသားများကို အပ်နှင်းသတဲ့။ "အမောင်လူသားတို့၊ အသင်တို့သည် ဟော

ဒီရသေ့ငါးရာကိုပဲ ငါ၏ကိုယ်စား ကိုးကွယ်ကြပေတော့။ ငါမူကား ဆင်အခြံအရံ ဖြစ်ခဲ့ဘူးတဲ့ တပည့်များထံသို့ သွားတော့မယ်''လို့ ပြောဆိုပြီး ဆင်များထံသွားတယ်။

ဇာတ်ကို ပေါင်းလိုက်တဲ့အခါ အမိကို လုပ် ကျွေး သော ဆင်သည် ငါဘုရားဖြစ်၍၊ ဆင်မကြီးကား မယ်တော်မာယာ ဖြစ်တယ်။ ဗာရာဏသီမင်းကား အာနန္ဒာဖြစ်၍၊ မုဆိုးကား ဒေဝဒတ်ဖြစ်တယ်လို့ ဇာတ်ကို ပေါင်းတော်မူတယ်။ အဲဒီဝတ္ထုမှာ ဘုရားလောင်းဟာ ဆင်ဖြစ်ပါလျက် မင်းနှင့်တကွသော လူတို့၏အပူဇော်ကို ခံရတာဟာ အမိကိုလုပ်ကျွေးတဲ့ မာတာပိတုဉပဋ္ဌာန်ဆိုတဲ့ မင်္ဂလာကုသိုလ်ကို ပြုတဲ့အတွက် မင်္ဂလာရှိသော အပူဇော်ကို ခံရတာပဲ။

မြတ်စွာဘုရားကလဲ ''ကုသလာ အနဝဇ္ဇ သုခ ဝိပါက လက္ခဏာ'' လို့ ဟောတော်မူတယ်။ ''ကုသလာ အနဝဇ္ဇ သုခ ဝိပါက လက္ခဏာ = အပြစ်မရှိခြင်း ကောင်းသောအကျိုးကို ပေးခြင်း လက္ခဏာ ရှိကုန်သော။ ဓမ္မာ နိဿတ္တနိဇ္ဇီဝသဘာဝါ = သတ္တလဲမဟုတ်, ဇီဝလဲ မဟုတ်ကုန်သော သဘောတရားတို့သည်။ သံဝိဇ္ဇန္တိ၊ ရှိကုန်၏''တဲ့။ ဩကာသ လောကဟု ဆိုအပ်သော ဘုံသုံးဆဲ့တစ်အတွင်းမှာ တကယ်ရှိတဲ့ ပရမတ္ထတရားတွေကို တူရာတူရာ စုလိုက်ယင် သုံးမျိုးသုံးစားကို တွေ့ရတယ်။ သုံးမျိုးသုံးစားဟာ ဘယ်ဟာ တွေလဲ ဆိုယင်....

၁။ အပြစ်မရှိ ကောင်းသော အကျိုးကို ပေးတတ်တဲ့ ကုသိုလ်စိတ် ၂၁ တို့မှာယှဉ်တဲ့ စေတသိက် ၃၈ ပါးက တစု။

၂။ အပြစ်ရှိ၍ မကောင်းသောအကျိုးကို ပေးတတ်တဲ့ အကုသိုလ်စိတ် ၁၂ တို့မှာယှဉ်တဲ့ စေတသိက် ၂၇ ပါးက တစု။

၃။ ကုသိုလ်လဲမဟုတ်, အကုသိုလ်လဲ မဟုတ်သော ဝိပါက်စိတ် ၃၆, ကြိယာစိတ် ၂၀ တို့မှာ ယှဉ်သော စေတသိက် ၃၅, ရုပ် ၂၈, နိဗ္ဗာန်ဟုဆိုအပ်သော အဗျာကတ တရားတွေက တစု, ပေါင်းလိုက်တော့ သုံးစုပဲ ရှိတယ်။

အဲဒီ ကုသိုလ်,အကုသိုလ်,အဗျာကတဆိုတဲ့ တရားသုံးပါးက လွဲ၍ လူနတ်ဗြဟ္မာဟုဆိုအပ်သော ပုဂ္ဂိုလ်, သတ္တဝါ, ငါ, သူတပါး, ယောကျ်ား, မိန်းမ, အသက်လိပ်ပြာ, အတ္တ,ဇီဝ မရှိပါဘူး။

မောင်စိန်ရေ....မင်း ခန္ဓာကိုယ်မှာ ကုသိုလ်, အကုသိုလ်, အဗျာကတ တရားတွေ ခွဲကြစို့လား။ [ခွဲပြပါဘုရား။] မောင်စိန်၏ မျက်စိကရုပ် အဗျာကတတရား၊ မင်း၏မျက်စိနှင့် အပြင်ဘက်က ရူပါရုံနှင့် ပေါင်းမိတော့ မြင်စိတ်ဖြစ်မလာဘူးလား။ [ဖြစ်ပါတယ်ဘုရား။] အဲဒီ မြင်စိတ်က ဝိပါက် အဗျာကတ တရား၊ အဲဒီလို ရူပါရုံကိုမြင်တော့ ရူပါရုံကလှယင် မချစ်ဘူးလား။ [ချစ်ပါတယ် ဘုရား။] ရူပါရုံက ရွံစရာ ကောင်းယင် မမုန်း ဘူးလား။ [မုန်းပါတယ် ဘုရား။] အဲဒီမုန်းစိတ်, ချစ်စိတ်က အကုသိုလ်တရား။ တခါတရံ ရုပ်ပွားဆင်းထုကို ဖူးမြင်ရတဲ့အခါ "အော်....ဘုရားရှင် ကိုယ်တော်မြတ်ကြီးဟာ သက်တော်ထင်ရှား ရှိစဉ်က ဤကဲ့သို့ တင့်တယ်မှာပဲ" လို့ စိတ်မဖြစ်ဘူးလား။ [ဖြစ်ပါတယ်ဘုရား။] အဲဒါက ကုသိုလ်တရား၊ မင်းခန္ဓာကိုယ်မှာ တကယ်ရှိတရားကို ရှာလိုက်ယင် ဒီသုံးပါးကိုပဲ တွေ့ရတယ်။ ဒီသုံးပါး ကလွဲပြီး ဘာကိုမှမတွေ့ရဘူး။ ဒီသုံးပါးကိုလဲ မြဲသလား, မမြဲဘူးလား ဆိုတာ စေ့စစ်ပြီးကြည့်ရမယ်။ စိစစ်တာသည်ပင် သမ္မာသင်္ကပ္ပမဂ္ဂင်ကို ပွားတာပဲ။ ကဲ...စိစစ်ကြစို့။

ချစ်စရာကောင်းတဲ့ အာရုံများနှင့် ကြုံတွေ့ရတဲ့အခါ နှစ်သက်တဲ့ လောဘစိတ် ဖြစ်မလာဘူးလား။ [ဖြစ်ပါတယ် ဘုရား။] ချစ်စရာကောင်းတဲ့ အာရုံနှင့် မကြုံခင်က ဒီလောဘစိတ် ရှိနှင့်သလား။ [မရှိသေးပါ၊ အာရုံနှင့် ကြုံမှ ဖြစ်လာတာပါဘုရား။] ဒီအာရုံနှင့်ကင်းကွာတော့ ဒီလောဘစိတ် ကလေးဟာ ချုပ်မသွားပါလား။ [ချုပ်သွားပါတယ် ဘုရား။] ဒီတော့ ဒီလောဘဆိုတဲ့ အကုသိုလ်တရားဟာ အာရုံနှင့်တွေ့ဆဲ ပစ္စုပ္ပန် ခဏတွင် သာရှိ၍ ထာဝရရှိမဟုတ်၊ ခဏရှိ မမြဲတဲ့တရားဆိုတာ မထင်ရှားပါလား။[ထင်ရှားပါတယ်ဘုရား။]

ရုပ်ပွားဆင်းထုကို မမြင်မီက မင်းသန္တာန်မှာ ဘုရားကို ကြည်ညိုတဲ့ ကုသိုလ်စိတ် ရှိနှင့်သလား။ [မရှိသေးပါဘုရား။] ရုပ်ပွား ဆင်းထုကို မြင်မှ ကြည်ညိုတဲ့ကုသိုလ်စိတ် ဖြစ်လာတာ မဟုတ်လား။ [ဟုတ်ပါတယ် ဘုရား။] အာရုံနှင့်ကင်းသွားယင် ဒီကုသိုလ်စိတ်ဟာ ချုပ်မသွားပါလား။ [ချုပ်သွားပါတယ်ဘုရား။] ဒီတော့ ဒီကုသိုလ်စိတ်ဟာ အာရုံနှင့်တွေ့ဆဲ ပစ္စုပ္ပန် ခဏတွင်သာရှိ၍ ထာဝရရှိမဟုတ် ခဏရှိ မမြဲတရားဆိုတာ မထင်ရှား ပါလား။ [ထင်ရှားပါတယ်ဘုရား။]

ရူပါရုံကိုမြင်တတ်တဲ့ ဝိပါက်အဗျာကတစိတ်ကလဲ ရူပါရုံနှင့် မျက်စိနှင့် မတွေ့ခင် မျက်စိထဲမှာ ရှိနှင့်သလား။ [မရှိနှင့်ပါဘုရား။] မီးခြစ်ဆံနှင့်

မီးခြစ်ခံ့ ယမ်းထိကြမှ မီးပွင့်သလို မျက်စိနှင့်ရူပါရုံ ပေါင်းဆုံမိမှ ဖြစ်လာတာမဟုတ်လား။ [ဟုတ်ပါတယ်ဘုရား။] အာရုံနှင့် ကင်းသွားယင် ဒီစိတ်ကော ချုပ်မသွားလား။ [ချုပ်သွားပါတယ် ဘုရား။] ဒီတော့ ဝိပါက်အဗျာကတစိတ်ဟာလဲ အာရုံနှင့်တွေ့ဆဲ ပစ္စုပ္ပန်ခဏမှာသာ ရှိ၍ ထာဝရရှိမဟုတ်၊ ခဏရှိ၊ မမြဲတဲ့တရားဆိုတာ မထင်ရှားပါလား။ [ထင်ရှားပါတယ်ဘုရား။]

မင်း၏မျက်စိနှင့်တကွ တကိုယ်လုံးရှိ ရုပ်အဗျာကတ တရားကြီးကလဲ နေ့စဉ်ထမင်းကျွေးပြီး မပေးရပါလား။ [ကျွေးပေးရပါတယ် ဘုရား။] မြဲယင်ကျွေးစရာ လိုသေးသလား။ [မြဲယင် ကျွေးစရာ မလိုပါဘုရား။] မင်း၏ရုပ်ခန္ဓာကြီးဟာ တရွယ်နှင့်တရွယ် ရုပ်ချင်းတူ ရဲ့လား။ [မတူပါဘုရား။] မတူတာဟာ မြဲလို့လား,မမြဲလို့လား။[မမြဲလို့မတူတာပါဘုရား။]မမြဲလို့ ပျိုရာက အိုကြရတယ်။ မာရာက နာကြရတယ်။ ရှင်ရာက သေကြရတယ်။ ဒီလိုအိုရ,နာရ,သေကြရတာဟာ ချစ်စရာလား, ကြောက်စရာလား။ [ကြောက်စရာပါဘုရား။]

"အော်....ငါ၏ ခန္ဓာကိုယ်ကြီးမှာ ကြောက်စရာကောင်းတဲ့ အိုဘေး, နာဘေး,သေဘေးတွေ အမြဲရှိနေပါကလား" လို့ သံဝေဂဉာဏ်နှင့် မြင်ယင် ဒုက္ခသစ္စာကို မဂ္ဂသစ္စာနှင့် မြင်တာပဲ။ သံဝေဂဉာဏ်မပါယင် သညာသိမျှသာရှိသေးတယ်။ သံဝေဂဉာဏ် ပေါ်လာအောင် ဘာဝိတာ ဗဟုလီကတာ ဖြစ်အောင် လုပ်ရမယ်။ မအိုအောင်, မနာအောင်, မသေအောင် တားမြစ်လို့ကော ရပါမလား။ [မရပါဘုရား၊ သူ့သဘောအတိုင်း အိုချိန် ကျယင်အို၍၊ နာချိန်ကျယင်နာပြီး၊ သေချိန် ကျယင် သေရမှာပါဘုရား။]

အဲဒါ အနတ္တသဘောပဲ။ ဒီကုသိုလ်,အကုသိုလ်, အဗျာကတ တရားသုံးပါးသည် အကြောင်းတရား မထောက်ပံ့မီက မရှိသေး။ အကြောင်း တရားထောက်ပံ့မှ ဖြစ်လာပြီး။ အကြောင်းကင်းတာနှင့် တပြိုင်နက်၊ ချုပ်ပျောက်သွားတော့ ဘယ်ကလာပြီး ဘယ်ကိုသွားသလဲ။ [ဘယ်ကမှမလာပါ၊ ဘယ်ကိုမှလဲ မသွားပါ၊ ဒီနေရာတွင်ဖြစ်ပြီး ဒီနေရာတွင်ပဲ ချုပ်ပျောက်ပါတယ်ဘုရား။]

မိုးရွာခါနီး ဖြစ်ပေါ်လာတဲ့ လျှပ်စစ်ရောင်ဟာ အနှစ်သာရ ရှိရဲ့လား။ [မရှိလို့ အခုဖြစ်ပြီး အခုပျက်သွား ပါတယ်ဘုရား။] အဲဒီလိုပဲ၊ သင်္ခါရမတ်တို့မည်သည်မှာ အနှစ်သာရမရှိဘူး။ အခုဖြစ်ပြီး အခုပျက်သွားတာပဲ။ ဘယ်ကမှ လာတာ မဟုတ်ဘူးလို့ ပိုင်ပိုင်နိုင်နိုင် သိယင် အတိတ်၌ ယုံမှားခြင်း ကင်းတော့တာပေါ့ မောင်စိန်ရဲ့။ [မှန်ပါဘုရား။]

ဘယ်ကိုမှ မသွားဘူးလို့ ပိုင်ပိုင်နိုင်နိုင်သိယင် အနာဂတ်၌ ယုံမှားကင်းတော့တာပေါ့။ ပစ္စုပ္ပန်ခဏမှာ ရှိတာလဲ မိမိအစွမ်းသတ္တိနှင့် ဖြစ်တာမဟုတ်၊ အကြောင်း ဟာရးက ထောက်ပံ့ လို့သာ ဖြစ်နိုင် တာလို့ ပိုင်ပိုင်နိုင်နိုင် သိယင် ပစ္စုပ္ပန်၌ ယုံမှားကင်းတော့တာပေါ့ မောင်စိန်ရဲ့။ [ဝမ်းသာ စရာပါဘုရား။]

ဒီကုသိုလ်၊အကုသိုလ်၊ အဗျာကတ တရားသုံးပါးသည် ပုဂ္ဂိုလ်၊သတ္တဝါ၊ ငါ၊ သူတပါး၊ ယောကျ်ား၊ မိန်းမ၊ အသက်လိပ်ပြာ၊ အတ္တဇီဝမဟုတ်၊ အကြောင်းတရား ထောက်ပံ့သဖြင့် အကြောင်းအား လျော်စွာ ဖြစ်ပေါ်လာသော အကျိုးတရားစုသာလို့ ပိုင်ပိုင်နိုင်နိုင်သိယင် ဒိဋ္ဌိ သေတော့ တာပေါ့။ ဒိဋ္ဌိ၊ဝိစိကိစ္ဆာ ၂ ပါးသေသူကို ဘယ်လိုခေါ်သလဲ။ [သောတာပန်လို့ ခေါ်ပါတယ်ဘုရား။]

သောတာပန်တည်လျှင် သစ္စာလေးပါးကို သိပြီးသူဖြစ်တယ်။ ဘယ်လိုသိသလဲဆိုတော့ ငါ၏သန္တာန်မှာ ရှိတဲ့ ကုသိုလ်၊ အကုသိုလ်၊ အဗျာကတ တရားသုံးပါးသည် ဖြစ်ခြင်းရှိလို့ ပျက်ခြင်းရှိသလို အလုံးစုံသော ဖြစ်ခြင်းရှိတဲ့ တရားမှန်ယင် ပျက်မှာချည်းပဲဟု မြင်သိတာဟာ ဒုက္ခသစ္စာကို ပိုင်းခြား၍ သိသည် မည်တယ်။

အဲဒီလို ဒုက္ခသစ္စာကိုသိယင် မသိခင်တုန်းက အနှစ်သာရ ရှိတယ်လို့ စွဲလမ်းနေတဲ့ အစွဲအလမ်း သမုဒယသစ္စာဟာ ချုပ်သွားတယ်။ သမုဒယချုပ်ယင် ချုပ်ရာဖြစ်တဲ့ နိရောဓသစ္စာကို မျက်မှောက်ပြုရတယ်။ ဥပမာ—အမှောင်ချုပ်လျှင် အလင်းကိုတွေ့ရသလို၊ အပူချုပ်ယင် အအေးကိုတွေ့ရသလို၊သမုဒယ သစ္စာ အပူချုပ်ယင် နိရောဓသစ္စာ အအေးကိုတွေ့ရတော့တာပဲ။

အဲဒီလို သစ္စာလေးပါးကိုသိတော့ သစ္စာလေးပါးကို ဖုံးကွယ်သော အဝိဇ္ဇာသေတယ်။ အဝိဇ္ဇာသေယင် သင်္ခါရ သေတယ်။ သင်္ခါရ သေယင် ဝိညာဏ်သေပြီး၊ ပဋိစ္စသမုပ္ပါဒ် ထောင်ကြီး ပေါက်တော့ တာပေါ့။ သံသရာ့ထောင်ပေါက်မှ နိဗ္ဗာန်တည်းဟူသော အပြင်ကို ရောက်ကြမှာ ဖြစ်ကြလေသောကြောင့် ဤဒါန, ဤသီလ, ဤဘာဝနာ ကြောင့် သံသရာ့ထောင် ပေါက်၍ နိဗ္ဗာန် တည်းဟူသော အပြင်ဘက်သို့ ရောက် လွယ် ကြပါစေသတည်း။ ။

သာဓု၊ သာဓု၊ သာဓု။

"မိဘကျေးဇူး မြင့်မိုရ်ဦးတရားတော်" ပြီး၏။

# "ဗုဒ္ဓဂုဏော အနန္တော"

ဧဝံ အစိန္တိယာ ဗုဒ္ဓါ၊ ဗုဒ္ဓဂုဏာ အစိန္တိယာ။
အစိန္တိယေ ပသန္နာနံ၊ ဝိပါကော ဟောတိ အစိန္တိယော။

ဧဝံ၊ ဂုဏ်တော်မြတ် အစိန္တေ သိရှိသရေကအဓိကဟာမို့ သိကြသည့် အတိုင်းသာလျှင်။ ဗုဒ္ဓါ၊ ကိုးကွယ်သူ အနန္တတို့မှာ အမှန်ပ မညှိုးငယ်ပဲ တန်ခိုးကြွယ်ကာ တအားသစ်နိုင်တဲ့ ဘုရားစစ်ဘုရားမှန်ဟူသမျှတို့သည်။ အစိန္တိယာ၊ အတွေးဉာဏ် မရောက်အားနိုင်ဘူး ထောက်ထားစရာဉာဏ်မှီအောင် ကြံစည်ခြင်း မပြုနိုင်ကြလေကုန်။ ဗုဒ္ဓဂုဏာ၊ ဘုရားရှင်၏ ပုံသဏ္ဍာန် ဟောသမျှ ဒေသနာဉာဏ်တွေကို ရှာဖွေကြံလျှင် မပြတ်မြင်ကြ ရသည့် ရှင်တော်မြတ်၏ ဂုဏ်တော် အပေါင်းတို့သည်။ အစိန္တိယာ၊ အတွေးဉာဏ် မရောက်အားနိုင်ဘူး ထောက်ထား စရာ ဉာဏ်မှီအောင် ကြံစည်ခြင်း မပြုနိုင်ကြလေကုန်။ အစိန္တိယေ၊ မကြံအပ် မကြံသာ ဉာဏ်ပထျာဖြန့်မရသည့် အနန္တ ဂုဏ်တော် အပေါင်း၌။ ပသန္နာနံ၊ စိတ်စေတနာ သဒ္ဓါမျှ၍ အနိဋ္ဌေဘယာပကြအောင် ဂါရဝမှီခိုလျက် ကြည်ညိုကြတဲ့ ပုဂ္ဂိုလ်အပေါင်းတို့အား။ ဝိပါကော၊ လောကီစခန်းမှာတော့ ဘေးဘယာတွေပျောက်, လောကုတ္တရာ စခန်းမှာ အေး အမတာရောက်၍ တွေးကာထောက်လျှင် စိတ်ရှိတိုင်း အမြင်မို့ သိဒ္ဓိဂုဏ်းဝင်ဖြစ်တဲ့ အကျိုးတရားတို့သည်။ အစိန္တိယော၊ တန်ခိုးတော်အဖုံဖုံ ဂုဏ်တော် အနန္တဟာမို့ အမှန်ပ မပြီး နိုင်ပဲ ညည်းမှိုင်၍ နေစရာသည်။ ဟောတိ၊ ဘယ်လိုပင် ဉာဏ် မကစားနှင့်တော့ အမှန်အားဖြင့် ဖြစ်တော့မည် ဧကန်တည်း။

သာဓု၊ သာဓု၊ သာဓု

မောင်စိန်ရေ။ [ဘုရား။] ဒီနေ့တော့ မြတ်စွာဘုရား၏ ဂုဏ်တော်တွေဟာ ကြီးကျယ်ကြောင်းကို ဟောရလိမ့်မယ်ကွဲ့။ [ဟောတော်မူပါ ဘုရား။]

မြတ်စွာဘုရား၏ ဂုဏ်တော်ကျေးဇူးတော်တွေဟာ ဘယ်လောက်ကြီးကျယ်သလဲဆိုတော့ ဘုရားတဆူဟာ ဘုရားတဆူ၏ ဂုဏ်တော်တွေကို တကမ္ဘာလုံး ထိုင်ပြီး ဟောသော်လဲ မကုန်နိုင်ဘူးတဲ့။ ကဲ....ဘယ်လောက် ကြီးကျယ်သလဲ။ [မှန်ပါ၊ ကြီးကျယ်ပါပေတယ် ဘုရား။] ဒါကြောင့် ဗုဒ္ဓဂုဏော အနန္တောလို့ ဆိုတာပေါ့ မောင်စိန်ရဲ့။ [မှန်ပါ၊ ဆိုထိုက်ပါတယ် ဘုရား။]

သို့သော်လဲ ယုန်သူငယ်များ သမုဒ္ဒရာထဲသို့ ဆင်းပြီး ရေသောက်တဲ့အခါ သူတို့၏ခြေထောက်နှင့် မှီသလောက်သာဆင်းပြီး သောက်နိုင်ကြသလို ငါတို့လဲ ငါတို့၏ ဉာဏ်မှီသလောက်ပဲ ဟောနိုင်မှာပေါ့ကွယ်။ [မှန်ပါ၊ သူနိုင်တဲ့ဝန် သူထမ်း, ငါနိုင်တဲ့ဝန်ကို ငါထမ်းရမှာပါ ဘုရား။]

လောကကြီးမှာ ဖြစ်ရပုံကို ဥပမာပေးရလျှင် မိုးတိမ်ရှိတော့ မိုးရွာတယ်။ မိုးရွာတော့ မျိုးစေ့တွေ အပင်ပေါက်တယ်။ အပင်ပေါက်လျှင် အသီး သီးပြန်တယ်။ အသီးက အပင်ပေါက်။ အပင်က အသီးသီးနှင့်။ သစ်ပင် သံသရာကြီး မဆုံးသလို သတ္တဝါတို့၏ ခန္ဓာအစဉ်မှာလဲ အဝိဇ္ဇာဆိုတဲ့ မိုးတိမ်က အနုသယအားဖြင့် အမြဲကိန်းနေလေတော့ တဏှာမိုး, ဒိဋ္ဌိမိုးက ရွာတယ်။ အဲဒီ မိုးတွေ မိတော့ ကုသိုလ် မျိုးစေ့, အကုသိုလ် မျိုးစေ့တွေဟာ သင်္ခါရ ဖြစ်ကုန်တာပေါ့။ သင်္ခါရဆိုတာ အပင်ပေါက်ရအောင် ပွလာတဲ့ မျိုးစေ့နှင့် တူတယ်။

သင်္ခါရဖြစ်ယင် ဝိညာဏ် ဖြစ်တယ်။ ဝိညာဏ်ဖြစ်လျှင် နာမ်ရုပ် ဖြစ်တယ်။ နာမ်ရုပ်ဖြစ်လျှင် သဠာယတနဖြစ်တယ်။ သဠာယတနဖြစ်လျှင် ဖဿဖြစ်တယ်။ ဖဿဖြစ်လျှင် ဝေဒနာ ဖြစ်တယ်။ ဝေဒနာဖြစ်လျှင် တဏှာဖြစ်တယ်။ တဏှာ ဖြစ်လျှင် ဥပါဒါန် ဖြစ်တယ်။ တဏှာ ဥပါဒါန် ဆိုတဲ့ မီးတောက်လာလျှင် အဝိဇ္ဇာ ဆိုတဲ့ အခိုး ဖြစ်လာပြန်တာပေါ့။ အခိုး ဖြစ်လာယင် မိုးရွာပြန်အုံး မှာပဲ။ အဲဒီတော့ ဂျာအေးသီချင်းလို သံသရာကြီးဟာ လုံးလယ်လိုက်ပြီး မနေ ပါလား။ [နေပါတယ်ဘုရား။]

အဲဒီလို လုံးလယ်လိုက်နေသဖြင့် မဆုံးနိုင်တော့ ဒုက္ခပင်လယ်ကျောမှာ သတ္တဝါတွေ မထွက်နိုင်ကြဘူး။ လူတွေလဲ မထွက်နိုင်၊ နတ်တွေလဲ မထွက်နိုင်၊ ဗြဟ္မာတွေလဲ မထွက်နိုင်။ မြတ်စွာဘုရား ပွင့်လာမှ သံသရာ ဝဲဩဃထဲမှ ထွက်

နိုင်ကြတော့ ဘုရား၏ ကျေးဇူးဂုဏ်ဟာ ဘယ်ပြောလို့ ကုန်နိုင်ပါမလဲ မောင်စိန်ရဲ့။ [မကုန်နိုင်ပါဘုရား]။

ဘာကြောင့် သတ္တဝါတွေဟာ ဘုရားပွင့်မှသာ ကျွတ်နိုင်ကြသလဲဆိုတော့ ပဋိစ္စသမုပ္ပါဒ်၏ သော့ချက်က အဝိဇ္ဇာဖြစ်တယ်။ အဝိဇ္ဇာဆိုတာက သစ္စာလေးပါးကို မသိတာကို ခေါ်တယ်။ သစ္စာလေးပါးကို ဆရာမရှိ မိမိအလိုလို သိတာကလဲ ဘုရား တပါးပဲ ရှိတယ်။ ရှင်သာရိပုတ္တရာတောင် သူ့ဘာသာသူ မသိ၊ ရှင်အဿဇိနှင့် တွေ့မှ သိရတယ်။ ဒါကြောင့် သတ္တဝါတွေဟာ ဘုရားပွင့်မှ ကျွတ်ရတာ ဖြစ်တယ်။ အဝိဇ္ဇာ သော့ကို ဖွင့်တာကလဲ တပုံစံတည်းဖွင့်လို့ မရဘူး။ သတ္တဝါတွေက စရိုက်အမျိုးမျိုးရှိလေတော့ ပုံစံအမျိုးမျိုးနှင့် ဖွင့်ရတယ်။ အဲဒီ ပုံစံ အမျိုးမျိုးကိုလဲ ဘုရားမှ လုပ်နိုင်တယ်။ ဘာကြောင့်လဲ၊ မြတ်စွာဘုရားမှသာ ဂုဏ်တော်ကိုးပါးနှင့် ပြည့်စုံလေတော့ ပူဇော်တဲ့ သတ္တဝါတွေ ကျွတ်ပုံကို ပြောအုံးမယ်။ [ဟောတော်မူပါဘုရား။]

မြတ်စွာဘုရားဟာ သာဝတ္ထိပြည် ကဏ္ဍမ္ဗမည်သော သရက်ဖြူပင်ရင်းမှာ တန်ခိုးပြမှာတဲ့လို့ကြေငြာလိုက်တော့လာလိုက်ကြတဲ့လူထုကြီးဟာ ၃၆ယူဇနာ ရှိသတဲ့။ နတ်ဗြဟ္မာတွေဆိုတာ ကောင်းကင်နှင့်အပြည့်။ နည်းတဲ့ ပရိသတ်ကြီး မဟုတ်ဘူး။ ဒီလောက် ကြီးကျယ်တဲ့ ပရိသတ်ဟာ ဘယ်လူမင်း, နတ်မင်း, ဗြဟ္မာမင်းမှာမှ မရှိဘူး။ အဲဒီ ပရိသတ်ကြီး၏ အလယ်မှာ မြတ်စွာဘုရားက အရှေ့စကြဝဠာတောင်ထိပ်မှ အနောက် စကြဝဠာ တောင်ထိပ်အထိ ရတနာစင်္ကြံကြီး ဖန်ဆင်းပြီး၊ အဲဒီ စင်္ကြံပေါ်မှာ စင်္ကြံသွားယင်း ရေမီး အစုံ အစုံသော တန်ခိုးပြာဋိဟာကို ပြလျက် သတ္တဝါတွေ၏ စရိုက်တွေကို ကြည့်ပြီး နိမ္မိတဘုရားတဆူ ဖန်ဆင်းကာ သတ္တဝါတွေ၏ စရိုက်နှင့်လျော်အောင် ပုစ္ဆာမေးစေတယ်။ မြတ်စွာဘုရားက ဖြေတော်မူတယ်။ မြတ်စွာဘုရား၏ အဖြေကို ကြားရလျှင် များစွာသော လူတွေ, နတ်တွေ, ဗြဟ္မာတွေ ကျွတ်တန်းဝင်ကြတယ်။

အဲဒီလိုနဲ့ နိမ္မိတဘုရားက မေးလိုက်, မြတ်စွာဘုရားက ဖြေလိုက်နှင့် အမေးအဖြေလုပ်ပြီး သတ္တဝါတွေကို သစ္စာလေးပါးပြလိုက်တာ သတ္တဝါတွေ ကုဋေပေါင်း ရှစ်သောင်းလေးထောင် ကျွတ်တန်းဝင်ကြတယ်။ အဲဒီ သတ္တဝါတွေ ကျွတ်တန်း ဝင်ကြတာဟာ မြတ်စွာဘုရား အရဟံ ဂုဏ်တော်နှင့် ပြည့်စုံလို့ ကျွတ်တန်းဝင်ကြတယ်။ ကဲ.... မြတ်စွာဘုရား၏ ဂုဏ်တော် ကျေးဇူးတော်ကြီးဟာ နဲသလား မောင်စိန်ရဲ့။ [အင်မတန် ကြီးကျယ်ပါတယ်ဘုရား။]

အဲဒီလို သတ္တဝါတွေကို ကျွတ်တန်းဝင်စေပြီး တာဝတိံသာ နတ်ပြည်သို့ ကြွသွားတော်မူလျက် တာဝတိံသာ နတ်ပြည်မှာ အဘိဓမ္မာ (၇) ကျမ်းကို ဟောတော်မူတယ်။ တရားဟောပြီး လူ့ပြည်သို့ ပြန်ကြွတဲ့အခါမှာလဲ စောင်းတန်းသုံးသွယ်ဖြင့် ဆင်းတော်မူတယ်။ မြတ်စွာဘုရားကို လိုက်ပို့ကြတဲ့ နတ်တွေဆိုတာ ကောင်းကင်နှင့် အပြည့်။ လူ့ပြည်ကလဲ စကြဝဠာ တသိန်းက လူထုကြီးဟာ ကြိုဆိုကြတယ်။ အဲဒီ ပူဇော်ပွဲမျိုးဟာလဲ မြတ်စွာဘုရားသာ အပူဇော်ခံရတာပါ။ ဘယ်လူမင်း, နတ်မင်း, ဗြဟ္မာမင်းမှ မခံရပါဘူး။ အပူဇော်ကို ခံထိုက်တယ် ဆိုတာဟာ ပူဇော်တဲ့ သတ္တဝါတွေကို အကျိုးရှိစေမှသာ အပူဇော်ခံထိုက်တယ်။ ပူဇော်တဲ့ သတ္တဝါတွေကို အကျိုးမရှိစေယင် အပူဇော်ကို မခံထိုက်ဘူး။ အဲဒီ တာဝတိံသာမှ ဆင်းလာလို့ စောင်းတန်းအဆုံးမှာ ရှင်သာရိပုတ္တရာနှင့် အမေးအဖြေ လုပ်တော့လဲ သတ္တဝါတွေများစွာ ကျွတ်တန်းဝင်ကြတယ်။ အဲဒီလို ပူဇော်တဲ့ သတ္တဝါတွေ အကျိုးရှိတဲ့အတွက် မြတ်စွာဘုရားဟာ အရဟံ ပူဇော် အထူးကို ခံတော်မူထိုက်တယ် မောင်စိန်ရဲ့။ [မှန်ပါဘုရား။]

ပြီးတော့ သတ္တဝါတို့ကို လမ်းပြတယ်ဆိုတာ မျက်စိမြင်သူကလမ်းပြမှ ဘေးရန်ကင်းပြီး လိုရာကိုရောက်တယ်။ မြတ်စွာဘုရားဟာ သိစရာမှန်သမျှ သိတော်မူတယ်။ လောကကြီးမှာ သိစရာတရားတွေကို တူရာတူရာ ပေါင်းလိုက်ယင် ငါးမျိုးရှိတယ်။ သင်္ခါရကိုင်းကြီးက တကိုင်း၊ ဝိကာရကိုင်းကြီးက တကိုင်း၊ လက္ခဏာကိုင်းကြီးက တကိုင်း၊ နိဗ္ဗာန ကိုင်းကြီးကတကိုင်း၊ ပညတ်ကိုင်းကြီးက တကိုင်း၊ ပေါင်းကိုင်းငါးကိုင်းပဲ ရှိတယ်။ တကိုင်း တကိုင်းမှာ သိစရာ အပွင့်အဖူးကလေးတွေကတော့ အများကြီးပဲ။

အဲဒီလို သိစရာတွေကို စာရင်းလုပ်ပြ နိုင်တာဟာ ဘုရားရှင်တပါးပဲ ရှိပါတယ်။ ဘယ်လူ့, ဘယ်နတ်, ဘယ်ဗြဟ္မာမှ စာရင်းလုပ်ပြီး မပြနိုင်ဘူး။ မြတ်စွာဘုရားသာ “ယာဝတ္တကံ ဉေယျံ တာဝတ္တကံ ဉာဏံ ယာဝတ္တကံ ဉာဏံ တာဝတ္တကံ ဉေယျံ” ဖြစ်တယ်။ သိစရာရှိသလောက် သိတယ်။ သိသလောက်ပဲ သိစရာရှိတယ်။ သိစရာဟာ ဉေယျဓံ တရား ငါးပါးပဲ။ အဲဒီဉေယျဓံ တရားငါးပါးကို မြတ်စွာဘုရား သိတော်မူတော့ သတ္တဝါတွေ၏ အားထားရာအစစ် ဖြစ်ကြီး ဖြစ်တော်မူတာပေါ့။ သတ္တဝါတွေ အပေါ်မှာ ဘယ်လောက် ကျေးဇူးများသလဲ။ ဒါကြောင့်လဲ ဗုဒ္ဓဂုဏော အနန္တောလို့ ဆိုတာပေါ့ မောင်စိန်ရဲ့။ [မှန်ပါ၊ ကျေးဇူးအလွန်များပါတယ် ဘုရား။]

ပြီးတော့ လောကမှာ အသိသာရှိ၍ အကျင့်မရှိယင် မျက်စိသာရှိ၍ ခြေထောက်မရှိတဲ့ လူနှင့် တူတယ်။ အကျင့်သာရှိ၍ အသိမရှိပြန်ယင်လဲ ခြေထောက်သာရှိ၍ မျက်စိမရှိတဲ့ လူနှင့် တူတယ်။ အဲဒီလို အင်္ဂါမစုံတဲ့ လူဟာ ရှေ့သွား ခေါင်းဆောင် မလုပ်ထိုက်ဘူး။ ငါတို့၏ မြတ်စွာဘုရား ကတော့ မျက်စိနှင့်တူတဲ့ ဝိဇ္ဇာသုံးပါး, ဝိဇ္ဇာရှစ်ပါးလဲ ရှိတယ်။ ခြေထောက်နှင့် တူတဲ့ စရဏတရား တဆယ့်ငါးပါးလဲ ရှိတယ်။ လောကသုံးပါး၏ ရှေ့သွားခေါင်းဆောင် လုပ်ထိုက်တဲ့ အင်္ဂါတွေစုံတယ်။ အဲဒီလို အင်္ဂါတွေစုံတော့ သတ္တဝါတွေဟာ များစွာ အကျိုး ရှိတယ်။ ကျေးဇူး တွေများတယ် မောင်စိန်ရဲ့။ [မှန်ပါ ဘုရား၊ အားကိုးလောက်တာကို အားကိုးရမှ ကျေးဇူးများပါတယ် ဘုရား။]

လောကမှာ စကားခြောက်မျိုးရှိတယ်။

၁။ မဟုတ်မမှန်၊ အကျိုးမရှိ၊ သူတပါးမနှစ်သက်။
၂။ ဟုတ်မှန်၏၊ အကျိုးမရှိ၊ သူတပါးမနှစ်သက်။
၃။ ဟုတ်မှန်၏၊ အကျိုးရှိ၏၊ သူတပါးမနှစ်သက်။
၄။ မဟုတ်မမှန်၊ အကျိုးမရှိ၊ သူတပါးနှစ်သက်၏။
၅။ ဟုတ်မှန်၏၊ အကျိုးမရှိ၊ သူတပါးနှစ်သက်၏။
၆။ ဟုတ်မှန်၏၊ အကျိုးရှိ၏၊ သူတပါးနှစ်သက်၏။

အဲဒီ စကားခြောက်ခွန်းတို့တွင် သတ္တဝါတွေအကျိုးရှိတဲ့ စကားကိုသာ မြတ်စွာဘုရား ပြောတော်မူတယ်။ မြတ်စွာဘုရား ပြောသမျှ စကားတို့သည် သတ္တဝါတွေမှာ အကျိုးရှိလေတော့ မြတ်စွာဘုရားဟာ သတ္တဝါအပေါင်း တို့၏ ကျေးဇူးရှင်ကြီး မဖြစ်ပါလား။ [ကျေးဇူးရှင်ကြီး အစစ် ဖြစ်ပါတယ် ဘုရား။]

မြတ်စွာဘုရား၏ ဂုဏ်ကျေးဇူးတွေကို ပြောယင် မဆုံးနိုင်ပါဘူး။ ယခု ပြောခဲ့တာတွေက နက်နဲတယ်။ "နမော ဗုဒ္ဓဿ" လို့ နှုတ်ကဆိုတာနဲ့ ဘေး အန္တရာယ်တွေ ကင်းတဲ့ ထင်းလှည်းသမား၏ သားအကြောင်းကို ဟောရ အုံးမယ်။ [ဟောတော်မူပါဘုရား]

ရာဇဂြိုဟ်ပြည်၌ သမ္မာဒိဋ္ဌိ အယူရှိသူ၏သားနှင့် မိစ္ဆာဒိဋ္ဌိ အယူ ရှိသူ၏ သား။ ၎င်းသား နှစ်ယောက်တို့သည် သူငယ်ချင်းဖြစ်၍ ဂုံညင်း ကစားကြ သတဲ့။ ကစားတဲ့အခါ သမ္မာဒိဋ္ဌိ၏သားက "နမောဗုဒ္ဓဿ" လို့ ဆိုပြီး ထိုး တော့ အမြဲတမ်းနိုင်တယ်။ မိစ္ဆာ ဒိဋ္ဌိ၏သားက သူတို့ကိုးကွယ်တဲ့ ဂိုဏ်းဆရာကို

ရည်ညွှန်းပြီးတော့ "နမော အရဟန္တာနံ"လို့ ဆိုပြီးထိုးတော့ အမြဲ ရှုံးသတဲ့။ ရှုံးဖန်များတော့ "ငါလဲ သူငယ်ချင်းဆိုသလို ဆိုမှဖြစ်မယ်"လို့ အောင့်မေ့ပြီး၊ ဗုဒ္ဓါနုဿတိ ကမ္မဋ္ဌာန်းကို လေ့လာပြီး "နမောဗုဒ္ဓဿ" အဆိုကို လေ့ကျက်တယ်။

အဲဒီလို လေ့ကျက်နေတုန်း သူ၏အဖေက ထင်းတိုက်သွားရာကို ခေါ်သဖြင့် လိုက်သွားသတဲ့။ သားအဘ နှစ်ယောက် ထင်းတိုက်ပြီး ပြန်လာကြရာ မြို့၏အနီး သုသာန်သို့ရောက်တော့ နေကလဲမွန်းတည့်။ အနီးအနား မှာလဲ ရေကလည်း ရှိသဖြင့် နွားကိုလှည်းမှချွတ်ပြီး လွှတ်ထား၊ သူတို့ သားအဘ နှစ်ယောက်လဲ ထမင်းစားကြတယ်။ ထမင်းစားပြီးတော့ နွားတွေ အစာဝ အောင် စားစေဖို့ ညောင်ပင်အောက်မှာ တုံးလုံးလှဲပြီး နေကြတာပေါ့။ နေက လေးတိမ်းစောင်းသွားတော့ နွားတွေက အဖော်နွားတွေနှင့် အတူ မြို့ထဲသို့ ပြန်သွားကြတာပေါ့။ ထင်းလှည်းသမားလဲ သားကလေးကို လှည်းမှာထား ခဲ့ပြီး နွားနောက်ကို လိုက်သွားရာ အိမ်ရောက်မှနွားများကို မိတယ်။ အိမ် ရောက်မှနွားများကို ပြန်ပြီး သချိုင်းကို မောင်းလာရာ မြို့တံခါးစောင့်က အချိန်ရောက်တော့ ပိတ်တာပေါ့။ တံခါးပိတ်ထားတော့ မြို့အပြင်ကို မထွက် နိုင်သဖြင့် အိမ်သို့ ပြန်ရပြန်တယ်။

သချိုင်းက ထင်းလှည်းအောက်မှာ စောင့်နေရတဲ့ သားကလေးမှာ အဖေ ပြန်လာနိုး ပြန်လာနိုးနှင့် မျှော်နေရာ ညအချိန်က သားကလေးကို ဖုံးအုပ် သွားတော့ သားကလေးလဲ တုံးလုံးလှဲယင်းက အိပ်ပျော်သွားရော့။ ညအ ချိန်မှာ ကျက်စားနေကျ ဘီလူးနှစ်ကောင်ကလဲ အစာရှာ ထွက်လာ ကြသ တဲ့။ ဘီလူးတကောင်က သမ္မာဒိဋ္ဌိအယူရှိတယ်။ ဘီလူးတကောင်က မိစ္ဆာ ဒိဋ္ဌိအယူရှိတယ်။ အဲဒီ မိစ္ဆာဒိဋ္ဌိ အယူရှိတဲ့ဘီလူးက လှည်းအောက်မှာ အိပ် နေတဲ့ သားက လေးကို မြင်တော့ "ဟေ့....သူငယ်ချင်း၊ အစာတော့ရပြီ ကွဲ့"လို့ လှမ်းပြောသတဲ့။ ဒီတော့ သမ္မာဒိဋ္ဌိ ဘီလူးက "မလုပ်ပါနဲ့ ကွယ်"လို့ တားသတဲ့။ တားပေမယ့်မရဘူး။ မိစ္ဆာဒိဋ္ဌိ ဘီလူးက သားက လေး၏ ခြေထောက်ကို ဝင်ဆွဲပါရော့။

အိပ်ပျော်နေတဲ့ သားကလေးက ယောင်ယမ်းပြီး သူ လေ့ကျက်နေတဲ့ "နမောဗုဒ္ဓဿ"ကို ဆိုလိုက်တယ်တဲ့။ ဒီတော့ သမ္မာဒိဋ္ဌိဘီလူးက "ကဲ... မင်းသူ တော်ကောင်းကို ပြစ်မှားတာ။ ဒေဝဒဏ် သင့်ပြီ၊ ဝေဿဝဏ် နတ်မင်းသိ ယင် မင်းဦးခေါင်းကို ခုနစ်စိတ် ခွဲလိမ့်မယ်။ အဲဒီတော့ ဒို့ဒဏ်ထမ်းမှ တော်

မယ်၊ ဒီကလေးလဲ ထမင်းဆာလှပြီ၊ မင်းက အမေယောင်ဖန်ဆင်း၊ ငါက အဖေယောင် ဖန်ဆင်းမယ်၊ အဲဒီလို မိဘယောင် ဖန်ဆင်းပြီး ထမင်းကျွေးရ အောင်၊ သွား....ထမင်းရှာချေ''လို့ ခိုင်းသတဲ့။

ဒီတော့ မိစ္ဆာဒိဋ္ဌိဘီလူးလဲ ဗိမ္ဗိသာရမင်း နံနက် လင်းလျှင်စားဖို့ ပြင်ထား တဲ့ ပွဲတော်အုပ်က ထမင်းဟင်းတွေကို ရွှေဖလားထဲထည့်ပြီး ယူလာခဲ့တယ် တဲ့။ သင်္ချိုင်းသို့ရောက်တဲ့အခါ ဘီလူးနှစ်ကောင်က မိဘယောင် ဖန်ဆင်းပြီး သားကလေးကိုနှိုး၍ ထမင်း ကျွေးကြတယ်။ သား ကလေး ကလဲ မိဘထင်ပြီး ထမင်းကိုဝအောင်စားပြီး ပြန်အိပ်ရာ အိပ်ပျော်သွားသတဲ့။ သား ကလေး အိပ်ပျော်တဲ့အခါ ဘီလူးနှစ်ကောင်က ရွှေဖလားမှာ မင်းကြီးသာ မြင်ရ၍ အခြားသူမမြင်ရအောင် သူတို့၏တန်ခိုးနှင့် ဖလားအကြောင်းကို စာရေး ထားတယ်။ အဲဒီလို စာမရေးထားယင် ဒီကလေး မင်းဘေးသင့်မှာ စိုးရ သကိုးကွဲ့ မောင်စိန်ရဲ့။ [မှန်ပါတယ်ဘုရား။]

ဘီလူးနှစ်ကောင်လဲ အဲဒီလိုစာရေးပြီး မိုးလင်းခါနီးတော့ ကလေးမနိုး မီ တခြားသို့ သွားကြတော့တာပေါ့။ အိမ်က မိဘနှစ်ပါးမှာ ကလေးအ တွက် ရတက်မအေးနိုင်သဖြင့် ကောင်းမွန်စွာ အိပ်၍မရပဲ မိုးအလင်း တံခါး အဖွင့်ကိုသာ စောင့်နေ ကြတာပေါ့။ တံခါးဖွင့် တာနှင့် တပြိုင်နက် သား ကလေးရှိရာ ပြေးလာပြီး သားကလေးကို ယူယတာပေါ့၊ ''သားလေး ည တုန်းက တယောက်ထဲ အိပ်ရတာမကြောက်ဘူးလား''လို့ မေးတော့ သား ကလေးက ''ညတုန်းက အမေရော အဖေရော ကျွန်တော့်ကို ထမင်းကျွေးပြီး အနားမှာနေကြတာပဲ။ ဘယ်ကြောက် မလဲ၊ ကျွန်တော် ထမင်း စားတဲ့ ရွှေဖလားကြီးတောင် လှည်းပေါ်မှာ ရှိသေးတယ်''လို့ ပြောတော့ မိဘနှစ် ပါးမှာ အံ့အားသင့်နေတယ်တဲ့။ အံ့အားလဲသင့်စရာ ပဲကွဲ့ မောင်စိန်ရဲ့။ [မှန်ပါ၊ အံ့အားသင့်စရာပါပဲ ဘုရား။]

စားတော်ကဲကလဲ မင်းကြီး အိပ်ရာက ထလျှင် ပွဲတော်ဆက်ဖို့ ပွဲတော်အုပ်ကို သွား ကြည့်ရာ ဘာမှ မရှိ၊ ရွှေ ဖလားပါ ပျောက် နေတာကို တွေ့ရတော့ ကြောက်ကြောက် လန့်လန့်နဲ့ မင်းကြီးထံသို့ ပြေးပြီး ပွဲတော်အုပ်ထဲမှာ ဘာမှ မရှိတော့တဲ့ အကြောင်းနှင့် ရွှေဖလားပါ ပျောက်နေကြောင်းကို သံတော်ဦး တင်တယ်။ ဒီတော့ ဘုရင်ကြီးကလဲ အမတ်တွေ အမြန်ခေါ်ပြီး နန်းတွင်း နန်းပြင် ရှာစေလို့ အမိန့် ချမှတ်တော့တာပေါ့။ အမတ်တွေလဲ မြို့တံခါးတွေ

ဝိတ်ပြီး ရှာပါသော်လည်း မြို့တွင်းမှာ မတွေ့သဖြင့် မြို့ပြင်ဘက်ကို ရှာရာ သင်းလှည်းပေါ်မှာ ရွှေဖလားကြီးကို တွေ့ရတော့ သားအမိ၊ သားအဖ သုံးယောက်စလုံးကို ဖမ်းပြီး ရွှေဖလားကြီးကို ထမ်းကာ နန်းတွင်းသို့ ခေါ်၍ ဘုရင်ထံ သွင်းကြတာပေါ့။

ဘုရင်ထံရောက်တော့ အမတ်တွေက "မင်းကြီးဘုရား၊ ဟောဒါက ရွှေဖလား၊ ဟောဒါက ရွှေဖလားသူခိုးတွေပါဘုရား" လို့ အမှုသယ်တွေကို အပ်နှင်းတယ်။ မင်းကြီးကလဲ ပျောက်တဲ့ ရွှေဖလားပြန်ရတော့ ဝမ်းမြောက် ဝမ်းသာနှင့် ရွှေဖလားကြီးကို ကိုင်ကြည့်ရာ ဘီလူးများရေးထားတဲ့စာတန်းကို တွေ့တယ်။ စာတန်းကို တွေ့သော်လည်း မသိလေဟန်ပြုပြီး "မင်းတို့ ဘာပြု၍ ငါ၏ ရွှေဖလားကို ခိုးရသတုန်း" လို့ မေးတော့၊ သားကလေးက "မင်းကြီး ဘုရား၊ မိဘနှစ်ပါး ညက ယူလာခဲ့တာပါ" လို့ လျှောက်သတဲ့။ မိဘနှစ်ပါးကို မေးတော့ မိဘနှစ်ပါးက "ညက ကျွန်တော်မျိုးတို့ အိမ်က ဘယ်ကိုမှ မသွားနိုင်ပါ၊ ကျွန်တော်မျိုးတို့တော့ မခိုးတာ အမှန်ပါဘုရား" လို့ လျှောက်ထားကြသတဲ့။

ဒီတော့ မင်းကြီးက "ငါမေးရမယ့် တာဝန်ရှိလို့ မေးတာ၊ ငါအကြောင်းစုံကို သိပြီးပြီ၊ မင်းတို့ သားအဖ အပြစ်မရှိဘူး၊ သို့သော်လဲ မင်းတို့ သားအမိ၊ သားအဖ သုံးယောက်စလုံး မြတ်စွာဘုရားထံ လိုက်ခဲ့ကြ" လို့ ဆိုပြီး ဘုရားထံကို သွားကြတယ်။

မြတ်စွာဘုရားထံ ရောက်တော့ မင်းကြီးက သူငယ်ကလေး၏ ဖြစ်ပုံကို လျှောက်ထားပြီး မြတ်စွာဘုရားရှင်၏ ဂုဏ်တော်ကို အဖန်တလဲလဲ အောက်မေ့တတ်သော သတိ သည်ပင် စောင့်ရှောက်တတ်သော တရား ဖြစ်သလော၊ သို့မဟုတ် တရားဆယ်ပါး၏ ဂုဏ်ကို အဖန်တလဲလဲ အောက်မေ့တတ်သော သတိ သည်ပင် စောင့်ရှောက်တတ်သော တရားဖြစ်သလောလို့ မေးလျှောက်တယ်။ ဒီအခါ မြတ်စွာဘုရားက "ဒကာတော် မင်းကြီး၊ ဘုရား ဂုဏ်တော်ကို ဖြစ်စေ၊ တရား ဂုဏ်တော်ကို ဖြစ်စေ၊ သံဃာ ဂုဏ်တော်ကို ဖြစ်စေ၊ ကာယဂတာသတိကိုဖြစ်စေ၊ ကရုဏာကိုဖြစ်စေ၊ လက္ခဏာယာဉ် သုံးပါးကို ဖြစ်စေ အမြဲတမ်း ပွားများသူအား ဘေးအန္တရာယ်မရှိပဲ ကောင်းစွာနိုးကြား ရတဲ့ အကြောင်း"ကို ဟောကြားတော်မူတယ်။

သုပ္ပဗုဒ္ဓံ ပဗုဇ္ဈန္တိ၊ သဒါ ဂေါတမသာဝကာ။
ယေသံ ဒိဝါ စ ရတ္တော စ၊ နိစ္စံ ဗုဒ္ဓဂတာသတိ။

ယေသံ၊ အကြင်သူတို့အား။ ဒိဝါ စ၊ နေ့အခါ၌၎င်း။ ရတ္တော စ၊ ညအခါ၌၎င်း။ နိစ္စံ၊ အမြဲမပြတ်။ ဗုဒ္ဓဂတာ၊ ဘုရားဂုဏ်ကို အာရုံပြု၍ဖြစ်သော။ သတိ၊ အောက်မေ့ခြင်း သတိတရားသည်။ အတ္ထိ၊ ကောင်းစွာ မသေ့ရှိကြချေ၏။ ဂေါတမသာဝကာ၊ ဂေါတမနွယ်ဘွား မြတ်စွာဘုရား၏ တရားကို နာရ တပည့် သာဝက ဖြစ်ကုန်သော။ တေ၊ ထိုသူတို့သည်။ သဒါ၊ အခါခပ်သိမ်း။ သုပ္ပဗုဒ္ဓံ၊ ကောင်းစွာ နိုးကြားခြင်းကို။ ပဗုဇ္ဈန္တိ၊ နိုးကြားကြရလေကုန်သတည်း။

သာဓု၊ သာဓု၊ သာဓု။

အဲဒီလို မြတ်စွာဘုရားက ဘုရား၏ ဂုဏ်ကျေးဇူး, တရား၏ ဂုဏ်ကျေးဇူး, သံဃာ၏ ဂုဏ်ကျေးဇူး, ဒါန, သီလနှင့်ပတ်သက်သော တရားစကားတွေ ပြောဟောပြီးတော့ ထုံးစံအတိုင်း သစ္စာလေးပါးကို ပြလိုက်တော့ သားအမိ,သားအဖ သုံးယောက် သောတာပန် တည်ကြတယ်။ သောတာပန် တည်ပြီးသည့်နောက် သူတို့ သုံးယောက် စဉ်းစားကြတယ်။ ဘယ်လို စဉ်းစားသလဲဆိုတော့ "အော်....ငါတို့ဟာ အယင်တုန်းက ရှင်ဂေါတမကို ကိုးကွယ်သူ မဟုတ်ဘူး။ သားကလေးက ဂုံညင်းနိုင်ချင်တာနဲ့ ဘုရားဂုဏ်တော်ကို လေ့ကျက်တာက စပြီး သောတာပန် တည်ကြတာ၊ မြတ်စွာဘုရားဟာ အင်မတန် အားထားထိုက်တဲ့ ပုဂ္ဂိုလ်ဖြစ်တယ်၊ အယင် အယူဝါဒအတိုင်းသာ သေရလျှင် အပါယ်လေးပါးမှာ ခံရမှာ ဖြစ်တယ်၊ ဒီလို ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်ကြီးနှင့် တွေ့ပါရက်သားနဲ့ ပေါ့ပေါ့ဆဆ နေ၍ ဘယ်တော်ပါမလဲ၊ ရဟန်းပြုပြီး တရားအားထုတ်မှ တော်မယ်"လို့ အောက်မေ့ပြီး သုံးယောက်သား မြတ်စွာဘုရားထံမှာ ရဟန်းပြုကြတယ်။ ရဟန်းပြုပြီး တရားအားထုတ်လိုက်ကြတာ မကြာမီပဲ ရဟန္တာ ဖြစ်ကြသတဲ့ကွဲ့ မောင်စိန်ရဲ့။ [မှန်ပါ၊ ဝမ်းသာစရာပါဘုရား။]

ဒီဝတ္ထုမှာ မြတ်စွာဘုရား၏ ကျေးဇူးကြောင့် ထင်းလှည်းသမား၏ သားကလေးဟာ ဘီလူးဘေးရန်မှ လွတ်ရသည့်ပြင် သားအမိ,သားအဖသုံးယောက်စလုံး သံသရာထောင်ဝဋ်နှောင်မှ လွတ်သွားကြရတယ်။ မြတ်စွာဘုရား၏ ကျေးဇူးဟာ အနန္တဆိုတာ မထင်ရှားပါလား။ [ထင်ရှားလှပါတယ်ဘုရား။]

မောင်စိန်ရေ။ [ဘုရား။] ထင်းလှည်းသမား သားအဖ သောတာပန်တည်သလို မင်းကော မတည်ချင်ဘူးလား။ [တည်ချင်ပါတယ်ဘုရား။]

တည်ချင်ယင် သောတာပန်တည်ကြောင်း အင်္ဂါလေးပါးနှင့် ပြည့်စုံအောင် လုပ်ရမယ်။ အင်္ဂါလေးပါးကတော့—

၁။ သပ္ပုရိသသံသေဝ၊ သစ္စာလေးပါး မြတ်တရားကို ပြနိုင်သော ဆရာကို မှီဝဲရခြင်း တပါး။

၂။ သဒ္ဓမ္မဿဝန၊ သစ္စာလေးပါးနှင့် စပ်သော တရားကို နာရခြင်း တပါး။

၃။ ယောနိသောမနသိကာရ၊ နာပြီးသော တရားကို ရှိသေစွာ ဆင်ခြင်ရခြင်း တပါး။

၄။ ဓမ္မာနုဓမ္မပဋိပတ္တိ၊ လောကုတ္တရာတရား ၉ပါး အားလျော်သော အကျင့်ကို ကျင့်ရခြင်း တပါး။

လောကုတ္တရာတရား ၉ပါးအားလျော်သော အကျင့်ဆိုတာက ပယ်ရမည့် သမုဒယသစ္စာကို ပယ်ပြီး မျက်မှောက်ပြုရမည့် နိရောဓသစ္စာကို မျက်မှောက် ပြုပါလို့ ပြောတာပဲ။ နိရောဓသစ္စာကို မျက်မှောက်ပြုဖို့က သမုဒယသစ္စာကို ပယ်နိုင်မှ မျက်မှောက်ပြုနိုင်မှာ ဖြစ်တယ်။ သမုဒယသစ္စာကို ပယ်ဖို့က ဒုက္ခ သစ္စာကို ပိုင်းခြား၍ သိမှ ပယ်နိုင်မယ်။ ဒုက္ခသစ္စာကို ပိုင်းခြား၍ သိဖို့က မဂ္ဂသစ္စာကို ပွားများမှ ပိုင်းခြား၍ သိနိုင်မယ်။ မဂ္ဂသစ္စာကို ဘယ်လို ပွားများ ကြမလဲ။ မဂ္ဂသစ္စာဆိုတာ မဂ္ဂင်ရှစ်ပါးကို ခေါ်တယ်။ မဂ္ဂင်ရှစ်ပါးမှာလဲ သမ္မာသင်္ကပ္ပမဂ္ဂင်ကို ပွားလိုက်ယင် ကျန်မဂ္ဂင်တွေဟာ အလိုလို ကိစ္စ ပြီးစီး သွားတာပဲ။ မုန့်လုံးရေပေါ်ကို ဝယ်လိုက်ယင် အထဲက ထန်းလျက် အဖိုးကို တမျိုးမပေးရသလိုပဲ။ ကဲ....ဒီတော့ သမ္မာသင်္ကပ္ပမဂ္ဂင်ကို ဘယ်လို ပွားကြ မလဲ။ သမ္မာသင်္ကပ္ပဆိုတာ ဆင်ခြင်တာ။ သုံးသပ်တာကို ခေါ်တာ။ ကဲ.... ဆင်ခြင်ကြစို့။

တရားရှာလျှင် ကိုယ့်ကိုယ်မှာ ရှာရမယ်တဲ့။ ကဲ....ရှာတော့မယ်။ ဇာတိရူပံ၊ ရူပံ—ရုပ်သည်၊ ဇာတိ—ဤသို့ သဘော ရှိ၏တဲ့။ မောင်စိန်ရေ.... မင်း၏ ကိုယ်ကာယဟာ ဆောင်း အခါ အအေး ဓာတ်နှင့် ကြုံတဲ့ အခါ ပတ်ကြားလေးတွေ အက်ပြီး မကြမ်းပါလား။ [ကြမ်းပါတယ်ဘုရား။] နွေရာသီ အပူဓာတ်နှင့် တွေ့တော့ အသားလေးတွေ စိုပြီး မနူးပါလား။ [နူးပါတယ်ဘုရား။] အပူနှင့် တွေ့လျှင် တမျိုး, အအေးနှင့် ကြုံလျှင် တဖုံ မဖောက်ပြန်ပါလား။ [ဖောက်ပြန်ပါတယ်ဘုရား။]

အဲဒီလို ဖောက်ပြန်တတ်သောကြောင့် မြတ်စွာဘုရားက ရုပ်လို့ ဟောတယ်။ အဲဒီ ရုပ်ကလဲ လေးမျိုးရှိတယ်။ ကံကြောင့်ဖြစ်သော ရုပ်၊ စိတ်ကြောင့် ဖြစ်သော ရုပ်၊ ဥတုကြောင့် ဖြစ်သော ရုပ်၊ အဟာရကြောင့် ဖြစ်သော ရုပ်လို့ လေးမျိုးရှိတယ်။ [မှန်ပါဘုရား။]

ကံကြောင့် ဖြစ်တဲ့ရုပ်ဟာ ကံဖြစ်လျှင်ဖြစ်၊ ကံချုပ်လျှင် ချုပ်တယ်။ စိတ်ကြောင့်ဖြစ်တဲ့ ရုပ်ဟာ စိတ်ဖြစ်လျှင်ဖြစ်၊ စိတ်ချုပ်လျှင် ချုပ်တယ်။ ဥတုကြောင့်ဖြစ်တဲ့ ရုပ်ဟာ ဥတုဖြစ်လျှင်ဖြစ်၊ ဥတုချုပ်လျှင် ချုပ်တယ်။ အဟာရကြောင့် ဖြစ်တဲ့ရုပ်ဟာ အဟာရဖြစ်လျှင်ဖြစ်၊ အဟာရ ချုပ်လျှင် ချုပ်တယ်။ အဲဒါကို မြတ်စွာဘုရားက "ဣတိ ရူပဿ သမုဒယော ဣတိ ရူပဿ အတ္ထင်္ဂမော"လို့ ဟောတော်မူတယ်။ အဲဒါကို မြင်အောင် ဆင်ခြင်ရတယ်။ ဖြစ်တာ ပျက်တာကိုမြင်မှ အနိစ္စ မမြဲတာကို မြင်တယ်။ ဒုက္ခ ဆင်းရဲတာကို မြင်တယ်။ အနတ္တ အစိုးမရတာကို မြင်တယ်။[မှန်ပါ ဘုရား။]

ဣတိဝေဒနာ။ ဝေဒနာ၊ ဝေဒနာသည်။ ဣတိ၊ ဤသို့ သဘော ရှိ၏။ မောင်စိန်ရေ....မင်းမျက်စိနှင့် လှပတဲ့ ရူပါရုံ ပေါင်းဆုံမှုဖြစ်တဲ့ အခါ သဘောကျမှု, နှစ်သက်မှု မဖြစ်ပါလား။ [ဖြစ်ပါတယ်ဘုရား။] အဲဒါ သောမနဿ ဝေဒနာ ဖြစ်တာပဲ။ ရွံဖွယ်ရာကောင်းတဲ့ ရူပါရုံနှင့် တွေ့တော့ သဘောမကျမှု, ဒေါသမှု မဖြစ်ပါလား။ [ဖြစ်ပါတယ် ဘုရား။] အဲဒါ ဒေါမနဿ ဝေဒနာ ဖြစ်တာပဲ။ အလယ်အလတ်အာရုံနှင့် ကြုံတော့ လျစ်လျူရှုမှု မဖြစ်ပါလား။ [ဖြစ်ပါတယ်ဘုရား။] အဲဒါ ဥပေက္ခာ ဝေဒနာ ဖြစ်တာပဲ။ အဲဒီ ဝေဒနာဟာ အာရုံဒွါရ ပေါင်းဆုံမှု ဖဿ ဖြစ်လျှင် ဖြစ်တယ်။ ဖဿချုပ်လျှင် ချုပ်တာပဲ။ အဲဒါကို မြတ်စွာ ဘုရားက "ဣတိ ဝေဒနာယ သမုဒယော ဣတိ ဝေဒနာယ အတ္ထင်္ဂမော"လို့ ဟောတော်မူတယ်။ [မှန်ပါ ဘုရား။]

မင်း မျက်စိနှင့် ရူပါရုံ ပေါင်းဆုံမှုဖြစ်တော့ ၎င်းရူပါရုံကို မှတ်သားမှု မဖြစ်ပါလား။ [ဖြစ်ပါတယ် ဘုရား။] အဲဒါကို ဣတိ သညာလို့ ဟောတော်မူတယ်။ သညာ၏ သဘောကိုသိအောင် ဆင်ခြင်တဲ့ ရူပါရုံကိုမှတ်သားတာက ရူပသညာ၊ အသံကို မှတ်သားတာက သဒ္ဒသညာ၊ အနံ့ကို မှတ်သားတာက ဂန္ဓသညာ၊ အရသာကို မှတ်သားတာက ရသသညာ၊ အတွေ့အထိကို မှတ်သားတာက ဖောဋ္ဌဗ္ဗသညာ၊ ဓမ္မာရုံကို မှတ်သားတာက ဓမ္မသညာလို့ သညာကခြောက်မျိုးရှိတယ်။ အဲဒီသညာ ခြောက်မျိုးကလဲ အာရုံဒွါရ ပေါင်းဆုံမှုခေါ်တဲ့ ဖဿဖြစ်လျှင် ဖြစ်ပြီး၊ ဖဿချုပ်လျှင် ချုပ်တာပဲ။

ဒါကြောင့် "ဣတိ သညာယ သမုဒယော ဣတိသညာယ အတ္ထင်္ဂမော" လို့ ဟောတော်မူတယ်။ သညာ ဖြစ်တာ,ပျက်တာကို သမ္မာသက်ပ္ပမဂ္ဂင် ဖြင့် မြင်အောင် ဆင်ခြင်ရမယ်။ ပိုင်ပိုင်နိုင်နိုင် မြင်ယင် သမ္မာဒိဋ္ဌိ ဖြစ်တော့တာ ပေါ့။ သမ္မာဒိဋ္ဌိဖြစ်လာယင် ဒုက္ခသစ္စာကို သိမှုကိစ္စ ပြီးစီးသွား တာပေါ့။ [မှန်ပါဘုရား။]

မောင်စိန်ရေ....မင်း ရုပ်ပွားဆင်းတုကို မြင်တဲ့အခါ ယောနိသော မနသိကာရဖြင့် အသင့်အတင့် နှလုံးသွင်းလိုက်ယင် ပူဇော်ချင်တဲ့ ကုသိုလ်စေတနာတွေ ဖြစ်မလာပါလား။ [ဖြစ်လာပါတယ်ဘုရား။] မိစ္ဆာဒိဋ္ဌိတွေ ရုပ်ပွားဆင်းတုကို မြင်တဲ့အခါ အယောနိသော မနသိကာရဖြင့် မသင့်မတင့် နှလုံးသွင်းတော့ ၎င်းရုပ်ပွားကို ရိုက်ချင်စိတ်, မကောင်းတဲ့ အကုသိုလ် စေတနာတွေ မဖြစ်ပါလား။ [ဖြစ်မှာပါဘုရား။] အဲဒါကို မြတ်စွာဘုရားက "ဣတိသင်္ခါရာ"လို့ ဟောတယ်။ ယောနိသော မနသိကာရ ဖြစ်ယင် ကောင်းတဲ့စေတနာတွေ ဖြစ်တယ်။ မနသိကာရချုပ်ယင် စေတနာလဲ ချုပ်တာပဲ။ အယောနိသော မနသိကာရဖြစ်ယင် မကောင်းတဲ့ စေတနာတွေ ဖြစ်တယ်။ မနသိကာရချုပ်ယင် ဒီစေတနာလဲ ချုပ်တာပဲ။ အဲဒါကို "ဣတိ သင်္ခါရာနံ သမုဒယော ဣတိသင်္ခါရာနံ အတ္ထင်္ဂမော"တဲ့ မောင်စိန်ရဲ့။ သင်္ခါရ တရားတို့၏ ဖြစ်မှုပျက်မှုကိုမြင်အောင် သမ္မာသက်ပ္ပမဂ္ဂင်ဖြင့် ဆင်ခြင်ရမယ်။ [မှန်ပါဘုရား။]

မျက်စိနှင့်ရူပါရုံ ပေါင်းဆုံမိတော့ မြင်စိတ် ဖြစ်မလာပါလား။ [မြင်စိတ် ဖြစ်လာပါတယ်ဘုရား။] နားနှင့်အသံ ပေါင်းဆုံမိတော့ ကြားစိတ် ဖြစ်မလာပါလား။ [ဖြစ်လာ ပါတယ်ဘုရား။] နှာခေါင်းနှင့် အနံ့ ပေါင်းဆုံမိတော့ နံစိတ် ဖြစ်မလာပါလား။ [ဖြစ်လာပါတယ်ဘုရား။] လျှာနှင့် ရသာရုံ ပေါင်းဆုံမိတော့ အရသာကို သိတဲ့စိတ် ဖြစ်မလာပါလား။ [ဖြစ်လာပါတယ်ဘုရား။] ကိုယ်ကာယနှင့် ဖောဋ္ဌဗ္ဗာရုံ ပေါင်းဆုံမိတော့ တွေ့သိစိတ် ဖြစ်မလာပါလား။ [ဖြစ်လာပါတယ်ဘုရား။] မနောဒွါရနှင့် ဓမ္မာရုံ ပေါင်းဆုံမိတော့ တွေးတောစိတ် ဖြစ်မလာပါလား။ [ဖြစ်လာပါတယ် ဘုရား။]

အဲဒါကို မြတ်စွာဘုရားက "ဣတိ ဝိညာဏံ"လို့ ဟောတော်မူတယ်။ အာရုံနှင့်ဒွါရ ပေါင်းဆုံမှု ဖဿဖြစ်လျှင် အာရုံကိုသိမှုစိတ် ဝိညာဏ်ဖြစ်တယ်။ ဖဿချုပ်လျှင် ဝိညာဏ်ချုပ်တာပဲ။ အဲဒါကို "ဣတိဝိညာဏဿ သမုဒယော ဣတိဝိညာဏဿ အတ္ထင်္ဂမော"လို့ ဟောတော်မူတယ်။ ဝိညာဏ် ဖြစ်တာကို

မြင်အောင်, ပျက်တာကိုမြင်အောင် သမ္မာသင်္ကပ္ပမဂ္ဂင်ဖြင့် ဆင်ခြင်ရမယ်တဲ့။ ပြောခဲ့ပြီးတဲ့ ခန္ဓာငါးပါးဟာ အကြောင်းတရား ထောက်ပံ့ဆဲ ပစ္စုပ္ပန်ခဏမှာသာ ရှိတယ်ဆိုတာ မထင်ရှားပါလား။ [ထင်ရှားပါတယ်ဘုရား။]

အဲဒီလို ထာဝရရှိမဟုတ်၊ ခဏရှိဆိုတော့ ရေပွက်တို့, လျှပ်စစ်နွယ်ရောင်တို့နှင့် မတူပါလား။ [တူပါတယ်ဘုရား။] ရေပွက်တို လျှပ်စစ်နွယ်ရောင်တို့ဟာ ဖြစ်ပြီးပျက်သွားတဲ့အခါ အနှစ်သာရ ဘာကျန်ခဲ့သလဲ။ [ဘာမှ မကျန်ခဲ့ပါဘုရား။] ဘာမှ မကျန်ခဲ့တာဟာ **အနှစ်မရှိလို့ပေါ့ကွဲ့**။ [မှန်ပါတယ်ဘုရား။]

အနှစ်မရှိတော့ အကြာမခံ၊ အကြာမခံတာကို မမြဲဘူးလို့ ပြောတာကွဲ့။ [မှန်ပါ ဘုရား။] အကြာ မခံတော့ ဖြစ်ပြီး ပျက်စီး သွားတော့ တာပေါ့။ ပျက်စီးသွားတယ်ဆိုတာ ဝမ်းသာစရာလား၊ ကြောက်စရာလား။ [ကြောက်စရာပါ ဘုရား။]

ကြောက်စရာ သဘောကို ဒုက္ခလို့ ပြောတာ။ "ဘယဋ္ဌေန ဒုက္ခံ" တဲ့။ ဘယဋ္ဌေန– ကြောက်စရာ ကောင်းသော အနက် သဘောကြောင့်။ ဒုက္ခံ– ဒုက္ခမည်၏။ အဲဒီ ကြောက်စရာ သဘောကို မြင်ပြီး ကြောက်မှ ဒုက္ခသစ္စာကို မြင်တယ်လို့ ပြောရတယ်။ ဒုက္ခဝေဒနာ ဆိုတာကတော့ ခွေးလဲ သိတာပဲ၊ နွားလဲ သိတာပဲ၊ ဒုက္ခသစ္စာက နက်နဲတယ်။ နက်နဲလို့လဲ ပုထုဇဉ်တွေ မမြင်တာပေါ့။ ဒုက္ခသစ္စာကို မြင်ယင် အရိယာ ဖြစ်တော့တာပေါ့။ အရိယာ ဖြစ်ချင်ယင် ကြောက်စရာ သဘောကို မြင်အောင် ရှုပြီး ကြောက်အောင် ဆင်ခြင်ရမယ်။

ဒါကြောင့် ဘုရားက "သမုဒယဓမ္မာနုပဿီ ဓမ္မေသုဝိဟရတိ ဝယဓမ္မာနုပဿီ ဓမ္မေသုဝိဟရတိ"လို့ ဟောတော်မူတယ်။ ကြောက်စရာ သဘောကို မမြင်မခြင်း, မကြောက်မခြင်း ဖြစ်ခြင်းသဘောကို မြင်အောင် ရှု၊ ပျက်ခြင်းသဘောကို မြင်အောင် ရှုရမယ် မောင်စိန်ရဲ့။ [မှန်ပါ ဘုရား၊ မြင်ပြီး ကြောက်ယင် ဘယ်လို ဖြစ်မှာပါလဲ ဘုရား။]

မြင်ပြီးကြောက်ယင် "နစကိဉ္စိလောကေဥပါဒိယတိ"တဲ့။ ခန္ဓာငါးပါးကို ငါ ဟူ၍ လည်းကောင်း, ငါ့ဟာ ဟူ၍ လည်းကောင်း, ငါ့အတ္တ ဟူ၍ လည်းကောင်း, မစွဲလမ်းတော့ဘူးတဲ့။ ငါလို့ စွဲလမ်းတာက မာနစွဲ၊ ငါ့ဟာလို့ စွဲလမ်းတာက တဏှာစွဲ၊ ငါ့အတ္တလို့ စွဲလမ်းတာက ဒိဋ္ဌိစွဲဖြစ်တယ်။ ကြောက်အား ငယ်သေးယင် ဒိဋ္ဌိစွဲ ပြုတ်တယ်။ ကြောက်အား အလတ်စား ဖြစ်ယင်

ဘဏ္ဍာစွဲပြုတ်တယ်။ ကြောက်အား ကြီးယင် မာနစွဲပြုတ်၍ ရဟန္တာဖြစ်တယ်။ မောင်စိန်ရေ....မင်း အိမ်ဆောက်ဖို့ ရည်ရွယ်ပြီး ပေါက်ဆိန်ကြီးကို ထမ်းလျက် တောထဲသို့ လျှောက်သွားတော့ လက်ပံတောကြီးကို တွေ့ပါပြီတဲ့။ ဒီလက်ပံ တွေဟာ ဘယ်လိုပင် အပင်ကြီးပေမယ့် အနှစ်မရှိတဲ့ အပင်မှန်း သိတော့ ဒီလက်ပံပင်တွေကို အိမ်ဆောက်ဖို့ ခုတ်ချင်တဲ့စိတ် ဖြစ်ပါမလား။ [မဖြစ်ပါ ဘုရား။]

အဲဒီလိုပဲ၊ ဖြစ်ပြီးပျက်တတ်တဲ့ သဘောတွေကို မြင်တော့ ခန္ဓာငါးပါးကို အနှစ်သာရရှိတဲ့ အနေနဲ့ မစွဲလမ်းတော့ဘူး။ အနှစ်သာရရှိတယ်လို့ ထင်တာက ဒိဋ္ဌိ။ စွဲလမ်းတာက တဏှာ။ အဲဒီ တဏှာ, ဒိဋ္ဌိ နှစ်ပါးဖြစ်တဲ့ သမုဒယသစ္စာ ချုပ်သွားတယ်။ ချုပ်တော့ ချုပ်ရာကို တွေ့ရတာပေါ့။ တသံသရာလုံးက မချုပ်လို့ မတွေ့ရတာပဲ။ ဥပမာပေးရယင် အပူချုပ်လျှင် အအေးကို တွေ့ရ သလို သမုဒယသစ္စာ အပူချုပ်တော့ ဆန့်ကျင်ဘက် ဖြစ်တဲ့ အအေးဓာတ် နိရောဓသစ္စာကို မျက်မှောက်ပြုရတော့တာပေါ့။ မျက်မှောက်ပြုတဲ့ ဉာဏ်က မဂ္ဂသစ္စာဖြစ်ပြီး၊ ပျက်တာက ဒုက္ခသစ္စာပဲ။ သစ္စာလေးပါးကို သိမှုကိစ္စ မပြီး သေးပါလား။ [ပြီးပါပြီဘုရား။]

ဒီသစ္စာလေးပါးမှာ ပြောချင်သေးတာက သမုဒယသစ္စာချုပ်တာကို နဲနဲ ပြောချင်သေးတယ်။ ချုပ်တာက တဒင်္ဂချုပ်, ဝိက္ခမ္ဘနချုပ်, သမုစ္ဆေဒချုပ်လို့ အချုပ် သုံးမျိုး ရှိတယ်။ ကာမာဝစရ ကုသိုလ် ဖြစ်တဲ့အခါ တဒင်္ဂချုပ် ချုပ်တယ်။ မဟဂ္ဂုတ် ကုသိုလ် ဖြစ်တဲ့အခါ ဝိက္ခမ္ဘနချုပ် ချုပ်တယ်။ မဂ် ကုသိုလ် ဖြစ်မှသာ သမုစ္ဆေဒချုပ် ချုပ်တယ်။ အဲဒီ သမုစ္ဆေဒချုပ်ကိုသာ နိရောဓ သစ္စာလို့ ခေါ်တယ်။ တဒင်္ဂချုပ်နှင့် ဝိက္ခမ္ဘနချုပ်ကို နိရောဓ သာမညလို့ ခေါ်တယ်။

ဒါကြောင့် သစ္စာယမိုက်မှာ "နိရောဓော နိရောဓသစ္စန္တိ တဒင်္ဂနိရောဓော ဝိက္ခမ္ဘနနိရောဓော နိရောဓော နနိရောဓသစ္စံ နိရောဓသစ္စံ နိရောဓောစေဝ နိရောဓသစ္စဉ္စ"လို့ ဟောတော်မူတယ်။

အနက်။ ။နိရောဓော၊ နိရောဓ မည်၏။ နိရောဓ သစ္စံ၊ နိရောဓသစ္စာ မည်သလော။ ဣတိပုစ္ဆာယံ၊ ဤသို့ အမေးတော်သည်။ သတိ၊ ရှိခဲ့သော်။ တဒင်္ဂနိရောဓော၊ တဒင်္ဂနိရောဓသည်၎င်း။ ဝိက္ခမ္ဘနနိရောဓော၊ ဝိက္ခမ္ဘန

နိရောဓသည်ဝင်း။ နိရောဓော၊ နိရောဓ မည်၏။ နနိရောဓသစ္စံ၊ နိရောဓ သစ္စာမမည်။ နိရောဓသစ္စံ၊ နိရောဓသစ္စာသည်။ နိရောဓောစေဝ၊ နိရောဓ လည်း မည်၏။ နိရောဓသစ္စဉ္စ၊ နိရောဓသစ္စာလည်း မည်၏တဲ့။

ဒါကြောင့် သမုစ္ဆေဒချုပ်မှ နိရောဓသစ္စာလို့ ခေါ်တယ်။ သမုစ္ဆေဒ ချုပ်ဆိုတာ နောက်ထပ် တဖန် ဘယ်တော့မှ ပြန်ပြီး မပေါ်လာတော့ဘူး။ ရေသောက်မြစ် ပြတ်ပြီးသော သစ်ပင်ခြောက်လိုပေါ့။

ကဲ....ကဲ....အဆုံးသတ်ကြစို့။ ယခုပြုကြရသော ဒါန, သီလ, ဘာဝနာ ကြောင့် ခန္ဓာ ငါးပါးတို့၏ အဖြစ်အပျက်ကို မြင်ကာ၊ သမုဒယ သစ္စာ ကင်း ပြတ်၍၊ ကင်းပြတ်ရာ နိရောဓသစ္စာကို မဂ္ဂသစ္စာဖြင့် မျက်မှောက်ပြုနိုင်ကြပါ စေသတည်း။

သာဓု၊ သာဓု၊ သာဓု။

"ဗုဒ္ဓဂုဏော အနန္တော တရားတော်" ပြီး၏။

# “ဓမ္မဂုဏော အာနုဘော”

ဓမ္မော ဟဝေ ရက္ခတိ ဓမ္မစာရိံ၊ ဓမ္မော သုစိဏ္ဏော သုခမာဝဟာတိ။

ဧသာ နိသံသော ဓမ္မေ သုစိဏ္ဏေ၊ နဒုဂ္ဂတိံ ဂစ္ဆတိ ဓမ္မစာရီ။

ဓမ္မော၊ တရားသည်။ ဓမ္မစာရိံ၊ တရားကို ကျင့်သော သူကို။ ဟဝေ၊ စင်စစ်။ ရက္ခတိ၊ စောင့်ရှောက်၏။ သုစိဏ္ဏော၊ ကောင်းစွာ ကျင့်အပ်သော။ ဓမ္မော၊ တရားသည်။ သုခံ၊ လူ နတ် နိဗ္ဗာန် သုံးတန်ချမ်းသာ သက်သာရာကို။ အာဝဟာတိ၊ ကောင်းစွာမသွေ ဆောင်တတ်လေ၏။ ဧသော၊ ဤသည်ကား။ သုစိဏ္ဏေ၊ ကောင်းစွာ ကျင့်အပ်သော။ ဓမ္မေ၊ တရား၌။ အာနိသံသော၊ အကျိုးပေတည်း။ ဓမ္မစာရီ၊ တရားကို ကျင့်လေ့ရှိသော ပုဂ္ဂိုလ်သည်။ ဒုဂ္ဂတိံ၊ ဒုဂ္ဂတိဘဝသို့။ နဂစ္ဆတိ၊ တရားက ထောက်မသဖြင့် မလား မရောက်ရသည် သာလျှင်တည်း။

သာဓု၊ သာဓု၊ သာဓု။

မောင်စိန်ရေ။ [ဘုရား။] ဒီနေ့တော့ “တရားတော်၏ ကျေးဇူးကြီးပုံ” တွေကို ဟောရလိမ့်မယ်။ [မှန်ပါ၊ ဟောတော်မူပါ ဘုရား။]

ငှက်ပျောသီးကို ဘယ်အပင်ကသာ သီးပေးနိုင်သလဲ။ [ငှက်ပျောပင်ကသာ သီးပေးနိုင်ပါတယ် ဘုရား။] အုန်းပင်ကို ငှက်ပျောသီး သီးပေးဖို့ တောင်းပန်လို့ ရပါ့မလား။ [မရနိုင်ပါဘုရား။] အုန်းပင်ကို ငှက်ပျောသီး သီးပေး ရမယ်လို့ အမိန့် ပေးလို့ကော ရပါမလား။ [မရပါ ဘုရား။] ငှက်ပျောပင်ကို အုန်းသီး သီးပေးဖို့ တောင်းပန်လို့ကော ရပါမလား။ [မရပါ ဘုရား။] ငှက်ပျောပင်ကို အုန်းသီး သီးပေးရမယ်လို့ အမိန့်ချ လို့ကော ရပါမလား။ [မရပါဘုရား။]

အဲဒီလို တောင်းပန်လို့လဲမရ၊ အာဏာနှင့် ခိုင်းလို့လဲမရ၊ သူ့အကြောင်း အားလျော်စွာသာ သူ့အကျိုးတရားဖြစ်တာဟာ "တရားပဲ" မောင်စိန်ရဲ့။ [မှန်ပါဘုရား။] အဲဒီ ဥပမာအတိုင်း သဗ္ဗညုတဘုရား ဖြစ်ချင်ယင် ပါရမီ ဆယ်ပါး အပြားသုံးဆယ်ကို ကျင့်ရမယ်။ သိကြား ဗြဟ္မာကို တောင်းပန်လို့ မရဘူး။ ပစ္စေကဗုဒ္ဓါ ဖြစ်ချင်ယင် ပစ္စေကဗုဒ္ဓါ ပါရမီကို ကျင့်ရမယ်။ အဂ္ဂ သာဝက ဖြစ်ချင်ယင် အဂ္ဂသာဝက ပါရမီကို ကျင့်ရမယ်။ မဟာသာဝက ဖြစ်ချင်ယင် မဟာသာဝက ပါရမီကို ကျင့်ရမယ်။ ပကတိသာဝက ဖြစ်ချင်ယင် ပကတိသာဝက ပါရမီကို ကျင့်ရမယ်။ သဌေးဖြစ်ချင်ယင် ဒါနကို ပေးရမယ်။ နတ်ဖြစ်ချင်ယင် သီလကို စောင့်ရမယ်။ ဗြဟ္မာဖြစ်ချင်ယင် စျာန်ကို ရအောင် လုပ်ရမယ်။

အကြောင်း တရားကို မလုပ်ပဲ အကျိုး တရားကို တမ်းတလို့ မရဘူး။ အကြောင်းတရားကို လုပ်မှ အကျိုးတရားကို ရတယ်။ လယ်ကိုမစိုက်ပဲနဲ့ လယ် ကန်သင်းမှာထိုင်ပြီး ဆုတောင်းနေလို့ စပါးတွေ ပေါ်မလာဘူး။ လယ်ကို စိုက်လိုက်ယင် ဆုမတောင်းသော်လဲ အချိန်ရောက်ယင် စပါးတွေသီးလာမှာ ပဲ။ ရေကျပါစေလို့ ဘယ်သူမှ ဆုမတောင်းဘူး။ ရေကျတတ်တဲ့ အကုသိုလ်ကို လုပ်ယင်ရေကျတာပဲ။ ခွေးဖြစ်ပါစေလို့ ဘယ်သူမှဆုမတောင်းဘူး။ အချိန်ကျ ယင် ခွေးမကြီးက ခွေးကလေးတွေ မွေးလိုက်တာပြည့်နေတာပဲ။ အကြောင်း တရားကြောင့် အကျိုးတရား ဖြစ်တာကို သခၤါရ လောကလို့ ခေါ်တယ်။ [မှန်ပါဘုရား။]

လူ့လောကမှာ လူချမ်းသာကို ခံစားနေကြရတာဟာ ဘယ်သူ၏ ကျေးဇူး လဲ။ [ဒါန၏ကျေးဇူးပါဘုရား။] နတ်ပြည်မှာ နတ်ချမ်းသာကို ခံစားနေ ကြရတာ ဘယ်သူ့ကျေးဇူးလဲ။ [သီလ၏ ကျေးဇူးပါဘုရား။] ဗြဟ္မာ့ ပြည်မှာ ဗြဟ္မာချမ်းသာကို ခံစားနေကြရတာ ဘယ်သူ့ကျေးဇူးလဲ။ [စျာန် တရား၏ ကျေးဇူးပါဘုရား။] အရိယာပုဂ္ဂိုလ်တွေ နိဗ္ဗာန်ချမ်းသာကို ခံစား ကြတာ ဘယ်သူ့ကျေးဇူးလဲ။ [မဂ်တရား၏ ကျေးဇူးပါဘုရား။]

ဒါကြောင့် "ဓမ္မဂုဏော အနန္တော" လို့ ဆိုတာ မမှန်ဘူးလား။ [မှန်ပါ တယ်ဘုရား။]

မြတ်စွာဘုရား၏ တရားတော်ဟာ ဂုဏ် ခြောက်မျိုးနဲ့ ပြည့်စုံတယ်။ သွာက္ခာတ—ကောင်းစွာ ဟောကြားတဲ့ ဂုဏ်ရှိတယ်။

ဘယ်လို ကောင်းစွာဟောကြား ထားသလဲ ဆိုတော့ အစ၏ကောင်းခြင်း, အလယ်၏ကောင်းခြင်း, အဆုံး၏ကောင်းခြင်းနှင့် ပြည့်စုံအောင် ဟောထားတယ်။ ဓမ္မက္ခန္ဓာပေါင်း ရှစ်သောင်းလေးထောင်၏ မူလအကြောင်းရင်းကို ရှာလိုက်ယင် အချို့ဒေသနာဟာ သီလကိုမူတည်ပြီး ဟောထားတယ်။ အချို့ဒေသနာတော်ဟာ သမာဓိကိုမူတည်ပြီး ဟောထားတယ်။ အချို့ဒေသနာတော်ဟာ ပညာကိုမူတည်ပြီး ဟောထားတယ်။ သီလ သည် အစ၏ကောင်းခြင်း မည်တယ်။ သမာဓိသည် အလယ်၏ကောင်းခြင်း မည်တယ်။ ပညာသည် အဆုံး၏ကောင်းခြင်း မည်တယ်။ အဲဒီလို အစ, အလယ်, အဆုံး သုံးပါးသော ကောင်းခြင်းနှင့် ပြည့်စုံသည့်အတွက် သွာက္ခာတ ဂုဏ်မြောက်တယ် မောင်စိန်ရဲ့။ [မှန်ပါဘုရား။]

သန္ဒိဋ္ဌိကော—ကိုယ်တိုင်မြင်ရတဲ့တရား။

မဂ်တရား,ဖိုလ်တရား, နိဗ္ဗာန်တရားများကို အရိယာဖြစ်တဲ့အခါ မိမိကိုယ်တိုင် မြင်ရပါတယ်။ သူတပါးအပြောနှင့် လွမ်းရတဲ့ တရားမျိုး မဟုတ်ပါဘူး။ မည်သည့် ဘာသာကတရားမှ ကိုယ်တိုင်မြင်ရတဲ့ တရားမရှိဘူး။ ဓမ္မဆရာတွေအပြောနှင့် လွမ်းနေကြရတာပဲ။ မြတ်စွာဘုရား၏ တရားတော်ကတော့ ဘုရားဟောအတိုင်းသာ လုပ်ကြည့်ပါ ကိုယ်တိုင်မြင်ရပါတယ်။ [မှန်ပါဘုရား။]

အကာလိကော—အခါမလင့် အကျိုးပေးတဲ့တရား။

အခါမလင့်ဆိုတာ အရပ်စကားနှင့် ပြောရလျှင် ရေ့ပတ္တမြား, ရေ့နဂါးဆိုသလို ချက်ချင်းအကျိုးပေးတဲ့ တရားလို့ဆိုတယ်။ အဲဒီ တရားက မဂ်တရားနှင့်သာဆိုင်တယ်။ အခြား လောကီတရားနှင့် မဆိုင်ဘူး။ မဂ်ဇောစောပြီးတာနှင့် တပြိုင်နက် ဖိုလ်ဇော စောတော့တာပဲ။ မဂ်ဇောနှင့် ဖိုလ်ဇော၏ အကြားမှာ အခြားစိတ်ဖြစ်ခွင့် ကာလ မရှိဘူး။ မဂ်ဇောစောပြီးလျှင် ဖိုလ်ဇောမစောခင် သတ်လို့မသေဘူး။ ဖိုလ်ဇော စောပြီးမှ သာသေနိုင်တယ်။ ဒါကြောင့် မဂ်ပုဂ္ဂိုလ် လေးယောက်ကို ရှင်လေးပါး၊ ဖိုလ်ဇောစောပြီးလျှင် ဆိုင်ရာ ကိလေသာတွေ သေသွား သောကြောင့် ဖိုလ် ပုဂ္ဂိုလ် လေးယောက်ကို သေလေးပါးလို့ လောကမှာ ပြောစမှတ် ပြုကြ တယ်။ [မှန်ပါဘုရား။]

ဟေ်ပဿိကော—လာလှည့်ရှုလှည့်ဟု ပြထိုက်တဲ့တရား။

လောကမှာ လာကြည့်ကြစမ်းပါလို့ ပြရတာဟာ ထူးမှဆန်းမှ ကောင်းမှ ပြရတယ်။ မထူး မဆန်း မကောင်းယင် မပြရဘူး။ လောကီ စည်းစိမ်ချမ်းသာတွေဟာ ရိုးနေပြီ။ ဘယ်သူမဆို ရဘူးတာချည်းပဲ။ မောင်စိန်ဟာ ဘဝများစွာသံသရာက စကြာမင်းလဲ ဖြစ်ဘူးပြီ၊ သိကြားမင်းလဲ ဖြစ်ဘူးပြီ၊ ဗြဟ္မာ့ပြည်လဲ ရောက်ဘူးပြီ၊ မရဘူးတဲ့ လောကီစည်းစိမ် မရှိဘူး။ ဒါကြောင့် လောကီချမ်းသာဟာ မထူးဆန်းတဲ့ တရား၊ မဂ်ချမ်းသာ, ဖိုလ်ချမ်းသာ နိဗ္ဗာန်ချမ်းသာကတော့ ဘယ်တုန်းကမှ မရဘူးတဲ့အတွက် ထူးလဲထူး ဆန်းလဲဆန်း ကောင်းလဲကောင်းတဲ့ တရားဖြစ်တယ်။ ဒါကြောင့် "လာကြစမ်းပါ၊ ကြည့်ကြစမ်းပါ" လို့ ပြထိုက်တဲ့ တရားဖြစ်တယ်။ [မှန်ပါဘုရား။]

ဩပနေယျိကော၊ အမြဲတမ်းကပ်ပြီး ဆောင်ထားထိုက်တဲ့တရား။

ဆောင်ထားတယ်ဆိုတာ ချမ်းသာစေတဲ့ အရာကိုသာ ဆောင်ထားရတာ။ ဒုက္ခပေးမယ့် မီးကျီးခဲတို့ မြွေပွေးတို့ကို ဆောင်ထားလို့ မဖြစ်ဘူး။ အမြဲတမ်း ဆောင်ထားသင့်တဲ့ တရားဟာ နိဗ္ဗာန်ပဲ။ ဗိမ္ဗိသာရ မင်းကြီးကို သားတော် အဇာတသတ်က ထောင်ထဲမှာ အစာငတ်ရေငတ် ထားတော့ ဗိမ္ဗိသာရမင်းကြီးဟာ သောတာပန်ဖြစ်သဖြင့် မိမိရရှိတဲ့ နိဗ္ဗာန်ကို အာရုံပြုပြီး ဖိုလ်ဝင်စားနေလိုက်တာ ခုနစ်ရက်စေ့လို့ မသေတဲ့အပြင် ဆီဥ ထောပတ်တွေကို စားရတုန်းကထက် အသားအရေ နုပျိုပြီး လှလို့ ဝလို့ တောင်နေသေးတယ်။ ကဲ....ဆောင်ပြီးမထားသင့်ပါလား။ [ထားသင့်ပါတယ် ဘုရား။]

ပစ္စတ္တံ ဝေဒိတဗ္ဗော ဝိညူဟိ၊ ပညာရှိတို့ အသီးသီး ရရှိခံစားအပ်သော တရား(ဝါ) ကိုယ်ပိုင်ချမ်းသာ ဖြစ်သောတရား။

လောကီစည်းစိမ် ချမ်းသာဆိုတာ မပိုင်ဘူး။ ရန်သူမျိုး ငါးပါးနှင့် ဆက်ဆံတယ်။ မင်း ကြောင့်လဲ ပျက်စီးနိုင်တယ်။ ရေ ကြောင့်လဲ ပျက်စီးနိုင်တယ်။ မီး ကြောင့်လဲ ပျက်စီးနိုင်တယ်။ ခိုးသူကြောင့်လဲ ပျက်စီး နိုင်တယ်။ မချစ်မနှစ်သက်သော သူကြောင့်လဲ ပျက်စီးနိုင်တယ်။ မဂ်ချမ်းသာ, ဖိုလ်ချမ်းသာ, နိဗ္ဗာန်ချမ်းသာ ကတော့ ဘယ်မင်း, ဘယ်မီး, ဘယ်ရေ, ဘယ်ခိုးသူ, ဘယ်မချစ်မနှစ်သက်သောသူမှ မဖျက်ဆီးနိုင်ဘူး။ ကိုယ်ပိုင် ချမ်းသာ စစ်တယ်။ လင်ရတဲ့ နိဗ္ဗာန်ကို မယားပေးလို့မရဘူး။ မယားရတဲ့ နိဗ္ဗာန်ကို လင်ပေးလို့ မရဘူး။ အသီးသီး သူရတဲ့နိဗ္ဗာန်ချမ်းသာကို သူခံစား၊ ငါရတဲ့ နိဗ္ဗာန်ချမ်းသာကို ငါခံစားရတာပဲ။ မုန့်စားသလို တဖဲ့စီ ဝေပြီး စားလို့ မရဘူး။ သူရချင်ယင် သူရအောင်လုပ်, ငါရချင်ယင် ငါရအောင် လုပ်ရမယ် ကွဲ့။ [မှန်ပါဘုရား။]

ဝေသာလီပြည်ကြီး ငတ်မွတ်ခေါင်းပါးသော ဒုဗ္ဘိက္ခန္တရကပ် ရောဂါတွေ ဖြစ်ပြီး သေကြေရတဲ့ ရောဂန္တရကပ်တွေ ဆိုက်တော့ အမျိုးမျိုး ကုစားကြတာပဲ။ ဘယ်လို ကုစားလို့မှ မရသဖြင့် မြတ်စွာ ဘုရားကို ပင့်ကြတယ်။ မြတ်စွာဘုရားက အရှင်အာနန္ဒာကို ရတနသုတ်ပရိတ် သင်ပေး၍ အရှင်အာနန္ဒာက ရတနသုတ် ပရိတ်တရားတော်ကြီးကို ရွတ်ဖတ်တော့မှ ဒီကပ်တွေ ပျောက်ကင်းပြီး ဝေသာလီပြည်ကြီးဟာ ချမ်းသာသုခကို ရကြတယ်။ ဒီရတနသုတ် ပရိတ်တရားတော်သာ မကယ်ယင် ဝေသာလီပြည် ပျက်မတတ် ဖြစ်ရမှာပဲ။ သာဝတ္ထိပြည်ကြီး မိုးခေါင်တော့လဲ မြတ်စွာဘုရား ငါးရံ့မင်းပရိတ်ကို ရွတ်ဆိုလိုက်လို့ မိုးတွေရွာပြီး လူတွေရော တိရစ္ဆာန်တွေပါချမ်းသာသုခကို ရကြတယ်။ မြတ်စွာဘုရား၏ တရားတော်တွေဟာ ဘယ်တရားမဆို သတ္တဝါတွေကို ကျေးဇူးများစေပါတယ်။ အာယုဝဍ္ဍန သတို့သားလဲ ခုနစ်ရက်စေ့လျှင် သေရတော့မယ်အလုပ် ပရိတ်တရားတော်ကြောင့် အသက်တရာ့နှစ်ဆယ် ရှည်သွားရတယ် မောင်စိန်ရဲ့။ [မှန်ပါ၊ အားထားလောက်ပါတယ် ဘုရား။]

အင်္ဂုလိမာလ သူသတ်ယောကျ်ားကြီးဟာ သူသတ်တဲ့ အကုသိုလ်တွေသာ အကုန်ခံရမယ်ဆိုယင် ယခုထိ ငရဲက တက်ရအုံးမလား။ [တက်ရ အုံးမှာ မဟုတ်ပါဘုရား။] မဂ်တရား ဖိုလ်တရားတွေကိုရတော့ အပါယ် လေးပါး ဝဋ္ဋဆင်းရဲအပြင် အိုခြင်း, နာခြင်း, သေခြင်းဆိုတဲ့ သံသရာ့ဒုက္ခတွေပါ လွတ်ကင်းပြီး နိဗ္ဗာန်ချမ်းသာကြီးကို ရပြီး မသွားပါလား။ [ရသွားပါတယ် ဘုရား။] ဒီတော့ တရားတော်မှတပါး သတ္တဝါတွေ အားထားစရာ ရှိသေးသလား။ [မရှိတော့ပါဘုရား။]

တရားကို အားထားသည့်အတွက် အကျိုးရှိပုံကို ဟောရအုံးမယ်။

အခါတပါး၌ ရှင်မဟာကစ္စည်း မထေရ်သည် အဝန္တိ ဇနပုဒ် တို့၌ ကုလဃရအမည်ရှိသော မြို့ကိုအမှီပြု၍ ပဝတ္တတောင်၌ သီတင်း သုံးတော်မူတယ်။ ထိုအခါ တကုဋေထိုက်တန်သော နားတန်းဆာကို ဝတ်ဆင်လေ့ ရှိသည့်အတွက် သောဏ အမည်ရှိသော ဥပါသကာသည် မထေရ်၏တရား၌ ကြည်ညိုလှသဖြင့် မထေရ်၏အထံ၌ ရဟန်းပြုခြင်းငှာ တောင်းပန်တယ်။

အဲဒီလို တောင်းပန်တော့ မထေရ်ကပြောတယ်။ "ဒါယကာ၊ ရဟန်းဆိုတာ တထပ်သာစားရ၊ တယောက်တည်း အိပ်ရတယ်၊ ကိုယ်စား ချင်တာကို မစားရဘူး၊ သူတပါး လှူတာကိုသာ စားရတယ်။ ကိုယ်သွား ချင်သလို မသွားရ၊ ကိုယ်နေချင်သလို မနေရ၊ ကိုယ်ပြောချင်သလို မပြောရ၊ သူတပါး

ကြည်ညိုအောင် နေရထိုင်ရ သွားရ ပြောရတယ်၊ လွယ်တာမဟုတ်ဘူး” လို့ ပြောပြီး ပယ်တော်မူတယ်။

အဲဒီလို ပယ်တော်မူတော့ အနည်းငယ်သော ရက်တိုပတ်လုံး စဉ်းစားပြီး၊ ဒုတိယအကြိမ် လျှောက်ထား ပြန်တယ်။ မထေရ်ကလဲ ရှေးနည်း အတိုင်း ရဟန်းဒုက္ခတွေကို ပြောပြီးပယ်ပြန်တယ်။ သောဏကလဲ ရက်အနည်းငယ် စဉ်းစားပြီး၊ တတိယအကြိမ် လျှောက်ထား ပြန်တယ်။ ဘယ်လိုလျှောက် ထားသလဲဆိုတော့ “အရှင်ဘုရား စားနိုင်ယင် တပည့်တော်လဲ စားနိုင်ရမယ်၊ အရှင်ဘုရား နေနိုင်ယင် တပည့်တော်လဲ နေနိုင်ရမယ်။ အရှင်ဘုရား အိပ်နိုင် ယင် တပည့်တော်လဲ အိပ်နိုင်ရမယ်၊ သာသနာ့ဘောင်ကိုသာ သွင်းတော်မူ ပါ” လို့ လျှောက်တယ်။ အတော်လဲ ဇွဲသန်တဲ့လူပဲ မောင်စိန်ရဲ့။ [မှန်ပါ ဘုရား။]

အဲဒီလို သုံးကြိမ်တိုင်အောင် လျှောက်ထားတော့ ရှင်မဟာကစ္စည်း ကလဲ သာမဏေ ပြုပေးလိုက်တယ်။ ရဟန်းခံဖို့ရာ သံဃာကလဲ အဝန္တီ တိုင်းမှာ အလွန်ရှားလေတော့ ရဟန်းဆယ်ပါး စုမိဖို့ သုံးနှစ် စောင့်ဆိုင်း ရတယ်။ အဲဒီတုန်းကဟော့ ပစ္စန္တရစ်မှာ ရဟန်းငါးပါးနှင့် ရဟန်းပြုစေဆိုတဲ့ ခွင့်ပြု ချက်မရှိသေးတော့ မူလပညတ်ကိုပဲ လိုက်နာနေရ သေးတာကိုး။ သုံးနှစ် ပတ်လုံး သာမဏေဘဝနှင့်နေပြီး ရဟန်းဆယ်ပါးရမှ ရဟန်းပြုရရှာတယ်။ အလွန်သံဃာရှားတဲ့ ဇနပုဒ်ပဲ။

ရဟန်းဘဝသို့ ရောက်တော့ မြတ်စွာဘုရားကို မျက်မှောက် တွေ့ဆုံပြီး ဖူးမြင်လိုတာနဲ့ မထေရ်ကိုခွင့်တောင်းပြီး မြတ်စွာဘုရားထံ အဖူးမျှော် သွား ၍ ဘုရားထံရောက်တဲ့အခါ မြတ်စွာဘုရားက ရှင်အာနန္ဒာကို “ဒီ အာဂန္တု အတွက်နေရာ ငါဘုရား၏ ဂန္ဓကုဋီတိုက်ထဲမှာ ပြင်လိုက်” လို့ အမိန့် ပေး တယ်။ မြတ်စွာဘုရားနှင့် ရှင်သောဏဟာ ညဦးယာမ်မှာ လွင်တီးခေါင်၌ အချိန်ကိုလွန်စေလျက် သန်းခေါင်ယာမ်မှာ ဂန္ဓကုဋီသို့ ဝင်၍ သန်းခေါင် ယာမ်ကို လွန်လတ်သော် မြတ်စွာဘုရားက သောဏ ရဟန်းအား “ချစ်သား သောဏ၊ ငါဘုရားအား တရားဟောပါလော့”ဟု တိုက်တွန်းတယ်။ ထိုအ ခါ သောဏရဟန်းဟာ မြတ်စွာဘုရားအား အဋ္ဌကဝဂ်လာ ကာမသုတ်အစ သာရိပုတ္တသုတ်အဆုံး တဆဲ့ခြောက်သုတ်ကို သရဘညအသံဖြင့် ဟောတယ်။ သရဘညအသံဆိုတာ ရိုးရိုးစကားပြောနေကြ အသံလောက်လဲ မနိမ့်လွန်း, မင်းသမီးမင်းသားတို့ သီချင်းဆိုသလောက်လဲ မမြင့်လွန်း, **အလတ်စားအသံ**

ကိုဆိုတယ်။ မြတ်စွာဘုရားကလဲ သရဘညအသံကို ခွင့်ပြုတော် မူတယ်။ သောဏရဟန်း တရားဆုံးသွားတော့ မြတ်စွာဘုရားက သာဓု သုံးကြိမ်ခေါ်တော်မူတယ်။

မြတ်စွာဘုရားက သာဓုခေါ်တော့ မြေမှာ နေကြတဲ့ နဂါး, ဂဠုန်, ဘုမ္မစိုးနတ်တို့ သာဓုခေါ်ကြတယ်။ ဘုမ္မစိုးနတ်တို့၏ သာဓုခေါ်သံကြောင့် စတုမဟာရာဇ်နတ်မှစပြီးအဆင့်ဆင့် သာဓုခေါ်ဆိုလိုက်ကြတာ အကနိဋ္ဌပြဟ္မာဘုံသို့ ရောက်သွားတယ်။ အလွန် ကြီးကျယ်တဲ့ သာဓုခေါ်သံပဲ မောင်စိန်ရဲ့။ [မှန်ပါ၊ အလွန် ကြီးကျယ်ပါတယ် ဘုရား။]

ထိုခဏ၌ ဇေတဝန်ကျောင်းတော်မှ ယူဇနာ တရာ့နှစ်ဆယ် ဝေးသော ကုလဃရမြို့သောဏ ရဟန်း၏ မယ်တော် အိမ်မှာ နေသော အိမ်စောင့်နတ်ကလည်း ကျယ်စွာသော အသံဖြင့် သာဓုခေါ်တယ်။ ထိုအခါ အိမ်စောင့်နတ်ကို မယ်တော်က "သာဓုခေါ်တာ ဘယ်သူလဲ"လို့ မေးသတဲ့။ နတ်က "ငါ့နှမ၊ ငါ အိမ်စောင့်နတ်ပါ"လို့ ပြောသတဲ့။ "သင်ဟာ ရှေးတုန်းက ငါအား ကောင်းချီး မပေးဘူးပါပဲလျက် ယနေ့ ဘာကြောင့် ကောင်းချီး ပေးသလဲ"လို့ မေးတယ်။

ဒီတော့ နတ်က "ငါသည် သင့်အား ကောင်းချီးပေးတာမဟုတ်၊ သင်၏ သား သောဏ ရဟန်းအား ကောင်းချီး ပေးတာပါ" လို့ ပြောသတဲ့။ ဒီတော့ မယ်တော်က "ငါ့သား သောဏက ဘာလုပ်လို့လဲ"လို့ မေးသတဲ့။ နတ်က "သင်၏ သားဟာ မြတ်စွာဘုရားအား တရားဟောတယ်၊ မြတ်စွာဘုရားက သာဓုခေါ်တယ်၊ သို့အတွက် ငါလဲ သာဓုခေါ်တာပဲ"လို့ ပြောသတဲ့။ အဲဒီလို နတ်ပြောတာကို ကြားရတော့ မယ်တော်ဟာ ငါးပါးအပြားရှိသော ပီတိသည် တကိုယ်လုံး ပြန့်နှံ့ပြီး တည်သတဲ့။ ပီတိ ဖြစ်တယ် ဆိုတာ ဖြစ်လောက်ပေတယ် မောင်စိန်ရဲ့။ [ဖြစ်လောက်ပါတယ်ဘုရား။]

အဲဒီလို ပီတိ ဖြစ်ပြီးတော့ အကြံ ဖြစ်တယ်တဲ့။ "ငါ့သားဟာ လောကသုံးပါးတွင် အတုမရှိသော မြတ်စွာဘုရားနှင့် ဂန္ဓကုဋီတိုက်မှာ အတူနေပြီး ဘုရားအား တရားဟောနိုင်ယင် ငါတို့အားလည်း ဟောနိုင်မှာပဲ၊ ငါ့သား ပြန်လာယင် ငါ တရားပွဲလုပ်မယ်"လို့ ကြံစည်တယ်။

သောဏ ရဟန်းလဲ မြတ်စွာဘုရားအား တရားဟောပြီးလျှင် ဥပဇ္ဈာယ်ဆရာ မှာလိုက်သော ဆုငါးပါးကို တောင်းသတဲ့။ ဆုငါးပါးဆိုတာ—

''မြတ်စွာဘုရား၊ ပစ္စန္တရစ်အရပ်သည် ရဟန်းသံဃာ အလွန်ရှားပါးလှပါသဖြင့် ရဟန်းငါးပါးဖြင့် ရဟန်းပြုခွင့် ပေးတော်မူပါ'' တဆု။

''ပစ္စန္တရစ်အရပ်၌ မြေအလွန်ကြမ်းတမ်းလှသောကြောင့် အထပ်ထပ်သောဖိနပ်ကို စီးခွင့်ပေးတော်မူပါ'' တဆု။ မဇ္ဈိမဒေသမှာတော့ လွှာချင်းဖိနပ်သာ စီးခွင့်ရှိတယ်။

''ပစ္စန္တရစ်အရပ်၌ ဥတုကြမ်းတမ်းသောကြောင့် ရေအမြဲချိုးခြင်းကို ခွင့်ပြုတော်မူပါ'' တဆု။ မဇ္ဈိမဒေသမှာတော့ တဆယ့်ငါးရက်မှ တကြိမ် ချိုးခွင့်ရှိတယ်။

''ပစ္စန္တရစ်အရပ်၌ သင်ဖြူးအစား ဆိတ်ရေ သိုးရေကို ခင်းလေ့ရှိသောကြောင့် သားရေအခင်းကို ခွင့်ပြုတော်မူပါ'' တဆု။ မဇ္ဈိမဒေသ၌ သားရေအခင်း မအပ်မခင်းရ။

''အရပ်တပါးသို့ သွားသော ရဟန်းအား လှူသော သင်္ကန်းကို လက်သို့ရောက်မှသာ ဆယ်ရက်အတွင်း ဝိနည်းကံပြုခြင်းကို ခွင့်ပြုတော်မူပါ'' တဆု။ ပေါင်း—ငါးဆု ဖြစ်တယ်။

အဲဒီ ငါးဆုစလုံးကို မြတ်စွာဘုရားက ခွင့်ပြုတော်မူတယ်။ သောဏရဟန်းလဲ ဆုငါးပါးတောင်းပြီး မြတ်စွာဘုရားအထံ၌ နှစ်ရက်၊ သုံးရက်နေပြီး မိမိ ရပ်ရွာသို့ ပြန်ပြီး ဥပဇ္ဈာယ်ဆရာကို ဖူးမြော်လျက် ''ဆုငါးပါးစလုံး မြတ်စွာဘုရားက ခွင့်ပြုပါတယ် ဘုရား'' လို့ လျှောက်တယ်တဲ့။

အဲဒီနောက် နံနက်လင်းတော့ ဆရာတပည့် နှစ်ယောက် မြို့တွင်းသို့ ဆွမ်းခံလျှောက်လာကြရာ သောဏ၏ မယ်တော် အိမ်ဝင်းသို့ ရောက်လာကြတယ်။ သောဏ၏ မယ်တော်ဟာ သားကို မြင်ရတော့ ဝမ်းမြောက် ဝမ်းသာ ဆွမ်းများ လောင်းပြီး သားကို မေးတယ်။ ''မောင်ပဥ္စင်းက မြတ်စွာဘုရားအား တရားဟောတယ် ဆိုတာ ဟုတ်သလား'' လို့ မေးတော့ သားက ''အမေကို ဘယ်သူပြောသလဲ'' လို့ ပြန်မေးတယ်။ အိမ်စောင့်နတ်နှင့် အမေးအဖြေ ပြောတဲ့ အကြောင်းကို သားအား ပြန်ပြောတော့ ''ဟုတ်ပါတယ်၊ မြတ်စွာဘုရားက အဟောခိုင်းလို့ ဟောခဲ့ရတယ်'' လို့ ပြောသတဲ့။

ဒီတော့ အမေက ''ဦးပဥ္စင်း၊ အိမ်စောင့်နတ် ပြောကတည်းက တရားပွဲလုပ်ဖို့ စိတ်ကူးထားတယ်၊ တပည့်တော်တို့ကိုလဲ တရားဟောပါအုံး'' လို့ တောင်းပန်သဖြင့် သောဏ ရဟန်းက တရားဟောဖို့ ဝန်ခံလိုက်တယ်။

အဲဒီလို သားရဟန်းထံမှ ဝန်ခံချက်ကို ရတဲ့အခါ မြို့လယ်ခေါင်မှာ မဏ္ဍပ်ကြီး ထိုးလျက် မဏ္ဍပ်ကို အဆန်းတကြယ် ပန်းမျိုးစုံ ခြယ်လယ်ပြီး တရားနာလာကြတဲ့ လူရော ရဟန်းပါ ကျွေးမွေးဘွယ်ရာတို့ကို စီမံ၍ အိမ်မှာ အိမ်စောင့်ကျွန်မတယောက်ကိုသာ ချန်ထားကာ တရားနာရန် သွားကြတယ်။

မယ်တော်၏အိမ်ဟာ အုတ်တံတိုင်းခုနစ်ထပ် ကာဝိုင်းထားတယ်။ တံတိုင်း တခုနှင့် တခုတို့၏ အကြား၌ အလွန်ဆိုးတဲ့ ခွေးကြီးများကို လွှတ်ထားတယ်။ တံစက်မိတ်အောက်၌ ကျုံးမြောင်းတူးပြီး သလွဲဖြင့် ပြည့်စေတယ်။ ထိုသလွဲတွေဟာ နေ့အခါ နေရောင်ကြောင့် အရည်ပျော်ကာ ကြိုက်ကြိုက်ဆူသော ရေနွေးကဲ့သို့ ပူတယ်၊ ညအခါ ခဲပြီး ပုလင်းကွဲတို့ကဲ့သို့ ကြမ်းတမ်းတယ်၊ မနင်းနိုင်ဘူးတဲ့။ ထိုသလွဲ အပြင်ဘက်က သံဆူး သံခြောင်တွေ ခြေချစရာ မရှိအောင် စိုက်ထားတယ်။ သူခိုးတွေ မဝင်နိုင်အောင် စီမံထားတာပေါ့။

ကိုးရာသော သူခိုးတွေကလဲ ဒီအိမ်ကို ဝင်ဖို့ရာ အမြဲတမ်း အခွင့်အရေးကို ကြည့်နေကြတယ်။ တရားပွဲကျင်းပတဲ့ ညကျတော့ သူခိုးတွေက အခွင့်ရကြတဲ့ အတွက် တိုင်ပင်ကြတယ်။ ဘယ်လို တိုင်ပင်သလဲဆိုတော့ “ဒီအိမ်ကို မြေပေါ်က ဝင်လို့မရဘူး၊ ဥမင်လိုဏ်တူးပြီး ဝင်ရမယ်၊ အိမ်ထဲကို ရောက်တဲ့အခါ အိမ်စောင့်ဟာ မယ်တော်ကို သွားပြီး သူခိုးဝင်ကြောင်း ပြောလိမ့်မယ်၊ ပြောတဲ့အခါ မယ်တော်ဟာ အိမ်သို့ ပြန်လာလိမ့်မယ်၊ ပြန်လာတဲ့အခါ မယ်တော်နှင့်အတူ လိုက်လာပြီး လမ်းတွင် မယ်တော်ကို သတ်ဖို့အတွက် သူခိုးကြီးက မယ်တော် အနားတွင် တရားနာဟန်ပြုနေရမယ်၊ ကျန်တဲ့ ခိုးသားတွေက ဥမင်လိုဏ်တူးပြီး အိမ်ကို ဝင်စီးရမယ်” လို့ အကြံ အစည် ပြုပြီး ၎င်းအတိုင်း လုပ်ကြတယ်။

သူခိုးကြီးဟာ မယ်တော်အနားတွင် တရားနာဟန်ပြုလျက် ခိုးသားတွေက ဥမင်လိုဏ်တူးပြီး အိမ်ထဲသို့ ဝင်ကာ ဥစ္စာအသပြာတိုက်ကို ဖွင့်၍ ထုတ်ယူကြတယ်။ ထိုအခါ အိမ်စောင့်ကျွန်မဟာ တရားမဏ္ဍပ်သို့ သွားပြီး မယ်တော်ကို “သူခိုးတွေ အသပြာတိုက်ကို ဖွင့်၍ ယူကုန်ပြီ” လို့ ပြောသတဲ့။ ဒီတော့ မယ်တော်က “ယူချင်သလောက် ယူပါစေ၊ အသပြာဟာ တရားလောက် မမြတ်ဘူး၊ ငါတရားနာတာကို အနှောင့်အယှက် မလုပ်နှင့်၊ အိမ်ပြန်သွား” လို့ ပြောသတဲ့။

ဒါနဲ့ ကျွန်မလဲ အိမ်သို့ ပြန်လာရာ သူခိုးတွေဟာ ငွေတိုက်ကို ဖွင့်ကြပြန်တယ်။ ဒီတော့ ကျွန်မဟာ တရားနာ မဏ္ဍပ်ကို ပြန်သွားပြီး မယ်တော်အား

"သူခိုးတွေ ငွေတိုက်ကို ဖွင့်သွားကြောင်း"ကို ပြောပြန်တယ်။ မယ်တော်က "ဟဲ့....ကျွန်မ၊ ယူချင်တာ ယူပါစေ၊ ငါ တရားနာတာကို အနှောင့်အယှက် မပြုနဲ့လို့ ပြောသားနဲ့၊ ဘာပြု၍ လာပြောရသလဲ၊ သွား....အိမ်ကို ပြန်"လို့ ငေါက်လိုက်တယ်။

ဒါနဲ့ ကျွန်မလဲ အိမ်ကို ပြန်သွား၍ အိမ်သို့ ရောက်တော့ သူခိုးတွေက ရွှေတိုက်ကို ဖွင့်ပြီး ရွှေတွေကို ယူကြပြန်တယ်။ ကျွန်မကလဲ တဖန် မဏ္ဍပ်ကို ပြန်သွားပြီး မယ်တော်အား "သူခိုးတွေ ရွှေတိုက်ကို ဖွင့်ကုန်ပြီ"လို့ ပြော ပြန်သတဲ့။ မယ်တော်က "ဟဲ့....ကျွန်မ၊ နင့်ကို ဘယ်နှစ်ခါ ပြောရအုံးမလဲ၊ ယူချင်တာတွေကို ယူပါစေလို့ ပြောရက်သားနဲ့၊ ခဏခဏ တရားကို အနှောင့် အယှက်လာပြုတာ နင့်ကို ရိုက်ရမလား"လို့ ကြိမ်းမောင်းတယ်။

ဒီအခါ အနီးမှာရှိတဲ့ သူခိုးကြီးဟာ အင်မတန် ထိတ်လန့်သော စိတ်ဖြစ် တယ်။ "ဒီလိုတရားကို မြတ်နိုးသောသူ၏ ဥစ္စာကို ယူတာဟာ အင်မတန် ဝန် လေးတယ်၊ ငါတို့ဦးခေါင်းကို မိုးကြိုးသော်လဲ ပစ်တန်ရာတယ်၊ ပြန်ပေး မှတော်မယ်"လို့ အကြံဖြစ်ပြီး၊ခိုးသားများထံသွား၍ "အမောင်တို့၊ ဒီ မယ် တော်၏ ပစ္စည်းတွေကို သူ့နေရာသူ ပြန်ထားကြ၊ မင်းတို့ ငါတို့၏ ဦးခေါင်း ကို မိုးကြိုးပစ် ကုန်လိမ့်မယ်" ဆိုပြီး ပြန်ထားစေသဖြင့် ခိုးသားများကလဲ ပြန်ထားကြတယ်။ [အစ ဂါထာကိုပြန်ကောက် — ဓမ္မော ဟဝေ ရက္ခတိ ဓမ္မစာရိံ....,။]

သူခိုးတို့ဟာ ဥစ္စာပစ္စည်းများကို သူ့နေရာသူ ပြန်ထားပြီး တရား မဏ္ဍပ် သို့သွား၍ တရားနာကြတယ်။ မိုးလင်းတဲ့အခါ သောဏ ရဟန်းလဲ တရား အဆုံးသတ်၍ တရားဟောပလ္လင်မှ ဆင်းပြီး ကျောင်းသို့ ပြန်သွားတယ်။

ထိုအခါ သူခိုးကြီးဟာ မယ်တော်၏ ခြေရင်း၌ ဝပ်စင်းပြီး သည်းခံ ဖို့ရန် တောင်းပန်တယ်။ ဒီတော့ မယ်တော်က အကြောင်းကို မေးသတဲ့။ ခိုးသူကြီးက အကြောင်းမျိုးစုံကို ပြန်ပြောတဲ့အခါ မယ်တော်က "ငါသည်း ခံပါတယ်"လို့ ပြောသတဲ့။ ဒီတော့ ခိုးသားများကလဲ အကြောင်း မျိုးစုံ ကို ပြောပြီး တောင်းပန်ကြပြန်တယ်။ မယ်တော်ကလဲ "မောင်တို့ကိုလဲ ငါ သည်းခံပါတယ်"လို့ ပြောသတဲ့။ မယ်တော်ဟာ ပစ္စည်း ဥစ္စာထက် တရား ကိုမြတ်နိုး လိုက်သည့်အတွက် ဥစ္စာကိုလဲ ပြန်ရတယ်၊ ခိုးသားတို့၏ ကန်တော့

တာကိုလဲ ခံရတယ်။ အသက်လဲမသေရဘူး၊ နည်းတဲ့ တရား ကျေး ဇူး လား ကွဲ့။ ဥစ္စာကိုသာမက်ယင် အသက်လဲ သေအုံးမယ်၊ ဥစ္စာလဲ ဆုံးအုံးမယ်၊ ဒီတော့ တရားဟာ အားကိုးစရာ မကောင်းပါလား။ [ကောင်း ပါတယ် ဘုရား။]

ဒီလို မယ်တော်က သည်းခံတယ် ဆိုတော့ ခိုးသားတို့က ''သည်းခံယင် မယ်တော်၏ သားထံ၌ ရဟန်းပြုပါရစေ၊ လျှောက်ထားပေးပါ''လို့ ပြော တယ်တဲ့။ မယ်တော်လဲ ခိုးသားတို့ကိုခေါ်ပြီး သားထံသွား၍ ''အရှင်ဘုရား၊ ဟောဒီ ခိုးသားတို့ဟာ တပည့်တော်၏ ကျေးဇူးကို လည်းကောင်း၊ အရှင် ဘုရား၏ တရားကိုလည်းကောင်း ကြည်ညိုပါသဖြင့် ရဟန်းပြုဖို့ တောင်းပန် ကြပါတယ်၊ ပြုပေးတော်မူပါ''လို့ လျှောက် ထား တယ်။ သား ရဟန်း ကလဲ''ကောင်းပါပြီ''လို့ ဝန်ခံပြီး ပထမသာမဏေပြု သက်နိုးဝတ်ပုံ၊ သွား ပုံ၊လာပုံ အချိုးကျတဲ့အခါ ရဟန်းပြုပေးသတဲ့။ ရဟန်းပြုပေးပြီးတဲ့ အခါ ကိုယ်စီကိုယ်ငှ ရဟန်းတရားအားထုတ်ရန် ကမ္မဋ္ဌာန်းပေးလိုက်သဖြင့် ခိုးသား ရဟန်းတို့လဲ ကမ္မဋ္ဌာန်းကိုယူကာ တခုသော တောင်သို့ သွား၍ သူ့သစ်ပင် ငါ့သစ်ပင်အောက်မှာ ကမ္မဋ္ဌာန်းပွားများကြတယ်။

မြတ်စွာဘုရားရှင်ကလည်း ယူဇနာ တစ်ရာ့နှစ်ဆယ် ဝေးသောဇေတဝန် ကျောင်းတော်ကနေ၍ ဒိဗ္ဗစက္ခုဖြင့် မြင်တော်မူသောကြောင့် ရဟန်းတို့ အား ချီးမြှောက်တော် မူလိုတဲ့အတွက် ရောင်ခြည်တော်တို့ကို ပျံ့နှံ့စေလျက်၊ မျက်မှောက်၌ ထိုင်နေတော် မူသကဲ့သို့ဖြစ်၍ ဤဂါထာကို ဟောတော် မူတယ်။

မေတ္တာဝိဟာရီ ယောဘိက္ခု၊ ပသန္နော ဗုဒ္ဓသာသနေ။
အဓိဂစ္ဆေ ပဒံ သန္တံ၊ သင်္ခါ ရူပ သမံ သုခံ။

ယောဘိက္ခု၊ အကြင်ရဟန်းသည်။ မေတ္တာဝိဟာရီ၊ မေတ္တာကမ္မဋ္ဌာန်း စီးဖြန်းပွားများလေ့ရှိ၏။ ဗုဒ္ဓသာသနေ၊ ရှင်တော်မြတ်ဘုရား တည်ထား မိန့်မှာ သာသနာ၌။ ပသန္နော၊ လေးလေးစားစား အားထားလျက်သာ ကြည်ညိုပါ၏။ သောဘိက္ခု၊ ထိုရဟန်းသည်။ သင်္ခါရူပသမံသုခံ၊ သင်္ခါရ တရားတို့၏ ငြိမ်းရာစင်စစ် အမှန်ဖြစ်သော။ သန္တံ၊ ဒုက္ခခပ်သိမ်း အလွန်လည်း ငြိမ်းထသော။ ပဒံ၊ အအေးဆုံးမှန်တဲ့ ပြည်နိဗ္ဗာန်သို့။ အဓိဂစ္ဆေ၊ ကေန် ထုတ်ချောက် ရောက်ရလိမ့်မည် အမှန်ပင်တည်း။

သာဓု၊ သာဓု၊ သာဓု။

ယတောယတော သမ္မသတိ၊ ခန္ဓာနံ ဥဒယဗ္ဗယံ။
လဗ္ဘတိ ပီတိပါမောဇ္ဇံ၊ အမတန္တံ ဝိဇာနတံ။

ယတောယတော၊ အကြင်အကြင်သို့သော အခြင်းအရာအားဖြင့်။ ခန္ဓာနံ၊ ခန္ဓာငါးပါးတို့၏။ ဥဒယဗ္ဗယံ၊ ဖြစ်ခြင်းပျက်ခြင်းကို။ သမ္မသတိ၊ ကောင်းစွာ မသွေ သုံးသပ်လေ၏။ တတောတတဒါကာလေ၊ ထိုသို့သုံးသပ်၍ မြင်သော ကာလအခါသမယ၌။ ပီတိပါမောဇ္ဇံ၊ နှစ်သက်ခြင်းပီတိ ဝမ်းမြောက်ခြင်း ပါမောဇ္ဇကို။ လဗ္ဘတိ၊ မုချပိုင်ပိုင် ရရှိနိုင်၏။ တံ၊ ထိုပီတိပါမောဇ္ဇသည်။ ဝိဇာနတံ၊ တရားသိသော ပညာရှိတို့၏။ အမတံ၊ အမြိုက် နိဗ္ဗာန် အေးရာမှန်သည်။ ဟောတိ၊ စင်စစ်မသွေ ဖြစ်တော့ချေ၏ တကား။

သာဓု၊ သာဓု၊ သာဓု။

မြတ်စွာဘုရား ဟောခဲ့တာကတော့ ၉၁ ဂါထာပဲ။ ဒါပေမယ့် အကုန်လုံး မရွတ်နိုင်တော့ဘူး။ လိုချင်ယင် ဓမ္မပဒမှာ ကြည့်ရုံပဲ။

အဲဒီ ၉ ဂါထာ ဆုံးလျှင် အားလုံးသော ရဟန်း ကိုးရာတို့သည် ပဋိသမ္ဘိဒါပတ္တ ရဟန္တာတွေဖြစ်ပြီး ကောင်းကင်ယံသို့ ပျံတက်လျက် ယူဇနာ တရာ့ နှစ်ဆယ် ဝေးသော ဇေတဝန်ကျောင်းတော်သို့ သွားကာ မြတ်စွာဘုရား၏ ခြေတော်အစုံကို ဆယ်ဟတ္ထကြာပဒုံဖြင့် ရှိခိုးပြီး ဖူးမြော်ကြသတဲ့။ [ဝမ်း မြောက်စရာတွေပါ ဘုရား။]

ကဲ.... ဒီဝတ္ထုမှာ ကြည့်စမ်းပါ။ မယ်တော်ကြီးလဲ အသက် ချမ်းသာ၊ ပစ္စည်းတွေ ပြန်ရ၊ ခိုးသားတွေလဲ အလွန် ယုတ်ညံ့တဲ့ ခိုးသူဘဝမှ အလွန် မြင့်မြတ်တဲ့ ရဟန္တာ ဖြစ်သွားရတာဟာ တရားတော်၏ ဂုဏ်ကျေးဇူးတွေ မဟုတ်ပါလား။ [ဟုတ်ပါတယ်ဘုရား။] အဲဒါကြောင့် ဓမ္မဂုဏောအနန္တောလို့ ဟောတာပေါ့။ ဒီလိုဆိုတော့ အောက်တန်းစား ပုထုဇဉ် ဘဝမှ အထက် တန်းစား အရိယာဖြစ်အောင် တရားကိုပဲ အားကိုးကြပါစို့။

အိမ်အောက်မှ အိမ်ပေါ်သို့ တက်တဲ့အခါ လှေခါးထစ် အဆင့်ဆင့်ကို နင်းပြီး တက်ရတယ် မဟုတ်ပါလား။ [ဟုတ်ပါတယ်ဘုရား။]

ငါတို့လဲ ဒီနေ့ ဉာတပရိညာ တဆင့်, တီရဏပရိညာ တဆင့်, ပဟာန ပရိညာ တဆင့် ထားပြီး အဆင့် သုံးဆင့်နှင့် အမြင့် စခန်းကို ပို့ရလိမ့်မယ် မောင်စိန်ရဲ့။ [ပို့တော်မူပါဘုရား။]

မောင်စိန်ရဲ့ ခန္ဓာကိုယ်မှာ ခေါင်းက စပြီး ခြေထောက် အထိ လက်မကလေးနှင့် စမ်းကြည့်တော့ မာတဲ့နေရာမှာ မာပြီး၊ နူတဲ့ နေရာမှာ နူသဘောတွေကို မတွေ့ရပါလား။ [တွေ့ရပါတယ် ဘုရား။] အဲဒီ မာသဘော နူသဘောကို ပထဝီလို့ ခေါ်တယ်။ လက်ဝါးကလေးနဲ့ အသာ အုပ်ပြီး စမ်းကြည့်တော့ ရံခါ အေးပြီး ရံခါ နွေးတဲ့ သဘောကို မတွေ့ရပါလား။ [တွေ့ရပါတယ်ဘုရား။]

အဲဒီ ပူသဘော, အေးသဘောကို တေဇောလို့ ခေါ်တယ်။ မင်း ငုတ်တုတ်ထိုင်ပြီး နေနိုင်တယ်မဟုတ်လား။ [နေနိုင်ပါတယ်ဘုရား။] အဲဒါ ထောက်ကန်ဝါယောကြောင့် နေနိုင်တာ။ ထောက်ကန် ဝါယော မရှိယင် မထိုင်နိုင်ဘူး။ လမ်းသွားတဲ့အခါ လှုပ်ရှားဝါယော ဖြစ်တယ်။ အဲဒီ ထောက်ကန်မှု လှုပ်ရှားမှုကို ဝါယောလို့ ခေါ်တယ်။ မင်း နွေရာသီအပူဓာတ်နှင့် တွေ့တော့ ချွေးတွေယိုစီးပြီး မလာလား။ [လာပါတယ်ဘုရား။] ဆောင်းရာသီအအေးဓာတ်နှင့်တွေ့တဲ့အခါ ချွေးတွေ ပိတ်ပြီး မနေလား။ [နေပါတယ်ဘုရား။] အဲဒါ ဖွဲ့စည်း အာပေါ ဖြစ်တာ။ အဲဒီ ဖွဲ့စည်းမှု, ယိုစီးမှုကို အာပေါလို့ ခေါ်တယ်။ ပြောခဲ့ပြီးတဲ့ ပထဝီ, အာပေါ, တေဇော, ဝါယော ဓာတ်ကြီး လေးပါးကို ပုဂ္ဂိုလ် သတ္တဝါ ငါ သူတပါး ယောကျ်ား မိန်းမ လူ နတ် ဗြဟ္မာလို့ ဆိုနိုင်ပါမလား။ [မဆိုနိုင်ပါဘုရား။]

အဲဒါ ရူပက္ခန္ဓာ၏ ညာတပရိညာစခန်း ခေါ်တယ်။ မင်း ကိုယ်ကာယမှာ ရှိတဲ့ ခြောက်ဒွါရနှင့် အပြင်က ခြောက်အာရုံ ပေါင်းဆုံတဲ့အခါ အာရုံကောင်းယင် ဝမ်းမြောက်မှု မဖြစ်ပါလား။ [ဖြစ်ပါတယ် ဘုရား။] အဲဒါ သောမနဿ ဝေဒနာ ဖြစ်တာပဲ။ အာရုံ မကောင်းယင် မနှစ်မြို့မှု မဖြစ်ပါလား။ [ဖြစ်ပါတယ်ဘုရား။] အဲဒါ ဒေါမနဿဝေဒနာ ဖြစ်တာပဲ။ အာရုံက အလတ်စားဖြစ်ယင် လျစ်လျူရှုမှုမဖြစ်ပါလား။ [ဖြစ်ပါတယ်ဘုရား။] အဲဒါ ဥပေက္ခာဝေဒနာဖြစ်တာပဲ။ အဲဒီ ဝမ်းမြောက်မှု, မနှစ်မြို့မှု, လျစ်လျူရှုမှုကို ပုဂ္ဂိုလ် သတ္တဝါ ငါ သူတပါး ယောကျ်ား မိန်းမ လူ နတ် ဗြဟ္မာလို့ ဆိုနိုင်ပါမလား။ [မဆိုနိုင်ပါဘုရား။]

အဲဒါ ဝေဒနက္ခန္ဓာ၏ ညာတပရိညာစခန်း ခေါ်တယ်။ မင်း မျက်စိနှင့် ရူပါရုံ ပေါင်းဆုံမိတဲ့အခါ ၎င်းရူပါရုံကို မှတ်သားမှု ဖြစ်ပေါ်၍ မလာဘူး

လား။ [လာပါတယ်ဘုရား။] အဲဒါ ရူပသညာ ခေါ်တယ်။ မင်း နားနှင့် အသံ ပေါင်းဆုံပြန်တော့ အသံကို မှတ်သားမှု မဖြစ်ဘူးလား။ [ဖြစ်ပါတယ် ဘုရား။] အဲဒါ သဒ္ဒသညာ ခေါ်တယ်။ မင်း နှာခေါင်းနှင့် အနံ့ ပေါင်းဆုံ ပြန်တော့ အနံ့ကို မှတ်သားမှု မဖြစ်ဘူးလား။ [ဖြစ်ပါတယ်ဘုရား။] အဲဒါ ဂန္ဓသညာ ခေါ်တယ်။

မင်း လျှာနှင့် ရသာရုံ ပေါင်းဆုံမိတော့ အရသာကို မှတ်သားမှု မဖြစ် ဘူးလား။ [ဖြစ်ပါတယ်ဘုရား။] အဲဒါ ရသသညာ ခေါ်တယ်။ မင်း ကိုယ် ကောင်နှင့် တစုံတရာဝတ္ထု ထိခိုက်မှု ဖြစ်တဲ့အခါ နူးသဘော, ကြမ်းသဘောကို မှတ်သားမှု မဖြစ်ဘူးလား။ [ဖြစ်ပါတယ်ဘုရား။] အဲဒါ ဖောဋ္ဌဗ္ဗသညာလို့ ခေါ်တယ်။ တရံတခါ မင်း စိတ်ထဲမှာ အတိတ်က အာရုံဟောင်းတွေကို အမှတ် မရဘူးလား။ [ရပါတယ်ဘုရား။] အဲဒါ ဓမ္မသညာလို့ခေါ်တယ်။ အဲဒီ အမှတ် ရမှု သညာခြောက်ပါးကို ပုဂ္ဂိုလ် သတ္တဝါ ငါ သူတပါး ယောကျ်ား မိန်းမ လူ နတ် ဗြဟ္မာလို့ ခေါ်နိုင်ပါမလား။ [မခေါ်နိုင်ပါ ဘုရား။] အဲဒါ သညာ၏ ညာတပရိညာစခန်းလို့ ခေါ်တယ်။

တခါတရံ ယောနိသောမနသိကာရဖြင့် အသင့်အတင့် နှလုံးသွင်းတဲ့အခါ အလှူဒါနပြုချင်တဲ့ စေတနာ, သီလစောင့်ချင်တဲ့ စေတနာ, တရားနာချင်တဲ့ စေတနာ, ကမ္မဋ္ဌာန်းပွားချင်တဲ့ စေတနာ ဖြစ်မလာဘူးလား။ [လာပါတယ် ဘုရား။] တခါတရံ အယောနိသောမနသိကာရဖြင့် မသင့်မတင့် နှလုံးသွင်းတဲ့ အခါ မကောင်းတာကို လုပ်ချင်တဲ့စေတနာ ဖြစ်မလာဘူးလား။ [လာပါတယ် ဘုရား။] အဲဒီ စေတနာကို ပုဂ္ဂိုလ် သတ္တဝါ ငါ သူတပါး ယောကျ်ား မိန်းမ လူ နတ် ဗြဟ္မာလို့ ဆိုနိုင်ပါမလား။ [မဆိုနိုင်ပါဘုရား။] မင်း မျက်စိနှင့် ရူပါရုံ ပေါင်းဆုံမိတော့ ရူပါရုံကို မြင်တဲ့စိတ် ဖြစ်မလာဘူးလား။ [လာပါ တယ် ဘုရား။] အဲဒါ စက္ခုဝိညာဏ်စိတ် ခေါ်တယ်။

မင်း နားနှင့်အသံ ပေါင်းဆုံမိပြန်တော့ အသံကို ကြားတဲ့စိတ် မဖြစ်လား။ [ဖြစ်ပါတယ်ဘုရား။] အဲဒါ သောတဝိညာဏ်စိတ် ခေါ်တယ်။ နှာခေါင်းနှင့် အနံ့ ပေါင်းမိတော့ အနံ့ကို နံတဲ့စိတ် မဖြစ်လာလား။ [ဖြစ်ပါတယ်ဘုရား။] အဲဒါ ဃာနဝိညာဏ်စိတ် ခေါ်တယ်။ လျှာနှင့် ရသာရုံ ပေါင်းမိတော့ အရသာကို သိတဲ့စိတ် မဖြစ်လား။ [ဖြစ်ပါတယ်ဘုရား။] အဲဒါ ဇိဝှါဝိညာဏ် စိတ် ခေါ်တယ်။ ကိုယ်ကာယနှင့် ဖောဋ္ဌဗ္ဗာရုံ ပေါင်းဆုံတော့ အတွေ့ကို သိတဲ့ စိတ်မဖြစ်လား။ [ဖြစ်ပါတယ်ဘုရား။] အဲဒါ ကာယဝိညာဏ်စိတ် ခေါ်တယ်။

တခါတရံ တောင်တောင်အီအီကို တွေးတောတဲ့စိတ် မဖြစ်လား။ [ဖြစ်ပါတယ်ဘုရား။] အဲဒါ မနောဝိညာဏ်စိတ် ခေါ်တယ်။ အဲဒီ ခြောက်ပါးသော ဝိညာဏ်ကို ပုဂ္ဂိုလ် သတ္တဝါ ငါ သူတပါး ယောကျ်ား မိန်းမ လူ နတ် ဗြဟ္မာ လို့ ခေါ်နိုင်ပါမလား။ [မခေါ်နိုင်ပါဘုရား။] အဲဒါ ဝိညာဏက္ခန္ဓာ၏ ညာတပရိညာ စခန်းပဲ။ ညာတပရိညာ ဆိုတာ ပညတ်စွဲ ကင်းပျောက်ပြီး ပရမတ်ဉာဏ် ဓာတ်ဉာဏ် ပေါ်လာတာကို ခေါ်တယ် မောင်စိန်ရဲ့။ [မှန်ပါဘုရား။]

ကဲ....ညာတပရိညာစခန်းပြီးတော့ တီရဏပရိညာစခန်းကို ဟောကြစို့။ [ဟောတော်မူပါဘုရား။] အစက ပြောခဲ့တဲ့ မာသဘောကလဲ မာဆဲ ခဏ ရှိတာပဲ။ နူးညံ့သဘောကလဲ နူးဆဲ ခဏ ရှိတာပဲ။ ပူသဘောကလဲ ပူဆဲ ခဏ ရှိတာပဲ။ အေးသဘောကလဲ အေးဆဲခဏရှိတာပဲ။ ထောက်ကန်သဘောကလဲ ထောက်ကန်ဆဲခဏရှိ၍ လှုပ်ရှားသဘောကလဲ လှုပ်ရှားဆဲခဏရှိတာပဲ။ ဖွဲ့စည်းသဘောကလဲ ဖွဲ့စည်းဆဲ ခဏရှိ၍ ယိုစီး သဘောကလဲ ယိုစီးဆဲ ခဏရှိတာပဲ။ အဲဒီတော့ မြဲတယ်လို့ ဆိုနိုင်ပါမလား။ [မဆိုနိုင်ပါဘုရား။] မမြဲသည့်အတွက် မာပြီး နူးလိုက်၊ နူးပြီး မာလိုက်နှင့် မဖောက်ပြန်ပါလား။ [ဖောက်ပြန်ပါတယ်ဘုရား။]

တေဇောကလဲပူပြီး အေးလိုက်၊ အေးပြီးပူလိုက်နှင့် ဖောက်ပြန်နေတယ်။ ဝါယောကလဲ ထောက်ကန်လိုက် လှုပ်ရှားလိုက်နှင့် ဖောက်ပြန်နေတယ်။ အာပေါကလဲ ဖွဲ့စည်းလိုက်, ယိုစီးလိုက်နှင့် ဖောက်ပြန်နေတယ်။ ဖောက်ပြန်သည့်အတွက် အိုဒုက္ခ, နာဒုက္ခ, သေဒုက္ခတွေနှင့် တွေ့ကြရတာ ဖြစ်တယ်။ အဲဒီတော့ ကြောက်စရာ မကောင်းပါလား။ [ကောင်းပါတယ် ဘုရား။] ကြောက်စရာ ကောင်းတဲ့သဘောဟာ ဒုက္ခလက္ခဏာပဲ။ ဒုက္ခသစ္စာ လို့လဲ ခေါ်တယ်။ [မှန်ပါဘုရား။]

ဒီဓာတ်ကြီး လေးပါးဟာ ဘယ်သူ၏အလိုသို့မလိုက် အကြိုက်သို့ မပါဘူး။ ပထဝီကလဲ မာစရာနဲ့ကြုံယင် မာပြီး၊ နူးစရာနဲ့ ကြုံယင် နူးတာပဲ။ တေဇောကလဲ ပူစရာနဲ့ကြုံယင် ပူပြီး အေးစရာနဲ့ကြုံယင် အေးတာပဲ။ ဝါယောကလဲ ထောက်ကန်စရာနှင့်ကြုံယင် ထောက်ကန်ပြီး လှုပ်ရှားစရာနှင့် ကြုံယင် လှုပ်ရှားတာပဲ။ အာပေါကလဲ ဖွဲ့စည်းစရာနှင့်ကြုံယင် ဖွဲ့စည်းပြီး ယိုစီးစရာနှင့်ကြုံယင် ယိုစီးတာပဲ။ အဲဒီလို ဘယ်သူ၏ အလိုသို့မလိုက်၊ ဘယ်သူ၏ အကြိုက်သို့မပါ၊ မိမိ၏သဘောအတိုင်း ဖြစ်နေတာကို အနတ္တလို့ခေါ်တယ်။

အဲဒီလို ခေတ်ကြီးလေးပါး၏ အနိစ္စ, ဒုက္ခ, အနတ္တ လက္ခဏာယာဉ်သုံးပါးကို မြင်ယင် ရူပက္ခန္ဓ၏ တိရဏပရိညာစခန်းသို့ ရောက်တယ် မောင်စိန်ရဲ့။ [မှန်ပါ ဘုရား။]

ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဏဆိုတဲ့ နာမက္ခန္ဓာ လေးပါးကလဲ အာရုံဒွါရ ပေါင်းဆုံခြင်း ဖဿဖြစ်ယင်ဖြစ်ပြီး၊ဖဿချုပ်ယင် ချုပ်တယ်။ ဒီလို ဆိုတော့ မြဲတယ်လို့ဆိုနိုင်ပါမလား။ [မမြဲပါဘုရား။] မမြဲသည့်အတွက် ဖြစ်ပြီး ပျက်စီးမသွားလား။ [ပျက်စီးသွားပါတယ် ဘုရား။] ပျက်စီးတာ ဟာ ဝမ်းမြောက် စရာလား, ကြောက်စရာလား။ [ကြောက်စရာပါဘုရား။] ကြောက်စရာသဘောဟာ ဒုက္ခလက္ခဏာပဲ။ ဒုက္ခသစ္စာလို့လဲ ခေါ်တယ် မောင်စိန်ရဲ့။ [မှန်ပါဘုရား။]

ဒီ နာမက္ခန္ဓာလေးပါးဟာ ဘယ်သူ၏အလိုသို့မလိုက်၊ ဘယ်သူ၏အကြိုက် သို့မှမပါပဲ၊ ဖဿဖြစ်ယင်ဖြစ်ပြီး ဖဿချုပ်ယင် ချုပ်တာပဲ။ ဒါဟာအနတ္တပဲ။ အဲဒီလို နာမက္ခန္ဓာလေးပါး၏ အနိစ္စ,ဒုက္ခ, အနတ္တကိုမြင်ယင် တိရဏပရိညာ စခန်းသို့ ရောက်တယ်လို့ဆိုတယ် မောင်စိန်ရဲ့။ [မှန်ပါဘုရား။],

အဲဒီလို ခန္ဓာငါးပါး၌ မမြဲမှု, ဆင်းရဲမှု, အစိုးမရမှုတို့ကို မြင်ယင် ခန္ဓာ ငါးပါးကို ငြီးငွေ့လာပါလိမ့်မယ်။ ငြီးငွေ့ အား သန်ယင် ခန္ဓာငါးပါး၌ ငါ,ငါ့ဟာ,ငါ့အတ္တလို့ စွဲလမ်းတဲ့ သမုဒယသစ္စာ ချုပ်ပါလိမ့်မယ်။ ချုပ်ယင် ပဟာန ပရိညာစခန်းသို့ ရောက်ပါပြီ။ ချုပ်တော့ ချုပ်ရာနိရောဓ သစ္စာကို မျက်မှောက် ပြုရပါတော့တယ်။ မျက်မှောက်ပြုတဲ့ ဉာဏ်ဟာ မဂ္ဂသစ္စာပဲ။ အဲဒီလို သစ္စာလေးပါးကို သိယင် သစ္စာလေးပါးကို ဖုံးကွယ်သော အဝိဇ္ဇာ သေ၍ ပဋိစ္စသမုပ္ပါဒ် စက်ရဟတ်ကြီး ပျက်စီးကာ သံသရာ ထောင်အပြင်သို့ ရောက်ပါတော့တယ်။

သံသရာထောင်အပြင်သို့ ရောက်ရတာ ဘယ်သူကြောင့်လဲလို့ အကြောင်း ကိုရှာတော့ သစ္စာလေးပါး မြတ်တရားကြောင့် ရောက်ရတာပဲ။ ဘယ်သူက ရောက်စေဆိုလို့ ရောက်ရတာမဟုတ်ပါဘူး။

ဒါကြောင့် တရားသာ အားထားရာ ဆိုတာ ထင်ရှားသည့်အတွက် ဤ ဒါန, ဤသီလ, ဤဘာဝနာကြောင့် သစ္စာလေးပါး မြတ်တရားကို သိကာ သံသရာထောင်က ထွက်မြောက်၍ နိဗ္ဗာန်သို့ ရောက်လွယ် ကြပါစေသတည်း။

သာဓု၊ သာဓု၊ သာဓု။

"ဓမ္မဂုဏော အနုဿတိတရားတော်" ပြီး၏။

## “သံဃဂုဏော အနန္တော”

ဓမ္မပုပ္ဖေဟိ သုဂန္ဓေ၊ သာသနေ ဂန္ဓမာဒနေ။
သံဃမောရာ သုဝဏ္ဏာဘာ၊ နစ္စမာနာ ဝိကူဇရေ။
ဧတေန သစ္စ ဝဇ္ဇေန၊ ပဟဋ္ဌာ ဟောန္တု သာဓဝေါ။

ဘာဝတ္ထော၊ အမြိုက်တရား စရိုက်အားဖြင့် လိုက်စားမွေ့လျော် ကျွတ်တန်းမျှော်လျက် ရှင်ပျော်နာကြား သဒ္ဓါနားဖြင့် စိတ်ထားညွတ်ပျောင်း အို....တရားနာ ပရိသတ်အပေါင်း သူတော်ကောင်း တို့။ ဓမ္မပုပ္ဖေဟိ၊ ထူးဆန်း လှစွာ ရသာ နှစ်ဆီ ရှစ်လီသောင်းဆင့် လေးထောင်စွင့်သည့် ဖူးပွင့်ထွေလာ ပဒေသာတည့် ဒေသနာကိုက်ရုံ တရားတည်းဟူသော ပန်းအစုံ တို့ဖြင့်။ သုဂန္ဓေ၊ တပျံ့ပျံ့ကြူ ရနံ့ လှူလျက် ရှိုက်ရှူလေညှင်း တလှိုင်လှိုင်ကြိုင်သင်း၍နေသော။ သာသနေ ဂန္ဓမာဒနေ၊ မဟာဂနိုင် နံ့သာမြိုင်ဟု ငုံခိုင်မာလာ ခက်ညွန့်ဖြာသည့် သာသနာတွင်ခေါ် ဂန္ဓမာဒန တောင်ကြီး ပေါ်၌။ သုဝဏ္ဏာဘာ၊ ပါးပါးလှပ်လှပ် ရွှေပြားကို ခတ်သကဲ့သို့ မြင့်မြတ်ထွဋ်ခေါင် သင်္ကန်း ရောင် ဖြင့် ပြောင်ပြောင် လင်းဘိ ရွှေသွေးရောင် အဆင်း ရှိကုန်သော။ သံဃမောရာ၊ အသက်အသွင် ကျင့်ဝတ်စင်သည့် အရှင်မွန် အရှင်ကောင်း သံဃာတော် တည်းဟူသော ရွှေဥဒေါင်းတို့သည်။ နစ္စမာနာ၊ သီလအာဒိ သမာဓိဗဟို ပညာဗိုလ်အဆုံး ဝသီထုံးဖြင့် ရှင်ပြုံး မြူးကြွ မြီးဆံပွလျက် ကသည့်အသွင် အဘိဉာဉ်ဖြင့် ကောင်းကင်ပျံသွား ဈာန်ကစားကြကုန်လျက်။ ဝိကူဇရေ၊ နှစ်သက်စွာဘိ ရသာရှိအောင် ဂီတိဂါထာ အဖြာဖြာကို သာယာ တင့်ထူး ဉာဏ် ကွန့်မြူးလျက် ရင့်ကျူး တော် မူကြလေ

ကုန်သတည်း။ ဧတေန သစ္စဝဇ္ဇေန၊ ဥပမာ ထုတ်ပြန်၍ ဟုတ်မှန်စွာ မြွက်ကြားတဲ့ ဤဂါထာ သစ္စာစကားကြောင့်။ သာဓဝေါ၊ သောတဓာတ်အိမ် သဒ္ဓါစိမ်၍ ငြိမ်ငြိမ်ညွတ်နူး ဓမ္မာရုံ ဆွတ်ခူးကြကုန်သော သင်တရားနာ ပရိသတ်အပေါင်း သူတော်ကောင်းတို့သည်။ ပဟာဋ္ဌာ၊ စိတ်မှာလဲ တရှင်ရှင် ကိုယ်တွင်လဲ တမြေ့မြေ့ သုခါရုံ ကြုံတွေ့လျက် နေ့နှင့်ညဉ့် စဉ်တစိုက် အခါခါန်တိုင်း နှစ်ခြိုက်၍ ချမ်းသာတိုက် တူးဖော်လျက် အထူးပျော်အထူးရှင် အဖူးတွင် တဖန်ပွင့်သလို အရုံ သင့် ရှင်လန်းနိုင်ကြကုန်သည်။ ဟောန္တု၊ တရားစုံဖက် အထုံ ဆက်၍ ဂုဏ်တက်စွာ ဖြစ်ကြပါစေကုန်သတည်း။ ။

သာဓု၊ သာဓု၊ သာဓု။

မောင်စိန်ရေ....ဒီနေ့တော့ သံဃာ့ဂုဏ်တော်ကို ဟောရ လိမ့်မယ်။ [မှန်ပါ ဟောတော်မူပါဘုရား။]

သံဃာဆိုတာ "သံသုဋ္ဌု ကိလေသေ ဟနတီတိ သံဃော။" သံသုဋ္ဌု၊ ကောင်းစွာ။ ကိလေသေ၊ ကိလေသာတို့ကို။ ဟနတိ၊ သတ် တတ်၏။ ဣတိတသ္မာ၊ ထိုကြောင့်။ သံဃော၊ သံဃာမည်၏ တဲ့။

ကိလေသာကို ဘယ်လိုသတ်သလဲဆိုတော့ သံဃာတော်များ စောင့်ထိန်း ထားတဲ့ (၂၂၇) သွယ်သော သီလဖြင့် ဝီတိက္ကမကိလေသာကို သတ်တယ်။ ကမ္မဋ္ဌာန်းပွားများခြင်း သမာဓိဖြင့် ပရိယုဋ္ဌာန ကိလေသာကို သတ်တယ်။ မဂ်ဉာဏ်ဖိုလ်ဉာဏ်ဖြင့် အနုသယကိလေသာကို သတ်ကြတယ်။ အဲဒီလို ကိလေသာသုံးမျိုးကို သိက္ခာသုံးပါးဖြင့် သတ်နေကြသည့် အတွက် "သုပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော" လို့ ဟောတာပေါ့။ "ဘဂဝတော၊ မြတ်စွာဘုရား၏။ သာဝကသံဃော၊ တပည့်သား သံဃာသည်။ သုပ္ပဋိပန္နော၊ နိဗ္ဗာန်ရောက်ကြောင်း ကောင်းသော အကျင့်ကို ကျင့်တော်မူကြပေ၏" တဲ့ မောင်စိန်ရဲ့။ [မှန်ပါဘုရား။]

သိက္ခာသုံးပါးက ကိလေသာကို သေစေတာ၊ နိဗ္ဗာန်က ကိလေသာတို့၏ သေရာ အကြောင်းအကျိုးအားဖြင့် ဖြောင့်မနေဘူးလား။ [ဖြောင့်နေပါတယ် ဘုရား။] ဒါကြောင့် "ဥဇုပဋိပန္နော ဘဂဝတော သာဝကသံဃော"။

"ဘဂဝတော၊ မြတ်စွာဘုရား၏။ သာဝကသံဃော၊ တပည့်သား သံဃာတော်သည်။ ဥဇုပဋိပန္နော၊ နိဗ္ဗာန်နှင့် ဖြောင့်သော အကျင့်ကို ကျင့်တော်မူကြပါပေ၏"လို့ ဆိုတာပေါ့။ [မှန်ပါဘုရား။]

နိဗ္ဗာန်က ကိလေသာငြိမ်းရာ ဖြစ်လေတော့ သိက္ခာသုံးပါးဖြင့် ကိလေသာကို ငြိမ်းစေတာဟာ မသင့်လျော်ပါလား။ [သင့်လျော်ပါတယ်ဘုရား။] ဒါကြောင့် "ဉာယပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော"။ "ဘဂဝတော၊ မြတ်စွာဘုရား၏။ သာဝကသံဃော၊ တပည့်သားသံဃာသည်။ ဉာယပ္ပဋိပန္နော၊ နိဗ္ဗာန်နှင့်ဆီလျော်အောင် ကျင့်တော်မူကြပါပေ၏"လို့ ဆိုတာပေါ့။ ဒီသိက္ခာသုံးပါးကို ကျင့်တဲ့အခါ မရိုမသေကျင့်လျှင် နိဗ္ဗာန်ကို ရပါမလား။ [မရနိုင်ပါဘုရား။]

ဒါကြောင့် "သာမိစိပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော"။ ဘဂဝတော၊ မြတ်စွာဘုရား၏။ သာဝကသံဃော၊ တပည့်သားသံဃာသည်။ သာမိစိပ္ပဋိပန္နော၊ ရိုရိုသေသေ ကျင့်တော်မူကြပါပေ၏"လို့ ဆိုတာပေါ့။ အဲဒီ အင်္ဂါလေးပါးနှင့်အညီ ကျင့်လိုက်ယင် သောတာပတ္တိဖိုလ်, သကဒါဂါမိဖိုလ်, အနာဂါမိဖိုလ်, အရဟတ္တဖိုလ်သို့ ရောက်ပြီ။ အာဟုနေယျ၊ အဝေးက ဆောင်ပြီး ပင်ပန်းစွာ ယူခဲ့တဲ့ ပစ္စည်းကိုလည်း အလှူခံထိုက်ပြီ။ အလှူခံထိုက်တယ် ဆိုတာ လှူတဲ့ ပုဂ္ဂိုလ် အကျိုး ရှိမှ အလှူခံထိုက်တယ်။ ပါဟုနေယျ၊ ဧည့်သည်အတွက် ထားတဲ့ ပစ္စည်းကိုလည်း အလှူခံထိုက်တယ်။ ဒက္ခိနေယျ၊ မြတ်သောအလှူကိုလည်း ခံထိုက်တယ်။ မြတ်သော အလှူဆိုတာ နိဗ္ဗာန်ကို ရည်မှန်းပြီး လှူဒါန်းတာကို ခေါ်တယ်။ အဉ္ဇလိကရဏီယော၊ လက်အုပ်ချီမိုးရှိခိုးခြင်းကိုလည်းခံထိုက်တယ်။ အနုတ္တရံပုညက္ခေတ္တံလောကဿ၊ လူအပေါင်း၏ ကောင်းမှု စိုက်ပျိုးရာ လယ်ယာမြေကောင်းသဖွယ် ဖြစ်တယ်။ ဒီဂုဏ်တွေဟာ နည်းတဲ့ ကျေးဇူးတွေလားကွဲ့။ [မနည်းပါဘုရား။]

ဒါကြောင့်လဲ ရသဝါဟိနီကျမ်းဆရာက အောက်ပါ ဂါထာကို ရေးခဲ့တယ်။

သံဃောတိဝစနံ သေဋ္ဌံ၊ သံဃောတိ ပဒ မုတ္တမံ။
နတ္ထိ တေန သမံ လောကေ၊ အညံ သောတရသာယနံ။

ဘောန္တော၊ သံဃဂုဏ်ပုဒ်အရှိဖြင့် နူဿတိဘာဝနာမှုကို သာဓု သာဓု ခေါ်လေ့ ရှိကြကုန်သော အို....တရားနာ ပရိသတ် အပေါင်း သူတော်ကောင်းတို့။ လောကေ၊ နေရောင်, လရောင် ပြောင်ပြောင်ဝိုက်ဝန်း ယမိုက်

ထွန်းတဲ့ တိုက်ကျွန်းကမ္ဘာ ဤလူ့ရွာ၌။ သံဃောတိဝစနံ၊ သံဃာတော် ဟူသော စကားသည်။ သေဋ္ဌံ၊ နတ်,လူ နှစ်ခိုက် ချီးမွမ်းထိုက်၍ ဦးခိုက်ဘွယ် ကေန် မင်္ဂလာ ရှိရှိးမှန်သည် သာလျှင်တည်း။ သံဃောတိပဒံ၊ သံဃာတော် ဟူသော ပုဒ်ဗျည်းသည်။ ဉတ္တမံ၊ ကြုံခဲ တွေ့ခဲ ကြားရခဲသဖြင့် နက်နဲဖိုးတန် အမြတ်ဆုံးမှန်သည်သာလျှင်တည်း။ လောကေ၊ စကြဝဠာ တောင်ကြီးကာ၍ သမုဒ္ဒရာဝန်းဝိုက် မော်ကွန်းစိုက်သည့် ကျွန်းတိုက်ကမ္ဘာ ဤလူ့ရွာ၌။ တေန၊ ထိုသံဃာတော် တည်းဟူသော စကားသံနှင့်။ သမံ၊ ဂုဏ်တော် ဂိုဏ်းဖြင့် ချိန်နှိုင်းစံယူ တန်းချင်းတူသော။ သောတရသာယနံ၊ သောတဓာတ်အိမ် မပြတ်ငြိမ်၍ စည်းစိမ်ဆိုနှစ် ရသာညှစ်လျှက် စင်စစ် ချိုဆိမ့်စေနိုင်သော။ အညံ၊ တပါးသော စကားလုံးသည်။ နတ္ထိ၊ နတ်ပြည်မှာ ရှာချင်ရှာ ဗြဟ္မာ ပြည်မှာ ရှာချင်ရှာ ဘယ်မှာမှ မတွေ့နိုင် စိတ်သဘော ခိုင်ခိုင်နှင့် ပိုင်ပိုင်ပင် အသိစူးလေတော့ မရှိဘူး ကေန်သာလျှင်တည်း။

သာဓု၊ သာဓု၊ သာဓု။

သံဃာတော်၏ ကျေးဇူးတွေဟာ ဒီလောက်တင် မကသေးဘူး။ မြတ်စွာဘုရား ကုသိနာရုံပြည်မှာ ပရိနိဗ္ဗာန်ပြုတော့ မဟာကဿပ အမှူးရှိသော သံဃာတော် ၅၀၀ ကုသိနာရုံပြည်သို့ သွားကြတဲ့အခါ မောပန်းသည့်အတွက် လမ်းဘေး အရိပ် ကောင်းကောင်းမှာ နားနေကြတယ်။ နားနေတဲ့ အတောအတွင်း အာဇီဝကတယောက်က နတ်တွေ မြတ်စွာဘုရားအား ပူဇော်ကြတဲ့ မန္ဒာရဝနတ်ပန်းကြီးကို ထီးလုပ်ဆောင်းလာတယ်။

ထိုအခါ ရှင်မဟာကဿပက "အို....အာဇီဝက၊ ဘယ်က လာခဲ့သလဲ"လို့ မေးတယ်။ အာဇီဝကက "ကုသိနာရုံပြည်က လာခဲ့တယ်"လို့ ဖြေတော့ "ငါတို့၏ မြတ်စွာဘုရား အကြောင်း ဘာကြားခဲ့သလဲ"လို့ မေးမြန်းတယ်။ အာဇီဝကက "ရှင်ကြီးဂေါတမ ပရိနိဗ္ဗာန်ကြပြီ၊ သို့အတွက် နတ်တွေက ဟောဒီ ပန်းကြီးတွေကို ပူဇော်သောအားဖြင့် ကောင်းကင်က ကြဲဖြန့်ကြတယ်၊ ငါလဲ ထီးမပါတာနဲ့ ဒီပန်းကြီးကို ထီးလုပ်ပြီး ဆောင်းခဲ့တာပဲ"လို့ ပြောတော့၊ ရဟန်းတွေဟာ [အနာဂါမ်နှင့် ရဟန္တာကို ချန်လှပ်၍] အားလုံး ငိုကြတယ်။

ထိုအခါ သုဘဒ္ဒ ဆိုတဲ့ တောထွက် ရဟန်းကြီးက "ငါ့ရှင်တို့၊ မငိုကြနဲ့၊ ဝမ်းသာကြ၊ ရှင်ဂေါတမဟာ ငါတို့ကို ဘယ်ဟာကို မလုပ်ရဘူး၊ ဘယ်လို

မပြောရဘူး၊ ဘယ်လို မနေရဘူး၊ ဘယ်လို မစားရဘူးနဲ့ နှိပ်စက်တယ်၊ ယခု ရှင်ဂေါတမ မရှိတော့ လုပ်ချင်တာကို လုပ်နိုင်ပြီ၊ ပြောချင်သလို ပြောနိုင်ပြီ၊ နေချင်သလို နေနိုင်ပြီ၊ ဘာအာပတ်မှ မရှိတော့ဘူး''လို့ ပြောသတဲ့။

ဒီစကားကို ရှင်မဟာကဿပ ကြားတော့ ဓမ္မသံဝေဂ ဖြစ်တော်မူတယ်။ ''အင်း.... မဖြစ်ဘူး၊ သူယုတ်မာတွေ မထွန်းကားမီ သင်္ဂါယနာတင်ထားမှ ဖြစ်မယ်၊ ဒီသုဘဒ္ဒ၏စကား ထွန်းကားသွားယင် သာသနာတော်ကွယ်ပျောက်နိုင်တယ်''လို့ အကြံဖြစ်ပြီး မြတ်စွာဘုရား၏ အလောင်းတော်ကို သင်္ဂြိုဟ်ခြင်းကိစ္စကို ပြီးစီးအောင် ဆောင်ရွက်လျက်၊ ပြီးစီးတဲ့အခါ အဇာတသတ်မင်းနှင့် တိုင်ပင်လျက်၊ သံဃာတော် ငါးရာဖြင့် ရာဇဂြိုဟ်ပြည်မှာ ပထမ သင်္ဂါယနာ တင်ထားတော်မူခဲ့ရတယ်။ အဲဒီလိုသာ မတင်ထားယင် သာသနာတော်ကြီးဟာ ကွယ်ပြီးပါပြီ။ ကွယ်သွားယင် မြတ်စွာဘုရား၏ တရားတော်တွေကို မောင်စိန်တို့ ယခု ကြားရပါတော့မလား။ [မကြားရတော့ပါဘုရား။] ယခု ဓမ္မက္ခန္ဓာပေါင်း ရှစ်သောင်းလေးထောင်အနက် ဓမ္မက္ခန္ဓာတဆူမှ မပျောက်သေးတာဟာ သံဃာတော်၏ ကျေးဇူး မဟုတ်လား။ [ဟုတ်ပါတယ်ဘုရား။]

အဲဒီလို ပထမ သင်္ဂါယနာတင်ပြီး၍ နှစ်ပေါင်း ၁၀၀ ကြာတော့ ဝဇ္ဇီတိုင်းသား ရဟန်းများဟာ ဝိနည်း မဟုတ်သည်ကို ဝိနည်းလုပ်၍ ဟောကြပြောကြ ပြန်တယ်။ သူတို့၏ အသင်း အပင်းတွေ အတော် များ၍ လာရာ ရှင်ယသမထေရ်က ရဟန်းပညာရှိတွေကို စုစည်းပြီး ရဟန္တာပေါင်း ခုနစ်ရာနှင့် ဒုတိယ သင်္ဂါယနာတင်ရပြန်တယ်။

ၚင်းနောက် သာသနာသက္ကရာဇ် ၂၁၈ခုနှစ်သို့ ရောက်ပြန်တော့ သီရိဓမ္မာသောကမင်းဟာ ဗုဒ္ဓသာသနာတော်ကို အကြီးအကျယ် ထောက်ပံ့သည့်အတွက် မိစ္ဆာဒိဋ္ဌိဂိုဏ်းမှ ရဟန်းတို့ဟာ မစားသာသဖြင့် မိမိတို့ အယူဝါဒကိုလည်း မစွန့်၊ ဝိနည်းကံနှင့် ညီစွာလည်း ရဟန်းမခံပါပဲ ရဟန်းယောင်ဆောင်ကာ ရဟန်းကောင်းတို့နှင့် ရောနှောနေပြီး သာသနာကို ဖျက်ကြပြန်တယ်။ ထိုအခါ မောဂ္ဂလိပုတ္တတိဿမထေရ်နှင့် သီရိဓမ္မာ သောကမင်းတို့ ပူးပေါင်းလျက် တတိယသင်္ဂါယနာကို တင်ကြရပြန်တယ်။

ထိုနောက် သာသနာတော်ဟာ အခြားအရပ်၌ မှေးမှိန်ပြီး သီဟိုဠ်ပြည် ယခု အခေါ် သီရိလင်္ကာပြည်၌သာ ထွန်းကားလျက် ရှိခဲ့တယ်။ ထိုအချိန်

စောရဘယခိုးသူဘေးကြီး ဆိုက်သဖြင့် သံဃာတော်များဆွမ်းအတွက် အခက်ကြုံပြီး ပျံလွန်တော် မူကုန်သောကြောင့် သာသနာတော် ပျက်အံ့သည်ကို ကြောက်ကြသော ရဟန္တာကြီးများက စတုတ္ထ သင်္ဂါယနာအစား ပေထက် အက္ခရာကို တင်ထားခဲ့ကြရတယ်။

မြတ်စွာဘုရား ပရိနိဗ္ဗာန်စံသည့်မှစပြီး ယနေ့ထိအောင် သာသနာတော် မပျက်စီးအောင် ထမ်းဆောင်လာခဲ့တာဟာ သံဃာတော် မဟုတ်ပါလား။ [ဟုတ်ပါတယ်ဘုရား။] အဲဒီလို သံဃာတော်တွေဟာ သတ္တဝါတွေ အကျိုးစီးပွားရှိအောင် ဆောင်ရွက်သည့်အတွက် သံဃဂုဏော အနန္တောလို့ ဆိုတာပေါ့။

**ရသဝါဟိနီကျမ်း**ဆရာကလဲ အောက်ပါဂါထာကို ဆိုခဲ့တယ်။

တမေဝ ကဝစံ ဒေဟော၊ တမေဝ မဏိကာမဒေါ။
တမေဝ သိဒ္ဓိဒါ ခာတု၊ တမေဝ သုရပါဒပေါ။

တမေဝ၊ ထို သံဃာတော်ဟူသော ဂါထာမန္တန် စကားသံသည် သာလျှင်။ ဒေဟော၊ မိမိကိုယ်ခေါ် ခန္ဓာပေါ်၌။ ကဝစံ၊ ရန်ဘေးကွယ်ကာ စစ်တန်းဆာကြီး ပေတည်း။ တမေဝ၊ ထိုသံဃာတော်ဟူသော ဂါထာမန္တန်စကားသံသည် သာလျှင်။ ကာမဒေါ၊ ရည်ရွယ်တောင့်တ လိုသမျှကို ခဏချင်း ပေးစွမ်းနိုင်သော။ မဏိ၊ မနောမယ လောကမျက်ပွံ့ ပတ္တမြားရတနာကြီး မှန်သည်သာလျှင်တည်း။ တမေဝ၊ ထိုသံဃာတော် ဟူသော ဂါထာမန္တန် စကားသံသည် သာလျှင်။ သိဒ္ဓိဒါ၊ ရှိန်းအန်ဆာယာ ချစ်မေတ္တာနှင့် လိုရာသိဒ္ဓိ ပေးနိုင်ဘိသော။ ခာတု၊ ပြဒါးမီးနေ သံပန်းသေတို့ ထက် ကျက်သရေသိမ်းကျုံး မြတ်သထက်အမြတ်ဆုံး ပေပေါ့ ခာတ်လုံးကြီးမှန်ပါပေသတည်း။ တမေဝ၊ ထိုသံဃာတော်ဟူသော စကား သံသည် သာလျှင်။ သုရပါဒပေါ၊ သီးမျိုးထွေလာ ဝေဆာဆာနှင့် ပဒေသာပင် အစစ် နတ်သစ်ပင်ကြီး အမှန်ဖြစ်ပေသတည်း။

သာဓု၊ သာဓု၊ သာဓု။

သံဃာတော်များဟာ "လယ်ယာမြေကောင်း သဖွယ်" ဖြစ်ပုံကို ဝတ္ထုသက်သေပြပြီး ဟောဦးမယ်။ [ဟောတော်မူပါဘုရား။]

ရှေးတုန်းက(ဝါ)မြတ်စွာဘုရားရှိစဉ်က ရာဇဂြိုဟ်ပြည်ကြီးမှာ လင်ကလဲ မောင်ကာက, မယားကလဲ မယ်ကာကရယ်လို့ လင်မယားနှစ်ယောက် ရှိကြ

တယ်။ မွဲလိုက်တာကလဲ လွန်ပါရော့။ စားပြီး သောက်ပြီး လို့ အိုးခွက် ပန်းကန်ဆေးတဲ့ ရေမှာတောင်ထမင်းလုံးတစေ့မှ မပါသည့်အတွက် ကျီးကန်း တောင် ဒီအိမ်မှာ မနားဘူးတဲ့။ ကျီးကန်းဆိုတာ စားစရာ သောက်စရာရှိမှ နားတာကိုးကွဲ့။ အဲဒီလိုကျီးကန်းတောင် မနားအောင် ဆင်းရဲသည့်အတွက် ကာကဝလ္လိယလို့ အရပ်က ခေါ်ကြသတဲ့။

ချမ်းသာတယ်ဆိုတာ သမ္ပတ္တိစက်လေးပါးနှင့် ပြည့်စုံမှ ချမ်းသာတယ်။ **"သမ္ပတ္တိစက်လေးပါး ဆိုတာ"** ပဋိရူပဒေသဝါသ စက်၊ သပ္ပုရိသုပနိဿယ စက်၊ အတ္တသမာပဏိဓိစက်၊ ပုဗ္ဗေစ ကတပုညတာစက်လို့ လေးပါးရှိတယ်။ ပဋိရူပဒေသဝါသဆိုတာ သင့်တင့် လျောက်ပတ်သော အရပ်မှာ နေခြင်းကို ခေါ်တယ်။ သင့်တင့်လျောက်ပတ်သော အရပ်ဆိုတာ ကုန်သည်ပွဲစား လုပ် စားမယ်လို့ကြံယင် ရထားဆိပ်၊ သင်္ဘောဆိပ်၊ ကားဆိပ်နှင့် နီးတဲ့နေရာမှာ နေရတယ်။ တောင်သူ လုပ်စားမယ်ကြံယင် မြေကောင်း ရေကောင်း ရှိတဲ့ နေရာမှာ နေရတယ်။ လခစား လုပ်စားမယ်ကြံယင် အစိုးရအလုပ် ပေါ များတဲ့နေရာမှာ နေရတယ်။ အဲဒီလိုနေရာကိုခေါ်တယ်။ သပ္ပုရိသုပနိဿယ စက်ဆိုတာ သူတော်ကောင်းကို မှီဝဲတာကိုခေါ်တယ်။ အားကိုးလောက်တဲ့ လူကောင်းသူကောင်းနှင့် ပေါင်းသင်းပါလို့ ဆိုတာပေါ့။ အတ္တသမာ ပဏိဓိ စက်ဆိုတာ ဘုရားမကြိုက်တဲ့အလုပ်၊ အစိုးရဥပဒေနှင့် မကင်းလွတ်တဲ့ အလုပ် ကို မလုပ်နှင့်။ ဘုရားမကြိုက်တဲ့ ဝစီကံ၊ အစိုးရဥပဒေနှင့် မလွတ်တဲ့ ဝစီကံကို မပြောနှင့်။ ဘုရားမကြိုက်တဲ့ မနောကံ၊ အစိုးရဥပဒေနှင့်မကင်းတဲ့ မနောကံ ကိုမကြံနှင့်လို့ ဆိုတာပဲ။ ပုဗ္ဗေ စ ကတပုညတာ စက်ဆိုတာ ရှေးကပြုခဲ့ဘူး တဲ့ ကောင်းမှုကုသိုလ် ရှိတာကိုခေါ်တယ်။ သမ္ပတ္တိစက် လေးပါးနှင့် ပြည့်စုံ မှ ချမ်းသာနိုင်တော့ စက်လေးပါးတွင် တပါးပါးချွတ်ယွင်းနေ လျှင် မွဲရမှာ ပေါ့။

ယခု မောင်ကာကနှင့် မယ်ကာကတို့ လင်မယား မွဲနေတာဟာ ဘယ်စက် ချွတ်ယွင်းလို့ မွဲနေရသလဲဆိုယင် သပ္ပုရိသုပနိဿယစက် ချွတ်ယွင်း နေတာ ပေါ့။ တနေကုန်အလုပ်လုပ်လို့ ရတဲ့ငွေဟာ လင်မယားနှစ်ယောက် မစား လောက်ဘူး။ မဝရေစာ စားနေကြရတယ်။ ဝအောင်မှမစားရတော့ အဝတ် အထည်လဲ ဘယ်ဝယ်နိုင်မလဲ။ ခါးမှာရှိတဲ့ အဝတ်ကလေးကို ဖာထေးပြီး မပေါ်ရုံ ဝတ်ရရှာတယ်။ နေစရာအိမ်ရယ်လို့ မရှိပါဘူး။ သူတပါး အိမ်

ဘေးနားမှာ တုံးကလေးပေါ် ကတ်စုတ်ခင်းပြီး ထန်းလက်ကလေး ငါး လက်ခြောက်လက်ကို ဝါးခြမ်းနှင့်သီ၍ အရှေ့ကနေပူယင် အရှေ့ဘက်က ကာ၊ အနောက်ကနေပူယင် အနောက်ဘက်ကကာ၊ မိုးရွာယင် သူများအိမ် အောက်ဝင်ခိုပြီး နေကြရတယ်။

ဆင်းရဲအစဉ်၊ အပင်မရှိ၊ ဥစ္စာကံပေး၊ မရသေး၊ နှောင့်နှေးဗျာပါ၊ မရှိရာ့ဆိုတဲ့စကားကိုသာ အားထားပြီး လုပ်ကိုင်စားသောက် နေခဲ့ရာ တနေ့ သောအခါ အရှင်သာရိပုတ္တရာ မထေရ်မြတ် နိရောဓ သမာပတ် မှ ထ၍ "ယနေ့ဘယ်သူ့အား ချီးမြှောက်ရပါအံ့နည်း၊ ဘယ်သူသည် ရာဇဂြိုဟ် ပြည် မှာ အမွဲဆုံးဖြစ်သနည်း"ဟု အဘိညာဉ်ဖြင့် ကြည့်ရှုလတ်သော် "မောင်ကာက တို့ လင်မယားသာ အမွဲဆုံးဖြစ်သည်"ကို မြင်တော်မူသတဲ့။ ငါဆွမ်းသွား၍ ခံသော် ရအံ့လောဟု ကြည့်ပြန်သော် အလွန်သဒ္ဓါကောင်းသော အဖြစ်ကို မြင်ပြန်သဖြင့် သင်္ကန်းကိုရုံပြီး ဘယ်သူ့ အိမ်ကိုမှ မရပ်ပဲ မောင်ကာကတို့ အိမ် သို့တန်း၍ ကြွတော်မူသတဲ့။

ထိုအခါ မယ်ကာကဟာ သူ့လင် အလုပ်လုပ်ရာမှ ပြန်လာယင် အသင့် စားဖို့ ထမင်းများချက်ပြီး ထားသတဲ့။ ထမင်း ပွဲကို ပြင်ပြီး နောက် လင် မောင်ကာက လာပြီလားလို့ ကြည့်ရန်အိမ်ဝင်ပေါက်သို့ အထွက် ရှင်သာရိ ပုတ္တရာနှင့် ပက်ပင်းတွေ့တယ်တဲ့။ မထေရ်ကို တွေ့တယ်ဆိုယင်ပဲ "ခေတ္တရပ် တော်မူပါဦး"လို့ တောင်းပန်ကာ ခူးထားသော ထမင်းနှင့်ဟင်း အကုန် လုံးကိုယူပြီး ရှင်သာရိပုတ္တရာ သပိတ်ထဲသို့ တစေ့မကျန် လောင်းလှူ လိုက် တယ်တဲ့။ မထေရ်လည်း သပိတ်ကို ပိုက်ကာ ကျောင်းသို့ ပြန်ကြွ တော်မူ သတဲ့။

မယ်ကာကလည်း ဝမ်းသာလွန်း၍ ထမင်းဆာတွေ ပျောက်လျက် လင် လာယင် ပြောဖို့ မျှော်နေတုန်း သူ့လင် ရောက်လာတော့ "ကိုကာကရေ၊ ဒီနေ့တော့ မထင်းငတ်ချင်ငတ်၊ ဝမ်းတာသာပေရော့၊ရှင်နှင့် ကျုမစားဖို့ ပြင် ထားတဲ့ ထမင်း့ဟင်း အားလုံးကို ရှင်သာရိပုတ္တရာ ကိုယ်တော် ဆွမ်းရပ်လာ တာနဲ့ လောင်းလိုက်ပြီ၊ မကျေနပ်ယင်လဲ ရိုက်တော့၊ ကျေနပ်ယင်လဲ သာဓု ခေါ်ပါ"လို့ ပြောသတဲ့။ ဒီတော့ ကိုကာကကလဲ အင်မတန် ဝမ်းသာပြီး သာဓု သုံးကြိမ်ခေါ်တယ်တဲ့။ သူလဲ ဝမ်းသာလွန်းလို့ ထမင်းဆာတွေတောင် ပျောက်သွားသတဲ့။ တကယ် သဒ္ဓါကောင်းတဲ့ လင်မယားပါပဲ မောင်စိန်ရဲ့။

[မှန်ပါဘုရား။] အဲဒီလို သဒ္ဓါကောင်းမှန်းသိလို့လဲ ရှင်သာရိပုတ္တရာက ဆွမ်းခံတာပေါ့။ [မှန်ပါဘုရား။]

အဲဒီနေ့မှာ ဗိမ္ဗိသာရဘုရင်ကြီးကလဲ နေမွန်းတိမ်းတဲ့ အချိန်ကစပြီး ရာဇဂြိုဟ်မြို့ကို ဆင်စီးပြီး လှည့်ပတ်တယ်။ လှည့်ပတ်လို့ သင်္ချိုင်းသို့ ရောက်တော့ နက်ဖန်ခါ သတ်ဖို့ သူခိုးတယောက် ကားစင်တင်ထားတာကို မြင်တာနဲ့ သနားပြီး အနားသွားကာ "အမောင်သူခိုး၊ မင်းကို မြင်ရတာ ငါအင်မတန် သနားပါတယ်၊ ဒါပေမယ့် ဥပဒေအရ တရားသူကြီးတွေ စီရင်တာဆိုတော့ ငါလဲ ဘယ့်နှယ်မှ မကယ်နိုင်ဘူး၊ သို့သော်လဲ မင်းမသေခင် ဘာအလိုရှိသလဲ" လို့ မေးသတဲ့။

ဒီတော့ သူခိုးက "အရှင်မင်းကြီး၊ ဘုရားကျွန်တော်မျိုးလဲ ခိုးမိတဲ့အတွက် ဘယ်သူ့ကိုမှ စိတ်မဆိုးပါဘူး၊ ငါ့အပြစ်နှင့်ငါ ခံရတာပဲလို့သာ အောက်မေ့ပါတယ်၊ မသေခင် ထမင်းကို ဝအောင်စားပြီး ရေကလေး သောက်ရလျှင်ပဲ တော်ပါပြီ"လို့ ပြောသတဲ့။ ဒီတော့ မင်းကြီးက "ကောင်းပြီ၊ စားရစေမယ်၊ အပို့ခိုင်းလိုက်မယ်"လို့ ကတိပေးပြီး နန်းတော်သို့ ပြန်လာရာ နေဝင်မှ ရောက်တယ်တဲ့။

ရောက်လျှင်ရောက်ခြင်း သူစားဖို့ ပြင်ထားတဲ့ ပွဲတော်အုပ်ကို ကားစင်တင်ထားသော သူထံ အပို့ခိုင်းတော့ ဘယ်သူမှ ပို့ရဲသူမရှိပဲ ဖြစ်နေတယ်။ ဘာကြောင့်လဲဆိုတော့ သင်္ချိုင်းကို သွားတဲ့ တံခါးပေါက်နားက ထန်းပင်မှာ ဒိဃတာလာ ဆိုတဲ့ ဘီလူးကြီး ရှိနေလို့ပဲတဲ့။ အဲဒီ ဘီလူးကြီးဟာ နေဝင်ပြီးနောက် ဒီတံခါးပေါက်ကို လာသမျှ လူကို သူစားပိုင်တယ်လို့ ဝေဿဝဏ်နတ်မင်းထံမှ အမိန့်ရထားသဖြင့် လာသမျှကို သူက စားတယ်တဲ့။ ဒါကြောင့် ဘယ်သူမှ မသွားရဲဘူးတဲ့။

အဲဒီလို ဘယ်သူမှ သွားမည့်သူ မရှိကြောင်းကို ဘုရင်ထံ သံတော်ဦးတင်တော့ ဘုရင်ကြီးက သွားမည့်သူရှိက ငွေတထောင်ပေးမယ်လို့ မောင်းကြေးနင်းခတ်စေတယ်တဲ့။ မောင်းခတ်သံကို မယ်ကာက ကြားတော့ သူသွားမယ်ဆိုတဲ့အကြောင်းကို သူ့လင်ကို ပြောသတဲ့။ ဒီတော့ သူ့လင်က "မယ်ကာကရယ်၊ မသွားပါနှင့်၊ မင်းသွားယင် ဘီလူးစားမှာ သေချာတယ်၊ မင်းမရှိယင် ငါ ဘယ်သူနှင့် နေမလဲ၊ ငွေမရှိပေမယ့် တယောက်မျက်နှာ တယောက် မြင်ရလျှင် ဝမ်းသာရတယ်"လို့ တားသတဲ့ဟဲ့ မောင်စိန်ရဲ့။ [မှန်ပါ၊ ဟုတ်မှာပါဘုရား။]

မောင်ကာကက တားပေမယ့် ဆွမ်းလောင်းလိုက်တဲ့ ကုသိုလ်ကံက အကျိုးပေးရအောင် နှိုးဆော်ပြီးနေလေတော့ တားမြစ်တဲ့အထဲကပဲ နန်းတော်သို့သွားပြီး "အရှင်မင်းကြီး၊ ဘုရားကျွန်တော်မ ပို့ချေပါမယ်"လို့ သံတော်ဦးတင်သတဲ့။ ဒီတော့ ဘုရင်ကြီးလဲ ဝမ်းသာပြီး "ထမင်းထုပ်ဖို့ ငှက်ပျောလက်ခုတ်ခဲ့ဟဲ့"လို့ ခိုင်းသတဲ့။ မယ်ကာကက "အရှင်မင်းကြီးဘုရား၊ ဘုရင့်လက်ဆောင်ဆိုတာ ငှက်ပျောလက်နှင့် မတော်ပါဘူး၊ ရွှေလင်ပန်းနှင့်သာ တန်ပါတယ်"လို့ ပြောသတဲ့။ ဘုရင်ကြီးကလဲ "အဲ....ဟုတ်သဟဲ့၊ ကိုင်း.... ရွှေလင်ပန်းနှင့် ထည့်ပြီး ပို့စေ"လို့ အမိန့်ချပေးလိုက်တော့ မယ်ကာကလဲ ရွှေလင်ပန်းနှင့် ထမင်းထည့်ပြီး ရေဗူးကလေးကို လွယ်ကာ ထမင်းပို့ ထွက်လာတယ်။

ဘီလူးစောင့်တဲ့ တံခါးပေါက်သို့ ရောက်လျှင် ဘီလူးက "ဟဲ့....သူငယ်မ၊ နင် ငါ့အစာ ဖြစ်ပြီ၊ ရှေ့သို့ မတိုးနှင့်"လို့ ကြောက်မက်ဘွယ် ကောင်းသော ကိုယ်ကြီးကို ပြကာ လက်ဝါးကြီးနှင့် တားသတဲ့။ ဒီတော့ သူငယ်မက "ဟဲ့.... ဘီလူး၊ ငါဟာ သာမညလူမဟုတ်၊ ဘုရင်၏ သံတမန်ဖြစ်တယ်၊ သံကို မသတ်ကောင်းဟု လောကမှာ ထုံးစံ ရှိသည်ကို နင် မသိလော"လို့ ငေါက်သတဲ့။ အာဂ ကောင်မဟဲ့ ·စိန်ရဲ့။ [မှန်ပါ၊ ပါရမီရှင်မလေးပါ ဘုရား။]

"သံ ဟုတ်သည် မဟုတ်သည်ကို ဘယ့်နှယ်လုပ်ပြီး သိမလဲ"လို့ ဘီလူးက ပြောတော့ "ဒီလင်ပန်းကို ကြည့်ပါ၊ ဆင်းရဲသားဟာ ရွှေလင်ပန်းကို သုံးနိုင်ပါမလား၊ ဘုရင်မို့ ရွှေလင်ပန်းကို သုံးနိုင်တာပေါ့"လို့ မယ်ကာကက ပြောသတဲ့။ "ဘုရင်က နင့်ကို ဘာလုပ်ခိုင်းသလဲ"လို့ ဘီလူးက မေးပြန်တော့ "ဟိုမှာ ကားစင်တင်ထားတဲ့ လူကို သွားပြီး ကျွေးချေလို့ ခိုင်းတာနဲ့ လာခဲ့ရတဲ့ အကြောင်း"ကို ပြောပြသတဲ့။

ဘီလူးက "ဒီလိုဆိုယင် မစားတော့ပါဘူး၊ သို့သော်လည်း စကားကလေးတခွန်းတော့ ပါးလိုက်ပါရစေ၊ အဲဒီ ကားစင်နားက မန်ကျည်းပင်မှာ သုမန နတ်မင်းကြီး နေပါတယ်၊ အဲဒီ သုမန နတ်မင်းကြီးကို သင်၏ သားမက် ဒိဃတာလာက သား ယောကျ်ားလေး မွေးကြောင်း သတင်းကောင်း ပါးလိုက်တယ်ဆိုတာ ပြောလိုက်စမ်းပါ"လို့ မှာလိုက်တယ်။ ဒီတော့ မယ်ကာကကလဲ "ကောင်းပါပြီ"လို့ ဝန်ခံပြီး၊ ကားစင်တင်ထားတဲ့ လူကို ထမင်းကျွေးပြီးနောက် မန်ကျည်းပင်နားသို့ သွားကာ "အို....သုမန နတ်မင်းကြီး၊ သင်၏

သားမက် ဒိဃတာလာက မှာလိုက်တယ်၊ သူတို့လင်မယားမှာ သားယောကျ်ား လေး မွေးဖွားပါတယ်''တဲ့။ အဲဒီလို အော်ပြီး ပြောတော့ သုမနနတ်မင်း ကလဲ အလွန်ဝမ်းသာသည့်အတွက် ဗိမာန်က ထွက်ပြီး ''အို....မိန်းကလေး၊ သတင်းကောင်းပေးသည့်အတွက် လက်ဆောင်ပြန်ပါရစေ၊ ဟောဒီ မန်ကျည်း ပင်ရင်းမှာ တတင်းဝင် ရွှေအိုးကြီး နှစ်လုံး ရှိပါတယ်၊ နံနက်လင်းယင် တူးယူ ပါလေ''လို့ ပြောပြီး ကွယ်သွားတယ်တဲ့။

ဒါနဲ့ မယ်ကာကလည်း ပြန်လာရာ ဒီဃတာလာ ဘကြီးက ''အသင် သူငယ်မ၊ ငါ မှာတာ ပြောခဲ့ရဲ့လား'' လို့ မေးသတဲ့။ သူငယ်မကလည်း ပြောခဲ့လို့ ရွှေအိုးကြီးနှစ်လုံး လက်ဆောင်ပေးတယ်လို့ ပြောတော့ ဒီဃ တာလာကလဲ ဒီလိုဆိုယင် ငါလဲ လက်ဆောင်ပေးအုံးမယ်ဆိုပြီး ''ဟောဒီ ထန်းပင်ရင်းမှာ နံနက်လင်းယင် ရွှေအိုးနှစ်လုံး တူးယူလေ''လို့ ပေးပြန်သတဲ့။ ဒါနဲ့ မယ်ကာကလဲ နန်းတော်သို့ ပြန်၍ ရွှေလင်ပန်း ပို့ယင်း အကြောင်း မျိုးစုံကို မင်းကြီးအား သံတော်ဦးတင်သတဲ့။ မင်းကြီးလည်း အလွန် ဝမ်း မြောက်ပြီး အရင် ငွေတထောင်အပြင် နောက်ထပ် ဆုတော် လာဘ်တော် များစွာချ၍ နံနက်လင်းတော့ ရွှေအိုးကြီး လေးလုံးကို တူးဖော်စေတယ်တဲ့။ ကဲ....သဌေးမဖြစ်သေးဘူးလား။ [ဖြစ်ပါပြီ ဘုရား။]

အဲဒါ သံဃာတော်တည်းဟူသော လယ်ယာမြေကောင်းမှာ ကောင်းမှု မျိုးစေ့ စိုက်ပျိုးလိုက်တဲ့ အတွက် သပ္ပုရိသူပနိဿယစက်နှင့် ပြည့်စုံပြီး သဌေး ဖြစ်တာ မဟုတ်ပါလား။ [ဟုတ်ပါတယ်ဘုရား။] မင်းကြီးလဲ ဒီရွှေတွေကို နန်းယင်ပြင်မှာ ပုံစေပြီး ''ဒီလောက် ရွှေများစွာရှိတဲ့ လူကို ဘယ်လို ချီးမြှင့် သင့်သလဲ''လို့ အမတ်များနှင့် တိုင်ပင်ရာ ''သဌေးဘွဲ့ ပေးထိုက် ကြောင်း'' အမတ်တို့က သံတော်ဦးတင်သည့်အတွက် သဌေးဘွဲ့ပေးပြီး ထီးဖြူဆောင်းစေ တယ်တဲ့။ မောင်ကာကတို့ လင်မယား သဌေးဘွဲ့ရပြီးတဲ့နောက် မင်းကြီးထံမှာ အိမ်ဝင်းရာ တောင်းကြပြန်ရာ မင်းကြီးက ကွက်လပ်ကြီး တခုကို ပေးလိုက် တယ်။ အဲဒီ ကွက်လပ်ကြီးကို ခုတ်ထွင်ရှင်းလင်းပြီး အိမ်ပန္နက်ရိုက်ကာ အိမ်တိုင် တူးကြရာ တူတိုင်း တူးတိုင်း ရွှေအိုးတွေ ရပြန်တယ်။ မောင်စိန်ရေ....သံဃာ တော်တည်းဟူသော လယ်မြေမှာ ကုသိုလ်မျိုးစေ့ စိုက်ပျိုးရတာ အားရှိစရာ မကောင်းပါလား။ [ကောင်းပါတယ်ဘုရား။]

အဲဒီလို မောင်ကာကနှင့် မယ်ကာကတို့လဲ သဌေးဖြစ်တော့ အိမ်ကြီးကို ကြီးကျယ် ခမ်းနားစွာ ဆောက်လုပ်ပြီး ဘုရား အမှူးရှိသော သံဃာတော်

ငါးရာအား ပင့်ဖိတ်၍ ဆွမ်းကျွေးကာ အိမ်တက်တရားနာကြတယ်။ [ဒီနေရာမှာ မြတ်စွာဘုရားက ကေဏိယ ရသေ့၏ ဆွမ်းတရားမှာ ဟောတဲ့ တရားတွေကိုပါ ထည့်သွင်းပြီး ဟောမယ်။] မြတ်စွာဘုရားက ဆွမ်းစားပြီးသည့်နောက် အနုမောဒနာပြုတော်မူတယ်။

အဂ္ဂိဟုတ္တ မုခါ ယညာ၊ သာဝိတ္တီ ဆန္ဒသော မုခံ။
ရာဇာ မုခံ မနုဿာနံ၊ နဒီနံ သာဂရော မုခံ။
နက္ခတ္တာနံ မုခံ စန္ဒော၊ အာဒိစ္စော တပတံ မုခံ။
ပုညံ အာကင်္ခမာနာနံ၊ သံဃော ဝေ ယဇတံ မုခံ။

ယညာ၊ ယဇ်ပူဇော်ခြင်းတို့တွင်။ အဂ္ဂိဟုတ္တာ၊ မီးကို လုပ်ကျွေး ပူဇော်ခြင်းသည်။ မုခံ၊ အဦးအစဖြစ်၏။ သာဝိတ္တီ၊ သာဝိတ္တိမည်သော ဆန်းသည်။ ဆန္ဒသော၊ ဆန်းကျမ်း၏။ မုခံ၊ အဦးအစဖြစ်၏။ မနုဿာနံ၊ လူတို့တွင်။ ရာဇာ၊ မင်းသည်။ မုခံ၊ ပဓာနစစ် အကြီးအမှူးဖြစ်၏။ နဒီနံ၊ မြစ်တို့တွင်။ သာဂရော၊ သမုဒ္ဒရာသည်။ မုခံ၊ ပဓာနစစ် အကြီးအမှူးဖြစ်၏။ နက္ခတ္တာနံ၊ နက္ခတ်တို့တွင်။ စန္ဒော၊ လသည်။ မုခံ၊ ပဓာနစစ် အကြီးအမှူးဖြစ်၏။ တပတံ၊ အပူတို့တွင်။ အာဒိစ္စော၊ နေသည်။ မုခံ၊ ပဓာနစစ် အကြီးအမှူးဖြစ်၏။ ပုညံ၊ ကောင်းမှုကို။ အာကင်္ခမာနာနံ၊ အလိုရှိကုန်သောပုဂ္ဂိုလ်တို့၏။ ယဇတံ၊ ပူဇော်အပ်သော ပုဂ္ဂိုလ်တို့တွင်။ ဝေ၊ စင်စစ်။ သံဃော၊ သံဃာသည်သာလျှင်။ မုခံ၊ ပဓာနစစ် အကြီးအမှူး ဖြစ်ပေသတည်း။

သာဓု၊ သာဓု၊ သာဓု။

ဒီနေရာမှာလဲ မြတ်စွာဘုရားဟောတာ ကောင်းမှုကုသိုလ် လိုလားသော ပုဂ္ဂိုလ်တို့၏ အားကိုးဖွယ်ရာဟာ "သံဃာ"ဆိုတယ် မဟုတ်လား။ [ဟုတ်ပါတယ်ဘုရား။]

တခါလဲ မိထွေးတော်ဂေါတမီက မြတ်စွာဘုရားကို ရည်မှန်းပြီး သင်္ကန်းကို ကိုယ်တိုင်ယက်ကာ လှူဒါန်းတဲ့နေရာမှာလဲ မြတ်စွာဘုရားက "သံဃေ ဒိန္နေ မဟပ္ဖလံ=ဂေါတမီ၊ မိထွေးတော် ဂေါတမီ။ သံဃေ၊ သံဃာအား။ ဒေဟိ၊ လှူပါလော့။ သံဃေ၊ သံဃာအား။ ဒိန္နေ၊ လှူသောအလှူသည်။ မဟပ္ဖလံ၊ အကျိုးကြီးတယ်"လို့ သံဃာကိုပဲ အလှူခိုင်းတော်မူတယ်။

အဲဒီလို မြတ်စွာဘုရားက သံဃာတော်၏ လယ်ယာမြေနှင့်တူပုံကို ဟောခဲ့တယ်။ ကာကဝလ္လိယ မောင်နှံဟာ ယခုလဲ လယ်ယာမြေနှင့် တူသော ရှင်သာရိပုတ္တရာအား ဆွမ်းလှူဒါန်းပြီး ကုသိုလ်မျိုးစေ့ကို စိုက်ပျိုးလိုက်တဲ့အတွက် အင်မတန်မွဲတေတဲ့ အဖြစ်ကနေပြီး ချမ်းသာသောအဖြစ်သို့ ရောက်ရပေတယ်။ ကံကြမ္မာမြှင့်လို့ မြင့်ရတာ၊ ကိုယ်မြင့်ချင်လို့မြင့်တာ မဟုတ်။ကိုယ်မြင့်ချင်တိုင်းသာ မြင့်ကြယင် လောကမှာ ဘယ်သူမှမမွဲဘူး။ သဌေးချည်းဖြစ်ကုန်မှာပေါ့။ ငရဲ, ပြိတ္တာ, တိရစ္ဆာန်, အသုရကာယ် ဘယ်ရှိတော့ မလဲ။ ချမ်းသာတဲ့ အကြောင်းကိုလုပ်မှ ချမ်းသာတယ်။ ငရဲကျတဲ့အကြောင်းကို လုပ်ယင် ငရဲကျတာပဲ။ ပြိတ္တာဖြစ်တဲ့ အကြောင်းကို လုပ်ယင် ပြိတ္တာဖြစ်မှာပဲ။ တိရစ္ဆာန် ဖြစ်တဲ့အကြောင်းကို လုပ်ယင် တိရစ္ဆာန်ဖြစ်မှာပဲ။ အသုရကာယ်ဖြစ်တဲ့အကြောင်းကို လုပ်ယင် အသုရကာယ် ဖြစ်မှာပဲ။လူဖြစ်တဲ့ အကြောင်းကိုလုပ်ယင် လူဖြစ်မှာပဲ။ နတ်ဖြစ်တဲ့ အကြောင်းကိုလုပ်ယင် နတ်ဖြစ်မှာပဲ။ ဗြဟ္မာဖြစ်တဲ့အကြောင်းကို လုပ်ယင် ဗြဟ္မာဖြစ်မှာပဲ။ ပိုင်သူဆိုင်သူ အစိုးရသူရယ်လို့ မရှိ။ ဒါကြောင့် အနတ္တလို့ ဘုရားက ဟောတယ်။ အကြောင်းထောက်ပံ့လို့ ဖြစ်တဲ့အတွက် ပျက်စီးရတယ်။ ဒါကြောင့် အနိစ္စလို့ဟောတယ်။ ဖြစ်ပြီးလျှင် ပျက်စီးတတ်သောကြောင့် အိုဘေး, နာဘေး, သေဘေး, ချစ်သူနှင့်ကွဲတဲ့ဘေး, မုန်းသူနှင့်တွဲရတဲ့ဘေးတွေ ရှိရတယ်။ ဒါကြောင့် ဒုက္ခလို့ဟောတော်မူတယ်။

အဲဒီဒုက္ခကိုမြင်မှ ခန္ဓာကို ငြီးငွေ့မယ်။ ငြီးငွေ့တဲ့သံဝေဂဉာဏ် ရင့်သန်မှ သမုဒယသစ္စာ ချုပ်မယ်။ သမုဒယချုပ်မှ ချုပ်ရာ နိရောဓသစ္စာကို မျက်မှောက်ပြုရမယ်။ နိဗ္ဗာန်ရောက်မှ ဒုက္ခခပ်သိမ်း ငြိမ်းမယ်လို့ သစ္စာလေးပါးကိုပြတော်မူလိုက်တော့ မောင်ကာက မယ်ကာကတို့လင်မယား သောတာပန်တည်ကြတယ်။

ယခု ဟောတာကတော့ မြတ်စွာဘုရား၏ တရားမှန်လျှင် သစ္စာလေးပါးနှင့် အဆုံးသတ်ပြီး ဟော နေကြမို့ အကျဉ်းရုံးပြီး ပြောလိုက်တာပါပဲ။ မြတ်စွာဘုရား ဟောနေကြကတော့ လက်ဦးဆုံး ဒါနကထာကို ဟောတယ်။ ၎င်းနောက် သီလကထာကိုဟောတယ်၊ ၎င်းနောက် သဂ္ဂကထာကို ဟောတယ်၊ ၎င်းနောက် ကာမာနံအာဒီနဝ ကထာကို ဟောတယ်၊ ၎င်းနောက် ကာမေဟိနိက္ခမာ နိသံသကို ဟောတယ်၊ ၎င်းနောက် သစ္စာ လေး ပါး ကို ဟောတော်မူတယ်။အဲဒါ ဘုရားရှင်၏ တရားဟောစဉ်ပဲ မောင်စိန်ရှဲ့။ [မှန်ပါဘုရား။]

ယခုဟောခဲ့ပြီးတာက သံဃာ့ဂုဏ်တော်တွေနှင့် သံဃာ့ဂုဏ်တော်ကြောင့် သတ္တဝါတွေ အကျိုးများပုံဖြစ်တယ်။ ယခု သတ္တဝါတွေ အကျိုးရှိအောင် ဟောချင်တာက ဝေဒနာနုပဿနာ သတိပဋ္ဌာန်တရားတော်ဖြစ်တယ်။ ကဲ.... ဟောကြစို့။ [မှန်ပါ၊ဟောတော်မူပါ ဘုရား။]

ဣဓ ဘိက္ခဝေ ဘိက္ခု သုခံ ဝါ ဝေဒနံ ဝေဒယမာနော သုခံ ဝေဒနံ ဝေဒယာမီတိ ပဇာနာတိ။ "ချစ်သားတို့၊ သုခဝေဒနာကို ခံစားတဲ့အခါ သုခဝေဒနာကို ခံစားမှု ဖြစ်နေတယ်လို့ သိအောင်လုပ်ပါတဲ့။ ဒုက္ခံ ဝါ ဝေဒနံ ဝေဒယမာနော ဒုက္ခံ ဝေဒနံ ဝေဒယာမီတိ ပဇာနာတိ။ မိမိ သန္တာန်မှာ ဒုက္ခဝေဒနာ ခံစားမှုဖြစ်တဲ့အခါလဲ ဒုက္ခဝေဒနာ ခံစားမှု ဖြစ်နေပါကလားလို့ သိအောင် လုပ်ပါတဲ့။ အဒုက္ခမသုခံ ဝါ ဝေဒနံ ဝေဒယမာနော အဒုက္ခမသုခံ ဝေဒနံ ဝေဒယာမီတိ ပဇာနာတိ။ အဒုက္ခမသုခ ဝေဒနာကို ခံစားမှုဖြစ်ယင်လဲ အဒုက္ခမသုခ ဝေဒနာကို ခံစားမှုဖြစ်နေပါကလားလို့ သိအောင်လုပ်ပါတဲ့၊ ဒါက ပထမအဆင့်ဖြစ်တယ်။

သာမိသံ ဝါ သုခံ ဝေဒနံ ဝေဒယမာနော သာမိသံ သုခံ ဝေဒနံ ဝေဒယာမီတိ ပဇာနာတိ။ အာရုံငါးပါး ကာမဂုဏ်တရားကြောင့် သုခဝေဒနာဖြစ်ယင်လဲ "အော်....ငါ၏သန္တာန်မှာ အာရုံငါးပါး ကာမဂုဏ်တရားကြောင့် သုခဝေဒနာ ဖြစ်နေပါကလား"လို့ သိအောင် လုပ်ပါတဲ့။

နိရာမိသံ ဝါ သုခံ ဝေဒနံ ဝေဒယမာနော နိရာမိသံ သုခံ ဝေဒနံ ဝေဒယာမီတိ ပဇာနာတိ။ ကာမဂုဏ် မဟုတ်သော အာရုံကြောင့် သုခဝေဒနာဖြစ်ယင်လဲ "အော်....ငါ၏သန္တာန်မှာ ကာမဂုဏ်မဟုတ်သော အာရုံကြောင့် သုခဝေဒနာ ဖြစ်နေပါကလား"လို့ သိအောင်လုပ်ပါတဲ့။

သာမိသံ ဝါ ဒုက္ခံ ဝေဒနံ ဝေဒယမာနော သာမိသံ ဒုက္ခံ ဝေဒနံ ဝေဒယာမီတိ ပဇာနာတိ။ အာရုံငါးပါး ကာမဂုဏ်တရားကြောင့် ဒုက္ခဝေဒနာဖြစ်ယင်လဲ "အော်....ငါ၏ သန္တာန်မှာ အာရုံငါးပါး ကာမဂုဏ်တရားကြောင့် ဒုက္ခဝေဒနာ ဖြစ်နေပါကလား"လို့ သိအောင် လုပ်ပါတဲ့။

နိရာမိသံ ဝါ ဒုက္ခံ ဝေဒနံ ဝေဒယမာနော နိရာမိသံ ဒုက္ခံ ဝေဒနံ ဝေဒယာမီတိ ပဇာနာတိ။ ကာမဂုဏ်မဟုတ်သော အာရုံကြောင့် ဒုက္ခ ဝေဒ

နာဖြစ်ယင်လဲ ကာမဂုဏ်မဟုတ်သော အာရုံကြောင့် ဒုက္ခဝေဒနာ ဖြစ်နေပါကလားလို့ သိအောင်လုပ်ပါတဲ့။

သာမိသံ ဝါ အဒုက္ခမသုခံ ဝေဒနံ ဝေဒယမာနော သာမိသံ အဒုက္ခ—မသုခံ ဝေဒနံ ဝေဒယာမီတိ ပဇာနာတိ။ အာရုံငါးပါး ကာမဂုဏ်တရားကြောင့် အဒုက္ခမသုခ ဝေဒနာဖြစ်ယင်လဲ "အော်....ငါ၏ သန္တာန်မှာ အာရုံငါးပါး ကာမဂုဏ်တရားကြောင့် အဒုက္ခမသုခ ဝေဒနာ ဖြစ်နေပါကလား" လို့ သိအောင်လုပ်ပါတဲ့။

နိရာမိသံ ဝါ အဒုက္ခမသုခံ ဝေဒနံ ဝေဒယမာနော နိရာမိသံ အဒုက္ခ—မသုခံ ဝေဒနံ ဝေဒယာမီတိ ပဇာနာတိ။ ကာမဂုဏ် မဟုတ်သော အာရုံကြောင့် အဒုက္ခမသုခ ဝေဒနာဖြစ်ယင်လဲ "အော်....ငါ၏ သန္တာန်မှာ ကာမဂုဏ်မဟုတ်သော အာရုံကြောင့် အဒုက္ခမသုခ ဝေဒနာဖြစ်နေပါကလား" လို့ သိအောင် လုပ်ပါတဲ့။ အဲဒါက ဒုတိယအဆင့်ကွဲ့ မောင်စိန်ရဲ့။ [မှန်ပါ ဘုရား။]

ဣတိ အဇ္ဈတ္တံ ဝါ ဝေဒနာသု ဝေဒနာနုပဿီ ဝိဟရတိ၊ ဗဟိဒ္ဓါ ဝါ ဝေဒနာသု ဝေဒနာနုပဿီ ဝိဟရတိ၊ အဇ္ဈတ္တ ဗဟိဒ္ဓါ ဝါ ဝေဒနာသု ဝေဒနာနုပဿီ ဝိဟရတိ။

အဲ....ဤကဲ့သို့ မိမိသန္တာန်မှာ ဖြစ်ပေါ်လာတဲ့ ဝေဒနာကို လည်းကောင်း၊ သူတပါး သန္တာန်မှာ ဖြစ်တဲ့ ဝေဒနာကို လည်းကောင်း သတိဖြင့် ကြည့်ရှုပြီး၊ ထိုဝေဒနာတို့သည် ပုဂ္ဂိုလ်လည်းမဟုတ်၊ သတ္တဝါလည်းမဟုတ်၊ အသက်လည်း မဟုတ်၊ လိပ်ပြာလည်းမဟုတ်၊ အာရုံ၏ အရသာကို ခံစားမှု သဘောတရား သက်သက်ပါကလားဟု ပညတ်စွဲ ပျောက်၍ ပရမတ်ဉာဏ် ခ‌ာတ်ဉာဏ် ပေါက်အောင် ဆင်ခြင်ရမယ်တဲ့။ အဲဒီလို ပရမတ်ဉာဏ် ဓာတ်ဉာဏ် ပေါက်တဲ့ အခါ တဆင့်တက်ပြီး အောက်ပါအတိုင်း ဆင်ခြင်ရအုံးမယ်။

သမုဒယဓမ္မာနုပဿီ ဝါ ဝေဒနာသု ဝိဟရတိ၊ ဝယဓမ္မာနုပဿီ ဝါ ဝေဒနာသု ဝိဟရတိ၊ သမုဒယဝယဓမ္မာနုပဿီ ဝါ ဝေဒနာသု ဝိဟရတိ၊

မောင်စိန်ရေ။ အဲ....ယခု ပြောခဲ့ပြီးတဲ့ ဝေဒနာ တွေဟာ အာရုံ ဒွါရ ပေါင်းဆုံခြင်း ဖဿ ဖြစ်လျှင် ဖြစ်ပြီး၊ ဖဿ ချုပ်လျှင် ချုပ်သွားတယ် မဟုတ်လား။ [မှန်ပါ၊ ဖဿ ဖြစ်လျှင် ဖြစ်ပြီး၊ ဖဿ ချုပ်လျှင် ချုပ်သွားပါတယ် ဘုရား။] အဲဒီလို ဖဿ ဖြစ်လျှင် ဖြစ်ပြီး၊ ဖဿ ချုပ်လျှင် ချုပ်သွားတော့ မြဲတယ်လို့ ဆိုနိုင်ပါမလား။ [မမြဲပါဘုရား။] မမြဲတော့ ပျက်စီးတတ်သော

ဘေးမရှိပါလား။ [ရှိပါတယ်ဘုရား။] မမြဲတာက အနိစ္စ၊ ပျက်စီးတတ်သော ဘေးက ဒုက္ခမဟုတ်ပါလား။ [ဟုတ်ပါတယ်ဘုရား။] ဝေဒနာဟာ ပျက်စီးသွားတဲ့အခါ အမွေအနှစ်များ ဘာကျန်ရစ်ခဲ့သလဲ။ [ဘာမှ မကျန်ခဲ့ပါဘုရား။] အမွေအနှစ်မရှိတော့ အနတ္တပေါ့ မောင်စိန်ရဲ့။ [မှန်ပါဘုရား။]

အဲဒီ အနိစ္စ, ဒုက္ခ, အနတ္တကို မြင်ဖို့ဆိုတာ ဖြစ်ခြင်း ပျက်ခြင်းကို မြင်မှသာ မြင်နိုင်တဲ့အတွက် အထက်က တရားကို မြတ်စွာဘုရားက ဟောတာ။ ဘယ်လောက်ကြာအောင် ဖြစ်ခြင်း ပျက်ခြင်းကို ရှုရမှာလဲဆိုတော့—

အတ္ထိ ဝေဒနာတိ ဝါ ပနဿ သတိ ပစ္စုပဋ္ဌိတာ ဟောတိ၊ ယာဝဒေဝ ဉာဏမတ္တာယ ပဋိဿတိမတ္တာယ—

သတိဟာ ဝေဒနာမှာ မြဲစွာဖြစ်ပြီး အနိစ္စဉာဏ်, ဒုက္ခဉာဏ်, အနတ္တဉာဏ် ကြီးထွားလာအောင် ရှုကြည့်ပါတဲ့။ ဉာဏ် ကြီးထွားလာတဲ့အခါ ဘယ်လို ဖြစ်လာမှာလဲဆိုတော့—

အနိဿိတော စ ဝိဟရတိ၊ န စ ကိဉ္စိလောကေ ဥပါဒိယတိ၊

ဝေဒနာကို တသံသရာလုံးက ငါကောင်ထင်ခဲ့တဲ့ အထင်တွေ၊ ငါ့ဟာလို့ စွဲလမ်းခဲ့တဲ့ အစွဲ၊ ငါ့အတ္တလို့ ယူခဲ့တဲ့ အယူမှားတွေ ကင်းကွာပြီး ခန္ဓာငါးပါး၌ ဥပါဒါန်အစွဲတွေ ပြုတ်သွားတယ်။ ဥပါဒါန်ဆိုတာက လေးပါးရှိတယ်။ ကာမုပါဒါန်, ဒိဋ္ဌုပါဒါန်, သီလဗ္ဗတုပါဒါန်, အတ္တဝါဒုပါဒါန်တဲ့။ သံဝေဂဉာဏ် အားပျော့ယင် သောတာပန် သကဒါဂါမ်တည်ပြီး ဒိဋ္ဌုပါဒါန်, သီလဗ္ဗတုပါဒါန်, အတ္တဝါဒုပါဒါန် ပြုတ်တယ်။

ဒိဋ္ဌုပါဒါန် ဘယ်လို ပြုတ်သလဲဆိုတော့ ဖဿ ဖြစ်လျှင် ဝေဒနာဖြစ်တယ်၊ ဖဿ ချုပ်လျှင် ဝေဒနာ ချုပ်တာကို မြင်တော့ အကြောင်း အကျိုးကို မြင်တယ်။ အကြောင်းအကျိုးကို မြင်တော့ အကြောင်းအကျိုး ကင်းပြီးဖြစ်တဲ့ ဒိဋ္ဌိတွေ ပြုတ်ကုန်တာပေါ့။ သီလဗ္ဗတုပါဒါန် ဘယ်လို ပြုတ်သလဲ ဆိုတော့ အမှန်မြင်လို့ ကိလေသာချုပ်တာကို ကိုယ်တွေ့ဖြစ်နေတော့ ခွေးကျင့် နွားကျင့် ကျင့်မှ ကိလေသာ သေမယ်ဆိုတဲ့ သီလဗ္ဗတုပါဒါန် ပြုတ်တာပေါ့။ အတ္တဝါဒုပါဒါန် ဘယ်လို ပြုတ်သလဲဆိုတော့ အတ္တဝါဒုပါဒါန်ဆိုတာ သက္ကာယဒိဋ္ဌိကို ခေါ်တယ်။ သက္ကာယဒိဋ္ဌိဆိုတာ တဘဝမှ တဘဝသို့ ပြောင်းရွှေ့သွားလာနိုင်တဲ့ ခိုင်မာသော အမြဲတေ သဘောဖြစ်သော အသက် လိပ်ပြာ ခန္ဓာမှာရှိတယ်လို့ ယူဆတာကို ခေါ်တယ်။ ဖဿဖြစ်မှ ဝေဒနာဖြစ်၍ ဖဿချုပ်လျှင် ဝေဒနာချုပ်တာကို မြင်တော့ ခန္ဓာငါးပါး၌ အသက်လိပ်ပြာခေါ် အတ္တဇီဝ မရှိတာကို မြင်ပြီး အတ္တဝါဒုပါဒါန် ပြုတ်သွားတာပေါ့။

အကယ်၍ သံဝေဂဉာဏ် အားကောင်းသဖြင့် အနာဂါမ် ရဟန္တာဖြစ်သွားယင်လဲ ဥပါဒါန် လေးပါးစလုံး ချုပ်သွားတာပေါ့။ မဂ်ဉာဏ် လေးပါးဟာ သံဝေဂဉာဏ်၏ အားကို လိုက်ပြီး ဖြစ်ကြတာပဲ။ ဒါကြောင့် မြတ်စွာဘုရား၏ တရား တခုတည်းမှာ တချို့က သောတာပန် တည်တယ်၊ တချို့က သကဒါဂါမ်တည်တယ်၊ တချို့က အနာဂါမ်တည်တယ်၊ တချို့က ရဟန္တာဖြစ်တယ်။ အဲဒီလို တရားတပုဒ်တည်း ဖြစ်ပါလျက် မဂ်ဉာဏ်ရတာချင်း မတူတာဟာ သံဝေဂဉာဏ်ချင်း မတူလို့ မဂ်ဉာဏ်ရတာချင်း မတူတာပဲ။ မဂ်ဉာဏ်ဟာ သံဝေဂဉာဏ်အပေါ်မှာ တည်ပါတယ်။ ဒါကြောင့်—

သဗ္ဗေ သင်္ခါရာ အနိစ္စာ၊ ယဒါ ပညာယ ပဿတိ။
အထ နိဗ္ဗိန္ဒတိ ဒုက္ခေ၊ ဧသမဂ္ဂေါ ဝိသုဒ္ဓိယာ။

သဗ္ဗေ၊ ခပ်သိမ်းဥဿုံ အလုံးစုံကုန်သော။ သင်္ခါရာ၊ ကံ, စိတ်, ဥတု, အာဟာရ ကြောင်းလေးဖြာတို့ ပြုပြင်ပါမှ ဖြစ်ပေါ်ကြသည့် သင်္ခါရဝတ္ထု အစုစုတို့သည်။ အနိစ္စာ၊ အမြဲမတည်ကြလေကုန်။ ယဒါ၊ အကြင်အခါ၌။ ပညာယ၊ ဝိပဿနာဉာဏ်ပညာဖြင့်။ ပဿတိ၊ သဘောအနိစ္စာ မမြဲတာကို ကောင်းစွာ ပိုင်ပိုင် သိမြင်နိုင်၏။ အထ၊ ထိုသို့ မြင်သောကာလ ခါသမယ၌။ ဒုက္ခေ၊ မမြဲသည့်အတွက် ဆင်းရဲဘက်သော တေဘူမက သင်္ခါရဒုက္ခ၌။ နိဗ္ဗိန္ဒတိ၊ ငြီးငွေ့လေတော့၏။ ဧသော၊ ထိုငြီးငွေ့သော သံဝေဂဉာဏ်သည် သာလျှင်။ ဝိသုဒ္ဓိယာ၊ အအေးဆုံးမှန်တဲ့ ပြည်နိဗ္ဗာန်၏။ မဂ္ဂေါ၊ ကောင်းစွာ ရောက်ကြောင်း လမ်းကောင်းအကျော် လမ်းမတော်ကြီးပေတကား။

အဲဒါကြောင့် ဝေဒနာ၏ ဖြစ်မှု ပျက်မှုကို မြင်ကာ သံဝေဂဉာဏ်ပေါ်၍ နိဗ္ဗာန်ကို မျက်မှောက် ပြုလွယ်ကြပါစေသတည်း။

သာဓု၊ သာဓု၊ သာဓု။

"သံဃရုဏော အနတ္တော တရားတော်" ပြီး၏။

## “အာစရိယ ဂုဏော အနန္တော”

သဗ္ဗဒါနံ ဓမ္မဒါနံ ဇိနာတိ၊ သဗ္ဗရသံ ဓမ္မရသံ ဇိနာတိ။
သဗ္ဗရတိံ ဓမ္မရတိံ ဇိနာတိ၊ သဗ္ဗသုခံ ဓမ္မသုခံ ဇိနာတိ။

သဗ္ဗဒါနံ၊ အလုံးစုံသော ဒါနကို။ ဓမ္မဒါနံ၊ ဓမ္မဒါနသည်။ ဇိနာတိ၊ အောင်နိုင်၏။ သဗ္ဗရသံ၊ အလုံးစုံသော အရသာကို။ ဓမ္မရသံ၊ တရား၏အရသာသည်။ ဇိနာတိ၊ ကောင်းစွာမသွေ အောင်မြင်လေ၏။ သဗ္ဗရတိံ၊ အလုံးစုံသော မွေ့လျော်ခြင်းကို။ ဓမ္မရတိံ၊ တရားနှင့် မွေ့လျော်ခြင်းသည်။ ဇိနာတိ၊ ကောင်းစွာမသွေ အောင်မြင်လေ၏။ သဗ္ဗသုခံ၊ အလုံးစုံသော ချမ်းသာကို။ ဓမ္မသုခံ၊ တရား၏ ချမ်းသာသည်။ ဇိနာတိ၊ ကောင်းစွာပိုင်ပိုင် အောင်မြင်နိုင်ပါပေသတည်း။

သာဓု၊ သာဓု၊ သာဓု။

မောင်စိန်ရေ....လောကမှာ ဒါန အမျိုးမျိုး ရှိတယ်။ သင်္ကန်းဒါန, ဆွမ်းဒါန, ကျောင်းဒါန, ဆေးပစ္စည်းဒါန, ရူပါရုံဒါန, သဒ္ဒါရုံဒါန, ဂန္ဓာရုံဒါန, ရသာရုံဒါန, ဖောဋ္ဌဗ္ဗာရုံဒါန, ထီးဒါန, ဖိနပ်ဒါန, တောင်ဝှေးဒါန, ရေဒါန, မီးဒါန, ပန်းဒါန, စုံလို့ပေါ့ကွယ်။ ဝတ္ထုပစ္စည်းများသလောက် ဒါနများတာပေါ့။ အဲဒီ များပြားလှစွာသော ဒါနတို့ထက် ဓမ္မဒါနတရား အလှူဟာ အမြတ်ဆုံးတဲ့။ ဟုတ်တာပေါ့၊ ဝတ္ထုပစ္စည်းဒါနကတော့ ဖြစ်လေရာရာ ဘဝ ကြီး,ငယ်မှာ စည်းစိမ်ကြွယ်ဝရုံပဲ တတ်နိုင်တယ်။ အိုခြင်း, နာခြင်း, သေခြင်း မကင်းနိုင်ဘူး။ တရားဓမ္မကသာ အိုခြင်း, နာခြင်း, သေခြင်းကို ကင်းစေနိုင်တယ် မောင်စိန်ရဲ့။ [မှန်ပါဘုရား။]

ဒါကြောင့် အလုံးစုံသောဒါနထက် တရားအလှူဟာအမြတ်ဆုံးလို့ ဟောတော်မူတာပေါ့။ အလုံးစုံသော အရသာထက် တရားအရသာဟာ အမြတ်ဆုံးတဲ့။ ချိုချဉ်ဖန်ခါး ရသာခြောက်ပါးကို တနေကုန် ခံစားနိုင်ပါမလား။ [မခံစားနိုင်ပါဘုရား။]

မြတ်စွာဘုရားလက်ထက်က စမ္ပာပြည် ဂဂ္ဂရာရေကန် အနီးနားမှာ နွားကျောင်းသားတယောက်ဟာ နွားမောင်းတဲ့ တုတ်ကို နွားခြေရာ ခွက်ထဲမှာ ထောက်ပြီး တုတ်ဖျား၌ မေးတင်ကာ နွားတွေကိုကြည့်ယင်း တရားပွဲမှာ မြတ်စွာဘုရားဟောတဲ့ တရားသံကို နားထောင်နေတယ်။ နွားခြေရာ ခွက်ထဲက ဖားကလေးကလဲ တရားသံကို နားထောင်နေရာ နွားကျောင်းသား၏ တုတ်ဖြင့် ကျောကိုထိုးဖောက်သည်ကိုပင် မသိပါပဲ သေပြီး နတ်ပြည်မှာ ဖားနတ်သားရယ်လို့ ဖြစ်သတဲ့။ တရားအရသာဟာ ဘယ်လောက် ကောင်းတယ် ဆိုတာ ကျောကိုတုတ်နှင့်ထိုး၍ ဖိုက်ပေါက် တာတောင် မသိအောင် ကောင်းတယ်ကွဲ့ မောင်စိန်ရဲ့။ [မှန်ပါဘုရား။]

မွေ့လျော်ခြင်း အပေါင်းတို့တွင်လည်း တရားနှင့် မွေ့လျော် ခြင်းဟာ အမြတ်ဆုံးပဲတဲ့။ ရူပါရုံနှင့်ပဲ မွေ့လျော်သည်ဖြစ်စေ, သဒ္ဒါရုံနှင့်ပဲ မွေ့လျော်သည်ဖြစ်စေ, ဂန္ဓာရုံနှင့်ပဲ မွေ့လျော်သည်ဖြစ်စေ, ရသာရုံနှင့်ပဲ မွေ့လျော်သည်ဖြစ်စေ, ဖောဋ္ဌဗ္ဗာရုံနှင့်ပဲ မွေ့ လျော် သည် ဖြစ်စေ, တနေ ကုန် မွေ့လျော်နိုင်ပါမလား။ [မမွေ့လျော်နိုင်ပါ ဘုရား။]

ဈာန်တရားနှင့် မွေ့လျော်ယင် တနေ့ကုန်မွေ့လျော် နိုင်တယ်။ ဒါကြောင့် မွေ့လျော်ခြင်းတကာတို့တွင် တရားနှင့် မွေ့လျော် ခြင်းဟာ အမြတ်ဆုံးလို့ ဆိုတာပေါ့။ ချမ်းသာ သုခတို့တွင်လည်း တရားချမ်းသာ သုခဟာ အမြတ်ဆုံးပဲတဲ့။ ကာမချမ်းသာကို တနေကုန် ခံစား နိုင်ပါမလား။ [မခံစားနိုင်ပါဘုရား။] နိရောဓသမာပတ်ချမ်းသာကို တနေကုန်မဟုတ်ဘူး၊ ခုနစ်ရက်ပတ်လုံး ခံစားနိုင်တယ်။ ကဲ....ချမ်းသာသုခထဲမှာ သူ့လောက် ချမ်း သာ တာ ရှိသေးရဲ့လား။ [မရှိတော့ပါဘုရား။]

အဲဒါလို အရာရာတွင် အမြတ်ဆုံးဖြစ်တဲ့ ဓမ္မဒါနကို ဘယ်သူပေးနိုင်သလဲ ဆိုတော့ တရားဟောဆရာသာ ပေးနိုင်တယ်။ ဒါကြောင့် အာစရိယဂုဏော အနန္တောလို့ ဆိုတာပေါ့။ အဲဒီ အနန္တဂိုဏ်းဝင် ဆရာထဲမှာ လောကီပညာ

ကိုသင်ပေးတဲ့ ကျောင်းဆရာများ မပါဘူး။ သို့သော်လည်း ကျေးဇူးတော့ များပါတယ်။ ဘာကြောင့် ကျေးဇူးများသလဲ ဆိုတော့ သူတို့သင်ပေးတဲ့ ပညာဖြင့် စီးပွားရှာပြီး အမေ, အဖေ, သားသမီး များကို ကျွေးနိုင်တယ်။ အလှူအတန်း ပေးနိုင်တယ်။ အဲဒီလို အလှူအတန်းကို ပေးလှူတော့ လူကောင်း သူကောင်းဖြစ်နိုင်တယ်။ ဒါကြောင့် ကျေးဇူးကြီးပါတယ်။ သို့သော်လည်း သူတို့ပေးတဲ့ပညာဖြင့် အပါယ်တံခါး မပိတ်နိုင်ဘူး။ သို့အတွက် အနန္တ ဂိုဏ်း ဝင်မဟုတ်ဘူး မောင်စိန်ရဲ့။ [မှန်ပါဘုရား။]

ဘုရားတဆူပွင့်ယင် ၂၄သချေ်နှင့် ကုဋေခြောက်ဆယ် ဗိုလ်ခြေ တသိန်း ကျွတ်တန်းဝင်တယ်လို့ ထိုထို ကျမ်းဂန်တွေမှာ အဆိုရှိတယ်။ အဲဒီ ပုဂ္ဂိုလ် တွေဟာ ဆရာကိုမှီပြီး ကျွတ်တန်း ဝင်ကြရတယ်။ မိမိဘာသာ ကျွတ်တန်း မဝင်နိုင်ဘူး။ ပညာအရာမှာ ဧတဒဂ်ရတဲ့ ရှင်သာရိပုတ္တရာတောင်မှ မိမိဘာ သာ ကျွတ်တန်းမဝင်နိုင်ပဲ ရှင်အဿဇိမထေရ်ကို အမှီပြုပြီး ကျွတ်တန်းဝင်ရ တယ်။ရှင်အဿဇိမထေရ်ကိုမှီပြီး ကျွတ်တန်းဝင်ပုံကို ဟောအုံးမယ်။ [ဟော တော်မူပါဘုရား။]

ဘုရားမပွင့်မီ ကာလက ရာဇဂြိုဟ် ပြည်နှင့် မနီးမဝေးသော အရပ်၌ ဥပတိဿရွာ,ကောလိတရွာဟူ၍ နှစ်ခုသော ပုဏ္ဏားရွာတို့သည် ရှိကြသတဲ့။ ထိုရွာနှစ်ရွာတို့တွင် ဥပတိဿရွာ၌ ရူပသာရီအမည်ရှိသော ပုဏ္ဏေး မ၏ ဝမ်း ဝယ် ကိုယ်ဝန်တည်သော နေ့၌ပင်လျှင် ကောလိတရွာ မောဂ္ဂလီ မည်သော ပုဏ္ဏေးမ၏ဝမ်း၌လည်း ကိုယ်ဝန်တည်တယ်။ ထိုနှစ်ဦးသော အမျိုးတို့သည် လည်း ဆွေခုနစ်ဆက်တိုင်တိုင် အစဉ်အဆက် မပျက်သော အဆွေ ခင်ပွန်းတို့ ဖြစ်ကြသတဲ့။ ရှေးတုန်းကတော့ သစ္စာကတိ ရှိတဲ့ အခါကိုး။ ယခုတော့ ခုနစ်ဆက်မပြောနဲ့ ညီအကို မောင်နှမ အရင်းတောင် မခင် မင် ကြဘူး။ တကျက်ကျက် ရန်ဖြစ်နေကြတာကွဲ့ မောင်စိန်ရဲ့။ [မှန်ပါဘုရား။]

ထိုနှစ်ယောက်သော ပုဏ္ဏေးမတို့အားလည်း တနေ့တည်း၌သာလျှင် ကိုယ် ဝန်အစောင့် အရှောက်ကို ပေးကြတယ်။ အဲဒီ ပုဏ္ဏေးမ တို့ နှစ်ယောက် သည်လည်း ဆယ်လကိုလွန်လတ်သော် သား သူငယ်ကို ဖွားမြင် ကြ သတဲ့။ အမည်မှည့်တဲ့အခါ သာရီမည်သော ပုဏ္ဏေးမ၏ သားအား ဥပတိဿ ရွာ၏ အကြီးအကဲ အမျိုး၏ သား ဖြစ်သောကြောင့် ဥပတိဿမှည့်တယ်။ ငယ်နာ မည်ပေါ့။ နောက်ပိုင်းကျတော့ သာရီမည်သော ပုဏ္ဏေးမ၏သား ဖြစ်သည့်

အတွက် သာရိပုတ္တလို့ ခေါ်ရာမှ ကာလကြာတော့ သာရိပုတ္တရာလို့ ခေါ်ကြ တာပေါ့ကွာ။

မောဂ္ဂလိမည်သော ပုဏ္ဏေးမ၏သားကိုလည်း ကောလိတရွာ၌ အကြီးအကဲ အမျိုး၏ သားဖြစ်သောကြောင့် ကောလိတဟု အမည် ပေး ကြတယ်။ နောက်ပိုင်းကျတော့ မောဂ္ဂလိပုဏ္ဏေးမ၏ သားဖြစ်သောကြောင့် မောဂ္ဂလ္လာန် ဟု ခေါ်ကြတာပေါ့။ ထိုနှစ်ယောက်သော အမျိုးသားတို့သည်လည်း ကြီး ရင့်ခြင်းသို့ရောက်၍ အလုံးစုံသော လောကီအတတ်တို့၌ တဘက်ကမ်းရောက် တတ်မြောက်ကြသတဲ့။

ဥပတိဿလုလင်ဟာ ကစားခြင်းငှာ မြစ်ဆိပ်သို့ဖြစ်စေ၊ ဥယျာဉ်သို့ ဖြစ်စေ သွားတဲ့အခါ ရွှေထမ်းစင် ၅၀၀ တို့သည် ခြံရံ လိုက်ပါ ကြရတယ်။ ကောလိတလုလင်ကတော့ အာဇာနည် မြင်းကသော ရထား ၅၀၀ ခြံရံလိုက် ပါကြရတယ်။ သူ့ခေတ်နှင့်သူ့အခါ ဖြစ်ကြတာကိုး။ ယခုခေတ်လို ဆိုယင် မာစီဒီကားနှင့် သွားမှာပေါ့။ ထိုအခါ ရာဇဂြိုဟ်ပြည်၌ နှစ်စဉ်မပြတ် ပြုအပ် သော တောင်ထိပ်ပွဲသဘင် ရှိသတဲ့။ ပွဲကြီးပွဲကောင်းပေါ့။

ဒီပွဲကြီးကျင်းပတော့ ဥပတိဿနှင့် ကောလိတတို့ နှစ်ဦးကလဲ ညောင် စောင်းကို တခုသောအရပ်မှာ ခင်းကြသတဲ့။ ခုတင်ချင်းယှဉ်ပြီး ခင်းတာပေါ့ ကွာ။ အတူတူ ပွဲကြည့်ရအောင်ပေါ့။ နှစ်ယောက် သော လုလင် တို့သည် အတူတူပွဲကြည့်တဲ့အခါ ရယ်ရွှင်သင့် သောအရာ၌ အတူတူရယ်ရွှင်၍ ထိတ် လန့်သင့်သောအရာ၌ အတူတူထိတ်လန့်ပြီး၊ ဆုပေး သင့်သောအခါ အတူတူ ဆုပေးလေ့ရှိကြ တယ်တဲ့။

ထိုသို့သောနည်းဖြင့် တနေ့သ၌ ပွဲသဘင်ကြည့်ရှုကုန်သော ထိုသဌေးသား တို့အား ဉာဏ်ရင့်ခြင်းသို့ရောက်ကြသည် အဖြစ်ကြောင့် ရှေးတုန်းကလို ရယ် ရွှင်သင့်သောအရာ၌လည်း မရယ်ရွှင်၊ ထိတ်လန့်သင့်သော အရာ၌လည်း မထိတ် လန့်၊ ဆုပေးသင့်သော အရာ၌လည်း ဆုမပေးတော့ဘူးတဲ့။ သူတို့ နှစ်ယောက် စလုံး ဘယ်လိုစိတ်ကူး ဖြစ်နေကြသလဲ ဆိုတော့ ဤ ပွဲလမ်းသဘင်၌ ကြည့်ရှု ဖွယ်ရာ တစုံတခုသော အခြင်းအရာသည် အဘယ်နည်း။ ဤအလုံးစုံသော သတ္တဝါတို့သည် နှစ် ၁၀၀ သို့မရောက်မီ မိမိ၏ အမည်ပညတ်မျှ မရှိသည့် အဖြစ်သို့ ရောက်ကြကုန်လတံ့။ ငါတို့သည် ဝဋ်မှထွက်ရာ တခုသော တရား ကို ရှာခြင်းငှာ သင့်လျော်၏ဟု စိတ်ကူးဖြစ်နေကြတယ်။

ထိုနောက်မှ ကောလိတသည် ဥပတိဿကို "အဆွေ ဥပတိဿ၊ သင်ကား အခါတပါး အခြားသောနေ့တို့၌ကဲ့သို့ ဝမ်းမြောက် ဝမ်းသာမရှိ၊ နှလုံး မသာခြင်းသဘောရှိ၏၊ သင်သည် ဘာစိတ်ကူး နေသလဲ" လို့ မေးသတဲ့။ ဒီတော့ ဥပတိဿက "အဆွေကောလိတ၊ ထိုပွဲသဘင်တို့ကို ကြည့်ရှုရာ၌ အနှစ် မရှိ၊ ထိုပွဲသဘင်ကို ကြည့်ရှုခြင်းသည် အကျိုးမရှိ၊ မိမိ၏ ဝဋ္ဋဆင်းရဲမှ ထွက် မြောက်ရာတရားကို ရှာသင့်၏ဟု အောင့်မေ့နေတယ်။ သင်လည်း ရှေးက နှင့်မတူ မှိုင်တွေကာနေ၏၊ ဘာစိတ်ကူး နေသနည်း" ဟု ပြန်ပြီး မေးပြန် တယ်။ ထိုအခါ ကောလိတကလည်း "အဆွေ ဥပတိဿ၊ ငါလဲပဲ ဒီလိုစိတ်ကူး ဖြစ်ပြီး နေတာပဲ"လို့ ပြောသတဲ့။

ဒီတော့ ဥပတိဿက ငါ၏အဆွေလဲ ငါလိုပဲ စိတ်ကူးနေတာပဲ၊ စိတ်ကူး ချင်းတူနေတာကို တွေ့ရတော့ ဥပတိဿက "ဒီလိုဆိုယင် ဝဋ္ဋဆင်းရဲမှ ထွက် မြောက်ရာကို ရှာဖို့ရာ ရဟန်းပြုသင့်တယ်၊ ဘယ်ဆရာထံမှာ ရဟန်းပြုကြမလဲ" လို့ မေးတယ်။ အဲဒီအချိန်အခါမှာ သိဉ္စည်းပရဗိုဇ် ကြီးသည် ရာဇဂြိုဟ် ပြည်မှာ များစွာသော ပရဗိုဇ်ပရိသတ်နှင့် နေတယ်။ သို့အတွက် ဥပတိဿ နှင့် ကောလိတတို့သည် သိဉ္စည်းထံမှာ ရဟန်းပြုအံ့ဟု ငါးရာသောလုလင်တို့ အား ထမ်းစင်တို့ကို လည်းကောင်း၊ ရထားတို့ကို လည်း ကောင်း ယူသွား ကြဆိုပြီး လွှတ်လိုက်တယ်။

ထို နှစ်ဦးသောလုလင်တို့သည်လည်း တခုသောထမ်းစင် တခုသောရထား တို့ဖြင့်သွား၍ သိဉ္စည်းပရဗိုဇ်ထံ၌ ရဟန်းပြုကြတယ်။ ထိုဥပတိဿ, ကောလိ တတို့ ရဟန်းပြုသော ကာလမှစပြီး သိဉ္စည်းပရဗိုဇ်ကြီးဟာ အလွန်လျှင်များ မြတ်သော လာဘ်ပူဇော်သက္ကာ ရရှိသည် အဖြစ်သို့ ရောက်တယ်။ လောက မှာ ဂုဏ်ရှိသောသူတို့ ပြုလုပ်တာကို လိုက်ပြီးလုပ်ကြမြဲ ဖြစ်တာ ကိုးကွဲ့ မောင်စိန်ရဲ့။ [မှန်ပါဘုရား။]

ဥပတိဿတို့ ကောလိတတို့ကလဲ အလွန်ဂုဏ်ရှိတဲ့ သဌေးသားတွေဆိုတော့ သိဉ္စည်းဟာ ဘယ်ဘုန်းမကြီးပဲ နေမလဲ၊ ရေမြင့်တော့ ကြာမြင့် တာပေါ့။ [မှန်ပါတယ် ဘုရား။]

ဥပတိဿနှင့် ကောလိတတို့သည် နှစ်ရက်သုံးရက်တို့ဖြင့် သာလျှင် သိဉ္စည်း ပရဗိုဇ်၏ အလုံးစုံသောအယူကို မွှေနှောက် ချောက်ချား၍ "ဆရာ၊ သင်တို့ သိသောအယူဝါဒသည် ဤမျှသာ ရှိသလော၊ သို့တည်းမဟုတ် ထိုထက်

အလွန် ရှိသေးသလော”ဟု မေးသတဲ့။ ထိုအခါ သိဉ္စည်းက “ဒါပါပဲ” ဟုပြောသတဲ့။ ထိုအခါ ဥပတိဿနှင့် ကောလိတတို့က အကြံဖြစ်တယ်။ ဘယ်သို့ဖြစ်သလဲဆိုတော့ “ဒီလို ဆိုယင် ဤဆရာ၏အထံ၌ ကျင့်သုံးသော မြတ်သောအကျင့်သည် အကျိုးမရှိ၊ ငါတို့သည် ဝဋ်ဆင်းရဲမှ ထွက်မြောက်ရာတရားကိုရှာခြင်းငှာ ထွက်ခဲ့တာဖြစ်တယ်၊ ထိုတရားကို ဤဆရာထံ၌ ဖြစ်စေခြင်းငှာမတတ်ကောင်း၊ ဇမ္ဗူဒီပါကျွန်းသည် ကျယ်ဝန်းသည်သာ တည်း။ ရွာနိဂုံး မင်းနေပြည်တော်တို့ကို လှည့်လည်၍ ရှာလျှင် ဝဋ်ဆင်းရဲမှ ထွက်ရာတရားကို ဟောပြနိုင်သော် တစုံတယောက် သောဆရာကို ရကုန်အံ့” ဟု ကြံကြတယ်တဲ့။

ထိုအခါမှစ၍ အကြင်အကြင်အရပ်၌ ပညာရှိကုန်သော ရဟန်း, ပုဏ္ဏားတို့ရှိကြကုန်၏။ ထိုထိုအရပ်သို့ သွား၍ ဆွေးနွေး မေးမြန်းတယ်။ ထိုဥပတိဿနှင့် ကောလိတတို့ မေးမြန်းတဲ့ပြဿနာကို တပါးသော ပညာရှိတို့ မဖြေနိုင်။ ဥပတိဿနှင့် ကောလိတတို့ကသာ ထိုပညာရှိတို့၏ ပြဿနာကို ဖြေပြီး ပြန်ခဲ့ကြရတယ်တဲ့။ ဟုတ်မှာပေါ့၊ သူတို့လောက် ဘယ်သူမှ ပညာမရှိပဲကိုး။ [မှန်ပါဘုရား။]

အဲဒီလိုနဲ့ ဇမ္ဗူဒီပါတောင်ကျွန်းကို လှည့်လည်ပြီး ဆရာရှာ လိုက်တာ သေခြင်းကင်းရာ တရားကို ပြောပြနိုင်တဲ့ဆရာ မတွေ့ဘူးတဲ့။ ဘယ် တွေ့မတုန်း၊ ဘုရားရှင်၏သာသနာမှာမှ တွေ့နိုင်တဲ့ ဆရာကိုးကွဲ့။ သာသနာပမှာ ဒီလိုဆရာမျိုးမရှိဘူး။ အဲဒီလို မတွေ့တာနဲ့ နေရပ် ကို ပြန်ပြီး လာခဲ့ကြတယ်။ ပြန်ရောက်တဲ့အခါ နှစ်ယောက်သား ကတိကဝတ် ထားကြတယ်။ “အဆွေ ကောလိတ၊ ငါတို့နှစ်ယောက်တို့တွင် ရှေးဦးစွာ သေခြင်း ကင်းရာ အမြိုက်တရားကို ရသောသူသည် တယောက်အား ပြန်ကြား ပြောဆို ကြစတမ်း”ဟု ကတိကဝတ်ထားကြတယ်တဲ့။

အဲဒီလို ဥပတိဿနှင့် ကောလိတတို့နှစ်ဦးသား ကတိကဝတ်ထား၍ ဆရာမျှော်နေကြရာ ထိုအခါ ငါတို့ မြတ်စွာဘုရားသည်လည်း သဗ္ဗညုတ ဉာဏ်ကိုရပြီး ပဉ္စဝဂ္ဂီငါးဦးအား ရဟန္တာဖြစ်စေလျက်၊ ထို့နောက် ယသအမှူးရှိသော သငယ်သား ငါးကျိပ်ငါးယောက်တို့အား ရဟန္တာဖြစ်စေ လတ်သော် လောက၌ မြတ်စွာဘုရား အပါအဝင် ရဟန္တာ ပေါင်း ခြောက်ကျိပ် တယောက် ဖြစ်လာတယ်။ ထိုအခါ မြတ်စွာဘုရားသည် ခြောက်ကျိပ် သော ရဟန္တာတို့အား တရားဟောပြီး သာသနာပြုကြရန်. ခွင့်ပြု တော် မူတယ်။

ထိုနောက် ဘဒ္ဒဝဂ္ဂီညီနောင် သုံးကျိပ်တို့အား ရဟန္တာဖြစ်စေလျက် တရား ဟောကြရန် စေခိုင်းပြီးလျှင် ဥရုဝေဠတောသို့ ကြွကာ ဥရုဝေဠ ကဿပ ညီနောင် ရှင်တထောင်တို့ကို ချွတ်တော်မူတယ်။ ထိုညီနောင်တို့ ကျွတ်တန်း ဝင်ကာ ရဟန္တာဖြစ်ပြီးသည့်နောက်၊ ၎င်းရဟန္တာများ ခြံရံလျက် ရာဇဂြိုဟ် ပြည်သို့ကြွ၍ ဗိမ္ဗိသာရမင်းကြီး လှူဒါန်းသော ဝေဠုဝန် ကျောင်း တော်၌ သီတင်းသုံးတော်မူတယ်တဲ့။ [မှန်ပါဘုရား။]

ထိုအခါ ပဉ္စဝဂ္ဂီငါးဦး၌ အပါအဝင် ဖြစ်သော ရှင်အဿဇိသည် တရား ဟောရာမှ မြတ်စွာဘုရား သီတင်းသုံးတော်မူသော ဝေဠုဝန် ကျောင်းသို့ ရောက်လာပြီးလျှင် နံနက်လင်းသောအခါ ရာဇဂြိုဟ် မြို့တွင်းသို့ ဆွမ်းခံဝင် တော်မူတယ်။ ထိုအချိန်တွင် ဥပတိဿ ပရိဗိုဇ် သည်လည်း နံနက် စောစော ကသာလျှင် ဆွမ်းစားကိစ္စကို ပြုပြီး၍ ပရိဗိုဇ်တို့၏နေရာသို့ သွားစဉ် အဿဇိ မထေရ်ကိုမြင်၍ "ငါကား ဤသို့သဘောရှိသော ရဟန်းမည်သည်ကို မမြင် ဘူးချေ။ လောက၌ ရဟန္တာဖြစ်ကြောင်း လမ်း ကောင်းသို့ ရောက် ကုန် သော ရဟန်းတို့တွင် ဤရဟန်းသည် တပါးအပါအဝင် ဖြစ်လိမ့်မည်။ ငါ သည် ဤရဟန်းထံသို့ ချဉ်းကပ်၍ ငါ့ရှင် သင်ကား အဘယ်သူကို ရည်မှန်း ပြီး ရဟန်းပြုသနည်း၊ သင်၏ဆရာကား ဘယ်သူ ဖြစ်သနည်း၊ အဘယ် သူ၏ တရားကို နှစ်သက်ပါသနည်းဟု မေးရပါမူကား ကောင်းလေစွ" ဟု အကြံ ဖြစ်တယ်တဲ့။

ထိုနောက် ဒုတိယအကြံဖြစ်ပြန်တယ်။ ဘယ်လိုဖြစ်သလဲဆိုတော့ "ဤရဟန်း ကို ပြဿနာမေးခြင်းငှာ အခါမဟုတ်သေး၊ ရွာတွင်းသို့ဝင်၍ ဆွမ်းခံသွား တုန်း ဖြစ်၏၊ သေချာတိတိ မသိသော ခရီးလမ်းကို ဖြောင့်တန်းစွာ သိရှိလို ကုန်သော သူတို့သည် နောက်မှ နောက်မှ အစဉ်တစိုက် လိုက်ဘိ သကဲ့သို့ ငါသည်လည်း နောက်မှနောက်မှ အစဉ်တစိုက် လိုက်ရပါမူကား ကောင်း မှာပဲ" ဟု နှလုံးသွင်း၍ နောက်မှနောက်မှ အစဉ်တစိုက်လိုက်သတဲ့။

အဿဇိမထေရ်လည်း ဆွမ်းခံပြီး၍ အမှတ်မရှိသော ဇရပ်တခုသို့သွားကာ ထိုင်ခြင်းငှာ အလိုရှိသော အဖြစ်ကို ဥပတိဿ (ဝါ) ရှင်သာရိပုတ္တရာသည် သိလတ်သော် မိမိ၏ပုခုံးပေါ်မှာ ပါလာသော ပရိဗိုဇ်တို့၏အခင်းကို ရိုသေ စွာခင်းပေးတယ်။ ခင်းပေးပြီးလျှင် ဆွမ်းစားနေသောမထေရ်၏ မနီးမဝေး သောအရပ်၌ ရိုသေစွာနေပြီး မထေရ်မြတ် ဆွမ်းစားပြီးသောအခါ မိမိ၏

ခရားမှရေကို ကပ်ပြန်တယ်။ ပုဏ္ဏာကို မေးချင်တော့ သည်လိုပဲ တပည့်လုပ်ရတာပေါ့။ ဒီလို လုပ်တာဟာ ပညာရှိတို့၏ထုံးစံပဲ မောင်စိန်ရဲ့။ [မှန်ပါဘုရား။]

အဲဒီလို ဝတ်ကိုပြုပြီး၍ ဆွမ်းစားခြင်းကိစ္စ ပြီးစီးသွားတဲ့အခါ မထေရ်နှင့် ခြေငံသောစကားများ ပြောဆိုပြီးလျှင် "ငါ့ရှင်၊ သင်၏မျက်စိ စသောဣန္ဒြေတို့သည် စင်စစ်ကြည်လင်ကုန်၏၊ ကိုယ်အဆင်းသည် ဖြူစင်၏၊ ပြိုးပြိုးပြက်ပြက်ရှိ၏၊ ဘယ်သူကိုရည်မှန်း၍ ရဟန်းပြုသနည်း၊ သင်၏ ဆရာကားဘယ်သူနည်း၊ သင်သည် ဘယ်သူ၏တရားကို နှစ်သက်သနည်း" ဟု မေးမြန်းတယ်။ ဒီတော့ အဿဇိမထေရ်က ဤ ပရဗိုဇ်တို့ မည်သည်ကား သာသနာတော်၏ဆန့်ကျင်ဘက် ဖြစ်ကုန်၏၊ ဤသူအား သာသနာတော်၏ နက်နဲသိမ်မွေ့သောအဖြစ်ကို ပြဦးအံ့ဟု ကြံစည်တော်မူ၍၊ မိမိ၏ သီတင်း ငယ်သောအဖြစ်ကို ပြလိုသောကြောင့် "ငါ့ရှင်၊ ငါသည်ကား ဝါငယ် ထေရ်ငယ်ဖြစ်၏၊ ရဟန်းပြု၍မကြာသေး၊ ယခုပင် သာသနာတောင်သို့ ရောက်စဖြစ်၏၊ ငါသည်အကျယ်အားဖြင့် တရားကို ဟောခြင်းငှာမစွမ်းနိုင်" ဟုပြောတယ်။

ထိုအခါ ပရဗိုဇ်က "ကျွန်ုပ်ကား ဥပတိဿမည်သော သူပါတည်း၊ အရှင်ဘုရားအစွမ်းသတ္တိရှိသည် အားလျော်စွာ နည်းများမဟူ ဟောတော်မူပါလော၊ ထိုတရားစကားကို နည်းပေါင်း ၁၀၀၊ နည်းပေါင်း ၁၀၀၀တို့ဖြင့် ထိုးထွင်း၍ သိခြင်းကား ကျွန်ုပ်၏ တာဝန်ပါတည်း" ဟု ကြံစည်၍ အောက်ပါဂါထာကို ဆိုတယ်တဲ့။

အပ္ပံ ဝါ ဗဟုံ ဝါ ဘာသဿု၊ အတ္ထညေဝ မေ ဗြူဟိ။
အတ္ထေနေဝ မေ အတ္ထော၊ ကိံ ကာဟသိ ဗျဉ္ဇနံ ဗဟုံ။

အပ္ပံ ဝါ၊ နည်းသော တရားကို လည်း ကောင်း။ ဗဟုံ ဝါ၊ များသောတရားကိုလည်းကောင်း။ ဘာသဿု၊ ဟောတော်မူပါလော့။ မေ၊ ကျွန်ုပ်အား။ အတ္ထညေဝ၊ အနက်ကိုသာလျှင်။ ဗြူဟိ၊ ဟောတော်မူပါလော့။ မေ၊ အကျွန်ုပ်အား။ အတ္ထေနေဝ၊ အနက်ဖြင့်သာလျှင်။ အတ္ထော၊ အလိုရှိပါ၏။ ဗဟုံ၊ များစွာသော။ ဗျဉ္ဇနံ၊ သဒ္ဒါကို။ ကိံ ကာဟသိ၊ အဘယ်သို့ပြုလတံ့နည်း။

အဲဒီလို ပရဗိုဇ်ကဆိုတဲ့အခါ ရှင်အဿဇိမထေရ်က အောက်ပါဂါထာကို ဟောတော်မူတယ်။

ယေဓမ္မာ ဟေတုပ္ပဘဝါ၊ တေသံ ဟေတုတထာဂတော။
တေသဉ္စ ယောနိရောဓော၊ ဧဝံဝါဒီ မဟာသမဏော။

ယေဓမ္မာ၊ အကြင် သင်္ခါရတရား ရုပ်နာမ်နှစ်ပါးတို့သည်။ ဟေတုပ္ပဘဝါ၊ အကြောင်း သမုဒယ သစ္စာကြောင့် ဖြစ်ကြရကုန်၏။ တေသံဓမ္မာနံ၊ ခန္ဓာ ငါးပါး ရုပ်နာမ်တရားတို့၏။ ဟေတုံ ဝ၊ အကြောင်းဖြစ်သော သမုဒယသစ္စာ ကိုလည်း။ တထာဂတော၊ မြတ်စွာဘုရားသည်။ အာဟ၊ ဟောတော်မူ၏။ တေသံဓမ္မာနံ၊ ထို ဒုက္ခသမုဒယ နှစ်ပါးတို့၏။ ယောနိရောဓော၊ အကြွင်း ချုပ်ရာဖြစ်သော နိရောဓ သစ္စာသည်လည်း။ အတ္ထိ၊ ရှိပါချေ၏။ တဉ္စ၊ ထိုနိရောဓသစ္စာကိုလည်း။ တထာဂတော၊ ဘုရားရှင်သည်။ အာဟ၊ ဟော တော်မူ၏။ မဟာသမဏော၊ ရဟန်းကြီးဖြစ်သော ငါတို့ဆရာ ဘုရား ဘဂဝါသည်။ ဧဝံဝါဒီ၊ ဤသို့အယူရှိတော်မူပါပေသတည်း။

သာဓု၊ သာဓု၊ သာဓု။

အဲဒီလို ဟောလိုက်တော့ ရှင်သာရိပုတ္တရာဟာ ရှေ့နှစ်ပါဒကို သာလျှင် ကြားနာရ၍ နည်းပေါင်း ၁၀၀၀ ဖြင့် တန်းဆာဆင်အပ်သော သောတာ ပတ္တိဖိုလ်၌တည်တယ်။ နောက် နှစ်ပါဒကို သောတာပတ္တိဖိုလ်သို့ ရောက်ပြီး သောကာလ၌ ပြီးစီးတယ်ကွဲ့။ [မှန်ပါ၊ အံ့ဖွယ်ရာကောင်းတဲ့ ဉာဏ်ပါဘုရား။]

ထို ရှင်သာရိပုတ္တရာသည် သောတာပန်ဖြစ်၍ အထက်မဂ်ဖိုလ်အထူးကို မဖြစ် စေနိုင်သည်ရှိသော်၊ ဤ အထက်မဂ်ဖိုလ် အထူးကို မဖြစ် စေနိုင် သော အရာ၌ အကြောင်းရှိသည် ဖြစ်လတံ့ဟု မှတ်သား၍ အဿဇိမထေရ်ကို "အရှင်ဘုရား၊ အထက်မဂ်ဖိုလ်အလို့ငှာ တရားဟောခြင်းကို မတိုးပွားစေလင့်၊ ဤမျှသော တရားဟောခြင်းသည်သာ ဖြစ်ပါစေလော့၊ တပည့်တော်တို့၏ ဆရာ ဘုရား ရှင်သည် အဘယ်အရပ်၌ သီတင်းသုံးနေပါသနည်း"ဟု မေးလျှောက်တယ်။

ထိုအခါ အဿဇိမထေရ်က "ငါတို့ဆရာဘုရားရှင်သည် ဝေဠုဝန်ကျောင်း တော်၌ သီတင်းသုံး နေတော်မူတယ်"ဟု မိန့်တော်မူလျှင် "အရှင်ဘုရား၊ ထိုသို့ဖြစ်မူ အရှင်ဘုရား ရှေ့မှ ကြွနှင့် တော်မူပါ၊ တပည့် တော် အား အဆွေခင်ပွန်း တယောက် ရှိပါသေးသည်၊ တပည့် တော်တို့မှာ ရှေးဦးစွာ အမြိုက်တရားကို သိသောသူသည် ပြန်ကြားပြောဆိုစေသတည်း"ဟု အချင်း

ချင်း ကတိကဝတ်ကို ပြုထားကြပါသည်။ တပည့်တော်သည် ထိုသို့ဝန်ခံခြင်းကို လွတ်စေ၍ အဆွေခင်ပွန်းကို ခေါ်ခဲ့ပြီးလျှင် အရှင်ဘုရားတို့ လာသော လမ်းခရီးဖြင့်သာ မြတ်စွာဘုရားထံသို့ လိုက်လာပါမည်''ဟု ငါးပါး သောထိခြင်းဖြင့် မထေရ်၏ခြေရင်း၌ ပျပ်ဝပ်ရှိခိုး၍ သုံးကြိမ် လက်ယာရစ် လှည့်လည်သည်ကိုပြု၍ မထေရ်ကိုလွှတ်လိုက်ပြီးလျှင် ပရိဗိုဇ်တို့၏ အရပ်သို့ ရှေ့ရှု သွားတယ်တဲ့။ ရှေးတုန်းကတော့ ရှိခိုးပြီးလျှင် လက်ယာရစ် သုံးပတ်ပတ်ပြီး လက်အုပ်ချီလျက် နောက်သို့ဆုတ်ကာ ဖဲခွာကြရတာဟာ ထုံးစံပဲကွဲ့ မောင်စိန်ရဲ့။ [မှန်ပါ၊ အလွန် ကြည်ညိုစရာ ကောင်းပါတယ်ဘုရား။]

ထိုအခါ ကောလိတခေါ် ရှင်မောဂ္ဂလ္လာန် သည် အဝေးမှ လာသော ရှင်သာရိပုတ္တရာကို မြင်လျှင်''ယနေ့ ငါ့အဆွေခင်ပွန်း၏ မျက်နှာအဆင်းသည် တပါးသော နေ့ရက်တို့၌ကဲ့သို့ မဟုတ်၊ ထို ဥပတိဿသည် အမြိုက် တရားကို မချွတ်ရခဲ့သည် ဖြစ်လတံ့''ဟု နှလုံးသွင်းလျက် အမြိုက်တရားရခြင်းကို မေးသတဲ့။ ဥပတိဿသည်လည်း ကောလိတအား ''ငါသျှင်၊ အမြိုက်တရားကို ရခဲ့သည်မှန်၏''ဟု ဝန်ခံ၍ ရှင်အဿဇိဟောတဲ့ ဂါထာကိုပင် ပြန်ဟောတယ်တဲ့။ ဂါထာအဆုံး၌ ကောလိတ သည်လည်း သောတာပတ္တိဖိုလ်၌တည်၍''အဆွေ ဥပတိဿ၊ ငါတို့ဆရာ ဘုရားရှင်သည် အဘယ်အရပ်၌ သီတင်းသုံး သနည်း'' ဟုမေးတယ်။ ဒီတော့ ဥပတိဿက ''အဆွေ ကောလိတ၊ ဘုရား ရှင် သည် ဝေဠုဝန်ကျောင်းမှာ သီတင်းသုံးတယ်လို့ ငါတို့ဆရာ အဿဇိမထေရ်ပြောတယ်''ဟု ပြန်ပြောလျှင်၊ ''အဆွေ ဥပတိဿ၊ ထိုသို့ဖြစ်မူ လာ....သွားကြစို့၊ မြတ်စွာဘုရားကို ဖူးမြင်ကြကုန်အံ့''ဟု ပြောသတဲ့။

ရှင်သာရိပုတ္တရာ၏ သဘောသည် အခါခပ်သိမ်း ဆရာသမားအား ပူဇော်တတ်သော သဘောရှိသည့်အတွက် ''အဆွေကောလိတ၊ ငါတို့ရသော အမြိုက်တရားကို ငါတို့ဆရာဖြစ်သော သိဉ္စည်း အားလည်း ပြောကြား ကြအုံးစို့၊ ကျွတ်ထိုက်ယင်လဲ ထိုးထွင်း၍ သိပေလတံ့၊ ထိုးထွင်း၍ မသိသည်ရှိသော် ငါတို့ကိုယုံကြည်၍ ဘုရားရှင်ထံ လိုက်လတံ့၊ ဘုရားရှင်ထံရောက်၍ တရားကို နာရလျှင် မဂ်ဖိုလ်ကို ထိုးထွင်းပြီး သိပေလတံ့''ဟု ပြောတယ်။

ဒါနဲ့ ဥပတိဿနှင့် ကောလိတတို့နှစ်ဦးသား သိဉ္စည်းပရိဗိုဇ်ထံသို့ သွားကြတယ်တဲ့။ သိဉ္စည်းပရိဗိုဇ်ကြီးဟာ ဥပတိဿနှင့် ကောလိတတို့ လာတာကိုမြင်

လျှင် "ဘယ့်နှယ်လဲတပည့်တို့၊ သင်တို့အား အမြိုက်နိဗ္ဗာန်သို့ ရောက်ကြောင်း တရားကို ပြနိုင်သူကို တွေ့ခဲ့ကြပြီလော"ဟု မေးတယ်တဲ့။ ဒီတော့ ဥပတိဿနှင့် ကောလိတတို့ကလဲ "တွေ့ခဲ့ပါပြီ၊ လောကမှာ ဘုရားပွင့်နေပြီ၊ တရားတော် လည်း ထင်ရှားဖြစ်တော်မူပြီ၊ သံဃာတော်လည်း ထင်ရှားရှိနေပြီ၊ ဆရာတို့ သည် အချည်းနှီးဖြစ်၍ အနှစ်မရှိသော အရာ၌ လှည့်လည်၍ နေကြကုန်၏။ ဒါကြောင့် ကြွလာပါ၊ဘုရားရှင်ထံ သွားကြပါစို့"လို့ ပြောကြသတဲ့။ သူတို့ လို စိတ်ကောင်းရှိမလားလို့ ပြောကြတာပေါ့ကွဲ့။ [မှန်ပါဘုရား။]

ဒီတော့ သိဉ္စည်းကြီးက "မင်းတို့သာသွားကြတော့၊ ငါတော့ သွားခြင်း ငှာ မတတ်နိုင်ဘူး"လို့ ပြောသတဲ့။ ဘာကြောင့် မတတ်နိုင်တာလဲလို့ ရှင် သာရိပုတ္တရာက ပြန်မေးတော့ သိဉ္စည်းကြီးက "ငါကား လူများအပေါင်း ၏ဆရာကြီးတဆူ ဖြစ်၍နေပြီးမှ အတွင်း တ ပည့် ဖြစ်၍ နေ ခြင်း သည် အိုးစရည်းကြီးက ရေလောင်းအိုးငယ် အဖြစ်သို့ ရောက်တာနှင့် တူတယ်၊ ငါသည် သူတပါး၏တပည့်အဖြစ်ဖြင့် နေခြင်းငှာ မတတ်နိုင်ဘူး"လို့ ပြော သတဲ့။ ဒီတော့ ရှင်သာရိပုတ္တရာက "ဆရာ၊ ဒီလိုသဘောမထားပါနဲ့၊ သံသ ရာဝဋ်ဆင်းရဲမှာ နစ်မွန်းရမှာကိုသာ ကြောက်ပါ"လို့ တောင်းပန် သော် လည်း "မင်းတို့သာ သွားကြပါ၊ ငါတော့ မသွားနိုင်ဘူး" လို့ တင်းခံနေ တယ်တဲ့။

ရှင်သာရိပုတ္တရာကလဲ တကြိမ်ပြောမရ နှစ်ကြိမ်ထပ်ပြီး ပြော ပြန် တယ်။ "ဆရာ လောက၌ ဘုရားရှင် ပွင့်တော် မူသောအခါမှစ၍ လူအပေါင်းသည် ပန်းနံ့သာ စသည်ကို လက်စွဲလျက် ဘုရားရှင်ကို ပူဇော် ကြကုန်လတံ့၊ အကျွန်ုပ်တို့သည်လည်း ဘုရားရှိရာသို့ သွားကြကုန်လတံ့၊ အ ရှင် ဆရာတို့ သည် အဘယ်သို့ ပြုကုန်အံ့နည်း"ဟု ပြောတယ်။ ဒီတော့ သိဉ္စည်းကြီးက ဘယ်လိုပြောသလဲဆိုတော့ "အမောင်တို့၊ လောကကြီးမှာ ပညာရှိနှင့် ပညာ မရှိသောသူ ဘယ်သူကများသလဲ"လို့ မေးသတဲ့။ ရှင်သာရိပုတ္တရာက "ပညာ မရှိသူက များပါတယ်ဆရာ"ဟု ပြောကြားတော့ "ဒီ လို ဆိုယင် ပညာရှိ သောသူတို့သည် ရဟန်းဂေါတမထံ သွားလတံ့၊ ပညာမရှိသော သူတို့သည် ငါ့ထံသို့လာလတံ့၊ သင်တို့သည် သွားကြကုန်၊ ငါသည် သွားခြင်းငှာ မတတ် နိုင်"ဟု ပြောသဖြင့် ရှင်သာရိပုတ္တရာနှင့် ရှင်မောဂ္ဂလ္လာန် တို့လည်း ဆရာကို ပါအောင်ခေါ်၍ မရသောကြောင့် သိဉ္စည်းကို ဖဲခွာ၍ မြတ်စွာ ဘုရားထံသို့ သွားကြတယ်။

ရှင်သာရိပုတ္တရာနှင့် ရှင်မောဂ္ဂလ္လာန်တို့ သွားကြကုန်သည်ရှိသော် သိဥ္စည်းပရဗိုဇ်၏ ပရိသတ်တို့သည် ဖရိုဖရဲပျက်စီးကြကုန်၏။ ထိုခဏ၌ ပရဗိုဇ် အရပ်သည် အချည်းနှီး ဖြစ်လေ၏။ ထို သိဥ္စည်း ဆရာကြီးသည် အချည်းနှီးသော ကျောင်းအရပ်ကိုမြင်လျှင် မရှင်လဲလူ ဗျာပါထူ၍ ပူသောသွေး အန်လေသတည်း။ ထိုသို့ သွေးအန်ကြောင်းကို ကြားရသောအခါ ရှင်သာရိပုတ္တရာတို့နောက် ပါသွားသော တပည့် ၅၀၀ အနက် ၂၅၀သည် ဆရာကို သနားသည့်အတွက် ပြန်လာကြ၍ ကျန် ၂၅၀ကတော့ ရှင်သာရိပုတ္တရာတို့ နောက်သို့ပင် ပါသွားကြသတဲ့။ သိဥ္စည်းကြီး သွေးအန်တယ်ဆိုတာ မစ္ဆေရကြောင့် အန်တာကွဲ့။ မစ္ဆေရများ ဘယ်လောက် ကြောက်စရာကောင်း တယ်ဆိုတာ သိဥ္စည်းကိုသာကြည့်ပေတော့။ [မှန်ပါ၊အလွန်ကြောက်စရာ ကောင်းပါတယ် ဘုရား။]

မြတ်စွာဘုရားသည် ပရိသတ်လေးပါးအလယ်၌ နေတော်မူလျက် တရားဟောနေရာ အဝေးမှလာသော ဥပတိဿ၊ ကောလိတတို့ကို မြင်တော်မူ၍ ရဟန်းတို့ကို ခေါ်တော်မူပြီးလျှင် "ချစ်သားတို့၊ ဥပတိဿ, ကောလိတဟူကုန်သော အဆွေခင်ပွန်း နှစ်ယောက်တို့သည် လာကုန်၏။ ထိုသူတို့သည် ငါဘုရား၏ ကောင်းမြတ်သော အဂ္ဂသာဝကအစုံတို့သည် ဖြစ်ကုန်လတံ့" ဟု မိန့်တော်မူနှင့်တယ်။

ထိုနောက် မကြာမီပဲ ဥပတိဿ, ကောလိတတို့လည်း ရောက်လာကြ၍ တင့်အပ်လျောက်ပတ်သော အရပ်၌နေကြတယ်။ နေပြီးသည့်နောက် အဆွေခင်ပွန်းနှစ်ယောက်တို့သည် မြတ်စွာဘုရားကို "ဘုန်းတော် အလွန် ကြီးမြတ်တော်မူသော မြတ်စွာဘုရား၊ တပည့်တော်တို့သည် ဘုရားရှင်၏အထံတော်၌ ရဟန်းပြုလိုကြပါသည်၊ ရဟန်းပြုပေးတော်မူပါ" ဟု လျှောက်ထား တောင်းပန်ကြတယ်။ ထိုအခါ မြတ်စွာဘုရားသည် "ဧထ ဘိက္ခဝေါ။ ဘိက္ခဝေါ၊ ရဟန်းတို့။ ဧထ၊ လာကြကုန်လော့။ ဓမ္မော၊ တရားတော်ကို။ သွာက္ခာတော၊ ကောင်းစွာ ဟောတော်မူအပ်ပြီ။ သမ္မာ၊ ကောင်းစွာ။ ဒုက္ခဿ၊ ဆင်းရဲအပေါင်း၏။ အန္တကိရိယာယ၊ အဆုံးကို ပြုခြင်းငှာ။ ဗြဟ္မစရိယံ၊ မြတ်သော အကျင့်ကို။ စရထ၊ ကျင့်ကြကုန်လော။"

ဤသို့ မိန့်တော်မူသော စကား၏အဆုံး၌ အလုံးစုံသောသူတို့သည် တန်ခိုးဖြင့်ပြီးသော သပိတ်သင်္ကန်းကို ဆောင်လျှက် ဝါတော် ၆၀ ရပြီး သော

မထေရ်ကြီးကဲ့သို့ ဖြစ်ကြတယ်တဲ့။ ထိုနောက် ဥပတိဿ, ကောလိတ တို့၏ တပည့်ပရိသတ်အား စရိုက် အလေ့အကျင့်၏ အစွမ်းဖြင့် ဘုရား ရှင်သည် တရားဒေသနာကို ကောင်းစွာဆင့်ပွား ဟောကြားတော် မူသည် ရှိသော် နှစ်ပါးသော အဂ္ဂသာဝကတို့ကို ချန်ထား၍ ကြွင်းသော ပရိဗိုဇ်ပရိသတ်တို့ သည် အရဟတ္တဖိုလ်၌ တည်ကြတယ်တဲ့။ အဂ္ဂသာဝက နှစ်ပါးတို့ ကတော့ အထက်မဂ်သုံးပါး ကိစ္စအပြီးအဆုံးသို့ မရကြသေး၊ ဘာကြောင့်နည်းဟူမူ ကား သာဝကပါရမီဉာဏ်၏ ကျယ် ဝန်းသည်၏ အဖြစ်ကြောင့် မရောက်ကြ သေးချေ။

ထိုနောက် ရှင်မောဂ္ဂလ္လာန်သည် ရဟန်း ဖြစ်သော နေ့မှ စ၍ ခုနစ်ရက် မြောက်သောနေ့၌ မဂဓတိုင်း ကလ္လဝါဋ မည်သောရွာကို အမှီပြု၍ နေ့စဉ် ငိုက်မြည်းခြင်း ထိနမိဒ္ဓ သက် ဝင် သည်ရှိသော် ဘုရားရှင်က ထိတ်လန့်စေ လျက် ငိုက်မြည်းခြင်း ထိနမိဒ္ဓကို ပယ်ဖျောက် စေတယ်။ ဒီနောက် ဘုရားရှင် ပေးအပ်သော ဓာတ်ကမ္မဋ္ဌာန်းကို နာကြားလျက် သာလျှင် အထက်မဂ် သုံး ပါးကိစ္စကို ပြီးစေလျက် သာဝကပါရမီဉာဏ်၏ အထွဋ်အထိပ်သို့ ရောက် တယ်။

ရှင်သာရိပုတ္တရာ သည်ကား ရဟန်းဖြစ်သော နေ့ကစ၍ လခွဲကိုလွန်လတ် သော် ဘုရားရှင်နှင့်တကွ ထိုရာဇဂြိုဟ်ပြည်ကိုသာလျှင် အမှီပြု၍ သူကရခတ မည်သော ဝက်တူးလိုဏ်၌ နေတော် မူတယ်။ ဒီအခါ မိမိတူ ဖြစ်သော ဒီဃနခ ပရိဗိုဇ်အား ဝေဒနာပရိဂ္ဂဟဏသုတ္တန်ကို ဟောတော် မူသည်ရှိသော် သုတ်ကိုအစဉ်လျှောက်သဖြင့် ဉာဏ်ကိုစေလွှတ်၍ သူတပါးအလို့ငှာ ခူးအပ် သောထမင်းကို သုံးဆောင်သော သူကဲ့သို့ သာဝက ပါရမီ ဉာဏ်၏ အထွဋ် အထိပ်သို့ ရောက်တော် မူတယ်။ ရှင်သာရိပုတ္တရာသည် ပညာကြီး ပါလျက် ဘာကြောင့် ရှင်မောဂ္ဂလ္လာန်ထက် နောက်ကျ၍ ရဟန္တာ ဖြစ်ရသလဲလို့မေးစရာ ရှိတာပေါ့ကွဲ့ မောင်စိန်ရဲ့။ [မှန်ပါ၊မေးစရာရှိပါတယ် ဘုရား။]

အရဟတ္တမဂ်ဉာဏ်၏ အသိုင်းအဝိုင်း ပရိကမ် ကြီး ကျယ် သည့် အတွက် ရှင်သာရိပုတ္တရာက ရဟန္တာအဖြစ် နောက်ကျရတယ်။ ဥပမာ ပေးရမယ် ဆို ယင် ဆင်းရဲသူဆင်းရဲသားများ အရပ်တပါးသို့ သွားတဲ့အခါ လျင်မြန်စွာ ထွက်သွားနိုင်တယ်။ ရှင်ဘုရင်များ ထွက်တော့မယ် ဆိုယင် ဆင်ယာဉ်, မြင်း ယာဉ် ကကြိုးတန်းဆာ စစ်သည်တော်တွေကို ပြုရပြင်ရနှင့် အချိန် ကြာမြင့်

မှ ထွက်နိုင်တာလိုပေါ့။ ဒါကြောင့် ရှင်ဘုရင်တခါထွက် ပဲကြီးတလှေကျက် လို့ ဆိုရိုးရှိတယ်။ အဲဒီလိုပဲ ရှင်သာရိပုတ္တရာလဲ ပညာအရာမှာ တေဒဂ်ဖြစ် မည့်ပုဂ္ဂိုလ်ဆိုတော့ အရဟတ္တမဂ်ဉာဏ်၏ အသိုင်းအဝိုင်းပရိကမ်တွေက များ နေတဲ့အတွက်ကြောင့် ကြာရတယ်။

ရှင်သာရိပုတ္တရာ ရဟန္တာဖြစ်တဲ့နေ့မှာပဲ မြတ်စွာဘုရားသည် ဝေဠုဝန် ကျောင်းတော်၌ နေတော်မူလျက် သာဝကအစည်းအဝေးကိုပြု၍ နှစ်ဦးသော မထေရ်တို့အား အဂ္ဂသာဝကအရာကို ပေးသနားတော်မူပြီး တရားမပြ ဟော တော်မူတယ်တဲ့။ [ဤတွင် တရားအဆုံးသတ်လိုက သတ်နိုင်သည်။ မသတ်လို သေးက အောက်ပါအတိုင်းဆက်ဟောလေ။]

အဲဒီလို ရှင်သာရိပုတ္တရာနှင့် ရှင်မောဂ္ဂလ္လာန် နှစ်ပါးတို့အား အဂ္ဂသာဝက ရာထူးကိုပေးလိုက်တော့ ရဟန်းတွေက မြတ်စွာဘုရားကို ကဲ့ရဲ့ကြတယ်။ ဘယ် လိုကဲ့ရဲ့သလဲဆိုတော့ "မြတ်စွာဘုရားဟာ မျက်နှာကြီးငယ် လိုက်တယ်၊ အကယ်၍သာ အဂ္ဂသာဝကအရာကို ပေးလိုပါမူ ရှေးဦးစွာ ရဟန်းဖြစ်သော ပဉ္စဝဂ္ဂီငါးဦးကို ပေးသင့်တယ်၊ သို့မဟုတ် ယသအမှူးရှိသော ငါးကျိပ် ငါးယောက်ကို ပေးသင့်တယ်၊ သို့မဟုတ် ဘဒ္ဒဝဂ္ဂီညီနောင် သုံးကျိပ်ကို ပေး သင့်တယ်။ သို့မဟုတ် ဥရုဝေဠ ညီနောင် သုံးယောက်တို့အား ပေးသင့် တယ်။ ဤမျှလောက်သော ရဟန္တာတို့ကိုပယ်၍ နောက်ဆုံးမှ ဖြစ်သော ရှင်သာရိပုတ္တရာနှင့် ရှင်မောဂ္ဂလ္လာန်တို့ကို ပေးခြင်းဟာ မတရားဘူး"လို့ ကဲ့ရဲ့ ကြတယ်။

ထိုအခါ မြတ်စွာဘုရားက "ချစ်သားတို့၊ ဘယ်စကားကို ပြောဆိုကြသ လဲ"လို့ မေးတော်မူတော့ ဤမည်သောစကားကို ပြောကြတာပါဘုရား" လို့ အမှန်အတိုင်းလျှောက်ထား ကြသတဲ့။ ထိုအခါ မြတ်စွာဘုရားက "ချစ် သားတို့၊ ငါဘုရားသည် မျက်နှာကြီးငယ် မလိုက်၊ ထိုပုဂ္ဂိုလ်တို့အား မိမိ မိမိတို့၏ ဆုတောင်းပါရမီ အတိုင်းသာ ပေးတော်မူတယ်"လို့ မိန့်တော်မူ သောအခါ ရဟန်းတို့က "မြတ်စွာဘုရား၊ ထိုပုဂ္ဂိုလ်တို့သည် ဘယ်လို ဆု တောင်းပြီး ဘယ်လိုလှူခဲ့ဘူးပါသနည်း၊ တပည့်တော်တို့သည် ထိုပုဂ္ဂိုလ်တို့ ၏ အတိတ်ဆုတောင်းကို နာလိုလှပါသည်၊ ဟောကြားတော်မူပါဘုရား" လို့ တောင်းပန်ကြတယ်။ ထိုအခါ မြတ်စွာဘုရားက ရှင်သာရိပုတ္တရာ၊ ရှင် မောဂ္ဂလ္လာန်တို့၏ အတိတ်ဆုတောင်းကို အောက်ပါ အတိုင်း ဟောတော်မူ တယ်။

"ချစ်သားတို့၊ ဤဘဒ္ဒကမ္ဘာမှ ကမ္ဘာတသိန်း အလွန်ရှိသော တသင်္ချေ ထက်၌ ရှင်သာရိပုတ္တရာသည် များစွာသော စည်းစိမ်ဥစ္စာရှိသော ဗြာဟ္မဏ မဟာသာလပုဏ္ဏားမျိုး၌ ဖြစ်တယ်။ အမည်အားဖြင့် သရဒလုလင်လို့ ခေါ် သတဲ့။ ရှင်မောဂ္ဂလ္လာန်သည်လည်း များစွာသော ဥစ္စာရှိသော ဂဟပတိ မဟာသာလမျိုး၌ ဖြစ်တယ်တဲ့။ နာမည်ကတော့ သိရိဝဍ္ဎလို့ ခေါ်တယ်။ ထိုနှစ်ယောက်သော သူတို့သည် မြေမှုန့်ကစားဘက် သူငယ်ချင်း ဖြစ်ကြတယ်။ ထိုသူနှစ်ယောက်တွင် သရဒလုလင်သည် အဘ သေလွန်သွားသောအခါ ဥစ္စာ အစုကို အမွေရ၍ တနေ့သ၌ ဆိတ်ငြိမ်ရာ အရပ်သို့ ကပ်လျက် "ငါသည် ဤပစ္စုပ္ပန် လောက၏ အကျိုးစီးပွားကိုသာလျှင် သိ၏၊ တမလွန် လောက၌ ဖြစ်သော အကျိုးစီးပွားကို မသိ၊ ပဋိသန္ဓေတည်ပြီး၍ ဖွားမြင်သော သတ္တဝါ အား သေခြင်း တရားသည် မြဲ၏၊ ငါသည် ရသေ့ ရဟန်းပြု၍ ဝဋ်မှ ထွက် မြောက်ရာဖြစ်သော တရားကို ရှာခြင်းငှာ သင့်၏"ဟု ကြံပြီးသော် အဆွေ ခင်ပွန်းဖြစ်သော သီရိဝဍ္ဎထံသို့ ကပ်၍ "အဆွေ သီရိဝဍ္ဎ၊ ငါသည် ရဟန်း ပြု၍ ဝဋ်မှ ထွက်မြောက်ရာဖြစ်သော တရားကို ရှာတော့မည်၊ သင်သည် ငါနှင့် အတူ ရဟန်းပြုခြင်းငှာ စွမ်းနိုင်လတံ့လော၊ မစွမ်းနိုင်လတံ့လော"ဟု မေး တယ်။

ဒီတော့ သိရိဝဍ္ဎက "အဆွေ၊ မစွမ်းနိုင်ပါ၊ သင်သည်သာလျှင် ရဟန်း ပြုလေလော့"ဟု ပြန်ပြောတယ်တဲ့။ ထိုအခါ သရဒလုလင်သည် ဒီလို ကြံစည် တယ်။ "တမလွန်ဘဝသို့ ပြောင်းသွားရသော သူသည် ချစ်ခင်သော အဆွေ ခင်ပွန်းကို လည်းကောင်း၊ မိမျိုးဘမျိုးကို လည်းကောင်း၊ နှလုံးအကျွမ်းဝင် သော သူကို လည်းကောင်း ခေါ်၍ သွားရိုး ထုံးစံမရှိ၊ မိမိပြုသော ကံသည် မိမိဖို့သာ ဖြစ်၏"။ ဤသို့ကြံပြီးသော် ရတနာထားရာ ရွှေတိုက် ငွေတိုက်ကို ဖွင့်လှစ်စေ၍ အထီးကျန်သူ၊ ခရီးသွားသူ၊ တောင်းစားသော သူတို့အား အလှူကြီးကို ပေး၍ တောင်ခြေရင်းသို့ ကပ်ဝင်ကာ ရသေ့ ရဟန်းပြုတယ်။ သာသနာပ ဆိုတော့ ရသေ့ ရဟန်းပဲ ပြုနိုင်တာကိုး။ ဥပသမ္ပဒကံဆောင် ရဟန်းဆိုတာ ဘုရားပွင့်တဲ့ အချိန်အခါမှသာ ပြုနိုင်တာ။ ဒါကြောင့် ပဗ္ဗဇိတ ဘာဝေါ ဒုလ္လဘောလို့ ဆိုတာပေါ့ မောင်စိန်ရဲ့။ [မှန်ပါဘုရား။]

ထိုသရဒ ရသေ့ကို အတုလိုက်၍ တယောက်၊ နှစ်ယောက်၊ သုံးယောက် စသည်ဖြင့် လိုက်၍ ရသေ့ ရဟန်းပြုကြရာ နောက်ဆုံး၌ ရသေ့ပေါင်း ခုနစ် သောင်း လေးထောင်မျှ ဖြစ်လာတယ်တဲ့။ ထိုသရဒ ရသေ့သည် အဘိညာဉ်

ငါးပါး၊ သမာပတ် ရှစ်ပါးတို့ကို ဖြစ်စေ၍ တပည့် ရသေ့တို့အားလည်း ကသိုဏ်းပရိကံကို ဟောကြားသဖြင့် အလုံးစုံသော ရသေ့တို့သည်လည်း အဘိညာဉ် ငါးပါး၊ သမာပတ် ရှစ်ပါးကို ရတယ်။ ထိုအခါ အနောမဒဿီ မြတ်စွာဘုရားသည် လောက၌ အထင်အရှား ပွင့်တော်မူလာတယ်။ ဖွားရာ တိုင်းပြည်ကတော့ စန္ဒဝတီပြည်၊ ခမည်းတော်ကတော့ ယသဝါမင်းကြီး၊ မယ်တော်က ယသောဓရာတဲ့။ ပွင့်တော်မူရာ ဗောဓိပင်ကား ထောက်ကြံ့ပင်၊ အဂ္ဂသာဝကအစုံကား နိသဘအနောမတို့ ဖြစ်ကြပြီး အလုပ်အကျွေး ရဟန်းကတော့ ဝရုဏရဟန်း ဖြစ်တယ်။ အဂ္ဂသာဝိကာမ အစုံကတော့ သုန္ဒရာ သုမနာတဲ့။ အသက်က တသိန်းတန်းဖြစ်၍ အရပ်တော်က ငါးဆယ့်ရှစ်တောင် မြင့်သတဲ့။ ကိုယ်ရောင်တော်က တဆယ့်နှစ် ယူဇနာ အမြဲလင်းတယ်။ ရဟန်း အခြံအရံက တသိန်းရှိသတဲ့။ အသက်တန်းရှည်တဲ့အခါမှာ ပွင့်တဲ့ဘုရားဆိုတော့ အရပ်ကလဲ မြင့်၊ အခြံ အရံကလဲ ပေါ၊ အရောင် အဝါကလဲ အားကောင်းတာ ပေါ့ကွဲ့ မောင်စိန်ရဲ့။ [မှန်ပါဘုရား။]

အဲဒီ အနောမဒဿီ မြတ်စွာဘုရားသည် တနေ့သောအခါ ဘုရားတို့၏ ထုံးစံအတိုင်း မဟာကရုဏာ သမာပတ်ကို ဝင်စားပြီး လောကကြီးကို ကြည့်တော်မူသည်ရှိသော် သရဒ ရသေ့ကို မြင်တော်မူ၍ "ယနေ့ ငါဘုရားသည် သရဒ ရသေ့ အထံသို့ သွားခြင်း ဟူသော အကြောင်းကြောင့် ကြီးစွာသော တရားပွဲ သဘင်သည် ဖြစ်လတ့်။ ထိုသရဒ ရသေ့ သည်လည်း အဂ္ဂသာဝက အရာကို ဆုတောင်းလတံ့။ သူ၏ အဆွေ ခင်ပွန်းဖြစ်သော သိရိဝဍ္ဍ သူကြွယ် သည်လည်း ဒုတိယ အဂ္ဂသာဝက အရာကို တောင်းလတံ့။ ဒေသနာတော်၏ အဆုံး၌လည်း ထိုရသေ့၏ အခြံအရံ ဖြစ်သော ခုနစ်သောင်း လေးထောင် မျှလောက်သော ရသေ့တို့သည် အရဟတ္တဖိုလ်၌ တည်လတံ့၊ ငါဘုရားသည် ထိုရသေ့၏ နေရာ တောင်ခြေရင်းသို့ ကြွသွားခြင်းငှာ သင့်၏"ဟု ကြံပြီးလျှင် ကိုယ်တော်၏ သပိတ်၊ သင်္ကန်းကို ကိုယ်တော်တိုင် ကိုင်ယူ၍ နောက်ပါ ရဟန်း တပါးမျှ မခေါ်ပဲ ခြင်္သေ့မင်းကဲ့သို့ တကိုယ်တော်တည်း ကြွသွားတော်မူ တယ်။

သရဒရသေ့၏ တပည့်ဖြစ်သော ရသေ့တို့သည် သစ်သီး ကြီးငယ်အလို့ငှာ ကြွသွားကုန်လတ်သော် ငါ၏ ဘုရားအဖြစ်ကို သိစေသတည်းဟု ဓိဋ္ဌာန်တော် မူ၍ သရဒရသေ့ မြင်စဉ်ပင်လျှင် ကောင်းကင်မှ ဆင်းသက်၍ မြေ၌ တည် တယ်တဲ့။ သရဒ ရသေ့လည်း ဘုရားရှင်၏ အာနုဘော်ကို လည်းကောင်း၊

ဘုရားရှင်၏ ကိုယ်တော်ရောင်ဖြင့် တင့်တယ်ခြင်းရှိသော လက္ခဏာတော်ကြီးငယ်ကိုလည်းကောင်း မြင်၍ လက္ခဏာတော်တို့ကို ပြဆိုရာဖြစ်သော ဗေဒင်ကျမ်းတို့ကို သုံးသပ် ဆင်ခြင်သည် ရှိသော် "ဤလက္ခဏာတော်တို့နှင့် ပြည့်စုံသောသူသည် အိမ်ရာထောင်သော လူ၏ဘောင်၌ နေသည်ဖြစ်အံ့၊ စကြာမင်းဖြစ်တတ်၏၊ ရဟန်းပြုသည် ဖြစ်အံ့၊ သံသရာဝဋ်ကို ဖြတ်တတ်သော ဘုရားဖြစ်တတ်၏၊ ဤယောကျ်ားသည် မချွတ် ဘုရားတည်း"ဟု သိ၍ ခရီးဦးကြိုဆိုခြင်းကို ပြုပြီးလျှင် ထိုခြင်း ငါးပါးဖြင့် ရှိခိုး၍ မြတ်သော နေရာကို ခင်းပြီးလျှုဒါန်းတယ်တဲ့။

မြတ်စွာဘုရားလည်း ခင်းအပ်ပြီးသော နေရာ၌ နေတော်မူတယ်။ သရဒရသေ့သည်လည်း မိမိအား လျောက်ပတ်သော နေရာ၌ နေတယ်တဲ့။ ထိုသို့နေသော အခါ ခုနစ်သောင်း လေးထောင် သော ရသေ့တို့သည် မွန်မြတ်မွန်မြတ်ကုန်သော သြဇာရှိသော သစ်သီး ကြီးငယ်တို့ကို ယူဆောင်ကြ၍ ဆရာဖြစ်သော သရဒရသေ့၏ အထံသို့ ရောက်လာကြကုန်သည်ရှိသော် မြတ်စွာဘုရား၏ လည်းကောင်း၊ ဆရာရသေ့၏ လည်းကောင်း ထိုင်နေကြသော နေရာကို ကြည့်၍ ဤသို့ ဆိုကြသတဲ့။ "ဆရာ၊ ကျွန်ုပ်တို့သည် ဤလောက၌ ဆရာထက် ကြီးမြတ်သူ မရှိပြီဟု မှတ်ထင်ကြပါကုန်၏၊ ဤယောကျ်ားကား ဆရာထက် လွန်မြတ်ယောင်တကား"ဟု ပြောဆိုကြကုန်သည်ရှိသော် "ငါ့တပည့်တို့၊ အဘယ်သို့ ပြောကြကုန်ဘိသနည်း၊ မုန်ညင်းစေ့နှင့် ယူဇနာ ရှစ်သောင်းလေးထောင်အမြင့်ဆောင်သော မြင့်မိုရ်တောင်ကို နှိုင်းယှဉ်ခြင်းငှာ အလိုမရှိကြကုန်လင့်၊ ငါ့သားတို့၊ သဗ္ဗညုဘုရားနှင့် ငါဆရာအား နှိုင်းယှဉ်ခြင်းကို မပြုကြလင့်"ဟု ပြောဆိုတယ်တဲ့။

ထိုအခါ တပည့်ရသေ့တို့သည် "ဤယောကျ်ားကား အမှတ်မထင် ယုတ်ညံ့သော သတ္တဝါဖြစ်ခဲ့ငြားအံ့၊ ငါတို့ဆရာသည် ဤသို့သော ဥပမာကို ဆောင်ပြမည် မဟုတ်၊ ဤယောကျ်ားကား အလွန် မွန်မြတ်စွတကား"ဟု အလုံးစုံသော ရသေ့တို့သည် ခြေတော်အစုံ၌ တုပ်ဝပ်၍ ရှိခိုးကြတယ်တဲ့။ ထိုနောက် သရဒရသေ့သည် ကောင်းနိုးရာရာ သစ်သီး ကြီးငယ်တို့ကို ယူခဲ့စေလျက် မြတ်စွာဘုရားအား ဆက်ကပ်လှူဒါန်းတယ်။ ထိုအခါ နတ်တို့သည် နတ်သြဇာကို ထည့်ကြတယ်တဲ့။ မြတ်စွာဘုရားသည် သစ်သီးဆွမ်း စားပြီးနောက် လကျ်ာရံ လက်ဝဲရံနှင့်တကွ သံဃာတော် တသိန်း လာစေသတည်းဟု မိဋ္ဌာန်လတ်သော် လကျ်ာရံ လက်ဝဲရံနှင့်တကွ သံဃာတော် တသိန်းရောက်လာကြ၍

သရဒရသေ့လည်း တပည့်တို့အား ပန်းမဏ္ဍပ်, ပန်းမွေ့ရာတို့ကို စီရင်စေ၍ ထိုပန်းမဏ္ဍပ်, ပန်းမွေ့ရာတို့ကို ဘုရား အမှူးရှိသော သံဃာတော်တို့အား လှူဒါန်းသဖြင့် ဘုရား အမှူးရှိသော သံဃာတော်တို့လည်း သူ့နေရာ, ငါ့နေရာ၌ သီတင်းသုံးကြတယ်။

သီတင်းသုံးပြီးလျှင် ရသေ့တွေ အကျိုးရှိစေရန် ဘုရားရှင်သည် နိရောဓသမာပတ် ဝင်စားလတ်သော် အားလုံးသော ရဟန်းတို့လည်း ဝင်စားကြတယ်တဲ့။ ထိုအခါ သရဒရသေ့သည် မြတ်စွာဘုရားအား ပန်းထီးမိုးလျက် ခုနစ်ရက်စေ့၍ သမာပတ်မှ ထသည့်တိုင်အောင် နေရာမှမထပဲ ရွှင်လန်းသော သဒ္ဓါတရားဖြင့် ထီးမိုးကာနေသတဲ့။ ကြွင်းသော ရသေ့တို့ကတော့ အလှည့်ကျ သစ်သီးရှာထွက်ပြီး ကျန်ရသေ့တွေက သံဃာတော်တို့အား ရှိခိုးလျက်နေကြတယ်။ ခုနစ်ရက်စေ့သောအခါ သမာပတ်မှထ၍ လက်ျာရံ နိသဘအား ပန်းအနုမောဒနာတရားဟောရန် ဘုရားရှင်က ခိုင်းသဖြင့် ဟောလတ်သော် သရဒရသေ့သည် ထိုမထေရ်ကဲ့သို့ ဖြစ်ချင်သောစိတ် ဖြစ်လာပြီး ဆုတောင်းဖို့ အကြံဖြစ်တယ်။ ထိုနောက် လက်ဝဲရံမထေရ်ကဟော၊ ထိုနောက် ဘုရားရှင်က ဟောလတ်သော် သရဒရသေ့ကို ချန်လှပ်၍ ခုနစ်သောင်းလေးထောင်သော ရသေ့တို့သည် ရဟန္တာတွေ ဖြစ်ကုန်ကြတယ်တဲ့။ ထိုနောက် သရဒ ရသေ့သည် မြတ်စွာဘုရားအား ပထမဆုံး တရားဟောသော ပုဂ္ဂိုလ်သည် ဘယ်လို ပုဂ္ဂိုလ်ပါလဲ ဘုရားဟု မေးလျှောက်သဖြင့် လက်ျာရံ အဂ္ဂသာဝက ဖြစ်ကြောင်း မိန့်တော်မူလတ်သော် တပည့်တော်လည်း ဤပန်းဒါနကြောင့် တဆူသော ဘုရားရှင်ထံ၌ လက်ျာရံ အဂ္ဂသာဝက ဖြစ်ပါရစေသားလို့ ဆုတောင်းတယ်။ ထိုအခါ ဘုရားရှင်သည် ဖြစ်မည်, မဖြစ်မည်ကို ကြည့်ပြီး ဖြစ်မည်ကို သိသဖြင့် "သင်သည် နောင်သောအခါ ဂေါတမဘုရားရှင်ထံ၌ သာရိပုတ္တရာ ဟူသော နာမည်ဖြင့် လက်ျာရံအဂ္ဂသာဝကဖြစ်လိမ့်မည်" ဟု ဗျာဒိတ်ပေးတော်မူတယ်။

အဲဒီလို ဗျာဒိတ်ရတော့ ဝမ်းမြောက် ဝမ်းသာဖြစ်ကာ "ငါ၏ အဆွေခင်ပွန်းကိုလည်း လက်ဝဲရံဆု တောင်းခိုင်းဦးမည်" ဟု ကြံစည်လျက် သီရိဝဍ္ဎထံသွား၍ "အဆွေသီရိဝဍ္ဎ၊ ငါကတော့ မြတ်စွာဘုရားထံမှာ လက်ျာရံသာဝက ဆုတောင်းသဖြင့် ဗျာဒိတ်ကို ရခဲ့ပြီ၊ သင်လည်း လက်ဝဲရံဆုကို တောင်းပါလော့" ဟု ပြောတယ်။ သီရိဝဍ္ဎလည်း ကောင်းပါပြီဟု ဝန်ခံလျက် ဘုရားအမှူးရှိသော သံဃာတော်တသိန်းကို ပင့်ဖိတ်ကာ ခုနစ်ရက်တို့ပတ်လုံး ဆွမ်းဒါနကို ပြုပြီး လက်ဝဲရံဆုကို တောင်းတယ်တဲ့။ မြတ်စွာဘုရားသည် ဖြစ်အံ့

လော, မဖြစ်အံ့လောဟု ဆင်ခြင်လတ်သော် ဖြစ်အံ့သည်ကို မြင်တော်မူ၍ "သင်သည် နောင်သောအခါ ဂေါတမဘုရားသည် လောကတွင် ပွင့်ပေါ်လာလိမ့်မည်၊ ထိုဘုရားရှင် အထံမှာ ရှင်မောဂ္ဂလ္လာန် ဆိုတဲ့ နာမည်ဖြင့် လက်ဝဲရံ အဂ္ဂသာဝက ဖြစ်လိမ့်မည်"ဟု ဗျာဒိတ်ပေးတော်မူတယ်။

"ချစ်သားတို့၊ ထိုသူနှစ်ယောက်တို့သည် ရှေးက ဆုတောင်းပါရမီ ရှိခဲ့ကြသည့်အတွက် ငါဘုရားက အဂ္ဂသာဝက အရာကို ပေးသနားတော်မူတယ်၊ မျက်နှာ ကြိုးငယ်လိုက်၍ ပေးသည်မဟုတ်"လို့ ဒေသနာတော်ကို အဆုံးသတ်တော်မူတယ်တဲ့ မောင်စိန်ရဲ့။ [မှန်ပါဘုရား။]

အဲဒီလို ရှင်သာရိပုတ္တရာဟာ အဂ္ဂသာဝကဖြစ်လာတော့ ရာထူးအားဖြင့်လည်းကောင်း၊ ပညာအားဖြင့် လည်းကောင်း ဆရာ ဖြစ်သော အဿဇိမထေရ်ထက် သာလွန်မြင့်မြတ်ပေတယ်။ သို့သော်လည်း ရှင်သာရိပုတ္တရာသည် ဆရာ၏ အနန္တဂုဏ်ကို ရိုသေသောအားဖြင့် ညအိပ်လျှင် ဆရာ အဿဇိမထေရ် ရှိရာ အရပ်ကို ခေါင်းပြုလျက် အိပ်တယ်တဲ့။ ကဲ....ဆရာသမားများဟာ ဘယ်လောက် လေးစားထိုက်တယ်ဆိုတာ ရှင်သာရိပုတ္တရာ လုပ်ပုံကိုသာ ကြည့်ပေတော့။ ဒီဆရာဟာ ဘာပညာကို ပေးတဲ့ ဆရာလဲ၊ သစ္စာလေးပါးကို ဟောကြားတဲ့ ဆရာ ဖြစ်တယ်။

သစ္စာလေးပါးသည် ဘယ်ဟာလဲ၊ ဒုက္ခသစ္စာ, သမုဒယသစ္စာ, နိရောဓသစ္စာ, မဂ္ဂသစ္စာတို့ ဖြစ်ကြတယ်။ ဒုက္ခသစ္စာသည် ပိုင်းခြား၍ သိရမည့် သစ္စာ၊ သမုဒယသစ္စာသည် ပယ်ရမည့်သစ္စာ၊ နိရောဓသစ္စာသည် မျက်မှောက်ပြုရမည့် သစ္စာ၊ မဂ္ဂသစ္စာသည် ပွားရမည့် သစ္စာ၊ မဂ္ဂသစ္စာကို ဘယ်လို ပွားမလဲ၊ ဖြစ်သမျှ တရားသည် ပျက်မှာချည်းပဲဟု ပွားရမယ်။ မြင်အောင် ရှုရမယ်။ မြင်လျှင် သမုဒယသစ္စာ ချုပ်ပါလိမ့်မယ်။ ချုပ်လျှင် ချုပ်ရာ နိရောဓသစ္စာကို မျက်မှောက်ပြုရပါလိမ့်မယ်။

သို့အတွက် နိရောဓသစ္စာကို မျက်မှောက်ပြုကြရအောင် မဂ္ဂသစ္စာကို ပွားများနိုင်ကြပါစေကုန်သတည်း။

သာဓု၊ သာဓု၊ သာဓု။

**"အာစရိယဂုဏော အနန္တောတရားတော်" ပြီး၏။**

## "ဒါနကထာ ဟောစရာ"

ဒါနံ သဂ္ဂသော သောပါနံ၊ ဒါနံ ပါထေယျမုတ္တမံ။
ဒါနံ ဥဇုဂတံ မဂ္ဂံ၊ ဒါနံ မောက္ခာပဒံ ဝရံ။

ဒါနံ၊ စေတနာသုံးတန် ထက်သန်ဖြူဖွေး အလှူပေးခြင်းသည်။ သဂ္ဂသော၊ ကုသိုလ်ရှင်များ ပျော်ပါးရမည့် ထက်နတ်ပြည်၏။ သောပါနံ၊ ကောင်းစွာ ရောက်ကြောင်း စောင်းတန်းအကျော် လှေခါးတော်ကြီးပေတည်း။ ဒါနံ၊ စေတနာသုံးတန် ထက်သန်ဖြူဖွေး အ လှူ ပေး ခြင်းသည်။ ဥတ္တမံ၊ ကောင်းစွာမသွေ မြတ်လှပေသော။ ပါထေယျံ၊ သံသရာလမ်းမှာ မပင်မပန်း စားသောက်ဖို့ရာ ရိက္ခာထုပ်ကြီး ပါပေတည်း။ ဒါနံ၊ ဝဋ္ဋနှင့်မနွယ် စင်ကြယ်ဖြူဖွေး အလှူပေးကြခြင်းသည်။ ဥဇုဂတံ၊ နိဗ္ဗာန်နန်းနှင့် မကွေ့မထောင့် ဖြောင့်ဖြောင့် ရောက်ကြောင်း ဖြစ်သော။ မဂ္ဂံ၊ လမ်း ကောင်းအကျော် လမ်းမတော်ကြီးပေတည်း။ ဒါနံ၊ နိဗ္ဗာန်ရည်မှန်း လှူဒါန်းခြင်းသည်။ ဝရံ၊ အတိုင်းထက်သာ မြတ်လှပါသော။ မောက္ခာပဒံ၊ ဝဋ္ဋဆင်းရဲမှ လွတ်မြောက် ကြရန် အကျင့်မှန်ပါပေတည်း။

သာဓု၊ သာဓု၊ သာဓု။

မောင်စိန်ရေ။ [အရှင်ဘုရား။] ဒီနေ့တော့ "ဒါန တရား"ကို ဟောကြားရလိမ့်မယ်ကွဲ့။ [ဟောတော်မူပါဘုရား။]

ဒါနဆိုတာ နတ်ပြည်သို့တက်ဖို့ရန် စောင်းတန်းကြီးနှင့် တူတယ်တဲ့။ မြတ်စွာဘုရားရှိစဉ်က ရှင်မောဂ္ဂလ္လာန်ဟာ တာဝတိံသာ နတ်ပြည်သို့ တက်ပြီး

နတ်လမ်းမကြီးအတိုင်း လျှောက်သွားတော့ နတ်ဗိမာန်ကြီးတခုမှ နတ်သမီး တယောက်ကဆင်းပြီး ရှိခိုးတယ်။ ဒီတော့ ရှင်မောဂ္ဂလ္လာန်က "အသင်နတ် သမီး၊ လူ့ပြည်မှာနေစဉ်က ဘာကောင်းမှု လုပ်ခဲ့သဖြင့် ဒီလောက်ကြီးကျယ် တဲ့ဗိမာန်ကြီးနှင့်နေရတာလဲ" လို့ မေးတော့ "အရှင်ဘုရား၊ ရှက်စရာပါ၊ လူ့ပြည်မှာနေစဉ်က တပည့်တော်မ၏ အိမ်ပေါက်ဝသို့ ရဟန်းတော် တပါး ဆွမ်းရပ်လာပါတယ်၊ ထိုအခါ တပည့်တော်မမှာလဲ လှူစရာ ဆွမ်းကလဲမရှိ၊ ဒါနဲ့အလကားတော့ မဖြစ်စေနဲ့လို့ကြံပြီး အိမ်ဝင်းထဲမှာ ပွင့်နေတဲ့ပန်းတ ပွင့်ကို ဆွတ်၍ သပိတ်ပေါ်သို့ တင်ကာ လှူလိုက်ပါတယ်။ အဲဒီ ဒါနကြောင့် တာဝတိံသာသို့ ရောက်ရပါတယ်" လို့ လျှောက်သတဲ့။

တခါရှေ့သို့တိုးပြီးသွားပြန်တော့ တခုသောဗိမာန်မှ နတ်သမီးတယောက် ကလဲဆင်းပြီး ရှိခိုးလာပြန်တယ်။ ဒီတော့ ရှင်မောဂ္ဂလ္လာန်က မေးပြန်တယ်။ "အသင်နတ်သမီး၊ လူ့ပြည်က ဘယ်ကောင်းမှုကြောင့် နတ်ပြည်သို့ ရောက် ရပါသလဲ"လို့ မေးတော့၊ နတ်သမီးက "အရှင်ဘုရား၊ တပည့်တော်မ လူ့ဖြစ်စဉ်က ရဟန်းတော်တပါး ဆွမ်းရပ်လာတာနဲ့ အိမ်ဝင်းထဲမှာရှိတဲ့ သစ် သီးတလုံး လှူဒါန်းလိုက်ပါတယ်၊ ဒီအတွက် တပည့်တော်မ တာဝတိံသာ နတ်ပြည်သို့ ရောက်ရပါတယ်ဘုရား" လို့ ပြန်လျှောက်တယ်။ အဲဒါကြောင့် ဒါနဟာ နတ်ပြည်သို့တက်ရန် စောင်းတန်းလှေခါးနဲ့ တူတယ်လို့ ဘုရား ဟောတာမမှန်ဘူးလား။ [မှန်ပါတယ် ဘုရား။]

ရှင်အနုရုဒ္ဓါအလောင်း အန္နဘာရမြက်ထမ်းသမားဟာ ပစ္စေကဗုဒ္ဓါအား သူစားဖို့ ထမင်းကိုလှူပြီးသည်မှ နောက်ဆုံးဘဝ အနုရုဒ္ဓါမထေရ် ဖြစ်သည် တိုင်အောင် တသံသရာလုံးမှာ မရှိစကားကို မကြားရပဲ ချမ်းချမ်းသာသာ ဖြစ်ပြီး နိဗ္ဗာန်ဝင်ရတယ်လို့ ဆိုတော့ ဒါနဟာ သံသရာ ရိက္ခာထုပ်ကြီးနှင့် တူတယ်ဆိုတာကော မမှန်ဘူးလား။ [မှန်ပါတယ်ဘုရား။]

ငါတို့ဘုရားအလောင်း သုမေဓာရှင်ရသေ့ဟာ ဒီပင်္ကရာ မြတ်စွာဘုရား အား မိမိခန္ဓာကိုယ်ကို တံတားအဖြစ် လှူဒါန်းပြီး ဘုရားဆုကို ပန်ခဲ့တယ်။ ရှင်သာရိပုတ္တရာလဲ သရဒရသေ့ဘဝက အနောမဒဿီ မြတ်စွာဘုရားအား တယူဇနာရှိသော ပန်းမဏ္ဍပ်နှင့် ပန်းမွေ့ရာအခင်းကို လှူဒါန်းပြီး လက်ယာရံ အဂ္ဂသာဝကဆုကို ပန်ခဲ့တယ်၊ ရှင်မောဂ္ဂလ္လာန်လဲ အနောမဒဿီ ဘုရားအား ကြာညိုမဏ္ဍပ်ကြီးထိုးပြီး ထိုမဏ္ဍပ်၌ ခုနစ်ရက် ပတ်လုံး ဆွမ်းဒါနပေးပြီး

လက်ဝဲရံ အဂ္ဂသာဝကဆုကို ပန်ခဲ့တယ်။ ရှင်မဟာကဿပ, ရှင်အာနန္ဒာ, ရှင်အနုရုဒ္ဓါ, ရှင်မဟာကစ္စည်း စသော တေဒဂ်ရ ပုဂ္ဂိုလ်ကြီးတွေလဲ အလှူဒါနပြုပြီး ဆိုင်ရာဆုကို ပန်ခဲ့ကြတယ်။ ဒီလိုဆိုတော့ ဒါနသည် နိဗ္ဗာန်သို့သွားရာ ဖြောင့်မတ်သော လမ်းကြောင်းနှင့် တူတယ်ဆိုတာဟာ မမှန်ဘူးလား။ [မှန်ပါတယ် ဘုရား။]

အလှူဒါနပြုတယ်ဆိုတာ မိမိပိုင်ပစ္စည်းအပေါ်မှာ တွယ်တာမှု တဏှာကို ဖြတ်တောက်လိုက်တဲ့ အလောဘ စေတသိက်ကို ခေါ်တယ်။ အလောဘ စေတသိက်ဖြစ်လာတော့ လောဘဆိုတဲ့ သမုဒယသစ္စာ ဟာ ချုပ်သွားတာပေါ့။ အဲဒါကို တဒင်္ဂနိရောဓလို့ ခေါ်တယ်။ တဒင်္ဂမှ ဝိက္ခမ္ဘနသို့၊ ဝိက္ခမ္ဘနမှ သမုစ္ဆေဒသို့ ကျေးဇူးပြုပြီး၊ နိရောဓသစ္စာကို မျက်မှောက်ပြုနိုင်တယ်။ အဲဒီလို မျက်မှောက်ပြုနိုင်သည့်အတွက် ဒါနသည် နိဗ္ဗာန်ရောက် ကြောင်း အကျင့်ကောင်းမှန်တယ်လို့ ဆိုတာ မမှန်ဘူးလား [မှန်ပါတယ် ဘုရား။]

သို့သော်လဲ ဒါနသည် ဝဋ္ဋနိဿိတဒါန, ဝိဝဋ္ဋနိဿိတ ဒါနလို့ နှစ်မျိုးရှိတယ်။ ဝဋ်ဆင်းရဲထဲမှာရှိသော လူမင်းစည်းစိမ်, နတ်မင်းစည်းစိမ်, စကြာဝတေးမင်း, သိကြားမင်း, ပဒေသရာဇ်, ကေရာဇ်စသော လောကီစည်းစိမ်တွေကို တမ်းတပြီး လှူဒါန်းသောဒါနကို ဝဋ္ဋဒါနလို့ ခေါ်တယ်။ လောကီစည်းစိမ်ကို မတမ်းတပဲ လောကမှ ထွက်ရာနိဗ္ဗာန်ကို ရည်မှန်းပြီး လှူဒါန်းသောဒါနကို ဝိဝဋ္ဋဒါနလို့ ခေါ်တယ်။ အဲသည့် နောက် ဒါနမှ မြတ်တယ်။ နိဗ္ဗာန်သို့ရောက်နိုင်တယ်။

ပြီးတော့ ဟိနဒါန, ပဏီတဒါနလို့ နှစ်မျိုးရှိသေးတယ်။ ကောင်းထာကိုတော့ ကိုယ်ကသုံးဆောင်ပြီး၊ မကောင်းတာ ကိုသာ သူတပါးအားလှူတယ်။ ပါယာသိမင်းကြီး၏ ဒါနမျိုးပေါ့။ အဲဒါကို ဟိနဒါနလို့ခေါ်တယ်။ မကောင်းတာကို ကိုယ်ကသုံးဆောင်ပြီး ကောင်းတာ ကိုသာ သူတပါးအား လှူတယ်။ အဲဒါဟာ ပဏီတဒါနလို့ခေါ်တယ်။ အဲဒါလဲ နောက်ဒါနက မြတ်တယ်။

ပြီးတော့ သက္ကစ္စဒါန, အသက္ကစ္စဒါနလို့ နှစ်မျိုးရှိသေးတယ်။ ရိုရိုသေသေ လှူဒါန်းတာကို သက္ကစ္စဒါနလို့ ခေါ်တယ်။ မရိုမသေ လှူဒါန်းတာကို အသက္ကစ္စဒါနလို့ ခေါ်တယ်။ အဲဒီ နှစ်ပါးထဲမှာလဲ ရိုရိုသေသေ လှူဒါန်းတာက မြတ်တယ်။

ပြီးတော့ သာဟတ္ထိကဒါန, အာဏတ္တိက ဒါနလို့ နှစ်မျိုး ရှိသေးတယ်။ ကိုယ်တိုင်လှူဒါန်းတာကို သာဟတ္ထိကဒါနလို့ ခေါ်တယ်။ သူတပါးအား စေခိုင်း၍လှူတာကို အာဏတ္တိကဒါနလို့ ခေါ်တယ်။ ပြီးတော့ ဓမ္မိကဒါန, အဓမ္မိကဒါနလို့ နှစ်မျိုးရှိသေးတယ်။ တရားသဖြင့် လုပ်ကိုင်၍ရသော ဥစ္စာပစ္စည်းကို လှူတာက ဓမ္မိကဒါနဖြစ်တယ်။ မတရားသဖြင့် ရှာကြံ၍ ရသော ပစ္စည်းကိုလှူဒါန်းခြင်း, လက်နက်ကို လှူဒါန်းခြင်း, အဆိပ်ကို လှူဒါန်းခြင်း, ကာမဂုဏ်ကိုလှူဒါန်းခြင်း အဲဒါတွေကို အဓမ္မိကဒါနလို့ ခေါ်တယ်။

ပြီးတော့ ဉာဏဝိပ္ပယုတ်ဒါန, ဉာဏသမ္ပယုတ်ဒါန လို့ နှစ်မျိုးရှိတယ်။ အကြောင်း အကျိုးကို မသိပဲ ထုံးစံအရ သား ကလေး ကြီး လာ တာနဲ့ ရှင်ပြုတယ်၊ အခါကြီးရက်ကြီးမှာ သူတပါးတွေလှူတာကို မြင်တာနဲ့ ကိုယ်လဲ ရောယောင်ပြီး လှူတယ်။ မိဘလုပ်တာကို မြင်တာနဲ့ အတုလိုက်ပြီး လှူတယ်။ အဲဒါတွေဟာ ဉာဏဝိပ္ပယုတ်ဒါနဖြစ်တယ်၊အကြောင်းအကျိုးကိုသိပြီး လှူတာကို ဉာဏသမ္ပယုတ်ဒါနလို့ ခေါ်တယ်။ ပြီးတော့လဲ ဧကတောသုဒ္ဓိ,ဥဘတောသုဒ္ဓိလို့ နှစ်မျိုးရှိသေးတယ်။ လှူသူကစင်ကြယ်၍ အလှူခံက မစင်ကြယ်ခြင်း, အလှူခံကစင်ကြယ်၍ လှူသူကမစင်ကြယ်ခြင်းသည် ဧကတောသုဒ္ဓိဖြစ်တယ်။ အလှူခံလဲစင်ကြယ်၍ လှူသူလဲ စင်ကြယ်တယ်။ အဲဒါက ဥဘတောသုဒ္ဓိ ဖြစ်တယ်။

ပြီးတော့လဲ ကုသိုလ်ဒါန, ကြိယာဒါနလို့ နှစ်မျိုးရှိပြန်တယ်။ ဘဝမကုန်သေးသော ပုထုဇဉ်, သောတာပန်, သကဒါဂါမ်, အနာဂါမ်တို့၏ ဒါနကို ကုသိုလ်ဒါနခေါ်တယ်။ ဘဝကုန်ပြီးသော ဘုရားရဟန္တာတို့၏ ဒါနကို ကြိယာဒါနလို့ခေါ်တယ်။

ပြီးတော့လဲ သင်္ကန်းဒါန, ဆွမ်းဒါန, ကျောင်းဒါန, ဆေးဒါန, ပန်းဒါန, ရေဒါနစသောအားဖြင့် ဝတ္ထုပစ္စည်း များသလောက် ဒါနတွေအများကြီးပဲမောင်စိန်ရဲ့။ [မှန်ပါဘုရား။]

အဲဒီဒါနကို သေသေချာချာ စဉ်းစားကြည့်လျှင် အလွန် ကောင်းမြတ်တဲ့ သဘောတရားကို တွေ့ရတယ်။ပန္နက်ဆိတ်ကလေးကို သူကြိုက်တဲ့ ထန်းလျက်ခဲ ကျွေးပေးလျှင် ထိုပန္နက်ဆိတ် ဝမ်းမသာဘူးလား။ [သာမှာပါဘုရား။] ဆင်ကြီးအား သူကြိုက်တဲ့ညောင်ကိုင်းကို ခုတ်ပြီးကျွေးလျှင် ဒီဆင်ကြီးဟာ ဝမ်းမသာဘူးလား။ [သာမှာပါ ဘုရား။] လူတယောက်ကို သူကြိုက်တဲ့

ဝတ္ထုပစ္စည်းပေးလိုက်ယင် ထိုလူ ဝမ်းမသာဘူးလား။ [သာမှာပါ ဘုရား။] နတ်ကိုလဲ သူ့အားမုန့်ဆီပဲပြားနှင့် ပသလိုက်ယင် ထိုနတ်ဟာ ဝမ်းမသာဘူးလား။ [သာမှာပါဘုရား။]

ဒီတော့ ဒါနပေးကမ်းတာကို မကြိုက်တဲ့သတ္တဝါရယ်လို့ လောကမှာ ရှိပါမလား။ [မရှိပါဘုရား။] သတ္တဝါအားလုံး နှစ်သက်တယ် ဆိုတာဟာ ကောင်းသောအလုပ် ဖြစ်ခြင်းကြောင့် မဟုတ်လား။ [မှန်ပါတယ် ဘုရား။] ကောင်းသော အလုပ်ဖြစ်လျှင် ကောင်းသောအကျိုးကိုပဲ ပေးရမှာပဲ။ ဒါကြောင့် မြတ်စွာဘုရားကလဲ အောက်ပါဂါထာကို ဟောခဲ့တယ်။

ကလျာဏကာရီ ကလျာဏံ၊ ပါပကာရီ စ ပါပကံ။
ယာဒိသံ ဝပတေ ဗီဇံ၊ တာဒိသံ ဟရတေ ဖလံ။

ကလျာဏကာရီ၊ ကုသိုလ်ကောင်းမှုကို လုပ်သောပုဂ္ဂိုလ်သည်။ကလျာဏံ၊ ကောင်းကျိုးဖလ ဟူသမျှကို။ လဘတေ၊ မုချပုံသေ ရတတ်ပေ၏။ပါပကာရီ၊ မကောင်းမှုကို ပြုသော ပုဂ္ဂိုလ် သည်လည်း။ ပါပကံ၊ ယုတ်စွ အဆိုး မကောင်းကျိုးကို။ လဘတေ၊ မုချပုံသေ ရတတ်ပေ၏။ ကိမိဝ၊ ဥပမာ ပုံဆို ဘယ်ကဲ့သို့နည်း ဟူမူကား။ ယာဒိသံ၊ အကြင်သို့သဘော ရှိသော။ ဗီဇံ၊ စပ်,ခါး,ပူပြင်း မျိုးစေ့ဖျင်းကို။ ဝပတေ၊ ယာခင်းထဲမှာ စိုက်ပျိုးငြားအံ့။ တာဒိသံ၊ ထိုသို့သဘောရှိသော။ ဖလံ၊ စပ်,ခါး,ပူဆိုး အသီးမျိုးကို သာလျှင်။ ဝဟတေ၊ ကိုင်းလုံး ညွတ်အောင် ရွက်ဆောင်သကဲ့သို့တည်း။

သာဓု၊ သာဓု၊ သာဓု။

မြတ်စွာဘုရားက "ယာခင်းထဲမှာ စပ်တဲ့မျိုးစေ့ကို စိုက်ယင် စပ်တဲ့အပင်ပေါက်ပြီး၊ ၎င်းအပင်မှ စပ်တဲ့အသီးတွေ သီးမှာပဲ။ ချဉ်တဲ့ မျိုးစေ့ကိုစိုက်ယင် အချဉ်ပင်ပေါက်ပြီး အချဉ်သီးတွေ သီးမှာပဲ၊ ချိုတဲ့မျိုးစေ့ စိုက်ယင် အချိုပင်ပေါက်ပြီး အချိုသီးတွေပဲ သီးမှာပဲ၊ အဲဒီ ဥပမာကဲ့သို့ ကောင်းသော ကံကြမ္မာကို ပြုလုပ်ယင် ကောင်းသော အကျိုးတွေကိုခံစား ရမှာပဲ၊ မကောင်းသော ကံကြမ္မာကိုလုပ်ယင် မကောင်းသော အကျိုးတွေကိုခံရမှာပဲ" လို့ ဟောတော်မူတယ်။ ဒါနဆိုတာ သတ္တဝါတိုင်း နှစ်သက်တဲ့ အလုပ်ဆိုတော့ ကောင်းသောအလုပ်လို့ ဆိုရမှာပေါ့ မောင်စိန်ရဲ့။ [မှန်ပါဘုရား။]

ဒါနဆိုတာ ကောင်းသောအလုပ်မို့ ကောင်းသောအကျိုးတွေ ခံစားရပုံကို ဟောရအုံးမယ် မောင်စိန်ရဲ့။ [ဟောတော်မူပါ ဘုရား။]

ငါတို့၏ဆရာ ဂေါတမဘုရားအလောင်းဟာ ပါရမီနုစဉ်က ဗာရာဏသီပြည်မှာ အလွန်ဆင်းရဲသော အမျိုး၌ ဖြစ်တယ်တဲ့။ ငယ်ရွယ်တဲ့ အခါမှာတော့ မိဘကျွေးတာကိုစား, မိဘပေးတာကို ဝတ်ပြီး နေရတာပေါ့။ ကြီးလာလို့ လူပျိုပေါက်ကလေး ဖြစ်လာယင် ကိုယ်တိုင်ငွေရှာချင်တဲ့ ဓမ္မတာအရ ထင်းခုတ်ပြီး ရောင်းစားသတဲ့။ ထင်းခုတ်ပြီး ရောင်းစားတယ် ဆိုသော်လဲ လှည်းနွားကမရှိတော့ ထင်းကိုထမ်းပြီး ရောင်းစား ရတာပေါ့။ ထမ်းပြီးရောင်းစားတာ ဆိုကတည်းက ဘယ် များများစားစား ငွေရမှာတုန်း မောင်စိန်ရဲ့။ [မှန်ပါဘုရား။]

အဲဒီလို ဆင်းဆင်းရဲရဲနှင့် ဝမ်းကို ထိန်းကျောင်းပြီးနေရာ တနေ့သောအခါ နံနက်စောစောထပြီး ညဦးကကြွင်းကျန်တဲ့ ထမင်းကြမ်း ကလေးကို ငှက်ပျောဖက်နှင့်ထုပ်, ငါးပိကလေး အနည်းငယ်ကို မီးချေး ပေါ်မှာ ဖုတ်, ငရုတ်သီးကလေးနှင့် ထောင်းပြီး ထမင်း ထဲမှာ မြှုပ်လျက် ထမင်း ထုပ်ကို လွယ်အိတ်စုတ်ထဲမှာထည့်, ပုဆိုးအစုတ်တထည်ကို ခေါင်းပေါင်းလုပ်,ဓားမ တချောင်းကို ပခုံးပေါ်မှာထမ်းပြီး ထင်းခုတ်ထွက်လာခဲ့တယ်။ ပစ္စေကဗုဒ္ဓါ တပါးကလဲ ဂန္ဓမာဒနတောင်မှ ဗာရာဏသီပြည်သို့ ဆွမ်းခံဖို့ရာအလာ တံခါးပေါက်မှာ ဆုံမိကြတယ်တဲ့။

ထိုအခါ ဘုရားလောင်းက စဉ်းစားတယ်။ လောကမှာ လူချင်း တူပါလျက် အကျိုးပေးမတူကြတာဟာ ကံမတူလို့ အကျိုးပေးမတူတာပဲ၊ သတ္တဝါတွေဟာ ကံဖန်တီးသလို ဖြစ်ကြရတာပဲ၊ လောကကိုဖန်ဆင်းသော အရှင်ရှိတာမဟုတ်၊ ဒီတော့ သတ္တဝါတို့၏ အားကိုးဖွယ်ရာဟာ ကံပဲလို့ စဉ်းစားပြီး၊ ပစ္စေကဗုဒ္ဓါအနီးသို့ ချဉ်းကပ်လျက် "အရှင်ဘုရား ဘယ်ကို ကြွမှာလဲဘုရား"လို့ မေးသတဲ့။ ဒီတော့ ပစ္စေကဗုဒ္ဓါက "ဆွမ်းခံကြွဖို့ လာခဲ့ တာပဲ" လို့ ပြန်ဖြေသတဲ့။ "ဒီလိုဆိုယင် တပည့်တော် ပါလာခဲ့တဲ့ ဆွမ်း ကို တပည့်တော်အားသနားသဖြင့် အလှူခံတော်မူပါ၊ ထမင်း ကတော့ ညဦးကကြွင်းကျန်တဲ့ ထမင်းဖြစ်၍ အေးပါ တယ်၊ ဟင်းကလဲ ငါးပိထောင်း ဆိုတော့ မကောင်းပါ၊ သို့အတွက် အရှင်ဘုရားသပိတ်ထဲသို့ ရောက်၍ အလှူမြောက်သွားယင် သွန်ပစ်လိုက သွန်နိုင်ပါတယ် ဘုရား"လို့ သနားစဖွယ် တအားငယ်လျက် လျှောက်ထားတယ်တဲ့။ ဟုတ်တာပေါ့ကွဲ့၊ ထမင်းနှင့် ဟင်းက မကောင်းတော့ ဒါနမြောက်ချင်လို့သာ လှူတာ။ အားတော့ နာတာပေါ့ မောင်စိန်ရဲ့။ [ဟုတ်ရှာမှာပါဘုရား။]

ဒီလို လျှောက်တော့ ပစ္စေကဗုဒ္ဓါကလဲ သူတော်ကောင်းဆိုတော့ သနား ပြီး "ဒါယကာကလေး၊ သင်၏ ခေါင်းပေါင်း ပုဆိုးကို ဟိုသစ်ပင်ရင်းမှာ ခင်းပါ၊ ငါ ဆွမ်းဘုဉ်းပေးမယ်" လို့ အမိန့်ရှိလိုက်တယ်။ အဲဒီလိုအမိန့်ရှိ တော့ ဘုရားအလောင်းကလဲ ဝမ်းမြောက်ဝမ်းသာနဲ့ သူ၏ ခေါင်းပေါင်း လုပ်ခဲ့တဲ့ ပုဆိုးကို ဖုံတွေကင်းကွာသွားအောင် ခါပြီးတော့ ကောင်းမွန် ပြန့် ပြူးစွာ ခင်းတယ်။ ပစ္စေကဗုဒ္ဓါလဲ သူ၏ ပုဆိုးခင်း ပေါ်မှာ ကောင်းမွန် စွာထိုင်လျက် သူ၏ထမင်းကို လောင်းထည့်စေဖို့ သပိတ်ဖွင့်ပေးတယ်။ ဘုရား လောင်းကလဲ သူ၏ထမင်းထုပ်ကိုဖြေပြီး သပိတ်ထဲသို့ လောင်းထည့် လိုက် တယ်။

ပစ္စေကဗုဒ္ဓါ ဆွမ်းဘုဉ်းပေးနေစဉ် ဘုရားလောင်းက ဝါးကျည်တောက် ဖြင့်ရေကို ခပ်ယူခဲ့ပြီး ဆွမ်းစားပြီးသောအခါ ရေကို ကပ်တယ်။ ပစ္စေကဗုဒ္ဓါ လည်း ဆွမ်းစားပြီးလျှင် ရေကိုသောက်၊ လက်ဖြင့် သပိတ်ကို ငင်ကြယ်ဆေး လျက် ဘုရားလောင်းမြင်စဉ်ပင် ကောင်းကင်ခရီးဖြင့် ဂန္ဓမာဒနတောင်သို့ ပျံသန်းသွားတယ်။ ဘုရားလောင်းလည်း သူ၏အလှူဒါနကို ပီတိဖြစ်လိုက် တာ ထိုတနေ့လုံး ထမင်းဆာရကောင်း မှန်းမသိ, ရေငတ် ရကောင်းမှန်း မသိဖြစ်နေသတဲ့။ ဟုတ်မှာပေါ့၊ လှူဖွယ်ဝတ္ထုက အလွန်ညံ့ပေမယ့် အလှူ ခံပုဂ္ဂိုလ်က အလွန်မြတ်လေတော့ ဝမ်းသာမှာပဲ မောင်စိန်ရဲ့။ [မှန်ပါ ဘုရား။]

အဲဒီလိုနဲ့ နေပြီးသေသွားတော့ ဗာရာဏသီပြည် ဘုရင်မင်းမြတ်၏မိဖုယား ကြီး၏ဝမ်းခေါင်းမှာ ပဋိသန္ဓေ ကိန်းအောင်း ရတယ်။ မိဖုယား ကြီးလဲ သန္ဓေတည်မှန်းသိတော့ ဘုရင်ကြီးအား အကြောင်းကြားတယ်။ အကြောင်း ကြားတော့ ဘုရင်ကြီးက များစွာသော ကိုယ်ဝန် အစောင့် အရှောက်ကို ပေးတော်မူတယ်။ အဲဒီလို ကိုယ်ဝန်ကို ကောင်းမွန်စွာ စောင့်ရှောက်လျက် ဆယ်လစေ့သောအခါ ထုံးစံအတိုင်း မင်း သား က လေး မွေးဖွားသတဲ့။ ရှင်ပြသော ဒါနစေတနာကြောင့် ဖြစ်လာတဲ့ ရုပ်ကလေးဆိုတော့ ရွှေအဆင်း ကဲ့သို့ ဝါဝင်းပြီး ရှင်ရှင်ပျပျကလေး ဖြစ်တယ်။ သူ့ မျက်နှာကို မြင်ရလျှင် မပေးချင်သူမရှိ၊ မချစ်ခင်သူမရှိ၊ သူ့အသံကို ကြားရလျှင် မသနားသူမရှိ ဖြစ်တယ်။

ရှင်ဘုရင်ကြီးမှာ သားရတနာကလေး ဖွားမြင်တယ်လို့ တိုင်းပြည်က ကြားတယ်ဆိုယင် တိုင်းသူပြည်သားတွေ အလွန်ဝမ်းမြောက်ပြီး ကိုယ်စီ

ကိုယ်င လက်ဆောင်ပနာများ လာ၍ဆက်သကြတယ်။ ရှင်ဘုရင်ကြီး ကလဲ လက်ဆောင် ပေးလာတဲ့ လူအားလုံးကို ကောင်းမြတ်သော လက်ဆောင် ပြန်ပေးသတဲ့။ ရှေးခေတ်က ဘုရင်နှင့် တိုင်းသူပြည်သားဆိုတာ သားအဖ ကဲ့သို့ ဆက်ဆံကြတယ်။ ဒါကြောင့် တိုင်းတပါးသားနှင့် တွေ့ကြတဲ့အခါ "မင်းတို့ ရှင်ဘုရင်ဟာ တိုင်းသူပြည်သား လူအများကို ရင်ဝယ်သားကဲ့သို့ သနားပါရဲ့လား" လို့ အပြန်အလှန်မေးကြရတယ်။ သူ့ခေတ်နှင့် သူ့အခါ ကိုးကွဲ့ မောင်စိန်ရဲ့။ [မှန်ပါဘုရား။]

ဘုရားအလောင်း မင်းသားကလေးလဲ တဖြေးဖြေးကြီးပြင်းလာ၍ ပညာ သင်ကြားတဲ့အရွယ်ရောက်လျှင် တက္ကသိုလ်ပြည်သို့သွားပြီး ပညာများကိုသင်း ပူးတယ်။ ပညာစုံ၍ တိုင်းတော်ပြည်တော်သို့ ပြန်လာပြီးလျှင် ဖခမည်းတော် ကြီးအား မင်းတို့တတ်အပ်သော အတတ်ပညာများကို ပြသတယ်။ ရှင်ဘု ရင်ကြီးကလဲ အလွန်ဝမ်းမြောက်လျက် "ငါ၏သားတော်သည် အရွယ်ကလဲ လူပျိုအရွယ်သို့ရောက်ပြီး ပညာများလဲ စုံပြီ၊ မြောက်နန်းမတော်က မွေးဖွား သော နှမတော်နှင့် ထိမ်းမြား၍ ထီးနန်းအပ်ဖို့ အချိန်တော်ပြီ" လို့ ကြံစည် လျက် အမတ်ကြီးများကိုခေါ်ကာ မိမိ၏အကြံအစည်ကို ထုတ်ဖော်၍ ပြော တော့ အမတ်ကြီးများကလဲ "အလွန်ပဲ သင့်မြတ်ကြောင်း ပါ ဘုရား" လို့ သံတော်ဦးတင်ကြတယ်။

ဒီတော့ ရှင်ဘုရင်က "အမတ်ကြီးများ သဘောတူတယ် ဆိုယင် လက်ထပ် ပွဲနှင့် ထီးနန်းအပ်ပွဲကို စီရင်ကြရမယ်၊ လမ်းတိုင်း ရာဇမတ် ကာ၍ သဲဖြူးခင်း၊ ငှက်ပျောပင်၊ ကြံပင်စိုက်၍ ရေပြည့်အိုးတည်ရမယ်၊ လမ်းတိုင်းအတီးအမှုတ် အကအခုန်နှင့် နိဗ္ဗာန်ဈေးရှိရမယ်၊ ကုန်ကျစရိတ် အားလုံးကို ဘဏ္ဍာတိုက်မှ ထုတ်စေ" လို့ အမိန့်တော်မြတ်ကို ချမှတ်တယ်။ ရှေးတုန်းကတော့ ယခုခေတ် လို ကတ္တရာစေးခင်းတဲ့ လမ်းတွေ မဟုတ် တော့ မင်း များ လာမည့်လမ်းကို သဲဖြူးခင်းပြီး ရာဇမတ်ကာရတယ်။ ရာဇမတ်အတွင်းက မင်းသွား၍ ရာဇမတ် ၏အပြင်က အခြံအရံတွေ လိုက်ပါကြရတာကိုးကွဲ့ မောင်စိန်ရဲ့။ [မှန်ပါ ဘုရား။]

အဲဒီလို အစီအမံအခန့်အခွဲတွေ ပြီးစီးတဲ့အခါ တောင်နန်းမတော် ဖွား ဘုရားအလောင်းမင်းသားနှင့် မြောက် နန်းမတော်ဖွား မင်းသမီးကို လက် ထပ်ထိမ်းမြားပြီး နန်းအပ်ကာ ဘိသိက်သွန်းကြတယ်၊ ဘိသိက်သွန်းပြီးလျှင်

ရှင်ဘုရင်နှင့်မိဖုရားဖြစ်၍ ဘုရင်အာဏာကို ပိုင်သွားတော့တာပေါ့။ အာဏာကိုပိုင်သွားပြီးလျှင် ဆင်ရတနာကို ကကြိုး တန်းဆာ ဆင်လျက် ဘုရင်နှင့်မိဖုရားက ဆင်ကြီးကိုစီး၍ မှူးကြီးမတ်ရာ သေနာတို့က ဝဲယာ ခြံရံလျက် စစ်သည်တော်များစွာကလည်း သူ့နေရာနှင့် သူ့နေရာသူ စီတန်းပြီးလမ်းတိုင်းစေ့အောင် တိုင်းသူပြည်သားတို့၏ အဖူးအမျှော်ကို ခံတယ်တဲ့။

ထိုအခါ တိုင်းသူပြည်သားတို့ကလဲ သူ့အိမ်ရှေ့ ငါ့အိမ်ရှေ့မှာ ဖျာခင်းပြီး အိမ်ရှိလူကုန်ထွက်ကာ ဘုရင်အလာကို စောင့်မျှော်လျက် နေကြ၍ ဘုရင်လာသောအခါ ပန်းပေါက်ပေါက်တို့ကို ကြဲမြှောက်ပြီး ကောင်းချီးပေးကြတယ်။ အဲဒီလို ဘုရားအလောင်း ဘုရင်သည် လမ်းတိုင်း စေ့အောင် လှည့်လည်သောအခါ လမ်းတိုင်းပင် လူထုကြီးက လမ်းနှင့်အပြည့် ဖြစ်နေသည်ကို မြင်လေလျှင် စိတ်ထဲမှာ အကြံဖြစ်တယ်။ "အော်....ငါဟာ လွန်ခဲ့တဲ့ဘဝတုန်းက ဗာရာဏသီ တပြည်လုံး၏ ခြေဖဝါးအောက် ရောက်အောင် အောက်ကျနောက်ကျ ဖြစ်ခဲ့ရတယ်။ ဤဘဝကား ဗာရာဏသီ တပြည်လုံး၏ ဦးထိပ်ပေါ်သို့ ရောက်ရတယ်။ အောက်ဆုံးဘဝမှ အထက်ဆုံးဘဝသို့ ရောက်အောင် မြှင့်တင် ပေး သောတရား ဟာ ဒါနပဲ၊ ဒါနသည် သတ္တဝါ တိုင်း အားကိုးသင့်သောတရား ပါကလား၊ သို့သော်လည်း ဒါနအကျိုးကို မသိသော ပညာမဲ့ငြား လူညံ့စား တွေကတော့ ယခုဘဝတည်း ဆင်းရဲမှာကို ကြောက်ပြီး မလှူရက် ကြဘူး။ ပညာရှိများသာ ဒါန၏အကျိုး တရားကို သိသဖြင့် လှူဒါန်းကြတာပဲ"လို့ အကြံဖြစ်ပြီး အောက်ပါ ဂါထာဖြင့် ဥဒါန်းကျူးတယ်တဲ့။

မုဋ္ဌော နဟိ ဒဒါတျတ္ထံ၊ နရော ဒလိဒ္ဒသက်ယာ။
သပ္ပညော တု ဒဒါတျတ္ထံ၊ နရော ဒလိဒ္ဒသယက်ာ။

မုဋ္ဌော၊ ပညာအရှိန် မှေးမှိန်မှိုင်းထိုင်း ထုံထိုင်းမှောင်တောင် အမြင်ဉာဏ် မိုးခေါင်၍နေသော။ နရော၊ ပညာမဲ့ငြား လူညံ့စားသည်။ ဒလိဒ္ဒ—သက်ယာ၊ လျှပ်တပြစ်မျှလောက်သော ဘဝကလေးတွင် ငြို ငြင် ဆင်းရဲလူမွဲဖြစ်ရမည့် အရေးကို မျှော်တွေး ကြောက်လန့် ကြလေ သောကြောင့်။ အတ္ထံ၊ ကိုယ်ပိုင်သိမ်းထား ပစ္စည်းများကို။ နဟိ ဒဒါတိ၊ မလှူ ဒါန်းရက် လျှို့ဝှက်သိုမြှုပ်၍ တထုပ်ထုပ်တပိုးပိုးနှင့် တိုးအောင်ပွားအောင် ကြံဆောင်လုံးပမ်းကာ နေကြရှာ လေသတည်း။ တု၊ အမြင် ကျယ်ပွား၍ သဘောထားမတူပုံသော်ကား။ သပ္ပညော၊ ပညာအရှိန် လျှံထိန်ဝိုးဝင်း အလွန်

လင်းသော။ နရေး၊ အမြင်ကျယ်ဘိ ပညာရှိပုဂ္ဂိုလ်သည်ကား။ ဒလိဒ္ဒ– သက်ယာ' နောင်သံသရာ ရှည်လျားကြာအောင် ဥစ္စာရှိပဲ ပစ္စည်းမဲ့၍ သူဆင်း ရဲဖြစ်ရမည့် အရေးကို မျှော်တွေးကြောက်လန့် ကြလေသောကြောင့်။ အတ္တ၊ ကိုယ်ပိုင်သိမ်းထား ပစ္စည်းများကို။ ဒဒါတိ၊ မသိုမမြှုပ် မထုပ်မပိုး အကျိုး ဖြစ်စေ လှူဒါန်းကြလေတော့သတည်း။ ။

သာဓု၊ သာဓု၊ သာဓု။

အထက်ပါ ဂါထာကလေးကို ဘုရားအလောင်း ဘုရင်ဟာ တနေ့ကို အခါငါးဆယ်, တရာ လောက် အမြဲဒါန်းကျူး နေလေတော့ တနန်းတော် လုံးပင် ရနေကြသတဲ့။ ဒီဂါထာဟာ တို့ဘုရင်စီကုံးတာပဲဆိုပြီး သာ၍ပင် မြတ်နိုးတနာရအောင် လုပ်ပြီးဆိုကြတယ်။ တော်တော်ကြာတော့ နန်းတွင်း မှာသာမက တပြည်လုံးပင် ပြန့်နှံ့ သွားသတဲ့။ တပြည်လုံး ပြန့်နှံ့ နေပေ မယ့် ဘာကြောင့် တို့ဘုရင် ဒီဂါထာကိုမြတ်နိုးတယ်၊ ဘာကြောင့် ဒီဂါထာ ကို စီကုံးတယ်ဆိုတာကိုတော့ ဘယ်သူမှ မသိကြဘူးတဲ့။ ဒီတော့ မိဖုရားက ဒီဂါထာကိုဘာကြောင့် စီကုံးတယ်၊ မြတ်နိုးတယ် ဆိုတာကို သိရအောင် လုပ်အုံးမှပဲလို့ အကြံဖြစ်ကာ ဘုရင်ကို အမိလိုတသွယ်, ကျွန်မကဲ့သို့တမျိုး, ကျိုးကျိုးနွံနွံ ပြုစုတယ်။ ထမင်းစားတဲ့အခါမှာ ငါးဟင်းများကို အရိုး ကလေးတွေ ထွင်ပြီး အသားကလေးတွေကို ဖဲ့၍ပေးတယ်။ အိုက်တဲ့အခါ ယပ်ခပ်ပေးတယ်။ ရေချိုးတဲ့အခါ ကြေးတွန်းပေးတယ်တဲ့။

အဲဒီလို ယုယုယယ ပြုစုလုပ်ကျွေးတော့ဘုရင်၏စိတ်ထဲမှာမိဖုရားကို အများ ကြီးကျေနပ်မှုဖြစ်ပြီး မိဖုရားအား "အို....မိဖုရား၊ အသင်ဟာ အမိလို တ မျိုး, ကျွန်မလိုတဖုံ ငါ့ကို ယုယုယယ ပြုစုပေးတယ်၊ အလွန် ချီးမွမ်း ဖွယ် ကောင်းပါပေတယ်။ ငါ မိဖုရားပဲဟု မာန်မာနမရှိဘူး၊ သို့အတွက် သင် မိဖုရားအား ငါဆုပေးမယ်၊ လိုရာဆုကို တောင်းပေတော့"လို့ ပြောသတဲ့။ မိဖုရားကလဲ ဒါကိုလိုလားပြီး ပြုစုတာပဲ၊ မိဖုရား ကြိုက် ပေါက် ကိုတော့ ရောက်နေပြီ။ ဒီတော့ မိဖုရားက "အသင်မင်းမြတ်၊ ကျွန်တော်မမှာ မင်းသမီး ကလဲဖြစ်, မိဖုရားကလဲ ဖြစ်လေတော့ ရွှေ,ငွေ,စိန်, ကျောက်, ပတ္တမြား ဆို တာ အများကြီးရှိနေပြီမို့ မလိုလားပါ။အသင်မင်းကြီး စီကုံးတဲ့ ဂါထာ၏ အကြောင်းအရာကိုသာ သိလိုပါတယ်၊ ဘာကြောင့် စီကုံးတယ် ဆိုတာ ကိုသာ အမိန့်ရှိတော်မူပါ"လို့ ဆုတောင်းတယ်တဲ့။

ဒီတော့ ဘုရင်က နောင်ဘဝက အောက်ကျနောက်ကျ နေခဲ့ရတာတွေကို ထုတ်ဖော်ပြီး ပြောရမှာ ရှက်သဖြင့်“အို....မိဖုရား၊ တခြား ဆုကိုသာတောင်းပါ၊ ဒီဂါထာ၏ အကြောင်းကို သိရသဖြင့် ဘာမှ အကျိုး မရှိပါဘူး”လို့ ပြောတယ်တဲ့။ မိဖုရားကလဲ“ဒီဆုကလွဲပြီး တခြားဆုကိုအလိုမရှိ၊ ဆုမပြောင်းနိုင်ဘူး၊ မင်းတို့၏စကား မိုးကြိုးသွား၊ ထွက်ပြီးသော ဆင်စွယ် ဝင်တယ်မရှိ၊ မင်းမှာသစ္စာ လူမှာကတိလို့ ဆိုရိုးရှိပါတယ်၊ သို့အတွက် အသင်မင်းမြတ် ဒီဂါထာ၏အကြောင်းအရာကိုသာ ကြားပါရစေ”လို့ ပြန်၍လျှောက်တင်တယ်တဲ့။ ဒီလို မိဖုရားက ဆုမပြောင်းတော့ ဘုရင်မှာ အကြပ်ရိုက်တာပေါ့။ ဆုကလဲ ပေးပြီးသားဖြစ်နေ၍ နောက်ဆုတ်လို့မကောင်းတော့ ဘုရင်က “ကိုင်း....ဒီလိုဆိုယင် နန်း ယင် ပြင်မှာ မဏ္ဍပ်ကြီးထိုး၍ စင်မြင့်ကြီးဆောက်စေ၊ ဂါထာအကြောင်းအရာကို လူအလယ်မှာ ပြောမယ်”လို့ အမိန့်တော်ပြန်တယ်။ အဲဒီအမိန့်သံကို ကြားရတော့ နန်းတွင်း နန်းပြင်မှာ ရှိတဲ့လူအပေါင်းဟာ အလွန်ဝမ်းသာရွှင်လန်း ကြကုန်လျက် ပျော်ပျော်ပါးပါး မဏ္ဍပ်ဆောက်၍ စင်မြင့်ထိုးကြတယ်။ ကိစ္စအားလုံး ပြီးစီးတဲ့အခါ လူအပေါင်းကို မဏ္ဍပ်ထဲသို့လာစေ၍ ဘုရားအလောင်းဘုရင်က စင်မြင့်သို့တက်ကာ ဂါထာ၏အကြောင်းကို ပြောသတဲ့။ “အို....တိုင်းသူ ပြည်သားလူအများတို့၊ လွန်ခဲ့တဲ့ ၁၆ နှစ်၏ အထက်၌ ဗာရာဏသီပြည်မှာ အလွန်ဆင်းရဲသဖြင့် ထင်းထမ်းပြီး ရောင်းစားနေတဲ့ မည်သည့် လမ်းကလူကို မှတ်မိကြရဲ့လား” လို့ မေးတော့ ပရိသတ်ကြီးက “မှတ်မိပါတယ် ဘုရား” လို့ ပြန်ပြီးဖြေကြသတဲ့။ “အဲဒီလူဟာ ယခုအခါ သူများမဟုတ် ငါဘုရင်ပဲ၊ ဘာပြု၍ အောက်ဆုံးဘဝမှ အထက်ဆုံးဘဝသို့ ရောက် ရ သလဲ ဆိုတော့ ငါသည် ညဦးက ကြွင်းကျန်တဲ့ ထမင်းကြမ်းနှင့် ငါးပိမီးဖုတ်ကလေးကို ငှက်ပျောရွက်နှင့် ထုပ်ပြီး ထင်းခုတ်အသွား မြို့မှအထွက်တွင် ပစ္စေကဗုဒ္ဓါအရှင်တပါးနှင့် တွေ့၍ ထိုထမင်းထုပ်ကိုဖြေပြီး သပိတ်ထဲသို့ လောင်းလှူလိုက်တယ်၊ ပစ္စေက ဗုဒ္ဓါလဲ ငါ၏ဆွမ်းကိုပဲစားပြီး ပြန်ကြွသွားတယ်။ အဲဒီဒါန မြင့်တင် လိုက်သဖြင့် ငါသည် အောက်ဆုံးဘဝမှ အထက်ဆုံးဘဝသို့ ရောက်ရပေတယ်၊ အဲဒီအဖြစ်အပျက်ကို မြင်သဖြင့် ငါသည် စိတ်ထဲမှာတွေးမိတယ်၊ ပညာမရှိတဲ့ လူတွေက မွဲမှာကြောက်၍ မလှူရက်၊ ပညာရှိများကတော့ တသံသရာလုံး မွဲမှာကြောက်၍ လှူကြပါကလားလို့ အတွေး ရတာနဲ့ ဒီဂါထာကို စီကုံးပြီး ခဏခဏငါဆိုတာပဲ”လို့ ဂါထာအကြောင်းကို ပြောပြီး လူတွေကို တရားဟောပြန်တယ်။

သဗ္ဗေ ကမ္မသကာ သတ္တာ၊ ကမ္မံ သတ္တေ ဝိဘဇ္ဇတိ။
ဟီနပဏီတ ဘာဝါယ၊ န စိန္တာယ သမိဒ္ဓိနော။

သဗ္ဗေ၊ ခပ်သိမ်းဥဿုံအလုံးစုံကုန်သော။ သတ္တာ၊ သူရောင်ပါ သတ္တဝါ အနန္တဟူသမျှတို့သည်။ ကမ္မသကာ၊ ကံနှင့်သာတွဲပျော် အဖော်သဟဲ မြဲမြဲခိုင် ခိုင် ကံသာလျှင် ကိုယ်ပိုင်ဥစ္စာ ရှိကြလေကုန်၏။ ကမ္မံ၊ ကောင်း မကောင်း နှင့် သောင်းပြောင်းများများ ကံတရားသည်။ သတ္တေ၊သတ္တဝါအနန္တ ဟူသ မျှတွေကို။ ဟီနပဏီတ ဘာဝါယ၊ ဇာတိမသန့် မျိုးယုတ်ညံ့နှင့် သန့်ပြန့် မျိုးနွယ် ဂုဏ်သိရ်ကြွယ်၍ တင့်တယ်စေခြင်း အကျိုးငှာ။ ဝိဘဇ္ဇတိ၊ အလိုက် အလိုက် ထိုက်သလိုပင် ပုံပြင်စီမံ ဝေဘန်တတ်လေ၏။တသ္မာ၊ထို့ကြောင့်။ စိန္တာယ၊ မော်တော်ကားစီး တိုက်ကြီးကြီးနှင့် အနည်းနည်းပျော် အဖော် စုံညီ နေချင်သည်ဟု ကြံစည်စိတ်ကူး ဘဝင်မြူးသဖြင့်။ နသမိဒ္ဓိနော၊ တောင်းတိုင်းမရ တ တိုင်းမပေါ် အကြံချော်သဖြင့် အမျှော်စွမ်းဟုန် မပြည့် စုံပဲ ရှိကြကုန်သည်သာလျှင်တည်း။

## သာဓု၊ သာဓု၊ သာဓု။

"အို....တိုင်းသူပြည်သား လူအများတို့၊ သတ္တဝါတို့သည် ကံစီမံသည့်အ တိုင်းသာ ဖြစ်ကြရကုန်၏။ လောကကို ဖန်ဆင်းသော ပုဂ္ဂိုလ်သည် မရှိ၊ သစ်ပင်တို့သည် မျိုးစေ့ သဘောအတိုင်းသာ ဖြစ်ကြရကုန်သကဲ့သို့၊ ထို့အတူ သတ္တဝါတို့သည်လည်း ကံ၏သဘောအတိုင်း ဖြစ်ကြရကုန်၏၊ အသင်တို့၏ စိတ်ဆိုးလျှင် မျက်နှာသည်အရုပ်ဆိုး၍၊ အသင်တို့၏ စိတ်ကြည်လင် ရွှင်ပြလျှင် မျက်နှာလည်း ကြည်လင် ရွှင်ပြသည်ကို ထောက်ထား ကြလော့၊ အကယ်၍ ကံမရှိလျှင် မန်ကျည်းပင်မျိုးသည် တပင်နှင့်တပင် တူသကဲ့သို့၊ လူတို့ လည်း တယောက်နှင့်တယောက် တူသင့်၏၊ ထိုသို့ကား မတူကြချေ၊ လှတဲ့လူကလှ ၍ အရုပ်ဆိုးသူကားဆိုးကြ၏။ တချို့က အသက်ရှည်၍ တချို့က အသက် မရှည်ကြ၊ တချို့ကမွဲ၍ တချို့က ချမ်းသာကြ၏၊ တချို့ကကျန်းမာကြ၍ တချို့ကအနာရောဂါ ပေါကြ၏၊ တချို့ကအခြံအရံနှင့် ပြည့်စုံ၍ တချို့က အခြံအရံမရှိကြ၊ တချို့က ဉာဏ်ပညာကြီး၍ တချို့က ပညာမရှိကြ၊ ဤကဲ့ သို့ တဦးနှင့်တဦး မတူကြခြင်းသည် ကံချင်းမတူ၍ အဖြစ်ချင်း မတူကြ တာပဲ။ သို့အတွက် ကံကိုယုံကြည်ပြီး ကောင်းသောအမှုကိုသာ လုပ်ကြကုန် လော့၊ ကောင်းတာကိုလုပ်မှ ကောင်းတာဖြစ်မည်၊ မကောင်းတာကို လုပ်

လျှင် မကောင်းတာဖြစ်မှာပဲ''ဟု ဟောပြောလိုက်လျှင် လူထုကြီးသည် အလွန် တရာ သဘောကျပြီး လူတိုင်းပင် ဒါနလုပ်ကြသဖြင့် ဗာရာဏသီ ပြည်ကြီးမှာ ဒါနမိုးရွာတယ်တဲ့။ ဒါနမိုး ရွာတဲ့အတွက် ဗာရာဏသီ ပြည်သူ ပြည်သားတို့ သည် သေတိုင်းနတ်ပြည်ရောက်၍ နတ်ပြည်မှာ စည်ကားသိုက်မြိုက် ကြသတဲ့။ ဒီလိုဆိုတော့ ဒါနတရားကို သတ္တဝါတိုင်း မပြုသင့်ပေဘူးလား မောင်စိန်ရဲ့။ [ပြုသင့်ပါတယ်ဘုရား။]

သတ္တဝါဆိုတာ ကုသိုလ်ကံ, အကုသိုလ်ကံ နှစ်ပါးကြောင့် ဖြစ်လာကြ တဲ့ ခန္ဓာငါးပါး အစုအဝေးတွေပဲ။ သို့အတွက် လှချင်သော်လည်း လှစေတဲ့ အကြောင်းတရား မပါလျှင် မလှဘူး။ ချမ်းသာချင်သော်လည်း ချမ်းသာ စေနိုင်တဲ့ အကြောင်းတရား ကံမပါလျှင် မချမ်းသာဘူး။ အသက် ရှည်ချင် သော်လည်း အသက်ကိုရှည်စေနိုင်တဲ့ အကြောင်း တရား မပါလျှင် မရှည် ဘူး။ ဘုန်းကြီးချင်သော်လည်း ဘုန်းကြီးစေနိုင်တဲ့ အကြောင်း တရား မပါ လျှင် မကြီးနိုင်ဘူး။ လှစေနိုင်တဲ့ အကြောင်း တရားပါမှ လှနိုင်တယ်။ ချမ်း သာစေနိုင်တဲ့ အကြောင်းတရားပါမှ ချမ်းသာတယ်။ အသက်ရှည်စေ နိုင်တဲ့ အကြောင်းတရားပါမှ အသက်ရှည်နိုင်တယ်။ ဘုန်းကြီးစေနိုင်တဲ့ အကြောင်း တရားပါမှ ဘုန်းကြီးတယ်။ အကြောင်း တရား ပြုပြင်သလို ဖြစ်ရ သော ကြောင့် မြတ်စွာဘုရားက အနတ္တလို့ ဟောတော်မူတာပေါ့။ ရူပက္ခန္ဓာကို ပြုပြင်တဲ့အကြောင်းတရားက ကံ,စိတ်,ဥတု,အဟာရ။ နာမက္ခန္ဓာ လေးပါး ကို ပြုပြင်တဲ့ အကြောင်းတရား လေးပါးက အာရုံဒွါရတို့၏ ပေါင်းဆုံခြင်း ဖဿဖြစ်တယ်။ ဒါကြောင့် မြတ်စွာဘုရားက အောက်ပါဂါထာကို ဟော တော်မူတယ်။

အနတ္တ မေ ပဉ္စက္ခန္ဓာ၊ ကသံပူရိဝ ရိတ္တကာ။
တုစ္ဆာ ဒဗ္ဗနသာယာဝ၊ သညာ ပက္ခိပတောယထာ။

ဣမေပဉ္စက္ခန္ဓာ၊ ဤခန္ဓာငါးပါး ရုပ်နာမ်တရားတို့သည်။ အနတ္တာ၊ မရင့် စေလို့, မအိုစေပါ, မနာ စေပါ, မသေ ပါကြောင်း ဆုမွန် တောင်း လည်း တောင်းတိုင်းမရ တ,တိုင်းမမြင် ထင်တိုင်းမပေါက် အလျောက်ဘာ သာ အာဏာဘုရင် ကြောင်းလေးအင်တို့ စီရင်လေသမျှ ဖြစ်ပေါ်ရသော အနတ္တတရား တို့သာလျှင်တည်း။ ကသံပူရိဝ၊ လုံးဝန်းသဏ္ဍာန် တကယ်ဟန် ဖြင့် ပေါ်ယံပြည့်တင်း ဖြူရောင်ဝင်းလျက် အတွင်းပတ်လည် အဆီသွေး

သား လွန်ခေါင်းပါးသည့် ယောက်သွားခရုတွေကဲ့သို့။ ရိတ္တကာ၊ ပြင်ပန်း၌သာ ထယ်ဝါကြီးမား အနေကြွားလည်း တွင်းသားခံတ်စစ် ရှာဖွေလှစ်မူ အနှစ်သာရ ဟူသမျှတို့ မူစမယှဉ် အစဉ် ဆိတ်ကင်းသော တရားတို့သာ လျှင်တည်း။ ဒဗ္ဗနဆာယာဝ၊ သွားဟန်လာဟန် ပြုံးရယ်ဟန်ဖြင့် သဏ္ဍာန်တူစွာ မြင်ရပါလည်း စမ်းကာမတွေ့ ခေါ်၍မထူး ဦးလည်းမညိတ် ခေတ်ရုပ်ပုံ မှန်ထင်ရိပ်ကဲ့သို့။ တုစ္ဆာ၊ သူယောင်ငါယောင် ဟန်ဆောင် သည့်နှယ် ပြင်ကထယ်လည်း တကယ်ဆတ်ဆတ် အတွင်းခေတ်၌ ကောင်းမြတ်ချမ်းသာ မင်္ဂလာသုခ ဟူသမျှကို မူစမနိုး အချည်းနှီးသော တရား တို့ သာ လျှင်တည်း။ ပက္ခိပတောယထာ၊ ဘေးဒဏ်ရန်မာန် အန္တရာယ်ခပင်း တွေ့ကြုံလျှင်းက မှီတင်းဖို့ရာ မကွယ်ကာပဲ ခိုရာမဲ့ထီး ကောင်းကင်ကြီးကဲ့သို့။ သုညာ၊ ကိုးရာကွယ်ရာ အားထားရာမျိုး တစိုးတစိ မရှိလုံးလုံး အစွမ်းတုံးသဖြင့် အသုံးမကျသော တရားတို့သာလျှင်တည်း။ ။

သာစု၊ သာစု၊ သာစု။

ရူပက္ခန္ဓာကို ဖြစ်စေတဲ့အကြောင်းတရားက ကံ, စိတ်, ဥတု, အဟာရ တို့ ဖြစ်တယ်။ မျက်စိအကြည်ခေါ် စက္ခုပသာဒ, နား အကြည်ခေါ် သောတ ပသာဒ, နှာခေါင်း အကြည်ခေါ် ဃာနပသာဒ, လျှာအကြည်ခေါ် ဇိဝှါ ပသာဒ, ကိုယ်အကြည်ခေါ် ကာယပသာဒ, ဣတ္ထိဘာဝ ပုမ္ဘာဝ ရုပ်တို့ဟာ ကံကြောင့်ဖြစ်သော ရုပ်များ ဖြစ်ကြတယ်။ မျက်ပေါက် ကျဉ်းနေတဲ့ လူတယောက်ကို သမင်ပျို မျက်လုံးကလေးလို လှအောင်လုပ်မယ်ဆိုပြီး စိတ်ဖြင့်လည်းကောင်း, ဥတုဖြင့်လည်းကောင်း, အဟာရဖြင့်လည်းကောင်း ပြုပြင်လို့ရပါ့မလား မောင်စိန်ရဲ့။ [မရပါဘုရား။] ဘယ်ရမလဲ၊ ကံလုပ်ထားတဲ့ ပုံစံကိုးကွဲ့။ ယောကျ်ားကို မိန်းမဖြစ်အောင် လုပ်မယ်ဆိုပြီး စိတ်ဖြင့်လည်း ကောင်း, ဥတုဖြင့်လည်းကောင်း, အဟာရဖြင့်လည်းကောင်း ပြုပြင်လို့ရပါ မလား။ [မရပါဘုရား။] ဘယ်ရမလဲ၊ ကံကြောင့်ဖြစ်တဲ့ ရုပ်ကိုးကွဲ့။

ဒေါသဖြစ်တဲ့အခါ မျက်နှာကြီးဟာ ကြောက်စရာ မကောင်းပါလား။ [ကြောက်စရာ ကောင်းပါတယ်ဘုရား။] ကြောက် စရာ ကောင်းတဲ့ စိတ်ကြောင့် ကြောက်စရာကောင်းတဲ့ရုပ်ဖြစ်တာပေါ့။ စိတ်ကြည်ရွှင်တဲ့အခါ မျက်နှာဟာ မကြည်ရွှင်ဘူးလား။ [ကြည်ရွှင်ပါတယ်ဘုရား။] အဲဒီရုပ်တွေဟာ စိတ်ကြောင့်ဖြစ်တဲ့ ရုပ်တွေပဲ။

ဆောင်းဥတု အအေးဓာတ်နှင့် တွေ့တဲ့အခါ အသားတွေဟာ ကြမ်းပြီး ပပ်ကြားကလေးတွေ အက်ကွဲကာ မနေဘူးလား။ [နေပါတယ်ဘုရား။] နွေဥတုရောက်၍ အပူဓာတ်နှင့်တွေ့တဲ့အခါ အသားကလေး တွေဟာ နူပြီး ချွေးတွေစိုလျက် မနေဘူးလား။ [နေပါတယ်ဘုရား။] အဲဒါ ဥတုကြောင့် ဖြစ်တဲ့ရုပ်ပဲ။

ထမင်းမစားမီက ခါးချိပြီးပြော့နေရာ ထမင်းစားလိုက်တော့ အားပြည့်ပြီး တောင့်တင်း၍မလာဘူးလား။ [လာပါတယ် ဘုရား။] အဲဒါ အဟာရကြောင့် ဖြစ်သောရုပ်ပဲကွဲ့။ အဲဒီလို ရူပက္ခန္ဓာကို ဖြစ်စေတဲ့ အကြောင်းဟာ လေးပါးရှိတယ်။ ထိုလေးပါးကြောင့် ရူပက္ခန္ဓာဖြစ်ရတယ်ဆိုတော့ ရူပက္ခန္ဓာကို စိုးသူ, ပိုင်သူ, အမိန့်ပေးနိုင်သူ မရှိဘူးပေါ့၊ မရှိလို့လဲ အိုရ, နာရ, သေရ တာပဲ။ ဒါကြောင့် အနတ္တလို့ မြတ်စွာဘုရားက ဟောတော်မူတယ်။ [မှန်ပါ ဘုရား။]

အာရုံနှင့်ဒွါရ ပေါင်းဆုံမိခြင်းဟု ဆိုအပ်သော ဖဿမဖြစ်ပါပဲနှင့် အာရုံ၏အရသာကို ခံစားမှုဝေဒနာ ဖြစ်နိုင်ပါမလား။ [မဖြစ်နိုင်ပါဘုရား။] အာရုံနှင့်ဒွါရ ပေါင်းဆုံမိခြင်း ဖဿဖြစ်မှ အာရုံ၏အရသာကို ခံစားမှု ဝေဒနာဖြစ်ပေါ်လာတယ်။ သို့အတွက် ဝေဒနာကိုလဲ စိုးသူ, ပိုင်သူ, အမိန့်ပေး နိုင်သူမရှိဘူး။ ဒါကြောင့် ဝေဒနက္ခန္ဓာကိုလဲ အနတ္တလို့ မြတ်စွာဘုရားဟော တော်မူတယ်။ [မှန်ပါဘုရား။]

အာရုံနှင့်ဒွါရ ပေါင်းဆုံမိခြင်း ဖဿမဖြစ်ပဲ အာရုံကိုမှတ်သားမှု သညာ ဖြစ်နိုင်ပါမလား။ [မဖြစ်နိုင်ပါဘုရား။] အာရုံဒွါရပေါင်းဆုံခြင်း ဖဿဖြစ်မှ အာရုံကိုမှတ်သားမှုသညာ ဖြစ်နိုင်တယ်။ သို့အတွက် သညာကို စိုးသူပိုင်သူ အမိန့်ပေးနိုင်သူ မရှိဘူး။ မရှိသောကြောင့် အနတ္တလို့ ဟောတော် မူတယ်။ [မှန်ပါဘုရား။]

အာရုံဒွါရ ပေါင်းဆုံမိခြင်း ဖဿမဖြစ်ပဲနှင့် စေတနာလဲ မဖြစ်နိုင်ဘူး။ အာရုံဒွါရပေါင်းဆုံမိခြင်း ဖဿဖြစ်မှသာ စေတနာလဲဖြစ်နိုင်တယ်။ သို့အတွက် စေတနာကို စိုးသူပိုင်သူ အမိန့်ပေးနိုင်သူ မရှိဘူး။ မရှိသောကြောင့် အနတ္တလို့ ဟောတော်မူတယ်။ [မှန်ပါဘုရား။]

အာရုံနှင့်ဒွါရ ပေါင်းဆုံမိခြင်းဖဿမဖြစ်ပဲနှင့်အာရုံကိုသိမှု ဝိညာဏ်မဖြစ် နိုင်ဘူး။ အာရုံဒွါရ ပေါင်းဆုံမိခြင်း ဖဿဖြစ်မှသာ အာရုံကိုသိမှု ဝိညာဏ်

ဖြစ်နိုင်တယ်။ သို့အတွက် ဝိညာဏ်ကို စိုးသူပိုင်သူ အမိန့်ပေးနိုင်သူ မရှိဘူး။ မရှိသောကြောင့် အနတ္တလို့ ဟောတော်မူတယ်။ [မှန်ပါဘုရား။]

မောင်စိန်ရေ ကောက်ရိုးကို လောင်တဲ့မီးဟာ ကောက်ရိုးကုန်ယင် မငြိမ်းဘူးလား။ [ငြိမ်းပါတယ်ဘုရား။] အဲဒီလိုပဲ၊ အကြောင်းတရားကြောင့် ဖြစ်လာတဲ့ ခန္ဓာငါးပါးသည် အကြောင်းတရားချုပ်ယင် တားမရ၊ ချုပ်ရတာပဲ။ ဒီတော့ ဖြစ်ယင်ပျက်တဲ့အမျိုးဆိုတာ မထင်ရှားပါလား။ [ထင်ရှားပါတယ်ဘုရား။]

အဲဒီလို ဖြစ်သမျှပျက်မှာပဲလို့ ကိုယ်ပိုင်ဉာဏ်နှင့် သိတာဟာ ဒုက္ခသစ္စာကို ပိုင်းခြား၍ သိတော့တာပေါ့။ ဒုက္ခသစ္စာကို ပိုင်းခြား၍သိလျှင် တသံသရာလုံးက ခန္ဓာကိုယ်မှာ အလွန်ခိုင်မာတဲ့ မပျက်နိုင်တဲ့အတ္တခေါ် အသက်လိပ်ပြာရှိတယ်လို့ ထင်ပြီး စွဲလမ်းနေတဲ့ သမုဒယသစ္စာသည် ချုပ်ပျောက်သွားတော့တာပဲ။ သမုဒယသစ္စာ ချုပ်သွားယင် ချုပ်ရာနိရောဓ သစ္စာကို ကိုယ်တိုင်တွေ့၍ မျက်မှောက်ပြုရတော့ တာပေါ့။

မျက်မှောက်ပြုတဲ့ဉာဏ်ဟာ မဂ္ဂသစ္စာပဲ။ သစ္စာလေးပါးကို သိမှုကိစ္စ ပြီးစီးသွားတော့ တာပေါ့။ သစ္စာလေးပါးကိုသိယင် သစ္စာလေးပါးကို ဖုံးကွယ်သော အဝိဇ္ဇာသေတယ်။ အဝိဇ္ဇာသေယင် သင်္ခါရသေတယ်။ သင်္ခါရသေယင် ဝိညာဏ်သေတယ်။ ဝိညာဏ်သေယင် နာမ်ရုပ်သေတယ်။ နာမ်ရုပ် သေယင် သဠာယတနသေတယ်။ သဠာယတနသေယင် ဖဿသေတယ်။ ဖဿသေယင် ဝေဒနာသေတယ်။ ဝေဒနာသေယင် တဏှာသေတယ်။ တဏှာ သေယင် ဥပါဒါန်သေတယ်။ ဥပါဒါန်သေယင် ဘဝသေတယ်။ ဘဝသေယင် ဇာတိသေတယ်။ ဇာတိသေယင် ဇရာမရဏ သောက, ပရိဒေဝ, ဒုက္ခ, ဒေါမနဿ, ဥပါယာသတို့ သေ၍ ဒုက္ခခပ်သိမ်း ချုပ်ပြတ်ငြိမ်း တော့တာပဲ။ ဝဋ်ဆင်းရဲ သံသရာက ထွက်မြောက်ရပါတော့တယ်။

ဒါကြောင့် ယခုပြုကြသော ဒါနမှု, သီလမှု, ဘာဝနာမှုဟု ဆိုအပ်သော ကောင်းမှုကုသိုလ် ဇောထိုထိုကြောင့် ပြုပြင်၍ ဖြစ်သမျှသော သင်္ခါရတရား မှန်ယင် ပျက်ခြင်းနှင့်လက်စသတ်ရသော တရားတွေ ပါကလားဟု ဒုက္ခသစ္စာကို ပိုင်းခြား၍ သိပြီးလျှင် သမုဒယသစ္စာ ကင်းပြတ်၍ ကင်းပြတ်ရာ နိရောဓသစ္စာကိုမဂ္ဂသစ္စာဖြင့် မျက်မှောက်ပြုနိုင် ကြပါစေကုန်သတည်း။

သာဓု၊ သာဓု၊ သာဓု။

"ဒါနကထာ ဟောစရာ" တရားတော်ပြီး၏။

## "သီလကထာ ကျင့်စရာ"

စန္ဒနံ တဂရံ ဝါပိ၊ ဥပ္ပလံ အထ ဝဿိကီ။
ဧတေသံ ဂန္ဓဇာတာနံ၊ သီလဂန္ဓော အနုတ္တရော၊

စန္ဒနံ၊ မွှေးကြိုင် ပျံ့ပြူး ရနံ့ထူးသည့် စန္ဒကူးအနံ့သည်လည်းကောင်း။ တဂရံ ဝါပိ၊ မွှေးကြိုင်သင်းပျံ့ တောင်ဇလပ်ပန်း၏အနံ့သည် လည်းကောင်း။ အထ၊ ထိုမှတပါး။ ဥပ္ပလံဝါ၊ သင်းသင်းကြူကြူ လူတိုင်းရှူလိုသော ကြာညိုပန်း၏အနံ့သည်လည်းကောင်း။ ဝဿိကီဝါ၊ ပန်းတကာတို့ ဆလံပေးရအောင် ရနံ့မွှေးသော မြတ်လေး ပန်း၏ အနံ့သည် လည်းကောင်း။ အတ္တိသန္တိ၊ လောကတလွှားတွင် အထင်အရှား ရှိကြလေကုန်၏။ ဧတေသံ ဂန္ဓဇာတာနံ၊ ထိုဆိုခဲ့ပြီးသော ရနံ့မျိုးတို့ထက်။ သီလဂန္ဓော၊ သီလ၏ အနံ့သည်။ အနုတ္တရော၊ အတုမရှိ လွန်ကဲ၍ အထူးပဲ မြတ်လှပေတော့သတည်း။

သာဓု၊ သာဓု၊ သာဓု။

မောင်စိန်ရေ.... ယနေ့တော့ "သီလတရား"ကို ဟောရလိမ့်မယ်ကွဲ့။ [ဟောတော်မူပါဘုရား]

လောကမှာ စန္ဒကူးအနံ့တို့, တောင်ဇလပ်ပန်းအနံ့တို့, ကြာပန်း အနံ့တို့, မြတ်လေး,စပယ်, ကြက်ရုန်းတို့၏ အနံ့ဟာ အလွန်တရာ မွှေးကြိုင် သင်းပျံ့ပေမယ့် လေအကြေသို့သာ သင်းပျံ့နိုင်တယ်၊ လေညာသို့ ဆန်ပြီး မသင်းပျံ့နိုင်ပါဘူး။ သီလ၏ဂုဏ်သတင်း ရနံ့ကတော့ လေကြေ လေညာ အထက်အောက် ဝဲယာ အရပ်ဆယ်မျက်နှာသို့ သင်းပျံ့နိုင်တယ်။ ဥပမာ ရှာတာရှာ

မှာ လူတယောက်ဟာ ငါးပါးသီလလုံခြုံတယ်ဆိုယင် ထိုလူကို ရှာသူရှာသား တွေ ချစ်ကြတယ်၊ ကြည်ညိုကြတယ်၊ လေးစားကြတယ်။ သူ၏ဂုဏ်သတင်း ကို လူချင်းဆောင်သွားလိုက်တာ ဝန်းကျင်ဒိသာ ရပ်ဆယ်မျက်နှာသို့ ပြန့် သွားတာပဲ မောင်စိန်ရဲ့။ [မှန်ပါဘုရား။]

မြတ်စွာဘုရားကလဲ သီလအကျိုးငါးပါးကို ဟောကြားခဲ့တယ်။

၁။ သီလလုံခြုံသောသူသည် မမေ့လျော့ခြင်းကြောင့် များစွာ သောဥစ္စာတို့ကို ရခြင်းတပါး။

၂။ ကောင်းသောသတင်း ပြန့်နှံ့ခြင်းလည်းတပါး။

၃။ ပရိသတ်သို့ဝင်သောအခါ ရဲရဲဝံ့ဝံ့ ကြည်ကြည်လင်လင် ဝင်ရ ခြင်းလည်းတပါး။

၄။ မတွေမဝေ သေရခြင်းလည်းတပါး။

၅။ သေပြီးသည်နောက် နတ်ပြည်သို့ရောက်ရခြင်းလည်းတပါး။

အဲဒီအကျိုးငါးပါးကို ဟောခဲ့တယ်။ ဒါပဲလားဆိုတော့ အများကြီးရှိ ပါသေးတယ်။ လုံခြုံခြင်း၏အကျိုး ငါးပါးရှိလျှင် မလုံခြုံခြင်း၏ အပြစ် လည်း ငါးပါးရှိတာပေါ့။ ဘယ်ဟာတွေလဲဆိုတော့....

၁။ သီလမလုံခြုံတော့ မေ့လျော့တယ်၊ မေ့လျော့တော့ ပစ္စည်း ဥစ္စာဆုံးရှုံးခြင်းတပါး။

၂။ မကောင်းသောသတင်း ပြန့်နှံ့ခြင်းလည်းတပါး။

၃။ ပရိသတ်သို့ဝင်တဲ့အခါ မျက်နှာ မသာမယာနှင့် ဝင်ရခြင်း လည်းတပါး။

၄။ တွေတွေဝေဝေ သေရခြင်းလည်းတပါး။

၅။ သေပြီးသည်နောက် အပါယ်လေးပါးသို့ ကျရောက်ရခြင်း လည်းတပါး ပေါ့။

နိဗ္ဗာန်သို့သွားတယ် ဆိုတာ သိက္ခာသုံးပါး အကျင့်တရားဖြင့် သွားကြရ တယ်။ သီလသိက္ခာရှိမှ သမာဓိသိက္ခာဖြစ်တယ်။ သမာဓိ သိက္ခာရှိမှ ပညာ သိက္ခာဖြစ်တယ်။ ပညာသိက္ခာရှိမှ နိဗ္ဗာန်ကိုရတယ်။ ဘာလဲဆိုတော့ သီလ လုံခြုံသည့်အတွက် ကုက္ကုစ္စမဖြစ်ဘူး။ မိမိကိုယ်ကို မိမိမစွပ်စွဲဘူး။ စိတ်ရွှင် လန်းတယ်။ စိတ်ရွှင်လန်း သည့်အတွက် ပီတိဖြစ်တယ်။ ပီတိဖြစ်တော့ သုခ

ဖြစ်တယ်။သုခဖြစ်တော့စိတ်တည်ကြည်၍ သမာဓိဖြစ်တယ်။ သမာဓိဖြစ်တော့ ယထာဘူတဉာဏ်ဖြစ်တယ်။ယထာဘူတ ဉာဏ်ဖြစ်တော့ အမှန်မြင်တဲ့ သမာဒိဋ္ဌိ ဖြစ်တယ်။အမှန်မြင်တော့ ငြီးငွေ့တယ်။ ငြီးငွေ့တော့ သမုဒယ သစ္စာ ချုပ်တယ်။ သမုဒယသစ္စာ ချုပ်တော့ ချုပ်ရာဖြစ်တဲ့ နိရောဓသစ္စာ နိဗ္ဗာန်ကို မျက်မှောက်ပြုရတယ်။ ဒါကြောင့် သီလသည် နိဗ္ဗာန်၏တံခါး ပေါက်လို့ ဟောခဲ့တာပေါ့။

သဂ္ဂါရောဟဏသောပါနံ၊ အညံ သီလသမံ ကုတော။
ဒွါရံဝါပန နိဗ္ဗာန၊ နဂရဿ ပဝေသနေ။

ဘိက္ခဝေ၊ သံသရာဘေး လာမည့်ရေးကို မျှော်တွေးကြောက်ငြား အို.... ချစ်သားတို့။ အညံ၊ သီလမှ တပါးသော။ သီလသမံ၊ သီလနှင့် တူသော။ သဂ္ဂါရောဟဏသောပါနံ၊ နတ်ပြည် ရောက်ကြောင်း စောင်းတန်း လှေခါးသည်။ ကုတောအတ္ထိ၊ ဘယ်မှာရှိချေပါအံ့နည်း။ နိဗ္ဗာန နဂရဿ၊ မီးဆဲ့တသီး ငြိမ်းပြီးရာမှန် ပြည်နိဗ္ဗာန်သို့။ ပဝေသနေ၊ ဝင်ခြင်းငှာ။ သီလသမံ၊ သီလနှင့်တူသော။ ဒွါရံဝါပန၊ တံခါးသည်ကား။ ကုတောအတ္ထိ၊ လောကတခွင်မှာ ရှာချင်သလို ရှာကြပေတော့ မတွေ့ရှိုးကောန် အမှန်ပင်သာလျှင်တည်း။

သာဓု၊ သာဓု၊ သာဓု။

မောင်စိန်ရေ....မင်းတို့အရပ်မှာ ရုပ်ချောပြီး သီလမရှိသူတယောက်, ရုပ်မလှသော်လဲ သီလမြဲသူတယောက် ၎င်းတို့နှစ်ယောက် ရှိခဲ့လျှင် ဘယ်သူ့ကို မင်းချစ်သလဲ။ [ရုပ်မလှသော်လဲ သီလမြဲသူကိုချစ်ပါတယ်ဘုရား။] မင်းသာမဟုတ်။ နတ်တွေလဲ သီလ ရှိတဲ့သူကို အထူးချစ်ကြတယ်။ ကြည့်ပါလား၊ သိကြားမင်းလင်မယား လူမွဲယောင်ဆောင်ပြီး ရှင်မဟာကဿပကြီးကို ဆွမ်းလောင်းလာတယ် မဟုတ်လား။ [ဟုတ်ပါတယ်ဘုရား။]

အဲဒါ ရှင်မဟာကဿပကြီးဟာ အခြား ရဟန်းတို့ထက် သီလလွန်ကဲလို့ သိကြားမင်းက ကြည်ညိုတာပေါ့။ မြတ်စွာဘုရား ပရိနိဗ္ဗာန် စံပြီးနောက် အလောင်းတော်ကို ရှင်မဟာကဿပ မလာမီ လူတွေက မီးရှို့ကြတော့ နတ်တွေက "တို့ကိုယ်တော်ကြီး မရောက်လာပဲနှင့် မလောင်စေရဘူး" လို့ မီးတွေကို ငြိမ်းပစ်နေတော့ ရှို့လို့မရဘူး။မီးရှို့လို့ မရတဲ့အကြောင်းကို လူတွေက

ရှင်အနုရုဒ္ဓါကို လျှောက်ကြားတဲ့အခါရှင်အနုရုဒ္ဓါက"ဒကာတို့၊ မရှိ့ကြနဲ့အုံး၊ နတ်တွေက သူတို့၏ အရှင်မဟာကဿပ မရောက်ခင် မီးမလောင်စေချင်ဘူး၊ သို့အတွက် နတ်တွေက မီးကို ငြိမ်းသတ်နေတယ်" လို့ ပြောတော့မှ မရှိ့ပဲ ရှင်မဟာကဿပ ရောက်အောင် စောင့်ကြရတယ်။အဲဒီလို နတ်တွေ ရှင်မဟာ ကဿပကြီးကို ကြည်ညိုတယ်ဆိုတာ ဒိပြင် ရဟန်းတွေထက် ရှင်မဟာကဿပက သီလသာလို့ ကြည်ညိုတာပဲ။ ဒါကြောင့် သီလဟာ ပီယဆေးကြီးပဲ့ကွဲ့ မောင်စိန်ရဲ့။ [မှန်ပါဘုရား။]

ပြီးတော့ သီလဟာ ဣစ္ဆာသယ ပတ္တမြားလုံးနှင့်လဲတူတယ်။ တူပုံကို ပြောရအုံးမယ်။ ဘုရားအလောင်းဟာ ငါးရံ့မျိုးမှာ ဖြစ်၍ တခုသောရေအိုင်ကြီးမှာနေတယ်။ သိတတ်သောအရွယ်ကစပြီး ရေညှိကိုသာစားတယ်။အခြားသတ္တဝါကို မစားဘူး။ ပါဏာတိပါတ လုံးခြုံတယ်။

အဲဒီလိုနဲ့ နေလာခဲ့ရာ တခုသောနှစ်သို့ ရောက်တော့ မိုးတွေခေါင်ပြီး ရေအိုင်ကြီးက ရေတွေခန်းကုန်တယ်။ ရေမရှိတော့ ကျီးကန်းတွေ, ဗျိုင်းတွေ, ခွေးတွေ,စွန်တွေက ငါးတွေကို အလွယ်တကူ ဖမ်းယူပြီး စားကြတာပေါ့။ အဲဒီလို စားကုန်ကြတော့ ဆွေတွေမျိုးတွေဟာ အော်ယင်းဟစ်ယင်းနဲ့ အသက်ကုန်ကြရတယ်။ ဆွေတွေမျိုးတွေ သေကြေပျက်စီးတာကို ဘုရားအလောင်း မြင်ရတော့ အလွန်တရာ အသဲနာပြီး ဘယ်သူကယ်နိုင်ပါမလဲလို့ ကြည့်ပြန်တော့လဲ ကယ်နိုင်မည့်သူကို မမြင်ဘူး။ ငါ၏ သီလကလွဲလို့ ကယ်နိုင်သူ မရှိဘူး၊ သီလသာအားကိုးရပါကလားလို့ မိမိ၏သီလကို ဆင်ခြင်ကာ သစ္စာဆိုတယ်။

"ငါသည် သိတတ်သော အရွယ်မှစ၍ သူတပါးအသက်ကို မသတ်ပါ၊ ရေညှိကိုသာစား၍ ကြီးပွားခဲ့ပါ၏။ ဤ သစ္စာစကားသည် မှန်၏၊ ဤသစ္စာကြောင့် မိုးသည် ရွာပါစေသတည်း"လို့ သစ္စာဆိုလိုက်တဲ့အခါ ကောင်းကင်တခုလုံး မိုးသားမိုးတိမ်တွေဖုံးပြီး ထစ်ခြုံးကာ မိုးကြီးရွာချသဖြင့် တပြည်လုံး မိုးရေတွေပြည့်လျှံ၍ သွားသတဲ့။ ကဲ....မောင်စိန်ရေ၊ သီလဟာ လိုလျှင်ရ, တလျှင်ဖြစ်တဲ့ ပတ္တမြားနှင့် မတူပါလား။ [တူပါတယ်ဘုရား။]

အဲဒီသီလသည် ဝဋ္ဋသီလ, ဝိဝဋ္ဋသီလဟု နှစ်မျိုးရှိတယ်။ လောကဉ္စလူမင်းစည်းစိမ်, နတ်မင်းစည်းစိမ်ကို တမ်းတပြီး စောင့်ထိန်းတဲ့ သီလကို ဝဋ္ဋသီလ

ဟုခေါ်တယ်။ တဏှာ၏ ကျွန်အဖြစ်မှ မလွတ်မြောက်သောကြောင့် ယုတ်ညံ့တယ်။ ခန္ဓာငါးပါး ရုပ်နာမ်တရားတို့၏ အနိစ္စမမြဲမှု, ဒုက္ခဆင်းရဲမှု, အနတ္တအစိုးမရမှုကိုသိသဖြင့် ထိုအနိစ္စ, ဒုက္ခ, အနတ္တဖြစ်တဲ့ ခန္ဓာကိုယ်ကြီး အတွက် ပါဏာတိပါတကို မကျူးလွန်ချင်,အဒိန္နာဒါနကို မကျူးလွန်ချင်, ကာမေသုကိုမကျူးလွန်ချင်, မုသာဝါဒကို မကျူးလွန်ချင်, သုရာမေရယကို မကျူးလွန်ချင်သောကြောင့် သီလလုံခြုံပြီး နေတယ်။ အဲဒီ သီလကို ဝဋ္ဋသီလလို့ လဲခေါ်တယ်။ တဏှာ၏ကျွန်အဖြစ်မှ လွတ်မြောက်သောကြောင့် အရိယာတို့ နှစ်သက်ကြတယ်။ ဒါကြောင့် အရိယာကန္တသီလလို့ လဲခေါ်တယ်။ အဲဒီသီလဟာ မြင့်မြတ်တယ်။

ဝါရိတ္တသီလ, စာရိတ္တသီလ ဟုလဲ နှစ်မျိုးရှိသေးတယ်။ မြတ်စွာဘုရားက "ဤကာယကံမျိုးကို မပြုနှင့်, ဤဝစီကံမျိုးကိုမပြောနှင့် ဟု တားမြစ်သောသီလကို ဝါရိတ္တသီလ" ဟုခေါ်တယ်။ ဥပမာ ငါးပါးသီလပေါ့။ ငါးပါးသီလကို သီလမဆောက်တည်ပဲ ကျူးလွန်သည်ဖြစ်စေ, သီလဆောက်တည်ပြီးမှ ကျူးလွန်သည်ဖြစ်စေ အပြစ်ရှိတာပဲ။ အဲဒါကြောင့် မြတ်စွာဘုရားက တားမြစ်တော်မူတယ်။ မြတ်စွာဘုရားက "ဤအမှုကိုပြုလျှင် ကောင်းတယ်။ ဤစကားကိုပြောလျှင် ကောင်းတယ်ဟုချီးမွမ်းသော သီလကို စာရိတ္တသီလ" ဟုခေါ်တယ်။ ဥပမာ ရှစ်ပါးသီလ, ဆယ်ပါးသီလပေါ့။ လူများမှာ အဲဒီသီလကိုစောင့်လျှင် ကုသိုလ်ရတယ်၊ မစောင့်တာနှင့်တော့ အပြစ်မရှိပါဘူး။

ဓုတင် တစ်ဆယ့်သုံးပါးကို ကျင့်ခြင်း၊ လူကြီးမိဘ ဆရာ သမားတို့အား အရိုအသေပေးခြင်း၊ အမှုကြီးငယ်ကို ဆောင်ရွက်ခြင်း တို့ကိုလည်း အဘိသမာစာရိကသီလလို့ ခေါ်သေးတယ်။ ထို့ပြင် စူဠသီလ, မဇ္ဈိမသီလ, မဟာသီလဟု အခန်းကြီးသုံးခန်းဖွဲ့ပြီး သီလပေါင်း များစွာကို ဟောတော်မူသေးတယ်။ လူလဲ လူ၏သီလ, သာမဏေလဲ သာမဏေ၏သီလ, ရဟန်းလဲ ရဟန်း၏သီလ, သီလရှင်လဲ သီလရှင်၏ သီလကို လုံခြုံအောင် ထိန်းသိမ်းယင် ထိုသီလလုံခြုံသော ပုဂ္ဂိုလ်ကို လူရောနတ်ပါ ချီးမွမ်းကြတာပဲ။ ချစ်ခင်ကြတာပဲ။ ကိုယ်ကျင့် တရားဆိုတာ သတ္တဝါတိုင်းရှိသင့်တဲ့တရားပဲ။ ကိုယ်ကျင့် တရားပျက်လျှင် လောကအလယ်မှာ လူတကာတို့၏ အကဲ့ရဲ့ခံရပြီး ပျက်စီးခြင်းနှင့် လက်စသတ်ရတာပဲ။ ဥပမာ ကြက်ဟာလဲ အချိန်မှန်မှန်တွန်တဲ့ကြက်ကို လူတွေကချစ်ကြတယ်၊ မသတ်ကြဘူး။ မွေးထား ကြတယ်။ အချိန်မမှန်တဲ့ ကြက်ကခပ်မြန်

မြန်ဟင်းဖြစ်တာပဲ။ ဒါကြောင့် သီလရှိသည့်အတွက် လောကမှာ အထွတ်
အထိပ်သို့ရောက်သွားသော ဝတ္ထုကို ထုတ်ပြီး ဟောအုံးမယ်။

ရှေးတုန်းက ဗာရာဏသီပြည်ကြီးမှာ ဗြဟ္မဒတ်မင်းကြီး မင်းပြုတော်မူသ
တဲ့။ ထိုအချိန်အခါ၌ ဘုရားလောင်းဟာ ပုဏ္ဏားမျိုးမှာ ဖြစ်ရတယ်။ မိဘ
ကဆင်းရဲတော့ ဘုရားအလောင်းလဲ ဆင်းရဲသားကလေး ဖြစ်ရတာပေါ့။
သို့သော်လဲ အရွယ်ရောက်၍ သိတတ်တဲ့အခါ ဆင်ခြင်တယ်။ ဘယ်လို ဆင်ခြင်
သလဲဆိုတော့ မိမိကိုသတ်တာကို မပြောနဲ့၊ ဆဲတာဆိုတာကိုတောင် မခံချင်
ဘူး။ ဒီတော့ သူတပါးတွေလဲ ဘယ်မှာနှိပ်စက် ညှဉ်းပန်းတာကို ကြိုက်မလဲ၊
မနိုင်လို့သာ ခံကြရတာပဲ။ သို့အတွက် ငါသည် သူတပါးကို မသတ်အံ့လို့
ဆင်ခြင်၍ ဆောက်တည်တယ်။

ငါ၏ဥစ္စာကို ခိုးတာကို မခံချင်သလို သူတပါးတွေလဲ ဘယ်မှာခိုးတာကို
ကြိုက်မလဲ။ သို့အတွက် ငါသည် သူတပါးဥစ္စာကို မခိုးအံ့လို့ ဆောက်တည်
တယ်။ ငါ၏ ဆွေမျိုးထဲက သမီးပျိုတွေကို ဖြစ်မှားတာကို မခံချင်သလို
သူတပါးတွေလဲ သူတို့၏သမီးတွေကို ဖြစ်မှားလျှင် မကြိုက်ပေဘူး၊ သို့အ
တွက် ငါသည် သူတပါး၏ သားမယားကို မကျူးလွန်အံ့လို့ ဆောက်တည်
တယ်။ ငါ့ကိုလိမ်လျှင် မကြိုက်သလို သူတပါးတွေလဲ ဘယ်ကြိုက်မလဲ။
သို့အတွက် ငါသည် သူတပါးအား မလိမ်အံ့လို့ ဆောက်တည်တယ်။ သေရည်
သေရက်သည် လူကောင်းကို အရူးဖြစ်စေတတ်သော အရည်ဖြစ်တယ်။ သို့အ
တွက် ငါသည် သေရည်သေရက်ကို မသောက်အံ့လို့ ဆောက်တည်တယ်။
သိတတ်သောအရွယ်ကစပြီး ငါးပါးသီလ လုံခြုံတယ်တဲ့။

ထိုဘုရားလောင်းဟာ ပညာသင်ကြားရမည့် အရွယ်သို့ ရောက်တဲ့အခါ
တက္ကသိုလ်ဆရာထံသွား၍ ပညာသင်ကြားတယ်။ တက္ကသိုလ်ဆရာထံမှာ
ပညာသင်ကြားတဲ့ ကျောင်းသားတို့ဟာ နှစ်မျိုးနှစ်စား ရှိတယ်။ ငွေကြေးခနေ
ပေးပြီး သင်ကြားတဲ့ ကျောင်းသားက နေ့အချိန်မှာ သင်ကြားရတယ်။ ငွေ
ကြေးခနေမပေးနိုင်တဲ့ ကျောင်းသားက နေ့အချိန်မှာ ဆရာကြီး၏ အိမ်မှာ
လုပ်စရာအလုပ်တွေကို လုပ်ပြီး ညအချိန်မှာ ပညာသင်ကြားရတယ်။ အဲဒီ
နှစ်မျိုးနှစ်စားတို့တွင် ဘုရားအလောင်းကတော့ မင်းညီမင်းသားလဲ မဟုတ်
အမတ်ပုရောဟိတ်တို့၏ သားလဲမဟုတ်၊ သဌေးသူကြွယ်၏ သားလဲ မဟုတ်၊
ဆင်းရဲသားဖြစ်တော့ ညကျောင်းသားပေါ့။ နေ့အခါ အိမ်မှာ လုပ်စရာတွေ
ကိုလုပ်ရတယ်တဲ့ မောင်စိန်ရဲ့။ [မှန်ပါဘုရား။]

ဒီတော့ ဘုရားလောင်းဟာ ကျောင်းသားအပေါင်းတို့တွင် အောက်တန်း အကျဆုံး ဖြစ်နေတာပေါ့။ အဲဒီလို ကျောင်းသားပေါင်း များစွာကို ပညာသင်ကြားပေးနေရာ ဆရာကြီး၏ သမီးကလေး တယောက်ကလဲ ၁၆ နှစ် သမီးအရွယ်သို့ ရောက်လာတယ်။ သမီးကလေးက ပင်ကိုယ်က လှရတဲ့အထဲ အရွယ်ရောက်လာတယ်ဆိုတော့ ပိုပြီးလှလာတာပေါ့။ လူမမှီနတ်တမျှ အလွန် လှပနေတော့ ကျောင်းသားတို့၏မျက်စိမှာ ကသိုဏ်းကွက်ကလေးလို ဖြစ်နေ တာပေါ့။ သို့သော်လည်း သမီးကလေးက ဣန္ဒြေရှင်ကလဲဖြစ်၊ ဆရာကြီး၏ အရှိန်အဝါကလဲကြီး လေတော့ ဘယ်သူမှ ချစ်တဲ့အရိပ်အရောင်ကို မပြရဲကြဘူး။ မိမိတို့၏ စိတ်ထဲမှာပဲ ချစ်စိတ်ကို မျိုသိပ်ထားကြရတယ်။ ရှေးတုန်းက တော့ သားဆိုဆို၊ သမီးဆိုဆို မိဘပေးစားတာကို ယူကြရတဲ့ခေတ်၊ ဂါရဝ တရား အားကောင်းတဲ့ခေတ်ပေါ့ကွဲ့ မောင်စိန်ရဲ့။ [မှန်ပါဘုရား။]

အဲဒီလို သမီးကလေး အရွယ်ရောက်လာတော့ ဆရာကြီးက စဉ်းစားတယ်။ "ဪ....ငါ၏သမီးလေးလဲ အရွယ်ရောက်ပြီ၊ သီးချိန်တန်လျှင်သီး၊ ပွင့်ချိန်တန်လျှင် ပွင့်ဖို့ရာ မိဘတို့၏ တာဝန်ဖြစ်တယ်၊ တပည့်တွေကလဲ များလိုက်တာ၊ ဘယ်သူ့ကို ပေးရပါလိမ့်၊ မင်းသားကိုပေးပြန်ယင်လဲ ကျန်တပည့်တွေက မျက်နှာကြီးရာ ဟင်းဖတ်ပါတယ်လို့ အောင့်မေ့ကြမယ်၊ ပုရောဟိတ်သားကို ပေးပြန်ယင်လဲ ဆရာကြီးဟာဂုဏ်မက်တယ်လို့ အောင့်မေ့ကြမယ်။ သဌေးသားကိုပေးပြန်ယင်လဲ ဆရာကြီးဟာ ငွေမက်တယ်လို့ အောင့်မေ့ကြမယ်၊မင်းသား၊ ပုရောဟိတ်သား၊ သဌေးသား ဆိုပေမယ့် ကိုယ်ကျင့်တရားမရှိယင် အလကားပဲ။ငါ့သမီးကလေး စိတ်ဆင်းရဲရုံပဲ ရှိမယ်။ဒီတော့ ကိုယ်ကျင့်တရားဘယ်သူ့ရှိတယ်ဆိုတာ စုံစမ်းပြီးမှ ပေးယင် အပြစ်တင်လဲ လွတ်မယ်၊ ငါ့သမီးကလေးလဲ စိတ်ချမ်းသာမယ်" အဲဒီလို အကြံဖြစ်ပြီး ကျောင်းသားတွေအားလုံးကို ခေါ်ပြီး ပြောတယ်တဲ့။

"ကိုင်း....ငါ့တပည့်တို့၊ ဆရာပြောစရာ တခုရှိတယ်၊ ငါ၏ သမီးကလေး အရွယ်ရောက်တာကို မင်းတို့လဲအမြင်ပဲ၊ ငါ့သမီး ကလေးကို မင်းတို့အထဲက တယောက်ယောက်နှင့် ပေးစားလိုက်ယင် ကျန်တပည့်တွေက ဆရာကြီးဟာ မျက်နှာလိုက်တယ်လို့ ထင်ချင်ထင်ကြမယ်၊ သို့အတွက် အဲဒီလို မထင်ကြရအောင် ငါ့သမီးနှင့်တော်တဲ့ အဝတ်အစားတခုကို သူ့အိမ်ငါ့အိမ်မှ ခိုးယူခဲ့ကြရမယ်၊ သူများမြင်စဉ်ယူခဲ့တာကို ငါမယူဘူး၊ ဘယ်သူမှ မမြင်အောင်ယူခဲ့၊ ဒါကိုမှငါယူမယ်၊ ငါ့သမီးအကြိုက်ဆုံး အဝတ်အစားကို ယူခဲ့သူအား

သမီးပေးမယ်”လို့ ကြေငြာလိုက်တယ်။ အဲဒီလို ကြေငြာလိုက်တော့ အရူးကိုဖုံနှင့်မြောက် ဆိုတာလိုဖြစ်ပြီး ကျောင်းသားတွေဟာ သူ့အိမ် ငါ့အိမ်သို့ ပြန်ပြီး အကောင်းဆုံးအဝတ်အစားကို ခိုးကြတာပေါ့။ ခိုးပြီး ဆရာကြီးကို လာပေးကြတယ်။ ဆရာကြီးကလဲ သူ့ပစ္စည်းငါ့ပစ္စည်း မမှား ရအောင် နာမည်ရေးထားပြီး ကောင်းမွန်စွာ သိမ်းထားတယ်။

ကျောင်းသားအားလုံး သူ့အိမ်ငါ့အိမ်မှ ပစ္စည်းခိုးကြသော်လဲ ဘုရားအလောင်းက စဉ်းစားတယ်၊ “ဆရာကြီးက ဘယ်သူမှ မမြင်စေဉ် ခိုးယူခဲ့တဲ့ ပစ္စည်းမှ လက်ခံမယ်တဲ့။ လူမမြင်အောင် ခိုးယူနိုင်ပေမယ့် နတ်က မြင်မှာပဲ။ မကောင်းမှုကိုပြုဖို့ရာ ဆိတ်ကွယ်ရာဆိုတာ ရှိတာမဟုတ်ဘူး။ မကောင်းမှု ဆိုတာ ဘယ်သူမှမမြင်ပေမယ့် မကောင်းကျိုးကိုပေးမှာပဲ။ ငါတော့ သူ့သမီးကို မရချင်နေပါစေ၊ မခိုးဘူး။”

အဲဒီလို စဉ်းစားဆုံးဖြတ်ပြီး မခိုးပဲနေတယ်။ ကျောင်းသားအားလုံး ပြန်ရောက်လာတဲ့အခါဘုရားလောင်းကိုခေါ်ပြီးမေးတယ်။“ငါ့တပည့်၊ကျောင်းသားအားလုံး တယောက်မကျန် အိမ်ကိုပြန်ပြီး သူ့အိမ်ငါ့အိမ်မှ ပစ္စည်းကို ခိုးပြီး ငါဆရာအား လာ၍ပေးကြတယ်။ မင်းကတော့ အိမ်ကိုလဲ မပြန် ခိုးလဲမခိုး ဘာသဘောလဲ၊ ငါ၏သမီးကို မရချင်လို့လား” အဲဒီလို ဆရာကမေးတော့ ဘုရားလောင်းက အောက်ပါဂါထာဖြင့် ဆရာအားပြန်ပြောတယ်။

နတ္ထိလောကေ ရဟောနာမ၊ ပါပကမ္မံ ပကြုဗ္ဗတော။
ပဿန္တိ ဝနဘူတာနိ၊ တံ ဗာလော မညတေ ရဟော။
အဟံ ရဟော နပဿာမိ၊ သုညံဝါပိ နဝိဇ္ဇတိ။
ယတ္ထ သုညံ နပဿာမိ၊ အသုညံ ဟောတိ တံ မယာ။

ဘောအာစရိယ၊အိုဆရာ။လောကေ၊လောကတခွင် ဘုံအပြင်၌။ပါပကမ္မံ၊ ယုတ်မာညစ်ကျူ မကောင်းမှုကို။ ပကြုဗ္ဗတော၊ ပြုသောသူအား။ ရဟောနာမ၊ ဆိတ်ကွယ်ရာမည်သည်။ နတ္ထိ၊ မုချပုံသေ မရှိလေ။ ဝနဘူတာနိ၊ တောတွင်ဖြစ်သော နတ်တို့သည်။ ပဿန္တိ၊ မြင်ကုန်၏။ တံ၊ ထိုမကောင်းမှုပြုခြင်းကို။ ဗာလော၊ လူမိုက်သည်။ မယာ၊ ငါသည်။ ရဟော၊ ဆိတ်ကွယ်ရာ၌။ ကတံ၊ ပြုအပ်ပြီဟူ၍။ မညတေ၊ အောင့်မေ့မှတ်ထင်၏။

ဘောအာစရိယ၊ အိုဆရာ။ အဟံ၊ ကျွန်တော်သည်။ ရဟော၊ မကောင်းမှု ပြုစရာ ဆိတ်ကွယ်ရာကို။ နပဿာမိ၊ မမြင်ပါ။ ယတ္ထ၊ အကြင်အရပ်၌။ သုညံ၊ သတ္တဝါတို့မှ ဆိတ်ခြင်းကို။ နပဿာမိ၊ မမြင်ပါ။ သုညံ၊ သတ္တဝါတို့မှ ဆိတ်သော အရပ်သည်လည်း။ နဝိဇ္ဇတိ၊ မုချပုံသေ မရှိလေ။ မယာ၊ ငါသည်။ ကတံ၊ ပြုအပ်သော။ တံ၊ ထိုမကောင်းမှုသည်။ အသုညံ၊ မဆိတ်သည်။ ဟောတိ၊ ကောင်းစွာမသေ့ ဖြစ်ချေတော့သည်တကား။

အမိပ္ပါယ်က.... အိုဆရာ၊ လောကကြီးမှာ မကောင်းမှုကို ပြုစရာ ဆိတ်ကွယ်ရာဆိုတာ မရှိပါဘူး၊ လူမမြင်သော်လည်း နတ်ကမြင်ပါတယ်၊ လူမိုက်တွေကတော့ ငါသည်ထိုမကောင်းမှုကို ဆိတ်ကွယ်ရာမှာပြုတာ၊ဘယ်သူမှမမြင်ဘူးလို့ ထင်ကြတာပဲ။ အိုဆရာ၊ ကျွန်တော်သည် သတ္တဝါတို့မှ ဆိတ်သော အရပ်ကို မမြင်ပါ၊ သတ္တဝါတို့မှ ဆိတ်သောအရပ်လဲ မရှိပါ။ လူမရှိပေမယ့် နတ်ကရှိပါတယ်၊ အဲဒါကြောင့် ကျွန်တော်သည် ပုထုဇဉ်ဖြစ်၍ ဆရာ့သမီးကို ရချင်ပေမယ့် မခိုးပါဘူးလို့ ဆရာအားပြန်ပြောတယ်တဲ့။

ဘုရားအလောင်း ပြောတဲ့စကားကို ဆရာကြီးကြားတော့ အလွန်ကြည်ညို ပြီး "အမောင်၊ ငါ၏အိမ်၌ဥစ္စာမရှိ၍မဟုတ်၊ ငါသည် ကား သီလနှင့်ပြည့်စုံသောသူအား သမီးကိုပေးအံ့ဟူ၍ လုလင်တို့ကိုစုံစမ်း လိုသောကြောင့် ဤကဲ့သို့ အခိုးခိုင်းတာပါ၊သင့်အား ငါ့သမီးနှင့်လျော်၏ဟု သမီးအား တန်းဆာဆင်စေ၍ ဘုရားလောင်းနှင့် ပေးစားတယ်။ ကြွင်းသော လုလင်တို့ကိုလည်း သင်တို့သည် မိမိယူခဲ့သောအဝတ်တန်းဆာတို့ကိုအိမ်သို့ပြန်ပို့ ကြကုန်လော့ဟု ပြောပြီး သူ့ပစ္စည်း ငါ့ပစ္စည်းကို ပြန်ပေး တယ်တဲ့ မောင်စိန်ရဲ့ [မှန်ပါ ဘုရား။]

ဒီဝတ္ထုမှာ ဘုရင်၏သား, ပုရောဟိတ်၏သား, သဌေးသားတွေက သမီး ကညာအလှကို မရပါပဲ ပစ္စည်းအမွဲဆုံး ဘုရား အလောင်း က သမီးကညာ အလှကို ရသွားတာဟာ သီလ၏ကျေးဇူးပဲ။ ဒါကြောင့် သီလများဟာ တကယ် အားကိုးစရာကောင်းတဲ့ တရားဖြစ်တယ်။ အဲဒီလို သမီးကညာကို ရ၍ ဆရာကြီး၏သားမက် ဖြစ်သွားတော့ ဆရာကြီးက "ကဲ....ငါ့သား၊ ဒီနေ့ ကစပြီး နောက်ရောက်လာတဲ့ တပည့်တွေကို မင်း စာပြရမယ်၊ မင်း၏မိဘ များကိုခေါ်ချေ၊ အိမ်တလုံးဆောက်ပေးမယ်၊ မင်းစာပြလို့ ရတဲ့ငွေကို မင်း၏ မိဘများကိုကျွေး၊ မင်းက ငါ့အိမ်မှာစား" ဆိုပြီးတော့ ဆရာကြီးနှင့် ဘုရား လောင်း ဆရာလုပ်ကြတယ်။

အချိန်ကြာ၍ ဆရာကြီးသေပြီးတဲ့နောက် ဘုရားလောင်းပဲ ဒိသာပါမောက္ခ ဆရာကြီးဖြစ်တယ်။ တော်တော် ကြာလာတော့ ဘုရားလောင်းဟာ ဇမ္ဗူဒိပ်ကျွန်းအပြင်မှာ ရှိတဲ့ ဘုရင်တို့၊ ပုရောဟိတ်တို့ သဌေးကြီးတို့၏ ဆရာတဆူ ဖြစ်ပြီး ဇမ္ဗူဒိပ် ကျွန်းသူ ကျွန်းသားတို့၏ အပူဇော်ခံပုဂ္ဂိုလ်ကြီး ဖြစ်လာတယ်။ အဲဒီလို အပူဇော်ခံပုဂ္ဂိုလ်ကြီး ဖြစ်လာရတာဟာ အကြောင်း ရင်းကို ရှာကြည့်ယင် သီလဖြစ်ကြောင်းတွေ့ရတယ်။ အဲဒီဝတ္ထုမှာ ဘုရားလောင်း၏ ဆရာကြီးက ရှင်သာရိပုတ္တရာ ဖြစ်တယ်။ ဘုရားလောင်းဟာ ဘုရားဖြစ်ပြီးတဲ့ နောက် ဒီဝတ္ထုကို ဟောပြီး အောက်ပါ ဂါထာကို ဟောတော်မူတယ် မောင်စိန်ရဲ့။ [မှန်ပါ၊အမိန့်ရှိပါဘုရား။]

ဒုဇ္ဇစ္စော စ သုဇစ္စော စ၊ နန္ဒော စ သုခဝစ္ဆိတော။
ဝဇ္ဈော စ အဒ္ဒ သီလော စ၊ တေ ဓမ္မံ ဇဟု မတ္ထိကာ။
ပြဟ္မဏော စ ကထံ ဇဟေ၊ သဗ္ဗဓမ္မာန ပါရဂူ။
ယောဓမ္မမနုပါလေတိ၊ ဓိတိမာ သစ္စနိက္ကမော။

ဒုဇ္ဇစ္စော စ၊ ဒုဇ္ဇစ္စ လုလင်သည်လည်းကောင်း။ သုဇစ္စော စ၊ သုဇစ္စ လုလင်သည်လည်းကောင်း။ နန္ဒော စ၊ နန္ဒလုလင်သည် လည်းကောင်း။ သုခဝစ္ဆိတော စ၊ သုခ ဝစ္ဆိတ လုလင် သည် လည်း ကောင်း။ ဝဇ္ဈော စ၊ ဝဇ္ဈ လုလင်သည်လည်းကောင်း။ အထ၊ ထို့မှို။ သီလော စ၊ သီလလုလင်သည် လည်းကောင်း။ တေ၊ ထိုခပ်သိမ်းသော လုလင်တို့သည်။ အတ္ထိကာ၊ မိန်းမ ဖြင့် အလိုရှိကြကုန်သည်ဖြစ်၍။ ဓမ္မံ၊ မိန်းမရခြင်း သဘောကို။ ဇဟုံ၊ စွန့်ကြ လေကုန်၏။

ယောပြဟ္မဏော၊ အကြင်သီလချစ်ခင် ပုဏ္ဏားလုလင်သည်။ သဗ္ဗဓမ္မာနံ၊ ခပ်သိမ်းသော သီလတရားတို့၏။ ပါရဂူ၊ ကမ်းတဘက်သို့ရောက်၍။ ဓမ္မံ၊ လူတို့ကျင့်အပ် သီလမြတ်ကို။ အနုပါလေတိ၊ ကောင်းစွာမသွေ စောင့် ရှောက်လေ၏။ ဓိတိမာ၊ တည်ကြည်ခြင်းရှိ၏။ သစ္စနိက္ကမော၊သစ္စာဝီရိယနှင့် ပြည့်စုံ၏။ သောပြဟ္မဏော၊ ထိုသီလချစ်ခင် ပုဏ္ဏားလုလင်သည်။ ကထံ၊အသို့ မူ၍။ ဓမ္မံ၊ မိန်းမရခြင်းသဘောရင်းကို။ ဇဟေ၊ အဘယ်မှာလျှင် စွန့်လွှတ် ချေတော့အံ့နည်း။

အဲဒီလို မြတ်စွာဘုရားက သီလကိုချီးကျူးပြီး၊ သီလရှိမှ သမာဓိဖြစ်တယ်။ သမာဓိရှိမှ ပညာဖြစ်နိုင်တယ်။ ပညာရှိမှ ဒုက္ခသစ္စာကိုပိုင်းခြား၍ သိနိုင်တယ်။

ဒုက္ခသစ္စာကို ပိုင်းခြား၍သိမှ သမုဒယသစ္စာ ကင်းပြတ်တယ်။ သမုဒယသစ္စာ ကင်းပြတ်မှ နိဗ္ဗာန်ကိုမဂ္ဂသစ္စာဖြင့် မျက်မှောက် ပြုနိုင်တယ်လို့သစ္စာ လေးပါးကိုဟောတော်မူလိုက်တော့ များစွာသော ရဟန်းတွေ အရဟတ္တဖိုလ်သို့ ရောက်ကြတယ်တဲ့ မောင်စိန်ရဲ့။ [ဝမ်းမြောက်စရာပါ ဘုရား။]

မြတ်စွာဘုရားဟာ သီလသိက္ခာ, သမာဓိသိက္ခာ, ပညာသိက္ခာ ဆိုတဲ့ သိက္ခာသုံးပါး မြတ်တရားကို ဘာပြုလို့ ဟောသလဲဆိုတော့ ကိလေသာသုံးမျိုးရှိတဲ့အတွက် ဟောတော်မူတယ်။ ကိလေသာသုံးမျိုးက အနုသယကိလေသာ, ပရိယုဋ္ဌာနကိလေသာ, ဝီတိက္ကမကိလေသာတို့ ဖြစ်တယ်။ အနုသယကိလေသာဆိုတာက ကိန်းနေတဲ့ ကိလေသာကို ခေါ်တယ်။ ကိန်းနေတယ်ဆိုတာ လောဘဖြစ်စရာအာရုံနှင့် မကြုံသေးခင် မရှိသကဲ့သို့ ဖြစ်နေတယ်၊ အာရုံနှင့်ကြုံမှဖြစ်လာတယ်။ သို့အတွက် အာရုံနှင့်ကြုံယင် ဖြစ်ဖို့ရန်ကိန်းနေတဲ့သဘောဟာ အနုသယကိလေသာပဲ။ မောင်စိန်ကို စိတ်ဆိုးအောင် ဘယ်သူကမှ မပြောမဆိုတော့ ယခုမင်းသန္တာန်မှာ ဒေါသရှိရဲ့လား။ [မရှိပါဘုရား။] ယခုမရှိပေမယ့် စိတ်ဆိုးစရာအာရုံနှင့် ကြုံတဲ့အခါ ဒေါသ ဖြစ်ပြီး မလာပါလား။ [ဖြစ်လာပါတယ် ဘုရား။]

အဲဒီလို စိတ်ဆိုးစရာအာရုံနှင့် ကြုံတဲ့အခါ ဒေါသဖြစ်လာတာဟာ အနုသယရှိနေလို့ဖြစ်လာတာ။ အနုသယမရှိယင် ဘယ်လိုပဲ အာရုံနှင့် ကြုံကြုံ မဖြစ်ဘူး။ မြတ်စွာဘုရား ကောသမ္ဗီပြည်ရောက်တော့ မာဂဏ္ဍီက အရက်သမားတွေကို ပိုက်ဆံပေးပြီး မြတ်စွာဘုရား ဆွမ်းခံဝင်တဲ့အခါ အဆဲ ခိုင်းတယ်။ အရက်သမားတွေကလဲ ခိုင်းတဲ့အတိုင်း ဆဲကြတယ်။ ဒီတော့ ရှင်အာနန္ဒာက စိတ်ဆိုးပြီး "မြတ်စွာဘုရား၊ ဒီကောသမ္ဗီပြည်က လူတွေဟာ အလွန် ရိုင်းတယ်၊ တခြားတိုင်းပြည်ကို သွားကြပါစို့"လို့ လျှောက်တယ်။ မြတ်စွာဘုရားက "ဘယ်တိုင်းပြည်ကို သွားမလဲ"လို့ မေးတယ်။ "ရာဇဂြိုဟ် ပြည်ကို သွားတာပေါ့"လို့ လျှောက်တယ်။ "ရာဇဂြိုဟ် ပြည်က အရက်သမားတွေက ဆဲယင် ဘယ်သွားမလဲ"လို့ မေးတယ်။ "သာဝတ္ထိပြည်ကို သွားတာပေါ့" လို့ လျှောက်တယ်။ "သာဝတ္ထိပြည်က ဆဲယင် ဘယ်သွားမလဲ" လို့ မေးတယ်။ "သက္ကတိုင်းကိုသွားတာပေါ့"လို့ လျှောက်တယ်။ "သက္က တိုင်းက ဆဲယင် ဘယ်သွားမလဲ"လို့ မေးတယ်။ "ဘဂ္ဂတိုင်းကို သွားတာပေါ့" လို့ လျှောက်တယ်။

ဒီတော့ မြတ်စွာဘုရားက "အာနန္ဒာ၊ သူတို့ဆဲနိုင်ယင် ခုနစ်ရက် ပေါ့၊ ဒီထက်ပိုပြီး မဆဲနိုင်ပါဘူး၊ မီးကျီးခဲဟာ ကိုင်တဲ့လူကိုသာလောင်တာ၊ မကိုင်တဲ့လူကို မလောင်ပါဘူး၊ ဒေါသကို လက်မခံနှင့်" လို့ မြတ်စွာဘုရားက- အမိန့်ရှိတယ်။ အရှင်အာနန္ဒာဟာ အရက်သမားတွေ ဆဲတဲ့အခါ ဘာပြုလို့ ဒေါသဖြစ်သလဲ။ အနုသယရှိနေလို့ ပရိယုဋ္ဌာနဖြစ်တာပဲ။ မြတ်စွာဘုရားမှာ အနုသယမရှိတော့ ဘယ်လိုပင်အာရုံနှင့် ကြုံငြားသော်လဲ ဒေါသမဖြစ်ဘူး။

လောဘဖြစ်စရာ အာရုံနှင့်ကြုံယင် ဖြစ်လာမယ့် သဘောကို ကာမရာဂနုသယလို့ ခေါ်တယ်။ ဒေါသဖြစ်စရာအာရုံနှင့် ကြုံယင် ဖြစ်လာမယ့်သဘောကို ပဋိဃာနုသယလို့ ခေါ်တယ်။ မာနဖြစ်စရာ အာရုံနှင့်ကြုံယင် ဖြစ်လာမယ့်သဘောကို မာနနုသယလို့ ခေါ်တယ်။ ဒိဋ္ဌိဖြစ်စရာအာရုံနှင့် ကြုံလာယင် ဖြစ်မယ့်သဘောကို ဒိဋ္ဌာနုသယလို့ ခေါ်တယ်။ ဝိစိကိစ္ဆာ ဖြစ်စရာအာရုံနှင့်ကြုံလာယင် ဖြစ်မယ့်သဘောကို ဝိစိကိစ္ဆာနုသယလို့ ခေါ်တယ်။ အဝိဇ္ဇာဖြစ်စရာအာရုံနှင့် ကြုံယင်ဖြစ်လာမယ့်သဘောကို အဝိဇ္ဇာနုသယလို့ ခေါ်တယ်။ ဘဝတဏှာဖြစ်စရာ အာရုံနှင့် ကြုံလာယင် ဖြစ်မယ့်သဘောကို ဘဝရာဂနုသယလို့ ခေါ်တယ်။ မဖြစ်မီကိန်းနေတယ်။ အဲဒီ အကိန်းခံတတ်ချုပ်မှ နိဗ္ဗာန်ခေါ်တယ်။ ဘာကြောင့်လဲဆိုတော့ အသေသ ဝိရာဂ နိရောဓောလို့ ဟောတော်မူတယ်။ အနုသယမကျန် ချုပ်မှ နိရောဓသစ္စာ နိဗ္ဗာန်ခေါ်တယ်။ အနုသယ ကျန်သေးယင် နိရောဓသာမညသာ ဖြစ်တယ်။ နိရောဓ သစ္စာ မဟုတ်ဘူး။ သစ္စာယမိုက်မှာ ဒီအတိုင်းဟောထားတယ်။

အခုပြောခဲ့တာက အနုသယ ကိလေသာခေါ်တယ်။ ပရိယုဋ္ဌာနကိလေသာဆိုတာက လောဘဖြစ်စရာ အာရုံနှင့်ကြုံယင် လောဘ ဖြစ်လာတယ်။ ဒေါသဖြစ်စရာ အာရုံနှင့်ကြုံယင် ဒေါသ ဖြစ်လာတယ်။ ကာယကံ ဝစီကံမြောက်အောင် မကျူးလွန်သေးဘူး။ အဲဒါကို ပရိယုဋ္ဌာန ကိလေသာတဲ့။ စိတ်ထဲမှာ ထကြွသောင်းကျန်းနေတဲ့ ကိလေသာကို ခေါ်တယ်။ ဝီတိက္ကမကိလေသာ ဆိုတာက စိတ်ထဲမှာသောင်းကျန်းနေတဲ့ ပရိယုဋ္ဌာန ကိလေသာတွေဟာ အားပိုပြီးကောင်းလာတော့ မအောင့်နိုင်တော့ပဲ ပါဏာတိပါတ, အဒိန္နာဒါန, ကာမေသုမိစ္ဆာစာရ, မုသာဝါဒ, သုရာမေရယ စသော မကောင်းမှု ဒုစ္စရိုက်တွေကို ကျူးလွန် ကြတော့တယ်။ အဲဒီလို ကာယကံ, ဝစီကံ မြောက်အောင် ကျူးလွန်တဲ့ကိလေသာကိုခေါ်တယ်။

ယခုပြောခဲ့တာက ကိလေသာသုံးမျိုးဖြစ်တယ်။ သို့အတွက် မြတ်စွာဘုရားက သိက္ခာသုံးပါးကို ထားခဲ့တယ်။ ကိလေသာ သုံးပါးတွင် အကြမ်းတမ်းဆုံးကိလေသာက ဝီတိက္ကမ ကိလေသာဖြစ်တယ်။ အဲဒီ ကိလေသာအတွက် မြတ်စွာဘုရားက သီလသိက္ခာကို ထားခဲ့တယ်။ သီလသိက္ခာကို ကျင့်လိုက်ယင် ကာယကံ,ဝစီကံတွေကို မကျူးလွန် တော့ဘူး၊ မကျူး လွန်ယင် ဝီတိက္ကမ ကိလေသာတွေ ငြိမ်းသွားတာပေါ့။ အဲဒီလို ကိလေသာ အကြမ်းစားတွေ ငြိမ်းတဲ့အခါ စိတ်ကလေးကို တခုသော ကမ္မဋ္ဌာန်းအာရုံမှာ တည်နေအောင် ကျင့်လိုက်ယင် လောဘ,ဒေါသ,မောဟကို ဖြစ်စေတတ်သော အာရုံငါးပါး ကာမဂုဏ်တရားတွေ စိတ်ထဲသို့ မဝင်လာတော့ဘူး။ မဝင်လာယင် ပရိယုဋ္ဌာန ကိလေသာတွေဟာ ငြိမ်းသွားတော့တာပေါ့။ အဲဒီလို ပရိယုဋ္ဌာန ကိလေသာအတွက် သမာဓိသိက္ခာကို ထားတော်မူခဲ့တာပဲ။ အဲဒီလို သမာဓိသိက္ခာကို ကျင့်လိုက်လို့ ကိလေသာ အနယ်တွေထိုင်ပြီး စိတ်ကြည် လင် တဲ့ အခါ အနုသယကိလေသာကို သတ်ဖို့အတွက် ပညာသိက္ခာကို ကျင့်ရမယ်။ ပညာသိက္ခာဆိုတာဘာလဲ၊ မဂ္ဂင်ရှစ်ပါးတို့တွင် သမ္မာဒိဋ္ဌိနှင့် သမ္မာသင်္ကပ္ပကိုခေါ်တယ်။ ၎င်းနှစ်ပါးတွင်လည်း သမ္မာသင်္ကပ္ပကို ပွားမှ သမ္မာဒိဋ္ဌိ ဖြစ်တယ်။ အဲဒီတော့ သမ္မာသင်္ကပ္ပမဂ္ဂင်ကို အရင် ပွားရလိမ့်မယ် မောင်စိန်ရဲ့။ [မှန်ပါဘုရား။]

မဂ်လေးပါးမှာ သောတာပတ္တိမဂ်ဟာ အရင်ဆုံး ဖြစ်တယ်။ အဲဒီ မဂ်က ဘယ်သံယောဇဉ်ကို ဘယ်လို ပယ်သလဲဆိုတော့ သက္ကာယဒိဋ္ဌိ, ဝိစိကိစ္ဆာ, သီလဗ္ဗတပရာမာသ သံယောဇဉ် ၎င်းသုံးပါးကို ပယ်တယ်။ သက္ကာယဒိဋ္ဌိ ဆိုတာက ခန္ဓာငါးပါးကို အတ္တဟု လည်းကောင်း၊ ခန္ဓာ ငါးပါးမှာ အတ္တရှိတယ်ဟုလည်းကောင်း အထင်မှားတာကိုခေါ်တယ်။ အတ္တဆိုတာက မပျက်မစီးနိုင်သော အလွန်ခိုင်မာသော တဘဝမှတဘဝသို့ ကူးသန်း သွားလာ၍ သံသရာတလွှားကို ပြေးသွား နိုင်သော အသက်ကောင် ဝိညာဉ်ကောင်လို့ ဆိုတာပဲ။ အဲဒီအတ္တသည် ခန္ဓာငါးပါးမှာ ရှိ,မရှိ ခန္ဓာငါးပါးဟာ အတ္တဟုတ်,မဟုတ် စစ်တမ်းထုတ်တာကို သမ္မာသင်္ကပ္ပမဂ္ဂင် ပွားတယ်လို့ ခေါ်တယ်။ ဝိစိကိစ္ဆာဆိုတာက သက္ကာယဒိဋ္ဌိက အတ္တရှိတယ်လို့ ထင်လေတော့ အဲဒီအတ္တကလေးဟာ အတိတ်က ဖြစ်ခဲ့လေသလော၊ မဖြစ်ခဲ့ ဘူး လော ဟု အတိတ်၌ယုံမှားခြင်း၊ ဒီအတ္တဟာ အနာဂတ်သို့ သွားအုံးမှာလော၊ မသွားတော့ဘူးလောဟု အနာဂတ်၌ ယုံမှားခြင်း၊ ယခု ကိုယ်ခန္ဓာကြီးဟာ ငါလော၊ မဟုတ်ဘူးလော၊ ဘယ်ကလာ၍ ဘယ်ကို သွားမှာလဲဟု ပစ္စုပ္ပန်၌

ယုံမှားခြင်း၊ အဲဒီယုံမှားမှုကို ခေါ်တယ်။ သီလဗ္ဗတပရာမာသ ဆိုတာက နွေးလိုကျင့်မှနွားလိုကျင့်မှ ကိလေသာစင်ကြယ်မယ်ဟု အထင်မှားမှုကိုခေါ်တယ်။

ဒီ သံယောဇဉ်သုံးပါးတို့တွင် သက္ကာယဒိဋ္ဌိအစွဲကို အရင်ဆုံး ဖြေရှင်းရမယ်။ သက္ကာယဒိဋ္ဌိကလဲ ရုပ်,နာမ်, ခန္ဓာ, အာယတန,ဓာတ်တရားမှာ စွဲတာဖြစ်တော့ ဒီနေ့ အဇ္ဈတ္တိကာယတန ခြောက်ပါးဖြင့် ဖြေရှင်းရမယ်။သတ္တဝါတို့၏ ခန္ဓာကိုယ်မှာ ဟာကယ်ရှိတရားကို ရှာလိုက်ယင် စက္ခွာယတန— မျက်စိ, သောတာယတန—နား, ဃာနာယတန—နှာခေါင်း, ဇိဝှါယတန—လျှာ, ကာယာယတန—ကိုယ်, မနာယတန—စိတ်, ဒီခြောက်ခုပဲရှိတယ်။ ဒီခြောက်ခုဟာ တဘဝမှ တဘဝသို့ ကူးသန်းနိုင်, မကူးသန်း နိုင်ကို လည်းကောင်း၊ ခိုင်မာသောသဘာဝ ဟုတ်,မဟုတ်ကို လည်းကောင်း စစ်တမ်းထုတ်ရလိမ့်မယ်။

သတ္တဝါတယောက် အမိဝမ်းခေါင်း သားအိမ်ထဲမှာစ၍ ဖြစ်တဲ့အချိန်မှာ ပဋိသန္ဓေစိတ်နှင့် ကာယဘာဝ ဝတ္ထုခေါ်တဲ့ ကလလရေကြည်ကလေးပဲ ရှိပါသေးတယ်။ မျက်စိ,နား, နှာခေါင်း, လျှာတို့ မရှိသေးပါဘူး။ ပဋိသန္ဓေတည်ပြီး တဆယ့်တစ်သတ္တဟကြာမှ (ဝါ) ၇၇ ရက်ကြာမှ ဖြစ်လာတာပဲ။ ဒီလိုဆိုတော့ စက္ခွာယတာန—မျက်စိ, သောတာယတန—နား,ဃာနာယတန—နှာခေါင်း, ဇိဝှါယတန—လျှာတို့ဟာ အတိတ်ဘဝက ပြောင်းရွှေ့လာတာ မဟုတ်ဘူးဆိုတာ ထင်ရှားတယ်။ ကာယာယတန—ကိုယ်ကောင်နှင့် မနာယတန—စိတ်တို့လဲ ပဋိသန္ဓေ တည်တဲ့အခါမှစ၍ ဖြစ်တာပဲ။ အတိတ်ဘဝက ပြောင်းရွှေ့လာတာ မဟုတ်ပါဘူး။ အဇ္ဈတ္တိကာယတန ခြောက်ပါးတို့တွင် အတိတ်ဘဝမှ ပြောင်းရွှေ့လာခဲ့တဲ့ အာယတန တခုမှမပါဘူး။ အတိတ်ဘဝမှပြောင်းရွှေ့လာတာ မဟုတ်ယင် အနာဂတ်ဘဝသို့လဲ ဘယ် အာယတနမှ ပြောင်းရွှေ့ပြီး မသွားနိုင်ပါဘူး။ သေယင် ရုပ်အာယတနက ပုပ်ပြီး နာမ်အာယတနက ချုပ်မှာပါ။ တဘဝမှတဘဝသို့ မပြောနဲ့။ ပစ္စုပ္ပန် ဘဝမှာလဲ ငယ်ရာကကြီး၍ ကြီးရာမှအိုကာ အိုရာမှသေသွားကြရတာပဲ။ မခိုင်မြဲပါဘူး။ ဒီလိုမခိုင်မြဲလျှင် သက္ကာယဒိဋ္ဌိက ထင်သလို အတ္တမဟုတ် ဘူးပေါ့ မောင်စိန်ရဲ့။
[မဟုတ်ပါဘုရား။]

ဒီလိုအတ္တမဟုတ်လျှင် အတ္တဆိုတဲ့ ငါကောင်ကလေးဟာ အတိတ်ဘဝက ဖြစ်ခဲ့လေသလော, မဖြစ်ခဲ့လေသလော, အနာဂတ်ဘဝသို့ သွားအုံး မှာလော, မသွားတော့ဘူးလော, ယခုဘဝ ခန္ဓာဟာ ငါလား, ငါမဟုတ်ဘူးလားဟု ယုံမှားမှု ဖြစ်တာတွေဟာ ဖြစ်စရာ လိုသေးသလား။ [မလိုတော့ပါ

ဘုရား၊ ဒိဋ္ဌိသေယင် ဝိစိကိစ္ဆာလဲ သေတော့တာပါဘုရား။]ယခု ဒိဋ္ဌိ,ဝိစိကိစ္ဆာ ကင်းစင်သွားတာဟာ ခွေးလိုကျင့်လို့, နွားလိုကျင့်လို့ ရှင်းတာလား တရားနာလို့ရှင်းတာလား။ [တရားနာလို့ ရှင်းတာပါဘုရား။]ဒီလိုဆိုတော့ ခွေးလိုကျင့်မှု,နွားလိုကျင့်မှု ကိလေသာစင်ကြယ်မယ်ဆိုတဲ့ သီလဗ္ဗတပရာမာသ ဒိဋ္ဌိလဲ စင်ကြယ်မသွားလား။ [စင်ကြယ်သွားပါတယ်ဘုရား။]

ဒါကြောင့် မြတ်စွာဘုရားက သောတာပန် တည်အောင်ကျင့်တဲ့ အင်္ဂါလေးပါးကို ဟောခဲ့တယ်။

၁။ သပ္ပုရိသသံသေဝ၊ ဒိဋ္ဌိပြုတ်တရားကို ဟောတတ်သော ပုဂ္ဂိုလ်ကို မှီဝဲရခြင်းတပါး။

၂။ သဒ္ဓမ္မသဝန၊ ဒိဋ္ဌိပြုတ်တရားကို နာရခြင်းတပါး။

၃။ ယောနိသောမနသိကာရ၊ ရိုရိုသေသေ ဆင်ခြင်ရခြင်းတပါး။

၄။ ဓမ္မာနုဓမ္မပဋိပတ္တိ၊ သဒ္ဒါနက်ကတော့— လော ကုတ္တရာ တရား ၉ ပါးအားလျော်သော အကျင့်ကိုကျင့်တဲ့။ အဓိပ္ပါယ်ကတော့ ပယ်သင့်တာကိုပယ်, ယူသင့်တာကိုယူလို့ဆိုတယ်။ ဘယ်ဟာကို ပယ်၍ ဘယ်ဟာကို ယူမလဲ။ ကိုယ် ခန္ဓာထဲမှာ အသက်ကောင် ဝိညာဉ်ကောင်ရှိတယ်။ ထိုအသက်ကောင် ဝိညာဉ် ကောင်ဟာ, တဘဝမှတဘဝသို့ ကူးသန်းသွားလာနေတယ်ဆိုတဲ့ အယူကိုပယ်၍ အဇ္ဈတ္တိကာယတန ခြောက်ပါးဟာ အတိတ် ဘဝမှ လာ တာ မဟုတ်၊ အတိတ်ကံကြောင့် အမိဝမ်းတွင်းမှာ ပဋိသန္ဓေ တည်သောအခါမှစ၍ ဖြစ်တယ်၊ ဖြစ်မှုရှိခြင်းကြောင့် အိုမှု, နာမှု, သေမှုရှိသော ဒုက္ခသစ္စာတရားသာလျှင် ဖြစ်တယ်လို့ ယူရမယ်။

အဲဒီလို ယူတာသည်ပင် ဒုက္ခသစ္စာကို ပိုင်းခြား၍ သိသည် မည်တယ်။ အသက်ကောင် ဝိညာဉ်ကောင် ရှိတယ်ဆိုတဲ့အယူကို ပယ်တာသည်ပင် သမုဒယ သစ္စာကို ပယ်သတ်သည်မည်တယ်။ သမုဒယသစ္စာကို ပယ်သတ်လိုက်တော့ ချုပ်ရာ နိရောဓသစ္စာကို မျက်မှောက်ပြုရတော့တယ်။ ချုပ်ရာနိရောဓ သစ္စာ မျက်မှောက်ပြုတဲ့ ဉာဏ်က မဂ္ဂသစ္စာဖြစ်တယ်။ အဲဒီလို သောတာပန်တည် အောင်လုပ်တဲ့ အင်္ဂါလေးပါးကို ကျင့်မှ သောတာပန် တည်တယ်။ သော တာပန်တည်ပြီးသူ၏ အင်္ဂါလည်း လေးပါး ရှိပြန်တယ်။ လေးပါးက—

၁။ ဗုဒ္ဓေအဝေစ္စပသာဒေါ၊ ဘုရားဂုဏ်တော် ၉ ပါး၌ မတုန် မလှုပ် ယုံကြည်ခြင်းတပါး။

၂။ တရားဂုဏ်တော် ၆ ပါး၌ မတုန်မလှုပ် ယုံကြည်ခြင်း တပါး။

၃။ သံဃဂုဏ်တော် ၉ ပါး၌ မတုန်မလှုပ်ယုံကြည်ခြင်းတပါး။

၄။ အရိယာကန္တေဟိ သီလေဟိ သမ္မန္နာဂတော၊ အရိယာတို့ နှစ်သက်အပ်သော ငါးပါး သီလနှင့် ပြည့်စုံခြင်း တပါး— ပေါင်းလေးပါးရှိတယ်။

ဘုရားဂုဏ်, တရားဂုဏ်, သံဃဂုဏ်၌ မတုန်မလှုပ် ယုံကြည်တယ်ဆိုတာ ကိလေသာတပါးပါးကို အမြစ်ပြတ်စွန့်နိုင်မှ မတုန်မလှုပ် ယုံကြည်သည်မည်တယ်။ သောတာပန်ပုဂ္ဂိုလ်မှာ ဒိဋ္ဌိ,ဝိစိကိစ္ဆာ, သီလဗ္ဗတပရာမာသ ဆိုတဲ့ သံယောဇဉ်သုံးပါးကို အမြစ်ပြတ်ပယ်စွန့်ပြီးပြီ။ သို့အတွက် အဝေစ္စပသာဒဂုဏ်ရှိတယ်။ အရိယာကန္တ သီလဆိုတာလဲ ပုထုဇဉ်တို့ စောင့်တဲ့ သီလမျိုး၊ လူကောင်း, နတ်ကောင်းဖြစ်ချင်လို့ စောင့်တဲ့ တဏှာဦးစီးသော သီလမျိုး မဟုတ်။ ဒုစရိုက်အမှုကို ရွံရှာ မုန်းတီးသဖြင့် မကျူးလွန်ချင်လို့ မကျူးလွန်ပဲ နေတဲ့ သီလဖြစ်တယ်။ အဲဒီလို သီလမျိုးကိုမှ အရိယာ ပုဂ္ဂိုလ် တွေက နှစ်သက်တယ်။ သို့အတွက် သောတာပန် တည်,မတည်ကို သိလိုက သီလဖြင့် စမ်းရတယ်။ ပုထုဇဉ်ဘဝတုန်းကပဲ သီလမြဲတဲ့ ပုဂ္ဂိုလ်ကတော့ အသိဉာဏ်ကလေး ထည့်ပေးလိုက်ရုံပါပဲ။ အကျင့်က ရှိနှင့်ပြီးကိုးကွဲ့ မောင်စိန်ရဲ့။ [မှန်ပါဘုရား။]

အသိဉာဏ်ဝိဇ္ဇာနှင့် အကျင့်စရဏတွဲမိတော့ ဝိဇ္ဇာစရဏ သမ္မန္န ဖြစ်ပြီး သောတာပန် တည်တော့တာပေါ့။ သောတာပန်တည်တော့ ဘုရားသားတော် အစစ်ဖြစ်၍ အဋ္ဌပုရိသပုဂ္ဂလာ စာရင်းထဲ ဝင်သွား တာပေါ့။ ဒါမှ ပရမတ်ယောကျ်ား၊ လောကမှာခေါ်ကြတဲ့ ယောကျ်ားက ပညတ်ယောကျ်ား။ ဘာကြောင့်လဲဆိုတော့ ငါဆိုတဲ့ ဒိဋ္ဌိကိလေသာတွေ မွေးတုန်းဖြစ်တယ်။ သောတာပန်မှာ ငါဆိုတဲ့ကိလေသာတွေ မမွေးတော့ဘူး။

ဒါကြောင့် အရိယာပုဂ္ဂိုလ်တွေကို အဋ္ဌပုရိသပုဂ္ဂလာလို့ မြတ်စွာဘုရားက ပရမတ်ယောကျ်ား စာရင်း သွင်းခဲ့တယ်။

အဲ....ဤကဲ့သို့ အရိယာပုဂ္ဂိုလ် ဖြစ်မှသာ ယောကျ်ားစာရင်း ဝင်ကြမှာ ဖြစ်ကြလေသောကြောင့် တရားနာ ပုဂ္ဂိုလ်သည်လဲ ကိလေသာ ပြုတ်အောင် သစ္စာလေးပါးကိုသိ၍ နိဗ္ဗာန်မဂ်ဖိုလ်ကို ရက်တိုတိုနှင့် ရောက်လွယ်ကြပါစေသတည်း။

သာဓု၊ သာဓု၊ သာဓု။

**''သီလကထာကျင့်စရာ''တရားတော် ပြီး၏။**

## "ဇွဝိန်ချုပ်ရာ ဟောဖို့ရာ"

ဒိဋ္ဌိဗန္ဓနဗန္ဓာ ယေ၊ တဏှာသောတေန ဝုယှရေ။
တဏှာသောတေန ဝုယှန္တာ၊ န တေ ဒုက္ခာ ပမုစ္စရေ။

ဘောဇ္ဇ္ဈော၊ လောကဓာတ် အာရုံစိုက်၍ ကြုံကြိုက်ခဲ့တဲ့ အမြတ်တရားကို မှတ်သားနာယူလေ့ ရှိကြကုန်သော အို.... တရားနာ ပရိသတ်အပေါင်း သူတော်ကောင်းတို့။ ဒိဋ္ဌိဗန္ဓနဗန္ဓာ၊ အမြင်တွေဖောက်ပြား၍ မှောက်မှားတဲ့ ဒိဋ္ဌိနွယ်ဖြင့် ငြိတွယ်ရစ်ပတ် လျက် အမြစ်မပြတ်ပဲ ရှိနေ ကြကုန် သော။ ယေသတ္တာ၊ အရိယာမဂ်စခန်းသို့ တက်လှမ်းဖို့ မစွမ်းနိုင်သဖြင့် အပန်းရှိုင် ရှိုင်၍နေကြကုန်သော အကြင်သတ္တဝါ အပေါင်း တို့သည်။ တဏှာသောတေန၊ စီးဆင်း သုန်သုန် အဟုန် မဆိုင်း လေမုန်တိုင်းနှင့် လှိုင်း တသောသော တဏှာ ဆိုတဲ့ ရေယဉ်ကျောဖြင့်။ ဝုယှရေ—ဝုယှန္တိ၊ ဆင်းရဲနှင့် တွေ့ကြုံအောင် လှိုင်းလေဟုန် တသိမ့်သိမ့်နှင့် ဒလိမ့်ဒလိမ့် နစ်မျော ကြရလေ ကုန်သတည်း။ တဏှာ သောတေန၊ အစမဆုံး ဘဝမတုံး တအုံးအုံးထကြွကာ တဏှာဆိုတဲ့ ရေဟုန်စက်ဖြင့်။ ဝုယှန္တာ၊ ပေါ်လိုပေါ် ငုပ်လိုငုပ် တရံတခါဝဲစုပ်၍ နစ်မြုပ် မျောပါး ကာ နေကြကုန်သော။ တေသတ္တာ၊ ကိုယ်ကိုယ်သူသူ အပူ မကင်း လူခပင်း နတ်ဗြဟ္မာ သတ္တဝါခေါ်ဆိုတဲ့ ထိုထိုပေါ် များ အမောသမား အပေါင်းတို့သည်။ ဒုက္ခာ၊ သေလို့လဲ လက်စမသိမ်း ရှင်လို့လဲလက်စမသိမ်း ဖြစ်ကိန်းနှင့်ပျက်ကိန်း မငြိမ်းနိုင် ဆက်ဆက် လဲတဲ့ဒုက္ခ ဝဋ္ဋစက်ထဲမှ။ နပမုစ္စရေ— နပမုစ္စန္တိ၊ တပြောင်းပြောင်း တပြန်ပြန် ခေါင်း ငုံ့လို့သာ

ခံကြပေတော့ လွတ်မြောက်ရန် ခက်ခဲ၍ မထွက်နိုင်ပဲ ရှိကြကုန်တော့သည် သာလျှင်တည်း။

သာဓု၊ သာဓု၊ သာဓု။

မောင်စိန်ရေ၊ ခြေရောလက်ပါ တုပ်နှောင်ပြီး ရေယဉ်ကျောကို အမျောခံရတဲ့လူဟာ ခြေကလဲမဟန်နိုင် လက်ကလဲ မဟန်နိုင်တော့၊ ရေက ကျောက်ဆောင်ရှိတဲ့ နေရာသို့ပို့လိုက်, ကျောက်ဆောင်နှင့်တိုက်လိုက်, ရေက သစ်ချွန်ဝါးချွန်ရှိရာသို့ ပို့လိုက်, သစ်ချွန်ဝါးချွန်နှင့် ထိုးမိ လိုက်နှင့် ဒုက္ခဝဲစလုတ်မှ ထွက်နိုင်ပါ့မလား။ [မထွက်နိုင်ပါ ဘုရား။] အဲဒီလိုပဲ။ ဒိဋ္ဌိ တည်းဟူသော ကြိုးဖြင့်တုပ်နှောင်ပြီး တဏှာ ရေယဉ်ကျောမှာ မျောနေ ကြရတဲ့ သတ္တဝါတွေဟာလဲ သံသရာ ရေယဉ်ကျောက ငရဲသို့ပို့လိုက် ငရဲကျလိုက်, ပြိတ္တာဘုံသို့ပို့လိုက် ပြိတ္တာဖြစ်လိုက်, အသုရကာယ်ဘုံကိုပို့လိုက် အသုရကာယ်ဖြစ်လိုက်, တိရစ္ဆာန်ဘုံကိုပို့လိုက် တိရစ္ဆာန် ဖြစ်လိုက်နှင့် ဒုက္ခဝဋ်စက်ထဲမှ မလွတ်ထွက် နိုင်ကြဘူး။ လက်ခြေကိုတုပ်တဲ့ ကြိုးသာ ပြေမယ်ဆိုယင် ရေယဉ်ကျောမှာ မျောရပေမယ့် ကျောက်ဆောင်တို့, သစ်ချွန်ဝါးချွန်တို့ကို လက်ကလေး ခြေကလေးနှင့် ထိန်းပြီး ပေးနိုင်သဖြင့် မသက်သာပါလား။ [သက်သာပါတယ် ဘုရား။]

အခုလဲ ဒိဋ္ဌိကြိုးသာပြတ်မယ်ဆိုယင် သံသရာပင်လယ် ကျောမှာ မျောရပေမယ့် အပါယ်လေးပါးမှ လွတ်မြောက်ပြီး လူချမ်းသာ, နတ်ချမ်းသာ ဖြစ်ကာ နိဗ္ဗာန်သို့သွားရလျှင် မသက်သာပါလား။ [သက်သာပါတယ်ဘုရား။] အဲဒါကြောင့် ဒီနေ့ တရားပွဲမှာတော့ အပါယ်လေးပါးမှ လွတ်မြောက်ပြီး လူစည်းစိမ်, နတ်စည်းစိမ်တို့ကို ခံစားယင်း ဝိသာခါ, အနာထပိဏ် တို့လို ဘုံစဉ်စံတဲ့လမ်းကို ပြရလိမ့်မယ်မောင်စိန်ရဲ့။ [လူတွေနှင့် အင်မတန်ကိုက်ပါတယ်ဘုရား။]

လောကကြီးမှာ အယူဝါဒတွေ ဘယ်လိုပင် များပြားပေမယ့် သဘောတူရာကိုပေါင်းလိုက်ယင် သဿတအယူဝါဒနှင့် ဥစ္ဆေဒအယူဝါဒ ဒီနှစ်မျိုးပဲရှိပါတယ်။ ပုထုဇဉ်မှန်ယင် ဒီအယူဝါဒ နှစ်မျိုးထဲက တမျိုးမျိုး ရှိရမယ်။ ဒီအယူနှစ်ပါး ကင်းစင်သွားယင် သောတာပန်ဖြစ်တာပဲ။ ပရမတ်တရား, ဓာတ်တရားကို နားမလည်, မကြားဘူးသူက ခန္ဓာကိုယ်မှာ အသက်ကောင်, လိပ်ပြာကောင် ရှိတယ်လို့ စွဲလမ်းတယ်။ ပရမတ်တရား, ဓာတ် တရားတွေ

ကိုကြားဘူး၍ သဘာဝမပေါက်သူက ဝိညာဉ်ကို အကောင်သဖွယ် စွဲလမ်းတယ်။ အဲဒါတွေဟာ သက္ကာယဒိဋ္ဌိ တွေ ချည်းပဲ။ အဲဒီ အသက် လိပ်ပြာ ဝိညာဉ်ကောင်ဟာ တဘဝမှတဘဝသို့ ကူးသန်းသွားလာတယ်လို့ ယူဆတာက သဿတဒိဋ္ဌိလို့ ခေါ်တယ်။ အဲဒီ အသက်လိပ်ပြာ ဝိညာဉ် ကောင်သည် သေလျှင်ပြတ်တယ်။ နောက်ထပ် မဖြစ်ဘူးလို့ ယူဆတာကို ဥစ္ဆေဒ ဒိဋ္ဌိလို့ ခေါ်တယ်၊ ပရမတ်ဉာဏ်, ခေတ်ဉာဏ်ပေါက်၍ လက္ခဏာယာဉ် သုံးပါးကို မပိုင်သမျှကာလပတ်လုံး ဒီအယူနှစ်ပါး မကင်းနိုင်ဘူး။

ဒါကြောင့် စာတတ်ပုဂ္ဂိုလ်ကြီးတွေ ပုထုဇဉ်ဘဝနှင့် သေကြရတာကို ကြည့်ပါလား။ လက္ခဏာဉာဏ်ပိုင်ဖို့ဆိုတာပဋိပတ်၏အရာဖြစ်တယ်။ ပရိယတ်အရာမဟုတ်ဘူး။ ဒီအယူနှစ်ပါးမကင်းသမျှ ဘုံသုံးဆဲ့ တစ်က မထွက်နိုင်ဘူး။ ဘာနှင့်တူသလဲဆိုတော့ တိုင်ကပ်နာရီက ချိန်သီးဟာ ဘယ်ညာပြောင်းနေသမျှ ကာလပတ်လုံး နာရီလက်တံဟာ ဂဏန်းတကွက်ပြီး တကွက် ရွေ့၍ တပတ်ပြီးတပတ် လည်နေမှာပဲ။ ထို့အတူ သတ္တဝါတွေလဲ ဟိုဘဝကျယင် သဿတဝါဒကိုယူလိုက်, ဒီဘဝကျယင် ဥစ္ဆေဒဝါဒကို ယူလိုက်နှင့် ဒီဝါဒနှစ်ပါးကို မလွှတ်သမျှ ခန္ဓာငါးပါးလက်တံဟာ ဟိုဘုံမှာဖြစ်လိုက်, ဒီဘုံမှာဖြစ်လိုက်နှင့် ဘုံသုံးဆဲ့တစ်က မထွက်နိုင်ပါဘူး။ နာရီချိန်သီး ဘယ်ဘက်ကိုရောက်တာနှင့် ဥစ္ဆေဒဝါဒကိုယူတာနှင့် တူတယ်။ ညာဘက်ကို ရောက်တာနှင့် သဿတဝါဒကို ယူတာနှင့်တူတယ်။ ခန္ဓာကိုယ်က နာရီ လက်တံနှင့် တူတယ်။ ဂဏန်းကွက်တွေက ဘုံသုံးဆဲ့တစ်နှင့် တူတယ်။ နာရီမျက်နှာပြင်က သံသရာနှင့် တူတယ်။ နာရီလက်တံကို နေရာမရွေ့စေချင်ယင် ဘာလုပ်ရမလဲ။ ချိန်သီးကို အလည်ဗဟိုတည့်တည့် နေအောင်ထားလိုက်ပါ။ နေရာမရွေ့တော့ပါဘူး။ ထို့အတူ အမြဲချမ်းသာတဲ့ နိဗ္ဗာန်ကိုရချင်ယင်တော့ ဥစ္ဆေဒ, သဿတနှစ်ပါး၏ အလယ်ဗဟိုဖြစ်တဲ့ သမ္မာဒိဋ္ဌိ ဖြစ်အောင်သာ လုပ်ပါ။ အမြဲ ချမ်းသာတဲ့ နိဗ္ဗာန်ကို ရပါလိမ့်မယ်ကွဲ့။ [မှန်ပါဘုရား။]

ကဲ....ဥစ္ဆေဒ, သဿတနှစ်ပါးကင်းအောင် ပြောကြစို့။ အယင်ဆုံး ဥပမာပေးအုံးမယ်။ မောင်စိန်ရေ....ချဉ်သီးစားတဲ့လူကို မြင်တဲ့အခါ မင်းပါးစပ်ထဲမှာ တံတွေးမယိုဘူးလား။ [ယိုပါတယ်ဘုရား။] ယိုပေမယ့် ချဉ်သီးစားတဲ့ လူထံမှချဉ်ရေဟာ မင်းပါးစပ်ထဲကို လာသလား။ [မလာပါဘုရား။] မလာသော်လဲ တံတွေးမယိုဘူးလား။ [ယိုပါတယ် ဘုရား။]

အဲဒီ ဥပမာအတိုင်းပဲ။ သတ္တဝါတကောင် သေခါနီးတဲ့အခါ ကုသိုလ်ကံ၊ အကုသိုလ်ကံ နှစ်ခုတို့တွင် တခုခုကို အာရုံပြုပြီး သေတာပဲ။ သေတဲ့အခါ ဝိညာဉ်စိတ်က မီးတောက်သဖွယ် ချုပ်ပြီး ရုပ်က ပုပ်သွားတာပဲ။ ရုပ်ကလဲ အနာဂတ်ဘဝကို မသွားဘူး။ မသွားလို့ပဲ အကောင်ကြီးကို သင်္ချိုင်းကို ပို့ကြရတယ်။ နာမ်ကလဲမသွားဘူး။ ချုပ်သွားတာပဲ။ ချဉ်သီး စားတဲ့လူ၏ ပါးစပ်ထဲကချဉ်ရေ မင်းပါးစပ်ထဲသို့ မလာသလိုပဲ၊ အဲဒီလို ပစ္စုပ္ပန် ရုပ်နာမ်ဟာ ဘယ်ကိုမှမသွားပဲ ဒီဘဝမှာပဲ ချုပ်ပျောက်တယ်လို့ ပိုင်ပိုင်နိုင်နိုင် ဉာဏ်အမြင်ရှင်းသွားယင် သတ္တဝါ၏ ဝိညာဉ်ဟာ သေတဲ့အခါ ထွက်ပြီး အခြားဘဝသို့ သွားတယ်လို့ ယူဆတဲ့ သဿတဒိဋ္ဌိ ကင်းစင် သွားတာပေါ့ မောင်စိန်ရဲ့။ [မှန်ပါဘုရား။]

ချဉ်ရေဟာ စားသူထံမလာပေမယ့် မင်းပါးစပ်ထဲမှာ တံတွေးဖြစ်သလို သတ္တဝါ၏ ဝိညာဉ်ဟာ ဘဝတပါးသို့ ထွက်ပြီး မသွားပေမယ့် သေခါနီးမှာ အမှတ်ရတဲ့ကံကြောင့် အချဉ်ဓာတ်ကြောင့် ကံဓာတ်နှင့်တူစွာ ဆိုင်ရာဆိုင်ရာ ဘုံဌာနမှာ ပဋိသန္ဓေစိတ်ဟု ဆိုအပ်သော နာမ်တရား၊ ကလလ ရေကြည်ဟု ဆိုအပ်သော ရုပ်တရား၊ ပေါင်း ရုပ်နာမ်နှစ်ပါးဟာ အသစ်ဖြစ်လာတာပဲ။ အဲဒီလို ပိုင်ပိုင်နိုင်နိုင် ရှင်းရှင်းလင်းလင်းသိသွားယင် ဥစ္ဆေဒဒိဋ္ဌိ ကင်းစင်သွားတာပေါ့ မောင်စိန်ရဲ့။ [မှန်ပါဘုရား။]

တနည်း ဥပမာပေးအုံးမယ်။ မောင်စိန်၏ရှေ့မှာ မှန်ကြီးတချပ် ထောင်ထားယင် မှန်ထဲမှာ မင်း၏ရုပ်အတိုင်း အရိပ်မထင် ဘူးလား။ [ထင်ပါတယ်ဘုရား။] ထင်ပေမယ့် မင်း၏ကိုယ်ကာယကြီးဟာ မှန်ထဲသို့ ဝင်သွားသလား။ [မဝင်ပါဘုရား။] မဝင်ပေမယ့် မှန်၏နောက်မှာ ပြဒါးရှိသည့်အတွက် မှန်ထဲမှာ အရိပ်ထင်တာကွဲ့ မောင်စိန်ရဲ့။ [မှန်ပါဘုရား။]

အဲဒီဥပမာအတိုင်း သေခါနီးမှာ ကုသိုလ်ကံ၊ အကုသိုလ်ကံတို့တွင် တခုခုကို အမှတ်ရတာဟာ (ဝါ) အာရုံပြုတာဟာ သံသရာ မှန်ချပ်မှာ ပြဒါးသုတ်တာပဲ။ ပြဒါးကြောင့် အရိပ်ထင်သလို သေခါနီးမှာ ထင်လာတဲ့ကံကြောင့်ဘဝသစ်ဖြစ်ရတာပဲ။ သံသရာသည် မှန်နှင့်တူတယ်။ ပြဒါးသည် ကံနှင့်တူတယ်။ မျက်နှာသည် ဘဝဟောင်းနှင့် တူတယ်။ မှန်ထဲက အရိပ်သည် ဘဝသစ်နှင့်တူတယ်။ ဒီဥပမာဖြင့် ဘဝဟောင်းကရုပ်နာမ်သည် ဘဝသစ်သို့မသွားပဲ ဘဝဟောင်းမှာပဲချုပ်တယ်လို့ ပိုင်ပိုင်နိုင်နိုင် ရှင်းရှင်းလင်းလင်းသိယင် သဿတဒိဋ္ဌိ ကင်းစင်

တော့တာပဲ။ ဘဝဟောင်းက ရုပ်နာမ်သည် ဘဝသစ်သို့မသွားပေမယ့် သေခါနီးမှာ ထင်လာသောကံကြောင့် ရုပ်သစ်နာမ်သစ် ခန္ဓာသစ် ဖြစ်တာပဲလို့ ပိုင်ပိုင်နိုင်နိုင် ရှင်းရှင်းလင်းလင်း သိသွားယင် ဥစ္ဆေဒဒိဋ္ဌိ ကင်းစင် တော့တာပေါ့။

တနည်း ဥပမာပေးအုံးမယ်။ တံဆိပ်တုံးမှာ မောင်စိန် ဆိုတဲ့ စာလုံးကလေးထုပြီး စက္ကူတချပ်မှာ နှိပ်လိုက်ယင် ၎င်းစက္ကူမှာ မောင်စိန်ဆိုတဲ့ တံဆိပ်ရာမထင်ပါလား။ [ထင်ပါတယ်ဘုရား။] ထင်ပေမယ့် တံဆိပ်တုံးဟာ တံဆိပ်ရာဟုတ်ရဲ့လား။ [မဟုတ်ပါဘုရား။] တံဆိပ်တုံးကတခြား၊ တံဆိပ်ရာကတခြား မဟုတ်ပါလား။ [မှန်ပါတယ် ဘုရား]။

အဲဒီဥပမာအတိုင်းပဲ။ ဘဝဟောင်းက ရုပ်နာမ်က တခြား, ဘဝသစ်က ရုပ်နာမ်ကတခြား။ သို့သော်လဲ တံဆိပ်တုံးနှင့် တံဆိပ်ရာသည် အကြောင်းအကျိုး ဆက်သွယ်သလို ဘဝဟောင်းနှင့်ဘဝသစ်လဲ အကြောင်းအကျိုး ဆက်သွယ်ကြတယ်။ အဲဒီလို ဘဝဟောင်းက ရုပ်နာမ်သည် ဘဝသစ်သို့မသွားဘူးလို့ ကိုယ်ပိုင် ဉာဏ်ဖြင့် ရှင်းလင်းစွာ သိယင် သဿတဒိဋ္ဌိ သေတယ်။ ဘဝဟောင်းကသည် ဘဝသစ်သို့ မသွားပေမယ့် ဘဝဟောင်းက ကံကြမ္မာကြောင့် ဘဝသစ်မှာ ရုပ်သစ်နာမ်သစ် ဖြစ်တယ်လို့ ကိုယ်ပိုင် ဉာဏ်ဖြင့် ရှင်းလင်းစွာ သိယင် ဥစ္ဆေဒဒိဋ္ဌိ ကင်းစင်တော့တာပဲ။ အဲဒီ သဿတနှင့် ဥစ္ဆေဒနှစ်ပါးမှ လွတ်အောင်မြင်တဲ့ အမြင်ဉာဏ်ဟာ သမ္မာဒိဋ္ဌိ ဖြစ်တော့တာပေါ့။ ဘာကြောင့်လဲ၊ မဇ္ဈိမပဋိပဒါ ဖြစ်လို့ပေါ့။ နာရီ ချိန်သီးကို အလယ်ဗဟိုမှာ ထားလိုက်ယင် လက်တံဟာ တခုသော ဂဏန်း ကွက်မှာ တန်းပြီးမရွေ့သလို။ အဲဒီလို မဇ္ဈိမပဋိပဒါ ကျအောင် သိမြင်ယင် ထိုသူဟာလဲ နိဗ္ဗာန်တည်းဟူသော ဂဏန်းကွက်မှာ တန်းပြီး နိဗ္ဗာန် သွား တဲ့ လမ်းပေါ်သို့ ရောက်ပါပြီ။ နိဗ္ဗာန်သို့ ရောက်ချင်ယင် ဒီလမ်းပေါ် ရောက်ဖို့ ပထမအရေးအကြီးဆုံးပါပဲ။ သို့အတွက် ဝတ္ထု ဆက်ပါအုံးမယ်။ (ဝတ္ထု မဆက်ပဲ အဲ့ဆုံးသတ်လိုကလည်း သတ်နိုင်သည်။) [ဆက်တော်မူပါဘုရား။]

ရှေးအခါက အလ္လကပ္ပတိုင်း၌ ဝတ်မွတ်ခေါင်းပါးခြင်း ဒုဗ္ဘိက္ခန္တရဘေးကြီး ဆိုက်တယ်တဲ့။ ထိုအခါ အသက်မွေးခြင်းငှာ မစွမ်းနိုင်သော ကောတုဟလိက မည်သော လူတယောက်ဟာ ကာဝိမည်သော နို့စို့ သားငယ်နှင့် ကာဠီ မည်သော မယားကို ခေါ်ဆောင်၍ ကောသမ္ဗီပြည်သို့ သွားပြီးလျှင် အသက်

မွေးအံ့ဟု လမ်းစာ ရိက္ခာကိုယူ၍ ထွက်လာခဲ့သတဲ့။ ထိုသူတို့ဟာ အစဉ်အတိုင်း သွားကြကုန်လတ်သော် လမ်းစာ ရိက္ခာ ကုန်သဖြင့် အလွန် ပင်ပန်းခြင်းသို့ ရောက်တော့ သားငယ်ကို ချီသယ်ခြင်းငှာ မစွမ်းနိုင်အောင် ဖြစ်ကြတယ်တဲ့။ ထမင်း မစားရတော့ အားမရှိပဲ ခါးတွေချိကုန်တော့ ဘယ်မှာ ကလေးကို ချီနိုင်တော့မလဲ မောင်စိန်ရဲ့။ [မှန်ပါဘုရား။]

အဲဒီလိုဖြစ်နေတော့ လင်က မယားကို တိုင်ပင်တယ်။ "ရှင်မရေ၊ မင်းနှင့် ငါ အသက်ရှည်ကြာ နေရလျှင် သား ဆိုတာ ရနိုင်ပါတယ်၊ သို့အတွက် ဒီကလေးကို ပစ်ခဲ့စို့လား" လို့ တိုင်ပင်သတဲ့။ ဒီတော့ မယားက "အသက်ရှင်တဲ့ သားကလေးကို မပစ်နိုင်ဘူး။ သေတာတောင်မှ မလွှဲသာလို့ပစ်ရတာကလား" လို့ ပြန်ပြောတယ်။ မိန်းမဆိုတာ နှလုံးက နူးညံ့လေတော့ မရက်စက်နိုင်ဘူး ပေါ့ကွယ်။ ဒီတော့ လင်က "ဒီလိုဆို ဘယ်လိုလုပ်မလဲ" လို့ မေးသတဲ့။ မယား က "တယောက် တလှည့်စီ ချီတာပေါ့" လို့ ပြောပြီး တယောက် တလှည့်စီ ချီကြတာပေါ့ကွာ။ မိခင်အလှည့်ကျယင် မိခင်ဟာ မိမိသားကလေးကို ချီရတာ ပန်းပွင့်ကလေးကို ချီရသလိုပဲ၊ လေးတယ်လို့ မအောင့်မေ့ဘူးတဲ့။ မိခင်၏ မေတ္တာဟာ သားသမီးအပေါ်မှာ ဘယ်လောက် ကြီးမားတယ် ဆိုတာဟာ ဒီအဖြစ်ကိုသာ ကြည့်ကြပေတော့။

မယားက သူ့အလှည့်ပြီး၍ လင်ကို ပေးတဲ့အခါ လင်ဟာ အလွန် ဆင်းရဲသော ဝေဒနာဖြစ်တယ်။ သို့အတွက် မယားကို ထားပစ်ခဲ့ဖို့ ခဏ ခဏ ပြော သော်လည်း မယားကငြင်းပယ်မြဲ ငြင်းပယ်တယ်။ ပြောဖန်များတော့ စကား တုံ့မပြန်ပဲ စိတ် လုပ်နေသတဲ့။ မယားကတော့ သားကလေးကို သေမှ ခွဲနိုင်မှာ ကိုး။ မသေပဲနှင့်တော့ မပစ်နိုင်ဘူး။ အဲဒီလိုနဲ့ မယားတလှည့် လင်တလှည့် ချီပိုးပြီး လာခဲ့ကြရာ ဖခင်၏ လက်ပေါ်ကျတော့ သားကလေးဟာ အိပ်ပျော် သွားသတဲ့။ ဖခင်ဟာ သားကလေး အိပ်ပျော်မှန်း သိတော့ မယားကို ရှေ့က သွားစေပြီး တခုသောချုံထဲမှာ သစ်ရွက်ကလေးတွေခင်းပြီး သားငယ်ကို သိပ် ထားခဲ့၍ မယားနောက်သို့ အမှီလိုက်သတဲ့။ မိန်းမက နောက်ကိုလှည့်ကြည့်၍ သားငယ်ကို မမြင်တဲ့အခါ "အရှင်၊ သားငယ် ဘယ်မှာလဲ" လို့ မေးသတဲ့။ ဒီတော့ လင်က "ငါ ချုံထဲမှာ ထားပစ်ခဲ့တယ်" လို့ ပြောတော့ မိန်းမက ငိုယို လျက် "ငါ့ကို မဖျက်ဆီးပါလင့်၊ ငါသည် အသက်ရှင်သော သားနှင့် ကင်း၍ မနေနိုင်ဘူး" လို့ ပြောသဖြင့် လင်က သားငယ်ကို ပြန်ယူ ရတယ်တဲ့ကွဲ့။ အဲဒီလို သားငယ်ကို ပစ်ခဲ့သော ကံဟာ နောင်သောအခါ ခုနစ်ကြိမ် တိုင်တိုင်

အပစ်ခံရအိုးမှာကွဲ့။ အကုသိုလ်ကံများ ငယ်တယ်လို့ မအောင့်မေ့ကောင်းဘူးကွဲ့ မောင်စိန်ရဲ့။ [မှန်ပါ၊ ကြောက်စရာပါဘုရား။]

အဲဒီလိုနဲ့ သားငယ်ကလေးကို လင်တလှည့် မယားတလှည့်ချီပြီး ခရီး ဆက်ကြရာ တော်တော်ကြာတော့ သားငယ်ကလေးဟာ သေသွားတယ်။ ခန္ဓာကိုယ်ဝန်ထုပ်ကြီးဟာ မလေးလံဘူးလား။ [လေးလံလှပါတယ်ဘုရား။]

သတ္တာ ခန္ဓေန ကာယေန၊ သံသရန္တိ ဘဝဏ္ဏဝေ၊
ဒုက္ခိတာ တေနခန္ဓေန၊ ခန္ဓာ ဝေ ဘယဘာရဒါ။

ဘောဓန္တော၊ ခန္ဓာဝန် အထုပ်အပိုးနှင့် ငုပ်လျှိုးကာ စုန်ဆန်၍ ဂုဏ်မာန်တွေဝင့် မြောက်လျက် အပင့်အမြှောက်ကြိုက် ကြိုက်ပြီး ငိုက်စိုက်ကြီးကျ၍ နေကြကုန်သော အို....တရားနာ ပရိသတ်အလုံး ခန္ဓာတုံးတို့။ သတ္တာ၊ အမ တသီးအထီးတဖုံ အစုံစုံ မျိုးခုန်ပျော်ပါး သတ္တာဆိုတဲ့ လူဗိုလ်အများတို့သည်။ ခန္ဓေန၊ ရုပ်အစတွင် ဝိညာဉ်အဆုံး တွက်ကြုံးငါးမျိုး ခန္ဓာအိုးဟု ဆိုအပ်သော။ ကာယေန၊ သန့်သန့်မြန်မြန် ဟန်ပန်အမူ ထူထူထောင်ထောင် ဤကိုယ်ကောင်ဖြင့်။ ဘဝဏ္ဏဝေ၊ ဘဝတည်း ဟူသော လှိုင်းတို့ဖြင့် အတိုင်းမသိ ကျယ်ပြော၍ နယ်အတော မသတ်နိုင်တဲ့ ဝဋ္ဋ ဇာတ်အဏ္ဏဝါ သံသရာ ပင်လယ်ကြီး အတွင်း၌။ သံသရန္တိ၊ မြုပ်လိုမြုပ် မျောလိုမျော တမောမော တပန်းပန်းနှင့် ကမ်းမမြင်လမ်းမမြင် ငြိုငြိုငြင်ငြင် ကျင်လည်၍ နေကြလေကုန်၏။ တေနခန္ဓေန၊ ထိုခန္ဓာဝန်လေး ရန်ဘေး များမြောင် ဤကိုယ်ကောင်ဖြင့်။ ဒုက္ခိတာ၊ ဘယ်လိုပင်သံသရာ ရှည်သော်လဲ အထည်ကိုယ်ပိုင် မဖြစ်နိုင်၍ ခံ့ခိုင်သော ချမ်းသာအခြေကို တခါတလေမျှ မကြုံတွေ့ရပဲ ဘုံဓလေ့က အတင်းဆွဲသဖြင့် အဆင်းရဲကြီးဆင်းရဲကြလေကုန်၏။ ဝေ ဧကန္တေန၊ တရားသဘောနှင့် ဝေဘန်၍ ကေန်ဆိုရပါမူကား။ ခန္ဓာ၊ ရုပ်ကတခု စတုကားနာမ် ငါးတန် စုပုံ ခန္ဓာမြုံတို့သည်။ ဘယဘာရဒါ၊ ရှုန်းထွက်၍မရ ဒုက္ခရန်ဘေး မှန်မှန်ပေး၍ ဝန်လေး ဝန်ကြီး တန်တန်စီးအောင် ဖန်တီး ပေးဆောင်တတ်ကြ လေကုန်သတည်း။

သာဓု၊ သာဓု၊ သာဓု။

အဲဒီလို သားကလေး သေသွားတော့ သားငယ်အလောင်းကို မြှုပ်နှံခဲ့ပြီး ခရီးဆက်ကြရာ တခုသောရွာ နွားကျောင်းသား အမျိုးအိမ်သို့ ရောက်ကြသတဲ့။ သူတို့ ရောက်သောနေ့၌ပင် ထိုနွားကျောင်းသား အိမ်၌လည်း နို့ညှစ်

နွားမကိုအကြောင်းပြု၍ ကျွေးမွေးခြင်းမင်္ဂလာပွဲဖြစ်တယ်။နွားကျောင်းသား၏ အိမ်၌လည်း ပစ္စေကဗုဒ္ဓါ တပါးဟာ အမြဲတမ်း ဆွမ်း ဘုဉ်းပေး သတဲ့။ နွားကျောင်းသားက ပစ္စေကဗုဒ္ဓါကို ဆွမ်းကျွေး၍ မင်္ဂလာပြုတယ်။များစွာသော နို့ဃနာကို စီရင်သောကြောင့် ရှေ့ရှု ရောက်လာသော လင်မယားကို မြင်လျှင် ဘယ်မှ လာခဲ့သလဲလို့မေးပြီး အကြောင်းစုံကိုသိရလျှင် နူးညံ့ သိမ်မွေ့သော သဘောရှိသော အမျိုးသားဟာ ထိုလင်မယား၌ အစဉ် သနားသဖြင့် များစွာသော သောပတ်နှင့် နို့ဃနာတို့ကို ပေးသတဲ့။

ထိုအခါ မယားက ''ချစ်လင်၊ အရှင် အသက်ရှည်သည်ရှိသော် ကျမလည်း အသက်ရှည်သည် မည်ပါတယ်၊ များစွာသော နေ့တို့ပတ်လုံး အရှင်သည် ဟောက်သော ဝမ်းရှိ၍၊ အလိုရှိတိုင်း စားသောက်ပါလော့''ဟု ထောပတ်ကိုလည်းကောင်း၊နို့ဃနာကိုလည်းကောင်း ခင်ပွန်းသည်ဘက်သို့သာ ရှေ့ရှုပေးပြီး မိမိမှုကား အနည်းငယ် အဆာပြေရုံသာ စားသောက်သတဲ့။ လင်ဖြစ်သော ကောတုဟာလိကလည်း ခုနစ်ရက်တို့ပတ်လုံး ထမင်းကို မစားရပဲ သစ်သီး သစ်ရွက်ကိုသာ စားခဲ့ရသောကြောင့် ထမင်း၌ ရသတဏှာကို မထိန်းနိုင်ပဲ ဖြစ်ကာ အတိုင်း အရှည်ထက်လွန်၍ စားသောက်သတဲ့။

နွားကျောင်းသားလည်း လင်မယား နှစ်ယောက်အား ထမင်းကျွေးပြီး လတ်သော် မိမိလည်းစား၍ ခွေးကိုလည်း ကောင်းသော နို့ဃနာကို ကျွေးသတဲ့။ ကောင်းသောနို့ဃနာကို စားနေသောခွေးကို ကောတုဟာလိက မြင်လျှင် ''ဤခွေးကား ဘုန်းကံရှိလေစွ၊ ငါတို့မှာ လူဖြစ် ရပေမယ့် အကောင်း မစားရ၊ အကောင်းမနေရ၊ ဤခွေးလောက်မှ မကောင်း ပါ တကား'' လို့ အကြံဖြစ်ကာနေစဉ် အလွန်အကျွံ စားထားသော ဗိုက်ထဲက ထမင်းတို့ဟာ ပဲကြီးစေ့ ရေစိမ်သောအခါ ပွလာသကဲ့သို့ ပွလာတဲ့အတွက် စားပိုးနင့်ကာ သေရှာတော့သတဲ့။ စူဝကာပုဏ္ဏား စားပိုးနင့်ပြီး သေသလိုပေါ့။

သေတော့ ဘယ်မှာဖြစ်သလဲဆိုတော့ သူသာယာတဲ့ ခွေးမ ဝမ်း ထဲ မှာ ခွေးဖြစ်တယ်တဲ့။ မောင်စိန်ရေ....သတိပြု၊ လူ၏စိတ်က ခွေးဝမ်းထဲကို ဝင်သွားတာမဟုတ်ဘူး။လူ့ ဝိညာဉ်ကချုပ်၊ ရုပ်ကလဲပုပ်သွားပြီး ခွေးဘဝကို သာယာတဲ့ တဏှာလောဘ အကုသိုလ်ကံကြောင့် ခွေးစိတ် ခွေးရုပ် ဖြစ်တယ်။ ချဉ်သီးစားတာကိုမြင်၍ တံတွေးဖြစ်သလိုပေါ့။ အကယ်၍ လူစိတ် ဝိညာဉ်

က ခွေးဗိုက်ထဲဝင်ယင် ၎င်းခွေးဟာ မစင်ကိုဘယ်စား ချင်တော့မလဲ။ ယခု တော့ ဒီလိုမဟုတ်၊ ခွေးမှန်ယင် မစင်ကိုမက်မောတာချည်းပဲ။ အဲဒါ ဝိညာဉ်ဟာ တဘဝမှတဘဝသို့ မကူးသောကြောင့် ဖြစ်တာပေါ့ မောင်စိန်ရဲ့။ [မှန်ပါ ဘုရား။]

အဲဒီခွေးကလဲ တကောင်တည်း မွေးသဖြင့် အမိနို့ကိုဝအောင် စို့ရပြန်၊ သခင်ကလဲ တကောင်သောနွားမက ထွက်သမျှနို့ကို ကျွေးပြန်ဆိုတော့ ခွေး ကလေးဟာ ချက်ချင်းဆိုသလို ကြီးပြင်းလာတယ်။ ထိုအခါ ပစ္စေကဗုဒ္ဓါ အရှင်မြတ်က ဆွမ်းဘုဉ်းပေး၍ပြီးတိုင်း ခွေးကလေးကို ထမင်း တခဲ အမြဲ ကျွေးသတဲ့။ သို့အတွက် ခွေးကလေးဟာ ပစ္စေကဗုဒ္ဓါအား ချစ်မြတ်နိုးတယ်။ နွားကျောင်းသားလည်း တနေ့လျှင်နှစ်ကြိမ် ပစ္စေကဗုဒ္ဓါအား ခစားရန် ကျောင်းသို့သွားတဲ့အခါ လမ်းမှာ ဝက်တို့ မျောက်တို့အား ပြေးစေခြင်း ငှာ ရှူးရှူးရှူးရှူးလို့ အသံပြုတယ်။ ထိုအခါ ခွေးကလေးကလည်း ဟောင်သံ ပေး၍ ဝက်မျောက်တို့ကို ပြေးစေတယ်။ ဤကဲ့သို့ နေ့စဉ် သခင်နှင့် အတူ ကျောင်းသို့ သွားဖန် များ သောကြောင့် ကျောင်းလမ်းကိုသိ၍ နေတော့ သတဲ့။ ထိုအခါ နွားကျောင်းသားက "အရှင်ဘုရား၊ တပည့်တော် မအား လပ်သောအခါ ခွေးကလေးကိုပဲ အပင့်လွှတ်ပါရစေ၊ ခွေးလာသော အမှတ် ဖြင့်သာ အိမ်ကိုကြွခဲ့ပါဘုရား" လို့ လျှောက်ထားပြီးလျှင် မအား သောနေ့ တို့၌ ခွေးကလေးကိုပဲ အပင့်ခိုင်းတော့သတဲ့။

ခွေးကလေးလည်း တခွန်းခိုင်းကာမျှဖြင့် ကျောင်းသို့ အပင့်သွားသတဲ့။ ကျောင်းသို့ရောက်တဲ့အခါ မိမိလာကြောင်းကို သိစေရန် သုံးကြိမ် ဟောင် ခြင်း အူခြင်းကိုပြုပြီး အချက်ပေးတယ်။ ခွေးလာကြောင်းကို ပစ္စေကဗုဒ္ဓါသိ လျှင် သက်န်းကိုပြင်ကာ ကြွလာတာပေါ့။ ခွေးကလဲ ရှေ့ကသွားပြီး လမ်း ခရီးမှာ ဝက်တို့မျောက်တို့အား အနှောက်အယှက် မပြုအောင် ဟောင်သံကို ပေးလျက် ပြေးစေတယ်။ အဲဒီလိုနဲ့ ခွေးနဲ့ ပစ္စေကဗုဒ္ဓါတို့ဟာ ချစ်ကျွမ်းဝင်၍ နေကြသတဲ့။ ကျန်ရစ်ခဲ့သော မယားခမျာမှာ လင်အလောင်းကို နွားကျောင်း သား အကူအညီဖြင့် သင်္ဂြိုဟ်ပြီးလျှင် ဆွမ်းသွတ်ဖို့အတွက် အခစားလုပ်၍ ဆန်ကိုရှာတယ်။ ဆန်ရတဲ့အခါ လင်ကိုရည်စူးပြီး ပစ္စေကဗုဒ္ဓါအား ဆွမ်း ကပ်၍ "ဤအဖို့ဘာဂသည် သေ၍ ဘဝတပါးသို့ သွားသူအား ရောက်ပါ စေ" လို့ ဆုတောင်းတယ်။ ဆွမ်းသွတ်ပြီးတော့ မိန်းမက စဉ်းစား တယ်။ ငါဟာ ဒီအိမ်မှာနေရလျှင် ပစ္စေကဗုဒ္ဓါအား အမြဲတမ်း ဝတ်ကြီးဝတ်ငယ်

ပြုရသဖြင့် ကုသိုလ်တရား နေ့စဉ် ပွားလိမ့်မယ်လို့ အောင့်မေ့ကာ ၎င်းအိမ်မှာပဲနေလျက် ပစ္စေကဗုဒ္ဓါအတွက် ဆွမ်းချက်ခြင်းကို ပြုကာ နေ့စားအလုပ်ကိုလုပ်၍ အသက်မွေးရှာသတဲ့။

သူ့လင်ဟောင်း ခွေးကလေးမှာလဲ ပစ္စေကဗုဒ္ဓါအား အကြည်ညိုပွား၍ နေ့စဉ် ပစ္စေကဗုဒ္ဓါအရှင်မြတ်မှာ သက်န်း ဟောင်းနွမ်း စုတ်ပြတ်လာတယ်။ သို့အတွက် နွားကျောင်းသားက သက်န်းလျှာ ပုဆိုးစကို လှူဒါန်းတယ်။ ထိုအခါ ပစ္စေကဗုဒ္ဓါက "ဒကာ၊ သင်္ကန်းချုပ်တယ်ဆိုတာ တပါးတည်းမဖြစ်နိုင်ဘူး၊ အဖော်ရှိရာ ဂန္ဓမာဒန တောင်ကို သွား၍ ချုပ်မယ်" လို့ နွားကျောင်းသားနှင့် ခွေးကလေးကို နှုတ်ဆက်ကာ ကောင်းကင်သို့ ပျံတက်၍ ကြွသွားတော်မူတယ်။ ခွေးကလေးလည်း ထိုအရှင် ပြန်မလာတော့ဘူး အထင်နှင့် ရင်ကွဲနာကျကာ သေသွားရှာတယ်။ သေသွားတဲ့အခါ ပစ္စေကဗုဒ္ဓါအား ကြည်ညိုတဲ့ ကုသိုလ်ဇောကြောင့် တာဝတိံသာ နတ်ပြည်၌ နတ်သားဖြစ်ရတယ်။ အဲဒီနတ်သားကို ဃောသကနတ်သားလို့ ခေါ်ကြသတဲ့။ ကဲ....သတိပြုနော်။ ဒီနတ်သား၏ ရုပ်နာမ်ဟာ ခွေးဘဝက လာတာ မဟုတ်ဘူး။ ခွေးရုပ်ခွေးနာမ်က ချုပ်ပျောက်သွားပြီ။ ပစ္စေကဗုဒ္ဓါအား ကြည်ညိုတဲ့ဇောကုသိုလ်ကြောင့် နတ်ရုပ် နတ်နာမ် ဖြစ်တာမဟုတ်လား။ [မှန်ပါတယ်ဘုရား။]

ခွေး၏စိတ် ဝိညာဉ်က နတ်ပြည်ကို တက်တာဖြစ်ယင် ဒီနတ်ဟာ မစင်ကို စားချင်မှာပေါ့။ အခုတော့ မစင်ကိုမပြောနဲ့ လူ့ထမင်းဟင်းကိုတောင် ရွံတယ်။ နတ်သြဇာကိုမှ စားချင်တာကွဲ့။ ဥစ္စေဒ, သဿတ ကင်းအောင် ပြောနေတာ။ စဉ်းစားယင်းနာကြ။ ဃောသက နတ်သားဟာ နတ်ဂိုဏ်၏ အာရုံငါးပါး ကာမဂုဏ်တရား၌ အလွန်နှစ်မြိုက် ခြင်းကြောင့် အချိန်ရောက်၍ပေါ်လာသော နတ်သြဇာကို မစားသုံးသေးပဲ နေမိသည့်အတွက် ထမင်းဆာသောဒဏ်ကို မခံနိုင်၍ နတ်ပြည်မှ စုတိစိတ်ကျကာ ကောသမ္ဗီ ပြည်၌ ပြည့်တန်ဆာမဝမ်းဝယ် ပဋိသန္ဓေတည် တယ်။ အချိန်ကျ၍မွေးလာသောအခါ ပြည့်တန်ဆာမက ကျွန်မအား "သားလား, သမီးလားလို့" မေးတယ်။ သားယောကျ်ားကလေးလို့ ပြောလျှင် "စကော၌ထည့်ပြီး အမှိုက်ပုံမှာ စွန့်ပစ်ချေ" လို့ စေခိုင်းသတဲ့။ ကောတုကလိက ဖြစ်စဉ်က သားကလေးကို ချုံယဲ မှာ ပစ်ထားခဲ့သော အကုသိုလ်ကံပို့လာပြီမောင်မင်းရဲ့။ [မှန်ပါဘုရား။]

ဘာကြောင့် ပစ်သတုန်းဆိုတော့ ပြည့်တန်ဆာမများဟာ သမီးကိုသာမိမိ၏အလုပ်အမွေကို ခံစေဖို့ သတ်သင်၍ မွေးမြူတယ်။ သားယောကျ်ား ဆိုလျှင် အနှောက်အယှက်ဖြစ်၍ စွန့်ပစ်ကြမြဲဖြစ်တယ်။ အဲဒီလို ပြည့် တန် ဆာမ က စေခိုင်းတော့ ကျွန်မက ဗန်းစကောထဲမှာထည့်ပြီး မြို့ပြင်က အမှိုက်ပုံမှာ စွန့်ပစ်လိုက်တယ်။ မွေးခါစ ကလေးဆိုတော့ အမဲသား တုံးကလေးလို ဖြစ်နေတာပေါ့။ ခွေးတွေကျီးတွေက အမဲသားတုံး ထင်ပြီး ဝိုင်းအုံ နေကြသော်လည်း ဘယ်ခွေးဘယ်ကျီးမှ မစားနိုင်ကြဘူးတဲ့။ ဘာကြောင့်လဲ ဆိုတော့ ခွေးဘဝတုန်းက ပစ္စေကဗုဒ္ဓါ၏ရန်သူဖြစ်သော တောဝက်တို့မျောက်တို့ကို ဟောင်ခဲ့ဘူးတဲ့ကံက တားမြစ်သည့်အတွက် မစားနိုင်ကြဘူးတဲ့။ ကဲ.... ကံများဟာ အားကိုးစရာ မကောင်းပါလား။ [အားကိုးစရာပါဘုရား။]

ဒီနေ့မှာပဲ ကောသမ္ဗီ သဌေးကြီးကလဲ နန်းတော်သို့ အသွား ပုရောဟိတ်ပုဏ္ဏားကြီးကလဲ နန်းတော်မှ အပြန် လမ်းမှာ တွေ့ကြတော့ သဌေးကြီးက "ဘယ့်နှယ်လဲ ပုရောဟိတ်ကြီး၊ ညတုန်းက နက္ခတ်များ မကြည့်ဘူးလား" လို့ မေးသတဲ့။ ပုရောဟိတ်ကြီးက "ကြည့်ပါတယ် သဌေးကြီး၊ ဒီနေ့ မွေးတဲ့ ကလေးဟာ ကောသမ္ဗီပြည်မှာ အကြီးဆုံး သဌေး ဖြစ်လိမ့်မယ်" လို့ ပြောသတဲ့။ သဌေးကြီးမှာလဲ မယားက မွေးခါနီး ဖြစ်နေလေတော့ ဘုရင့်ထံမှာ ခေတ္တ ခစားပြီး အိမ်သို့ပြန်ကာ မိမိ၏ဇနီးကို "ဘယ့်နှယ်လဲ ရှင်မ၊ မင်းဗိုက်ဟာ မမွေးသေးဘူးလား" လို့ မေးသတဲ့။ မိန်းမက "မမွေးသေးဘူး" လို့ ပြေတော့ "ဟဲ့....ကျွန်မ၊ ဟောဒီ ငွေတစ်ထောင်ကို ယူသွား၊ ဒီနေ့ မွေးတဲ့ ကလေးကို တွေ့ယင် ဝယ်ယူခဲ့" လို့ ခိုင်းစေတယ်။

ဒီနေ့မှာပဲ လူတယောက်ကလဲ အမှိုက်ပစ်အသွား ခွေးတွေ ကျီးတွေ အုံနေတာကို မြင်တော့ ဘာပါလိမ့်လို့ သွားကြည့်ရာ မွေးခါစ သားကလေးကို မြင်သဖြင့် ဝမ်းမြောက်ဝမ်းသာကောက်ပြီး ယူခဲ့သတဲ့။အဲဒီသတင်းကို သဌေးရဲ့ကျွန်မက ကြားတော့ ငွေတစ်ထောင်ပေးပြီး ယူလာခဲ့၍ သဌေးကြီးကို ပေးတယ်။ သူဌေးကြီးကလဲ "ငါ့မိန်းမ သမီးမွေးလျှင် ဒီကလေးနှင့် ပေးစားမယ်၊ သားယောကျ်ားမွေးလျှင် သတ်ပစ်မယ်" ဆိုတဲ့ အကြံနှင့် မွေးကျွေးထားတယ်။ နောက် နှစ်ရက် သုံးရက် လွန်လတ်သော် သဌေးကြီး၏ ဇနီးသည်က သားယောကျ်ားကလေး ဖွားမြင်သတဲ့။ သဌေးကြီးက "ဤသူငယ် မရှိမှသာ ငါ၏သား သဌေးဖြစ်မယ်၊ ဤသူငယ်ကို ထား၍ မသင့်လျော်၊ သတ်ပစ်မှ" လို့ ကြံစည်ကာ "ဟဲ့....ကျွန်မ၊ နွားခြံဖွင့်သောအခါ ခြံဝ၌ ဤသူငယ်ကို ကန့်

လန့် အိပ်ပါစေလော့၊ နွားနင်း၍ သေလတ့်၊ သေသည်ကို လည်းကောင်း, မသေသည်ကိုလည်းကောင်း သိပြီးမှ ပြန်ခဲ့''လို့ စေခိုင်းတယ်။

ကျွန်မလည်း သူငယ်ကိုယူ၍ နွားခြံဖွင့်သောအခါ ခြံဝ၌ ကန့်လန့်ထားလေတယ်။ ၎င်းနွားခြံ၌ နွားလားဥသဘကြီးဟာ ရှေ့အခါ၌ နောက်ဆုံးမှ ထွက်နေကျ ဖြစ်သော်လည်း ယနေ့မူကား ရှေးဦးစွာ ပြေးခဲ့၍ သူငယ်ကို ခွာလေးခုတို့၏ အလယ်၌ ထားကာ ရပ်၍ နေလေသတဲ့။ များစွာသော နွားတို့လည်း နွားလားကြီး၏ နံဘေးကို ပွတ်လျက် ထွက်သွားကြသတဲ့။ နွားကျောင်းသားက ''နွားကြီးဟာ ရှေးအခါက နောက်ဆုံးမှ ထွက်နေကျ ဖြစ်ပါလျက် ယနေ့မူကား ဦးစွာထွက်၍ ခြံဝမှာ ရပ်နေတယ်၊ အကြောင်းကား ဘာပါလိမ့်'' လို့ ကြည့်ရှုလတ်သော် သူငယ်ကို မြင်သဖြင့် သား ဟူသော ချစ်ခြင်း ဖြစ်ပြီးလျှင် အိမ်သို့ ယူသွားသတဲ့။

ကျွန်မလည်း ဤအကြောင်းအရာကို သဌေးကြီးအား ပြန်ပြောလေရာ သဌေးကြီးက ဒီ ငွေတစ်ထောင်နှင့် ဝယ်ချေအုံးလို့ စေခိုင်းပြန်တယ်။ ကျွန်မလည်း ငွေတစ်ထောင်နှင့် ဝယ်၍ သဌေးကြီးအား ပြန်ပေးသတဲ့။ သဌေးကြီးလည်း ဘယ်လို သတ်ရပါလိမ့်မလဲလို့ ကြံစည်နေစဉ် ကောသမ္ဗီပြည်မှ လှည်းငါးရာဟာ နက်ဖန် စောစောထွက်လိမ့်မယ်လို့ သတင်း ကြားသဖြင့် ကာဠီ မည်သော ကျွန်မကို ''ချစ်သမီးကာဠီ၊ နက်ဖန် စောစော လှည်းငါးရာ ထွက်လိမ့်မယ်၊ မထွက်မီ သွား၍ ရှေ့ဆုံး လှည်း၏ ရှေ့၌ လှည်းဘီး သွားရာမှာ ကန့်လန့်ထားပါလော့၊ နွားမူလည်း နင်းလတ့်၊လှည်းဘီးမူလည်း ကြိတ်လတ့်၊ သေသည် မသေသည်ကို သိအောင်ပြု၍ ပြန်ခဲ့လော့''လို့ ခိုင်းပြန်တယ်။ကျွန်မလည်း သူငယ်ကိုယူ၍ ရှေ့ဆုံး လှည်း၏ ရှေ့၌ လှည်းဘီးသွားရာတွင် ကန့်လန့်ထား၍ တခုသော ချုံမှ ကြည့်ရှုနေသတဲ့။ လှည်းမှူးကြီးလည်း ရှေ့ဆုံး လှည်းမှာထိုင်၍ နွားတို့ကို မောင်းရာ သူငယ်၏ အနားသို့ရောက်လျှင် နွားတို့ဟာ ထမ်းပိုးကို စွန့်ကြကုန်ပြီး ရှေ့သို့ မသွားပဲ နေသတဲ့။ လှည်းမှူးကြီးက စုံစမ်းလတ်သော် သူငယ်ကို မြင်သဖြင့် ဝမ်းမြောက် ဝမ်းသာစွာ သူငယ်ကို လှည်းပေါ်သို့ တင်၍ ယူသွားပြန်တယ်။ ကျွန်မလည်း ဒီအကြောင်းကိုသူဌေးကြီးအား ပြောပြရာ ငွေတစ်ထောင်ပေး၍ အဝယ်ခိုင်းပြန်သတဲ့။

ကျွန်မလည်း ငွေတစ်ထောင်ကိုယူ၍ လှည်းကို အမှီလိုက်ကာ ဝယ်၍ သဌေးကြီးအား ပေးပြန်တယ်။ သဌေးကြီးလည်း ဤသူငယ်ကို ဘယ်လို သတ်ရအံ့နည်းလို့ စိတ်ကူးပြန်တယ်။ အကြံတခု ပေါ်လာ၍ ''ချစ်သမီး ကာဠီ၊ ဤ

သူငယ်ကို သင်္ချိုင်း ချုံ့ထဲ၌ ပစ်ချေလော့၊ ခွေးတို့သည် လည်းကောင်း၊ ဘီလူးတို့သည်လည်းကောင်း ကိုက်စားလတံ့၊ သေသည် မသေသည်ကို သိအောင်ပြု၍ လာခဲ့''လို့ ခိုင်းပြန်တယ်။ ကျွန်မလည်း သူငယ်ကို ယူ၍ သင်္ချိုင်းသို့ သွားပြီး လျှင် ချုံ့ထဲ၌ထားကာ တစုံတခုသောနေရာ၌ နေလျက် သူငယ်၏ အဖြစ်အပျက်ကို ကြည့်ရှုလျက် နေတယ်။ ထိုနေ့၌ ဆိတ်ကျောင်းသမားဟာ များစွာသော ဆိတ်တို့ကို မောင်းနှင်လျက် သင်္ချိုင်း၏ နံဘေးဖြင့် သွားသတဲ့။ တကောင်သောဆိတ်မဟာ သစ်ရွက်ကိုစားယင်း ရှေ့သို့တိုးသွားရာ သူငယ်၏ ချုံ့သို့ရောက်သောအခါ ဒူးဆစ်ကို ထောက်လျက် သူငယ်အား နို့တိုက်တယ်။ ဆိတ်ကျောင်းသားက ဟေး....ဟေးလို့ ငေါက် သော်လည်း ဆိတ်မက မလှုပ်ရှားပဲ နို့တိုက်မြဲတိုက်လျက် နေတယ်။ ထိုအခါ ဆိတ်ကျောင်းသားက စိတ်ဆိုးကာ ရိုက်မည်ဟူသောအကြံဖြင့် တုတ်ကိုကိုင်၍သွားရာ ထူးဆန်းသောအဖြစ်ကို မြင်ရ၍ သူငယ်အား မြတ်နိုးစွာ ပွေ့ချီလျက် အိမ်သို့ယူသွားသတဲ့။ ချောင်းပြီးကြည့်နေသော ကျွန်မလည်း အိမ်သို့ပြန်၍ သဌေးကြီးအား အကြောင်းအရာကို ပြောပြန်တယ်။ သဌေးကြီးလည်း ငွေတစ်ထောင်ပေး၍ အဝယ်ခိုင်းသဖြင့် ကျွန်မလည်း ဆိတ်ကျောင်းသမားအား ငွေတစ်ထောင်ပေးကာ ဝယ်ပြီး သဌေးကြီးထံ ယူခဲ့ပြန်တယ်။

သဌေးကြီးလည်း ဤသူငယ်ကို ဘယ်လို သတ်ရပါအံ့လို့ ကြံ စည် ပြီး အကြံတခုရလာသဖြင့် ''ချစ်သမီးကာဠီ၊ ဤ သူငယ်ကို ခိုး သား တို့အား ပစ်ချရာ ကမ်းပါးပြတ်မှ ပစ်ချပါလော့၊ ခိုးသားကြီး တွေ့တောင် အပိုင်းပိုင်းပြတ်၍သေလျှင် ဤသူငယ်ကား အဘယ်မှာခံနိုင်အံ့နည်း၊ သေသည် မသေသည်ကို သိအောင်ပြု၍ ပြန်ခဲ့လော့''လို့ ခိုင်းပြန်တယ်။ ကျွန်မလည်း သူငယ်ကိုယူ၍ ခိုးသားတို့အားပစ်ချရာ ကမ်းပါးပြတ်မှ အောက်သို့တအားပစ်ချလိုက်တယ်။ ထိုတောင်ကမ်းပါး၌ ကြီးကျယ်သော ဝါးရုံ ကြီး ရှိသတဲ့။ ထိုဝါးရုံအထက်၌ အလွန်ထူထဲစွာ ယှက်နွယ်၍ နေသော ဇင်းရွေးချုံ့လည်းရှိသတဲ့။

ကာဠီပစ်ချလိုက်သော သူငယ်ဟာ ထိုဇင်းရွေးချုံ့ အထက်၌ ကျသတဲ့။ အလွန်ထူသော လဲမွေ့ရာပေါ်သို့ သိပ်ထားသကဲ့သို့ ဖြစ်သည့်အတွက် သူငယ်အား ဘာမှနာကျင်ခြင်း မရှိဘူးတဲ့။ ကာဠီလည်း ပစ်ချပြီး တနေရာ၌ ပုန်း၍ ကြည့်နေတယ်။ ကြူထရံသည်ကြီးက ဘုရင်အား ဝါးဆက်သစရာ ရှိသဖြင့် လူသူလေးပါး အသွားအလာနည်းသည့် ကမ်းပါးပြတ်သို့လာကာ သူငယ်ကျ

၍နေသော ဝါးရုံကြီးကို သားအား အခုတ်ခိုင်းသတဲ့။ သားက ခုတ်ပြီးလျှင် ခုတ်ပြီးသောဝါးကိုဆွဲရာ ဝါးရုံလှုပ်သဖြင့် သူငယ်အိပ်ရာမှနိုး၍ ငိုသတဲ့။ ကြူ ထရံသည်ကြီးက "ဤအသံကား သူငယ်၏ငိုသံတည်း၊ ဘယ်လိုဖြစ်ပါလိမ့်" လို့ အောင့်မေ့ကာ သားအားတက်၍ ကြည့်စေတယ်။ သားက တက်၍ ကြည့်သောအခါ သူငယ်ကိုမြင်၍ "အဖေ၊ သူငယ်ကလေး" လို့ ပြောသတဲ့။ ကြူ ထရံသည်ကြီးလည်း ဝမ်းသာရွှင်လန်းလျက် "ကောင်းမွန်စွာပိုး၍ချခဲ့" လို့ ပြောသတဲ့။ သားလည်း ကောင်းမွန်ယုယစွာ ပိုးလျက် အောက်ကို ယူလာပြီးလျှင် အိမ်သို့ ယူသွား တော့သတဲ့။ ကာဠီကျွန်မလည်း ထို အကြောင်းကို သဌေးကြီးအား ပြောပြသတဲ့။ သဌေးကြီးလည်း ရှေးနည်းအတူ ငွေတစ်ထောင်ပေး၍ အယူခိုင်းပြန်သဖြင့် ကာဠီလည်း ကြူထရံသည် အိမ်သို့သွားကာ ငွေပေး၍ဝယ်ခဲ့ပြန်သတဲ့။

သဌေးကြီးက ဤသို့ ဤသို့သော သေရာ သေကြောင်းကို အားထုတ်စဉ်ပင် သူငယ်ဟာ ကြီးပြင်းလာလေသတဲ့။ ထိုသူငယ်အား ဃောသက ဟူသော အမည်တွင်သတဲ့။ သဌေးကြီး၏ မျက်စိ၌ ဆူးငြောင့်ကဲ့သို့ ထင်၍ တည့်တည့် ကြည့်ခြင်းငှာ မစွမ်းနိုင်ဘူးတဲ့။

ထိုမှအခြား အခါတပါး၌ သူငယ်အား သေလောက်သော အကြောင်းကို ကြံစည် စိတ်ကူးလျက် မိမိ၏ အဖော်ဖြစ်သော အိုးထိန်းသည်၏ အထံသို့ သွားပြီးလျှင် "အဘယ်အခါ၌ အိုးဖုတ်ရာတွင် ကွင်းကျင်း တို့ကို ပြုစု စီမံ လိမ်းကျံပြီး မီးဖုတ်လတံ့နည်း" လို့ မေးသတဲ့။ "နက်ဖန်ခါ ပြုအံ့" လို့ ဆိုသည် ရှိသော် "ထိုသို့ ဖြစ်မူ အသပြာ တစ်ထောင်ကိုယူ၍ ငါ၏ ပြုဘွယ် ကိစ္စကို ပြုပါလော့" ဆိုသတဲ့။ "အရှင် သဌေးကြီး အဘယ်သို့ ပြုရအံ့နည်း" လို့ မေးတဲ့အခါ "ငါ့အား အလွန် ယုတ်မာ ဆိုးသွမ်းသော အဝဇာတသားသည်ရှိ၏၊ ထိုသားကို သင်၏တံသို့ စေလွှတ်လိုက်အံ့၊ ထိုအခါ သူငယ်ကို ဖမ်းယူ၍ တိုက်ခန်းတွင်းသို့ သွင်းပြီးလျှင် ထက်လှစွာသော ပဲခွပ်ဖြင့် အပိုင်းပိုင်း ဖြတ်ပြီးလျှင် အိုးစရည်းကြီး၌ ထည့်သွင်း၍ အိုးဖုတ်ရာတွင်း၌သာလျှင် မီးတိုက်ကာ ရှို့မြိုက်ပါလော့၊ ဤအသပြာတစ်ထောင်ကား သင့်အား သစ္စာပြုသည်နှင့် တူသော စရန်ပေးခြင်းတည်း၊ ဤထက် အလွန် ပေးကမ်း ပြုစုထိုက်သည်ကို နောက်မှ ပြုစုပေအံ့" လို့ ဆိုသတဲ့။

အိုးထိန်းသည်လည်း "ကောင်းပါပြီ" လို့ ဝန်ခံသတဲ့။ သဌေးကြီးလည်း တဖန် မိုးသောက်သောနေ့၌ ဃောသကကို ခေါ်ပြီးလျှင် "ချစ်သား၊ ငါသည်

အိုးထိန်းသည်ကို တခုသောအမှု စေခိုင်းခြင်းကို ပြုအပ်၏။ ချစ်သား လာလှည့်၊ သင်သည် အိုးထိန်းသည်၏ အထံသို့ သွား၍ ယမန်နေ့က ကျွန်တော်၏ ဖခင် စေခိုင်းသောအမှုကို မချွတ်မလွဲ ပြီးစေရမည်တဲ့ ဟု ပြောချေ" လို့ စေလွှတ်လိုက်သတဲ့။ ဃောသကလည်း "ကောင်းပါပြီ" လို့ ဝန်ခံသွားသတဲ့။ အိုးထိန်းသည်ထံ ဃောသက သွားသည်ကို သားရင်းက ဂုညင်းကစားရာမှ နေ၍ မြင်တဲ့ အခါ "အစ်ကို၊ ဘယ်ကို သွားအံ့နည်း" လို့ မေးသတဲ့။ ဃောသက က "ဖခင်က အိုးထိန်းသည်ထံ ခိုင်းသဖြင့် သွားအံ့" လို့ ပြောတဲ့အခါ "ကျွန်တော်သွားပေးမည်၊ ကျွန်တော် ရှုံးသမျှလောင်းကြေးကိုသာ ပြန်ရအောင် ပြုနိုင်ပါ" လို့ ပြော၍ အိုးထိန်းသည်ထံ ပြေးသွားသတဲ့။ အိုးထိန်းသည်ထံ ရောက်တဲ့အခါ "ဖခင်က သူခိုင်းထားသော အမှုကို ပြီးစီးအောင် လုပ်ပါတဲ့" လို့ ပြောသတဲ့။ အိုးထိန်းသည်ကြီးလည်း သဌေးကြီးခိုင်းသည့်အတိုင်း သူငယ်ကိုသတ်၍ မီးထဲသို့ ပစ်ချလိုက်တော့သတဲ့။

ဃောသကဟာ ဂုညင်းနိုင်၍ ညီကလေးကို စောင့်မျှော်ပါသော်လဲ မပေါ်လာသဖြင့် အိမ်သို့ ပြန်သွားသတဲ့။ သူဌေးကြီးက ဃောသကကို မြင်လျှင် "ချစ်သား၊ ငါခိုင်းသောအရပ်သို့ မသွားသလော" လို့ မေးသတဲ့။ ဃောသကက "ဖခင်၊ ညီလေးက ဂုညင်း ရှုံးနေတယ်၊ နိုင်အောင် လုပ်နှင့် ဆိုပြီး ဖခင်မှာတဲ့စကားကို မေး၍ သွားပါတယ်၊ ယခု အချိန်ထိ ပြန်မလာသောကြောင့် ကျွန်တော်မစောင့်နိုင်၍ အိမ်ပြန်ခဲ့ပါတယ်" လို့ ပြောသတဲ့။ ထိုစကားကိုကြားတဲ့အခါ သဌေးကြီးဟာ ရေနံဆီလောင်း၍ မီးရှို့ခံရ သကဲ့သို့ သောကမီးတောက်လောင်ကာ အိုးထိန်းသည်ထံပြေး၍ "အိုးထိန်း သည်ကြီး၊ ငါ့ကိုမဖျက်ဆီးပါနှင့်" လို့ မည်တမ်းလျက် လက်တို့ကို မြှောက်ပြီးလျှင် ပြောသတဲ့။ အိုးထိန်းသည်ကြီးက "အို....သဌေးကြီး၊ အသံမပြုပါနဲ့၊ သဌေးကြီး၏ဆန္ဒ ပြည့်ဝပါပြီ" လို့ ဆိုသတဲ့။ ထိုစကားကို ကြားလျှင် သဌေးကြီးလည်း အသဲနှလုံးကို မီးလောင်သကဲ့သို့ဖြစ်ကာ စိတ်မချမ်းမသာနှင့်ပင် အိမ်သို့ပြန်၍ အိပ်ရာတွင်ပက်လက်အိပ်ကာ မစားနိုင် မသောက်နိုင် သောကမီး တဖိုင်ဖိုင်လောင်တော့သတဲ့။

သောကမီးလောင်လေ ဃောသကကို ပို၍မုန်းလေဖြစ်ကာ သတ်ဖို့ရန် အကြံထုတ်ပြန်သတဲ့။ "ငါ၏ အပိုင်စားရာရွာ၌ ငါခိုင်းစေထားသော ကိုယ်စားလှယ်ကို အသတ်ခိုင်းရမှု ကောင်းလေစွ" လို့ အကြံဖြစ်ကာ ကိုယ်စားလှယ်ထံ စာရေးသတဲ့။ "အသင် ကိုယ်စားလှယ်၊ ယခုစာနှင့် လာသော လူ

ကား အလွန်ဆိုးဝါးသော သားမိုက်ဖြစ်သည်၊ သို့အတွက် ထိုသား အိပ်ပျော်စဉ် လည်ပင်းကိုဓားနှင့်ပိုင်း၍ အတုံးအတုံးပြုကာ အိုးထဲသို့ ထည့်၍ မစင်တွင်းသို့ ပစ်ချပါလော့၊ ဤအမှုအောင်လျှင် သင့်အား များစွာသော ဥစ္စာတို့ကို ပေးပါမည်''လို့ စာကိုရေး၍ ဃောသက၏ပုဆိုးစွန်းမှာ ထုပ်ကာ ဃောသကကို စေခိုင်းလေသတဲ့။ ''အမောင် ငါ့သား၊ ဤစာကိုငါ၏ အပိုင်စားသော ရွာ၌ ကိုယ်စားလှယ်ကြီးကို ပေးချေ''လို့ စေလွှတ်သတဲ့။ ဃောသကဟာ စာမတတ်တတ် ဘူးတဲ့။ သို့အတွက် ''ကောင်းပါပြီ''လို့ ဝန်ခံပြီးလျှင် သဌေးကြီးကိုရှိခိုးလျက် ''အဖေ ကျွန်တော် သွားပါအုံးမယ်၊ ၎င်းရွာသို့ ညနေမှရောက်မှာ ဖြစ်သောကြောင့် လမ်း၌စားရန် ထမင်းထုပ် ကလေးပေးပါအုံး''လို့ ရိုသေစွာပြောဆိုသတဲ့။ သဌေးကြီးလည်း ဃောသကအား အနည်းငယ်မျှမသဒ္ဓါသောကြောင့် မပေးလို၍ ''အမောင် ငါ့သား၊ လမ်း၌ ဤမည်သောနိဂုံးသည် ရှိ၏၊ ထိုနိဂုံး၌ ငါ၏ သူငယ်ချင်း သဌေးတဦးရှိ၏။ ထိုအိမ်၌ တည်းခိုစားသောက်ပြီးမှ ခရီးဆက် ပါလော့၊ ထမင်းထုပ်ယူစရာ မလို''လို့ ပြောသဖြင့် ဃောသကလည်း''ကောင်းလှပါပြီ'' လို့ ဝန်ခံပြီးလျှင် စာကိုယူ၍ထွက်သွားသတဲ့။

နေ့လည်စာစားချိန်သို့ ရောက်သောအခါ ထိုနိဂုံးရွာသို့ ရောက်သတဲ့။ သဌေးအိမ်ကိုမေး၍ သွားလျှင် သဌေးကတော်ကြီးကို တွေ့သတဲ့။ သဌေး ကတော်က ''အမောင် ဘယ်သူနည်း''လို့ မေးသဖြင့် ''ကျွန်တော် ကောသမ္ဗီ ပြည်ကသဌေးကြီး၏သား ဃောသကပါ''လို့ ပြောသတဲ့။ သဌေးကတော် က ဃောသကကိုမြင်လျှင် သားဟူသော ချစ်ခြင်းဖြစ်သတဲ့။ ထိုအိမ်၌ တဆဲ့ ခြောက်နှစ် အရွယ်ရှိသော သမီးတယောက်လဲ ရှိသတဲ့။ အဆင်းလှသတဲ့။ အခိုင်းအစေ တယောက်ကိုပေး၍ ဘုံခုနစ်ဆင့်ရှိသော ပြာသာဒ် အပြင် ဝယ် ကျက်သရေရှိသောတိုက်ခန်း၌ နေစေသတဲ့။ သဌေးသမီးက မောင်ဃောသက ရောက်သောခဏ၌ ကျွန်မကို ဈေးသို့လွှတ်သတဲ့။ ထိုကျွန်မကို သဌေးက တော် မြင်လေလျှင် ''ဘယ်ကိုသွားမလဲ''လို့မေးတော့ ''အရှင်မ ခိုင်းသော ကြောင့် ဈေးသို့သွားမည်''လို့ ပြောသတဲ့။ ဒီအခါ ''နေ အုံး၊ မောင် ဃောသက လာတယ်၊ စားပြီးယင် တရေးတမောအိပ်ဖို့ နေရာ အိပ်ရာ ခင်း ထားခဲ့အုံး၊ ပြီးမှသွား''လို့ စေခိုင်းသဖြင့် ခိုင်းသည့် အလုပ်ကို လုပ်ပြီးမှ ဈေးသို့သွားရသတဲ့။ ဒါကြောင့် အချိန်ကြာ သွားရသတဲ့။ အချိန် ကြာမှ ရောက်လာသော ကျွန်မကို သဌေးသမီးက မောင်းမဲသတဲ့။ ထိုအခါ ကျွန်မ က ''အရှင်မ စိတ်မဆိုးပါနှင့်၊ သဌေးသား မောင်ဃောသ ရောက်လာသဖြင့်

သူ့အတွက် အိပ်ရာပြင်ပြီးမှ သွားပါ''လို့ သင်္ဘေးကတော်ကြီးက ခိုင်းသောကြောင့် လုပ်နေရပါသဖြင့် ကြာမြင့်ရပါတယ်''လို့ ပြောတဲ့အခါ သင်္ဘေးသမီးဟာ ''မောင်ဃောသ''လို့ကြားသည်နှင့် တပြိုင်နက် ချစ်ခြင်းမေတ္တာဟာ အရေမှ အသားသို့၊ အသားမှ အသဲသို့ စိမ့်ဝင်ကာ တကိုယ်လုံး မေတ္တာဓာတ်ဖြင့် ဖုံးလွှမ်း၍ သွားသတဲ့။ ဒါကြောင့် မြတ်စွာဘုရားရှင်က—

ပုဗ္ဗေဝ သန္နိဝါသေန၊ ပစ္စုပ္ပန္န ဟိတေနဝါ။
ဧဝံ တံ ဇာယတေ ပေမံ၊ ဥပ္ပလံဝယထောဒကေ။

ဥပ္ပလံ ဝါ၊ ကြာဖြူ ကြာနီ စသော ဥပ္ပကြာသည် လည်းကောင်း။ သေသံ ဝါ၊ ကြွင်းသော ပဒုမ္မာကြာသည် လည်းကောင်း။ ဇာယမာနံ၊ ပေါက်လတ်သည် ရှိသော်။ ဥဘောတိ၊ ရေနှင့်ညွန်ပျောင်း နှစ်ပါးသော အကြောင်းတို့ကြောင့်။ ဥဒကေ၊ ရေ၌။ ဇာယတေယထာ၊ ကောင်းစွာမသေ့ ဖြစ်ပေါ်လေသကဲ့သို့။ ဧဝံတထာ၊ ထို့အတူ။ တံပေမံ၊ထိုချစ်ခြင်းမေတ္တာသည်။ဇာယမာနံ၊ ဖြစ်လတ်သော်။ ပုဗ္ဗေ၊ အတိတ်ကာလ ရှေးဘဝ၌။ သန္နိဝါသေန ဝါ၊ ချစ်ခင်လှစွာ မကွာကြည်နူး နေကြဘူးသောကြောင့်လည်းကောင်း။ ပစ္စုပ္ပန္န ဟိတေန ဝါ၊ ဖြစ်ဆဲသန္တာန် ပစ္စုပ္ပန်ဝယ် ထက်သန်ပွားတိုး အကျိုးများစွာ ဆောင်ရွက်ကြသောကြောင့် လည်းကောင်း။ ဧဝံ။ ဤ အကြောင်းနှစ်ပါးကြောင့်။ ဇာယတေ၊ ကောင်းစွာမသေ့ ဖြစ်ရလေသတည်း။

အဲဒီဂါထာအတိုင်း သင်္ဘေးသမီးဟာ ကောတုဟလိက ဘဝတုန်းက မယားဖြစ်ခဲ့ခြင်းကြောင့် မေတ္တာမိုးတွေ ဖွိုးဝေ၍ ပစ္စေကဗုဒ္ဓါအား တစလယ်ချက်ဆွမ်းကပ်ခဲ့ခြင်းကြောင့် သင်္ဘေးသမီး ဖြစ်ရတယ်။ သင်္ဘေးသမီးက ''မောင်ဃောသ ဘယ်မှာနည်း''လို့ ကျွန်မကို မေးရာ ''အိပ်ပျော်နေတယ်''လို့ ဖြေတယ်။ သင်္ဘေးသမီးလဲ မေတ္တာဓာတ်၏ လှုံ့ဆော်ချက်ကြောင့် မအောင့်နိုင်ပဲ ဘုံခုနစ်ဆင့်မှဆင်းကာ မောင်ဃောသကို အသာအယာ လာ၍ ကြည့်တော့ ပုဆိုးစွန်း၌ စာရွက်အခေါက်လေးကို မြင်သတဲ့။ ဘာစာပါလိမ့်လို့ သိချင်ဇောနှင့် အသာသွားကာ စာကို ယူ၍ ဘုံခုနစ်ဆင့်၌ တက်၍ ဖတ်ရာ အံ့အားသင့်ပြီးလျှင် ''မိုက်လေစွ၊ ကိုယ့်သေမင်းကို ထမ်း၍ လာခဲ့ချေ၏။ စာတတ်ဟန်မတူဘူး၊ ငါ ကယ်မှ ချမ်းသာတော့မယ်''လို့ ဆင်ခြင်ပြီးလျှင် စာရွက်တရွက်ကို ယူ၍ ရေးသတဲ့။

ရေးပုံက "ယခုလာသောသူသည် ငါ၏သား ဖြစ်သည်၊ ထိုသားကို ငါ ပိုင်သောရွာမှ လက်ဆောင်ပဏ္ဏာကိုယူ၍ ဤမည်သော နိဂုံးနေ သဌေးသမီးနှင့် ထိမ်းမြားပြီးလျှင် ဘုံခုနစ်ဆင့်ရှိသော အိမ်ကိုဆောက်၍ တံတိုင်း ကာဝိုင်းပြီး၊ အစောင့်အရှောက်နှင့် ထားပါလော့၊ ထိမ်းမြားပြီးလျှင်ငါ့အား အကြောင်း ကြားပါ၊များစွာသော ဆုလာဘ်များ ပေးပါမည်၊အမြန်ဆုံးနည်းနှင့် ဆောင် ရွက်ပါ"လို့ ရေးပြီး စာရွက်ကိုခေါက်ကာ အောက်သို့ ဆင်းလာပြီးလျှင် မောင်ဃောသက၏ ပုဆိုးစွန်း၌ ထည့်၍ မိမိနေရာသို့ ပြန်သွားသတဲ့။

မောင်ဃောသကလည်း အိပ်ရာမှနိုးလတ်သော် သဌေးကတော်ကို နှုတ် ဆက်လျက် ထွက်ခွာသွားလေရာ ညနေခင်းအချိန်တွင် ရွာသို့ရောက်၍ ကိုယ် စားလှယ်ကြီးအား စာကိုပြသတဲ့။ ကိုယ်စားလှယ်ကြီးလည်း ဝမ်းသာလျက် နိဂုံးသဌေးအား စာကိုပြကာ မင်္ဂလာကိစ္စကို အလျှင်အမြန် ဆောင်ရွက်ပြီး ကြောင်းကို အကြောင်းကြားတော့သတဲ့။ သဌေးကြီးလည်း ထိုသတင်းစကား ကို ကြားလျှင် ခိုင်းတာကတမျိုး, ဖြစ်တာကတခြား ဖြစ်နေသည့် အတွက် ဒေါသထွက်ကာ ရောဂါဝေဒနာ အလွန် ဆိုးရွားစွာ တိုးပွားလာတော့သတဲ့။

မောင်ဃောသက၏ မယားဖြစ်တဲ့ နိဂုံးသဌေးသမီးက တံခါးစောင့်အား "ကောသမ္ဗီသဌေးထံမှလူလာလျှင် ငါ့ကိုလာ၍ပြောရမယ်"လို့မှာကြားထား သတဲ့။ သဌေးကြီးလည်း ရောဂါတိုးလေလျှင် "ငါတော့ ဒီမှော်က မတက် နိုင်၊ သို့အတွက် ငါ၏ဥစ္စာများကို ဃောသကကို မပေးပဲ မင်းဘဏ္ဍာ ဖြစ်စေ ကြောင်းကို ပြောရန် ခေါ်မှ တော်မယ်"လို့ အကြံဖြစ်ကာ ဃောသကကို ခေါ်ရန် လူလွှတ်သတဲ့။ အခေါ်လူရောက်လျှင် တံခါးစောင့်က သဌေးသမီး ကို အကြောင်းကြားသတဲ့။ သဌေးသမီးက "သဌေးကြီး စကား ကောင်းစွာ ပြောနိုင်သေးသလား"လို့ မေးရာ "ပြောနိုင်သေးကြောင်း"ပြန်ပြောသတဲ့။ ဒီအခါ သဌေးသမီးက "ဒီမှာပဲ ခေတ္တနေပါအုံး၊ ငါတို့နှင့် အတူတူ သွား တာပေါ့"လို့ ချော့ထားသတဲ့။ ဒုတိယလူ လွှတ်ပြန်တဲ့အခါ ထိုလူကိုလည်း ဒီလိုပဲ ချော့ထားပြန်သတဲ့။ တတိယလူ လွှတ်ပြန်တော့လည်း တတိယ လူက "သဌေးကြီး လျှာခိုင်နေပြီ၊ စကားကို တလုံးချင်း မနဲ ကြိုးစားပြီး ပြောနေရ တယ်၊ အစာမဝင်တော့ဘူး၊ ရေကိုသာ ချပေးနေရတယ်၊ တရက်လောက်ပဲ နေနိုင်တော့မယ်၊အမြန်လာပါ"လို့ ပြောတဲ့အခါ သဌေးသမီးက ဃောသက ကို "အစ်ကိုကြီး၊ သဌေးကြီးထံမှ လူအခေါ်လာတယ်၊ ရောဂါ သည်းသတဲ့"

လို့ ပြောသတဲ့။ ဒီအခါ မောင်ဃောသကက “ဒီလိုဆို သွားမှပေါ့” လို့ ဆိုပြီး လျှင်မြန်စွာ အဝတ်အစားလဲသတဲ့။ ပြီးလျှင် သွားကြတဲ့အခါ....လမ်းခရီးမှာ မယားက “ကိုဃောသ၊ ဟိုရောက်တဲ့အခါ ကျမက အဖေကို မမြင်ဘူးသောကြောင့် ရှေ့ပိုင်း ခါးနားမှာ နေပါရစေ၊ အစ်ကိုက ခြေထောက်က နေ၍ နှိပ်နေပါ”လို့ ပြောသတဲ့။ ဃောသက ကလည်း “မင်း သဘောပဲ၊ နေချင်ရာက နေပေါ့”လို့ ပြောပြီး သွားကြရာ သဋ္ဌေးကြီးထံ ရောက်တော့ လမ်းမှာ ပြောခဲ့သည့်အတိုင်း နေထိုင်ကြသတဲ့။

အိမ်သားတွေက “သဋ္ဌေးကြီး၊ မောင်ဃောသက ရောက်လာပါပြီ၊ ခြေထောက်မှာ နှိပ်နေပါတယ်၊ ခါးပိုင်းမှာနေတာက သူဋ္ဌေးကြီးရဲ့ ချွေးမပဲ”လို့ ပြောကြသတဲ့။ထိုအခါ သဋ္ဌေးကြီးက “မောင် ဃော သ က”လို့ တခွန်းချင်း ခေါ်တော့ ဃောသကက “ခင်ဗျာ၊ အဖေ့ ကျွန်တော် ဒီမှာ ရှိပါတယ်” လို့ ပြောသတဲ့။ ထိုအခါ သဋ္ဌေးကြီးက “ငါ့ပစ္စည်း အားလုံးကို မင်းတို့ကို မပေးဘူး၊ မင်းဘဏ္ဍာဖြစ်စေ”လို့ ပြောဖို့ရန် ရည်ရွယ်လျက် “ငါ့ ပစ္စည်း အားလုံးကို မင်းတို့အား....”လို့ အရောက်မှာ ခွဲဆို့သဖြင့် ရှေ့သို့ မတိုးနိုင်ပဲ နေတဲ့အခါ ချွေးမက “ပစ္စည်းအားလုံးကို ငါတို့အား ပေး၍ သေရှာပြီ”လို့ ရင်ဝကို ခေါင်းနှင့်ခွေ့၍ ငိုလိုက်ရာ သဋ္ဌေးကြီးလည်း ကိစ္စ ချောသွားတော့သတဲ့။

သို့အတွက် သဋ္ဌေးကြီး၏ ပစ္စည်းဥစ္စာအားလုံးကို မောင်ဃောသက ပိုင်၍ “ဃောသကသဋ္ဌေး”လို့ ကျော်ကြားကာ ဃောသိကာရုံ ကျောင်းဒကာကြီးဘဝနှင့် သောတာပန် တည်၍ နတ်ပြည်သို့ ရောက်လေတော့သတဲ့။

ဒီဝတ္ထုမှာ ဃောသကသဋ္ဌေးဟာ ကောတုဟလိက ဘဝမှ ခွေး ဘဝသို့၊ ခွေးဘဝမှ နတ်ဘဝသို့၊ နတ်ဘဝမှ ဃောသက သဋ္ဌေးဘဝသို့၊ ပြောင်းရွှေ့၍ လာရာ တဘဝမှ ရုပ်နာမ်သည် တဘဝသို့ မလာပဲ၊ အတိတ်ကံကြောင့် ပစ္စုပ္ပန် ရုပ်သစ် နာမ်သစ် ဖြစ်ရသဖြင့်၊ ဘယ်ဘဝက ရုပ်နာမ်မှ အမြဲ မတည်သောကြောင့် အနိစ္စ၊ ပဋိသန္ဓေတည်ရခြင်း, အိုရခြင်း, သေရခြင်းကြောင့် ဒုက္ခ၊ ဖြစ်ချင်သလိုမဖြစ်ရသောကြောင့် အနတ္တတရားတွေပါတကားဟု သံဝေဂဉာဏ် အမြင်သန်ကာ သမုဒယသစ္စာ ကင်းပြတ်၍၊ ကင်းပြတ်ရာ နိရောဓ သစ္စာကို မဂ္ဂသစ္စာဖြင့် မျက်မှောက် ပြုလွယ်ကြပါစေသတည်း။

သာဓု၊ သာဓု၊ သာဓု။

“နှာ့ဝိန်ချုပ်ရာ ဟောဖို့ရာ တရားတော်”ပြီး၏။

# “မင်္ဂလာဆောင်မှာ ဟောဖို့ရာ”

## သောဘဂဝါ ဣတိပိ အရဟံ။

ယောဘဂဝါ၊ အကြင် နိဗ္ဗာန်ကြွသွား ဂေါတမဘုရားသည်။ အတ္ထိ၊ ရှိတော်မူ၏။ သောဘဂဝါ၊ ထို နိဗ္ဗာန်ကြွဝင် ဘုရားရှင်သည်။ ဣတိပိ ဣမိနာစ ကာရဏေန၊ ဤသို့ပူဇော် အထူးကို ခံတော်မူထိုက်ခြင်းအကြောင်းရင်းကြောင့်။ အရဟံ၊ အရဟံ မည်တော်မူပါပေ၏။ ဧတေန သစ္စာ နုဘာဝေန၊ ဤသို့ မဖောက်မပြန် မှန်ကန်သော စကားကို ပြောဆိုရသော သစ္စာ အာနုဘော်ကြောင့်။ ဝေါတုမှာကံ၊ သင်သတို့သမီး သတို့သား နှစ်ဦးသားတို့၏။ ကာယေ စ၊ လေးဝသမုဋ္ဌာန် စိမံ ခေါ်ဆို ခန္ဓာကိုယ်၌·လည်းကောင်း။ ဣမသ္မိံ ဂေဟေ စ၊ ဤအိမ်၌လည်းကောင်း။ သဗ္ဗအန္တရာယော၊ မကောင်းသော ရန်စွယ် အန္တရာယ်ဟူသမျှအဝဝ တို့သည်။ ဝိနာသေတွာ၊ ကင်း ကွာ ကြကုန်သည်ဖြစ်၍။ သဗ္ဗသုခမင်္ဂလာနိ၊ အလုံးစုံသော ကောင်းကျိုးချမ်းသာ မင်္ဂလာသုခ ဟူသမျှ တို့သည်။ အဘိ—ဝဍ္ဎန္တု၊ တနေ့တခြား တက်နေလားသို့ တိုးပွားစည်ပင် ကြပါစေကုန်သတည်း။

သာဓု၊ သာဓု၊ သာဓု။

မင်္ဂလာဆောင်တယ်ဆိုတာ ဘာမင်္ဂလာတွေကို ဆောင်ထားသလဲဆိုတော့ “ပုတ္တဒါရဿသင်္ဂဟော” ဆိုတဲ့ မင်္ဂလာကို အမြဲတမ်း ဆောင်ထား ရတော့မှာမို့ မင်္ဂလာဆောင်တယ် လို့ ခေါ်တယ်။ ပုတ္တဒါရဿသင်္ဂဟော ဆိုတဲ့ မင်္ဂလာက ဘာလဲဆိုတော့ လင့်ဝတ်ငါးပါး, မယားဝတ်ငါးပါးကို ခေါ်တယ်။ အဲဒီ ဝတ်တရားတွေကို အမြဲတမ်း ဆောင်ထားရမယ်။ ရဟန်းများ

ဟာ သိမ်ထဲမှာ ကမ္မဝါစာဘတ်၍ ရဟန်းဖြစ်ပြီးလျှင် ၂၂၇ သွယ်သော သီလ သိက္ခာတွေကို အမြဲတမ်းကျင့်ရတယ်။ သာမဏေ များဟာလဲ ဆရာသမား ထံ၌ သရဏဂုံ ကိုယူ၍ သာမဏေဖြစ်ပြီးလျှင် လိင်ဆယ်ပါး, ဒဏ်ဆယ်ပါး, သေခိယ ခုနစ်ဆယ့် ငါးပါးကို အမြဲကျင့်ရတယ်။ အဲဒီလိုပဲ၊ လူ များမှာလဲ မင်္ဂလာဆောင်ပြီးလျှင် မယားကလဲ မယားဝတ် ငါးပါးကို၊ လင်ကလဲ လင့်ဝတ်ငါးပါးကို အမြဲတမ်းကျင့်ရတယ်။

ဒါကြောင့် လူလို့ခေါ်တယ်။ မကျင့်ယင် လူမဟုတ်ဘူး၊ လူတိစ္ဆာန် ဖြစ်တယ်။ ဘာကြောင့်လဲ၊ တိစ္ဆာန်များကိုကြည့်ပါ။ သူတို့ဟာ မေထုန်ကိစ္စပြီးလျှင် အထီးကလဲ သူသွားချင်ရာကို သွားတော့တာပဲ။ အမအပေါ်မှာ ပြုစုစောင့်ရှောက်မှု မရှိတော့ဘူး။ အမကလဲ အထီး အပေါ်မှာ ပြုစုမှုမရှိဘူး။ အဲဒါကြောင့် မယားက မယားဝတ်တရား ငါးပါးကို မကျင့်ယင်၊ လင်က လင့်ဝတ်တရား ငါးပါးကို မကျင့်ယင် တိရစ္ဆာန်တို့နှင့် မခြားနားသောကြောင့် လူ့တိရစ္ဆာန်လို့ခေါ်တယ်။ သူ့ဝတ်တရား, ငါ့ဝတ်တရားကို ကျင့်မှ လူဖြစ်တယ်။

ဒါကြောင့် သိကြားမင်းကြီးဟာ လူ့ပြည်ကို နေ့စဉ် ရှိခိုးတယ်။ ဘာကြောင့် လူကိုနတ်မင်းက ရှိခိုးပါသလဲဟု နတ်တွေကမေးတော့ သိကြားမင်းက "အမောင်တို့၊ မင်္ဂလာတရားကို ကျင့်တဲ့လူတွေကို ရှိခိုးတာ" လို့ ပြောတော့ နတ်တွေက "လူတွေဟာ ဘာမင်္ဂလာတရားကို ကျင့်ပါသလဲ" လို့ မေးကြပြန်တယ်။ သိကြားမင်းက "အမောင်တို့၊ ပုတ္တာဒါရဿသင်္ဂဟောဆိုတဲ့မင်္ဂလာတရားကို လူတွေကျင့်ကြတယ်။ နတ်နှင့် တိရစ္ဆာန်ဟာ အဲဒီ မင်္ဂလာကို မကျင့်ဘူး" လို့ဖြေတယ်။ လင့်ဝတ်ငါးပါးက ဘယ်ဟာလဲဆိုတော့ "မထီမဲ့ကင်း, အပ်နှင်းဥစ္စာ, မိစ္ဆာမမှား, ဝတ်စားဆင်ယင်, မြတ်နိုးကြင်, ငါးအင်လင်ကျင့်ရာ" တဲ့။ (၁) မိမိမယားကို မထီမဲ့မြင် မရိုမသေ မလေးမစား မပြောဆိုရဘူး။ ကာယကံဖြင့်လဲ မထီမဲ့မြင် မပြုလုပ်ရဘူး။ (၂) မိမိ ရှာဖွေ၍ရတဲ့ ဥစ္စာကို မယားအား အပ်နှင်းထားရတယ်။ ဒါမှ မိန်းမဟာစိတ်အားရှိတယ်၊ လင်ကိုမြတ်နိုးတယ်၊ ရိုသေတယ်။ (၃) အခြားမိန်းမများနှင့် ဆက်ဆံခြင်း မပြုရဘူး။ (၄) မိမိမယား၏အရွယ် ကြည့်၍ လည်းကောင်း၊ ခေတ်အခါကိုကြည့်၍လည်းကောင်း အဝတ်အစား ဆင်ယင်ပေးရမယ်။ (၅) ခေါ်တဲ့အခါ ပြောတဲ့အခါ ပိုင်စိုးပိုင်နင်း ဟဲ့ ဆိုတဲ့စကားကို ထည့်၍မခေါ်ရဘူး၊ မပြောရဘူး၊ ကြင်ကြင်နာနာ ခေါ်ငင် ပြောဆိုရမယ်၊ အဲဒီဝတ်တရား ငါး

ပါးကိုသာကျင့်ပါ။ ဒီမယားဟာ ဒီလင်ကိုမချစ်ပဲ, မရိုသေပဲ, မမြတ်နိုးပဲ မနေပါဘူး။ ဒါဟာ ပီယဆေးအစစ် ဖြစ်ပါတယ်။ ဘုရားဟောတဲ့ ပီယဆေးကို မသုံးပါပဲ အခြားဖြစ်တဲ့ လက်ဖွဲ့တို့ ဂမုန်းတို့ကိုသာ အားကိုးယင် လူလိမ် ခံရမှာသာ ဖြစ်ပါတယ်။

ပြောခဲ့ပြီးတာက လင်၏ဝတ်တရား ငါးပါး ဖြစ်တယ်။ ကဲ....မယား၏ ဝတ်တရားကို ပြောကြဦးစို့။ "အိမ်တွင်းမှုလုပ်, သိမ်းထုပ်သေချာ, မိတ္တာ ကြည်ရှောင်, လျှော်အောင်ဖြန့်ချီ, ပျင်းရိမမူ, ဝတ်ငါးဆူ အိမ်သူကျင့်အပ် စွာ"တဲ့။ (၁) အိမ်မှာရှိတဲ့ လုပ်စရာတွေဟာ မိန်းမအလုပ်ဖြစ်တယ်၊ လျှော်စရာရှိသမျှ လျှော်ရမယ်၊ စုပုံမထားနဲ့၊ ဆေးစရာရှိသမျှ ဆေးရမယ်၊ ပြီးလျှင်မှောက်ထားရမယ်၊ အိုးပက်လက် ခွက်ပက်လက် မရှိစေရဘူး၊ အိမ်ပေါ်အိမ်အောက် ပြောင်နေအောင် တံမြက်စည်း လှည်းရမယ်၊ အမှိုက်မရှုပ်စေရဘူး၊ သိုစရာ သိမ်းစရာရှိသမျှ သိုရမယ် သိမ်းရမယ်၊ သောက်ရေအိုး, သုံးရေအိုးတွေမှာ အမြဲတမ်း ရေပြည့် နေစေရမယ်၊ ဧည့်သည်လာပါက အဝေးဧည့် အနီးဧည့်ကိုကြည့်ပြီး ဧည့်ခံ ပြောဆိုရမယ်။ ကျွေး သင့်ယင် ကျွေး၍ ပေးသင့်ယင် ပေးရမယ်။ (၂) လင်ရှာ၍ အပ်ထားသော ဥစ္စာကို ကောင်းမွန်စွာ သိမ်းဆည်းထားရမယ်။ (၃) ကိုယ့်လင်ကလွဲယင် မည်သည့် ယောကျ်ားနှင့်မှ မဖောက်ပြားရဘူး။ (၄) ကိုယ့်ဆွေမျိုးကို ပေးကမ်း သလောက် လင်၏ဆွေမျိုးကိုလည်း ပေးကမ်းရမယ်၊ ရပ်ကိစ္စ ရွာကိစ္စ ကြုံယင် လဲ မိမိတို့၏ဂုဏ်နှင့် လျော်ညီအောင် ကူညီရမယ်။ (၅) အိပ်ရာဝင်လျှင် နောက်မှဝင်ရမယ်၊ ပိတ်စရာကိုပိတ် သိုစရာကိုသို၊ အားလုံးကိစ္စပြီးမှ အိပ်ရာ ဝင်ရမယ်။ အိပ်ရာမှထသောအခါ အရင်ထရမယ်။ အရင်ထ၍ လင်နဲ့ သားသမီး တို့စားဖို့သောက်ဖို့ စီမံရမယ်။ မပျင်းရဘူး။ အဲဒီ ဝတ်ငါးပါး ကိုသာ ပြည့်စုံအောင်ကျင့်စမ်းပါ။ လင်ဟာ ဒီမယားကိုမြတ်နိုးပါလိမ့်မယ်။ မပစ်နိုင် ပါဘူး။

အဲဒါ ဘုရားဟောတဲ့ ပီယဆေးအစစ်ပါပဲ။ အဲဒီ ဝတ်ငါးပါးနှင့် ပြည့်စုံ တဲ့လင်မယားကို သိကြားမင်းကလဲ ရှိခိုး ပါတယ်။ ရွာစောင့် အိမ်စောင့် နတ်တွေကလဲ ကူညီမိုင်းမကြပါလိမ့်မယ်။ လူတွေလဲ ချီးမွမ်းကြမှာပဲ။ အတိတ် ကကုသိုလ်ကံတွေလဲ အကျိုးပေးခွင့် ရပါတယ်။ အနာဂတ်အတွက် ပစ္စုပ္ပန် ကံသစ်လဲ ဖြစ်ပါတယ်။

ဝိသာခါ၏အဖေက ဝိသာခါမင်္ဂလာဆောင်ပြီး၍ လင်အိမ်သို့ လိုက်ခါနီးမှာ ဘယ်လို သမီးကို မှာသလဲဆိုတော့ "ချစ်သမီး၊အတွင်းမီးကို အပြင်သို့မထုတ်နှင့်၊ အပြင်မီးကိုလည်း အတွင်းသို့မသွင်းနှင့်" တဲ့။ အတွင်း မီးကိုအပြင်မထုတ်နှင့် ဆိုတဲ့ အဓိပ္ပါယ်ကတော့ ယောက္ခမ တွေဟာ ပုထုဇဉ်ဖြစ်သည့်အလျောက် တခါတရံ သူတပါး၏ အပြစ်ကိုလဲ ပြောမှာပဲ။ အဲဒီစကားတွေကို အပြောခံရသူအား သွားမပြောနဲ့လို့ ဆိုတာ။ အပြင်ကမီးကို အတွင်းသို့မသွင်းနှင့်လို့ ဆိုတဲ့အဓိပ္ပါယ်က မိမိယောက္ခမ၏ အပြစ်ကို ပြောဆိုတာကို ကြားခဲ့ယင်လဲ ယောက္ခမကိုမပြောနှင့်၊ စိတ်နှလုံး မသာမယာ ဖြစ်တတ်တယ်လို့ဆိုတာ။ "အိမ်တွင်းနတ်ကိုရိုသေပါ" တဲ့။ အဓိပ္ပါယ်ကတော့ လင်ကိုနတ်ကဲ့သို့ ရိုသေပါလို့ဆိုတာ။ "ပေးသောသူတို့အားသာ ပေးအပ်၏" တဲ့။ အဲဒါကတော့ ကြွေးချေးငှားသော သူတို့တွင် ပြန်၍ကြွေးပေး သော သူတို့အားသာ နောက်ထပ်ကြွေးကို ပေးပါလို့ ဆိုတာပဲ။ "မပေးသော သူတို့အားမပေးအပ်" တဲ့။ အဲဒါက ကြွေးယူပြီး ပြန်မဆပ်သူတို့အား နောက်ထပ်ကြွေးမပေးနဲ့လို့ ပြောတာပဲ။ "ပေးသောသူအား လည်းကောင်း၊ မပေးသော သူအားလည်းကောင်း ပေးအပ်၏" တဲ့။ အဲဒါက အလှူခံပုဂ္ဂိုလ် တွေကိုပြောတာ။ အလှူခံပုဂ္ဂိုလ်တို့အား သူတို့၏ဂုဏ်ကိုကြည့်၍ ပေးလှူအပ်၏လို့ ပြောတာပဲ။

"ချမ်းသာစွာ နေထိုင်အပ်၏" တဲ့။ အဲဒါက မိမိထက်အသက်သိက္ခာကြီးသူလာလျှင် ထပြီးပေးစရာမလိုတဲ့ နေရာမျိုးမှာ နေပါလို့ ပြော တာပဲ။ "ချမ်းသာစွာစားအပ်၏" တဲ့။ အဲဒါက တအိမ်လုံးကို ကျွေးပြီး၍ လောက်လောက်ငငရှိပြီးမှစားပါလို့မှာတာပဲ။ "ချမ်းသာစွာအိပ်အပ်၏" တဲ့။ သိုစရာ သိမ်းစရာ ပိတ်စရာ ဆို့စရာတို့ကို ပြုပြီးမှ အိပ်ပါလို့မှာ တာပဲ။ "မီးကိုလုပ်ကျွေးအပ်၏" တဲ့။ အဲဒါက ယောက္ခမများကိုလည်းကောင်း၊ လင်ယောကျ်ားကိုလည်းကောင်း ပြုစုလုပ်ကျွေးရမယ်လို့ မှာကြားတဲ့ စကားပဲ။ အဲဒီ ဝိသာခါ၏အဖေ မှာကြားတဲ့ စကားဆယ်ခွန်းဟာလဲ အကျဉ်း ချုံးလိုက်ယင် မယား၏ဝတ်တရား ငါးပါးထဲမှာ အကျုံးဝင် သွားတာပါပဲ။ ဒါကြောင့် ကျက်သရေရှိရှိနှင့် ချမ်းချမ်း သာသာ နေလိုကြတဲ့ လင်မယားတို့ဟာ မိမိတို့၏ ဝတ်တရားများကို မပျက်မကွက်ရအောင် ဆောင်ရွက်ကြပါ။ [ဤတွင် အဆုံးသတ်လိုက သတ်နိုင်သည်။] ကောင်း တာကို လုပ်မှ ကောင်း တာဖြစ်တယ်။ မကောင်းတာကိုလုပ်ပြီး ကောင်းတာကို တမ်းတ၍ မရ ကောင်းပါဘူး။ ကောင်းတာကိုလုပ်၍ ကောင်းတာ ဖြစ်ပုံကို ဝတ္ထုဆက်ပါဦးမယ်။

သဗ္ဗိရေဝ သမာသေထ၊ သဗ္ဘိကုဗ္ဗေဝသန္ထဝံ။
သတံ သဒ္ဓမ္မမညာယ၊ သေယျော ဟောတိ နပါပိယော။

သဗ္ဘိရေဝ၊ အယူမစောင်း သူတော်ကောင်း တို့နှင့်သာလျှင်။ သမာသေထ၊ ပေါင်းဖော်ရာ၏။ သဗ္ဘိ၊ အယူမစောင်း သူတော်ကောင်း တို့နှင့်။ သန္ထဝံ၊ ပေါင်းသင်းဆက်ဆံ လက်ခံခြင်းကို။ ကုဗ္ဗေဝ၊ ပြုကြကုန်ရာ၏။ ဧဝံ၊ ဤသို့ သူတော်ကောင်းတို့နှင့် ပေါင်းသင်းခြင်းကို ပြုသည်ရှိသော်။ သတံ၊ အယူမစောင်း သူတော်ကောင်းတို့၏။ သဒ္ဓမ္မံ၊ ကောင်းရာညွှန်လတ် တရားမြတ်ကို။ အညာယ၊ သိရ၍။ သေယျော၊ အထက်တန်းသို့ တက်လှမ်းတုံလတ် လွန်မြင့်မြတ်သည်။ နပါပိယော၊ ယုတ်မာသဘော မရောနှော သည်။ ဟောတိ၊ ကောင်းစွာမသွေ ဖြစ်ရလေတော့သတည်း။

သာဓု၊ သာဓု၊ သာဓု။

ရှေးအခါ ဗာရာဏသီပြည်မှာ ဗြဟ္မဒတ်မင်းကြီး မင်းလုပ်၍ ထီးနန်းကို အုပ်ချုပ်တော်မူသတဲ့။ ထို ဗြဟ္မဒတ်မင်းကြီးမှာ သားယောကျ်ားမရှိ သမီးခုနစ်ယောက်သာ ရှိတယ်တဲ့။ အဲဒီ သမီးခုနစ်ဖော်ဟာ အပျို အရွယ်ချည်း ဖြစ်တဲ့အခါ ဘုရင်ကြီးဟာ သမီးခုနစ်ယောက်အား ပိုးဖဲ ကတ္တီပါ စသော အဖိုးတန်ဆုံး အဝတ်တို့ကို ချုပ်စေ၍ နဝရတ်ကိုးပါးတို့ဖြင့် စီခြယ်အပ်သော ဆွဲကြိုး, နားကပ်, လက်ကောက်,ခြေကျင်း, ဆံထိုးတို့ကို ပြုစေပြီး ပေးလျက် မေးတော်မူတယ်။ ဘယ်လို မေးသလဲဆိုတော့ “သမီးတို့၊ ယခု ဗာရာဏသီပြည်ကြီးမှာ မိန်းမတွေဟာ များစွာရှိပါလျက် သမီးတို့မှာ အခြား မိန်းမတွေနှင့်မတူ၊ အဝတ်ဆိုယင်လဲ ပိုးဖဲကတ္တီပါတို့ကို ဝတ်ရတယ်။ လက်ဝတ်တန်ဆာဆိုယင်လဲ နဝရတ်ကိုးပါး စီခြယ်ထားသော လက်ဝတ်တန်ဆာများကို ဝတ်ရတယ်၊ စားစရာဆိုယင်လဲ ဆီဦးထောပတ်ဆိုတဲ့ အကောင်းဆုံး အရသာတွေကို နတ်တို့ကဲ့သို့ စားပွဲရှေ့ရောက် စားရတယ်။ ရေချိုးပြန်တော့လဲ နံ့သာပြင့်ထုံအပ်သော ရေတို့ဖြင့်ချိုးရတယ်။ သနပ်ခါးဆိုယင် သွေးပြီးသားကို အလွယ်တကူ လိမ်းကြရတယ်၊ အိုက်ပြန်ယင်လဲ ယပ်ခပ်မည့်သူ အပြီးရှိတယ်။ ညောင်းတဲ့အခါမှာလဲ နှိပ်ပေးမည့်သူ အသင့်ရှိတယ်၊ သမီးများ နေရထိုင်ရတာဟာနတ်တွေနှင့် ဘာမှမခြားနားပါဘူး။အဲဒီလို နေရထိုင်ရတာဟာ ဘယ်သူ၏ကျေးဇူးလဲ” လို့ မေးသတဲ့။

ထိုအခါ သမီးအကြီးဆုံးက “ဖခမည်းတော်၏ ကျေးဇူးပါဘုရား၊ အင်မတန်ကျေးဇူးကြီးတဲ့ အတွက် ကျေးဇူးတင်၍ မဆုံးနိုင်ပါဘုရား” လို့သံတော်

ဦးတင်သတဲ့။ ပြီးတော့ ဘုရင်ကြီးက ဒုတိယသမီးတော်ကိုမေးပြန်ရာ ဒုတိယ သမီးကလဲ ဒီအတိုင်းပဲ လျှောက်ထားသတဲ့။ အဲဒီလိုပဲ သမီး ခုနစ်ဖော်ကို တယောက်ပြီးတယောက် မေးလာရာ ခြောက် ယောက် မြောက် သမီး အထိ တသံတည်းပြောဆိုကြတယ်။ ခုနစ်ယောက်မြောက် သမီးအငယ်ဆုံး အလှည့် ကျတော့ သမီးအငယ်ဆုံးက "ဖခမည်းတော်၊ ယခုလိုချမ်းချမ်းသာသာနှင့် နေရတာဟာ သမီးတို့ကံကြောင့် ဖြစ်ပါတယ်၊ သမီးတို့ဟာ ကံရှိလို့ ဘုရင်၏ သမီးဖြစ်လာရတယ်၊ ဘုရင့်သမီးဖြစ်တော့ ကောင်းတာကို ဝတ်ပြီး ကောင်း တာကိုစားကာ ချမ်းချမ်းသာသာ နေရတာပေါ့၊ အကြောင်းရင်း မူလက တော့ ကံပါပဲဘုရား" လို့ တမူခွဲပြီး လျှောက်တယ်တဲ့။

ဒီစကားကိုဘုရင်ကြီးက သဘောမကျဘူး။ "သယ်....ငါ့ကြောင့်ချမ်းချမ်း သာသာနေရတာ လက်တွေ့အထင်အရှား ဖြစ်ပါလျက်၊ ငါ့ကို ပစ်ပယ်ပြီး ကံကိုယုံတဲ့သမီးကိုတော့သိစေမယ်" လို့ အကြံဖြစ်ပြီး "ကဲ....ထမိစုတ်တထည်၊ အင်္ကျီစုတ်တခု၊ တဘက်စုတ်တလှည်ယူခဲ့ကြ" လို့ အမိန့်ချသတဲ့။ အခိုင်းအစေ တွေကလဲ ဘုရင်၏အမိန့်အတိုင်း ယူလာခဲ့ကြတဲ့အခါ "ကဲ....ကံယုံတဲ့သမီး၊ ငါ ပေးတဲ့အဝတ်အစားတွေကို အကုန်ချွတ်၊ ဟောဒီက ထမိစုတ် အင်္ကျီစုတ်ကို ဝတ်" လို့ စေခိုင်းရာ သမီးကလဲဘုရင့်အမိန့်အတိုင်း အကောင်းတွေကို ချွတ် ပြီး အစုတ်တွေကို ဝတ်ရတာပေါ့။ ဝတ်ပြီးတဲ့အခါ "ဟောဒီ တဘက်စုတ် ကို ခေါင်းပေါ်မှာတင်ပြီး နန်းတော်ကထွက်၍ နင့်ကံနှင့်နင် နေချေ" လို့ အမိန့်ချသတဲ့။

သမီးကလေးလဲ ဘုရင်ကြီးကို ရှိခိုးကန်တော့ပြီး နန်းတော်မှ ထွက်ကာ စဉ်းစားခန်းဝင်တယ်။ "ငါဟာ နန်းတွင်းမှာမွေး၍ နန်းတွင်းမှာ ကြီးခဲ့တယ် ဘယ်ကိုမှ မရောက်ဖူးဘူး၊ အသိမိတ်ဆွေဆိုတာလဲ နန်းအပြင်မှာတယောက် မှမရှိ၊ အားကိုးစရာ လူကိုရှာမှ တော်မယ်" လို့ အကြံဖြစ်ကာ မြို့တံခါးသို့ ဝင်ထွက်ကြသောလူတွေကို အကဲခတ်တယ်။ မင်းသမီးကလေးကလဲ ယသော် ဓရာအလောင်းဆိုတော့ ဉာဏ်ရှိတယ်။ ဝင်တိုင်း ထွက်တိုင်းသော လူတွေကို "ဤလူကားလောဘကြီး၏၊ ဤလူကား ဒေါသကြီး၏၊ ဤ လူကား မောဟ ကြီး၏၊ ဤလူကား မာနကြီး၏၊ ဤလူကား သူ့ဖို့ကိုယ့်ဖို့ မမျှတ" စသည်ဖြင့် သူ အားကိုးရမည့်သူကို စိစစ်လျက်နေသတဲ့။

ထိုအချိန်အခါမှာ ဘုရားလောင်းဟာ တခုသော တောရွာ၌ မျက်စိအ လင်းမရသော အမေအိုကြီးကို လုပ်ကျွေး၍ ဆင်းရဲစွာ အသက် မွေး လျက်

ရှိတယ်။ ထိုနေ့မှာပင် ဘုရားလောင်းဟာ တော၌ရှိသော ဟင်းသီးဟင်းရွက် မျှစ်စသည်ကို တောင်းဖြင့်ထမ်းကာ ဗာရာဏသီမြို့တွင်းသို့ အရောင်း ဝင်လာတယ်။ ထိုအခါ ယသော်ဓရာအလောင်း မင်းသမီးက ဘုရားအလောင်းကို မြင်လေလျှင် "ဤသူသည် သူ့ဖို့ကိုယ့်ဖို့ မျှတသော စိတ်ရှိသည်၊သနား တတ်သော စိတ်လည်းရှိသည်။ လောဘ,ဒေါသ,မောဟတို့လည်း မလွန်ကဲ၊ ဆင်းရဲပေမယ့် စိတ်ကောင်းရှိသည်၊ သူ့ကို အားကိုးရ သော် ကောင်း၏" ဟု အကြံဖြစ်ကာ "အစ်ကိုကြီး၊ ဘယ်ကိုသွား၍ ဘာလုပ်မှာလဲ" လို့ မေးမြန်းတယ်။ ဘုရားလောင်းက "ငါ့ညီမ၊ ဟင်းသီး ဟင်းရွက်များကို ရောင်းပြီး စားဖို့ရာ ဆန်တို့ဆီတို့ဝယ်မှာပေါ့" လို့ ပြောသတဲ့။ "အကိုကြီး၊ ရောင်း ဝယ်ပြီးလျှင် ဒီလမ်းကိုပဲ ပြန်ခဲ့မှာလား" လို့ မေးပြန်တော့ "ငါ့ညီမ၊ ဟုတ်ပါတယ်၊ ဒီလမ်းကိုပဲ ပြန်ခဲ့မှာပါ" လို့ ပြောသတဲ့။ "ဒီလိုဆိုယင် အစ်ကိုကြီး ပြန်လာတဲ့အခါ ပြောစရာ စကားရှိလို့ ကျမ ဒီက စောင့်နေမယ်။ မြန်မြန် ပြန်ခဲ့ပါ" လို့ ပြောပြီး လွှတ်လိုက်တယ်။ ဘုရားလောင်းလည်း အထမ်းကို ထမ်းကာ ဈေးသို့သွား၍ ဟင်းသီးဟင်းရွက်တွေကို ရောင်းပြီး ဆန် ဆီများ ဝယ်ကာ ပြန်လာခဲ့တယ်။

ယသော်ဓရာအလောင်း မင်းသမီးကလေးက ဘုရားအလောင်း ပြန်လာတဲ့ ခါ "အစ်ကိုကြီး၊ အိမ်ကိုပြန်တော့မှာ မဟုတ်လား" လို့ မေးသတဲ့။ "ဟုတ်ပါတယ်" လို့ ပြောသောအခါ "ကျမလဲ အစ်ကိုကြီးကို အား ကိုးပြီး အစ်ကိုကြီးအိမ်မှာ နေပါရစေ" လို့ ပြောသတဲ့။

ထိုအခါ ဘုရားအလောင်းက စဉ်းစားတယ်။ "ဒီမိန်းကလေးဟာ အဝတ် စုတ် အစားစုတ်နှင့် နေပေမယ့် လက်ကလေးတွေ ခြေကလေးတွေက ဖယောင်း တိုင်သဖွယ် သေးသွယ်ပြီး အလွန်တရာလဲ နူးညံ့တယ်။ ဇာတ်ဝင်လဲ ကောင်း တယ်၊နန်းတွင်းသူနှင့်တူတယ်၊ ငါ၏အိမ်ကား ဝါးခြမ်းလေးတွေကို ကြိုးတိုး ကြဲတဲခင်းလျက် ထရံကလဲ မလုံ့တလုံ၊ အဝတ်အစားတွေကလဲ ဖျင်ကြမ်း ထည်မျှသာ ဖြစ်သည့်အပြင် အရိအရွဲ တများများနှင့် ရွံစရာကောင်းသော မျက်မြင် အမေအိုကလဲ ရှိနေတယ်၊ ငါ၏အိမ်နှင့် မတန်ဘူး" လို့ တွေးတော ပြီး "ငါ၏ ညီမ၊ အစ်ကိုကြီး၏အိမ်က ဝါးခြမ်းကလေးကို ကြိုးတိုးကြဲတဲ ခင်းပြီး ထရံကလဲ မလုံ့တလုံနှင့် သက်ကယ်မိုး အိမ်ဖြစ်တယ်၊အဝတ်တွေကလဲ ဆင်းရဲသားပီပီ ဖျင်ကြမ်းထည်မျှသာ ၊ အိုးခွက်တွေကလဲ မြေအိုး မြေခွက် ဖြစ်တယ်၊ ပြီးတော့ အိမ်မှာလဲ အရိအရွဲ တများများနှင့် ရွံစရာကောင်းသော

မျက်စိမမြင်တဲ့ အမေအိုကြီး ရှိနေတယ်၊ ငါ့ညီမကတော့ လက်ကလေးတွေ ခြေကလေးတွေကလဲ ဖယောင်းတိုင်သဖွယ် သေးသွယ်ပြီး နူးညံ့တယ်၊ ဣန္ဒြေလဲ ကောင်းတယ်၊ နန်းတွင်းသူလို့ အစ်ကိုကြီးထင်တယ်၊ သို့အတွက် ငါ့ညီမဟာ အစ်ကိုကြီးအိမ်နှင့် မတန်ဘူးလို့ ယူဆတယ်''လို့ ပြောသတဲ့။

ဒီတော့ မင်းသမီးက ''အစ်ကိုကြီး၊ ပစ္စည်း ဥစ္စာစကားကို မပြောနဲ့၊ ကျမ စိတ်ခေတ်ကိုသာ ပမာန ထားတယ်၊ လူကိုမြင်ရလျှင် ကျမက စိတ်ကို သိပြီး ပြီ၊ အစ်ကိုကြီး၏ စိတ်ကို သိပြီးဖြစ်လို့ အစ်ကိုကြီး၏ နောက်ကို လိုက်ဖို့ ပြောတာပဲ၊ ကဲ....သွားကြစို့၊ စကားရှေရှေပြောမနေနှင့်''လို့ ဆိုကာ အိမ်ကို သွားကြတော့သတဲ့။ အိမ်ရောက်တဲ့အခါ မင်းသမီးက ''ငါ မင်းသမီးပဲ'' ဟု မာန မရှိ၊ လုပ်စရာကိုလုပ်၊ လျှော်စရာကိုလျှော်၊ ဆေးသင့်တာကို ဆေး ပြီး၊ အိမ်တွင်းမှုအလုပ်တွေကို အကုန် လုပ်ထားလိုက်တာ အိမ်ကလေးဟာ သန့်သန့် ပြန့်ပြန့် သာသာယာယာ ရှင်းရှင်း လင်းလင်းကလေး ဖြစ်သွား တော့သတဲ့။

ဘုရားလောင်းခမျာမှာ ကျေးဇူးလဲတင်, အားလဲနာပြီး, အချစ် မေတ္တာ ဒီရေလှိုင်းကြီးဟာ အတိုင်းမသိ ကြီးမားစွာ ဖြစ်ပေါ်လာတယ်။ မင်းသမီး က အိမ်တွင်းမှုကိုသာမက ရှိစရာကောင်းတဲ့ မိခင်ကိုလဲ ရေချိုးပေး, သုတ်သင် ပေးနှင့်, အမေအိုကြီးကလဲ ကြည့်ရှုလို့ ကောင်းလာတယ်၊ အဲဒီလို သူ့ကို မရှိမရှာ ပြုစုတော့ အမေအိုကြီးကလဲ ငါ့သမီးလေး, ငါ့သမီးလေးနှင့် ချစ် လို့ အားမရနိုင်ဘူး၊ ဒီလိုဖြစ်နေတော့ လင်ဖြစ်တဲ့လူက ဘယ်မှာ မယားကို မထေမဲ့မြင် ပြောဆိုတော့မလဲ၊ လေးလေးစားစားနှင့် ချစ်ခင်လာတော့ လင့် ဝတ္တရား ငါးပါးကို တမင် ဖြည့်ကျင့်မနေရတော့ပါဘူး၊ မေတ္တာအားကြောင့် အလိုလို ကျင့်ပြီးသား ဖြစ်သွားတော့တာပေါ့ မောင်စိန်ရဲ့။ [မှန်ပါဘုရား။]

အဲဒီလို မယားကလဲ မယားဝတ္တရား ကျေပွန်၍ လင်ကလဲ လင့်ဝတ္တရား ကျေပွန်စွာ နေလာကြတာ အတော်ကလေးကြာတော့ လောကပါလ နတ်များ က လောကကြီးကို ကြည့်ရှုတဲ့အခါ ဘုရားအလောင်း လင်မယား ဆင်းရဲစွာ နေထိုင်ကြတာကို မြင်သဖြင့် ''ဤသူတော်ကောင်းတွေကိုမှ မကယ်လျှင် ငါ တို့၏ တာဝန်ပျက်ကွက်ရာ ကျတယ်၊ ကယ်မှ တော်မယ်''လို့ အောင့်မေ့ ကာ ''ဘုရားလောင်းဟာ နက်ဖန်ခါ ဘယ်ကိုသွား၍ ဘာလုပ်မှာလဲ'' လို့ နတ်မျက်စိနှင့်ကြည့်တယ်။ အဲဒီလိုကြည့်တော့ နက်ဖန်ခါ ဘယ်တော ဘယ်

တောင်က ထင်းခြောက်ပင်ကြီးကို ခုတ်ပြီး ထင်းယူမှာကို မြင်သတဲ့။ ဒါနဲ့ နတ်မင်းက သူခုတ်မည့်ထင်းခြောက်ပင်ကြီးဟာ တချက်ခုတ်နှင့် အမြစ်ပါကော်ပြီး လဲနိုင်အောင် တန်ခိုးနှင့်လုပ်ပြီး သစ်ပင်၏ အမြစ်အောက်မှာ သုံးတင်းခန့် ဝင်မည့် အိုးကြီးနှင့် အပြည့် ပတ္တမြားနီတွေ ထည့်ထားပြီး သွားတယ်။ ဘုရားလောင်းလဲ မနက် လင်းလျှင် ပေါက်ဆိန်ကြီးကို ထမ်းလျက် တောသို့သွားပြီး၊ ၎င်းထင်းပင်ကြီးကို ခုတ်ရာ တချက်ခုတ်နှင့် သစ်ပင်ကြီး အမြစ်ပါ ကော်လဲသတဲ့။ အဲဒီလို ကော်လဲသွားတော့ အိုးကြီးနှင့်အပြည့် ပတ္တမြားတွေကို မြင်တာပေါ့။ မြင်ပေမယ့် ဘုရားလောင်းက ပတ္တမြားကို မမြင်ဘူးသဖြင့် ''ဒီကျောက်ခဲတွေကလဲ လှလိုက်တာ၊ ငါ့မိန်းမ အပျင်းပြေ ဇယ်တောက်ဖေဖို့ နဲနဲပါးပါးတော့ ယူသွားအုံးမယ်''လို့ အောင့်မေ့ကာ လက်ခုပ်နှင့် တဆုပ်လောက် ဆုပ်ယူပြီး ပုဆိုးစွန်းမှာ ထုပ်ကာ ထင်းကို ထမ်းလျက် ပြန်လာခဲ့တယ်တဲ့။

မိမိအိမ်ကိုရောက်တော့ ထင်းထမ်းကြီးကို ချပြီး ''ညီမလေးရေ၊ မင်း အပျင်းပြေ ဇယ်တောက်ရအောင် ကျောက်ခဲ အလှကလေးတွေ ယူခဲ့တယ်၊ ရော့''လို့ ဆိုပြီး ပုဆိုးစွန်းမှထုတ်ကာ ပေးသတဲ့။ မင်းသမီးက ဒီပတ္တမြားတွေကို ဝတ်ဆင် သုံးစွဲလာခဲ့တာ ဖြစ်တော့ မြင်လျှင် မြင်ချင်း အလွန် အဖိုးတန်တဲ့ပတ္တမြားတွေပဲ ဆိုတာ သိတာပေါ့။ ''ဒါတွေကို ဘယ်ကရခဲ့သလဲ''လို့ မေးသတဲ့။ ဘုရားလောင်းက ''ထင်းခြောက်ပင်ကြီးကို ခုတ်လိုက်ရာ အပင်ကြီးက အမြစ်ပါ ကော်ပြီး လဲသွားတယ်၊ အမြစ်အောက်မှာ အဲဒီ ကျောက်ခဲတွေဟာ အိုးကြီးနှင့် အပြည့်ပဲ၊ အဲဒီ အိုးထဲက ဆုပ်ပြီး ယူလာခဲ့တာ'' လို့ ပြောသတဲ့။ ''ဒီပစ္စည်းကို ဘယ်သူမြင်သေးသလဲ''လို့ မေးပြန်တော့ ''ဘယ်သူမှ မမြင်ဘူး''လို့ ပြောတယ်။

ဒီတော့ မင်းသမီးက ''ကဲ၊ လှည်းတစီး သွားငှားချေ၊ လှည်းခကို အပြီးပေးခဲ့၊ ဒီအိုးကို သွားယူမယ်'' ဆိုပြီး လှည်းတစီးငှား၍ တောထဲသို့ မင်းသမီးပါလိုက်သွားလျက် အိုးကြီးကို လှည်းဖြင့် တင်ယူခဲ့ကြတယ်။ အိမ်ကိုရောက်တဲ့အခါ မင်းသမီးက ဒီပတ္တမြားတွေကို ယူပြီး မြို့ထဲသို့သွားကာ သဌေးသူကြွယ် အမတ်ကြီး စသော ငွေကြေးချမ်းသာတဲ့ အိမ်တွေကို တက်ပြီးရောင်းလိုက်ရာ ငွေတွေဟာ ထားစရာမရှိအောင် ဖြစ်နေတယ်။ အဲဒီလို ငွေတွေ ထားစရာမရှိပေါ့ ပင်းသမီးက မြို့ကို ကြေငြာတယ်။ ''အကြင်သူတို့သည် ငွေ ချေးလိုကုန်၏၊ ထိုသူတို့သည် လာ၍ ချေးလာကြ၊ အပေါင်ခံမလို၊ အတိုး မယူဘူး၊

အဖေ သေသောအခါမှ ဆပ်ရမယ်''လို့ ကြေငြာတယ်။ အဲဒီ ခေတ်ကတော့ တယောက်နှင့်တယောက် လိမ်တဲ့ခေတ် မဟုတ်ပဲကိုး။ ယခုခေတ်မှာသာ ဒီလို အပေါင်မရှိ ချေးယင် တပြားမှ ပြန်ရမှာ မဟုတ်ဘူး။ အဲဒီလို ကြေငြာ လိုက်တော့ အိမ်တိုင်းလိုပင် လာပြီး ချေးငှါးကြတယ်။ ငွေချေးလာတဲ့ လူတွေက ''ခင်ဗျားအဖေ ဘယ်သူလဲ''လို့ မေးလျှင် ''ရှင်ဘုရင်ဟာ ငါ့အဖေပဲ'' လို့ ပြောသတဲ့။ ဒီတော့ ချေးတဲ့လူတွေကလဲ ဘယ်လိမ်ရဲတော့မလဲ။ ပေးရတော့မှာပေါ့။ ပေးရတော့မှာ ဖြစ်တော့ တော်တော်နှင့် မပေးရအောင် ''ငါတို့ ရှင်ဘုရင်ကြီး သက်တော်ရာကျော် ရှည်ပါစေ''လို့ အိမ်တိုင်း ဆုတောင်းကြတယ်။ အိမ်တိုင်းက ချေးကြတာကိုးကွဲ့။ အိမ်တိုင်း ဆုတောင်းတာပေါ့။

အဲဒီလို ဆုတောင်းကြတာတွေကို သူလျှိုတွေက ကြားတော့ ''ရှေးတုန်းက ဒီလိုဆုမတောင်း ကြပါဘူး၊ ယခုမှ ထူးထူးဆန်းဆန်း ဘာကြောင့်ဆုတောင်းကြပါလိမ့်မလဲ''လို့ အကြံဖြစ်ကာ ရှင်ဘုရင်ထံသွားပြီး သံတော်ဦးတင်ကြတယ်။ ''အရှင်မင်းကြီးဘုရား၊ ရှေးတုန်းက တိုင်းပြည်ဟာ အရှင်မင်းကြီးကို အသက်ရှည်အောင် ဆုမတောင်းကြပဲနဲ့ ယခုအခါ အိမ်တိုင်းလိုပင် ဆုတောင်းကြပါတယ်၊ အကြောင်းကိုသိရအောင် ခေါ်၍မေး တော်မူပါ''လို့ သံတော်ဦးတင်ကြတယ်တဲ့။

ထိုအခါမင်းကြီးက ဆုတောင်းတဲ့အိမ်က လူတွေကို ခေါ်ပြီး ''မင်းတို့ ငါ့ကိုအသက်ရှည်အောင် ဆုတောင်းကြတာ ဘာသဘောလဲ''လို့ မေးသတဲ့။ ဒီတော့ လူတွေက''အရှင်မင်းကြီးဘုရား၊ကျွန်တော်မျိုးတို့သည် အရှင်မင်းကြီး၏ သမီးကလေးထံမှ ငွေကိုချေးငှား ကြရပါတယ်၊ ချေးတဲ့အခါ မင်းသမီး ကလေးက ငါ၏အဖေဘုရင်ကြီးသေသောအခါမှ ပေးကြလို့ဆိုသော ကြောင့် တော်တော်နှင့် မပေးရအောင်လို့ ဆုတောင်းတာပါ ဘုရား''လို့ လျှောက်တင်ကြသတဲ့။

ဒီတော့ ဘုရင်ကြီးက ''အော်....ငါ့သမီး ကလေးဟာ အလွန် လိမ်မာပါ ကလား၊ ငါ့ကိုအသက်ရှည်အောင် ဆုတောင်း ဖို့ အမိန့် ထုတ်လို့လဲ ရမှာ မဟုတ်ဘူး။ အမိန့်ထုတ်လို့ မရနိုင်တဲ့ကိစ္စကို အမိန့်မထုတ်ပဲနှင့် လိုဘပြည့်စုံအောင်လုပ်နိုင်တယ်။ ငါက နှင်ထုတ်လိုက်ပေမယ့် ငါ့အပေါ်မှာ ရန်ငြိုး မရှိဘူး၊ ငါ့ကိုရိုသေမြဲရိုသေတယ်၊ သူ လျှောက်တင်တဲ့ စကားဟာလဲ မှား တာမဟုတ်ဘူး၊ အမှန်ဖြစ်တယ်၊ ငါကသာအမြှောက် ကြိုက်နေလို့ ငါ့သမီး

၏စကားကို မနှစ်မြို့တာပဲ”လို့ စိတ်ဆိုးတွေပြေပြီး မင်းချင်း ယောကျ်ား တယောက်ကိုခေါ်၍“ငါ၏သမီးတော်ကို သွားပြီးခေါ်ချေရမယ်”လို့ စေခိုင်းတယ်။

မင်းချင်းယောကျ်ားကလဲ “ကောင်းပါပြီ”လို့ ဝန်ခံလျက် တောရွာသို့ သွား၍ခေါ်ရာ သမီးတော်ပါလာခဲ့၍ ရှေ့တော်သို့ရောက်တယ်။ ရှေ့တော်သို့ရောက်တော့ ဘုရင်ကြီးက “ငါ့သမီးဘယ်မှာနေသလဲ” မေးတယ်။ သမီးကလေးက “တခုသောတောရွာမှာ ယောကျ်ားတယောက်နှင့် အိမ်ထောင်ပြုလျက် နေပါတယ်ဘုရား”လို့ လျှောက်တင်တယ်။ “ငါ့သမီးက တိုင်းပြည်ကလူတွေကို ငွေအတိုးမရှိပဲ ချေးငှားပေးတယ်လို့ကြားရဘယ်၊ မှန်သလား” လို့မေးသတဲ့။ သမီးတော်ကမှန်ကြောင်း လျှောက်တင်တဲ့အခါ “ဒီငွေတွေကို ဘယ်ကရသတုန်း”လို့ မေးသတဲ့။ ဒီအခါသမီးတော်က “သမီး၏ခင်ပွန်းသည်လင်ယောကျ်ား ထင်းခုတ်သွားရာက ပတ္တမြားတွေ အိုးကြီးနှင့် တလုံးရခဲ့ပါတယ်။ အဲဒီပတ္တမြားတွေကို သမီးကလည်ပြီး ရောင်းလိုက်တာ ငွေတွေဟာထားစရာမရှိအောင် ဖြစ်နေပါတယ်၊ အဲဒီလို ထားစရာမရှိ ဖြစ်နေတဲ့အတွက် ငွေတွေကိုထားစရာလည်း ရစေတော့ ဖခမည်းတော် ကိုလည်း ဆုတောင်းသူတွေ ပေါစေတော့လို့ ကြံစည်ပြီး ငွေချေးလိုသူတွေ ချေးငှားနိုင်တယ်၊ အပေါင်ခံလဲမလို အတိုးလဲမရှိ၊ ဖခမည်းတော်သေမှ ဆပ်ရမယ်လို့ ကြေငြာလိုက်ရာ လူတွေဟာ သူ့ထက်ငါ လာပြီး ချေးငှား ကြပါတယ်ဘုရား၊ ကုသိုလ်ကံအကုသိုလ်ကံဆိုတာ အရိပ်သဖွယ် လူသွားရာကို ပါလာတာပဲ၊ ဒီပတ္တမြားတွေဟာ သယံဇာတဖြစ်တာ မဟုတ်ပါဘူး၊ ဘာကြောင့်လဲဆိုတော့ အိုးကြီးနဲ့ထည့်ထားတာ ဖြစ်တဲ့အတွက် သယံဇာတ မဟုတ်ဘူးဆိုတာ သိနိုင်ပါတယ်၊ ပြီးတော့ ဘယ်သူမှ မြှုပ်ထားတာလဲ မဟုတ်ပါဘူး။ ဘာကြောင့်လဲဆိုတော့ ဒီလောက်များတဲ့ ပတ္တမြားဟာ နန်းတော် ထဲမှာ တောင်မရှိပါဘူး၊ ဒီတော့ဘယ်သူမှမြှုပ်ထားတာ မဟုတ်ဘူးဆိုတာ သိနိုင်ပါတယ်၊သမီးကလေးတို့လင်မယားဟာမကောင်းတာဆို၍ဘာမှမလုပ်ပဲအပြစ်မရှိကောင်းသောအသက်မွေးမှုနှင့် နေကြတဲ့အတွက် သက်သက်နတ်တွေ ကြည်ညိုပြီး ပေးတာသာဖြစ်ပါတယ်”လို့ လျှောက်တင်တယ်တဲ့။

အတ္ထာ ဂေဟေ နိဝတ္တန္တိ၊ သုသာနေ မိတ္တဗန္ဓဝါ။
သုကတံ ဒုက္ကတံ ကမ္မံ၊ ဆာယာဝ အနုယာယတိ။

အတ္ထာ၊ လယ်ယာမိုးမြေ ရွှေငွေစိန်ကျောက် ထိန်တောက်လျှံဝင်း ရှိသမျှဥစ္စာခပင်းတို့သည်။ ဂေဟေ၊ မိမိတည်ပျော် အိမ်ကြီး ပေါ်၌။

နိဝတ္တန္တိ၊ သေသောသူနောက်သို့ လိုက်ပါမသွား ကျန်ထားကြလေကုန်၏။ မိတ္တဗန္ဓဝါ၊ သားနှင့်သမီး၊ သွေးနီးကြရာမိတ်သဟာတို့သည်လည်း။ သူသာနေ၊ လူသေမြုပ်နှံ့ သုသာန်သင်းချိုင်း မြေလုတ်တိုင်း၌။ နိဝတ္တန္တိ၊ ပျူပျူငှာငှာ ဆည်းစွာဖြင့် မသာပို့ကာ ပြန်ကြရှာကုန်၏။ သုကတံ ဒုက္ကတံ ကမ္မံ၊ ကောင်းစွာပြုအပ် မကောင်းပြုအပ်သော ကုသိုလ်ကံ အကုသိုလ်ကံသည်။ ဆာယာ၊ လူ၏အရိပ်သည်။ အနုယာယတိဂ္ဂဝ၊ သွားလေသူနောက်သို့ ကောက်ကောက် မသွေ လိုက်ပါလေသကဲ့သို့။ အနုယာယတိ၊ ကောင်းစွာမသွေ လိုက်ပါလေတော့သတည်း။

သာဓု၊ သာဓု၊ သာဓု။

အဲဒီလိုလျှောက်တင်တော့ ဘုရင်ကြီးလဲ သမီး ကလေးကို နှင်ချ ခဲ့မိလို့ ပိုပြီးသနားသဖြင့် "ချစ်သမီး၊ မင်းလင်နှင့်တကွ အမေအိုကြီးကိုပါ ခေါ်ချေ"လို့ စေခိုင်းပြီးလျှင် သမက်ကလေး ရောက်လာတဲ့အခါ ဘုရင် ကြီးက ဘုရားလောင်းအား "ကဲ....မင်းလဲ ငါ့သမီးနှင့် အကြောင်းပါတော့ ငါ၏ သား ဖြစ်တော့တာပေါ့၊ ဒီနေ့ကစပြီး အိမ်ရှေ့မင်း လုပ်ရမယ်"လို့ အမိန့် ချမှတ်ပြီး သားနှင့်သမီးကို ကောင်းသော အိမ်တလုံးပေးကာ ချီးမြှောက် တော်မူတယ်တဲ့။

ကဲ....ဒီဝတ္ထုကိုစိစစ်ကြပါစို့။ ဘာကြောင့် နတ်တွေက မင်းသမီးလင် မယားကို ပတ္တမြားအိုး ကြီးပေးသလဲ။ ဘုရားလောင်းကလဲ မင်းသမီးအပေါ်မှာ လင်ဝတ်တရား ငါးပါး ကျေပွန်တယ်။ မင်းသမီးကလဲ လင်အပေါ်မှာ မယား ဝတ်တရား ငါးပါး ကျေ ပွန်တယ်။ ဒီတော့ ပုတ္တ ဒါရဿ သင်္ဂဟောဆိုတဲ့ မင်္ဂလာနှင့်ပြည့်စုံတယ်။ မျက်မမြင်တဲ့ မိခင်အိုကြီးကိုလဲ မရှုံ မရှာပြုစုတယ်။ ဒီတော့ မာတာပိတု ဥပဋ္ဌာနံဆိုတဲ့ မင်္ဂလာနှင့် ပြည့်စုံတယ်။ ဘုရင်ကြီးက စိတ်ဆိုးပြီး နှင်ချလိုက်ပေမယ့် ရန်ငြိုးမဖွဲ့ဘူး။ ဘုရင်ကြီးအား အသက်ရှည်ကြာ နေရအောင် ဆုတောင်းစေမယ့် နည်းကို ပြုခဲ့တယ်။ သမ္မာ အာဇီဝဖြင့် အသက်မွေးကြတယ်။ ဒါဟာ အနဝဇ္ဇာနိကမ္မာနိ ဆိုတဲ့ မင်္ဂလာ နှင့်ပြည့်စုံတာပဲ။ အဲဒီလို မင်္ဂလာတရားနဲ့ ပြည့်စုံအောင်နေတော့ မင်္ဂလာရှိရှိ နှင့်နေနိုင်အောင် နတ်တွေက မ စတာပေါ့။ အလကား နေချင်သလို နေ၍ နတ်တွေက မ စတာမဟုတ်ဘူး။ ဒါကြောင့်လဲ မြတ်စွာဘုရားက ကောင်း တာကိုလုပ်မှ ကောင်းတာဖြစ်တယ်။ ဆိုးတာကိုလုပ်လျှင် ဆိုးတာဖြစ်တယ်လို့ ဟောတော်မူတာပေါ့။

ကလျာဏကာရီ ကလျာဏံ၊ ပါပကာရီစ ပါပကံ။
ယာဒိသံ ဝပတိဗီဇံ၊ တာဒိသံ ဟရတေ ဖလံ။

ကလျာဏကာရီ၊ ကောင်းသောအလေ့၌ ပျော်မွေ့ခြင်း ရှိသောသူသည်။ ကလျာဏံ၊ ကောင်းကျိုးဖလ ဟူသမျှတွေကို။ လဘတေ၊ မုချမှန်စွာ ရတတ်ပါ၏။ ပါပကာရီ၊ ယုတ်မာညစ်ကျူ မကောင်းမှုကို ပြုလေ့ ရှိသောသူသည်။ ပါပကံ၊ ယုတ်စွအဆိုး မကောင်းကျိုးတွေကို။ လဘတေ၊ မလွဲရှောင်သာ ရတတ်ပါ၏။ ကိမိဝ၊ ဥပမာပုံဆို ဘယ်လို နည်းဟူမူကား။ ယာဒိသံ၊ အကြင်သို့သဘောရှိသော။ ဗီဇံ၊ စပ်ခါးပူပြင်း မျိုးစေ့ဖျင်းကို။ ဝပတေ၊ ယာခင်းထဲမှာ စိုက်ပျိုးငြားအံ့။ တာဒိသံ၊ ထိုသို့သဘောရှိသော။ ဖလံ၊ စပ်ခါးပူဆိုး အသီးမျိုးကိုသာလျှင်။ ဟရတေ၊ ကိုင်းလုံး ညွတ် အောင် ရွက်ဆောင်သကဲ့သို့တည်း။

သာဓု၊ သာဓု၊ သာဓု။

မောင်စိန်ရေ.... ငြုတ်စေ့ကို မြေမှာမြှုပ်ပြီး ရေလောင်းတာ သခွားပင်ပေါက်၍ ဖရုံသီး သီးပါစေလို့ ဆုတောင်းလို့ ရပါမလား။ [မရနိုင်ပါဘုရား။] ငြုတ်စေ့ကိုစိုက်ယင် ငြုတ်ပင်ပေါက်ပြီး ငြုတ်သီးသီးမှာပဲ မောင်စိန်ရဲ့။ [မှန်ပါဘုရား။]

ဒီလိုပဲ၊ ခန္ဓာကိုယ်တည်းဟူသော ယာခင်းမှာ ကုသိုလ်မျိုးစေ့ကို စိုက်ယင် ကောင်းကျိုးချမ်းသာ မင်္ဂလာတည်းဟူသော အကျိုးတရားတွေ ဖြစ်မယ်။ အကုသိုလ် မျိုးစေ့တွေကို စိုက်ယင် မကောင်းသော အနိဋ္ဌ မင်္ဂလာတွေကို ခံစားရမယ်။ မိမိဖြစ်ချင်တိုင်း မဖြစ်ရဘူး။ အကြောင်း ရင်း ကံကြမ္မာဖန်တီးသလိုသာ ဖြစ်ကြရတယ်။ မိမိဖြစ်ချင်သလို မဖြစ်ရဘူးဆိုတော့ အစိုးရတယ်လို့ ဆိုနိုင်ပါမလား။ [မဆိုနိုင်ပါဘုရား။] အကြောင်း တရား ဖန်တီးလို့ ဖြစ်ရတဲ့အတွက် ပျက်ခြင်းနှင့် လက်စမသတ် ရပါလား။ [ပျက်ခြင်းနှင့် လက်စ သတ် ကြရပါတယ်ဘုရား။] ဒီလို ဆိုတော့ မြဲတယ်လို့ဆို နိုင်ပါမလား။[မဆိုနိုင်ပါဘုရား။]

အကြောင်းတရားကို ထောက်မှ ဖြစ်ပေါ်လာသည့် အတွက် ဇာတိမရှိပါလား။ [ရှိပါတယ်ဘုရား။] ဇာတိရှိယင် မရင့်ရော် အောင်, မအိုမင်း

အောင် တားနိုင်ပါမလား။ [မတားနိုင်ပါ၊ ရင့်ရော် အိုမင်းမှာပါ ဘုရား။] ရင့်ရော်ပြီး မသေအောင် တား နိုင်ပါမလား။ [မတားနိုင်၊ သေမှာ ပါ ဘုရား။] ဒီလိုဆိုတော့ အကြောင်းထောက်ပံ့၍ ဖြစ်လာသမျှ ခန္ဓာတို့သည် ဇာတိ၊ ဇရာ၊ ဗျာဓိ၊ မရဏရှိတဲ့ ခန္ဓာတွေချည်း ဖြစ်တဲ့အတွက် ကြောက်စရာ မကောင်းပါလား။ [ကြောက်စရာ ကောင်းပါတယ်ဘုရား။]

ကြောက်စရာကောင်းတဲ့သဘောကို ဒုက္ခသစ္စာလို့ ခေါ်တယ်။ ကြောက်ယင်ဒုက္ခသစ္စာကို မြင်တော့တာပဲ။ လောကမှာ ကြောက်စရာ ကောင်းတာကို မြင်လျှင် မပြေးပါလား။ [ပြေးပါတယ်ဘုရား။] ပြေးလျှင်ဘေးနှင့်မဝေးပါလား။ [ဝေးပါတယ် ဘုရား။] ဝေးလျှင် မအေးပါလား။ [အေးပါတယ်ဘုရား။] အဲဒီလိုပဲ ဒုက္ခသစ္စာကိုမြင်၍ ကြောက်လျှင် သမုဒယသစ္စာ ပြတ်တော့တယ်။ ပြတ်လျှင်ပြတ်ရာ အအေးပရမတ် နိဗ္ဗာနဓာတ်ကို ကိုယ်တိုင်တွေ့တော့တယ်။ တွေ့တဲ့ဉာဏ်သည် မဂ်ဉာဏ်၊ မဂ္ဂသစ္စာ ဖြစ်တော့တယ်။ ဒီလို သစ္စာလေးပါးကို သိလျှင် သစ္စာလေးပါးကို ဖုံးကွယ်သော အဝိဇ္ဇာ သေတော့တယ်။ အဝိဇ္ဇာသေလျှင် သင်္ခါရ သေတော့တယ်။ သင်္ခါရသေလျှင် ဝိညာဏ်သေတော့တယ်။ ဝိညာဏ်သေလျှင် နာမ်ရုပ်သေတော့တယ်။ နာမ်ရုပ်သေလျှင် သဠာယတန သေတော့တယ်။ သဠာယတန သေလျှင် ဖဿ သေတော့တယ်။ ဖဿသေလျှင် ဝေဒနာသေတော့တယ်။ ဝေဒနာသေလျှင် တဏှာသေတော့တယ်။ တဏှာသေလျှင် ဥပါဒါန်သေတော့တယ်။ ဥပါဒါန်သေလျှင် ဘဝသေတော့တယ်။ ဘဝသေလျှင် ဇာတိသေတော့တယ်။ ဇာတိသေလျှင် ဇရာ၊ မရဏ၊ သောက၊ ပရိဒေဝ၊ ဒုက္ခ၊ ဒေါမနဿ၊ ဥပါယာသ ဆိုတဲ့ မီးတွေ အကုန်ငြိမ်းတော့တယ်။ မီးတွေငြိမ်းလျှင် အပူတွေမချုပ်ပါလား။ [ချုပ်ပါတယ်ဘုရား။]

အပူတွေချုပ်လျှင်ချုပ်ရာအအေးကိုမတွေ့ရပါလား။ [တွေ့ရပါတယ်ဘုရား] ထို့အတူပဲ၊ သမုဒယသစ္စာအပူ ချုပ်မှသာ နိရောဓသစ္စာ အအေးကို တွေ့ရတယ်။ တသံသရာလုံးက မချုပ်ခဲ့လို့ နိဗ္ဗာန်ကို ဘယ်တော့မှမရခဲ့ကြ ရဘူး။ သို့အတွက် နိဗ္ဗာန်ကိုရချင်လျှင် သမုဒယသစ္စာကို ချုပ်အောင် လုပ်ရမယ်။ သမုဒယသစ္စာကို ချုပ်စေလိုလျှင် ဒုက္ခသစ္စာကို သိမြင်အောင် လုပ်ရမယ်။ ဒုက္ခသစ္စာကိုသိချင်လျှင် မဂ္ဂသစ္စာကို ပွားရမယ်။

မဂ္ဂသစ္စာကို ဘယ်လိုပွားကြမလဲ၊ သမ္မာဒိဋ္ဌိမဂ္ဂင်ဖြင့် အမှန်ကို သိအောင် လုပ်ရမယ်။ သမ္မာဒိဋ္ဌိမဂ္ဂင်ဖြင့် အမှန်သိအောင် ဘယ်လို လုပ်ကြမလဲ၊

သမ္မာသက်ပ္ပမဂ္ဂင်ဖြင့် အမှန်မြင်အောင် ကြံရမယ်။ အမှန်ဆိုတာ ဘာလဲ၊ ရုပ်နာမ်ဓမ္မသင်္ခါရမှန်သမျှ ပုဂ္ဂိုလ်, သတ္တဝါ, ငါ, သူတပါး, ယောက်ျား, မိန်းမ, လူ, နတ်, ဗြဟ္မာမဟုတ်၊ အနိစ္စမမြဲသောသဘော, ဒုက္ခဆင်းရဲသောသဘော, အနတ္တအစိုးမရသောသဘောအမှန် ဖြစ်တယ်။

အဲဒီအမှန်ကိုမြင်အောင် ကြံဖန်များလျှင် အမှန်ကိုမြင်လိမ့်မယ်။ အမှန်ကို သမ္မာဒိဋ္ဌိဖြင့်မြင်လျှင် ဒုက္ခသစ္စာ၏ ကြောက်စရာ သဘောကို မြင်လိမ့်မယ်။ ကြောက်လျှင် သမုဒယသစ္စာချုပ်လိမ့်မယ်။ ချုပ်လျှင် ချုပ်ရာ နိရောဓသစ္စာကို မဂ္ဂသစ္စာဖြင့် မျက်မှောက်ပြုရမှာ ဖြစ်ကြလေသောကြောင့် မဂ္ဂသစ္စာဖြင့် ဒုက္ခသစ္စာကို ပိုင်းခြား၍သိကာ သမုဒယသစ္စာ ကင်းပြတ်၍၊ ကင်းပြတ်ရာ နိရောဓသစ္စာကို မျက်မှောက်ပြုလွယ်ကြ စေကုန်သတည်း။

သာဓု၊ သာဓု၊ သာဓု။

"မင်္ဂလာဆောင်မှာ ဟောဖို့ရာ" တရားတော်ပြီး၏။

## "မင်္ဂလာတရားတော် [၁]"

တေ ခေါ သရဏံ ခေမံ၊ တေ သရဏ မုတ္တမံ။
တေသရဏ မာဂမ္မ၊ သဗ္ဗဒုက္ခာ ပမုစ္စရေ။

တေ ခေါသရဏံ၊ ဘုရား တရား သံဃာအားဟု သုံးပါးအစုံမြတ်သရဏဂုံကို ကြည်ရှုံမြတ်နိုး အားကိုးကြခြင်းသည်။ ခေမံ၊ ဘေးရန်ခပင်း အကုန်ကင်းခြင်း၏ အကြောင်းရင်း သာလျှင်တည်း။ တေခေါသရဏံ၊ ဘုရားတရား သံဃာအားဟု သုံးပါးအစုံ မြတ်သရဏဂုံကို ကြည်ယုံမြတ်နိုးအားကိုးကြခြင်းသည်။ ဥတ္တမံ၊ ပြိုင်လာတိုင်းရှုံး အမြတ်ဆုံးဖြစ်သော ကိုးကွယ်ခြင်းသာလျှင်တည်း။ တေသရဏံ၊ ဘုရား တရား သံဃာအားဟု သုံးပါးအစုံမြတ်သရဏဂုံကို။ အာဂမ္မ၊ လက်ကိုင်တခု အစွဲပြု၍။ ပဏ္ဍိတာ၊ ကျိုးကြောင်း မြင်သိ ပညာရှိတို့သည်။ သဗ္ဗဒုက္ခာ၊ အလုံးစုံသော ဒုက္ခအပေါင်းမှ။ ပမုစ္စရေ၊ ကင်းစင်လွတ်မြောက် မရောက်ဝေးစွာ ရှင်းရှင်းကွာကြ ကုန်သည် သာလျှင်တည်း။

သာဓု၊ သာဓု၊ သာဓု။

လောကကြီးမှာ တရားမကင်းသေးတဲ့ ပုဂ္ဂိုလ်မှန်ယင် ဝဋ်ဆင်းရဲမှ မကင်းကြသေးတဲ့အတွက် ကိုးကွယ်ရာ အားထားရာဆိုတာ ရှာကြစမြဲပဲ။ အချို့က သမုဒ္ဒရာပင်လယ်တွေကို ကိုးကွယ်ကြတယ်။ တချို့က မီးပုံကြီးကို ကိုးကွယ်ကြတယ်။ တချို့က ရိုးရိုးမီးကိုပဲ မငြိမ်းရအောင်ထားပြီး ရံခါ ထောပတ်ဖြင့်, ရံခါ နှမ်းဆီဖြင့်, ရံခါ နှမ်းတို့ဆန်တို့ဖြင့် ပူဇော်ကြတယ်။ အချို့က သစ်ပင်ကြီးကို, အချို့က တောင်ကြီးကို, အချို့က တောကြီးကို ကိုးကွယ်ကြတယ်။ အချို့က နဂါးကို, အချို့က နတ်ဆိုး နတ်ဝါး ဘီလူးတို့ကို ကိုးကွယ်ကြတယ်။ သားသမီး မြေးမြစ်များကလဲ မိဘရိုးရာကိုလိုက်ပြီး ကိုးကွယ်ကြတယ်။ မစိစစ်ကြဘူး။

ကုသိုလ်လုပ်ကြတဲ့အခါလဲ ရပ်ထုံးစံ ရွာထုံးစံအရလုပ်ကြတယ်။ မစိစစ်ကြဘူး။ ကုန်ဝယ်တဲ့အခါ အဟောင်းလား အသစ်လား အတုလား အစစ်လား မစိစစ်ပဲဝယ်ယင် အဟောင်းတွေ အတုတွေနှင့်ညားပြီး ဆုံးရှုံးသလို ကိုးကွယ်တာဟာလဲ မကိုးကွယ် သင့်တာကို ကိုးကွယ်မိရက်သား ဖြစ်ယင်တသံသရာလုံး ဆုံးရှုံးနစ်နာတတ်တယ်။ ကုန်ဝယ်တဲ့အခါ စိစစ်ပြီး ဝယ်မှသာ အကောင်းကိုရသလို ကိုးကွယ်တာလဲ စိစစ်ပြီးကိုးကွယ်ရတယ်။ ငါတို့၏မိဘများ ကိုးကွယ်သောအရာသည် သီလသိက္ခာနှင့် ပြည့်စုံရဲ့လား။ သမာဓိသိက္ခာနှင့်ပြည့်စုံရဲ့လား။ ပညာသိက္ခာနှင့် ပြည့်စုံရဲ့လားဆိုတာ စိစစ်ရမယ်။ ရေတို့ မီးတို့ သစ်ပင်, တောတောင်, နဂါးနတ်ဆိုး နတ်ဝါး ဘီလူးတို့ဟာ ဘယ်မှာသိက္ခာသုံးပါးနှင့် ပြည့်စုံမလဲ။ မပြည့်စုံဘူး။ မပြည့်စုံယင် မကိုးကွယ်နှင့်, အားမထားနှင့်၊ သိက္ခာသုံးပါးနှင့်ပြည့်စုံတာကို ရှာပြီးကိုးကွယ်ကြ။

မြတ်စွာဘုရား ဒေသစာရီ လှည့်လည်ပြီး သွားတော့ ကာလာမဆိုတဲ့ ပုဏ္ဏားရွာကိုရောက်သွားတယ်။ အဲဒီရွာကိုအပိုင်စားတဲ့ ရွာစားကြီးကာလာမပုဏ္ဏားက မြတ်စွာဘုရားကို လျှောက်တယ်။ ဘယ်လိုလျှောက်သလဲဆိုတော့ "မြတ်စွာဘုရား၊ လောကကြီးမှာ ဘုရားတွေကလဲ ပေါလိုက်တာ၊ သိဥ္စည်းကလဲ သူသာလျှင် ဘုရားတဲ့။ ပုရာဏကဿပကလဲ သူသာလျှင် ဘုရားတဲ့။ မက္ခလိဂေါသာလကလဲ သူသာလျှင် ဘုရားတဲ့။ အဇိတကေသကမ္ဗလကလဲ သူသာလျှင်ဘုရားတဲ့။ ပကုဓကစ္စာနကလဲ သူသာလျှင်ဘုရားတဲ့။ နာဋ၏သားနိဂဏ္ဌကလဲ သူသာလျှင်ဘုရားတဲ့။ ဘယ်သူကို ယုံရကောင်းမှန်းတောင် မသိနိုင်ပါဘုရား" တဲ့။ အဲဒီလိုလျှောက်တော့ မြတ်စွာဘုရားက ဖြေကြားတော်မူတယ်။ ဘယ်လိုဖြေကြားသလဲဆိုတော့ "ကာလာမ၊ အများကပြောတာပဲဆိုပြီးလဲ မယုံနှင့်ဦး၊ ရှေးကလာတဲ့ အစဉ်အဆက်ပဲ ဆိုပြီးလဲ မယုံနှင့်ဦး၊ ငါတို့၏မိဘရိုးရာပဲ ဆိုပြီးလဲမယုံနှင့်ဦး၊ လူကြီးတွေပြောတာပဲ ဆိုပြီးလဲမယုံနှင့်ဦး၊ ငါ့သူငယ်ချင်းကပြောတာပဲဆိုပြီးလဲ မယုံနှင့်ဦး၊ ငါဘုရား ပြောတာကိုလဲ မယုံနှင့်ဦး၊ စိစစ်ပါအုံး။ ဒီပုဂ္ဂိုလ်ဟာဘုရားဟုပြောတယ်၊ ဘုရားဖြစ်ကြောင်း ပါရမီဆယ်ပါး အပြားသုံးဆယ်ကို ဖြည့်ကျင့်ခဲ့ပြီးပြီလား၊ မဖြည့်ကျင့်ရသေးဘူးလား၊ ဘုရားတို့မှာ ရှိအပ်တဲ့ဂုဏ်နှင့်ပြည့်စုံရဲ့လား၊ မပြည့်စုံဘူးလားဆိုတာ စိစစ်ရဦးမယ်၊ အကယ်၍ ဘုရားဖြစ်ကြောင်း ပါရမီတွေကိုလဲဖြည့်ကျင့်ပြီးပြီ၊ ဘုရားတို့မှာရှိအပ်ရှိထိုက်တဲ့ ဂုဏ်နှင့်လဲပြည့်စုံတယ်ဆိုယင် ယုံတော့၊ ကိုးကွယ်တော့။ ပါရမီတွေကိုလဲ မဖြည့်ကျင့်ရသေးဘူး၊ ဘုရားတို့၏ဂုဏ်နှင့်လဲမပြည့်စုံသေးဘူးဆိုယင် သူကိုယ်တိုင်ကပဲပြောပြော, အများကပဲပြောပြော, လူကြီး

တွေကပဲပြောပြော, မိဘဆရာသမားတွေကပဲပြောပြော, မယုံလေနှင့် ကာလာမ” တဲ့။ ကဲ....မြတ်စွာဘုရား ပြောတာဟာ ဘယ်လောက် သဘာဝကျသလဲ။ ဘယ်လောက်တရားသလဲ။ ငါဘုရားပြောတာကိုလဲ မယုံနှင့်အုံး၊ စိစစ်ပါအုံး တဲ့။ မစိစစ်ပဲဘုရားကိုယုံယင် သဒ္ဓါယုံမျှသာ။ သောတာပန် မတည်နိုင်ဘူး။ စိစစ်ပြီးယုံမှသာ ပညာယုံ သောတာပန်တည်နိုင်တယ်။ ဒါကြောင့်—

ဝိစေယျဒါနံ ဒါတဗ္ဗံ၊ ယတ္ထ ဒိန္နံ မဟပ္ဖလံ။
ဝိစေယျ ဒါနံ၊ သုဂ တပ္ပသတ္ထံ။
ယေ ဒက္ခိဏေယျာ၊ ဣဓ ဇီဝ လောကေ။
ဧတေသု ဒိန္နာနိ၊ မဟပ္ဖလာနိ။
ဗီဇာနိ ဝုတ္တာနိ၊ ယထာသုခေတ္တေ။ လို့မြတ်စွာဘုရားက အင်္ဂုရ နတ်သားကို ဟောခဲ့တယ်။

ယတ္ထ၊ အကြင်ပုဂ္ဂိုလ်၌။ ဒိန္နံ၊ ပေးအပ်သော အလှူသည်။ ယသ္မာ၊ အကြင်ကြောင့်။ မဟပ္ဖလံ၊ များသော အကျိုးရှိ၏။ တသ္မာ၊ ထိုကြောင့်။ ဝိစေယျ၊ ရွေးချယ်စိစစ်၍။ တတ္ထ၊ ထိုပုဂ္ဂိုလ်၌။ ဒါနံ၊ အလှူဒါန ကို။ ဒါတဗ္ဗံ၊ ပေးလှူထိုက်၏။ ဝိစေယျ၊ ရွေးချယ်စိစစ်၍။ ဒါနံ၊ ပေးလှူခြင်းကို။ သုဂတပ္ပသတ္ထံ၊ မြတ်စွာဘုရားသည် ချီးမွမ်းတော် မူအပ်၏။ ဣဓဇီဝလောကေ၊ ဤ သတ္တလောက၌။ ယေဒက္ခိဏေယျာ၊ အကြင်မြတ်သော အလှူခံ ပုဂ္ဂိုလ်တို့သည်။ သန္တိ၊ ရှိကြလေကုန်၏။ ဧတေသု၊ ထိုမြတ်သော အလှူခံ ပုဂ္ဂိုလ်တို့၌။ ဒိန္နာနိ၊ ပေးအပ်သော အလှူတို့သည်။ သုခေတ္တေ၊ လယ်ယာမြေ ကောင်း၌။ ဝုတ္တာနိ၊ စိုက်ပျိုးအပ်ကုန်သော။ ဗီဇာနိယထာ၊ မျိုးစေ့ တို့ကဲ့သို့။ မဟပ္ဖလာနိ၊ ကောင်းစွာကြီးပွား များသောအကျိုး ရှိကုန် သည်သာ လျှင် ကတည်း။

သာဓု၊ သာဓု၊ သာဓု။

အဲဒီဂါထာကို ဘယ်မှာ ဟောသလဲဆိုတော့ တာဝတိံသာ နတ်ပြည်မှာ အင်္ဂုရနတ်သားကို ဟောခဲ့တယ်။ မြတ်စွာဘုရား အဘိဓမ္မာတရား ဟောဖို့ တာဝတိံသာနတ်ပြည်ကို ကြွသွားတော့ လက်ဦးစွာ မယ်တော် မိနတ်သား ရယ်, ဣန္ဒကနတ်သားရယ်, အင်္ဂုရနတ်သားရယ် ရောက်လာပြီး ဘုရားအ နားမှာ ထိုင်နေကြတယ်။ နောက် တန်ခိုးကြီးတဲ့နတ်တွေ လာတိုင်း အင်္ဂုရ

နတ်သားဟာ နောက်ဆုတ်ပြီး နေရာပေးလိုက်ရတာ စကြာဝဠာ တံတိုင်းသို့ ရောက်သွားတယ်။ ဣန္ဒကနတ်သားကတော့ နေရာမရွေ့ရဘူး။ ဒီလိုဖြစ်ပုံကို မြတ်စွာဘုရား မြင်တော်မူဖြင့် အင်္ကုရနတ်သားကိုခေါ်ပြီး မေးတယ်။ "အသင် နတ်သား၊ သင်နှင့်အတူလာတဲ့ ဣန္ဒကနတ်သားမှာ နေရာမရွေ့ရပါပဲ၊သင်မှာ မူကား စကြာဝဠာတံတိုင်းသို့ တိုင်အောင် ရွေ့ပြီးပေးရတာ ဘာကြောင့် လဲ"လို့ မေးတော်မူတော့ "မြတ်စွာဘုရား၊ တပည့်တော်၏ အလှူသည် တဆယ့်နှစ်ယူဇနာ တိုင်အောင် ဖိုခနောက်တွေကို စီတန်းစေပြီး နှစ်ပေါင်း တသောင်းတိုင်တိုင် လှူခဲ့သော်လဲ အလှူခံပုဂ္ဂိုလ်တွေကား သီလမရှိတဲ့ ဒုသီလ တွေကိုသာ လှူခဲ့ရသဖြင့် အကျိုးမကြီးကျယ်ပဲ တန်ခိုးနည်းငယ် ရပါတယ် ဘုရားလို့"လျှောက်တယ်။

တဖန် ဣန္ဒကနတ်သားကို မေးပြန်တယ်။ "အသင် ဣန္ဒက၊ သင်ကား ဘယ်ကုသိုလ်ကြောင့် ဘယ်နတ်လာလာ နေရာမရွေ့ရအောင် တန်ခိုးကြီးသ လဲ"တဲ့။ ဒီတော့ ဣန္ဒကနတ်သားက "မြတ်စွာဘုရား၊ တပည့်တော် သည် ဆွမ်းခံဝင် လာသော အနုရုဒ္ဓါအား မိမိစားဖို့ထားတဲ့ ဆွမ်းတဇွန်းလောင်း ဘူးပါတယ်။ ဒီလို သီလစင်ကြယ်သော အလှူခံကို လှူခဲ့ရလို့ တန်ခိုးကြီးရပါ တယ်"လို့ လျှောက်တယ်။ အဲဒါကြောင့် မြတ်စွာဘုရားက စိစစ်၍လှူသင့် ကြောင်းကို ဟောတော်မူတယ်။ ကဲ....ဒီနတ်သား နှစ်ယောက်၏ တန်ခိုး ခြင်း ကွာခြားပုံကိုကြည့်ပါ။ မစိစစ်ပဲ လုပ်တဲ့အလုပ်ဟာ ပင်ပန်းသလောက် ခရီးမရောက်ဘူး။ စိစစ်ပြီးမှ လုပ်တဲ့အလုပ်ဟာ ပင်ပန်းသလောက် ခရီး ရောက်တယ်။

လောကမှာ ပေါင်းသင်းကြတာလဲ ရွှေရှိတဲ့လူနှင့်ပေါင်းမှ ရွှေရနိုင်တယ်။ ငွေရှိတဲ့လူနှင့်ပေါင်းမှ ငွေရနိုင်တယ်။ စပါးရှိတဲ့ လူနှင့်ပေါင်းမှ စပါးရနိုင် တယ်။ ဆီရှိတဲ့လူနှင့်ပေါင်းမှ ဆီရနိုင်တယ်။ ပညာ ရှိတဲ့ လူနှင့် ပေါင်းမှ ပညာကိုရနိုင်တယ်။ ကိုးကွယ်ကြတယ်, ဆည်းကပ် ကြတယ် ဆိုတာ အကျိုး တရားကို လိုလားသဖြင့် ကိုးကွယ်ကြတာ, ဆည်းကပ် ကြတာ ဖြစ်တယ်။ အဲဒီတော့ စိစစ်ရမယ်။ ငါ ကိုးကွယ်ဆည်းကပ်သော အရာသည် ငါလိုလား တဲ့ အကျိုးတရားကို ပေးနိုင်,မပေးနိုင် စိစစ်ရမယ်။ ဘယ်လို ပုဂ္ဂိုလ်ဟာ ကိုးကွယ်သူအား အကျိုးများစေနိုင်သလဲ၊ သီလစင်ကြယ်သောသူဟာ လယ် ယာမြေကောင်းနှင့်တူသဖြင့် ကိုးကွယ်သူအား အကျိုးများစေတယ်။ သမာဓိ ရှိသောသူဟာလည်း သစ်ပင်ကြီးနှင့် တူသောကြောင့် မှီခိုသူအား အကျိုး

များစေတယ်။ ပညာရှိသောသူဟာ ဂုဏ္ဍာသယပတ္တမြားနှင့် တူသောကြောင့် ဆည်းကပ်သူအား အကျိုးများစေတယ်။

အဲဒါကြောင့် ငါကိုးကွယ်ဆည်းကပ် မှီဝဲသောအရာသည် သီလ, သမာဓိ, ပညာ သိက္ခာသုံးပါးနှင့် ပြည့်စုံရဲ့လား၊ မပြည့်စုံဘူးလား ဆိုတာ စိစစ်ပြီးမှ မှီဝဲရမယ်။ မစိစစ်ပဲ ဒါဟာ ငါတို့လူမျိုး ကိုးကွယ်တာပဲ၊ ဒါဟာ ငါတို့၏ ဘိုးဘွား မိဘကိုးကွယ်တာပဲ၊ ဒါဟာ ငါတို့ရွာက ကိုးကွယ်တာပဲ၊ ဒါဟာ အများကိုးကွယ်တာပဲ၊ ဒါဟာ ရှေးလူကြီးတွေ ကိုးကွယ် တာပဲ ဆိုပြီး ကိုးကွယ်ယင် ကိုးကွယ်ထိုက်တာကို ကိုးကွယ်မိစေကာမူ ဉာဏဝိပ္ပယုတ် ကုသိုလ်မျှသာဖြစ်ပြီး၊ အကျိုးမများဘူး။ မကိုး ကွယ် ထိုက်တာကို ကိုးကွယ် မိယောင် ဖွပ်ထာထက်ညစ်, ဖွတ်မရခားမဆုံး ဆိုသလိုဖြစ်တတ်တယ်။ ဒါကြောင့် ရှေး တုန်းက အားထားသင့်တာကို အားထားမိလို့ အကျိုး များပုံ, အားမထား သင့်တာကို အားထားမိလို့ နစ်နာဆုံးရှုံးရပုံကို ထုတ်ဆောင်ပြီး ဟောပါ ဦးမယ်။ နားထောင်ကြ။

ပဏ္ဍိတမေဝ သေဝေယျ၊ ပဏ္ဍိတံ ဥပဇီဝတိ။
တဿ အတ္ထာ ပဝဍ္ဎန္တိ၊ ဥဒကေ ပဒုမာ ယထာ။

ပဏ္ဍိတမေဝ၊ ကြောင်းကျိုးမြင်သိ ပညာရှိကိုသာလျှင်။ သေဝေယျ၊ မှီဝဲဆည်းကပ်ရာ၏။ ယော၊ အကြင် ပုဂ္ဂိုလ်သည်။ ပဏ္ဍိတံ၊ ကျိုးကြောင်း ဆင်ခြင် ပညာရှင်ကို။ ဥပဇီဝတိ၊ ထံပါးနီးကပ် လွန်ချဉ်းကပ်လျက် အသက်မွေး၏။ ပဒုမာ၊ ကြာပန်းတို့သည်။ ဥဒကေ၊ ရေ၌။ ပဝဍ္ဎန္တိယထာ၊ ကြီးပွားကြကုန်သကဲ့သို့။ တထာ၊ ထို့အတူသာလျှင်။ တဿ၊ ထိုပညာရှိနား ထံပါးနီးကပ် သက်မွေးတတ်သော သူအား။ အတ္ထာ၊ လောကီ လောကုတ် မယုတ်တိုးပွား အကျိုးတရားတို့သည်။ ပဝဍ္ဎန္တိ၊ တနေ့တခြား တက်နေလားသို့ ကြီးပွားကြကုန်သည် သာလျှင်တည်း။

သာဓု၊ သာဓု၊ သာဓု။

ရှေးအခါက ငါတို့ဘုရားအလောင်းဟာ ကုန်သည်မျိုး၌ဖြစ်တယ်။ ဒေဝဒတ်အလောင်းဟာလဲ ကုန်သည် မျိုးမှာပင်ဖြစ်သတဲ့။ တနေ့သောအခါ ဘုရားအလောင်းဟာ ကုန်ရောင်းသွားရန်အတွက် လှည်းငါးရာကို ပြင်လျက် ကုန်တွေကို လှည်းပေါ်သို့တင်တယ်။ ထို အချိန်အခါမှာ ဒေဝဒတ်အလောင်း ကလည်း ဘုရားလောင်းနည်းတူ လှည်းငါးရာကို ပြင်လျက် ကုန်တွေကိုလှည်း ပေါ်သို့တင်သတဲ့။ ဒီသတင်းကိုကြားတဲ့ ဘုရား လောင်း ဟာ ဒေဝဒတ်

အလောင်းထံသွားပြီး မေးမြန်းတယ်။ မိတ်ဆွေ၊ ဘယ်တော့လောက် လှည်းထွက်ဖို့ ရည်ရွယ်ပါသလဲ''လို့ မေးတော့ ဒေဝဒတ်အလောင်းက ''ဘယ်လဘယ်ရက်လောက် ထွက်ဖို့ရည်ရွယ်ပါတယ်''လို့ ပြောသတဲ့။

ထိုအခါ ဘုရားလောင်းက စဉ်းစားတယ်။ ''အင်း....သူ့လှည်းကငါးရာ, ငါ၏လှည်းကငါးရာ ပေါင်းလှည်းပေါင်း တထောင်၊နွား နှစ်ထောင် ဖြစ်တယ်။ အတူတူသာသွားယင် မြက်တို့ရေတို့ ကြပ်မယ်၊ တသုတ်စီ သွားမှ ကောင်းမယ်လို့''ကြံစည်ပြီး ''မိတ်ဆွေ၊ ခင်ဗျားလှည်းက ငါးရာ,ကျွန်တော့်လှည်းကငါးရာ ပေါင်း တော့လှည်းပေါင်းတထောင်, လူပေါင်းတထောင်, နွားပေါင်း နှစ်ထောင် ဖြစ်တယ်၊ လမ်းခရီးမှာ ရေတို့မြက်တို့ မလောက်မငဖြစ်လိမ့်မယ်၊ သို့အတွက်မိတ်ဆွေယင်လဲ အရင် ထွက် ပါ၊ သို့မဟုတ် ကျွန်တော်ယင်လဲ အရင်ထွက်ပါမယ်''လို့ ပြောတယ်။

အဲဒီလိုပြောတော့ ဒေဝဒတ်အလောင်းက စဉ်းစားတယ်။ အရင်ထွက်မှ သာ ဈေးဦးပေါက်မှာ၊ ဈေးကောင်းကောင်း ရောင်းရမယ်၊ နွား တွေ လဲ လမ်းခရီးမှာ မြက်သစ်ပင်တွေကို ဦးဦးဖျားဖျား စားရမယ်၊ ရေတွေလဲ မနောက်သေးခင် ဦးဦးဖျားဖျား သောက်ရမယ်၊ အရင်ထွက်တာ ကောင်းတယ်လို့ အကြံဖြစ်ပြီး ''ကျွန်တော် အရင် ထွက်မယ်'' လို့ ပြော သတဲ့။ ဘုရားအလောင်းကလဲ စဉ်းစားတဲ့အခါ နောက်မှ ထွက်ခြင်း၏အကျိုးကို မြင်တယ်။ ဘယ်လို မြင်သလဲဆိုတော့ အရင်ထွက်သောသူဟာ လမ်း မကောင်း ယင်ပြင်ရမယ်၊ တံတားမရှိယင် တံတားခင်းရမယ်။ သစ်ပင်တွေ လမ်းပေါ်မှာ လဲနေယင် ရှင်းရမယ်၊ နောက်လူကား အရင်လူပြင်ထားသော လမ်းအတိုင်း သွားရုံသာ၊ အရင်သွားနှင့်တဲ့ နွားတို့ဟာ ကြမ်းတမ်းရင့်ရော်သော မြက်သစ်ရွက်ကိုစားရမယ်၊ နောက်နွားများဟာ အတက်ပေါက် အနုကလေးတွေကို စားရမယ်၊ အရင်သွားတဲ့လူဟာ စခန်းမှာ ရေတွင်းမရှိက တူးရမယ်၊ နောက်သွားတဲ့လူက တူးပြီးသား ရေတွင်းကို ခပ်ရုံသာဖြစ်တယ်။ ဈေးနှုန်းကန့်သတ်ခြင်းဟာ သတ္တဝါတို့ရဲ့ အသက်ရှင်မှုနှင့် ဆက်စပ်တယ်၊ နောက် လူဟာ အရင်လူ၏ဈေးနှုန်းအတိုင်း လိုက်ပြီးရောင်းရုံသာဖြစ်၍ သတ္တဝါတို့အား နှိပ်စက်သည်မမည်လို့ ဆင်ခြင်ပြီးနောက်မှ သွားဖို့ရာတာဝန်ယူတယ်။

အဲဒီလို ဘုရားလောင်းနှင့် ဒေဝဒတ်အလောင်းတို့ ကုန်ရောင်းထွက်ဖို့ရာ အချိန်ကိုသတ်မှတ်ကြ ပြီးသည့်နောက် ဒေဝဒတ်အလောင်းဟာ လှည်းငါး

ရာကို ကုန်နှင့် လူစာနွားစာ များကိုတင်၍ ခရီးထွက်တယ်။ သူတို့ဖြတ်သန်းပြီး သွားရမယ့်ခရီးဟာ ရေမရှိသော နိရုဒကကန္တာရ ခရီးကို ခုနစ်ရက် ဖြတ်သန်းပြီး သွားရမယ့်ခရီးဖြစ်တယ်။ သို့အတွက် နိရုဒက ကန္တာရနှင့် နီးသောအခါ လူအတွက်နှင့်နွားအတွက်ပါ ခုနစ်ရက်စာရေကို စည်ကြီးတို့ဖြင့် ထည့်၍ တင်ကြရတယ်။ အဲဒီလို ရေစည်ကြီးတို့ကို လှည်းပေါ် တင်ပြီး ခရီးခဲကို မောင်းနှင်လာ၍ တရက်,နှစ်ရက်လောက် ရှိသောအခါ ခရီးခဲ၌ နေသော ဘီလူးတို့ဟာ လူယောင်ဖန်ဆင်း၍ လှည်းနှင့်နွားတို့ကို ရွှံ့နွံဗွက်ထဲမှ လာခဲ့သည့်ပုံ၊ ရေတွေစိုကာ ရွှံ့တွေ လိမ်းကျံစေလျက်၊ လူတွေက ကြာပန်းအစည်းကြီးတို့ကို ထမ်းလျက် ခရီးရင်ဆိုင်လာကြတယ်။

ဒေဝဒတ်အလောင်း၏ လှည်းတွေနှင့် တွေ့သောအခါ "လှည်းပေါ်က စည်ကြီးတွေဟာ ဘာတွေလဲ"လို့ မေးသတဲ့။ ထိုအခါ လှည်းသမားတွေက "ရေတွေပါ"လို့ ပြောတယ်။ ဘီလူးတွေက "ရေတွေကိုဘာပြု၍ အလေးခံပြီး ယူခဲ့ကြသတုန်း၊ လမ်းတလျှောက်လုံးမှာ ရေတွေဟာ ပြည့်လျှံနေတာပဲ။ ငါတို့ကို ကြည့်ပါလား၊ ရေတောထဲက လာခဲ့တာပဲ၊ ကြာပန်း ယူကြအုံးမလား၊ အလကား အလေးခံပြီး ရေတွေကိုမယူပါနှင့် သွန်ပစ်ကြပါ၊ ဝန်ကလေးခပ်ပေါ့ပေါ့နှင့် မောင်းသွားလိုက်ယင် မကြာခင်ရေတွေကို တွေ့ရပါလိမ့်မယ်"လို့ ပြောသတဲ့။ ဒီတော့ လှည်းသမားတွေက ဒေဝဒတ်အလောင်းကိုသွားပြီး ရေတွေသွန်ဖို့ပြောကြတယ်။ ဒေဝဒတ် အလောင်းကလဲ လိုက်လာပြီး လူယောင်ဆောင်တဲ့ ဘီလူးတွေကို လမ်းခရီး အကြောင်းကို မေးရာ ဘီလူးတွေက "လမ်းခရီးမှာ ဘာမှပူစရာမရှိ၊ ရေ တွေ ဆို တာ လမ်းတလျှောက်လုံး ရေချည်းပဲ၊ ထင်းတွေလဲ ပေါတယ်၊ ခင်ဗျားတို့လှည်းပေါ်မှာပါတဲ့ ရေတွေ,ထင်းတွေ, နွားစာတွေကို အကုန်ပစ်ချထားခဲ့ပြီး ဝန်ကလေးခပ်ပေါ့ပေါ့နှင့်သာ မောင်းသွားကြပါ။ မကြာခင်ပဲ ရေတွေ, ထင်းတွေ, နွားစာတွေကို တွေ့ရပါလိမ့်မယ်"လို့ ပြောသတဲ့။

အဲဒီလို ပြောတဲ့စကားကို စဉ်းစားဆင်ခြင်ဉာဏ်မရှိတဲ့ ဒေဝဒတ်အလောင်းဟာ ယုံကြည်ပြီး ရေတွေ, ထင်းတွေ, နွားစာတွေကို အပစ်ခိုင်းပြီး ဝန်ကလေးခပ်ပေါ့ပေါ့နှင့် မောင်းနှင်သွားကြတယ်။ မောင်းနှင်သွား၍ တရက်နှစ်ရက်လောက် ရှိသော်လည်း ရေဆို၍ တပေါက်မှ မတွေ့ရ၊ ထင်းလည်း တချောင်းမှမမြင်ရ၊ နွားစာလဲ ဗလာနတ္တိဖြစ်နေတော့ နွား တွေလဲ အားပြတ်၍လှဲ၊ လူတွေလဲအားအင်ကုန် ခန်း၍ ရှေ့သို့တလှမ်းမှ မသွားနိုင်ကြတော့

ပဲ နေပူကြဲကြဲ သဲပြင်ထဲမှာ တုံးလုံးပက်လက်နှင့် အား ပြတ်ပြီး လဲနေကြတယ်။ ထိုအခါ ဘီလူးတွေဟာ အုပ်နှင့်ချီလာပြီး အားပြတ်တဲ့ နွားတွေ လူတွေကို စားကြသောက်ကြသတဲ့။ ကဲ....ဒေဝဒတ်အလောင်း ဉာဏ်မရှိတဲ့ အတွက် အကုန်လုံး ဒုက္ခမရောက်ကြပေါလား။ ဒါကြောင့် မြတ်စွာဘုရားက "ဗာလာနံ၊ ကျိုးကြောင်းမသိ မရှိဉာဏ်အား လူမိုက်များကို။ ယာအသေဝနာစ၊ မမှီဝဲ မဆည်းကပ်ရခြင်းသည် လည်းကောင်း" လို့ မင်္ဂလသုတ်မှာ ဟောတော်မူတာပေါ့။

ယေဒုမ္မေဓာ နဇာနန္တိ၊ အတ္ထာ နတ္ထဥ္စ ဒုပ္ပညာ။
တေ ပဍ္ဍိ သေဝတော ဒုက္ခာ၊ ဝဓုန္တိ လောကဓမ္မတာ။

ယေဒုမ္မေဓါ၊ ကျိုးကြောင်းမသိ မရှိဉာဏ်အား အကြင် လူမိုက်များတို့သည်။ ဒုပ္ပညာဒုပ္ပညာယ၊ ကြောင်းကျိုးကိုမြင် သမ္မာဇဉ် မရှိကြ လေ သောကြောင့်။ အတ္ထဥ္စ၊အကျိုးရှိသည်ကို လည်းကောင်း။အနတ္တဥ္စ၊ အကျိုးမရှိသည်ကိုလည်းကောင်း။နဇာနန္တိ၊ မသိကြလေကုန်။ တေ၊ ထိုကြောင်းကျိုး မမြင်သမ္မာဇဉ်ဖြင့် ဉာဏ် မယှဉ်တဲ့ လူတို့ကို။ ပဍ္ဍိသေဝတော၊ မှီဝဲသော သူအား။ ဒုက္ခာ၊ ဆင်းရဲဒုက္ခအနန္တတို့သည်။ ဝဓုန္တိ၊ ကောက်ရိုးမီးနှယ် ကြီးကျယ်ကြလေကုန်၏။ သော၊ ဤကဲ့သို့ လူမိုက်ကိုမှီဝဲ၍ဆင်းရဲရခြင်းသည်။ လောကဓမ္မတာ၊ လူတို့၏ထုံးစံ ရိုးရာ ဓမ္မတာကြီးသာလျှင်တည်း။

## သာဓု၊ သာဓု၊ သာဓု။

ဘုရားလောင်းဟာ ဒေဝဒတ်အလောင်း ထွက်သွား၍ တလကြာသော အခါ လှည်းငါးရာ ကုန်အပြည့်တင်လျက် ထွက်လာခဲ့တယ်။ နိရုဒက ကန္တာရ သို့ရောက်ခါနီးလတ်သော် လှည်းတို့၌ ရေစည်ကြီးများတင်၍ သဲကန္တာရ သို့ ဝင်တယ်တဲ့။ ထိုအခါဘီလူးတို့ဟာ ရှေးနည်းတူစွာ လူယောင်ဖန်ဆင်းလျက် လှည်းနှင့်နွားတို့ကို ရွှံ့နွံများ လူးစေပြီး ကြာပန်းစည်း ကြီးတို့ကို ထမ်းကာ ခရီးရင်ဆိုင်လာပြန်တယ်။ ဘုရားလောင်း၏ လှည်းများနှင့် တွေ့သော အခါ "လှည်းပေါ်က စည်ကြီးတွေ ဟာဘာတွေလဲ" လို့ မေးကြသတဲ့။လှည်းသမားတွေက "ရေတွေပါ" လို့ ပြောလျှင် "ရေတွေကို ဘာပြု၍ အလေးခံပြီး ယူရသလဲ၊ ငါတို့ကိုကြည့်ပါလား၊ ရေတောထဲက လာခဲ့ တာပဲ၊ ရေတွေကိုသွန်ပစ်ပြီး' ဝန်ကလေး ခပ်ပေါ့ပေါ့နှင့် မောင်းနှင်သွားယင် မကြာမတင် ရေတွေကိုတွေ့ရမှာပဲ" လို့ ပြောသတဲ့။

ထိုအခါ ဘုရားလောင်းထံသွားပြီး လှည်းသမားတွေက ရေတွေကိုသွန်ဖို့ ပြောကြလျှင် ဘုရားလောင်း လိုက်လာခဲ့ပြီး လူယောင်ဖန်ဆင်းလာတဲ့ ဘီလူးတို့ကို ကြည့်ရှုလတ်သော် ဖနောင့်တို သည်ကိုလည်းကောင်း၊ မျက်ထောင့်နီသည်ကို လည်းကောင်း၊ မျက်တောင် မခတ်သည်ကို လည်းကောင်း၊ အရိပ်မထွက်သည်ကို လည်းကောင်း မြင်၍ "ဤသူတို့ကား လူယောင် ဖန် ဆင်းသော ဘီလူးတို့သာတည်း" ဟု အတတ် သိသဖြင့်၊ လှည်း သမား တို့ကို စည်းဝေး စေပြီးလျှင် "အမောင် လှည်းသမားတို့၊ တိမ်တေ လေ အက်၊ လျှပ်စက်ပဇ္ဇော, သံတယောဟု, ရှေး လူကြီးများ အဆိုရှိတယ်။ တိမ်—မိုးတိမ်ကို။ တေ—သုံးယူဇနာက မြင်ရတယ် လို့ ဆိုရာ၊ သင်တို့ မိုးတိမ်ကို မြင်ကြ၏လော" လို့ မေးတယ်။ လှည်း သမား တို့က "မမြင် ပါလို့" ပြောရာ "လေ—မိုးထဲက လာသော လေအေးဟာ၊ အက်— တယူဇနာ တိုင်အောင် အေးတယ်တဲ့။ မိုးထဲ ကလာသော လေအေးဟာ မင်းတို့၏ကိုယ်ကောင်ကို တိုက်ခတ်၏လော"လို့ မေးပြန်ရာ"မတိုက်ခတ်ပါလို့"ဖြေကြတယ်။ လျှပ်စက်နွယ်ရောင်ကို ပဇ္ဇော— ငါးယူဇနာက မြင်ရ၏ လို့ ဆိုရာ "မင်းတို့မြင်ကြသလော"လို့ မေးရာ မမြင်ရပါလို့ ဖြေကြသ တဲ့။ သံ—းမိုးခြိမ်းသံကို၊ တယော—သုံးယူဇနာက ကြားရ၏လို့ ဆိုရာ "မင်းတို့ ကြားကြသလော"လို့မေးပြန်ရာ မကြားပါလို့ဖြေကြတယ်။ "အမောင်တို့၊ ငါးယူဇနာအတွင်းမှာ မိုးမရွာဘူး၊ မရွာလျှင် ရေမရှိနိုင်ဘူး၊ ဒီခရီးဟာ သဲကန္တာရခရီးဖြစ်တယ်၊ ဒီလူတွေဟာလဲ လူအစစ်မဟုတ်ဘူး၊ လူယောင် ဖန်ဆင်း ထားသော ဘီလူးတွေသာဖြစ်တယ်၊ ဘာကြောင့်လဲဆိုတော့ သူတို့ဟာ ဖနောင့်တိုတယ်၊ မျက်ထောင့်နီတယ်၊ မျက်တောင်မခတ်ဘူး၊ အရိပ်လဲ မထွက်ဘူး။ ငါတို့ရှေ့ကသွားတဲ့ လှည်းငါးရာကို ဒီနည်းဖြင့် လှည့်စား၍ စားပြီး တော့မယ်၊ ဒါကြောင့် ငါတို့ကိုလဲ စားရအောင်လို့ လှည့်စားကြတာ ဖြစ်တယ်။ ရေတွေကို မသွန်ကြနှင့်၊ ထင်းတချောင်းမှမပစ်ခဲ့နှင့်။ ကဲ....မောင်းသာမောင်းကြ"လို့ ဆိုးမကာ ဘီလူးတွေကို ဂရုမစိုက်ပဲ မောင်းနှင် သွားကြတယ်။

ဘီလူးတွေလဲ လိမ်၍မရသည့်အတွက် ရှေ့ကိုဆက် သွားဟန်ဆောင်ကာ ပျောက်ကွယ်သွားကြသတဲ့။ ဘုရားလောင်းတို့ ခရီးဆက်၍ တစ်ရက်နှစ်ရက်ကြာလျှင် ဒေဝဒတ်အလောင်းရဲ့ လှည်းငါးရာတို့ဟာ ပျက်စီးသေ ကြေနေကြတာကို တွေ့မြင်ကြရတော့တယ်။ ထိုအခါ ဘုရားလောင်းက လှည်းသမားတို့အားစည်းဝေးလျက် "အမောင်တို့၊ငါတို့၏ လှည်း သင်း ထဲက မကောင်း တဲ့လှည်းကိုပစ်၍ ဒီလှည်းသင်းက ကောင်းတဲ့ လှည်းတွေကို ယူကြ၊ ငါတို့၏

လျှည်းသင်းက အဖိုးမတန်တဲ့ ကုန်ကိုပစ်၍ သူတို့၏လှည်းက ကောင်းတဲ့ အဖိုးတန်တဲ့ ကုန်ကိုယူကြ”လို့ အမိန့်ပေးတယ်။ လှည်းသမား တို့လည်း ဘုရားလောင်းရဲ့အမိန့်အတိုင်း မကောင်းသော လှည်းကိုပစ်၍ ထင်းခွဲမီးဆိုက်ကာ ကောင်းသောလှည်းကို ယူပြီးလျှင် အဖိုးမတန်သော ပစ္စည်းကိုပစ်၍ ကောင်းသော အဖိုးတန်သော ပစ္စည်းကိုယူကာ ခရီးဆက်လက် ထွက်ခွာကြရာ ရေမရှိသော သဲကန္တာရခရီးခဲကို လွန်မြောက်ခဲ့ပြီး ရည်ရွယ်ရင်း တိုင်းပြည် မြို့ရွာတို့၌ ဥစ္စာပစ္စည်းများကို ရောင်းချကြရသဖြင့် ငွေ မြောက်မြားစွာ ရရှိကြတယ်။

ငင်းငွေတို့ဖြင့် မိမိတို့ရပ်ရွာဒေသ၌ ရောင်း၍ကောင်းမည့် ပစ္စည်းများကို ဝယ်ခြမ်းပြီး လှည်းပေါ်သို့တင်ကာ ထွက်ခဲ့ကြရာ မိမိတို့နေရာ အရပ်ဒေသသို့ ကောင်းမွန်စွာ ပြန်ရောက်ကြ၍ သားမယားများနှင့် ပျော်ရွှင်စွာ စားသောက်ကြရတယ်။ ကဲ....စဉ်းစားကြပါ။ ဘာကြောင့် ဒီလှည်းသင်းက လူတွေရော နွားတွေပါ မိမိတို့နေရာသို့ရောက်ပြီး ပျော် ရွှင်စွာ နေကြရသလဲ။ ဘုရားလောင်းတည်းဟူသော ပညာရှိပုဂ္ဂိုလ်အား မှီဝဲဆည်းကပ်ရခြင်းကြောင့် ဘီလူးတို့၏ဘေးရန်မှ လွတ်မြောက်ပြီး ချမ်းသာစွာပြန်၍ ရောက်ကြရတာ မဟုတ်ပါလား၊ ဒါကြောင့် မြတ်စွာဘုရားက “ပဏ္ဍိတာနံ—ကျိုးကြောင်းမြင်သိ ပညာရှိတို့အား။ ယာသေဝနာ စ— အကြင်မှီဝဲ ဆည်းကပ်ရခြင်းသည်လည်းကောင်း”လို့ မင်္ဂလသုတ်မှာ ဟောတော်မူခဲ့တယ်။

ဘုရားအလောင်း ဘုရားဖြစ်တဲ့အခါ ဒီ လှည်းသမားတွေလဲ မြတ်စွာဘုရား၏ တပည့်သာဝကတွေဖြစ်၍ နိဗ္ဗာန်ကိုသွားကြပြီ။ ဒေဝဒတ်အလောင်း၏ လှည်းသမားတွေလဲ ဒေဝဒတ်၏ အပင်း အသင်းတွေ ဖြစ်ပြီး ဘုရားကို ပြစ်မှားကြသဖြင့် ငရဲသို့သွားကြရတယ်။ ဒါကြောင့် မြတ်စွာဘုရားက “ပုဂ္ဂလောပိ ဥပနိဿယ ပစ္စယေန ပစ္စယော”လို့ ဟောတော် မူတယ်။ ပုဂ္ဂလောပိ—ပုဂ္ဂိုလ်သည်လည်း၊ ဥပနိဿယ ပစ္စယေန — ဥပနိဿယ ပစ္စည်းဖြင့်၊ ပစ္စယော—ကျေးဇူးပြုတတ်သည်၊ ဟောတိ—ဖြစ်၏။

ပုဂ္ဂိုလ်သည် ဥပနိဿယပစ္စည်းဖြင့် ဘယ်လို ကျေးဇူးပြုသလဲ ဆိုတော့ အမှီပြုခံ ပုဂ္ဂိုလ်သည် သူတော်ကောင်းဖြစ်လျှင် မှီဝဲသောပုဂ္ဂိုလ် သည်လည်း သူတော်ကောင်း ဖြစ်သွားတာပဲ။ အမှီဝဲခံပုဂ္ဂိုလ်သည် သူယုတ်မာ ဖြစ်လျှင် မှီဝဲသောပုဂ္ဂိုလ်သည်လည်း သူယုတ်မာဖြစ်သွား တာပဲ။ အမှီဝဲခံ ပုဂ္ဂိုလ်သည်

ပညာရှိဖြစ်လျှင် မှီဝဲသော ပုဂ္ဂိုလ်သည်လည်း ပညာရှိဖြစ်လာတာပဲ။ အမှီဝဲခံ ပုဂ္ဂိုလ်သည် ပညာမရှိသော ပုဂ္ဂိုလ်ဖြစ်လျှင် မှီဝဲသော ပုဂ္ဂိုလ် သည်လည်း ပညာမရှိသော ပုဂ္ဂိုလ်ဖြစ်တာပဲ။ ဗမာစကားနှင့် ပြောရလျှင် "တင်ငါနား နီးတင်ငါ, မုဆိုးနားနီးမုဆိုး" လို့ ပြောလေ့ ရှိကြတယ်။ အဲဒီ စကားဟာ ဥပနိဿယ ပစ္စည်းကို ပြောတာပဲ။ ဥပမာပြောရမယ်ဆိုယင် ငှက်ပျောဖက်ဖြင့် မြတ်လေးပန်းတို့ စပယ်ပန်းတို့ကို ထုပ်လျှင် ဖက်မှာ ဘာအနံ့စွဲသလဲ မောင် စိန်ရဲ့။ [မွှေးကြိုင်သောအနံ့ စွဲပါတယ်ဘုရား။] ငှက်ပျော ဖက်ဖြင့် ငါးပိ ထုပ်တော့ ဖက်မှာ ဘာအနံ့စွဲမတုန်း။ [ငါးပိပုပ် အနံ့စွဲပါတယ်ဘုရား။]

အဲဒီလိုပဲ။ မကောင်းတဲ့လူနှင့် ပေါင်းယင် မကောင်း ကျိုးကို ခံရမှာပဲ။ ကောင်းတဲ့လူနှင့်ပေါင်းလျှင် ကောင်းကျိုးကို စံရမှာပဲ။ လောက ကြီးမှာ တရားဟာ အကျဉ်းအားဖြင့် နှစ်ပါးပဲရှိတယ်။ နှစ်ပါးက ဘယ် ဟာလဲဆို တော့ သင်္ခတတရား, အသင်္ခတတရားတဲ့။ သင်္ခတ တရားဆိုတာ ပြုအပ် ပြင် အပ်သော တရား (ဝါ) ပြုသလိုပြင်သလို ဖြစ်မည့်သဘော၊ ဥပမာ ပေးရယင် မြေပဲစေ့ထဲမှာ မြေပဲပင်ပေါက်မယ့် သဘောဟာရှိတယ်။ ရေမြေ နှင့်သာထိ ပါစေ၊ မြေပဲပင်ပေါက်တာပဲ၊ မီးနှင့်လှော်ယင် ရေနွေးနှင့်ပြုတ်ယင် မပေါက် တော့ဘူး။ အဲဒီမြေပဲစေ့ထဲမှာ ကိန်းပြီးရှိနေတဲ့ မြေပဲပင်ပေါက်မယ့် သဘော ကလေးဟာ သင်္ခတတရားပဲ။ ရေမြေနှင့်ထိ၍ မြေပဲပင်ပေါက်လာယင် သင်္ခါရ တရားဖြစ်ပြီး သဗ္ဗေသင်္ခါရာ အနိစ္စာဆိုတဲ့ စာရင်းထဲ ဝင်သွားပြီ။

အဲဒီ သင်္ခတတရားဆိုတာ ပြုသလိုပြင်သလို ဖြစ်တာ၊ ကောင်း အောင်ပြု ပြင်ယင် ကောင်းတာ ဖြစ်မှာပဲ၊ မကောင်းအောင် ပြုပြင်ယင် မ ကောင်း တာ ဖြစ်မှာပဲ၊ ကောင်းအောင် ဆိုးအောင် ပြုပြင်တဲ့ အကြောင်းတရားတွေကလဲ အမျိုးမျိုးရှိတယ်။ သမုဋ္ဌာန်ကြောင်းကျိုး, သစ္စာကြောင်းကျိုး, ပဋိစ္စသမုပ္ပါဒ် ကြောင်းကျိုး, ပဋ္ဌာန်းကြောင်းကျိုးတဲ့။ သမုဋ္ဌာန်ကြောင်းကျိုး ဆိုတာက ကံကြောင့် ကမ္မဇရုပ်တွေဖြစ်တယ်၊ စိတ် ကြောင့် စိတ္တဇရုပ်တွေ ဖြစ်တယ်၊ ဥတုကြောင့် ဥတုဇရုပ်တွေဖြစ်တယ်၊ အဟာရကြောင့်အဟာရဇ ရုပ်တွေဖြစ် တယ်၊ အဲဒါသမုဋ္ဌာန် ကြောင်းကျိုးတွေဖြစ်တယ်။

သစ္စာကြောင်းကျိုးဆိုတာက သမုဒယသစ္စာကြောင့် ဒုက္ခသစ္စာဖြစ်တယ်။ မဂ္ဂသစ္စာကြောင့် နိရောဓသစ္စာကို မျက်မှောက် ပြုရတယ်။ အဲဒါ သစ္စာ ကြောင်းကျိုး တွေဖြစ်တယ်၊။ ပဋိစ္စသမုပ္ပါဒ် ကြောင်း ကျိုးဆိုတာက အဝိဇ္ဇာ

ကြောင့် သင်္ခါရဖြစ်တယ်။ သင်္ခါရကြောင့် ဝိညာဏ်ဖြစ်တယ်၊ ဝိညာဏ်ကြောင့်နာမ်ရုပ်ဖြစ်တယ်၊နာမ်ရုပ်ကြောင့် သဠာယတန ဖြစ်တယ်၊ သဠာယတနကြောင့် ဖဿဖြစ်တယ်၊ဖဿကြောင့် ဝေဒနာ ဖြစ်တယ်၊ ဝေဒနာကြောင့် တဏှာဖြစ်တယ်၊ တဏှာကြောင့် ဥပါဒါန် ဖြစ် တယ်၊ ဥပါဒါန်ကြောင့် ဘဝဖြစ်တယ်၊ဘဝကြောင့် ဇာတိဖြစ်တယ်၊ဇာတိကြောင့် ဇရာ မရဏ ဖြစ်ရတယ်၊ အဲဒါ ပဋိစ္စသမုပ္ပါဒ် ကြောင်းကျိုး တွေဖြစ်တယ်။

ပဋ္ဌာန်းကြောင်းကျိုး ဆိုတာက ဟေတု ပစ္စည်းကြောင့် ဟေတုပစ္စုပ္ပန် ဖြစ်တယ်၊ အာရမ္မဏပစ္စည်းကြောင့် အာရမ္မဏ ပစ္စုပ္ပန်ဖြစ်တယ်၊ နှစ်ဆဲ့လေး ပစ္စည်း ကြောင့် နှစ်ဆဲ့လေး ပစ္စုပ္ပန် ဖြစ် တယ်၊ အဲဒါ ပဋ္ဌာန်း ကြောင်းကျိုးတွေဖြစ်တယ်။ အဲဒီလို သင်္ခတလောက ဆိုတာ အကြောင်း အားလျော်စွာ အကျိုးတရားများ ဖြစ်ကြရတယ်။အဲဒီလို အကြောင်းအမျိုးမျိုးတွေကြောင့် အကျိုးတရားအမျိုးမျိုး ဖြစ်နေတော့ ကလိန်ခြုံစာပေါင်း သိုက်လို ရှုပ်ပွေပြီးမနေပါလား။ [ရှုပ်ပွေပြီး နေပါတယ် ဘုရား။] အဲဒီလို ရှုပ်ပွေပြီး နေသည့် အတွက်ကြောင့် သတ္တဝါတွေဟာ သင်္ခတ လောကမှ အသင်္ခတနယ်သို့ မထွက်မြောက်နိုင်ပဲ တဝဲလယ်လယ် ဖြစ်နေကြတာပေါ့။

ဝိပ္ပလ္လာသေန ကင်္ခိတ္တံ၊ ကခ်ါယ ဇင္ဃိတာ ဇနာ။
အလဒ္ဓါ တေနုဇံမဂ္ဂံ၊ မုယှန္တိ ဇဋ္ဌသာဂရေ။

ဘောဇ္ဈင်္ဂါ၊ လောကီမှုအလုပ်တွေ ရှုပ်ပွေနေတဲ့ အခိုက်အတွင်းမှ မိုက်မလင်း မှောင်ကို ဖျက်မည်ဟု ရှန်းထွက်ကာ ငြင်း ရှောင်၍ အလင်းရောင် ရှာမှီးလေ့ ရှိကြကုန်သော အိုတရားနာ ပရိသတ်အပေါင်း သူတော်ကောင်းတို့။ ဇနာ၊ မင်စော်မနံ ဖိုလ်သံမကြား အမှားတွေ နယ်ကျယ်လျက် ရယ်စဖွယ်ယောင်တတနှင့် မှောင်ကျ၍ နေကြကုန်သော အနန္တများစွာ သတ္တဝါ ပုထုဇဉ် အပေါင်းတို့သည်။ ဝိပ္ပလ္လာသေန၊ အ ထင် မှား အမြင် မှောက် တကောက်ကောက် တကွေ့ကွေ့ ဖောက်ပြန်တတ်သော အလေ့ဖြင့်။ ကင်္ခိတ္တံ၊ တရှုပ်ရှုပ်တထွေးထွေးနှင့် ယောင်ငဲယုံမှား၍ နေကြလေကုန်၏။ ကခ်ါယ၊ သူ့စကားကိုလဲယုံ ငါ့စကားကိုလဲယုံ တထုံထုံတပေပေ နဝေနဝါ နမူးနထူးနှင့် ပြူးကလူးပြာကလာ ကခ်ါယံမှား ဝိစိကိစ္ဆာဆိုတဲ့ ထိုတရားကြောင့်။ ဇင္ဃိတာ၊ အသိလဲမရှင်း အမြင်လဲမရှင်း ရှုပ်ခြင်းကြီးလိန်ပွေ၍ အရှိန်မပြေအောင် ရှုပ်ထွေး၍ နေကြလေကုန်၏။ တေန၊ ထို ရှုပ်ပုံတွေ လွှတ်ထူ၍

သပ္ပတ်အူကလိန်ခြုံကဲ့သို့ အရှိန်မကုန်အောင် ရုပ်ပွေခြင်းကြောင့်။ ဥဇုံမဂ္ဂ၊ အမှိုက်မရှုပ် ခလုတ်ဆူးငြောင့် ရန်မနှောင့်ပဲ ဖြောင့်ဖြောင့် တန်းတန်း မဂ္ဂင် လမ်းကို။ အလဒ္ဒါ၊ ထိုဘဝဏ္ဍဘဝ တကြိမ်မျှမရပဲ လမ်းစကိုမတွေ့ တကွေ့ ကွေ့ တကောက်ကောက် မှောက်မြဲတိုင်း မှောက်ကြ၊ ကုန်လျက်။ ဇဋ္ဌသာဂရေ၊ လူ့ဘဝကလဲရုပ် နတ်ဘဝကလဲရုပ် မြုပ်လိုမြုပ် မျောလိုမျော အရုပ်သဘောနှင့် ဒုက္ခောဆိုတဲ့ သံသရာပင်လယ်အတွင်း၌။ မုယှတ္တိ၊ တောင် မှန်းမသိ မြောက်မှန်းမသိ တမှုံမှုံ မှိုင်းမိလျက် အတိုင်းမသိ ယောင်ငေး၍ မှောင်မဲတွေဝေကာ နေကြလေကုန်သတည်း။

သာဓု၊ သာဓု၊ သာဓု။

ကလိန်ခြုံကြီး ဘယ်လိုပင်ရှုပ်ပွေသော်လဲ တနွယ်စီတနွယ်စီ ဓားကလေးနှင့် ခုတ်ပြီး ဖြေရှင်းယင် မရဘူးလား။ [ရပါတယ်ဘုရား။] အဲဒီလိုပေါ့၊ သတ္တလောကကြီး ဘယ်လိုပင် ရှုပ်ထွေးသော်လဲ ရုပ်နာမ်အားဖြင့်လည်းကောင်း၊ ခန္ဓာအားဖြင့်လည်းကောင်း၊ အာယတနအားဖြင့်လည်းကောင်း၊ ဓာတ်အားဖြင့်လည်းကောင်း၊ တခုစီတခုစီ ဉာဏ်ဓားကလေးနှင့်ခုတ်ပြီးဖြေရှင်းယင် ရနိုင်ပါတယ် မောင်စိန်ရဲ့။ [မှန်ပါ ဘုရား။] "ကဲ.... ဉာဏ်ဓားကလေးနှင့် ဓာတ်ခြောက်ပါးကို ဖြေရှင်းကြစို့။ [ရှင်းပြတော်မူပါ ဘုရား။] မောင်စိန်၊ ခန္ဓာကိုယ်ကို လက်မကလေးနဲ့ နှိမ့်ပြီးစမ်းကြည့်ပါ။ မာတဲ့ နေရာမှာ မာပြီး နူးတဲ့နေရာမှာ နူးတာကို မတွေ့ရပါလား။ [တွေ့ရပါတယ် ဘုရား။] အဲဒါ ပထဝီဓာတ်ကို တွေ့တာပဲ။ လက်ဝါးကလေးနှင့် အုပ်ပြီး စမ်းသပ်တဲ့ အခါ ရံခါပူ၍ ရံခါအေးတာကို မတွေ့ရပါလား။- [တွေ့ရပါတယ် ဘုရား။] အဲဒါ တေဇောဓာတ်ကို တွေ့တာ။ မင်းထိုင်နေတဲ့အခါ လဲမသွားအောင် ထောက်ကန်မှု ထသွားတဲ့အခါ လှုပ်ရှားမှုကို မတွေ့ရလား။ [တွေ့ရပါတယ်ဘုရား။] အဲဒါ ဝါယောဓာတ်ကိုတွေ့တာ။ အေးတဲ့အခါ ချွေးတွေပိတ်ပြီး၊ ပူအိုက်တဲ့ အခါ ချွေးတွေယိုစီးနေတာကို မတွေ့ရလား။ [တွေ့ရပါတယ်ဘုရား။] အဲဒါ အာပေါဓာတ်လို့ခေါ်တယ်။ ပျဉ်ပြားလေးခုကို ပူးထားလိုက်ယင် အစပ်သုံးခု မပေါ်လား။ [ပေါ်ပါတယ်ဘုရား။] အဲဒါ အာကာသဓာတ်လို့ခေါ်တယ်။ လူ၏အရိပ်လိုဖြစ်တယ်၊ ပရမတ်အတုလို့မှတ်။

မင်းသန္တာန်မှာ အာရုံခြောက်ပါး ဒွါရခြောက်ဖုံပေါင်းဆုံတဲ့အခါ အာရုံကိုသိမှု မဖြစ်လား။ [ဖြစ်ပါတယ်ဘုရား။] အဲဒါ ဝိညာဏဓာတ်လို့ခေါ်

တယ်။ ပေါင်းတော့ မင်းသန္တာန်မှာ ဓာတ်ခြောက်ပါးပဲရှိတယ်။ အဲဒီ ဓာတ်ခြောက်ပါးထဲက ပထဝီဓာတ်ကို ပုဂ္ဂိုလ်၊ သတ္တဝါ၊ ငါ၊ သူတပါး၊ ယောကျ်ား မိန်းမ၊ အသက်လိပ်ပြာ၊ အတ္တဇီဝလို့ ဆိုနိုင် ပါမလား။ [မဆိုနိုင်ပါဘုရား။] ပုဂ္ဂိုလ် သတ္တဝါ ငါ သူတပါး ယောကျ်ား မိန်းမဆိုတာက ပညတ်မျှသာ၊ သဘာဝမရှိဘူး။ အသက်လိပ်ပြာ အတ္တဇီဝဆိုတာက ဒိဋ္ဌိ၏အစွဲအလမ်းမျှသာ၊ မရှိသောအရာဖြစ်တယ်။ [မှန်ပါဘုရား။] အာပေါဓာတ်ကို ပုဂ္ဂိုလ် သတ္တဝါ ငါ သူတပါး ယောကျ်ားမိန်းမ အသက်လိပ်ပြာ အတ္တဇီဝလို့ ဆိုနိုင်ပါမလား။ [မဆိုနိုင်ပါဘုရား။] တေဇောဓာတ်ကို ပုဂ္ဂိုလ် သတ္တဝါ ငါ သူတပါး ယောကျ်ားမိန်းမ အသက်လိပ်ပြာ အတ္တဇီဝလို့ ဆိုနိုင်ပါမလား။ [မဆိုနိုင်ပါဘုရား။] ဝါယောဓာတ်ကို ပုဂ္ဂိုလ် သတ္တဝါ ငါ သူတပါး ယောကျ်ားမိန်းမ အသက်လိပ်ပြာ အတ္တဇီဝလို့ ဆိုနိုင်ပါမလား။ [မဆိုနိုင်ပါဘုရား။] အာကာသဓာတ်ကိုပုဂ္ဂိုလ် သတ္တဝါ ငါ သူတပါး ယောကျ်ား မိန်းမ အသက်လိပ်ပြာ အတ္တဇီဝလို့ ဆိုနိုင်ပါမလား။ [မဆိုနိုင်ပါ ဘုရား။] ဝိညာဏဓာတ်ကို ပုဂ္ဂိုလ်သတ္တဝါ ငါသူတပါး ယောကျ်ား မိန်းမ အသက်လိပ်ပြာ အတ္တဇီဝလို့ ဆိုနိုင်ပါမလား။ [မဆိုနိုင်ပါဘုရား။]

ပြောခဲ့ပြီးတဲ့ဓာတ်ခြောက်ပါးကို ပုဂ္ဂိုလ်သတ္တဝါငါသူတပါး ယောကျ်ားမိန်းမလို့ မဆိုနိုင်ဘူး။ အသက်လိပ်ပြာ အတ္တဇီဝ လဲ မဟုတ်ဘူး။ ဘာကြောင့်မဟုတ်သလဲ။ မမြဲလို့မဟုတ်ဘူး။ မမြဲပုံကို ပြောရအုံးမယ်။ ပထဝီဓာတ်ဟာ ခက်မာမှု နူးညံ့မှုကိုခေါ်တယ်။ ပကတိမြေကြီးဟာ နေပူလျှင် မမာလား။ [မာပါတယ်ဘုရား။] မိုးရွာတော့ ပြော့မသွားလား။ [ပြော့သွားပါတယ်ဘုရား။] အဲဒီလိုနေပူတဲ့အခါ မာပြီး မိုးရွာတဲ့အခါ ပြော့သွားတော့ မာမှုနူးမှုကို မြဲတယ်လို့ ဆိုနိုင်ပါမလား။ [မဆိုနိုင် ပါဘုရား။] အာပေါဓာတ်ဟာ ယိုစီးမှု ဖွဲ့စည်းမှုကိုခေါ်တယ်။ ဆောင်းရာသီ အအေးနှင့် ကြုံတဲ့အခါ ချွေးတွေပိတ်ပြီး ဖွဲ့စည်းမှုမဖြစ်လား။ [ဖြစ်ပါတယ်ဘုရား။] နွေရာသီရောက်၍ အပူနှင့်ကြုံတဲ့အခါ ချွေးတွေထွက်ပြီး ယိုစီးမှုမဖြစ်ပါလား။ [ဖြစ်ပါတယ်ဘုရား။] အဲဒီလိုဆိုတော့ အာပေါဓာတ်ကို မြဲတယ်လို့ ဆိုနိုင် ပါမလား။ [မဆိုနိုင်ပါဘုရား။] ဝါယောဓာတ်သည် ထောက်ကန်မှု လှုပ်ရှားမှုကိုခေါ်တယ်။ ထိုင်နေတဲ့အခါ လဲမသွားအောင် ထောက်ကန် မှုမဖြစ်လား။ [ဖြစ်ပါတယ်ဘုရား။] ထသွားတော့ လှုပ်ရှားမှုဝါယော ဖြစ်မလာပါလား။ [ဖြစ်ပါတယ်ဘုရား။] အဲဒီလိုဆိုတော့ ဝါယောဓာတ်ကို မြဲတယ်လို့ ဆိုနိုင်ရဲ့လား။ [မဆိုနိုင်ပါဘုရား။] မင်းခန္ဓာ ကိုယ်ကြီးဟာ ရံခါပူ၍ ရံခါမအေး

ပါလား။ [ရုံခါပူ၍ ရုံခါအေးပါတယ် ဘုရား။] ဒီလိုဆိုတော့ တေဇောကို မြဲတယ်လို့ ဆိုနိုင်ပါမလား။ [မဆိုနိုင်ပါဘုရား။]

အာကာသဓာတ်ဆိုတာ လူ၏အရိပ်နှင့် တူတယ်။ လူ သွား ရာ ကို လိုက်သလို အာကာသဓာတ်လဲ ဓာတ်ကြီးလေးပါး၏ အရိပ်ပဲ။ ဓာတ် ကြီး လေးပါးပြောင်းတိုင်း သူလဲပြောင်းတယ်။ ဓာတ်ကြီးလေးပါး မမြဲယင် သူလဲမမြဲဘူးပေါ့။ [မှန်ပါဘုရား။] ဝိညာဏဓာတ်ဆိုတာ မျက်စိနှင့်ရူပါရုံ ပေါင်းဆုံလိုက် စက္ခုဝိညာဏ်ဖြစ်လိုက်၊ မျက်စိကိုမှိတ်လိုက် ပျောက်လိုက်နှင့် သူ့ကို ကောမြဲတယ်လို့ ဆိုနိုင်ပါမလား။ [မမြဲပါဘုရား။] အဲဒီလို ကျန် ဝိညာဏ်တွေလဲ ဒွါရအာရုံ ပေါင်းဆုံတဲ့အခါဖြစ်ပြီး ပေါင်းဆုံမှုပျက်သွားယင် သူလဲပျက်တာပဲ။ မမြဲဘူး။ ဒီတော့ဘယ်ဓာတ်ကို ချမ်းသာ တယ်လို့ ဆိုနိုင်မလဲ။ [ဘယ်ဓာတ်ကိုမှ ချမ်းသာတယ်လို့ မဆိုနိုင်ပါ ဘုရား။] မမြဲ ဘူးဆိုတာ ခိုင်မာတဲ့အတ္တဇီဝ သဘောမရှိလို့ မမြဲတာပေါ့။ ဒီတော့ ဒီဓာတ်ခြောက်ပါးကို အတ္တလို့ ဆိုနိုင်ပါမလား။ [မဆိုနိုင်ပါဘုရား။] အဲဒီလို ဉာဏ်ကလေးနှင့် ခန္ဓာကိုယ်မှာ ဓာတ်ခြောက်ပါးကို တွေ့အောင်ရှာ၊ တွေ့လျှင် လက္ခဏာကို မြင်အောင်ရှု၊ မြင်လျှင်ငြီးငွေ့လိမ့်မယ်။ ငြီးငွေ့လျှင် သမုဒယအတွယ် ပြတ်လိမ့်မယ်။ ပြတ်လျှင်ပြတ်ရာ နိရောဓသစ္စာကို မျက်မှောက် ပြုရပါလိမ့်မယ်။ ဒါကြောင့် ဤလမ်းစဉ်အတိုင်း လိုက်၍ နိဗ္ဗာန်စခန်းသို့ ဆိုက်လွှယ် ကြစေ ကုန်သတည်း။ ။

❀

"မင်္ဂလာဓမ္မာရုံးတော်(၁)"ပြီး၏။

## "မင်္ဂလာတရားတော် [၂]"

ဧဝံ အစိန္တိယာ ဗုဒ္ဓါ၊ ဗုဒ္ဓဂုဏာ အစိန္တိယာ။
အစိန္တိယေ ပသန္နာနံ၊ ဝိပါကော ဟောတိ အစိန္တိယော။

ဧဝံ၊ ဂုဏ်တော်မြတ် အစိန္တေ သိရှိသရေက အဓိကဟာမို့ သိကြသည့် အတိုင်းသာလျှင်။ ဗုဒ္ဓါ၊ ကိုးကွယ်သူ အနန္တတို့မှာ အမှန်ပါမညှိုးငယ်ပဲ တန်ခိုးကြွယ်ကာ တအားသစ်နိုင်တဲ့ဘုရားစစ် ဘုရားမှန်ဟူသမျှတို့သည်။ အစိန္တိယာ၊ အတွေးညာဏ် မရောက်အားနိုင်ဘူး ထောက်ထားစရာ ညာဏ်မီအောင် ကြံစည်ခြင်းမပြုနိုင်ကြလေကုန်။ ဗုဒ္ဓဂုဏာ၊ ဘုရားရှင်ပုံသဏ္ဍာန် ဟောသမျှ ဒေသနာ ညာဏ်တွေကို ရှာဖွေကြံလျှင် မပြတ်မြင်ကြရသည့် ရှင်တော်မြတ်၏ ဂုဏ်တော် အပေါင်းတို့သည်။ အစိန္တိယာ၊ အတွေးညာဏ် မရောက်အားနိုင်ဘူး ထောက်ထားစရာ ညာဏ်မီအောင် ကြံစည်ခြင်းမပြုနိုင် ကြလေကုန်။ အစိန္တိယေ၊ မကြံအပ်မကြံသာ ညာဏ်ပထျာဖြန့်မရသည့် အနန္တဂုဏ်တော် အပေါင်း၌။ ပသန္နာနံ၊ စိတ်စေတနာ သဒ္ဓါမျှ၍ အနိဋ္ဌေဘယာပရအောင် ဂါရဝမှီခိုလျက် ကြည်ညိုကြတဲ့ ပုဂ္ဂိုလ်အပေါင်းတို့အား။ ဝိပါကော၊ လောကီစခန်းမှာ ဘေးဘယာတွေပျောက် လောကုတ္တရာစခန်းမှာ အေးအမတာရောက်၍ တွေးကာထောက်လျှင် စိတ်ရှိတိုင်းအမြင်မို့ သိဒ္ဓိ ဂိုဏ်း ဝင် ဖြစ်တဲ့ အကျိုး တရားတို့သည်။ အစိန္တိယော၊ တန်ခိုးတော်အဖုံဖုံ ဂုဏ်တော်အနန္တဟာမို့ အမှန်ပမပြီးနိုင်ပဲ ငြိမ်းမှိုင်၍နေစရာသည်။ ဟောတိ၊ ဘယ်လိုပင် ညာဏ်မကစားနှင့်တော့ အမှန်အားဖြင့် ဖြစ်တော့သည် ကေန်တည်း။ ။

သာဓု၊ သာဓု၊ သာဓု။

ပူဇနေယျာနံ—ပူဇော်ထိုက်သော သူတို့ကို၊ ယာပူဇာစ—အကြင်ပူဇော်ခြင်းသည် လည်းကောင်းလို့ မင်္ဂလသုတ်မှာ မြတ်စွာဘုရား ဟောခဲ့တယ်။

ပူဇော်ထိုက်သောပုဂ္ဂိုလ်အား ပူဇော်ခြင်းသည် မင်္ဂလာ ဖြစ်တယ်တဲ့။ ကျက်သရေမင်္ဂလာနှင့် ပြည့်စုံချင်တဲ့ ပုဂ္ဂိုလ်များဟာ အဲဒီပူဇာစမင်္ဂလာကို ဆောင်ထားကြရမယ်။ ဘာကြောင့်လဲဆိုတော့ အကြောင်းကိုလုပ်မှ အကျိုးကိုရတယ်။ အကြောင်းကိုမလုပ်ပဲ အကျိုးကိုရရိုးတံထွာ ဓမ္မတာမရှိဘူး။ လယ်ကိုမစိုက်ပဲနှင့် လယ်ကန်သင်းပေါ်မှာထိုင်ပြီး ဒီလယ်ကစပါးတွေ သီးပါစေလို့ ဘယ်လိုပင် ဆုတောင်းသော်လဲ အာညောင်းရုံပဲ။ စပါး မသီး ပါ ဘူး။ ဆုမတောင်းပဲနှင့် လယ်ကိုထွန်ပြီး မိမိရချင်တဲ့ စပါးမျိုးကိုသာ စိုက် လိုက်ပါ။ စပါးပင်က အချိန်ကျယင် သီးလာပါလိမ့်မယ်။

အဲဒီလိုပဲ။ ပူဇော်ရမည့် ပုဂ္ဂိုလ်တွေကိုသာ ပူဇော်ပါ။ ဘုန်း ကျက်သရေမင်္ဂလာတွေ တိုးပွားပြီးလာပါလိမ့်မယ်။ ဒီတော့ပူဇော်ရမည့် ပုဂ္ဂိုလ်တွေဟာ ဘယ်သူတွေလဲလို့ မေးဖို့လိုတယ်။ ပူဇော်ရမည့် ပုဂ္ဂိုလ်တွေဟာ နံပါတ်တစ် ဘုရား, တရား, သံဃာ၊ နံပါတ်နှစ် မိဘ,ဆရာ၊ နံပါတ်သုံး မိမိထက် အသက်သိက္ခာ ဂုဏ်ဝါကြီးသော သူတွေပေါ့။ ပူဇော်တယ် ဆိုတာက ကာယကံဖြင့် ပူဇော်ခြင်း, ဝစီကံဖြင့်ပူဇော်ခြင်း, မနောကံဖြင့် ပူဇော်ခြင်း, ဝတ္ထုပစ္စည်းဖြင့်ပူဇော်ခြင်း လေးမျိုးရှိတယ်။

ကာယကံဖြင့် ပူဇော်ခြင်းဆိုတာ လက်အုပ်ချီပြီး ဦးညွတ်ခြင်း,အနီးအနားသွားတဲ့အခါ ကုန်းကွ၍သွားခြင်း, ဒူးတုပ်၍နေခြင်းတို့ကို ဆိုတယ်။ ဝစီကံဖြင့်ပူဇော်ခြင်းဆိုတာ နှုတ်မြွက်၍ ဂုဏ်ကျေးဇူးကိုဆိုခြင်း, ကျေးဇူး စကားကိုပြောခြင်းတို့ကို ဆိုတာပေါ့။ မနောကံဖြင့် ပူဇော်ခြင်း ဆိုတာ စိတ်ဖြင့် ဘုရားဂုဏ်, တရားဂုဏ်, သံဃာဂုဏ်တို့ကို ကြည်ညိုခြင်းတို့ကို ဆိုတယ်။ ဝတ္ထုပစ္စည်းဖြင့် ပူဇော်ခြင်းဆိုတာ မြတ်စွာဘုရားအား ပန်း, ရေချမ်း, ဆီမီး, စသော ဝတ္ထုပစ္စည်းဖြင့် ပူဇော်ခြင်းကိုဆိုတာပေါ့။

ဥပမာ—လူတယောက်ဟာ အိမ်တအိမ်ကို တက်သွားတဲ့အခါ ဘာကိုအရင်ကြည့်သလဲ။ ဘုရားစင်ကို အရင်ကြည့်တယ်။ ဘုရားစင်မှာ ပန်း ကလေးတွေဝေပြီးနေတာကို မြင်ရယင် ထိုလူဟာ ဒီအိမ်ရှင်ကို ကြည်ညိုလေးစားတဲ့ စိတ်ဖြစ်လာတယ်။ အဲဒီလို ကြည်ညိုလေးစား ခံရယင် ကျက်သရေမင်္ဂလာ ရှိလာတာပေါ့။ ဘုရားစင်လဲမရှိ၊ ရှိသော်လဲ ပန်းတွေခြောက်လို့ မြင်ရလျှင် မြင်သူဟာအိမ်ရှင်ကို အထင်သေးသွားပြီ။ အထင်သေးခံရယင် ကျက်သရေမင်္ဂလာမရှိတော့ဘူး။ ဘာပြု၍ သူတပါးကြည်ညိုလေးစား ခံရသလဲ။ ပူဇာစမင်္ဂလာ

ကို ဆောင်ထားလို့ဖြစ်တယ်။ ဘာပြု၍ အထင်သေးခံရသလဲ။ ပူဇော်စမင်္ဂလာ မရှိလို့ အထင်သေးခံရတယ်။

ပူဇော်ထိုက်သောပုဂ္ဂိုလ်အား ပူဇော်တယ်ဆိုတာ သဘာဝစကားကိုပြော ရယင် သဒ္ဓါတရားပဲ။ သဒ္ဓါတရားဆိုတာ ပတ္တမြားနှင့်တူတယ်။ ပတ္တမြားဟာဝတ်ဆင်သူကို ကျက်သရေရှိစေ၍ ရောင်းလိုက်ယင်လဲ များစွာသော အဖိုးတို့ကို ရစေသလို၊ သဒ္ဓါတရားဟာ ပစ္စုပ္ပန်မှာလဲ ကျက်သရေမင်္ဂလာနှင့် ပြည့်စုံစေ၍၊ နောင်သံသရာမှာလဲ များစွာသော ဘုန်းကျက်သရေကို ဖြစ်စေတယ်။ လောကကြီးမှာ ဘုန်းကျက်သရေအရှိဆုံး နံပါတ်တစ်ဟာ ဘယ်သူလဲဆိုယင် မြတ်စွာဘုရား၊ နံပါတ်နှစ်က ပစ္စေကဗုဒ္ဓါ၊ နံပါတ်သုံးက အဂ္ဂသာဝက၊ နံပါတ်လေးက မဟာသာဝက၊ နံပါတ်ငါးက ဗြဟ္မာမင်း၊ နံပါတ်ခြောက်က သိကြားမင်း၊ နံပါတ်ခုနစ်က စကြာမင်း အဲဒီပုဂ္ဂိုလ်တွေဟာ အဲဒီအဖြစ်ကိုရောက်အောင် ကုသိုလ်ကောင်းမှုကို လုပ်တဲ့အခါ သဒ္ဓါတရားဟာ ရှေ့သွားခေါင်းဆောင်ပဲ။

ဒါကြောင့် သဒ္ဓါကို သဒ္ဓါဗိုလ်လို့ ဗိုလ်တပ်ပြီး ခေါ်ရတယ်။ ဘာပြုလို့ သူ့ကို ရှေ့သွားခေါင်းဆောင်လို့ ခေါ်ရသလဲ။ သဒ္ဓါက ကံ၊ ကံ၏အကျိုးကို ယုံကြည်မှသာ ထိုကံကို အားကိုးပြီး ဘုရားဖြစ်အောင်၊ ပစ္စေကဗုဒ္ဓါဖြစ်အောင်၊ အဂ္ဂသာဝကဖြစ်အောင်၊ မဟာသာဝက ဖြစ်အောင် အားထုတ် မှာပေါ့။ သဒ္ဓါတရားမရှိယင် ကံကိုမယုံဘူး။ ကံကိုမယုံယင် ဘုရားဖြစ်အောင် ပစ္စေကဗုဒ္ဓါဖြစ်အောင် ဘယ်အားထုတ်တော့မလဲ။ အားမထုတ်ယင် ဘုရား၊ ပစ္စေကဗုဒ္ဓါစသော လောကကျက်သရေဆောင် ပုဂ္ဂိုလ်တွေ ဖြစ်ပါမလား။ မဖြစ်တော့ဘူး။

မြတ်စွာဘုရား၏ လူနတ်ဗြဟ္မာ သတ္တဝါတို့၏ အပူဇော်ကို ခံရခြင်း အကြောင်းရင်းဟာလဲ ပူဇော်သင့် ပူဇော်ထိုက်သော ပုဂ္ဂိုလ်တို့အား ပူဇော်ခဲ့သောကုသိုလ်ဖြစ်တယ်။ ဘာကြောင့်လဲဆိုတော့ ဝေသာလီပြည်မှာ ဒုဗ္ဘိက္ခန္တရကပ်သင့်တဲ့အခါ မြတ်စွာဘုရားကိုပင့်သဖြင့် မြတ်စွာဘုရားဟာ ထိုကပ်ဘေးတွေကို ငြိမ်းစေပြီး၍ ရာဇဂြိုဟ်ပြည်သို့ပြန်ကြွတဲ့အခါ ဝေသာလီပြည်သူပြည်သားတွေ လိုက်ပို့ကြတယ်။ ရာဇဂြိုဟ် ပြည်သူပြည်သားတွေက ကြိုဆိုကြတယ်။ အဲဒီနှစ်ပြည်ထောင်လူထုကြီးဟာ အံ့မကုန်အောင် ကြီးကျယ်သည့် အပြင် နဂါးတွေ၊ ဂဠုန်တွေလဲ ပါဝင်တယ်။ နတ်ဗြဟ္မာတွေကလဲ ကောင်းကင်နှင့်အပြည့် ပူဇော်ကြတယ်။ ရှေးဦးစွာ လူတွေက မြတ်စွာဘုရား အား

ထီးမိုးကြတယ်။ လူတွေ၏ ထီးအပေါ်က နဂါးတွေ ဂဠုန်တွေက ထီးမိုးကြတယ်။ အဲဒီအပေါ်က စတုမဟာရာဇ်နတ်တွေက မိုးကြတယ်။ အဲဒီအပေါ်က တာဝတိံသာနတ်တွေက မိုးကြတယ်။ အဲဒီလို အဆင့်ဆင့် မိုးလိုက်ကြတာ ထီးထုကြီးဟာ အကနိဋ္ဌဗြဟ္မာ့ပြည်ကို ရောက်သွားတယ်။ လူတွေက မြေပြင်ကနေပြီး ပန်းတွေကြဲဖြန့်ကြတယ်။ နတ်တွေက ကောင်းကင် ပေါ်က နေပြီး နတ်ပန်းပေါက်ပေါက်တွေကို ကြဲဖြန့်ကြတယ် ။ပန်း ပေါက်ပေါက်ထုကြီးဟာ မြေကြီးကိုဖုံးအုပ်သွားတယ်။ပို့တဲ့လူတွေကြို့တဲ့လူတွေဟာပန်းပေါက်ပေါက်တွေကို နင်းပြီးသွားရတာပဲ။ လူတွေတီးကြတဲ့ ဗျောသံ စည်သံ တွေ နတ်တွေတီးကြတဲ့ နတ်တူရိယာသံတွေဟာ ဆူညံပြီး ကောင်း ကင် ဟာ တုန်သွားတယ်။

အဲဒီလို လူရောနတ်ပါ ဗြဟ္မာမကျန် တလောကလုံး ဝိုင်းဝန်းပြီးပူဇော်ကြတဲ့ အကြောင်းရင်းကို မြတ်စွာဘုရားက ဘယ်လိုဟောသလဲဆိုတော့ "ချစ်သားတို့၊ ငါဘုရား အဲဒီလို တလောကလုံး အုံးအုံးညံ့အောင် ပူဇော်ကြတာ ငါဘုရား၏ ဘုန်းကြောင့်မဟုတ်ဘူး"တဲ့။ ရှေးတုန်းက ပူဇော်ထိုက်သော အရာကို ပူဇော်ခဲ့လို့ ယခုလိုပူဇော်ခံရတာတဲ့။ ရှေး တုန်း က ပူဇော် ထိုက်သောအရာကို ဘယ်လိုပူဇော် ခဲ့ဘူးသလဲဆိုတော့ "ချစ် သားတို့၊ ငါသည် ရှေးအခါက ပုဏ္ဏားမျိုးမှာဖြစ်၍ သားတယောက် ထွန်းပေါက် တယ်။ ၎င်းသားအား အချိန်အရွယ်သို့ရောက်တဲ့အခါ တက္ကသိုလ်ပြည်သို့ ပညာသင် စေလွှတ်တယ်။ ၎င်းသားကလေး ပညာသင်ပြီးသောအခါ "ကျွန်တော် ပညာသင်၍ ပြီးစီးပါပြီ၊ ဘယ်နေ့ရက်ကို ထွက်ခဲ့ ပါမယ်"လို့ အိမ်ကို စာပေးပြီးလျှင် ဆရာကိုကန်တော့ပြီး ထွက်ခဲ့ရာ လမ်းခရီး၌ သစ်ရွက်ဝါတွေ လေတိုက်သဖြင့် တဖြုတ်ဖြုတ် ကြွေကျတာကို မြင်လျှင်"အော်....ယခု ကြွေတဲ့ သစ်ရွက်တွေဟာ အစတုန်းက နီနီထွေးထွေး နုနုညံ့ညံ့ကလေးတွေပဲ၊ နောက် တဖြေးဖြေးရင့်ရော်၍ စိမ်းလာပြီးလျှင် အလွန်ရင့်ရော်၍ ဝါဝင်းပြီး ကြွေကျလာရသလို ငါ၏ကိုယ်ခန္ဓာလဲ မွေးခါစကတော့ နီနီထွေးထွေး နုနုညံ့ညံ့ကလေးပဲ၊ ယခုသစ်ရွက်စိမ်းသလို အတော်ရင့်လာပြီ။ နောက်မကြာမီ သစ် ရွက် ဝါသလို အိုမင်းပြီး သစ်ရွက်ကြွေသလို သေရအုံး မှာပဲ'' လို့ မမြဲ တဲ့ အ နိစ္စ သဘော, ဆင်းရဲတဲ့ ဒုက္ခသဘော, အစိုးမရတဲ့ အနတ္တသဘောတွေကို မြင်ကာ ပစ္စေကဗုဒ္ဓါဖြစ်သွားတယ်။

ပစ္စေကဗုဒ္ဓါဖြစ်သွားတော့ အိမ်မပြန်ပဲ ရွာစဉ် လှည့်၍ ဆွမ်းခံစားလျက် ချမ်းသာသောနေရာမှာ နေတယ်။ အဲဒီလို နေရင်းဖြင့် တခုသော ရွာ၏

ဇရပ်၌ လေနာဖြစ်ကာ ပရိနိဗ္ဗာန် စံသွားတယ်။ အဲဒီ အလောင်းကို ရွာသား များက မီးသင်္ဂြိုဟ်ပြီး ဓာတ်တော်များကို ကျောက်ခဲစေတီဖြင့် စေတီတည်ကာ တောပန်းတို့ဖြင့် ပူဇော်ထားကြတယ်။ ထိုပစ္စေကဗုဒ္ဓါ၏ ဖခင်ဟာ သား ရောက်သင့်သောအချိန်၌ မရောက်လာသည့်အတွက် "ငါ၏သား လမ်းခရီး၌ တခုခုဖြစ်ပြီ၊ လိုက်မှတော်မယ်လို့ အကြံ ဖြစ်ကာ ပိတ်ထီးတလက်ကို ဆောင်း ၍ ခရီးထွက်လာတယ်။ ရွာရောက်တိုင်း သားသတင်းကို စုံစမ်းလျက် လိုက် လာရာ တခုသော ရွာသို့ ရောက်သောအခါ ရွာသားများက အကြောင်း အကျိုး အစုံအလင်ကို ပြောပြ၍ "ဟောဒီ ကျောက်ခဲစေတီဟာ ခင်ဗျား၏ သား ဓာတ်တော်များကိုထည့်သွင်းပြီးထားတဲ့ စေတီပဲ"လို့ ပြောပြကြသတဲ့။ ထိုစေတီ၌ ထီးမရှိဘူး။ သို့အတွက် သူဆောင်းပြီးလာခဲ့တဲ့ ပိတ်ထီးကို စေတီ ၏ ထီးအဖြစ်ဖြင့် ပူဇော်ပြီး ထားခဲ့တယ်။ အဲဒီ ပစ္စေကဗုဒ္ဓါ၏ ဖခင်ဟာ သူများမဟုတ်ငါတို့၏ဘုရားအလောင်းဖြစ်တယ်။ မြတ်စွာဘုရားက "ချစ်သား တို့၊ ငါဘုရားဟာ အဲဒီလို ပူဇော်သင့်သောအရာ၌ ပူဇော်ခဲ့တဲ့ ကုသိုလ် ကံ ကြောင့် ယခုကဲ့သို့ ကြီးကျယ်သော ပူဇော်ခြင်းကို ခံရတယ်" လို့ ဟော တော်မူတယ်။

တနည်းအားဖြင့်လည်း မြတ်စွာဘုရား ဟောတော်မူခဲ့သေးတယ်။

ပူဇာရဟေ ပူဇာယတော၊ ဗုဒ္ဓေယဒိဝ သာဝကေ။
ပပဥ္စ သမတိက္ကန္တေ၊ တိဏ္ဏသောက ပရိဒ္ဒဝေ။
တေ တာဒိသေ ပူဇယတော၊ နိဗ္ဗုတေ၊ အကုတောဘယေ။
နသက္ကာ ပုညသင်္ခါတုံ၊ ဣမေတ္တမပိကေနစိ။

ပူဇာရဟေ၊ ပူဇော်ခြင်းငှါထိုက်ကုန်သော။ ပပဥ္စသမတိက္ကန္တေ၊ တဏှာ, မာန, ဒိဋ္ဌိ တည်းဟူသော သံသရာနယ်ချဲ့တရား၊ ဤသုံးပါးတို့ကို လွန်ကုန်ပြီး ထသော။ တိဏ္ဏသောကပရိဒ္ဒဝေ၊ စိုးရိမ်ပူဆွေးငိုကြွေးခြင်းတို့ကို လွန်ကုန်ပြီး ထသော။ ဗုဒ္ဓေဝါ၊ ဘုရားရှင်တို့ကိုလည်းကောင်း။ ယဒိဝါ၊ ထိုမှတပြာ ပစ္စေက ဗုဒ္ဓါတို့ကိုလည်းကောင်း။ သာဝကေဝါ၊ ဘုရားတပည့်သား သံဃာတော်များ ကိုလည်းကောင်း။ ပူဇယတော၊ ပူဇော်သောသူ၏လည်းကောင်း။ တာဒိသေ၊ ထိုသို့ဆိုအပ်ခဲ့ပြီးသော သဘောရှိကုန်သော။ နိဗ္ဗုတေ၊ ကိုလေသာမီး ငြိမ်း အေးပြီး၍ စံမြိုးနိဗ္ဗာန် ဝင်စံတော်မူကြကုန်သော။ အကုတောဘယေ၊ ဘဝ အာရုံ တစုံတခုမှ၊ ဘေးရန်မခကြကုန်သော။ တေ၊ ထိုနိဗ္ဗာန်ကြွသွား မြတ်

ဘုရားနှင့် ပစ္စေကဗုဒ္ဓါ သာဝကများစွာတို့ကို။ ပူဇယတောစ၊ ပူဇော်သော သူ၏ လည်းကောင်း။ ပုညံ၊ ကောင်းမှုကုသိုလ် ဇောထိုထိုသည်။ ဣမံ၊ ဤ ကုသိုလ်သည်။ တွေကံ၊ အကျိုးဤမျှရှိ၏။ ဣမံ၊ ဤကုသိုလ်သည်။ တွေကံ၊ အကျိုးဤမျှရှိ၏။ ဣတိ၊ ဤသို့။ ကေနစိ၊ တစုံတယောက်သော လူနတ်ပြဟ္မာ သတ္တဝါလည်း သင်္ခါတုံ၊ အကျိုးအာနိသင်ကို ရေတွက်ခြင်းငှါ။ နသက္ကာ၊ ဘယ်လိုပင် ရေခါတွက်သော်လည်း မရေတွက်နိုင်တော့သည်သာလျှင်တည်း။

သာဓု၊ သာဓု၊ သာဓု။

ကဲ....မြတ်စွာဘုရားက ပူဇာစ ပူဇနီယာ မင်္ဂလာကုသိုလ်၏ အကျိုး အာနိသင်ကို ဘယ်လူ၊ဘယ်နတ်၊ဘယ်ပြဟ္မာမှ မရေတွက်နိုင်ဘူးတဲ့။ အလွန် တန်ခိုးကြီးတဲ့ ကုသိုလ်တရားတဲ့ မောင်စိန်ရဲ့။ [မှန်ပါဘုရား။] အဲဒီ ဂါထာကို ဘယ်မှာ ဟောသလဲဆိုတော့.... ရှေးဘုရားတို့ကဲ့သို့ လာခြင်း ကောင်းတော်မူသော ဂေါတမနွယ်ဘွား ငါတို့၏ မြတ်စွာဘုရားဟာ သာဝတ္ထိပြည်မှ ထွက်ခွာတော်မူခဲ့၍ အစဉ်အတိုင်းအားဖြင့် ဗာရာဏသီပြည်သို့ ကြွသွားတော်မူတယ်တဲ့။ ထိုသို့ ကြွသွားတော်မူတဲ့အခါ လမ်းခရီးအကြား တောဒေယျပုဏ္ဏားရွာ အနီး၌ များစွာသော ရဟန်းသံဃာအပေါင်းခြံရံတော်မူလျက် အမှတ်မရှိ တခုသော နတ်ကွန်းနေရာသို့ ရောက်တော်မူသတဲ့။ ထိုအရပ်၌ သီတင်း သုံးနေထိုင်တော်မူသော မြတ်စွာဘုရားဟာ တရားဘဏ္ဍာစိုးဖြစ်တော်မူသော ရှင်အာနန္ဒာကို စေလွှတ်တော်မူ၍ မနီးမဝေးသောအရပ်၌ လယ်ထွန်ခြင်းအမှုကို ပြုလျက် နေသော ပုဏ္ဏားတယောက်ကို ခေါ်ခိုင်းတော်မူတယ်။ ထို လယ်ထွန်သမား ပုဏ္ဏားလာရောက်ပြီးလျှင် မြတ်စွာဘုရားကို ရှိမခိုးမူ၍ ထို နတ်ကွန်း နေရာကိုသာလျှင်ရှိခိုးလျက် ရပ်တည်နေတယ်။ ကောင်းသောစကားကို ဆိုတော်မူတတ်သော မြတ်စွာဘုရားက "ပုဏ္ဏားကြီး၊ ဤအရာကို ဘယ်ကဲ့သို့ မှတ်ထင် အောင့်မေ့ဘိသနည်း"လို့ မိန့်တော်မူတယ်။ "အရှင်ဂေါတမ၊ ဤနေရာကို အကျွန်ုပ်တို့၏ အစဉ်အဆက်မှလာသော စေတီနေရာဌာနဟူ၍ အမှတ်ပြုကာ ရှိခိုးပါတယ်"လို့ ဖြေကြားသတဲ့။

အဲဒီလိုဖြေတော့ မြတ်စွာဘုရားက "ပုဏ္ဏားကြီး၊ ဤနေရာကို ရှိခိုးသော သင်သည် ကောင်းသော အမှုကို ပြုအပ်ပေစွ တကား"လို့ ထိုပုဏ္ဏားကြီးကို ကောင်းစွာရွှင်လန်း ဝမ်းသာစေတော်မူတယ်။ ထိုစကားကို ကြားရလျှင် ရဟန်းတို့ဟာ အဘယ်သို့သော အကြောင်းဖြင့် မြတ်စွာဘုရားက ဤသို့

ကောင်းစွာရှင်လန်း ဝမ်းသာစေတော်မူဘိသနည်းလို့ ယုံမှားသံသယကို ဖြစ်စေကြသတဲ့။ ထိုနောင်မှ မြတ်စွာဘုရားဟာ ထိုရဟန်းတို့၏ ယုံမှား သံသယကို ပယ်ဖျောက်ခြင်းငှါ မဇ္ဈိမနိကာယ်၌လာသော ဃဋိကာရသုတ္တန်ကို ဟောတော်မူပြီးလျှင် တန်ခိုးအာနုဘော်အားဖြင့် ကဿပ မြတ်စွာဘုရား၏ တယူဇနာ အမြင့်ရှိသော ရွှေစေတီတော်ကိုလည်းကောင်း၊ တပါးသော ရွှေစေတီတော်ကိုလည်းကောင်း၊ ကောင်းကင်၌ ဖန်ဆင်းတော်မူ၍ ထုတ်ဆောင်တော်မူပြီးလျှင် များစွာသော လူအပေါင်းအား ပြတော်မူလျက် ဖူးမြင်စေတော်မူတယ်။

ကဿပ မြတ်စွာဘုရား၏ ရွှေစေတီကြီး ဘာကြောင့် မြေကြီးထဲမှာ မြုပ်နေရသလဲ။ မြေကြီးဟာ ဘုရားတဆူနှင့်တဆူအကြား တယူဇနာ့မြင့်အောင် တက်တယ်။ ထို့ကြောင့် ထိုရွှေစေတီကြီးလဲ မြေကြီးထဲမှာ မြုပ်နေတယ်ဟု မှတ်ကြလေ။ ဘုရားရှင်၏ အမွေအနှစ်တို့ဟာ သာသနာကုန်သောအခါ ကွယ်ပျောက်မြဲဖြစ်တယ်။ ဒီစကားကိုကြားညှပ်ပြီးပြောရတာက ဘယ့်နှယ်ကြောင့် ကဿပ မြတ်စွာဘုရား၏ ရွှေစေတီကြီး မြေကြီးထဲမှာ မြုပ်နေပါလိမ့်မလဲလို့ တွေးသူက တွေးချင်တွေးမှာကိုး။ အဲဒီလို တွေးတဲ့လူတွေ သိသွားအောင် ရည်ရွယ်ပြီး စကားညှပ်လိုက်တာ ဖြစ်တယ်။

ကဲ....ဆက်ကြပါစို့။ အဲဒီလို မြေကြီးထဲမှ ရွှေစေတီကြီးကို တန်ခိုးဖြင့် ထုတ်ဖော်ပြသပြီး "ပုဏ္ဏားကြီး၊ ဤသို့ သဘောရှိကုန်သော ပူဇော်ခြင်းငှါ ထိုက်ကုန်သော စေတီတော် တို့အား ပူဇော်ရခြင်းသည် အထူး အားဖြင့် သင့်လျော်သည်သာတည်း"လို့ မိန့်တော်မူပြီးလျှင် "ချစ်သား ရဟန်းတို့၊ စေတီတည်၍ ကိုးကွယ်ထိုက်သော ပုဂ္ဂိုလ်တို့သည် လေးမျိုးရှိကြကုန်၏၊ ဘယ်သူတွေလဲဆိုတော့ ဘုရား, ပစ္စေက ဗုဒ္ဓါ, ရဟန္တာ, စကြာဝတေးမင်း, ဤ လေးမျိုးသော ပုဂ္ဂိုလ်တို့ကို စေတီတည်ထား၍ ကိုးကွယ်သင့်တယ်၊ ဘုရား, ပစ္စေက ဗုဒ္ဓါ, ရဟန္တာတို့၏ စေတီကို ရှိခိုးပူဇော်သောအခါ ထိုသူ၏ စိတ်၌"အော်-ဒီပုဂ္ဂိုလ်ကြီးတို့သည် ဝဋ်ဆင်းရဲသံသရာမှ ထွက်မြောက်၍ နိဗ္ဗာန်သို့ ရောက်ကြသော ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်တွေပါကလား"လို့ အံ့သြကြည်ညိုသောစိတ်တွေ ဖြစ်ပြီး မိမိလည်း နိဗ္ဗာန်သို့ရောက်လိုသော ဆန္ဒဖြစ်တယ်၊ အဲဒီ ဆန္ဒဟာ ပါရမီမျိုးစေ့ဖြစ်တယ်၊ ဒီမျိုးစေ့ကို အကြောင်းခံပြီး နိဗ္ဗာန်ကို ရောက်နိုင်တယ်၊ စကြာဝတေးမင်း၏ စေတီကို ရှိခိုးသောအခါ ထိုသူ၏စိတ်မှာ "အော်- ထို စကြာဝတေးမင်းသည် လူပင်ဖြစ်သော်လည်း အခြားလူတို့နှင့်မတူ အလွန်လျှင်

ဘုန်းတန်ခိုးကြီးပေစွ၊ ထိုကဲ့သို့ ဘုန်းတန်ခိုးကြီးခြင်းသည်လည်း အကြောင်းမဲ့ မဟုတ်၊ ပူဇော်သင့်သည်ကို ပူဇော်ခဲ့လို့သာ ဘုန်းတန်ခိုးကြီးခြင်း ဖြစ်တယ်၊ ငါလည်း ပူဇော် သင့်သည်ကို ပူဇော်မှပဲ'' လို့ ပူဇော် လိုသော ဆန္ဒ ဖြစ်တယ်။ အဲဒီဆန္ဒကိုအကြောင်းခံ၍ အမျိုးမျိုးသော ကုသိုလ်ကောင်းမှု ပြုလုပ်တယ်။ ပြုလုပ်ခြင်းကြောင့် ကောင်းရာသုဂတိဘုံ ဌာနဌ်ဖြစ်၍ ချမ်းသာသုခကို ခံစားရတယ်။ ဒါကြောင့် သတ္တဝါတွေ ချမ်းသာစေခြင်းအကျိုးငှါ စေတီလေးပါးကို ခွင့်ပြုခဲ့ဘယ်။ စေတီလေးပါးဟာ ဘယ်ဟာတွေလဲဆိုတော့ ကိုယ်တော် ဓာတ်တော် စသော သရီရ စေတီတော်၊ ရုပ်ပွားဆင်းတု စသော ဥဒ္ဒိဿစေတီတော်၊ သက်န်းပရိက္ခရာ ဗောဓိပင် စသော ပရိဘောဂစေတီတော်၊ တရားပေစာ စသော ဓမ္မစေတီတော်။ အဲဒီ စေတီတို့သည် ပူဇော်သင့် ပူဇော်ထိုက်သော အရာတို့သာတည်း။ ပူဇော်ထိုက် ပူဇော်သင့်သော အရာကို ပူဇော်ခြင်းသည် ဂဏန်းချ၍ ရေတွက်ခြင်းငှါ မစွမ်းနိုင်သော အကျိုးတရားတို့ကို တိုးပွားစေတတ်ကုန်၏'' လို့ ဆိုပြီး အစ ဂါထာကို ဟောတော်မူတယ် မောင်စိန်ရဲ့။ [မှန်ပါ ဘုရား။]

ထိုသို့ သက်တော် ထင်ရှား ရှိသော ဘုရား စသည် တို့ကို လည်းကောင်း၊ ပရိနိဗ္ဗာန်စံပြီးသော ဘုရား စသည်တို့ကို လည်းကောင်း၊ ပူဇော်သော သူ၏ ကောင်းမှုအကျိုးသည် မရေတွက်နိုင်သောကြောင့် သာလျှင်....

တိဌန္တေ နိဗ္ဗုတေစာပိ၊ သမံစိတ္တေ သမံဖလံ။
စေတောပသာဒ ဟေတုမှိ၊ သတ္တာဂစ္ဆန္တိ သုဂတိံ။

တိဌန္တေစ၊ သက်တော်ထင်ရှားမြတ်ဘုရား၌ လည်းကောင်း။ နိဗ္ဗုတေစာပိ၊ နိဗ္ဗာန်ယူသွား ဘုရား စသည်၌ လည်းကောင်း။ စိတ္တေ၊ စိတ်သည်။ သမံ၊ ညီမျှသည် ရှိသော်။ ဖလံ၊ တကျိုးတရားသည်။ သမံ၊ ကောင်းစွာမသွေ ညီမျှလေ၏။ စေတောပသာဒ ဟေတုမှိ၊ စိတ်ကြည်ညိုခြင်း ဟူသော အကြောင်းကြောင့်။ သတ္တာ၊ သတ္တဝါတို့သည်။ သုဂတိံ၊ ကောင်းသောသူတို့ လားရာ ထက်နတ်ရွာသို့။ ဂစ္ဆန္တိ၊ လားကြ ရောက်ကြရ ကုန်သည်သာလျှင်တည်း။

သာဓု၊ သာဓု၊ သာဓု။

ဂါထာ၏ အဓိပ္ပါယ်က နိဗ္ဗာန်ယူပြီးသော ဘုရား စသော ပုဂ္ဂိုလ်တို့၏ ဓာတ်တော် မွေတော်ကို သက်တော်ထင်ရှား မြတ်ဘုရားကို ကြည်ညိုသလောက်

သာ ကြည်ညိုပါ။ အကျိုးပေးခြင်း အတူတူပါပဲတဲ့။ ကဲ.... မြတ်စွာဘုရား ခွင့်ပြုထားခဲ့တဲ့ စေတီလေးမျိုးကို ဘယ်လောက် ပူဇော်စရာကောင်းသလဲကွဲ့။ [ပူဇော်ချင်စရာပါ ဘုရား။] အဲဒီ ဂါထာတို့ကို မြတ်စွာဘုရားက ဟောလိုက်တော့ အခုနတုန်းက လယ်ထွန်နေတဲ့ ပုဏ္ဏားကြီးဟာ သောတာပန် တည်သွားသတဲ့။ တယူဇနာရှိတဲ့ ရွှေစေတီကြီးဟာ ခုနစ်ရက်ပတ်လုံး ကောင်းကင်မှာ တည်တယ်တဲ့။ အဲဒီ ရွှေစေတီကြီး ကောင်းကင်မှာ တည်နေတော့ ကြီးကျယ်စွာသော လူထုကြီးဟာ ခုနစ်ရက်ပတ်လုံး ဖူးမြော်ကြ ပူဇော်ကြတယ်။ မိစ္ဆာဒိဋ္ဌိ အယူရှိသော သူတို့လည်း ဤကဲ့သို့ အံ့ဘွယ်သရဲကို မြင်ရတော့ အယူမှားတွေ ကင်းပျောက်၍ အယူမှန်သို့ ရောက်ကြတယ်။ ခုနစ်ရက်စေ့သော အခါ ထို ရွှေစေတီကြီးဟာ မြတ်စွာဘုရား၏ အာနုဘော်ကြောင့် ပင်ကိုနေရာသို့ ရောက်သွား၍ ထို စေတီအစား ထိုနေရာ၌ ကျောက်စေတီကြီး ပေါ်လာတယ်။ ထိုဘုရားပွဲကြီးမှာ သတ္တဝါပေါင်း ရှစ်သောင်းလေးထောင် သစ္စာလေးပါးကို သိကြတယ်။ လောကကြီးမှာ ဘုရားပွင့်တယ်ဆိုတာ ဘယ်တရားကို အမိက ထားပြီးဟောဖို့ ပွင့်လာတာလဲ။ [သစ္စာလေးပါးကို အဓိကထားပြီး ဟောဖို့ ပွင့် တာပါ ဘုရား။]

ဟုတ်တယ်။ ဘာပြု၍ သစ္စာလေးပါးကို အဓိက ထားရသလဲ ဆိုတော့ သစ္စာလေးပါးကိုမသိ၍ သံသရာထဲမှာ ကြာရတာဖြစ်တယ်။ ဒါကြောင့် ပဋိစ္စသမုပ္ပါဒ်မှာ အဝိဇ္ဇာကို အစထားပြီးဟောတာပေါ့။ သစ္စာလေးပါးကိုမသိတဲ့ အဝိဇ္ဇာလက်ကိုင်နှင့် ကုသိုလ် အကုသိုလ်ကိုပြုကြတော့ အဝိဇ္ဇာပစ္စယာ သင်္ခါရာ ဆိုတဲ့ ဒေသနာအရ သင်္ခါရဖြစ်ကုန်တာပေါ့။ သင်္ခါရဖြစ်တော့ ဝိညာဏ် ဖြစ်တာပေါ့။ ဝိညာဏ်ဖြစ်တော့ နာမ်ရုပ်ဖြစ်တာပေါ့။ နာမ်ရုပ်ဖြစ်တော့ သဠာယတန ဖြစ်တာပေါ့။ သဠာယတနဖြစ်တော့ ဖဿ ဖြစ်တာပေါ့။ ဖဿ ဖြစ်တော့ ဝေဒနာ ဖြစ်တာပေါ့။ ဝေဒနာဖြစ်တော့ တဏှာဖြစ်တာပေါ့။ တဏှာဖြစ်တော့ ဥပါဒါန်ဖြစ်တာပေါ့။ ဥပါဒါန်ဖြစ်တော့ ဘဝဖြစ်တာပေါ့။ ဘဝဖြစ်တော့ ဇာတိဖြစ်ပြီး သံသရာလည်သွားပြန်တာပေါ့။ ဒါကြောင့် သံသရာထဲမှာ ကြာရခြင်းအကြောင်းရင်းဟာ အဝိဇ္ဇာ သစ္စာလေးပါးကို မသိမှုကြောင့် ဖြစ်တယ်။ မြတ်စွာဘုရားကလဲ ဒီလိုဟောခဲ့တယ်။

စတုန္နံ အရိယသစ္စာနံ၊ ယထာဘူတံ အဒဿနာ။
ပုနပ္ပုနံ သံသရန္တိ၊ သတ္တာ သံသာရသာဂရေ။

ဘိက္ခဝေ၊ သံသရာဘေး လာမည့်အရေးကို မျှော်တွေးကြောက်ငြား အို ချစ်သားတို့။ စတုန္နံ၊ သင်္ချာအားဖြင့် လေးပါးအရေအတွက် ရှိကုန်သော။

အရိယသစ္စာနံ၊ သဘောအားဖြင့် မဖောက်မပြန် အမှန်စင်စစ် အနှစ်သာရ ဓမ္မအမြုတေ ဆိုအပ်ပေငြား အရိယာသစ္စာ တရားတို့ကို။ ယထာ ဘူတံ၊ အကြောင်းက ဘယ်မျိုး အကျိုးက ဘယ်အနေဟု အခြေပါပါ ပညာဉာဏ်ဖြင့် ဟုတ်မှန်သောအတိုင်း။ အဒဿနာ၊ အဝိဇ္ဇာမှောင်ပိတ်ဖုံး၍ လုံးလုံးကြီး အမှန် မပေါ်အောင် ဉာဏ်ချော်၍ နေကြလေသောကြောင့်။ သတ္တာ၊ ကြီးကြီး ငယ်ငယ် ရှယ်ရှယ်စားစား လူနတ်ပြဟ္မာ သတ္တဝါအများတို့သည်။ သံသာရ သာဂရေ၊ ကမ်းမမြင် လမ်းမမြင် စခန်းစဉ်မဆုံးဘွယ် ကျယ်ချင်တိုင်းကျယ်၍ နေသောသံသရာ ပင်လယ်ဘုံနယ် လောကကြီးအတွင်း၌။ ပုနပ္ပုနံ၊ ဟိုကိုရောက် ဒီကိုရောက် ကမောက်ကမ ခုံစိုင်း၍ မုန်တိုင်းကြီးတွေ့အဟန် တုံ့အပြန် အဖန် ဖန်သာလျှင်။ သံသရန္တိ၊ စုန်ချည်တဖန် ဆန်ချည်တလှည့် ရွှဲ့လိုရွှဲ့စောင်း လိုစောင်း မောင်းနှင်တိုင်း ပြေးလွှား၍ တဖားဖား တမောမောနှင့် နစ်မျော ကျင်လည်ကာ နေကြရ လေကုန်သတည်း။

## သာဓု၊ သာဓု၊ သာဓု။

သစ္စာလေးပါးကိုမသိ၍ သံသရာထဲမှာ ကြာကြာရတာဆိုတော့ သံသရာ ထဲမှ ထွက်ချင်လျှင် သစ္စာလေးပါးကို သိအောင် လုပ်ရုံပေါ့ မောင်စိန်ရဲ့။ [မှန်ပါဘုရား။] သစ္စာလေးပါးမှာလဲ အရှုခံတရားက ဒုက္ခသစ္စာပဲ။ ဒုက္ခ သစ္စာ ဆိုတာကလဲ ရုပ်နာမ်ခန္ဓာ အာယတန ဓာတ်တရားတို့၏ အပေါ်မှာ တည်တာ ဖြစ်တယ်။ ဒီတော့ သစ္စာကိုမြင်ချင်လျှင် လက်ဦးစွာ ရုပ်နာမ်ကိုဖြစ်စေ၊ ခန္ဓာကို ဖြစ်စေ, အာယတနကိုဖြစ်စေ, ဓာတ်ကိုဖြစ်စေ, မြင်အောင်ရှုပြီးမှ ထိုတရားမှာ ရှိတဲ့ ဒုက္ခသစ္စာကို ရှုရမှာဖြစ်တယ် မောင်စိန်ရဲ့။ [မှန်ပါဘုရား။]

ဒီလိုဆိုတော့ ဓာတ် ၁၈ ပါးကိုအရင်ပြကြအုံးစို့။ [ပြတော်မူပါဘုရား။] မောင်စိန်၏ မျက်စိခေါ် စက္ခုဓာတ်နှင့် အပြင်က ရူပါရုံ ပေါင်းဆုံတဲ့အခါ မြင်မှုခေါ် စက္ခုဝိညာဏဓာတ် ဖြစ်မလာဘူးလား။ [ဖြစ်ပါတယ် ဘုရား။] အဲဒီမျက်စိ အဆင်း အမြင် ဓာတ်သုံးပါးက တစုံ မှတ်ထား။ [မှန်ပါဘုရား။] မောင်စိန်၏ နားခေါ်သောဓာတ်နှင့် သဒ္ဒါရုံပေါင်းဆုံတဲ့အခါ ကြားမှုခေါ် သောတဝိညာဏဓာတ် ဖြစ်မလာဘူးလား။ [ဖြစ်လာပါတယ်ဘုရား။] အဲဒီ နား အသံ အကြား ဓာတ်သုံးပါးက တစုံ မှတ် ထား။ [မှန်ပါဘုရား။] မောင်စိန်၏ နှာခေါင်းခေါ် ဃာနဓာတ်နှင့် ဂန္ဓာရုံ ပေါင်းဆုံတဲ့အခါ နံမှု ခေါ်သော ဃာနဝိညာဏဓာတ် ဖြစ်မလာပါလား။ [ဖြစ်လာ ပါတယ်

ဘုရား။] အဲဒီ နှာခေါင်း အနံ့ နံသိစိတ်သုံးပါးက တစုံ မှတ်ထား။ [မှန်ပါဘုရား။]

မောင်စိန်၏ လျှာနှင့် ဇိဝှါစိတ်နှင့် ရသာရုံ ပေါင်းဆုံတဲ့အခါ အရသာကိုသိတတ်သော ဇိဝှါဝိညာဏစိတ် ဖြစ်မလာပါလား။ [ဖြစ်လာ ပါတယ်ဘုရား။] အဲဒီလျှာ အရသာ လျက်သိစိတ်သုံးပါးက တစုံမှတ်ထား။[မှန်ပါဘုရား။] မောင်စိန်၏ ကိုယ်ကာယနှင့် ဖောဋ္ဌဗ္ဗာရုံ ပေါင်းဆုံတဲ့အခါ အတွေ့ကိုသိသော ကာယ ဝိညာဏစိတ် ဖြစ်မလာဘူးလား။ [ဖြစ်လာပါတယ်ဘုရား။]အဲဒီ ကာယ ဖောဋ္ဌဗ္ဗ တွေ့သိစိတ်သုံးပါးက တစုံမှတ်ထား။ [မှန်ပါဘုရား။] မောင်စိန်၏ မနောအကြည်နှင့် ဓမ္မာရုံ ပေါင်း ဆုံမိတဲ့ အခါ တောင်တောင်အီအီ တွေးတောမှု မဖြစ်ဘူးလား။ [ဖြစ်ပါတယ် ဘုရား။] အဲဒီ မနောဒွါရ ဓမ္မာရုံ မနောဝိညာဏစိတ် တစုံမှတ်ထား။ [မှန်ပါဘုရား။] သုံးပါးတစုံ ခြောက်စုံဆိုတော့ တဆဲ့ရှစ် မဖြစ်ပါလား။ [ဖြစ်ပါ တယ်ဘုရား။] အဲဒီ တဆဲ့ရှစ်ကို ဓာတ် ၁၈ ပါးလို့ ခေါ်တယ်။ [မှန်ပါဘုရား။]

ဒီဓာတ်တဆဲ့ရှစ်ပါးအပြင် လောကကြီးမှာ ဘာရှိသေးသလဲ။ [ဘာမှမရှိတော့ပါဘုရား။] ဒီဓာတ် တဆဲ့ရှစ်ပါးကို တခုစီတခုစီ ဉာဏ်ဖြင့် ဆင်ခြင်စမ်း။ ဘယ်ဓာတ်ကို ပုဂ္ဂိုလ် သတ္တဝါ ငါ သူတပါး ယောကျ်ားမိန်းမလို့ ဆိုနိုင်သလဲ။ [ဘယ်ဓာတ်ကိုမှ ပုဂ္ဂိုလ်သတ္တဝါ ငါ သူတပါး ယောကျ်ား မိန်းမလို့ မဆိုနိုင်ပါဘုရား။] စက္ခုဓာတ်ခေါ်တဲ့ မျက်စိဟာ ငယ် ငယ် ကတော့ ကြည်ပြီး အသက်ကြီးတော့ မှုံတယ်။ သေတော့ ပုပ်ပြီး ပျက်သွားတယ်။ ဒီတော့ စက္ခုဓာတ်ကို မြဲတယ်လို့ဆိုနိုင်ပါမလား။ [မမြဲပါဘုရား။] ရူပါရုံကလဲ သစ်ရာမှ ဟောင်းပြီးသွားလေတော့ မြဲတယ်လို့ ဆိုနိုင်ပါမလား။ [မမြဲပါဘုရား။] စက္ခုဝိညာဏစိတ် ကလဲ မြင် ပြီး ချုပ်သွားလေတော့ မြဲတယ်လို့ ဆိုနိုင်ပါမလား။ [မမြဲပါဘုရား။] သောတဓာတ် ခေါ်သော နားကလဲ ငယ်ငယ်က ကောင်းပြီး ကြီးတော့ နားထိုင်းကာ သေတော့ ပုပ်ပြီး ပျက်စီးသွားတယ်၊ ဒီလိုဆိုတော့ မြဲတယ်လို့ ဆိုနိုင်ပါမလား။ [မမြဲပါဘုရား။] အသံကလဲ ရုတ်တရက်ပေါ်လာပြီး ပျောက်ကွယ် သွားတော့ မြဲတယ်လို့ဆိုနိုင်ပါမလား။ [မမြဲပါဘုရား။] ကြား စိတ် ခေါ် သောတဝိညာဏစိတ်ကလဲ ကြားပြီး ချုပ်ပျောက်သွားတော့ မြဲတယ်လို့ ဆိုနိုင်ပါမလား။ [မမြဲပါဘုရား။] ဃာနဓာတ်ခေါ် နှာခေါင်းကလဲ ကောင်းတဲ့ အခါကောင်း၍ ပိတ်တဲ့အခါ ပိတ်သည့် အတွက် မြဲတယ်လို့ ဆို နိုင် ပါမလား။ [မမြဲပါဘုရား။]

ဂန္ဓခေတ်ခေါ် အနံ့ကလဲ အစကအနံ့အားကောင်းပြီး တော်တော်ကြာလျှင် ထိုအနံ့ဟာ ပြယ်သွားလေတော့ မြဲတယ်လို့ ဆိုနိုင်ပါမလား။ [မမြဲပါဘုရား။] နံ့သိစိတ်ခေါ် ဃာနာဝိညာဏခေတ်ကလဲ နံ့ပြီး ချုပ်သွားလေတော့ မြဲတယ်လို့ ဆိုနိုင်ပါမလား။ [မမြဲပါဘုရား။] ဇိဝှါခေတ်ခေါ် လျှာကလဲ ခံတွင်းကောင်းတဲ့အခါ ကောင်း၍ ခံတွင်းပျက်တဲ့အခါ ပျက် လေတော့ မြဲတယ်လို့ ဆိုနိုင်ပါမလား။ [မမြဲပါဘုရား။] ရသာရုံကလဲ ချက်ပြုတ်ခါစကကောင်းပြီး တော်တော်ကြာလျှင် သိုးပုပ်၍ အရသာ ပျက် လေတော့ မြဲတယ်လို့ ဆိုနိုင်ပါမလား။ [မမြဲပါဘုရား။] လျက်သိစိတ်ခေါ် ဇိဝှါဝိညာဏခေတ်ကလဲ အရသာကိုသိပြီး ချုပ်သွားတော့ မြဲတယ်လို့ ဆိုနိုင်ပါမလား။ [မမြဲပါဘုရား။] ကာယခေတ်ခေါ်သော ကိုယ်ကလဲ အရွယ် ပြောင်းတိုင်း သူပြောင်းလေတော့ မြဲတယ်လို့ ဆိုနိုင် ပါမလား။ [မမြဲပါ ဘုရား။] ဖောဋ္ဌဗ္ဗာရုံ ဆိုတာကလဲ ဆွေးမြေ့တဲ့သဘော ရှိလေတော့ မြဲတယ်လို့ ဆိုနိုင်ပါမလား။ [မမြဲပါဘုရား။] တွေ့သိစိတ်ခေါ်သော ကာယဝိညာဏ ခေတ်ကလဲ သိပြီးချုပ်သွားလေတော့ မြဲတယ်လို့ ဆိုနိုင်ပါမလား။ [မမြဲပါဘုရား။] မနောဒွါရဟာ စိတ်ဝိညာဏ်ဖြစ်လေတော့ အာရုံပြောင်းတိုင်း သူပြောင်းရသည့်အတွက် မြဲတယ်လို့ ဆိုနိုင်ပါမလား။ [မမြဲပါဘုရား။] ဓမ္မာရုံဆိုတာလဲ ရုပ်နာမ်တွေ ဖြစ်လေတော့ ဖြစ်မှု ပျက်မှုရှိတယ်။ သို့အတွက် မြဲတယ်လို့ ဆိုနိုင်ပါမလား။ [မမြဲပါဘုရား။]တွေးတောစိတ်ခေါ်သော မနောဝိညာဏခေတ်ကလဲ တွေးတောပြီး ချုပ်သွား လေတော့ မြဲတယ်လို့ ဆိုနိုင်ပါမလား။ [မမြဲပါဘုရား။] ခေတ် ၁၈ ပါးတို့တွင် မြဲသောခေတ် ဘယ်နှစ်ခု ပါသလဲ။ [တခုမှမပါပါ ဘုရား။]

မမြဲလျှင် နိစ္စသာရ, ဓုဝသာရ ရှိပါမလား။ [မရှိပါ ဘုရား။] နိစ္စသာရ, ဓုဝသာရ မရှိလျှင် အနတ္တမဖြစ်ဘူးလား။ [အနတ္တပါဘုရား။] အနတ္တဆိုလျှင် အတ္တဇီဝမဟုတ်ဘူးပေါ့။ [အတ္တဇီဝ မဟုတ်ပါဘုရား။] အတ္တ ဇီဝ မဟုတ် အနတ္တသာဖြစ်သောကြောင့် မခိုင်မြဲဘူး။ မခိုင်မြဲတဲ့ သဘောလက္ခဏာကို အနိစ္စခေါ်တယ်။ [မှန်ပါဘုရား။] မခိုင် မြဲတော့ ပျက်စီး၍ မသွားပါလား။ [ပျက်စီး၍သွားပါတယ် ဘုရား။]ပျက်စီးတာကို ဝိပရိဏာမ ဒုက္ခသစ္စာလို့ခေါ်တယ်။ [မှန်ပါဘုရား။]

အဲဒီခေတ်၁၈ပါးကို တခုစီ တခုစီစိစစ်ရမယ်။ ဘယ်လို စိစစ်ရမလဲဆိုတော့ ပြောခဲ့ပြီးတဲ့ မမြဲမှု, ဆင်းရဲမှု, အနှစ်သာရမရှိမှုကို ကိုယ်ပိုင်ဉာဏ်ဖြင့်မြင်အောင် စိစစ်ရမယ်။ အဲဒီလို ကိုယ်ပိုင်ဉာဏ်ဖြင့်မြင်အောင် စိစစ်တာကိုပင် ဓမ္မာနုပဿ

နာ သတိပဋ္ဌာန် ပွားသည်မည်တယ်။ သစ္စာလေးပါးကို သိအောင် လုပ်တာဖြစ်ခြင်းကြောင့် သမ္ပဓာန်ပွားသည် မည်တယ်။ စိတ်တန်ခိုးရှိအောင် လုပ်တာမို့ ဣဒ္ဓိပါဒ်ပွားသည် မည်တယ်။ စိတ်ကို တည်ငြိမ်အောင် လုပ်တာမို့ ဣန္ဒြေကို ပွားသည် မည်တယ်။ စိတ်အားကောင်းအောင် လုပ်တာမို့ ဗိုလ်ကို ပွားသည် မည်တယ်။ မဂ်ဉာဏ်၏ အပင်းအသင်း ဖြစ်ခြင်းကြောင့် ဗောဇ္ဈင်ကို ပွားသည် မည်တယ်။ မဂ်၏ အစိတ်အပိုင်းဖြစ်ခြင်းကြောင့် မဂ္ဂင်ကို ပွားသည် မည်တယ်။ ပေါင်းလိုက်တော့ ဗောဓိပက္ခိယတရား ၃၇ ပါးကို အားထုတ်နေသည် မည်တယ်။ လောကုတ္တရာ တရား ၉ ပါး အားလျော်သော အကျင့်ကို ကျင့်နေသည် မည်တယ်။

အကျင့်ဆိုတာ အဲဒါပါပဲ။ သီလအကျင့် သမာဓိအကျင့်ဆိုတာက လောကီအကျင့်လို့ ဆိုတယ်။ ဓာတ် ၁၈ ပါးမှာရှိတဲ့ မမြဲမှု, ဆင်းရဲမှု, အနှစ်မရှိမှုကို ကိုယ်ပိုင်ဉာဏ်ဖြင့် မြင်အောင်လုပ်နေတာသည် အလုပ်ဖြစ်တယ်။ မြတ်စွာဘုရား လက်ထက်က ရဟန်းတွေဟာ ဝါဆိုခါနီးလျှင် ဘုရားထံမှာ တရားတောင်းကြတယ်။ ထိုအခါ မြတ်စွာဘုရားက ထိုရဟန်းတို့၏ စရိုက်ကိုကြည့်ပြီး ဈာန်နှင့် တကွ ရဟန္တာဖြစ်မည့် ပုဂ္ဂိုလ်ဖြစ်လျှင် သမထကစပြီး ဝိပဿနာဆုံးအောင် ဆင်ခြင်နည်း ရှုနည်းကို ပေးလိုက်တာပဲ။ ဈာန်ရမည့်သူ မဟုတ် ရဟန္တာ ဖြစ်မည့်သူ ဖြစ်လျှင်လဲ ဝိပဿနာသက်သက် ဆင်ခြင်နည်း ရှုနည်းကို ပေးလိုက်တာပဲ။

ထိုအခါ ရဟန်းတို့ဟာ မြတ်စွာဘုရားပေးတဲ့နည်းကို မှတ်သားပြီး မိမိတို့ နှစ်မြို့တဲ့နေရာမှာ သီတင်းသုံးပြီး ကိုယ်ပိုင်ဉာဏ်ဖြင့် မြင်အောင် ရှုကြတာပဲ။ အဲဒီလို ကိုယ်ပိုင်ဉာဏ်ဖြင့် မြင်အောင် ရှုတာကိုပင် တရားအားထုတ်တယ်။ တရားဆင်ခြင်တယ်၊ ကမ္မဋ္ဌာန်းပွားတယ်၊ ကမ္မဋ္ဌာန်းထိုင်တယ်လို့ ပြောကြတာပဲ။ စင်စစ်မှာ ကိုယ်ပိုင်ဉာဏ်ဖြင့် မြင်အောင်ရှုတာသာ လိုရင်းဖြစ်တယ်။ ကိုယ်ပိုင်ဉာဏ်ဖြင့် မြင်တယ်ဆိုတာ ဘယ်အခြေသို့ ရောက်မှ မြင်သလဲ ဆိုတော့ သံဝေဂဉာဏ်ပေါ်လာမှ ကိုယ်ပိုင်ဉာဏ်ဖြင့် မြင်တယ်လို့ ဆိုရတယ်။ ဒုက္ခသစ္စာကို ကိုယ်ပိုင်ဉာဏ်ဖြင့် မြင်လာယင် သံဝေဂဉာဏ် ပေါ်လာတာပဲ။ သံဝေဂဉာဏ်ဆိုတာ ဝိပဿနာဉာဏ် ၁၀ ပါးတို့တွင် ဘယ်ဉာဏ်လဲဆိုတော့ ဘယဉာဏ်, အာဒီနဝဉာဏ်, နိဗ္ဗိန္ဒဉာဏ်, မုဉ္စိတုကမျတာဉာဏ် အဲဒီ ဉာဏ်လေးပါးကို ခေါ်ရလွယ်အောင်ဆိုပြီး မြတ်စွာဘုရားက သုတ္တန် ဒေသနာမှာ သံဝေဂဉာဏ်လို့ သုံးနှုန်းတော်မူတယ်။

အဲဒီ သံဝေဂဉာဏ်ကလဲ အားအမျိုးမျိုးရှိတယ်။ သောတာပန် ဖြစ်ရုံသာ ငြီးငွေ့တဲ့ သံဝေဂဉာဏ်, သကဒါဂါမ်ဖြစ်ရုံသာ ငြီးငွေ့တဲ့ သံဝေဂဉာဏ်, အနာဂါမ်ဖြစ်ရုံသာ ငြီးငွေ့တဲ့ သံဝေဂဉာဏ်, ရဟန္တာဖြစ်အောင် ငြီးငွေ့တဲ့ သံဝေဂဉာဏ်လို့ အမျိုးမျိုးပဲ။ အဲဒီ အားအစွမ်းကို လိုက်ပြီး သောတာပန်, သကဒါဂါမ်, အနာဂါမ်, ရဟန္တာ ဖြစ်ကြရတယ်။ ဒါကြောင့် ကြည့်ပါလား, မြတ်စွာဘုရား တရားဟောပြီးလျှင် အချို့က သောတာပန်၊ အချို့က သကဒါဂါမ်၊ အချို့က အနာဂါမ်၊ အချို့က ရဟန္တာ ဖြစ်ကြတယ်။ တရားကတော့ တပုဒ်ထဲပဲ မောင်စိန်ရဲ့။ [မှန်ပါဘုရား။]

ကရမက်ပင်ကြီးဟာ အိုရှိသေပြီး မြေပြင်မှာ တုံးလုံးကြီးလဲကာ လေ, နေပူ, မိုးရေတို့ကြောင့် အခေါက်တွေ၊ ပကာသားတွေ ဆွေးမြေ့ ကြေမွ ကုန်တော့ ဘာကျန်သလဲ။ [မွှေးကြိုင်သော အနှစ်တုံးကြီး ကျန်ပါတယ် ဘုရား။] အဲဒီလိုပဲ။ လောကကြီးမှာလဲ ၁၈ ပါးသော ဓာတ်က ပို၍ မရှိ။ ရှိသော ဓာတ် ၁၈ ပါးကို တခုစီ တခုစီ စိစစ်ပြီး ကြည့်လိုက်တော့ ဘယ်ဓာတ်မှ မြဲတာကိုမတွေ့ရ။ ချမ်းသာတာကို မတွေ့ရ။ အနှစ်သာရ ရှိတာကို မတွေ့ရသဖြင့် ငြီးငွေ့ပြီး ထို ဓာတ် ၁၈ ပါးကို မတွယ်တာတော့ဘူး။ မတွယ်တာတော့ သမုဒယသစ္စာ ချုပ်ငြိမ်းသွားတာပေါ့။ သမုဒယ သစ္စာအကြောင်း ချုပ်သွားတော့ အကျိုးတရားဖြစ်တဲ့ ဒုက္ခသစ္စာ ရုပ်နာမ်ခန္ဓာ အခေါက်တွေ ပကာသားတွေဟာ ဆွေးမြေ့ ကုန်ခန်း သွားတော့တာပေါ့။ ဒုက္ခ သစ္စာ အခေါက်တွေ ပကာသားတွေ ကုန်သွားတော့ မွှေးကြိုင်သော အနှစ်တုံးနှင့် တူသော ဒုက္ခ သစ္စာ၏ ဆန့်ကျင်ဘက် နိရောဓ သစ္စာ အအေးတုံးကြီးသာ ကျန်ခဲ့တော့တယ်။

အဲဒီ အအေးတုံးကြီးကို ရတာသည်ပင် နိဗ္ဗာန်ကို မျက်မှောက် ပြုတယ်လို့ ခေါ်ရတယ်။ နိဗ္ဗာန်သည် ဖြစ်တာမဟုတ်၊ ကျန်တာမို့ အသင်္ခတလို့ ဆိုတယ်။ ရုပ်နာမ်က သင်္ခတ အကြောင်းတရားတို့ကြောင့် ဖြစ်ရတာ။ ဖြစ်သည့်အတွက် ပျက်ရတယ်။ နိဗ္ဗာန်က ဖြစ်တာမဟုတ် ကျန်တာ။ ဘယ်အထဲက ကျန်တာလဲ လို့ မေးစရာရှိတယ်။ ဓမ္မဓာတ်ထဲမှာ နိဗ္ဗာန်ရှိတယ်။ မမြဲတဲ့ ဓာတ်အားလုံးကို သံဝေဂ ဉာဏ်က မုန်းပစ်လိုက်တော့ တဏှာလက်သမားက အဲဒီ မမြဲတဲ့ ဓာတ်တွေကို ရေနံကြီး သုတ်မပေးတော့ဘူး။ တဏှာက လက်လွှတ် လိုက်တော့ ပကာသားနှင့်တူတဲ့ ရုပ်နာမ် ဒုက္ခ သစ္စာတွေ ဆွေးမြေ့ကုန်သွားတာပေါ့။ ဒုက္ခ သစ္စာတွေ ဆွေးမြေ့ကုန်တော့ အပူချုပ်လျှင် အအေးကျန်သလို ချမ်းသာ

သုခပဲ ကျန်တာပေါ့။ သမုဒယ အပူချုပ်တော့ အအေးကျန်တာပေါ့။ ချုပ်တာက သမုဒယ၊ ကျန်တာက နိရောဓသစ္စာဖြစ်တယ်။ ဒါကြောင့် နိဗ္ဗာန်ကို ဒုက္ခ သမုဒယ တို့၏ ချုပ်ငြိမ်းရာလို့ ဆိုရတယ်။ ချုပ်တာနှင့် ချုပ်ရာကို ကွဲပါစေ။ [မှန်ပါ ဘုရား။]

အနာပေါက်တော့ ဆေးသမားကိုခေါ်ပြီး ဆေးကုတော့ ဆေးကြောင့် အနာပျောက်သွားတယ်။ အနာပျောက်၍ ဒုက္ခ ချုပ်သွားတော့ ချုပ်ရာ ချမ်းသာမှု မကျန်လား။ [ကျန်ပါတယ် ဘုရား။] အဲဒီ ဥပမာ အတိုင်းပဲ။ အနာသည် ခန္ဓာငါးပါးနှင့် တူတယ်။ အနာပျောက်၍ ချမ်းသာမှုသည် နိဗ္ဗာန်နှင့် တူတယ်။ ဆေးဆရာသည် အနာကိုသာ ဆေးကုသလို ခေတ် ၁၈ ပါးကိုသာ ဝိပဿနာဆေးဖြင့် ကု၍ ဒုက္ခ သမုဒယချုပ်ကာ၊ ချုပ်ရာဖြစ်တဲ့ နိရောဓ သစ္စာကို မဂ္ဂ သစ္စာ မဂ်ဉာဏ်ဖြင့် မျက်မှောက်ပြုလွယ် ကြစေကုန် သတည်း။

သာဓု၊ သာဓု၊ သာဓု။

မင်္ဂလာတရားတော် (၂) ပြီး၏။

# ဂါထာပဒေသာ

## "ငါးဝကာမဂုဏ်မှာ သုခမရှိပုံ"

ယေဓမ္မ မဝိဇာနန္တာ၊ ကာမေ ရမိံသု ဟိနကာ။
တေ ဝေ အဃေဟိ တပ္ပေန္တိ၊ ကုတော သုခေန အာရမာ။

ဓမ္မံ၊ သံသရာလမ်း တဘက်ကမ်းမှ မြတ်နန်းနိဗ္ဗူ သောင်ခေငူသို့ ဆောင်ယူပေတတ် မြင့်မြတ်ကြီးမား မြတ်တရားကို။ အဝိဇာနန္တာ၊ ဉာဏ်ဖြင့်ခုတ်ဖြတ် မလုပ်တတ်၍ ဟုတ်ဟတ်မမှန် အခြေခံကို ကေန်မသိကြ ကုန်သော။ ယေဇနာ၊ သံသရာဝင်း ဘုံနယ်တွင်း၌ သက်ဆင်းမရပ် တောမသတ်ပဲ မပြောတတ်အောင် မျောလတ်၍ နေကုန်သော အကြင် သူတို့ သည်။ ဟိနကာ၊ မကောင်းအကျိုး ဒီရေတိုးသို့ ဖွံ့ဖြိုးစေတတ် မျိုးမပြတ်ပဲ ထပ်ထပ်သေးနုပ် အကျိုးဆုတ်သည့် သိုးပုပ်ပြစ်ဆာ ဆိုးယုတ် ညစ်မာ လှကုန်သည် ဖြစ်၍။ ကာမေ၊ အမိုက်အမှား လိုက်စားစွဲတုံ အာရုံမကင်း ကာမဂုဏ် တွင်း၌။ ရမိံသု၊ မွေ့လျော်ကြည်နူး စိတ်အလိုက်ရူး၍ ပျော်မြူးနိုင်သမျှ ပျော်မြူးကြလေကုန်ပြီ။ တေဇနာ၊ ပညာမဲ့တုံး လူဖြစ်ရှုံးသည့် အသုံးမဝင် ပျော်ရွှင်မိုက်မှား ထိုလူများတို့သည်။ ဝေ၊ စိတ်ချတော့ မလွဲကေန် ဒိဋ္ဌပဲအမှန်သာလျှင်။ အဃေဟိ၊ ယခုဘဝ နောင်ဘဝနှင့် ကာလရှည်ကြာ သံသရာတခုလုံး အမှုမဆုံးသော ဆင်းရဲတုံး ဆင်းရဲခဲကိုဖြင့်။ တပ္ပေန္တိ၊ မောဟ မိုက်မှောင် ဖွဲ့ချည်နှောင်၍ ပူလောင်ကြရလေကုန်၏။ သုခေန၊ အပူနှင့်ဝေး ကိုယ်စိတ်အေး၍ မျှော်တွေးစရာ မှန်းကာယူဆ ချမ်းသာဟူသမျှနှင့်။ အာရမာ၊ စိတ်ချလက်ချ မပူရပဲ သုခနယ်နယ် ပျော်ရွှင်ဖွယ်တို့သည်။ ကုတော၊ တကယ်ပင်ရှာသော်လဲ အဘယ်မှာ ရနိုင်ချေတော့အံ့နည်း။ ။

## "သာဓုတရား လေးပါး"

ဒက္ခံ ဂဟပ္ပတံ သာဓု၊ သံဝိဘဇ္ဇဥ္စ ဘောဇနံ။

အဟာသော အတ္ထလာဘေသု၊ အတ္ထဗျာပတ္တိ အဗျထော။

ဂဟပ္ပတံ၊ သတ္တဝါဘုံတွင် ခံမင်ကုန်ကြ ငါးကာမနှင့် လောကရိပ်ငြိမ် စည်းစိမ် ချမ်းသာ အရာရာကို ရှောင်ခွာစွန့်၍ ရသေ့ရဟန်း မပြုစွမ်းနိုင်သဖြင့် အိမ်နှင့်နေသူ လူတို့၏ ကျင့်ဝတ်တရား လေးပါး ကား။ ဒက္ခံ၊ အပျင်းရှစ်ချက် မရောယှက်ပဲ သက်သက်သာသာ ဥစ္စာရရန် နည်းလမ်းမှန်ကို ကြံစည်ပိုင်းဖြတ် တတ်သိလိမ္မာခြင်းသည်။ သာဓု၊ မသေမီခင် လူရာဝင်၍ နောင်လျှင်ကောင်းမှု ထင်တိုင်းပြုရခြင်း၏ အကြောင်းရင်းမူလ ပထမကောင်းခြင်းတခုပင်တည်း။ သံဝိဘဇ္ဇဥ္စဘောဇနံ၊ ကိုယ် စိတ်နှစ်တန် ပင်ပန်းခံလတ်လေးမြတ်ကြည်သာ ထေရ်သံဃာနှင့် ဝမ်းသာအားရ ဝေပုံချ၍ မျှတပေးကမ်း လှူဒါန်းသုံးဆောင် နိုင်ခြင်းသည်ကား။ သာဓု၊ ရောက်လေရာရာ ဘဝမှာလျှင် ချမ်းသာရခြင်း ကြောင်းရင်းမူလ ဒုတိယ ကောင်းခြင်း တခုပင်တည်း။ အတ္ထလာဘေသု၊ ရှေးရှေးကပြု မြတ်ကောင်းမှုကြောင့် ယခုအခါ ချမ်းသာရိပ်ငြိမ် စည်းစိမ်ဥစ္စာ အခွင့်သာ၍ ရသောအခါတို့၌။အဟာသော၊ လာဘာလာဘံ လောကဓံကို ဉာဏ်မှာမငွေ့ ပုတ်သင်မေ့ဖြင့် ပြော၍မပြီး ချီး၍မဝ ကန်တော့မည့်ပုံ ခုန်တော့မလောက် ဝမ်းမြောက်ကြည်လင် ပျော်ရွှင်မရှိ ပကတိနေနိုင်ခြင်းသည်ကား။ သာဓု၊ လောကဓံ အလျောက် ပျက်တုံမြောက်လည်း ထောက်ရာတည်ရာ သက်သာရာကို ကောင်းစွာ လက်ငင်း ရနိုင်ခြင်း၏ ကြောင်းရင်းမူလ တတိယကောင်းခြင်းကြီးပင်တည်း။ အတ္ထဗျာပတ္တိ၊ ရှေးရှေးကပြု မြတ်ကောင်းမှုကြောင့် ယခုအခါ ချမ်းသာရိပ်ငြိမ် စည်းစိမ်ဥစ္စာ ရတနာတို့သည် ကြမ္မာအလျောက် ဖောက်ပြန် ပြုန်းတီး ပျက်စီးကုန်သည်ရှိသော်။ အဗျထော၊ သုခဒုက္ခ လောကဓံကို ဉာဏ်မှာ ထင်ထင် မဆင်ခြင်ပဲ ပူပင်ထိတ်လန့် ငါးရံ့ပြာကျ သောကလွှမ်းမိုး စိတ်မညှိုးခြင်းသည်ကား။ သာဓု၊ လောကဓမ္မတာ ကြမ္မာ အံလျောက် ဖောက်ပြန် သည် ချည်း ထုံးစံတည်းဟု ဉာဏ်မှီးဆကာ သက်သာရာကို မကြာလက်ငင်း ရနိုင်ခြင်း၏ ကြောင်းရင်းမူလ စတုတ္ထကောင်းခြင်းပေတည်း။ ။

## "လောကဓမ္မတာ"

ဟာ ဥန္နတာ ဩနတန္တာ၊ ဟာ ပိယ သောကအန္တကာ။

ဟာ ထောမနာ ဝိနိန္ဒန္တာ၊ ဟာ ဒုက္ခန္တာ မဟာသုခါ။

ဥန္နတာ၊ ငါတကားဟု ထောင်လွှားမာန်မူ တံခွန်ထူလျက် လူလူကြွားမောက် အထက်ရောက်ခြင်း ဟူသမျှတို့သည်။ ဟာ ဩနတန္တာ၊ မှန်ကင်း

တလှည့် ထင်းတလှည့်ပုံ ဂုဏ်သရေယုတ် သတင်းပုပ်လျက် သစ်ငုတ်တူစွာ မျက်နှာမလှ အောက်သို့ကျရခြင်းသာလျှင် အဆုံးရှိကြ ပါကုန်သည်တကား။ ပီယာ၊ ခုံတမင်မင် မခွဲချင်ပဲ ချစ်ခင်ကုန်ကြ စုံမက်ခြင်း ဟူသမျှသည်။ ဟာ သောကအန္တကာ၊ မျက်စိအောက်မှာ မပျောက်စေလို တောင်းဆုဆိုလည်း လိုတိုင်းမရ ခွဲခွာရသဖြင့် လွမ်းတငိုငိုကြွေး ပူဆွေးစိုးရိမ်ခြင်းလျှင် အဆုံးရှိ ကြကုန်သည်တကား။ ထောမနာ၊ ရဟန်းလူရှင် များဖြင့်ပေါရယ် မျက်ကွယ်မျက်မှောက် ချီးမြှောက်အံ့သြခြင်း ဟူသမျှသည်။ဟာ နိန္ဒန္တာ၊ လူ အမျိုးမျိုး လက်ညှိုးထိုးလျက် တိုးတိုးသာသာ တဟာဟာဖြင့် မျက်နှာရှုံ့မဲ ကဲ့ရဲ့ခံရခြင်းလျှင် အဆုံးရှိကြကုန်သည်တကား။ မဟာသုခါ၊ ဥစ္စာခနေ လွန်ပေါလှသဖြင့် ကာယစိတ္တ သုခနှစ်ပြင် လိုအင်ပြီးစီး ချမ်းသာကြီးခြင်း ဟူသမျှတို့သည်။ ဟာ ဒုက္ခန္တာ၊ ဓနဥစ္စာ လွယ်ကာခဏ ထင်တိုင်းမရသဖြင့် ကာယစိတ္တ ဒုဟာနှစ်ဖြာ လွန်စွာပင်ပန်း မရှင်လန်းနိုင်ကြပဲ ညှိုးနွမ်းဆင်းရဲခြင်းလျှင် အဆုံးရှိကြပါကုန်သည်တကား။ ။

## "အပုပ်ကိုပယ် အဟုတ်ကိုတွယ်"

အလံအလံ ကတ္တာ ကာယံ၊ မလာ မလာ သဝန္တိတော။

သောဘံ သောဘံ နယေဋ္ဌာနံ၊ မနံ မနံ ဗျလက်တံ။

ကာယံ၊ ထွီစရာရွံစရာ မမွန်ပါသည့် ခန္ဓာကိုယ်ယုတ် အကောင်ပုပ်ကြီးကို။အလံကတ္တာ၊ခြေချင်းလက်ကြပ် နားကပ်စိန်ဘီး ပုတီးဆွဲကြိုး ဖဲပိုးကတ်ပါနံ့သာပန်းမာလ် လိမ်းကျံပြုပြင် တန်းဆာဆင်၍။ အလံ၊ တစိုးတစိ အကျိုးမရှိချေ။ မလာ၊ အညစ်အကြေး ပြစ်ပြစ်ထွေးပြီး ရစ်ထေးပြည့်ကြွယ် မစင်ကြယ်သော။ ဣတော၊ ဤခန္ဓာကိုယ်ယုတ် အလိုလိုပုပ်တဲ့ စက်ဆုပ်ဖွယ်ပဲ အကောင်ကြီးထဲမှ။ မလာ၊ ကျင်ကြီးကျင်ငယ် အသွယ်သွယ်နှင့် ရွံဖွယ် ရစ်ထေး အညစ်အကြေးတို့သည်။ သဝန္တိ၊ တမနက်တည မပျက်ရအောင် ထွက်ကျယိုစီး ကြလေကုန်၏။ မနံပိ၊ မကြီးမကျယ် နည်းငယ်ခေတ္တ တခဏမျှလည်း။ အလက်တံ၊ သီလသရဏဂုံ လွန်ပြည့်စုံ၍ မွေးထုံပြုပြင် တန်းဆာဆင် အပ်သော။ မနံ၊ စိတ်ကောင်းစိတ်မြတ် စိတ်မွန် ဓာတ်သည်။ သောဘံ၊ အနဝဇ္ဇ ပြစ်မခပဲ လှပဝင့်ထယ် လွန်တင့်တယ်သည် ဖြစ်၍။ သောဘံဌာနံ၊

ဝင့်ဝင့်ထယ်ထယ် မြင့်မြင့်သွယ်၍ တင့်တယ်လျှောက်ပတ် နတ်ရွာနိဗ္ဗာန်ရပ်သို့။ နယော၊ စိတ်သန်မချို့ ငြွှာန်မို့ပြီး ဆောင်ပို့ကယ်တင် ပေသတည်း။ ။

သဉ်တမ္ပိ ယထာ ဝတ္ထုံ၊ မနုညတံ နပါပုဏော။
ဥပက္ကမသဟာယော ဟိ၊ ဇဝံ ကေသာဒိ ကမ္ဗိစ။

ဝတ္ထုံ၊ အော့ဖွယ်အန်ဖွယ် ရွံရှာဖွယ်ဟု တကယ်မုချ နံစော်လှသော ကျင်ကြီးသည်။ ဥပက္ကမသဟာယော ဟိ၊ မပြတ်နေ့ည အားထုတ်ကြ၍ လို့လ ထောင်သောင်း ဝီရိယအပေါင်းတို့ဖြင့်။ သဉ်တမ္ပိ၊ အားထုတ်စီရင် လွန်ပြု ပြင်၍ တွင်တွင်ကြီး ပြုပြင်ပါငြားသော်လည်း။ မနုညတံ၊ ချစ်ဖွယ်ခင်ဖွယ် နှစ်သက်ဖွယ်ဟု တကယ်စင်စစ် မွှေးကြိုင်သောအဖြစ်သို့။ နပါပုဏောယထာ၊ ဘယ်လိုကြံပြီး ဘယ်လိုနည်းနှင့် အပြီးမရောက်နိုင်သကဲ့သို့။ ဇဝံတထာ၊ မစင်ကျင်ကြီး ပုံမှီးစံယူ နည်းအတူသာလျှင်။ ကေသာဒိကမ္ဗိစ၊ ဆံပင်စသော သုံးဆဲ့နှစ်ကောဋ္ဌာသကိုလည်း။ ဥပက္ကမသဟာယော ဟိ၊ လို့လထောင်သောင်း ဝီရိယပေါင်းတို့ဖြင့်။ သဉ်တမ္ပိ၊ အားထုတ်၍ ပြုပြင် စီရင် ပါငြား သော်လည်း။ မနုညတံ၊ တကယ်စင်စစ် ချစ်ခင်ဖွယ် အဖြစ်သို့ မဖြစ်နိုင်မပေါက်နိုင် ဘယ်တော့မှ မရောက်နိုင်သည်သာလျှင်တည်း။ ။

သတ္တာနံ ဟဒယံ သောကာ၊ ဝိသ သလ္လံဝ တုဇ္ဇတိ။
အဂ္ဂိ ဒဓ္ဓောဝ နရာစော၊ ဘုသံဝဒဟ တေ ပုန။

သောကော၊ သားသေလင်ဆုံး ဘဝင်နှံ့းပြီး ယူကျုံးမရ ပူလုံးထ၍ စစညို့ မှိန်နှံ့ စိုးရိမ်လေငြား သောကတရားသည်။ သတ္တာနံ၊ ဗြဟ္မာနတ်လူ ဆူဆူများစွာ သတ္တဝါတို့၏။ ဟဒယံ၊ ရင်ညွန့်အဖြား နှလုံးသားကို။ ဝိသ သလ္လံဝ၊ အဆိပ်ကြူး၍ စိတ်မကူးမှား ဆိပ်သူးများကဲ့သို့။ တုဇ္ဇတိ၊ ကြိတ်လျက် ကြိတ်လျက် လွန်စိတ်ပျက်အောင် နှိပ်စက်ထိုးကျင်တတ်လေ၏။ အဂ္ဂိ ဒဓ္ဓော၊ မီးတဟုန်းဟုန်း မဆုံးစွဲမျှောင် ရှဲရှဲလောင်၍နေသော။ နရာစောဝ၊ အလျှံကြွားကြွား မခံမှားဝံ့တဲ့သံများကဲ့သို့။ ပုန၊ အဖန်ဖန်အထပ်ထပ် တရံမလပ်ပဲ။ ဘုသံ၊ အလွန်အမင်း ပြင်းပြလှစွာ။ အဝဒဟတေ၊ အမှန်ရက်စက် အခံခက်အောင် ပြန်လျက်မသွေ ဝင်၍လောင်တတ်ချေ၏။

သမာဝဟတိစ ဗျာဓိ၊ ဇရာ မရဏ ဘေဒနံ။
ဒုက္ခံပိဝိဝိဓံ ယသ္မာ၊ တသ္မာ ဒုက္ခောတိ ဝုစ္စတိ။

ယသ္မာ၊ အကြင်စုပေါင်း အကြင် အကြောင်းကြောင့်။ သောကော၊ ညှိုးညှို့ မှိန်မှိန် စိုးရိမ်ပူဆွေး ငိုကြွေးလေငြား သောကတရားသည်။ ဗျာဓိ

ဇရာ မရဏ ဘေဒနံ၊ နာခြင်း, အိုခြင်း, သေခြင်း စသော အမျိုးမျိုး အပြား ရှိသော။ ဝိဝိဓံ ပိဒုက္ခံ၊ တပါးမက များလှသောင်းသောင်း ဆင်းရဲဒုက္ခ အပေါင်းကိုလည်း။ သမာဝဟတိ၊ တစုတစောင်း များစွာပေါင်း၍ ကောင်းစွာမသေ့ ဆောင်တတ်ချေ၏။ တသ္မာ၊ ထိုသို့စုပေါင်း ထိုအကြောင်းကြောင့်။ ဒုက္ခောတိ၊ ဆင်းရဲဟုတ်စွ လွန်ရှုပ်လှတဲ့ မုချအလုံး ဒုက္ခတုံးဟူ၍။ ဝုစ္စတိ၊ ကေန်မသွေ ဆိုအပ်ပေ၏။ ။

## "ခွေရင်အေး"

ယောစ ဝဿသတံ ဇီဝေ၊ အပဿံ အမတံ ပဒံ။

ဧကာဟံ ဇီဝိတံ သေယျော၊ ပဿတော အမတံ ပဒံ။

ယော စ၊ ရဟန်းလူရှင် မြင်မြင်သမျှ များလှသောင်းသောင်း အကြင်လူ အပေါင်းတို့သည်ကား။ အမတံပဒံ၊ သေခြင်းကင်းရာ ခေမာကြငှန်း နိဗ္ဗာန်ဆိုတဲ့ ဟိုမှာဘက်ကမ်းကို။ အပဿံ အပဿန္တော၊ သစ္စာလေးတန် မြတ်မဂ်ဉာဏ်ဖြင့် ကေန်တိတိ မသိရှိကြပါပဲ။ ဝဿသတံ၊ အနှစ်တရာ ကာလကြာအောင်။ ဇီဝေ၊ လူ့ဘုံကတဆုပ်စာ အပူဟုန်က သမုဒ္ဒရာ စုတ်ချာချာအသက်ရှင်၍ နေရငြားအံ့။ နသေယျော၊ ကုသိုလ်တပဲ ငရဲကတပိဿာ သိက္ခာတော်မတွယ်ကပ်သဖြင့် တကယ်မမြတ်လှလေတော့သတည်း။ အမတံပဒံ၊ သေခြင်းကင်းရာ ခေမာကြငှန်း နိဗ္ဗာန်ဆိုတဲ့ ဟိုမှာဘက်ကမ်းကို။ ပဿတော၊ သစ္စာလေးတန် မြတ်မဂ်ဉာဏ်ဖြင့် ကေန်သိယူ များပြင်လူ၏။ ဧကာဟံ၊ ရာတန်းမစေ့ အငွေ့မသက် တနေ့တရက်ကလေးမျှ။ ဇီဝိတံ၊ အပူမဖမ်းပဲ လူတန်းစေ့စေ့ အသက်ရှင်၍ နေရခြင်းသည်။ သေယျော၊ လူဖြစ်ကျိုးနပ်သဖြင့် မြတ်လှပေတော့သတည်း။ သေယျော၊ ကိလေသာ မဟာမီးတွေကို တခါတည်း နင်းကန်ခဲ့ပြန်ပေါ့ အလင်းဉာဏ်အခြေ တမင်မသေးပြီဘူး အရင်းခံ ဓမ္မေ အရှင်ဆေးရယ်ကြောင့် ချွေ်.... ခွေရင်အေးကြီး မြတ်လှလေတော့သတည်း။ ။

## "ကချေသည်ပမာ"

အာဒိံ ဂါယန္တိ နစ္စန္တိ၊ ရင်္ဂေ မောဒါ နရွော နဋ္ဌာ။

ရောဒန္တိ အန္တိမေ ဒုက္ခာ၊ တထာ လောကေ ဇနာ နဋ္ဌာ။

ရင်္ဂေ၊ ပရိသတ်စုံလင် ဇာတ်ပွဲပြင်၌။ နရွော နဋ္ဌာ၊ အဝတ်အစားလှလှ

စတိုင်ကျကျနှင့် ထွက်လာကြပြီး မင်းသား မင်းသမီးတို့သည်။ အာဒိံ၊ ပွဲဦး အစ ပထမ၌။ မောဒါ၊ ပွဲကြည့်သူ အကုန်ဖမ်းမည်ဟု ရှင်လန်းနှစ်သက် ပြုံးရယ်ကြကုန်လျက်။ ဂါယန္တိ၊ စည်းမှန်ဝါးမှန် နားခံချိုအေး ယဉ်ကျေး နိမ့်မြင့် သံစုံလွင့်၍ ကျူးရင့်သီဆိုကြကုန်၏။ နစ္စန္တိ၊ တန့်နှဲ့သိမ့် မြင်သူ ဖိမ့် အောင် ညိမ့်ညိမ့်ပျောင်းခွေ ကခုန်၍နေကြလေကုန်၏။ အန္တိမေ၊ ဇာတ်သိမ်း ခါနီး လင်းအားကြီး၌။ ဒုက္ခာ၊ ပူခန်းဆွေးခန်း ဘေးတွေ့ခန်းနှင့် လွမ်းခန်း အသွယ်သွယ် ဒုက္ခသယ် ဖြစ်ကြကုန်လျက်။ ရောဒန္တိ၊ မျက်ရည်မစဲ အပူသဲ၍ ငိုပွဲဆင်ကာ ငိုချင်းဆိုကြကုန်ပြန်၏။ တထာ၊ ဇာတ်သမားနှင့် ဇာတ်သွား နမူ အလားတူသာလျှင်။ လောကေ၊ လောကသုံးခွင် ဇာတ်ရုံပြင်၌။ ဇနာ နင္ဒာ၊ ကချေသည်အလား လူအများတို့သည်။ အာဒိံ၊ နှစ်ပါးသွား ဇာတ် လမ်းကဲ့သို့ စခန်းထွက်စ ပထမ၌။ မောဒါ၊ ငါနှင့်ရည်တူ ဇမ္ဗူမှာရှား ရှိရဲ့ လားဟု ရှင်အားတက်ကြွ ဝမ်းမြောက် ပျော်ရှင်ကြပါ ကုန်သော်လည်း။ အန္တိမေ၊ ဇရာ,ဗျာဓိ,မဏ္ဍာဖိနင်း အိုမင်းကုန်းကွ အရွယ်လွန်ဆုံး အသုံးမကျ နောက်ကာလ၌။ ဒုက္ခာ၊ သမီးသားရေး စီးပွားရေးနှင့် လင်ရေးတဖုံ ဒုက္ခ မျိုးစုံတို့ဖြင့် အကုန်ဝိုင်းရံ ပူပွဲခံလျက်။ ရောဒန္တိ၊ တဆူဆူဘယ်မအေးအောင်, ငိုကြွေးတောက်လောင် ကြရလေကုန်သတည်း။

## ''လရောင်ထက်သာ အေးမြမှာ''

စန္ဒနံသီတလံ လောကေ၊ တတော စန္ဒိတိသီတလံ။
စန္ဒနစန္ဒသီတမှာ၊ သာဓုဝါကျံ သုဒေသိတံ။
သာဓဝေါ တံ နိသာမေန္တု၊ စရန္တု သီတမာမကာ။

လောကေ၊ အဆွေးမျိုးစုံ ဘေးမျိုးအုံတဲ့ လူ့ဘုံ လောကဓာတ် ကြီးထဲ၌။ စန္ဒနံ၊ မွှေးကြိုင်ပျံ့ပျူး ရနံ့ထူးတဲ့ စန္ဒကူးရေပေါက်သည်။ သီတလံ၊ ကြိုက် ကြိုက်ဆူတက် ရေနွေးပွက်သို့ တစက်ချက 'အရေးလှအောင် အေးမြနိုင်လှပါ ပေ၏။ တတော၊ ထိုစန္ဒကူးရေစက် အေးမြလှသည်ထက်။ စန္ဒံ၊ သသ်ကရ ရောင်စုံခတဲ့ ကမ္ဘာ့တန်းဆာ လစန်း၏အရောင်အဝါသည်။ သီတလံ၊ ဆထက် လွန်ကျူး ရောင်ကွန့်မြူးလျက် အထူးတထွေ အရေးလှအောင် အေးမြနိုင် ပါပေ၏။ တတော စန္ဒန သီတမှာ၊ ထိုစန္ဒကူး လရောင် ပမာဆောင်၍ ရာထောင်မက အေးမြလှသည်ထက်။ သုဒေသိတံ၊ သချေ်လေးရပ် တသိန်း ကပ်ဖြင့် ထိမ်းမှတ်ဆယ်ပါး အကျယ်ပွားသည့် အပြားသုံးဆယ် ပါရမီမြတ်

ပန်းနွယ်တို့ကို မဖယ်မကြည် တန်းဆာဆင်လျက် ငြိုငြင်မငြိုး လိုအင်သီး၍ ရှာမှီးတော်မူအပ်ပြီးသော။ သာဓုဝါကျ ၊ သိမ်မွေ့ပျော့ပျောင်း သူတော်ကောင်းတို့၏ ကျိုးကြောင်းညွှန်ကြား မြတ်တရားသည်။ အတိသီတလ၊ ရေခဲနှင်းဆောင်း အအေးပေါင်းတို့ ထောင်သောင်းမက ယှဉ်မရအောင် တွင်းပဉ္စည်း သိမ်းရုံးခြုံလို့ အကုန်အေးမြနိုင်ပါပေ၏။ သာဓဝေါ၊ နူးညံ့ပျော့ပျောင်း ဖော့ဖယောင်းကဲ့သို့ စိတ်ကောင်းရှိသူ ရှင်လူများစွာ တရားနာတို့သည်။ တံ၊ ထိုတွင်းပနှစ်တန် အေးတရားမှန်ကို။ နိသာမေန္တု၊ ထောင်နားစွင့်စွင့် သဒ္ဓါမြင့်၍ နာလင့် ကြပါကုန်လော့။ သီတမာမကာ၊ အတွင်းအပ အခင်းလှ၍ အေးမြလိုချင် သူတော်စင်တို့သည်။ စရန္တု၊ အေးအေး မြမြ အားထုတ်ကြ၍ ဒုက္ခပူလွင့် မြူမဆင့်တဲ့အောင် ယူကျင့် လိုက်ကြပါကုန်တော့လော့။ ။

## "အဆုံးရှိချေ၏"

ဟာ ယောဗ္ဗနာ ဇရာအန္တာ၊ ဟာ နသဿန္တာ မဟဒ္ဓနာ။
ဟာ သံယောဂါ ဝိယောဂန္တာ၊ ဟာ မဟန္တာ သဇီဝကာ။

ယောဗ္ဗနာ၊ အဆင်းအရွယ် နုနယ်ပျိုမြစ်ခြင်း ဟူသမျှတို့သည်။ ဟာ ဇရာအန္တာ၊တနေ့တခြား သွားကျိုးဆံဖြူ အရေမူတွန့် ကြောက်ရွံ့စရာ ပမာမျောက်အို ပုံဆိုမက အိုမင်းရခြင်းလျှင် အဆုံးရှိကြ ပါကုန်သည် တကား။ မဟဒ္ဓနာ၊ ရွှေငွေလယ်ယာ ဥစ္စာစည်းစိမ် ဂုဏ်သိရ်ပြည့်တင်း ပေါများခြင်း ဟူသမျှတို့သည်။ ဟာ နဿန္တာ၊ ပိုက်ဆံတစိ မိမိလက်ကိုင် စိုးမပိုင်သည့် မရှိမဲ့တေ ယွင်းသွေ့ပျက်စီး ရခြင်းလျှင် အဆုံးရှိကြ ပါကုန်သည်တကား။ သံယောဂါ၊ ချစ်သူတို့နှင့် အသင့်ကြိုက်ကြုံ တွေ့ဆုံနှီးနှော ရောယှက်ပေါင်းသင်း ပျော်ပျော် ရွှင်ရွှင် နေရခြင်းဟူသမျှတို့သည်။ ဟာ ဝိယောဂန္တာ၊ တယောက်တယောက် မျက်စိအောက်မှာ မပျောက်စေလို တောင်းဆုဆိုလည်း ဘယ်လိုနည်းမှ မရနိုင်ပဲ ခွဲခွာရခြင်းလျှင် အဆုံးရှိကြပါကုန်သည်တကား။ သဇီဝကာ၊ ကိုယ်စိတ်နှစ်ဖြာ ခန့်ကျန်းမာ၍ အနာကင်းလျက် အသက်ရှည်ခြင်း ဟူသမျှတို့သည်။ ဟာ မဟန္တာ၊ ဗြဟ္မာနတ်လူ အဘယ်သူမျှ အာဏာပြ၍ မရအလျှင်း ထွင်းထွင်းဖောက်ဖောက် တယောက်မကျန် အမှန်မသွေ ကေန်သေရခြင်းလျှင် နောက်ဆုံးရှိကြ ပါကုန်သည်တကား။ ။

## "အရိပ်ပမာ ကံကြမ္မာ"

အတ္တာ ဂေဟော နိဝတ္တန္တိ၊ သုသာနေ မိတ္တဗန္ဓဝါ။
သုကတံ ဒုက္ကတံ ကမ္မံ၊ ဆာယာဝ အနုယာယတိ။

အတ္တာ၊ လယ်ယာမိုးမြေ ရွှေငွေစပါး ကျွဲနွားဥစ္စာ ရတနာတို့သည်။ ဂေဟော၊ မိမိတည်ပျော် နေအိမ်ပေါ်၌။ နိဝတ္တန္တိ၊ မလိုက်မပါ ကျန်ရစ်ကြရှာကုန်၏။ မိတ္တဗန္ဓဝါ၊ အဆွေခင်ပွန်း ချစ်ကျွမ်းဝင်သော ပုဂ္ဂိုလ်တို့သည်။ သုသာနေ၊ လူသေမြှုပ်ရန် သုဿာန်သင်္ချိုင်း မြေလုတ်တိုင်း၌။ နိဝတ္တန္တိ၊ ပျူပျူငှာငှာ ဆုညံ့စွာဖြင့် မသာပို့ကာ ပြန်ကြရှာကုန်၏။ သုကတံ ဒုက္ကတံ ကမ္မံ၊ ကိုယ်တိုင်ပြုစု ကောင်းမှုမကောင်းမှု နှစ်ပါးသည်သာလျှင်။ ဆာယာ၊ လူရိပ်သည်။ အနုယာယတိဣဝ၊ သွားသူနောက်သို့ ကောက်ကောက်မကွာ လိုက်ပါသကဲ့သို့။ အနုယာယန္တိ၊ ကောင်းစွာထက်ချပ် ကပ်၍မခွာ လိုက်ပါကြလေကုန်သတည်း။ ။

## "သံသရာပင်လယ် ကူးဖို့ရှယ်"

သံသာရေ တရဏတ္ထာယ၊ မဟောလုပါနိ ဗန္ဓထ။
ဘာဝနာသီလ ဒါနေဟိ၊ တိဝိတ္ထိဏ္ဏော မဟာဏ္ဏဝေါ။

သံသာရတရဏတ္ထာယ၊ သံသရာစခန်း ဟိုမှာဘက်ကမ်းသို့ သွားရောက်ဖို့ရာ အကျိုးငှာ။ ဘာဝနာသီလဒါနေဟိ၊ ဘာဝနာသီလ ဒါနဖြာဖြာ ရွက်ကြိုးတန်းဆာ ကြိယာတို့ဖြင့်။ မဟောလုပါနိ၊ ရိက္ခာပြည့်စုံ ခိုင်လုံကျယ်ပြောသင်္ဘော လှေဖောင်ကြီးတွေကို။ ဗန္ဓထ၊ ဆောက်တည်ပြုလုပ် ဖွဲ့တုပ်ချည်နှောင် ကြပါကုန်လော့။ မဟာဏ္ဏဝေါ၊ ငါတို့နစ်မြုပ် သံသရာဝဲဇလုပ် ကြီးသည်။ အတိဝိတ္ထိဏ္ဏော၊ ကမ်းစလမ်းစ မမြင်ရအောင် ကျယ်ဝန်း လှလေတော့သတည်း။ ။

## "ကာမအမှောင်"

အန္ဓသမာ ကာမဘောဂါ၊ သဒ္ဓမ္မောစ နိသာကရော။
ဘောဂဗ္ဘမှိ အဘိစ္ဆန္ဒေ၊ စန္ဒော့သော နောဟိဘာသတေ။

ကာမဘောဂါ၊ ကာမရိပ်ငြိမ် ညှိုးညှိုးထိန်သည့် စည်းစိမ်ချမ်းသာ အဖြာဖြာတို့သည်။ အန္ဓသမာ၊ အရောင်မှိန်မှောင် တိမ်တောင် တိမ်တိုး တိမ်

အလုံးကြီးတွေနှင့် တူလှပါပေ၏။ သဒ္ဓမ္မော၊ အကျင့်အယူ နမူပေါ်ထင် သူတော်စင်တို့ အစဉ်ကျင့်အပ် သူတော်ကောင်းတို့၏ တရားမြတ်ကြီးသည်။ နိသာကရော၊ ငွေနန်းရိပ်ပြန် စန်းဗိမာန် ယုန်စက်ဝန်းကြီးနှင့် တူလှပါပေ၏။ ဘောဂဗ္ဗမိ၊ ကာမရိပ်ငြိမ် စည်းစိမ်တည်းဟူသော မြူတိမ်မှောင်မဲ တိမ်ခဲတိမ်မှောင် တိမ်တောင် တိမ်တိုက်ကြီးတို့သည်။ အဘိစ္ဆန္နေ၊ တခွင်လုံး တပြင်လုံး မှောင်လုံးပိတ်သန်း ကွယ်ကာဖုံးလွှမ်း အပ်သည်ရှိသော်။ သော စန္ဒော၊ ထို သူတော်ကောင်း တည်းဟူသော လဝန်းကြီးသည်။ နောဟိ ဘာသတေ၊ အလင်းရောင် အကုန် မရှိသဖြင့် မှုံတိမှုံမွှား ဖြစ်ရရှာတော့ သတည်း။ နောဟိဘာသတေ၊ သူတော်ကောင်း ဓမ္မာအစုံကို ကာမဂုဏ် အမှောင်ဆီးလိုက်တော့ အပြောင်ကြီး မပြောင်ရတော့ပဲ ယောင်တီးယောင် တနှင့် မှောင်ကြီးကျ၍ နေရရှာတော့သတည်း။ ။

## "တန္ဒယ်ငင် တစင်ပါ"

ဇာတဿ မရဏံ ဟောတိ၊ ဇာတော ဒုက္ခာနိ ဖုဿတိ။
ဝဓံ ဗန္ဓံ ပရိကလေသံ၊ တသ္မာ ဇာတိံ နရောစယေ။

ဇာတဿ၊ ဆင်းရဲဒုက္ခ လာသမျှကို ငါကသာ ယူပါမယ်ဟု ပူဆာတဲ့ဟိတ် အခြေဖြင့် ပဋိသန္ဓေ တည်နေဖြစ်ပွား၍ နေသော သတ္တဝါအား။ မရဏံ၊ ပြဟ္မာနတ်လူ အဘယ်သူမျှ အာဏာပြ၍ မရအလျှင်း သေရခြင်း သည်။ ဟောတိ၊ ရှောင်ပယ်ကာ တမင်မလွှဲသာဘူး အစဉ်ပဲ ဖြစ်ရလေတော့၏။ ဇာတော၊ ဘဝတသွယ် အစတယ်၍ အနွယ်ဇာတိ အရင်းရှိသော သတ္တဝါ သည်။ ဒုက္ခာနိ၊ အိုနာသေဘေး မယားဘေးနှင့် သားဘေးလင်ရန် အတန် တန်ဖြင့် ပူပန်မဆုံး ဒုက္ခတုံးတို့ကို။ ဖုဿတိ၊ တမျိုးပြီးလျှင်တစား ထောင်လို့ မအားအောင် ဆူညံစွာဖြင့် ပူပန်စွာ ကြုံတွေ့ရလေတော့၏။ ဗန္ဓံ၊ တန်း ထောင်နှောင်ကြိုး အမျိုးမျိုးကိုလည်းကောင်း။ ဝဓံ၊ တုတ်ခေါးလှံဖြင့် ကြိမ် ဖန်မပြတ် အသတ်ခံရခြင်း အမျိုးမျိုးကိုလည်းကောင်း။ ပရိကလေသံ၊ စိတ် နှောက်၍ဆူလို့ညံ ပူဖိုဖန်တဲ့ အနှောက်အယှက်တွေကို။ ဖုဿတိ၊ မွဲမွဲ့ရှုပ်ရှုပ် မျက်နှာကုပ်နှင့် ငုတ်တုတ်ကြီးသာ တွေ့ကြုံခံစား ရရှာလေ၏။ တသ္မာ၊ ဇာတိ ခေါ်နွယ် အရှုပ်ကအသွယ်သွယ် ဒုက္ခတွေအပြင်းဆွဲပြီး အတင်းပဲ ပေးတတ် လေသောကြောင့်။ တံဇာတိံ၊ သံသရာဘုံတရိုး၌ အမျိုးမျိုးအသစ်ဘဝတွေ ကို ဖြစ်ကြစေ ဖန်ဆင်းတတ်သည့် ဇာတိခေါ်တ် သဘောဆိုးကြီးကို။ နရော စယေ၊ တွေးလိုက်က ကြက်သီးတွေဖြန်းပြီး ကျောချမ်းကာ နှလုံးတုန်ပါရဲ့

အပုံပဲရန်ကြီးသဖြင့် ဘယ်နည်းနှင့်မှ မနှစ်သက်နိုင်တော့ပြီ တကား။ နရော စယေ၊ ဇာတိခံတတ် တန္ဒယ်ငင်လျှင် တစင်ပါလာ ဒုက္ခမီးတွေကြောင့် ဘယ်နည်းနှင့်မှ မနှစ်သက်နိုင်တော့ပြီတကား။ ။

## "နီးရက်နှင့်ဝေး"

ယာဝဇီဝမ္ပိ စေ ဗာလော၊ ပဏ္ဍိတံ ပယိရုပါသတိ။
န သော ဓမ္မံ ဝိဇာနာတိ၊ ဒဗ္ဗိ သူပရသံ ယထာ။

ယာဝဇီဝမ္ပိ၊ ကိုယ်နှင့်အသက် တွဲယှက်ပေါင်းရုံး အသက်ရှည်သမျှ ကာလ ပတ်လုံးလည်း။ ဗာလော၊ ဒုစ္စရိုက်ဆိုး မကောင်းမျိုးကို အားကိုးတခု အတည်ပြု၍ ကျင့်ပြုလိုက်စား ငမိုက်သားသည်။ ပဏ္ဍိတံ၊ ခုနောင်နှစ်ဖြာ ကြီးပွားရာကို မှန်စွာပေးဘိ ကဝိကဝိန် ပညာရှိသုခမိန်ကို။စေ ပယိရုပါသတိ၊ နေ့ညမပြတ် အကယ်၍ ဆည်းကပ်ငြားအံ့။ ဒဗ္ဗိ၊ ဟင်းမွှေနေကျ ဖြစ်သော ယောက်မသည်။ သူပရသံ၊ ချိုစပ်ချဉ်ဖန် ငန်ခြင်းပေါ့ခြင်း ဟင်း၏အရသာ အဖြာဖြာကို။ နဝိဇာနာတိယထာ၊ ကြောင်မသွေ မသိလေသကဲ့သို့။ ဧဝံတထာ၊ ဟင်းမွှေနေကျ ယောက်မနမူနာ ဥပမာအတိုင်းပင်လျှင်။ သောဗာလော၊ မိုက်လုံးကြီးထွား အယူမှားသည့် တရားမကြိုက် ထိုသူမိုက်သည်။ ဓမ္မံ၊မဂ်ဖိုလ်နိဗ္ဗာန် ကြောင်မှန်စွာ ပေးနိုင်ပါသည့် ကလျာတော်ဝင် သူတော်စင်တို့ အစဉ်လိုက်စား မြတ်တရားကို။ နဝိဇာနာတိ၊ နည်းနည်းကလေးမျှ မသိချေ။ နဝိဇာနာတိ၊ ပညာဉာဏ်ရှိ ကဝိကဝိန် သုခမိန်အကြားဝယ် လူလားမြောက်ခဲ့သော်လည်း အယူမှားမှောက်တဲ့ အသီးသီး အချက်တွေက အနည်းနည်း စွက်လို့မို့ အချည်းနှီးဖြစ်တဲ့ အရေးတွေကြောင့် နီးရက်နှင့်ဝေး ဖြစ်ရလေတော့သတည်း။

## "ကြောင်တောင်မှား"

အသာရေ သာရ မတိနော၊ သာရေစ သာရဒဿိနော။
တေ သာရံ နာဓိဂစ္ဆန္တိ၊ မိစ္ဆာသင်္ကပ္ပ ဂေါစရာ။

ယေ၊ အကြင်သူတကာပြောလျှင် အညှာလွယ်၍ ပါမယ်လို့ဆိုတဲ့စိတ်အထူး ဖြင့် အရှုးကြီးရှုး အမှောက်ကြီး မှောက်နေကြတဲ့ ပုထုဇဉ်သတ္တဝါတို့သည်။ အသာရေ၊ လူနတ်နိဗ္ဗာန် သုံးတန်အကျိုး ဖွံ့ဖြိုးစေရာ နှစ်မပါသော ဘာသာတသင်း အညံ့အဖျင်းတွေကို။ သာရမတိနော၊ အနှစ်ချည်းသာ အကာ

မရောဟု ဆရာအပြော စာသဘောကလေးနှင့် တွေးတောမရှိ အသိဉာဏ် ယွင်းဖောက်၍ အထင်အမြင် တမျိုးပေါက်ကြလေကုန်၏။ သာရေစ၊ လူနတ် နိဗ္ဗာန် သုံးတန်အကျိုး ဖွံ့ဖြိုးစေရာ အနှစ်ပါသော ဘာသာအထူး ညွန့်အဖူး ကိုကား။ အသာရဒဿိနော၊ အကာစစ်စစ် အနှစ်မပါဟု ပစ်ပစ်ခါဇွတ်ငြင်း၍ ချွတ်ယွင်းတယ် ထင်မှတ်ကြလေကုန်၏။ တေ၊ ထိုအမှန်ကိုအမှား- အမှားကိုအမှန် ပြောင်းပြန်ကပ်ဖွဲ့ အရွဲ့ဇွတ်ငြင်း ပုထုဇဉ်သတ္တဝါ အဖျင်းတို့သည်။ မိစ္ဆာသင်္ကပ္ပ ဂေါစရာ၊ အကြံမှောက်မှား တရားမဖြူ အယူတိမ်းလွဲ အစိမ်းသရဲဘာသာ၌ ကျက်စား ကြကုန်သည်ဖြစ်၍။ သာရံ၊ လူနတ်နိဗ္ဗာန် သုံးတန် အကျိုး ဖွံ့ဖြိုးစေရန်အဖိုးတန်စစ် အမျိုးမှန်ဖြစ်၍ အနှစ်သာရနှင့် ပြည့်စုံသော ဓမ္မကို။ နာဓိဂစ္ဆန္တိ၊ ဘယ်အခါမှ မရနိုင်ပဲ အလွဲကြီးလွဲသည့် အချောင်သမား တွေမှာ ယောင်ဝါးဝါးနှင့် ကြောင်တောင်မှား၍ နေကြလေကုန်တော့သ တည်း။

## "တဝဲလယ်လယ်"

ဥက္ခိတ္တာ ပုညတေဇေန၊ ကာမရူပဂတိံ ဂတာ။
ဘဝဂ္ဂတ္တမ္ပိ သမ္ပတ္တာ၊ ပုန အာယန္တိ ဒုဂ္ဂတိံ။

ပုညတေဇေန၊ ကာမရူပ ကုသလကို ပြုကြပေါင်းစု အကြောင်းပြုသည့် ကောင်းမှုရှိန်စော် အာနုဘော်သည်။ ဥက္ခိတ္တာ၊ ပင့်တင်မြှောက်မြင့် ထောက်ပင့် အပ်ကုန် သည်ဖြစ်၍။ ကာမရူပဂတိံ၊ လူ့ပြည်နတ်ပြည် ဗြဟ္မာ့ပြည်သို့။ ဂတာပိစ၊ မော်မော်ကြွားမောက် သွားရောက် ကြကုန်သော သူတို့သည် လည်းကောင်း။ ဘဝဂ္ဂံ၊ ဘုံဖျားဘုံထိပ် ဂုဏ်ဟိတ်အကျော် ဘဝဂ်ခေါ် သော အရူပဘုံသို့။ သမ္ပတ္တာပိစ၊ ပုဂ္ဂိုလ်တယောက် ဆိုစလောက်အောင် မောက်မောက်မားမား ရောက်သွားကြကုန်သော သူတို့သည်လည်းကောင်း။ ပုန၊ တခေါက်တဖန် နောက်တပြန်။ ဒုဂ္ဂတိံ၊ အပါယ်လေးလီ ဒုဂ္ဂတိအောက် ဘုံဆီသို့။ ဂစ္ဆန္တိ၊ ကသိကအောက်နှင့် ပြန်ရောက် သက်ဆင်း ကြလေကုန် ၏။(ဝါ)ကုသိုလ်ကံ အရှိန်ကုန်တော့ ကလိန်ချုံ ဘုံအတွင်းဆီသို့ ခုန်ဆင်း ကြလေကုန်တော့သတည်း။ ဂစ္ဆန္တိ၊ ကံကုသိုလ် ဈေးကြွယ်လို့ အဝေးနယ် ဟိုဘဝဂ်၌ ခိုတက်သူ မိုးဗြဟ္မာပေမင့် ညှိုးကြမ္မာ အချိန်ကြုံတော့ ကလိန်ချုံ အဆွဲနှယ်သို့ တဝဲလယ်လယ်နှင့် ပြန်ရောက်ကြလေကုန်တော့သတည်း။ ။

## "ချစ်ဟန်ဆောင်"

အတ္တာနဋ္ဌေ ပိယံ ဇညာ၊ ရက္ခေယျ နံ သုရက္ခိတံ။
တိဏ္ဏံ အညတြံ ယာမံ၊ ပဋိဇဂ္ဂေယျ ပဏ္ဍိတော။

အတ္တာနံ၊ မိမိကိုယ်ကို။ ပိယံ၊ ချစ်အပ်၏ဟူ၍။ ဇေညာ၊ တကယ်လို့များ သိပါပြီးအံ့။ နံအတ္တာနံ၊ ထိုမေတ္တာသုံးခေတ် မုန်းခေတ်မသို မိမိကိုယ်ကို။ သုရက္ခိတံ၊ အများမကပ် ကောင်းစွာ စောင့်ရှောက် အပ်သည်ကို။ ကတွာ၊ အဟုတ်မှန်စွာ ပြုကြပါ၍။ရက္ခေယျ၊ ကောက်ကောက်မကွာ စောင့်ရှောက်ရာ၏။ တိဏ္ဏံ၊ ပ,ဒု,တ,ဟု သုံးဝအရွယ် သုံးသွယ်ကာလ ခါသမယတို့တွင်။ အညတြံ ယာမံ၊ တပါးပါးသော အရွယ်၌။ ပဏ္ဍိတော၊ ပစ္စုပ်သံသာ ကျိုးနှစ်ဖြာကို ကောင်းစွာမြင်သိ ပညာရှိသည်။ ပဋိဇဂ္ဂေယျ၊ သုတ်သင်ရာ၏။ ပဋိဇဂ္ဂေယျ၊ သုတ်သင်မှ တော်မှာပါကလား။ ပဋိဇဂ္ဂေယျ၊ မိမိကိုယ်ကို ချစ်ခင်ကြလျှင်ဖြင့် ဘုရားသာသနာ ခေတ်ပြောင်ပြောင်တွင် ချစ်ဟန်ဆောင်ကာ တကယ်မတင်းကြပါပဲ ပယ်ရှားလိုက်ကြ လေရာသတည်း။

## "ခါတော်မီ"

မာ ဝေါ ခဏံ ဝိရာဓေထ၊ ခဏာတီတာ ဟိ သောစရေ။
သဒတ္တေ ဝါယာ မေယျာထ၊ ခဏော ဝေါ ပဋိပါဒိတော။

ဘောန္တော၊ကံကုသိုလ် အလွန်ကောင်းသဖြင့် မကြုံတောင်းကြုံရတဲ့ နရတ္တမ သာသနာ၌ ဗုဒ္ဓဘာသာ တံဆိပ်ဖြင့် ခပ်နှိပ်ခြင်းခံကြ ရကုန်သော အို....လူအပေါင်းတို့။ ခဏံ၊ရပ်ပြစ်ရှစ်ပါးလွတ်လပ်ငြား၍ ကံအားလျော်စွာ ကြုံလာပေတောင်း ခဏကောင်း ခဏမြတ်ကြီးကို။ မာ ဝိရာဓေထ၊ယီးတီးယားတားချွတ်ချော်ငြား၍ ရှောင်တိမ်းကာ မသွားကြပါလေနဲ့။ ဟိ၊ ဘာကြောင့်လို့ဆိုရပါမူကား။ ခဏာတီတာ၊ မြတ်သောခဏ မြတ်သောကာလတွေ ပျောက်ပကုန်ဆုံး အချိန်ဖြုန်းသဖြင့် အရှုံးသာအဖတ်တင် ခံကြရကုန်သော သူတို့သည်။ သောစရေ သောစန္တိ၊ လူမိုက်နောက်မှ နလံမထနိုင်သဖြင့် အကြံရကာ ရင်လေးလို့ ဘဝင်သွေး တုန်လှုပ်ကြရလေကုန်၏။ ခဏော၊ ဘုရားသာသနာ ရောင်ဝါဝင်းလျက် ခဏကောင်း ခဏမြတ်ကြီး၌။ သဒတ္တေ၊ ကိုယ့်ဖို့ကိုယ့်တွက် ကိုယ့်သက်သက်သာ ကိုယ်သာခံစားရမည့် ဘုရား ညွှန်ကြား သောအလုပ်မြတ်တွေကို။ ဝါယာမေထ၊ ကာမဂုဏ်အရိုး တရားတွေကို ဘာမဖြုံ့အငြိုးထားပြီး ကြိုးကြိုးစားစား အားထုတ် ကြပါကုန်လော့။ဝေါ၊သင်တို့

သည်။ ခဏော၊ တွေ့ခဲ့ဆုံခဲ့ကြုံခဲ့ပါလှ ဗုဒ္ဓုပ္ပါဒ နဝမကြီးသည်။ ပဋိပါဒိတော၊ လက်ငင်းကြီးရ၍ နေကြပါကုန်ပြီတကား။ ပဋိပါဒိတော၊ အပါယ်ဘေးကွင်းရှောင်လျက် အလင်းရောင် ဤသာသနာ၌ သည်တခါ ဓမ္မာလျှော်ညီလို့ မို့ ခါတော်မီ၍ နေကြပါကုန်ပြီတကား။ ။

## "ခလုတ်ထိမှ အမိတ"

အထ ပါပါနိ ကမ္မာနိ၊ ကရံ ဗာလော နဗုဇ္ဈတိ။

သေဟိ ကမ္မေဟိ ဒုမ္မေဓော၊ အဂ္ဂိဒဍ္ဎောဝ တပ္ပတိ။

ပါပါနိ၊ ဆင်းရဲတွင်းသို့ အတင်းအမြဲ အပြင်းဆွဲတတ် သောကြောင့် အသဲခတ်စရာ ဆိုးယုတ်မာလှကုန်သော။ ကမ္မာနိ၊ ကာယ, ဝစီ, မနသီပေါင်းပြု မကောင်းမှုတို့ကို။ ကရံ–ကရောန္တော၊ သူ့ဖို့ကိုယ့်တာ နှစ်ဖြာထောက်ထား၍ မှောက်မှားစွာ ပြုလုပ်လေသော။ ဗာလော၊ ထိုင်းထိုင်း မှိုင်းမှိုင်း ရိုင်းစိုင်းရှူးမိုက် ဒုစ္စရိုက်လိုက်စား ငမိုက်သားသည်။ အထ၊ ငါလူနပ်ကပဲ စပ်ဖြဲဖြဲနှင့် ခပ်ရဲရဲသာ ပြုလုပ်စဉ် အခါတုန်းက။ နဗုဇ္ဈတိ၊ ကိုယ်ကြုံရမယ့် တကယ့်အရေး ခုနောင်ဘေးကို မျှော်တွေးပုံသေ မသိချေ။ ပစ္ဆာ၊ ကြောက်ပါတယ် ကန္တကယဖြင့် နွံမရ မရှောင်သာ အကုသိုလ် အလှည့်ကျတဲ့ နောင်အခါ၌။ သေဟိကမ္မေဟိ၊ ပါးနပ်သလို ဟိုအခါက ချီသကာပျားအရသာ ကဲ့သို့ အားရစွာထင်တလုံးဖြင့် ရွှင်ပြုံးပြုံးပြုစု ကိုယ်လုပ်ခဲ့တဲ့ မကောင်းမှုတို့ကြောင့်။ ဒုမ္မေဓော၊ အသိအလိမ်မာ ပညာနည်းပါး လူငနွားသည်။ အဂ္ဂိဒဍ္ဎောဝ၊ မီးတရှဲရှဲနှင့် မီးငရဲလောင်သော သူကဲ့သို့သာလျှင်။ တပ္ပတိ၊ ဆင်းရဲပေါင်းစု အကြောင်းပြုတဲ့ မကောင်းမှု ကံအလာတွေကို မှန်စွာအဟုတ် မသိကြလေသောကြောင့် အချုပ်မိမှ သတိရလို့မို့ ခလုတ်ထိမှ အမိတရရှာလေတော့သတည်း။ ။

## "စမ်းတဝါးဝါး"

မဟာတမေန ဓောဟေန၊ ဓောဟိတေ ဇာတိသာဂရေ။

ဝိစရန္တိ အပဿန္တာ၊ ဝိဇ္ဇောဘာသမလာဘိနော။

ဘောန္တော၊ သူတကာပြောလျှင် အညှာလွယ်၍ ပါမယ်လို့ဆိုတဲ့ စိတ်အထူးဖြင့် အရှုးကြီးရှူး အမှောက်ကြီး မှောက်နေကြတဲ့ အို.... လူ အများတို့။

မဟာတမေန၊ သစ္စာဉာဏ် အလင်းမရ အပြင်းအပြမှောင်ချ၍ ယောင်တကာ ဖြစ်စေနိုင်သော။ မောဟေန၊ လက္ခယ်သန်းခေါင် တိမ်တောင်ဖုံးကွယ် တော အုပ်လယ်၌ လေးသွယ်မှောင်လုံးအမိုက်ထုံးနှင့်စိန္နန်းမက အဆသောင်းထောင် အမိုက်ဆောင်သော အမှောင်ထိပ်သီး မောဟတည်းဟူသော မှောင်သုကြီး ဖြင့်။ မောဟိတေ၊ ဘဝတိုင်းအမှောင်ညှဉ်း၍ အရောင်မလင်းအောင် တုံချိချိနှင့် မှုံတိမှုံမွှား ဖြစ်၍နေထသော။ ဇာတိသာဂရေ၊ တဇာတ်ပြီးတဇာတ် ထပ်ထပ် လော၍ ဖတ်ဖတ်မောအောင် အဖြစ်မရပ်ပဲ အသစ်ဇာတ် တောထနေတဲ့ လော ကတည်းဟူသော ဇာတိပြင်ကျယ် ပင်လယ်သမုဒ္ဒရာ ကြီးထဲ၌။ သတ္တာ၊ ကမ်း မမြင်လမ်းမမြင် စခန်းစဉ်မရှိတဲ့ မှုံတိမှုံမွှား သတ္တဝါအကန်း များ တို့သည်။ ဝိဇ္ဇောဘာသံ၊ အမှောင်ကွယ်ကင်း အလင်းထုတ်ဆောင် ဉာဏ်အရောင်ကို။ အလာဘိနော၊ ဘယ်ဘဝ ဘယ်အခါမှာမှ လုလုပပ ထိထိမိမိ မရရှိကြကုန် သည်ဖြစ်၍။ အပဿန္တာ၊ သစ္စာဉာဏ် အရောင်ကလေးကိုမျှ မှောင်မဲမဲ မမြင် ကြရကုန်ပဲ။ ဝိစရန္တိ၊ အဝိဇ္ဇာ တိမ်သလာကြီးက ကာဆီးကာဆီးနှင့် တခါ ပြီးတခါ ပိတ်ဆို့ခဲ့လေ သောကြောင့် မှောက်မှောက် မှားမှား မျက်မမြင် လမ်းသွားသလို ရမ်းရမ်းကားကားနှင့် စမ်းတဝါးဝါး ကျင်လည်၍ နေကြရ လေကုန်တော့သတည်း။ ။

## "ကျောချမှ ခေးပြမှန်းသိ"

မစ္စဝ မညတိ ဗာလော၊ ယာဝ ပါပံ နပစ္စတိ။
ယဒါစ ပစ္စတိ ပါပံ၊ ဗာလော ဒုက္ခံ နိဂစ္ဆတိ။

ဗာလော၊ ဘုရားတရား ဆန့်ကျင်ထား၍ မတရားစု မကောင်း မှုကို ပြုလုပ်လိုက်စား လူမိုက်များသည်။ ယာဝ၊ အကြင်မျှလောက်။ ပါပံ၊ စိတ် ရောကိုယ်ပါ နှုတ်လျှာကြမ်းငြား အဆန်းများဖြင့် ရမ်းကားလုပ်ပြု မကောင်း မှုသည်။ နပစ္စတိ၊ ခွင့်မသာ ခါမရောက်သဖြင့် ဘာလောက်မှ အကျိုးမပေး သေး။ တာဝ၊ ထိုအခြေကျကျ အနေလှလှ ဖြစ်နေသေးသမျှ ကာလပတ်လုံး။ ပါပံ၊ စိတ်ရောကိုယ်ပါ နှုတ်လျှာကြမ်းငြား အဆန်းများဖြင့် ရမ်းကားလုပ် ပြု မကောင်းမှုကို။ မဓုဝ၊ ချိုမြိန်လှစွာ ပျားသကာကဲ့သို့။ မညတိ၊ ဟန်လုံး တွေ မာန်လုံးတွေ ဉာဏ်အသုံးတွေနှင့် ချိုပြုံးကြည်ရွှင် မှတ်ထင်၍ နေလေ တော့၏။ ယဒါစ၊ အကြင်အခွင့်သာ၍ အခါရောက်သော ကာလ၌ကား။ ပါပံ၊ စိတ်ရောကိုယ်ပါ နှုတ်လျှာကြမ်းငြား အဆန်းများဖြင့် ရမ်းကားလုပ် ပြု မကောင်းမှုသည်။ ပစ္စတိ၊ အခွင့်သာ၍ အခါရောက်သဖြင့် အကျိုးပေး

တော့၏။ တဒါ၊ ထိုအခွင့်ကြုံလာ အခါရောက်ထ ထိုကာလ၌။ ဗာလော၊ ဘုရားတရား ဆန့်ကျင်ထား၍ မတရားစု မကောင်းမှုကို ပြုလုပ်လိုက်စား မိုက်မှားလေ့ရှိသော လူမိုက်များသည်။ ဒုက္ခံ၊ ဖန်တလဲလဲ ဆုံးနိုင်ပဲနှင့် ငရဲပြတ္တာ လူ့ဘုံမှာလျှင် လူရာမဝင် ပူပင်နွမ်းလျှ အောက်တန်းကျတဲ့ ဒုက္ခမျိုးစုံ အဖုံဖုံကို။ နိဂစ္ဆတိ၊ မျက်နှာပုံသေ မှုံမပြေ ရှစ်ခေါက်ချိုး ရယ်နှင့် ဇောက်ထိုးကြီး ရောက်ရ လေတော့သတည်း။ နိဂစ္ဆတိ၊ အကောင်းကြီးထင် မှတ်၍ ပေါင်းစည်းခဲ့သော်လဲ အမှန်ဓမ္မာ ဖန်လာတဲ့ သဘောရယ်ကြောင့် အရဟံဘဂဝါ ဓမ္မက္ခံအလာကို ယောပေမယ့် သဘောမကျပဲ အော်.... ကျောကိုချခါမှ ခေးပြမှန်း သိကြလေတော့သတည်း။ ။

## "မရှိတာထက် မသိတာခက်"

> အပ္ပသုတာယံ ပုရိသော၊ ဗလိဗဒ္ဒေါဝ ဇီရတိ။
>
> မံသာနိ တဿ ဝဍ္ဎန္တိ၊ ပညာ တဿ နဝဍ္ဎတိ။

အပ္ပသုတော၊ နည်းသောအကြားအမြင်ရှိသော၊ (ဝါ) ဟိုဟိုဒီဒီ အလီလီကို ကြံစည်မကြည့် မသိတတ်ငြား အံကြားအမြင် ပါးသော။ အယံပုရိသော၊ ဤယောကျ်ားသည်။ ဗလိဗဒ္ဒေါဝ၊ မြို့တိုင်းပြတိုင်း ခိုင်းစေသုံးစား ဝန်ရှုန်းနွားသို့။ ဇီရတိ၊ စားသမျှအစာတို့သည် အသားကိုအားပေး၍ တဖြေးဖြေးကြီးရင့်ကြလေကုန်၏။ တဿ၊ ထိုပညာမရှိ အသိနည်းပါး လူငနွားအား။ မံသာနိ၊ အသားတို့သည်။ ဝဍ္ဎန္တိ၊ တနေ့တခြား ဒီရေလားသို့ တိုးပွားကြကုန်၏။ တဿ၊ ထိုလူမည်ကိုယူ လူမှုမရ လူ့အနွအား။ ပညာ၊ ရှေ့နောက်ကိုမြင် ဆင်ခြင်သတိ သိတတ်ပေရှာ မြတ်ပညာသည်။ နဝဍ္ဎတိ၊ လောကမှာ လဲဆုတ်ယုတ် သံသရာမှာ အဟုတ်မဟုတ်သဖြင့် မြုပ်ရာမှမတက်လာ ထက်အမဟာ အသိဓမ္မတာပျက်တာကြောင့် ဩော်....မရှိတာထက် မသိတာခက်ကြလေတော့သတည်း။ ။

## "ကြောက်တတ် ဝန်ကင်း"

> အဘယဥ္စ အဘယတော၊ ဘယဥ္စ ဘယဒဿိနော။
>
> သမ္မာဒိဋ္ဌိ သမ္မာဒါနာ၊ သတ္တာ ဂစ္ဆန္တိ သုဂတိံ။

ဘောဒ္ဓေ၊ သံသရာလမ်း ခရီးကြမ်းတွင် ပင်ပန်းမောဟိုက် ဇောချွေးဆိုက်လျက် တိုးတိုက်မျှောပါး အို....လူအများတို့။ အဘယဥ္စ၊ ကြောက်ဖွယ်

အရေး ဘေးမဟုတ်သည်ကိုမူလည်း။ အဘယတော၊ တကယ်စင်စစ် အပါယ် နစ်ဖို့ ဘေးမဖြစ်ငြား မကြောက်ကောင်းသော တရားဟု ထင်ရှားသိသဖြင့် လည်းကောင်း။ ဘယဥ္စ၊ ငါးဝအာရုံ ကာမဂုဏ်အမိုက်ဆေးဖြင့် တိုက်ကျွေး ကာ ဘဝမဆုံးတဲ့အောင် မှုန်းချင်တိုင်းမှုန်း ချေချင်တိုင်းချေ မွှေချင်တိုင်း မွှေ နှောက်ချင်တိုင်း နှောက်သဖြင့် ကြောက်စရာ အလွန်ကောင်းတဲ့ တရား ကိုမူလည်း။ ဘယဒဿိနော၊ သူ့စနစ်ပဲ သူ့လက်ထဲက လွတ်လွဲဖို့ဘေး ကြောက်ဖွယ်ရေးဟု တွေးရှုမျှော်မြင် ဆင်ခြင်တုံဘိ တကယ်သိသဖြင့် လည်း ကောင်း။ သမ္မာဒိဋ္ဌိသမ္မာဒါနာ၊ ဗုဒ္ဓဘာသာ ဟုတ်မှန်တာကို သေချာတိတိ ဧကန်သိကြကုန်သော။ သတ္တာ၊ မနုဿတ္တဒုလ္လဘက ကြုံရတဲ့အခိုက် စခန်း တော်ဆိုက်ချိန်မို့ အမိုက်ပြစ်ပယ် အလင်းနှယ်ပျော်မွေ့း၍ ကြည်နူးဖွယ် စေတ နာကို သွေမကွာ လက်ကိုင်ထားကြကုန်သော သတ္တဝါတို့သည်။ သုဂတိံ၊ ဘုရားရဟန္တာ အရိယာသာဝက ဟူသမျှတို့ နေ့ညပျော်မြန်း နိဗ္ဗာန်နန်းသို့။ ဂစ္ဆန္တိ၊ သွားကြရလေကုန်၏၊ (ဝါ) မကောင်း တာကို ဖျောက်ဖြတ်၍ ကောင်းတာ အစဉ်သွင်းပါမှ ညြော်.... ကြောက်တတ်ဝန်ကင်းဖြစ်၍ ရောက် ကြရလေကုန်၏။ ။

## "မှန်ကင်းတလှည့် ထင်းတလှည့်"

အတ္တနော ဟိကတံ ပါပံ၊ အတ္တနာ သံကိလိဿတိ။
အတ္တနာ အကတံ ပါပံ၊ အတ္တနာဝ ဝိသုဇ္ဈတိ။
သုဒ္ဓိ အသုဒ္ဓိ ပစ္စတ္တံ၊ နာညော အညံ ဝိသောဓယေ။

အတ္တနာ၊မိမိသည်။ ပါပံ၊ ယုတ်မာညစ်ကျု မကောင်းမှုကို။ ကေတံ၊ အကယ်၍များ ပြုမိငြားအံ့။ အတ္တနာဝ၊ မိမိသည်သာလျှင်။ သံကိလိဿတိ၊ ညစ်ညူး ရလေ၏၊ (ဝါ) ဖြစ်တိုင်းဘဝ ဟူသမျှတွင် မူလပေါင်းသင်း အကြောင်း ရင်းကြောင့် လူချင်းမတူ လူချင်းမမျှ အောက်တန်းကျ၍ ဒုက္ခဖြာဖြာ ညစ်ညူးရာ၏။ အတ္တနာ၊ မိမိသည်။ ပါပံ၊ ယုတ်မာညစ်ကျု မကောင်းမှုကို။ စေအကတံ၊ အကယ်၍ မပြုသည် ဖြစ်ငြားအံ့။ အတ္တနာဝ၊ မိမိသည်သာလျှင်။ ဝိသုဇ္ဈတိ၊ ဖြစ်တိုင်းဘဝ ဟူသမျှတွင် မကျအောက်တန်း မပန်းကိုယ်စိတ် ချမ်းသာရိပ်နှင့် စင်ကြယ်ခြင်းသာ ဖြစ်ပေရာ၏။ သုဒ္ဓိ၊ စင်ကြယ်သန့်ရှင်း အပြစ်ကင်း၍ ချမ်းသာခြင်းသည် လည်းကောင်း။အသုဒ္ဓိစ၊ မစင်ကြယ်ပဲ ဒုက္ခကဲ၍ ဆင်းရဲခြင်းသည် လည်းကောင်း။ ပစ္စတ္တံ၊ ထွေးလုံး

ရစ်ပတ် စပ်ယှက်သဘော မရောနှောသည် သာတည်း။ အညော၊ တပါးသောကံသည်။ အညံ၊ တပါးသောကံကို။ နဝိသောဓယေ၊ အကုသိုလ်နှင့် ကုသိုလ်နှစ်ပါး နိုင်ရာကစားကြသဖြင့် ထင်ရှားစွာ ရန်မရှင်းနိုင်ပဲ နင်လား ငါလား အပြန်အလှန် ငြင်းကြတာနဲ့ ဩော်....မှန်ကင်းတလှည့် ထင်းတလှည့် ဖြစ်ကြရလေတော့သတည်း။ ။

## “အရိပ်နေနေ အခက်ချိုးချိုး”

ယော သာသနံ အရဟတံ၊ အရိယာနံ ဓမ္မဇီဝိနံ။
ပဋိက္ကောသတိ ဒုမ္မေဓော၊ ဒိဋ္ဌိံ နိဿာယ ပါပိကံ။

ဒုမ္မေဓော၊ ပညာအသိ မရှိလုံးလုံး လူညံ့တုံးသော။ ယောနရော၊ မိုက်ခေါင်ထိပ်ပိတ် မိုက်စိတ်ပြောထူ အကြင်လူသည်။ ပါပိကံ၊ ဆိုးဝါးယုတ်မာသော။ ဒိဋ္ဌိံ၊ တဘဝတွင်တခါ လူ့ရွာသို့ရောက်အောင် ကံကောင်းပင် ထောက်သော်လဲ မှားမှောက်တဲ့ အယူဝါဒကို။ နိဿာယ၊ လက်ကိုင်တခု အမှီပြု၍။ ဓမ္မဇီဝိနံ၊ မတရားသဖြင့် မှားအခွင့်တွေကို အခြားလွှင့်စေဖို့ တရားသဖြင့်အသက်မွေးကုန်သော။ အရဟတံ၊ လူနတ်ပြဟ္မာ သတ္တဝါတို့ကြည်သာညွတ်နူး ပူဇော်ထူးကို ခံထိုက်ကုန်သော။ အရိယာနံ၊ ဘုရားရဟန္တာ အရိယာသာဝကဟူသမျှတို့၏။ သာသနံ၊ မကောင်းမြစ်တား ကောင်းရာညွှန်ပြ ဆိုဆုံးမတဲ့ ဩဝါဒကို။ ပဋိက္ကောသတိ၊ တားမြစ်ပိတ်ပင်တတ်လေ၏။ ပဋိက္ကောသတိ၊ အနေမလှ အခြေမကျပဲ သေရတဲ့နောက်အခါတွင် ကြောက်စရာဒုက္ခမျိုးတွေနဲ့ အဆိုးတွင်စိတ်မကြေ ပဋိသန္ဓေအထက် မျိုးမစစ်တာကြောင့် ဩော်.... အရိပ်နေနေ အခက်ချိုးချိုး ဖြစ်ရလေတော့သတည်း။

## “တွေ့ကြုံ ဆုံကွဲ”

ယထာဏ္ဏဝမှိ ဒါရူနိ၊ မိလိတွာန ဝိဂစ္ဆရေ။
တထာ သတ္တာပိ သံသာရေ၊ မိလိတွာန ဝိဂစ္ဆရေ။

အဏ္ဏဝမှိ၊ ရေနေသတ္တဝါ ဘေးဘယာနှင့် များစွာထွေထွေ ရေလေလှိုင်းသံ လွှန်ပြင်းထန်၍ ကမ်းယံပျောက်ကွယ် မြစ်ပင်လယ်၌။ ဒါရူနိ၊ တုံးတိုင် သစ်ဝါး အစားစားတို့သည်။ ဝါတေန၊ ရှေ့နောက်ဝဲယာ တိုက်ခတ်လာသည့် လေသာလေကြမ်း လေသရမ်းကြောင့်။ မိလိတွာန၊ တခုနှင့်တခု ပေါင်းစု ဆုံဆည်းတွဲမိကြကုန်ပြီး၍။ ဝိဂစ္ဆရေယထာ၊ မြုပ်တုံပေါ်တုံ နိမ့်မြင့်တုံနှင့်

ဦးခုံနောက်ပြန် ရောက်ယက်ဆန်ဖြင့် ကစဥ့်ကရဲ တကွဲတခြား ဖြစ်သွားကြရလေကုန်သကဲ့သို့။ တထာ၊ ထိုပင်လယ်အတွင်း ထင်းတုံးသစ်ဝါး မခြားတူစွာအလားသာလျှင်။ သံသာရေ၊ လှိုင်းသံရေလေ မကပွေ့၍ ဘေးတွေ့ဒုက္ခ ပေါများလှသည့် အစမထင် မြစ်ပြင် ကျယ်မော သံသရာ ရေယာဉ်ကျော၌။ သတ္တာပိ၊ နှစ်မွန်းမျောပါး ဒုက္ခိတ သတ္တဝါအများတို့သည်လည်း။ ကမ္မေန၊ ပုညာပုည သဟာယဟု ပြုကြစုပေါင်း ကံအကြောင်းကြောင့်။ မိလိတ္တာနံ၊ လင်နှင့်မယား သမီးသားက ဆက်ပွားဆွေညာ မိတ်သဟာဟု ထွေရာရောယှက် ပေါင်းဘက်ဆုံဆည်း တွဲမိကြကုန်ပြီး၍။ ကမ္မေနဝ၊ ကွဲဖို့ အကြောင်း မကောင်းသောကံကြောင့်သာလျှင်။ ဝိဂစ္ဆရေ၊ မြုပ်တုံပေါ်တုံ နိမ့်မြင့်တုံနှင့် ထက်ဘုံအောက်ထပ် ရောက်ယက်ခတ်ဖြင့် ကစဥ့်ကရဲ တကွဲတပြား ဖြစ်သွားကြရလေကုန်သတည်း။

## "ဆန်ကုန် မြေလေး"

ယဥ္စိကိစ္စံ အပ္ပဝိဒ္ဓံ၊ အကိစ္စံပန ကရိယတိ။
ဥန္နဠာနံ ပမတ္တာနံ၊ တေသံ ဝဍ္ဎန္တိ အာသဝါ။

ဟိ၊ သံသရာ နယ်တကျောမှာ သတ္တဝါတွေမျောရပုံကို ပြလိုက်ဦးအံ့။ ယံကိစ္စံ၊ အကြင်မိမိတို့ ပြုစရာဖြစ်တဲ့ ဒါန သီလ ဘာဝနာ သုံးဖြာအစု ကောင်းမှုတရားကို။ အပ္ပဝိဒ္ဓံ၊ မပြုမလုပ်ပဲ ရှောင်လွှဲတိမ်းဖယ်၍ နေကြလေကုန်၏။ အကိစ္စံပန၊ ကိုယ်တိုင်အလုပ် ဘာမဟုတ်တဲ့ အယုတ်တမာ အကုသိုလ်ဟူသမျှကိုသာ။ ကရိယတိ၊ မရှောင်အဟုတ် ချောင်မကုပ်ပဲ အမြဲလိုက်စား ပြုလုပ်ကြလေကုန်၏။ ဥန္နဠာနံ၊ ကောင်းကင်မှာအရွက် တသွယ်သွယ်နှင့် လေထဲတွင် ဟန်ပုံပြသော်လဲ အတွင်းကအနှစ်ကင်းသဖြင့် လေပြင်းလျှင် တကယ်ကျိုးတတ်တဲ့ ကျူပြင်ကျူရိုးတို့ကဲ့သို့။ ပမတ္တာနံ၊ သတိပေါ့ဆ မေ့လျော့ကြကုန်သော။ တေသံ၊ ထိုအနှစ်လွတ်ကင်း သိမ်ဖျင်းကုန်သောသူတို့၏။ အာသဝါ၊ အာသဝတရားတို့သည်။ ဝဍ္ဎန္တိ၊ တနေ့တခြား တိုးပွားကြကုန်၏။ ဝဍ္ဎန္တိ၊ ဉာဏ်အဟုန်မမွေနှင့် ဝေးကြသဖြင့် ကြံပုံတွေအခြေသေးတာကြောင့် ဩော်.... သတ္တဝါတွေမှာ ဆန်ကုန်မြေလေး ဖြစ်ကြရလေကုန်၏။

## "ဖော်ကွာဝေး"

နာသဝါ အဋ္ဌမဂ္ဂေန၊ သင်္ကမာ နော သိဝင်္ဂတာ။
နဒိဋ္ဌာ တေ အနေကေပိ၊ သံသာရေ ဒုက္ခိတောဟိနာ။

ဘောန္တော၊ အရိယာရှင် သူတော်စင်တို့ ခိုဝင်စံမှီး ပြည်ကြီးခေမာ နန်း

အမတာသို့ မချမ်းသာသောဝဋ်အတွင်းမှ လွတ်ကင်းရန် မျှော်ကာတွေးလျက် ဖော်ကွာဝေးဖြစ်ကြကုန်သော အို–လူအပေါင်းတို့။ နောအမှေဟိ၊ တရားမှန် အချက်မသိသဖြင့် မျက်စိလည်လမ်းမှားလျက် စမ်းတဝါးဝါး ဖြစ်နေကြကုန် သော သင်တို့ငါတို့နှင့်။ သက်မာ၊ သံသရာမြေ လမ်းတာရှည်ဝယ် မကွေမကွာ သာယာစက်ကူး ပေါင်းဆုံဘူးကြကုန်သော။ နာသဝါ၊ အာသဝခေတ် မကပ် စင်ကြယ် နွယ်တော်ထင်ရှား ဘုရားရဟန္တာဆိုတဲ့ မိတ်ကလျာများတို့သည်။ အဋ္ဌမင်္ဂေန၊ အောင်လံစွင့်စွင့် စိုက်ထူဖွင့်၍လူနှင့်မနီး နတ်ထီးမဝင် မဂ္ဂင်ရှစ်ပါး တည်းဟူသော ယာဉ်ရထားဖြင့်။ သီဝံ၊ အေးမြထူးလည် ထုံကြည်တင့်ဆန်း နိဗ္ဗာန်နန်းဆီသို့၊ (ဝါ) ချစ်ရလို့ပူ မုန်းလို့ပူနှင့် သူ့တာကိုယ့်တာ လောင်စာ တွေဝေး အေးမြို့ဌာနီ နိဗ္ဗာန်ပြည်သို့။ ဂတာ၊ အောင်စည် အောင်မောင်း ခြိမ့်ခြေင်းရိုက်ဆော် ရွှင်ပျော်ပျော် အပြန်မထားပဲ အမှန်အားဖြင့် စံစားမွေ့ လျော်ကြလေပြီ။ အနေကေပိ၊ ဤရွှေ့ဤမျှ ဂဏန်းချလည်း မှန်းဆမထင် မမြင်နိုင်ကား အလွန်များကြလေကုန်သော။ တေအနာသဝေ၊ တွေ့ရှိသာတွေ့ သံသာကွေ့၌ လိုက်၍မမှီ လှမ်းချီအလျင် စံဝင်ကြွသွား ထိုအရှင်မြတ်ဘုရား တို့ကို။ နဒိဋ္ဌာ၊ မြင်ပဲမမြင်ကြရကုန်ပြီတကား။ သံသာရေ၊ ဘဝနှစ်ခု စပ်သွယ် မှုဖြင့် ကြီးထုခံ့ခိုင် မမြင်နိုင်ပန်း သံသရာလမ်းကြီး၌။ ဩဟိနာ၊ ရှေးရှေး အခါ သံသရာ၌ မကွာကြည်ဖြူ စိတ်တူကိုယ်မျှ နေဘူးကြသည့် မိတ္တဗန္ဓဝေ ချစ်ဆွေကလျာ ပေါင်းများစွာကို မျှော်ကာကြံတွေး ဖော်ကွာဝေးကြကုန် လျက် နေ့းနေ့းဖင့်ဖင့် အခွင့်မသာ များစွာဖောက်လွဲ နောက်ဆွဲအောက်ကျကြ ကုန်သည်ဖြစ်၍။ ဒုက္ခိတာ၊ အောက်ဆိုတဲ့ကျင်းထဲမှာ အတင်းမဲမဲပြီး အဆင်းရဲ ကြီး ဆင်းရဲကြရလေကုန်ပြီတကား။

## "အမှုမဲ့ အမှတ်မဲ့"

တံ ပုတ္တ ပသု သမ္မတ္တံ၊ ဗျာသတ္တ မာနသံ နရံ။

သုတ္တဂါမံ မဟောဃောဝ၊ မစ္စု အာဒါယ ဂစ္ဆတိ။

ပုတ္တပသု သမ္မတံ၊ သမီးသားနှင့် ကျွဲနွားဥစ္စာ လယ်ယာချောင်းမြောင်း စည်းစိမ်ပေါင်းတွင် ကောင်းကောင်းကြီးယစ်မူးမေ့လျော့သော။ ဗျာသတ္တ မာနသံ၊ တဖဝါးမျှ သွားမထပဲ အနားကမခွာနိုင်အောင် ဗျာလိုင်ကာခေတ် မသိသူတို့ ကပ်ညှိသောစိတ်ရှိထသော။ တံနရံ၊ သံသရာတဝိုက်မှာ အပျော်လိုက် နေတဲ့ ထိုလူမိုက်ကို။ မဟောဃော၊ မည်ကိန်းအသံ ပြင်းထန်ဟီးဟီး အားကုန် စီးတဲ့ ရေယာဉ်ကြီးသည်။ သုတ္တဂါမံ၊ ရေလမ်းတွင်ပ အိပ်မောကျ၍ နေကြ

ရှာတဲ့ တရှာလုံးကို။ အာဒါယ၊ ယူ၍။ ဂစ္ဆတိဣဝ၊ အိမ်တိုင်ပါနိုတ် အောက် ချေသုတ် ပါသွားပေရှာသကဲ့သို့။ မစ္စူ၊ ပြိုင်စံဘက်ကင်း ရှင်သေမင်းသည်။ အာဒါယ၊ သူခကိုပယ် ဒုက္ခနယ်တွင်း ယူကာသွင်း၍။ ဂစ္ဆတိ၊ စေ့စေ့သာတွေး ကြတော့ နေရေးတွေ တခုမှမတဲ့တာကြောင့် အမှုမဲ့ အမှတ်မဲ့နှင့် မမြတ်တဲ့ ဒုဂ္ဂတွင်းဆီသို့ သက်ဆင်းကာ သွားကြရလေသတည်း။

## "စိတ်ကိုနိုင်မှ ချမ်းသာရ"

သုဒုဒ္ဒသံ သုနိပုဏံ၊ ယတ္ထကာမ နိပါတိနံ။
စိတ္တံ ရက္ခေထ မေဓာဝီ၊ စိတ္တံ ဂုတ္တံ သုခါဝဟံ။

သုဒုဒ္ဒသံ၊ အဝိဇ္ဇာနှင့် တဏှာမျက်ခမ်း မာနတည်းဟူသော တိမ်သလာလွှမ်း ကြသဖြင့် အကန်းအတိသာဖြစ်သည့် သတ္တဝါတို့၏ မျက်စိနှင့်ကြည့်၍ မြင်နိုင် ခဲစွာသော။ သုနိပုဏံ၊ ယုယုယယ ပြုနိုင်မှသာ သင့်လျော်ပါ၍ များစွာ သိမ် မွေ့လှသော။ စိတ္တံ၊ ကမ္ဘာတခွင်မှာ ရတနာအဝင် ဟူသမျှ အပေါင်းတို့ထက် ထောင်သောင်းမက အဖိုးတန်လှတဲ့စိတ်ကို။ မေဓာဝီ၊ ကြောင်းကျိုးနှစ်ဖြာ ကောင်းစွာမြင်သိ ပညာရှိသည်။ ဂုတ္တံ၊ လောဘ ဒေါသ မောဟတသိုက် သူတို့ တိုက်သို့ မလိုက်မသွား စောင့်ရှောက်၍ထားခဲ့သည်ရှိသော်။ သုခါဝဟံ၊ ယခု ဘဝမှာလဲကောင်း ဟိုသံသရာဘဝမှာလဲ အပြောင်းလှပြီးတော့ အကောင်း ပထမအေးချမ်းရာသို့ ပေးစွမ်းကာ ဆောင်တတ်လေ၏။ ယတ္ထကာမနိပါတိနံ၊ ဆင်ကန်းတောတိုး သဘောချိုးသို့ ဆိုးဆိုးကောင်းကောင်း ကျိုးအကြောင်း ကို ပြန်ပြောင်းမကြည့် မသိတတ်ငြား ကာမဂုဏ်အာရုံအကြားတွင် တဖွားဖွား နစ်မြုပ်၍နေသော။ စိတ္တံ၊ ဘာသာ သာသနာ ပညာအတွက် ငဲ့ကွက်မရှိ မသိတတ်ငြား စိတ်မိုက်များကို။ ရက္ခေထ၊ ပေါင်းသင်းဆက်ဆံ လက်ခံမပြု ရှောင်ရှားမှုဖြင့် ကြောင်တောင်သွားကာ စောင့်ရှောက်ကြကုန်ရာသတည်း။

## "သံသရာ ကရှတ်ကင်း လျှောက်"

ဒီဃာ ဇာဂရတော ရတ္တိ၊ ဒီဃံ သန္တဿ ယောဇနံ။
ဒီဃော ဗာလာန သံသာရော၊ သဒ္ဓမ္မံ အဝိဇာနတံ။

ဇာဂရတော၊ အိပ်မပျော်ပဲ အမြဲနိုးကြားနေသောသူအား။ ရတ္တိ၊ညအခါ ကြီးသည်။ ဒီဃာ၊ ရှည်လျှားလှချေ၏။ သန္တဿ၊ ခရီးပန်း၍ မလှမ်းနိုင်သော

သူအား။ ယောဇနံ၊ လေးဂါဝုတ်ယူဇနာဆိုတဲ့ခရီးသည်။ ဒီဃာ၊ ရှည်လျား လှချေ၏။ ဗာလာနံ၊ အသိအလိမ္မာ လွန်စွာဖျင်းတဲ့ ပေျင်းတို့အား။ သဒ္ဓမ္မံ၊ ဘုရား ရဟန္တာ အရိယာတို့၏ ကောင်းစွာညွှန်ပြ ဆိုဆုံးမတဲ့တရားကို။ အဝိဇာ နတံ၊ မသိကြလေကုန်သောကြောင့်။ သံသာရော၊ သံသရာဆိုတဲ့ ဝဲသြဃကြီး ထိုခရီးသည်။ ဒီဃော၊ မာန်တဏှာညွတ် အတင်းမှောက်သော်ကြောင့် မှုန် မကွာ ဝဋ္ဋအတွင်းကမဖောက်နိုင်ဘူး ဩော်....ငါတို့တတွေမှာ သံသရာ ကရွတ် ကင်း လျှောက်ကြီးသာဖြစ်၍ နေကြရလေကုန်၏။

## “မွေးတာကိုပန် နံတာကိုပစ်”

သုဇံ ယာဝ ဇရာ သီလံ၊ သုခါ သဒ္ဓါ ပတိဋ္ဌိတာ။

သုခေါ ပညာယ ပဋိလာဘော၊ ပါပါနံ အကရနံ သုခံ။

သီလံ၊ ဘုရား ရဟန္တာ သူတော်စွာတို့ သေချာစောင့်အပ် သီလမြတ်သည်။ ယာဝဇရာ၊ ပျိုမြစ်နုနယ် ငယ်ရွယ်စဉ်က အိုသည်ကျအောင်။ သုခံ၊ ဂုဏ်သတင်း တပွံ့ပွံ့ မွှေးရနံ့မပြယ်နိုင် ရာသက်တိုင်မွှေးရိပ်နှင်း၍ ချမ်းသာခြင်းကို ဖြစ်စေ ၏။ သဒ္ဓါ၊ ဘုရား တရား သံဃာအားဖြင့် သုံးပါးသောရတနာကို နေ့မကွာ ညမလပ်ရပဲ အထပ်ထပ်ရည်စူး၍ ကြည်နူးယုံကြည်ခြင်းဆိုတဲ့သဒ္ဓါတရားသည်။ ပတိဋ္ဌိတာ၊ စိတ်အာရုံ နေ့စဉ်စွဲလျက် အမြဲတမ်းတည်နေသည်ရှိသော်။ သုခါ၊ ဒုက္ခငွေဖျန်း ငွေ့မသန်းပဲ ချမ်းသာခြင်းဖြစ်စေ၏။ ပညာယ ပဋိလာဘော၊ သင့်မသင့် လျော်မလျော် တော်မတော်ချိန်နှိုင်း၍ ဟုတ်တိုင်းမှန်စွာသိတတ်တဲ့ ဉာဏ်ပညာကိုရခြင်းသည်။ သုခေါ၊ အောက်တန်းစားအခြေအနေ အထွေထွေ ကင်းပျောက် လေးအပါယ် သပိတ်မှောက်လျက် အမောက်တကာ ထိပ်တင် အောက်မကျစိတ်ရွှင်၍ လျှင်လျှင်မုချ ချမ်းသာကြီးရလေ၏။ ပါပါနံ၊ ယုတ် မာညစ်ကျူ မကောင်းမှုကို။ အကရဏံ၊ မပြုပဲနေခြင်းသည်။ သုခံ၊ ချမ်းသာ လှ၏။ သုခံ၊ စန်းဇာတာတင့် လန်းဖြာဖြာပွင့်၍ ချမ်းသာခွင့်ကိုရခြင်းသည်။ ပါပါနံ၊ ဂုဏ်နံ့ညှီုးပုပ် အမျိုးမြုပ်သို့ အဟုတ်မမှား အယုတ်တရားတို့ကို။ အကရဏံ၊ မပြုလုပ်ပဲ ရှောင်လွှဲတိမ်းဖယ်ခြင်းပေတည်း။ အကရဏံ၊ လူရပ်နတ် ထံ သုံးတန်သုခ ရကြီးရအောင် မွှေးတာကိုမှပန် နံတာကိုပစ်ဖို့ရန် စင်စစ် ဖြစ် ပေါ်လာတဲ့ အကြောင်းကြီးပေတည်း။ (ဝါ) လူနတ်ရပ်ထံ သုံးတန်သုခ ရကြီးရအောင် မွှေးတာကိုမှပန် နံတာကိုပစ်ပါမှ စင်စစ်ကောင်းမြတ်လှတော့ သတည်း။

## "ဂုဏ်ရောင်ကင်းကွာ လူနုံချာ"

ယသာ တသာ ပသုတောပိ၊ ဂုဏဝါ ပူဇတေ နရော။
ဓနုံ ဝံသဝိသုဒ္ဓေါပိ၊ နိဂုဏော ကိံ ကရိဿတိ။

ယသာ တသာ၊ အကြောင်းအမှတ်မရှိ တစုံတယောက်သောသူ၏။ ပသုတော နရောပိ၊ သားဖြစ်သောသူ သမီးဖြစ်သောသူသည်လည်း။ ဂုဏဝါ၊ သီလသမာကျင့်အာစာနှင့် ပညာအရောင် လင်းပြောင်ပါမူကား။ ပူဇတေ၊ ကြီးကြီးငယ်ငယ် ရွယ်ရွယ်လတ်လတ် ပရိသတ်တို့ လေးမြတ်ကော်ရော် ပူဇော်ကြကုန်၏။ နိဂုဏော၊ ယဉ်ကျေးလိမ္မာ ဂုဏ်ပညာကင်းပါမူကား။ နပူဇတေ၊ လေးမြတ်ကော်ရော် ပူဇော်ခြင်းမရှိပေ။ ကိမိဝ၊ ဥပမာပုံဆို ဘယ်လိုနည်းဟူမူကား။ ဓနုံ၊ လေးသည်။ ဝံသဝိသုဒ္ဓေါပိ၊ အမျက်လွတ်ကင်း သန့်ရှင်း စင်ကြယ်စွာ ပြုလုပ်ထားပါသော်လည်း။ နိဂုဏော၊ ပစ်ခတ်စရာ ကြိုးမရှိပါမူကား။ ကိံ ကရိဿတိ၊ သားငှက်တိရစ္ဆာန် ပစ်ရန်အလုပ် လေးကြိုးပြုတ်သဖြင့် အဟုတ်ဘယ်သို့ ဥုးနိုင်တော့အံ့နည်း။ ဧဝံတထာ၊ ထိုသို့ပုံပြ မခြားကြပဲသာလျှင်။ နိဂုဏော၊ ယဉ်ကျေးလိမ္မာ ဂုဏ်ပညာကင်းကြပါမူကား။ ကိံ ကရိဿတိ၊ ပညာရှိလယ် မတင့်တယ်သဖြင့် အဘယ်လျှင် အသုံးကျချေတော့အံ့နည်း။

## "စိတ်သွားတိုင်း ကိုယ်ပါ"

စိတ္တေန နီယတေ လောကော၊ စိတ္တေန ပရိကဿတိ။
စိတ္တဿ ဧကဓမ္မဿ၊ သဗ္ဗေဝ ဝသမန္ဒဂူ။

လောကော၊ ငြူငမ် ဘယ်သူပဲဟု လူခွဲ၍မမှတ်သာ သတ္တဝါမှန်သမျှ အနန္တဝေနေ များဗိုလ်ခြေကို။ စိတ္တေန၊ စိတ်သည်။ နီယတေ၊ သုခဒုက္ခ နှစ်ဝလမ်းကြောင်း နေ့ရှိတိုင်းပြောင်းလို့မို့ ကောင်းကောင်းကြီးဆောင်ကြဉ်းလေ၏။ စိတ္တေန၊ စိတ်သည်။ လောကော၊ သတ္တဝါမှန်သမျှ အနန္တဗိုလ်ခြေ များဝေနေကို။ ပရိကဿတိ၊ သူထင်တိုင်းချယ်လှယ်၍ အသွယ်သွယ် သတ္တဝါအစုတို့ကို သူ့အမှုကိစ္စပြီးအောင် အနည်းနည်းဆွဲငင်တတ်လေ၏။ စိတ္တဿ၊ စိတ်ဟုဆိုအပ်သော။ ဧကဓမ္မဿ၊ တခုသောတရား၏။ ဝသံ၊ အလိုနိုင်ငံသို့။ အန္ဒဂူ၊ အစဉ်တစိုက် ခေါင်းကိုငိုက်၍ လိုက်ကြရလေကုန်၏။

## "အကြမ်းမှု အနုနှင့်သာ အောင်စေရာ"

အတ္တာဆိန္နမ္ဗိ ဝါသေတိ၊ သုဂန္ဓေနိဝစန္ဒနံ။
သန္တော မေတ္တာသုဂန္ဓေန၊ အတ္တာဟိံသမ္ပိ ဝါသယေ။

စန္ဒနံ၊ ဟေမဝါမြိုင် တောဂနိုင်၌ မွှေးကြိုင်တင့်ထူး စန္ဒကူးသည်။ အတ္တ ဆိန္နမ္ဗိ၊ မိမိကိုယ်ကို ဖြတ်တောက်၍ ကျိုးပေါက်ကွဲအက်စေသည့် လက်နက် ဓားမ,ပေါက်ဆိန်,ပဲခွပ် ဟူသမျှကိုလည်း။ သုဂန္ဓေန၊ တလှူလှူတလှိုင်လှိုင် မွှေးကြိုင်သင်းပျံ့ ကောင်းသောရနံ့ဖြင့်။ ဝါသေတိဣဝ၊ ရနံ့သင်းလှိုင် ထုံသင်းမွှေးကြိုင်စေသကဲ့သို့။ သန္တော၊ ဆရာမိဘ ဩဝါဒကို မကျမြေတွင် နားပန်ဆင်၍ ကြည်လင်စိတ်ထား အမျိုးကောင်း သမီးသားသည်။ အတ္တဟိံ သမ္ပိ၊ မိမိကိုယ်ကို ဆဲဆိုရိုက်နှက် အမျက်ထွက်အောင် နှိပ်စက်ဆိုးသွမ်း ညှဉ်းပန်း လာသောသူကိုသော်လည်း။ မေတ္တာသုဂန္ဓေန၊ ကိုယ်စိတ်နှုတ်မြွက်ဆုပန္နက်သည့် ပျံ့တက်မွှေးကြူ မေတ္တာဟူသော ရနံ့ကောင်းဖြင့်။ ဝါသယေ၊ ဘူရိဒတ္တ, စမ္ပေယျနှင့်, မာဃလုလင်, ဝတ္ထုစဉ်ကို ဆင်ခြင်ထောက်စာ ရှုမျှော်ကာဖြင့် သူငါတပြန် မခုခံပဲ သည်းခံ၍သာ ထုံမွှန်းမွှေးကြိုင် ကြစေရာ၏။

## "ရန်မလိုမှ ရန်ပြိုရ"

နဟိ ဝေရေန ဝေရာနိ၊ သမ္မန္တီဓ ကုဒါစနံ။
အဝေရေန စ သမ္မန္တိ၊ ဧသဓမ္မော သနန္တနော။

ဣဓလောကေ၊ လူ့ပြည်ဘဝ ဤလောက၌။ ဝေရေန၊ နင်လားငါလား မျက်မာန်ပွားသဖြင့်။ ဝေရာနိ၊ မာန်မူအဝဝ ရန်ဟူသမျှတို့သည်။ ကုဒါစနံ၊ တနေ့တရက် တမနက်မျှ။နဟိသမ္မန္တိ၊ သူနိုင်ငါနိုင် အပြိုင်မာန်တင်း ကြံစည် ခြင်းကြောင့် အလျဉ်း ဘယ်တော့မှ မငြိမ်းနိုင်ကြလေကုန်။ အဝေရေန စ၊ သူ့ကိုရန်မူ ရေးမယူပဲ ကြည်ဖြူ စိတ်သွင်း ရန်တုံ့ကင်းသဖြင့် သာလျှင်။ သမ္မန္တိ၊ ဘေးရန်ဟူသမျှ မြူမခပဲ အမြဲအေးငြိမ်း ပျောက်ပျက်ကုန်၏။ ဧသ ဓမ္မော၊ ဤသို့ ရန်ကိုရန်ချင်း မတုံ့လျှဉ်းသဖြင့် ရန်ခြင်းမတွေ့ မြေချမ်း သာခြင်းဆိုတဲ့ သဘောတရားသည်။ သနန္တနော၊ ရှေးရိုးမပျက် ဘေးဘိုးမှ ဆက်၍ ဆင်းသက်လာတဲ့ သဘောတရားပေတည်း။ သနန္တနော၊ ရန်မလိုမှ ရန်ပြိုရဟု ရှေးကဆိုရိုး လောကနှင့်သံသရာတွင် မှန်မကွာ တကယ်တိုးစေ သည့် ကောင်းမြတ်တဲ့ အကျင့်မျိုးပေတည်း။ ။

## "ဓမ္မ ဒါန"

ဓမ္မဿ ဒေသနာ သာဓု၊ ပုညေသု ပုညဇေဋ္ဌကာ။
ဓမ္မဒါနံပိ သာ ဟောတိ၊ ဝိမုတ္တိ ဖလဒါယိနီ။

ဘောဒန္တော၊ တရားပလ္လင် ဤသဘင်သို့ ခိုဝင်ရောက်လာ တရားနာသည့် မျှားစွာသောင်းသောင်း အို....ပရိသတ်အပေါင်းတို့။ သာဓု၊ သိစေရန် ကျင့်စေရန် ဖြောင့်မှန် ကောင်းမွန်စွာ။ ဓမ္မဿ၊ သိမ်မွေ့နက်နဲ ထူးကဲ ဆန်းကြယ် ကြားနာဖွယ်အရပ်ရပ် တရားမြတ်ကို။ ဒေသနာ၊ ဟောကြားသွန်သင် လမ်းထွင်ဆုံးမခြင်းသည်။ ပုညေသု၊ ကုသိုလ်အစုစု ကောင်းမှုတကာတို့တွင်။ ပုညဇေဋ္ဌကာ၊ အသင့်ဆုံးအလျော်ဆုံး အကြီးဆုံးအမြတ်ဆုံး မျက်နှာဖုံး ကုသိုလ်တော်ကြီးပေတည်း။ သာ၊ ထို သူတပါးအား တရားသဖြင့် သွန်သင်၍ ထင်မြင်အောင် ဟောပြတဲ့ ဓမ္မဒါန ကုသိုလ်ကြီးသည်။ ဓမ္မဒါနံ ပိ၊ တရား အလှူတော်ကြီးသည်လည်း။ ဟောတိ၊ တကယ်စင်စစ် အမှန်ဖြစ်ပေသတည်း။ သာ၊ ထိုသူတပါးအား တရားသဖြင့် သွန်သင်၍ ထင်မြင်အောင် ဟောပြသော ဓမ္မဒါန ကုသိုလ်ကြီးသည်။ ဝိမုတ္တိဖလဒါယိနီ၊ သံသရာဗွက်ပေါက် နရက်ချောက်မှ ထွက်မြောက်ရာအမှန် မဂ်လေးတန် ဖိုလ်လေးတန် နိဗ္ဗာန်ဆိုတဲ့ အကျိုးတွေကို ဖြိုးဖြိုးဝေအောင် ပေးကမ်း၍ ဘေးဘျမ်းလွတ်ငြိမ်းစေနိုင်သတည်း။ ။

## "သာသနာ့လယ်မြေ"

သုခေတ္တေ သုဗီဇံ ရောပံ၊ လာဘတေ သုဖလံ ဗဟုံ။
ဒါနဗီဇံ သာသနမှိ၊ နာနာသုခံ ဖလံ ဝရံ။

သုခေတ္တေ၊ ရေသွားရေလာ ဩဇာတက်ပြီး လယ်ကောင်းကြီး၌။ သုဗီဇံ၊ ရွေးချယ်သန့်စင် အောင်မြင်ပေတောင်း မျိုးစေ့ကောင်းကို။ ရောပံ ရောပန္တော၊ အချိန်သင့်လျက် ထွန်ယက်ကြဲချ စိုက်ပျိုးရသည် ရှိသော်။ ဗဟုံ၊ အတိုင်းထက်သာ များလှစွာသော။ သုဖလံ၊ အနှစ်ပြည့်စွာ အရသာနှင့် ဩဇာရှိပြီး သစ်သီးသစ်နှံ အတန်တန်ကို။ လာဘတေ၊ စိုက် ပျိုးသူ အားရှိအောင် နှစ်သက်စွာ ရရှိနိုင်လေသတည်း။ တထာ၊ ထိုနည်းတူစွာ ဥပမာ အတိုင်းသာလျှင်။ သာသနမှိ၊ ရှင်တော်ဘုရား တည်ထားမိန့်မှာ သာသနာတည်းဟူသော မြေကောင်းကြီး၌။ ဒါနဗီဇံ၊ ပေးလေ့လှူလေ့ ဒါနတည်းဟူသော မျိုးစေ့ကို။ ရောပံ ရောပန္တော၊ ခေတ်ကောင်း ကြုံကြိုက်

စိုက်ပျိုးလိုက်သည်ရှိသော်။ ဝရံ၊ အသီးအနှံ တကာတို့ထက် မြင့်မြတ်လှပေထသော။ နာနာသုခံ၊ လူ့ပြည်တွင်လည်း သူတပါးထက်သာ နတ်ပြည်တွင်လည်း သူထက်မိုး ဗြဟ္မာ့ဘုံနယ်တရိုးမှာ အဘိညာဉ် ဈာန်တန်ခိုးဖြင့် ဟိုးဟိုးကျော်စံစား၍ နိဗ္ဗာန်ကို အမြန်သွားနိုင်အောင် များပြားသော ချမ်းသာစုကို။ လဘတေ၊ အမှန်ပင်ယုံပါတော့ အလုံးစုံ ရနိုင်လေတော့သတည်း။ ။

## ''အနာမခံလျှင် အသာမစံရ''

ဒုက္ခမံ အက္ခမန္တော ယော၊ ဝိဠ္ဌိကာရိ စ ဒုက္ကရံ။
ကဒါလဘေယျ သောလောကေ၊ သုခမံ သုကရံ မုခေါ။
ပစ္စက္ခံဟိ သော ကရေယျ၊ ဒုက္ခမဋ္ဌာပိ ဒုက္ကရံ။

လောကေ၊ ကမ္ဘာ့သမိုက် တိုက်အနန္တ ဘုံလောက၌။ ယော၊ ရဟန်းလူရှင် မြင်မြင်သမျှ များလှသောင်းသောင်း အကြင် လူအပေါင်းသည်။ အက္ခမန္တောစ၊ ပျင်းစိတ်ချုပ်တည်း ဇွဲကြီးကြီးဖြင့် ငြီးသံတွေမနှောပဲ သည်းခံသောသဘောထားလေ့ မရှိသည်လည်း။ ဟောတိ၊ စင်စစ်မသွေ ဖြစ်တော့လေ၏။ ဒုက္ကရံ၊ အလွန်ခဲကပ် ကျဉ်း ကြပ် သော အရာ အစု များကို။ ဝိဠ္ဌိကာရိ စ၊ သဘောရိုင်းဖြင့် ကျောခိုင်း ရှောင်လွှဲ လေ့ ရှိ သည် လည်း။ ဟောတိ၊ စင်စစ်မသွေ ဖြစ်တော့လေ၏။ သော၊ အကြပ်ကိုဖယ် အလွယ်လိုက်စား ထိုသူများသည်။ သုခမံ၊ လွယ်ကူစွာ သည်းခံနိုင်သော အရာကိုလည်းကောင်း။ သုကရံ၊ မခက်ခဲမှု၍ လွယ်ကူသော အရေးအရာ များကိုလည်းကောင်း။ မုခေါ၊ အချည်းနှီး (ဝါ) အလကား သက်သက်။ ကဒါလဘေယျ၊ ဘယ်သောကာလ ဘယ်ခဏ၌ လှလှပပနှင့် ကျကျနနကြီး ရနိုင်ပါတော့မတုန်း။ ဟိ၊ မုချမလွဲ အမြဲစင်စစ်သော်ကား။ သော၊ ချမ်းသာကိုယ်ပိုင် လက်ကိုင်လိုငြား ထိုသူများသည်။ ဒုက္ခမဋ္ဌာပိ၊ ဇွဲကြီး ကြီး နှင့် သည်းညည်း ခံနိုင်သောအရာကို လည်းကောင်း။ ဒုက္ကရဋ္ဌာပိ၊ အလွန်ကြပ်တည်း ခက်ခဲသော အရေးအရာစုကို လည်းကောင်း။ ပစ္စက္ခံကရေယျ၊ မျက်မှောက်ကြိုက်ကြုံ တွေ့ဆုံ၍သာ နေကြရာ၏။ ဣတိ၊ ဤသို့။ ဟောတိ၊ စင်စစ်မသွေ ဖြစ်တော့လေ၏။ ဟောတိ၊ မိမိနှင့် ပဏာသင့်တဲ့ သာသနာအခါ အခွင့်တွေကို ဝါဝင့်ကာ ကျောမပြုကြလေနဲ့ ယခုဘဝ သုဂတ သာသနံတွင် အနာမခံလျှင် ကမ္ဘာအနန္တတွင်ဖြင့် အသာမစံရ ဖြစ်ကြရတော့သတည်း။ ။

## “မီးခဲပြာဖုံး”

နဟိ ပါပံ ကတံ ကမ္မံ၊ သဇ္ဇုခီရံဝ မုစ္စတိ။
ဒဟန္တံ ဗာလမန္ဝေတိ၊ ဘသ္မာဆန္နောဝ ပါဝကော။

သဇ္ဇုခီရံ၊ ညှစ်ယူပြီးခါစဖြစ်သော နို့ရည်သည်။ နမုစ္စတိဣဝ၊ မချဉ်မသိုး အခိုးမလွှတ်သေးသကဲ့သို့။ ကတံ၊ အားကြီးပါးကြီး ပြုပြီးခါစ ဘယ်လောက် ကမှ မကြာသေးသော။ ကမ္မံ၊ မိမိတို့ပြု မကောင်းမှုသည်။ နမုစ္စတိ၊ ခွင့်မသာ အခါ မရောက်သဖြင့် ဘယ်လောက်ကမှ အခိုး မလွှတ်သေး။ မုစ္စန္တော၊ အကုသိုလ်တန်ခိုးပြဖို့ ရိုးရိုးရှရှ အခိုးထသည်ရှိသော်။ ဘသ္မာဆန္နော၊ မမြင် လုံးလုံး ပြာဖုံးရှိထားသော။ ပါဝကောဣဝ၊ ပူပူရဲရဲ မီးခဲမီးစအလားကဲ့သို့။ ဗာလော၊ အကုသိုလ်စု မကောင်းမှုကို ပြုလုပ်လိုက်စား ငမိုက်သားကို။ ဒဟန္တံ၊ ပူပူပြင်းပြင်း အတင်းအမြဲ လောင်ကျွဲစေလျက်။ အန္ဝေတိ၊ မပြေးနိုင်မလွှားနိုင် မကြွားနိုင် မဝါနိုင်အောင် မကွာစဉ်စိုက် အတွင်လိုက်လေတော့၏။ ဣတိ၊ ဤသို့ ဖြစ်ရလေတော့သတည်း။ ဣတိ၊ ဘုရားမကြိုက် ဒုစရိုက်ကို ပြုလိုက်ကျင့် ဆိုး အကောင်မျိုးမှာ နောင်အကျိုးအပြီး မလွဲနိုင်တော့ပဲ မီးခဲပြာဖုံးသလို ဖြစ်ရလေတော့သတည်း။

## “မှုံမပြေ”

အစရိတွာ ဗြဟ္မစရိယံ၊ အလဒ္ဓါ ယောဗ္ဗနေ ဓနံ။
ဇိဏ္ဏကောဉ္စာဝ ဈာယန္တိ၊ ခီဏမစ္ဆေဝ ပလ္လလေ။

ယောဗ္ဗနေ၊ အသက်နုနယ် အရွယ်ပျိုလွင် ဟိုငယ်စဉ်ကာလတုန်းက။ ဗြဟ္မ စရိယံ၊ စင်ကြယ်မြင့်မြတ် ပဋိပတ်တရားအစားစားကို။ အစရိတွာန၊ ပျော်ရွှင် မှုမသမာအရှုပ်တွေကို စာချုပ်ကာ တက္ကစိဝယ်ပြီး ရမက်ကြီးတွယ်ကာ ပြုမိုက် မှားသဖြင့် သုစရိုက်တရား မလိုက်စားမိခဲ့ပါ၍။ ဓနံ၊ ဓနဥစ္စာ အဖြာဖြာကို လည်း။ အလဒ္ဓါ၊ အချိန်ရှိခိုက် မရလိုက်ပါပဲ။ ခီဏမစ္ဆေဝ၊ ငါးကုန်၍နေသည် သာဖြစ်သော။ ပလ္လလေ၊ အင်းအိုင်ချောင်းမြောင်း ရှုံညှန်ပျောင်း၌။ ဇိဏ္ဏ ကောဉ္စာ၊ အတောင်ကျိုးပျက် အသက်ယွင်းယို ကြိုးကြာအိုကြီးတို့သည်။ ဈာယန္တိဣဝ၊ မသွားသာမပျံသာ မကြံသာမတွေးနိုင်ပဲ ငေးမှိုင်၍ နေကြလေ ကုန်သကဲ့သို့။ ဈာယန္တိ၊ အရွယ်ရှိစဉ် ဟိုအခါက ပူပါတယ်ဆိုတဲ့ပုံအနေဖြင့် မှုံမပြေဖြစ်ကာ မှိုင်တွေ၍နေလေတော့သတည်း။

## "လူတကိုယ် ထင်တလုံး"

လောကေ ဆန္ဒာနုရူပေန၊ ဇနော အာသီသတေ ဖလံ။

မဟာဆန္ဒာ မဟန္တံဝ၊ ဟိနံ့ဝ ဟိနဆန္ဒကာ။

လောကေ၊ လူ့ရွာဌာန လူလောက၌။ ဇနော၊ စိတ်နောက်ကိုယ်ပါ လိုရာ လိုက်စား လူအများသည်။ ဆန္ဒာနုရူပေန၊ မိမိတို့၏ ဆန္ဒဓာတ်ကြော စိတ်သဘောထားသည့် အားလျော်စွာ။ ဖလံ၊ အကျိုးစီးပွား အစားစားကို။ အာသီသတေ၊ မျှော်လင့်တောင့်တ ကြောင့်ကြ၍နေရလေ၏။ မဟာဆန္ဒာ၊ စိတ်နေစိတ်ထား မြင့်မားခိုင်ဖြိုး ဆန္ဒဓာတ်အားကြီးသောသူတို့သည်။ မဟန္တံဝ၊ ကြီးမားမြင့်မောက် အထက်တန်းရောက်၍ တဘက်ကမ်းပေါက်သော အကျိုးကိုသာလျှင်။ အာသီသန္တိ၊ စိတ်ဆန္ဒဖြင့် ဟိတ်ဟန်ရအောင် ကြံဆမသွေမျှော်လင့်တောင့်တကြလေကုန်၏။ ဟိနဆန္ဒကာ၊ စိတ်သဘောအောက်တန်းကျ၍ ဆန္ဒဓာတ်ပျော့ချွဲချွဲနှင့် ရော့ရဲရဲနေရှာကြကုန်သောသူတို့သည်။ ဟိနံ့ဝ၊ မကြီးမကျယ် သိမ်ငယ်မှုံမွား အနုံ့စားအကျိုးကိုသာလျှင်။ အာသီသန္တိ၊ မျှော်လင့်ကြောင့်ကြ တောင့်တ၍နေကြလေကုန်၏။ ဓဝံ၊ ဤဂါထာသွား သဘောတရားအတိုင်းပင်လျှင်။ မနုဿာသု၊ နာနတ္တကာယ နာနတ္တသညီ အမည်တံဆိပ် ခပ်နှိပ်သောင်းသောင်း လူအပေါင်းတို့၌။ နာနာဆန္ဒာ၊ အမျိုးမျိုး အစားစား များပြားလှစွာသော ဆန္ဒဓာတ်တို့သည်။ အတ္တိသန္တိ၊ ကိုယ်စီကိုယ်င ရှိကြလေကုန်၏။ အတ္တိသန္တိ၊ ကိုယ့်စရိုက်နှင့် ကိုယ်ကြိုက်ကိုရှာ ကိုယ်လိုရာ မြှူချီ၍ အမူပိုမို အရှင်လုံးရယ်နှင့် မတူသကို အစဉ်ထုံးဟာမို့ လူတကိုယ် ထင်တလုံး ရှိကြလေကုန်၏။

## "မြကြေးမုံ"

သြလောကေတုံ ပရိသာယ၊ နိက္ခိတ မဏိအာဒါသံ။

သြလောကေန္တိ ယထာ ဇနာ၊ သြလောကေန္တု ဓမ္မဒါသံ။

ပရိသာယ၊ ဆင်လားမြန်းလား ဝတ်စားလားနှင့် ကြွားကြွားမော်မော် ပျော်ကာပါးကာ သွားလာမပြတ် များဗိုလ်ခြေပရိသတ်၏။ သြလောကေတုံ၊ ပုဝါထဘီ အင်္ကျီပိုးဖဲ တမျိုးလဲလျက် ပုလဲစိန်ခက် ဘယက်ဆင်ကာ မွှေးနံ့သာ မြရေစင်နှင့် လှစေချင် သလိမ်းသုတ်၍ လှကိန်းထုတ် အမြဲကြည့်ရန်အလို့ငှါ။ နိက္ခိတ မဏိအာဒါသံ၊ မတ်မတ်မားမား စိုက်ထောင်ထားသည့် ဓာတ်သား ကြည်လင် မြကြေးမုံအပြင်၌။ ဇနာ၊ သိပ်လှချင်တဲ့ ဟန်အလိုက်နှင့် မှန်ကြိုက်

သမား လူအများတို့သည်။ ဩလော ကေန္တိယထာ၊ ပြုမဝပြင်မဝ မြင်သမျှ ဘဝင်စွဲအောင် တမင်ပဲ ကြည့်ရှုကြလေကုန်သကဲ့သို့။ ဇံတထာ၊ မှန်ကိုရှု၍ ပြုပြင်ဝတ်စား ဆင်ယင်သည့်ပုံ အလားတူစွာ။ ဇနာ၊ ကံကုသိုလ်အတွက် တစခန်းထ၍ အထက်တန်းကျကျ မျက်နှာပန်းလှလှ ဖြစ်ရလိုကြောင်း လူအပေါင်းတို့သည်။ ဓမ္မဒါသံ၊ သုတ္တန်တသီး ဝိနည်းတဖြာ အဘိဓမ္မာတဖုံ သုံးပုံပိဋကတ် အမြတ်တွင်ခေါ် ဓမ္မကြေးမုံတော်ကို။ ဩလောကေန္တု၊ ကုသိုလ်တော် မြတ်တန်းဆာကို ပတ်လွှမ်းကာ အလှကလေးပုံနှိပ်ဖို့ ဓမ္မကြေးမုံရိပ်ကို ဒိဋ္ဌ စိတ်ချ နိစ္စမကွာ ကြည့်ရှုလိုက်ကြပါကုန်တော့လော့။

## "တူပျော်ပျော်"

ကေတော ကတပုညာနံ၊ အာနုဘာဝေန ကေတော။

အနုဘဝိံသု သမ္ပတ္တိံ၊ ပုည မညောည ယောဇိတာ။

ကေတော၊ စိတ်တူကိုယ်မျှ အလိုကျနှင့် ချိုမြနှလုံး စုရုံးပေါင်းစည်း တလုံးတသင်းတည်း။ ကတပုညာနံ၊ ရှင်ပြုံးကြည်သာ ညီညာပေါင်းပြု မြတ်ကောင်းမှုတို့၏။ အာနုဘာဝေန၊ တန်ခိုးရှိန်စော် အာနုဘော်ကြောင့်။ ပုညံ၊ လူနတ်နိဗ္ဗာန် သုံးတန်မျှော်ရှု မြတ်ကောင်းမှုကို။ အညောညယောဇိတာ၊ နှိုးဆော်ပြည့်နှံး တိုက်တွန်းဆိုပြော ဆော်ဩအားပေးကြကုန်လျက်။ ကေတော၊ လူဖြစ်လျှင်လဲအတူတူ နတ်ဖြစ်လျှင်လဲတစုထဲမို့ ဥမကွဲ သိုက်မပျက်ကြပဲသာလျှင်။ သမ္ပတ္တိံ၊ လူနတ်နိဗ္ဗာန် သုံးတန်ချမ်းသာ သမ္ပတ္တိအဖြာဖြာကို။ အနုဘဝိံသု၊ ပျော်ပျော်ပါးပါး ခံစားကြ လေကုန်ပြီတကား။ အနုဘဝိံသု၊ သဘောတော်ညီညာစေ၍ ကြည်သဒ္ဓါနှောင်မှု မှန်းသဖြင့် အောင်ဆုပန်းသွေ မကွာယှဉ်ပြီးလျှင် စေတနာအစဉ် အယူမချော်လို့ တူပျော်ပျော် ခံစားကြလေကုန်ပြီတကား။

## "မေတ္တာနှလုံး သစ္စာသုံး"

ဣမ ပေစ္စ ဝဆိုဿန္တိ၊ မေတ္တာသစ္စဥ္စ ဓာရိတာ။

တသ္မာ ဂုဆိုကာမာ တေ၊ ဓာရေယျုံ သကာဗန္ဓဝေ။

မေတ္တဥ္စ၊ ဆင်းရဲချမ်းသာ သတ္တဝါကို အပြစ်အနာအဆာမထားမူ၍ အချစ်ဘာဝနာပွားခြင်း တည်းဟူသော မေတ္တာတရားကို လည်းကောင်း။ သစ္စဥ္စ၊ ကိုယ်နှုတ်စိတ်မှာ မယုတ်မာပဲ ဟုတ်ရာပြုကြံ မှန်ရာပြောကြား သစ္စာဆိုတဲ့

တရားကိုလည်းကောင်း။ ဓာရိတာ၊ နေ့ရောညပါ ဘယ်ခါမပြတ် ဆောင်ထား တတ်သောသူတို့သည်။ ဣဓ၊ အမှုပေါ်လှတဲ့ ခုလောက၌။ ဝဍ္ဎိယန္တိ၊ လူလည်း ကြည်ညို နတ်လည်းလို၍ ဂြိုဟ်ကဖေးမ အန္တရာယ်ပသဖြင့် မုချမှန်စွာ ကြီးပွား ကြကုန်လတ့်။ ပေစ္စ၊ သေမင်းခေါ်လတ် ခန္ဓာပြတ်၍ ဘုံဇာတ်တခြား ရောက် သွားပြန်ပါ နောက်အခါ၌။ ဝဍ္ဎိယန္တိ၊ ကြီးပွားကြပါကုန်လတ့်။ တသ္မာ၊ ထို မေတ္တာသစ္စာ နှစ်ဖြာတရား လက်ကိုင်ထားက နှစ်ပါးဘဝ နှစ်လောက၌ မုချပိုင်ပိုင် ကြီးပွားနိုင်သည် ဖြစ်ပါလေသောကြောင့်။ ဂုဏိကာမာ၊ ခုရော နောင်ပါ ကြီးပွားရာကို လွန်စွာလိုလား လူအများတို့သည်။ သကဗန္ဓဝေ၊ မိမိတို့၏ မိတ်ဆွေအစစ် မဟာမိတ်ဖြစ်ကြကုန်သော။ တေ၊ ထို မေတ္တာသစ္စာ ချစ်သဟာခေါ်ငြား ထိုတရားတို့ကို။ ဓာရေယျုံ၊ သဲသဲမဲမဲ စွဲစွဲမြဲမြဲကြီး ဆောင်ထားကြကုန်ရာသတည်း။ ဓာရေယျုံ၊ ကံတော်လို့ရလာတဲ့ လူအဖြစ် အခါကိုအပြစ်အနာအဆာတွေနှင့် မပြုံးလိုက်ကြပါလေနှင့် မေတ္တာနှလုံး သစ္စာ သုံးကာနေထိုင်လိုက်ကြကုန်ရာသတည်း။

## ''မုန်းလျှင်အပြစ် ချစ်လျှင်အကျိုး''

ပိယဿ ဖရုသံ ဝါစံ၊ မဒုမေဝတိ မညတိ။

သွာကာရံတိ ဒုရာကာရံ၊ သာယံ လောကဿ ဓမ္မတာ။

ပိယဿ၊ အပြစ်ဘယာတွေ ရစ်ကာမမှီးပါပဲ ရှစ်ကမ္ဘာမသွေ မေတ္တာနှီး ခဲ့သဖြင့် အချစ်သဒ္ဓါကြီးတဲ့ သူတယောက်၏။ ဖရုသံ၊ လွှသွားတမျှ ကြမ်း တမ်းလှသော။ ဝါစံ၊ မကြားရဲအောင်ပ နားထဲမှာ ချမ်းချမ်းပြီး ကြောက် ခမန်း လန့်ခမန်းဖြစ်တဲ့ စကားကြမ်းတွေကို။ မဒုမေဝတိ၊ ဖဝါးမကွာ အနားလာ၍ စားစရာပေါင်း ပျားသကာလောင်း သကဲ့သို့။ မညတိ၊ ခါးတမာနွှောက်သော်လဲ ပျားသကာ ပေါက်သလို တောက်လျှောက်အစစ် အမျှင်မပြတ်ပဲ အထင်ကပ်၍ လာတတ်လေ၏။ ဒုရာကာရံ၊ အကျိုးမဲ့ ချိုးဖွဲ့ ပြုလုပ် အမှုယုတ်တွေကို။ သွာကာရံတိ၊ ကောင်းရာကိုစု ကောင်းမှုကိုကြံ ဖန်ဖန်လိုလား ပြုလုပ်ထားသည်ဟု။ မညတိ၊ အပေါင်းဓလေ့ အကြောင်း မစေ့သော်ကြောင့် အောင်းမေ့ ထင်တတ်လေ၏။ သာယံ၊ ထိုကဲ့သို့ ဖောက် လွှဲဖောက်ပြန် မှောက်လှန်ဦးစောက် အထင်အတွေး ရောက်ကြ ခြင်းသည်။ လောကဿ၊ ကမ္ဘာလောကကြီး၏။ ဓမ္မတာ၊ မုန်းလျှင်အပြစ် ချစ်လျှင်အကျိုး ရှိစနိုးမို့ ရှေးရိုးစဉ်လာ ဓမ္မတာကြီး ဖြစ်ရလေတော့သတည်း။ ။

## "မိန်းမ နှင့် မြွေ"

အဇဂရူပမာ ဣတ္ထီ၊ ပိယရူပါဒိနာဘိနာ။
ပုရိသံ အဘိဗန္ဓန္တိ၊ တသ္မာ တတ္ထ ဝိပဇ္ဇရေ။

အဇဂရူပမာ၊ သတ္တဝါတွေကို အများကြီးမွေ့တတ်တဲ့ စပါးကြီးမြွေနှင့် တူကုန်ထသော။ ဣတ္ထီ၊ အသိန်းမက ပလိန်းကြတဲ့ များလှထောင်သောင်း မိန်းမအပေါင်းတို့သည်။ ပိယရူပါဒိနာဘိနာ၊ ချစ်ဖွယ်လုံးစုံ ရူပါရုံအစ များလှ ထောင်သောင်း ချစ်ညို့ပေါင်းဖြင့်။ ပုရိသံ၊ ပညာမျက်စိ ကွယ်ကန်းဘိ၍ မသိယောင်ဝါး မှောက်မှားစရိုက် ယောက်ျားမိုက်တို့ကို။ အဘိဗန္ဓန္တိ၊ အနွဲ့အပလီ တကယ့်အထည်တွေလို ဖွဲ့ချည်သော်လား ညို့၍ထားကြ လေကုန်သောကြောင့်။ တတ္ထ၊ ထိုစပါးကြီးမြွေလား မိန်းမနား၌။ ဝိပဇ္ဇရေ—ဝိပဇ္ဇန္တိ၊ မပစ်မခွဲနိုင်ပဲ တရစ်ဝဲဝဲနှင့် အချစ်စွဲကာ နေကြရကုန်တော့သတည်း။

## "လောဘရန်သူ"

လောဘဝေရိံ ဘိဘဥ္စန္တော၊ မစ္ဆေရဥ္စ နိဝရဏံ။
အလောဘော ဇဟာတေ ဝတ္ထုံ၊ ဒဒါတိ အနပေက္ခဝါ။

ဘောဇန္တော၊ အို....တရားနာ ပရိသတ်အပေါင်း သူတော်ကောင်းတို့။ အလောဘော၊ မတွယ်မတာ သာယာလွတ်ကင်း လိုချင်ခြင်းနှင့် တပ်ခြင်းကင်းလှ အလောဘသည်။ လောဘဝေရိံ၊ ငါ့အိုးငါ့အိမ် ငါ့စိန်ငါ့ရွှေ ငါ့လယ်မြေဟု ရှိလေသမျှ တစမကြွင်း သိမ်းပိုက်ခြင်းဖြင့် လွန်မင်းနှစ်သက် မလွတ်ရက်သည့် ရမ္မက်ပြင်းလှ လောဘသင်းသီး ရန်သူကြီးကို။ အဘိဘဥ္စန္တော၊ မှုန့်မှုန့်ညက်ညက် ခြေဖျက်နှိမ်နင်း သုတ်သင်ရှင်းလျက်။ နိဝါရဏံ၊ တံတိုင်းကြီးကဲ့သို့ ကာဆီးကာဆီး ပြုတတ်သော။ မစ္ဆေရဥ္စ၊ မလှူချင်သေး မပေးရက်ချေ မစ္ဆေရန်လေး ညစ်အကြေးကို။ အဘိဘဥ္စန္တော၊ မှုန့်မှုန့်ညက်ညက် ခြေဖျက်နှိမ်နင်း သုတ်သင်ရှင်း၍။ အနပေက္ခဝါ၊ ရက်ရက်ရောရော ငဲ့သော ညှာသော သဘောပယ်ခွာ ရဲဝံ့စွာသာလျှင်။ ဝတ္ထုံ၊ ပစ္စည်းဝတ္ထု အစုစုကို။ ဇဟာတေ၊ ဓာတ်မတွန့်ပဲ စွန့်လည်း စွန့်နိုင်လေသတည်း။ ဒဒါတိ၊ နတ်ရွာနိဗ္ဗူ နောင်ကျိုးယူမည်ဟု ပေးလှူလည်း ပေးလှူနိုင်လေသတည်း။ ။

## "ပညာမဲ့လျှင် မလှူရက်"

မုဋ္ဌော နဟိဒဒါတျတ္ထံ၊ နရော ဒလိဒ္ဒသက်ယာ။

သပ္ပညော တု ဒဒါတျတ္ထံ၊ နရော ဒလိဒ္ဒသက်ယာ။

မုဋ္ဌော၊ ပညာအရှိန် မှေးမှိန်မှိုင်းထိုင်း ထုံထိုင်းမှောင်တောင် အမြင် ဉာဏ် မိုးခေါင်း၍နေသော။ နရော၊ ပညာမဲ့ငြား လူညံ့စားသည်။ ဒလိဒ္ဒ သက်ယာ၊ လျှပ်တပစ်မျှလောက်သော ဘဝကလေးတွင် ငြိုငြင်ဆင်းရဲ လူမွဲ ဖြစ်ရမည့်အရေးကို မျှော်တွေးကြောက်လန့် ရှာလေ သောကြောင့်။ အတ္ထံ၊ ကိုယ်ပိုင်သိမ်းထား ပစ္စည်းများကို။ နဟိဒဒါတိ၊မလှူဒါန်းရက် လျှို့ ဝှက် သို မြှုပ်၍ တထုပ်ထုပ်တပိုးပိုးနှင့် တိုးအောင်ပွားအောင် ကြံဆောင်လုံးပန်း၍ နေရှာလေသတည်း။ တု၊ အမြင်ကျယ်ပွား၍ သဘောထား မတူ ပုံသော် ကား။ သပ္ပညော၊ ပညာအရှိန် လျှံထိန်ဝိုးဝင်း အလွန်လင်းသော။ နရော၊ အမြင်ကျယ်ဘိ ပညာရှိ ပုဂ္ဂိုလ်သည်ကား။ ဒလိဒ္ဒသက်ယာ၊ နှောင်သံသရာ ရှည်လျားကြာအောင် ဥစ္စာရှိပဲ ပစ္စည်းမဲ့၍ သူဆင်းရဲ ဖြစ်ရမည့် အရေးကို မျှော်တွေးကြောက်လန့် လေသောကြောင့်။ အတ္ထံ၊ ကိုယ်ပိုင် သိမ်းထား ပစ္စည်းများကို။ ဒဒါတိ၊ မသိုမမြှုပ် မထုပ်မပိုး အကျိုးဖြစ်စေ လှူဒါန်းကြ လေတော့သတည်း။ ။

## "သေမင်း တံမြက်စည်း စုတိကြီး"

စုတိသမ္မဇ္ဇနိဂ်ယျ၊ သမ္မဇ္ဇိ ခလမဏ္ဍလေ။

တိဘူမေ မစ္စုရာဇာဟော၊ နိစ္စံ ကစဝရေ ဇနေ။

ဘောန္တော၊ အို.... တရားနာ ပရိသတ်အပေါင်း သူတော်ကောင်းတို့။ မစ္စုရာဇာ၊ ဘုရားရဟန္တာ ပစ္စေကာနှင့် စကြာမန္တတ် မြတ်သော ယုတ် သော သဘောနှိုင်းစာ မတိုင်းထွာပဲ ညှာတာကင်းချေ မငဲ့လေပဲ အသေ သတ်ခွင်း ဆိုးဝါးတဲ့ ရှင်သေမင်းသည်။ စုတိသမ္မဇ္ဇနိံ၊ သေခြင်း တည်းဟူ သော တံမြက်စည်းကြီးကို။ ဂယှ ဂဟေတွာ၊ မခွါမခွဲ အမြဲပင် ကိုင်စွဲလေပြီး သော်။ ခလမဏ္ဍလေ၊ ဇာတိမကင်း တလင်းသဖွယ် လွန်ပျံ့ကျယ်သော။ တိဘူမေ၊ နာမရူပ အရူပဟု ဘဝသုံးခွင် ဘုံအပြင်၌။ ကစဝရေ၊ အမှိုက် သရိုက်တွေနှင့် တူကုန်ထသော။ ဇနေ၊ လူရှေ့နတ်ပါ ဗြဟ္မာမကြွင်း ခပင်း ဉဿုံ သတ္တဝါ အလုံးစုံတို့ကို။ နိစ္စံ၊ မျက်တောင်တယှက် လျှပ်တပြက်မျှ ရပ်လျက်မနေ မြဲတစေပင်လျှင်။ သမ္မဇ္ဇိ၊ ဒလိမ့်ကောက်ကွေး ယှက်ယှက်

ထွေးလျက် ပြေးမလွတ်ကင်း ဇွတ်အတင်းပင် တလင်းပြောင်စေ တံမြက်လှဲ၍ နေလေသတည်း။ အဟော၊ ဩော်....သေမင်းတံမြက် သူ့လက်နက်ကြောင့် အသက်ဆုံးရေး အရှုံးပေးလျက် ရန်ဘေးတသွန် ကြောက်သွေးမွှန်လျက် အလွန်ထိတ်လန့်ဖွယ် ကောင်းလှပါပေသည်တကား။ ။

## "မျက်ရည်သမုဒ္ဒရာ"

ကေဿ ရုဒတော အဿု၊ စတုဒ္ဒိဇလာ ဗဟူ။
ဒုက္ခံ အနမတဂ္ဂံ၀၊ တံဟေတု ပရိဒေ၀နံ။

ကေဿ၊ သံသရာဗွက် ဘ၀စက်မှ လွတ်ထွက်မသာ တယောက်သော သတ္တ၀ါ၏။ ရုဒတော၊ ချစ်သူသေပျက် သည့်အတွက်ကြောင့် နေခွင့်မရ ငိုခဲ့ရသော။ အဿု၊ စီးကျယိုထွက် မျက်ရည်စက်သည်။ စတုဒ္ဒိဇလာ၊ သမုဒ္ဒရာလေးထွေ စီးသောရေထက်။ ဗဟူ၊ ဆထက်ထောင်နေ များလှလေပြီ။ တံဟေတု၊ ထိုရာဂစိတ်မိုက် သူ့အကြိုက်ကို စိုက်စိုက်မငြင်း လိုက်မိခြင်းကြောင့်။ ပရိဒေ၀ဒုက္ခံ၊ ရှိုက်ငင်ပူဆွေး ဆူမအေးနိုင်ပဲ ငိုကြွေးရခြင်း ဆင်းရဲဒုက္ခသည်။ အနမတဂ္ဂံ၀၊ အစဆုံးကျ မသိရသည်သာလျှင်တည်း။ ။

"ဂါထာပဒေသာ" ပြီး၏။

# “မြရောင်ခြည် ဘုရားပင့်”

ဥဒေတိ ဒါနိ လောကညူ၊ စန္ဒိမာ ဓမ္မသီတဂူ။
ပဘာသေတိ ဣမေဇန္တူ၊ ဓမ္မရံသီဟိ ဓာတုဇူ။

ဒါနိ ဣဒါနိ၊ ဘုရားတည်းဟူသော ရတနာစန်းယုန်ကြောင့် သဒ္ဓါပန်းအငုံတို့ အဖြာဖြာ ဆန်းစုံတင့်၍ အစွမ်းကုန် ပွင့်ရမည့် ဤယခုအခါ၌။ ဓမ္မသီတဂူ၊ ရွှေမြအရောင် နေလအရောင် အထွေထွေ အလျှရောင် တို့ထက် အကုဋေမကအောင် ဝင်းကြည်ပ၍ အလင်းသီတလ အဖြာဖြာ ပွားနိုင်သဖြင့် ကမ္ဘာတလွှားမှာ ရတနာတရားတည်းဟူသော အရောင်အဝါလည်း ရှိတော်မူထသော။ လောကညူ၊ လူအကြောင်းတွေ နတ်အကြောင်းတွေ ဗြဟ္မာအကြောင်းတွေနှင့်တကွ ကမ္ဘာအကြောင်းတွေ ရှိရှိသမျှ မိမိရရ အခက်မထင် မျက်ရှင်ပတ္တမြား လက်တွင်ထားသကဲ့သို့ ပိုင်းခြားဝေဘန် သဗ္ဗညုတရွှေဉာဏ်ဖြင့် ကေန်သိမြင်တော် မူထသော၊ (ဝါ) ဘယ်အချိန် ဘယ်အခါမှာတော့ အအေးကိုကြိုက်၍ အဆွေးဆိုတဲ့ စရိုက် တွေနှင့် ပူပါသည် သူတကာရှိလျှင် အလိုက်သာ ပြုံးသူတို့နှင့်တကွ တတိုက် တကမ္ဘာ လုံး၏ စရိုက်ဓမ္မာ အသုံးတို့ကို တရုံးတစည်း သိမြင်တော် မူထသော။ စန္ဒိမာ၊ တကမ္ဘာလုံးမှာ အသာဆုံး အထိန်ဆုံး ဖြစ်၍ စိန်တန္ဆန်း မြသော်တာလိုခဏမပေါ်လာလျှင် တ,မျှော်ကာ မှန်းနေလင့်ရသည့် စန်းငွေပွင့် ဘမရာ ရှင်သည်၊ (ဝါ) ပူတဲ့သူကို အအေးဓာတ်ရိုက် အဆွေး ဇာတ် လိုက်တွေ အကုန်နှင့် အစုံအလင် ချမ်းကြည် အိကြသဖြင့် ဂွမ်းဆီထိ သလို မခြားအောင် တတ်နိုင်သဖြင့် တရား အရောင် ဓာတ်သခင် ဖြစ်တော်မူသည့် ဘုရား တည်း ဟူသော မြနန်းရတနာ လစကြာ ကြီးသည်။ ဥဒေတိ၊ အမိုက်ကို ပယ်ခွာရှောင် အမှောင်ကိုဖြတ်ခွင်း၍ အလင်းဓာတ် တကြည်

ကြည် ဖိုလ်ဥဒီ တောင်တော်ထိပ်ဆီမှ မြရောင်ခြည် တဖိတ်ဖိတ်နှင့် တရိပ်ရိပ်ထွက်ပေါ်၍ လာလေ၏၊ (ဝါ) အကြည်ရောင် တွေကိုဖျန်း အချမ်းဓာတ်တွေကိုဝေ နှစ်သက်စေ ဖူးမြင်ရသူတို့၌ အထူးပင် ဦးတင်ချရအောင် တမြူးမြူးတရှင်ရှင်ကြွလျက် လှပပေါ်ထွန်းတော် မူလေ၏။ စန္ဒိမာ၊ လေးကျွန်းကိုလှည့်ပတ်၍ လေးရပ်ကို မြန်းတော်မူ သိတဂူမြနန်းနှင့် လစန်းရတနာ ဖြစ်တော်မူသော မြတ်စွာဘုရား။ တွံ၊ အတွင်းပူအပြင်ပူ အစဥ်ပူကာ အပူကပ်ကြလျက် အပူဓာတ်ရှိသူတို့အား အပူဓာတ် ချုပ်ငြိမ်းအောင် ရုပ်သိမ်းမြေစေနိုင်သည့် ဧဝပိုင် ဖြစ်တော်မူသော ရှင်တော် ဘုရားသည်။ ဓာတုဇ၊ ရှေးရှေးသောပါရမီ သမ္ဘာရဓာတ်စော၍ အမြတ်သဘော ဝါသနာခိုင်ကြသဖြင့် ဓမ္မတာအတိုင်း ဖြောင့်မှန်၍ နေကြကုန်သော။ ဣမေဇန္တူ၊ ရှေးဘဝ စရိုက်တို့ကြောင့် အအေးအမြကိုသာ ကြိုက်ကြကုန်သော တိုက်လောကပုဂ္ဂိုလ် ထိုထိုများစွာ သတ္တဝါအပေါင်းတို့ကို။ ဓမ္မရံသီဟိ၊ ဂုဏ်တော်ညွန့်ခြောက်စုံ ကြည်ပုံတော်ခြောက်ခန်း တရားတည်းဟူသော မြရောင်ခြည် ပန်းတို့ဖြင့်၊ (ဝါ)အတွင်းကအေး၍ အပြင်ကကြည် ဘဝင်မနသီ အညီအမျှဖျန်းပေးသဖြင့် သီတလစန်းတည်းဟူသော မြရောင်ခြည် အလင်းတို့ဖြင့်။ ပဘာသေတိ၊ ပါရမီအဓိဋ္ဌာန် မချို့ခဲ့ကြသည့်အတိုင်း နိဗ္ဗာန်မြို့နန်းအမတာမြေမှာ ချမ်းသာစေ မှောင်ခြေမသန်းရအောင် ရောင်ငွေစန်းကတကြည်ကြည် ထိန်ထိန်လည်ပပဝင်း၍ ထွန်းလင်းတော် မူလှဲ့ပါ့ ကမ္ဘာ့အမှောင်မသီ မြရောင်ခြည်....မြရောင်ခြည် အကွန့်အမြူးတို့ဖြင့် အညွန့်အဖူး အသရေမဆုံးနိုင်သည့် ရွှေဘုန်းတော်သခင် အရှင်မြတ်ကြီးဘုရား။ ။

## "ဘုန်းတော်ခြောက်ပါး ဘုရားပင့်"

ဣဿရိယံ ဓမ္မံ ယသံ၊ သိရိံ ကာမံ ပယတ္တကံ။

သာဒရံ တာဟံ နမာမိ၊ သော မေ တိဋ္ဌတု သိသကေ။

ဣဿရိယံ၊ စိတ်တော်ကိုယ်တော် ထို နှစ်ဖော်ကို အလိုတော် ရှိသမျှ အဓိကရ တန်ခိုးပိုင်၍ ကောင်းစွာအစိုးရတော် မူနိုင်ခြင်း တည်းဟူသော ဣဿရိယဘုန်းတော်လည်း ရှိတော်မူထသော။ ဓမ္မံ၊ လောကုတ် လောကီ နှစ်လီမြူးကွန့် ဖူးအညွန့်ခေါင်ကတင်၍ အဘိညာဥ်ဓာတ်အလိုနှင့် အရဟတ္တဖိုလ်ဆိုတဲ့ ဓမ္မဘုန်းတော်လည်း ရှိတော် မူထသော။ ယသံ၊ ဘဝဂ်ဘုံနှံ့ လှိုင်ပျံ့သင်းထုံ သတင်းဂုဏ်ကျော်ကြား၍ အခြံအရံများခြင်းတည်းဟူသော

ယသ ဘုန်းတော်လည်း ရှိတော်မူထသော။ သိရိံ၊ လက္ခဏာတော် ပြောင်ကြည် ရောင်ခြည်တော် အနန္တတွေကြောင့် လူ့ကျက်သရေ, နတ်ကျက်သရေ, နဝရတ် ကျက်သရေ, ပန်းတွေအစုံ၏ ကျက်သရေ, နန်းရွှေဘုံ၏ ကျက်သရေ, စန်းငွေ့ယုန်၏ ကျက်သရေ, ရွှေကျက်သရေ, ငွေကျက်သရေ, နေကျက်သရေ အပေါင်းတို့ထက် သိန်းသောင်းသချေ် မွန်မြတ် လှပေသည့် ကျက်သရေတို့၏ထိပ်တင် ကျက်သရေတို့၏ ဘုရင်ကြီးဆိုတဲ့ သိရိဘုန်းတော်လည်း ရှိတော်မူထသော။ ကာမံ၊ စိတ်ရှိသမျှ ဣစ္ဆိတ ဓာတ်လုံးပမာ မကြာလျှင်ဆော လိုသောဆန္ဒ စုံပြည့်ဝသည့် ကာမဘုန်းတော်လည်း ရှိတော်မူထသော။ ပယတ္တကံ၊ ဝီရိယဓာတ် ကြီးမြတ်ရင့်ရဲ စစ်ပွဲဟူသမျှ အောင်လံရသည့် ပယတ္တဘုန်းတော်လည်း ရှိတော်မူထသော။ တံ၊ ဘုန်းတော် ခြောက်ဆိုင် ဘဝဂ်တိုင်အောင် မြိုင်မြိုင်ဖြန့်လွှား ထို မြတ်စွာဘုရားကြီးကို။ အဟံ၊ ရှပ်နာမ်နှစ်ပါး ဓာတ်တရားကို မှတ်သားတမင် ဒိဋ္ဌိခင်လျက် ငါပင်ငါပဲ အထင်လွဲသည့် ဓာတ်ခဲဓာတ်ရှပ် အကျွန်ုပ်သည်။ သာဒရံ၊ လေးမြတ်ကြည်ညို ရိုသေလှစွာ။ နမာမိ၊ ကာယဝစီ မနသီဿတ်ကျိုး လက်စုံမိုး၍ အကြိမ်ကြိမ် ရှိခိုးလိုက်ပါ၏ မြတ်စွာဘုရား။ သောဘဂဝါ၊ ဘုန်းတော်ခြောက်ဆူ ပန်းမဥ္ဇူကို လူလူကြိုင်သင်း ဘဝဂ်ချင်းအောင် ဖြန့်ခင်းနှံ့စေ မွှေးနံ့ခြွေသည့် ရွှေဘုန်းတော်ထွန်းထား ထိုမြတ်စွာဘုရားသည်။ မေ၊ ရှပ်ဓာတ် နာမ်ဓာတ် နှစ်ရပ်ပေါင်းစု ငါဟုသမုတ် အကျွန်ုပ်၏။ သီသကေ၊ ဥဿျောင်ကြင်နှန်း မြနန်းတန္ထန်း ပိတုံးရောင်ခြယ် ဦးထိပ်လယ်၌။ ဌာတု၊ တရာ့ ရှစ်ကွက် ရွှေစက်နှစ်စုံ ကြာပဒုံကို ချီရုံဖြန့်မြန်း ကြွလှမ်းတော်မူလှဲ့ပါ့ ဖလ်သူရိန် နေတန္ထန်းကဲ့သို့ ရွှေဘုန်းတော်သခင် အရှင်မြတ်ကြီးဘုရား။ ။

**ဘုရားပင့်များပြီး၏။**

# ''ရေစက်ချတရေးများ''

## ''အသုဘ ရေစက်ချ''

ဘန္တေ၊ အရှင်မြတ်တို့ဘုရား။ မယံ၊ တပည့်တော်တို့သည်။ သံသာရေ၊ သံသရာ၌။ သံသရန္တာ၊ ကျင်လည်ကျက်စား ပြေးသွားရသည်ရှိသော်။ ဇာတိအာဒီဟိ၊ ပဋိသန္ဓေနေရခြင်းအစရှိကုန်သော။ ဒုက္ခေဟိ၊ ဆင်းရဲအပေါင်းတို့သည်။ ပီဠိတာ၊ အမြဲမပြတ်နှိပ်စက်အပ်ကုန်သောကြောင့်။ ဒုက္ခာဝတ၊ဆင်းရဲကုန်စွတကား။ တေဟိဒုက္ခေဟိ၊ ထိုဆင်းရဲအပေါင်းတို့မှ။ မုစ္စိတွာ၊ ကင်းလွတ်ရ၍။ နိဗ္ဗာနံ၊ ဒုက္ခပြတ်သိမ်း ဇာတ်ငြိမ်းရာမှန် ပြည်နိဗ္ဗာန်ကို။ သီဃံ၊ ဘဝမကွာလျင်မြန်စွာ။ ပါပုဏာတ္တာယ၊ ရောက်ရပါစေခြင်းအကျိုးငှါ လည်းကောင်း။ [မိန်းမဖြစ်လျှင်] ပေတာယ ကာလကတာယ၊ အတည်မကျ ဘဝတပါးသို့ ကူးပြောင်းသွားသော ဒေါ်....၏]။ [ယောကျ်ားဖြစ်လျှင်]ပေတဿ ကာလကတဿ၊ အတည်မကျ ဘဝတပါးသို့ ကူးပြောင်းသွားသောဦး....၏]။ ဘဝါဘဝေ၊ ဖြစ်လေရာရာ ဘဝကြီးငယ် အသွယ်သွယ်၌။ အနုပါနစ္စ၊ ထမင်းအဖျော်ကိုလည်းကောင်း။ ဝတ္ထာလင်္ကာရဉ္စ၊ အဝတ်တန်းဆာ အဖြာဖြာကိုလည်းကောင်း။ လာဘနတ္တာယ၊ ရပါစေခြင်း အကျိုးငှါ လည်းကောင်း။ ဥဒ္ဒိဿ၊ စိတ်ကရည်ရော် မှန်းဆမျှော်၍။ ဣမာနိ စီဝရာနိစ၊ ဤသင်္ကန်းတို့ကိုလည်းကောင်း။ ဣမာနိ ဥပဟနာနိစ၊ ဤဖိနပ်တို့ကိုလည်းကောင်း။ ဣမာနိ ပိဏ္ဍပါတ ခါဒနိယ ဘောဇနာနိစ၊ ဤဆွမ်းခဲဘွယ် ဘောဇဉ်တို့ကို လည်းကောင်း။ အာယသ္မန္တာနံ၊ အရှင်ဘုရားတို့အား။ ဒက္ခိဏောဒကံ၊ အလှူရေစက်ကို။ ပါတေတွာ၊ သွန်းချ၍။ ဒေမ၊ ပေးလှူပါကုန်၏။ ပူဇေမ၊ ညွတ်တွားကော်ရော် ပူဇော်ပါကုန်၏။ အာယသ္မန္တာပိ၊ အရှင်ဘုရားတို့သည်လည်း။ ယထာသုခံ၊ အလိုရှိတိုင်း။ ပရိဘုဉ္ဇန္တု၊ ဘုဉ်းပေးသုံးဆောင် လက်ခံတော်မူကြပါကုန်လော့။ ပရိဘုဉ္ဇိတွာ၊ ဘုန်းပေးပြီး၍။ တိသာသနံ၊ ပရိယတ်, ပဋိပတ်, ပဋိဝေဓဟုဆိုအပ်သော သာသနာတော်သုံးရပ်ကို။ စေပုလ္လံ၊ စည်ပင်ပြန့်ပွား ထွန်းကားလေအောင်။ ဝဟန္တု၊ ရွက်ဆောင်တော်မူကြပါကုန်လော့။ မယံ၊ တပည့်တော်တို့သည်။ ပဉ္စသီလာနိစ၊ ငါးပါးသီလတို့ကိုလည်း။ သမာဒိ

ယာမ၊ ကောင်းစွာခံယူ ဆောက်တည်ကြပါကုန်၏ အရှင်ဘုရား။ ဓမ္မဥ၊ တရားတော်ကိုလည်း။ သာဓုကံ၊ ရိုသေစွာ။ သုဏောမ၊ နာကြားကြပါကုန်၏ အရှင်ဘုရား။ ဣမာနိ ပုညကမ္မာနိ၊ ဤ ဒါန,သီလ, ဘာဝနာဟု သုံးဖြာအစု မြတ်ကောင်းမှုတို့သည်။ [မိန်းမဖြစ်လျှင်] ပေတာယ ကာလင်္ကတာယ၊အတည်မကျ ဘဝတပါးသို့ ကူးပြောင်းသွားသော ဒေါ်.... ၏။ [ယောကျ်ားဖြစ်လျှင်] ပေတဿ ကာလင်္ကတဿ၊ အတည်မကျ ဘဝတပါးသို့ ကူးပြောင်းသွားသော ဦး....၏။ ဘဝါဘဝေ၊ ဖြစ်လေရာရာ ဘဝကြီးငယ် အသွယ်သွယ်၌။အနုပါနုဥ၊ ထမင်းအဖျော်ကိုလည်းကောင်း။ ဝတ္ထာလင်္ကာရဥ၊ အဝတ်တန်းဆာ အဖြာဖြာကိုလည်းကောင်း။ လဘနဟေတု၊ ရခြင်း၏အကြောင်းတို့သည်။ ဘဝန္တု၊ ဖြစ်ပါစေကုန်သတည်း။ ဣမာနိ ပုညကမ္မာနိ၊ ဤသို့ ပေါင်းစု မြတ်ကောင်းမှုတို့ကို။ [မိန်းမဖြစ်လျှင်] ပေတာယ ကာလင်္ကတာယ၊ ဘဝတပါးသို့ ကူးပြောင်းသွားသော ဒေါ်.... အား လည်းကောင်း။ [ယောကျ်ားဖြစ်လျှင်] ပေတဿ ကာလင်္ကတဿ၊ အတည်မကျ ဘဝတပါးသို့ ကူးပြောင်းသွားသော ဦး....အား လည်းကောင်း။ သက္ကရာဇာနံ၊ နတ်တို့သနင်း သိကြားမင်းကို။ အာဒိံ ကတွာ၊ အစထား၍။ သဗ္ဗဒေဝတာနဥ၊ အလုံးစုံသော နတ်တို့အားလည်းကောင်း။ ယမရာဇာနံ၊ ငရဲသနင်း ယမမင်းကို။ အာဒိံ ကတွာ၊ အစထား၍။ သဗ္ဗအပါယ သတ္တာနဥ၊ အလုံးစုံသော အပါယ်သတ္တဝါ တို့အားလည်းကောင်း။ ရာဇာနံ၊ ရေမြေသနင်း ပြည့်ရှင်မင်းကို။ အာဒိံ ကတွာ၊ အစထား၍။ သဗ္ဗမနုဿာနဥ၊ အလုံးစုံသော လူတို့အားလည်းကောင်း။ အမှေဟိ၊ ငါတို့နှင့်။ သမံ ထပ်တူထပ်မျှ။ လဒ္ဓုံ၊ ရပါစေခြင်းအကျိုးငှါ။ ဘာဇေမ၊ အမျှရစေ ပေးဝေကြပါကုန်၏။

အမျှ .... အမျှ .... အမျှ၊ ယူတော်မူကြပါကုန်လော့။ ။

## "ဆွမ်းကျွေးရေစက်ချ"

ဘန္တေ၊ အရှင်မြတ်တို့ဘုရား။ မယံ၊ ဆွမ်းဒကာ (ဦး....)၊ ဆွမ်းအမ (ဒေါ်....)တို့သည်။ ကမ္မဥ၊ ကံကိုလည်းကောင်း။ ကမ္မဖလဥ၊ ကံ၏ အကျိုးတရားကိုလည်းကောင်း။ သဒ္ဒဟိတွာ၊ ယုံကြည်ကြပါကုန်သည်ဖြစ်၍။ နိဗ္ဗာနံ၊ ဒုက္ခခပ်သိမ်း ပြတ်ငြိမ်းရာမှန် ပြည်နိဗ္ဗာန်ကို။ သီဃံ၊ ဘဝမကွာ ဆောလျင်စွာ။ ပါပုဏတ္ထာယ စ၊ ရောက်ရပါစေခြင်း အကျိုးငှါလည်းကောင်း။ တိသာသနံ၊ ပရိယတ်, ပဋိပတ်, ပဋိဝေဓဟု ဆိုအပ်သော သာသနာ သုံးရပ်သည်။ ဝေပုလ္လတ္ထာယ စ၊ စည်ပင်ပြန့်ပွား ထွန်းကားပါစေခြင်း အကျိုးငှါ လည်း

ကောင်း။ ဥဒ္ဒိဿ၊ စိတ်ကရည်ရော် မှန်းဆမျှော်၍။ သံဃဿစ၊ သံဃာတော် အရှင်မြတ်အားလည်းကောင်း။ အာဂတာနံ၊ ကြွရောက်၍လာကြကုန်သော။ မိတ္တသဟာယာနဥ္စ၊ မိတ်ဆွေခင်ပွန်းတို့အားလည်းကောင်း။ ပဏီတဘောဇနေဟိ၊ မွန်မြတ်သော ခဲဘွယ်ဘောဇဉ်တို့ဖြင့်။ ဘောဇေမ၊ ကျွေးမွေးကြပါကုန်၏။ အာယသ္မန္တာပိ၊ အရှင်မြတ်တို့သည်လည်း။ ယထာသုခံ၊ အလိုရှိတိုင်း။ ပရိဘုဥ္ဇန္တု၊ ဘုဉ်းပေးသုံးဆောင်ကြပါကုန်လော့။ ပရိဘုဥ္ဇိတွာ၊ ဘုဉ်းပေးသုံးဆောင်ပြီး၍။ ဓူရဒွယံ၊ ဂန္ထဓူရ, ဝိပဿနာဓူရဟု ဆိုအပ်သော ဓူရနှစ်ပါး မြတ်တရားကို။ ဝဟန္တု၊ ဆောင်ရွက်တော်မူကြပါကုန်လော့။ ပဥ္စသီလာနိစ၊ ငါးပါးသီလတို့ကိုလည်း။ သမာဒိယာမ၊ ကောင်းစွာခံယူ ဆောက်တည်ကြပါကုန်၏။ ဓမ္မဥ္စ၊ ဘုရားဟောဖော်.တရားတော်ကိုလည်း။ သာဓုကံ၊ ကောင်း မွန်ရိုသေစွာ။ သုဏောမ၊ နာကြားကြပါကုန်၏ အရှင်ဘုရား။ ဣမာနိ ပုညကမ္မာနိ၊ ဤသို့ ပေါင်းစု မြတ်ကောင်းမှုတို့သည်။ အာသဝက္ခယံ၊ကာမာသဝ, ဘဝါသဝ, ဒိဋ္ဌာသဝ, အဝိဇ္ဇာသဝဟုဆိုအပ်သော အာသဝေါတရားလေးပါး တို့၏ ကုန်ရာကုန်ကြောင်းဖြစ်သော နိဗ္ဗာန်သို့။ ဝဟံ၊ ပေါက်ရောက်အောင် ရွက်ဆောင်နိုင်သည်။ ဟောန္တု၊ ဖြစ်ပါစေကုန်သား အရှင်ဘုရား။ ဣမာနိ ပုညကမ္မာနိ၊ ဤသို့ ပေါင်းစု မြတ်ကောင်းမှုတို့ကို။ မာတာပိတုနဥ္စ၊မွေးသမိခင် မွေးသဖခင် ကျေးဇူးရှင်တို့အားလည်းကောင်း။ဗန္ဓုနဥ္စ၊အရာရာမျိုး လွန်အား ကိုးရသော ဆွေမျိုးသားချင်းတို့အားလည်းကောင်း။ သက္ကရာဇာနံ၊ နတ်တို့ သနင်း သိကြားမင်းကို။ အာဒိံ ကတွာ၊ အစပြု၍။ သဗ္ဗဒေဝတာနဥ္စ၊ အလုံးစုံ သော နတ်တို့အား လည်းကောင်း။ ယမရာဇာနံ၊ ငရဲသနင်း ယမမင်းကို။ အာဒိံ ကတွာ၊ အစပြု၍။ သဗ္ဗအပါယ သတ္တာနဥ္စ၊ အလုံးစုံသော အပါယ် သတ္တဝါတို့အား လည်းကောင်း။ ရာဇာနံ၊ ရေမြေသနင်း ပြည့်ရှင်မင်းကို။ အာဒိံ ကတွာ၊ အစပြု၍။ သဗ္ဗမနုဿာနဥ္စ၊ အလုံးစုံသော လူတို့အား လည်း ကောင်း။ အမ္ဟေဟိ၊ ငါတို့နှင့်။ သမံ၊ ထပ်တူထပ်မျှ။ လဒ္ဓုံ၊ ရပါစေခြင်း အကျိုးငှါ။ ဘာဇေမ၊ အမျှရစေ ပေးဝေကြပါကုန်၏။ ။

အမျှ .... အမျှ .... အမျှ၊ ယူတော်မူကြပါကုန်လော့။

## "ရှင်ပြုရဟန်းခံ ရေစက်ချရန်"

ဘန္တေ၊ အရှင်မြတ်တို့ဘုရား။ (ရှင်ပြုဖြစ်လျှင်) မယံ၊ ရှင့်ဒကာ(ဦး........) ရှင့်အမ(ဒေါ် .... ....) တို့သည်။ (ရဟန်းခံဖြစ်လျှင်) မယံ၊ ရဟန်း ဒကာ (ဦး .... .... ) ရဟန်းအမ(ဒေါ် .... .... ) တို့သည်။ သာသနေ ဒါယဇ္ဇံ၊

ဗောဓိပက္ခိယတရား သုံးဆဲ့ခုနစ်ပါး တည်းဟူသော သာသနာ့အမွေတော်ကြီးကို၊ (၀ါ) မဂ်ဉာဏ်လေးပါး ဖိုလ်ဉာဏ်လေးပါး တည်းဟူသော ဓမ္မအမွေတော်ကြီးကို။ လဘနတ္ထာယ၊ ရပါစေခြင်းအကျိုးငှါ။ ဗုဒ္ဓ သာသနေ၊ ရှင်တော်ဘုရား တည်ထားမိန့်မှာ သာသနာ၌။ အတ္တနော ပုတ္တဥ္စ၊ ရင်ဝယ်ပေါက်ဖွား မွေးသည့်သားကိုလည်းကောင်း။ ပရပုတ္တဥ္စ၊ သူတပါးတို့၏သားကိုလည်းကောင်း။ အဋ္ဌပရိက္ခာရေဟိ၊ ရှစ်ပါးပရိက္ခရာ စုံလင်စွာတို့ဖြင့် (ရှင်ပြုဖြစ်လျှင်)သာမဏေရဘာဝံ၊ ရှင်သာမဏေအဖြစ်သို့။ (ရဟန်းခံဖြစ်လျှင်)ဘိက္ခုဘာဝံ၊ ရဟန်းအဖြစ်သို့။ ပတ္ထုံ၊ ရောက်ပါစေခြင်းငှာ။ ပဂ္ဂဏှာမ၊ ချီးမြှောက်ကြပါကုန်၏ အရှင်ဘုရား။ အာယသ္မန္တာနံပိ၊ အရှင်ဘုရားတို့အားလည်း။ နာနာဒါတဗ္ဗဝတ္ထုနိ၊ အမျိုးမျိုးသော (လှူရန်ဝတ္ထုကိုဗမာလိုထည့်ဆို) ဟု ဆိုအပ်သော လှူဖွယ်ဝတ္ထုတို့ကို။ ဒေမ၊ ပေးလှူပါကုန်၏။ ပူဇေမ၊ ပူဇော်ပါကုန်၏။ ပဏီတ ဘောဇနေဟိ၊ မွန်မြတ်သော ခဲဘွယ်ဘောဇဉ်တို့ဖြင့်။ သံဃဿ စ၊ သံဃာတော်အား လည်းကောင်း။ အာဂတာနံ၊ ကြွရောက်၍ လာကြ ကုန်သော။ မိတ္တသဟာယာနဥ္စ၊ မိတ်ဆွေခင်ပွန်းတို့အားလည်းကောင်း။ ဘောဇေမ၊ ကျွေးမွေး လှူဒါန်း ပါကုန်၏ အရှင်ဘုရား။ ပဉ္စသီလာနိ စ၊ ငါးပါးသီလ တို့ကိုလည်း။ သမာဒိယာမ၊ ကောင်းစွာခံယူ ဆောက်တည်ကြပါကုန်၏။ဓမ္မဥ္စ၊တရားတော် မြတ်ကိုလည်း။ သာဓုကံ၊ ကောင်းမွန်ရိုသေစွာ။ သုဏောမ၊ နာကြားကြပါကုန်၏။ ဣမေဟိ ပုညကမ္မေဟိ၊ ဤသို့ပြုစု မြတ်ကောင်းမှုတို့ကြောင့်။ ဒုက္ခသစ္စံ၊ ဒုက္ခသစ္စာကို။ ပရိဇာနန္တာ၊ ပိုင်းခြား၍သိနိုင်သော။ သမုဒယသစ္စံ၊ သမုဒယသစ္စာကို။ ပဇဟန္တာ၊ ပယ်စွန့်နိုင်သော။ နိရောဓသစ္စံ၊ နိရောဓသစ္စာကို။ သစ္ဆိကရောန္တာ၊ မျက်မှောက်ပြုနိုင်သော။ မဂ္ဂဉာဏံ၊ မဂ္ဂသစ္စာ ဘာဝနာဟု ဆိုအပ်သော မဂ်ဉာဏ်ကို။ မယံ၊ အလှူဒါယကာ ဦး( .... .... ) အလှူအမ (ဒေါ် .... .... ) တို့နှင့်တကွ တရားနာပရိသတ် တို့သည်။ လဘာမ၊ ဘဝမကူးရ ရရပါစေသား အရှင်ဘုရား။ ဣမာနိ ပုညကမ္မာနိ၊ ဤသို့ပေါင်းစု မြတ်ကောင်းမှုတို့ကို။ မာတာပိတုနဥ္စ၊ မွေးသမိခင်မွေးသဖခင် ကျေးဇူးရှင် တို့အား လည်းကောင်း။ အာစရိယာနဥ္စ၊ တနပဲ့ပြင် သွန်သင်ပေတတ် ဆရာမြတ်တို့အားလည်းကောင်း။ ဗန္ဓူနဥ္စ၊ အရာရာမျိုး လွန်အားကိုးရသော ဆွေမျိုးသားချင်းတို့ အားလည်းကောင်း။ မိတ္တသဟာယာနဥ္စ၊ မိတ်ဆွေ သူငယ်ချင်း တို့အားလည်းကောင်း။ သက္ကရာဇာနံ၊ နတ်တို့သနင်း သိကြားမင်း ကို။ အာဒိံ ကတွာ၊ အစပြု၍။ သဗ္ဗဒေဝတာနဥ္စ၊ အလုံးစုံသော နတ်တို့အားလည်းကောင်း။ ယမရာဇာနံ၊ ငရဲသနင်း ယမမင်းကို။ အာဒိံ ကတွာ၊ အစပြု၍။

သဗ္ဗအပါယသတ္တာနဥ္စ၊ အလုံးစုံသော အပါယ်သတ္တဝါ တို့အား လည်း ကောင်း။ ရာဇာနံ၊ ခရေမြေသနင်း ပြည့်ရှင်မင်းကို။ အာဒိကတွာ၊ အစပြု ၍။ သဗ္ဗမနုဿာနဥ္စ၊ အလုံးစုံသော လူတို့အား လည်းကောင်း။ အမေဟိ၊ ငါတို့နှင့်။ သမံ၊ ထပ်တူထပ်မျှ။ လဒ္ဓံ၊ ရပါစေခြင်း အကျိုးငှာ။ ဘာဇေမ၊ အမျှရစေပေးဝေကြပါကုန်၏။ ။

အမျှ....အမျှ....အမျှ.... ယူတော်မူကြပါကုန်လော့။

## "ကထိန် ရေစက်ချ"

ဘန္တေ၊ အရှင်မြတ်တို့ဘုရား။ တုမှေ၊အရှင်ဘုရားတို့သည်။ ပဥ္စ၊ ငါးပါး ကုန်သော။ ကထိနာနိသံသေ၊ ကထိန် အာနိသင်တို့ကို။ လဘိတွာ၊ ရ၍။ သုခံ၊ ချမ်းသာစွာ။ ဝသန္တာယ စ၊ နေရပါစေခြင်း အကျိုးငှါ လည်း ကောင်း။ သာသနဝေပုလ္လတ္ထာယ စ၊သာသနာတော်ကြီး စည်ပင် ပြန့်ပွား ထွန်းကားပါစေခြင်း အကျိုးငှာ လည်းကောင်း။ တုမှေ၊ အရှင်ဘုရား တို့ သည်။ ကထိနာနိသံသေ၊ ကထိန်၏ အာနိသင် တို့ကို။ လဘိတွာ၊ ရ၍။ သုခါနိဝိယ၊ ချမ်းသာ ကြကုန်သကဲ့သို့။ မယံ၊ ကထိန်ဒကာ(ဦး .... .... ) ကထိန်အမ (ဒေါ် .... .... )တို့သည်။ မာရဗန္ဓနာ၊ မာရ်နတ်မင်း၏အနှောင် အဖွဲ့မှ။ မုစ္စိတွာ၊ ကင်းလွတ်၍။ နိဗ္ဗာနသုခံ၊ နိဗ္ဗာန်ချမ်းသာ မြတ်ကို။ လဘနတ္ထာယ စ၊ ရပါစေခြင်း အကျိုးငှာ လည်းကောင်း။ ဥဒ္ဒိဿ၊ စိတ်က ရည်ရော် မှန်းဆမျှော်၍။ ဣမာနိစီဝရာနိ၊ ကထိန်လျာမှန်း ဤ သင်္ကန်းတို့ ကို။ ကထိနတ္ထာယ၊ ကထိန်ခင်းခြင်း အကျိုးငှာ။ သံဃဿ၊ သံဃာ တော် မြတ်အား။ ဒေမ၊ လှူဒါန်းပါကုန်၏။ ပူဇေမ၊ ပူဇော်ပါကုန်၏ ဘုရား။ ပရိဝါရာနိ၊ ကထိန်သင်္ကန်း၏ အခြံအရံဖြစ်ကုန်သော။ ဣမာနိ ဒါတဗ္ဗဝတ္ထူနိ (လှူဘွယ်ဝတ္ထု တို့ကို ဗမာလိုဖော်၍ဆိုပါ။) ဤလှူဘွယ်ဝတ္ထု အစုစုတို့ကို။ သံဃဿ၊ သံဃာတော်မြတ်အား။ ဒေမ၊ လှူဒါန်းပါကုန်၏။ ပဥ္စသီလာနိ စ၊ ငါးပါးသီလ တို့ကိုလည်း။ သမာဒိယာမ၊ ကောင်းစွာခံယူ ဆောက်တည် ကြပါကုန်၏ အရှင်ဘုရား။ ပဏီတဘောဇနေဟိ၊ မွန်မြတ်သော ခဲဘွယ် ဘောဇဉ်တို့ဖြင့်။ သံဃဿ စ၊ သံဃာတော် မြတ်တို့အား လည်း ကောင်း။ အာဂတာနံ၊ ပင့်ဖိတ်သဖြင့် ကြွရောက် လာကြကုန်သော။ မိတ္တသဟာယာ- နဥ္စ၊ မိတ်ဆွေ ခင်ပွန်းတို့အား လည်းကောင်း။ ဘောဇေမ၊ ကျွေးမွေးကြ ပါကုန်၏။ ဓမ္မဥ္စ၊ အရှင်ဘုရားတို့ ဟောသော ဗုဒ္ဓမြတ်စွာ ဒေသနာကို လည်း။ သာဓုကံ၊ ကောင်းမွန် ရိုသေစွာ။ သုဏာမ၊ နာကြားကြပါကုန်

၏ ဘုရား။ ဣမေဟိ ပုညကမ္မေဟိ၊ ဤသို့ပေါင်းစု မြတ်ကောင်းမှုတို့ကြောင့်။ ကထိနဒါနံ၊ ကထိန်ဒါနသည်။ အသင်္ခါရိက စေတနာယ၊ အသင်္ခါရိက စေတနာဖြင့်။ ကတွာ၊ ပြုရ၍။ အတိပဏီတံယထာ၊ အမြတ်ဆုံးဖြစ်သကဲ့သို့။ မယံ၊ ကထိန်ဒါယကာ(ဦး .... .... ) ကထိန်အမ (ဒေါ် .... .... )ဖြစ်သော တပည့်တော်တို့သည်။ အတိပဏီတံ၊ အမြတ်ဆုံး ဖြစ်သော။ မဂ္ဂ ဖလ ဉာဏံ၊ ကိလေသာတို့ကို အကြွင်းမဲ့ သတ်ဖြတ် နိုင် သော မဂ်ဉာဏ် ဖိုလ်ဉာဏ်ကို။ သီဃံ၊လျင်မြန်စွာ။ လဘာမ၊ ရရပါလိုကုန်၏ အရှင် ဘုရား။ ဣမာနိ—ပုညကမ္မာနိ၊ ဤသို့ပေါင်းစု မြတ်ကောင်းမှုတို့ကို။ မာတာပိတုနဉ္စ၊ မွေးသမိခင် မွေးသဖခင် ကျေးဇူးရှင်တို့အား လည်းကောင်း ။အာစရိယာနဉ္စ၊ တနပဲ့ပြင်သွန်သင်ပေတတ်ဆရာမြတ်တို့အား လည်းကောင်း။ သက္ကရာဇာနံ၊ နတ်တို့သနင်း သိကြားမင်းကို။အာဒိံ ကတွာ၊ အစပြု၍။ သဗ္ဗဒေဝတာနဉ္စ၊ အလုံးစုံသော နတ်တို့အား လည်းကောင်း။ ယမရာဇာနံ၊ ငရဲသနင်း ယမမင်းကို။ အာဒိံ ကတွာ၊ အစပြု၍။ သဗ္ဗအပါယသတ္တာနဉ္စ၊ အလုံးစုံသော အပါယ် သတ္တဝါတို့အား လည်းကောင်း။ ရာဇာနံ၊ ရေမြေသနင်း ပြည့်ရှင်မင်းကို။ အာဒိံ ကတွာ၊ အစပြု၍။ သဗ္ဗမနုဿာနဉ္စ၊ အလုံးစုံသော လူတို့အား လည်းကောင်း။ အမှေဟိ၊ ငါတို့နှင့်။ သမံ၊ ထပ်တူထပ်မျှ။ လဒ္ဓုံ၊ ရပါစေခြင်း အကျိုးငှာ။ ဘာဇေမ၊ အမျှရစေ ပေးဝေကြပါကုန်၏ အရှင်ဘုရား။ ။

အမျှ....အမျှ....အမျှ....ယူတော်မူကြပါကုန်လော့။

## "ကျောင်းရေစက်ချ"

ဘန္တေ၊ အရှင်ဘုရားတို့။ ဝိဟာရော၊ ကျောင်းသည်။ ဗုဒ္ဓသာသနဿ၊ မြတ်စွာဘုရား သာသနာတော်၏။ ပတိဋ္ဌာနံနာမ၊ တည်ရာမည်၏။ ဝိဟာရေ၊ ကျောင်းသည်။ အသန္တေ၊ မရှိလတ်သော်။ သံဃော၊ သံဃာသည်။ နတ္ထိ၊ မရှိနိုင်။ သံဃေ၊သံဃာသည်။အသန္တေ၊မရှိလတ်သော်။တိသာသနံ၊ ပရိယတ်, ပဋိပတ်, ပဋိဝေဓဟု ဆိုအပ်သော သာသနာ သုံးရပ် သည်။ ယသ္မာ၊ အကြင်ကြောင့်။နတ္ထိ၊မရှိနိုင်။တသ္မာ၊ထို့ကြောင့်။ဝိဟာရော၊ ကျောင်းသည်။ဗုဒ္ဓသာသနဿ၊ မြတ်စွာဘုရားသာသနာတော်၏။ပတိဋ္ဌာနံနာမ၊ တည်ရာမည်ပါ၏။ တုမှေ၊အရှင်ဘုရားတို့သည်။ဣမေ၊ဤကျောင်း၌။ဝသိတွာ၊ သီတင်းသုံး၍။ဓုရ-ဒွယံ၊ဂန္ထဓူရ,ဝိပဿနာဓူရဟု ဆိုအပ်သောဓူရနှစ်ပါးကို။ဉဿာဟန္တာယ စ၊ အားထုတ်ကြပါစေခြင်း အကျိုးငှာ လည်း ကောင်း။ ဣမေ၊ဤကျောင်း၌။ ဝသန္တော၊ နေသည်ရှိသော်။ သီတဉဏှာဒယော၊ အချမ်းအပူ မိုးလေ

တို့ကို။ ဝိနာသေတွာ၊ ဖျက်ဆီး၍။ သုခံ၊ မပင်မပန်း ချမ်းချမ်း သာသာ။ ဝသနတ္ထာယ စ၊ နေကြပါ စေခြင်းအကျိုးငှာ လည်းကောင်း။ သာသနဝေပုလ္လတ္ထာယ စ၊ သာသနာတော်ကြီး စည်ပင်ပြန့်ပွား ထွန်းကား ပါစေခြင်း အကျိုးငှာလည်းကောင်း။ ,ဥဒ္ဒိဿ၊ စိတ်က ရည်ရော်မှန်းဆမျှော်၍။ မယံ၊ ကျောင်းဒကာ(ဦး .... ....) ကျောင်းအမ (ဒေါ် .... .... )တို့သည်။ ဣမ၊ ဤကျောင်း၌။ ဝသန္တာနံ၊ သီတင်းသုံးကြကုန်သော။ ထေရပမုခါနံ၊ မထေရ်ကြီး အမှူးရှိကုန်သော။ ဘိက္ခုသံဃာနံ၊ ရဟန်း သံဃာတို့အား။ ဣမံဝိဟာရံ၊ ဤကျောင်းကို။ ဒေမ၊ လှူဒါန်းပါကုန်၏။ ပူဇေမ၊ ပူဇော်ပါကုန်၏။ အာယသ္မန္တာပိ၊ အရှင်ဘုရား တို့သည်။ ယထာသုခံ၊ စိတ်အလိုရှိတိုင်း။ ပရိဘုဉ္ဇိတွာ၊ သုံးဆောင်ကြကုန်၍။ ဓုရဒွယံ၊ ဓူရနှစ်ပါး မြတ်တရားကို။ ဝဟန္တု၊ ဆောင်ရွက်တော် မူကြပါကုန်လော့။ ပဉ္စသီလာနိ၊ ငါးပါးသီလတို့ကိုလည်း။ သမာဒိယာမ၊ ကောင်းစွာခံယူ ဆောက်တည်ကြပါကုန်၏။ ဓမ္မဉ္စ၊ တရားတော်ကိုလည်း။ သာဓုကံ၊ ကောင်းမွန် ရှိသေစွာ။ သုဏောမ၊ နားကြားကြပါကုန်၏။ ဣမေဟိ ပုညကမ္မေဟိ၊ ဤသို့ပေါင်းစု မြတ်ကောင်းမှုတို့ကြောင့်။ မယံ၊ ကျောင်းဒကာ (ဦး .... —) ကျောင်းအမ(ဒေါ် .... .... )တို့နှင့်တကွ တရားနာ ပရိသတ်တို့သည်။ ကိလေသပရိဿယံ၊ ကိလေသာဘေးရန်ကို။ ဝိနာသေတွာ၊ ဖျက်ဆီးလျက်။ နိဗ္ဗာနံ၊ ဒုက္ခငြိမ်းရာ နိဗ္ဗူတာကို။ ပပ္ပေါမ၊ ကောင်းစွာမသွေ ရောက်ရပါစေသား အရှင်ဘုရား။ ဣမာနိပုညကမ္မာနိ၊ ဤသို့ပေါင်းစု မြတ်ကောင်းမှုတို့ကို။ မာတာပိတူနဉ္စ၊ မွေးသမိခင် မွေးသဖခင် ကျေးဇူးရှင်တို့အားလည်းကောင်း။ အာစရိယာနဉ္စ၊ တနပဲ့ပြင် သွန်သင်ပေတတ် ဆရာမြတ် တို့အား လည်းကောင်း။ အာဂတာနံ၊ ပင့်ဖိတ်သဖြင့် ကြွရောက် လာကြကုန်သော။ မိတ္တသဟာယာနဉ္စ၊ မိတ်ဆွေရောင်းရင်း သူငယ်ချင်းတို့အား လည်းကောင်း။ သက္ကရာဇာနံ၊ နတ်တို့သနင်း သိကြားမင်းကို။ အာဒိံ ကတွာ၊ အစထား၍။ သဗ္ဗဒေဝတာနဉ္စ၊ အလုံးစုံသော နတ်တို့အားလည်းကောင်း။ ယမရာဇာနံ၊ ငရဲသနင်း ယမမင်းကို။ အာဒိံ ကတွာ၊ အစထား၍။ သဗ္ဗအပါယသတ္တာနဉ္စ၊ အလုံးစုံသော အပါယ်သတ္တဝါ တို့အား လည်းကောင်း။ ရာဇာနံ၊ ရေမြေသနင်း ပြည့်ရှင်မင်းကို။ အာဒိံ ကတွာ၊ အစထား၍။ သဗ္ဗ မနုဿာနဉ္စ၊ အလုံးစုံသောလူတို့အား လည်းကောင်း။ အမှေဟိ၊ ငါတို့နှင့်။ သမံ၊ ထပ်တူထပ်မျှ။ လဒ္ဓုံ၊ ရပါစေခြင်းအကျိုးငှာ။ ဘာဇေမ၊ အမျှရစေ ပေးဝေကြပါကုန်၏။

အမျှ....အမျှ....အမျှ....ယူတော်မူကြပါကုန်လော့။ ။

# "ရေတွင်းရေကန် ရေစက်ချရန်"

ဘန္တေ၊ အရှင်ဘုရားတို့။ သတ္တာ၊ သတ္တဝါတို့သည်။ ဥဒကံ၊ ရေကို။ နိဿာယ၊ မှီ၍။ ဇီဝန္တိ၊ အသက်ရှင်ကြရပါကုန်၏။ ဥဒကေ၊ ရေကို။ အပါနေ၊ မသောက်ရသည်ရှိသော်။ သတ္တာ၊ သတ္တဝါတို့သည်။ မရန္တိ၊ သေကြရပါကုန်၏။ သတ္တာနံ၊ သတ္တဝါတို့အား။ ဗဟူပကာရံ၊ ကျေးဇူး များသော။ ဥဒကံ၊ ရေကို။ လဒ္ဓုံ၊ ရခြင်းငှာ။ (ရေတွင်းဖြစ်လျှင်) ဥဒကကူပံ၊ ရေတွင်းကို။ (ရေကန်ဖြစ်လျှင်) ပေါက္ခရဏိံ၊ ရေကန်ကို။ သဗ္ဗသတ္တာ၊ အလုံးစုံသော သတ္တဝါတို့သည်။ ဝိဝနတ္ထာယ၊ သောက်ပါစေခြင်း အကျိုးငှာ။ မယံ၊ ရေတွင်းဒကာ(ဦး .... .... ) ရေတွင်းအမ (ဒေါ် .... .... ) တို့သည်။ သံဃဿ၊ သံဃာ တော် မြတ်အား (ကျောင်းဝင်း ပြင်ဘက်ဆိုလျှင်) သဗ္ဗ-သတ္တာနံ၊ အလုံးစုံသော သတ္တဝါတို့အား။ ဒေမ၊ လှူဒါန်းပါကုန်၏။ ပဉ္စ—သီလာနိ စ၊ ငါးပါးသီလတို့ကိုလည်း။ သမာဒိယာမ၊ ဆောက်တည်ကြပါကုန်၏။ ဓမ္မဥ္စ၊ တရားတော် ကိုလည်း။ သုဏောမ၊ နာကြားကြပါကုန်၏။ ဣမေဟိ ပုညကမ္မေဟိ၊ ဤသို့ ပေါင်းစု မြတ်ကောင်းမှု တို့ကြောင့်။ ဥဒကံ၊ ရေသည်။ မလံ၊ အညစ်အကြေးကို။ သုဇ္ဈတိဣဝ၊ စင်ကြယ် စေသကဲ့သို့။ သီတလံ၊ အေးမြခြင်းကို။ ကရောတိဣဝ၊ ပြုသကဲ့သို့။ အမှာကံ၊ တပည့်တော်တို့၏။ စိတ္တေ၊ စိတ်၌။ လဂ္ဂံ၊ ငြိကပ်၍နေသော။ ကိလေသမလံ၊ ကိလေသာ အညစ်အကြေးကို။ ဝိသုဒ္ဓေတွာ၊ စင်ကြယ်စေ၍။ ကိလေသတပံ၊ ကိလေသာအပူအအိုက်ကို။ သီတလံ၊ အေးမြသည်ကို။ ကတွာ၊ ပြု၍။ နိဗ္ဗာန—ပူရံ၊ နိဗ္ဗာန်တည်းဟူသော ရွှေပြည်မြတ်သို့။ ပပ္ပေါမ၊ ရောက်ရပါစေသား အရှင်မြတ်ဘုရား။ ဣမာနိပုညကမ္မာနိ၊ ဤသို့ပေါင်းစု မြတ် ကောင်း မှုတို့ကို။ မာတာပိတုနဥ္စ၊ မွေးသမိခင် မွေးသဖခင် ကျေးဇူးရှင်တို့အား လည်း ကောင်း။ အာစရိယာနဥ္စ၊ တနပဲ့ပြင် သွန်သင်ပေတတ် ဆရာမြတ် တို့အား လည်းကောင်း။ ဗန္ဓုနဥ္စ၊ အရာရာမျိုး လွန်အားကိုးရသော ဆွေမျိုးတို့အား လည်း ကောင်း။ မိတ္တသဟာယာနဥ္စ၊ မိတ်ဆွေ ခင်ပွန်း တို့ အား လည်း ကောင်း။ သက္ကရာဇာနံ၊ နတ်တို့သနင်း သိကြားမင်းကို။ အာဒိံ ကတွာ၊ အစ ထား၍။ သဗ္ဗဒေဝတာနဥ္စ၊ အလုံးစုံသော နတ်တို့အား လည်း ကောင်း။ ယမရာဇာနံ၊ ငရဲသနင်းယမမင်းကို။ အာဒိံ ကတွာ၊ အစထား၍။ သဗ္ဗအပါယ သတ္တာနဥ္စ၊ အလုံးစုံသော အပါယ် သတ္တဝါတို့အား လည်းကောင်း။ ရာဇာနံ၊ ရေမြေသနင်း ပြည့်ရှင်မင်းကို။ အာဒိံ ကတွာ၊ အစထား၍။ သဗ္ဗမနုဿာနဥ္စ၊

အလုံးစုံသော လူတို့အားလည်းကောင်း။ အမေ့ဟိ၊ ငါတို့နှင့်။ သမံ၊ ထပ်တူ ထပ်မျှ။ လဒ္ဓုံ၊ ရပါစေခြင်းအကျိုးငှာ။ ဘာဇေမ၊အမျှရစေ ပေးဝေကြပါ ကုန်၏။

အမျှ...အမျှ....အမျှ....ယူတော်မူကြပါကုန်လော့။ ။

## "အန္တရာယ်ကင်း ရေစက်ချ"

ဘန္တေ၊ အရှင်ဘုရားတို့။ မယံ၊ တပည့်တော်တို့သည်။ အန္တရာယဝိနာသနံ၊ အန္တရာယ် ကင်းပျောက်ခြင်းကို။ ဣစ္ဆာန္တာ၊ အလို ရှိကြ ပါ သည် ဖြစ်၍။ အာယသ္မန္တေ၊ အရှင်ဘုရားတို့ကို။ ဣမံဌာနံ၊ ဤအရပ်သို့။ အာနေတွာ၊ ပင့်ဆောင်၍။ ဘုရားကိုလည်း ပူဇော်ကြပါကုန်၏, တရားကိုလည်း ပူဇော်ကြ ပါကုန်၏, သံဃာတော်ကိုလည်း ပူဇော်ကြပါကုန်၏, ငါးပါး သီလကိုလည်း ဆောက်တည် ကြပါကုန်၏, ပရိတ် တရားတော်ကိုလည်း နာကြား ကြပါ ကုန်၏, လှူဖွယ်ဝတ္ထုတို့ကိုလည်း ပေးလှူကြပါကုန်၏။ ဤသို့ ပေါင်းစု မြတ် ကောင်းမှုတို့၏ တန်ခိုးတေဇော် အာနုဘော် တို့ကြောင့် လည်းကောင်း။ လောကတခွင် ဘုံအပြင်ဝယ် ရတနာဝင်ဟူသမျှ အပေါင်း တို့တွင် ဘုရား ရတနာသာအမြတ်ဆုံး ဖြစ်ပါ၏, တရားရတနာသာ အမြတ်ဆုံး ဖြစ်ပါ၏, သံဃာရတနာသာ အမြတ်ဆုံး ဖြစ်ပါ၏, ထိုထို သမာဓိ ရှိရှိသမျှတို့တွင် အရဟတ္တမဂ်နှင့်ယှဉ်သော သမာဓိသာ အမြတ်ဆုံးဖြစ်ပါ၏, ဤသို့မှန်ကန် သော သစ္စာစကားကို ပြောဆိုပါ၏, ဤသစ္စာ၏ တန်ခိုးတေဇော် အာနုဘော် ကြောင့် လည်းကောင်း, တပည့်တော်တို့၏ ကိုယ်တွင်းကိုယ်ပ အိမ်တွင်း, အိမ်ပ, ရွာတွင်း ရွာပ၌ ရောက်ဆဲ ရောက် လတံ့ ကုန်သော ဘေးဥပဒ် အန္တရာယ် ရန်စွယ်ဟူသမျှတို့သည် ကင်းစင် လွတ်မြောက် မရောက် ဝေးစွာ ရှင်းရှင်းကွာကြ ပါစေကုန်သတည်း။ တန်ခိုး ကြီးခြင်းသို့ ရောက်ကြကုန်ပြီး သော ဘုရားပစ္စေကဗုဒ္ဓါ ရဟန္တာတို့၏ တန်ခိုးတေဇော် အာနုဘော်သည် တနင်္ဂနွေအရပ်၌တည်၍ ကျောက်တံတိုင်း ကဲ့သို့ ကာဝိုင်း ပါစေ သတည်း။ ဘေးရန်ကင်းခြင်းသို့ ရောက်ပြီးကုန်သော ဘုရားပစ္စေကဗုဒ္ဓါ ရဟန္တာတို့၏ တန်ခိုးတေဇော် အာနုဘော်သည် တနင်းလာအရပ်၌တည်၍ ကျောက်တံတိုင်း ကဲ့သို့ ကာဝိုင်းပါစေ သတည်း။ဘေးရန်အောင်ခြင်းသို့ရောက်ပြီး ကုန်သော ဘုရားပစ္စေကဗုဒ္ဓါ ရဟန္တာတို့၏တန်ခိုးတေဇော်အာနုဘော်သည် အင်္ဂါထောင့် ၌တည်၍ ကျောက် တံတိုင်းကဲ့သို့ ကာဝိုင်းပါစေသတည်း။ လာဘ်ပေါ များခြင်းသို့ ရောက်တော်မူကြကုန်ပြီးသော ဘုရားပစ္စေကဗုဒ္ဓါ ရဟန္တာတို့၏

တန်ခိုးတေဇော် အာနုဘော်သည် ဗုဒ္ဓဟူးအရပ်၌ တည်၍ ကျောက်တံတိုင်း ကဲ့သို့ ကာဝိုင်း ပါစေသတည်း။ တန်ခိုးတေဇော် အာနုဘော်သို့ ရောက်တော်မူကြကုန်ပြီးသော ဘုရားပစ္စေကဗုဒ္ဓါ ရဟန္တာတို့၏ တန်ခိုး တေဇော် အာနုဘော်သည် စနေထောင့်၌တည်၍ ကျောက်တံတိုင်းကဲ့သို့ ကာဝိုင်း ပါစေသတည်း။ ကိုယ်အား, ဉာဏ်အား ကြီးမားခြင်းသို့ ရောက်တော် မူကြကုန်ပြီးသော ဘုရားပစ္စေကဗုဒ္ဓါ ရဟန္တာတို့၏ တန်ခိုးတေဇော် အာနုဘော်သည် ကြာသပတေးအရပ်၌တည်၍ ကျောက်တံတိုင်း ကဲ့သို့ ကာဝိုင်းပါစေသတည်း။ ကျော်စောသတင်း ပြန့်နှံ့ခြင်းသို့ ရောက်တော်မူကြ ကုန်ပြီးသော ဘုရားပစ္စေကဗုဒ္ဓါ ရဟန္တာတို့၏ တန်ခိုး တေဇော် အာနုဘော်သည် ရာဟု ထောင့်၌တည်၍ ကျောက်တံတိုင်းကဲ့သို့ ကာဝိုင်းပါ စေသ တည်း။ ကျက်သ ရေအပေါင်းနှင့် ပြည့်စုံတော်မူကြကုန်ပြီးသော ဘုရား ပစ္စေက ဗုဒ္ဓါ ရဟန္တာ တို့၏ တန်ခိုးတေဇော် အာနုဘော်သည် သောကြာအရပ်၌တည်၍ ကျောက် တံတိုင်းကဲ့သို့ ကာဝိုင်းပါစေသတည်း။ ဤသို့လျှင်ကျွန်ုပ်တို့ ပုပ္ပုသမျှ ဖိုဘာဂ ကိုလည်း ကိုယ်စောင့်, အိမ်စောင့်, ရွာစောင့်, မြို့စောင့်မှစ၍ အစေ့အင မကျန်ရအောင်အထက်ကိုလည်းဘဝဂ် အောက်ကိုလည်းအဝီစိ ဖြန့်ချိစကြဝဠာ အဇဋာထိုထို ကောင်းကင်နေလ နက္ခတ် စသား နတ်အများနှင့် အခြား သတ္တဝါ ပေါင်းများစွာတို့အား အမျှရစေ ပေးဝေ ပါကုန်၏။ အမျှရစေ သော်။

အမျှ ...အမျှ....အမျှ....ယူတော်မူကြ ပါကုန်လော့။ ။

**"ပြင်ဆင်ချက်"**

စာမျက်နှာ(၄၅)တွင် ဝတ္တသုတ်ဟု မှားယွင်း ပါရှိသွားပါသည်။ "ဝဋ္ဋသုတ်"ဟု ပြင်ဆင်ဖတ်ရှု စေလိုပါသည်။

# “ရည်သန်ချက်”

○ ပိဋကတ်သုံးပုံသည် ပန်းမျိုးစုံ ထည့်ထားသည့် ခြင်းတောင်းကြီးနှင့် တူ၏။ ပန်းကုံးသမားသည် ထိုခြင်းတောင်း ကြီးထဲမှ အနီနှင့် တန်သောနေရာမှာ အနီကိုယူ၍, အဝါနှင့်တန်သောနေရာမှာ အဝါကိုယူ၍, အကြီးနှင့် တန်သောနေရာမှာ အကြီးကိုယူ၍, အငယ်နှင့် တန်သောနေရာမှာ အငယ်ကိုယူ၍, ကြည့်၍ကောင်းအောင် စီကုံးတတ်ပါမှ လူအများ နှစ်သက်သလို.... ပိဋကတ်သုံးပုံ တည်းဟူသော ခြင်းတောင်းကြီးထဲမှသုတ်နှင့် တန်သော နေရာမှာသုတ်, ဝိနည်းနှင့်တန်သောနေရာမှာ ဝိနည်း,အဘိဓမ္မာနှင့်တန်သော နေရာမှာ အဘိဓမ္မာကို တရားဟောသောဒေသ၊ တရားနာသော ပရိသတ်၊ တရားနာသော ကိစ္စ အားလျော်အောင် ဟောတတ်ပါမှ ပရိသတ် သဘောကျပါသည်။

○ ဟောသည့်အခါမှာလည်း ပထမ, ဟောမည့် တရားကို စကားပလ္လင် ခံပြီး၊ ဒုတိယ,တရားကို အကျယ်ဖွင့်၍၊ တတိယ, သစ္စာ လေးပါးဖြင့် ဖုံးအုပ်ကာ အဆုံးသတ်လျက်ဟောမှ မြတ်စွာဘုရား၏ ဟောနည်း ကျပါသည်။

○ တရားဟောသောအလုပ်မှာ လွယ်ကူသောအလုပ် မဟုတ်ပါ။ ပရိသတ် ရဲ့ဖို့က ပထမ, ဗဟုသုတများဖို့က ဒုတိယ, တရားကို တန်းဆာဆင် တတ်ဖို့က တတိယ, သဘာဝကို ကိုယ်တိုင်မိဖို့က စတုတ္ထ။ ၎င်းအင်္ဂါ လေးပါးနှင့်ပြည့်စုံမှ ဓမ္မကထိကကောင်း ဖြစ်နိုင်ပါသည်။

○ တရားဟောခြင်းသည် “သဗ္ဗဒါနံ ဓမ္မဒါနံ ဇိနာတိ” ဟု ဆိုသည့် အတိုင်း “အမြတ်ဆုံးသောဒါန” ဖြစ်သည့်အပြင်၊ ပဋိပတ္တိသာသနာ ပြုသည် မည်ပါသည်။ စာချသော အလုပ်သည် ပရိယတ္တိသာသနာကို ပြုသည်မည်ပါသည်။ တရားဟောသောသူနှင့် စာချသောသူမရှိလျှင် သာသနာ ကွယ်ပါတော့မည်။ သာသနာတော်ကြီး မကွယ်ပရအောင် တတ်နိုင်သည့်ဘက်မှ ဆောင်ရွက်ကြစေရန် ရည်သန်လျက် ဤစာအုပ် ကို ရေးထုတ်ရပါသတည်း။